မင်းကွန်းဆရာတော်

ဗုဒ္ဓသာသနာ့ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ

တိပိဋကဓရ မမ္မာဘိဏ္ဍာဂါရိက

ဆဋ္ဌသံဂါယနာ ဝိသဇ္ဇက

“ အဘိဝေမဟာရဋ္ဌဂုရု ”

အရှင်ဝိစိတ္တာသာရာဘိဓံသ

၏

တိပိဋကဓရ ယောစဉ်တရား

(ဒုတိယတွဲ)



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၉ ကောဇာ ၁၃၄၇ ခရစ် ၁၉၈၅

မင်းကွန်းဆရာတော်

ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဆဋ္ဌသံဂါယနာ ဝိသဇ္ဇက

" "

အဘိဓဇမဟာရဋ္ဌဂုရု

အရှင်ဝိစိတ္တာသာရာဘိဓံသ

၏

တိပိဋကဓရ ဟောစဉ်တရား

(ဒုတိယတွဲ)



ပြည်ထောင်စု သို့ရှယ်လ စ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၉ ကောဇာ ၁၃၄၇ ခရစ် ၁၉၈၅

ရန်ကုန်မြို့၊ ကမ္ဘာဆေး၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ်-၀၂၄၀၅/၀၂၁၂၇) က ပုံနှိပ်ထုတ်ဝေသည်။



တိုဗီဋ္ဌကဓရမဟာသွာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု
မင်းကွန်းဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသ
ဟောစဉ်တရားတော်များ ဟောပြောနေပုံ
(သက်တော် ၇၄-နှစ်၊ သီကျွတ် ၅၅-ဝါ)

အရှင်ဝိစိတ္တာသာရာဘိဝံသ
၏
တိပိဋကဓရဟောစဉ်တရား (ဒုတိယတွဲ)
နိဒါန်း

ဟောစဉ်တရားဒုတိယတွဲ။ ။သာသနာရေးဦးစီးဌာန၊ ကျမ်းပြုဌာန စုက ကျမ်းပြုဝန်ထမ်းများက မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား၏ ဟောစဉ်တရားတိတ်ခွေများမှ ဟောစဉ်တရားတော် (က)ပုဒ်ကို ရွေးချယ်ကူးယူ၍ လွှန်ခဲ့သည့် (၂)နှစ်က "အရှင်ဝိစိတ္တာသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ" ပထမတွဲကို သာသနာရေးဦးစီးဌာနမှ ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယခုတဖန် ဟောစဉ်တရားတော် (က)ပုဒ်ကို ကျမ်းပြုဝန်ထမ်းများကပင် ရွေးချယ်ကူးယူ၍ "အရှင်ဝိစိတ္တာသာရာဘိဝံသ၏ တိပိဋကဓရ ဟောစဉ်တရား" ဒုတိယတွဲအဖြစ် သာသနာရေးဦးစီးဌာနက ဒုတိယကျမ်းစာအဖြစ် ရိုက်နှိပ်ထုတ်ဝေလိုက်ပေပြီ။ ဤတိပိဋကဓရ ဟောစဉ်တရား ဒုတိယတွဲဖြစ်ပေါ်လာပုံမှာ ဟောစဉ်တရားတော်များ ပထမတွဲဖြစ်ပေါ်လာပုံနှင့် ခြားနားခြင်းမရှိ၍ ပထမတွဲတွင် တင်ပြထားသည့်အတိုင်းပင် ဖြစ်ပါသည်။

ကျမ်းစာအုပ်၏ဂုဏ်ရည်

ဟောစဉ်တရားတော် ဂ-ပုဒ်။ ။ဤ "တိပိဋကဓရ ဟောစဉ်တရား" ဒုတိယတွဲကို မဖတ်ရှု မလေ့လာမီ စာဖတ်ပရိသတ် ဓမ္မမိတ်ဆွေများ ကို ဤစာအုပ်နှင့် မိတ်ဆက်ပေးပါဦးမည်။ ဤစာအုပ်ကို မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား တရား

[ကာ] တိပိဋကဓရ ဟောစဉ်တရား(ဒုတိယတွဲ)

သဘင်တွင် ဟောစဉ်ကကဲ့သို့ တရားဟောနည်း ဟောဟန်အတိုင်း ကူးယူရိုက်နှိပ်ထားပါသည်။ ဤသို့ မူလဟောနည်းအတိုင်း ကူးယူရိုက်နှိပ်ရခြင်းမှာ စာဖတ်ပရိသတ်များအဖို့ ကျမ်းစာအုပ် ရေးနည်း ရေးဟန်ထက် တရားဟောနည်း ဟောဟန်က ပို၍သိလွယ်၊ ပို၍ နားလည်လွယ်သောကြောင့် ဖြစ်ပါသည်။

သို့ရာတွင် စာရှုသူများသည် ဤဟောစဉ်တရားတော်များကိုလေ့ လာဖတ်ရှုကြသည့်အခါ ဤစာအုပ်၌ အဓိပ္ပာယ်ဘာမျိုးတည်းကိုပင် နှစ်ကြိမ် သုံးကြိမ် ထပ်၍ ထပ်၍ ဟောကြားသည့် နေရာအချို့ကို တွေ့ရှိကြမည် ဖြစ်ပါသည်။ ယင်းကဲ့သို့ တွေ့ရှိကြသည့်အခါ "ဤသို့ နှစ်ကြိမ် သုံးကြိမ် ထပ်၍ ဟောခြင်းမှာ တရားနာ ပရိသတ်များအား မိမိ သိနားလည်သလို သိမြင်စေလို နားလည် သဘောပေါက်စေလို သည့် ဆရာတော်ဘုရား၏ မှန်မြတ်သည့် စေတနာပါကလား" ဟု နှလုံးသွင်းကြရန် ဖြစ်ပါသည်။

ဤကျမ်းစာအုပ်တွင် ရွှေးချယ် ကောက်နုတ် တင်ပြထားသည့် တိပိဋကဓရ ဟောစဉ်တရားတော် (၈) ပုဒ်မှာ-

၁။ ရှင်ဆုဟုလာ တရားပေါင်းချုပ်၊

၂။ အရဏဝိဘင်္သုတ္တန် တရားတော်၊

၃။ သီလဝန္တသုတ္တန် တရားတော်၊

၄။ တေသကုဏဇာတ် တရားတော်၊

၅။ ဗဟုပုတ္တိက ဓသာဏာထေရီဝတ္ထု တရားတော်၊

၆။ စုန္ဒသုတ္တန် တရားတော်၊

၃။ ဗဟုဓိတရသုတ္တန် တရားတော်၊

၈။ သာဓုသုတ္တန် တရားတော်–

တို့ ဖြစ်ပါသည်။

ရှင်ရာဟုလာ တရားပေါင်းချုပ်။ ။ဤဖော်ပြပါ တရားတော် (၈) ပုဒ် တွင် ရှင်ရာဟုလာ တရားပေါင်း ချုပ်ကား ဘုရား သားတော်၊ ဥဠေး ရှင်ရာဟုလာကို အကြောင်းပြု၍ ဟောထားသမျှ တရားတော်များကို ရှာဖွေပေါင်းစု၍ ဟောကြား ထားသော စုပေါင်းတရားတော်များ ဖြစ်သည်။ ထိုတရားတော်များ မှာ လေးငိုင်း ပိုင်း၍ လေးညီတိုင်တိုင် ဟောကြားထားသော တရားတော်များဖြစ်၍ အလွန်များလှပေသည်။ ဤစာအုပ်တွင် စာမျက်နှာ ၁-မှ ၁၈၉-မျက်နှာ အထိ ရှိသည်။ တရားများသလောက် တရားသားပါ၍ မှတ်သားဖွယ်ရာ အဖြာဖြာတို့ဖြင့် ပြည့်နှက် နေပေသည်။ ဤရှင်ရာဟုလာ တရားပေါင်းချုပ်တွင်–

၁။ သာမဏေရပဉ္ဉာ၊

၂။ အဘိက္ခဏာဟုလောဝါဒသုတ္တန်၊

၃။ သုတ်ပေါင်း ၂၂-သုတ် ပါဝင်သော ရာဟုလသံယုတ်၊

၄။ အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ္တန်၊

၅။ မဟာရာဟုလောဝါဒသုတ္တန်၊

၆။ စူဠရာဟုလောဝါဒ သုတ္တန်–

ဟူ၍ သုတ်ပေါင်း (၂၇) သုတ် ပါဝင်ပေသည်။

ဗုဒ္ဓမြတ်စွာသည် သားတော်ရာဟုလာကို စာမရှိသားကောင်သည် မိမိ၏မြီးဆံများကို စောင့်ရှောက်သကဲ့သို့ အလွန်ဂရုတစိုက် စောင့်

ရှောက်တော်မူသည်။ အရှင်ရာဟုလာကို အကြောင်းပြု၍ တရား ဒေသနာပေါင်း အမြောက်အများ ဟောကြားတော်မူ၏။ ရှင်သာ မဏေဖြစ်စ ခုနစ်နှစ်သားအရွယ်မှာပင် မင်္ဂုလိန်ဗွာန်အတွက် အကျိုး ကျေးဇူးမထွက်၊ ပေါ့ပျက်သည့်စကားများကို ပြောနေခဲ့မရအောင် မင်္ဂုလိန်ဗွာန်နှင့် ဆက်ဆံသည့် အမေးဆယ်ထွေ အဖြေ(၁၁၅)မျိုး ပါဝင်သည့် သာမဏေရပဉ္ဉာကို ဟောကြားတော် မူပါသည်။

မြတ်စွာဘုရားက ကျောင်းတော်မှာ ရှိကြသည့် ရှင်ရာဟုလာ စသောသာမဏေကလေးများ မင်္ဂုလိတရားနှင့် ဆန့်ကျင်ဘက်ဖြစ် သည့် မြို့စကား၊ ရွာစကား၊ မင်းစကား, စိုးစကား စသော စကား များနှင့် အချိန်မဖြုန်းကြပဲ မင်္ဂုလိရရန်အတွက် အထောက်အပံ့ ဖြစ်သည့် တရားတို့ကို တပါးကမေးလိုက် တပါးကဖြေလိုက်၊ သဘော မျိုးဖြင့် မေးဖြေကြရန် ဤသာမဏေရပဉ္ဉာ တရားတဆိုးကို ဟောကြား ဆုံးမတော်မူခြင်း ဖြစ်ပါသည်။

လိမ်ညာပြောလိုက်ရသည်ကို အားရကျေနပ် နှစ်သက်ခြင်းသည် ကလေးသူငယ်တို့၏ သဘာဝပင်ဖြစ်သည်။ ထို့ကြောင့် ခုနစ်နှစ် သား အရွယ် ရာဟုလာသာမဏေငယ်ကလေး လိမ်ညာစကား, မုသား မပြောတတ်ရန် အမြဲလဋ္ဌိကရာဟုလောဝါဒသုတ္တန်တပုဒ်ကို ထုတ်ဆောင် ဟောကြားတော် မူပါသည်။ ဤသုတ္တန်မှာ မကျဉ်းမကျယ် အလယ် အလတ်ဖြစ်သဖြင့် သံဂါယနာတင် မထေရ်များက မဇ္ဈိမနိကာယ်၊ မဇ္ဈိ မပဏ္ဏာသတွင် ထည့်သွင်းခဲ့ပါသည်။ ဤသုတ်၌ ရှင်ရာဟုလာအား မုသား မပြောရန် ဟောကြားသည့် တရားများအပြင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများ စင်ကြယ်အောင် သုတ်သင်ရမည့်အကြောင်း တို့ကို ဥပမာများဖြင့် တန်းဆာဆင်၍ ဟောကြားထားသည်ကိုလည်း ဖတ်ရှုကြရမည် ဖြစ်ပါသည်။

ရာဟုလာမှာ သာကီဝင်မင်းသားကလေးဖြစ်၍ ဇာတ်အားဖြင့် ဖြစ်စေ၊ အမျိုးအနွယ်အားဖြင့်ဖြစ်စေ မြင့်မြတ်သူကလေးဖြစ်သည်။ ထို့ကြောင့် ရှင်ရာဟုလာသည် ဇာတ်အမျိုးအနွယ်ကိုစဲ့၍ မာန်တက်နိုင်သည်။ ထိုမာန်မျိုး ဖြစ်ပေါ်လာကာ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာမထေရ်အား မလေးမစား မထီမဲ့မြင် ပြုနိုင်သည်။ ထိုမာန်မျိုး မပေါ်လာနိုင်စေရန် သာမဏေဖြစ်သည့်မှ စ၍ အရိယာနယ်သို့ မရောက်မီအတွင်း အမြဲမပြတ် ဤအဘိဏှရာဟုလောဝါဒသုတ်ဖြင့် ဆုံးမတော်မူပါသည်။ အမှန်အားဖြင့်ဆိုသော် ဤအဘိဏှရာဟုလောဝါဒသုတ်သည် ကလျာဏမိတ္တခေါ် မိတ်ဆွေကောင်းများနှင့် ပေါင်းသင်းမိလျှင် အရဟတ္တဖိုလ်ပေါက် အကျိုးရောက်နိုင်သည် ဆိုသည့်အချက်ကို ပဓာနထား၍ ဟောကြားတော်မူခြင်းဖြစ်ပါသည်။

ဆရာတော်သည် အဘိဏှရာဟုလောဝါဒသုတ်၌ ဘုရားရှင် ဟောကြားတော်မူသည့် အချက်အလက်များကို တရားနာပရိသတ်များ၊ အစဉ်အမြဲ စိတ်ထဲ၌ စွဲသွားအောင် "မိတ်ကောင်းမှီစေ၊ တောရပ်နေသုံးလေမတွာညူ။ ပစ္စည်းလေးဖြာ၊ မတွယ်တာ၊ တဖှာငြိမ်းအောင်ပြူ။ ပါတိမောက္ခ၊ သံဝရ၊ သီလလုံစေမှု" စသည်ဖြင့် ကျက်မှတ်စရာသံပေါက်လက်ဝဂ်လေးများကို စီကုံးပေးထားပါသည်။

ဗုဒ္ဓမြတ်စွာသည် သားတော်ရာဟုလာ၏ သန္တာန်မှာ ဝိပဿနာဉာဏ်ပညာ တည်းဟူသော ကလလရေကြည် ကိုယ်ဝန်သားရယူနိုင်ဖို့ရန် သုတ်ပေါင်း ၂၂-သုတ်ကို ၇-နှစ်အရွယ် ရှင်ဖြစ်စမှ စ၍ ရဟန်းဖြစ်၍ ဝါမရေးမီအာဘွင်း ဟောကြားတော်မူသည်။ ထိုသုတ်များကို နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ "ရာဟုလသံယုတ်" အမည်ဖြင့် သံဂါယနာတင် မထေရ်ကြီးများက သံဂါယနာတင်ခဲ့ကြပါသည်။

ဤ ရာဟုလသံယုတ်လာ သုတ်များမှာ ရုပ်နာမ်ခန္ဓာပါးတို့ကို မမြဲ (အနိစ္စ)၊ ဆင်းရဲ (ဒုက္ခ)၊ အတ္တမဟုတ် (အနတ္တ)ဟု ရှုမြင်ကြရမည်ဟု ဟောကြားထားသည့် တရားတော်များဖြစ်ရာ ရုပ်တရား နာမ်တရား တို့ကို အခြေခံကျကျ မသိထားလျှင် ထိုသုတ္တန်တရားများကို နားလည် ဖို့ရန် မလွယ်ကူပါချေ။ ထိုအချက်ကို ဆရာတော်သည် ကောင်းစွာ သိမြင်တော်မူပါသည်။ ထို့ကြောင့် ထိုသုတ်များကို 'မဟောကြားမီ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ခန္ဓာ+အာယတန+ ဓာတ်+သစ္စာ လက်ံာ (၁၀)ပုဒ်ကို ထုတ်၍ ရုပ်တရား နာမ်တရား တို့ကို နားလည်သင့်သမျှ နားလည်အောင် ရှေးဦးစွာ အခြေချပေး လိုက်သည်။ ထိုသို့ အခြေချပေးခြင်းဖြင့် မိမိဟောမည့် တရားများကို နာယူနိုင်သည့် အခြေခံနားများ ပြုလုပ်ပေးပြီးမှ ထိုရာဟုလသံယုတ် ကို ဟောကြားတော်မူထားသည်ကို တွေ့ရပေသည်။

အရှင်ရာဟုလာသည် ဘုရားရှင်က ဝိပဿနာတရားများ ဟော ကြားနည်းပေးသော်လည်း ထိုဝိပဿနာကမ္မဋ္ဌာန်းအလုပ်၌ သမာဓိ အားကောင်းဟန် မရှိသေးပေ။ ၁၈-နှစ်သားအရွယ်သို့ ရောက်နေသော အရှင်ရာဟုလာသည် တနေ့တွင် လူငယ်ပီပီ အာရုံငါးပါး ကာမဂုဏ် တရားများကို မှီ၍ ဂေဟသိတပေမဒေါ်သည့်တဏှာတရား ဖြစ်ပွား ခဲ့သည်။

ထိုစဉ်အခါက မိမိရှေက ကြွနေသည့် ဘုရားရှင်၏ မဟာပုရိသ လက္ခဏာတော်နှင့် မိမိ၏ မဟာပုရိသလက္ခဏာတို့ကို ကြည့်ပြီး စကြာမင်းကြီးနောက်က သားကြီး ဥပရာဇ် လိုက်ပါသလို အလွန် တင့်တယ်ပါတကား၊ အကယ်၍သာ ခမည်းတော် မြတ်စွာဘုရား "စကြဝတေးမင်းကြီး ဖြစ်လို့ရှိယင် ငါဟာ သားကြီးအရာ ဖြစ်မယ်၊

အဲဒီလိုမျိုး ဖြစ်လိုက်ရယင် ဇမ္ဗုဒီပါတကျွန်းလုံး ဘယ်လောက်မျှ သာယာလိုက်မလဲ၊ တင့်တယ်လိုက်မလဲ" ဟု ကာမဝိတက်မျိုး တဖွဲဖွဲ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ အရှင်ရာဟုလာသန္တာန်၌ ကာမဝိတက်မျိုး ဖြစ်ပွားနေပုံကို ရှေက ကြည့်ခဲ့ဖူးပြီးသော်လည်း ဘုရားရှင် ကောင်းစွာသိတော်မူသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် အရှင်ရာဟုလာအား မဟာရာဟုလော-ဝါဒသုတ်ဖြင့် ဟောကြား ဆုံးမတော်မူရသည့် အကြောင်းကို ဆရာတော်သည် မကျဉ်းမကျယ် နားလည်လွယ်သော နည်းတို့ဖြင့် ဟောကြားထားသည်မှာ ဖတ်ကြားဖွယ် မှတ်သားဖွယ်ရာများပင် ဖြစ်ပါသည်။

ဤကဲ့သို့ ဘုရားရှင်ကိုယ်တော်တိုင် ဂရုတစိုက် စောင့်ရှောက်တော်မူသဖြင့် အရှင်ရာဟုလာ သန္တာန်၌ ရဟန်းဖြစ်စ ဝါမရသေးမီ အချိန်မှာပင် အာဟတ္တိပုံလ်ကို ရင့်ကျက်စေနိုင်၊ ရစေနိုင်သော ဝိမုတ္တိပရိပါစနိယတရားများ ရင့်ကျက်လျက် ရှိနေကြပေပြီ။ နေရောင်ခြည်ကို မျော်လင့်နေသော ပန်းပွင့်ပန်းငုံသည် နေရောင်ခြည် ရသည်နှင့် တပြိုင်နက် ပွင့်လာတတ်သကဲ့သို့ စရိုက်နှင့် ကိုက်ညီသည့် တရားတပုဒ်ကို နာကြားလိုက်ရသူင် အရဟတ္တဖိုလ်သို့ ရောက်ရန် အရှင်ရာဟုလာမှာ အဆင်သင့် ဖြစ်နေပေပြီ။ ထိုအကြောင်းကို မြတ်စွာဘုရား အထင်အရှား သိနေတော်မူသည်။ ထို့ကြောင့် ဤစဉ်ရာဟုလောဝါဒသုတ်ကို ဟောကြားတော်မူရာ အရှင်ရာဟုလာမှာ ရဟန္တာ ဖြစ်သွားခဲ့ပါသည်။ ဝိမုတ္တိပရိပါစနိယ တရားဆိုသည်မှာ သံသရာဝဋ်မှ လွတ်မြောက်ရာ အရဟတ္တဖိုလ်ကို ရင့်ကျက်စေနိုင်၊ (ဝါ) ရစေနိုင်သော တရားဟု အဓိပ္ပာယ်ရသည်။ ထိုဝိမုတ္တိပရိပါစနိယ တရားများမှာ ဘု-

[က] တိပိဋကမရ ဟောစဉ်တရား (ဒုတိယတွဲ)

ပါးရှိသည်။ ဆရာတော်သည် ထိုတရား ၁၅-ပါးကို ရှင်းလင်းဟောကြားထားသည်ကို ဤဟောစဉ်တရား စာအုပ်၌ လေ့လာဖတ်ရှုရမည်ဖြစ်ပါသည်။

အရဏဝိဘင်္ဂသုတ်။ ။ဤသုတ်သည် မဇ္ဈိမနိကာယ်, ဥပရိပဏ္ဏာသပါဠိတော်၊ ဝိဘင်္ဂဝဂ်၌ လာရှိသည်။ ဤသုတ္တန်ကား ပုဂ္ဂိုလ်တဦးတယောက်ကို အကြောင်းပြု၍ ဟောကြားသည့် သုတ္တန်မဟုတ်။ ဗုဒ္ဓမြတ်စွာသည် မိမိဒေးလိုတော်အားတိုင်း တပည့်သာဝကများအား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေနိုင်ကြောင်း အကျင့်ကောင်းကို ညွှန်ပြသောအားဖြင့် ဟောကြားတော်မူသည့် သုတ္တန်ဖြစ်သည်။ အရဏဝိဘင်္ဂဆိုသည်မှာ ဆင်းရဲဒုက္ခတည်း ဟူသောမြူကင်းကွာ၍ ချမ်းသာစွာ နေနိုင်ကြောင်း တရားတို့ကို အကျယ်ဝေဖန် ဟောကြားသောသုတ်ဟု အဓိပ္ပာယ်ရသည်။

ဤသုတ်၌ ဆင်းရဲကင်းကွာ ချမ်းသာစွာ နေနိုင်ကြောင်း တရား ၆-ပါးကို ဟောတော်မူသည်။ ထိုတရား ၆-ပါးမှာ—

၁။ ကာမဂုဏ် ချမ်းသာခံစားခြင်း၊ မိမိကိုယ်ကို အပင်ပန်းအဆင်းရဲခံ၍ ကျင့်ခြင်းဟူသော အယုတ်တရား ၂-ပါးတို့မှ လွတ်သော မဂ္ဂင်ရှစ်ပါးဟူသော အလယ်အလတ် မဇ္ဈိမပဋိပဒါတရား။

၂။ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် မြော်ပင့်ခြင်း နှိပ်ကွပ်ခြင်းမပြုပဲ ဓမ္မဓိဋ္ဌာန်အားဖြင့် ဟုတ်မှန်သော သဘောတရားတို့ကို ဟောပြောခြင်း၊

၃။ ပြင်ပချမ်းသာ (ဗဟိဒ္ဓသုခ) ခေါ်သည့် ကာမချမ်းသာကို ဇရွာင်ရှားခြင်း၊ ကိုယ်တွင်းတရားကို အစဲ့ပြုခြင်း၊ ရသောစျာန်ချမ်းသာ စသော ချမ်းသာမျိုး (အဇ္ဈတ္တသုခ)ကို ပွားများခြင်း။

၄။ ပဋိပက္ခဖြစ်ပွားစေတတ်သော အကြောင်းကို မျက်မှောက်၌ ဖြစ်ဖြစ်၊ မျက်ကွယ်၌ဖြစ်ဖြစ် ပြောသည့်အခါ အကျိုးရှိခြင်း၊ မှန်ကန်သော စကားမျိုး ဖြစ်စေကာမူ အချိန်အခါကြည့်ပြီး ပြောရခြင်း။

၅။ စကားပြောသည့်အခါ တရားဟောသည့်အခါတို့၌ အလျင်တဆော မပြောပဲ ပြေပြစ်သိမ်မွေ့စွာ မလျင်မဆောပြောရခြင်း၊

၆။ ဝေါဟာရများကို သုံးစွဲရာ၌ အရပ်ဒေသ အစဲ့အလမ်း မထားပဲ ထိုထိုအရပ်ဒေသ အားလျော်စွာ သုံးနှုန်းပြောဆိုရခြင်း –

တို့ဖြစ်ပါသည်။ ထိုတရား (၆) ပါးတို့ကို လွယ်ကူစွာ မှတ်သားမိနိုင်ရန် ဆရာတော်က ဤစာအုပ်တွင် "အယုတ်နှစ်ပါး မသုံးခြင်း၊ လမ်းသွားမစ္ဆိမ။ မမြောက်မစား၊ မနှိမ်ပြား၊ ဇရားဟောဖော်ပြ။ သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများအဇ္ဈတ္တ" စသည်ဖြင့် လက်ဝဖ-ပုဒ် သီကုံး ဖော်ထုတ်ထားသည်ကိုလည်း မှတ်သားကြရမည် ဖြစ်ပါသည်။

သီလဝန္တသုတ္တန်။ ။ဤသုတ်သည် ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်၊ ဓမ္မကထိကဝဂ်၌ လာရှိသည်။ အမျှင်မဟာကောဋ္ဌိက မထေရ်မေးမြန်းလျှောက်ထားသဖြင့် တရားစစ်သူကြီး အရှင်သာရိပုတ္တရာမထေရ်ကြီး ဖြေကြားသော အမေးအဖြေသုတ္တန်

ဖြစ်သည်။ ဤသုတ္တန်၌ အနုစ်သာရမှာ သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို ရသိုလျှင် လောကီခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးတို့ မမြဲ(အနိစ္စ)၊ ဆင်းရဲ(ဒုက္ခ)၊ အတ္တမဟုတ် (အနတ္တ) ဟု ရှုရမည်။ သောတာပန် ဖြစ်သွားပြီးသည့်နောက်၌လည်း အထက်မဂ်ကို ရအောင် ဤလောကီခန္ဓာငါးပါးတို့ကိုပင် ဝိပဿနာရှုရမည်။ နောက်ဆုံး ရဟန္တာပုဂ္ဂိုလ် ဖြစ်သွားသည့်တိုင်အောင် အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားရန်နှင့် သတိသမ္ပဇဉ် လက်မလွတ်ဖို့ရန်တို့ အတွက် ဝိပဿနာ ရှုရသေးသည်ဟူ၍ ဖြစ်ပါသည်။

ဤသုတ္တန်သည်လည်း ရုပ်နာမ် နှစ်ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာရှုရသော တရားဒေသနာတော်ဖြစ်၍ ဆရာတော်သည် မိမိဟောနေကျ တရားဟောနည်းအတိုင်း၊ ဤသုတ္တန်ကို မဟောမီ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ ခန္ဓာငါးပါး လက်ဝဲကြီးကို ရှုတ်ဆို အဓိပ္ပါယ်ရှင်းပြထားသည်မှာလည်း မှတ်သားဖွယ်ရာ ဖြစ်ပါသည်။

တေသကုဏ္ဍဇာတ်။ ။ဤဇာတ်သည် ငါးရာ့ငါးဆယ် ဇာတ်တော်များတွင် စတ္တာလီသ နိပါတ်၌ ပါဝင်သော ဇာတ်တော်တခုဖြစ်သည်။ ဤဇာတ်တွင် ဂါထာပေါင်း ၄၀-ရှိသဖြင့် စတ္တာလီသ (၄၀)နိပါတ်၌ ပါဝင်ရခြင်းဖြစ်သည်။ ပဿေနဒီကောသလမင်းကြီးကို အကြောင်းပြု၍ ဤဇာတ်ကော်ကို ဟောတော်မူခြင်းဖြစ်သည်။ ဤဇာတ်၌ ခင်ပုပ် (ဇီးကွက်)၊ သာလိကာ၊ ကျေးသား ဟူ၍ ငှက်သုံးကောင် ပါဝင်သောကြောင့် တေသကုဏ္ဍဇာတ်ဟု ခေါ်သည်။ (တေ= သုံးကောင်+ သကုဏ=ငှက်)။ ဤငှက်သုံးကောင်သည် ဤဇာတ်၌ အဓိကဇာတ်လိုက်များ ဖြစ်ကြသည်။ ခင်ပုပ်ငှက်

သည် လက်ယာတော်ရံ အရှင်သာရိပုတ္တရာအလောင်း၊ သာလိကာမကလေးသည် ဥပ္ပလဝဏ်ထေရိမအလောင်း၊ ကျေးသားပညာရှိသည် ဘုရားအလောင်းတို့ ဖြစ်ကြပါသည်။

ဤဇာတ်၌ ဟောကြားတော်မူသော တရားများကို မြုံ၍ဖော်ပြရလျှင် အုပ်ချုပ်ရေးတွင် စနစ်တကျ အသုံးချရမည့် အုပ်ချုပ်ရေးဆိုင်ရာ နည်းပညာများဖြစ်သည်။ ဤဇာတ်တွင် မှတ်သားဖွယ်ရာများကို နှစ်ပိုင်းခွဲ၍ မှတ်သားနိုင်သည်။ ပထမပိုင်းမှာ ပစ္စုပ္ပန်ဘဝတို့၌ ဘုရားရှင် ဟောတော်မူခဲ့ကြများဖြစ်၍ ဒုတိယပိုင်းမှာ ငှက်သုံးကောင်တို့ ညှိနှိုင်းခဲ့ကြသော လမ်းညွှန်ချက်များ ဖြစ်ပါသည်။ ထိုတွင် ပစ္စုပ္ပန်ဘဝတို့၌ ဘုရားရှင်က ပသေနဒိကောသလမင်းကြီးအား တိုင်းပြည်၊ မြို့ရွာ ရပ်ကွက်၊ အိမ်ထောင်စု စသည်တို့ကို အုပ်ချုပ်သူသည်-

(၁) လူ့ဒါန်းပေးကမ်းခြင်းဒါန၊ ငါးပါးသီလ လုံခြုံခြင်းသီလ၊ အရည်အချင်းအလိုက် ထိုက်သလို စွန့်ကြဲပေးကမ်းရခြင်း-ပရိစ္စာဂ- စသော မင်းကျင့်တရား ၁၀-ပါးနှင့် ပြည့်စုံရမည်။

(၂) အုပ်ချုပ်သူက တရားမစောင့်လျှင် အုပ်ချုပ်ခံလူတန်းစားများကလည်း တရားပျက်ကြမည်။

(၃) လူသားဘို့ တရားမစောင့်လျှင် နေ့လ နက္ခတ်တာရာတို့ အသွားမမှန်ပဲ ရာသီဥတု ဖောက်ပြန်မည်။

(၄) ရာသီဥတု ဖောက်ပြန်လျှင် နတ်များ စိတ်ဆိုးပြီး မိုးလေမမှန် ဖြစ်လာမည်။

(၅) မိုးလေမမှန်လျှင် ကောက်စပါးမျိုး ညှိုးမြောင်းပြီး လူများ အနာရောဂါရကြ၊ အသက်တိုကြမည်။

[ကား] တိပိဋကဓရ ဟောစဉ်တရား (ဒုတိယတွဲ)

(၆) လူသားများ တရားကျင့်သုံးလျင်.... ကောက်စပါးများ ကောင်း၍ လူများ ကျန်းမာသက်ရှည်ကြမည်။

(၇) အဂတိတရားဧလေးပါးကို မလိုက်စားရ။

(၈) သဘ္ဘဝါများ သေဆုံးသည့်အခါ ကောင်းမှုသည်သာ အား ကိုးရာဖြစ်၍ ကုသိုလ်တရားကို မမေ့သင့်-

ဟူ၍ ဖြစ်သည်။

ဒုတိယပိုင်း၌ ငှက်သုံးကောင်တွင် ဝေဿန္တရမည်သော ခင်ပုပ်ငှက်၏ ညွှန်ကြားချက်များမှာ-

(၁) မုသားစကားကို ရှောင်ရှား၍ သစ္စာတရားရှိရမည်(သစ္စာ)

(၂) အုပ်ချုပ်ခံ လူများအား အမျက်မထွက်ပါနဲ့၊ မေတ္တာတရား ထားရမည်။ (မေတ္တာ)

(၃) အာရုံငါးပါး မလိုက်စားပဲ ကုသိုလ်တရားကိုမမေ့လျော့ရ၊ (အုပ္ပမာဒ)

(၄) သူတပါးတို့ အဖေါ်၌ မနာလိုစိတ် မရှိရ၊(အနုသူယျက)

(၅) ဟေးလား ဟားလား တဝါးဝါးမနေပဲ ထကြွလုံ့လဝီရိယ ရှိရခြင်း၊ (ဓိတိ)

တို့ဖြစ်ပါသည်။

ကုဏ္ဍလိနီမည်သော သာလိကာမလေး၏ လမ်းညွှန်ချက်များမှာ အမတ်တူထူးခန့်ရာ၌-

(၁) သမာဓိရှိသူများ ဖြစ်ရမည်။

(၂) စမ္မသတ်, ထုဇဿတ်၌ ကျွမ်းကျင်လိမ်မာသူများဖြစ်ရမည်။

(၃) ကစားသမားများ မြောအန်သမားများ မဖြစ်စေရ။

(၄) ကောက်ကျစ် စဉ်းလဲမှု ကင်း၍ ရိုးသား ဖြောင့်မတ်သူများ ဖြစ်ရမည်။

(၅) အရက်သေစာသောက်စားခြင်း ကင်းရမည်။

(၆) မင်း၏ဘဏ္ဍာတော်ကို မဖျက်ဆီးသူများ ဖြစ်ရမည်။

ထို့ပြင်—

(၁) အောက်လူတွေ့ပြောတိုင်း မယုံရ၊

(၂) အမှုထမ်းများ အလုပ် လုပ်မလုပ် ကိုယ်တိုင်သိအောင် အားထုတ်ရမည်။

(၃) ကိစ္စတခုပေါ်လာသည့်အခါ မိမိကိုယ်တိုင်လည်းမဆင်မခြင် အရေးတကြီး သုတ်သီးသုတ်ပျာ မလုပ်ရ၊ အမှုထမ်းများ ကိုလည်း မလုပ်ခိုင်းရ။

(၄) အပြစ်ကျူးလွန်သူများကို လျှော့လျှော့ပေါ့ပေါ့ ညှာညှာတာတာ စဉ်းစားရမည်။

(၅) ငါမင်းပဲဆိုပြီး အခြားသူများ အပေါ်မှာ အာကျိုးမဲ့ဖြစ်အောင် မဆုံးဖြတ်ရ။

(၆) ကြောက်လန့်ရွံရှာခြင်းမရှိပဲ ကာမဂုဏ်တရားကို မလိုက်စားရခြင်း။

တို့ဖြစ်သည်။ ဒုခချုပ်အားဖြင့် မရဏသေးသော စည်းစိမ်ဥစ္စာကို ရရှိလာအောင် ကြိုးကုတ်မှားထုတ်ရခြင်း။ ရရှိပြီးသော စည်းစိမ်ဥစ္စာတို့ကို မပျောက်မပျံအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း နှစ်ပါးကို ညွှန်ကြားလိုရင်းဖြစ်ပေသည်။

ဇမ္ဗုကမည်သော ဘုရားလောင်း ကျေးသားလေး၏ လမ်းညွှန်ချက်များမှာ –

(၁) လက်ရုံးရည်အား၊
(၂) ပစ္စည်းဥစ္စာဓနအား၊
(၃) အမဟဲပိုလ်ပါအင်အား၊
(၄) မြင့်မြတ်သည့် အမျိုးစောတ်အား၊
(၅) ပညာအား။

ဟု အား(၅)ပါး ငုံးပြည်အုပ်ချုပ်သူဟူ၍ ရှိရမည်။ ထိုအား(၅)မျိုးဘွင် ပညာအားသည် ပဓာနဖြစ်သည်။ ပညာအားရှိက အခြားအား (၄)ပါးရှိသူဟု ဆိုအောင်နိုင်ပါသည်။

ပညာရှိဆိုယည်မှာ ကြားသမျှအဓိပ္ပာယ်အရာများကို မှန်မမှန် ဆုံးဖြတ်နိုင်သည်။ သုဂတိရောက်ကြောင်း ကောင်းမှုဆယ်ပါးကို ခွဲခြားဝေဖန်ခြင်းနှင့် ကျွမ်းကျင်လိမ္မာသည်းလုံလကြိုးကုတ်အားထုတ်ရမည့်အချိန်၌ ပျင်းရိမနေပဲ နောက်မဆုတ်ဟမ်း အားသွန်ခွန်စိုက် ပြုလုပ်လေ့ရှိသည်။

ထို့ပြင် အခြားမင်းကျင့်ဂုန် တရားတို့ကိုလည်း ညွှန်ကြားသည်။ ထိုတရားများမှာ –

(၁) မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးရမည်၊
(၂) သားဝတီ မယားပတ် စသော ကျင့်ဝတ်များကို ကျင့်ရမည်၊

(၃) မိတ်ဆွေနှင့် ရာမတ်တို့ကို ထောက်ပံ့ရမည်၊

(၄) ဆင်ယာဉ်၊ မြင်းယာဉ်နှင့် ဗိုလ်ပါတို့၌ ထောက်ပံ့ရမည်၊

(၅) ရွာသူ ရွာသား စသောသူတို့အား အမတော်ကြေး ထုတ်ပေးရမည်၊

(၆) တိုင်းသူ ပြည်သားတို့၌ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ ကျင့်ရမည်၊

(၇) ရဟန်း ပုဏ္ဏားတို့ကို တရားသဖြင့် စောင့်ရှောက်ရမည်၊

(၈) သားငှက်တို့ကို ဘေးမဲ့ပေးရမည်–

စသည်တို့ ဖြစ်ပါသည်။

ဗဟုပုတ္တိကသောဏာဇရိဝတ္ထု။ ။ကျွဲဝတ္ထုသည် ထေရိအပဒါန် ပါဠိတော်၌ လာရှိသည်။ ရဟန္တာထေရိမကြီးတို့၏ ဘဝဖြစ်စဉ်ကို မိမိတို့ကိုယ်တိုင် ပြန်လည် ထုတ်ဖော်ပြောကြားသော ကိုယ်တိုင်ဟော အတ္ထုပ္ပတ္တိများ ဖြစ်သည်။ (ထေရိ=ရဟန္တာထေရိတို့၏+အပဒါန=အပဒါန်=အကြောင်း ဒဿထုပ္ပတ္တိ)။ထို ရဟန္တာထေရိ၏ နာမည်ရင်းမှာ သောဏာ ဖြစ်ပါသည်။ သို့သော် အိမ်ထောင်သည် ဘဝ၌ သားသမီး (၁၀)ယောက် မွေးဖွားခဲ့သောကြောင့် သားသမီးများသည့် သောဏာထေရိ ဟူသောဒဿနိပွားယ်ဖြင့် “ဗဟုပုတ္တိက” ဟူသောပုဒ်ဖြင့် အထူးပြုကာ ဗဟုပုတ္တိကသောဏာထေရိ ဟု ခေါ်ကြခြင်း ဖြစ်ပါသည်။ (ဗဟုပုတ္တိက=သားသမီး များစွာရှိသော) ပါဠိတော်၌မူ သောဏာထေရိဟုသာ လာရှိသည်။

ထို သောဏာထေရိကား သာမန် ဘိက္ခုနိမ မဟုတ်ပေ။ အားသွန်ကြိုးကုတ် တရားအားထုတ်သည့် ဝိရိယ (အာရဒ္ဓဝိရိယ)

အရာဌ် တေဒဂ်ဘွဲ့ရသည့်အပြင် ဆဋ္ဌဘိညာ၊ ပဋိသမ္ဘိဒါပတ္တာ၊ တေဝိဇ္ဇာ ရဟန္တာမကြီးတပါးဖြစ်ပါသည်။ ထိုရဟန္တာမကြီးသည် ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတင်၍ ဆင်ခြင်အာဒီးထုတ်သောကြောင့် ဤကဲ့သို့ ရဟန္တာမကြီးအဖြစ်သို့ ရောက်ခဲ့သည်။ ထို့ကြောင့် ဆရာတော်သည် ဤသောဏာထေရိ၏ အကြောင်းကို မဟောကြားမီ တရားနာပရိသတ်များအား ခန္ဓာငါးပါးတရားကို တတ်နိုင်သမျှ ပိုင်းခြားသိမြင်စေရန် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ခန္ဓာငါးပါးလက်ဘဲဖြင့် ရှင်းပြထားသည်ကို ဖတ်ရှုရမည်ဖြစ်သည်။

ဤသောဏာထေရိဝတ္ထုဌ္ဌ ကြည့်ညိုဖွယ်ရာ၊ မှတ်သားဖွယ်ရာ၊ လိုက်နာဖွယ်ရာ ကောင်းသည့်အချက်များမှာ ထေရီမကြီး၏နှလုံးသွင်းနှင့် ကြိုးစားအားထုတ်မှုပင်ဖြစ်သည်။ သောဏာခေါ်တဲ့ အိမ်ထောင်သည် သဒ္ဓေးသမီးကြီးသည် သာသနာ့ဘောင်ဝင်၍ ဘိက္ခုနီမလုပ်ပြီးသည့် အခါ "ငါဟာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးရောက်မှ ဘိက္ခုနီမလုပ်ရတာ၊ အခြားငယ်စဉ်ကတည်းက သာသနာ့ဘောင်ဝင်လာခဲ့တဲ့ ဘိက္ခုနီမများလို မေ့မေလျော့လျော့ ပေါ့ပေါ့ဆဆမနေသင့်ဘူး။ အချိန်ရှိသမျှ ကြိုးစားမှပဲ" ဟု နှလုံးသွင်းပြီး နေ့ရောညပါ မအိပ်မနေ တရားအားထုတ်သည်။ တရားအားမထုတ်မီမှာလည်းအတူနေ ဘိက္ခုနီမတို့၏ ဝတ်ကြီးဝတ်ငယ်များကိုလည်း ပြုလိုက်သေးသည်။ ဤသည်မှာ အတုယူဖွယ်ရာ၊ ကြည့်ညိုဖွယ်ရာများပင်ဖြစ်သည်။

ဤဝတ္ထုဌ္ဌ သိပ္ပံပညာဖြင့် စိစစ်၍မရနိုင်သော ဆန်းကြယ်သည့်ဖြစ်ရပ်တို့ကို ဖတ်ရှုရပေမည်၊ ထိုဖြစ်ရပ်မှာ မီးမပါပဲ ရေနွေးအိုးကို ပူက်ပူက်ဆူအောင် တည်ခြင်းပင်ဖြစ်သည်။

စုန္ဒသုတ္တန်။ ။ဤသုတ္တန်မှာ မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ သတိပဋ္ဌာန သံယုတ်၌ ပါဝင်သော သုတ္တန်ဖြစ်သည်။ အရှင်စုန္ဒမထေရ်ကား မြတ်စွာဘုရား၏ လက်ယာတော်ရံ အဂ္ဂသာဝကာ အရှင် သာရိပုတ္တရာ၏ဒုတိယမြောက် ညီတည်း။ နောင်တော်ကြီး အရှင်သာရိပုတ္တရာ မထေရ်၏ အနီးတွင် နေ၍ ဝတ်ကြီးဝတ်ငယ်ကို ပြုနေသူဖြစ်သည်။ နာလကရွာမွေးဖွားခဲ့ရာ တိုက်ခန်း၌ နောင်တော်ကြီး ပရိနိဗ္ဗာန်စံသွားသည့်အခါ နောင်တော်ကြီး၏ သပိတ်သင်္ကန်း (ပါဠိတော်) နှင့် ဓာတ်တော် ထည့်ထားသော ရေစစ်(အဋ္ဌကထာ)တို့ကို ယူဆောင်၍ အရှင်အာနန္ဒာမထေရ်ထံ သွားသည်။ ထို့နောက် အရှင်အာနန္ဒာနှင့် ရှင်စုန္ဒတို့ နှစ်ပါးလုံး အရှင်သာရိပုတ္တရာ မထေရ်၏ သပိတ်သင်္ကန်းနှင့် ဓာတ်တော်တို့ကို ဘုရားရှင်ထံ ပို့ဆောင်ကြသည်။ ဤအကြောင်းကို အစဲပြု၍ ဤသုတ်ကို စုန္ဒသုတ်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။

ဤသုတ်၌ ပါဠိတော်အရ အရှင်စုန္ဒမှာ ပဓာန ဇာတ်ဆောင် ဖြစ်သော်လည်း ဖတ်ချင်စရာ၊ မှတ်ချင်စရာ၊ စိတ်ဝင်စားဖွယ်ရာ ဇာတ်သည့် အခန်းမှာ "ဘုရားစစ်သူကြီး အရှင် သာရိပုတ္တရာ မထေရ်မြတ်ကြီး ပရိနိဗ္ဗာန်ဝင်စံခန်း" ပင် ဖြစ်သည်။ အဋ္ဌကထာ ဆရာကြီးသည် ဤစုန္ဒသုတ်ကို ဖွင့်ဆိုရာ၌ ဤလက်ယာတော်ရံ အဂ္ဂသာဝကာကြီး ပရိနိဗ္ဗာန်ဝင်စံခန်းကိုပင် အသားပေး၍ ခမ်းခမ်းနားနား အကျယ်တဝင့် ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ ဆရာတော် ဘုန်းကလည်း အဋ္ဌကထာအဖွင့်ကို မှီငြမ်းပြု၍ မိမိ၏ ဓမ္မဒေသနာနည်းဖြင့် တန်ဆာဆင်၍ ဟောကြားထားရာ စာရှု ပရိသတ်များသည် ဤစုန္ဒသုတ္တန်ကို ဖတ်ရှုကြရာ၌ တအံ့တသြဖြစ်ခြင်း (အဘွုတရသ) ကြင်နာသနားခြင်း (ကရုဏာရသ)၊ တရားနှင့် ဓမ္မ. ငလျှဲလိုခြင်း (ဓမ္မသိဂ်ါရရသ)စသော အရသာမျိုးစုံကို ခံစားကြရမည်ဖြစ်ပေသည်။

အထူးသဖြင့် ဤသုတ္တန်၌-

(၁) အာယုသင်္ခါရပုဒ်၏ အဓိပ္ပာယ်အကျယ်၊

(၂) ဖလသမာပတ် သုံးမျိုး၊

(၃) အဂ္ဂသာဝကာ ၂-ဦး ဩဝါဒပေးထူးပုံ၊

(၄) ဈာပနသဘင်၌ လူနှင်းခံရ၍ သေသော ရောဝတီ အမျိုး သမီးအကြောင်း၊

(၅) အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးများ၊

(၆) သောက ပျောက်ကြောင်းတရား-

စသော ဗဟုသုတ ဖြစ်စရာ အဖြာဖြာတို့ကိုလည်း လေ့လာမှတ်သား ကြရမည် ဖြစ်ပါသည်။

ဗဟုဓိတရသုတ္တန်။ ။ဤသုတ်သည် သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ပြာဟ္မဏသံယုတ် အရဟန္တဝဂ်၌ လာရှိသည်။ ဗဟုဓိတရ အမည်ရှိသည့်ဘာရဒ္ဝါရန္ဒယ်ဖွားပုဏ္ဏားတဦး၏ အကြောင်း ကို ဟောကြားသော သုတ်ဖြစ်သည်။ ဗဟုဓိတရဆိုသည်မှာ သမီး (၇)ယောက်ရှိသူဖြစ်၍ သမီးများစွာရှိသောပုဏ္ဏားဟုအဓိပ္ပာယ်ရသည်။

တနေ့တွင် ထိုဗဟုဓိတရ ပုဏ္ဏားကြီးသည် တောင်သူအလုပ်လုပ် နေစဉ် သူ၏နွားလားတဆယ့် လေးကောင်လုံး ပျောက်သွားသဖြင့် တောအနှံ့ လိုက်လံ ရှာဖွေနေသည်။ ထိုအချိန်တွင် ဘုရားရှင်၏ ဉာဏ်တော်၌ ထိုပုဏ္ဏားကြီးကို ကျွတ်ထိုက်သူအဖြစ် ပေါ်လာသဖြင့် မိမိသီတင်းသုံးနေရာ တောအုပ်အတွင်းတနေရာတွင် ဖလသမာပတ်ကို

ဝင်စားနေပေသည်။ ပုဏ္ဏားကြီးသည် နွားပျောက်ရှာယင်း ဘုရားရှင် သီတင်းသုံးရာ အနီးသို့ရောက်သွားရာ ဘုရားရှင်၏ အားချမ်းငြိမ် သက်စွာသီတင်းသုံးနေသည်ကို မြင်ရသဖြင့် မိမိ၏ဆင်းရဲ ဒုက္ခမျှားကို ဆင်ခြင်မိသည်။

ထို့ကြောင့် မိမိ၏-

(၁) နွားလားဝှေ့-ကောင်ပျောက်တဲ့ ဆင်းရဲဒုက္ခ၊

(၂) နှမ်းခင်းပျက်တဲ့ ဆင်းရဲဒုက္ခ၊

(၃) ကြွက်မျှား ကျိထဲဝင်လို့ အိပ်မပျော်တဲ့ ဆင်းရဲဒုက္ခ၊

(၄) အိပ်ရာခင်းကို ခုနစ်လကြာအထိ ခါပေးမည့်သူ မရှိ၍ ကြမ်းပိုးကိုက်ပြီး အိပ်ရေးပျက်ရသည့် ဆင်းရဲဒုက္ခ၊

(၅) လင်ကွာသမီးခုနစ်ယောက်နှင့်မြေးဆယ်ယောက်တို့ကြောင့် ဖြစ်သည့် ဆင်းရဲဒုက္ခ၊

(၆) သန်းခေါင်ကျော်မှ အိပ်ရသော်လည်း မိုးမသင်းမမှိုင်း ပုဏ္ဏားမကြီးက ခြေနှင့်ပေါက်ကာ ခေါက်ကာ နှိုးသည့် ဆင်းရဲဒုက္ခ၊

(၇) မိုးလင်းသည်နှင့်တပြိုင်နက် ကြွေးရှင်များ ဝိုင်းအုံတောင်း ကြသည့် ဆင်းရဲဒုက္ခ-

များကို ဘုရားအနီးအနားမှာ ညည်းတွားပြီး ဘုရားရှင်မှာ ဤသို့ဆင်း ရဲဒုက္ခမျိုး မရှိသဖြင့် ဤကဲ့သို့ အေးငြိမ်းချမ်းသာစွာနေရပေသည် ဟုပြောဆိုသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက ယခုအသင်ပုဏ္ဏား ခံစားနေရသည့် ဆင်းရဲခုနစ်မျိုး ငါဘုရားမှာ မရှိသဖြင့် ဤကဲ့သို့ ချမ်းချမ်းသာသာ နေရပေသည်ဟု ဟောကြားတော်မူရာ ပုဏ္ဏားကြီးမှာ သရဏကုံ ဆောက်တည်ပြီး ရှင်ရဟန်းပြုလုပ်ပေးရန် လျှောက်ထားသည်။ဘုရား ရှင်က ရှင်ရဟန်း ပြုပေးလိုက်သည်။ ရဟန်းပြုပြီး မကြာမီမှာပင် တရားအားထုတ်ရာ ရဟန္တာဖြစ်သွားခဲ့ပေသည်။

ဤသုတ္တန်၌ ဗုဒ္ဓမြတ်စွာ၏ ပရဟိတဓရုက်၊ သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ကြွယ်ညီဖွယ်ရာ ဖတ်ရှုရပေမည်။ရှင်ဒေတဝ်ဗုဒ္ဓဿည်ဘာရဒ္ဒါရဇန္ဒယ်ဖွား ဗဟုမိတရ ပုဏ္ဏားကြီးအား ရဟန္တာဖြစ်သည်အထိ လောကုတ္တရာအကျိုးကို ရွက်ဆောင်ပေးသည့် အပြင် တင်နေသော ကြွေးပြဿနာ၊ လင်ကွာသမီး ခုနစ်ယောက် ပြဿနာနှင့် ပုဏ္ဏားမကြီး ပြဿနာတို့ကိုလည်း ပဿေနဒီကောသလမင်းကြီး၏ အကူအညီဖြင့် ဖြေရှင်းပေးသည်ကို ပြည်ညီဖွယ်ရာ တွေ့ရှိရသည်။ ထို့ကြောင့် သဂါထာဝဂ္ဂသံယုတ်၊ ဒေဝတာပါကသုတ်၌ ပဿေနဒီကောသလမင်းကြီးသည် မိမိ၏ပေါ်ပါးလာသော ခန္ဓဒုက်ခဟူသော ဒုက်ခကို ဂုဏ်တော်ယုံကြည်သိုးသပ်ပြီး "ထို ဘုန်းခြောက်ပါးသောင် ဘုရားရှင်သည် ပစ္စုပ္ပန် အကျိုးအားဖြင့်လည်းကောင်း၊ ဇာမလွန် အကျိုးအားဖြင့် လည်းကောင်း အကျိုးနှစ်မျိုးဖြင့် အကျွန်ုပ်ကို အစဉ်စောင့်ရှောက်တော်မူပေစုတကား" ဟု ဥဒါန်းကျူးတော်မူခြင်း ဖြစ်ပေသည်။

သာဓုသုတ္တန်။　။ဤသုတ္တန်သည် သဂါထာဝဂ္ဂသံယုတ် ပါဠိတော်သတုလ္လပကာယိကဝဂ်၌ လာသော သုတ္တန်ဖြစ်သည်။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် သတုလ္လပကာယိက နတ်သားများ ဒါနအကြောင်း၊ သီလ

အကြောင်းတို့ကို "သာဓု ခေါ မာရိသ ဒါန်" (မြတ်စွာဘုရား....အလှူ။ ဒါန ကောင်းမှုပြုခြင်းသည် တကယ်ချီးမွမ်းအပ် တကယ်ကောင်းမြတ်သည့် အလုပ် ဖြစ်ပါသည်ဘုရား) ဟု "သာဓု" (ကောင်းမြတ်သည့် အလုပ် ဖြစ်ပါသည်ဘုရား) သဒ္ဒါထိပ်ကတင်ပြီး လျှောက်ထားသည့် အတွက် "သာဓု" သုတ်ဟု ခေါ်ခြင်း ဖြစ်ပါသည်။

သတ္တလ္လပကာယိကနတ်မျှား ဆိုသည်မှာ သူတော်ကောင်းတို့ တရား ဖြစ်သည့် သရဏဂုံသီလတို့၏ ဂုဏ်ကျေးဇူးတို့ကို အခြားနတ်မျှား ထက် အထူးပြောကြားသည့် နတ်မျှားဟု အဓိပ္ပာယ်ရသည်။ ထိုနတ် မျှားသည် သေခါနီး၌ အချိန်မီ သရဏဂုံ ဆောက်တည်လိုက်ရသော ကြောင့် နတ်ပြည်၌ နတ်သားမျှား သွားဖြစ်ကြသည်။ သူတို့၏ အတ္ထုပ္ပတ္တိအကျယ်ကို ဟောစဉ်တရားတော်လာ ဤသုတ်၌ စိတ်ဝင် စားဖွယ်ရာ ဖတ်ရှုကြရမည် ဖြစ်ပါသည်။

ထိုနတ်မျှားသည် မိမိတို့အချင်းချင်း တိုင်ပင်ဆွေးနွေး၍ သီရသည့် တရားသဘောတို့ကို တဦးစီလာရောက်ပြီး ဘုရားရှင်အား လျှောက် ထားကြခြင်း ဖြစ်သည်။ လာရောက်လျှောက်ထားသည့် နတ်သား မျှားမှာ အားလုံး ခြောက်ယောက် ဖြစ်ပေသည်။ ထိုနတ်သား ခြောက်ယောက်တို့၏ လျှောက်ထားချက်တို့ကို အတိုချုပ်၍ ဖော်ပြ ရလျှင်—

(၁) အလှူဒါနပြုလျှင် မိမိမှာရှိတဲ့ပစ္စည်းထဲက တရားသဖြင့် ရထားသည့် ပစ္စည်းကို ရွေးလှူပါ။

(၂) အကျင့်သီလနှင့် ပြည့်စုံတဲ့ သီလဝန္တ အလှူခံပုဂ္ဂိုလ်ကို ရွေးလှူပါ။

(၃) အလှူဒါနမပြုမီ ရတနာသုံးပါးဂုဏ်ကို ယုံယုံကြည်ကြည်နှင့် သရဏဂုံ ဆောက်တည်ပါ။

(၄) အခု ငါကောင်းမှုပြုမယ်၊ ထိုကောင်းမှုကြောင့် ကောင်းသည့် အကျိုးရလိမ့်မည်ဟု သဒ္ဓါယုံကြည်စိတ်ကို ပွားပြီးလှူပါ။

(၅) သတ္တဝါတို့ကို ညှဉ်းဆဲခြင်းမပြုပဲ ငါးပါးသီလ လုံခြုံအောင် နေပါ—

တို့ ဖြစ်သည်။

ဤအချက် ၅-ချက်ကို စိစစ်ကြည့်လျှင် အင်္ဂါလေးရပ်နှင့် ညီညွတ်သည့် ဒါနကို ပြုရမည်။ ငါးပါးသီလကို လုံခြုံအောင် ဆောက်တည်ရမည်ဟု ဆိုထားကြောင်း တွေ့ရသည်။

ဗုဒ္ဓမြတ်စွာက ထိုနတ်သားများ လျှောက်ထားချက်နှင့် ပတ်ဆက်၍ လှူဒါန်းပေးကမ်းခြင်းသည်လည်း အလွန်ကောင်းမွန်သည့် အလုပ်ဖြစ်သည်၊ ငါးပါးသီလ ဆောက်တည်ခြင်းသည်လည်း အလွန်ကောင်းမွန်သည့် အလုပ်ဖြစ်သည်။ ဒါန သီလ ဆိုသည်မှာ ဂုဏ်ပေါင်းများစွာတို့ဖြင့် ချီးကျူးထိုက်သည့် လုပ်ငန်းမွန်များ ဖြစ်ကြပေသည်။

သို့ဆော် ထိုဒါန သီလတို့ထက် မြတ်သည့် အကျင့်မြတ်များ ရှိသေးသည်။ ထိုအကျင့်မြတ်များမှာ သမထ ဘာဝနာနှင့် ဝိပဿနာ ဘာဝနာတို့ ဖြစ်သည်။ ထိုဘာဝနာ ကျင့်စဉ်များဖြင့်သာ နိဗ္ဗာန်တည်းဟူသော နောက်ဆုံးပန်းတိုင်သို့ ရောက်နိုင်ပေသည်-ဟု ဟောကြားတော်မူပေသည်။ သို့ဖြစ်၍ ဤသာဓုသုတ္တန်ကို ကြည့်လျှင် ဤသုတ္တန်၌ ဘုရားရှင်သည် "ဒါန၊ သီလ၊ ဘာဝနာ" ကျင့်စဉ်တရား

သုံးပုံကျော်ဘို့ကို အပြည့်အစုံ ဟောသားကြောင်း တွေ့ရပေသည်။ ထို့ကြောင့် ဆရာတော်သည် နိဗ္ဗာန်ရောက်ကြောင်း ဤသုတ္တန်၌ ဇာမြေတ်ဆုံး ကျင့်စဉ်တရားဖြစ်သည့် ဝိပဿနာတရား အားထုတ်နည်းတို့ကို နိဂုံးချုပ် ဟောတော်မူ ထားသည်ကို ဖတ်ရှုကြရမည် ဖြစ်ပါသည်။ ဤသည်တို့ကား ဤဟောစဉ်တနားလာ တရားတော် ဂ-ပုဒ်ကို လိုရင်းအချုပ် အနှစ်သာရထုတ်၍ ပြခြင်း ဖြစ်ပါသည်။

ဤသို့အားဖြင့် ကျွန်ုပ်ဘို့ သာသနာရေးဦးစီးဌာနက ဆရာတော်၏ ဖေးပြပါ တရား ဂ-ပုဒ်တို့ကို ရွေးချယ် ကူးယူ၍ ဤတိပိဋကရ ဟောစဉ်ကရာ၊ (ဒုတိယတွဲ) အဖြစ် ရိုက်နှိပ် ထုတ်ဝေလိုက်ပေသည်။ စာရှုသူ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဤဟောစဉ်တရား ဒုတိယတွဲလာ တရားတော်များကို လေ့လာမှတ်သား၍ တရားတော်လာသည့်အတိုင်း စွမ်းနိုင်သမျှ လိုက်နာ ကြိုးကုတ် အားထုတ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

ဓမ္မာစရိယ ဦးအေးနိုင် ဘီအေ
လက်ထောက်ညွှန်ကြားရေးမှူး
သာသနာရေးဦးစီးဌာန
၂၅-၁၀-၀၅

အမှား အမှန် ပြင်ဆင်ချက်

ဦး ရေ	စာ မျက် နှာ	ကြောင်း ရေ	အ မှား	အမှန်
၁	၂၂	၈	ဒီသဏ္ဌာန်မှာ	ဒီ သန္ဌာန်မှာ
၂	၁၂၉	၁၇	သာ ဓုမေ ဘန္တေ	သာဓု မေ ဘန္တေ
၃	၁၄၄	၄	တဒါ၊ ဟောထ၊	တဒါ ဟောထ၊
၄	၃၀၅	၁	နည်းအတူ	ရှေးနည်းအတူ
၅	၃၉၁	၅	ကောယံ	ကောဟံ
၆	၄၀၅	၈	လာစာ	စာလာ
၇	၄၁၇	၂၁	မှော်ဟာရှိတယ်	မှော်ဟာရဲ့တယ်
၈	၄၇၈	၈	အစ္ဆပိ စသော	အပိစ္ဆ စသော

အရှင်ဝိစိတ္တသာရာဘိဝံသ

၏

ကိုဝိဋ္ဌကဓရ ဟောစဉ်ကရား

မာတိကာ

ဓမ္မက္ခန္ဓ-ကြောင်းအစု စာမျက်နှာ

နိဒါန်း [က]

ရှင်ရာဟုလာ တရားပေါင်းချုပ်

သုစဒ္ဓါဒနမင်းကြီး၏ အသက်မှန်းဆချက် ၂

ဘုရားပင့်ရန်စေလွှတ်ခြင်း ၄

ရာဟုလာအား အမွေပေးတော်မူခြင်း ၆

ဉာတ္တိစတုတ္ထကံနဲ့ ရဟန်းခံခြင်းအစ အရှင်ရာမမထေရ်က ၁၀

ရှင်သာမဏေပြုပုံ ၁၃

သာမဏေရဟဉ္စာကို ဟောတော်မူခြင်း

အမေးဆယ်ချက် အဖြေ ၁၅-ပါး ၁၆

ဝိပဿနာဉာဏ်ဆယ်ပါး ၁၈

ရုပ်ဖြစ်ကြောင်းတရားလေးပါး၊ (ဥဒယဉာဏ်ငါးပါး) ၁၈

ရုပ်ချုပ်ကြောင်းတရားလေးပါး (ဝယဉာဏ်ငါးပါး) ၁၉

ဘင်္ဂဉာဏ်စသည် ၂၀

ဘာဝနာလေးဆယ် (၀၊)တောလေးဆယ် ၂၁

ဧသောတာပန် သုရမ္မဋ္ဌကို မာရ်နတ်ဖျက်ချိမရ ၂၈

[ဂါ] တိပိဋကဓရ ဟောစဉ်တရား (ဒုတိယတွဲ)

ကြောင်းအစဉ် စာမျက်နှာ

အဘိက္ခုရာဟုလောဝါဒသုတ်တန်

ဥပဇ္ဈာယ်ဆရာကို လေးစားပူဇော်အပ်ခြင်း ၃၄

မိတ်ဆွေကောင်းကို ပေါင်းသင်းသင့်ခြင်း ၄၀

ဓာတုအရပ်၌ နေအပ်ခြင်း.... .... ၄၁

ဘာဇနမတ္တညူ ၅၂

အလှူခံယူနည်း သတိပြုပါ ၅၂

ပစ္စည်းလေးဖြာ မတွယ်တာနှင့် ၅၄

သီလဗိမာန် တည်ဆောက်ရန် ၅၅

သမာဓိဗိမာန် တည်ဆောက်ရန် ၅၆

ရာဟုလသံယုတ် ဒေသနာတော်

ခန္ဓာ-အာယတန-ဓာတ်-သစ္စာ လက်ခံဆယ်ပုဒ် ၅၅

ရူပကွန္ဓာ၏သဘော သရုပ်ခွဲခန်း ၅၆

နိပ္ပန္နရူပ် တဆယ့်ရှစ်ပါး မဟာဘုတ်ကြီးလေးပါး ၅၇

ပသာဒရူပ်ငါးပါး ၆၀

အာရုံရူပ်ငါးပါး ၆၂

နှစ်စုံဘာဝ — ၆၃

ဟဒယဝတ္ထုရူပ် ၆၆

ဇုတ်သက် ၆၇

အနိပ္ပန္နရူပ်ဆယ်ပါး ၇၃

ဝေဒနာကွန္ဓာသဘော သရုပ်ခွဲခန်း ၇၆

အခန်းကဏ္ဍ	စာမျက်နှာ
ထညာဂ်ွန္ဒာသဓောာ သရုပ်ခွဲခန်း	၈၀
သခ်ါရကွန္ဒာသဘောာ သရုပ်ခွဲခန်း	၈၄
ဝိညာဏာကွန္ဓာသဘောာ သရုပ်ခွဲခန်း	၉၁
ကာမစိတ် ၅၄-ပါး	၉၃
အဟိတ်စိတ် ၁၈-ပါး	၉၆
ကာမာဝစရသောဘကစိတ် ၂၄-ပါး	၉၇
ရူပါဝစရစိတ် ၁၅-ပါး	၉၉
အရူပါဝစရစိတ် ၁၂-ပါး	၁၀၈
လောကုတ္တရာစိတ်အကျဉ်း ၈ အကျယ် ၄၀	၁၀၁
ရှင်ရာဟုလာ ဝိပဿနာ ကိုယ်ဝန်သားတည်သော ရာဟုဏသံယုတ်	
ရှင်ရာဟုလာ တရားအကျဉ်းချုပ်တောင်းခြင်း	၁၀၄
ယောဂီများ ပြည့်စုံရမည့်အင်္ဂါ	၁၀၅
အတွင်းအာယတန ၆-ပါး ဝိပဿနာရှုခြင်း	၁၀၅
ရှုပန်းများလျှင် ငြီးငွေ့မည်	၁၁၁
ငြီးငွေ့လျှင် တပ်ခြင်းကင်းမည်	၁၁၂
ရှင်ရာဟုလာ ဒုတိယအကြိမ် တရားတောင်းခြင်း	၁၁၄
အာရုံခြောက်ပါးဌ ဝိပဿနာရှုခြင်း	၁၁၅
ရှင်ရာဟုလာ တတိယအကြိမ်တရားတောင်းခြင်း	၁၁၈
ဝိညာဏ် ၆-ပါးဌ ဝိပဿနာရှုခြင်း	၁၁၈

အခန်းကြောင်းအရာ			စာမျက်နှာ
စတုတ္ထအကြိမ် တရားတောင်းခြင်း	....	....	၁၁၉
ဖဿ ခြောက်ပါးဌိ ဝိပဿနာရှုခြင်း	....	....	၁၁၉
ပဉ္စမအကြိမ် တရားတောင်းခြင်း	....	....	၁၂၁
ဝေဒနာခြောက်ပါးဌိ ဝိပဿနာရှုခြင်း	....	....	၁၂၁
ဆဋ္ဌမအကြိမ်တရားတောင်းခြင်း	....	....	၁၂၂
သညာခြောက်ပါး	....	....	၁၂၃
သတ္တမအကြိမ်တရားတောင်းခြင်း	....	....	၁၂၄
သဉ္စေတနာခြောက်ပါး	....	....	၁၂၅
အဋ္ဌမမြောက်တရားတောင်းခြင်း	....	....	၁၂၆
တဏှာခြောက်ပါး	....	....	၁၂၆
နဝမမြောက်တရားတောင်းခြင်း	....	....	၁၂၇
ဓာတ်ခြောက်ပါး	....	....	၁၂၈
ဒသမမြောက် တရားတောင်းခြင်း	....	....	၁၂၉
ခန္ဓာငါးပါး ဝိပဿနာ	....	....	၁၃၀

ရှင်ရာဟုလာအား အလိုရှိ ဟောသော တရား၁၀-သုတ်

အနုသယသုတ်	....	....	၁၃၂
တဏှာ မာန ဒိဋ္ဌိ ပြုတ်ခအောင် ဝိပဿနာ ရှုနည်း....			၁၃၂
အပဂတသုတ်	....	....	၁၃၃
မာန ကိုးမျိုး လွတ်ကြောက်ပုံ	....	....	၁၃၃
ရာဟုလသံယုတ် ၂၂-သုတ်	....	....	၁၄၀

အကြောင်းအရာ			စာမျက်နှာ
ရှင်ရာဟုလာ၏ နှလုံးသွင်း အမွှလဒ္ဒိက ရာဟုလောဝါဒသုတ္တန်	....	....	၁၄၁
သံဝေဂ ဥယျောဇဉ် ဂါထာ	....	....	၁၄၄
မုသား မပြောရန်	....	....	၁၄၈
မေးခွန်းထဲမှ ရေ ဥပမာ ၄-ချက်	..	....	၁၄၉
မုသားပြောသူ တရားကုန်နှင့်ပြီးပြတ်ခြင်း		....	၁၅၀
မုသားမပြောရန် စစ်ဆင်ဂြိုး ဥပမာ	....	....	၁၅၂
ပစ္စဝေက္ခဏာနှင့် ကြေးမုံမှန်	....	....	၁၅၄
ကံသုံးပါးကို မပြုခင် ကြံတွေးစဉ်းစား	..	....	၁၅၅
ပြုဆဲမှာလည်း စဉ်းစား	....	....	၁၅၆
ပြုပြီးလျှင်လည်း ပြန်စဉ်းစား	....	....	၁၅၆
ပစ္စဝေက္ခဏာတင်ပြီး ကံသုံးပါး စင်ကြယ်အောင် သုတ်သင်			၁၅၇
မဟာရာဟုလောဝါဒ သုတ္တန်			
ရှင်ရာဟုလာ ဂေဟာသိတပေမပြုပုံ	....	....	၁၆၀
ဘုရားရှင်တို့၏ အခိုးကော် လွှဲခန ပဲ	....	....	၁၆၀
ကာမဝိတက်ဖြစ်နေသော ရာဟုလာအား ဘုရား ဆုံးမတော်မူပုံ	....	....	၁၆၁
ဆွမ်းအတော်ခံ၍ တရားအားထုတ်သော ရှင်ရာဟုလာ			၁၆၃
စူဠရာဟုလောဝါဒသုတ်	....	....	
အရှင်ရာဟုလာကို အရဟတ္တဖိုလ်၌ တည်စေတော်မူခြင်း			၁၆၅
ရှင်ရာဟုလာကို ဗုဒ္ဓဉာဏ်ဖြင့် ထင်လာပုံ	....		၁၆၅
ဝိမုတ္တိပရိပါစနီယ တရား ၁၅-ပါး	....	....	၁၆၆

အကြောင်းအရာ			စာမျက်နှာ
အနွယ်ဝန်တောအုပ်သို့ ထုဟုံလာနှင့် ကြွတော်မူခြင်း	....		၁၆၆
ရှေးဘဝက ရှင်ရာဟုလာ၏ ဆုတောင်း	....		၁၆၉
ထပဉ္စက ဓမ္မဝိပဿနာ	....	...	၁၇၀
ဆ ပဉ္စက ဓမ္မဝိပဿနာ လက်ံာ	....	....	၁၇၅
ကုသိုလ်ဟူသမျှတို့ထက် အနိစ္စသညာဘာဝနာက အကျိုးများပုံ	....	....	၁၈၀
နိဗ္ဗိဒါဉာဏ် ရင့်သန်ပုံ	....	....	၁၈၂
အရှင်ရာဟုလာ မဂ်ဖိုလ် ဆိုက်ရောက်ပုံ	....		၁၈၄
ရှင်ရာဟုလာ ရဟန္တာဖြစ်ပြီ	....	....	၁၈၆
တရားပေါင်းချုပ် နိဂုံး	....	....	၁၇၈

အရဏဝိဘင်္ဂသုတ္တန်တရားတော်

တရားစပ်ကိုသိရန် ရဟန်းများကို ခေါ်တော်မူခြင်း	....		၁၉၂
တထူးဒေသနာ မာတိကာ	....	....	၁၉၃
ဆင်းရဲကြောင်းတရား	....	....	၁၉၄
အသိဉာဏ်ဖြစ်ကြောင်းတရား	....	....	၁၉၄
အရဏတရား ၆-ပါး အကျဉ်း	....	....	၁၉၅
စျမ်းသာစွာ နေနိုင်ကြောင်း တရား	....	....	၁၉၆
အရဏာတရား ၆-ပါး အကျယ်	....	....	၁၉၈
ပင်ပန်းမှုနဲ့ ရတဲ့သုခ	....	....	၁၉၉
ကိုယ်ကိုမပင်ပန်းအောင် အားထုတ်မှု	....	....	၁၉၉
မဂ္ဂင်ရှစ်ပါး မီးရထား ဥပမာ	....	....	၂၀၁
သမ္မာဒိဋ္ဌိဖြစ်အောင် လုပ်နည်း	....	....	၂၀၁

အစကြောင်းအာဖ			စာမျက်နှာ
သစ္စာလေးပါး	....	....	၂၀၂
ကောင်းတာလုပ်ယင် မဂ္ဂင်	....	...	၂၀၄
မင်္ဂလာမပဋိပဒါ	...	....	၂၀၅
မမြောက်စား မနိုပ်ချနဲ့	....	....	၂၀၆
ပုဂ္ဂလာဓိဋ္ဌာန် မပြောနဲ့	....	....	၂၀၇
ဓမ္မာဓိဋ္ဌာန်ပြောပါ	....	....	၂၀၈
ဗဟိဒ္ဓသုခမလိုက်စားနဲ့	....	....	၂၁၁
ဇာဋ္ဌတ္တာသုခကို ဖြစ်ခအောင်ကြိုးစား	....	....	၂၁၂
ဇာချိန်အခါကို ကြည့်ပြောပါ	....	....	၂၁၃
အဆောတလျင်ပြောခြင်း၏ အပြစ်	....	....	၂၁၅
ဒေသအလိုက် ရေခွက်အခေါ် ၇-မျိုး	....	....	၂၁၇
ကြက်ဟင်းခါးသီးနဲ့ ဂျင်းခါးသီး	....	....	၂၁၇
နှင်တံ သို့မဟုတ် နွားကန်	....	....	၂၁၉
တရားအသိနှင့်ယှဉ်အောင်ပြောရန်	....	....	၂၂၁
ချမ်းသာလိုငြား အဋ္ဌတ္တာသုခကိုပွား	....	....	၂၂၂
အကျဉ်းချုပ်မှတ်သားရန်	....	....	၂၂၆
အရဏတရားကိုသာ အာဃာတ်ကြ	....	....	၂၂၇
အရဏပဋိပတ်ကိုကျင့်သော သုဘူတိအမျိုးကောင်းသား			၂၂၇
ဇေတဝဂ်ဘွဲထူးရ ပုဂ္ဂိုလ်	....	....	၂၂၈
လွယ်ကူသော ကာမသုခကို မလိုက်စားခြင်း	....		၂၃၁
အရဏတရား နိဂုံး	....	....	၂၃၁

အကြောင်းအရာ ဝေမျက်နှာ

သီလဝန္တသုတ္တန်တရားတော်

မူလဋီကာ၊ ဥိလယ်တီဆရာတော်ဘုရားကြီး ချီးမွမ်းတော်မူခြင်း ၂၃၆
စာတပိုဒ် ပြဿနာတခွေးဘန်ဖိုးရှိ ၂၃၇
သီလရှိသောပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား ၂၃၉
တော ၁၁-ချက် လက္ခဏာသုံးပါးသို့ဝင်ပုံ ၂၄၁
သောတာပန်ပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား ၂၄၅
သကဒါဂါမ်ပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား ၂၄၇
အနာဂါမ်ပုဂ္ဂိုလ် ကျင့်ရမည့်တရား ၂၄၈
ရဟန္တာပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား ၂၄၉
ရဟန္တာပုဂ္ဂိုလ်တို့ အနိစ္စ ဒုက္ခ အနတ္တဟု ရှုပွားရသည့် အကျိုး ၂၅၁
သုတ္တန်နိဂုံး ၂၅၃

တေသကုဏဇာတ်တရားတော်

တေသကုဏဇာတ်ပစ္စုပ္ပန်ဝတ္ထု ၂၅၈
မင်းကျင့်တရား ၁၀-ပါး ၂၅၈
မင်းကတရားမစောင့်လျှင်ပြည်သူပြည်သားလည်းတရားမစောင့် ၂၆၀
နတ်တို့စိတ်ဆိုး လေမိုးမမှန် ၂၆၂
လူသားမျှး တရားကျင့်သုံးလျှင် ၂၆၃
အဂတိတရားလေးပါး ၂၆၇
သေမင်းနှင့်ခစ်မခင်းနိုင် ၂၆၉
ကောင်းမှုသည်သာ အားကိုးရာ ၂၇၀

ဆောင်းပါးအမည်			စာမျက်နှာ
ဘေသကုဏ္ဍဉာတ် အတိတ်ဝတ္ထု	....	....	၂၃၂
အသိုက်တခုထဲ ငှက်မသုံးကောင်၏ ဥသုံးဥ		....	၂၃၅
ဘုရင်မွေးစားဘုရင့်သား	....	....	.... ၂၃၃
ဇီးကွက်ဖို့,သာလိကာမ,ကြက်တူရွေးအဖို့	....	....	၂၃၈
ငှက်သုံးကောင်ကို ချစ်လွန်းသောဘုရင်	....	....	၂၄၂
ခင်ပုတ်ငှက်၏ ပညာအရည်အချင်း	....	....	၂၄၄
မင်းကျင့်တရားသုံးပါး (သစ္စာ,မေတ္တာ,ဒံတိ)		....	၂၄၉
အသရဏရှိနာသမီးနှင့် အသရဏမဲ့နာသမီးတို့၏အဖြေ		....	၂၉၂
လုံ့လဝီရိယရှိရမည်	....	....	.... ၂၉၆
လုံ့လရှိလျှင် နတ်ခကောင်းစောင့်ရှောက်	....	....	၂၉၈
ခင်ပုတ်ငှက်၏မင်းကျင့်တရားငါးပါး	....	....	၃၀၀
သေဿန္တရာငှက်မင်းအား မြို့ဝန်ထားခန့်	....	....	၃၀၂
ကုလ္လာပိနီသာလိကာမ၏ အမေးအဖြေနှင့်		....	၃၀၄
သာလိကာမ၏ မင်းကျင့်တရားအဖြေ	....	....	၃၀၆
အောက်လူတွေအနားပြာ မယုံပါနှင့်	....	....	၃၁၀
အမှုထမ်းတွေ အလုပ် လုပ်မလုပ် ကိုယ်တိုင်သိအောင်ကြိုးကုတ်			၃၁၁
ဓါးသစ်မြှောင်းပဲ ညှာတာစွာစဉ်းစားရန်	....		၃၁၃
သာလိကာမလေး ဘဏ္ဍာခေးဝန်ကြီးခန့်	....	....	၃၁၇
ဇမ္ဗုကကျေးသား၏ ဖြေဆိုခန်း	....	..	၃၁၈
မင်းတို့၌ ရှိရမည့် အားငါးပါး			၃၂၀

အကြောင်းအရာ	စာမျက်နှာ
ပညာရှိသူ၏ သဘောလက္ခဏာများ	၃၂၅
ရာဇောဝါဒ မမ္မဥ္ဆရဘဝ-ဂါထာ	၃၂၉
ဇမ္မုကာ ကျေးသားအား စစ်သေနာပတိရာထူးခန့်အပ်ခြင်း	၃၃၄
ခမည်းတော်နတ်ရွာစံခြင်း	၃၃၆
ဇမ္မုကကျေးသား ထီးနန်းလက်မခံ	၃၃၇
အနှစ်လေးသောင်းကြာအောင်တရားညှဉ်း	၃၃၈
ဇာတ်တော်ပေါင်းခြင်း	၃၃၈
ဗဟုပုတ္တိကသောဏာထေရ်ဝတ္ထု၊ တရားဓမ္မဒေသနာ	
ပိဋကာ ကျမ်းတတ်ဆိုသည်မှာ	၃၄၁
ရူပကာယနှင့်ရဲသဘောသရုပ် .... —	၃၄၂
ဓာတ်ကြီးလေးပါး	၃၄၃
အာရုံရုပ်ငါးပါး	၃၄၆
ဘာဝစသော ရုပ် ၅-ပါး	၃၄၆
နိပ္ဖန္နရုပ် တဆယ့်ရှစ်ပါး	၃၄၆
အနိပ္ဖန္နရုပ် တဆယ်	၃၄၆
ဝေဒနာအကျယ် ၁၀၈-ပါးပဉ်းပုံ	၃၄၉
သညာကွန်ရာ	၃၅၃
သင်္ခါရကွန်ရာ ငါးဆယ်	၃၅၆
ဝိညာဏကွန်ရာ	၃၅၈

ဝေပုလ္လပမ္မတသုတ္တန် ၃၅၉
ဝေပုလ္လတောင်၏အမြင့် ၃၆၀
ထေရိအပဒါန်ဟူသည် ၃၆၂
သောဏာထေရိလျောက်ထားချက် ၃၆၃
သောဏာထေရိမကြီးအတိတ်ဝတ္ထု ၃၆၄
ထေရိမကြီးဆုတောင်း ၃၆၅
ပဒုမုတ္တရမြတ်စွာဘုရား ဗျာဒိတ်တော် ၃၆၈
ပါရမီဖြည့်ပုံ ၃၇၀
သာဿနာဘောင်ဝင်ပြီ ၃၇၆
ရဟန္တာမကြီးဖြစ်ပြီ.... .... ၃၈၀
အဘိညာဏ်ဖြင့် ရေနွေးတည် ၃၈၅
ပဒုမြတ်စွာ ချီးမွမ်းစကား ၃၈၉
ထေရိမကြီး ဥဒါန်း ၃၉၃
ဒေဿကဆရာတော်၏ပတ္ထနာ ၃၉၆

စုန္ဒသုတ္တန်တရားတော

အရှင်သာရိပုတ္တရာ အာယုသခါရ လွှတ်တော်မူခြင်း ၄၀၀
အဂ္ဂသာဝကတော်၏ ပရိနိဗ္ဗာန် ၄၀၂
ရဟန္တာခုနစ်ပါး၏ မယ်တော် ၄၀၄
မယ်တော်ကို ချချွတ်တော်မူခြင်း ၄၀၅

အကြောင်းအရာ	စာမျက်နှာ
အရှင်သာရိပုတ္တရာ ဘုရားထံခွင့်ပန်ခြင်း	၄၁၁
အာယုသင်္ခါရ လွှတ်ပုံ	၄၁၃
ဗုဒ္ဓ၏ အာယုသင်္ခါရ	၄၁၄
ဖလသမာပတ် ၃-မျိုး	၄၁၅
အာယုပါလက ဖလသမာပတ်	၄၁၈
မဟာဝဇိရ ဝိပဿနာဉာဏ်	၄၁၈
အရှင်သာရိပုတ္တရာက ဘုရားထံ လျှောက်ပုံ....	၄၂၁
ပရိနိဗ္ဗာန်စံနေ့ မြတ်စွာဘုရား အာမိန့်ရှိပုံ	၄၂၃
တန်ခိုးအာနုဘော်ဖန်ဆင်း၍ တရားဟောခြင်း	၄၂၅
မြတ်စွာဘုရားအား အရှင်သာရိပုတ္တရာနောက်ဆုံး ပူဇော်ခြင်း	၄၂၈
အရှင်သာရိပုတ္တရာ၏ တသခေါ်နှင့် ကမ္ဘာတသိန်းပါရမီ	၄၃၂
အရှင်သာရိပုတ္တရာ၏ နောက်ဆုံးခရီး	၄၃၃
အရှင်သာရိပုတ္တရာ၏ နောက်ဆုံးဩဝါဒ	၄၃၆
မွေးရပ်မြေသို့ ရောက်ခြင်း	၄၃၈
သွေးအန်ရောဂါ ဖြစ်ပေါ်လာ	၄၄၁
သူနာပြုရန် နတ်မင်းကြီးများ ရောက်လာခြင်း	၄၄၃
သူနာပြုရန် သိကြားမင်း ဗြဟ္မာမင်းများ လာရောက်ခြင်း	၄၄၄
အရံစောင့်နှင့်တူသော နတ်မင်းကြီးများ	၄၄၇
သာမဏေငယ်ကလေးနှင့်တူသော သိကြားမင်း	၄၄၈
မယ်တော်ကြီး တအံ့တသြဖြစ်ခြင်း	၄၅၀

အကြောင်းအရာ				ဂါထာနံပါတ်
အဂ္ဂသာဝကာ ၂-ပါးအဆုံးအမပေးပုံ ထူးခြားချက်			....	၄၅၁
မယ်တော်၏ ပီတိသောမနဿာ	....	....	....	၄၅၂
မယ်တော်အား တထူးဟောခြင်း			....	၄၅၃
မယ်တော်ရူပသာရီ သောတာပန်ဖြစ်ခြင်း			....	၄၅၄
တပည့်ရဟန်းများအား နောက်ဆုံးကန်တော့ခြင်း			....	၄၅၀
အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတော်မူပြီ	....		....	၄၆၁
မယ်တော်ကြီး ဟစ်အော်ငိုကြွေးမြည်တမ်းခြင်း			....	၄၆၃
အရှင်သာရိပုတ္တရာ၏ ဈာပန သာဓုကီဠနသဘင် အစမ်းအနား				၄၆၅
ဈာပနဋ္ဌာ မယ်တော်၏ ပူဇော်ပုံ	....		....	၄၆၅
ဈာပနဋ္ဌာ သိကြားမင်း၏ ပူဇော်ပုံ	....		....	၄၆၆
ဈာပနသဘင်၌ လူအနှင်းခံရ၍ သေသော ရေးတီအာမျိုးသမီး				၄၆၂
ရေးတီနတ်သမီး၏ ပူဇော်ပုံ	....	....	....	၄၆၈
အရှင်အနုရုဒ္ဓါ မာတ်တော်ကောက်ခြင်း		....	....	၄၇၀
အရှင်စုန္ဒမထေရ် ဘုရားရှင်ထံ သွားရောက်ခြင်း			....	၄၇၁
အရှင်အာနန္ဒာနှင့် အရှင်သာရိပုတ္တရာ ရင်းနှီးပုံ			....	၄၇၂
အရှင်အာနန္ဒာက လျှောက်ထားခြင်း	....		....	၄၇၄
ဂါထာငါးရာတို့ဖြင့် အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ဟောကြားတော်မူခြင်း		....	....	၄၇၅
ဒုတိယပုဂ္ဂိုလ်	....	....	....	၄၇၆
ဓမ္မစက်ကိုလည်စေတတ်သော ပုဂ္ဂိုလ်		....	....	၄၇၇

အကြောင်းအစု	စာမျက်နှာ
ပညာအရာ မန္ဒိုင်းယွဉ်သာဓသောပုဂ္ဂိုလ်	၄၇၇
အပိုဆွစသော ဂုဏ်ရှင်	၄၇၈
ဘဝငါးရာ ကာမဂုဏ်ကို ပယ်သောပုဂ္ဂိုလ်	၄၈၁
တနုးပဲ့၌ မျက်နှာငယ်၍ သောကဓောက်နေသောရှင်အာနန္ဒာ	၄၈၅
သောကပျောက်ကြောင်းတရား	၄၈၈
မိမိကိုယ်နှင့် တနုးကိုသာအားကိုးရန်	၄၉၀
သဝါပဒ္ဒဝန်လေးပါး	၄၉၂
စုန္ဒသုတ္တန် နိဂုံး	၄၉၅

ဗဟုဓိတရသုတ္တန်တရားတော်

သတ္တဝါတို့၏ ကိုးစားရာ ပုဒ္ဓဂုဏ်တော်	၄၉၇
ဗဟုဓိတရပုဏ္ဏား	၄၉၉
နွားပျောက်ရှာ ဘုရားနှင့်တွေ့	၅၀၁
ဗဟုဓိတရပုဏ္ဏား ဘုရားအနီးမှာ ညည်းတွားနေခြင်း....	၅၀၂
နွားပျောက်ရှာခြင်း	၅၀၄
နှမ်းခင်းပျက်ခြင်း	၅၀၄
ကြွက်များ ကျိုဆဲဝင်ဖျက်ခြင်း	၅၀၆
အိပ်ရာခင်းက ၇-လကြာ	၅၀၇
လင်ကွာတဲ့သမီးက ခုနစ်ယောက်	၅၀၈
ပုဇဉ္စေးမား ဓမြဖြင့်ဓကျောက်နှိုးခြင်း	၅၁၀
ဓကြွေးတွက ဝိုင်းဝိုင်းဝဲညည်	၅၁၃
မြက်စုဘုကုဏ်း၏ တံခြန်မိန်းမှာဓသော ဥဒါန်းဂါထာများ	၅၁၄
နွားမရှိချမ်းသာ	၅၁၅
နှမ်းခင်းမရှိချမ်းသာ	၅၁၆

ဆင်ကြောင်းအဏ္ဍ	စာမျက်နှာ
ကြက်သင်းကျန်းသော စပါးကျီမရှိ၍ ချမ်းသာ	၅၁၇
ကြမ်းပိုးရှိသော အိပ်ရာခင်းမရှိ၍ ချမ်းသာ	၅၁၇
သားသမီးမြေးမရှိ၍ ချမ်းသာ	၅၁၈
မယားမရှိ၍ ချမ်းသာ	၅၁၉
ကြွေးမြီမရှိ၍ ချမ်းသာ	၅၁၉
ပုဏ္ဏားတို့ အမြင်မှန် သတိတရား	၅၂၀
ပုဏ္ဏားကြီး ရှင်ဂဟန်းပြုခြင်း	၅၂၂
ယာဂုလောင်းလှူမှု တားဆီစတောင်မှုခြင်း	၅၂၄
ဣဏပလိဗောဓကို မြတ်စွာဘုရား ရှင်းစေတော်မူခြင်း....	၅၂၆
ဗဟုဓိတရပုဏ္ဏားရဟန်းကြီး၏ ဣဏပလိဗောဓ	၅၂၈
ကောသလမင်းကြီးက ကြွေးရှင်းပေးခြင်း	၅၂၉
ဆီမီး ၇-ယောက်ကို မင်းကြီးက ကူးခြင်း	၅၃၀
ပုဏ္ဏေးမကြီးကို နန်းတော်ခေါ်ထားခြင်း	၅၃၃
ဘာရဒွါဇပုဏ္ဏားရဟန်း ရဟန္တာဖြစ်ခြင်း	၅၃၆
ဗဟုဓိတရသုတ္တန်နိဂုံး	၅၃၈
သာဓုသုတ္တန် တရားတော်	
အဘိဓမ္မာ ၂-မျိုး	၅၄၁
တန်ခိုးပြာဋိဟာ သုံးကြိမ်	၅၄၂
မြတ်စွာဘုရား အဘိဓမ္မာဝတာရ ဆင်ခြင်တော်မူပုံ	၅၄၄
မြစ်ကမ်း မဆုံသော ငါးကြီးဥပမာ	၅၄၅
ဆဗ္ဗဏ္ဏရုံသိဝန္ဒနာ ဘုရားရှိခိုး ဂါထာများ	၅၄၇
သဗ္ဗညုတဉာဏ် ကွန့်မြူးဟော်မူခြင်း	၅၄၈
မောင်ခြည်တော် ခြောက်သွယ်	၅၄၉

အကြောင်းအရာ	စာမျက်နှာ
သာဓုယူတွန် နိဒါန်း	၁၅၄
ဗုဒ္ဓကိစ္စ ငါးပါး	၁၅၅
သတ္တလွပကာယိကာ နှတ်များ	၁၅၈
သေခါနိုး သရဏာဂုံကြောင့် နှတ်ပြည့်ရောက်ကြခြင်း	၁၅၉
မလှူချင်သော အကြောင်း ၂ ပါး	၁၆၃
ဝန်တိုမှုနှင့် အာရုံငါးပါး လိုက်စားမှု	၁၆၄
မြတ်စွာဘုရား လက်ခံအတည်ပြုသော ဒါနအကြောင်း	၁၆၇
သဒ္ဓါနှစ်ပုံ စွယ်စုံညီသော ဒါန	၁၆၉
စစ်တိုက်ခြင်းနှင့် အလှူပေးခြင်းတူပုံ	၁၇၁
တရားသဖြင့်ရသော ဥစ္စာ	၁၇၄
ပုဂ္ဂိုလ်ကို ရွေးချယ်၍ လှူသင့်ပုံ	၁၇၅
ဒါနဝတ္ထုကိုလည်းရွေး၊ အလှူခံပုဂ္ဂိုလ်ကိုလည်း ရွေး၍လှူရန် —	၁၇၈
သတ္တဝါတို့၌ မညှဉ်းဆဲရန်	၁၈၂
သတ္တဝါကို မညှဉ်းဆဲယင် ငါးပါးသီလ လုံခြုံ	၁၈၃
မြတ်စွာဘုရား အထူးချီးမွမ်းတော်မူသော အကျင့်တရား	၁၈၆
အနိစ္စ,ဒုက္ခ,အနတ္တ	၁၈၉
ဝိပဿနာဉာဏ်	၁၉၁
သာဓုသတ္တွန် နိဂုံး	၁၉၁
မှတ်သားဖွယ်ရာ အကွရာစဉ်အညွှန်း ...	၁၉၃

မာတိကာ ပြီး၍ပြီ။

အရှင်ဝိစိတ္တသာရာဘိဝံသ
၏
တိပိဋကစရိယာစဉ်ငယ်ရေး
(ဒုတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဖွင့်ချုပ်သာရာဇာရေးပေါင်းချုပ်
(ပထမပိုင်း)

ကောဇာသင်္ကာရုဏ် ဘုဉာဏ်ခန္ဓစ်၊ သာသနာတော်ကျောင့် ခန္ဓစ်၊ သိဒ်ဇင်းကျွတ်လပြည့်ကျော် (၇) ရက်နေ့ရန်ကုန်မြို့ အောက်ပုဇွန်တောင်ရပ် မော်တော်ယာဉ်များပိုင်ရှင် ဦးသန်း+ဒေါ်ယဉ်မေ မိသားစုတို့၏ သားများတူများရှင်ပြုခြင်း၏သော သာသနာနုဂ္ဂဟောင်းမှု သဘင်ပွဲအတွက် ဟောကြားအပ်သော ရှင်မဟုလာ တရားပေါင်းချုပ်....။

ရှင်ရာဟုလာနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးကြည်ညိုသမျှ တစ်ညနဲ့ မပြီးယင် နှစ်ည၊ နှစ်ညနဲ့ မပြီးယင် သုံးည-ဆယ်ယင်တော့ ပြီးကောင်းပါရဲ့၊ ၂-ပွဲနှင့် ၃-ပွဲ တစ်ခုပေါ့။ ဒီဒကာကြီး ဦးသန်းက ဒေါင်မတန်တောင့်တ လိုချင်တော့ ဘုန်းကြီးတို့ကလဲ ဒီလို လိုချင်တင့်တင်းတဲ့ ပဂ္ဂိုလ်ကို တမင်တောင် ရှာရဦ.မယ်၊ အခုးတော့ "မခေါ်ပင့်စေ ထောက်လ-ခေျ" ဆိုတာလို အင်မတန် ကောင့်တလိုချင်တဲ့ ဒကာကြီး ဒကာမကြီးတို့ရဲ့ ဆန္ဒကို ကျေနပ်လောက်အောင် ကြိုးစားပြီးတော့ ဖြည့်စွမ်းပေးပါ့မယ်။

ရှင်ရာဟုလာရဲ့ တရားပေါင်းချုပ်ကို ဒေဝရုံပြုမယ်လို့ဆိုတော့ မြတ်စွာဘုရားရဲ့ ဘုရားဖြစ်ခဲတော်မူတဲ့ နှစ်ကစပြီး ခပ်ကျဉ်းကျဉ်း စဉ်းစားကြည့်ကြရအောင်....၊ ဘိုးတော်အဋ္ဌနမင်း ဖြိုလှိုကြွင်းတဲ့ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့မှာ မြတ်စွာဘုရား ဘုရားဖြစ်တယ်။ ထိုနှစ် ဝါ မိဂဒါဝုန်မှာ ဝါကပ်လို့ ဝါကျွတ်တဲ့အခါ ခြောက်ကျိပ်သော ရဟန္တာများကို သာသနာပြုစေလွှတ်ပြီး ကိုယ်တော် တိုင်က ဥရုဝေလ တောအုပ်သို့ ကြွတော်မူတယ်။

ဥရုဝေလ ကဿပညီနောင် ဂိုဏ်းဆရာကြီးသုံးဦး ခေါင်းဆောင်တဲ့ တစ်ဆထောင်သော ရှင်ရဟန်းများကို အရဟတ္တဖိုလ်ပေါက်"ဟိဘိက္ခု" ရဟန်းအဖြစ်ရောက်အောင် ချီးမြှောက်လို့ ထိုရဟန်းတစ်ထောင် ခြံရံလျက် ထိုမဟာသက္ကရာဇ် ၁၀၃-ခုနှစ် ပြာသိုလပြည့်နေ့မှာ ရာဇဂြိုဟ်ကို ရောက်တော်မူတယ်။

ရာဇဂြိုဟ်သို့ ရောက်တယ်လို့ သတင်းစကား ကြားယင်ပဲ ခမည်းတော် သုဒ္ဓါဒန မင်းတရားကြီးက ခေါင်းဆောင် ဒေမတ် တစ်ဆယောက် တစ်ယောက်နဲ့ မင်းချင်းယောကျ်ား တစ်ထောင် တစ်ထောင် တစ်ကြိမ် တစ်ကြိမ် လွှတ်တယ်၊ သားတော်ဘုရားကို ပင့်ပေးပါ၊ သားတော်ဘုရားကို ဖူးချင်လှခချုရဲ့-လို့ အဲဒီလို ကျွန်ယုံတော် အမတ်နဲ့ မင်းချင်းယောကျ်ား တစ်ဆထောင်ကို ပထမအကြိမ် လွှတ်လိုက်တယ်။

သုဒ္ဓါဒန မင်းကြီး၏ အသက်မှန်းဆချက်

အဲဒီလို လွှတ်တဲ့အချိန်မှာ သာမန်စဉ်းစားယင် သုဒ္ဓါဒနမင်း တရားကြီးကို အသက် ၅၅-နှစ် ၆၀-လောက်ပဲ အမှတ်တမဲ့ အောက်မေ့ဘတ်တယ်၊ မဟုတ်ပါဘူး။ အဲဒီအချိန်မှာ သုဒ္ဓါဒနမင်း တရားကြီးဟာ အသက် ၉၀-ခန့်ရှိနေပါပြီ၊ မှန်းကြည့်ရကောပ။ စာဆဲ

ကလဲ မဆိုပါနဲ့ ကိုယ်တော်ကာ ဘာပြုလို့ မုန်းရတုံး ဆိုတော့-သုဒ္ဓါဒနမင်းတရားကြီးရဲ့ အသက်ကို တိုက်ရိုက် မဆိုသော်လဲပါ မယ်းတော်မာယာရဲ့ အသက်ကို ကျမ်းဂန်မျှားမှာ ဖွင့်ပြထားတာရှိတယ်၊ မယ်တော်မာယာသည် ဇဋ္ဌိကရွယ်မှာ အလောင်းတော်သိန္ဒက်မင်းသားကို ဖွားမြောက်တယ်-ဆိုတဲ့ အငြကထာ ဖွင့်ပြချက်အရ မုံခရွိုမြို့ ဇောတဝန် ဆရာတော်ဘုရားက အတိအကျ ကုက်ပြီးတော့ မယ်တော်မာယာရဲ့အသက်ကို ဖယောဒီလို လက်ဝါးကပ်လေးဖွဲ့ထားဘယ်-

ဆပညာသ၊ ငါးမာသဝယ်၊သုံးရက်ယဲ့၊ အကယ်မယွက်-
မယ်တော်သက်ာ။

ဆပညာသ-ဆိုတာ ငါးဆယ့်ခြောက်နှစ်၊ ငါးမာသ-ဆိုတာ ငါးလ၊ သုံးရက်ပယ်-ဆိုတာက သုံးရက်နုတ်လိုက်၊ ဒီတော့ ငါးဆယ့်ခြောက်နှစ်လေးပနဲ့ နှစ်ဆယ့်နှစ်ကျော်မှာ မယ်တော်မာယာ နတ်ရွာစံတယ်၊ ဒီတော့ မယ်တော်မာယာ နတ်ရွာစံတဲ့ အချိန်ဇရွယ်ကို ပြောလိုနိုင်ငါးဆယ့်ခြောက်နှစ် လေးလ နှစ်ဆယ့်ခုနစ်ရက်မှာ နတ်ရွာစံတယ်လို့ဆိုးတော့ သုဒ္ဓါဒနမင်းတရားကြီးနဲ့ မယ်တော်မာယာတော့ သုဒ္ဓါဒနမင်းတရားကြီးက ကြီးယင်သာ ကြီးမယ် ဘယ်လိုနည်းနဲ့မှ မငယ်ဘူး၊ အလောင်းတော် ဖွားမြောက်တော်မူတဲ့ အချိန်မှာဆိုယင် သုဒ္ဓါဒနမင်းဘုရားကြီးလဲ ၅၆-နှစ်လောက် ရှိလောက်ပြီ၊ အဲဒီ ၅၆-နှစ်ဝေဘက်ဟာ အလောင်းတော်ဖွားတဲ့ နှစ်ပဲ။ အလောင်းတော် ဘုရားဖြစ်တာက ၃၅-နှစ်မှာ ဘုရားဖြစ်တော့ အဲဒီ ၅၆-နှစ်ထဲကို သုံးဆယ့်ငါးနှစ်ထည့်လိုက်လို့ရှိယင် ၉၁-နှစ်၊ ဘုရားဖြစ်ပြီးတဲ့ ၀၈ ဝါ ပါဝင်လို့ယင် ၉၂-နှစ်၊ သုဒ္ဓါဒနမင်းကြီးဟာ အင်မတန် အရွယ်တော် အိုနေပြီ၊ သူရဲ့ သားတော်ဘုရားကို အင်မတန်ဖူးချင်မှာပေါ့။

၁။ ဟောစဉ်တရားတော် (ပထမတွဲ) စာမျက်နှာ-၃၆၀ လည်းကြည့်

ဘုရားပွင့်ရန် စေလွှတ်ခြင်း

ဒါကြောင့် ကျွန်ယုံတော် အမတ်ကို မင်းချင်းယောကျ်ား တစ်ထောင်နဲ့ ပထမအခေါက် လွှတ်လိုက်၊ ဝေဠုဝန်ကျောင်းတော် ရောက်၊ တရားနာ၊ ရဟန္တာဖြစ်၊ "ဟိ ဘိက္ခု" ခေါ်လို ရဟန်း အသွင်ရောက်၊ ရဟန်းဖြစ်ပြီးတော့ ဖလသမာပတ်နဲ့ပဲ နေတော့တယ်၊ သုဒ္ဓေါဒနမင်းကြီးထံ ဘယ်သူမှ ပြန်ပြီးတော့ အကြောင်းကိုလဲ မကြား ဘုရားကိုလဲ ပင့်မပေးကြဘူး၊ လူ့လောက ကိစ္စလို ဖြစ်နေတာပါ။ ပထမအမတ်က သတင်းအစအနမှ မပြန်တော့ ဒုတိယ အမတ်တစ်ယောက်လွှတ်၊ ထိုနည်းဎင်း၊ တတိယ+ စတုတ္ထ + ပဉ္စမ+ဆဋ္ဌ + သတ္တမ + အဋ္ဌမ+နဝမအမတ် တိုင်အောင် အမတ်ကိုးယောက်တို့ကို မင်းချင်းယောကျ်ား တစ်ထောင်စီနဲ့ ကိုး ကြိမ်တိုင်တိုင်လွှတ်သော်လဲ လွှတ်သမျှ အကုန်လုံး အာသဝေါကုန် ခန်း "ဟိ ဘိက္ခု" အခေါ်ခံရတဲ့ ရဟန္တာ ရဟန်းချည်းပဲ ဖြစ်ကုန် ကြတယ်။

နောက်ဆုံး ဆယ်ကြိမ်မြောက်ကျတော့မှ ဖွားဖက်တော်ကာဠု-ဒါယီအမတ်ကို မင်းချင်းတစ်ထောင်နဲ့ လွှတ်လိုက်တယ်၊ ကာဠုဒါယီ ကတော့ သွားကတည်းကိုယ်က သူက သုဒ္ဓေါဒနမင်းတရားကြီးထံမှာ "ဟိုရောက်ယုင် တရားနာရလိမ့်မယ်၊ တရား နာရယင် ရဟန်းတော့ ပြုခွင့်ပေးပါ"လို့ ခွင့်တောင်းတယ်၊ သုဒ္ဓေါဒနမင်း တရားကြီးကလဲ ရဟန်းပြုလိုကပြုပါ၊ "ရဟန်းပြုသော်လဲပဲ သားတော်ဘုရားကိုတော့ ဖြင့် အရပင့်ပေးပါ" လို့ နှစ်ဖက်အာမခံနဲ့သွားတယ်။ ကာဠုဒါယီလဲပဲ ဟိုရောက်တော့ ရွှေအမတ်များ နည်းတူပဲ . မင်းချင်းတစ်ထောင်နဲ့ တရားနာလို့ ရဟန္တာဖြစ်၊ "ဟိ ဘိက္ခု" အခေါ်ခံရလို့ "ဟိ ဘိက္ခု

ဥပသမ္ပဒါ"နဲ့ ရဟန်းဖြစ်ဘာသ်။ဒီတော့ ကပိလဝတ်ပြည်သား ရဟန္တာ ပေါင်း တသောင်းရှိသွားပြီ။

ပြာသိုလကနေပြီးတော့ တပေါင်းလပြည့်အထိ ဒီနှစ်လအတွင်းမှာ ရာဇဂြိုဟ်ပြည် ဇေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူကာ မြတ်စွာဘုရား တရားဟောတော့ ကျွတ်လိုက်ကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီနှစ်လအတွင်းမှာပဲ မဂဓတိုင်းက ရဟန္တာပေါင်းတစ်သောင်း ပေါ်ထွန်းတော်မူကြတယ်။ (ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလ္လာန် အပါအဝင်ပေါ့)။

တပေါင်းလပြည့်နေ့ ရောက်တော့ ဂါထာ ခြောက်ဆယ်တို့ဖြင့် ကာဠဒါယီမထေရ် လျှောက်ထားတောင်းပန်လို မြတ်စွာဘုရားသည် မဂဓတိုင်းသား ရဟန္တာတစ်သောင်း+ကပိလဝတ်ပြည်ကလာတဲ့ ကပိ-လဝတ်ပြည်သား ရဟန္တာတစ်သောင်း=ပေါင်း ရဟန္တာနှစ်သောင်း ခြံရံလျက် ထိုမဟာသက္ကရာဇ် ၁၀၃-ခုနှစ် တပေါင်း၀ ပြည့်ကျော်(၁) ရက်နေ့ကစပြီး တနေ့တခန့ တစ်ယူဇနာ တစ်ယူဇနာ မှန်မှန်ကြွတယ်။ ကပိလဝတ်နဲ့ ရာဇဂြိုဟ်ဆိုတာ ယူဇနာခြောက်ဆယ်ဝေးတယ်။

လမ်းခရီးအကြားမှာ နေ့တိုင်း နေ့တိုင်း အရှင်ကာဠဒါယီမထေရ်က ဣဒ္ဓိဝိဓာဘိညာဏ်ဖြင့် ကပိလဝတ်ပြည် သုဒ္ဓါဒနမင်းတရား ကြီးရဲ့ ဧရာန်းတော်ကို နံနက်ခင်း ကြွတော်မူတယ်၊ သုဒ္ဓါဒနမင်း တရားကြီးနှင့်တကွ မဟာဆွေတော် မျိုးတော်များကို မြတ်စွာဘုရား၏ ဂုဏ်တော်တွေကို တနေ့တစ်မျိုး ဟောပြ၍ ခမည်းတော်သုဒ္ဓါဒန မင်းတရားကြီးနှင့်တကွ မဟာဆွေတော်မျိုးဖောဝ်များသည် မြတ်စွာ ဘုရားကို မဖူးတွေ့ရမီကပင် ဘုရားရှင်ရဲ့ဂုဏ်တော်များကို ကြည်ညို ရင်းစဲ့ ဖြစ်ရှိနေကြလေပြီ။

သုဒ္ဓါဒနမင်းတရားကြီးကလဲပဲ အရှင်ကာဠုဒါယီမထေရ်ကို ငှေ့ နှန်းတော်မှာ ဆွမ်းကပဲပြီးသောကာလ သားတော်ဘုရားအတွက်ဆို ပြီး ကာဠုဒါယီမထေရ်ရဲ့ သပိတ်ထဲမှာ မြတ်စွာဘုရားဖို့ ဆွမ်းတော် များထည့်ပေးလိုက်တယ်၊ အဲဒါ နေ့တိုင်းနေ့ဘိုင်း အရှင်ကာဠုဒါယီရဲ့ အလုပ်ပေါ့၊ ဘုရားဖို့ ဆွမ်းသွားယူရတယ်၊ ဘုရားဂုဏ်နဲ့ ပတ်သက်တဲ့ တရားကိုလဲ နေ့စဉ်နေ့စဉ် တမျိုးတမျိုး ဟောပြလို့ မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ မရောက်မီကပင် သုဒ္ဓါဒနမင်းတရားကြီးဟာ တရားလည်ဝေနူးလှပြီ၊ အရှင်ကာဠုဒါယီကလဲ "ဘုရား ယခု ဘယ် ရောက်ပြီ၊ ဒီကနေ့ ဘယ်ဓရောက်ပြီ" တရားပေါ်ပြီးယင် အဲဒီလို ပြော ပြီးတော့ ဆွမ်းနဲ့သပိတ်ကို ယူလာပြီး မြတ်စွာဘုရားကို နေ့စဉ် ဆက်ကပ်တယ်။

ရာဟုလာအား အမွေပေးတော်မူခြင်း

လမ်းခရီးတလျှောက်မှာ မြတ်စွာဘုရားသည် ခမည်းတော်ရဲ့ဆွမ်း ကို ဘုဉ်းပေးပြီးတော့ မဟာသက္ကရုစ် ဒေဝဒုဟဆုန်လပြည့်(ဘရား ဖြစ်ပြီး၍ တနှစ်တင်းတင်းပြည့်သာ)နေ့မှာ ကပိလဝတ် နေပြည် ပေါ်သို့ ရောက်တော်မူတယ်၊ လင်ညီမောင်(၃)ရက်နေ့လ်က်မှာ ညီတော်နန္ဒမင်းသားကို ရဟန်းပြုပေးတော်မူတယ်၊ ခုနစ်ရက်မြောက် မေ့က်တဲ့နေ့ကျတော့ ကပိလဝတ်ရှေနန်းမှာ ရဟန္တာခနှစ်သောင်းနဲ့ ရှင်ဟသ်ာအနပါင်းတို့ရဲ့အလယ်မှာ ရှင်ဟသ်ာမင်းသဖွယ် တင့်တယ် စွာဖြင့် နေ့မည်းတော်သုဒ္ဓါဒနမင်းတရားကြီးကပ်တဲ့ ဆွမ်းကိုဘုဉ်းပေး လို့ တရားဓမ္မမျှားဟောပြလို့ ရှေနန်းတော်မှာ နေတဲ့အခိုက်မှာ ပဒေသာဓာတုမိဖုရားက ခုနစ်နှစ်အရွယ်ရှိတဲ့ သားတော် ရာဟုလာ မင်းသားကလေးကို ကလူဆုံး ပြင်ဆင်ပြီးတော့ ပါဠိတော်မှာ လာတဲ့ အတိုင်းပဲ ပြောကြပါစို့-

"ဧသော တေ ရာဟုလ ပိတာ"။ ရာဟုလ=ချစ်သား ရာဟုလာ....။ ဧသော=ဟောဟိုက ရဟန္တာနှစ်ဿောင်းရဲ့ အလယ် ရွှေဟသ်ာမင်းကြီးသဖွယ် တင့်တယ်စွာထိုင်နေတော် မူတဲ့ ပုဂ္ဂိုလ်မြတ်ကြီးသည်။ တေ=သင်ချစ်သား၏။ ပိတာ= ခမည်းတော်ဘုရားပါတည်း။ "ဂစ္ဆ ဒါယဇ္ဇံ ယာစာဟိ"။ ဂစ္ဆ = သင်ချစ်သား သွားပါလေ။ ဒါယဇ္ဇံ = အမွေကို။ ယာစာဟိ=တောင်းခံပါလော။

ပါဠိတော်မှာ သံဂါယနာတင်ဒါကဒေတွ ယသောဓရာပြောတဲ့ စကားဟာ နှစ်ပိုဒ်ပဲရှိတယ်။ "ချစ်သား....ဟောဟိုမှာ ရဟန္တာ နှစ်ဿောင်းရဲ့အလယ် ရွှေဟသ်ာမင်းကြီးသဖွယ် တင့်တယ်စွာ ထိုင်နေ တော်မူတဲ့ ပုဂ္ဂိုလ်ကြီးဟာဖြင့် ချစ်သားရဲ့ခမည်းတော်ပဲ၊ ချစ်သား.... သွားပါချေ၊အမွေတောင်းပါလော့"လို့ ပြောဆိုလိုက်တဲ့အခါ ရာဟု လာမင်းသားကလေး ဘုရားကိုယ်တော်မြတ်ရဲ့ အနီးကိုသွား၊ အနား ရောက်တဲ့အခါကျတော့-

"သုခါ တေ သမဏ ဆာဃာ"။ သမဏ=ကိလေသာ ခပ်သိမ်း ငြိမ်းတော်မူပြီးသော ခမည်းတော်ဘုရား....။တေ= အရှင်ဘုရား၏။ ဆာဃာ=အရိပ်သည်။ သုခါ=ချမ်းအေးလှ ပါဘိတယ်ဘုရား....။

"ခမည်းတော်ဘုရား....ခမည်းတော်ဘုရားရဲ့အရိပ်သည် အင်မတန် ချမ်းအေးလှပါတယ်"လို့ ပါဠိတော်ထဲမှာ ဒါလောက်ပဲလာတယ်၊ အဋ္ဌကထာကျတော့ ဤသို့ စသည်ဖြင့် ကလေးတို့ရဲ့ ဘာသာဘာဝ အတိုင်း စကားတွေပြောပြီးတော့ ဘုရားအနားမှာ နေတော့တယ်။ မြတ်စွာဘုရားကလဲ ဘာမှမပြောဘူး၊ အားလုံးရဟန်းများ ဆုမ်းကိစ္စ ပြီးတဲ့အခါကျတော့ ဘုရားကိုယ်တော်မြတ်က ကပိလဝတ်ရှေနန်းတော်

ကနေပြီး နိဂြောဓာရုံကျောင်းတော်သို့ ကြွသွားတော်မူတယ်။ အဲဒီအခါ ရာဟုလာမင်းသားလေးက နောက်ကလိုက်ပြီးတော့-

"ဒါယဇ္ဇံ မေ သမဏ ဒေဟိ"။ သမဏ=ကိုလေသာခပ်သိမ်း ငြိမ်းတော်မူပြီးသော ခမည်းတော်ဘုရား ...။မေ=အကျွန်ုပ်အား။ ဒါယဇ္ဇံ=အမွေကို။ ဒေဟိ=ပေးတော်မူဘုရားလို့ ပြောတာပါတယ်။

ပါဠိဘောင်ကတော့ ဒါပဲ၊ ဒီဝါကျ ဒီစာပိုဒ်နဲ့ "ခမည်းတော်ဘုရား.... အမွေပေးပါ၊ ခမည်းဘော်ဘုရား....အမွေပေးပါ" ဆိုတဲ့ "ဒါယဇ္ဇံ မေ သမဏ ဒေဟိ" နဲ့ အမွေတောင်းရင်း နောက်ကလိုက်တယ်တဲ့၊ မြတ်စွာဘုရား က "ဒီကလေး ခေါ်ဆောင်လိုက်ကြ" လို့ အဲဒီလို အမိန့်မရှိတော့ ကပိ ပဝတ်ရွှေနန်းတော်ထဲက တစ်ဦးတယောက်မှ ကလေးကို လှမ်းလဲ မခေါ်ဘူး၊ ကလေးကလဲ ရွှေနန်းတော်ကဆင်းပြီး နောက်ကလိုက်တယ်။ နောက်.. နိဂြောဓာရုံ ကျောင်းတော်အရောက် နောက်ကလိုက်ပြီးတော့ "ဒါယဇ္ဇံ မေ သမဏ ဒေဟိ" ဒီစာပိုဒ်ကလဲနဲ့ပဲ "ခမည်းတော်ဘုရား.... အမွေပေးပါ" လို့ တစာစာ ဘောင်းပြီးတော့ နိဂြောဓာရုံကျောင်းတိုက်သို့ ရောက်ခဲ့တယ်၊ လုပ်ငန်းက အင်မတန်ရှင်းတယ်နော်၊ စကားတွေ သိပ်မများရှေ့ဖြေကြားဘူး၊ နိဂြောဓာရုံ ကျောင်းတော်ရောက်တော့ မြတ်စွာဘုရားကလဲ တိုတိုပဲ-

"တေန ဟိ တုံ သာရိပုတ္တ ရာဟုလံ ကုမာရံ ပဗ္ဗာဇေဟိ။"

သာရိပုတ္တ=ခွစ်သား သာရိပုတ္တရာ..။ တေန ဟိ=ထိုသို့ ရာဟုလာ အမွေတောင်းခံသောကြောင့်ပင်လျှင်။ တုံ=သင် ချစ်သားသည်၊ ရာဟုလံ ကုမာရံ=ရာဟုလမင်းသားကို။ပဗ္ဗာဇေဟိ=ရှင်သာမဏေ ပြုပေးလိုက်လော၊—

တံခွန်းပါမြတ်စွာဘုရားက အမိန့်ပေးတယ် "ချစ်သား သာရိပုတ္တရာ....ရာဟုလာ အာမေ့တောင်းခံလာတယ်၊ ရာဟုလာကို ရှင်သာမဏေပြုပေးလိုက်" အဲဒီနေရာမှာ အဓိပ္ပါယ်တွေကတော့ အများကြီးရှိသပေါ့ ဘုရားရှင် ရဲနှလုံးသွင်း၊ ဒီအဓိပ္ပါယ်တွေကို အဋ္ဌကထာက ဖွင့်ပြပါတယ်။

လောကီအမေ့ဆိုတာ ထိုအချိန်မှာပေးလဲပေးစရာ မြတ်စွာဘုရားမှာမရှိဘူး၊ လောကီအမေ့အနှစ်ဆိုတာ သံသရာဝဋ်ကို ညှတ်စေတတ်တဲ့ အမေ့မျိုးပဲ၊ ဒီတော့ လေးအာသင်္ခေါ် ကမ္ဘာတစ်သိန်းကြာ ပါရမီတွေဆည်းပူးလို့ ခြောက်နှစ်ကြာအောင် ဒုက္ကရစရိယာ ကျင့်ပြီးမှရတဲ့ ကိုယ်တော်မြတ်ရဲ့ သာသနာ့အမွေကို သားတော်ရာဟုလာအား ပေးတော်မူလိုတဲ့အတွက် ရှင်သာရိပုတ္တရာကို "သာရိပုတ္တရာ....ရာဟုလာအမွေတောင်းခံရကား သူ့ကိုရှင်ပြုပေးလိုက် "အဲဒီလို အမိန့်ရှိတယ်။ အရှင်သာရိပုတ္တရာက ပြန်လျှောက်တယ်-

"ကထာ+ဟံ ဘန္တေ ရာဟုလံ ကုမာရံ ပဗ္ဗာဇေမိ"။

ဘန္တေ=ရှင်တော်ဘုရား....။ကထံ=အဘယ်သို့။အဟံ=တပည့်တော်သည်။ ရာဟုလံကုမာရံ=ရာဟုလမင်းသားကို။ ပဗ္ဗာဇေမိ=ရှင်ပြုပေးရမည်လဲဘုရား။

"မြတ်စွာဘုရား....တပည့်တော် ရာဟုလမင်းသားကို ဘယ်လို ရှင်ပြုပေးရမှာပါလဲဘုရား"၊ အဲဒီလို လျှောက်ထားတယ်။ ဒီနေရာမှာ အရှင်သာရိပုတ္တရာသည် အဂ္ဂသာဝကာ လက်ယာရံ ကိုယ်တော်ကြီး၊ ပညာထေဒဂ်ရ ဘုရားကလွဲယင် သူ့ထက်ပညာကြီးတဲ့ ပုဂ္ဂိုလ်မရှိဘူး၊ အဲဒီလို ပညာတေဒဂ်ရ လက်ယာရံ၊ အဂ္ဂသာဝကကြီး ဖြစ်ပါလျက်ကနဲ့

၁။ ဝိနည်းမဟာဝါ အဋ္ဌကထာ။ ၂၉၁။

ဘယ်လို ရှင်ပြုပေးလိုက်ရမလဲဘုရား....လို့ မေးတာဟာ ရှင်ပြုမပေး တာတ်လို့လား၊ မဟုတ်ပါဘူး၊ နို့ ဘာပြုလို့ မေးနေရသလဲ–

ဥတ်စတုတ္ထကံနဲ့ ရဟန်းခံခြင်း အစ

အချင်ရာဓ မထေရ်က

မြတ်စွာဘုရား ဗာရာဏသီပြည် မိဂဒါဝုန်မှာ ပထမဝါကျွတ်ပြီးတဲ့ အချိန် ရဟန္တာခြောက်ကျိပ်ကို သာသနာပြုလွှတ်တော့ ရောက်တဲ့ ရောက်တဲ့ နေရာနေရာက ရှင်လောင်းတွေ+ရဟန်းလောင်းတွေ ပေါ်လာကြတယ်၊ အမျိုးကောင်းသားတွေပါ၊ အချို့ကရှင်ပြုချင်ဘယ်၊ အချို့က ရဟန်းပြုချင်တယ်–ဆိုတဲ့ ရှင်လောင်းတွေ+ရပ နဲ်းလောင်းတွေ ပေါ်ပေါက်လာတဲ့အခါကျတော့ အဲဒီ သာသနာပြုမထေရ်မြတ်ကြီးတွေဟာ ရှင်လောင်းလေးတွေ ရဟန်းလောင်းလေးတွေကို ဘုရား ရှိခူး မိဂဒါဝုန်တော–စသည်သို့ ခေါ်ခေါ်လာကြတယ်၊ ထောက်တော့မှ မြတ်စွာဘုရားက သူတို့ကိုကြည့်ပြီး "ဟိ ဘိက္ခု" လို့ ခေါ်ဖို့ မဖြစ်နိုင်တော့ မြတ်စွာဘုရားက ရှင်ပြုချင်ပါတယ်ဆိုတဲ့ အမျိုးကောင်းသားကိုလဲပဲ သရဏဂုံသုံးပါးကိုဌာန်ကရိက်းကျကျ ရွတ်ပေးပြီးတော့ ရှင်သာမဏေအဖြစ်ကို ခွင့်ပြုတယ်၊ ရဟန်းပြုချင်ပါတယ်ဆိုတဲ့ အမျိုးကောင်းသားကိုလဲပဲ ပဝ မပိုင်း အဲဒီအချိန်မှာ သရဏဂုံနဲ့ပဲ ရဟန်းခံပေးခဲ့တယ်။

သရဏဂုံသုံးပါး ကို ဌာန်ကရိက်း ပီပီသသ ဆရာတပည့်ရွတ်ဆိုနိုင်ယင် ရဟန်းခံချင်တဲ့ ပုဂ္ဂိုလ်လဲပဲ ရဟန်းဖြစ်တယ်၊ ရှင်ပြုလုံတဲ့ ပုဂ္ဂိုလ်လဲပဲ ရှင်သာမဏေဖြစ်တယ်၊ ရှင်ပြုတာရော+ရဟန်းခံတာရော ဟာ တမူထဲပဲ၊ သရဏ ဂမနူပသမ္ပဒါ-လို့ မေါ်ပါတယ်။ အဲဒီလို လာခဲ့ဆုက နောက်အချိန် လေ-ဘေဘင်မကြာဘူးနော်၊ ရက်ပေါင်း

တော်တော်လေးမျှားလာတဲ့အခါကျတော့ မြတ်စွာဘုရားက "ဩဿ်....
ဒီလို သာသနာပြုတဲ့နေရာက ပေါ်ပေါက်တိုင်း ပေါ်ပေါက်တိုင်းသော
ရှင်လောင်း+ရဟန်းလောင်းတွေကို ငါဘုရားထံ ခေါ်ခေါ်လာကြယင်
ရှင်လောင်း+ရဟန်းလောင်းမျှားလဲ ပင်ပန်းတယ်၊ သာသနာပြုကိုယ်
တော်တွေလဲ ပင်ပန်းတယ်၊ ဒီတော့ သာသနာပြုကိုယ်တော်တွေသည်
မိုးတို ရောက်တိုင်းခရောက်တိုင်းသော နေရာမှာ ရှင်လောင်း+ရဟန်း
လောင်း ပေါ် ပါက်ပင် ရဟန်းတို့ဂိုယ်တိုင် သရဏကုံဖြင့် ရှင်ရဟန်း
ပြုပေးပို့ရန် ခွင့်ပြုမှုပဲ....အဲဒီလိုအကြံဖြစ်ပြီးတော့ မဟန်းတော်တို့ကို-

ရဟန်းတို့.... ရဟန်းလောင်း+ ရှင်လောင်းလေးတွေကို
ပေါ်ပေါ်လာမှတာ မျစ်သားတို့လဲ အင်မတန်ပင်ပန်းတယ်၊
ရဟန်းလောင်း + ရှင်လောင်းလေးမျှားလဲ ပင်ပန်းတယ်၊
ဒီတော့ ယခုဒီချိန်က စပြီးတော့ သင်ချစ်သားတို့ဘာသာပဲ
သရဏကုံပေးပြီး ရဟန်းခံကြ+သရဏကုံပေးပြီး ရှင်ပြုကြ" -

လို့ မိန့်တော်မူတော့မှ ရဟန်းတော်တွေကိုယ်တိုင် ရှင်ပြုပေးရတယ်+
ရဟန်းခံပေးရတယ်၊ သရဏကုံနဲ့ပဲ ရှင်ပြုပေး+ရဟန်းခံပေးခဲ့ကြပါ
တယ်။ အဲဒီလိုလာခဲ့တာဟာ သီတင်းကျွတ်လကွယ် (သို့မဟုတ်)
တန်ဆောင်မုန်းလဆန်းလောက်ကစပြီး ဒီဘက် ပြာသို တပို့တဲ့လထဲ
လောက်ရောက်အောင် သရဏကုံနဲ့ပဲ ရှင်ပြုပေး+သရဏကုံနဲ့ပဲ ရဟန်းခံ
ပေးခဲ့တယ်။ အဲဒီ တပို့တဲ့လလောက် ရောင်ပြိုဟ်မှာ ရာဓ-ဆိုတဲ့ ပုဏ္ဏား
ကြီးကို ရဟန်းခံပေးဖို့ အကြောင်းပေါ်လာတော့ မြတ်စွာဘုရားက
ထိုနေ့မှစ၍ သရဏကုံဖြင့် ရဟန်းခံပေးခဲ့ကို ရပ်သိမ်းတဲ့အကြောင်း
"အနုဇာနာမိ ဘိက္ခဝေ ဥတ်ဆုတ်ထွန် ကမ်မုန် ဥပသမ္ပာဒေတုံ=
ရဟန်းတို့....ဥတ်ဆုတ်ထွန်ကမ်မုန် ဥပသမ္ပာဒေတုံ ရဟန်းခံဖို့ရန် ခွင့်ပြု၏" ဆိုတဲ့

၁။ ဝိ၊ ၃။ ၂၁-၂၉။

အကြောင်း မိန့်တော်မူ၏ ယ်။ အဲဒီမှာမှ ကမ္မဝါစာဖြင့် ရဟန်ခံမှုဆိုတာ အရှင်ရာမကို အကြောင်းပြုပြီးတော့ စ-ဝင်ပေါ်လာတယ် ၁။

ဒီ-တော့ အရှင်သာရိပုတ္တရာက အခုလို မလျှောက်မထားပဲ ရှိုးရှိုး သရဏကုံနဲ့ ရှင်ပြုပေးလိုက်လို့ရှိယင် မြတ်စွာဘုရားက ထင်ပြီးတော့ ခိုင်ခိုင်မာမာ သိက္ခာပုဒ်ပညတ်ခွင့် ရမှာကြုံမှာ မဟုတ်ဖူး၊ အဲဒီလို မကြုံလို့ရှိယင် အထူးထပ်ပြီး-တော့ ပညတ်ချက်မရှိယင် နောက်ဝင်-ခါန် ဌ် သ-သနာမှာ ယုံမှားသံသယ ဖြစ်စရာအကြောင်း ရှိကောင်းရှိနိုင်တယ်၊ ဘယ်လိုရှိနိုင်သလဲဆိုတော့ "ပထမပိုင်းမှာ ရှင်ပြုတာရော+ရဟန်းခံတာပဲ သရဏကုံနဲ့ပဲ ရှင်ပြု+ရဟန်းခံခဲ့တယ် နောက်ရဟန်း ခံမှုကို ဥ-တ်စတုတ္ထကမ္မဝါစာနဲ့ ပြောင်းပြီး ရဟန်းခံဖို့ခွင့်ပြုတယ်၊ ဘုရားရှင်ရဲ့ အလိုတော်မှာ ရှင်ပြုတာလဲပဲ ကမ္မဝါစာနဲ့မျှား ရှင်ပြုစေ တော်မူလိုလေသလား" လို့ စိတ်ထဲမှာ ထွေထူလေးပါး ယုံမှားသံသယ ဖ-ကြံမျှားဖြစ်ဖွ-ယ်ရှိတယ်။ အဲဒီလို ဖြစ်မဲ့အရေးကို မြော်တွေးမိတော့ မူတဲ့အတွက် ယုံမှားသံသယ မဖြစ်ကြရလေအောင် ရှင်သာမဏေ ပြုတာ ကို ခိုင်ခိုင်မာမာဖြင့် သိက္ခာပုဒ်ထပ်ပြီးတော့ ပညတ်တော်မူရန် မြတ်စွာဘုရား-အား လျှောက်ထားတယ်။ ဒီတော့ မြတ်စွာဘုရား-က-

"အနုဇာနာမိ ဘိက္ခဝေ တိဟိ သရဏဂမနေဟိ သာမ-ဏေရပဗ္ဗဇ္ဇံ"၊ ဘိက္ခဝေ=ရဟန်းတော်များ အို့ချစ်သား-တို့။ တိဟိ သရဏ ဂမနေဟိ=သရဏကုံသုံးပါး-တို့ ဖြင့်။ သ-ာမဏေရ-ပဗ္ဗဇ္ဇံ=သာမဏေတို့အတွက် ရှင်ပြုမှုကို။ အနုဇာနာမိ=ငါ ဘုရား-ခွင့်ပြု၏။

၁။ ဝိ၊၃။၇၀။ဝိ၊၄၊၃။၂၆၄။

ရှင်သာမဏေပြုပုံ

အဲဒီလို အကြောင်းအထူးပြုတို့နဲ့ သိက္ခာပုဒ်ကို ပညတ်လိုက်တော့ နောက်နောက်ပုဂ္ဂိုလ်တွေဟာ ယုံမှားသံသယ မရှိပဲ ယနေ့တိုင်အောင် သရဏဂုံနဲ့ ရှင်ပြုပေးတယ်—

"ဝေဠု ပန ဘိက္ခဝေ ပဗ္ဗာဇေတဗ္ဗော" ချစ်သားတို့.... ယခုပြောမယ့်နည်းအတိုင်း ရှင်ပြုပေးရမယ်၊ (ဘယ်လိုလဲ ဆိုတော့)

(၁) ပဌမံ ကေသမဿုံ ဩဟာရာပေတ္ဝာ– ရှေးဦးစွာ ဆံ+မုတ်ဆိတ်များ ရိတ်ပေးရမယ်၊ (ဒါ ရှင်ပြုတာရဲ့အစ ပဌမ ပိုင်းပဲ)၊

(၂) အဲဒီလို ဆံ+မုတ်ဆိတ်ကို ရိတ်ပေးပြီးပြီဆိုတော့ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒါပေတ္ဝာ ဖန်ရည်စွန်းသော သင်္ကန်းများကို ဝတ်ရုံစေရမယ်၊(ဒါက ရှင်ပြုဒဏ်ရဲ့ အလယ်)။

(၃) ဇေဝံ ဝဇေဒဟီတိ ဝတ္တာဗ္ဗော "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ ။ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ" တိ။ အနုဇာနာမိ ဘိက္ခဝေ တီဟိ သရဏဂမနေဟိ သာမဏေရပဗ္ဗဇ္ဇံ။ (ဝိနယ မဟာဝဂ္ဂပါဠိ။၁၁၅)။

ရှင်ပြုပေးပုံ

၁။ ရှေးဦးစွာဆံချပေး၊ (ဤကား ရှင်ပြုခြင်း၏ ပဌမပိုင်း)

၂။ သင်္ကန်းဝတ်ပေး၊ (ဤကား ရှင်ပြုခြင်း၏ အလယ်ပိုင်း)

၃။ သင်္ကန်းဝတ်ပေးပြီးသောအခါ ဆရာ၌နေစ်သူက "ဓေံ ဝဒေဟိ" ဟိုတုန်းက တော့ တိုတို ဤသို့ဆိုတယ်၊ ယခုနေခေတ်က္ကတော့ "ယ+မဟံ ဝဒါမိ၊ တံ ဝဒေဟိ·ဟု ဆိုပြီး သရဏာဂုံပါဠိကို ဆရာ+တပည့် ဌာန် ကရိယာကျကျ ရွတ်ဆိုကြခြင်းသည် ရှင်ပြုမြင်း၏ ဒုတိယပိုင်း အဆုံး ပိုင်း ဖြစ်တယ်။

သရဏာဂုံးပေးတဲ့နေရာမှာ (က) မ·ကာရန္တ+(ခ) နိဂ္ဂဟိတန္တလို ၂-မျိုး ရှိခဲ့ရာ.....မ·ကာရန္တးပေးတဲ့အခါ (မ) ဆိုတဲ့စာလုံးကိုက နှုတ်ခမ်းကိုပိတ်ပြီးယင် ဖွင့်လိုက်ရတယ်။ နှုတ်ခမ်းကို လုံးလုံးပိတ်ထားယင်လဲ (မ) သံမထွက်ဘူး၊ လုံးဝမပိတ်ပဲနှင့် နှုတ်ခမ်းကို အမြဲဖွင့်ဆားလျှင်လဲ (မ) သံမထွက်ဘူး၊ (ရွတ်ဆိုကြည့်ပါ)။ (မ) ကာရန္တရွတ်လို့ လျှင် နှုတ်ခမ်းကို ပိတ်ပြီးလျှင် ဖွင့်လိုက်ရပါတယ်၊ (ရွက်ကြည့်ပါ)၊ ဒီအခါမှာ (မ) သံပေါ်ပြီ တော့ လေပြတ်ဘူးသည်ကို ကိုယ်တိုင် တွေ့ရပါလိမ့်မယ်။

ဗုဒ္ဓံမှာ ဓမ်-လို့ မ·သတ်ကလေးနဲ့၊ သရဏံမှာ ဏမ်·လို့ မ·သတ် ကလေးနဲ့။ ဓမ္မံမှာ ဓမ်-လို့ မ သတ်ကလေးနဲ့၊ သံဃံမှာ ဃမ်-လို့ မ-သတ်ကလေးနဲ့ရှတ်၊ အဲဒီလို တတိယမြို-ဆုံးအောင်ရွတ်ဆိုတာကို မ-ကာရန္တလို့ခေါ်တယ်၊ ဗမာလိုတော့ မ-သတ်နဲ့ရွတ်ခြင်းလို့ ဆိုလိုတယ်၊ အဲဒီလို မ·သတ်နဲ့ ပီပီသသရွတ်ယင် သဘာဝအားဖြင့်လဲ လေပြတ်သွားတယ်။ ဥပမာ-

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ၊ ဓမ္မမ် သရဏမ် ဂစ္ဆာမိ၊ သံဃမ် သရဏမ် ဂစ္ဆာမိ။ ။(မ-ကာရန်က ပြီးသ ယင် အလိုလို လေပြတ်သွားတယ်)။

(ခ) နိဂ္ဂဟိတန္တနည်းက ဗုဒ္ဓံ သရဏံ+ဓမ္မံ သရဏံ+သံဃံ သရဏံ-လို့ နိဂ္ဂဟိတ်=သေးသေးတင်နဲ့ ရွတ်တဲ့အခါ လေမပြတ်ရဘူး။ အဲဒီလို ရှင်ပြု သရဏဂုံရွတ်ဆိုခြင်းဟာ နှစ်နည်းရှိပါတယ်။

အဲဒီလို သရဏဂုံဖြင့် ရှင်ပြုပေးရမယ်ဆိုတော့ အရှင်သာရိပုတ္တရာ+အရှင်မဟာမောဂ္ဂလ္လာန်+အရှင်မဟာကဿပ ဆိုတဲ့ မထေရ်မြတ်ကြီးသုံးပါးမှာ အရှင်သာရိပုတ္တရာက ဥပဇ္ဈာယ်ဆရာ ပို့တယ်။ အရှင်မဟာ-မောဂ္ဂလ္လာန်က ရာဟုလမင်းသားကလေးကို ရှင်ပြုပေးတဲ့ ပဗ္ဗဇ္ဇာစရိယ ပြုတယ်=ဆံရိတ်ပေးတယ်+သင်္ကန်းတောင်းမျှားကို ခူပေး+သင်္ကန်း ဝတ်ပေး+သရဏဂုံမျှားကို ဌာန်ကရိုဏ်းကျကျ ချပေးတယ်။ အရှင် မဟာကဿပ က သြဝါဒစရိယပြုလုပ်တော်မူတယ်။

ရာဟုလသာမဏေကလေးကို ဝိုင်းပြီးတော့ အဂ္ဂသာဝကကြီး နှစ်ပါးနဲ့ အရှင်မဟာကဿပမထေရ်ကြီး=သုံးပါးတို့ စိုင်းပြီး ချီးမြှောက်တော်မူကြတယ်၊ အရှင်မဟာကဿပမထေရ်မြတ်ကြီးက "ရာဟုလာ... သင်္ကန်းကို ဒီလိုဝတ်ရတယ်+ဒီလိုသွားရတယ်+ဒီလို လျှော့စားရတယ်+ဒီလို ကြည့်ရတယ်-စသည်ဖြင့် သင်ကြားဆုံးမ သြဝါဒပေးတော်မူတယ်၊ ဤနည်းဖြင့် ရာဟုလမင်းသားကလေး သာ-မဏေ ဖြစ်ခဲ့လေပြီ....။

သာမဏေရပဥ္စာကို ဟောတော်မူခြင်း

ရှင်ရာဟုလာ သာမဏေဖြစ်ပြီးတဲ့အချိန်က စပြီးတော့ မြတ်စွာဘုရားက ကျောင်းတော်မှာရှိတဲ့ ကိုရင်ငယ်လေးတွေသည့် မြို့စကားတွေ+ရွာစကားတွေ+မင်းစကား+စိုးစကား-မင်္ဂိုလ်အား ကျေးဇူးမျှား

တဲ့ ပါဠိလို တိရစ္ဆာနကဿာ-လို့ခေါ်သော စကားတွေနဲ့ အချိန်ကုန်မနေပဲ၊ မဂ်ဖိုလ်အား ကျေးဇူးမျှားတဲ့ စကားနဲ့ အချိန်ကုန်ရဓအောင် သာမဏေရပဥ္ဉာ (ခုၢဝၢဉ ကမာရပဥ္ဉာ)ဆိုတဲ့ တရားတစ်ထုံး ဟောဘော်မှုတယ်၊ ဒါကိုရှင်ရာဟုလာကို အကြောင်းပြုပြီးတော့ ဟောတာဖြစ်တယ်။ ကိုရှင်ရာဟုလာကို ရှင်ပြုပြီးတဲ့နောက် ကိုရင်ရာဟုလာကို အားကျပြီး ရှင်ပြုကြတဲ့ သာမဏေတွေလဲ ရှိကြသပေါ့။ အဲဒီတော့ သာမဏေငယ်ကလေးမျှား မဂ်ဖိုလ်အား ကျေးဇူးမပြုမဲ့ စကားမျှားကို မပြောစေပဲနဲ့ ကျောင်းတော်က သာမဏေကလေးမျှား အားတဲ့အချိန်မှာ ဘာပြောရသလဲ-

အမေးဆယ်ချက် အဖြေ ၁၁၅-ပါး

တစ်ပါးက မေးရတယ် အမျှားက ဖြေကြရတယ်၊ မေးတဲ့ကိုရင်က-

(၁) ဧကံ နာမ ကိ-ဒိလ့်မေးရတယ်၊

မြန်မာလိုဆိုတော့- ကိုရင်တို့.... ဒီဘုရားသာသနာမှာ တရားတစ်ခုရှိတယ်၊ အဲဒီ တရားတစ်ခုကို ဉာတ+တိရဏ+ပဟာန-ဆိုတဲ့ ပရိညာ သုံးမျိုးနဲ့ ပိုင်းပိုင် ခြားခြားသိလို့ရှိယင် ကိုမှင်တို့ တပည့်တော်တို့ရဲ့ ရှင်ပြုတာရဲ့ ရည် ရွယ် ချက် ဖြစ် သော မဂ်+ဖိုလ်+နိဗ္ဗာန်ကို ရောက်နိုင်တယ် ကိုရင် ...၊ အဲဒီတရားတစ်ပါးက ဘယ်တရားလဲ....လို့ ဒီအဓိပ္ပာယ် ဒီနှလုံးသွင်းနဲ့ မေးတဲ့ကိုရင်က "ဧကံ နာမ ကိ-" လို့ မေးရတယ်။ =ဧကံ နာမ=ဒီသာသနာမှာ သိရတဲ့ တစ်ခုသောတရားဆိုတာ။ ကိ-=ဘယ် ဘရားလဲ။ ပရိညာသုံးပါးနဲ့ ပိုင်းပိုင်းခြားခြားသိမှမဲ့ တစ်ခုသောတရားဆိုတာ ဘယ်ဘရားလဲ-လို့ မေးတော့၊ ဖြေတဲ့ကိုရင်တွေက-

သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ-လို့ ဖြေရတယ်။

သဗ္ဗေ သတ္တာ=ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါတို့သည်။ အာဟာရဋ္ဌိတိကာ= ဆိုင်ရာ ဆိုင်ရာ အကြောင်းတရားသျှင် အခြေခံရှိကြကုန်တဲ့အချက်ပဲ-လို့ ဖြကြရတယ်။ သတ္တဝါတိုင်း သတ္တဝါတို့င်းသည် ဆိုင်ရာဆိုင်ရာ အကြောင်းတရားလျှင် အခြေခံရှိတဲ့အဖြစ်ကို (၁) ဥတုပရိညာ+ (၂) တိရစ္ဆာန်ပရိညာ+ (၃) ပဟာနပရိညာ-ဆိုတဲ့= ပရိညာသုံးပါးနဲ့ ပိုင်ပိုင်နိုင်နိုင်သိုယင် ကိုရင်.... သံသရာဝဋ်က ကျွတ်လွတ်တာပေါ့- ဒီလို ဖြေရတယ်။ အလွတ်ဖြပြီးပြီ ဆိုတော့ မေးတဲ့ကိုရင်က တဆင့်တက်ပြီး မေးရပြန်တယ်-

(၂) ဒုတိယ နာမ ကိုဏ်

ဒီသာသနာမှာ ဘရားနှစ်ပါးရှိတယ်၊ အဲဒီဘရားနှစ်ပါးကို ပရိညာသုံးပါးနဲ့ ပိုင်းပိုင်းခြားခြား သိလို့ရှိယင် သံသရာဝဋ်က ကျွတ်လွှတ်ခြင်း အကျိုးရှာယ် ကိုရင်....၊ အဲဒီဘရားနှစ်ပါးဟာ ဘယ်တရားတွေလဲ-လို့ မေးတော့- ဖြတဲ့ကိုရင်မျှားက-

နာမဥ္စ ရူပဥ္စ၊

နာမ်တရားနဲ့ ရုပ်တရားပေါ့ ကိုရင်ရဲ့....၊ နာမ်တရား ရုပ်ဘရား= ဤနှစ်ပါးကို ဥတုပရိညာဖြင့် ပထမပိုင်းမှာ သိရာယ်၊ ဤတရားက နာမ်+ ဤကရားဟရုပ်၊ ခန္ဓာကိုယ်ထဲမှာ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ဆိုတဲ့ ပညတ်ဒေပျောက်ပြီး ရုပ်ဘရား+နာမ်ဘရားဆိုတဲ့ ပရမတ္ထဘရား သားချည်းပဲ မြင်အောင် ပထမ ကြည့်ရမယ်၊ အဲဒါ ဥတုပရိညာ၊ ဥတုပရိညာပိုင်းကို အောင်မြင်ပြီဆိုယင် ပုဂ္ဂိုလ်သတ္တဝါအထင် ပျောက်ပြီးတော့ ရုပ်နာမ်နှစ်ပါးရှိတာကို အမှန်အကိုင်း အမြင်ရောက်တယ်၊ ဘာမှ မလုပ်ရသေးဘူး၊ အနိစ္စ+ဒုက္ခ+အနတ္တ နှလုံးမသွင်းရသေးဘူး။ အဲဒါ ဥတုပရိညာ၊ ဒီလိုအမြင်ရောက်အောင် အားထုတ်ရတယ်၊ အရာသမားမျှားထံ သင်ကြားရတယ်။

ဝိပဿနာဉာဏ်ဆယ်ပါး

အဲဒီ ဉာတပရိညာ ပြီးပြီဆိုတော့ တီရဏပရိညာ၊ ခန္ဓာကိုယ်မှာ ပုဂ္ဂိုလ် သတ္တဝါ အထင်တွေ ပျောက်ပြီးတော့ ရုပ်တရား+နာမ်တရား ဆိုတဲ့ ပရမတ္ထတရားသားကို အသိဉာဏ် အမြင်ရောက်ပြီးတဲ့နောက် ပရမတ်ကို အသိဉာဏ်ဆိုက်လိမ့်မယ်၊ အဲဒီပရမတ်တရားတွေရဲ့ တဖြစ် ချုပ်ချုပ်နေတာတွေဟာ တမ်းဟည်းဉာဏ်ထဲမှာပေါ်လာတယ်၊အဲဒီလို ပေါ်လာတဲ့ တဖြစ်ချုပ်ချုပ်နေတာတွေကို သိပြီးတော့ "အနိစ္စ ဒုက္ခ အနတ္တလို့ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ" ဒီလို သိရမယ်၊ ဒါက အကျဉ်းဆုံးနည်း။ သူ့ထက် တိုးပြီး မကျဉ်းမကျယ် ဆင့်ခြင်မယ်ဆိုလို့ရှိယင်—

ရုပ် အနိစ္စံ ဒုက္ခံ အနတ္တာ၊ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ သညာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ ဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ—

လို့ အဲဒီလို ရုပ်နာမ်ခွဲပါးကို ခန္ဓာငါးပါးအနေနဲ့ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ် သုံးချက် ဖောင်ပြီးတော့ ဖြင်အောင်ကြည့်မယ်၊ ဆင်ခြင်ရမယ်၊ သုံးသပ်ရမယ်၊ ဒါဟာ သမ္မသနဉာဏ်ပဲ။

ရုပ်ဖြစ်ကြောင်း တရားလေးပါး
ဥဒယဉာဏ်ငါးပါး

အဲဒီ သမ္မသနဉာဏ် ရင့်သန်လာတဲ့ အခါကျတော့ အနိစ္စ ဒုက္ခ အနတ္တ ရိုးရိုးမြင်နေခြင်းထက် တိုးပြီးတော့ အသိဉာဏ် ဝင်လာတယ်။

ဒီ "ရုပ်တရားဖြစ်ပြီးတော့ ချုပ်တယ် ဆိုတဲ့စကားမှာ ဖြစ်တာက ဘာကြောင့်ဖြစ်ပါလိမ့်၊ ချုပ်တာကကော ဘာကြောင့်ချုပ်ပါလိမ့်" လို့

တိုးပြီးတော့ စဉ်းစားလာတယ်၊ ဆရာသမားများကို သွားကြာက်ထား မေးမြန်းတယ်၊ ဆရာသမားများက ဟောပြတယ် –

အဝိဇ္ဇာသမုဒယော ရူပသမုဒယော၊ တဏှာသမုဒယော ရူပသမုဒယော၊ ကမ္မသမုဒယော ရူပသမုဒယော၊ အာဟာရသမုဒယော ရူပသမုဒယော- ကိုရင်....ရုပ်ဖြစ်တာ ဘာကြောင့်ဖြစ်သလဲဆိုယင် အကြောင်းလေးပါးရှိတယ် –

(၁) အတိတ်ကအဝိဇ္ဇာဖြစ်ခဲ့သောကြောင့် ယခုဘဝရုပ်ဖြစ်တယ်။

(၂) အတိတ်က တဏှာဖြစ်ခဲ့သောကြောင့် ယခု ဘဝ ရုပ်ဖြစ်တယ်။

(၃) အတိတ်က ကံဖြစ်ခဲ့သောကြောင့် ယခုအခါ ရုပ်ဖြစ်တယ်။

(၄) အာဟာရကြောင့် ရုပ်ဖြစ်တယ်။ အကြောင်းနဲ့စပ်ပြီးတော့ ရုပ်ရဲ့ဖြစ်ခြင်းကို သေးမျိုးသိရမယ်။

(၅) ရုပ်ရဲ့ဖြစ်ခြင်းဆိုတာ ရုပ္ပနသဘာဝ နဂိုကမရှိပဲနဲ့ ထင်ထင် ရှားရှား ဘွားကနဲ ဖြစ်ပေါ်လာတာကို ရုပ်ဖြစ်ခြင်းလို့ ခေါ်တယ်၊ အဲဒီလို သိရမယ်။

အဖြစ်နဲ့ပတ်သက်ပြီးတော့ ငါးချက်သိရမယ်၊ အဲဒါကို ဥဒယဉာဏ် ငါးပါးလို့ ခေါ်တယ်။

ရုပ်ချုပ်ကြောင်း တရားလေးပါး
ဝယဉာဏ်ငါးပါး

ဖြစ်တာကိုသိယင် ပျက်တာ ချုပ်ဟာကိုလဲ သိတယ်၊

(၁) အဝိဇ္ဇာချုပ်ခြင်းကြောင့် ရုပ်ချုပ်တယ်၊

(၂) တဏှာချုပ်ခြင်းကြောင့် ရုပ်ချုပ်တယ်၊

(၁) ကံချုပ်ခြင်းကြောင့် ရုပ်ချုပ်တယ်၊

(၄) အာဟာရချုပ်ခြင်းကြောင့် ရုပ်ချုပ်ကယ်၊ အဲဒီလို ဖြစ်တတ်တဲ့အကြောင်း ချုပ်ခြင်းကြောင့် ဒီရုပ်တရား ချုပ်သပေါ့၊အဲဒီလို အကြောင်းနဲ့ပတ်သက်ပြီး ရုပ်ချုပ်မှု=ရုပ်ပျက်မှုလေးမျိုး ကိုသိရမယ်။

(၅) ရုပ်ပနသဒ္ဒါကကြီးရဲ့ ဘင်ခဒ္ဒသို့ ရောက်ပြီးမဟာ သဘာဝချုပ်ဆိုးသွားဘာကို ချုပ်ပျက်ကယ်လို့ ခေါ်သတဲ့။ အဲဒီအသိ မျိုးကို သပက္ခအအနဖြင့် သိနင်းလို့ခေါ်ယ်။ ရှေလေးချက်က ပစ္စယခေါ်တဲ့ အကြောင်းနဲ့စပ်ပြီး သိဘာဖြစ်လို့ ပစ္စယအားဖြင့် သိခြင်းလို့ခေါ်တယ်။ အားလုံး ဝယဉာဏ်ငါးချက်စုံသွားပြီ။

ချုပ်၌ ဉဒ ဘဉာဏ်ငါး+ဝယဉာဏ်ငါး တိုးတက် သိလာပြီး တော့ "ဒဿော်...ဒီချုပ်ဟာ အနိစ္စ ဒုက္ခ အနတ္တကောန် မုန်စ့၊ ကို့အတူ ဇဝဒနာ သညာ သင်္ခါရ ဝိညာဏ်တို့မှာလဲပဲ သူတို့ရဲ့ဆိုင်ရာ အကြောင်း အကြောင်းနဲ့ပတ်သက်၍ လေးချက်+ခဖနဲ့ပတ်သက်၍ တစ်ချက်စီ အဲဒီလို ခဖြစ်+အပျက်ကို ဒီခြင်းပိုတဲ့ အသိဉာဏ်တဆင့် တိုးတယ်။ ကဖြစ်+အပျက်ကို အကြောင်းပစ္စယ+သလက္ခဏ=နှစ်ချက်နဲ့မြင်နေ တာ့ ဒေသဝိဝဋ္ဋိလိန်၏ အဖို့ပ ခနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ သက္ခဟ သဘဉ်ကိုသိပြီးတာ့ ပိုပြီးခတာ့ ဆင်မြင်တယ်။

ဘက်ဉာဏ်-စသည်

ဉဒယဒ္ဒ ဘဉာဏ်ဖြစ်ပြီးတော့ ဘင်ဉာဏ်ဖြစ်တယ်၊ "ဖြစ်တယ် ပျက်ကယ် ဆိုတာ ခစားသဲမှာ ဆည့်ခပြာရုံ သာ ပြောခနရတာ၊ဖြစ်ပြီး ဖြုန်းဆိုချုပ်ကာပဲ+ချုပ်ကာချသွားတဲ့ပါပဲ"လို့ အချုပ်ပေါ်မှာအပျက် ပေါ်မှာတင်ပဲ ပခနဉ်းတည်ပြီးတော့ သိတဲ့ဉာဏ်တစ်မျိုး ကိုးလာ

တယ်၊ အဖြစ်+အပျက်နှစ်ပါးကိုသိတဲ့ ဥဒယဗ္ဗယဉာဏ် ရင့်ခွာန်လာတဲ့ အခါကျတော့ "အဖြစ်ကို ဖယ်ထားလိုက်ပါတော့ ပျက်တာချည်းတဲ့ ပါပဲ"လို့ အပျက်ကိုပဲ ဦးစိုက်ပြီးတော့ သိတဲ့ဉာဏ်တွေပေါ်လာတယ်။ (ဘင်္ဂဉာဏ်)။

ကပျက်တည်း ပျက်နေသည်ကို မြင်လာတော့ "ရုပ်ဒေဒနာသညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ဒီခန္ဓာငါးပါးဟာ ကြောက်ဧရုဝရုးတွေပါတကား"လို့ အဲဒီလို ကြောက်ဖွယ်အနေနဲ့ သိလာတယ်။

ကြောက်စရာတရားတွေပါတကားလို့ သိတာဟာ ဝဋ္ဋကြောက်တဲ့ အကြောက်မျိုး=ဒေါသမူစိတ်နဲ့ ကြောက်တဲ့ဘေးမျိုး ယုတ်ဘူး၊ အခုကြောက်ခြင်းက ပညာကြောက်၊ ဉာဏဘယဒေါ်တယ်။ တစ္ဆေကြောက်တာ ကျားကြီးကြောက်တာဆိုတဲ့ အဲဒီ အကြောက်မျိုးက ဆုတ်နစ်သော ဒေါသမူစိတ်နဲ့ကြောက်တာ၊ စိတ္တုတြာသဘယ ခေါ်တယ်၊ ဒီအကြောက်မျိုးကို မဆိုလိုဘူး။

ယနေ့ပြောတဲ့ အကြောက်က ရုပ်နာမ်ရဲ့ဒေဝကို ဒဿီးတော့ "ဒီတရားတွေဟာ အင်္ဂတန်ကြောက်ဧရုဝေဒင်းတဲ့ တရားတွေပါတကား"လို့ အသိဉာဏ်ဝင်မျိုး တိုးပြီးတော့ သိတာကို ခေါ်တယ်၊ ဒီဉာဏ်ကို ဘယဉာဏ်လို့ ခေါ်တယ်။ ဘယဉာဏ် ရောက်တော့လဲ ယောဂီပုဂ္ဂိုလ်မျိုးဟာ အနိစ္စ ဒုက္ခ အနတ္တ နှလုံးသွင်းပြီ ပိုအာရှိ အားကောင်းလာတယ်။

အဲဒီဘယဉာဏ်ကို ရှေ့သွားပြီး ဝိပဿနာရှယင်းက တော်တော် ရင့်သန်လာတဲ့အခါကျတော့ ကြောက်စရာတွေပဲလို့ သိပြီးတဲ့နောက် ဒီရုပ်+နာမ်တရားတွေပေါ်မှာ "ဘယ်လိုနည်းနဲ့မှ ကိုးစားပြီ မရတဲ့တရားတွေပါတကား"လို့ ကိုးရုံးထင်တဲ့သဘောကိုနက်နက်နဲနဲသိတဲ့ အသိ

ဉာဏ်ပေါ်လာတယ်၊ အဲဒါကို "**အာဒီနဝဉာဏ်**"လို့ ခေါ်တယ်၊ အဲဒီ အာဒီနဝဉာဏ်ပိုင်းမှာလဲပဲ အနိစ္စ ဒုက္ခ အနတ္တာလို့ ဆုံးဖြတ်တဲ့ တိရဏပရိညာဉာဏတော့ အုပ်ချုပ်လိုက်ပါ နှလုံးသွင်းလျက်ပဲ။

အာဒီနဝဉာဏ် ရင့်သန်လာတဲ့အခါကျတော့ နိဗ္ဗိဒါဉာဏ်ပေါ်လာတယ်၊ ဘယ်လိုပေါ်လာသလဲဆိုတော့ ဝိပဿနာအလုပ် မလုပ်ခင် တုန်းကတော့ မိမိရဲ့ ရုပ်ကို+ဝေဒနာ+သညာကို+သင်္ခါရကို+ဝိညာဏ်ကို ငါပဲ+ပုဂ္ဂိုလ်ပဲလို့ စွဲယူလို့ရှိယင် ရသလိုလိုပဲ၊ ရနေတယ်ပဲ ပြောကြပါစို့။ အခုပြောသလို သမ္မသန+ဥဒယဗ္ဗယ+ဘင်္ဂ+ဘယ+အာဒီနဝဉာဏ်ထိအောင် ရင့်သန်လာတဲ့အခါကျတော့ နောက်တမျိုးတိုးပြီးတော့ပေါ်လာပြန်တယ်၊ ဘာလဲ နိဗ္ဗိဒါဉာဏ်၊ အဲဒီနိဗ္ဗိဒါဉာဏ်ပေါ်လာတဲ့ အခါကျတော့ ရုပ်ကိုလဲ ငါ-ဟု စွဲလို့မရတော့ဘူး၊ ဝေဒနာကို သညာကို သင်္ခါရကို ဝိညာဏ်ကို ဘယ်လိုနည်းနဲ့မှ ငါ-လို့ စွဲယူလို့ မရတော့ဘူး။ အဲဒီဉာဏ်ကို နိဗ္ဗိဒါဉာဏ်လို့ ခေါ်တယ်။ အဲဒီ နိဗ္ဗိဒါဉာဏ် အခိုက်မှာလဲပဲ အနိစ္စ ဒုက္ခ အနတ္တကို ယောဂီပုဂ္ဂိုလ်သည် နှလုံးသွင်းလျက်ပဲ။

နိဗ္ဗိဒါဉာဏ် ရင့်သန်တဲ့အခါကျတော့ ရုပ်နာမ်တရားတို့မှ လွတ်မြောက်လိုတဲ့ **အလိုဆန္ဒ**နဲ့တဲ့ဖက်ပြီး ရုပ်နာမ်ကို သိတဲ့ အသိဉာဏ်ဖြစ်ပေါ်လာတယ်၊ ဒီကျတော့ "ကိုးဆုမထင် ဘာမှပြောလို့ မရ၊ ဒီတရားက တော့ လွတ်မှကောင်းမှာပဲ"လို့ အဲဒီလို လွတ်လိုတဲ့ဆန္ဒနဲ့တဲ့ဖက်ပြီး အသိဉာဏ် ရုပ်+နာမ်ပေါ်မှာ ပေါ်လာတယ်၊ ဒါကို "**မုစ္စိတုကမ္ယတာဉာဏ်**"လို့ခေါ်တယ်၊ အဲဒီအခါမှာလဲ အနိစ္စ,ဒုက္ခ,အနတ္တ ကိုတော့ ယောဂီဟာ နှလုံးသွင်းလျက်ပဲ။

ဘာဝနာလေးဆယ် (၀၊) ဒေဘာလေးဆယ်

အဲဒီ လွတ်လိုတဲ့ = မုစ္စိတုကမျှတာဉာဏ် ပေါ်လာတဲ့အခါကျ တော့ "လွတ်ချင်ရုံနဲ့ လွတ်မှာမဟုတ်ဘူး၊ လွတ်အောင်ကြိုးကုတဲ့ အားထုတ်မှ လွတ်မှာ" လို့ နှလုံးသွင်းပြီး အားထုတ်ရပါမယ်၊ ဘယ်လို အားထုတ်ရမလဲဆိုတော့ ဒီခန္ဓာငါးပါးတွင် တစ်ပါး တစ်ပါးလျှင် ဘာဝနာလေးဆယ်လို့ ခေါ်တယ်၊ အခြင်းအရာ လေးဆယ်စီရှိကြ တယ်၊ ရုပ်တရားတစ်ခုပေါ်မှာ-

ရူပံ အနိစ္စံ ပလောကံ၊ စလံ ပဘင်္ဂံ အဒ္ဓုဝံ။
ဝိပရိဏာမဓမ္မ+သာရကံ၊ ဝိဘဝံ မစ္စု သခိတံ်။ -

စသည်ဖြင့် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ရေးဖွဲ့စီခဲ့သည့် အတိုင်း-

ရူပံ....ရုပ်ဟူသော သည် မမြဲတဲ့ အနိစ္စပါတကား....၊

ပလောကံ=ပျက်စီးတတ်တဲ့သဘောပါတကား....၊

စလံ=တုန်လှုပ်တဲ့တရားပါတကား....၊

ပဘင်္ဂံ=ဖရိုဖရဲ ပြိုကွဲပျက်စီးတဲ့တရားပါတကား....၊

အဒ္ဓုဝံ=စောစောတုန်းက အခိုင်အမာကြီးထင်ပေမယ့် နဲနဲမှ မခိုင်မာတဲ့တရားပါတကား....၊

ဝိပရိဏာမံ= ဖောက်လဲ ဖောက်ပြန်ဖြစ်တတ်တဲ့ တရားပါ တကား....၊

အသာရကံ=နိစ္စဆိုတဲ့ အခိုင်အမာအနှစ်မရှိပါတကားဟု....၊

၁။(ပဋိသံ။ ၎၁၁။ ဝိသုဒ္ဓိ၊ ၂။ ၂၄၇-၂၄၈-တို့အရ ဂါထာစီကုံးထား ခြင်းဖြစ်သည်။) ပရမတ္ထသရုပဘေဒနီ (ဒုတိယ) ၅၂၉-၅၅။

အဲဒီနောက် ဝိပဿနာဉာဏ်ဆယ်ထောက်ဖြင့် တဆင့်တိုးတိုးပြီး တစ်မျိုးတစ်မျိုး တစ်မျိုးနဲ့ အနိစ္စ ဒုက္ခ အနတ္တပေါ်မှာ ခဲ့ထွင်ပြီး တော့ ဆယ်မျိုးထိအောင်တက်ပြီးသိလာတဲ့ ဝိပဿနာဉာဏ်ဆယ်မျိုး ကို "**တိရဏပရိညာ**"လို့ ခေါ်တယ်။

မဂ်ဉာဏ်ကို "**ပဟာနပရိညာ**"လို့ ခေါ်တယ်။ မဂ်ဉာဏ်ကျတော့ ပယ်သင့် ပယ်ထိုက်တဲ့ ကိလေသာကို အမြစ်ပြတ် (နောက်ထပ် ဘယ်တော့မှ မဖြစ်အောင်) ပယ်သတ်ပြီးတော့မှ ပိုင်းပိုင်းခြားခြား သိတယ်။ (ပရိညာသုံးပါး)။

ကိုင်း....ကိုမျင်လေးက မေးတယ်၊ ကိုရင်ကလေးပေမယ့် ဒါလောက် ကျယ်ကျယ် သိတယ်၊ ဘုရားဟောတာကို သူတို့ မပြတ်မပြတ် ကြား သပေါ့+သိကြရသပေါ့၊ ကလေးတွေရဲ့မှန်ကို လူကြီးတွေက စားသလို ကိုရင်လေးတို့ဖို့ ဟောတဲ့တရားကို ဆက်ပြီးတော့ စားယင် ဒီလို စားရမယ်—

(၂) ဒုနာမ ကိ၊

ကိုရင်တို့ သာသနာတော်မှာ ကရား နှစ်မျိုးရှိတယ်၊ အဲဒီတရား နှစ်မျိုးကို ဉာတ+တီရဏ+ပဟာနပရိညာသုံးမျိုးနဲ့ ပိုင်းပိုင်း ခြား ခြားသိယင် သံသရာဝဋ်က ကျွတ်လွတ်ခြင်း အကျိုးရတယ်၊ အဲဒီ တရားနှစ်မျိုးက ဘယ်တရားတွေလဲ၊ ဖြေတဲ့ကိုရင်တို့က ဖြေကြတယ်—

နာမဥ္စ ရူပဥ္စ၊

ကိုရင်....နာမ်တရားနဲ့ ရုပ်တရားပေါ့၊ အဲဒီ နာမ်တရား+ရုပ်တရား နှစ်ပါးကို ပရိညာသုံးပါးနဲ့ ပိုင်းပိုင်း ခြားခြား သိယင် ကိုရင်တို့ တပည့်တော်တို့ ရည်သန်တဲ့ သံသရာဝဋ်က ကျွတ်လွတ်ခြင်း အကျိုး ရတယ်၊ ဒီလိုဖြေကြတယ်။

နှစ်-ကို ဖြေတဲ့ကိုရင်တွေက ဖြေပြီးတော့ သုံး-ကိုတက်မေးတယ်။

(၃) တီဏိ နာမ ကိ်၊

ကိုရင်တို့....နှစ်-တော့ ပြေကြပြီ၊ သာသနာတော်မှာ တရားသုံးမျိုးရှိတယ်၊ အဲဒီတရားသုံးမျိုးကို တစ်မျိုး တစ်မျိုးလျှင် ပရိညာသုံးပါးနဲ့ ပိုင်းပိုင်း ခြားနြားသိယင် သံသရာဝဋ်မှ ကျွတ်လွတ်ခြင်း-ဆိုတဲ့ နိယျာနိကအကျိုးကို ရတယ်၊ အဲဒီတရားသုံးမျိုးက ဘယ်တရားတွေလဲ။ ဖြေတဲ့ကိုရင်များက-

တိသော ဝေဒနာ-(လို့ ဖြေကြရတယ်)၊

ကိုရင်....သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဒီဝေဒနာသုံးပါးပေါ့၊ ဒီဝေဒနာသုံးပါးကို ပရိညာသုံးပါးနဲ့ အသိ အသိ ပိုင်းပိုင်း ခြားခြား သိလို့ရှိယင် မဂ်ရောက် ဖိုလ်ပေါက်ပြီးတော့ သံသရာဝဋ်က ကျွတ်လွတ်သွားတာပေါ့ ကိုရင်....။ သုံး-ပြီးတော့ မေးတဲ့ကိုရင်က လေးကို ဆက်မေးရတယ်-

(၄) စတ္တာရိ နာမ ကိ်၊ (လို့ မေးရတယ်)၊

သုံးတော့ ပြေပြီ ကိုရင်တို့....၊ ဒီသာသနာတော်မှာ ကိုရင်တို့+တပည့်တော်တို့ သိရမယ့်တရားလေးမျိုးရှိတယ်၊အဲဒီတရားလေးမျိုးကို ပိုင်းပိုင်း ခြားခြား ပိုင်ပိုင်နိုင်နိုင်သိယင် သံသရာဝဋ်က ကျွတ်လွတ်တယ်၊ အဲဒီတရားလေးမျိုးဆိုတာ ဘယ်တရားတွေလဲ ကိုရင်တို့....၊ ဖြေတဲ့ ကိုရင်များက-

စတ္တာရိ အရိယသစ္စာနိ၊ (လို့ ဖြေကြရတယ်)-

တယ်ဆိုတော့ သူဟာ မူမမှန်ဘူး၊ဒါဖြင့်သူဟာ ဘုရားအစစ် မဟုတ်၊ မာရ်နတ်ပဲ" အဲဒီလို သိပြီးတော့ "သင်ကဲ့သို့သော မာရ်နတ်မျိုး အရာအထောင်လားပြောပေမယ့် ငါဟာ ခန္ဓာငါးပါးရဲ့ မမြဲတဲ့သဘော+ဆင်းရဲတဲ့သဘော+ အစိုး မပိုင်တဲ့သဘောကို ဖျက်မရအောင် သိပြီးဖြစ်တယ်၊ သင်ကဲ့သို့ သော မာရ်နတ်အထောင် လာပြီးတော့ ဖျက်စေကာမူ မပျက်ဘူး" အဲဒီလို ရဲရဲတောက်ပြန်ပြောတယ်။ (အံ၊ဋ္ဌ၊၁။၃၀၅)

ဒါကို ထောက်သဖြင့် သိကြားမင်းကြီးက နားကင်းကြီးနဲ့ ဆင်းပြီးတော့ နိစ္စပါ၊ သုခပါ၊ အတ္တပါ-လို့ ပြောပေမယ့် ငါမယုံဘူး-ဆိုတဲ့ အခြေ အနေမျိုက်ဆင် အဲဒါ အရိယာမဂ်ဖိုလ် ပေါက်တာပဲ-လို့ အောက်မေ့ရမယ်။

ကိုင်း....ရှေ့တခါ မေးလို့က်ပြန်တယ်၊လေး-မေးပြီးတော့ ငါးကို မေးတယ်-

(၅) ပဥ္စ နာမ ကိ ံ။

လေး-ကတော့သစ္စာလေးပါး ဟုတ်ပြီ ကိုရင်တို့....၊ ဒီသာသနာတော်မှာ ပရိညာသုံးပါးနဲ့ ပိုင်းပိုင်းခြားခြားသိရမယ့် တရားငါးမျိုး ရှိတယ်၊ အဲဒီတရားငါးမျိုး ဘယ်ဟာလဲ၊ ဖြေတဲ့ ကိုရင်များက-

ပဥ္စုပါဒါနက္ခန္ဓာ၊

ဥပါဒါန်ရှဲအာရုံဖြစ်တဲ့ လောကီခန္ဓာငါးပါးတို့ပေါ့ ကိုရင်....။ပရိညာသုံးပါးနဲ့ တရားငါးမျိုးကို နားလည်ပြီးပြီ။ ငါးပြီးတော့ ခြောက်ကို မေးတယ်။ "ဆ နာမ ကိ ံ" တဲ့၊ဖြေဆိုတဲ့ကိုယ်ရင်များက အဋ္ဌကထာ-ယတန-၆-ပါး (မျက်စိ+နား+နှာ+လျာ+ကိုယ်+စိတ်) = အဟွင်း အာယတန ခြောက်ပါးတို့ကို ဖြေကြရတယ်။

မြောက်ပြီးလို့ ခုနစ်မေးတဲ့အခါ မဗာဒ္ဓင်ခုနစ်ပါး ဖြေရတယ်။

ရှစ်မေးတဲ့အခါ ဖြေတဲ့ကိုရင်မျှားက အဌဂိကာမဂ်=မဂ္ဂင်ရှစ်ပါး လို့ ဖြေရတယ်။

၉။ နဝ နာမ ကိ˙–လို့

ကိုးက မေးတဲ့အခါ....နဝ သတ္တာဝါသာ–လို့ သတ္တဝါတို့နေရာ ဖြစ်တဲ့ ဘုံကိုးပါး "သတ္တာဝါသ=ဘုံကိုးဝ" လို့ခေါ်တဲ့ ဘုံကိုးမျိုးကို ဖြေရတယ်၊ ဘုံကိုးမျိုးဆိုတာက–

(၁) နာနာတ္တကာယ နာနာတ္တသညီ၊ ကိုယ်ခန္ဓာပုံကလဲ အမျိုးမျိုး+ပဋိသန္ဓေနေတဲ့စိတ်ကလဲ အမျိုးမျိုးရှိတဲ့ ဝိနိပါတိက အသုံးခေါ်တဲ့ မြင်းမိုရ်းတောင် အောက်က အသူရတွေ+လူတွေ+ကာမဘဝစရ နတ်ပြည်ခြောက်ထပ်ကနတ်တွေ=အဲဒါတွေကို နာနာတ္တကာယ နာနာတ္တသညီလို့ ခေါ်တယ်။

(၂) နာနာတ္တကာယ ကေတ္တာသညီ၊ ရူပါဝစရ ပထမစျာန်ဘုံက ဗြဟ္မာတွေ–ကိုယ်ပုံကိုယ်ပန်းက အမျိုးမျိုးရှိကြတယ်၊ ငရဲ ဘီရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံက သတ္တဝါတွေ–သူတို့လဲပဲ ကိုယ်ပုံပန်းက အမျိုးမျိုးရှိကြတယ်၊ ပဋိသန္ဓေ ဝိညာဏ်ဆိုတဲ့ သညာကတော့ တမျိုးတည်းပဲ တူကြတယ်၊ အပါယ်ဘုံသားတွေဆိုယင် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ပဋိသန္ဓေ၊ပထမစျာန်ဘုံသား ရူပဗြဟ္မာတွေကျတော့ ရူပါဝစရ ပထမစျာန် ဝိပါက်စိတ် ကမျိုးတည်းပဲ တူကြတယ်၊ ဒါကြောင့်သူတို့ကို နာနာတ္တကာယ ကေတ္တာသညီ–လို့ ခေါ်တယ်။

၁။ သတ္တာဝါသဘုံကိုး၀၏ အာကျယ်ကို ဒီ၊ ၂။၅၁။ ဒီ၊၌၊ ၂။၉၉-မှ သတ္တ-ဝိညာဏဌိတိအဖွင့်နှင့် ပဋိသံ၊ ၌။၁၀၆-၇-မှ နဝသတ္တာဝါသာ အဖွင့်ရှုပါ။

(၃) ကောဏ္ဍညာယ နာနာတ္တသညီ၊ ကိုယ်ခန္ဓာက တပုံတည်း၊ပဋိသဃဋ္ဌပိဂ္ဂလာဒိကျစေတာ့ ကွဲပြားကြတဲ့ ရှုပါဝစရ ဒုတိယစျာန်ဘုံက ပြဟ္မာဒေါ့ကို ဆိုလိုတယ်၊ သူတို့မှာ ကိုယ်ပုံက တူကြတယ်၊ အရောင် ဟာလေးလက် ထွက်ကြတာချင်း တူကြတယ်၊ အဲ-ပဋိသန္ဓေ ဝိညာဏ်ကျစေတာ့ ကာယိကသညာ ဒုတိယစျာန်ဝိပါက်စိတ်၊ တခြားက ဝေဒနာစသည်တို့ ဝိပါက်စိတ်နဲ့ ပဋိသန္ဓေယူကြလို့ နာနာတ္တသညီလို့ ခေါ်တယ်။ (ကိုယ်ပုံပန်းဟူကြွေး ပဋိသန္ဓေဝိညာဏ်သည်ပြာ မတူတဲ့ သတ္တဝါတွေလို့ ဆိုလိုတယ်)။

(၄) ဧကတ္တကာယ နာနာတ္တသညီ၊ တတိယစျာန်ဘုံက ပြဟ္မာတွေကို ဆိုလိုတယ်၊ သူတို့မှာ ကိုယ်ပုံက တူကြတယ်၊ အရောင်ဟာလေးလက် ထွက်ကြတာချင်း တူကြတယ်၊ အဲ-ပဋိသန္ဓေ ဝိညာဏ်ကျစေတာ့ ကာယိကသညာ တတိယစျာန်ဝိပါက်စိတ်၊ တခြားက ဝေဒနာစသည်တို့ ဝိပါက်စိတ်နဲ့ ပဋိသန္ဓေယူကြလို့ ဧကတ္တသညီလို့ ခေါ်တယ်။

(၅) ဧကတ္တကာယ၊ အာနေဉ္ဇသတ် ပြဟ္မာကြီးစတွေ၊ သူတို့မှာ ကိုယ်ဓနုပုံ ရှုပကာယတူကြတယ်၊ ဝိညာဏ်သညာဖရိုကြလို့ ဧကတ္တကာယ-လို့ ခေါ်ရတယ်။

(၆၊၇၊၈၊၉)ဧကတ္တသညီ ၄ ဘုံ၊ အရှုပ လေးဘုံကျတော့ ထိုဘုံလို့ကပြဟ္မာတို့မှာ ပဋိသန္ဓေ စိတ်သညာတူကြလို့ ဧကတ္တသညီ ၄-ဘုံ ခေါ်ရတယ်။ အဲဒါကို သတ္တဝါဝါသ ဘုံကိုးဝလို့ခေါ်တယ်။ အဲဒီ သတ္တဝါသ ၉-ပါးကို ပရိညာသုံးပါးနဲ့ ပိုင်းပိုင်းခြားခြား သိယင် သံသရာပင်္ကမ္မ ကျွတ်လွှတ်ခြင်း- နိဗ္ဗာန်ရောက်အကျိုး နိပ္ပဂ္ဂနိကအကျိုး ရတယ်။ ကိုရင်ငယ်ကလေးများ ဆိုတော့ ဆယ်ပုဒ္ဓာဝေယျာက် ပါပဲ၊ ဒါပေမဲ့ သင်္ခတလောကပြု၊ အဲဒီဝေတာ့ ဖေးတဲ့ကိုရင်က နောက်ဆုံး တဆယ်ကို-

၁၀။ ဒသ နာမ ကိ ၊ (လို့ မေးရတယ်)၊—

ကိုရင်ဘို့.....ဒီသာသနာတော်မှာ အရေးကြီးတဲ့ တရားဆယ်ပါး-လိုရင်းတရားဆယ်ပါး ရှိတယ် အဲဒီဘရားဆယ်ပါးက ဘယ်ဟာတွေလဲ လို့ မေးတော့- ဖြေတဲ့ကိုရင်မျှားက—

ဒသဟ+ ဂေါ်ဟိ သမန္နာဂတော အရဟာတိ ဝုစ္စတိ၊

ကိုရင်.....အသေက္ခသမ္မာဒိဋ္ဌိ+အသေက္ခသမ္မာသင်္ကပ္ပ+အသေက္ခ သမ္မာဝါစာ+ အသေက္ခသမ္မာကမ္မန္တ+ အသေက္ခသမ္မာအာဇီဝ+ အသေက္ခသမ္မာဝါယာမ+ အသေက္ခသမ္မာသတိ+ အသေက္ခသမ္မာ-သမာဓိ+ အသေက္ခသမ္မာညာဏ+အသေက္ခသမ္မာဝိမုတ္တိ- ဆိုတဲ့ရဟန္တာ ပုဂ္ဂိုလ်ဲ့ အင်္ဂါဆယ်ပါး (အသေက္ခအင်္ဂါ ဆယ်ပါး လို့ခေါ်တယ်) ဒီတရားဆယ်ပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို ရဟန္တာပုဂ္ဂိုလ်လို့ ခေါ်တယ်။ အေး.....တရားဆယ်မျိုးဆိုတာ အသေက္ခအင်္ဂါတရား ဆယ်ပါးပေါ့ ကိုရင်.....၊ ဒီကျ၊တော့ တရားသဘောဟာ အရဟတ္တဖိုလ်သို့ ရောက်သွားပြီ မြတ်စွာဘုရား၏ သာသနာဟာ မီးခိုးမဆုံး မိုးမဆုံးသာသနာ မဟုတ်၊ အရဟတ္တဖိုလ် ရောက်လျှင် ဆုံးတဲ့သာသနာ၊ အဆုံးရှိတဲ့ သာသနာ ဖြစ်တယ်၊ ယခုလဲ အရဟတ္တဖိုလ်ရောက်၍ အမေးအဖြေ တရားတစ်ခေါက်ဆုံးပြီ။

အဘိဇာရာဟုလောဝါဒသုတ်တန်

အဲဒီလို ရာဟုလာကို ရှင်ပြုပြီးတဲ့အခါကျတော့ "သာမဏေရပဉ္ဉာ" လို့တရားဆယ်မျိုး မြတ်စွာဘုရား ဟောတော် မူကယ်၊ ထို့အပြင် ရှင်ရာဟုလာကို အခြားကြွင်းပြုပြီး တရားတွေ ဟောင်းတော်မူ၊းမူ၊း ဟောပါတယ်၊ရှင်ရာဟုလာ တရားပေါင်းချုပ်လို့ စကားပလ္လင်ခံခဲ့တယ်။

ကလျာဏမိတ်ဆွေကောင်း ပေါင်းသင်းမိလို့ဒိုယင် အရဟတ္တဖိုလ်ပေါက် အကျိုးရင်ရောက်တယ်- ဆိုတဲ့ တရားအချက်ကိုပြတော်မူသ်၍ အာဘိဏှဆုဟုလောဝါဒသုတ် ၁ လို့ခေါ်တဲ့ သုတ္တန်တစ်ခု၊ ဒါကတော့ မပြက်မပြတ် တရက်ခြားတစ်ခါ နှစ်ရက်ခြားတစ်ခါ+ရက်ဆက်တစ်ခါ အခါခါနှင့် ရသလိုပဲ မြတ်စွာဘုရားက ဒီသုတ္တန်တရားကို ကိုရင်ရာဟုလာအား မပြတ်မပြတ် ဟောဟောပေးတယ်၊ သာဝတ္ထိမှာဟောတယ်၊ ရာဇဂြိုဟ်မှာ ဟောဘူးယ်- လို့ တဒုတဲ့ မှတ်လို့မရဘူး။ ဘုရားကြွရောက်တဲ့ ထိုထိုမြို့ရွာနေရာမှာ အကြောင်းညီညွတ် အခြေအနေပေးယင် ပေးသလိုပဲ ကိုရင်ရာဟုလာအား ဒီတရားကို မပြတ်မပြတ် ဟောပြ ဆုံးမတော်မူတယ်၊ ဒါကြောင့် ဒီသုတ္တန်ကို "အာဘ်ဏှရာဟုလောဝါဒ သုတ္တန်" လို့ ခေါ်တယ်။

ဥပဇ္ဈာယ်ဆရာကို လေးစားပူဇော်အပ်ခြင်း

အဲဒီ အာဘိဏှရာဟုလောဝါဒသုတ္တန်ကို ဟောတော့မယ်ဆိုတော့ ဘုရားကိုယ်တော်မြတ်က ရှင်ရာဟုလာကို တရားနားခံထားပြီး ဘာကို စ. ဟောလိုက်သလဲဆိုယင် -

၁။ ကစ္စံ အာဘိဏှသံဝါသေ၊ နာဝဇ္ဇာနာသိ ပဏ္ဍိတံ။
သြကွာဓာရော မနုဿာနံ၊ ကစ္စံ အာပစီတော ဘဝါ။
(သုတ္တနိ၊၃၂၂)

ရာဟုလ= ချစ်သားရာဟုလာ.... ။ ကစ္စံ= အသို့နည်း။ အာဘိဏှသံဝါသော= အမြဲတစေ တကျောင်းတည်းဝယ် အတူတကွ နေထိုင်ရခြင်းကြောင့်။ ပဏ္ဍိတံ=ပညာဉာဏ်ရှိ သင်၏

၁။ ရာဟုလသုတ်ကို အာဘိဏှ ရာဟုလောဝါဒသုတ်ဟုခေါ်သည်။

ဥ'ာဇျာယ်ဆရာ သာဝရိပုတ္တရာမထေရ်မြတ်ကို။ နာဝဇာနာသိ= မဇ ာမဲ့မြင် သင်ချစ်သားမပြုမိပဲရှိပါ၏လား။နာဝဇာနာသိ= သူတော်ပုဏ္ဏား ငါကားမင်းဇာတ် အာမျိုးမြတ်ဟု မဒ.ပ် မလျော် မာန်ထော်ခုလု မထဲမဲ့မြင်မှု-သင်ချစ်သား မပြုမိပဲ ရှိပါ၏လား။

ချစ်သား..... လောက ကြီးရဲ့ သဘောက အနေကြာလို့ရှိယင် အရှိအ ားသတန်ဘတ်တယ်၊ ချစ်သားဟာ ဥပဇျာယ်ဆရာနဲ့ ဒ မြဲမမြတ် တ ားတိုက်တည်း + တကျောင်းတည်းမှာ အတူတ ားက အနေကြာခြင်းဟူ သော ားကြောင်းကြောင့် ဥပဇျာယ်ဆရာတော် အပေါ်မှာ အထင်သေး မှုအမြင်သေးမှု မထိမဲ့မြင်မှုများ ပြုမှားမိသလား၊ မပြုမှားဝံပဲ ရှိပါ၏ လား။ မထိမဲ့မြင်မှု ပြုမှားမိမှာစိုးလို့ မေးတော်မူတာ။ ဥပဇျာယ် ဆရာကို အထင်သေးပြီး ကိုယ့်ကိုယ်ကိုတော့ အထင်ကြီးတ တ်တယ်။ အ ာမာနဇာခါတ ယ်၊ ဒီသဘောမျိုးများ သင်ချစ်သား သန္တာန်မှာ မဖြစ်ပဲ ရှိရဲလ ား။

ကိစ္စ=အသို့နည်း။ တယာ=ရာဟုလာခေါ် ချစ်သား တော်သည်။ မနုဿာနံ= ဂိုးမဲ ဂိုးဖြူ ထိုထိုလူတို့အနက်။ သြက္ကာခာရော=ပညာတန် ဆောင် မီးရှူးရောင်ကို ဆောင်တော်မူ တ် ဥ ဇျာယ် ဆရ ြတ် ကို။ အပစိတော= လေးမြတ် ကောင်ရော် ပူ ဇော်အပ်ပါ၏လား သင်ချစ်သား....

ချစ်သားရဲ့ ဆရာကို သေးသေး ညှော်ညှော် ငေါ်ငေါ်မထင်နဲ့၊ ပညာတေးဒဂ် ရထား တဲ့လူ့ လောကမှာ ပညာတန်ဆောင် မီးရှူးရောင် ကို ဆောင်ထား တဲ့ ပုဂ္ဂိုလ်ပြစ်တယ်၊ အဲဒီဥ ဇျာယ် ဆရာကို သင် ချစ်သား လေးမြတ် ကောင်ရော် ပူ ဇော်အပ်ရဲလား၊ ရှိသေအပ်ရဲလား— လို့ မေးတယ်။

လောကမှာ အဝဇ္ဇာတဘာဝ+အနုဇ္ဇာတသား+အတိဇ္ဇာတသား+လို့ သားသုံးမျိုးရှိတယ်၊

မိဘအောက် ကိုယ်ကျင့်ဂုဏ်နိမ့်ကျတဲ့ သားကို အဝဇ္ဇာဇ သား+ မိဘနောက်ကို အလိုက်အောင် လိုက်နိုင်တဲ့ ကိုယ်ကျင့်ရှိတဲ့သားကို အနုဇ္ဇာတသား+

တချို့သားကတော့ ကိုယ်ကျင့်သိလစသည်ဟာ မိဘထက် သာလွန်သွားတယ်၊ အဲဒီသားမျိုးကတော့ အတိဇ္ဇာတသား -လို့ ခေါ်တယ်။

ရှင်ရာဟုလာက မြတ်စွာဘုရား၏ အလိုဇေဋ္ဌကကျ ကိုယ်ကျင့်သိလ-စသည်လိုက်ပါနိုင်တဲ့ အနုဇ္ဇာတသားဖောင်းပီပီ တယ်လို့ပြန်လျှောက်သလဲဆိုတော့-

၂။ နာဟံ+ အာဘိဏှသံဝါသာ၊ အဝဇ္ဇာနာမိ ပဏ္ဍိတံ။
သြကာဓာရော မနုဿာနံ၊ နိစ္စံ အာစိဇ္ဇာ မယာ။

ဘဂဝါ=ဘုန်းကြီးတော်နေဝန်း ထွန်းပတော်မူသောမြတ်စွာဘုရား... ။ အဟံ=ရာဟုလာခေါ် တပည့်တော်သည်။ အာဘိဏှသံဝါသာ= အမြဲမပြတ် တတိုက်ထဲ+တကျောင်းထဲမှာ အတူတကွ နေထိုင်ရခြင်းကြောင့်။ ပဏ္ဍိတံ=ပညာဉာဏ်ရှိ တပည့်တော်၏ ဥပဇ္ဈာယ်ဆရာသာရိပုတ္တရာ မထေရ်မြတ်ကို။ နာဝဇ္ဇာနာမိ=မထိမဲ့မြင်မှု တရုံတခါမျှ မပြုမိခဲ့ပါဘုရား။

မြတ်စွာဘုရား.... တပည့်တော် ဥပဇ္ဈာယ်ဆရာခတင်နဲ့ အတူတကွ အနေကြာသော်လည်း ဥပဇ္ဈာယ်ဆရာ့အမေါ်မှာ မထိမဲ့မြင်မှု အထင်သေးမှု တကြိမ်ဘဖန် တရုံဘခါမျှ မပြုမိပါဘူး ဘုရား။

မယာ=ရာဟုလာခေါ် ရှင့်သားတော်သည်။ မနုဿာန်=ဦးမဲ+ဦးဖြူ ထိုထိုလူတို့အနက်။ သြက္ကာဓာရော=ပညာတန်ဆောင် မီးရှူးရောင်ကို ဆောင်တော်မူတတ် ဥပဇ္ဈာယ် မထေရ်မြတ်ကို။ နိစ္စံ=နေ့ညဉ့်မစဲ အမြဲတစေ။ အပစိတော=လေးစားကော်ရော် ပူဇော်အပ်ပါ၏ မြတ်စွာဘုရား။

ဘုရားရဲ့အလိုတော် ဘယ်လောက် ကျွတ်သလဲ၊ ဘုရားကလဲ မထီမဲ့မြင်မှု ပြုမိမှာစိုးလို့ မေးတယ်၊ မေးတဲ့အတိုင်း မပြုမိပါဘူးဘုရား တဲ့၊ ရှိသေရဲလား–မေးတော့ နေ့နေ့ညည ကာလမစဲ အမြဲတစေ ရိုသေအပ်ပါတယ်ဘုရား–ဆိုတော့ ဘယ်လောက် နှစ်လိုအားရမ်း ဝမ်းမြောက်တော်မူလိုက်မလဲ။ အကယ်၍မျှား ရာဟုလသန္တာန်မှာ မာန်မာနကြီးရှိနေမယ်+ဇာတိမာန် ခက်ထန်နေမယ်ဆိုယင် ထွန်တုံးမျိုထားတဲ့ စပါးကြီးမြွကြီးဟာ မခွေနိုင်ပဲ တောင့်ခိုင်ခိုင်ကြီး ဖြစ်နေသလို ဘယ်လိုနည်းနဲ့မှ မဂ်ဖိုလ်ကို မရဘူး၊ အာခံနေတာကို၊ အခုတော့ မာန်မာန လုံးဝမရှိပဲ ခြေသုတ်ကြိုးဝန်းလို ဥပဇ္ဈာယ်ဆရာတော် အပေါ်မှာ အမြဲဘစေ ရိုသေနေတယ်ဆိုတော့ ရာဟုလာရဲ့နှလုံးအိမ်သည် တရားတည်းဟူသော ခြင်္သေ့ဆီ တည်နိုင်တဲ့ သိဂ်ီဂေ္ဂါခ်သဖွယ် ဖြစ်နေ ့၊ ဒီ့တော့ ရှင်ရာဟုလာရဲ့ နှလုံးအိမ် တည်းဟူသော သိဂ်ီဂေ္ဂါခ်ထဲမှာ တရာ့တည်းဟူသော ခြင်္သေ့ဆီကို ထည့်လောင်းပေးရန် အချိန်တန်ပြီလို့ သိမြင်တော်မူပြီး မြတ်စွာဘုရားက–

၃။ ပဥ္စ ကာမဂုဏေ ဟိတ္ဝာ၊ ပိယရူပေ မနောရမေ။
သဒ္ဓါယ ဃရာ နိက္ခမ္မ၊ ဒုက္ခဿန္တကရော ဘဝ။

ဝဋ်ဒုက္ခဆုံးဆောင် အကျင့်အပ်ခြင်း

ရာဟုလ=ချစ်သားရာဟုလာ....။ တုံ=သင်ချစ်သားသည်။ ပိယ-ရူပေ=ချစ်အပ်သောသဘောရှိကုန်သော။ မနောရမေ=စိတ်နှလုံးကို

ရှင်ပြုံးမွေလျော် စေနိုင်ကုန်သော။ ပဉ္စကာမဂုဏော=အာရုံငါးပါး ကာမဂုဏ်တရားကို။ ဟိတွာ=ကိုယ်မှငဲ့ထားဟက် တံဆွတ်ခွက်သို့ ရက်ရက်ကြီးစွန့်ခွာ၍။ သဒ္ဓါယ=သဒ္ဓါတရားဖြင့် ဝါ-ဒဒ္ဒယ=သာသနာဝင်သျှင် နိယျ နိကအာကျိုးကို မုခ္ခရဖောဲ-လို့ မမှိတ်မသုံ ယုံကြည်တဲ့ သဒ္ဓါတရားဖြင့်။ ဃရာ=အိမ်ရာတည်ထောင် လူတို့ဘောင်မှ။ နိက္ခမ္မ=အိမ်ရာထောင် ရဟန်းဘောင်အရောက် ထွက်မြောက်လေပြီး ဖြစ်သော့ကြောင့်။ (ဝါ)သဒ္ဓါယ ဃရာ နိ က္ခမ္မ=သဒ္ဓါပဋိဇ္ဈတ ကုလပုတ္တစင်စစ် သင်ချစ်သား ဖြင့်ရကား။ ဒုက္ခဿ=စက်သံသာရ ဝဋ်ဒုက္ခ၏။ အန္တကရော=အဆုံးယောက်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်သည်။ ဘဝ-ဘဝ ဟိ=မနေမနား သင်ချစ်သား ဖြစ်ပွားပါလေ။

ချစ်သား... ချစ်သားကိုယ်ချစ်သား ပြန်ဂဉ်းစားကြည့်စမ်း၊ ငရဲနန်းတဲမှာ ဘိုးဒတ်ဘုရားနဲ့ နေလို့ရှိယင်ဖြင့် စကြဝဠာတစ်လောကဲ့နီးနီး ကြီးကျယ်တဲ့ စည်းစိမ်တွေ ဝတ္ထုအာရုံ ကာမဂုဏ်တွေကို သုံးဆောင်ရမည် အမှန်ပင်၊ စကြဝတေးမင်းဖြစ်ယင်လဲ စကြဝတေးရဲ့ စည်းစိမ်တွေ သုံးဆောင်ခံစားရမှာတွေကို ကိုယ်မှငဲ့ထားဟက် တံဆွတ်ခွက်သို့ ရက်ရက်ကြီးစွန့်ခွာ၍ သဒ္ဓါပဋိဇ္ဈတ ဘသာဝဏ နာဝင် မျှင်ပြုနဲ့တဲ့.... ရှင်သာမဏေဟော ပီပီတဲ့ ... ချစ်သားသဒ္ဓါပဋိဇ္ဈတ သမားကို သွားရောလမ်းကြောင်းဖြစ်တဲ့ သံသရာဝဋ်ဆင်းရဲရဲ့ အဆုံးရောက်အောင် ကျင့်ဆောင်မှုဆိုတဲ့ အဲဒီအလုပ်ကို ရဲရဲတောက် ချစ်သား ပြုလုပ်လေ။

ပရိသတ် မြင်နေတာကတော့ ရာဟုလာ အမွေတောင်းတာကို ဘ မှ မပြောဝံ့တဲ့ ကလေးကို မြတ်စွာဘုရားက အတင်းရှင်ပြုပေးလိုက်သလို ထင်ရ မြင်ရတယ်၊ ဘုရားက ရာဟုလာကို သဒ္ဓါပဋိဇ္ဈတ-လို့ ပြောတော့ အရှင်မြင်တာက အမွေခံတောင်းလို့ ရှင်ပြု

ပေးလိုက်တာကို အပေါ်ယံမြင်ပြီးတော့ "ဘယ် သဒ္ဓါပဗ္ဗဇိတ – ဟုတ် မလဲ၊ ကလေးမို့ ဘာမှမသိပြောဝံ့လို့ ကိုရင်ဝတ်လိုက်ရတာ" လို့ ထင်တယ်။ အမှန်မြတ်စွာဘုရား မြင်တော်မူတာက ရာဟုလာရဲ့ အတွင်းအဖျားသယ ဓာတ်က နေကွမ္မတ္ထာသယဓာတ်ရှိတယ်၊ အဲဒီ နေကွမ္မတ္ထာသယဓာတ်ရှိတာကို အစဲပြုပြီးတော့ သူ့ကို သဒ္ဓါပဗ္ဗဇိတ=သဒ္ဓါကြည်ညိုလို့ ရှင်ပြုတဲ့ သာမဏေ–လို့ မိန့်တော်မူတာဖြစ်တယ်။ (သုတ္တနိ၊ဋ္ဌ၊ ဒု၊ ၃၄။ သုတ္တနိ၊ပါ၊ ၃၂၉)

ဒီနေရာမှာ "သဒ္ဓါယ ဃရာ နိက္ခမ္မ၊ ဒုက္ခဿန္တကရော ဘဝ=ချစ်သား.... သဒ္ဓါပဗ္ဗဇိတပီပီ သဒ္ဓါပဗ္ဗဇိတတို့ရဲ့ အလုပ်ဖြစ်တဲ့ သံသရာဝဋ်ဒုက္ခရဲ့အဆုံးရောက်အောင် ကျင့်ဆောက်ကြိုးကုတ်အားထုတ်လေ" ဤမျှလောက်ပြောပြီး "ကဲ သွားတော့"လို့ လွှတ်လိုက်ယင် ကိုရင်က လေးက ထသွားရမှာပဲ။ သံသရာဝဋ်က ကျွတ်အောင် အဆုံးရောက်အောင် အားထုတ်ပုံ ကို မဟောပဲနဲ့ ဒီအတိုင်း လွှတ်လိုက်ယင် နားထောင်ကြည့်လေ "အားထုတ်ရမယ်" ဆိုပြီး "ကဲ သွားတော့" လို့ ဆိုက လောကသဘော ပြီးတာပဲ။ အားထုတ်နည်းကို မဖော်ပြတဲ့ သာသနာ မဟုတ်ဘူး၊ အားထုတ်နည်းကို အပြည့်အစုံ ဖော်ပြတဲ့ သာသနာ တရားဒေသနာတော် ဖြစ်ပါတယ်။ ဒီတော့ သံသရာဝဋ်က ကျွတ်လွတ်အောင် သံသရာဝဋ်ရဲ့အဆုံးရောက်အောင် တစ်ကနေပြီးတော့ ဟောဒီလို ကျင့်ဆောင်ကြိုးကုတ် အားထုတ်၊ ဒီလိုပြလိုတော်မူလို့ မြတ်စွာဘုရားက–

၄။ မိတ္တော ဘဇဿု ကလ္လာဏော၊ ပန္ထဥ္ဇ သယနာသနံ။
ဝိဝိတ္တံ အပ္ပနိဒ္ဓါသိ၊ မတ္တညူ ဟောဟိ ဘောဇနေ။

စသည်ဖြင့် ကျင့်ပုံကို အကျယ်ဘဝင့် ဟောပြတော်မူခဲ့တယ်။ ရာဟုလ၊ ချစ်သားသည်းချာ ရာဟုလာ....။ ကလ္လာဏော မိတ္တော၊

ကလျာဏမိတ်ပေါင်း ဆရာခကောင်းတို့ကို။ ဘဇဿု=နှစ်ရှည်ရက်လျား သင်ချစ်သား ခစားဆည်းကပ်ပါလေ။

မိတ်ဆွေကောင်းကို ပေါင်းသင်းသင့်ခြင်း

မိတ်ဆွေကောင်းဆိုတာ ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေကောင်းတွေ ကလျာဏမိတ္တဆိုတဲ့အထဲမှာ ဆရာကောင်းလဲ ပါပစေ၊ အဲဒါ တစ်ပဲ။ ကလျာဏသမ္ဘတ္တဆိုတဲ့ မိတ်ဆွေကောင်း ပေါင်းမိတာမျှား သာသနာအတွက် ကူပ်ပြည့် တင်းပြည့် အကျိုးကြီးတယ်။ တချိန်က.. အရှင်အာနန္ဒာတစ်ပါးတည်း ငဉ်းစားတယ်– "ဩော်....မိတ်ဆွေကောင်းများကို ပေါင်းသင်းမိတာဟာ သာသနာကစ္စ တဝက်ခရီးဇရောက်တာ" လို့ အဲဒီလို စဉ်းစားမိပြီး ညနေကျတော့ မြတ်စွာဘုရားထံ သွားရောက်လျှောက်ထားတယ်။

"မိတ်ဆွေကောင်း ပေါင်းသင်းမိတာဟာ သာသနာဇဝတ်တဝက် ခရီးရောက်တယ်။ အဲဒီလို အကြံဖြစ်ပါတယ်ဘုရား"... လို့ မြတ်စွာဘုရားအား လျှောက်ထားတော့ မြတ်စွာဘုရားက–

"မာ ဟေ+ဝံ အာနန္ဒ မာ ဟေ+ဝံ အာနန္ဒ၊ သကလမေဝ ဟိဒံ အာနန္ဒ ဗြဟ္မစရိယံ၊ ယဒိဒံ ကလျာဏမိတ္တတာ" ချစ်သား အာနန္ဒာ ဒီလိုမပြောနဲ့၊ ချစ်သားအာနန္ဒာ... ဒီလိုမပြောနဲ့၊ လို့ (နှစ်ကြိမ် တိုင် တိုင် လေးလေးနက်နက် ကန့်ကွက်တယ်၊ ကန့်ကွက်ပြီးတော့မှ) ချစ်သား အာနန္ဒာ....မိတ်ဆွေကောင်း ပေါင်းသင်းမိလျှင် သာသနာကိစ္စအကုန်လုံး ပြည့်စုံတယ်၊ ဟုတ်ပါ့မလား၊ သက်သေပြစမ်းပါ–ဆိုယင်–

မမဥ္စိ အာနန္ဒ ကလျာဏမိတ္တံ အာဂမ္မ ဇာတိဓမ္မာ သတ္တာ ဇာတိယာ ပရိမုစ္စန္တိ၊ ဇရာဓမ္မာ သတ္တာ ဇရာယ ပရိမုစ္စန္တိ၊ ဗျာဓိဓမ္မာ သတ္တာ ဗျာဓိတော ပရိမုစ္စန္တိ၊ မရဏဓမ္မာ သတ္တာ

မရဏေန ငရိမုစ္စန္တိ၊ သောက+ ပရိဒေဝ+ ဒုက္ခ+ဒေါမနဿု+ ပါယာသဓမ္မာ သင်္ဘာ သောက+ပရိဒေဝ+ဒုက္ခ+ဒေါမနဿု+ ပါယာသေဟိ ပရိမုစ္စန္တိ –

ကလျာဏမိတ်ကောင်း ပေါင်းသင်းမိလို့ဦးရင် အကုန်လုံး ပြီးတယ် ဆိုတဲ့အထောက် ပြရယ်ချင် ငါဘုရားတည်းဟူသော ကလျာဏမိတ်ဆွေ ကောင်း ပေါင်းသင်း ဆည်းကပ်မိခြင်းကြောင့် ဇာတိဘေး မအေးကြ သေးတဲ့ သတ္တဝါတွေ ဇာတိဘေးမှ လွတ်မြောက် ကြရတယ်၊ ဇရာဘေး +ဗျာဓိဘေး+မရဏဘေး +သောက+ပရိဒေဝ+ဒုက္ခ+ဒေါမနဿ+ ဥပါယာသဘေးတို့မှ မအေးကြသေးတဲ့ သတ္တဝါတွေ၊ ဇရာ ဘေး +ဗျာဓိဘေး+ မရဏဘေး +သောက+ပရိဒေဝ+ ဒုက္ခ+ဒေါမနဿ+ ဥပါယာသဘေး တို့မှ ကင်းဝေး လွတ်မြောက်ကြရတယ်။ အဲဒီဇာတိ ဘေး+ ဇရာဘေး+ ဗျာဓိဘေး+ မရဏဘေး+ သောက+ပရိဒေဝ ဒုက္ခ+ဒေါမနဿ+ဥပါယာသဘေးတို့မှ ကင်းဝေးငြိမ်းအေးယင် အဲဒါ သာသနာကိုစု ပြီးဆုံးတာပဲ၊ ဒါကြောင့် မိတ်ဆွေကောင်း ပေါင်းသင်း မိယင် သာသနာအတွက် အကုန်လုံး ကိုစုပြီးတယ်... လို့ မြတ်စွာဘုရား က သံယုတ်ပါဠိတော်မှာ ဟောထားတယ်။ (သံ၊၁။၈၈) ဒါဟာ တစ် – ပြီးပြီ။ နှစ် – အနေနဲ့ –

တောအရပ်၌ နေအပ်ခြင်း

ဝိဝိတ္တံ=လူသံမှ ဆိတ်သော။ အပ္ပနိဂ္ဃောသံ=မြို့သံ ရွာသံ =မြို့တွန်သံ+ရွာတွန်သံတို့နှင့် မရောသော။ ပန္တဉ္စ သယနာ-သနံ=မြို့စွန်ရွာဖျား တောကျောင်းများကို လဲပဲ။ ဘဇသူ= နေ့ရှည်ရက်ညောင်း သင်ချစ်သား ကံန်းအောင်း မှီခိုပါလေ။

အေး... မြို့ကလူတွေကြားယင် ဘယ်ခံချင်မလဲ၊ မြတ်စွာဘုရားက တော့–"ချစ်သား .. မြို့စွန်ရွာဖျား တောကျောင်းများမှာ သင်ချစ်သားနေပါ၊ မြို့စွန်ရွာဖျား တောကျောင်းများမှာ နေတော့ သစ်ရွက်ကလေးဟျားကြွကျဘာကို တွေ့ရ+မြင်ရတာ နဲ့ အဲဒါက ဗဟိဒ္ဓဥပနိဿရည်း စွဉ်းအခထောက်အပံ့ဖြစ်ပြီးတော့ အဋ္ဌတ္တ ငါ့ခန္ဓာလဲဒီသစ်ရွက်ကလေးတွေလို ကြွေရမှာပါလား...."လို့အဲဒီလို သံဝေဂဖျား ဖြစ်ရတယ်၊ မြို့ထဲ ရွာထဲကျတော့ သပ္ပါယမဖြစ်ဖူး၊ ဒါ့ကြောင့် မြတ်စွာဘုရားက ရဟန်းတရား အားထုတ်ဖို့ သပ္ပါယနေရာအနေနဲ့ တောကျောင်းကို ညွှန်ပြဘော်မူတာယ်။(ဒါက နှစ်-အချက်)။

ဘာဇနမတ္တညူ။

ဘောဇနေ=ဆွမ်းခဲဖွယ်ဒဘာဇဉ်၌။ မတ္တညူ=ခံယူတဲ့နရာ+စားသုံးတဲ့နရာမှာ အတိုင်းအရှည်ကိုသိသူ မတ္တညူပုဂ္ဂိုလ်သည်။ ဟောတိ=ပညာတရား ရှေ့ဆယ်ထား၍ သင်ချစ်သား ဖြစ်ပွားပါလေ။

ချစ်သား .. ဆွမ်းခဲဖွယ်ဘောဇဉ်ကို ခံယူတဲ့နရာမှာလဲပဲ မတ္တညူပုဂ္ဂိုလ်ဖြစ် ပို့ကပါ၊ စားသုံ တဲ့နရာမှာလဲပဲ မတ္တညူပုဂ္ဂိုလ် ဖြစ်လိုက်ပါ...တဲ့။

အလှူခံယူနည်း သတိပြုပါ

ခံယူတဲ့နရာမှာ မတ္တညူ ပုဂ္ဂိုလ်ဖြစ်ဘယ်ဆိုတာ ဘာလဲ–

(၁) လှူဖွယ်ပစ္စည်းက နည်းတယ်၊ ဒါတရားက များတယ်-ဆိုယင်သဒ္ဓါဘရားငဲ့ပြီးတော့ ပစ္စည်းဓတ်ကို အများကြီး အလှူမခံနဲ့၊ လှူဖွယ်ပစ္စည်း နည်းတဲ့ဘက်ကို ထောက်ပြီးတော့ နည်းနည်း အလှူခံရတယ်။

(၂) လှုံ့ဖွယ်ပစ္စည်းများသော်လဲပဲ သဒ္ဓါဘရား အားနည်းတဲ့ ပုဂ္ဂိုလ်ဆိုယင် သဒ္ဓါဝါရုံးအားနည်းတာကိုကြည့်ပြီးတော့ နည်းနည်းပဲ အလှူခံရတယ်။

(၃) လှုံ့ဖွယ်ပစ္စည်းကလဲ နည်း+သဒ္ဓါတရားကလဲ နည်းယင် အနည် နှစ်ပါးကို ကြည့်ပြီးတော့ နည်းနည်းပဲ အလှူခံရတယ်။

(၄) လှုံ့ဖွယ်ပစ္စည်းကလဲများ+သဒ္ဓါတရားကလဲများ ဆိုလို၌ ယင်လဲပဲ နှစ်ဖက်များနောကြည့်ပြီး ပုံပေါလော အလှူခံရမလား ဆိုတော့မဟုတ်ဘူး၊ ကိုယ်နဲ့မျှတရုံပဲအလှူခံပါ-တဲ့။ (သံ၊ဋ္ဌ၊၃ ၆၇+ဂ) အေး...ဆိုကြပါစို့.—မြို့ထဲ+ရွာထဲ ဆွမ်းစားသွားကြည့်၊ ဆွမ်းကပ်ပြီဆိုကတဲ့က ဘုန်းကြီးများဝပြီးတဲ့ နောက်တောင်မှ ဒကာ+ဒကာမတွေက ထပ်ထည့်တုံး၊ အဲဒီသဘောလို သဒ္ဓါတရားကလဲ အင်အားကြီးတယ်၊ လှုံ့ဖွယ်ဂတ္ထုတွေကလဲ များတယ်-ဆိုတဲ့ နှစ်ဘက်ပေါ်များနေယင် သူတော်ကောင်း ရဟန်းကပါး+သာမဏေတစ်ပါးအနေနဲ့ ကုယ်နဲ့ မျှတရုံကုံပဲ အလှူခံပါတဲ့။ ဒါဟာ ခံယူတဲ့နေရာမှာ အတိုင်းအရှည်ကို သိခြင်းပဲ။

စားသုံးတဲ့နေရာမှာ အာဟိုင်းအရှည် ကို သိတယ်-ဆိုတာက လေးလုတ်+ငါးလုတ် လျှော့စားရမယ်-

စတ္တာရော ပဉ္စ အာလောပေ၊ အဘုတ္တာ ဥဒကံ ပိဝေ။

အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော[1]။

ထေရဂါထာပါဠိတော်မှာ ဒီတရားဂါထာလာရှိပါတယ်၊ လေးလုတ် ငါးလုတ် လျှော့၍စားရမယ်၊ အဲဒီလိုစားယင် စားသုံးတဲ့နေရာမှာ

၁။ ထေရ။၃၄၃။ မာဋ္ဌ၊၁။ ၂၈၆။ သံ ဋ္ဌ၊ ၂။၉၉။ အဘိ၊ဋ္ဌ၊၁။၄၃ ၂။အဘိ၊ ဋ္ဌ၊ ၂။ ၂၅၈။ ဣတိ၀ု၊ဋ္ဌ၊၄၀။ ဝိသု၌၊၁။၃၂ ၂။

အတိုင်းအရှည်ကိုသိတယ်၊ ပစ္စဝေက္ခဏာတင် ဆင်ခြင်ပြီးတော့ စားရမယ်။ အဲဒီသို့စားယင် စားသုံးဘဲ့ခနဆာတိုင်း ဘောဇနမတ္တညူပုဂ္ဂိုလ် ဖြစ်တယ်။ ။ဒီဂါထာဖြင့် အခြေခံ တရားသုံးမျိုးကိုပြတယ်-

(၁) မိတ်ကောင်းမို့စ၊ (၂) တောရပ်နေ၊ (၃) သုံးလေမတ္တညူ။

(၁) မိဘ်ဆွကောင်း ပေါင်းသင်းရမယ်။ (၂) ဆိတ်ငြိမ်ရာတောအရပ်မှာ မို့ခိုကိန်းအောင်းရမယ်။ (၃) ဆွမ်းခံဖုပ်ဘောဇဉ်ဒွဲ့ အတိုင်းအရှည်ကိုသိပြီးတော့ ခံယူသုံးဆောင်ရမယ်။ ပြီးပြီလား-လို့ဆိုတော့ မပြီးသေးပါ-

ပစ္စည်းလေးဖြာ မတွယ်တာနှင့်

၅။ စီဝဓရပိဏ္ဍပါတေ စ၊ ပစ္စယေ သယနာသနေ။
တေသု တဏှံ မာကာသိ၊ မာ လောကံ ပုန+ဂုဂမိ။

ရာဟုလ=ချစ်သားသည်းချာ ရာဟုလာ....။ စီဝဓရေ စ= သက်နှံးပစ္စည်းဥလည်းကောင်း။ ပိဏ္ဍပါတေ စ=ဆွမ်းပစ္စည်းဥလည်းကောင်း။ ပစ္စယေ စ=ဆေးပစ္စည်းဥလည်းကောင်း။ သယနာသနေ = ကျောင်း အိပ်ရာ နေရာပစ္စည်းဥလည်းကောင်း။ တေသု=ဤသက်နှံး+ဆွမ်း+ကျောင်း+ဆေးပစ္စည်းလေးပါးတို့ဥ။ တဏှံ = ငါ့သက်နှံး+ ငါ့ဆွမ်း+ငါ့ကျောင်း+ငါ့ဆေး-ဟု သာယာစုံမက် တပ်နှစ်သက်မှုကို။ မာကာသိ=သဘိရှောထား သင်ချစ်သား မပြုမှားလေလင့်။ လောကံ=ဒုက္ခတွေ့ပေါလှတဲ့ ဤလောကကြီးထဲသို့။ မာ ပုန အာဂမိ=နောက်ထပ်တဖန် သင်ချဉ်သား ပြန်မလာချင်လေနှင့်။

သာသနာရှိုက်ရိုန်းဝါနဲ့ သင်ချစ်သားအား ဒကာ+ဒကာမများက သက်ိန်းကောင်း + ဆွမ်းကောင်း + ကျောင်းကောင်း+ ဆေးကောင်း=ပစ္စည်းလေးပါးတို့ လှူကြလိမ့်မယ်၊ အဲဒီ ဒကာ+ဒကာမများလှူတဲ့ ပစ္စည်းလေးပါးပေါ်မှာ ငါသက်ိန်း + ငါဆွမ်း+ငါကျောင်း+ငါဆေး-လို့ တွယ်တာတဲ့တဏှာတရား သင်ချစ်သား မပြုမှားလေနဲ့။ တွယ်ဘာပင် ဒုက္ခတွေ့ပေါလှတဲ့ ဤလောကကြီးထဲကို သင်ချစ်သား တဖန်ပြန်လာနေရလိမ့်မယ်၊ ပြန်မလာချင်နဲ့ချစ်သား။

ဤဂါထာကြောင့်—

ပစ္စည်းလေးဖြာ၊ မတွယ်တာ၊ တဏှာငြိမ်းအောင်ပြု—

ဟူသော ဓမ္မပဒသကို ဖော်ပြသည်။

ဆိုခဲ့ပြီးသော ၄-နံပါတ် ဂါထာ+၅-နံပါတ် ဂါထာ=ဤနှစ်ဂါထာတို့ဖြင့် (၁) မိတ်ဆွေကောင်း ပေါင်းသင်းဆည်းကပ်ခြင်း၊ (၂) ဆိတ်ငြိမ်ရာအရပ်၌ ချည်းကပ်နေထိုင်ခြင်း (၃) ဆွမ်းခံဖွယ်ဘောဇဉ်ကို ခံယူ+သုံးစွဲရာ၌ အတ်ိင်းအရှည်ကိုသိခြင်း (၄) ပစ္စည်းလေးပါး၌ မတွယ်တာခြင်းတည်းဟူသော ဓမ္မကန်းတိုင်ကြီး လေးတိုင်စိုက်ထူပြီးတဲ့နောက် ထိုအပေါ်မှာမှ သီလ+သမာဓိ+ပညာ ဘာဝနာသုံးပါး တရားဗိမာန်ကြီးများ ဆောက်လုပ်ဖို့ရန် အစဉ်အတိုင်း ဟောပြတော်မူသည်—

သလဗမာန် တည်ဆောက်ရန်

၆။ သံဝုတော ပါတိမောက္ခသ်ံ၊ ဣန္ဒြိယေသု စ ပဉ္စသု။
သတိ ကာယဂတာ တျ+တ္ထု၊ နိဗ္ဗိဒါ ဗဟုလော ဘဝ။

ရာဟုလ=ချစ်သားသည်းချာ ရာဟုလာ....။ တံ်=သင်ချစ်သား သည်။ ပါတိမောက္ခသ်ံ=ပါတိမောက္ခ သံဝရသီလ၌။ သံဝုတော=

လုံခြုံအောင် စောင့်ထိန်းသည်။ ဘဝ=ဘဝါဘိ=သဒ္ဓါတရား ရွှေဝယ် ထား၍ သင်ချစ်သား ဖြစ်ပွဘပါးလေ -

ပါတိမောက္ခ၊ သံဝရ၊ သီလလုံစေမှု။

ပဥ္စသု=ငါးမျိုးကန်သော။ ဣန္ဒြိယေသု=မျက်စိ, နား, နှာ, လျှာ, ကိုယ် - အား ဣန္ဒြိယရုံးဘို့၌။ သံဝုတော=အကုသိုလ် ခိုးသားတို့ ဝင်ရောက်၍ မနှောင့်ယှက်နိုင်အောင် စောင့်ထိန်းခြင်း သည်။ ဘဝ-ဘဝါဟိ=သဘိရွှေထား သင်ချစ်သား ဖြစ်ပွားပါစေလ။

မျက်စိ နား, နှာ, လျှာ, ကိုယ်, စိတ် - ဆိုတဲ့ ဣန္ဒြိယခြောက်ပါး တံခါးခြောက်ပေါက်တို့မှ အကုသိုလ်ခိုးသားတို့ ဝင်ရောက်၍ ရာဇာန်း တရားတည်းဟူသော ဥစ္စာဘို့ကို အလုယက်မခံရလေအောင် သတိ တည်းဟူသော တံခါးဗိုလ် - တံခါးမှူးခန့်၍ လုံခြုံအောင် စောင့်စည်း လေ ချစ်သား....။ (ပါဠိဋ္ဌ ဥပလက္ခဏနည်းအားဖြင့် ဣန္ဒြိယပါးပါးဟု ဟောသည်။)

တံခါ ခြောက်ထွေ၊ ဣန္ဒြေ ငြိမ်းစေ၊ ပိတ်ဆို့ပြု။

သမာဓိဗဟုန် တည်ဆောက်ရန်

တေ=သင်ချစ်သား၏။ သတိ=သ ကိသည်။ ကာယဂတာ=ဒဋ္ဌိ-သာကာရ တည်းဟူသော သုံးဆယ့်နှစ်ကောဋ္ဌာသ ကိုယ်ကာယဂ်၌ တည်သည်။ အ တ္ထု=ဘဝတု=ဖြစ်ပါစေ။ နိဗ္ဗာဓိဟုလော=ဦးဇင်္ဂ အားသန် နိဗ္ဗိဒါဉာဏ် ပြောမျှားရင့်သန်သည်။ ဘဝ=ဘဝါဟိ=သတိ ရွှေထား သင်ချစ်သား ဖြစ်ပွားပါလေ။

ချစ်သားရဟုလာ သီလဘုံဗိမာန်ကြီး ဆောက်ပြီးလျှင် ထို၏ အထက်က သမာဓိဘာဝနာ ဓမ္မဗိုမာန်ကြီး တည်ဆောက်လေ

သမာဓိဘာဝနာကိုပွားများအားထုတ်ရာမှာ သင်ချစ်သားနှင့် သပွာယဖြစ်တဲ့ ကာယဂတာသတိ သမာဓိဘာဝနာတရား ပွားများလေ့ကျင့်တတ်မြောက်သော ကိုယ်ခွံ သုံးဆယ့်နှစ်ကောဋ္ဌာသ ရှိနေသည်ကို မြင်လာသောအခါ လောကကြီးကို သင်ချက်သားငြီးငွေ့လာလိမ့်မယ်၊ ခန္ဓာလောကကို ငြီးငွေ့လာလိမ့်မယ်။ ငြီးငွေ့လာအောင်ရှုလေ—

သတိပဋ္ဌာန၊ ကိုယ်ခွံသာ၊ ခန္ဓာငြီးငွေ့မှု။

ကာယဂတာသတိကမ္မဋ္ဌာန်း လျင်မြန်စွာပြည့်စုံအောင် ဘယ်လို ကျင့်ရမလဲ၊ ထိုကာယဂတာသတိ သမာဓိဘာဝနာကို ဘယ်အဆင့်ရောက် ပွားများရမည်လဲ—ဟု မေးဖွယ်ရှိလို့ ထိုအမေးနှစ်ချက်အတွက် ဖြေရှင်းဟောပြရန် ဤဂါထာကို ဆက်လက်ဟောတော်မူသည်—

၇။ နိဓိတ္တံ ပရိဝဇ္ဇေဟိ၊ သုဘံ ဂုဂ္ဂုပသံဟိတံ။
အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။

ရာဟုလ၊ ချစ်လားသည်းချာ ရာဟုလာ။ (ကာယဂတာသတိကမ္မဋ္ဌာန်း အောင်မြင်ချင်ယင် ရှောင်ကြဉ်ရမှာကဟောဒါ) သုဘံနိမိတ္တံ၊ တင့်တယ်သည် ဖွယ်ရာသည် မင်္ဂလာရှိသည် ထို+ဤစွဲကြိုတ် သုဘနိမိတ်ကို၊ ပရိဝဇ္ဇေဟိ၊ သတိရှေထား သင်ချစ်သား ရှောင်ရှားပါလေ။

ဆံပင်ကလေးများကို ကြည့်ပြီး "ငါ့ဆံပင်ကလေးတွေက တင့်တယ်လိုက်တာ၊ ဖွယ်ရာလိုက်ဘာ၊ မင်္ဂလာရှိလိုက်တာ၊ ပိတုန်းရောင်မျောင်လို့ ပါတကား—စသည်မှတ်ထင်မှု=သုဘနိမိတ်ကို ခွါပါရှောင်ပါလေ။

ကေဂ္ဂံ၊ ဥပစာရသမာဓိဖြင့် တစ်ခုသော အာရုံရှိသော။
သုသမာဟိတံ၊ အပ္ပနာသမာဓိဖြင့် လွန်စွာတည်ကြည်ခြင်း

ရှိသော။ အသုဘာယ စိတ်တံ၊ သင်္ဂီအသုဘ ခေါ်ဆိုရတဲ့ ကာယဂတာသတိကမ္မဋ္ဌာန်းကို စီးပြန်းရှုရသော ဥပစာရ-သမာဓိစျာန်စိတ် (ဝတ်နိုင်လျှင်) အပ္ပနာသမာဓိ စျာန်စိတ်ကို။ ဘာဝေဟိ၊ မနေမနား သင်ချစ်သား ပွားများအားထုတ်ပါလေ။

ကာယဂတာသတိကမ္မဋ္ဌာန်းကို အနည်းဆုံး ဥပစာရသမာဓိရောက်အောင်၊ တတ်နိုင်လျှင် ရူပါဝစရပဌမစျာန် အပ္ပနာသမာဓိရောက်အောင် သင်ချစ်သား ပွားများရမည်-ဟု ဆိုလိုသည်။

သုဘနိမိတ်၊ ခွါရှောင်ဆိတ်၊ စျာန်စိတ်ပိုင်အောင်ရှု။

သမာဓိမမွေ့မြိမ်သာန်ကြီး ဆောက်လုပ်ပြီးပြီ၊ အဲဒီအပေါ်မှာ တဆင့် ပညာဗိမာန်ကြီး ဘယ်လို ဆောက်လုပ်ရမလဲ-

၈။ **အနိမိတ္တဉ္စ** ဘာဝေဟိ၊ မာနာနုသယ+မုဇ္ဇဟာ။
တဇ္ဇော မာနာဘိသမယာ၊ ဥပသန္တော စရိဿသိ။

ရာဟုလ= ချစ်သား**သ**ည်းချာ ရာဟုလာ....။**တတော=** ထိုသို့ ပါတိမောက္ခ သံဝရသီလ, ဣန္ဒြိယသံဝရသီလ နှစ်ပါးလုံးခြုံ ကာယ-ဂတာသတိဖြင့် ဥပစာရသမာဓိရောက် (သို့မဟုတ် တတ်နိုင်ယင်) အပ္ပနာသမာဓိရောက် သမာဓိဘာဝနာကို ထူထောင်ပြီ သည်မှ နောက်ကာလ၌။ **အနိမိတ္တဉ္စ=**နိစ္စနိမိတ်, သုခနိမိတ်, အတ္တနိမိတ် ခွါရှောင်ဆိတ်စေသဖြင့် အနိမိတ္တ အမည်ရသော အနိစ္စ, ဒုက္ခ, အနတ္တ ဝိပဿနာ ဘာဝနာကိုလဲပဲ။ ဘာဝေဟိ=မနေမနား သင် ချစ်သား ပွားများပါလေ။

သီလသိက္ခာ သမာဓိသိက္ခာ ပြီးတော့ ချစ်သား အနိမိတ္တဘာဝနာ ခေါ်တဲ့ အနိစ္စဘာဝနာ ဒုက္ခဘာဝနာ အနတ္တဘာဝနာတရား ပွားများ

ပါလေ။ အနိစ္စဘာဝနာသည် နိစ္စနိမိတ်ကို ဆိတ်စေတတ်လို့+ဒုက္ခ ဘာဝနာသည် သုခနိမိတ်ကို ဆိတ်စေတတ်လို့ အနိမိတ္တ+အနတ္တ ဘာဝနာသည် အဿုနိမိတ်ကို ဆိတ်စေတတ်လို့ အနိမိတ္တ ဘာဝနာလို့ အမည် ရတယ်။

အေး....အနိစ္စ ဒုက္ခ အနတ္တ-ဆိုတဲ့ ဒီဘာဝနာသုံးပါးကို ဘယ် လောက်ကြာကြာ ဘယ်အခြေအနေရောက် ပွားရမှာလဲ....လို့ မေးစရာ ရှိတယ်။ ဤအနာဂတမှာ အဖြေနှစ်မျိုး ဖြေနိုင်တယ်၊ (၁) အဖြေက "အရဟာတ္တဖိုလ်ဆိုတာ အောင် ပွားရမယ်-လို့လဲ ဖြေနိုင်တယ်၊ အဲဒီလို ဖြေယင် နားထောင်တဲ့ပုဂ္ဂိုလ်အဖို့ရာ အရဟာတ္တဖိုလ်ဆိုတာ သူမမြင်ဖူး မရဖူးတဲ့ဘဏ္ဍာ၊ မမြင်ဖူးတဲ့ အရပ်ဒေသကို အောင် သွားဟ-လို့ ပြော တာနဲ့တူနေတယ်။ မမြင်ဖူးတဲ့တရား မသိဖူးတဲ့တရား ကိုယ့်မှာ ပါပ် ခါမှ မဖြစ်ဖူးတဲ့တရားကို ရအောင်ပွားရမယ်ဆိုတော့ (မဲ့ရောက်ဖူးတဲ့ အရပ်ကို ရောက်အောင်သွားရမယ်ဆိုယင် အသွားရခက် အားပျက် သလို) ကိုယ့်မှာ မဖြစ်ဖူး+ မဲ့ရောက်ဖူး+ မသိဖူးတဲ့ အရဟတ္တဖိုလ် ရောက်အောင် ပွားရမယ်ဆိုယင် အပွားရခက် အားပျက်နိုင်တယ်။

အဲဒီလိုမဟုတ်ပဲ "အနိဒ္ဓတ္တ ဘာဝနာကို ပျားများမဟုတ်ပါဘူး၊ မာနာနုသယ+တဏှာသေ= ငါ-ဆိုတဲ့ မာန်တစ်လုံး ပြုတ်ရုံပြုတ်ရုံပဲ အားထုတ်ပါ"လို့ဆိုလိုက်ယင် တရားအားထုတ်တဲ့ပုဂ္ဂိုလ် အားရှိတယ်၊ ဘာ့ကြောင့်လဲဆိုယင် မာနက ကိုယ့်သန္တာန်မှာ ရှိနေတဲ့တရား ဆိုး မြင်တွေ့ခဲနေရတဲ့တရား၊ ငါ-စိတ်လုံးပြုတ်ယင် ဘာဝနာအလုပ် ဖအောင် တာပဲ-လို့ စဉ်းစားလိုက်တိုင်း စိတ်ထဲမှာ ပွားဖို့လွယ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက တရားနာတဲ့ ပုဂ္ဂိုလ်များ စိတ်တွန့်သွားရန်မဟုတ်ပဲ စိတ်အားတိုးတက်လာအောင်—

"မာနာနုသယ+မုဇ္ဇဟ...." လို့ ဟောတော်မူတယ်။

ဟောစဉ် (၃) ၄—ပ၊ မ၊ သ၊ ဝ

မာနာနုသယံ=အနုမတဂ္ဂ **အဟမဍ်ိ သံသရာတဒ္ဓင်မှ** တစည်းလုံး ငုပ်ကိန်းလိုက်ပါလာတဲ့ **ငါ**-ဆိုတဲ့=**မာနာနုသယကို**။ ဥဇုဟာ= သမုဒ္ဓစ္ဆေဒပဟာန်ဖြင့် ပယ်လွှန်တုတ်တောက် **အမြစ်မကျန် ဖျောက်**နိုင်သည့် **အခြေ**အနေသို့ရောက်အောင် **သင်ချစ်သား** ကျင့်ဆောင်ကြိုးကုတ် **အားထုတ်ပါလေ**။

အဲမာနာနုသယကို ပယ်ပြီးပြီ **အမြစ်ပြတ်ဖျောက်ပြီးပြီဆိုယင် ချစ်သား**နှင့်ပြီ၊ **အဲဒီလိုပယ်ပြီး**ယင် **ချစ်သား ဟောဒီအကျိုးကို ရလိမ့်မယ်**—

တဇော မာနာဘိသမယာ၊ ဥပသန္တော စရိဿသိ။

တဇော မာနာဘိသမယာ=ထို**သို့ မာနာနုသယ**ကို သမုဒ္ဓစ္ဆေဒပဟာန်ဖြင့် ပယ်လွှန်ဖြတ်တောက်ရခြင်းကြောင့်၊ (၀ါ) ပယ်လွှန်ဖြတ်တောက်ရာဉာဏ်ရှိသော်။ တုံ=**သင်ချစ်သား**သည်။ ဥပသန္တော= (**မာနာနုသယ**ကို ပယ်နိုင်သူ **ရဟန္တာ**ဖြစ်၊ **ရဟန္တာ**ဖြစ်ယင် အဲဒီဘဝ ပရိနိဗ္ဗာန စုတိတိုင်**အောင်** ကိလေသာဟူ အပူခပ်သိမ်း ငြိမ်းဖ**အား**သွားမယ်၊) ငြိမ်း**အေး**သည်ဖြစ်၍။ စရိဿသိ= ယှည့်ပယှည့် ကျင့်စ**ဉ်** သင်ချစ်သား သွားလာရလိမ့်မည်။

ပရိနိဗ္ဗာန**စုတိစိတ်၏** နောက်ကျတော့လဲ **ခန္ဓပရိနိဗ္ဗာန်** ကနုပါဒါပရိနိဗ္ဗာန် စံရတဲ့ဇာတ်က- ဥပသန္တော=သံသရာဝဋ်ဒုက္ခခပ်သိမ်းငြိမ်း**အေး**သည်။ စရိဿသိ=ဘဝိဿသိ=**သင်ချစ်သား** ဖြစ်ပေလိမ့်မည်။ **အဲဒီလို** မြတ်စွာဘုရားသည် ဒရဟတ္တဖိုလ်ကို **အထုတ်တပ်ပြီး** (ဟနည်း**အား**ဖြင့်) အနုပါဒါပရိနိဗ္ဗာန်=**ခန္ဓပရိနိဗ္ဗာန်** အထုတ်တပ်ပြီး **တော့ ဒီသုတ္တန်**ကို **ဟောတော်မူတယ်**။

ပါတိမောက္ခ၊ သံဝရ၊ သီလလုံစေမှု။ တံခါး ခြောက် ထွေ၊ ဣန္ဒြေ၊ ငြိမ်ဖေပိတ်ဆို့ ပြု။ (ဒါက သီလအတွက်)၊ သတိမြဲရာ၊ ကိုယ်ခွဲသာ၊ ခန္ဓာ ငြီးငွေ့မှု၊ (ဒါက ကာယဂတာသတိ သမာဓိဘာဝနာ ပွားနည်းတွက်)၊ သုဘနိမိတ်၊ ခွာမျောင်ဆိတ်၊ စျာန်စိတ်ပိုင်အောင်ရှု။ (ကာယဂကာသးတိ သမာဓိဘာဝနာကို ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ၊ ရောက်အောင် ပွားရမယ်)။ (သုဘနိမိတ်ကို ခွာရမည်၊ သို့မှသာ သမာဓိဘာဝနာ မြန်မြန်ပြည့်စုံမယ်)။ အနိမိတ္တ၊ ထင်စေမှု၊ မာနကွာအောင်ပြု။ (အနိမိတ္တဘာဝနာ ထင်ပါစေ မာနာနုသယ ပြတ်သုတ်တိုင်အောင် ပွားများပါလေ)။ ဤနည်းကျင့်ပေ၊ ငဋ္ဌသုံးထွေ၊ ငြိမ်းလေမှန်ပြီ-ဟု (အနုပါဒါပရိနိဗ္ဗာန် စံလျှင် ငဋ္ဌသုံးပါးငြိမ်းပြီ)။

သင်္ဂီတိကာရကမထေရ်တို့ကအဲဒီသုတ်ရဲ့ နိဂုံးအနေဖြင့်—

"ဣတ္ထံ သုဒံ ဘဂဝါ အာယသ္မန္တံ ရာဟုလံ ဣမာဟိ ဂါထာဟိ အဘိဏှံ သြဝဒတိ"။ ဣတ္ထံ=ဤသို့လျှင်။ ဘဂဝါ=မြတ်စွာဘုရားသည်။ အာယသ္မန္တံ ရာဟုလံ=အရှင်ရာဟုလာကို။ ဣမာဟိ ဂါထာဟိ=ဤဂါထာတော်ဖြင့်။ အဘိဏှံ=အမြဲမပြတ်။ သြဝဒတိ=ဆုံးမတော်မူ၏။အမြဲမပြတ် ဆုံးမတော်မူတဲ့ သုတ္တန်ဖြစ်လို့ ဤသုတ္တန်ကို သင်္ဂီတိကာရကမထေရ်တို့က "အဘိဏှံ ရာဟုလောဝါဒသုတ္တန်"လို့ အမည်ပေးတော်မူကြတယ်။

ဤနေရာမှာ အဘိဏှံရာဟုလောဝါဒသုတ်ရဲ့ အချုပ် လက်ဝဲ(၉)ပုဒ်ကို ရအောင် နှုတ်တက်ဆောင်ထားသင့်ပါတယ် ဂုဏ်တို့မှာ—

၁။ မိတ်ကောင်းမို့စေ၊ တောရပ်နေ၊ သုံးလေမတွေ့ညှူ။
၂။ ပစ္စည်းလေးဖြာ၊ မတွယ်တာ၊ ပားဏာငြိမ်းအောင်ပြု။

၃။ ပါတိမောက္ခ၊ သံဝရ၊ သီလလုံစေမှု။

၄။ တံခါးခြောက်ထွေ၊ ဣန္ဒြေ၊ ငြိမ်ဝပ်တဲ့ပြု။

၅။ သတိမြဲရာ၊ ကိုယ်၌သာ၊ ခန္ဓာငြီးငွေ့မှု

၆။ သုဘနိမိတ်၊ ခွါရှောင်ဆိတ်၊ ဈာန်စိတ်ပိုင်အောင်ရှု။

၇။ အနိမိတ္တ၊ ထင်စေမှု၊ မာနကွာအောင်ပြု။

၈။ ဤနည်းကျင့်ပေ၊ ဝဋ်သုံးထွေ၊ ငြိမ်းလေမှန်သည်ဟု။

၉။ ရာဟုလာအား၊ ဒို့ဘုရား၊ ဟောကြား နေ့နေ့မှု—

ဒီလက်ဝဲကိုးပုဒ်ကို နှုတ်ဟက်ရအောင် ဆောင်ထားယင်ဖြင့် ဒီသုတ္တန်လာ ကျင့်စဉ်ကို ကောင်းမွန်စွာ လေ့ကျင့်ပါတယ်။ (ဤတွင်ကဏ္ဍတပဲ့ ရပ်နားသည်)။

ရာဟုလသံယုတ် ဒေသနာတော်

(ဒုတိယပိုင်း)

ကောဇာသက္ကရုဇ် ၁၂၃၂-ခု၊ သာသနာတော် ၂၅၁၄-ခု နှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၉)ရက်နေ့ည၌ (လွန်ခဲ့သော သီတင်းကျွတ်လပြည့်ကျော် ခုနစ်ရက်နေ့ည၌က ဝန်ခံထားခဲ့တဲ့) "ရှင်ရာဟုလာ တရားပေါင်းချုပ်" ကိုဆက်ပြီး ပေးဟောပါမယ်။

ရှင်ရာဟုလာနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးမျှားသိရသလောက် အသိပေးဖို့ စေတနာ ဒကာကြီးမျှား မလာခင်ကတည်းကိုက ဒကာမကြီး ဒေါ်ခင်ဝန်းက တရားတွေ အမျှားကြီး ထည့်ယူသွား၊

ချင်တာ – ဆိုတဲ့ လျှောက်ထားချက်အရ "ဘုန်းကြီးကလဲ ဟောခွင့်ချင်၊ ဒကာကြီးကလဲ ကူးခွင့်ချင်" ဆင်ပြီး ပြောတဲ့ဒီးတိုင်း ဟောကြ+ကူးကြတာယ်။ယနေ့ ပစ္စုပ္ပန်အခြေအနေကိုတော့ ဘုန်းကြီး ဥပမာတစ်ခု မြင်လာတယ်။ ရှေးက ရွာကျောင်းဘုန်းကြီးနဲ့ကျောင်း ဒကာကြီးတို့လိုတော့ ဖြစ်နေကြပြီ–

ရှေးက ရွာကျောင်းတကျောင်းမှာ ကျောင်းဒကာကြီးရော+ ကျောင်းအမကြီးရော+ သမီးရော လာပြီးတော့ ဥပုသ်နေ့ ဥပုသ် စောင့်ယင်း တရားနာယင်း ကျောင်းကို လာကြတော့ ကျောင်းဘုန်း ကြီးက တရားဟော၊ အဲဒီဘုန်းကြီးကလဲပဲ ယခုဘန်းကြီးလို့ပဲ ပက်စိ မို့တ်ပြီးဟောတဲ့ ဘုန်းကြီးနဲ့ တူပါတယ်၊ ဟောလိုက်တာ ဘုန်းကြီးက မျက်စိမှိတ်ထားတော့ ကျောင်းအမကြီးတို့ သမီးတို့က ကြာတော့ ညောင်းလို့ ထသွားကြတယ်၊အသာကလေး ထသွားကြတာ ဖြစ်တော့ ကျောင်းဘုန်းကြီးက မသိဘူး၊ ကျောင်းဒကာကြီးနဲ့ ဘုန်းကြီးပဲ ကျန် နေတယ်။ ကျန်နေတော့ တော်တော်ကြာလဲ တရားက မပြီးသေး+ တော်ပေါ်ကြာလဲ တရားကမပြီးသေး ဆိုတော့ သမီးကလေးက လာလာပြီး နောက်နားက ကျောင်းဒကာကြီးကို "အဖေ ပြန်ကြစို့၊ အဖေ ပြန်ကြစို့" လို့ တိုးတိုးလေး ပြောသတဲ့။

လာလာပြောတော့ ကျောင်းဒကာကြီးကလဲပဲ ဘုန်းကြီးချည်း ပစ်ထားခဲ့ရမှာ သိပ်ပြီးတော့ အားနာသလေ့၊ ဒီတော့ "အေးပါ ပြီးလု ပါပြီ သမီးရဲ့၊ တရားချလုပါပြီ၊ ပြီးလုပါပြီ" လို့ ဖခင်ကြီးက တိုးတိုး ပြောတယ်၊ သမီးလေးက သွားပြန်ရော၊ တအောင့်လောက် ကြာတော့ လာပြန်ရော၊"အဖေ မိုးချုပ်လုပြီ ပြန်ကြရအောင်"ပါလော်ဘုန်းကြီး လဲ မကြားအောင် တိုးတိုးပြောတယ်၊ အဲဒီလို ဒုက်မ်ကြိမ် ပြောဖန်

များတော့ နောက်ဆုံး ကျောင်းဒကာကြီးက ဘာပြောသလဲဆိုတော့ "သမီးရယ် အဖေ့ကံနဲ့ ဒီးဖေ ရှိပါစေတော့" အဲဒီလိုပြောသလိုပဲ-

အခုလဲပဲ ဒကာကြီးဦးသန်းမှာလဲ သမီးကရော+ကလေးတွေကြီး ကရော ပြန်ကြစို့ အခေ ... ပြန်ကြစို့ ကိုအောင်သန်း" လို့ ဆိုကြပေမယ့်လို့ "တို့တရားကုန်းတာ မပြီးသေးဘူး" နောက်ဆုံးတော့ "ကိုင်း.... မင်းတို့ ပြန်နှင့်ကြတော့၊ အဖေတော့ အဖေ့ကံနဲ့အဖေပဲ ရှိပါစေတော့" ဆိုပြီး ဒဂုန်ကြီး တစ်ယောက်တည်းကျန်ရစ်လိမ့်မယ် ထင်တယ်။ဘာပဲပြောပြော ဘုန်းကြီးလဲ ဝန်ခံချက်အတိုင်း ကိုယ်ပေးချင်တဲ့ အသိညာဏ်များကို ကြိုးစားပြီးတော့ မြန်မြန်လဲ ခရီးရောက်အောင် ပေးပါမယ်။

ရှင်ရာဟုလာ ရှင်ဖြစ်တဲ့အချိန်ကို မှန်းကြည့်ယင် အသက်ခုနစ်နှစ်မှာ ရှင်သာမဏေဖြစ်တယ်၊ အင်မတန်ငယ်တဲ့အရွယ်မှာ ရှင်ဖြစ်လို့ မြတ်စွာဘုရားက မဂ်ဖိုလ်အား ကျူးဇူးမများတဲ့ မြို့ကား ရပ်စကား ရွာစကားတွေနဲ့ အချိန်မကုန်အောင် "သာဓုဇောရပဥ္စာ" ကို ဟောပေးတယ်။

တခါ မိတ်ဆွေကောင်း ဇပါင်းသင်းမိယင် အရဟာတ္တဖိုလ်ပေါက်ကျူးဇူးမြောက်တယ်ဆိုတာ ထင်ရှားအောင်လို့ "အာဇာညရာဟုလာပါဒသုတ်" ကို ဟောတော်မူတယ်။ မြတ်စွာဘုရားဟာ ရှင်ရာဟုလာအား တော်တော် မြေမြောက်မြောက် မျာ'များပဲ တရားဟောတော်မူပါတယ်၊ အဲဒီဟောတဲ့ တရားတော်ထဲမှာ ရှင်ရာဟုလာ၏ ဝိပဿနာဉာဏ်ပညာဟာသည်း ဘူသော ကိုယ်ခန်သားကို ယူစေတဲ့ သုတ္တန်တော်ကဟောတော့ "ရာဟု သံယုတ်" လို့ အမည်တပ်ပြီး "နိဒါန ဂ္ဂသံယုတ် ဂါဇိုတော်" မှာ သုတ်ပေါင်းနှစ်ဆယ်နဲ့ နှင့် သုတ်ရှိတယ်။

ဆူးသည် ပေါက်သစ်စအခါနှင်ကတည်းက ထက်လာသလို ကိုရင်ရာဟုလာလဲပဲ ထက်မြက်တဲ့အမျိုးဖြစ်တော့ ငယ်ပင် ငယ်သော်လဲ ရှင်သာမဏေဖြစ်သစ်စပင် ဖြစ်လင့်ကစား ဆူးသောလို ထက်ထက်မြက်မြက်နဲ့ ရာဟုလသံယုတ် သုတ္တန်ပေါင်း နှစ်ဆယ် ကျော်ဟောယူရအောင် မြတ်စွာဘုရားကို တောင်းပန်စကား လျှောက်ထားတယ်။ ရှင်ရာဟုလာမေးလို့ ဟောတာက ဆယ်သုတ်၊ ဘုရားအလိုတော်အတိုင်း ဟောတာက ဆယ့်နှစ်သုတ်ဖြစ်တယ်။

ခန္ဓာ+အာယတန+ဓာတ်+သစ္စာ
လက်ံဆယ်ပုဒ်

ရာဟုလသံယုတ် သုတ္တန်တွေကို စ, မိလို့ရှိရင် အခြေခံကမ္မဋ္ဌာယင် သိပ်ပြီးတော့ နားထောင်လို့ နားလည်ဖို့ မလွယ်ဘူး၊ ဒီတော့ အခြေပါဒနည်းနည်း ပျိုးကြည့်ရအောင်-၊ လယ်တီဆရာတော်ဘုရားကြီးက မိမိရဲ့မြန်မာပြည်မှာရှိတဲ့ ဗုဒ္ဓဘာသာ အမျိုးသား+အမျိုးသမီးတိုင်း အဘိဓမ္မာ ပရမတ္ထနဲ့ ပက်သက်ပြီးတော့ ပါးနပ်အောင် အရည်ပြည့်အောင်ဆိုပြီးတော့ ပထမ "ပရမတ္ထသံဒီပဂ်" ဆိုတဲ့ လက်ံကျမ်းကြီးကို ရေးတယ်။ သင်ဂြိုဟ်ကိုးပိုင်းအတွက်-

"ခြောက်ရာ့ခြောက်ဆယ်၊ လက်ံဝချယ်၊ ဤဝယ်ပြီး ကဗျာ" တဲ့။

လက်ံဝပုဒ်ပေါင်း ခြောက်ရာ့ခြောက်ဆယ် ရှိတယ်။ ပရမတ္ထသံခိပ်ကျမ်းက လဲ ပိုဒ်ပေါင်း ခြောက်ရာ့ခြောက်ဆယ်၊ အပိုင်းပေါင်းက ကိုးပိုင်းဆိုတော့ ပုဂ္ဂိုလ်တိုင်း မဆောင်နိုင်ပဲ အစ်တ်အဝက် လောက်သာ ဆောင်နိုင်သည်ကို သိတော်မူလောကြောင့် ဆရာတော်ကြီးက ပုဂ္ဂိုလ်တိုင်း ဆောင်နိုင်အောင် ရည်ရွယ်ပြီး "ခန္ဓာအာယတနဓာတ်သစ္စာလက်ံကျမ်း" ဆိုပြီးတော့ လက်ံဆယ်ပုဒ် ရေးထားခဲ့

တယ်၊ ဒီလက်ံာဆယ်ပုဒ်ရယင် ခန္ဓာငါးပါး+အာယတနတစ်ဆယ့်နှစ်ပါး +ဓာတ်ဘစ်ဆယ့်ရှစ်ပါး+သစ္စာလေးပါး နားလည်နိုင်တယ်။

ဒီလက်ံာဆယ်ပုဒ်ရှင် ပထမဆုံးအပိုဒ်၌ ပရမတ္ထတရားတွေကို ခင်းပြတဲ့နေရာမှာ ပထမဆုံးလက်ံာဘာနဲ့ ရုပ်နှစ်ဆယ့်ရှစ်ပါးကိုပဲ ဖော်ပြထားပုံက ဒီလိုပါ-

ရူပက္ခန္ဓာ၊ ဝေဒနာနှင့်၊ သညာ+သင်္ခါရ+ဝိညာဏ-ဟု အစုငါးတန်၊ ငါးရပ်ခန်တည်း-တဲ့။

ဒီစာပိုဒ်ကလေးကိုရယင် ခန္ဓာငါးပါးကို အစည်ကျကျ ပြောတတ်တယ်၊ ခန္ဓာ ငါး ပါး ဆို တာ (၁) ရူပက္ခန္ဓာ + (၂) ဝေဒနာက္ခန္ဓာ + (၃) သညာက္ခန္ဓာ+(၄)သင်္ခါရက္ခန္ဓာ+(၅)ဝိညာဏက္ခန္ဓာ။ ရုပ်တရား အစုကို ရူပက္ခန္ဓာ ခေါ်တယ်၊ ဝေဒနာတရားအစုကို ဝေဒနာက္ခန္ဓာ ခေါ်တယ်၊ သညာ တရားအစုကို သညာက္ခန္ဓာ ခေါ်တယ်၊သင်္ခါရတရားအစုကို သင်္ခါရက္ခန္ဓာခေါ်တယ်။ ဝိညာဏ်တရား အစုကိုဝိညာဏက္ခန္ဓာခေါ်တယ်။ (ဒီစာပိုဒ်ကလေးရယင် ခန္ဓငါးပါးကိုသွက်သွက်လက်လက် ပြောနိုင်တယ်။)

ရူပက္ခန္ဓာ၏ သဘောသရုပ်ခွဲခန်း

ရုပ်အစု ဝေဒနာအစု သညာအစု သင်္ခါရအစု ဝိညာဏ်အစုလို ဒုတိယ မြန်မာပြန်ချက်အရ အစုဆိုတာ တစ်ခုတည်း ဘယ်တော့မှ မဟုတ်ဘူး၊ နုပ်အစုဆိုတာ ရုပ်တရားပေါင်းများစုကို စုထားတဲ့ သဘော၊ ထို့အတူ ဝေဒနာပေါင်းများစု သညာပေါင်း သင်္ခါရပေါင်း ဝိညာဏ်ပေါင်းများစုတို့ကို စုထားတဲ့သဘောကိုဝေဒနာက္ခန္ဓာ-စသည် ခေါ်ဆိုတယ်။ ရုပ်ဆိုတာ ရူပ-ဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ စကား ဖြစ်တယ်၊ ဝေဒနာ+သညာ+သင်္ခါရ ဆိုကာက ပါဠိအတိုင်း မြန်မာမှာ

သုံးစွဲတဲ့ စကားဖြစ်တယ်၊ နောက်ဆုံး ဝိညာဏ်ဆိုတာက ဝိညာဏ-ဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ စကား။ အဲဒီတော့ ရုပ်ဆိုတာ ဘယ်လို သဘောကို ဖော်တယ်၊ အဲဒီ ရုပ်တရားပေါင်း ဘယ်လောက်ရှိတယ်၊ အဲဒီ ရုပ်တရားတွေကို စုပေါင်းထားတာကို ရှုပက္ခန္ဓာဖော်တယ်။ ဒီလို ဆင့်ကဲ ဆင့်ကဲ သိဖို့ အခြေခံက "ရုပ်" ခေါ်တဲ့ အကြောင်းကို ပထမ-

ဖောက်ပြန်ထေ့ပြား၊ ဖြစ်တတ်ငြားရှိ၊ စကားပုံသေ၊ ရုပ်ခေါ်ပေ၏၊ -(တဲ့)-

အအေးနဲ့တွေ့ယင် တစ်မျိုး+အပူနဲ့တွေ့ယင် တစ်မျိုး(စသည်ဖြင့်) အမျိုးမျိုး ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွားတတ်လို့ ဒီတရားတွေကို ရုပ်ခေါ်တယ်၊ ဒီလို ရုပ်ခေါ်တဲ့အကြောင်းကို စာတစ်ပိုဒ် ရေးကော်မူတယ်။ အဲဒီ အအေးနဲ့တွေ့ယင် တစ်မျိုး+အပူနဲ့တွေ့ယင် တစ်မျိုး ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွားတတ်တဲ့ ရုပ်တရားတွေဟာ သရုပ်အရေအတွက် ဘယ်လောက်ရှိတယ်-ဆိုတာကိုလဲပဲ သိဖို့ အရေးကြီးတယ်၊ အဲဒီသရုပ်ကိုလဲ ဆက်ပြီး ဇာတ် လက်ဝဲ ဖော်ပြတယ်-

နိပ္ဖန္နရုပ် တဆယ့်ရှစ်ပါး မဟာဘုတ်ကြီးလေးပါး

မြေဓာတ်+ရေဓာတ်၊ မီး, လေဓာတ်-ဟု၊ လေးရပ်ဘုတ်ကြီး၊ ပွားစီးအနက်(တဲ့)-ဒါက စကားတစ်ခု-

ပထဝီ= မြေဓာတ်ရုပ်ကြီး တစ်ပါး+အာပေါ= ရေဓာတ်ရုပ်ကြီး တစ်ပါး+တေဇော= မီးဓာတ်ရုပ်ကြီး တစ်ပါး+ဝါယော=လေဓာတ် ရုပ်ကြီး တစ်ပါး=အဲဒီ လေးပါးကို မဟာဘုတ်ကြီးလေးပါး=ဘူတ ရုပ်ကြီး လေးပါးလို့ ခေါ်တယ်၊ ဓာတ်ကြီးလေးပါးလို့လဲ ခေါ်တယ်။

ဘဝခြောင့် သူကိုကို မဟာဘုတ်ကြီးလေးပါး=ကုတရုပ်ကြီးလေးပါး လို့ ခေါ်ရသလဲ။ "ပဌဝီးစီးအနက" တဲ့ဒေဖြေ၊ တနေ့တခြား သန္ဓတိဆက်ပြီးတော့ တိုးပွါးတဟ်လို့ သူတို့ မဟာဘုတ်ကြီး လေးပါးလို့ ခေါ်ရတယ်။

ဘုက-ဆိုတဲ့ ပဋိဋ္ဌေဟာချက်အရ ဘယ်လို သန္ဓတိဆက်ပြီးတော့ ပဌဝီးစီးလာသလဲ- ဆိုယဲ့ မိမိရဲ့ဘဝကို ပြန်လည်စဉ်းစားကြည့်ပါ၊ ဟို...ကလေးရေကြည်တည်တဲ့အခါနိန်တုန်းကမိမိရဲ့ရုပ်ကိုယ်သည် ပဂတိမျက်စိနဲ့ ကြည့်လို့ မမြင်ရဘူး၊ ဒိဗ္ဗစက္ခုနဲ့မှ မြင်ကောင်းတယ်၊ ကာယဒသကကလာပ်+ဘာဝဒသကကလာပ်+ဝတ္ထုဒသကကလာပ်- ဆိုတဲ့ ကံကြောင့်ဖြစ်တဲ့ရုပ်ကလာပ်သုံးမျိုး (တစ်မျိုးတစ်မျိုးလျှင်အနည်းဆုံး ရုပ်ကလာပ်ပေါင်း ၅၉-စည်းဝိဉလာက်) စုပေါင်းလာခဲ့တဲ့ ရုပ်ကလာပ်အစုအဝေးပေါင်းကို ကလလရေကြည်- လို့ ခေါ်တယ်။ အဲဒီ ကလလရေကြည်ရုပ်အစုကို ကျမ်းဂန်များမှာ ဘယ်လို ဖွင့်ဆိုသလဲဆိုယင်-

တောင်ကျန်းသူကို၏ ဆယင်သည် ကြွမ်းတယ်၊ ငှင်းကို ရွှစ်စိတ်စိတ် ဟိုက်ယင် တစ်တ်သည် မြောက်ကျန်းသူတို့၏ ဆံပင်ပမာဏဖြစ်တယ်၊ အဲဒီမြောက်ကျန်းသူတို့ရဲ့ ဆံခြည်မျှင်ကို ရွှစ်စိတ်စိတ်လို့ ရတဲ့ တစ်စိတ်ကို အသာကလေး ယူထားပါ၊ အကြိမ်တစ်ရာချက်ပြီးတဲ့ ထောပတ်ထဲကို အဲဒီဆံခြည်မျှင်ကလေးကို နှစ်လိုက်၊ တုတ်ပြီး ခါလှုက်၊ နောက်ဆုံး ဆံခြည်မျှင် ထိပ်ဖျားမှာ သီးနေတဲ့ ဆီပေါက်ကလေးလေားပဲ ရှိဟယ်တဲ့။ တိုအောက်လည်း သေးသိမ်တဲ့ အကြောင်းတွေကို ပြောခဲ့ပြီးသေပါ့။ သို့သော် ဤမျှလောက် သေးသိမ်တယ်- ဆိုယင်ပဲ အမျှားကြီး အထောက်အပံ့ ရသွားပါပြီ။

အဲဒီ ထောပတ်ဆီ ပေါက်ကလေးလောက်က စ, ခဲ့တဲ့ ဝိဉ်ဉာဉ်သည် ယခုအချိန်မှာ "အဲဒါလောက် သေးငယ်တဲ့ ရုပ်သန္ဓတိကလေးက

စခဲ့တယ်၊ သန္ဓတိဆက်ပြီး ယခုအခြေအနေရောက် ကြီးပြင်းလာတယ်” ဆိုလျှင်ပင် မယုံနိုင်လောက်အောင် ကြီးလာတယ်+ပွားစီးလာတယ်။ မိမိကိုယ်ကို ထောက်သဖြင့် ယင်းကဲ့သို့ ပွားစီး ကြီးပြင်းလာတာဟာ “ဘယ်သူတို့ ခါင်းဆောင်ပြီး မ-တည် ပွားစီးလာတာလဲ” ဆိုယင် အခုပြောနေတဲ့ မြေ+ရေ+လေ+မီး+အာလယ+ဓာတ်+ဝိညာဉ်+ဆိုတဲ့ မဟာဘုတ်ကြီး လေးပါး=ဘူတရုပ်ကြီး လေးပါး=ဓာတ်ကြီးငါးပါး တို့နဲ့ မ-တည်ပြီးတော့ သန္ဓတိဆက်ကာ တနေ့တခြားကြီးပွားကြီးပွား လာခဲ့ကြတာ အမျိုးမျိုးပေါ့၊ ပိဿာ သုံးဆယ်မှ သုံးဆယ်ရဲ့အထက်မှာ ရှိနေကြတယ်။

သြော် မြေ+ရေ+လေ+မီး—ဆိုတဲ့ဒီဓာတ်ကြီးလေးပါးအနက်က ခန္ဓာကိုယ်ကို စမ်းကြည့်လိုက်ပါ၊ ကြမ်းတယ်+ (သို့မဟုတ်) နုတယ်၊ ဒီသဘော နှစ်မျိုး တစ်မျိုးမျိုး တွေ့ရလိမ့်မယ်၊ အဲဒီ ကြမ်းတယ်+နုတယ် ဆိုသမျှ တွေ့ဟာဖြင့် ပထဝီ=မြေဓာတ်ရုပ်ကြွင်းပဲ။

ပြီးတော့ တခါစမ်းကြည့်လိုက်၊ ပူသလား၊ အေးသလား၊ ပူယင် ဥဏှတေဇော၊ အေးယင် သီတတေဇောဓာတ်၊ မီးဓာတ်ပဲ။

နောက်တခါ အပျော့+အမာ စမ်းကြည့်လိုက်ပါဦး၊ ပျော့ယင် အားနည်းတဲ့ ထောက်ကန်မှုဓာတ်၊ မာယင် အားကြီးတဲ့ ထောက်ကန်မှုဓာတ်၊ ဝါယောဓာတ်၊ ဒီသုံးမျိုးက စမ်းကြည့်ယင် သိရတယ်။

အာဇေပါဓာတ်ဆိုတာကတော့ မုန့်မှုန့်တွေမြေကြီးမျှုးစွဲကို တခု တခြားလွှင့်ပါးမသွားအောင် တဲ့ဖွဲ့ပေးတဲ့ ပကတိရေလို့ ကလာပ်တိုင်း ကလာပ်တိုင်းမှာ ပါရှိကြတဲ့ ရုပ်သဘာဝဓာတ်တွေကို တခုတခြား လွှင့်ပါးမသွားအောင် တစုတဝေး တစည်းတလုံးဖြစ်အောင် တဲ့ဖွဲ့ပေး တဲ့သဘောဖြစ်တယ်၊ ဆန်မှုန့် ဂျုံမှုန့်ကို ရေနဲ့ လုံးပြီးထားကြည့်၊

အလုံးကလေးကို ကြည့်ယင် ပကတိ ရေဓာတ်ကို မမြင်ရဘူး၊ ဒါပေမယ့်ရေက တွဲပေးထားတယ်-ဆိုတာကို စိတ်နဲ့ သိရတယ်။

အဲဒီလိုပဲ ရုပ်သဘာဝ သဘောတရားတွေဟာ ရှစ်မျိုးက စပြီးတော့ ကိုးမျိုး+ဆယ်မျိုး+ဆယ့်တစ်မျိုး+ဆယ့်နှစ်မျိုး+ဆယ့်သုံးမျိုးထိအောင် သူ့အစုနဲ့သူ ဒီဓန္ဓာကုယ်ထဲမှာ ရှိနေကြတယ်၊ အဲဒီရုပ်သဘာဝသတ္တိကလေးတွေ တနုတခြား လုံ့ပါးမသွားအောင် တဲ့ဖွဲ့ပေးတာဟာ အာပေါ-ဆိုတဲ့ ရေဓာတ် မဟာဘုတ်ကြီးပဲ။ ဆိုခဲ့ပြီးသည်ကား ဘူတရုပ်ကြီး လေးပါး၊ တစ်ခါ–

စက်+သော+ဃာ+ဇီ၊ ကာ+ငါးလီမူ၊ အကြည်ရုပ၊ ပသာဒတည့်။

ပသာဒရုပ်ငါးပါး

စက္ခု+သောတ+ဃာန+ဇိဝှါ+ကာယ–ဆိုပြီး ဒီဓန္ဓာကုယ်မှာ အကြည်ရုပ်တွေ=မျက်စိအကြည်ရုပ်+နားအကြည်ရုပ် + နှာခေါင်းအကြည်ရုပ်+လျှာအကြည်ရုပ်+ကိုယ်အကြည်ရုပ်–လို အကြည်ရုပ် ငါးမျိုးရှိတယ်။

တို့သူ+ငါမြင်နေရတဲ့ မျက်လုံးကြီးကတော့ သမ္ဘာရမျက်လုံးဖြစ်တယ်၊ သူ့အထဲမှာ ပါရှိနေတဲ့ သန်းဦးခေါင်းခန့် ပမာဏရှိတဲ့ စက္ခုအကြည် ပသာဒအကြည်ကြောင့် မျက်လုံးကြီးတနလုံး လင်းပြီးကြည်ပြီး နေတယ်။

သောတပသာဒ=နားအကြည်ရုပ် ဆိုလို့ရှိယင်လဲ ပြင်ဘက်ကမြင်နေရတဲ့ နားရွက်ကြီးဟာက လွဲမှာ ထောင်ထားတဲ့ ရွက်ကြီးလို+အသံခွက်မှာ ဝင်ထားတဲ့ လောကီစကားရဲ့ ဟွန်းကြီးလို အသံလွှင့်ပါး မသွားအောင် ဖမ်းကာထားတဲ့ ထောင်းပဲ၊ အမှန်က နား

ခလောင်ထဲမှာ မွေးညင်းကလေးများ မိုးကြိုးကွင်းကဲ့သို့ ပေါက်နေတယ်၊ အဲဒီနေရာမှာ နှံတည်တဲ့ အကြည်ဓာတ် သဘောပါပဲ။

ဃာနပဿာဒ=နှာခေါင်းအကြည်ရှုပဲဆိုပေါင် ပကတိမြင်နေရတဲ့ သမ္ဘာရနှာခေါင်း အဖျားပိုင်းက ဆိတ်ခွါသဏ္ဌာန်ရှိသော အရုပ်မှာ နှံ၍တည်နေတဲ့ အကြည်ရုပ်တစ်မျိုးဖြစ်တယ်။

ဇိဝှါပဿာဒ=လျှာအကြည်ရုပ်မှာ ပကတိမြင်ခနရတဲ့ သမ္ဘာရ လျှာကြီးရဲ့အပေါ်မှာ ကြာဝှက်ဖျားသဏ္ဌာန်ရှိတဲ့ အရုပ်မှာ နှံ၍ အကြည်ဓာတ် သဘောဖြစ်တယ်။ အရသာတွေကို ချိုတယ် မြည်တယ် ငန်တယ် ဖန်တယ် စပ်တယ် ခါးတယ်-လို့ သိဖို့ရန်အတွက် ကျေးဇူးပြုပေးတဲ့ အကြည်ဓာတ်တမျိုးရှိတယ်၊ အဲဒီ အကြည်ဓာတ်ကို ဇိဝှါပဿာဒရုပ်လို့ခေါ်တယ်။

ကာယပသာဒ=ကိုယ်အကြည်ရုပ်ဆိုတာ အရေခြောက်+ဆံပင် ဖျား+လက်သည်းဖျားတို့ကို လွှတ်၍ ကျန်တဲ့ တကိုယ်လုံးမှာ ပံ့နှံ့ပြီး တည်နေတဲ့ အကြည်ရုပ်တမျိုးကို ခေါ်တယ်။ ဒီနေရာမှာ ကာယ အကြည်=ကိုယ်အကြည်ရုပ်ရှိတယ်, မရှိဘူး သိချင်ယင် အပ်ကလေးနဲ့ အသားထောက်လိုက်၊ ထောက်လိုက်လို့ မျက်ကန်းနာယင် ဒီနေရာမှာ ကာယအကြည်ရုပ်ရှိတယ်၊ ဒီလို သိမှမယ်။

ဒီ သဘာဝ ပသာဒ ကာယအကြည်ကလဲ့ နယ်မကျဲ့ နယ် မကျဉ်ဘူးနော်၊ သန္တတိ ဘယ်လောက်ဆက်ပေမယ့်လို့ အလွန်ထင် ရှားတယ်၊ ဥပမာ ခြေသည်း+လက်သည်း အဖျားကလေးမှာ ကာယ ပသာဒမရှိဘူး၊ ဒီဘက်မှာအတွင်းပိုင်းမှာ ကာယပသာဒရှိတယ်။ အဲဒီ အဖျားပိုင်းကို ကတ်ကြေးနဲ့ ကိုက်ကြည့်၊ နည်းနည်းမှ မနာဘူး၊ ကာယပသာဒ မရှိလို့ မနာတာ။ အဒီရောင်သန်းနေတဲ့ အရင်းဘက် ကို ကတ်ကြေးကိုက်လွန်သွားယင် ဆတ်ဆတ်ခါ နာလိုက်ပါဘိ။

ဒါဖြင့် လက်သည်း+ခြေသည်းမှာ အနီရောင်သန်းတဲ့ အရောင်းပိုင်းက နာတယ်၊ အဖြူရောင်သန်းတဲ့ အဖျားပိုင်းက မနာဘူး၊ အဲဒီ အလှူးပိုင်းက ကာယပသာဒမရှိလို့ မနာဘူးလို့ ဖြေရမယ်, အရောင်းပိုင်း အနီရောင်သန်းနေတဲ့အပိုင်းက ကာယပသာဒရှိလို့ နာတယ်-လို့ ဆိုရမယ် ဒီအနီရောင်ကလေးဟာ ကာယပသာဒပဲထင်ပါရဲ့-လို့လဲ သွားမထင်နဲ့ မဟုတ်ဘူး၊ မြင်နေရတဲ့ အနီရောင်ကလေးဟာက ကာယပသာဒရဲ့ အဖော် တကိုယ်လုံးမှာ ပို့ပြီး ပြေးသွားနေတဲ့ "သံသရကဏ္ဍသွေး"ဓာတ်ကြောင့် အနီရောင်ကလေး သန်းနေခြင်းဖြစ်တယ်၊ ဒီတော့ အနီရောင်ဟာ ကာယပသာဒ မဟုတ်ဘူး၊ ကာယပသာဒရဲ့ အနားဖော် သံသရကဏ္ဍသွေးပဲလို့ ဒီလိုသိထားရမယ်၊ကာယပသာဒအကြည် ဆိုတာ မျက်စိနဲ့ကြည့်လို့ မမြင်ရဘူး၊ ရူပါရုံမှ မဟုတ်ပဲ။

မျက်စိအကြည် နားအကြည် နှာအကြည် လျှာအကြည် ကိုယ်အကြည်-လို့ အကြည်ရုပ်ငါးပါး၊ မြင်တဲ့စိတ်ဖြစ်ဖို့ရန်+ကြားတဲ့စိတ်ဖြစ်ဖို့ရန်+နမ်းရှူတဲ့ စိတ်ဖြစ်ဖို့ရန်+စားတဲ့ လျှက်တဲ့စိတ်ဖြစ်ဖို့ရန် တွေ့ထိတဲ့စိတ်ဖြစ်ဖို့ရန် လို့ အကျိုး+အကြောင်းအနေနဲ့ ကျေးဇူးပြုမလို့ပါနေတဲ့ အကြည်ရုပ်သဘာဝ ငါးမျိုးရှိတယ်၊ဒါကို"စက်+သော+ဃာ+ဇီး၊ကာ+ငါးလီမူ၊ အကြည်ရူပ၊ ပသာဒတည့်" လက်ဝဖွဲ့ခြင်းဖြစ်တယ်။

အာရုံရုပ်ငါးပါး

ရူပ+သဒ္ဒ၊ ဂန္ဓ+ရသ၊ ဖောဋ္ဌဗ္ဗာ-ဟု၊ ငါးဖြာအာရုံ။

ရူပါရုံ+ သဒ္ဒါရုံ+ ဂန္ဓာရုံ+ ရသာရုံ+ ဖောဋ္ဌဗ္ဗာရုံ-လို့ အာရုံအမည်နဲ့တပ်ပြီး ခေါ်ရတဲ့ရုပ် ငါးမျိုးရှိတယ်။

မျက်စိနဲ့ကြည့်လို့ မြင်ရသမျှ အဖြူ အနီ အကြောင် အကျား—စတဲ့ အဆင်းမျိုးစုံကို ရူပါရုံရုပ်လို့ ခေါ်တယ်။

နားနဲ့ထောင်လို့ ကြားသိရတဲ့ ကောင်းကောင်းဆိုးဆိုး သက်ရှိ သက်မဲ့ အသံမျိုးစုံကို သဒ္ဒါရုံရုပ်လို့ ခေါ်တယ်။

နှာခေါင်းနဲ့ နမ်းရှုလို့သိရတဲ့ ကောင်းကောင်းဆိုးဆိုး အနံ့ အမျိုးမျိုးကို ဂန္ဓာရုံရုပ်လို့ခေါ်တယ်။

လျှာဖြင့်စားကြည့်လို့ သိရတဲ့ အချို အချဉ် အစပ် အငန် အဖန် အခါး—ဆိုတဲ့ အရသာမျိုးစုံကို ရသာရုံရုပ်လို့ ခေါ်တယ်။

ကိုယ်ဖြင့်တွေ့ထိ၍ သိရတဲ့ အကြမ်း+အနု -- ဆိုတဲ့=ပထဝီ အတွေ့+အပူ+အအေးဆိုတဲ့ = တေဇောအတွေ့+ပျော့တယ် +မာတယ်လို့ခေါ်ဆိုရအောင် အားနည်း+အားကြီးသော ဝါယော ဓာတ္ထု=ဒီအတွေ့သုံးမျိုးကို ဖောဋ္ဌဗ္ဗာရုံရုပ်လို့ ခေါ်တယ်။ (ဖောဋ္ဌဗ္ဗာရုံဆိုသည်မှာ ပထဝီ+ဇော+ဝါယော မဟာဘုတ်ကြီးသုံးပါးကိုပင် ခေါ်ဆိုသည်ဟု သတ်ရှိပါ။အာရုံရုပ်ငါးပါးဆိုသော်လည်း အသစ်ရုပ်ကား ရူပ+သဒ္ဒ+ဂန္ဓ+ရသ=ဤလေးမျိုးသာ အသစ်ဖြစ်သည်။)ဒီအာရုံရုပ် ငါးမျိုးကို“ရူပ+သဒ္ဒ၊ ဂန္ဓ+ရသာ၊ ဖောဋ္ဌဗ္ဗာ-ဟု၊ ငါးဖြာအာရုံ-လို့ဆရာတော်ကြီးက လင်္ကာဖွဲ့သီ ခဲ့ပါတယ်။

နှစ်စုံဘာဝ

ဘာဝရုပ်နှစ်ပါး။ ။ကွက်ထိဘာဝရုပ် ပုဗ္ဘာဝရုပ်၊ အမျိုးသမီးမျှားသန္တာန်မှာ တကိုယ်လုံး ကွက်ထဲဘာဝရုပ် စိုးအုပ်လျက်ဖြစ်နေတယ်။ အမျိုးသားမျှားသန္တာန်မှာ တကိုယ်လုံး ပုဗ္ဘာဝရုပ် စိုးအုပ်

လျက်ဖြစ်နေတယ်၊ မျက်စိနဲ့ကြည့်လို့ကတော့(ရူပါရုံမဟုတ်တဲ့အတွက်) ဘာဝရုပ်ကို မမြင်ရဘူး၊ စိတ်နဲ့ကြံဆသိရတာယ်၊ ဒီ ဘာဝရုပ်နှစ်မျိုးကို သိသရုပ်ဟူ၍လည်းခေါ်တယ်၊ ဘဝရဲ့ ခေါင်းသဖွယ်ရုပ်–လို့ ဆိုလိုပါတယ်။ နောက်တချိန်ကျတော့ သူတို့ကို ဣတ္ထိန္ဒြေ+ပုရိသိန္ဒြေ–လို့ အဘိဓမ္မာနယ်ပယ်မှာ နာမည်တပ်တယ်။

သူတို့ကလဲ ဘယ်လောက်ခရီးရောက်သလဲဆိုယင်—အာဏာ အင်မတန်ရှိတာယ်လို့ ဆိုရပေမယ်၊ ဒီခန္ဓာကိုယ်ပေါ်မှာ သူတို့ စိုးမိုး ခြယ်လှယ်နိုင်တယ်၊ ဘယ်လိုလဲဆိုတော့–ဣတ္ထိဘာဝရုပ် စိုးအုပ်တဲ့သန္တာန်မှာ ဣတ္ထိဘာဝရုပ်က "မောင်တို့....ငါစိုးအုပ်တဲ့ သန္တာန်မှာလာ၍ ဖြစ်ဖြစ်သမျှသော ကံကြောင့်ဖြစ်တဲ့ရုပ်တွေ, စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေ, ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေ, အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေ= လေးမျိုးစလုံးပဲ တဘက်သားက အဆင်းကိုကြည့်လိုက်မယ်+အသံကို နားထောင်လိုက်မယ်+အနံ့ကို နမ်းရှုကြည့်လိုက်မယ်+ အရသာကို လျက်ကြည့်လိုက်မယ်+အတွေ့အို့တွေထိကြည့်လိုက်မယ်–ဆိုယင် မိန်းမပဲ=အမျိုးသမီးပဲ–လို့ တဘက်သားတွေ့ မှတ်ယူလောက်တဲ့ အမူအရာနဲ့ မင်းတို့ဖြစ်ကြရမယ်"လို့ အမိန့်မပေးသော်လဲ ပေးဘိသကဲ့သို့ တခါတည်း သူက စိုးအုပ်ထားတယ်။ ဒီဣတ္ထိဘာဝရုပ် စိုးအုပ်တဲ့သန္တာန်မှာ လာပြီးဖြစ်ရလို့ ယခင်ပြောခဲ့တဲ့ ကံကြောင့်+ စိတ်ကြောင့်+ ဥတုကြောင့်+ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်လေးမျိုးစလုံးတာခါတည်း မိန်းမပဲ=အမျိုးသမီးပဲ–လို့ သူတဘက်သား စဲ့မှတ်ယူလောက်တဲ့ အခြင်းအရာနဲ့ ဖြစ်ကြရတယ်။

နောက်တခါ ပုမ္ဘာဝရုပ်ကလဲ ထို့အတူပဲ၊ ပုမ္ဘာဝရုပ် စိုးအုပ်တဲ့ သန္တာန်မှာ ပုမ္ဘာဝရုပ်က "မောင်တို့....ငါ စိုးအုပ်တဲ့

သန္တာန်မှာလာ၍ ဖြစ်ဖြစ်သမျှသော ကံကြောင့်ဖြစ်တဲ့ရုပ်တွေ+ စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေ+ ဥတုကြောင့်ဖြစ်တဲ့ရုပ်တွေ+ အာဟာရကြောင့်ဖြစ်တဲ့ရုပ်တွေ=လေးမျိုးစလုံးပဲ တဖက်သားက အဆင်းကို ကြည့်လိုက်မယ်+အသံကို နားထောင်လိုက်မယ်+အနံ့ကို နမ်းရှုလိုက်မယ်+အရသာကို လျက်ကြည့်ပိုက်မယ်+အတွေ့ကို တွေထိကြည့်လိုက်မယ်-ဆိုယင် ယောကျ်ားပဲ=အမျိုးသားပဲ-လို့ တဖက်သားတို့ မှတ်ယူလောက်တဲ့အမူအရာနဲ့ မင်းတို့ ဖမ်းကြရမယ်"လို့ အမိန့်မပေးသော်လဲ ပေးဘိသကဲ့သို့ တခါထဲသူကစိုးအုပ်ထားတယ်၊ ဒီပုဗ္ဗာဝရုပ်စိုးအုပ်တဲ့သန္တာန်မှာ လာပြီ ဖြစ်ရလို့ ယခင်ပြောခဲ့တဲ့ ကံကြောင့်+စိတ်ကြောင့်+ဥတုကြောင့်+အာဟာရကြောင့် ဖြစ်တဲ့ ရုပ်လေးမျိုးစလုံး တခဲ့ထဲ ယောကျ်ားပဲ=အမျိုးသားပဲ-လို့ သူတဖက်သားစဲ့မှတ်ယူလောက်တဲ့ အခြင်းအရာနဲ့ ဖြစ်ကြရတယ်။

ဒါကြောင့် သူတို့ (ကုတ္တိဘာဝရုပ်+ပုဗ္ဗာဝရုပ်တို့)ကို ကုန္ဒြေပိုင်းကျတော့ ကုတ္ထိန္ဒြေ ပုရိသိန္ဒြေ-လို့ ခေါ်မှတယ်၊ ရုပ်ပိုင်းမှာတော့ ကုတ္ထိဘာဝရုပ် ပုဗ္ဗာဝရုပ်-လို့ ခေါ်တယ်၊ ဘယ်လောက်များ ထူးဆန်းသလဲ၊ မျက်စိနဲ့လဲ မြင်ကောင်းတဲ့ရုပ်မဟုတ်ဖူး၊ ဟော့ဒီ လက်ချောင်းကခေလးထဲမှာလဲ သူတို့ အသီးသီးရှိကြတယ်၊ တကိုယ်လုံးမှာလဲ ရှိကြတယ်။ ။ဥပမာ-ယောကျ်ားကလေး တစ်ယောက်နဲ့ မိန်းမကလေးတစ်ယောက်ကို တကိုယ်လုံး မမြင်ရအောင် စောင်အသီးသီးခြုံထား၊ လက်ညှိုးထိပ်ကလေးတင်ထုတ်ပေး။ လိမ္မာပါးနပ်တဲ့ ပုဂ္ဂိုလ်ဆိုယင် ဒီလက်ညှိုးကလေးကို မြင်တာနဲ့ ဟာဒါ မိန်းကလေး+ဒါက ယောကျ်ားလေးလို့ ပြောပြနိုင်တယ်။ အဲဒီလို ပြောပြနိုင်အောင် ဘယ်သူ ဖန်တီးပေးသလဲဆိုတော့ ကုတ္ထိဘာဝရုပ် + ပုဗ္ဗာဝရုပ်က ဖန်တီးပေးတယ်၊ အဲဒီ လက်ညှိုးထိပ်က အဆစ်ကလေးမှာလဲပဲ

ဣတ္ထိဘာဝနပုံပ်ရှိတယ်၊ ပုဗ္ဗာဝရုပ်ရှိတယ်၊ အဲဒီရှိတဲ့ ဣတ္ထိဘာဝရုပ်+ပုဗ္ဗာဝရုပ်တို့ရဲ့ခြယ်လှယ်ချက်အရ ဟောဒါယောကျ်းလေး+ဟောဒါမိန်းကလေး-လို့ ပြောယူရတာပဲ။ ဣတ္ထိကဲ့သို့ ပြောယူရလောက်အောင် ခြယ်လှယ်တဲ့ ရုပ်နှစ်မျိုးကို ဘာဝရုပ်နှစ်မျိုး (နှစ်စုံဘာဝ) လို့ ခေါ်တယ်။

ဟဒယဝတ္ထုရုပ်(ဟဒ္ဒယနှင့်)

ဟဒယနှင့်-လို့ ဆိုတာက ရင်ချိုင့်ထဲမှာ လက်ဆုံမ်းဝက်မျှသော ဆွဲးမှာနှံ့ထားသည်တဲ့ ဟဒယာဝတ္ထုရုပ်ဆိုတာ ရှိတယ်။ ယနေ့ သိပ္ပံက ပြောနေတဲ့ပြဿနာ၊ ဘယ်လိုလဲဆိုတော့ "နှလုံးသားအတုနဲ့ ဆေးကုလို့ ကမ္ဘာမှာ သိပ္ပံပညာရှင်တွေ အောင်မြင်နေပြီ"တဲ့။ အမှန်က ဟဒယဝတ္ထု(ဂမ္ဘီ)ရုပ် အစစ်ရှိမှ မနောဓာတ်+မနောဝိညာဏဓာတ်ဆိုတဲ့ စိတ်ဓာတ်ဖြစ်ဘယ်၊ ဗုဒ္ဓဘာရားတော်အလိုက ဒီဟဒယဝတ္ထုရုပ်ကို မှီပြီးတော့ မနောဓာတ်၊ မနောဝိညာဏဓာတ်ဆိုတဲ့ အာရုံကို ထူးထူးခြန်ခြန်သိတဲ့ စိတ်ဓာတ်၊ လိုစိတ်တို့နဲ့တဲ့ယှဉ်တဲ့ စေတသိက်တွေ ဖြစ်ကြတယ်-လို့ ဗုဒ္ဓဝါဒ ဟောခဲ့တယ်။

ဗုဒ္ဓရဲ့အဘိဓမ္မာကို ကောက်လုန်ချင်တဲ့ ပုဂ္ဂိုလ်များက "နှလုံးသားအတုနဲ့ ပြောင်းလဲတပ်ဆင်ဘားတဲ့လူဟာ ဘယ်နှစ်ရက်အသက်ရှည်တယ်၊ အဲဒီ ဒေသက်ရှည်နေသလောက် ထိုလူက စကားပြောလျက် သွားလျက် လာလျက်ပဲရှိတယ်၊ ဒီတော့ ကိုယ်တော်တို့ရဲ့ ဟဒယဝတ္ထုရုပ် ဘယ်နှယ်လုပ်မလဲ၊ သူမရှိပေမဲ့ သွားနိုင် လာနိုင် စကားပြောနိုင်တယ်"လို့ ဆိုကြတယ်၊ အဘိဓမ္မာကို တော်လှန်ကြတယ်။

ဖုတ်သက်

ဒီနေရာမှာ ဘုန်းကြီးကတော့ ကိုယ်ဆင်ခြင်မိတာကို လွှတ်လွှတ်လပ်လပ်ပဲ ပြောလိုက်ချင်ပါတယ်၊ ဘယ်လိုလဲဆိုတော့ "ဟဒယဝတ္ထုနဲ့ မူလတည်လာတဲ့ သတ္တဝါကတော့ ဟဒယဝတ္ထုကို ဖြတ်လိုက်ကတည်းက သေသွားပြီ၊ မရှိတော့ဘူး" လို့ ပြောလိုပါတယ်။ "အဲဒီနှလုံးအတုတပ်ထားတဲ့လူက ဘယ်နှစ်ရက် အသက်ရှင်နေတယ်ဆိုတာက ဘယ်လိုလဲ" လို့ ပြောစရာရှိတယ်၊ အဖြေက အဲဒါဟာ "ဖုတ်သက် ဖုတ်သင်္ကန်း၊ ဖုတ်သက်နဲ့" ဖြစ်နေတာ။ ဖုတ်သက်မျိုးလဲ ရှိတတ်တယ်၊ ၎င်းကို စာထဲမှာ "ဘူတ" လို့ ခေါ်တယ်၊ ဒီ "ဘူတ" လို့ ခေါ်တဲ့ ဖုတ်သက် (ဘုတ်သက်) ကလဲ အလွန်ဆန်းတယ်၊ ဝိနည်းမှာလဲ ဒီဘူတဝတ္ထု ရှိတယ်၊ ရှိပုံမှာ ပဂ္ဂိုလ်တစ်ယောက် ကွယ်လွန်သွားတယ်၊ ညတုဇရုပ် ကလာပ် သန္ဓာန်က မပြတ်သေးတော့ အဲဒီ မပြတ်သေးတဲ့ ညတုဇရုပ်ကလာပ်သန္ဓာန်ပေါ်မှာ စုံလမ်းပြီးသွေ့လို့ ဘူတ-ခေါ်တဲ့ ဘုတ်ပြိတ္တာ (ဖုတ်ပြိတ္တာ) လာတယ်၊ အဲဒီအခါမှာ ညတုဇရုပ် သန္ဓာန်က မပျက်စီးသေးခင်ဆိုတော့ သူက တည်လို့ မှီလို့ ရတယ်။

ညတုဇရုပ်ကလာပ် (အလောင်း) ကို ရစ်ပတ်ပြီး ပစ်လိုက်တဲ့ အဝတ်ကို မုတင်ဆောင်ပုဟန်းတပါး ပံသုကူသွားကောက် (ခွါပြီးယူ) လာတော့ အဲဒီ ညတုဇရုပ်အလောင်းက ထပြီး "အရှင်ဘုရား....တပည့်တော်ရဲ့ အဝတ်ကို မယူပါနဲ့၊ တပည့်တော်အဝတ်မယူပါနဲ့" လို့ နှုတ်ကမြွက်ပြီး ထလိုက်လာတယ်။ အဲဒီလို ဝိနည်းမှာလဲပဲ ဘူတ-ဆိုတဲ့ (ယနေ့ လူ့ဝေါဟာရ ဘုတ်ခေါ်တဲ့) အရာဟာ ဘုရားလက်ထက်ကလဲ ရှိတယ်၊ ဘုံအားဖြင့်တော့ ပြိတ္တာဘုံက ပြိတ္တာ သတ္တဝါ ပါပဲ။ နှလုံးအတုနဲ့ အသက်ရှင် နေတယ်ဆိုတဲ့ လူဟာလဲ ထိုနည်းၾကင်းနေမှာပေ။

မကြာမီရက်အတွင်းကပဲ ကြားရသေးတယ်၊ဘုန်းကြီးတို့နဲ့ ရင်းနှီးတဲ့ ဒကာမကြီးကပြောတယ် "သူမိခင်ဟာ အင်မတန် အသဲအသန် မကျန်းမမာဖြစ်ပြီးတဲ့နောက် စိတ်တမျိုး ပြောင်းလဲသွားသကဲ့သို့ ဖြစ်ပြီးနေတာ၊ ရှေးတုန်းကထက်လဲ ပိုပြီး တမျိုးတမည်ပြောင်းပြီး သား+သမီးတွေ အပေါ်မှာလဲ စကားပြောလျက်ပဲ၊ သို့သော် ရှေးကမှုန့်တော့ မတူတော့ဘူး-တဲ့။ ဒီတော့ တပည့်တော်တို့က အောက်မေ့နေတယ်"ဩော်....တို့အမေဟာ အသက်ကြီးလို့ သူငယ်ပြန်တာပဲ"လို့ အောက်မေ့တယ်၊ စားလိုက်တာ ဘုရား(တဲ့)၊ လွန်လွန်ကြူးကြူး စားတာပဲ။ အဲဒီတော့ ဒီလိုပြုစုလာလို့ နှစ်နှစ်ကျော် သုံးနှစ်ရှာသီထဲရောက်တော့ တပည့်တော်က အမေ့ကိုချစ်တော့ ညည်းယင် အမေနဲ့ အတူတူအိပ်တယ်၊ ဒီလိုအိပ်လို့ ရက်တော်တော်ကြာတော့ အမေလုပ်သူက အလွန်ချစ်တဲ့သမီးကို လည်ပင်းကိုင်ပြီး ဆုပ်ပြီးညှစ်တယ်၊ ဒီအခါ သမီးက လန့်ဖြန့်ပြီးပြောတယ် "ဩော်....ဘယ့်နယ်လုပ်ထာလဲ အမေ၊ ကျုပ်တို့အမေဟာ ဒီလောက် သမီးအပေါ်မှာ မရက်စက်ဘူးလို့ အောက်မေ့တယ်၊ အမေဘယ့်နယ်လုပ်ထားလဲ'လို့ ပြောတယ်၊ အဲဒီကတော့မှ သူဟာ သူ့ဇာတိပေါ်လာတယ် (တဲ့)။ "ငါ့ကို ညှီး သိရဲလား"လို့ မေးတယ်၊ "ကျုပ်အမေတော့ ကျုပ်သိတာပေါ့၊ အခုပြောတဲ့ 'ငါ့ကို ညှီး သိရဲလား' လို့မေးတဲ့ ပုဂ္ဂိုလ်ကိုတော့ မသိဘူး"လို့ ဆိုတော့မှ "အေး-ဘယ်အနားက"လို့ အဲဒီတော့မှ ပြောဘာဘုရား၊ နှစ်နှစ်လောက်ကြာတယ်တဲ့၊ သူတို့မိခင်ဟာ ဖုတ်သက်နဲ့နေတာ ၂-နှစ်လောက်ကြာတယ်"တဲ့။

အဲဒီတော့ ကမ္ဘာ့သိပ္ပံပညာရှင်တွေ နှလုံးသား အစားထိုးပြီး ကုသားတဲ့ အသက်ရှင်နေတဲ့လူနာဟာ ပကတိဟဒယဝတ္ထုရုပ်တော့ မရှိဘူး၊ မရှိပဲနဲ့ ဘယ်နှစ်ရက် အသက်ရှည်တယ်-ဆိုတာဟာ ဗုဒ္ဓရဲ

အဘိဓမ္မာအလိုက်တော့ ပကတိအသက်နဲ့တော့ ရှည်ဘို့မလွယ်ဘူးပေါ့။ သို့သော် ရှည်နေတာကိုတော့ သိပ်ပဲပညာရဲ့ ဆန်းကြယ်မှုအရလက်ခံပါတယ်၊ အဘိဓမ္မာနဲ့ မဆန့်ကျင်အောင်က-တော့ဖြင့် "ဩဿ်....ဒီပြင်အသက်တခု(ဇုတ်သက်)ဝင်ပြီးတော့ ဟန်လုပ်နေမှာပါပဲ-လို့ ဒီလိုပဲတွေးခေါ်ရမည်ဖြစ်ပါတယ်။

နှစ်စုံဘာဝ၊ ဟဒယနှင့်၊ ဇီဝ+ဩဇာ၊ ဆယ့်ရှစ်မှာမူ (တဲ့)
ဇီဝိတရုပ်(နှင့်) ဩဇာ(အာဟာရ)ရုပ်

(ဇီဝိတရုပ်)ကံကြောင့်ဖြစ်တဲ့ရုပ်တွေကို စောင့်ထိန်းပေးမဲ့, ဒီရုပ်ကိုယ်ကို စောင့်ထိန်းပေးတဲ့ ဇီဝိတ-လို့(အသက်-လို့)ခေါ်တဲ့ ရုပ်တခုရှိတယ်။ အတ္တ+လိပ်ပြာ+ဝိညာဏ်ကောင်လို့ခေါ်တဲ့ အသက်မဟုတ်ဘူးနော်။ ပရမတ္ထအသက် ပရမတ္ထဇီဝိတရုပ် တမျိုးရှိတယ်၊ ဒီခန္ဓာကိုယ်မှာ ကံကြောင့်ဖြစ်တဲ့ရုပ်+စိတ်ကြောင့်ဖြစ်တဲ့ရုပ်+ဥတုကြောင့်ဖြစ်တဲ့ရုပ်+အာဟာရကြောင့်ဖြစ်တဲ့ရုပ်-လို့ ရုပ် လေး မျိုး ရှိ တယ်၊ ဒီလေးမျိုးထဲမှာ စိတ်ကြောင့်,ဥတုကြောင့်,အာဟာရကြောင့် ဖြစ်တဲ့ရုပ်သုံးမျိုးတို့မှာတော့ အကြောင်းရင်း မိဘသဖွယ်ဖြစ်သော စိတ်+ဥတု+အာဟာရ-တို့က ပစ္စုပ္ပန်အကြောင်းတွေ၊ မိဘနှစ်ပါး ထင်ရှားရှိပြီး အစောင့်အရှောက် အပူအစုခံကြရတဲ့ သား+သမီးမျှားလို့ စိတ်ကြောင့်ဖြစ်တဲ့ရုပ်ကို အကြောင်းစိတ်က ခဏပစ္စုပ္ပန်အနေနဲ့ သူ့အသက်ရှည်သလောက် စောင့်ပြီးတော့မှ ချုပ်သွားတယ်။ ဥတုကလဲ ထို့အတူပဲ၊ အာဟာရကလဲ ထို့အတူပဲ။ မိဘနှစ်ပါး အသက်ရှိလျက် အစောင့်ရှောက်ခံရတဲ့ သား+သမီးမျှားလို စိတ္တဇ+ဥတုဇ+အာဟာရဇ-ခေါ်တဲ့ ရုပ်သုံးမျိုးတို့လဲပဲ အကြောင်းဖြစ်တဲ့ မိဘနဲ့တူတဲ့ စိတ်+ဥတု+အာဟာရ-တို့က ပစ္စုပ္ပန်အနေနဲ့ အစောင့်ရှောက် အပူစုကို ခံကြရတယ်။

ကံခြောင့်ဖြစ်တဲ့ချပ်များကျတော့ အခြောင်းဖြစ်တဲ့ကံက ဟို.... လွန်ခဲ့တဲ့ အတိတ်ဘဝက ကံ၊ ပစ္စုပ္ပန်အခြောင်း မဟုတ်ဘူး၊ အတိတ် အခြောင်း ဖြစ်တယ်။ ကံခြောင့်ဖြစ်တဲ့ရုပ်ဆိုတာက မျက်စိ+နား+နှာ+လျာ-ကိုယ်+ခုနကပြောခဲ့တဲ့ ဣတ္ထိန္ဒြေ+ပုရိသိန္ဒြေ-ခေါ်တဲ့ဣတ္ထိ-ဘာဝ+ပုမ္ဘာဝ+ဟဒယဝတ္ထု၊ ဒါတွေဟာ ကံကြောင့်ဖြစ်တဲ့ရုပ်တွေ၊ အဲဒီ ကံကြောင့်ဖြစ်တဲ့ရုပ်တွေကျတော့ မိခင်နဲ့ဘူတဲ့ အခြောင်းဖြစ်တဲ့ ကံက အတိတ်၊ သားသမီးနဲ့တူတဲ့ အကျိုးဖြစ်တဲ့ကမ္မဇရုပ်က အခု ပစ္စုပ္ပန်မှာ ဖြစ်ပေါ်တယ်၊ တကယ့်ကိုပဲ ကမ္မဇရုပ်တွေဟာ မိမဲ့+ဖမဲ့ သားသမီးတွေနဲ့ တူကြတယ်။

ဆိုကြပါစို့....စက္ခုဒသကကလာပ်မှာ ပထဝီ+အာပေါ+တေဇော+ဝါယော+ဝဏ္ဏ+ဂန္ဓ+ရသ+သြဇာ+ဇီဝိတ+စက္ခုပသာဒ-ဆိုတဲ့ ရုပ်ဆယ်ခု စုပေါင်းပါဝင်နေတယ်၊ ၎င်းဘို့ကို စက္ခုဒသကကလာပ်လို့ ခေါ်တယ်၊ "စက္ခုပသာဒဖြင့် မှတ်အပ်သော ရုပ်ဆယ်ခုအပေါင်း" လို့ ဆိုလိုတယ်။ အဲဒီ ရုပ်ဆယ်ခုအပေါင်း သူတို့ချင်း ဆွေးနွေး+စည်းဝေး တိုင်ပင်ကြတယ် ဆိုပါစို့။ (အဘိဓမ္မာသဘောဆိုတာ တခါတလေ ဒီလိုလဲ ဥပမာနဲ့ ဝေဠုမှ သဘောကျတယ်။)

ဟော....ဟောဟို စိတ္တဇ+ဥတုဇ+အာဟာရဇရုပ်တို့မှာတော့ မိခင်နဲ့တူတဲ့ အခြောင်းဖြစ်သော စိတ်+ဥတု+အာဟာရ-တို့က ပစ္စုပ္ပန်အခြေနဲ့ အုပ်ထိန်း ဖောင်ဖွားက် (ဆိုင်ရာ ဆိုင်ရာ ပဋ္ဌာန်းပစ္စည်းတို့ဖြင့်) ကျေးဇူးပြုပေးကြလို့ အားရှိကြကယ်၊ ဒို့ ကမ္မဇရုပ်ကလာပ်=ရုပ်ဆယ်ခုတို့မှာတော့ မိခင်နဲ့တူတဲ့ အခြောင်းကံကချုပ်ခဲ့တာကြာပြီ၊ ပစ္စုပ္ပန်အခြေနဲ့ ထင်ရှားမရှိတော့ဘူး။ ဒီတော့ လောကမှာ မိဘမဲ့တဲ့ သားသမီးများဟာ သားသမီးအချင်းချင်း ပြန်ပြီးထိန်းသိမ်းအုပ်ချုပ်ရတယ်၊ ဖောင်ဖွားက်ပေးရတယ်။ အဲဒီမူအတိုင်းပဲ တို့အထဲမှ အခြား

ရုပ် မျိုး နည်း တူ "စိတ္တက္ခဏဆယ့်ခုနစ်ချက်=ခဏငယ်ငါးဆယ့်တစ် ချက် အသက်ရှည်အောင် အုပ်ချုပ်စောင့်ရှောက်ခြင်းကိစ္စ"ကို ရှက် ဆောင်မည့်ရုပ်ကို ရွေးကြစို့.....။

"အုပ်ချုပ်စောင့်ရှောက်ခြင်းကိစ္စကို သင် ဆောင်ရွက်နိုင်ပါ့မလား" လို့ ပထဝီကို မေးတယ်ဆိုပါစို့၊ ပထဝီက "မဖြစ်ဘူး၊ တို့ ကျွန်တဲ့ ရုပ် တွေ ကျုပ်ကိုမှီကြရတယ်၊ ကျုပ်က ကျွန်တဲ့ရုပ်တို့ရဲ့မှီရာ အလုပ်ကို လုပ်ကိုင်ရတယ်" လို့ ပထဝီက ပြန်ပြီး ပြောတယ်ဆိုပါစို့။

အာပေါကို မေးတော့လဲ ထိုအတူပဲ၊ တေဇော+ဝါယောတို့ကလဲ ထိုအတူပဲ၊ ကျွန်တဲ့ရုပ်တို့ရဲ့ မှီရာအလုပ်ကို လုပ်ကိုင်ရွက်ဆောင်ရတယ်၊ မဟာဘုတ်ကြီးလေးပါးတို့က ကျွန်သောရုပ်တို့ရဲ့မှီရာ အလုပ်ကို ရွက် ဆောင်နေရတယ်။ ဒါ့ကြောင့် ငှင်းတို့က စောင့်ရှောက်မှု-ဆိုတဲ့အလုပ် ကို မလုပ်နိုင်ကြဘူး။ ကိုင်း.... ဒါဖြင့် ရုပ်ဆယ်ခုထဲမှာ အဆင်းဆိုတဲ့ ရုပါရုံရုပ်တစ်ခု ပါတယ်၊ ကံကြောင့်ဖြစ်တဲ့အဆင်း၊ အဲဒီအဆင်း= ဝဏ္ဏရုပ်ကို "ခင်ဗျား စောင့်ရှောက်နိုင်မည်လား" လို့ မေး။ အဆင်း ရုပ်ကလဲ ဖြေတယ်= "ဟင် မဖြစ်ဖူး" တဲ့။ "ဘာပြုလို့လဲ"။ "မျက်စိနဲ့ ကြည့်ယင် အမြင်ခံရမှာက ကျုပ်အလုပ် ဖြစ်တယ်" တဲ့။ ။ဂန္ဓ-ကို မေးတော့လဲ "ကျုပ်လဲ မဖြစ်ဘူး" တဲ့။ "ဘာပြုလို့လဲ"။ "ဃာန-ဝိညာဉ်နဲ့ နမ်းရှုကြည့်ယင် ဒိဝတ္ထုက ငမ်းတယ်၊ ဒိဝတ္ထုက မငမ်းဘူး လို့ အဲဒီလို ဃာနဝိညာဏ်ရဲ့ အာရုံဖြစ်ဖို့ရန် အလုပ်တာဝန်ကြီး ကျုပ် မှာ ရှိတယ်" တဲ့။ ။ရသာကို မေးမြန်းတော့လဲ "ခင်ဗျားတို့လိုပဲ ကျုပ် ကလဲ ဇိဝှါဝိညာဏ်ရဲ့ အာရုံအဖြစ်ခံရမယ့်ကိစ္စ အလုပ်ရှိတယ်" တဲ့။ ဿဇာကို မေးပြန်တော့လဲ ဿဇာက (ဿဇဆိုတာက ပါဠိစကား၊ ဿ-ရယ်+ဇ-ရယ်။ ဿ-က ဥဒ္ဒံ=အာဏက်ဆိုတဲ့ အနုက်ကို ပောတယ်။ မိမိဖြစ်ပြီးသည်မှအထက် ဌိခဏသို့ရောက်ယင်၊ ဇ-က အာဟာရဇရုပ်ကို

ဖြစ်ခဲစရာတယ်လို့ အနက်ချိဘယ်) အာဟာရဇရုပ်ကို ဖြစ်စေတတ်လို့ ကျုပ်ကို သြဇာလို့ခေါ်ဝဟာ၊ ဒီတော့ ခင်ဗျားတို့က အမှီခံရုံ(နဲ့)အားရုံ အနှံခံခိုရယ်၊ ကျုပ်က အာဟာရဇရုပ်ကလေးပ်တခုကို ဖြစ်ခအောင် ပြုလုပ်ပေးရမဲ့ အလုပ်ကြီး အကြီးအကျယ်ရှိတယ်၊ ဒါကြောင့် မစောင့်ရှောက်နိုင်ဘူး" တဲ့။

စက္ခုပသာဒ=မျက်စိအကြည်ရုပ်ကိုမေး "ခင်ဗျား မစောင့်နိုင်ဘူးလား"။ "မစောင့်နိုင်ဘူး"။ "ဘာပြုလို့လဲ"။ "စက္ခုဝိညာဏ်က ဒီသဏ္ဌာန်မှာ လာဖြစ်ယင် ကျုပ်က အမှီခံရမှာ၊ ဒီတော့ ကျုပ်က စက္ခုဝိညာဏ်ရဲ့အမှီခံ ကိစ္စ လုပ်ရလိမ့်မယ်။ မပြောပေမယ့် ပြောသကဲ့သို့ ကိုယ့်ကိစ္စနဲ့ကိုယ် ရှိတယ်။

ဒီတော့မှ ဇီဝိတကိုမေး၊ ခင်ဗျားကော စောင့်ရှောက်မှုကိစ္စ လုပ်နိုင်ပါ့မလား။ အေး-စောင့်ရှောက်မှုတာဝန် ကျုပ်ကိုထားလိုက်။ ဒီဇီဝိတရုပ်ကနေပြီးဘော့ သူ့ကလာပ်သူ ကမ္မဇရုပ်တွေကို စောင့်ပေးတယ်။ အဲဒီ စောင့်ပေးမှုသဘာဝရှိတဲ့ ရုပ်တမျိုးရှိတယ်၊ အဲဒီ ရုပ်ကို ဇီဝိတခေါ်တယ်။

အာဟာရဇရုပ်ကို ဖြစ်စေတတ်တဲ့ ဓာတ်သတ္တု အဆီ အစေးကို သြဇာခေါ်တယ်။ ဇီဝ, သြဇာ၊ ဆယ့်ရှစ်မှာမူ-

လေ-ဖြာဟေတု၊ ကြောင်းစတုကြောင့်၊ ဖြစ်မှုပေါ်လော၊
သဘောသီးသီး၊ ကိုယ်စီပြီး၍၊ ရုပ်ကြီးရုပ၊ နိပ္ပန္နတည်း။

အခုပြောခဲ့ဘဲ့ ရုပ်တွေကို ပြန်ပြီးတော့တခုစီ ရေတွက်ယင် တဆယ့်ရှစ်ခုရှိတယ်။ သို့သော် ဖောဋ္ဌဗ္ဗာရုံဆိုဘာ ပထဝီ တေဇော ဝါယောကို့ ယူပြီးတဲ့ ဓာတွက် အသစ်ဂဏန်း မတိုးနဲ့ဇော့ ယူပြီးလို့ ချန်လိုက်။ အဲဒီ တဆယ့်ရှစ်ပါးသော ရုပ်တွေဟာတဲ့ (ဆယ့်ရှစ်မှာမူ၊ လေးဖြာ

ဟေတု၊ ကြောင်းစဉ်ကြောင့်၊ ဖြစ်မှုပေါ်လော)—မိမိတို့ သက်ဆိုင်ရာ ကံတည်းဟူသော အကြောင်း၊ ဇိတ်ဟူသော အကြောင်း၊ ဥတု အကြောင်း၊ အာဟာရအကြောင်းကြောင့် ပေါ်ပေါ်လောလော ဖြစ်တယ်။ မိမိတို့ရဲ့ ကိုယ်စီကိုးကိုင် ကိုယ့်သဘာဝနဲ့ သဘောအသီးအသီးနဲ့ ပြီးကြ ဖြစ်ကြတယ်။ ဒါကြောင့် သူတို့ကို နိုပ္ပန္နရုပ် ဆယ့်ရှစ်ပါးလို့ ပါဠိလို ခေါ်ပါတယ်။

လက္ခဏာယာဉ် တင်ပြီးတော့ ဝိပဿနာ ရှုတဲ့အခါ ဒီ နိုပ္ပန္နရုပ် ဆယ့်ရှစ်ပါးပဲ ရှုရမယ်။ ဒါကြောင့် အဘိဓမ္မာကျတော့ သူ့ကို သမ္မသနရုပ်။ အနိစ္စ ဒုက္ခ အနတ္တလို့ အရှုခံရတဲ့ ရုပ်။ ဟိုဘက် အနိပ္ပန္နရုပ်—

အနိပ္ပန္နရုပ်ဆယ်ပါး

ထိုမှတပါး၊ ကသောပ်ခြားမျှ၊ အာကာသနှင့်—

အာကာသဓာတ် ၁-ပါး။ ။ရုပ်ကလာပ်ကလေးတွေ တခုနဲ့တခု ရောမသွားအောင် ခြားပေးတဲ့ အာကာသ ဝိဝရ ဆိုတဲ့ ရုပ်ကလာပ် တခုနဲ့တခု အကြား၊ ဒါကို အာကာသဓာတ်လို့ ခေါ်တယ်။ ဒါ ရုပ်ဘးပါး။

ကာယဝစီ၊ နှစ်လိုကိုယ်နှုတ်၊ လှုပ်မှုရှားမှု၊ နှစ်ခုဝိညတ်—

ဝိညတ်ရုပ် ၂-ပါး။ ။လွယ်လွယ် ဆရာတော်ကြီးက ပြောလိုက်တယ်၊ ကိုယ် လှုပ်ရှားမှု= ကာယဝိညတ်ရုပ်၊ နှုတ် လှုပ်ရှားမှု= ဝစီဝိညတ်ရုပ်၊ အမှန်ကဘော့ လှုပ်ရှားတဲ့ ကိုယ်, လှုပ်ရှားတဲ့ နှုတ်၊ အဲဒီလို လှုပ်ရှားတဲ့ ကာယရှင်, မြွက်ဆိုတဲ့ ဝစီရှင်ရဲ့ အလိုကို သိစေတတ်တဲ့ အမှုအရာ သဘာဝသတ္တိကို ကာယဝိညတ်,

ဝစီဝိညတ်ခေါ်တယ်။ သို့သော် ဆရာတော်ကြီးက အရပ်ထဲကလူတွေ ဖြုန်းကနဲ့ အကြွမ်းဖျင်း သသမ္ဘာရကထာ အနေနဲ့ နားလည်အောင် ကိုယ် လှုပ်ရှားမှု= ကာယဝိညတ်၊ နှုတ် လှုပ်ရှားမှု= ဝစီဝိညတ် ၊ဒါ ဝိညတ်ရုပ် နှစ်ပါး။ နှစ်ခုဝိညတ် –

ရူပ ဿ လဟု၊ မုဒု,ကမ္မည၊ ဝိကာရခေါ်၊ ရုပ်သုံးဖော်ကား။ ပေါ့ပါးနူးညံ့၊ ကြမ်းခဲမှုရာ – တဲ့။

ဝိကာရရုပ် ၃-ပါး။ ။ပါဠိလိုခေါ်တော့ ရူပဿ လဟုတာ, ရူပဿ မုဒုတာ, ရူပဿ ကမ္မညတာ, လို့ ဝိကာရ ရုပ် သုံးပါးလို့ခေါ်တယ်။ ဆိုခဲ့ပြီးတဲ့ နိပ္ဖန္နရုပ် ဆယ့်ရှစ်ပါးတို့ရဲ့ ပေါ့ပေါ့ ပါးပါး ပေါ့ပါးမှုဆိုတဲ့ ဂုဏ်၊ အဲဒါကို ရူပဿ လဟုတာ ခေါ်တယ်။ နိပ္ဖန္နရုပ်တို့ရဲ့ နူးညံ့မှုဆိုတဲ့ဂုဏ်၊ ရူပဿ မုဒုတာခေါ်တယ်။ နိပ္ဖန္နရုပ်တို့၏ ထိုသိုကိစ္စ၌ ခံကျန်းမှု ရူပဿ ကမ္မညတာလို့ ခေါ်တယ်။ အဲဒီ ရူပဿ လဟုတာ မုဒုတာ ကမ္မညတာရုပ် ရှိ မရှိကို မကျန်းမာတဲ့ ပုဂ္ဂိုလ်များကို ကျန်းမာတဲ့ ပုဂ္ဂိုလ်များကကိုင်ကြည့်၊ မကျန်းမာတဲ့ပုဂ္ဂိုလ်များရုပ်က အင်မတန်လေးကန်တယ်။ လဟုတာမရှိဘူး။ လက်ဖဝါး ခြေဖဝါးတွေ အကုန်လုံးကြမ်းပြီးတော့ နူးနူးညံ့ညံ့ မရှိဘူး။ ဩဝဿ-သူ.မှာ မုဒုတာ မနှိုဘူးဟဲ့။ အင်းကျန်းမာတဲ့လူအဖို့ ရေးပုံးကြီးဆွဲရမှာ ဝန်မလေးပေ ယဲ့ အင်မတန်မကျန်းမာတဲ့လူအဖို့ ရေခွက်ကလေးကိုင်သေ က်ဖို့ရာ အင်မတန် ဝန်လေးတယ်။ သွက်သွက်လက်လက် ချက်ချက်ချာချာ မရှိဘူး၊ ကမ္မညတာရုပ်မရှိဘူး။ ပကတိကျန်းမာတဲ့လူမှာ ကမ္မညတာ ရုပ်တွေ-နိပ္ဖန္နရုပ်တို့ရဲ့ ထိုထိုအမှုတို့၌ ခံကျန်းခြင်းကို ရူပဿ ကမ္မ-ညတာဆိုတဲ့ ဂုဏ်ရုပ်တွေ ရှိတယ်။ ဒါကို 'ရူပဿ လဟု မုဒုကမ္မည၊ ဝိကာရခေါ်၊ ရုပ်သုံးဖော်ကား' – အဲဒီရုပ်သုံးခုကို ဝိကာရရုပ်လို့ ခေါ်တယ်။ 'ပေါ့ပါးနူးညံ့၊ ကြမ်းခဲမှုရာ'တဲ့၊ ပေါ့ပါးတဲ့ အမူအရာ နူးညံ့

တဲ့အမှုအရာ ကြမ်းခန့်တဲ့အမှုအရာ ဒီသုံးပါးကို အစဉ်အတိုင်း - ရူပဿလပဟုတာ, ရူပဿ မုဒုဘာ, ရူပဿ ကမ္မညဘာလို့ ခေါ်တယ်တဲ့။ တခါသူဒီးလိုက် လက္ခဏာရှုပ်အတွက် -

တဖြာထိုမှ၊ ဥပစယ၊အစပ္ပဒီး၊အရိုးပြည့်မီ၊ တည်စဉ်သန္ဓတိ။

လက္ခဏာရှပ်လေးပါး။ ။ဥပစယရှပ်ဘာ၊ဂိုး, သန္ဓတိရှပ်တမျိုး။ 'ရင့်ဘိဇ္ဇ'တဲ့၊ ရင့်ရော်တဲ့ အပိုင်းကို ဇရတာ၊ ဇရာလို့ ခေါ်တယ်။ "ပျက်မှာအနိစ္စ" -- ရှပ်ကလာပ်ခတွေ ဘင်ခဏသို့ ရောက်ပြီးတော့ ပျက်တဲ့အပိုင်းကလေးကို ရူပဿ အနိစ္စတာ-လို့ ခေါ်တယ်။

ရှပ်ကလာပ်တိုင်း ကလာပ်တိုင်းမှာ ဖြစ်စေ ဥပါဒ်ပိုင်း, တည်နေတဲ့ ဌိပိုင်း, ပျက်တဲ့ ဘင်ပိုင်းလို့ အပိုင်းသုံးပိုင်း သုံးခဏ ရှိတယ်။ အဲဒီသုံးခဏမှာ ဖြစ်စေဆဲတဲ့ ဥပါဒ်ပိုင်းကို နှင်မျိုးခဲ့ရမယ်။ တဘဝ တဘဝဉ် ရသင့်ရထိုက်သော ရှပ်ကလာပ်တို့ ဖပြည့်စုံသေးမီ ဤအတွင်းမှာ ဖြစ်တိုင်း ဖြစ်တိုင်းသော ရှပ်တို့ရဲ့ ဥပါဒ်ကို ဥပစယလို့ ခေါ်တယ်။ အဲဒီ ရသင့်ရထိုက်တဲ့ ရှပ်ကလာပ်ဇတွ ပြည့်စုံပြီးတဲ့ အချိန်က စ၍ နောက်ထပ် ဖြစ်တိုင်း ဖြစ်တိုင်းသောရှပ်တို့ရဲ့ ဥပါဒ်ကို သန္ဓတိလို့ ခေါ်တယ်။ ရှပ်ကလာပ်မစုံခင်နှင့် ရှပ်ကလာပ်စုံခြိန် နှစ်ခြိန်စလုံးမှာ ပင်လျှင် တသက်တာလုံး ဖြစ်တိုင်း ဖြစ်တိုင်းသော ရှပ်တို့ရဲ့ ဌိကို ဇရတာ၊ ရှပ်တို့ရဲ့ ဘင်ပိုင်းကလေး ပျက်စီးတဲ့ အပိုင်းကလေးကို၊ အနိစ္စတာ လို့ ဒီလေးခုကို လက္ခဏာရှပ်ခေါ်တယ်။ ဒါကို -

ဥပစယ၊ အစပ္ပဒီး၊ အရိုးပြည့်မီ၊ တည်စဉ် သန္ဓတိ၊
ရင့်ဘိဇရာ၊ ပျက်မှာအနိစ္စ၊ ဤလေးဝမူ၊ လက္ခဏာရှပ်
ခေါ်သမုတ်၏။

ရုပ်ပေါင်းဆယ်တန်၊ အနိပ္ပန်တည့်

သူတို့က နိပ္ဖန္နရုပ် ဆယ့်ရှစ်ပါးကို လွှဲပြီးတော့ သူတို့ချည်း သီးခြားပြောလို့ မရဘူး။ နိပ္ဖန္နရုပ်နဲ့ ကိုင်ကဲပြောတယ်။ နိပ္ဖန္နရုပ်တို့ရဲ့ ဂုဏ်သဘောရှိတယ်။ အဲဒါကြောင့် သူတို့ကို သီးခြားမိမိတို့ဘာသာ, ယူလို့ မရ မပြီးနိုင်သောကြောင့် သူတို့ကို အနိပ္ပန္နရုပ် ဆယ်ပါးလို့ ခေါ်တယ်။ နှစ်ရုပ်ပေါင်းလိုက်ပါတဲ့ -

ရုပ်ပေါင်း ဆယ်တန်၊ အနိပ္ပန်တည့်၊ နိပ္ဖန် ဆယ့်ရှစ်၊ ပေါင်းတုံလင်းက၊ ရှစ်ခုဖွဲ့နှံကယ်၊ ရုပ်နှစ်ဆယ်သည်၊ အုပ်ချယ် ရုပကွန္ဓာတည်း။

အဲဒီစာပိုဒ်ကလေးရတဲ့ အမျိုးသား အမျိုးသမီးများဟာ မိမိကိုယ်မှာရှိတဲ့ရုပ်ခန္ဓာကို ဆရာသမားများထံ မေးမြန်းလျှောက်ထားပြီး ရှာကြံရမယ်၊ အဲဒါကို ရူပက္ခန္ဓာခေါ်တယ်။

ဝေဒနာက္ခန္ဓာသဘောသရုပ်ခွဲခန်း

ဝေဒနာက္ခန္ဓာ = ဖဝေဒနာအစု၊

ဘာကို ဝေဒနာခေါ်သလဲ -

ခံစား စံစား၊ စကားနှစ်ထွေ၊ တရားနေမှာ၊ ဝေဒနာ ဓာတ်၊ ခန္ဓာမှတ်လော။

ခံစားတယ် စံစားတယ်၊ များသောအားဖြင့် ချမ်းသာသုခ ဝေဒနာကျတော့ စံစားသည်။ ဒုက္ခနဲ့ကျတော့ ဒုက္ခခံစားနေရတာပါလို့ ပြောကြတယ်။ ခံစားတယ်လို့ ပြောပြော စံစားတယ်လို့ ပြော

ပြော အဲ့ဒီလိုပြောယူရတဲ့ သဘာဝတမျိုး ဒီကိုယ်ထဲမှာရှိတယ်။သူ့ကို ဝေဒနာလို့ခေါ်ပါတဲ့။ အဲဒီဝေဒနာအစုဆိုတာ ဘယ်လိုလဲ–

သုံးရပ်ဝေခွဲ၊ ဆင်းရဲဒုက္ခ၊ သုခချမ်းသာ၊ ဥပေက္ခာဟူ၊
လျစ်လျူခံစား၊ မထင်ရှားတည်း။

ဝေဒနာ ၃-ပါး။ ။အဲဒီဝေဒနာဟာ ခံစားမှုအနေနဲ့သုံးမျိုးရှိတယ်။ သုံးရပ်ဝေခွဲ ဆင်းရဲဒုက္ခ=ဆင်းဆင်းရဲရဲခံစားမှုကို ဒုက္ခဝေဒနာ ခေါ်တယ်။ သုခချမ်းသာ=ချမ်းချမ်းသာခံစားမှုကို သုခဝေဒနာ၊ ဥပေက္ခာဟူ လျစ်လျူခံစား မထင်ရှားဝ်ည်း=မထင်မရှားအသယ်အလတ် လျစ်လျူခံစားမှုသဘောကို ဥပေက္ခာဝေဒနာ ခေါ်တယ်။ သုံးခုရတယ်။

ကိုယ်ပေါ်တင်ပဲကြည့်၊ချောမွေနူးညံ့တဲ့ အဝတ်ကလေးဝတ်လိုက်ရယင် အဲဒတ္ဆုံကောင်းလိုက်တာ၊ ဒါ ချမ်းချမ်းသာသာခံစားမှု။ ဒီကိုယ်ပေါ်မှာ ဆူးကလေး ကျလိုက်ခတဲ့ နာလိုက်တာ၊ ဒါဆင်းဆင်းရဲရဲခံစားမှု၊ အလယ်အလတ် မထင်မရှား ခံစားမှုတွေကတဲ့ ကာယပေါ်မှာတဲ့ မဖြစ်ဘူးပေါ့၊ ဒီကိုယ်ထဲမှာ မထင်မရှား ခံစားမှုကို ဥပေက္ခာလို့ခေါ်တယ်။ ဥပေက္ခာဝေဒနာ။ ဒါကို ဥပေက္ခာဟူ၊ လျစ်လျူခံစား၊ မထင်ရှားတည်း။–

ငါးပါးအလို၊ တပုံဆိုသော်၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာ
ဆင်းရဲ၊ လျစ်လျူခွဲဓလေ။

ဝေဒနာ ၅-ပါး။ ။ဝေဒနာငါးပါးရဇအောင် စဉ်းစား ကြည့်စမ်း။ ကိုယ်ချမ်းသာမှု=ကာယိကသုခ။အဝတ်အချောကလေး ကိုယ်ပေါ်မှာ တွေ့လိုက်ယင် အတွေ့ တယ်ချမ်းသာတယ်။ ဒါ ကာယိကသုခ ခေါ်တယ်။ ဒီကိုယ်ပေါ်မှာဆူးကျတော့ ကာယိကဒုက္ခ

ဝေဒနာဖြစ်တယ်။ ထို့အတူ စိတ်ပေါ်မှာလဲပဲ ကိုယ်ကြိုက်တဲ့ အာရုံနဲ့ ကျတော့ သိပ်ပြီး ချမ်းသာတယ်။ စေတသိက သုခ၊ မကြိုက်တဲ့ဟာ ကျတော့ ငါ ဒါ ကြည့်ရတာ၊ ဒါ ကြားရတာ စပါးမွှေးစူးလွန်းလို့ အဲဒီလို ပြောရော၊ စိတ်ထဲမှာ မသက်မသာခံစားမှု ဧစေတသိကဒုက္ခ ဝေဒနာတဲ့။ ဥပေက္ခာကတော့ စေတသိကချည်းဘဲ၊ ကာယိကမရှိဘူး တမျိုးတည်း။

ကာယိကသုခဝေဒနာ, ကာယိကဒုက္ခဝေဒနာ, စေတသိက သုခဝေဒနာ, စေတသိက ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာလို့ ငါးပါးခွဲတတ်ပါစေ။ ဒါတွေနဲ့ မိမိနေ့စဉ်တွေ့တယ်။

တနဲထို့ပြင်၊ အမြင်အကြား၊ အနံ့အာနဲ့၊ စားလျက်တွေ့ထိ၊ ကြံသိ ဖြ-ဖြာ၊ ချမ်းသာဆင်းရဲ၊ လျစ်လျူ။ခွဲခြား၊ ဆယ့်ရှစ်ပါးတည်း။

ဝေဒနာပေါင်း ၁၀-မျိုး။ ။အမြင်နဲ့ပတ်သက်ပြီးတော့ ချမ်းသာတဲ့ သုခဝေဒနာ, ဆင်းရဲတဲ့ ဒုက္ခဝေဒနာ အလယ်အလတ်လျစ်လျူ။ဆိုတဲ့ ဥပေက္ခာဝေဒနာလို့ သုံးမျိုးရှိတယ်။ ဆိုကြပါစို့ ကိုယ်မချစ်တဲ့လူ ကိုယ်မချစ်တဲ့အာရုံ မျက်စိနဲ့မြင်ရပြီဆိုလို့ရှိယင် အဲဒီနောက်မှာ ဒုက္ခဝေဒနာတွေ ဝင်လာတယ်။ ကိုယ်နှစ်သက်တဲ့ ချစ်တဲ့အာရုံကို မျက်စိနဲ့ မြင်ရယင် သုခဝေဒနာတွေ ဝင်လာတယ်။ ကိုယ်ချစ်သည်လည်းမဟုတ်၊ မချစ်မနှစ်သက်သည်လည်းမဟုတ်၊ အလယ်အလတ်ဖြစ်တဲ့ အာရုံကို မြင်ရတော့ အလယ်အလတ် ဥပေက္ခာဧဝေဒနာ နောက်ပိုင်းက ဖြစ်တယ်။

အသံမှာလဲ ထို့အတူပဲ၊ ချစ်နှစ်သက်အပ်သော အသံ, မချစ်မနှစ်သက်အပ်သောအသံ, အလယ်အလတ် မဇ္ဈတ္တအသံလို့ အသံသုံး

မျိုးရှိတယ်။ ချစ်နှစ်သက်တဲ့အသံကြားယင် သုခဝေဒနာဖြစ်တယ်။ ကြားတဲ့သောတဝိညာဏ်မှာဝေဒနာ မဖြစ်ဘူးပေါ့။ ဒီကြားတဲ့နောက် နားက သုခဝေဒနာဖြစ်ပြီ။ ကိုယ်မချစ် မနှစ်သက်တဲ့ အသံကို ကြားရပြီဆိုယင် ကြားတုန်းတော့ ဒုက္ခဝေဒနာ မဖြစ်ပါဘူး၊အလယ် အလတ် ဥပေက္ခာ၊ သောတဝိညာဏ်ဖြစ်တယ်။ သို့သော် အဲဒီ သောတဝိညာဏ်ရဲ့ နောက်မှာ မခံချင်မှုတွေ့ မဆက်သာမှု ဒုက္ခ ဝေဒနာတွေ့ပါလာတယ်။ အလယ်အလတ်အသံ သဒ္ဒါရုံကျတော့ ဥပေက္ခာဝေဒနာ။

ဒီတော့ အာရုံခြောက်ပါးမှာ--

၁။ အဆင်းကို မြင်တဲ့အခါ၊

၂။ အသံကိုကြားတဲ့အခါ၊

၃။ အနံ့ကို နမ်းရှုတဲ့အခါ၊

၄။ အရသာကို လျက်တဲ့ စားတဲ့အခါ၊

၅။ အတွေ့အထိကို တွေ့ထိတဲ့အခါ၊

၆။ ရုပ်နာမ်ဓမ္မကို မနောဒ္ဓါရ မနောဝိညာဏ်နဲ့ ဆင်ခြင်တဲ့အခါ--

တခါတလေ သုခဖြစ်တယ်။တခါတလေ ဒုက္ခဖြစ်တယ်၊ တခါတလေ ဥပေက္ခာဖြစ်တယ်။ အဲဒီတော့ ဒီခြောက်ပါးနဲ့ ပူဝေးယူလိုက်ယင် သုခ ၆-မျိုး၊ ဒုက္ခ ၆-မျိုး၊ ဥပေက္ခာ ၆-မျိုး၊ ပေါင်း ၁၈-မျိုး ဖြစ်တယ်တဲ့။ ဒါကြောင့်--

အမြင် အကြား၊ အနံ့ အာနှင့်၊ စားလျက်တွေ့ထိ၊ ကြံသိ ၆-ဖြာ၊ ချမ်းသာ ဆင်းရဲ၊ လျစ်လျူ၊ခဲ့ခြား၊ ဆယ့်ရှစ်ပါး တည်း။

သုံးပါးကာလ၊ ပဉ်းထတုံသေး၊ ငါးဆယ့်လေးတည်း။

ဝေဒနာ ၅၄-မျိုး။ ။ယမန်နေ့ကစပြီးတော့ လွန်ခဲ့တဲ့ ရက်တွေလတွေ နှစ်တွေတုန်းက ခံစားခဲ့တာကို ပြန်ကြည့်ယင် ဒီ ၁၈-မျိုးပဲ။ ယနေ့ ဒီပစ္စုပ္ပန်မှာ ခံစားတာလဲ ၁၈-မျိုးပဲ။ နောက်ရက် နောက်လ နောက်နှစ် နောက်တချိန်တွေမှာ အနာဂတ်မှာ ခံစားတာလဲ ၁၈-မျိုးပဲတဲ့၊ ဆယ့်ရှစ်သုံးလီ ငါးဆယ့်လေး (၁၈×၃=၅၄)။

တရေးသန္တာန်၊ နှစ်ပဉာ ပြန်က၊ တရာ့ရှင်ပင်၊ အကျယ်မြင်လေ့။

ဝေဒနာပေါင်း ၁၀၈-မျိုး။ ။သန္တာန် ၂-ပါးနဲ့ ပဉားအုံး၊ ကိုယ်ခံစားမှု အဇ္ဈတ္တသန္တာန်၊ ၅၄-ရှိတယ်။ မိမိမှတပါး အခြားသောပုဂ္ဂိုလ်တွေဟာ မိမိမှ ထောက်ယင် ဗဟိဒ္ဓတွေခေါ်တယ်။ အခြားသော ပုဂ္ဂိုလ်တို့ရဲ့ ခံစားမှု သူခံစားမှု ၅၄။ နှစ်ရပ်ပေါင်းလိုက်တော့ ဝေဒနာအာကျယ် တရာ့ရှစ် (၅၄+၅၄=၁၀၈)ဖြစ်တယ်=။ ဒါကို ဆရာတော်ဘုရားကြီးက'တရေးသန္တာန်၊နှစ်ပဉားပြန်က၊ တရာ့ရှစ်ပင်၊ အာကျယ်မြင်လေ့'လို့ မိန့်ပြောတာ။

ဝေဒနာကွန့်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုချင်ယင် အဲဒီလို ဝေဒနာတရားလုံးတွေကို ဖဉ်းစားရအုံးမယ်။ ကိုင်း သညာ-သင်းရအောင်။

သညာကွန့်သဘော သရုပ်ခွဲခန်း

ထို့ပြင်သညာ၊ ခန္ဓာမှာကား၊ လိမ္မာတတ်သိ၊ ဓါတ်ကြွင်း။

သညာဆိုတာဘာလဲ။ ။သညာဆိုတာဘာခေါ်သလဲဆိုတော့ လောကကြီးမှာ လိမ္မာလိုက်တာ တတ်လိုက်တာ သိလိုက်တာ ပါးနပ်လိုက်တာလို့ လောကီရေးရာမှာ လိမ္မာတယ်။

တတ်တယ်၊သိတယ်၊ပါးနပ်တယ်ဆိုတာတွေဟာ သည်ပဲ။ ဒါ ဆရာတော်ကြီးမို့လို့ လူတွေ့ တခါတည်းဖြန်းကနဲ သဘောကျအောင် ပြောတာ၊ ဆရာတော်ကြီးပြောတာကို မတွေ့ရ မသိရတဲ့ စာပေသက်သက် ပုဂ္ဂိုလ်ဆိုလို့ရှိယင် သည်ဆိုတာ အမှတ်ပြု၍ သိတာပဲ။ အမှတ်ပြု၍ သိတာဆိုဘာ ဘာတုံးဆိုဦးတဲ့ မပြောတတ်တော့ဘူး။ ဒါအမှန်အတိုင်း ဝန်ခံတာ။ ဆရာတော်ကြီးကတော့ ပရိယတ်လဲပါတယ်။ ကိုယ်တိုင်လဲ ကျင့်သုံးတယ် စိန္ဆာကဝိ=ဓမ္မသဘာဝကိုလဲ အလွန်နက်နက် နဲနဲစဉ်းစားဆင်ခြင်တဲ့ ပညာရှိကြီးဖြစ်ကော့ ဒီသည်အကြောင်းကို လူတွေ့နားလည်အောင် ပြောယင်ဟောဒီလို ပြောမှ နားလည်မယ်ဆိုပြီးတော့ ရဲရဲကြီး ပြောသွားတယ်။ 'ထို့ပြင် သည်၊ ခန္ဓာမှာကား၊ လိမ္မာတတ်သီ၊ ခေါ်ကြဘိရှင့်၊' လိမ္မာလိုက်တာ တတ်လိုက်တာ သိလိုက်တာ စတဲ့ လောကီရေးရာမှာ လိမ္မာတယ်ဆိုသမျှ တတ်တယ်သိတယ်ဆိုသမျှ ပါးတယ် နပ်တယ်ဆိုသမျှ ဒါတွေဟာ သည်ကွေ့ပဲတဲ့။ ဆရာတော်ကြီးကအချုပ် အဲဒီလိုပြောတယ်။

လူ၏ဘောင်မှာ၊ လူတကာနဲ၊ လိမ္မာမြဲမူ၊ မှတ်စွဲဖြာဖြာ
ဤသည်ပင်။

လူ့ဘောင်လောကမှာ သူမျှားနဲတူ လိမ္မာတယ်၊ ရောင်းမှုဝယ်မှု လိမ္မာတယ်၊ ပြောမှုဆိုမှု လိမ္မာတယ်။ လောကီနယ်ပယ်မှာလိမ္မာတယ်ဆိုတာတွေဟာ သည်လောက်ခြည်းထဲပါပဲတဲ့။

နတ်မှာနတ်လျောက်၊ လိမ္မာမြောက်၏၊ အောက်အပါယ်သား၊ ကျွဲနွားဆင်၊ မြင်းမြင်းသမျှ၊ အနန္တလည်း၊
ဘဝဘဝ၊သိတတ်ကြ၏။

အထိုက်အလျောက် သူ့သဘောအလျောက် သိတတ်ကြတယ်၊ လိမ္မာကြတယ်။ ဒါကြောင့် ဆင်လိမ္မာ မြင်းလိမ္မာ ကျွဲလိမ္မာ ခွေး

လိမ္မာနဲ့ အဲဒီလို ပြောယူရတယ်။ အဲဒီလို ဘာဝဘာဝ သိတတ်ကြတဲ့ သဘာဝကလေးတွေဟာတဲ့ သူ့အလိုက်သိတတ်တဲ့ သဘာဝဟာ လောကီရေးရာမှာ သိတယ်ဆိုတဲ့ သဘာဝဟာ သညာတွေပါတဲ့။

လောကအလုံး၊ မျှော်မဆုံးအောင်၊ အသုံးတွင်စွာ၊ အလိမ္မာဟု၊ အချာအချုပ်၊ ခေါ်သမုတ်၏။

လောကမှာ သူအချုပ်အချာပဲတဲ့ ။ အလိမ္မာလို့ သူ့ကို ခေါ်တယ်။

မုဆိုးတံငါ၊သူ့အဆွဲ၌၊ လိမ္မာကျမ်းကျင်၊ သညာပင်တည်း၊ သို့စဉ်နည်းပြု၊ သိကုန်ကြလော့။

မုဆိုးအရာမှာ မုဆိုးလိမ္မာတယ်၊ တံငါရဲ့အရာမှာ တံငါလိမ္မာတယ်၊ တောင်သူနေရာမှာ တောင်သူလိမ္မာတယ်။ သူ့နေရာနှင့်သူ ကျမ်းကျင်လိမ္မာမှုတွေဟာ သညာပဲတဲ့။ မုဆိုးကြည့်၊ အရပ်သား က တောထဲဝင်သွားယင် ဆင်ရှိမှန်း ကျားရှိမှန်း မသိဘူး။ မုဆိုးကျတော့ သိတယ်၊ ဟာမသွားနဲ့၊ ဒီအထဲမှာကျားရှိတယ်။ အနံ့နဲ့ သူတို့သိတယ်။ ဘယ်လောက် အတွင်းမှာရှိတယ် ထိအောင်တောင်သိတယ်။ ဒါမုဆိုး။ တံငါမှာလဲ- အရပ်သား ရေထဲလှမ်းကြည့် ပွက်ယင် ရေပွက်တယ်ပဲသိတယ်၊ ပုစွန်ပွက်တာ ငါးပွက်တာ နားမလည်ဘူး။ အဲ-တံငါကတော့ ဖြင့် ဟာဒါပုစွန်ပွက်တာ၊ ဒါက ငါးပွက်တာ။ ဒီဟာက ဘာငါး၊ အဲဒါလောက်ထိအောင် နားလည်တယ်။ သူတို့နယ်ပယ်မှာ သူတို့ကျမ်းကျင် သမျှ လိမ္မာသမျှတွေဟာ သညာတဲ့။ မုဆိုးတံငါ၊ သူ့အရာ၌၊ လိမ္မာကျမ်းကျင်၊ သညာပင်တည်း။ ပန်းထိမ်အရာမှာ ပန်းထိမ်ဆရာလိမ္မာတယ်။ စေ့းသည်ဟာ စေ့းရောင်းမှုမှာ လိမ္မာတယ်။ အကုန်လုံး မိမိတို့ဆိုင်ရာ မိမိတို့အမှုမှာ လောကီရေးရာ လိမ္မာသမျ

ကျွမ်းကျင်သမျှ -ဒါဟာသညာပါပဲ-တဲ့။ မုဆိုးနဲ့တံငါ အခုပြောခဲ့တာက နည်းပြတာ။ သို့စဉ်နည်းပြု၊ သိကုန်ကြလော။

ဒါတွေကို ချုပ်ပြောစမ်းပါ ဆိုဘော့—

ရူပသညာ၊ စသည်ဖြာသား၊ သညာအပြား၊ အကျဉ်း အားဖြင့်၊ ခြောက်ပါးလာရှိ—

သညာခြောက်မျိုး။ ။ဘုရား ဟောတဲ့ ပါဠိတော်များမှာ သညာ ဟာတဲ့ ရူပသညာ, သဒ္ဒါသညာ, ဂန္ဓသညာ, ရသသညာ, ဖေါဋ္ဌဗ္ဗသညာ, ဓမ္မသညာလို့ အာရုံအလိုက် ခြောက်မျိုး ရှိတယ်။

ရူပါရုံနဲ့ပတ်သက်၍ လိမ္မာပါးနပ်သမျှ ရူပသညာ၊ သဒ္ဒါရုံနဲ့ ပတ်သက်၍ လိမ္မာပါးနပ်သမျှ သဒ္ဒသညာ၊ ဂန္ဓာရုံနဲ့ပတ်သက်၍ လိမ္မာ ပါးနပ်သမျှ ဂန္ဓသညာ၊ ရသာရုံနဲ့ပတ်သက်၍ လိမ္မာပါးနပ်သမျှ ရသ သညာ၊ ဖောဋ္ဌဗ္ဗာရုံနဲ့ပတ်သက်၍ လိမ္မာပါးနပ်သမျှ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မာရုံနဲ့ပတ်သက်၍ လိမ္မာပါးနပ်သမျှ ဓမ္မသညာလို့ ခြောက်ခုဆိုယင် အားလုံး ကုန်တာပါပဲ၊ သညာအပြား၊ အကျဉ်းအားဖြင့်၊ ခြောက်ပါး လာရှိ—

ပဉ်းပြန်ဘိမူ၊ မြေသို့, ရေသို့၊ နေလသိက၊စသည်သွယ် သွယ်၊ မဆုံးဖွယ်သည်၊ အကျယ်သညာကွန္ဓာတည်း။

ချုံးလိုက်ခဲ့လို့က်။ ချုံးယင် ခြောက်ပါးပဲ။ ခဲ့လို့က် ပဉ်းလိုက်ယင် မြေဟူ၍ သိတာ၊ ရေဟူ၍သိတာ လေဟူ၍သိတာ မီးဟူ၍သိတာ နေဟူ၍သိတာ လဟူ၍သိတာ နက္ခတ်တာရာ ကြယ်တွေပဲဟုသိတာ ဒါတွေပညာသိတွေ့ မဟုတ်ဘူးတဲ့၊ သညာသိတွေ့ဖြစ်တယ်၊ ဒီလောကမှာ သညာ အကျယ်ဆုံးပါတဲ့။ ဒါကို ဆရာတော်ဘုရားကြီးက မြေသိ

ရေသီ၊ နေလသီက၊ စသည်သ့ဃ်သွဲ့ဃ်၊ မဆုံးဖွယ်သည်၊ အကျယ်သညာကွန္ဓာတည်း။ သညာကွန္ဓာ= လိမ္မာပါးနပ်မှု အစုပဲ။

သင်္ခါရကွန္ဓာသဘောသရုပ်ခွဲခန်း

သင်္ခါရကွန္ဓာ ပြောကြပါစို့၊ သင်္ခါရကွန္ဓာမှာ လက်ဝတပုဒ်ရေးတယ်။ လူကိုင်းလူတိုင်း နားလည်အောင် သင်္ခါရကွန္ဓာ ပြောစမ်းပါ၊ ဘုန်းကြီးတို့ လာမေးယင် သင်္ခါရကွန္ဓာ ငါးဆယ်ရှိတယ်။ ငါးဆယ်ဆိုတာ ဖဿ စေတနာ ကေဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ.... ရှောက်ပြောမယ်၊ ဝိတက် ဝိစာရ အဓိမောက္ခ ဝီရိယ ပီတိ ဆန္ဒ ငါးဆယ်လုံးကုန်အောင် ရှောက်ခပြောမယ်။ ကရုဏာ မုဒိတာထိအောင် ပြောတယ်။ အဲဒါသင်္ခါရကွန္ဓာပဲ။ လာမေးတဲ့ ဒကာကြီးက စိတ်ထဲမှာ သဘောမကျဘူး၊ ဆရာတော်ကြီးကတော့ သဘောကျအောင် ဘာပြောလိုက်သလဲ –

> ကာယဝစီ၊ မနောပြိသည့်၊ သုံးလီကမ္မ၊ သင်္ခါရမှု၊ ဓမ္မထင်ရှား၊ ငါးဆယ်ပြား၏။

သင်္ခါရကွန္ဓာ ၅၀-ပါး။ ။ကာယဝစီ၊ မနောပြိသည့် သုံးလီကမ္မ၊ သင်္ခါရတဲ့။ ဆရာတော်ကြီးက ဒီလိုပြောတယ်၊ ကာယကံမှု ပြုပြုသမျှတွေ့ ဒါသင်္ခါရ=သင်္ခါရကွန္ဓာပဲ။ ဝစီကံမှု ပြောဆိုသမျှ, စိတ်နဲ့ ကြံစည်သမျှ မနောကံမှုတွေ့ ဒါတွေ့ဟာ သင်္ခါရကွန္ဓာပဲတဲ့။ ဘယ်သူမှမဟုတ်ဘူးလို့ မပြောနိုင်ဘူး၊ ဒါအမှန်ပဲ။ ဒီတော့ လူတွေ့ချိုင်းကနဲ့ သဘောကျသွားရော၊ လူ့လောက နားမလည်မှာကို တတ်နိုင်သမျှ နားလည်အောင် ဆရာတော်ကြီးက ဓမ္မတရားလုံးအနေနဲ့ သင်္ခါရကွန္ဓာကို ပြောယင် ငါးဆယ်ရှိတယ်တဲ့။

ကာယဝစီ၊ မနောပြိုသည့်၊ သုံးလီကမ္မ၊ သခ်ၤါရမူ–ကာယကံဝစီကံ မနောကံတွေကို သခ်ၤါရကွန္ဓာလို့ ခေါ်တယ်။ သူ့ကို ပရမတ္ထတရားလုံးနဲ့ ကြည့်လို့ရှိယင်ဖြင့် သုံးလီကမ္မ၊ သခ်ၤါရမူ၊ ဓမ္မထင်ရှား၊ ငါးဆယ်ပြား၏။ ပရမတ္ထတရားသားရောက်ယင် တခါတည်းပျင်းလာပြီး အိပ်ချင်သွားကတ်တယ်။ အဲဒီ ငါးဆယ်ကိုလဲပဲ နားလည်အောင် ဆရာတော်ကြီးက ထုတ်ပြောတယ်။

တွေ့ငြားဖယ– တဲ့။

အဆင်းမြင်တယ်၊ အသံကြားတယ်၊ အနံ့ရှုရတယ်၊ အစာစားလိုက်ရတယ်၊ အတွေ့အထိခံတွေ့၊ စိတ်နဲ့ ဓမ္မသဘောကြုံစည်တယ်။ အဲဒီနေရာမှာ မျက်စိနဲ့ ကြည့်လိုက် ကိုယ်နှစ်သက်တဲ့ အာရုံကျတော့။ သြော်.... မျက်စိထဲ တွေ့လိုက်တာဟာ၊ အင်း....ကိုယ်မုန်းတဲ့ အာရုံကျတော့ ဒါကြီးကြည့်ရတာ မတွေ့ပါဘူး၊ တကတဲ့ မျက်စိထဲ စပါးမွှေးစူးတယ် ဘာညာပြောတယ်။ ဘယ်ဟုတ်မလဲ တွေ့တော့ တွေ့တာပေါ့၊ အတွေ့ကြမ်းလွန်းလို့။

မျက်စိအခေတ္တ နားအတွေ့ နှာခေါင်းအတွေ့ လျှာအတွေ့ ကိုယ်အတွေ့ စိတ်အတွေ့လို့ အတွေ့ ခြောက်မျိုး ရှိတယ်။ ဒါကြောင့် ဆရာတော်ကြီးက တွေ့ငြားဖယ–

ဆော်ထ စေတနာ –

အားလုံးသော ပရမတ္ထ တဲ့ဖက်တရားတွေ၊ မိမိတို့ရဲ့ လုပ်ငန်းကို မလုပ် လုပ်အောင် လှုံ့ဆော်ပေးတဲ့ သဘာဝတခုကို စေတနာခေါ်တယ်တဲ့။

ကေဂ္ဂါမှု၊ တည်ကြည်ဟူ၏။ လူ့စိတ်ဟာ မျောက်စိတ်ကဲ့သို့ အင်မတန် ပုံလွှင့်နေတဲ့ ဒီစိတ်ကို ဒီအာရုံထဲမှာ စိတ္တက္ခဏကလေး ဒီတဝိထိစာကလေး တခြားရောက်မသွားအောင် တည်ကြည်အောင် လုပ်ပေးတာ ကေဂ္ဂတာစေတသိက်ပဲတဲ့။ သက်မှုဇီဝိ၊ မနသိကား၊ နှလုံးထား တည့်။ ဒီဖြစ်ပေါ်လာတဲ့ နာမ်တရားကလေးတွေ ဥပါဒ်, ဋ္ဌိ, ဘင် ဆိုတဲ့ သူတို့ရဲ့ အသက်ပြည့် နေနိုင်ဖို့ရန် သူတို့ရဲ့ အချိန်ပြည့် နေနိုင်ဖို့ရန် စောင့်ရှောက်ပေးတဲ့ တရားဟာဖြင့် ဇီဝိတပဲတဲ့။ .ဇီဝိတစေတသိက်ပဲတဲ့။ မနသိကာရဆိုတာ အာရုံကို စိတ်ဦးယူပေး နှလုံးဦ ထားပေးတယ်ဆိုတာ အာရုံကို စိတ်ဦလာပြီး ထားပေးသကဲ့သို့ ဖြစ်တဲ့သဘော၊ ဒါကို နှလုံးသွင်းတယ်။ နှလုံးထဲကို အာရုံကို သွင်းပေးတဲ့သဘော။ ဒါမနသိကာရပဲ။ အဲဒါ– တွေ့ခြင်း ဖဿ၊ ဆော်ထစေတနာ၊ကေဂ္ဂါမှု၊ တည်ကြည်ဟူ၏။ သက်မှုဇီဝိ၊ မနသိကား၊ နှလုံးထားတည့်–

ငါးပါးခမ္မ၊ စိဘ်တိုင်းရ၏။

ဒီ ငါးပါးဖြင့် စိတ်တိုင်းစိတ်တိုင်းမှာ သူတို့ယှဉ်ကြတယ်။ဆိုခဲ့ပြီးတဲ့ ဖဿ ဆိုခဲ့ပြီးတဲ့ ဝေဒနာနဲ့သညာတို့လဲ စိတ်တိုင်းစိတ်တိုင်းမှာပါတယ်။ ဒါကြောင့် ဝေဒနာရယ် သညာရယ် ယခုငါးပါးရယ် ပေါင်းယင် ဘုန်းကြီးတို့ သင်္ဂိုဟ်စကားက “သဗ္ဗစိတ္တသာဓာရဏာ စေတသိက် ခုနစ်ပါး” လို့ ဒီလို နာမည်သုံးရမယ်နော်။ ခပ်သိမ်းသော စိတ်တို့နှင့် ဆက်ဆံတယ်။ ယှဉ်တွဲကြတယ်။ ယခုဒီမှာတော့ သခ်ါရက္ခန္ဓာထဲက ငါးပါးမို့ လို့ “ငါးပါးခမ္မ၊ စိတ်တိုင်းရ၏” လို့ ဆိုတာ။

ပကိဏ်းစေတသိက် ၆-ပါး။ ။ဟိုဘက် ပကိဏ်းစေတသိက်ခြောက်ပါးကိုတော့– တက္ကကြံခြင်း၊ဖဲ့ရစ်ခြင်းမှာ၊ ဝိစာရမှာဟ်။ ထွေထွေလာလာ ကြံစည်ခြင်းကို ဝိတက်စေတသိက်ခေါ်တယ်။ ထိုထို အာရုံ၌ တရစ်ဝဲဝဲ ဖြစ်ပွား၍ နေခြင်းဟာဖြင့်

ဝိစာရပဲ။ ဆုံးဖြတ် ဓိမောက္ခ၊ ဝိရိယနှင့်၊ ဆန္ဒပီတိ၊ ထင်ရှားဘိ၏။ မှန်မှန်မှားမှား တဘက်သတ်ဆုံးဖြတ်ချက်ချလိုက်တာ ဒါအဓိမောက္ခပဲ၊ နောက် ဝိရိယစေတသိက်ရယ် ဆန္ဒစေတသိက်ရယ် ပီတိစေတသိက်ရယ် ဒီစေတသိက်သုံးပါးဟာ အမျှားအရောပ်ထဲမှာကို အင်မတန် ဝိရိယရှိတဲ့လူ အင်မတန်ဆန္ဒကောင်းတဲ့လူ။ အောင်မယ် သူဟာ ပီတိဖြစ်နေလိုက်တာနဲ့ ပြောဆိုနေကြလို့ အင်မတန်ထင်ရှားတဲ့ တရားတွေပါ။ ဒါကို ဆရာတော်ဘုရားကြီးက "ဝီရိယနှင့်၊ ဆန္ဒပီတိ၊ ထင်ရှားဘိ၏" လို့ ပြောတာ။ အဲဒီ ယခုပြောခဲ့တဲ့ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒကို ပကိဏ်းစေတသိက် ခြောက်ပါးလို့ ခေါ်တယ်။

အကုသိုလ် စေတသိက် ၁၄-ပါး။ ။မသိမလင်း၊ မထိုးထွင်းချက် မောဟနက်တည့်။ ဒုက္ခကို၊ ဒုက္ခမှန်းမသိ။ ဒုက္ခရဲ့အကြောင်းဖြစ်တဲ့ သမုဒယကို ဒုက္ခရဲ့အကြောင်းပဲလို့မသိ။ ဒုက္ခရဲ့ချုပ်ရာ နိဗ္ဗာန်ကို နိဗ္ဗာန်ပဲလို့ မသိ။ ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်တဲ့ မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာပဲလို့ မသိတဲ့ မထိုးထွင်းတဲ့ မလင်းတဲ့ အမှိုက်မှောင်ခဝတ်ဟာ မောဟပဲတဲ့။

"ရှက်ကြောက်မရှိ၊ အဟိရိက၊ နောတ္တပ္ပမည်။" ဒုစရိုက်မှုတို့မှ မရှက်တတ်တဲ့သဘော မကြောက်တတ်တဲ့ သဘောဟာဖြင့် အဟိရိက အနောတ္တပ္ပလို့ ခေါ်ဟယ်။

"မတည်ကြည်က၊ ဥဒ္ဓစ္စမှု၊ ဣလေးခုကား၊ အကုသိုလ်တွင် စိတ်တိုင်းယှဉ်၏"

ထိုထိုအာရုံ၌ အာရုံတခုထဲမှာ ပီတိတွေ ထပ်တလဲလဲ ဝိထိအစဉ် ထပ်တလဲလဲကျပြီးတော့ မနေနိုင်အောင် ပုံလှုံ့နေမှုသဘောကတော့ ဥဒ္ဓစ္စတဲ့။ အဲဒီ ဆိုခဲ့ပြီးတဲ့ မောဟရယ် အဟိရိကရယ် အနောတ္တပ္ပ

ရယ် ဥဒ္ဓစ္စရယ် ဒီလေးခု သခ်ါရကွန္ဓာ စေတသိက် အစုက ဘယ် အကုသိုလ်ပဲဖြစ်ဖြစ် ဖြစ်တဲ့ အကုသိုလ်တိုင်းမှာ ယှဉ်တယ်တဲ့။

"လိုချင်လောဘ၊ မာနထောင်လွှား၊ မြင်မှားဒိဋ္ဌိ" တဲ့။ လိုချင်တာ လောဘစေတသိက်၊ ထောင်လွှားမှု သဘောဟာဖြင့် မာန စေတသိက်၊ အမြင်မှားမှု သဘောဟာဖြင့် ဒိဋ္ဌိစေတသိက်ပဲ။ "ကြမ်းဘိဒေါသ" တဲ့။ အာရုံနဲ့တွေ့လို့ရှိယင် မတဲ့တာနဲ့ တွေ့လို့ရှိယင် စိတ်ကြမ်းကိုယ်ကြမ်းဖြစ်လာတယ်၊ အဲဒီ ကြမ်းလာတဲ့ သဘောဟာဖြင့် ဒေါသတဲ့။ "မစ္ဆေရ ဝန်တို၊ မနာလို ဣဿာ" ဝန်တိုတာဟာ မစ္ဆရိယစေတသိက်ပဲ။ သူတပါး စည်းစိမ်ချမ်းသာကို မနာလို မရှုစိမ့်တာဖြင့် ဣဿာ စေတသိက်ပဲတဲ့။ "တဖြာကုက္ကုစ္စ၊ နောင်တပူပင်" သုစရိုက်မှု မပြုလိုက်မိတဲ့အတွက် ဒုစရိုက်မှုတွေကို ပြုမှားမိလိုက်တဲ့အတွက် နောက်တချိန်မှာ ပူပန်နေမှုသဘော၊ ဒါ ကုက္ကုစ္စပဲတဲ့။ "မရှင်မကြည်၊ ထိုင်းမှိုင်းသည်မှာ၊ နှစ်မည် ထိ မိဒ္ဓ" စိတ်လဲထိုင်းမှိုင်း စေကသိက်လဲ ထိုင်းမှိုင်းတာ၊ ဒါတွေကို ထိနမိဒ္ဓလို့ ခေါ်တယ်။ "စိတ်ထဲ ဒိဋ္ဌာ၊ နှစ်ခဲ့နောဘိ၊ ဝိစိကိစ္ဆာ" တဲ့။ စိတ်ထဲမှာ သို့လော သို့လော တွေးတောကြံစည်မှုသည် ဝိစိကိစ္ဆာ စေတသိက်။ အဲဒီ တဆယ့်လေးမျိုးကတော့ အကုသိုလ် စေတသိက်တွေပါပဲ တဲ့။ မောဟက စပြီးတော့ ဝိစိကိစ္ဆာထိအောင် တစ်ဆယ့်လေးမျိုးရှိတယ်။

သောဘဏ စေတသိက် ၂၀-ပါး။ ။"သဒ္ဓါကြည်လေ့၊ မမေ့သတိ" ဘုရား အစရှိသော အာရုံတို့ဥ စိတ်ကြည့်ကြည်လင်လင် ဖြစ်နေတာ သဒ္ဓါးစတသိက်။ အာရုံကို မမေ့ပျောက်မှုဟာ သတိစေတသိက်ပဲတဲ့။ "ရှက်ကြောက်ဘိမှာ၊ ဟိရီသြတ္တပ်"တဲ့၊ ဒုစရိုက်မှုမှ ရှက်ခြင်းက ဟ်ရီစေတသိက်။ ဒုစရိုက်မှုမှ ကြောက်ခြင်း လန့်ခြင်းက သြတ္တပ္ပ စေတသိက်ပဲတဲ့။ "မကပ် မငြိ၊

မကြမ်းဘိန့်၊ အသိတရား၊ ဟိတ်သုံးပါးဟု” ထိုထိုအာရုံတို့၌ မကပ်မငြို့ မတွယ်တာက အလောဘစေတသိက်၊ ထိုထိုအာရုံတို့ အပေါ်မှာ မကြမ်းတမ်းတာက အဒေါသ စေတသိက်၊ အသိတရားက အမောဟစေဘသိက်။ ဒီသုံးပါးကို ဟိတ်သုံးပါးလို့လဲ ခေါ်တယ်တဲ့။ “လျစ်လျူ့နေလတ်၊ တတြမဇ္ဈတ္တတာ” ဣဋ္ဌအာရုံ အနိဋ္ဌအာရုံနဲ့ တွေ့ထိုးတဲ့အခါ ဣဋ္ဌအာရုံရယ်လို့လဲပဲ ချစ်ခြင်း၊ အနိဋ္ဌအာရုံရယ်လို့လဲပဲ မုန်းခြင်း မရှိပဲနဲ့ လျစ်လျူ့ရှုနေတတ်တဲ့သဘော တတြမဇ္ဈတ္တတာပဲတဲ့၊ အဲဒီ တတြမဇ္ဈတ္တတာ မပါတဲ့အတွက် လောဘမူစိတ် ဒေါသမူစိတ်တွေ ဖြစ်တဲ့အခါ ချစ်ခြင်း မုန်းခြင်းဆိုတာ ပေါ်လာတယ်။

“နှစ်ဖြာပဿဒ္ဓိ၊ ငြိမ်းဘိကိုယ်စိတ်”၊ ကိုယ်၏ ငြိမ်းချမ်းမှု စိတ်၏ ငြိမ်းချမ်းမှု ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိလို့ နှစ်မျိုးရှိတယ်တဲ့။ “ပေါ့ရိပ်လဟု” တဲ့။ ကိုယ်၏ ပေါ့ပါးမှု စိတ်၏ပေါ့ပါးမှု ကာယလဟုတာ, စိတ္တလဟုတာလို့ လဟုတာက နှစ်မျိုးရှိတယ်တဲ့။ “မုဒုနှုးညံ့” ကိုယ်၏ နှုးညံ့မှု စိတ်၏ နှုးညံ့မှုလို့ ကာယမုဒုတာ, စိတ္တမုဒုတာ စေတသိက် နှစ်မျိုး။ “ကျန်းခံ့ကမ္မဉ်” ကိုယ်၏ ကျန်းခံ့မှု စိတ်၏ ကျန်းခံ့မှု ဆိုတဲ့ ကာယကမ္မညတာ, စိတ္တကမ္မညတာ။ ကျန်းခံ့ဆိုတာ ဘာလဲဆိုတော့ ထိုထိုအမှုကို ပြုလုပ်စွမ်းနိုင်တယ်။ စိတ်ကလဲ ပြုလုပ်စွမ်းနိုင်တယ်။ စိတ္တကမ္မညတာ။ စေတသိက်တွေကလဲပဲလို့ပါပြီး ပြုလုပ်စွမ်းနိုင်တယ်။ ဒါ ကာယကမ္မညတာ။ ဒီ ကာယ, စိတ္တကတော့ ကာယအရ စေတသိက်ခန္ဓာ သုံးပါးကို ခေါ်တယ်၊ ကောင်းမှုကုသိုလ်ကိစ္စမှာ ကိုယ်ခေါ်တဲ့ စေတသိက် သုံးပါးကလဲပဲ အလုပ်လုပ်ဖို့ရန် ခံ့ကျန်းကယ်။ စိတ်ဆိုတဲ့ ဝိညာဏ်ကလဲ အလုပ်လုပ်ဖို့ရန် ခံ့ကျန်းတယ်၊ ဒါကို ကာယကမ္မညတာ, စိတ္တကမ္မညတာလို့ ခေါ်တယ်။ “ကျွမ်းကျင်ပါဂုဉ်” ထိုထိုအမှု ကုသိုလ်မှုတို့၌ ကျွမ်းကျင်မှုဟာဖြင့် ဒါ ကာယပါဂုညတာ,

စိတ္တပါဂုညတာပါပဲတဲ့။ "ဖြောင့်တုံးဥဇု"– ဆိုတာ ထိုထိုကောင်းမှု ကုသိုလ်တို့၌ ကိုယ်၏ဖြောင့်မတ်မှု စိတ်၏ဖြောင့်မတ်မှု=ကာယုဇု ကတာ, စိတ္တုဇုကတာလို့ ဥဇုကတာကလဲ နှစ်ပါးရှိတယ်တဲ့။

ဝီရတီစေတသိက် ၃-ပါး။ ။"နှုတ်ဒုကာဒု၊ ကြဉ်မူသုံးဖြာ"တဲ့၊နှုတ်ဒုဆိုတာ ဝစီဒုစရိုက်မှ ရှောင်ကြဉ်တာ။ **ကာဒု-ဆိုတာ** ကာယဒုစရိုက်မှ ရှောင်ကြဉ်တာ။ အဲဒီ ဝစီဒုစရိုက်မှ ရှောင်ကြဉ်တာ ကာယဒုစရိုက်မှ ရှောင်ကြဉ်တာကို သုံးမျိုးရအောင် **လုပ်**ကြည့်ရမယ်တဲ့။

(၁) ဝစီဒုစရိုက်မှ ရှောင်ကြဉ်ဘာက တမျိုး (=သမ္မာဝါစာ)

(၂) ကာယဒုစရိုက်မှ ရှောင်ကြဉ်ဘာကတမျိုး(=သမ္မာကမ္မန္တ)

(၃) အသက်မွေးမှုဟူသော အကြောင်းကြောင့် ကာယဝစီဒုစရိုက်နှစ်မျိုးလုံးမှ ရှောင်ကြဉ်တာက တမျိုး (=သမ္မာအာဇီဝ)လို့ သုံးမျိုးထားတယ်။

ရိုးရိုးတန်းတန်း ဝစီဒုစရိုက်မှ ရှောင်ကြဉ်တာကို သမ္မာဝါစာလို့ ခေါ်တယ်။ ရိုးရိုးတန်းတန်း အသက်မွေးမှုကိုမငဲ့ပဲနဲ့ ကုသိုလ်ရချင်လို့ ကာယဒုစရိုက်မှ ရှောင်ကြဉ်တာက သမ္မာကမ္မန္တ၊ အသက်မွေးမှုဟူသော အကြောင်းကြောင့်ပင် ကာယဒုစရိုက် ဝစီဒုစရိုက်မပြုပဲ ရှောင်တာကတော့ သမ္မာအာဇီဝလို့ ခေါ်တယ်။ အဲဒါကို–

"ဝါစာကမ္မန္တ၊ အာဇီဝနှင့်၊ သတ္တအမျှား၊ သနားသမှု၊
ဝမ်းမြောက်မှုဟု၊ ကရုမုဒိ၊ ငါးဆယ်ရှိ၏။"

အပ္ပမညာ ၅-ပါး။ ။သတ္တဝါများအပေါ်မှာ သနားမှုကရုဏာ၊ သတ္တဝါတို့ စီးပွားချမ်းသာနဲ့ နေတာကို ဝမ်းမြောက်မှုခေါ်တဲ့ မုဒိတာ၊ ပေါင်းလိုက်လို့ ဥယင် ငါးဆယ်ရှိသွားပြီတဲ့။ အဲဒီ

လို ငါးဆယ်စလုံး ထုတ်ပြောတယ်။ အေး–အရပ်ထဲက လူတွေ နားလည်အောင်—

သုစရိတ၊ ဒုစ္စရိတ၊ ဒါန, သီလ, ဘာဝနာ၊ စသည်ဖြာသား။

သုစရိုက်ဆယ်ပါး၊ ဒုစရိုက်ဆယ်ပါး၊ ဒါန သီလ ဘာဝနာ အပ-စာယန စသည်ဖြင့် ပုညကိရိယာဆယ်ပါးတဲ့၊ ဒါတွေဟာ သခ်ါရကွန္ဓာတွေ။ ဒါန သီလ ဘာဝနာ စသည်ဖြာသား—

၊ဝေါဟာသွယ်သွယ်၊ မဆုံးဖွယ်သည်၊ အကျယ်သခ်ါရကွန္ဓာတည်း။

ခုနင်က တရားလုံး ငါးဆယ်ကို တခုစီ မြန်မာနဲ့ ပါဠိနဲ့ တဲ့ဖက် ပြီးတော့ လက်ာဖလေး ပြပြီးတဲ့နောက် သုစရိုက်ဆယ်ပါး ဒုစရိုက် ဆယ်ပါး ဒါန သီလ ဘာဝနာဆိုတဲ့ ဒီအလုပ်တွေဟာ သခ်ါရကွန္ဓာတွေတဲ့။ အဲဒါလောက်တော့ နားလည်ထားရမယ်။

ဝိညာဏကွန္ဓာသဘော သရုပ်ခဲခန်း

ဝိညာဏကွန္ဓာကျတော့ ဆရာတော်ကြီးက ဘာပြောလဲ၊ ဝိညာဏ်ဆိုတာဘာလဲ၊ နားမလည်ဘူး။

အာရုံယူဘဲ၊ အသိသဘော၊ စိတ်မနောကို၊ ဝိညာဏ်ဆို၏။

ထိုထိုအာရုံကို ခေါင်းဆောင်ပြီး ယူတတ်တဲ့ အသိစာတ်တမျိုး ရှိတယ်၊ အဲဒါကို ဝိညာဏ်ခေါ်တယ်တဲ့။ သူ့ကို စိတ်လဲခေါ်တယ်။ မနောလဲခေါ်တယ်၊ မနောကလဲ အသိပဲ၊ စိတ်စာတ်ကလဲ အသိပဲ၊ ဝိညာဏ်ကလဲအသိပဲ၊ ပါဠိမှာ အနက်မြန်မာတူတယ်။

အဲဒီ နောက်နားက နေပြီးဘာ့ သင်္ခါရရှိသောစိတ်လို့တခုတပ် သင်္ခါရမရှိသောစိတ်လို့ နောက်တခုတပ်။ အဲဒီလို ရှစ်ခုလုံး တခုစီ လှည့်တပ်သွားလို့ရှိယင် ဘယ်လိုဖြစ်သတုံး-

(၁) သောမနဿ ဝေဒနာနှင့် တကွဖြစ်၍ ဒိဋ္ဌိနှင့် ယှဉ်ပြီးလျှင် သင်္ခါရရှိသော စိတ် က-တစ်ပါး။

(၂) သောမနဿဝေဒနာနှင့် တကွဖြစ်၍ ဒိဋ္ဌိနှင့် ယှဉ်ပြီးလျှင် သင်္ခါရမရှိသော စိတ်က တစ်ပါး။

(၃) သောမနဿ ဝေဒနာနှင့် တကွဖြစ်၍ ဒိဋ္ဌိနဲ့မယှဉ်ပဲ သင်္ခါရရှိသောစိတ်ကတစ်ပါး၊

(၄) သောမနဿ ဝေဒနာနှင့် တကွဖြစ်၍ ဒိဋ္ဌိနဲ့ မယှဉ်ပဲ သင်္ခါရမရှိတဲ့ စိတ်က တစ်ပါး၊

သောမနဿဘက်က လေးမျိုး ကဲ့သွားတယ်နော်။ ဥပေက္ခာမှာလဲပဲ အဲဒီလိုပဲ နောက်ဖျားကနေပြီး ဒိဋ္ဌိယှဉ် မယှဉ် သင်္ခါရရှိမရှိ ထည့်ပါတဲ့။ ဥပေက္ခာက လေးပါးဖြစ်ရော။ အဲဒါကို ဆရာတော်ဘုရားကြီးက "သော ဥယှဉ် ဒိက်၊ဒိဋ္ဌ ယှဉ်မယှဉ်၊သင်္ခါရ မရှိ၊ရှစ်ပါးသိ-လော" ဟု ဆိုတာ။

ဒိစတုရှစ်၊ လောမူဖြစ်၏-တဲ့ -

"ဒိ" ဆိုတာက သောမနဿသဟဂုတ်နဲ့ ဥပေက္ခာသဟဂုတ်နှစ်ပါး။ "စတု" ဆိုတာ ဒိဋ္ဌိဂတသမ္ပယုတ်နဲ့ ဒိဋ္ဌိဂတဝိပ္ပယုတ် ပဌးလိုက်တော့ လေးပါးဖြစ်တယ်။ နောက်တခါ အသင်္ခါရိက် သသင်္ခါရိက ဆိုတာနဲ့ ပေါင်းလိုက်တော့ ရှစ်ပါးဖြစ်တယ်။ ဒါကို "ဒိ စတုရှစ်၊ လောမူ ဖြစ်၏" အဲဒါ လောဘမူစိတ်ရှစ်ပါး။

ဒေါသမူစိတ် ၂-ပါး။ ။ဒေါသမူဒွေက ဘယ်သူတုန်းဆိုတော့ ဒေါသမူဒွေမှာ-

နှစ်ဇဒါမူလ၊ ပဋိဃယှဉ်၊ သင်ရှိ မရှိ။

ဒေါသမူစိတ်နှစ်ပါးလဲ ဒီလိုပဲ-

(၁) ဒေါမနဿ ဝေဒနာနှင့် တကွဖြစ်ပြီးလျှင် ပဋိဃနှင့် ယှဉ်၍ သင်္ခါရရှိသောစိတ် တစ်ပါး၊

(၂) ဒေါမနဿ ဝေဒနာနှင့် တကွဖြစ်ပြီးလျှင် ပဋိဃနှင့် ယှဉ်၍ သင်္ခါရမရှိတဲ့ စိတ် တစ်ပါး-

လို့ အဲဒီလို နှစ်ပါးသိပါကဲ့။

မောမူဒ္ဓိမှာ၊ ဝိစိဉ္ဆစ်၊ ဉယှဉ်လစ်သည်။ ဆယ့်နှစ်အကုသိုလ်။

မောဟမူစိတ် ၂-ပါး။ ။မောဟမူစိတ် ဆိုတာ-

(၁) ဝိစိကိစ္ဆာနှင့်ယှဉ်၍ ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်သော စိတ်၊

(၂) ဥဒ္ဓစ္စနှင့်ယှဉ်၍ ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်သောစိတ်-

လို့ နှစ်မျိုးထား။ ဒီတော့ လောဘမူစိတ်က ရှစ်ပါး, ဒေါသမူစိတ်က နှစ်ပါး, မောဟမူစိတ်ကနှစ်ပါး=ပေါင်းလိုက်ယင် အကုသိုလ်စိတ် တဆယ့်နှစ်ပါးဖြစ်တယ်တဲ့။

ဆိုပြင် အဟိတ်၊ စိတ် ဆယ့်ရှစ်ခု၊ စကျ၊ သောဝ.. ဃာန ဇိဝှာ၊ကာယ ဝိညာဏ်၊ သမ္ပဋိစ္ဆိ၊ နှစ်ခုစီတည့်။

အဟိတ်စိတ် ၁၈.ပါး။ ။စက္ခုဝိညာဏ်က ၂-ခု၊ သောတဝိညာဏ်က ၂-ခု၊ ဃာနဝိညာဏ်က ၂-ခု၊ ဇိဝှါဝိညာဏ်က ၂ ခု ကာယဝိညာဏ်က ၂ ခု၊ သမ္ပဋိစ္ဆိုင်းက ၂-ခု၊ အဲဒီလို နှစ်ခုစီရှိတယ်တဲ့။ နောက်တခါ-

သန္တီရဏ၊ သုံးခုရ၏၊ပေါင်းထ ဆယ့် ၈ ါး၊ ဝိပါက်ပြားရှင့်။

သန္တီရဏကတော့ သုံးမျိုးရှိတယ်တဲ့နော်။ အကုသိုလ် အကျိုးဖြစ်တဲ့ သန္တီရဏကတမျိုး၊ ကုသိုလ်၏ အကျိုးဖြစ်တဲ့ သန္တီရဏကတော့ နှစ်မျိုးလို့ -ပေါင်းလိုက်တော့ အဟိတ်ဝိပါက်စိတ်ဟာ တဆယ့် ၈ါးပါးပြားပါတယ်တဲ့။

ခုနင်က စက္ခုဝိညာဏ် ၂-နှစ်ခု ၂-မျိုးလို့ဆိုတာကအကုသိုလ်အကျိုးဖြစ်တဲ့ စက္ခုဝိညာဏ်တမျိုး၊ ကုသိုလ်၏အကျိုးဖြစ်တဲ့ စက္ခုဝိညာဏ်ကတမျိုး၊ ၂-မျိုး။ အဲဒီလိုပဲ သောတဝိညာဏ် နှစ်မျိုး၊ ဃာနဝိညာဏ် နှစ်မျိုး၊ ကာယဝိညာဏ်နှစ်မျိုး၊ သမ္ပဋိစ္ဆိုင်း နှစ်မျိုးလို့ ဒီလိုသိရမယ်။ သန္တီရဏ သုံးမျိုးမှာ ကုသိုလ်၏အကျိုးဖြစ်တဲ့ သန္တီရဏ နှစ်မျိုးလို့ဆိုတာက သောမနဿဝေဒနာနှင့်တကွဖြစ်တဲ့ သန္တီရဏ-ဥပေက္ခာနဲ့ တကွဖြစ်တဲ့ သန္တီရဏလို့ နှစ်မျိုး။ ဒါကဝေဒနာ ယှဉ်တဲ့အနေနဲ့ ပြောနေတာဖြစ်ပါတယ်။ ကာယဝိညာဏ်ဆိုတာလဲ အကုသိုလ်အကျိုးဘက်မှာ ဒုက္ခဝေဒနာနှင့် တကွဖြစ်တယ်။ ကုသိုလ်၏ အကျိုးဖြစ်တဲ့ ကာယဝိညာဏ်ကတော့ သုခဝေဒနာနှင့် တကွဖြစ်တယ်။အခုပြောလို့ ကျန်တဲ့အဟိတ်စိတ်တရားတွေကတော့ ဥပေက္ခာဝေဒနာနဲ့ တကွဖြစ်တဲ့တရားတွေပဲလို့ ဒီလိုသိထားကြပါ။

ပြီးဘာ့မှ တခါ ဆရာတော်ကြီးက ဘာဆက်ပြောသလဲ-

ငါးပါးဒွါရာ၊မနောဒွါဟု၊ အာဝဇ္ဇန်းဒွိ၊ဟသိတုပ္ပါဒ်၊သုံးရပ်ကြိယာ၊ ဆယ့်ရှစ်ဖြာတည်း။

ဒီလက်ဘပိုဒ်အရ မျက်စိ, နား, နှာ, လျှာ, ကိုယ်-ဆိုတဲ့ ငါးဒွါရမှာ ထင်လာတဲ့အာရုံကို ဆင်ခြင်တတ်တဲ့ အာဝဇ္ဇာန်းစိတ်က တမျိုး၊ မနောဒွါရခေါ်တဲ့စိတ်မှာ ထင်လာတဲ့ အာရုံကို ဆင်ခြင်တတ်တဲ့ မနောဒွါရာဝဇ္ဇန်းစိတ်က တမျိုး အဲဒီလို အာဝဇ္ဇန်းစိတ် နှစ်မျိုးရှိတယ်တဲ့- အာဝဇ္ဇန်းဒွိ။ ဟသိတုပ္ပါဒ်ဆိုတာ ရဟန္တာသခင် အရှင်သူမြတ်ကို့ရဲ့ ဥယျာဉ်တော် မူကြတဲ့စိတ်=ဟသိတုပ္ပါဒ် စိတ်။ အဲဒီစိတ်ဝိညာဏ် သုံးရပ်ဟာ အဟိတ်ကြိယာ သုံးပါးဖြစ်ပါတယ်တဲ့။ အဲဒီလို အဟိတ်စိတ်မှာ စက္ခုဝိညာဏ် ၂-ခုကစပြီးတော့ ဟသိတုပ္ပါဒ် အထိ ပေါင်းကြည့်လိုက် အဟိတ်စိတ် တဆယ့်ရှစ်ပါးရှိတယ်။ ဒါကို ဆရာတော်ဘုရားကြီးက "ငါးပါးဒွါရာ၊ မနောဒွါဟု၊ အာဇ္ဇန်းဒွိ၊ ဟသိတုပ္ပါဒ်၊ သုံးရပ်ကြိယာ၊ ဆယ့်ရှစ်ဖြာတည့်"လို့ ပြောတာ။

ကာမာဝစရ၊ ကုသလစု၊ သော ဥ နှစ်တန်၊ ဉာဏ် ယှဉ် မယှဉ်၊ သင်္ခါ မရှိ၊ ရှစ်ပါးသိလော့။

ကာမာဝစရသောဘဏ ကာမာဝစရသောဘဏကို ပြောလို့ ရှိယင်တဲ့ **စိတ် ၂၄-ပါး** ခုနင်က လောဘမူစိတ်လိုပဲ "သော ဥ နှစ်တန် = သောမနဿသဟဂုတ် လေးပါး **အ**ထက်**အော**က် တန်းရေး၊ဥပေက္ခာသဟဂုတ်လေးပါး အထက်အောက် **တန်း**ရေးပါ။"ဉာဏ်ယှဉ်-မယှဉ်=အဲဒီမှာ ဉာဏ်ယှဉ်တာနှစ်တန်း၊ဉာဏ် မယှဉ်တာ နှစ်တန်း၊ ဉာဏ်ယှဉ်နှစ်တန်း ဉာဏ်မယှဉ်နှစ်တန်း-ဒီလို အထက်အောက် တန်းရေး။ "သင်္ခါရိ မရှိ" =နောက်ကတော့တာခုစီရေး။ သင်္ခါရ ရှိ၊ သင်္ခါရ မရှိ၊ သင်္ခါရ ရှိ၊ သင်္ခါရ မရှိ- လို့ ရေးလိုက်ယင် ဉာဏ်ထဲ ဘယ်လိုထွက်လာမလဲလို့ ဆိုတော့-

(၁) သောမနဿဝေဒနာနှင့် တကွဖြစ်၍ ဉာဏ်နဲ့ယှဉ်ပြီးလျှင် သင်္ခါရရှိတဲ့ စိတ် တပါး၊

(၂) သောမနဿ ဝေဒနာနှင့် တကွဖြစ်၍ ဉာဏ်နဲ့ ယှဉ်ပြီးလျှင် သင်္ခါရမရှိတဲ့ စိတ် ထပါး၊

(၃) သောမနဿဝေဒနာနှင့် တကွဖြစ်၍ ဉာဏ်နဲ့မယှဉ်ပဲ သင်္ခါရရှိတဲ့ စိတ်တပါး၊

(၄) သောမနဿဝေဒနာနှင့်တကွဖြစ်၍ ဉာဏ်နှင့်မယှဉ်ပဲသင်္ခါရမရှိတဲ့ စိတ်ကပါးလို့ -

သောမနဿသဟဂုတ်အပိုင်းလေးပိုင်း၊ ဥပေက္ခာဝေဒနာနဲ့ယှဉ်တဲ့ အပိုင်းက လေးပိုင်းထွက်တယ်။ အဲဒီ ရှစ်ခုကို မဟာကုသိုလ်ရှစ်ပါး၊ ကာမကုသိုလ်ရှစ်ပါးလို့ လဲခေါ်တယ်။ "ဉာဏ်ယှဉ်မယှဉ်၊ သင်္ခါရ မရှိ၊ ရှစ်ပါးသိဇလာ" -

ဝိပါက်မဟာ၊ ကြိယာလည်း၊ ထိုနည်း ရှစ်စီ၊ သုံးလီ ပေါင်းထွေး၊ နှစ်ဆယ့်လေးတည်း။

မဟာဝိပါက်ခေါ်တဲ့ စိတ်များလဲပဲ ဒီအတိုင်း ရှစ်ပါးပဲ။ မဟာကြိယာ ခေါ်တဲ့ စိတ်များလဲပဲ ဒီအတိုင်းရှစ်ပါးပဲ။ အဲဒီ သုံးမျိုးကို ပေါင်းလိုက်လို့ ရှိယင် ရှစ်သုံးလီ နှစ်ဆယ့်လေး=ကာမာဝစရ သောဘစိတ် ၂၄-ဖြစ်တယ်။ ။ရှေးကဆိုပြီးသော ၁၂-အကုသိုလ်၊ ၁၀-ပါးသောအဟိတ်စိတ်၊ ယခု ၂၄နဲ့ ပေါင်းလို့ ရှိယင်—

ရှေးတဆယ့်နှစ်၊ တဆယ့်ရှစ်နှင့်၊ ပေါင်လစ်တုံက၊
အကျယ်ရသည်၊ ကာမဂါးဆယ့်ဧလေး လျှင်တည်း -

လို့ ဆရာတော် ဘုရားကြီးက ကာမစိတ်အတွက် လက်ဝတပိုဒ် ဖွင့်ပြတယ်။

ရူပါဝစရစိတ် ၁၅-ပါး။ ။ရူပါဝစရစိတ် အရူပါဝစရစိတ် လောကုတ္တရာ စိတ်တို့လဲပဲ ကိုယ်မရသေး မသိသေးတဲ့ စိတ်ဆိုတော့ အင်မတန် ခက်တယ်လို့ အောက်မေ့ရတယ်။ ဆရာတော်ဘုရားကြီး ရေးလိုက်တော့ အင်မတန်ရှင်းတယ်။

စျာန်စိတ်ရူပ၊ ဆယ့်ငါးမျှတည့်။

ရူပါဝစရစိတ်ဆိုတာ ၁၅-ပါးပဲ။ စျာန်ငါးပါးကို ပထမနှားလည်ထားပါတဲ့။ ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်, ပဉ္စမစျာန် လို့ စျာန်ငါးပါးကို နှားလည်ပါတဲ့။ ပထမစျာန်ဆိုတာ ဘာလဲဆိုတော့ နောက်အကျယ်ခွဲယူ။ ပဌမဆုံး ရတဲ့စျာန် ပဌမပဲ။ နှစ်ခုမြောက်ရတဲ့စျာန်က ဒုတိယစျာန်၊ သုံးခုမြောက် ရတဲ့စျာန် တတိယစျာန်၊ လေးခုမြောက် ရတဲ့စျာန် စတုတ္ထစျာန်၊ ငါးခုမြောက် ရတဲ့စျာန်ပဉ္စမစျာန်ပဲ။ ရူပစျာန်ကတော့ ငါးဆင့်ဆို ကုန်တာပဲတဲ့။ အဲဒီလို စျာန်ငါးပါးရှိလို့ -

ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်, ပဉ္စမစျာန်၊ ငါးတန်အပြား၊ စျာန်ငါးပါးနှင့်၊ ယှဉ်ငြားအလို့၊ ကုသိုလ်စိတ်ငါး။

ပဌမစျာန်နဲ့ ယှဉ်တဲ့ ကုသိုလ်စိတ်ကတမျိုး၊ ဒုတိယစျာန်-တတိယစျာန်-စတုတ္ထစျာန်-ပဉ္စမစျာန်နဲ့ ယှဉ်တဲ့ ကုသိုလ်စိတ်က တမျိုးစီဆိုတော့ ကုသိုလ်စိတ် ၅-ပါးရှိတယ်။ အဲဒီကုသိုလ်စိတ် ၅-ပါးရဲ့ အကျိုးဝိပါက်စိတ်က ၅-ပါး၊ ရဟန္တာပုဂ္ဂိုလ်များ သန္တာန်မှာဖြစ်တဲ့ ကြိယာစိတ်ကလဲ ၅-ပါးပဲတဲ့။ ဒါကို -

ကုသိုလ်စိတ် ငါး၊ ဝိပါက်ငါးနှင့်၊ ငါးပါးကြိယာ၊ ဆယ်ငါးဖြာကား၊ ဖြဟ္မာရူပ၊ စျာန်စိတ်ရတည်း။

အဲဒါ ရူပဗြဟ္မာတို့ရတဲ့ ဈာန်စိတ် ၁၅-ပါး။ ရူပါဝစရဈာန်စိတ် ၁၅-ပါးလို့ ခေါ်တယ်။

အရူပါဝစရစိတ် ၁၂-ပါး။ ။အရူပါဝစရစိတ် ဆိုတာလဲ မရတော့ အခက်ကြီးပဲ။ ဆရာတော်ကြီးကတော့

(၁) အာကာသာနဉ္စာယတနဈာန်

(၂) ဝိညာနဉ္စာယတနဈာန်

(၃) အာကိဉ္စညာယတနဈာန်

(၄) နေဝသညာနာသညာယတန ဈာန်—

လို့ အရူပဈာန် လေးပါးရှိတယ်။ အဲဒီလေးပါးက ဘယ်လိုဟာလဲ ဆိုတာ လုပ်ကြည့်။ လုပ်ကြည့်လို့ အဲဒီရောက်တော့ သူတကာမေးနေမှာ မဟုတ်ဖူး. သိလိမ့်မယ်။]အဲဒီ အရူပဈာန်လေးပါး နာမည်သာ မှတ်သားဦး။ အခုအချိန်တော့ နာမည်ပဲ သိမယ်။ သဘာဝကတော့ သိ မဖြစ်ဘူး+တဲ့။ အဲဒီဈာန်လေးပါးရယင် ဘယ့်နှယ်လုပ်မလဲ ဆိုတော့—

အာကာသာနဉ္စာယတနဈာန်၊ ဝိညာနဉ္စာယတနဈာန်၊ အာကိဉ္စညာယတနဈာန်၊ နေဝသညာနာသညာယတနဈာန်၊ လေးတန်အပြား၊ ဈာန်လေးပါးနှင့်၊ ယှဉ်ငြားအလို၊ ကုသိုလ်စိတ်လေး၊ ဝိပါက်လေးနှင့်၊ လေးပါးကြိယာ၊ ဆယ့်နှစ်ဖြာကား၊ ဗြဟ္မာအရူပ၊ ဈာန်စိတ်ရတည်း။

ဆရာတော်ကြီးက ဈာန်လေးပါးအမည်ကို လက်ဝဲမှာ တခါထဲ ပေါ်ပြောထားတယ်။ အဲဒီမှာ အာကာသာနဉ္စာယတန ဈာန်ကလဲပဲ ကုသိုလ်မှာတပါး၊ ဝိပါက်မှာတပါး၊ ကြိယာမှာတပါး+သုံးပါးရှိတယ်။

အာကာသာနဉ္စာယတနစျာန်နဲ့ ယှဉ်တဲ့ ကုသိုလ်စိတ်တပါး၊ ဝိပါက်စိတ်တပါး၊ ကြိယာစိတ်တပါးလို့ – သုံးပါး၊ ထို့အတူပဲ ဝိညာနဉ္စာယတနစျာန်မှာ သုံးပါး၊ အာကိဉ္စညာယတနစျာန်မှာ သုံးပါး၊ နေဝသညာနာသညာယတနစျာန်မှာ သုံးပါး။ သုံးပါးစီ လေးလို ၁၂-ပါးပဲ။ အဲဒီတော့ ပေါင်းလိုက်ယင် အရူပါဝစရကုသိုလ်စိတ်က လေးပါးရတယ်။ ဝိပါက်စိတ်လေးပါး၊ ကြိယာစိတ်လေးပါး၊ အဲဒါ အရူပါဝစရစိတ် ဝိညာဏကသ္ဓန္ဓာထဲမှာ ပါတဲ့ အရူပါဝစရစိတ် ၁၂-ပါးပဲတဲ့။

လောကုတ္တရာစိတ် အကျဉ်း ဂ အကျယ် ၄၀။

လောကုတ္တရာက တော့ကော ဆိုတော့ "သောတာပတ္တိမဂ္ဂ, သကဒါဂါမိမဂ္ဂ, အနာဂါမိမဂ္ဂ အရဟာတ္တမဂ္ဂ"လို့ အရိယာပုဂ္ဂိုလ်များ ပထမအကြိမ်ရတဲ့မဂ်ကို သောတာပတ္တိမဂ်လို့ ခေါ်တယ်။ ဒုတိယဆင့်ရတဲ့မဂ်ကို သကဒါဂါမိမဂ်လို့ ခေါ်တယ်။ တတိယဆင့်ရတဲ့မဂ်ကို အနာဂါမိမဂ္ဂ။ စတုတ္ထလေးကြိမ်မြောက် ရတဲ့မဂ်ကို အရဟာတ္တမဂ်လို့ ခေါ်တယ်။ အဲဒါ လောကုတ္တရာ မဂ်လေးပါး ပါပဲတဲ့။ ဒါကို—

သောတာပတ္တိမဂ္ဂ၊ သကဒါဂါမိမဂ္ဂ၊ အနာဂါမိမဂ္ဂ၊ အရဟာတ္တမဂ္ဂ၊ အင်္ဂဏိက၊ မဂ္ဂအပြား၊ မဂ်လေးပါးနှင့်၊ ယှဉ်ပြီးအလို၊ ကုသိုလ်စိတ်လေး၊ ဖိုလ်စိတ်လေးဟု၊ ရှစ်ခုလောကုတ်၊ အကျဉ်းချုပ်၏။

(၁) သောတာပတ္တိမဂ်နှင့် ယှဉ်တဲ့ ကုသိုလ်စိတ် တပါး၊

(၂) သကဒါဂါမိမဂ်နှင့် ယှဉ်တဲ့ ကုသိုလ်စိတ် တပါး၊

(၃) အနာဂါမိမဂ်နှင့် ယှဉ်တဲ့ ကုသိုလ်စိတ် တပါး၊

(၄) အရဟတ္တမဂ်နှင့် ယှဉ်တဲ့ ကုသိုလ်စိတ် တပါး ဖဂ်စိတ် လေးပါးရတယ်။

သောတာပတ္တိမဂ်စိတ်ရဲ့ အကျိုးဖြစ်တဲ့ သောတာပတ္တိဖိုလ်စိတ် တပါး 'ဖလ'ဆိုတဲ့ ပါဠိမှ ဖိုလ်ဆိုတဲ့ မြန်မာစကားဖြစ်တယ်။ သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တမဂ်၏ အကျိုးဖြစ်တဲ့ အရဟတ္တဖိုလ်စိတ်လို့ ဖိုလ်စိတ်လေးခု၊ပေါင်းလိုက်လို့ရှိယင် "**ရှစ်ခုလောကုတ်၊အကျဉ်းချုပ်၏**"။ လောကုတ္တရာစိတ် အကျဉ်းရှစ်ခု ဖြစ်ပါတယ် တဲ့။

လောကုတ္တရာစိတ်အကျယ် လေးဆယ်ကို ပြောစမ်းပါဆိုလို့ ရှိယင် သောတာပတ္တိမဂ်ကိုက ငါးဆင့်- စိတ်ငါးပါးပြားအောင် လုပ်ပေးရမယ်။ ဘယ့်နှယ်ပြား**မလဲ**—

လောကုတ်အကျယ်၊ လေးဆယ် အရ၊ သရုပ်ပြမူ၊ ပထမစျာန်၊ သောတာပတ္တိမဂ်စိတ်တပါး၊ ဒုတိယစျာန် သောတာပတ္တိမဂ်စိတ်တပါး၊ တတိယစျန် သောတာပတ္တိမဂ် စိတ်တပါး၊ စတုတ္ထစျာန် သောတာပတ္တိမဂ် စိတ်တပါး၊ ပဉ္စမစျာန် သောတာပတ္တိမဂ်စိတ် တပါးဟူ၍ သောတာပတ္တိမဂ်စိတ် အပြားငါးပါး—

လို့-လက်ဝမှာ ပေါ်လွင်သွားပြီ။ ဘာလို့ ဒီလိုပြားရသလဲ၊ သောတာပတ္တိမဂ်ကို ရကြတာ **မတူကြဘူးနော်**-ပုဂ္ဂိုလ်ငါးပါးထားတယ်။

(၁) တဦးသော ပုဂ္ဂိုလ်မှာ သောတာပတ္တိမဂ်ကိုရတာ ဝိတက်ဝိစာရ, ပီတိ, သုခ, ကေဂ္ဂဘာ စျာန်အင်္ဂါငါးပါးရှိပြီးတော့ ရတယ်။ အဲဒီသူရဲ့ သောတာပတ္တိမဂ်စိတ်ကိုတော့ ပထမစျာန် သောတာပတ္တိမဂ်စိတ်လို့ ခေါ်ရတယ်။

(၂) ဟိုတဦးရပုံက အဲဒီထဲ ဂိတက် မပါပဲနဲ့ စျာန် အင်္ဂါ၊ လေးပါးနဲ့ရတဲ့ ပဋိဂ္ဂါလ်ရဲ့ သေဒတာပတ္တိမဂ်စိတ်ကိုတော့ ဒုတိယစျာန် သောတာပတ္တိမဂ်လို့ ခေါ်ရတယ်။

(၃) ဟို တတိယပဋိဂ္ဂါလ်ကျတော့ ဝိတက်ရော ဝိစာရရော မပါပဲနဲ့ သောတာပတ္တိမဂ်ရတယ်။ အဲဒီပဋိဂ္ဂါလ်ရဲ့ သောတာပတ္တိမဂ်စိတ်ကိုတော့ တတိယစျာန် သောတာပတ္တိမဂ်စိတ်လို့ခေါ်တယ်။

(၄) ဟိုစတုတ္ထမြောက် ပဋိဂ္ဂါလ်ရဲ့ သောတာပတ္တိ မဂ်စိတ်မှာတော့ သုခနဲ့ကေဂ္ဂတာလို့စျာန်အင်္ဂါ နှစ်ပါးပဲ ပါတယ်။ ဒါဖြင့် သူ့ရဲ့ သောတာပတ္တိစိတ်ဟာဖြင့် စတုတ္ထစျာန် သောတာပတ္တိမဂ်စိတ်။

(၅) ဟိုပဋိဂ္ဂါလ်တဦးကျတော့ သုခတောင် မဟုတ်ပြန်ဘူး သုခနေထုမှာ ဥပေက္ခာနဲ့ ကေဂ္ဂတာ တွဲပြီးတော့ စျာန်အင်္ဂါနှစ်ပါး ပါတဲ့ သောတာပတ္တိမဂ်စိတ်ကိုတော့ ပဉ္စမစျာန် သောတာပတ္တိမဂ်စိတ်လို့ခေါ်ရတယ်။

အဲဒီလို သောတာပတ္တိမဂ်စိတ်ကိုက ပဋိဂ္ဂါလ်အလိုက် ငါးမျိုးရတယ်။ သောတာပတ္တိမဂ်စိတ်အပြား ငါးပါး-

ဤနည်းအားဖြင့်၊ ရှစ်ပါးအကုန်၊ စျာန်ပွားတုံက၊ လေးဆယ်ရှိ၏၊ တရာ့နှစ်ဆယ် တပါးကယ်သည်၊ အကျယ် ဝိညာဏကွန္ဓာတည်း—

လို့ဆိုပြီးတော့ ဖြန့်လိုက်မယ်ဆိုလို့ရှိယင် ကာမစိတ် ၅၄၊ ရူပစိတ်၁၅၊ အရူပစိတ်၁၂၊ လောကုတ္တရာစိတ် အကျယ် ၄၀-ဆိုတော့ "တရာ့နှစ်ဆယ် တပါးကယ်သည်၊ (ဆိုတာ ၁၂၁-ပါး) အကျယ် ဝိညာဏကွန္ဓာတည်း" လို့ ဒီမှာ ဝိညာဏကွန္ဓာကို အပြီးသတ်လိုက်တယ်။ ဝိညာဏကွန္ဓာတို့ရဲ့ သရုပ်အရေအတွက်ကို သိလောက်ပြီ သူတော်ကောင်းတို့။ ခန္ဓာပါးလုံးပြီးသွားပြီ။

ရှင်ရာဟုလာ ဝိပဿနာကလလရေကြည် ကိုယ်ဝန်သားတည်သော ရာဟုလသံယုတ်

ရှင်ရာဟုလာ တရားအကျဉ်းချုပ် ရာဟုလသံယုတ် ပြောကြစို့ — တောင်းခြင်း ရှင်ရာဟုလာက ကိုရင်ကလေး ပေမယ့်လဲ ပေါ့ပေါ့ဆဆ မဟုတ် ဘူး။ သာမဏေရပဉ္စာတို့ အဘိဏှရာဟုလောဝါဒသုတ်တို့ ဒါတွေကို မပြတ်လေ့လာ ကြားနာနေရတော့ ကိုရင်လေးက တရားရည်နူးတဲ့ ကိုရင်ကလေး ဖြစ်နေပြီ။ ဖြစ်နေတော့ တနေ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းကို မြတ်စွာဘုရား သွားလျှောက်တယ်၊

သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန မမ္မံ ဒေသေတု ယမဟံ ဘဂဝတော မမ္မံ သုတ္ဝာ ဧကော ဥပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျံ။ (သံ၊၁။၄၃၉)

ဘန္တေ၊ ရှင်ပင်မြတ်ဘုရား။ သာဓု အာယာစာမိ၊ တပည့်တော် ရာဟုလာ တောင်းပန်စကား လျှောက်ထားပါ၏။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ မေ၊ တပည့်တော်အား။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ မမ္မံ၊ တရားကို။ ဒေသေတု၊ ဟောတော်မူစေချင်ပါ၏။ အဟံ၊ ရာဟုလာခေါ်တပည့်တော်သည်။ ဘဂဝတော၊ ရှင်တော်ဘုရား၏။ ယံ မမ္မံ၊ ယင်းသို့ ဟောကြားတရားတော်ကို။ သုတ္ဝာ၊ ကြားနာရသည် ရှိသော်။ (၁) ဧကော၊ အဖော်မဲ့မီး တကိုယ်တည်း ဖြစ်လျက်။ (၂) ဥပကဋ္ဌော၊ ဆိတ်ငြိမ်ရာသို့ ကပ်လျက်။ (၃) အပ္ပမတ္တော၊ မေ့မ့မလျော့။ (၄) အာတာပီ၊ သမ္မပ္ပဓာန်လုံ့လဝီရိယရှိလျက်။ (၅) မဟိတတ္တော၊

နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိလျက်။ ဝိဟရေယျ၊ ရဟန်းတရား ပွဲးများ ကြိုးကုတ် အားထုတ်နိုင်လေရာ၏။

ယောဂီများ ပြည့်စုံရမည့်အင်္ဂါ။ ။အင်္ဂါငါးချက်ကို ဖော်ပြတယ်။ ယောဂီပုဂ္ဂိုလ်များ ပြည့်စုံရမယ့်

အင်္ဂါဆိုတာ –

(၁) ဧကော=အဖော်မဲ့း တကိုယ်တည်းဖြစ်ရမယ်။

(၂) ဝူပကဋ္ဌော=ဆိတ်ငြိမ်ရာကို ကပ်ရမယ်။

(၃) အပ္ပမတ္တော=မမေ့ မလျော့ ရှိရမယ်။ မေ့လျော့နေယင် ဒါဟာ တရားအလုပ်ကို မဟုတ်ဘူး။

(၄) အာတာပီ=သမ္မပ္ပဓာန် လုံ့လ ဝီရိယရှိရမယ်။

(၅) ပဟိတတ္တော=ယောဂီပုဂ္ဂိုလ်ရဲ့ စိတ်ဟာ ငါသည် ယခု မြဓာနုဓမ္မပဋိပတ်ဖြင့် နိဗ္ဗာန်ကို ဖြောင့်ဖြောင့်မတ်မတ် သွားမယ်ဆိုတဲ့ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိရမယ်။

အဲဒီ အင်္ဂါငါးချက် ပြည့်နှက်ပြီးတော့ တပည့်တော် ရဟန်းတရား ပွဲးများ ကြိုးကုတ် အားထုတ်နေနိုင်လောက်အောင် တပည့်တော် အား အကျဉ်းချုပ်အားဖြင့် တရားဟောပါ-လို့ ကိုရင်ရာဟုလာက လျှောက်တယ်။ မြတ်စွာဘုရားကလဲ လျှောက်ပြီးတာနဲ့ ဘာဟော လိုက်သလဲဆိုတော့ –

တံ ကိ ံ မညသိ ရာဟုလ၊ စက္ခု နိစ္စံ ဝါ အနိစ္စံ ဝါ။

အတ္တင်းအာယတန ဖဿပါး ဝိပဿနာရှုခြင်း

ရာဟုလ၊ ချစ်သားသည်းချာ ရာဟုလာ။ တံ၊ ထိုယခု ငါဘုရား မေးမြန်းမည့် စကားကို။ ကိ ံ မညသိ၊ သင်ချစ်သား

ဘယ်လို သဘောကျသလဲ။ (သဘောကျတဲ့ အတိုင်း ဖြေစမ်းပါ ငါဘုရား အခုမေးမယ့်စကား ချစ်သားသဘောကျတဲ့အတိုင်း ဖြေတဲ့။) စက္ခု၊ မျက်စိတွင်မည် ရုပ်အကြည်သည်။ နိစ္စံဝါ၊ နိစ္စလော။ အနိစ္စံဝါ၊ အနိစ္စလော။

စောစောကပြောတဲ့ ပဿဒရုပ်ငါးပါးထဲမှာ စက္ခုပဿာဒ=မျက်စိအကြည် မျက်စိတွင်မည် ရုပ်အကြည်ဟာ နိစ္စလား၊ အနိစ္စလား။ ရာဟုလာ သဘောကျတဲ့အတိုင်း ဖြစမ်းဆိုတော့ ရာဟုလာကလဲ ဒါလောက် သဘောမပေးပါဘူး၊ နှုတ်ဆွံ့နေလိုက်တယ်။

အနိစ္စံ ဘန္တေ။

အနိစ္စပါဘုရားတဲ့။ ဒါမှန်ပြီ၊ နောက်တကျော့ လာပြန်ပြီ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ပန၊ ဆက်ရှု မေးဦးအံ့။ ယံ၊ အကြင်မျက်စိတွင်မည် ရုပ်အကြည်သည်။ အနိစ္စံ၊ သင်ချစ်သား ပြောတဲ့အတိုင်း အနိစ္စဇကန် စင်စစ် မှန်၏။ တံ၊ ထိုအနိစ္စကန် စင်စစ်မှန်တဲ့ မျက်စိ အကြည်ရုပ်သည်။ ဒုက္ခံ ဝါ၊ ဒုက္ခလေလော။ သုခံ ဝါ၊ သုခလေလော။

အဲဒီရုပ်ကို သင်ချစ်သား ဒုက္ခလို့ သဘောကျသလား၊ သုခလို့ သဘောကျသလား၊ မေးတယ်။ ကိုရင်ရာဟုလာက ပြန်ဖြေတယ်-

ဒုက္ခံ ဘန္တေ။

တပည့်တော် ဒုက္ခလို့ သဘောကျပါတယ် ဘုရား၊ ဒုက္ခပါ ဘုရားတဲ့။ ဒါက တကျော့။ ဇ တိယတကျော့ မေးပြန်တယ်။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ 'တေ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ' တိ။

ရာဟုလ၊ ချစ်သားသည်းချာ ရာဟုလာ။ ပန၊ ဆင်၍ တကျော့ မေးဦးအံ့။ ယံ၊ အကြင် မျက်စိတွင်မည် ရုပ်အကြည် သည်။ အနိစ္စံ၊ သင်ချစ်သား ပြောတဲ့အတိုင်း အနိစ္စလဲ ကောန်မှန်၏။ ဒုက္ခံ၊ ဒုက္ခလဲ မှန်၏။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန် ပျက်စီးတတ်တဲ့ သဘောလဲရှိ၏။ တံ၊ ထိုမမြဲ ဆင်းရဲ ဖောက်လဲ့ ဖောက်ပြန် ဖြစ်တတ်တဲ့ မျက်စိတွင်မည် ရုပ်အကြည်ကို။ တံ မမ၊ ငါ့စွာပဲဟူ၍ တဏှာနဲ့များ။ သောဟမသ္မိ၊ ငါပဲလို့ မာနနဲ့များ။ သော မေ အတ္တာတိ၊ ငါ၏အတ္တ လိပ်ပြာ ဝိညာဏ်ကောင်ပဲလို့ ဒိဋ္ဌိနဲ့များ။ သမနုပဿိတုံ၊ အလဲ့လဲ့ အချောင်ချောင် ရှုမြော်ခြင်းငှာ။ ကလ္လံ နု၊ သင့်လျော် လျောက်ပတ်သေးသလော။

မြတ်စွာဘုရားက တတိယတကျော့ မေးတယ်။ ကိုရင်ရာဟုလာက ပြန်ဖြေတယ်။

နောဟေတံ ဘန္တေ။

ဘန္တေ၊ ရှင်ပင်ဘုရား။ တေံ၊ ဤသို့ ရှုခြင်းသည်။ ဝါ၊ ဤသို့ ရှုဖို့ရန်။ နောဟိ၊ မသင့်ပါ။ တေံ မမ၊ ငါ့စွာပဲ။ သောဟမသ္မိ၊ ငါပဲ။ သော မေ အတ္တာ၊ ငါ၏ အတ္တလိပ်ပြာပဲ လို့ မရှုသင့်ပါဘူး ဘုရားလို့ ဆိုကတည်းကိုက ပြန်လိုက်— နေတံ မမ၊ ငါ့စွာ မဟုတ်ပါတယ်ဘုး။ နေသောဟမသ္မိ၊ ငါမဟုတ်ပါတကား။ န မေသော အတ္တာ၊ ငါ၏ အတ္တလိပ်ပြာ မဟုတ်ပါတကား။

ဒီလိုသာ ရှုသင့်ပါတယ်လို့ ဖြေလိုရင်း။ အဲဒါဟာ ပါဠိလို တေပရိဝဋ္ဋမမှ မည်တယ်။ အနိစ္စရယ် ဒုက္ခရယ် အနတ္တရယ် သုံးချက်ပေါ်ဖအောင် သုံးကျော့ ဓမ္မဒေသနာလို့ ခေါ်တယ်။ စက္ခုပသာဒ စက္ခုမေးပြီးတော့ မြတ်စွာဘုရား ထိုအတူ သောတပသာဒကိုလဲပဲ သောတံ နိစ္စံ ဝါ အနိစ္စံ ဝါ၊

ဟောဒီလို မေးတယ်။ ရာဟုလာ စက္ခုအတွက်တော့ သုံးကျော့ စလုံး အဖြေမှန်ပြီ၊ သောတခေါ်တဲ့ နားဟုတ္ထင်မည် ရုပ်အကြည် အတွက်လဲမေးကြအုံးစို့။နားခေါ်တဲ့ သောတပသာဒရုပ်ကို ချစ်သား နိစ္စလို့ သဒ္ဒာကျသလား၊ အနိစ္စလို့ သဘောကျသလား၊တဲ့။ ကိုရင် ရာဟုလာကကတော့ ခုနင်က ကမ္မ မမှားပဲ၊ အခုလဲ ဘယ်မှားမလဲ။ အနိစ္စလို့ သဘောကျပါတယ်ဘုရား။

အဲဒီနားဟာ မမြဲတာ အမှန်။ အဲဒီ မမြဲတဲ့နား‌ကို ချစ်သား-ဒုက္ခ, သုခ ဘယ်လိုမျှား သဘောကျသလဲ မေးတော့ 'ဒုက္ခံ ဘန္တေ'တပည့်တော် ဒုက္ခလို့သဘောကုပါတယ်။ အေးဟုတ်ပြီ၊ ဒုတိယအကျော့လဲမှန်ပြီ။ ဒီသောတပသာဒ=နားဆိုတဲ့ အကြည်ရုပ်ဟာ မြဲလဲမမြဲဘူး၊ ဆင်းလဲ ဆင်းရဲတယ်၊ ဖောက်လဲ ဖောက်ပြန်တယ်။ အဲဒီလို မမြဲဆင်းရဲ ဖောက်လဲ ဖျက်ပြန်ဖြစ်တတ်တဲ့သောတပသာဒ နားအကြည်ရုပ်ပေါ်၌-ငတံ် မမ၊ ငါ့ဥစ္စာပဲ။ တဏှာနဲ့။ သောဟ မသ္မိ၊ ငါပဲလို့-မာနနဲ့။ သော မေအတ္တာ- ငါ့ရဲ့အတ္တလိပ်ပြာပဲလို့-ဒိဋ္ဌိနဲ့ အလဲလဲ့အချော်ချော်မျှား ရှုမြော်သင့်သေးသလား ချစ်သား-လို့ဆိုတော့ ကိုရင် ရာဟုလာက"နောဟေတံ ဘန္တေ"ဒီလို မရှုသင့်ပါဘုရား၊ ဒီလိုလျှောက်တယ်။

ဒီလိုမရှုသင့်ကတဲ့ကိုက နားဟုဘွင်မည် ရုပ်ဒုက္ခသည် မမြဲတဲ့သဘော ဆင်းရဲတဲ့ ဒုက္ခသဘော ငါ၏ဥစ္စာမဟုတ် ငါမဟုတ် ငါ၏အတ္တလိပ်ပြာမဟုတ်ပါဘကားလို့ အဲဒီလိုသာ ရှုရမယ်။ ဒီလိုရှု ဆင်ခြင်လို့ ဒီလိုနှလုံးသွင်းနေယင် ဒါအမှန်ပဲ။ဘုရားအလိုကျပဲ။ ထိုအတူ သာတ မေးသလိုဃာနခေါ်တဲ့ နှာခေါင်းအကြည်ရုပ်ကို သုံးကျော့-ထိုနည်းငင်းမေးတယ်၊ ထိုနည်းငင်း ဖြေတယ်။ ဇီဝ၇ါ လျှာအကြည်ရုပ်ကိုလဲပဲ သုံးကျော့မေးတယ်။ သုံးကျော့စလုံး ယခင်နည်းအတိုင်း-အနိစ္စ ဒုက္ခ အနတ္တ-အဖြေမှန်တယ်။ ကာယပသာဒ ကိုယ်အကြည်ကိုလဲပဲ သုံးကျော့မေးတယ်။ သုံးကျော့စလုံး ကိုရင်ရာဟုလာက-အနိစ္စ ဒုက္ခ အနတ္တ-ဖြေတယ်။ ပြီးတော့ မနောဆိုတဲ့ စိတ်အကြည်ကိုလဲ သုံးကျော့မေးတယ်။

တံ ကိ မညသိ ရာဟုလ၊ မနော နိစ္စော ဝါ အနိစ္စော ဝါ။

ရာဟုလာ-မနောစိတ်လို့ခေါ်တဲ့-ဝိညာဏနာရဲ့ အာရုံ ဖြစ်ရမှာဆိုတော့ တဘူမက စိတ်ဝိညာဏ် ခြောက်မျိုးကို ချစ်သား နိစ္စလို့ သဘောကျသလား၊ အနိစ္စလို့ သဘောကျသလား။

ကိုရင် ရာဟုလာ.က မြင်စိတ်လဲ မမြဲဘူး ကြားစိတ် နံစိတ် လျက်စိတ် ထိစိတ် သိစိတ် ဘယ်စိတ်မှ မမြဲဘူး၊ ဒါတွေပဲ တွေ့တယ်။ ဒီတော့ "အနိစ္စော ဘန္တေ" ဒီလိုဘဲဖြေတယ်။ အနိစ္စပါဘုရား။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊

အေး ဟုတ်ပြီ၊ စိတ်ခြောက်မျိုးဆိုတဲ့ ဒီမနောဝိညာဏ်ဟာ ဝိညာဏ်ခြောက်မျိုးဆိုတဲ့ ဒီစိတ် ခြောက်မျိုး မနောခခြောက်မျိုးဟာ မမြဲတာ အမှန်ပဲ။အဲဒီ မမြဲတဲ့ ဝိညာဏ်ခခြောက်မျိုးကို ဒုက္ခလို့သဘောကျသလား၊ သုခလို့ သဘောကျသလား။ ကိုရင်ရာဟုလာက 'ဒုက္ခံ

ဘန္တေ'-ဒုက္ခလို့ သဘောကျပါတယ်ဘုရားလို့လျှောက်တယ်။ အဲဒီနှစ် ချက်မှန်ပြီ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ'တံ မမ၊ နောဟမသ္မိ၊ နော မေ အတ္တာ' တိ။

ရာဟုလာ-အဲဒီမနောဆိုတဲ့တရားသည် မြဲလဲမမြဲဘူး၊ဆင်းလဲ ဆင်းရဲတယ်၊ ဖောက်လဲ ဖောက်ပြန်တယ်၊ အဲဒီ မမြဲ ဆင်းရဲ ဖောက်လဲ့ ဖောက်ပြန်တဲ့ ဒီမနောခေါ်တဲ့ စိတ်ကိုမျှား ချစဲသား "တံ မမ"၊ငါ့ ဥစ္စာပဲလို့ တဏှာနဲ့မျှား၊ "နောဟမသ္မိ"၊ ငါပဲလို့ မာနနဲ့မျှား။ "နော မေ အတ္တာ၊" ငါ၏ အတ္တလိပ်ပြာ ဝိညာဏ်ကောင်ပဲလို့ ဒိဋ္ဌိနဲ့မျှား အလဲ့လဲ့အချော်ချော် ရှုသင့်သေးသလား-ဆိုတော့"နော-ဟေတံ ဘန္တေ"-မရှုသင့်ပါဘူးဘုရား။ အကုန်မှန်တယ်။

စက္ခုကိုလဲ အနိစ္စ, ဒုက္ခ, အနတ္တာ။ နေတံ မမ၊ နေသောဟမသ္မိ န မေသော အတ္တာ။ ငါ့ ဥစ္စာ မဟုတ်ပါဘုရား။ ငါ မဟုတ်ပါတယ်။ ငါ့ရဲ့ အတ္တ လိပ်ပြာ မဟုတ်ပါ တကဲ့ဘုရား။ ငါ့ရဲ့ အတ္တ လိပ်ပြာ မဟုတ်ပါ တကဲ့ဘုရားလို့ အဲဒီလိုပဲရှုတဲ့။ ဒီလိုရှုသင့်တဲ့အတိုင်း ရှုပေတော့။

သောတကို ဃာနကို ဇိဝှါကို ကာယကို မနကို။ ဒီတော့ အခု လောက်ပြောယင် ကိုရင်ရာဟုလာက ဝိပဿနာရှုပုံ နားလည်သွားပြီ။ ဒီ ပထမသုတ္တန်က ဒီဒွါရခြောက်ပါးပဲဟောတယ်။ကိုရင် ရာဟုလာက ဒီသုတ္တန်က နေပြီးတော့ အလုပ်ကိုသူ ထုတ်တတ်သွားပြီ၊ဘယ်လိုလဲ။

စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ သောတံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ ဃာနံ အနိစ္စံ ဒုက္ခံ အနတ္တာ။ နေတံ မမ၊ နေသောဟမသ္မိ၊

နမေသော အတ္တာ။ ဇိဝှါ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ။ ကာယော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ။ မနော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ။ မနော အနိစ္စော ဒုက္ခော အနတ္တာ၊နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ–

လို့ ပါဠိလို ဒီလို နှုလုံးသွင်းတတ်တယ်၊ ကိုရင်ရာဟုလာက ဒီသုတ္တန်အရဂက ဒီလိုပဲနှုလုံးသွင်းရတယ်။ ဒီတော့မှ မြတ်စွာဘုရားက နှုလုံးသွင်းတတ်တဲ့ ရာဟုလာကို–

ဧဝံ ပဿံ ရာဟုလ သုတဝါ အရိယသာဝကော ။
ရူပဖန်များလျှင် ငြီးငွေ့မည်။ ။ချစ်သားရာဟုလာ- ဤသို့ မျက်စိရယ် နားရယ် နှာခေါင်းရယ် လျှာရယ် ကိုယ်ရယ် စိတ်ရယ်ဆိုတဲ့ အတွင်းအာယတန ခြောက်ပါး၊ ဒီဝိပဿနာဘူမိတရားများကို အနိစ္စ ဒုက္ခ အနတ္တလို့ အဖန်ဖန်ရှုမြင်မှ ငါဘုရားရဲ့ တပည့်သား သာဝက+သုတဝန္တ သူမှ သုတရှိတာတဲ့။ ပိဋကတော်သုံးပုံပေါ်လေ အခေါက်ခေါက်အခါခါ ဖတ်ပေမယ်လို့ ဖတ်ရုံနဲ့ သုတဝန္တမဟုတ်သေးဘူး။ အခုလို တရားကို မြင်အောင်ရှုမှ သုတဝန္တ-သုတရှိတဲ့ပုဂ္ဂိုလ်တဲ့၊ အရိယသာဝက=ငါဘုရားရဲ့ တပည့်သား သာဝက။ အဲဒီသာဝကဟာ ဒီလိုရူပဖန်များပြီဆိုယင်ဖြင့်–

စက္ခုသ္မိမို့ နိဗ္ဗိန္ဒတိ။

မျက်စိခေါ်တဲ့ အကြည်ရုပ်ပေါ်မှာလဲပဲ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာလို့ စွဲယူလို့မရတဲ့ နိဗ္ဗိဒါဉာဏ် ရင့်သန်လာလိမ့်မယ်။

သောတသ္မိမ္ပိ နိဗ္ဗိန္ဒတိ။

နားဆိုတဲ့ သောတပသာဒ ပေါ်မှာလဲပဲ နိဗ္ဗိဒါဉာဏ် ရင့်သန်လိမ့်မယ်။

ဃာနသ္မိမ္ပိ နိဗ္ဗိန္ဒတိ။

ဃာနခေါ်တဲ့ နှာခေါင်းအကြည်ရုပ်ပေါ်မှာလဲပဲ နိဗ္ဗိဒါဉာဏ် ရင့်သန်လိမ့်မယ်။

ဇိဝှါယပိ နိဗ္ဗိန္ဒတိ။

ဇိဝှါခေါ်တဲ့ လျှာအကြည်ရုပ်ပေါ်မှာလဲပဲ နိဗ္ဗိဒါဉာဏ် ရင့်သန်လိမ့်မယ်”

ကာယသ္မိမ္ပိ နိဗ္ဗိန္ဒတိ။

ကာယခေါ်တဲ့ ကိုယ်အကြည်ရုပ်၊ ပသာဒရုပ်ပေါ်မှာလဲပဲ နိဗ္ဗိဒါဉာဏ်ရင့်သန်လိမ့်မယ်။

မနသ္မိမ္ပိ နိဗ္ဗိန္ဒတိ။

မနာခေါ်တဲ့စိတ်၊ မနာယဘန-ပေါ်မှာလဲပဲ နိဗ္ဗိဒါဉာဏ် ရင့်သန်လိမ့်မယ်။

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။

ပြီးငွေ့လျှင်တပ်ခြင်းကင်းမည်။ ။နိဗ္ဗိဒါဉာဏ် ရင့်သန်အားကြီးတော့ မင်္ဂလောက်ပြီးတော့ စက္ခု, သောတ ဃာန, ဇိဝှါကာယ, မနဝင်္ဂိုတဲ့ဒီတရားတွေပေါ်မှာတပ်ခြင်းကင်းသွားလိမ့်မယ် “ဝိရဇ္ဇတိ” ဖြင့် မင်္ဂကိုဟောတယ်။

ဝိရာဂါ ဝိမုစ္စတိ။

ဝိဇ္ဇာဂါ၊ တပ်ခြင်းကင်းတဲ့မဂ်ကြောင့်။ ဝိမုစ္စတိ၊ မဂ်၏အကျိုး အနေနဲ့ ကိလေသာမှ လွတ်ပြီးတော့ ဖိုလ်ဖြစ်လိမ့်မယ်။

ဝိမုတ္တာသ္မိ၊ ကိလေသာမှ လွတ်ပြီးတဲ့ဖိုလ်၌။ ဝိမုတ္တာမိတိဉာဏံ ဟောတိ၊ သြော်-ဒါ ကိလေသာမှလွတ်ပြီးတဲ့ သောတာပတ်ဖိုလ် သကဒါဂါမ်ဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ်လို့ မိမိရောက်တဲ့ အရိယာဘုံ အဆင့်ဆင့်မှာ ရောက်တဲ့ ရောက်တဲ့အတိုင်း ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ် ဖြစ်လိမ့်မယ်တဲ့။ အဲဒီလို ပစ္စဝေက္ခဏာဉာဏ်၌ နောက်မှာ အဆက်ဆက် ပရမ္မရပစ္စဝေက္ခဏာဉာဏ်အနေနဲ့ အရဟတ္တ-ဖိုလ်ပေါက်ရောက်ပြီးတဲ့ အခါကျတော့ 'ခီဏာ ဇာတိ' သြော် ငါ ဘဝ ပဋိသန္ဓေ အနာဂတ်နေစရာမရှိတော့ဘူး၊ ကုန်ပြီ။ ဝုသိတံ ဗြဟ္မစရိယံ သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်၊ အရိယမဂ်၊ တည်းဟူသော မြတ်သော အကျင့်ကိုပြင့် အရဟတ္တဖိုလ်ပေါက် ငါ ကုန်ဆုံးလို့ပြီးပြီ။ 'ကတံ ကရဏီယံ'၊ ရဟန်းကိစ္စ လုပ်ငန်းအဝဝကို ငါပြုပြီးပြီ။ 'နာပရံ ဣတ္ထတ္တာယ'၊ နောက်ထပ်တဖန် မဂ်ကိစ္စအတွက် အလုပ်လုပ်ရန် မရှိတော့ဘူးလို့" ဣတိ၊ ဤသို့။ ပဇာနာတိ၊ အဆက်ဆက် သောပရမ္မရပစ္စဝေက္ခဏာဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား ကွဲကွဲပြားပြား သိလေတော့၏။

အရဟတ္တဖိုလ်နောက် ပစ္စဝေက္ခဏာမှ ရိုးရိုးမဂ်ကို ဆင်ခြင်တယ်။ ဖိုလ်ကိုဆင်ခြင်တယ်။ နိဗ္ဗာန်ကို ဆင်ခြင်တယ်။ ပယ်ပြီးကိလေသာ ဆင်ခြင်တယ်။ ဒါတင်မကဘူး၊ အဲဒီနောက်မှာ အဆက်ဆက်ပေါ်တဲ့ ပရမ္မရပစ္စဝေက္ခဏာ ရောက်အောင်ကို ဟောလိုက်တယ်။ ဒါက စကွေ့ သုတ်လို့ ခေါ်တယ်။

ရှင်ရာဟုလာ ဒုတိယအကြိမ် တရားတောင်းခြင်း

ကိုရင်ရာဟုလာက အဲဒီတရားနာပြီးကျောင်းပြန်တယ်၊ တခါတည်း "စက္ခု အနိစ္စံ ဒုက္ခံ အနတ္တာ၊ သောတံ-ဃာနံ-ဇိဝှါ-ကာယော-မနော အနိစ္စော ဒုက္ခော အနတ္တာ၊နေတံ မမ၊ နသောဟမသ္မိ၊ နမေသော အတ္တာ။" ရွတ်ရွတ်တတ်တယ်၊ ရွတ်ရွတ်တယ်။ သုံးလေးရက်လောက်ကြာတော့ တခါသွားမေးပြန်တယ်။

သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု။

မြတ်စွာဘုရား တပည့်တော် တောင်းပန်ပါ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းဆုံးအားဖြင့် တရားဟောတော်မူပါ။

ယမဟံ ဘဂဝတော ဓမ္မံ သုတ္ဝာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယ္ယံ။

မြတ်စွာဘုရား ဟောကြားတဲ့တရားကို တပည့်တော် သုတမယ ဉာဏ်ဖြင့် နာခံပြီးတဲ့နောက် အင်္ဂါငါးချက် ပြည့်နှက်၍ တပည့်တော် ရဟန်းတရား အားထုတ်လိုပါတယ်။

ဒီလို မြတ်စွာဘုရားလျှောက်တော့ အဲဒီ ဒုတိယကျတော့ မြတ်စွာဘုရားက ဘာဟောသလဲ။တနေ့ကတုန်းက ကိုရင်ရာဟုလာကို အတွင်း အာယတန=အဇ္ဈတ္တိကာယတန ခြောက်ပါးခေါ်တဲ့ မျက်စိ,နား,နှာ, လျှာ,ကိုယ်, စိတ်ဟောပြီးတော့ အခု ဒုတိယမြောက် မေးလျှောက်တဲ့ အခါကျတော့ အာရုံခြောက်ပါး ဟောတယ်။

တံ ကိံမညသိ ရာဟုလ၊ ရူပါ နိစ္စာ ဝါ အနိစ္စာ ဝါ။

၁။ သံ၊၁။၄၄၀။ ရူပသုတ်

အာရုံးခြောက်ပါးဌ် ရာ'ဟုလာ ငါဘုရားမေးမည့်စကား ဘယ်လို
ဝိပဿနာရှုခြင်. သဘောကျသလဲ၊ သဘောကျတဲ့အတိုင်း ဖြေ
စမ်း။ အဆင်းမျိုးစုံ ရှုပါရုံတွေကို ချစ်သား
နိဗ္ဗလိုသဘောကျသလား၊ အနိစ္စလို့ သဘောကျသလား။ အရှင်ရာဟု
လာက–'အနိစ္စာ ဘန္တေ' အနိစ္စချည်းပါဘုရားတဲ့။ ဖြေပြီး ပြီ။မှန်ပြီ။
ဒါ ပထမအတွက်။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါ၊ ယင်းရှုပါရုံ အဆင်းမျိုးစုံ ကဘ
အနိစ္စမှန်ပြီ၊ အနိစ္စမှန်ကဲ့ ဒီအဆင်းမျိုးစုံ ရှုပါရုကို ဒုက္ခလို့ ချစ်သား
သဘောကျသလား၊သုခလို့ သဘောကျသလား၊ မေးတော့ ရှင်ရာဟု
လာက 'ဒုက္ခံ ဘန္တေ'တပည့်တော် ဒုက္ခလို့ သဘောကျပါတယ်ဘုရား။
မြတ်စွာဘုရားက တတိယအချက် မေးလိုက်ပြန်ဘယ်။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပ
သိတုံ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ။

ရာဟုလာ ချစ်သား ပြောတဲ့အဘိုင်း ယင်းအဆင်းမျိုးစုံ ရှုပါရုံ
တော့ဟာ မမြဲ ဘာလဲ ဇမှန်ပါ၊ ဆင်းရဲတာလဲ အမှန်ပါ ဖောက်လဲ့ဖောက်
ပြန်ဖြစ် တတ်ဘာလဲ အမှန်ပါ၊ ယင်းသို့ မမြဲ ဆင်းရဲ ဖောက်လဲ့တတ်တဲ့
အဆင်းမျိုးစုံ ရှုပါရုံကိုများ ချက်သားက ငါ့မမြဲ ပဲလို့ တဏှာ
နဲ့များ၊ ဧသော ဟမသ္မိ ငါပဲလို့ မာနနဲ့များ၊ ဧသော မေအတ္တာ၊ ငါ့ရဲ့
အတ္တ လိပ်ပြာပဲလို့ ဒိဋ္ဌိနဲ့မျ ားအလဲ့လဲ့ အခေျဗဲချဗဲ ရှုလို့တော်
မလား၊ ရှုသင့်သေးသလား ချစ် သား။ ရှင်ရာဟုလာက ဖြေတယ်–

နော ဟေတံ ဘန္တေ။

ဒီ ပို မရှုသင့် ငါဘုရား-လို့ ဆိုလိုက်ကတည်းကိုက ဒီ သ တ္တာန်လဲပဲ ရှုပါ
အနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော

အတ္တာ – ရှုရမယ့်အကွက်ပေါ် သွားတယ်။ ရူပါ၊ အဆင်းမျိုးစုံ ရူပါရုံတို့ သည်။ အနိစ္စာ၊ မမြဲကြကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဇနတ္တာ၊ အစိုးမရကုန်။နေတံ မမ၊ ငါ့ဥစ္စာမဟုတ်ပါတကား။ နေသောဟမသ္မိ၊ ငါမဟုတ်ပါဘကား။ နမေသော အတ္တာ၊ ငါ့ရဲ့ အတ္တလိပ်ပြာမဟုတ် ပါတကားလို့ ရူပါရုံမှာ ရှုတတ်သွားသလို မြတ်စွာဘုရားမေးတုန်းက သဒ္ဓါရုံ – စိတ်ရှည်လက်ရှည် တေပရိဝဋ္ဋဓမ္မဒေသနာနဲ့ သုံးကျော့သုံးပြန် ထိုနည်းအတူမေးတယ်။ ဂန္ဓာရုံ၊ ထိုနည်းအတူ သုံးကျော့သုံးပြန် ပေယျာလ မပါပဲနဲ့ မေးကြ ဖြေကြတယ်။ရသာရုံမှာလဲ ထိုနည်းအတူ။ ဖောဋ္ဌဗ္ဗာရုံ ထိုနည်းအတူ။ ဓမ္မာရုံမှာလဲ ထိုနည်းအတူ ပေယျာလမပါပဲနဲ့ သုံးကျော့သုံးပြန် အနိစ္စ, ဒုက္ခ, အနတ္တ အဓိဖြမှန်အောင် မြတ်စွာဘုရားကမေး ရှင်ရာဟုလာက ဖြေတယ်။

အဲဒီလို မေးဖြေပြီးတော့ အာရုံခြောက်ပါးကို ရှင်ရာဟုလာက၊ ရှုစာတ်တယ်။ ရှုတတ်တဲ့အတိုင်းလဲ နောက်က လိုက်ရှုတယ်။ အဲဒ်ရှုတတ်တဲ့အတိုင်းလဲ မြတ်စွာဘုရားက –

ဧဝံ ပဿံ ရာဟုလ အရိယသာဝကော၊

ရာဟုလာ-ဒီအာရုံခြောက်ပါးကို "အနိစ္စံ ဒုက္ခံ အနတ္တာ၊နေတံ မမ နေသောဟမသ္မိ၊နမေသော အတ္တာ"လို့ ရှုတဲ့ပုဂ္ဂိုလ်မှ သုတဝန္တပုဂ္ဂိုလ် ငါဘုရားရဲ့တပည့်သား သာဝကပုဂ္ဂိုလ်ဖြစ်တယ်။ အာရုံခြောက်ပါး။ အဲဒီ တပည့်သား သာဝကပုဂ္ဂိုလ်သည်—ရူပေသုပိ နိဗ္ဗိန္ဒတိ-အဆင်းမျိုးစုံ ရူပါရုံတို့ဌ်လည်း ငြီးငွေ့သွားပြီ၊နိဗ္ဗိဒါဉာဏ် ရင့်သန်ပြီ။ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်ဆိုတာ နှာခေါင်းရှုံ့နေတာ မဟုတ်ဘူး။ လောကီ သူတော် ကောင်းဟာ နှာခေါင်းရှုံ့ရမှာ မဟုတ်ဘူး။ စောစောက တရားနှလုံး မသွင်းခင်တုန်းကတော့ အဆင်းကို အသံကို အနံ့ကို အရသာကို

အတွေ့အထိကို ငါပဲ ငါ့ဥစ္စာပဲ ငါ့လိပ်ပြာပဲလို့ တဏှာ မာန ဒိဋ္ဌိနဲ့ စွဲလို့ သူ့အနေနဲ့ရတယ်။ အမှန်ကတော့ စွဲရမယ့်တရား မဟုတ်တာကို သူသူ့ဘးပြီးတော့ အလဲလဲစွဲတယ်၊ စွဲယူလို့ရသေးတယ်။ အခု တရား နှလုံးသွင်းလိုက်တော့ လုံးဝကို စွဲယူလို့ မရတော့ဘူး။စွဲကို မစွဲဝံ့တော့ ဘူး။ အဲဒီလို စွဲယူလို့ မရအောင်သိတဲ့ အသိဉာဏ်ကို နိဗ္ဗိဒါဉာဏ်လို့ ခေါ်တယ်။

နိဗ္ဗိဒါဉာဏ် ရင့်သန်လာလို့ အထက်အထက် ဝိပဿနာဉာဏ်တွေက ကျေးဇူးပြုပေးလိုက်တော့— နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ အဲ-မဂ်ရောက်ပြီးတော့ အဲဒီအာရုံတွေပေါ်မှာ တပ်ခြင်းကင်းရော။ ဝိရာဂါ ဝိမုစ္စတိ-မဂ်ကြောင့် ဖိုလ်ပေါ်ပြီးတော့ ကိလေသာမှ လွတ်ပြီ။ ဝိမုတ္တာသ္မိ ဝိမုတ္တာမိတိ ဉာဏ် ဟောတိ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ-လို့ ယခင်ကအတိုင်း ရိုးရိုး ပစ္စဝေက္ခဏာ ဉာဏ် ပရမ္မုရ အဆက်ဆက်သော ပစ္စယဝေက္ခဏာဉာဏ် ဖြစ်သည်တိုင် အောင် မြတ်စွာဘုရားက ဒီတကြိမ်တည်း အာရုံခြောက်ပါးနဲ့ ကိုင် ဟောလိုက်တယ်။

ကိုရင်ရာဟုလာ သွားပြီး နှလုံးသွင်းတယ်၊ ရူပါ အနိစ္စာ ဒုက္ခာ အနတ္တာ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ သဒ္ဒါ-ဂန္ဓာ-ရသာ-ဖောဋ္ဌဗ္ဗာ—ဓမ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ နှလုံးသွင်းတတ်တယ်။ သွင်းလဲ သွင်းတယ်။

ရှင်ရာဟုလာ တတိယအကြိမ် တရားတောင်းခြင်း

သုံးရက်လောက်ရှိတော့ လျှောက်ပြန်တယ်၊ ယခင်နည်းအတိုင်း—

သာဓု မေ ဘန္တေ ဘဂဝါ သံခိ တ္တာန မမ္မံ ဒေသေတု၊
ယမဟ ဘဂဝတော မမ္မံ သုတ္ဝာ ဧကော ဂူပကဋ္ဌော
အာတာပီ ပဟိတတ္တော ဝိဟရေယ္ယံ။

အကျဉ်းချုပ်တရား ဟောတော်မူပါ။ ယင်း ရှင်တော်ဘုရား ဟောကြားတဲ့တရားကို တရားတွေ့တော် သုတမယဉာဏ်နဲ့ နာခံပြီးတဲ့နောက် အင်္ဂါငါးချက် ပြည့်နှက်၍ ရဟန်းဘရား ပွဲးများကြိုးကုတ်အားထုတ်နေပါတယ်ဘုရား ဆိုတော့ သုံးအချက်ကျတော့ မြတ်စွာဘုရား ဝိညာဏ်-ခြောက်ပါး ဟောတယ်။

တံ ကိ မညသိ ရာဟုလ၊ စက္ခုဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါ။

ဝိညာဏ်ခြောက်ပါး၌ ရာဟုလာ--အခုမေးမယ့်စကား ဘယ်လိုသဘောကျသတုံး။ စက္ခုဝိညာဏ် အမြင်စိတ်ကို နိစ္စလို့သဘောကျသလား၊ အနိစ္စလို့သဘောကျသလား။ ဒီ နိစ္စံ ဘန္တေ၊ အနိစ္စာဘုရား။ အေး ဆိုကြပါစို့၊ နော်-ဟေတဲ့ ဘန္တေ-ထိအောင် အနိစ္စလဲ အဖြေမှန်တယ်။ ဒုက္ခလဲ အဖြေမှန်တယ်၊ အနတ္တလဲ အဖြေမှန်တယ်၊ စက္ခုဝိညာဏ် ပေးပြီးပြန်တော့ သောတဝိညာဏ် အကြားစိတ်ကိုလဲ ထို့အတူ သုံးကျော့ ပေယျာလတချက်မှ မပါဘူး မေးတယ်၊ မချန်ဘူး၊ ဖြေတယ်။ ဃာနဝိညာဏ် ဇိဝှါ ဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်ဆိုတဲ့ ဒီနမဲ့းအရှုစိတ်တွေ အစားအလျှက် စိတ်တွေ အတွေ့ အထိစိတ်တွေ ကြုံသိတဲ့ မနောဝိညာဏ်စိတ်တွေကို တပရိဝဋ္ဋမမ္မဒေသနာနည်းနဲ့ အနိစ္စ ဒုက္ခ

၁။ သံ၊ ၁။ ၄၄၀။ ဝိညာဏသုတ်

အနတ္တအာချက်ပေါ်အောင် မေး-ဖြေတော်မူတယ်။ အဖြေမှန် အမေးမှန်။ နိဂုံးမှာလဲပဲ အရဟတ္တဖိုလ်ရဲ့ နောက်မှာ ပရမ္မရပစ္စဝေက္ခဏာ ရောက်အောင် အကျိုးရတဲ့ အကြောင်းလဲ နိဂုံးသိမ်းတယ်။

ရာဟုံလာ ဒီဘခါသွား တရားနာလိုက်တာ ဝိညာဏ် ခြောက် ပါးပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တရှုရမယ်ဆိုတဲ့ အဆုံးအမ ရတဲ့အတိုင်း နှလုံးသွင်းတယ်။ ရှုတယ်။နောက်သုံးရက်လောက်ကျတော့ ရှေးနည်း အတူ မေးပြန်တယ်။ မြတ်စွာဘုရားက ဒီအကြိမ် စတုတ္ထအကြိမ် ကျတော့ ဘာဟောလိုက်သလဲ–

စတုတ္ထအကြိမ် တရားတောင်းခြင်း

ဖဿခြောက်ပါးဌ် တံ ကိ ံ မညသိ ရာဟုလ၊ စက္ခုသမ္ဖဿော ဝိပဿနာရှုခြင်း နိစ္စော ဝါ အနိစ္စော ဝါ[1]။

ချစ်သား ရာဟုလာ-အခု ငါဘုရားမေးမယ့် စကား ဘယ်လိုချား သဘောကျသလဲ၊ မျက်စိအတွေ့ကို ချစ်သား နိစ္စ လို့ သဘောကျသလား၊ အနိစ္စလို့ သဘောကျသလား။

ကိုရင်ရာဟုလာက 'အနိစ္စော ဘန္တေ' အနိစ္စလို့ သဘောကျပါ တယ်ဘုရား။ ဒုတိယအကျော့မေးပြန်တယ်။

ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ။

မျက်စိအတွေ့ဟာ မမြဲတာ အမှန်ပဲ၊ မမြဲတဲ့မျက်စိအတွေ့ကို ဒုက္ခ လို့ သဘောကျသလား၊ သုခလို့ သဘောကျသလား။ ကိုရင် ရာဟုလာက 'ဒုက္ခံ ဘန္တေ' ဒုက္ခလို့ သဘောကျပါတယ်ဘုရား။ဒုတိယ အကျော့ မှန်ပြန်တော့–

၁။ သံ၊၁၊၄၄၀၊ သမ္မဿသုတ်

ယံ ပနာနိစ့ံ ဒုက္ခံ ဝိပရိဏာမမမ့ွေ၊ ကလ့ွံ နု တံ သမနု ပဿံဘုံ ဧတံ မမ၊ ဧသောဟမသ့ွိ၊ ဧသော မေ အတ္တာ။ (ရှေးနည်းအတူ)

ယင်း၃ွက်စိအတွေ့ဟာ မမြဲ ဆင်းရဲ ဖောက်လွဲ ဖောက်ပြန်ဖြစ်တတ်တယ် အမှန်။ယင်း မမြဲ ဆင်းရဲ ဖောက်လွဲဖောက်ပြန်ဖြစ်တတ်တဲ့ မျက်စိအတွေ့ကို ငါ့ဥစ္စာပဲလို့ ဝ ဏ္ဍ နဲ့၊ ငါပဲလို့ မာနနဲ့၊ ငါ့ရဲ့အတ္တ လိပ်ပြာလို့ပဲ ဒိဋ္ဌိနဲ့ ၃ွး အလွဲလွဲ အချော်ချော် ရှုမြော်သင့်သေးရဲ့လား၊ ရှုမြော်လို့ သင့်တော်ပါ့လား ရာဟုလ -ဆိုတော့ 'နောဟေတံ ဘန္တေ' မရှုသင့်ပါဘူးဘုရား။ ဒီ၃နရ မှာ ရှင်ရာဟုလာက ဝိပဿနာဘူမိ တ၃ျိုးမြှိုးတော့ နှလုံးသွင်းသွားနိုင်ပြီ။

စက္ခုသမ့ွေသော အနိစ္စော ဒုက္ခော အနတ္တာ။

မျက်စိအတွေ့ မေးသလို နား၃ွေ့တွေ့ ဂဃဏ သမ့ွေသ 'နှာခေါင်း အတွေ့ ဃာနသမ့ွေသ၊ လျှာအတွေ့ဇိဝှါသမ့ွေသ၊ ကိုယ်အတွေ့ ၇ာယသမ့ွေသ၊ စိတ်အတွေ့ မနောသမ့ွေသ ဖဿ ခြောက်မျိုးတခုမှ ပေါ်ယျာလ မချန်ဘူး။ ဘုရားက အကုန်လုံး စိတ်ရှည် လက်ရှည်မေးတယ်။ ရှင်ရာဟုလာလဲပဲ သုံးကျေ့ သုံးကျေ့တိုင်း မမှားသော ဖြေခြင်းနဲ့ဖြေတယ်၊ နှလုံးသွင်းတယ်။ အဲဒီသုတ်မှာလဲ ရှေးနည်းအတူ အရဟတ္တဖိုလ်နောက်မှာ ပရမ့ွရပစ္စဝေက္ခဏာ ရောက်အောင် အကျိုးပြုပြီးတော့ ဟောတယ်။ ဒီသုတ်ဆုံးတော့ ဂ်ုံ၎င်ရဟုလာက ဝိပဿနာဘူမိတမျိုးပေါ်လေ-အသိရလာပြန်တယ်။ နှလုံးသွင်းပုံတရား ဘယ်လိုလဲ—

စက္ခုသမ့ွေသော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ နေသောဟမသ့ွိ၊ န မေသော အတ္တာ—

လို့ နှလုံးသွင်းတတ်တယ်။ သောတသမ္ဖဿ ဃာနသမ္ဖဿ ဇိဝှါ သမ္ဖဿ ကာယသမ္ဖဿ၊ ထို့အတူ မနောသမ္ဖဿောမှလဲ ထို့အတူ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ-ရှုတတ်တယ်။

ပဥ္စမအကြိမ် တရားတောင်းခြင်း

နောက်သုံးရက်လောက်ဆိုပါစို့၊ စာထဲတော့ ဒီလိုတိုက်ရိုက်မဆိုသော်လဲပဲ ဥပမာပြောရတယ်။ လျှောက်ပြန်ပြီ ရှေးနည်းအတူ—အရှင်ဘုရားတပည့်တော်ကို အကျဉ်းချုပ်တရားဟောတော်မူပါ၊ အရှင်ဘုရားဟာတဲ့ တရားကို နာရလို့ရှိယင် တပည့်တော် အင်္ဂါငါးချက်ပြည့်နှက်၍ ရဟန်းတရားပွားများကြိုးကုတ် အားထုတ်နေလိုပါတယ် ဘုရု-လို့ လျှောက်တော့ အခု ပဥ္စမခြောက်ကျတော့ ဘုရားကဘာဟောသလဲ-ဝေဒနာခြောက်ပါးဟောတယ်။

တံ ကိံ မညသိ ရာဟုလ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါ။[1]

ဝေဒနာခြောက်ပါး၌ ချစ်သားရာဟုလာ- ဘယ်လိုသဘောကျ ဝိပဿနာရှုခြင်း သလဲ၊ အခုစကားကို မျက်စိအတွေ့ကြောင့် ခံစားမှု မဖြစ်ဘူးလား၊ ဖြစ်တယ်။ မျက်စိအတွေ့ကြောင့်ဖြစ်တဲ့ခံစားမှုဟာ မြဲသလား၊ မမြဲဘူးလား၊ နိစ္စလား အနိစ္စလား။ ကိုရင်ရာဟုလာကဖြေပြီ—"အနိစ္စာ ဘန္တေ"-အနိစ္စပါဘုရား။ အင်း-ယံ ပနာနိစ္စံ၊ သွားရော့-ဒုတိယကျော့မှာ ဒုက္ခလို့

၁။ သံ၊၁၊၄၄၀၊ ဝေဒနာသုတ်

အဖြေမှန်တယ်၊ တတိယကျေ့မှာ-နောဟေတံ ဘဒန္တ-လို့အဖြေမှန်တယ်။

ထို့အတူ နားအတွေ့ကြောင့်ဖြစ်တဲ့ သောတသမ္ဖဿဇာဝေဒနာ, နှာခေါင်းအတွေ့ကြောင့်ဖြစ်တဲ့ ဃာနသမ္ဖဿဇာဝေဒနာ,လျှာအတွေ့ကြောင့်ဖြစ်တဲ့ ဇိဝှါသမ္ဖဿဇာဝေဒနာ, ကိုယ်အတွေ့ကြောင့်ဖြစ်တဲ့ ကာယသမ္ဖဿဇာဝေဒနာ, စိတ်အတွေ့ကြောင့်ဖြစ်တဲ့ မနောသမ္ဖဿဇာဝေဒနာ ခြောက်မျိုးစလုံး တခုမှ ပေယျာလ မတန်းဘူး၊တလုံးမှ မချန်ပဲနဲ့ တပရိဝဋ္ဋ သုံးကျေ့ပြန် မေးတော်မူ ဖြေတော်မူကြတယ်။ အဲဒီတော့ ဒီသုတ္တန်ဆုံးတော့ ကိုရင်ရာဟုလာက တရားနှလုံးသွင်းဖို့ တိုးလာပြန်တယ်။

စက္ခုသမ္ဖဿဇာ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

သောတသမ္ဖဿဇာ ဝေဒနာ-ထို့အတူ။ဃာနသမ္ဖဿဇာ-ဝေဒနာ ဇိဝှါသမ္ဖဿဇာဝေဒနာ ကာယသမ္ဖဿဇာဝေဒနာ ထို့အတူပဲ။

မနောသမ္ဖဿဇာ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

နှလုံးသွင်းတတ်သွားပြီ၊ သွင်းတတ်တဲ့အတိုင်းလဲ သွင်းတယ်။ မြတ်စွာဘုရားကလဲ ဒီသုတ်ကို အရဟတ္တဖိုလ် အထွတ်တပ်ပြီးတော့ ရှေးနည်းအတူ ဟောတယ်။ ပြီးပြန်ရော။

ဆဋ္ဌမအကြိမ် တရားတော်ခင်းခြင်း

နောက်တချိန် မေးပြန်နော၊ရှေးနည်းအတူပဲ ခြောက်ကြိမ်မြောက် ဘာမေးလို့ကသလဲ-

သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု။

တပည့်တော် တောင်းပန်ပါရစေ၊ မြတ်စွာဘုရား တပည့်တော် အား အကျဉ်းချုပ်တရား ဟောပါ။ ယင်းနှင့်တော်ဘုရား ဟောကြား တဲ့ တရားကို နာရလို့ရှိယင် တပည့်တော် အင်္ဂါဂါးချက် ပြည့်နှက်၍ ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်နေပါရစေ။ ဒီကျတော့ မြတ်စွာဘုရားက–

တံ ကိံ မညသိ ရာဟုလ၊ ရူပသညာ နိစ္စာ ဝါ အနိစ္စာ ဝါ။
(သံ၊၁။၄၄၁)

သညာခြောက်ပါး။ ။စောစောကပြောတဲ့ အဆင်းနဲ့ ပတ်သက်၍ လိမ္မာပါးနပ်မှုဆိုတဲ့ ရူပသညာကို ချစ်သား နိဗ္ဗာန်လို့ မှတ်သလား၊ အနိစ္စလို့ မှတ်သလား။ "အနိစ္စာ ဘန္တေ" အနိစ္စပါဘုရား။ ကျန်တဲ့ နှစ်ကျော့မှာလဲပဲ ဒုက္ခပါဘုရား။ နောဟေတံ ဘန္တေ=ငါ၏ အတ္တလို့ပြောလို့ မရှုသင့်ပါဘုရားလို့ ဆိုပြီးတော့ ရူပ သညာခေါ်တဲ့ အဆင်းမျိုးစုံ ရှုပါ့နဲ့ပတ်သက်၍ ပါးနပ်လိမ္မာသမျှ၊ သဒ္ဒသညာခေါ်တဲ့ အသံမျိုးစုံ သဒ္ဒါနဲ့နဲ့ ပတ်သက်၍လည်း ပါးနပ် လိမ္မာသမျှ ဃာနသညာခေါ်တဲ့ အနံ့မျိုးစုံ ဂန္ဓာဒိနဲ့ပတ်သက်၍ ပါးနပ် လိမ္မာသမျှ၊ ရသသညာ အရသာမျိုးစုံ ရသာရုံနဲ့ပတ်သက်၍ ပါးနပ် လိမ္မာသမျှ၊ ဖောဋ္ဌဗ္ဗသညာခေါ်တဲ့ အတွေ့မျိုးစုံနဲ့ပတ်သက်၍ ပါးနပ် လိမ္မာသမျှ၊ ဓမ္မသညာခေါ်တဲ့ ရုပ်နာမ် ဓမ္မနဲ့ပတ်သက်၍ ပါးနပ် လိမ္မာသမျှ အဲဒီသညာ ခြောက်ပါးစလုံး အကုန်လုံးပဲ တေပရိဝဋ္ဋလို့ ခေါ်တယ်။ ပါဠိကတော့ သုံးကျော့ သုံးပြန် အနိစ္စ တကျော့ ဒုက္ခတကျော့ အနတ္တ တကျော့။ သုံးကျော့မေး သုံးကျော့စလုံး အရှင်ရာဟုလာ မမှားအောင် ဖြေလိုက်တယ်။

ဒီတော့ ဒီဆဋ္ဌသုတ်ကျတော့ ကိုရင်ရာဟုလာက ဝိပဿနာရှုစရာ တရားခြောက်မျိုး တိုးလာပြန်ပြီ။ ဘာတုံး-

ရူပသညာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ သဒ္ဒသညာ-ဂန္ဓ သညာ- ရသသညာ- ဖောဋ္ဌဗ္ဗသညာ-ဓမ္မသညာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

နှလုံးသွင်းတယ်။ တရားနာယင်း သွင်းတယ်။ ရှုလိုက်တယ်။ မြတ်စွာဘုရားက ဆက်ပြီးတော့-

ဧဝံ ပဿံ ရာဟုလ သုတဝါ အရိယသာဝကော ရူပသညာယပိ နိဗ္ဗိန္ဒတိ။ သဒ္ဒသညာယပိ နိဗ္ဗိန္ဒတိ။

စသည်ဖြင့် ရှေးရှေးသုတ်များကဲ့သို့ အကျိုးတွေ၊ အရဟတ္တဖိုလ် နောက် ပစ္စဝေက္ခဏာဉာဏ်ရောက်အောင် အကျိုးရတယ်။ တခါပြီး ပြန်ရော။

သတ္တမမြောက်ဒုကြိမ် တရားတောင်းခြင်း

နောက်တခါ ကိုရင်ရာဟုလာ တရားနှလုံးသွင်းပြီးတော့ တခါ သွားပြန်ရော။ လျှောက်ပြန်ရော ရှေးနည်းတူပေါ့။ အဲဒီ ခုနစ်ကြိမ် မြောက် လျှောက်တဲ့အခါကျတော့ ရူပသဉ္ဉတနာ-တဲ့၊ အဆင်းမျိုးစုံ ရူပါရုံနဲ့ပတ်သက်၍ စေ့ဆော်ပေးတဲ့ စေတနာ။

"ရူပသဉ္ဉတနာ နိစ္စာ ဝါ အနိစ္စာ ဝါ"လို့ မေးတယ်။

၁။ သံ၊၁၊၄၄၁၊ သဉ္ဉတနာသုတ်။

သည်ဥတနာ ဖြ ပါး။ ။ကိုရင် ရာဟုလာက 'အနိစ္စာ ဘန္တေ' လို့ ဖြေတယ်။ သုံးကျော့်စလုံးပဲ 'ဒုက္ခံ ဘန္တေ' 'နောဟေတံ ဘန္တေ' အဖြေမှန်တယ်။ စေတနာ ခြောက်မျိုးလုံး-အဆင်းမျိုးစုံ ရှုပါရုံနဲ့ ပတ်သက်၍ စေ့ဆော်မှု တိုက်တွန်းမှု ရှုပသည်ဥတနာ။ အသံမျိုးစုံနဲ့ ပတ်သက်၍ စေ့ဆော်မှု တိုက်တွန်းမှု သဒ္ဒသည်ဥတနာ၊ အနံ့မျိုးစုံနဲ့ ပတ်သက်၍ စေ့ဆော်မှု တိုက်တွန်းမှု ဂန္ဓသည်ဥတနာ၊ ရသာမျိုးစုံနဲ့ ပတ်သက်၍ စေ့ဆော်တိုက်တွန်းမှု ရသသည်ဥတနာ၊ အတွေ့မျိုးစုံနဲ့ ပတ်သက်၍ စေ့ဆော်တိုက်တွန်းမှု ဖောဋ္ဌဗ္ဗသည်ဥတနာ၊ ဓမ္မမျိုးစုံနဲ့ပတ်သက်၍ စေ့ဆော်မှု တိုက်တွန်းမှု ဆိုတဲ့ ဓမ္မသည်ဥတနာ ဒီစေတနာ ခြောက်ပါးစလုံး အနိစ္စ ဒုက္ခ အနတ္တဲ့ ရှုတတ်သွားတယ်။ ရှုလဲရှုတယ်။ မြတ်စွာဘုရားကလည်း ဤသုတ်မှာ အရဟတ္တဖိုလ် နောက် ပစ္စဝေက္ခဏာရောက်အောင် အကျိုးတွေပြပြီးတော့ သုတ္တန်သိမ်းတယ်။

ရှုပြီး။ ကိုရင်ရာဟုလာ သူ့ကျောင်းပြန်ပြီးတော့-

ရှုပသည်ဥတနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ။ နေသောဟမသ္မိ၊ န မေသော အတ္တာ။ သဒ္ဒသည်ဥတနာ, ဂန္ဓသည်ဥတနာ, ရသသည်ဥတနာ, ဖောဋ္ဌဗ္ဗသည်ဥတနာ, ဓမ္မသည်ဥတနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

စာအသစ်အသစ် ကျက်သလိုပေါ့- တရား အသစ်အသစ်ရလို့ ထပ်ရှုတယ်။ ဒါနှလုံးသွင်းတာပဲ။

အဋ္ဌမမြောက် တရားတော်ခြင်း

အင်း.... နောက်တခါ ရှစ်ကြိမ်မြောက် သုံးလျောက်တယ်။ မြတ်စွာဘုရားက ဒီတခါကျတော့ တရားခြောက်ပါးဟောတယ်။

တံ ကိ မညသိ ရာဟုလ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ။

ရာဟုလာ အခု ငါဘုရားမေးမယ့်အကား ဘယ်လိုသဘောကျသလဲ၊ သဘောကျတဲ့အတိုင်း သင်ချစ်သား ဖြေစမ်း။

တဏှာခြောက်ပါး။ ။ရူပါဟဏှာ၊ အဆင်းမျိုးစုံ ရူပါရုံတို့၌ ခုံမင်တပ်မက်တတ်တဲ့ တဏှာလောဘာဒါသည်။ နိစ္စာဝါ၊ မြဲသလော။ အနိစ္စာ ဝါ၊ မမြဲဘူးလော။ ရှင်ရာဟုလာက 'အနိစ္စာဘန္တေ' =မမြဲပါဘူးဘုရားလို့။

ယံ ပနာ နိစ်ံ ဒုက်ခ် ဝါ တံ သုခံ ဝါတိ။

ယင်း မမြဲတဲ့ ရူပတဏှာကို ဒုက္ခလို့ရှုသင့်သလား၊ သုခလို့ ရှုသင့်သလား ဆိုတော့ 'ဒုက္ခံ ဘန္တေ' ဒုက္ခပါဘုရား၊ အဖြေမှန်တယ်။

ယံ ပနာနိစ်ံ ဝိပရိဏာမဓမ်မံ ကလ်လံ နု တံ သမနုပဿိတုံ၊ တေံ မမ၊ ဧသောဟမသ်မိ၊ ဧသော မေ အတ္တာ။

ယင်း မမြဲဆင်းရဲ ဖောက်လဲဖောက်ပြန်ဖြစ်တတ်တဲ့ ရူပတဏှာကို ငါ့ငါ့စွာ့ငါ့လိပ်ပြာလို့ တဏှာ၊ မာန ဒိဋ္ဌိတို့ဖြင့် အလဲလဲ့အချော်ခချော် ရှုမြော်သင့်သေးသလားဆိုတော့ – "နောဟေတံ ဘန္တေ" ဒီလို့မရှုသင့်ပါဘူးဘုရား။ ဒီသို့ တခေါက်ကုန်သွားတယ်ဆိုယင်ပဲ ကိုးခင်းပုဟုလာ ရှုတတ်သွားပြီ။

ရူပတဏှာ အနိစ္စာ, ဒုက္ခာ ဒုနတ္တာ။ နေတံ မမ၊ နေသော ဟမသ်ိ၊ နု မေသော အတ္တာ။

၁။ သံ၁။၄၄၁။ တဏှာသုတ်။

ရှုတယ်– တဏှာခြောက်ပါးစလုံး၊ မြတ်စွာဘုရားကလဲ စိတ်ရှည်လက်ရှည် မေးတယ်၊ ရှင်ရာဟုလာကလဲ ဘုရားမေးတာ တလုံးမကျန် အဖြေမှန်နဲ့ အမှတ်ပြည့်ချည်းပဲ အကုန်ရတယ်။ အဲဒီလို တေပရိဂ္ဂဟ-ဓမ္မဒေသနာ ခြောက်ချက် ဆုံးလဲဆုံးထော ကိုရင်ရာဟုလာ နှလုံးလဲသင်းတတ်တယ်။

၁

သဒ္ဒတဏှာ အနိစ္စာ ဒုက္ခာ အနတ္တာ–ဂန္ဓတဏှာ–ရသ–တဏှာ-ဖောဋ္ဌဗ္ဗတဏှာ-ဓမ္မတဏှာ အနိစ္စာ ဒုက္ခာ အနတ္တာ။ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ (နှလုံးသွင်းတတ်တယ်)။

မြတ်စွာဘုရားကလဲ အဲဒီသုတ်မှာ ရှေးသုတ်နည်းအတူပဲ တဏှာခြောက်ပါးပေါ်မှာ နိဗ္ဗိဒါဉာဏ်ရင့်သန်လာလိမ့်မယ်။ အဲဒီ နိဗ္ဗိဒါဉာဏ်က ကျေးဇူးပြုပေးလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါ်ပြီးတော့ ပစ္စဝေက္ခဏာဉာဏ်အဆင့်ဖြင့် ပေါ်ပေါက်အောင် ရှေးနည်းအတူ ဟောလို့ ပြီးပြန်တယ်။ ကိုရင်ရာဟုလာ သူ့ကျောင်းပြန်ပြီးတော့ နှလုံးသွင်းပြီ။

နဝမမြောက် တရားတောင်းခြင်း

နောက်တကြိမ် ကိုးကြိမ်မြောက် မေးပြန်ပြီ။ ရှေးနည်းအတူ—

တံ ကိ ံ မညသိ ရာဟုလ။

ရာဟုလာ၊ အခု ငါဘုရား မေးတဲ့စကား ချစ်သား ဘယ်လိုသဘောကျသလဲ။

ပထဝီဓာတု နိစ္စာ ဝါ အနိစ္စာ ဝါ။ (သံ၊ဝ။၄၄၂။ ဓာတုသုတ်)

ဓာတ်ခြောက်ပါး။ ။စောစောကပြောတဲ့ ကြမ်းမှု နုမှုဆိုတဲ့ ပထဝီဓာတ်အစုကို နိစ္စလို့ မှတ်သလား၊ အနိစ္စလို့ မှတ်သလား။ အနိစ္စာ ဘန္တေ၊ အနိစ္စပါဘုရားလို့ ရှင်ရာဟုလာက ဖြေတယ်။

ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ။

ယင်း ပထဝီဓာတ်ဟာ မမြဲတာ ဇောနဲ့ အမှန်ပဲ၊ အဲဒီ မမြဲတဲ့ ပထဝီဓာတ်ဟာ ဒုက္ခလား-သုခလား၊ ကိုရင်ရာဟုလာက "ဒုက္ခံ ဘန္တေ" ဒုက္ခပါဘုရား။ ၂-ကျော့။ မြတ်စွာဘုရားက မေးပြန်တယ်။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု သမနုပဿိတုံ၊ ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ။

ရာဟုလာ ယင်း မမြဲ ဆင်းရဲ ဖောက်ပြန်တတ်တဲ့ ပဋဝီဓာတ်ကိုမျှား ချစ်သားက ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ။ တဏှာနဲ့။ ဧသောဟမသ္မိ၊ ဧပါ-မာနနဲ့။ ဧသော မေ အတ္တာ၊ ဧလိုပြော ဧအတ္တာ ဧဝိညာဏ်ပဲလို့ ဒိဋ္ဌိမျှားနဲ့၊ အလဲလဲအချော်ချော် ရှုလို့သင့်ပါ့မလား၊ "နောဟေတံ ဘန္တေ" မသင့်ပါဘူးဘုရား။

ဒီမှာလဲပဲ ကိုရင်ရာဟုလာ နှုလုံးသွင်းတတ်သွားပြီ။ မြတ်စွာဘုရားက ပထဝီဓာတ်မှာလဲပဲ တေပရိဝဋ္ဋ သုံးခကျော့သုံးပြန်နဲ့ အဖြေမှန် ထွက်အောင်မေးသလို အာပေါဓာတ် သုံးကျော့သုံးပြန် တေဇောဓာတ် ဝါယောဓာတ် အာကာသဓာတ် ဝိညာဏဓာတ်- ဓာတ်ခြောက်ပါး။ ထို့အတူပဲမေးတယ်။ တေပရိဝဋ္ဋ သုံးပြန်သုံးပြန်နဲ့ပဲ အဖြေမှန် ထွက်အောင်၊ ရှင်ရာဟုလာကလဲ မေးတိုင်း မေးတိုင်း အဖြေမှန်တယ်။ အေးမြတ်စွာဘုရားက ဒီဓာတုသုတ်မှာလဲပဲ အရဟတ္တဖိုလ်နောက်

ဝေက္ခဏာရောက်မှ တရားနိဂုံးသိမ်းပါတယ်။ ဓာတုသုတ်မှာလဲ တရားနာပြီးတော့ ကျောင်းပြန်၊ ကိုရင်ရာဟုလာ နှလုံးသွင်းတယ်။

ပထဝီဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ အာပေါဓာတု-တေဇော-ဓာတု-ဝါယောဓာတု-အာကာသဓာတု-ဝိညာဏဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

ရှင်ရာဟုလာ နှလုံးသွင်းတယ်။ အဋ္ဌကထာကဖြေတယ်၊ ရာဟုလသံယုတ်ဟာတဲ့၊ ရှင်ရာဟုလာ မထေရ်အတွက် ဝိပဿနာ ဉာဏ်ပညာတည်းဟူသော ကိုယ်ဝန်သားကို ယူတာ-တဲ့။ ယူဖို့ဟောတာ-တဲ့။ အဲဒီလောက် ပြောယင် ပါးမှ။ သြဉ်-ဝိပဿနာဉာဏ်ပညာတည်း ဟူသော ကလလဓရကြည် မိမိဟာဒယဝတ္ထုတည်းဟူသော ဝမ်းကြာတိုက်ထဲမှာ တည်စေတယ်လို့ ဒီလိုနားလည်ရမယ်။ ပြီးပြန်ရော။

ဒဿမမြောက် တရားတောင်းခြင်း

အေး-နောက်တခါ ဆယ်ကြိမ်မြောက် သွားလျှောက်တယ်။ အဲဒီဆယ်ကြိမ်မြောက်လျှောက်တော့ ရာဟုလသံယုတ်မှာ ဝဂ်တခုကုန်သွားပြီ။ ရာဟုလာကလျှောက်တယ် -

သာ မုဏ ဘန္တေ ဘဂဝါ သံခိတ္တေန မမံ ဒေသေတု။

မြတ်စွာဘုရား၊ တပည့်တော်တောင်းပန်ပါ၏။ ရှင်တော်ဘုရားသည် တပည့်တော်ရာဟုလာအား အကျဉ်းအားဖြင့် တရားဟောပေးပါ။ ရှေးနည်းအတူ -

ယမဟံ ဘဂဝတော ဓမ္မံ သုတ္ဝာ ဧကော ဝူပကဋ္ဌော
အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျံ။

ယင်း ရှင်တော်ဘုရား ဟောကြားတဲ့တရားကို ကြားနာပြီးလို့ ရှိယင် ရာဟုလာခေါ် တပည့်တော်အား အင်္ဂါငါးချက် ပြည့်နှက်ပြီးတော့ ရဟန်းတရားပွဲများကြိုးကုတ် အားထုတ်နေလိုပါတယ်ဘုရား-လို့ လျှောက်တယ်။ အဲဒီဆယ်ခုမြောက် နောက်ဆုံးကျတော့ မြတ်စွာဘုရားက-

ခန္ဓာငါးပါး ဝိပဿနာ။ ။တံ ကိ ံ မညသိ ရာဟုလ၊ အခု ငါဘုရား မေးမဲ့စကား ချစ်သား ဘယ်လိုသဘောကျသလဲ။ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ၊ ရူပံ-၂၀ ပါး ရုပ်တရားအစုသည်။ နိစ္စံ ဝါ၊ နိစ္စပေလော။ အနိစ္စံ ဝါ၊ အနိစ္စပေလော။ ရူပကွန္ဓာသည် နိစ္စလား အနိစ္စလား။ ရှင်ရာဟုလာက ဖြေတယ်၊ အနိစ္စံ ဘန္တေ။ အနိစ္စပါဘုရား။ (သံ၊၁။၄၄၂၊ခန္ဓသုတ်)

ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ။

ယင်း ရူပကွန္ဓာ ရုပ်တရား အစုဟာ မမြဲတာအမှန်။ မမြဲတာ အမှန် ဖြစ်တဲ့ ဒီရူပကွန္ဓာဟာ ဒုက္ခလား သုခလားတဲ့။ ရှင်ရာဟုလာက ဒုက္ခံ ဘန္တေ။ ဒုက္ခပါဘုရား။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ။

ယင်း မမြဲဆင်းရဲ ဖောက်လဲ့ဖောက်ပြန် ဖြစ်တတ်တဲ့ ရုပ်တရား အစုကို ချစ်သား 'ငါ့ဥစ္စာ၊ ငါ၊ ငါ့လိပ်ပြာ' လို့ တဏှာ မာန ဒိဋ္ဌိတို့နဲ့ အလဲ့လဲ့အချော်ချော် ရှုမြော်သင့်သေးသလား။ နောဟေတံ ဘန္တေ၊ မရှုသင့်ပါဘူး ဘုရား။

အဲဒီရပ်ကို မေးသလို ဝေဒနာကို သုံးကျော့၊ သညာကို သုံးကျော့ သင်္ခါရကို သုံးကျော့၊ ဝိညာဏ်ကို သုံးကျော့။ ခန္ဓာငါးပါး အကုန်လုံး သုံးကျော့ သုံးကျော့စီမေးတယ်။ ကိုရင် ရာဟုလာကလဲ မေးတိုင်း မေးတိုင်း တခါထဲ အဖြေမှန်တယ်။ မြတ်စွာဘုရားက ဒီလို ခန္ဓာကို ရှုခြင်းဖြင့်လဲပဲ အရဟတ္တဖိုလ် ပေါက်ရောက်တဲ့အပြင် နောက်နှားက ပစ္စေဝေက္ခဏာထိအောင် ပေါက်သွားတယ်။ ဒါက ပထမဝဂ် ဆယ်သုတ်။

ရှင်ရာဟုလာအား ဘုရားအလိုလိုဟောသော တရား ၁၀-သုတ်

နောက် တနေ့ကျတော့ ရှင်ရာဟုလာရဲ့ အမေးတောင် မစောင့်တော့ဘူး၊ ကိုရင်ရာဟုလာ အနား ရောက်တယ်ဆိုယင်ပဲ– ဘုရားကိုယ်တော်မြတ်က ပြန်ပြီးတော့ နှူးသောအနေနဲ့—

တံ ကိ ံ မညသိ ရာဟုလ၊ စက္ခု နိစ္စံ ဝါ အနိစ္စံ ဝါ။

အဲဒီလို ကိုရင်ရာဟုလာ မမေး မလျှောက်ပဲနဲ့ ဘုရားကိုက အလိုလို ကိုရင်ရာဟုလာ ဘုရားထံပါး လာရောက်တဲ့အခါ ဘုရားကိုယ်တိုင်က မေးပြီးတော့ ဟောတာကလဲပဲ အခုလိုပဲ ဆယ်သုတ်။ အရင် ဆယ်သုတ်က ကိုရင်ရာဟုလာက လျှောက်ထားပေို့ ဘုရားက မေးရတယ်။ အခုဆယ်သုတ်က ရှင်ရာဟုလာ မလျှောက်ထားပဲနဲ့ ဘုရားက တော-ပရိဝဋ္ဋ မမှတ်သားနှာနည်းနဲ့ ဒွါရခြောက်ပါး အာရုံခြောက်ပါး ဝိညာဏ်ခြောက်ပါး ဖဿခြောက်ပါး ဝေဒနာခြောက်ပါး သညာခြောက်ပါး စေတနာခြောက်ပါး တဏှာ ခြောက်ပါး ဓာတ်ခြောက်ပါး ခန္ဓာငါးပါး။ တစုတစုလျှင် တသုတ် တသုတ်ပဲ။ ဆယ်ခါ ဟောတယ်၊ ဆယ်သုတ်။ နှစ်ဆယ်ရှိလာပြီ။

အနုသယသုတ်

တဏှာ မာန ဒိဋ္ဌိပြုတ်အောင် နောက်တန္ဓ ရှင်ရဟုလာက မေး
ဝိပဿနာရှုနည်း တယ်။ ဒီတခါကတော့ အရင်သုတ်
တွေလို မဟုတ်ဘူး။ ဝိပဿနာလဲ
အားထုတ်ထားတော့ ဘယ်နှယ်လျှောက်တုံး၊ တန္ဓ ဘုရားထံ ရှင်
ရာဟုလာက အပြစ်လွတ်တဲ့နေရာက ထိုင်ပြီးတော့ လျှောက်တယ်။

ကထံ နု ခေါ ဘန္တေ ဇာနတော ကထံ ပဿတော
ဣမသ္မိံ စ သဝိညာဏကေ ကာယေ ဗဟိဒ္ဓါ စ သဗ္ဗသဉ်ါ
ရေသု (သဗ္ဗနိမိတ္တေသု) အဟင်္ကာရ မမင်္ကာရ မာနာနုသယာ
နဟောန္တီ။ (တချက်ပဲ မေးတယ်)

ဘန္တေ၊ ရှင်ပင်မြတ်ဘုရား။ ကထံ၊ ဘယ်ပုံ ဘယ်ပန်း ဘယ်နည်း
လမ်းဖြင့်။ ဇာနတော၊ သိသော။ ပဿတော၊ ရှုသော ယောဂီပုဂ္ဂိုလ်
၏ သန္တာန်၌။ အဟင်္ကာရ မမင်္ကာရ မာနာနုသယာ၊ ငါ- (ဒါက
လိပ်ပြာနဲ့ဆံတဲ့ငါ) ငါ ဟု ပြုတတ်တဲ့ဒိဋ္ဌိ၊ ငါ့ ဥစ္စာဟု ပြုတတ်တဲ့
လောဘ၊ ငါ ငါဟု အထင်ကြီးမှုဆိုတဲ့ မာနာနုသယတို့သည်။ နဟောန္တီ၊ မဖြစ်ပါသလဲ ဘုရား။

မြတ်စွာဘုရား ဘယ်လို့သိ- ဘယ်လိုတရားရှုယင် ငါ ဆိုတဲ့ ဒိဋ္ဌိ,
အမြင်မှားတဲ့ ဒိဋ္ဌိတရား၊ ငါ့ဥစ္စာလို့ အရှုမှားတဲ့ လောဘတရား၊ ငါ
မြတ်သည်၊ ငါညံ့သည်၊ ငါ တန်းတူသည်လို့ မှတ်ထင်တဲ့မာနတရား၊
အဲဒီတရားမျှား မဖြစ်ပါသလဲဘုရား။ ဝါ- တဏှာဒိဋ္ဌိ မာန မဖြစ်
အောင် ဘယ်လိုရှုရမလဲဘုရား။ ဘယ်လို သိရမလဲဘုရား။ ဒီလို မေး
တယ်။ ဒီတော့ မြတ်စွာဘုရားက ဒီနေရာကျတော့ သူ့ပြန်မမေးဘူး။
ဘယ်လိုဖြေသလဲ-

၁။ သံ၊၁။၄၄၄။ အနုသသုတ်။

ယံ ကိဉ္စိ ရာဟုလ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ၊ ဗဟိဒ္ဓါ ဝါ သြဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ 'နေတံ မမ၊ နေသောဟသ္မိ၊ န မေသော အတ္တာ'တိ ဧဝမေတံ၊ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ (ပဿတိ)[၁]

ရာဟုလာ ရုပ်တရားဟာ ကာလအနေနဲ့ ပြောယင် သုံးမျိုးပြား သကဲ့။ အဇ္ဈတ္တ ဗဟိဒ္ဓ အတွင်းအပြင် အနေနဲ့ သန္တာန်နဲ့ ပြောယင် နှစ်ထွေပြားတယ်။ အကြမ်း အနု အနေနဲ့ ပြောယင် နှစ်ထွေပြားတယ်၊ သြဠာရိကသုခုမ။ အညံစားအမြတ်စား လို့ = ဟီနပဏီတာ။ အနီး ရုပ်အဝေးရုပ်လို့ = ဒူရ သန္တိကနှစ်ထွေ ပြားပြန်တယ်။ အဲဒီလို အား လုံး စုလိုက်လို့ရှိယင် တဆယ့် တပါးအပြားရှိတဲ့ ဒီရုပ်အစုသည် "နေတံ မမ-ငါ့ဥစ္စာ မဟုတ်ပါတကား။ နေသောဟမသ္မိ၊ ငါ မဟုတ်ပါတကား။ န မေသော အတ္တာ၊ ငါ့ရဲ့ အတ္တလိပ်ပြာ မဟုတ်ပါတကား။" ဤတိ၊ ဤသို့။ ယထာဘူတံ၊ မဖောက်မပြန် အမှန်အတိုင်း။ သမ္မပ္ပညာ-ယ၊ မှန်ကန်သော-ဟုတ်သော-ကောင်းသော ဝိပဿနာဉာဏ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ မနားမရုပ် သင်ချစ်သား ရှုအပ်၏။ ဝါ·ရှုလေ။

ရုပ်တဆယ့်တပါးရှုသလို–

ယာ ကာစိ ဝေဒနာ....

ယာ ကာစိ သညာ....

ယေ ကေစိ သင်္ခါရာ....

၁။ သံ၊၁၊၄၄၊ အနုသယသုတ်။

ယံ ကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ 'နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ'တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

ခန္ဓာငါးပါး၊ အနတ္တလက္ခဏသုတ် သွားဟောပေးတယ်။ ရှင်ရာဟုလာတို့က ဒီသုတ္တန်ကြားလိုက်ရကတဲ့ကိုက တရားသား အားထုတ်ပုံ တရားနှလုံးသွင်းပုံ ထုတ်ယူယောင် လွယ်တယ်။ ပါဠိတော်အတိုင်း အပြည့်အစုံ သွားမယ်ဆိုယင် 'ရာဟုလ'ဆိုတဲ့အာလုပ်ပုဒ်ကလေးဖြုတ်။

ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ သဗ္ဗံ ရူပံ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

ရုပ်မှာ အဲဒီလိုရှုသလို ဝေဒနာမှာ-ယာ ကာစိ ဝေဒနာ။ သညာမှာ-ယာ ကာစိ သညာ။ သင်္ခါရမှာ-ယေကေစိ သင်္ခါရာ၊ဝိညာဏ်မှာ--ယံကိဉ္စိ ဝိညာဏံ....။ ဒီလို ရှုရမယ်-ရှုနည်းပေါ့။ ဒါနဲ့အားမရသေးဘူး။ ပိုပို ကြိုကြိုး ဖြည့်စွက်ပြီး ရှုရမှ ကျေနပ်မယ်ဆိုယင် ဘာလုပ်မလဲ။ ပါဠိတော်မှာရှိတာက အနိစ္စ ဒုက္ခ အနတ္တက မပါဘူး။ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"ငါ့ဉစ္စာမဟုတ်ပါတကား၊ ငါမဟုတ်ပါတကား၊ ငါ့ရဲ့အတ္တလိပ်ပြာမဟုတ်ပါတကားလို့ ဒီလို ရှုဖို့ပဲ ဟောတယ်။ ဒီတော့ ဒီအထဲမှာ အနိစ္စ ဒုက္ခ အနတ္တမပါတော့ ဘယ်နှယ်တုံး။ ဒီလိုရှုတာနဲ့ အနိစ္စ ဒုက္ခ အနတ္တ ရှုတာနဲ့အတူတူပဲ-အကျိုးက။

နေတံ မမ၊ ငါ့ဉစ္စာမဟုတ်ပါတကား။
နေဧသာဟမသ္မိ၊ ငါမဟုတ်ပါတကား။
နမေသော အတ္တာ၊ ငါ့ရဲ့အတ္တလိပ်ပြာ မဟုတ်ပါတကား။

ရှုတာ အနိစ္စ, ဒုက္ခ, အနတ္တလို့ ရှုတာ ပန်းတိုင်အကျိုးရောက်ခြင်းက အတူတူနော်။ ဘယ်လိုလဲဆိုတော့—

အနိစ္စလို့ ရှုယင် 'ငါ'ဆိုတဲ့ 'မာန'ပြုတ်တယ်။
ဒုက္ခလို့ ရှုယင် ဒုက္ခမှန်းသိယင် ဘယ်လိုနည်းနဲ့မှ 'ငါ့ဉစ္စာပဲ' ဆိုတဲ့ 'တဏှာ'မစဲတော့ဘူး။
အနတ္တလို့ ရှုယင် 'ငါ့အတ္တလိပ်ပြာ'ဆိုတဲ့ 'ဒိဋ္ဌိ'ပြုတ်တာပဲ။
ဒါ အနိစ္စ ဒုက္ခ အနတ္တရှုတဲ့ဘက်ကကြည့်တာ။

နေတံ မမ=ငါ့ဉစ္စာမဟုတ်ပါတကား ငါ့ဉစ္စာမဟုတ်၊ ငါ့ဉစ္စာမဟုတ်လို့ ရှုယင်လဲ ဘယ်လောက်တဏှာစဲမလဲ၊ မစဲဘူး။ အဲဒါက လောဘပြုတ်တာ။

နေသောဟမသ္မိ=ငါမဟုတ် ငါမဟုတ် ငါမဟုတ်ဆိုတာ ဒါ မာနပြုတ်အောင် ရှုတာ။ နေသောဟမသ္မိ ရှုဖန်များယင် မာနပြုတ်တယ်။

နမေသောအတ္တာ=ငါ၏အတ္တလိပ်ပြာမဟုတ်၊ ငါ၏အတ္တလိပ်ပြာမဟုတ်လို့ ရှုတာ ဒိဋ္ဌိပြုတ်တယ်။

အဲဒါကြောင့် အကျိုးရောက်ခြင်းအတူတူ။ ဒါကြောင့်မြတ်စွာဘုရားက အခု ဒီသုတ္တန်မှာလည်းကောင်း အနတ္တလက္ခဏသုတ္တန်မှာလည်းကောင်း "နေတံ မမ၊နေသောဟမသ္မိ၊ နမေသော အတ္တာ"လို့ ရှုဖို့ဟောတာ။ နှစ်ခုစလုံးဘာနဲ့ပဲ မိုမိ ငန်းဆေးနဲ့ဘဲရောဂါပျောက်

ပျောက် သွေးဆေးနဲ့ဘဲ ဆော၇ါ ပျောက်ပျောက် နှစ်ခုစလုံးပေါင်းပြီး တော့ ရှုကြစို့ ဆိုယင်လဲပဲ–

ယံ ကိဉ် ရှုပံ အတိတာနာဂတပစ္စုပ္ပန်ံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ သဗ္ဗံ ရှုပံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တံ အသာရကဋ္ဌေန နေတံ မမ၊ နေ သောဟမသ္မိ၊ န မေသော အတ္တာ။

ထည့်လိုက်ပေါ့ အနိစ္စ ဒုက္ခ အနတ္တ။ ဘာကြောင့် အနိစ္စ ခယဋ္ဌေန၊ ဘာ့ကြောင့် ဒုက္ခ ဘယဋ္ဌေန၊ ဘာ့ကြောင့် အနတ္တ အသာရကဋ္ဌေန-ထည့်ဆိုရသလဲ။ ဒါထည့်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တရော-နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ-ရော ရှုယင်လဲ ဘုရားသာရှိယင်ပေါ့လေ သာဓုကောင်းချီးပေးမှာပါ ရှုတတ်သွားပြီ ကိုရင်ရာဟုလာ ရှုတတ်သွားပြီ။ ပြီးတော့မှ မြတ်စွာဘုရားက ဒီသုတ်ကို နိဂုံးဘယ်လိုသိမ်းမလဲ––

ဧဝံ ခေါ ရာဟုလ ဇာနတော ဧဝံ ပဿတော၊ ဣမသ္မိံ စ သဝိညာဏကေ ကာယေ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေသု အဟင်္ကာရ မမင်္ကာရ မာနာနုသယာ ဟောန္တိ။

ရာဟုလ၊ ချစ်သားရာဟုလာ။ ဧဝံ ခေါ၊ ဤသို့လျှင်။ ဇာနတော၊ သိသော၊ ပဿတော၊ ရှုသောယောဂီပုဂ္ဂိုလ်၏ သန္တာန်၌။ အဟင်္ကာရ မမင်္ကာရ မာနာနုသယာ၊ ငါဟူ၍ အယူများတဲ့ဒိဋ္ဌိ, ငါ့ဥစ္စာဟု အထင်များတဲ့လောဘ, မာနာနုသယတို့သည်။ န ဟောန္တိ၊ မဖြစ်တော့ဘူး။

အေး တိုတိုပြောယင်တော့ ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တလို့ ထိထိရောက်ရောက်သာ ရှုနေပါ ချစ်သား၊ အဲဒီလို ရှုနေလို့ ရှိယင် တဏှာဆော မာနဆော ဒိဋ္ဌိရောပြုတ်ပါ့တယ်။ ဒီသုတ်က တမျိုး။ ငါမေးလို့ တဏှာမာနဒိဋ္ဌိပြုတ်အောင် ဘယ်လိုရှုမလဲ ခန္ဓာငါးပါးကို ဒီနည်း အတိုင်း ရှုရမယ်။ လျှော့လဲမထားဘူး၊ ပြန်မရှုပဲ ပစ်လဲမထားဘူး။ ကိုရင်ရာဟုလာက ကျောင်းရောက်တယ် ဆိုယင် ဒီနည်းနဲ့လဲ ရှုလိုက်တယ်။ တခါ နောက်တခါန် ကိုရင်ရာဟုလက မေးပြန်တယ်။

အပဂတသုတ်

ကထံနု ခေါ ဘန္တေ ဇာနတော ကထံ ပဿတော အဟံကာရမမင်္ကာရ မာနာပဂတံ မာနသံ ဟောတိ၊ ဝိဓာ သမ္မတ်ကွန်ဆံ သန်ဆံ သုဝိမုတ်ဆံ။

မာနကိုးမျိုးလွတ်မြောက်ပုံ။ ။ဘန္တေ၊ ရှင်ပင်မြတ်ဘုရား။ ကထံနု ခေါ၊ အဘယ်သို့လျှင်။ ဇာနတော၊ သိသော။ ပဿတော၊ ရှုသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌။ အဟင်္ကာရမမင်္ကာရ မာနာပဂတံ၊ ငါဟူ၍ ပြုမှားတတ်တဲ့ ဒိဋ္ဌိ, ငါ့ဥစ္စာဟု မှတ်ယူတတ်တဲ့ လောဘ, ငါဟူ၍ မှတ်ထင်တဲ့မာနမှ ကင်းသော။ (ပုဂ္ဂိုလ်တယောက်တယောက်လျှင် မာန်ဟာသုံးမျိုးသုံးမျိုးရှိတယ်။ ငါသည်သူ့ထက်မြတ်တယ် ငါသည်သူ့ အောက်ကျတယ် ငါသည်သူနဲ့တန်းတူတယ်လို့ သုံးမျိုးရှိတယ်။ သေယျ=မြတ်တဲ့ပုဂ္ဂိုလ်မှာ မာန်သုံးမျိုး, အလယ်အလတ်ပုဂ္ဂိုလ်မှာ မာန် မာန ဖြစ်တာသုံးမျိုး, အောက်တန်းစားပုဂ္ဂိုလ်မှာ မာန်မာနဖြစ်တာ သုံးမျိုး-မာန

အစုဆိုတာ ကိုးမျိုးရှိတယ်။[၁]) ဝိဓာ သမတိက္ကန္တ၊ကိုးပါးသော မာန အစုကို လွန်မြောက်သော။ သန္တံ၊ ကိလေသာ အပူ ခပ်သိမ်း ငြိမ်းအေးသော။ သုဝိမုတ္တံ၊ ကိလေသာတို့မှ လွတ်မြောက်တဲ့။ မာနသံ၊ အရဟတ္တဖိုလ်စိတ်သည်။ ဟောတိ၊ ဖြစ်ပါသနည်းဘုရား။

သုဝိမုတ္တ ဆိုကတည်းကိုက အရဟတ္တဖိုလ်ကို ရည်စူးပြီး မေးတယ်။ သူမေးလိုက်တာက စာကလေးတပိုဒ်ရယ်။ မြတ်စွာဘုရားက ဖြေပြီ–

"ယံ ကိဉ္စိ ရာဟုလ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ 'နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ'တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိဿာ အနုပါဒါ ဝိမုတ္တော ဟောတိ။

မြတ်စွာဘုရား ဖြေတယ်၊ 'ယာ ကာစိ ဝေဒနာ' နဲ့ တခေါက်၊ 'ယာ ကာစိ သညာ-ယေ ကေစိ သင်္ခါရာ'–

ယံ ကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ 'နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ' တ် ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိဿာ အနုပါဒါ ဝိမုတ္တော ဟောတိ။

၁။ မာနကိုးမျိုး ဝိဘင်းပါဠိတော် စာမျက်နှာ ၃၆၆(အပိုဒ်-၈၆၆)၌ အာကျယ်ရှု။

ရာဟုလ၊ ချစ်သားသည်းချာ ရာဟုလာ။ ယံ ကိဉ္စိ၊ ကြွင်း
မဲ့ ညဿုံ အလုံးစုံကုန်သော။ အတိတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်
အနာဂတ်ပစ္စုပ္ပန် ကာလအားဖြင့် သုံးထွေပြားသော။ အဇ္ဈတ္တံ
ရူပံ ဝါ၊ အဇ္ဈတ္တရူပ်အစုလည်းမကောင်း။ ဗဟိဒ္ဓါ ရူပံ ဝါ၊ ဗဟိဒ္ဓ
ရုပ်အစုလည်းကောင်း။ (မိမိကိုယ်မှာရှိတဲ့ရုပ်ကို အဇ္ဈတ္တရုပ်၊
သူတပါးသန္တာန်က ရုပ်ကို ဗဟိဒ္ဓရုပ်) သြဠာရိကံ ရူပံဝါ၊
ရုန့်ရင်း ကြမ်းတမ်းတဲ့ရုပ်။ သုခုမံ ရူပံ ဝါ၊ သုခုမရုပ်
လည်းကောင်း။ ဟီနံ ရူပံ ဝါ၊ဟီနရုပ်လည်းကောင်း။ ယံကိဉ္စိ
ပဏီတံ ရူပံ ဝါ၊ ကြွင်းမဲ့ညဿုံ အလုံးစုံသော ပဏီတ ရုပ်
သည် လည်းကောင်း။ ယံ ဒူရေ ရူပံ ဝါ၊ အကြင် ဒူရေ-
ရုပ်သည်လည်းကောင်း။ ယံ သန္တိကေ ရူပံ ဝါ၊ အကြင်သန္တိ
ကေ ရုပ်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ ရူပံ၊
အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, သြဠာရိက,
သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကအားဖြင့် တဆယ့်တစ်ထွေ
ပြားတဲ့ ရုပ်တရား အစုသည်။ နေတံ မမ၊ ငါ့ဥစ္စာမဟုတ်
ပါတကား။ နေသောဟမသ္မိ၊ ငါမဟုတ်ပါတကား။ န
မေသော အတ္တာ၊ ငါ၏ အတ္တလိပ်ပြာ မဟုတ်ပါတကား။
ဣတိ၊ ဤသို့။ ဧတံ၊ ဤတဆယ့် တစ်ပါး အပြားရှိတဲ့
ရုပ်တရားကို။ ယထာဘူတံ၊ မဖောက်မပြန် အမှန်အတိုင်း။
သမ္မပ္ပညာယ၊ ကောင်းသော ဝိပဿနာ ဉာဏ်ပညာ မှင်
ပညာဖြင့်။ ဒိဿ္ဝာ၊ မြင်၍။ (ဝါ) မြင်အောင် ကြိုးကုတ်
အားထုတ်လာ်သည်ရှိသော်။ (ဝိပဿနာ ပညာဖြင့် အရိယာ
မှင်ပညာ လေးပါးဖြင့် မြင်အောင် ကြိုးကုတ် အားထုတ်လို့

ရှိယင်ဖြင့်) အနုပါဒါ၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍။ သုဝိမုတ္တော၊ ကိလေသာတို့မှ ကောင်းစွာ လွတ်မြောက်သော ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။

ပုဂ္ဂလာဓိဋ္ဌာန်ပြောဆပမယ့် ဓမ္မာဓိဋ္ဌာန်ဆိုယင် အရဟာတ္တဖိုလ် ပေါက်ရောက်တယ်။ ခန္ဓာငါးပါးကို အဲဒီအကိုင်းရှုခိုင်းတယ်။ အဲဒီခန္ဓာငါးပါးကို ဟောပြီးတဲ့ နောက်ပိုင်းမှာ မြတ်စွာဘုရားက သုတ္တန် နိဂုံးအုပ်တော်မူတယ်။

ဧဝံ ဓေါ ရာဟုလ ဧဝံ ဇာနတော ဧဝံ ပဿတော (ဣမသ္မိံ စ သဝိညာဏကေ ကာယေ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေသု) အဟင်္ကာရ မမင်္ကာရ မာနာပဂတံ မာနသံ ဟောတိ ဝိဓာ သမတိက္ကန္တံ သန္တံ သုဝိမုတ္တံ။

ရာဟုလာ အခုပြောတဲ့အတိုင်း ခန္ဓာငါးပါးကို 'နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ' အဲဒီလို သိတဲ့ ယောဂီ ပုဂ္ဂိုလ်၏ သန္တာန်မှာတဲ့ ငါ လို့ အယူမှားတဲ့ ဒိဋ္ဌိ၊ ငါဥစ္စာ-လို့ စွဲတဲ့ လောဘ ငါ- လို့ မှတ်တဲ့ မာန- တဏှာ မာန ဒိဋ္ဌိ သုံးပါးကင်းသော ဝိဓာသမတိက္ကန္တံ -မာန်အစု ကိုးပါးကို လွန်မြောက်သော ကိုလေသာအပူခပ်သိမ်းငြိမ်းအေးတဲ့ ကိလေသာမှ လွတ်မြောက်တဲ့ ပုဂ္ဂိုလ် ဖြစ်ပါရော။

ရာဟုလသံယုတ် ၂၂-သုတ်။ ။ မြတ်စွာဘုရားက အဲဒီအတိုင်း ဟောတော်မူတယ်။ ဒီတော့ရာဟုလာသံယုတ်ဟာ သုတ်ပေါင်း ၂၂-သုတ်ရှိတယ်။ ရှင်လာဟုလာ မေးလို့

၁။ လက်သည်းကွင်းအတွင်းရှိ ပါဠိမျှား ဆရာတော် မရှတ်ပါ။ သံ၊၁။၄၄၅။

ဖြေတာက ၁၀-သုတ်၊ ဒါ တဝက်။ နောက်ဒုတိယဝက်ကျမှတော့ ရှင်ရာဟုလာ မမေးပဲနဲ့- ရှင်ရာဟုလာ မေးပြီးလို့ ဖြေခဲ့တဲ့သုတ်တွေကို အစဉ်အဆိုင်း တကြိမ်တသုတ် တကြိမ်တသုတ်နဲ့ ဟောခဲ့တာက ၁၀-သုတ်၊ နောက်ဖျား ၂-သုတ်က ရှင်ရာဟုလာ မေးတဲ့ ၂-သုတ်။ သုတ်ပေါင်း ၂၂-သုတ်ပါဠိတော်မှာ ရှိတယ်။ အဲဒီသုတ်ပေါင်း ၂၂-သုတ်ကို ရာဟုလသံယုတ်လို့ ခေါ်တယ်။ အဲဒီရာဟုလသံယုတ်ကို မြတ်စွာဘုရား ဟောတာဟာ ကိုရင်ရာဟုလာရဲ့ သန္တာန်မှာ ဝိပဿနာ ဉာဏ်ပညာ တည်း ဟူသော ကလလရေကြည် ကိုယ်ဝန်သားတည်အောင် ရအောင် ယူအောင်လို့ ဟောတာတဲ့။

ရှင်ရာဟုလာ၏ နှုလုံးသွင်း။ ။ဒီလောက် နာလို့က်ရယင် ကိုရင်ရာဟုလာ တို့ဒွနေနဲ့ ဝိပဿနာ ကလလရေကြည် တည်သွားပြီ။ တည်သမှ ကြပ်ကြပ် နှုလုံးသွင်းတော့ ဘုရားဟောတာ တွေ့လဲ အကုန်ပါချင်တယ်။ ပြီးတော့ မဇ္ဈိမပဋိပဒါ ကျအောင်လဲ နှုလုံးသွင်းချင်တယ်။ ဒီ၁၀-သုတ်က တရားတွေ့ အကုန်ပါချင်တယ်။ ပထမက ဒွါရ၊ ဒုတိယက အာရုံ၊ တတိယက ဝိညာဏ်၊ စတုတ္ထက ဖဿ၊ ပဉ္စမကျတော့ အဲဒီ ဖဿကို အကြောင်းပြု၍ ဖြစ်ပေါ်တဲ့ ဝေဒနာ သညာ သင်္ခါရဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာ။ ခုနင်က ဆယ်သုတ်ထဲမှာ-ပဉ္စမအစုထဲမှာ ဘာတွေပါသွားမလဲ၊ ဝေဒနာခြောက်ပါးလဲ ပါမယ်၊ သညာ သင်္ခါရ ဝိညာဏ်လို့ဆိုသဖြင့် သညာခြောက်ပါး၊ ဝေဒနာ ခြောက်ပါး၊ တဏှာခြောက်ပါး၊ ဓာတ်ခြောက်ပါး။ ဆယ်သုတ်က တရားတွေ့ အကုန်ပါအောင် ရှင်ရာဟုလာ သိမ်းဆည်းတာ၊ တရားနှုလုံး ကျင့်သုံးတာပဲ အကဲခတ်ရတယ်။ ဘယ်လိုတုံး-သူ့ အစွဲနဲ့သူ အဲဒီလို သူကိုယ်တိုင်-

စက္ခု အနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ။

ရူပါ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

စက္ခုဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

စက္ခုသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ၊နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ တမ္ပိ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

အဲဒီလို ငါးချက်နှလုံးသွင်းလိုက်ယင် စက္ခုပဉ္စက၊ တို့အတူ သောတပဉ္စက ဃာန-ဇိဝှါ-ကာယ-မနောပဉ္စက။ နှလုံးသွင်းလိုက်ယင် ဒီသုတ်ပေါင်း ၂၂-သုတ်က လှာတဲ့ ဘုရား အဆုံးအမတွေဟာ ,အကုန်လုံးနှလုံးသွင်းပြီးသား ဖြစ်တယ်။ ဒီတော့ အချုပ်ကိုလဲ တတ်တဲ့ ထက်မြက်တဲ့ ပုဂ္ဂိုလ်ပီပီ အခုပြောတဲ့အတိုင်း ဒဋ္ဌရ-အာရုံ-ဝိညာဏ် ဖဿ၊ ဖဿပစ္စယ နာမ်ခန္ဓာနဲ့ တရားတွေ အကုန်ချုပ်ပြီးတော့ ကိုရင်ရာဟုလာသည် အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာ လုပ်တယ်လို့ပဲ ဘုန်းကြီးများကယူဆတယ်။ နောက်လာမဲ့ စူဠရာဟုလောဝါဒသုတ်ကျတော့ ဒီအချက်ကောင်းကောင်းကြီး ပေါ်တယ်နော်။

ဒါကြောင့် ရှင်ရာဟုလာ ဝိပဿနာ ဉာဏ်ပညာတည်း ဟူသော ကလလရေကြည် ကိုယ်ဝန်သားယူတဲ့ ရာဟုလသံယုတ်ကို ကနေ့ ဟောပြီးပြီ။

(ဤတွင် တရားတပဲ့ ရပ်နားသည်)

အမွှလဋ္ဌိက ရာဟုလောဝါဒသုတ္တန်

(တတိယပိုင်း)

ကောဇာသက္ကရာဇ် ၁၃၃၂-ခု၊ သာသနာတော် ၂၅၁၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀-ရက်နေ့ည မင်းကွန်း ဓမ္မဒူတ ပိုလ်ကလေးချောင် ဓမ္မာရုံဌာ-ရန်ကုန်မြို့ ပုဇွန်တောင် မော်တော်ရေယာဉ်မျှားပိုင်ရှင်အလှူ့။ ဒါယကာ ဦးသန်း-ဒေါ်ယဉ်မေတို့၏ ရှင်ပြုကမ္မဋ္ဌာန်းကျောင်းအလှူ့။ ကျောက်ပုတ်အလှူ့။အစရှိသော အလှူ့ပွဲများအတွက် ဟောကြားအပ်သော ရာဟုလာတရားပေါင်းချုပ်၏တတိယပိုင်းတရားတော်။

တနေ့တလံ ပုဂံဘယ်မှ မသွားနိုင်ဘူးဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကထိန်နဲ့ ပတ်သက်လို့ လဲပဲ ဟောချင်သလောက် ပြည့်ပြည့်စုံစုံ ဘုန်းကြီး လေ့လာထားသလောက် ဟောရပြီ။ ရှင်ရာဟုလာ အကြောင်းနဲ့ ပတ်သက်လို့ လဲပဲ ပြည့်စုံစုံ ကိုယ်သိသလောက်ဟော ပြောရတဲ့အတွက် အလှူ့။ ဒါယကာ အလှူ့။ အမဖြစ်ကြတဲ့ ဒါယကာကြီးဦးသန်း၊ ဒါယိကာမကြီး ဒေါ်ယဉ်မေတို့ကိုလဲ ဘုန်းကြီးအနေနဲ့ ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

အရှင်ရာဟုလာရဲ့ အကြောင်းနဲ့ ပတ်သက်၍ သာမဏေရပဥ္စာကိုလဲ ဟောပြီးခဲ့ပြီ။အဘိဏှရာဟုလောဝါဒသုတ်ကိုလဲပဲ ဟောပြီးခဲ့ပြီ။ ရာဟုလ သံယုတ်ဆိုတဲ့ သုတ်ပေါင်း ၂၂-သုတ်ကိုလဲပဲ ဟောပြီးခဲ့ပြီ။

ယနေ့ဘုန်းကြီးဟောမှာ အမွှလဋ္ဌိကရာဟုလောဝါဒသုတ်,မဟာရာဟုလောဝါဒသုတ်တို့မှာ လိုရင်းလောက် ပြောပြီးတော့ အရှင်

ရာ'ဘုလာ အရဟတ္တဖိုလ်ပေါက်ရောက်တဲ့ စူဠရာဟုလောဝါဒသုတ်ကို အပြည့်အစုံဟောပါ့မယ်။

သံဝေဂဥယျောဇဉ်ဂါထာ

အပ္ပမတ္တာ တဒါ၊ ဟောဇ၊ ဥ တ္ဝာ သခ်ါရဓမ္မတံ။
သကိစ္စမနုယုဥ္ဇဟော၊ နတ္ထိ နော မစ္စု သင်္ဂံ။

လွန်ခဲ့တဲ့ ၁၃၂၂-ခုနှစ်လောက်ကစပြီးတော့ ဘုန်းကြီးဟောခဲ့တဲ့ သံဝေဂလေဆိုနိုင်ပါတယ်။

သံဝေဂဂါထာ အနက်။ ။ဘောန္တော၊ နှလုံးပျော့ပျောင်း အို သူတော်ကောင်းတို့။သခ်ါရ ဓမ္မတံ၊ကိုယ်ကျင့်ပုံ ဖြစ်လို့ တုံလည်း တဖုံဆင်ကဲ့ သူတနဲဖြင့် ခိုင်မြဲတတ်စွာ ရုပ်နာမ် ဓမ္မ သခ်ါရတို့၏ ဓမ္မတာကို။ ဥ တ္ဝာ၊ ယထာဘူတသဘာဝ ဉာဏ် အမှန်အကိုင်း သိမြင်အောင် ကြိုးကုတ် အားထုတ် ကြကုန်၍။ ဥတ္ဝာ၊ ယထာဘူတ သဘာဝဉာဏ် အမှန်အတိုင်း သိမြင်အောင် ကြိုးကုတ် အားထုတ်ကြပြီးလျှင်။ အပ္ပမတ္တာ၊ အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ အပ္ပမတ္တာ၊ ကုသိုလ်ဆယ်စု မြတ်ကောင်းမှု၌ ဗဟုကတ ကြိုးရင့်ရကား အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ အပ္ပမတ္တာ၊ မမျော်လင့်ပဲ။ သူ့ကျိန် အိုလဲ အိုနိုင်၏၊ မမျော်လင့်ပဲ ဖြုန်းကန် နာလဲ နာနိုင်၏။ မမျော်လင့်ပဲ ဖြုန်းကန် ဖောက်လဲ့သေနိုင်၏ဟု သတိလှိုက်လဲ့ စိတ်ဝယ် စွဲကြကုန်သည်။ ဟောဇ၊ ကောန်စင်စစ် ဖြစ်ကြပါကုန်လော့။

နော၊ တဏှာမာရ်ည္ဆက် ခန္ဓာဝင်္ခ်ဳဒ္ဒ ကျတ်ရန် ရည်ရွယ်ချ တို့တတွေအား။ နော၊ တဏှာဇာတ်းဟူသော မာရ်မင်း၏ ညွှတ်ကွင်း ခန္ဓာတည်းဟူသော သံသရာဝင်္ခ်အတွင်းမှ လွတ်ကင်းရန်ရည်ရွယ်ချ တို့ကတွေအား။ မစ္စုသင်္ခံ၊ မစ္စုမြစ်ရင်း ရှင်သေမင်းနှင့် ဒေတင်းကျိတ်ဖူး မျက်ရည်လူး၍ နှစ်ဦးနှစ်ဘက် ထုံးအချက်ဖြင့် ဤရပ်ဌာနီ သေအံ့ဟူ၍လည်းကောင်း။ ဤလခါနီ သေအံ့ဟူ၍လည်းကောင်း။ ဤနှစ်ခါနီ သေအံ့ဟူ၍လည်းကောင်း။ သဘောတူ အချိန်းအချက်စာချုပ် စာတမ်း စာရွက်တို့နှင့်ဇာက္ခ လက်ခံတံစို့ ထို၍ ထားကြခြင်းသည်။ နတ္ထိ၊ လူတိုင်းကောန် မရှိနိုင်။

တသ္မာ၊ ထို့ကြောင့်။ သင်္ခီစ္စံ၊ အာခု ဝတ္တမာန် ပစ္စုပ္ပန်နှင့်တမလွန်နောက်နှောင်းတောက်လျှောက်ကောင်းအောင် ရွယ်ချောင်းဆုပန် စိတ်ရည်သန်၍ နှစ်ဘန်သော လောကဓမ္မစီးပွား ကိုယ့်ကိစ္စမျှားကို။ အနုယုဉ္ဇဟော၊ လုံ့လကြိုးကုတ် အားထုတ်ကြပါကုန်လော။ သင်္ခီစ္စမနုယုဉ္ဇဟော၊ရုပ်နာမ်မဟူ ကိုယ်ဖြစ်ချင်သလို မဖြစ်ပဲ သူတို့ဖြစ်ချင်သလိုသာ ဖြစ်ကြသည်ဟု သဘာဝသိမြင်၍ သမ္မဇဉ်နိုင်းညှိ အမှန်အဘိုင်းသိကြပြီးလျှင် မိမိတို့ဆိုင်မှာ နှစ်ဖြာသော လောကဓမ္မ စီးပွါး ကိုယ့်ကိစ္စမျှားကိုဖြင့် ရှည်လျားကာလ အချိန်ကို မဆွဲကြပဲ ယခုကပင် အရေးတွင်အောင် စေတနာကြိုးကုတ် အားထုတ် ကျင့်ကြံကြပါကုန်လော လို့ -

လွန်ခဲ့တဲ့ ၁၃၂၂-ခုနှစ်က မိမိအနေနဲ့ သံဝေဂဂါထာ အဖြစ်ဖြင့် ဖော်ခဲ့တဲ့ တရားဂါထာဖြစ်ပါတယ်။ ၁၃၂၁-ခုနှစ်၊ နတ်တော်လဆန်း ၁၁-ရက်နေ့ကျတော့ မွေးသမိခင် ကွယ်လွန်ခဲ့တယ်။ အနိဋ္ဌလောကဓံ

တော့ မိမိအထံသို့ဦးတည်လာနေပြီဆိုတာ ကြိုတင် စဉ်းစားမိပါတယ်။ ခု၂၁-ခုနှစ်၊ တပေါင်းလဆန်း ဂ-ရက်နေ့ကျတော့ ကျောင်းဒကာ-ကြီး ကွယ်လွန်သွားပါတယ်။ ၎ခု၂၂-ခုနှစ်၊ ကဆုန်လလောက်ကျတော့ မိမိကိုယ်တိုင် နေထိုင်မကောင်းဘူးဆိုတဲ့ အဖြစ်ကိုရောက်ခဲ့ပါတယ်။ အဲဒီနှစ် နတ်တော်ပြာသိုလလောက်မှာ တည်ဋ္ဌ ကိုယ်စောင့်နတ်များက သတိပေးသလားတော့ မသိဘူးပေါ့၊ ဇီဝိတသင်္ခါတိ-ဟာနှစ်နာရီလောက် ကျန်တော့ဘယ်လို ဒီလိုပြောတယ်။

ဒီဝေးဝေး စဉ်းစားတယ်၊ သြော် ဇီဝိတသင်္ခါတိ နှစ်နာရီကြာယင် ခါမှာဘာကိစ္စမှ မပြီးသေးဘူး။ မပြီးသေးတော့ ဘဝသံသရာ ခရီးကို သွားရအုံးမယ်။ ဘာကိုများအားကိုးပြီး သွားရပါ့မတုံးလို့ စဉ်းစားစတော့ ပညာ ပညာလို့ ဒီလိုပဲ စိတ်ထဲမှာပေါ်လာတယ်။ အဲဒီပညာဆိုတာ ဘာလဲလို့ တဖန် စဉ်းစားပြန်တော့ ဒီ စူဠဇရာဟုလော၀ါဒ-သုတ္တန်းက လာတဲ့အတိုင်း ဆဟဋ္ဌက ဓမ္မဂိဟသဏာ ဉာဏ်ပညာကို သွားပြီးတော့ သတိရတယ်။ ကိုယ်စောင့်နတ်များ သတိပေးတာ ဖြစ်မှာပဲလို့ လေ့ လာလိုက်တယ်ဆိုယင်ပဲ—

သုညော ဝတ ဘော လောကော။

"ဘော၊အိုအချင်းတို့။ လောကော၊ လောကကြီးသည်။ သုညော ဇတ၊ နိစ္စ သုခ အတ္တသဘောမှ ဆိတ်သုဉ်းဇ္ဇတ်ကား—" ဆိုတဲ့—ဒီ ဥဒါန်း သဘောမျိုး အသိဉာဏ်ထဲ ပေါ်ခဲ့ပါတယ်။ အဲဒီအချိန်က စပြီးတော့"မိမိစိတ်ထဲမှာ မမွေ့မလျော့ နေထိုင်ပါ၊ သေခြင်းတရားနဲ့ အချိန်းအချက်မရှိဘူး၊ မိမိတို့ လုပ်ဆောင်သင့်သမျှသော လောကဓမ္မစီးပွားများကို မြန်မြန်လုပ်ပါ"လို့ကိုယ့်ကိုယ်ကိုလဲပဲ အဲဒီလို သတိပေးပါတယ်။ ရောက်လာတဲ့ ဒကာ ဒကာမများကိုလဲပဲ ဤစကားသုံးခွန်းဖြင့် သတိပေးခဲ့ပါတယ်။ မပေးလိုက်ရယင် ဝတ္တရား မကျေပွန်ဘူးလို့

အောက်မေ့ပြီးတော့ ကျန်ရစ်ပါတယ်။ နောက်တော့ ဒီစကားသုံးခွန်း စာပေနယ်ထဲ ရောက်အောင် "နှုတ်တရား စာတလုံး" မကြွင်းဖြစ်အောင် ဘယ်လိုရွတ်ရပါ့မလဲလို့ စဉ်းစားတော့ အာလုယ်တက္က ယခင်ဂါထာ ပေါ်လာတယ်။ အဲဒီဂါထာရဲ့ အနက်ကိုလဲပဲ ရွတ်ဆိုခဲ့တဲ့အတိုင်း အာလုယ်တက္က ပေါ်လာခဲ့ပါတယ်။ အဲဒီပေါ်လာတဲ့ သန္ဓေက တနည်း အားဖြင့် သူတော်စင်များအဖို့ ဥယျောဇဉ်ဂါထာကို တရားဦးလက် ဆောင်အနေဖြင့် အခုရွတ်ပေးပါတယ်။

အမွှလဋ္ဌကရာဟုလောဝါဒသုတ္တန်

ဘုန်းကြီးတို့ သတိပေးခံရတဲ့ စူဠရာဟုလောဝါဒသုတ္တန်က ဆပဋ္ဌကဓမ္မဝိပဿနာကို ကနေ့ အရောက်သွားရပါ့မယ်။ အဲဒီမသွားခင် အမွှလဋ္ဌကရာဟုလောဝါဒသုတ် အဓိပ္ပာယ်ကို ကျယ်ကျယ်ထက်ထက် ပြောချင်ပါတယ်။ မြတ်စွာဘုရားသည် အရှင်ရာဟုံလာကို စာမရီ သားကောင်သည် မိမိရဲ့ မြီးဆံကို ဝေဂင့်ထိန်းသလို အင်မတန်ဂရု စိုက်ပြီးထော့ စောင့်ရှောက်တယ်။ အင်မတန် ဂရုစိုက်ပြီးတော့ တရားဟောတယ်။ မင်္ဂိုလ်၌ ကျေးဇူးမများတဲ့ စကားတွေကို ပြော မနေအောင် သာမဏေရဟန္တာကို ဇာတာတယ်။ ဆရာဉပဇ္ဈာယ်တည်း ဟူသော ကလျာဏမိတ်ဆွေရဲ့ကျေးဇူး များပုံကို အဘိက္ခရာဟုလော-ဝါဒသုတ်နဲ့ မပြတ်မပြတ် ဟောရတယ်။ ရှင်ရာဟုလာရဲ့ သန္တာန်မှာ ဝိပဿနာဉာဏ်ပညာ တည်းဟူသော ကလလရေကြည် ကုယ်ဝန် သားရယူနိုင်ဖို့ရန် ရာဟုလသံယုတ်ဆိုတဲ့ သုတ်ပေါင်း ၂၂-သုတ် ဟောရတယ်။ ဒါ မနေ့က အားလုံးဟောခဲ့ပြီးပြီ။

ကိုရင်ရာဟုလာက အသက်ငယ်နေတော့—

ဒဟရကုမာရာ နာမ ပိယမုသာဝါဒါ ဟောန္တိ။

(မဇ္ဈိ၊ ၂။ ၈၈)

ဒဟရကုမာရာ နှာမ၊ ကလေးသူငယ် လူမမယ်တို့မည်သည်။ ပိယ-မုသာဝါဒါ၊ မုသားစကား ပြောကြားရခြင်းကို ချစ်ခင်နှစ်သက်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

မုသားမပြောရန်။ ။ကလေးဆိုတာ လိမ်ပြောရတာကို နှစ်သက်တတ်တယ်။ မမြင်ပေမယ့်မြင်တဲ့ပုံ၊ မကြားပေမယ့်ကြားတဲ့ပုံ၊ ဒီလိုလိမ်ပြောရတာကို သူတို့နှစ်သက်တယ်။ ဒီတော့ ကလေးအရွယ်ရှိသေးတဲ့ ရာဟုလာကို မြတ်စွာဘုရားက မုသာဝါဒ မပြောအောင်ဆိုပြီးတော့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ ကိန်းအောင်း မွေလျော် နေတော်မူတဲ့အခိုက်-ရှင်ရာဟုလာကလဲတက်သစ်စ ပီပီပြင်ပြင် ထက်ထက် မြက်မြက် သဒ္ဓါ ပညာ ထက်မြက်သူဖြစ်တော့ ကမ္မဋ္ဌာန်းကျောင်းရဲ့ ရှေ့မှာ သရက်ပင်ပျိုကလေးပေါက်လို့ အဲဒီကမ္မဋ္ဌာန်းကျောင်းကို အမွှေလဋ္ဌကလို့ ခေါ်တယ်။ သရက်ပင်ပျိုကမ္မဋ္ဌာန်းကျောင်းလေးပေါ့။ အဲဒီကမ္မဋ္ဌာန်းကျောင်းကလေးမှာ နေတုန်း မြတ်စွာဘုရားက ပြဿနာတယ်။ကလေးမို့လို့ မုသားပြောမှာစိုးလို့ မပြောအောင် တရားဟောသလို ပြထားတယ်။ မြတ်စွာဘုရားပြထားတာကို ရှင်ရာဟုလာက သရက်ပင်ငယ်ကလေး အောက်က တရားနှလုံးသွင်းယင်းက မြတ်စွာဘုရားဖို့ နေရာခင်းထားတယ်။ မြတ်စွာဘုရားရောက်လာယင် ခြေတော်ဆေးဖို့ ခြေဆေးရေမျှားကိုလဲ တည်ထားတယ်။ဘုရားရောက်လာပြီ။ရှင်ရာဟုလာ ခင်းထားတဲ့ နေရာမှာ ထိုင်ပြီးပြီ။ ခြေတော်ကို ဆေးကြောပြီးပြီ။ခြေဆေးရေခပ်တဲ့ ရေခွက်ကလေးထဲမှာ ရေကလေးနဲနဲ ချန်ပြီးတော့ မြတ်စွာဘုရားက ရှင်ရာဟုလာကို ပြပြီးတော့ မေးတယ်။

ပဿသိ နော တွံ ရာဟုလ ဣမံ ပဒိတ္တံ ဉဒကာဝသေသံ ဥဗကာဓာနေ ဒ္ဌပိတံ။(မ၊၂။၇၉)

ရေခွက်ထဲမှ ရေဥပမာ။ ။ရာဟုလ၊ ချစ်သားပီသ ရာဟုလ။ဥဒကာ-
မာနေ၊ ခြေဆေးတဲ့ ရေခွက်ကလေးထဲ၌။
ဌပိတံ၊ ငါဘုရား ဝေးမင်သက်သက်ချန်၍ ထားအပ်သော။ ပရိတ္တံ၊
မပြောပလောက် အနည်းငယ်မျှသာ ဖြစ်သော။ ဤမံ ဥဒကာဝသေသံ၊
ဤရေကြွင်း ရေကျန်ကလေးကို။ တုံ၊ သင်ချစ်သားသည်။ ပဿသိနော
ပဿသိနု၊ မြင်သည်မဟုတ်လော။

အဲဒီခြေဆေးရေခွက်ထဲမှာ ငါဘုရားတမင်သက်သက်ချန်ထားခဲ့တဲ့
ခြေဆေးရေလေးကို ချစ်သားမြင်တယ်မဟုတ်လား။

ရှင်ရာဟုလာက လျှောက်တယ် – "ဧဝံ ဘန္တေ" မြင်ပါတယ်ဘုရား။
၁။ သြဝါဒပေးပြီ။

ဧဝံ ပရိတ္တကံ ခေါ ရာဟုလ တေသံ သာမညံ၊ ယေသံ နတ္ထိ
သမ္ဗေဇနမုသာဝါဒေ လဇ္ဇာ။

ရာဟုလ၊ ချစ်သားသိုးချာရာဟုလာ။ ယေသံ၊ အမှတ်
မထင် အကြင်သူတို့၏ သန္တာန်၌။ သမ္ဗေဇနမုသာဝါဒေ၊
သိလျက် မုသားစကား ပြောကြားရခြင်း၌။ လဇ္ဇာ၊ ရှက်ခြင်း
မည်သည်။ နတ္ထိ၊ မရှိ။ တေသံ၊ ထိုမုသားစကား ပြောကြား
ဖို့ရာ အလွယ်ကလေးမျှ မရှက်ကြတဲ့ ပုဂ္ဂိုလ်တို့၏ သန္တာန်၌။
သာမညံ၊ကိုလေသာခပ်သိမ်းကို ငြိမ်းအောင်ပြုတတ်တဲ့ ရဟန်း
တို့ တရားမြတ်သည်။ ဧဝံ၊ ဤခြေဆေးရေခွက်ကလေးထဲက
အနည်းငယ်သော ရေနှင့်အတူပင်လျှင်။ပရိတ္တကံ ခေါ-ပရိတ္တကံ
ဧဝ၊ နည်းပါးလှကုန်သည်သာ – လို့ –

ချစ်သား... မုသားပြောရမှာ မရှက်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဟောဒီ ရေခွက်ကလေးထဲ ရေလေးနဲ့နဲ့ ကျန်သလိုပဲ၊ ရဟန်းတရား သူတော်တရားဆိုတာ နဲနဲကလေးပဲ ကျန်တယ်တဲ့။ အဲဒါက တချက်။

နောက်တခါ မြတ်စွာဘုရားက ရေခွက်ထဲက ရေကိုသွန်ပစ်လိုက်တယ်။ ဒီလို သွန်ပစ်ပြီးတော့ မေးပြန်တယ်။

ပဿသိ နော တုံ ရာဟုလ ပရိတ္တံ ဥဒကာဝသေသံ ဆဋ္ဌိတံ။

ရာဟုလ၊ ချစ်သားသည်းချာ ရာဟုလာ။ ပရိတ္တံ၊ အနည်းငယ်မျှသော။ဥဒကာဝသေသံ၊ ယခင် ခြေဆေးရေခွက်ကလေးထဲ၌ တမင်သက်သက် ငါဘုရား ချန်ခဲ့ထားတဲ့ ရေကြွင်းရေကျန်ကလေးကို။ ဆဋ္ဌိတံ၊ ယခု ငါဘုရား စွန့်ပစ်လိုက်သည်ကို။ တုံ၊ သင်ချစ်သားသည်။ ပဿသိ နော၊ မြင်၏ မဟုတ်လော။

ဒီရေကျန်ကလေးကို ငါဘုရား သွန်ပစ်လိုက်တာ ချစ်သားမြင်ဟယ် မဟုတ်လော်း။ "ဧဝံ ဘန္တေ" မြင်ပါတယ်ဘုရား။

၂။ ဒီတော့ မြတ်စွာဘုရားက ဒုတိယသြဝါဒ ပေးပြန်တယ်။

ဧဝံ ဆဋ္ဌိတံ ခေါ ရာဟုလ တေသံ သာမညံ၊ ယေသံ နတ္ထိ သမ္မာနမုသာဝါဒေ လဇ္ဇာ။

မုသားပြောသူ	ရာဟုလ၊	ချစ်သား သည်းချာ ရာဟုလာ။
တရားကိုစွန့်ပြီးဖြစ်ခြင်း	ယေသံ၊	အမှတ်မထင် အကြင် သူတို့၏
	သန္တာန်၌။	သမ္မာနမုသာဝါဒေ၊ သိလျက်

မုသားစကား ပြောကြားခြင်း၌။ လဇ္ဇာ၊ ရှက်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ တေသံ၊ ထိုမုသားပြောရန် ဝန်မလေးတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်၌။

သာမည်၊ ကိလေသာခပ်သိမ်း ငြိမ်းအေးစေတတ် ရဟန်းတို့ရဲ့ တရား မြတ်သည်။ ဝေ၊ ဤအတူ။ ဆင့်တံ ခေါ်- ဆင့်တံ ဝေ၊ သွန်ပြီး စွန့်ပြီးဖြစ်လျှင်ကတည်း-တဲ့။

မုသားပြောရမှာ မရှက်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ သူတော်ကောင်း တရား ရဟန်းတရား ဆိုတာ သွန်ပြီးစွန့်ပြီးသား ဖြစ်နေတယ်။ ဒီ ရေခွက်ကလေးနဲ့ပဲ ဩဝါဒလေးချက်ရအောင် ပေးတယ်။

၃။ နောက်တခါ မြတ်စွာဘုရားက ဒီခြေဆေးရေခွက်ကလေးကိုပဲ ရှင်ရာဟုလာရဲ့ မျက်မှောက်မှာ မှောက်လိုက်ပြီးတော့ မေးပြန်တယ်။

ပဿသိ နော တံ ရာဟုလ ဣမံ ဥဒကာဓာနံ နိက္ကုဇ္ဇိတံ။

ရာဟုလ၊ ချစ်သားရာဟုလာ။ နိက္ကုဇ္ဇိတံ၊ ငါဘုရားမှောက် ၌ထားအပ်ခဲသော။ ဣမံ ဥဒကာဓာနံ၊ ဤခြေဆေးရေခွက် ကလေးကို။ တံ၊ သင်ချစ်သားသည်။ပဿသိ နော-ပဿသိ နု၊ မြင်သည် မဟုတ်လော။

ရေခွက်ကလေး မှောက်ထားတာ ချစ်သား မြင်တယ်မဟုတ်လား။ ဝေံ ဘန္တေ၊ မြင်ပါတယ်ဘုရား။

အဲဒီလို လျှောက်ထားတော့ မြတ်စွာဘုရားက-

ဧဝံ နိက္ကုဇ္ဇိတံ ဧဓေ ရာဟုလ ဧတေသံ သာမညံ၊ ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒေ လဇ္ဇာ။

ချစ်သား ရာဟုလာတဲ့၊ ဒီအတိုင်းပဲ မုသားပြောရမှာ မရှက်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ရဟန်းတရား သူတော်ကောင်းတရား ဆိုတာ မှောက်ပြီးသား ဖြစ်နေတယ်တဲ့။

၄။ တဖန် အဲဒီရေခွက်ကလေးကို လှန်လိုက်တော့ ရေတစက်မှ မရှိဘူး။ အချည်းနှီး ဆိတ်သုဉ်းနေတာကိုလက်တွေ့ညွှန်ပြပြီးတော့–

ပဿသိ နော တံ ဇုဟုလ ဣမံ ဥဒကာဓာနံ ရိတ္တံ တုစ္ဆံ။

ရာဟုလာ၊ ဟောဒီရေခွက်ကလေးထဲမှာ ရေစက်မရှိတာ ချစ်သားမြင်တယ်မဟုတ်လား။ ဧဝံ ဘန္တေ၊ မြင်ပါတယ်ဘုရား။

အဲဒီလို ရှင်ရာဟုလာက လျှောက်တော့ မြတ်စွာဘုရားက စတုတ္ထ ဩဝါဒအနေနဲ့–

ဧဝံ ရိတ္တံ တုစ္ဆံ ခေါ ရာဟုလ တေသံ သာမညံ၊ ယေသံ နတ္ထိ သမ္ပဇာနမုသာဝါဒေ လဇ္ဇာ။

ချစ်သား ဤအတူပဲတဲ့၊ မုသားစကားပြောဖို့ရာ ဝန်မလေး၊ မုသားစကား ပြောဆိုဖို့ရာ မရွံ့ကြောက်တဲ့ ပုဂ္ဂိုလ်တို့ရဲ့ သန္တာန်မှာ သူတော်ကောင်းတရားဟာ ဟောဒီ ရေခွက်ထဲမှာ ရေမရှိသလို သူတော်ကောင်းတရား မရှိတော့ဘူး–တဲ့ ဆိတ်သုဉ်းနေတယ်။

၅။ ရေဆေးခွက်ကလေးနဲ့ ဥပမာလေးချက်ပေးပြီးတော့ ဩဝါဒလေးချက်ပြတယ်။ပြီးတော့မှ ပဉ္စမဩဝါဒအနေနဲ့ မြတ်စွာဘုရားက–

မုသားမပြောရန် စစ်ဆင်ကြိုး ဥပမာ။ ။သေယျထာပိ ရာဟုလ ရညော နာဂေါ ဣဘိဇာတော သင်္ဂါမာဝစရော သင်္ဂါမဂတော ပုရိမေဟိ ပဒေဟိ ကမ္မံ ကရောတိ၊ ပစ္ဆိမေဟိ ပိ ပါဒေဟိ ကမ္မံ ကရောတိ။....”

စသည်ဖြင့် စစ်ဆင်ကြိုး ဥပမာပြောမယ်တဲ့။ စစ်မြေပြင်ရောက်တဲ့အခါကျတော့ ရှေ့လက်နှစ်ချောင်းနဲ့လဲပဲ ရှေ့က ရန်သူတွေကို နင်းပစ်တယ်။

နောက်ခြေနှစ်ချောင်းနဲ့လဲပဲ ဇနာက်က ရန်သူတွေကို နင်းတယ်။ ရွှေပိုင်းကိုယ်နဲ့လဲပဲ ထိုးစရာရှိတာ ထိုးတယ်။ နောက်ပိုင်း ကိုယ်နဲ့လဲပဲ ရန်သူတွေကို ဖိပြီးတော့ နှိပ်စက်တယ်။ အစွယ်နဲ့လဲပဲ ဇစ်တိုက်တယ်။ နားရွက်ကလဲပဲ ဟိုတာဘက်က ပစ်လိုက်တဲ့ မြားတွေကို နားရွက်နဲ့ ခတ်ခတ်ပြီးတော့ ချတယ်။ အဲဒီစစ်ဆင်ကြီးဟာ နှာမောင်းကို ပါးစပ်ထဲ ထည့်ပြီးတော့ ထိန်းသိမ်းတဲ့အခါကျတော့ ဆင်စီးသူရဲ၏ စိတ်ထဲမှာ ဩော်—ဒီစစ်ဆင်ကြီးဟာ စစ်မြေပြင်ရောက်လို့ စစ်ပဲ့ဆင်နွှဲနေတဲ့အခါမှာ ရွှေပိုင်းကိုယ် နောက်ပိုင်းကိုယ် ရွှေပိုင်း လက်နှစ်ချောင်း နောက်ပိုင်း ခြေနှစ်ချောင်း ဦးခေါင်းတို့ အစွယ်တို့ နားရွက်တို့နဲ့ ပြုလုပ်သင့်သမျှ ပြုလုပ်ပါသော်လဲပဲ သူ့နှာမောင်းကိုတော့ တဘက်ရန်သူတို့ ပစ်လိုက်တဲ့ မြားမမှန်အောင် ပါးစပ်ထဲ ထည့်ထားဟယ်။ သူ့အသက်ကို မစွန့်သေးဘူး။ အဲဒီလို အောက်မေ့တယ်။

စစ်မြေပြင်မှာ ဆင်နွှဲနေတဲ့ စစ်ဆင်ကြီး မာန်မာန ကြီးလာပြီဆိုတော့ ခံတွင်းထဲမှာ ငုံထားတဲ့ သူရဲ့နှာမောင်းကို ဖြုန်းကန် ထုတ်ပြီးတော့ ကြိုးကြာသံဟစ်၍ နှာမောင်းကလဲပဲ ရောမ ကြီးစွာသော တင်းပုတ်ကြီးတွေကို ပွေ့ပိုက်ပြီးတော့ ရန်သူထဲကို ကြမ်းကြမ်းကြီး ဝင်တိုက်ပြီဆိုတော့ ဆင်စီးသူရဲ၏ စိတ်ထဲမှာ ဟာ....စစ်ဆင်ကြီးဟာ အသက်ကို ပေးပြီ အသက်ကို စွန့်ပြီလို့ အဲဒီလို အောက်မေ့သတဲ့။

ထို့အတူပဲ ချစ်သား.... အကြင်မျှလောက် သူတော်ကောင်းတရားကို မုသာဝါဒ မပြောမိအောင် မုသာဝါဒပိရတီဆိုတဲ့ သီလနှာမောင်းကို အသာကလေး ခံတွင်းထဲမှာ ထည့်ထားသလို တိန်းသိမ်းထားရမယ်။ ထို့မျှလောက် ထိုပုဂ္ဂိုလ်သည် ငါဘုရားသာသနာရဲ့ အသက်ကို မစွန့်သေးဘူး။ အကြင်အခါ၌ မုသားပြော၏။ ထိုအခါကျတော့ ဆင်ကြီး နှာမောင်းကို ထုတ်ပြီးတော့ အကြမ်းပတမ်း စစ်ပဲ့ဆင်နွှဲသလိုပဲ

သူ့အသက်ကို စွန့်သလိုပဲ မုသားစကားပြောယင် သာသနာသက်ကို စွန့်တော့ဘာပဲ·တဲ့ မြတ်စွာဘုရားက ဒါ မုသာဝါဒ မပြောအောင် သြဝါဒတခု။

၆။ ခြောက်ခုမြောက် သြဝါဒအနေနဲ့ မေးပြန်တယ်—

ပစ္စဝေက္ခဏာနှင့် ကြေးမုံမှန် တံ ကိ ံ မည္သည် ရာဟုလ၊ ကံမတို့· ယော အာဒါသော။

ငါဘုရား မေးမယ့်စကားကို ချစ်သား ဘယ်လိုသဘောကျသလဲ။ လူတို့ရဲ့အိမ်ဝင်းမှာ ရှိနေတဲ့ ကြေးမုံဆိုတဲ့ မှန်ဟာ ဘာအသုံးကျသလဲ။ ဘာအကျိုး ရှိသလဲတဲ့။ ရှင်ရာဟုလာက ပြန်ဖြေတယ်။

ပစ္စဝေက္ခဏာတ္ထာ ဘန္တေ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဒီးမ်တိုင်း အိမ်တိုင်းမှာ ရှိတဲ့မှန်ဟာ မှန်ကိုကြည့်ပြီးတော့လူကိုကြည့်ရှု ဆင်ခြင်ပြင်ဆင်ရခြင်း အကျိုးရှိပါတယ်ဘုရား။ အဲဒီတော့မှ မြတ်စွာဘုရားက အကျယ် ဒီသုတ်ကို ဟောတော့ဘာပဲ။

ဝေမေဝ ဓေါ ရာဟုလ ပစ္စဝေက္ခိတ္ဝာ ပစ္စဝေက္ခိတ္ဝာ ကာ· ယေန ကမ္မံ ကတ္တဗ္ဗံ၊ ပစ္စဝေက္ခိတ္ဝာ ပစ္စဝေက္ခိတ္ဝာ ဝါစာယ ကမ္မံ ကတ္တဗ္ဗံ၊ ပစ္စဝေက္ခိတ္ဝာ ပစ္စဝေက္ခိတ္ဝာ မနသာ ကမ္မံ ကတ္တဗ္ဗံ။

မာတိကာသဘော တရားဦးစပြီးတော့ ဟောတယ်။ ရာဟုလာ· တဲ့၊ ဤကြေးမုံမှန် ဥပမာအတူပဲ လူတွေဟာ မှန်ထဲကို နေ့စဉ် နေ့စဉ် ကြည့်ကြည့်ပြီးတော့ မိမိကိုယ်ကို လုပအောင် ပြင်ဆင်တယ်။ ထိုနည်း အတိုင်းပဲ ပစ္စဝေက္ခဏာ မှန်ကို နေ့တိုင်း နေ့တိုင်း မိမိကိုယ်ကို ပစ္စ· ဝေက္ခဏာ မှန်ပေါ်ကြည့်ပြီးတော့—

ကာယကံမှု စင်ကြယ်အောင် သုတ်သင်ရမယ်။
ဝစီကံမှု စင်ကြယ်အောင် သုတ်သင်ရမယ်။
မနောကံမှု စင်ကြယ်အောင် သုတ်သင်ရမယ်။

ကံ ခုပါးကို မပြုခင်။ ။ဆက်ပြီး ပြောကြစို့၊ ကာယကံမှု ပြုမယ့် ကြိုတင်စဉ်းစား ကြံယင် မပြုနဲ့၊ ဝစီကံမှု ပြောမယ့် ကြံယင် မပြောနဲ့၊ မနောကံမှု ကြံတောမယ်ဆိုယင် မကြံခင်ကအသင်လက်ဦး စဉ်းစားပါဦး။ ငါပြုမယ့်ကာယကံ ငါပြောမယ့်ဝစီကံ ငါကြံမယ့်မနောကံဟာ မိမိဆင်းရဲဖို့မျှား ဖြစ်သလား၊ သူတပါး ဆင်းရဲဖို့မျှား ဖြစ်သလား၊ မိမိ သူတပါး နှစ်ဦးစလုံးပဲ ဆင်းရဲဖို့မျှား ဖြစ်သလား-လို့ ဒီလို့ ပထမ စဉ်းစားပါ။ အကုသိုလ် ဖြစ်သလား၊ ဒုက္ခပွားကြောင်းမျှား ဖြစ်သလား-လို့ ပထမ စဉ်းစားပါ။ အဲဒီလို စဉ်းစားလို့ မိမိပြုမယ့် ပြောမယ့် ကြံမယ့် ရည်သန်ထားတဲ့ ကာယကံမှု ဝစီကံမှု မနောကံမှုဟာ မိမိပင်ပန်းဆင်းရဲဖို့သော်လည်းကောင်း၊ သူတပါး ပင်ပန်းဆင်းရဲဖို့သော်လည်းကောင်း၊ နှစ်ဦးစလုံး ပင်ပန်းဆင်းရဲဖို့သော် လည်းကောင်း ဖြစ်မယ်၊ အကုသိုလ် ဖြစ်မယ်၊ ဒုက္ခကို တိုးပွားစေတတ်တဲ့ အမှုမျိုးဖြစ်မယ်ဆိုယင် ထိုသို့သဘောရှိသော ကာယကံမှုမျိုး မပြုနဲ့၊ ဝစီကံမှုမျိုး မပြောနဲ့၊ မနောကံမှုမျိုးကို မကြံနဲ့တဲ့။ ဒါကမပြုခင် မပြောခင် မကြံခင်ကို ပြောတာ။ ကြိုတင်ပြီးတော့ ပစ္စဝေက္ခဏာ မှန်ပြင်ပေါ် တင်ပြီးတော့ ပြင်ဆင်ပါ။

အကယ်၍ စဉ်းစားကြည့်လို့ မိမိပြုမယ့် ပြောမယ့် ကြံမယ့်ကိစ္စဟာ မိမိချမ်းသာဖို့ဖြစ်မယ်။ သူတပါး ချမ်းသာဖို့ဖြစ်မယ်၊ နှစ်ဦးစလုံး ချမ်းသာဖို့ ဖြစ်မယ်ဆိုယင် ကာယကံမှုကို ပြုပေတော့၊ ထိုသို့

သော ဝစီကံမှကို ပြောပေတော့၊ ထိုသို့သော မနောကံမှကို ကြံပေတော့။ ဒါမျိုးပြုခင် မပြောခင် မကြံခင် ကတည်းကိုက ကြိုတင်ပြီးတော့ စဉ်းစားရတယ်။ စဉ်းစားသလို ပြုတယ် ပြောတယ် ကြံတယ်။ မပြီးသေးဘး။

ပြုဆဲမှာလည်း စဉ်းစား။ ။နှုးနှုးကို ပြန်စဉ်းစား၊ စဉ်းစားလို့ မိမိပြုဆဲ ပြောဆဲ ကြံဆဲဖြစ်တဲ့ ကာယကံမှ ဝစီကံမှ မနောကံမှဟာ မိမိသူတပါး နှစ်ဦးသားတို့ ဆင်းရဲဖို့မျိုး ဖြစ်သလား၊ အကုသိုလ်မျိုး ဒုက္ခပဉ္စားတိုးစေတတ်တဲ့ အမှုမျိုးမျိုး ဖြစ်သလားလို့ စဉ်းစားပါတဲ့၊ စဉ်းစားလို့ မိမိသူတပါး နှစ်ဦးသားလို့ ဆင်းရဲစေမယ့် အလုပ်မျိုး၊ ဆင်းရဲ ဒုက္ခပဉ္စားတိုးမယ့် အကုသိုလ်မျိုးဖြစ်ယင် ဒုဿဆက်မလုပ်နဲ့၊ မပြုနဲ့ မပြောနဲ့ မကြံနဲ့တော့။ စဉ်းစားမိတဲ့ နေရာက ရပ်တော့။ အကယ်၍မျှား မိမိပြုနေဆဲ ပြောနေဆဲ ကြံနေဆဲဆိုတဲ့ ကာယကံမှ ဝစီကံမှ မနောကံမှဟာ ဆင်ခြင်ကြည့်လိုက်လို့ မိမိလဲ ချမ်းသာဖို့ သူတပါးလဲ ချမ်းသာဖို့ မိမိသူတပါး နှစ်ဦးသား ချမ်းသာဖို့ သုခတရားကို ပဉ္စားစေတတ်တဲ့ ကုသိုလ်မျိုးလဲ ဖြစ်မယ်ဆိုယင် အဲဒီ ကာယကံမှကို ပြုပေတော့၊ ဝစီကံမှကို ပြောတော့၊ မနောကံမှကို ကြံတော့။ ဆက်ပြီးတော့ပြု၊ ဆက်ပြီးတော့ ပြော၊ ဆက်ပြီးတော့ ကြံ။

ပြုပြီးလျှင်လည်း ပြန်စဉ်းစား ပြုပြီး ပြောပြီး ကြံပြီးတဲ့ အခါမှာလဲပဲ ပြန်ပြီးတော့ စဉ်းစားဦး။ ပစ္စဝေက္ခဏာ မုန်မေါ်ဇင်ပြီးတော့ ပြင်ဆင်ဦး။ ဘယ်လို စဉ်းစားရမလဲ။ ငါပြုပြီး ပြောပြီး ကြံပြီးဖြစ်တဲ့ ကာယကံ ဝစီကံ မနောကံ အမှုဟာ ဆင်းရဲဝဉ်းကြောင်း မဆကောင်းမှု အကုသိုလ်မျှားဖြစ်သလား၊ သုခပဉ္စားကြောင်း ကောင်းမှု ကုသိုလ်မျှား ဖြစ်သလားလို့ စဉ်းစား။

အကယ်၍ စဉ်းစားလို့ ဒုက္ခပွားကြောင်း မကောင်းမှု အကုသိုလ်များ ဖြစ်ယင် နောက်ဘယ်တော့မှ မပြုဖြစ်အောင် တခါတည်း အာယတိံ သံဝရ စိတ်ကို မွေးမြူလိုက်။ အကယ်၍များ မိမိပြုပြီး ပြောပြီး ကြံပြီးတဲ့ ကာယကံ ဝစီကံ မနောကံမှုဟာ ပစ္စဝေက္ခဏာတင် ဆင်ခြင်စဉ်းစားလို့ မိမိသူတပါး နှစ်ဦးသား ချမ်းသာဖို့ ဖြစ်တယ်၊ ချမ်းသာပွားတိုး ကုသိုလ်မျိုး ဖြစ်တယ်ဆိုယင် အဲဒီ မိမိပြုခဲ့ ပြောခဲ့ ကြံခဲ့တဲ့ ကုသိုလ်ကိုပင်လျှင် ထပ်ဇလဲလဲ အောက်မေ့ပြီးတော့ ဝမ်းမြောက် ဝမ်းသာနေ။

အဲ-နောက်ဆုံးမှာ ချစ်သား-

ယေဟိ ကေစိ ရာဟုလ အတီကမဒ္ဓါနံ သမဏာ ဝါ ဗြာဟ္မဏာ ဝါ ကာယကမ္မံ ပရိသောဓေသုံ၊ ဝစီကမ္မံ ပရိသောဓေသုံ၊ မနောကမ္မံ ပရိသောဓေသုံ၊ သဗ္ဗေ တေ ဧဝမေဝံ ပစ္စဝေက္ခိတ္ဝာ ပစ္စဝေက္ခိတ္ဝာ ကာယကမ္မံ ပရိသောဓေသုံ၊ ပစ္စဝေက္ခိတ္ဝာ ပစ္စဝေက္ခိတ္ဝာ ဝစီကမ္မံပ ရိသောဓေသုံ၊ ပစ္စဝေက္ခိတ္ဝာ ပစ္စဝေက္ခိတ္ဝာ မနောကမ္မံ ပရိသောဓေသုံ။

(မ၊ ၂။၁၄၄)

ချစ်သား အတိတ်က ပဉ္စင်္ဂဟော်မှုကြတဲ့ ဘုရား ပစ္စေကဗုဒ္ဓါအရိယာ အပေါင်း သူတော်ကောင်းတွေဟာ အခုပြောတဲ့အတိုင်း ပစ္စဝေက္ခဏာတင် ဆင်ခြင်ပြီးမှ ကာယကံမှု စင်ကြယ်အောင် သုတ်သင်တော်မူခဲ့ကြပြီ။ ဝစီကံမှု စင်ကြယ်အောင် သုတ်သင် မနောကံမှု စင်ကြယ်အောင် သုတ်သင်တော်မူခဲ့ကြပြီ။ အနာဂတ်မှာ ဖြစ်ပွင့်တော်မူကြမည့် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သူတော်ကောင်းတို့လဲပဲ ဤနည်းအတူ ပစ္စဝေက္ခဏာတင် ဆင်ခြင်ပြီးမှ ကာယကံမှု ဝစီကံမှု

မနောကံမှု သုံးမှုစလုံးကို သုတ်သင်တော်မူကြလိမ့်မယ်။ ယနေ့ ပစ္စုပ္ပန်မှာ ကိလေသာခပ်သိမ်း ငြိမ်းစေတဲ့ ရဟန်းသူမြတ်တွေ မကောင်းမှု အပပြုတတ်တဲ့ ဩဝါဒကေါ်ဆို ပုဂ္ဂိုလ် အရှင် မြတ်တို့လဲပဲ ဤနည်းနှင့်နှင့် ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်ပြီးမှ ကာယကံမှုကို သုတ်သင်နေကြဆဲ၊ ဝစီကံမှုကို သုတ်သင်နေကြဆဲ၊ မနောကံမှုကို သုတ်သင်နေကြဆဲဖြစ်တယ်။

အဲဒီလို အေးအေးဆေးဆေး ဟောပြီးတော့ နောက်ဆုံးဩဝါဒ အနေနဲ့ -

> တသ္မာတိဟ ရာဟုလ 'ပစ္စဝေက္ခိတ္ဝာ ပစ္စဝေက္ခိတ္ဝာ ကာယကမ္မံ ပရိဿာဓေဿာမိ၊ ပစ္စဝေက္ခိတ္ဝာ ပစ္စဝေက္ခိတ္ဝာ ဝစီကမ္မံ ပရိဿာဓေဿာမိ၊ ပစ္စဝေက္ခိတ္ဝာ ပစ္စဝေက္ခိတ္ဝာ မနောကမ္မံ ပရိဿာဓေဿာမိ' တိ ဧဝံ ဟိ တေ ရာဟုလ သိက္ခိတဗ္ဗံ၊

ပစ္စဝေက္ခဏာတင်ပြီး "ရာဟုလ၊ ချစ်သားသည်းချာကံ ၃-ပါးစင်ကြယ်အောင် သုတ်သင် ရာဟုလာ။ တသ္မာ၊ ထို့သို့ ကာလသုံးပါးဝယ် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ဖြစ်ကြတဲ့ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက အပေါင်း သူတော်ကောင်းတို့သည် ပစ္စဝေက္ခဏာတင် ဆင်ခြင်ပြီးမှ ကာယကံမှု ဝစီကံမှု မနောကံမှုတို့ကို စင်ကြယ်အောင် သုတ်သင်တော်မူကြသောကြောင့်။ အဟံပိ၊ ငါသည်လဲပဲ။ ပစ္စဝေက္ခိတ္ဝာ ပစ္စဝေက္ခိတ္ဝာ၊ ပစ္စဝေက္ခဏာဘင် ဆင်ခြင်ပြီးမှ။ ကာယကမ္မံ ပရိဿာဓေဿာမိ၊ ကာယကံကို စင်ကြယ်အောင် သုတ်သင်ပါအံ့။ ပစ္စဝေက္ခိတ္ဝာ ပစ္စဝေက္ခိတ္ဝာ၊ ပစ္စဝေက္ခဏာတင် ဆင်ခြင် ဆင်ခြင်ပြီးမှ။ ဝစီကမ္မံ ပရိဿာ-

မေဿာမိ၊ ဝစီကံကို သုတ်သင်ပါအံ့။ ပစ္စဝေက္ခိတ္ဝာ ပစ္စဝေက္ခိတ္ဝာ၊ ပစ္စဝေက္ခဏာ မှန်ပေါ်စာဖိ ဆင်ခြင် ဆင်ခြင်ပြီးမှ။ မနောကမ္မံ ပရိ-သောဓေဿာမိတိ၊ မနောကံအမှု ကြံစည်သမျှ အစုစုကိုလဲပဲ စင်ကြယ်အောင် သုတ်သင်ပါအုံ့' ဟူ၍။ ဧဝံဟိ၊ ဤသို့လျှင်။ ရာဟုလ၊ ချစ်သား သည်းချာ ရာဟုလာ၊ ဓေ၊ သင်ချစ်သားသည်။ သိက္ခိတဗ္ဗံ၊ သစ္စာ သုံးပါး ပဉ်းများ ကြိုးကုတ် အားထုတ်ရမယ်-ကျင့်ရမယ်—'' လို့ နောက်ဆုံး ဩဝါဒပေးတယ်။ အဲဒီ သုတ္တန်ကို မဇ္ဈိမနိကာယ်ထဲမှာ ထည့်သွင်းထားတယ်။ ဒီဃနိကာယ်က သုတ္တန်တွေလောက် မရှည်သော်လဲပဲ ခုဒ္ဒကနိကာယ်က သုတ္တန်တွေလောက် မတိုဘူး။ ဒီဃနိကာယ်က သုတ္တန်တွေလောက်လဲ မရှည်ဘူး။ အလယ် အလတ် ဟောတဲ့ သုတ္တန်မို့လို့ ဒီ နိကာယ်ကို မဇ္ဈိမနိကာယလို့ ခေါ်တယ်။ မကျဉ်းမကျယ် အလယ်အလတ် သုတ္တန်တွေကို ပေါင်းစုပြအပ်တဲ့ မဇ္ဈိမနိကာယ်ဟုခေါ်သော ပဏ္ဏာသသုံးကျမ်းအနက် မဇ္ဈိမပဏ္ဏာသမှာ ဒီသုတ္တန်ဟောတယ်။ အဲဒီသုတ္တန်ကို ကောက်ချက်ချလိုက်တော့ ရှင်ရာဟုလာ မုသားမပြောအောင် ဟောတာ။

မဟာရာဟုလောဝါဒ သုတ္တန်

ရှင်ရာဟုလာ ဂေဟသိတ ပေမဖြစ်ပုံ

ဒီအပြင် ဘာပေါဒေသးလဲဆိုတော့ မဟာ-ရာဟုလောဝါဒသုတ္တန်ကို ဟောတယ်။ ကိုရင် ရာဟုလာဂဂ-နှစ်အရွယ်ရောက်တော့ ဘုရားနဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းဇော်ကနေပြီး သာဝတ္ထိပြည်ထဲမှာ ဘုရားက ရွှေကသွား၊ ရာဟုလာက နောက်က လိုက်သွားပြီးတော့ မြတ်စွာဘုရား၌ မဟာပုရိသလက္ခဏာတော်ကြီး ကြည့်လိုက်၊ မိမိမှာလဲ မဟာပုရိသလက္ခဏာပါလို့ မိမိ၌ လက္ခဏာတွေ ကြည့်လိုက်၊ ခြင်္သေ့မင်းကြီးနောက်က ခြင်္သေ့ကလေးလိုက်သလို၊ ကျားမင်းကြီးနောက်က

သားကျွေးငယ်ကလေး လိုက်သလို၊ စကြာမင်းကြီးနောက်က သားကြီး ဥပရာဇ်လိုက်ပါသလို အလွန် တင့် တယ် ပါက လား၊ အကယ်၍သာ မြတ်စွာဘုရား စကြဝတေးမင်းကြီးဖြစ်လို့ ရှိယင် ငါဟာ သားကြီးရဲ့ အရာဖြစ်မယ်။ အဲဒီလိုမျှား ဖြစ်လုံက်ရယင် ဇမ္မူဒီပါတကျွန်းလုံး ဘယ် လောက်မျှား သာပဟာသိုက်မလဲ-တင့်တယ်လိုက်မလဲ-ဂေဟသိတ-ပေမ-ခေါ်တဲ့ တရာတရားဖြစ်ပွားတယ်။

ဒီလိုဖြစ်နေတဲ့အခါ မြတ်စွာဘုရားက ရှေကကြွယင်း ရှင်ရာဟုလာကို ဆင်ခြင်ကြည့်ဒေတာ်မူတဲ့အခါ ခိုးထုတ်ခိုးထည့်နဲ့တက္ခ သူခိုးမိသလိုပဲ၊ ရာဟုလာသည် (ဂေဟသိတပေမ=အာရုံငါးပါး ကာမတရားကို အိမ်နဲ့တူလို့ ဂေဟ၊ အဲဒါနဲ့ အမှီပြုပြီးဖြစ်တဲ့ တရာကို ဂေဟ-သိတပေမ တရာလို့ခေါ်တယ်။) ဂေဟသိတပေမ တရာနဲ့ယှဉ်တဲ့ ဝိတက်တွေ ဖြစ်နေပါကလား။ ဒီ တော့ ဒီကဲ့မဝိတက် ကြီးပြင်းလာ ယင်ရာဟုလာရဲ့ သန္တာန်မှာ ဟို ယမန်နေ့ကတည်းက ငါဘုရားဟော ကြားလို့ သံယုတ္တနိကာယ် ရာဟုလသံယုတ်လို့ ခေါ်ဆိုရမယ့် သုတ္တန် တွေနာပြီးတဲ့ အချိန်ကစပြီး ရာဟုလာအလုပ်လုပ်တဲ့ ဝိပဿနာအလုပ် တွေ ပျက်ကုန်လိမ့်မယ်။

ဘုရားရှင်တို့၏ အရိုးတော် ကွင်းဆက်

အဲဒီလို ဆင်ခြင် ကြံစည်တော်မူပြီးတော့ နာဂါပလောကိတ လို့ ခေါ်တဲ့ ဆင်ပြောင်ကြီးမျှား နောက်ကိုကြည့်ယင် တကိုယ်လုံး လှည့်ပြီးကြည့်သလို ဘုရားကိုယ်တော်မြတ်လဲပဲ နောက်ကို မျက်နှာ ပြန်လှည့်ကြည့်ချင်ယင် တကိုယ်လုံး လှည့်ပြီးကြည့်တယ်။ ပုထုဇဉ် လူသာမန်တွေကတော့ နောက်ပြန်ကြည့်ချင်ယင် တကိုယ်လုံးမလှည့်ပဲ ခေါင်းချည်းထဲ လှည့်တယ်။ ဘာပြုလို့လဲဆိုတော့ ပုထုဇဉ်တို့ရဲ့ အရိုးဟာ

တော့ပြီးတော့ ဆက်ထားတယ်။ လှည့်လို့ရတယ်။ ထိပ်ချင်း တော့ဆက်တယ်။ ပစ္စေကဗုဒ္ဓါတို့ရဲ့ အရိုးများကျတော့ အရိုးချိတ်ချင်း ကောက်ပြီးတော့ ဆက်ထားတယ်။ ဘုရားများကျတော့ အရိုးကွင်း ဆက်၁။ ဒါကြောင့် ကွင်းဆက်အရို ရှိယင် တန်ခိုးရှိတယ်လို့ လူတွေက သတ်မှတ်တယ်။ ဘုရားကိုယ်တော်မြတ်က ကွင်းဆက်ဆိုတော့ ဘယ်လို နည်းနဲ့မှ ခေါင်းချည်း လှည့်မကြည့်နိုင်ဘူး။ တကိုယ်လုံး လှည့်ကြည့်တော့ ခိုးထုတ် ခိုးထည့်နှင့်တက္ခ သူခိုးမိသလို ရှင်ရာဟုလာကို ကြည့်ပြီးတော့-

> ယံ ကိဉ္စိ ရာဟုလ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ သြဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ 'နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ'တိ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။[၂]

ကာမဝိတက် ဖြစ်နေသော ရာဟုလာအား ရာဟုလာ ပစ္စုပ္ပန်အတိတ် ဘုရား ဆုံးမတော်မူပုံ အနာဂတ် အဇ္ဈတ္တ ဗဟိဒ္ဓ သြဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိကအား ဆယ့်ဟစ်ထွေပြားတဲ့ ရုပ်တရားအစုကို--နေတံ မမ- ငါဥစ္စာ မဟုတ်ပါတကား၊ နေသောဟမသ္မိ-ငါ မဟုတ်ပါတကား၊ န မေသော အတ္တာ- ငါ့ရဲ့ အတ္တလိပ်ပြာ မဟုတ်ပါတကား လို့ အဲဒီလို တကျော့ပြုတ်အောင် မာနပြုတ်အောင် ဒိဋ္ဌိပြုတ်အောင် ဣန်ဒြေနည်းဖြင့် ယထာဘူတ ကျကျနန မဖောက်မပြန် အမှန်သိတဲ့

၁။ အရိုးတော်ကွင်းဆက်, ချိတ်ဆက်အကြောင်းကို သုတ်မဟာဝါ အဋ္ဌကထာ။ နှာ-၁၅၄-၁၅၅- ရှု။

၂။ မ၊ ၂။၈၄။

ဟောစဉ် (၃) ၁၁—ပါ မ၊ သ၊ ဝ

ဝိပဿနာဉာဏ်နဲ့ ချစ်သားရှုရမှာ။ ဘယ့်နှယ်ကြောင့် ဂေဟာသိတ ပေမတဏှာနဲ့ ရုပ်တရားတွေကို အလဲလဲ အခြောင်ခြောင် ရှုရသတုံး၊ ဒီ အဓိပ္ပာယ်နဲ့ပြောတော့ ကိုရင် ရာဟုလာက ၁၈-နှစ်သားလောက်ရှိတယ်။ မကြာခင် ရဟန်းဖြစ်ပြီးတော့ ရဟန္တာဖြစ်တော့မယ်။ ဒီတော့ အရွယ်ကလဲ နဲနဲမြောက်လာတော့ စိတ်ကူးယဉ်သပ၊ ရှုပကာယကို အမှီပြု၍ ဖြစ်ချင်တဲ့ တဏှာလောဘဖြစ်တယ်။ မြတ်စွာဘုရားက ရောင်ဆဲပြီး ဆုံးမသလို ရာဟုလာ ရုပ်မှန်သမျှ အနိစ္စ ဒုက္ခ အနတ္တာ= ငါ့စွာ မဟုတ်၊ ငါ မဟုတ်၊ ငါ၏ အတ္တလိပ်ပြာမဟုတ်၊ အဲဒီလို ယထာဘူတ ကျအောင် ချစ်သား ကြည့်ရမယ်။ လှလိုက်ထာ၊ တင့်တယ်လိုက်တာ၊ ကျိန်အနေနဲ့မကြည့်ရဘူး။ အဲဒီလို သြဝါဒပေးပါတယ်။ ဒီတော့ ကိုရင် ရာဟုလာက-

ဧဝမေဝ နု ဧခါ ဘဂဝါ၊ ရူပမေဝ နု ဧခါ သုဂတာ။

အရှင်ဘုရား- ရုပ်ကိုသာ ဒီလို ရှုရမှာလား၊ဘုရား။ သုဂတ၊ မြတ်စွာဘုရား- ရုပ်ကိုသာ ဒီလို ရှုရမှာလား-တဲ့။ မြတ်စွာဘုရားက အတိုချုပ်ဖြေတယ်-

ရူပမိ် ရာဟုလ၊ ဧဝဒနာပိ ရာဟုလ၊ သညာပိ ရာဟုလ၊ သင်္ခါရာပိ ရာဟုလ၊ ဝိညာဏမိ် ရာဟုလ။

ရာဟုလာ- ရုပ်ကိုလဲ ဒီလိုရှုရမယ်၊ ဧဝဒနာကိုလဲပဲ-သညာကိုလဲပဲ သင်္ခါရကိုလဲပဲ ဝိညာဏ်ကိုလဲပဲ ဒီခန္ဓာ ငါးပါးစလုံး အကုန်လုံး "အနိစ္စ ဒုက္ခ အနတ္တ နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သောအတ္တာ" လို့ပဲ ရှုရမှာပဲလို့ အမိန့်ရှိတယ်။ ရာဟုလာက စဉ်းစားတယ်-

ကောနု ဘဂဝတာ သမ္မုခါ သြဝါဒေန သြဝဒိတော ဂါမံ ပိဏ္ဍာယ ပဝိသိသ္သတိ။

ဆွမ်းအင်တော်ခံ၍ တရားအားထုတ်သော ဘုရား ကိုယ်တော်မြတ်ရဲ့
ရှင်ရာဟုလာ မျက်နှာချင်းဆိုင်ပြီးတော့
မျက်မှောက် အဆုံးအမ

အနေနဲ့ ဆုံးမတဲ့ အဆုံးအမဖြစ်လို့ ဒီအဆုံးအမကို "သမ္မုခါဩဝါဒ" လို့ ခေါ်တယ်။ ဒီလို သမ္မုခါဩဝါဒမျိုးကို အင်မတန် ရခဲတယ်။ ဒီ သမ္မုခါဩဝါဒကိုရလို့ ဉာဏ်ပညာရှိသူမည်သည့် အဘယ်သူနည်းတဲ့။ ဆွမ်းခံကြွနေတုန်းမှာ။ ဉာဏ်ပညာရှိသူသည် ဒီကနေ့ ဆွမ်းငတ်ချင် ငတ်ပစေ ဆွမ်းမစားဘူး။ ဘုရားရဲ့အဆုံးအမကိုသာ လိုက်နာမယ်ဆိုပြီး ကိုရင်ရာဟုလာက လမ်းဘေးက သစ်ပင်အောက်မှာ ထိုင်ပြီးတော့ စဉ်းစားတယ်။ ဘုရားကလဲ တပါးထဲကြွသွားတယ်၊ သူတကာဆိုယင် ကိုရင်ရာဟုလာ စိတ်ဆိုးသွားတာ ထင်ပါရဲ့လို့ အောက်မေ့ကြမှာ၊ စိတ် မဆိုးဘူး၊ မြတ်စွာဘုရားကလဲ 'ရာဟုလာ-လာ လိုက်ခဲ့'လို့မခေါ်ဘူး။ ရှင်ရာဟုလာရဲ့ ရဲရဲတောက်စိတ်အကြံကို သိတော်မူတယ်။

ရှင်ရာဟုလာ သစ်ပင်ရင်းမှာ စက္ခုန္ဒြေချပြီး ထိုင်နေတဲ့အခါ အရှင်သာရိပုတ္တရာက ကျောင်းတိုက်မှာ အဆင်မပြေတာတွေကို ရှင်းလင်းပြီးမှ နေမြင့်မှ ဆွမ်းခံရတယ်။အရှင်သာရိပုတ္တရာက ကြွလာရင် ကိုရင်ရာဟုလာ သစ်ပင်ရင်းမှာ ထိုင်နေတာမြင်ရတော့ အရှင်သာရိ ပုတ္တရာကသွားရင်းက ဘာပြောသွားသလဲ—

အာနာပါနဿတိ ရာဟုလ ဘာဝနံ ဘာဝေဟိ၊ အာ-
နာပါနဿတိ ရာဟုလ ဘာဝနာ ဘာဝိတာ ဗဟုလီကတာ
မဟပ္ဖလာ ဟောတိ မဟာနိသံသာ။

ရာဟုလာ–အာနာပါနဿတိ ဘာဝနာကို ပွားပါ။ ရာဟုလာ-အာနာပါန ဘာဝနာကို အသင်ပွားလို့ ကြိမ်ဖန်များစွာလေ့လာလို့

ရှိယင် အကျိုးအာနိသင် သိပ်ကြီးမှာပဲတဲ့။ အဲဒီလို အမိန့်ရှိပြီးတော့ ကြွသွားတယ်၊ သူက ဥပဇ္ဈာယ်ဆရာပဲ၊ ရာဟုလာသည် အရှင်သာရိပုတ္တရာရဲ့ သဒ္ဓိဝိဟာရိကတပည့်ပဲ၊ ဒါပေမယ့် ရာဟုလာ ငါ့နောက်လိုက်ခဲ့လို့ ခေါ်မသွားဘူး။ မြတ်စွာဘုရားကလဲ ဆွမ်းမပို့ဘူး။ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာကလဲ ရာဟုလာလေး ဟိုမှာနေတယ်၊ ဆွမ်းပို့ကြပါလို့ ဘယ်သူ့မှ မပြောဘူး။ ဘယ်ထွေးတော် အရှင်အာနန္ဒာကလဲ ဆွမ်းပို့ဖို့အကြံအစည်မရှိဘူး။ ဖြောင့်ဖြောင့်ပြောယင် ကိုရင်ရာဟုလာ အဲဒီနေ့က ဆွမ်းငတ်တယ်၊ ညနေစောင်းကျမှ မြတ်စွာဘုရားထံ သွားပြီးတော့-

ကထံ ဘာဝိတာ နု ခေါ ဘန္တေ အာနာပါနဿတိ
ကထံ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ။
(မ၊၂၊၈၄)

မြတ်စွာဘုရား ဘယ်လိုပွားရင် အာနာပါနဿတိ အကျိုးမျှားပါသလဲဘုရား။

အဲဒီလို မေးမြန်းလျှောက်ထားတဲ့ အခါကျတော့ မြတ်စွာဘုရားက ဓာတ် ၆-ပါး ဟောတယ်၊ အလျှင်-

ပထဝီ အာပေါ တေဇော ဝါယော အာကာသ ဝိညာဏဓာတ်။ ပြီးတော့မှ အာနာပါနဿတိကို အကျယ်ဟောပြတယ် ဒီသုတ္တန်မှာ ဆိုကြပါစို့ အကျဉ်းပြောချင်တာက အဲဒီ မဟာရာဟုလောဝါဒသုတ္တန်ကို ဘုရားဟောပေးတာက ရှင်ရာဟုလာ ဂေဟာသိတတဏှာကို ပယ်ဖျောက်စေချင်လို့ဟောတာ ပြီးပြီထားကြပါစို့။ (ဤတွင်တရားတပဲ့ ရပ်နားသည်)-

စွဲဋ္ဌရာဟုလာဓေါဒသုတ်

(စတုတ္ထပိုင်း)

ရှင်ရာဟုလာကို အရဟတ္တဖိုလ်၌ တည်စေတော်မူခြင်း

ရာပုံလာကို ပုဒ္ဓဉာဏ်တော်၌ ထင်လာပုံ

ယမန်နေ့က ဟောခဲ့တဲ့ ရာဟုလသံယုတ်ကို ကြားနာပြီးတဲ့ အချိန်ကစပြီး ကိုရင်ရာဟုလာသည် ဒုဂ္ဂရအာရုံ ဝိညာဏ် ဖယ်၊ ဖယ်ပစ်ယ နာမ်ခန္ဓာအနေနဲ့ ဝိပဿနာနှလုံးနေ့စဉ် နေ့စဉ် ကျင့်သုံးခဲ့တယ်၊ အေး ရုစ်နှစ်သားလောက်က ရာဟုလသံယုတ်နာရတယ်ဆိုပါစို့ အဲဒီ အချိန်ကစပြီးတော့ ဆပဉ္စကဓမ္မ-ဝိပဿနာနည်း=ပဉ္စကခြောက်မျိုးကို နှလုံးသွင်းတဲ့ နည်းနဲ့ ဝိပဿနာနှလုံးကျင့်သုံးခဲ့တယ်။ ဒါဟာ သူ့ရဲ့ လက်ကိုင် ဝိပဿနာတရားပဲ။ အဲဒီလို ကျင့်သုံးခဲ့ယင်း ကိုရင် ရာဟုလာရဟန်းဖြစ်တယ်။ ဝါ မရသေးခင် တနေ့သဒ္ဓိ မြတ်စွာဘုရား အရုဏ်တက်အချိန်မှာ သတ္တလောကကို ဓမ္မဉာဏ်တော် ကွန်ရက် ဖြန့်ကျက်ပြီး ကြည့်တော်မူတဲ့ အခါ ကိုယ်တော်မြတ်ရဲ့ ဉာဏ်ထဲမှာ အခုမှ ရဟန်းပြုသစ်ပြီးစ ဝါမရသေးခင် ရာဟုလာကို ဉာဏ်ထဲ ထင်လာတယ်၊ ဘယ်လို ကျင့်တာပါလဲလို့ ကြည့်၊ ကိုယ်တော်မြတ် ဉာဏ်ထဲမှာ အကြံပေါ်ခဲ့ပြီ။

ဘယ်လို ပေါ်သလဲ–

ပရိပက္ကာ ဓေါ ရာဟုလဿ ဝိမုတ္တိပရိပါစနိယာ ဓမ္မာ၊
ယံနူနာဟံ ရာဟုလံ ဥတ္တရိံ အာသဝါနံ ခယာယ ဝိနေယျံ။
(သံ၊ ၂။၃၂၂)

ဘုရားစိတ်ထဲမှာ ပေါ်တာကို ၎ပေါ်တဲ့အတိုင်း သင်္ဂီတိကာရကမဓထရ်မြတ်တို့က သဘာဝနိရုတ္တိနည်းကျကျ ပါဠိထည့်ထားတယ်။

ဝိမုတ္တိပရိပါစနိယတရား ၁၅-ပါး။ ။ရာဟုလဿ၊ ရာဟုလာ၏ သန္တာန်၌။ ခေါ၊ စင်စစ်။ ဝိမုတ္တိပရိပါစနိယာ၊ အရဟတ္တဖိုလ်ကို ရင့်သန်စေနိုင်ကုန်သော။ ဓမ္မာ၊ တဆယ့်ငါးပါးတရား အစုတို့သည်။ ပရိပက္ကာ၊ ရင့်ခဲ့ ကျက်ခဲ့ မှည့်ခဲ့ ကြလေပြီ။

သြော်··· ရာဟုလာသည် ဝိမုတ္တိပရိပါစနိယ တရားတဆယ့်ငါးပါး ရင့်နေပြီ၊ မှည့်နေပြီ။ ဒီအချိန်မှာ ဒေသနာဉာဏ်နဲ့ အသာကလေး ပို့လိုက်ယင် ရာဟုလာသန္တာန်က ကိလေသာတွေ အကုန်ပြုကုန်တော့မယ်။ ရာဟုလာ အရဟတ္တဖိုလ်ပေါက် ရောက်တော့မယ်။ ဒီတော့—

အဟံ၊ ငါဘုရားသည်။ ရာဟုလံ၊ ရာဟုလာကို။ ဥတ္တရိ ံ၊ ဝိပဿနာမှ အထက်ဖြစ်သော။အာသဝါနံ ခယေ၊အာသဝက္ခယ အမည်ရတဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်၌။ ဝိနေယျံ၊ မထောက်ထောက်အောင် ချေခွတ်ဆုံးမရပါမူ။ ယံနူန၊ ကောင်းလေစ့။

အန္ဓဝန်တောအုပ်သို့ ရှင်ရာဟုလာနှင့် ကြွတော်မူခြင်း

ယနေ့ ရာဟုလာကို အရဟတ္တဖိုလ်ပေါက် ငါဘုရား ဆုံးမရယင် ကောင်းမှာပဲ။ တနည်း ငါဘုရား ဆုံးမမယ်လို့ အဲဒီလို စိတ်တော်ထဲက ဆုံးဖြတ်ချက် ချပြီး နံနက်ခင်း သာဝတ္ထိပြည်ကို ဆွမ်းခံဝင်တယ်။ ဆွမ်းကိစ္စပြီးလို့ သာဝတ္ထိပြည်ထဲက ဖဲကြွတော်မူတဲ့အခါ ရှင်ရာဟုလာကို ဘယ်နှယ် အမိန့်ရှိသလဲ—

ဂစ္ဆာဟိ ရာဟုလ နိသီဒန၊ ယေန အန္ဓဝနံ တေနုပသင်္ကမိဿာမ ဒိဝါဝိဟာရာယ။

ရာဟုလာ ဟောဒီ နိသီဒိုင်ထိုင်စရာ အခင်းကလေးယူခဲ့။ အန္ဓဝန် တောအုပ်ကြီးရှိရာ တို့သွားကြစို့၊ နေ့သန့်ဖို့ နေ့သန့်ဖို့။ အန္ဓဝန တောအုပ်ဆိုတာ ဇေတဝန်ကျောင်းတိုက်ရဲ့ နောက်ဖေးနားမှာ ရှိတယ်။ အလွန်တိတ်ဆိတ်တယ်။

အဲဒီလို မြတ်စွာဘုရားက အမိန့်ရှိတယ်ဆိုယင်ပဲ ကိုရင်ရာဟုလာက "ဧဝံ ဘန္တေ"၊ ကောင်းပါပြီ မြတ်စွာဘုရား။ အဲဒီလိုလျှောက်တင်ပြီး နိသီဒိုင်အခင်းကလေးကိုယူ၊ မြတ်စွာဘုရားနောက်က လိုက်သွားတယ်။

ဝိမုတ္တိပရိ ၀ါစနိယ တရား ရင့်လာလို့ရှိယင် ချခ္ခတ်ဆုံးမလို့ အလွန် လွယ်တယ်။ ဒီတော့ အရဟတ္တဖိုလ်ကို လိုချင်ယင် ဇီမုတ္တိပရိပါစနိယ တရား တဆယ့်ငါးပါးကို နားလယ်ရမယ်။ ကျင့်လဲ ကျင့်ရမယ်။ နားလယ်ချင်ယင် အတိုချုပ်–

သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ။

ဒီတရားငါးမျိုးကို အရင်မှတ်ထားရမယ်။ အဲဒီနောက် သဒ္ဓါနဲ့ ပတ်သက်ပြီးတော့—

၁။ သဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်ကို ရှောင်ခြင်း၊

၂။ သဒ္ဓါတရားပြည့်ဝတဲ့ ပုဂ္ဂိုလ်ကို ပေါင်းသင်း ဆက်ဆံမှီဝဲခြင်း၊

၃။ သဒ္ဓါဘရား ဖြစ်ပွားစေတတ်တဲ့ တရားတော်များကို လေ့လာ လိုက်စား မှတ်သား ဆင်ခြင်ခြင်း။ သဒ္ဓါနဲ့ သုံးချက်။

ထို့အတူ ဝီရိယနဲ့ ပတ်သက်ပြီးတော့လဲ သုံးချက်–

၁။ ဝီရိယ့မရှိ ပျင်းရိတဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊

၂။ ဝီရိယရှိတဲ့ ပုဂ္ဂိုလ်ကို ဆည်းကပ် မှီဝဲခြင်း၊

၃။ ဝီရိယနဲ့ စပ်တဲ့တရား လိုက်စားလေ့လာ နာကြားဆွေးနွေးခြင်း၊

၈၊ ဝီရိယနဲ့စပ်၍ သုံးပါးတရားရတယ်။

သတိလဲ ထို့အတူပဲ–

၁။ သတိမေ့လျော့ ပေါ့တန်တဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊

၂။ သတိထင်လင်းတဲ့ ပုဂ္ဂိုလ်ကို မှီဝဲ ဆည်းကပ်ခြင်း၊

၃။ သတိပဋ္ဌာန်နဲ့ စပ်သော တရားများကို လိုက်စား နာယူမှတ်သားပါ၊ လေ့လာပါ၊ ဆွေးနွေးပါ၊ မေးဖြကြပါလို့ အကုန်လုံးပါတယ်။ ဒါ- သတိအတွက်။

သမာဓိနဲ့ စပ်၍ သုံးချက်က–

၁။ သမာဓိမရှိတဲ့ ဥဒ္ဒစ္စသမား ရှောင်ရှားခြင်း၊

၂။ သမာဓိရှိတဲ့ ပုဂ္ဂိုလ်များ မှီဝဲခြင်း၊

၃။ သမာဓိနဲ့စပ်သော တရားများ လေ့လာလိုက်စားခြင်းသုံးပါး။

ပညာနဲ့ ပတ်သက်၍လဲ သုံးပါးပဲ၊

၁။ ပညာမရှိတဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊

၂။ ပညာရှိကို မှီဝဲ ဆည်းကပ်ခြင်း၊

၃။ နက်နဲတဲ့သုတ္တန်များကို ပညာရဲ့ အခြေခံ ဖြစ်အောင် လေ့လာ လိုက်စား မှတ်သား နာယူခြင်း။

တဆယ့်ငါးပါး။ အဲဒီတဆယ့်ငါးပါးပြည့်စုံယင် အရဟာတ္တဖိုလ်ကို တခါတည်းအလွယ်နဲ့ ရောက်သွားတယ်။ ကိုလေသာတွေ အကုန်လုံး ပြိုသွားတယ်။

ဒီတော့ ရှင်ရာဟုလာက ဝိမုတ္တိပရိပါစနီယတရား တဆယ့်ငါးပါး ရင့်နေ မှည့်နေပြီဖြစ်လို့ ဘုရားကိုယ်တော်မြတ်က အနွဝဒန်တောအုပ်ကို သွားဖို့ ခေါ်တယ်။ ရှင်ရာဟုလာက 'ဧဝံ ဘန္တေ' ပြောပြီး ဘုရားကိုယ်တော်မြတ်က ရှေ့ကကြွ၊ ရှင်ရာဟုလာက နောက်ကလိုက် မြတ်စွာဘုရားနဲ့ ရှင်ရာဟုလာ နှစ်ဦးတည်းပဲ မြင်ရတယ်။ ပရိသတ်က မမြင်ရတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိသေးတယ်။

တန ခေါ် ပန သမယေန အနေကာနိ ဒေဝတာသဟဿာနိ ဘဂဝန္တံ အနုပန္ဓဉာနိ ဟောန္တိ အဇ္ဇ ဘဂဝါ အာယသ္မန္တံ ရာဟုလံ ဥတ္တရိ အာသဝါနံ ခယေ ဝိနေဿတီတိ။

ရှေးဘဝက သြော် ဒီဂနေ့ ရှင်ရာဟုလာကို မြတ်စွာ ရှင်ရာဟုလာ၏ ဆုတောင်း ဘုရား အရဟတ္တဖိုလ်ပေါက် ဇချွတ် ဆုံးမဘော်မလိမ့်ဃယဲ့လို့ အချင်းချင်း နှိုး ဆော်ပြီးတော့ ထောင်ပေါင်းများစွာသော နတ်ပြဟ္မာတို့လဲပဲ မြတ်စွာ ဘုရားနောက်က လိုက်ခဲ့တယ်။ သူတို့ ဘယ်လို အဆက်ရှိသလဲဆိုတော့ လွန်ခဲ့တဲ့ ကမ္ဘာတသိန်းထက်က အရှင်ရာဟုလ အလောင်း ပထဝီန္ဓရ နဂါးမင်းအဖြစ်နဲ့ ပဒုမုတ္တရမြတ်စွာဘုရားအထံမှာ ဘုရားသာဝကတော် သီကွာကာမဒေရာ ကောဒက်ရတဲ့ ရှင်ဥပရေဝတလေးကို အာဃာတပြီး တော့ ဆုတောင်းခဲ့လို့ အခြံအရံဖြစ်တဲ့ နတ်နဂါးပေါင်း မြောက်များ

၁။ (ဂ-ဇ)=ပဋိသံ။ ၁၉၈။ ၁၉၉။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၁၃၂။ ဥဒါန်းပါဠိတော် မေဃိယသုတ်၊ ၁၁၉။ ဥဒါန၊ ဋ္ဌ၊ ၁၉၉၊ သံ၊ ဋ္ဌ၊ ၃၂။ ၄၆။ နိုင်ငံတော် ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်- စတုတ္ထတွဲ- ၂၀၈-လည်းရှု၊

စ္စဝက “အရှင်ပထဝီန္ဒရ နဂါးမင်း အရှင်သခင် ကျွတ်တမ်းဝင်တဲ့အခါ မှာ ကျွန်တော်တို့လဲ ကျွတ်တမ်းဝင်ရပါလို၏”လို့ ဆုတောင်းခဲ့တယ်[၁]။

အဲဒီ ဆုတောင်းခဲ့တဲ့ နဘ်နဂါးတွေဟာ နောက်ဆုံး ပစ္ဆိမဘဝ ကျတော့ တချို့က စတုမဟာရာဇ်မှာ၊ တချို့တာဝတိံသာ၊ တချို့ ယာမာ အနွံအပြား ရောက်နေတယ်။ တချို့က ဗြဟ္မာ့ပြည် ရောက်နေ တယ်။ အဲဒီလို အနွံအပြားရောက်နေတဲ့ နတ်ဗြဟ္မာတွေဟာ အကုန်လုံး ဒီကနေ စုလာတယ်။

အန္ဓဝန်တောအုပ် ရောက်လာကြပြီ၊ အရှင်ရာဟုလာက နိဋ်ဒိုင် ထိုင်စရာလေးခင်းပေးတယ်။ ဘုရားကိုယ်တော်မြတ်က ထိုင်တယ်။ အပြစ်လွတ်တဲ့နေရာကနေပြီး ရှင်ရာဟုလာက မြတ်စွာဘုရားကို ရှိခိုး ပြီးတော့ ထိုင်နေတယ်၊ အဲဒီအချိန်မှာ ချေချွတ်ဆုံးမခဲ့ပါတယ်။

ဆပဉ္စကဓမ္မဝိပဿနာ

တံ ကိ ံ မညသိ ရာဟုလ၊ စက္ခု နိစ္စံ ဝါ အနိစ္စံ ဝါ။

ရာဟုလာ အခု ငါဘုရားမေးမယ့်စကား ချစ်သား ဘယ်လို သဘောကျသလဲ၊ မျက်စိတွင်မည့် ရုပ်အကြည်သည့် နိစ္စလား၊ အနိစ္စ လား။ ရှင်ရာဟုလာက အားထုတ်နေတာ ရင့်လှ ကျက်လှပေါ့၊အချိန် မဆိုင်းပဲနဲ့ ‘အနိစ္စံ ဘဒန္တေ’လို့ ဖြေလိုက်တယ်။ အနိစ္စပါဘုရား၊ ဒါ ပထမတချက်။

၁။ အရှင်ရာဟုလာ၏ ဘဝဖြစ်ဖဉ်အကျယ်ကို အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ပထမအုပ်၊ နှာ-၁၃၇-မှ ၂၀၃-အထိ ရှုပါ။ သုတ္တနိပါတ် အဋ္ဌ-ကထာ၊ ဒု-အုပ်၊ နှာ-၇၄-၌ ရာဟုလာအဖလောင်း သခ်ၤနဂါးမင်း ဟု ရှိသည်။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါ။

ရာဟုလဲ့ မျက်စိတွင်မည် ရုပ်အကြည်ဟာ သင်ချစ်သား ပြောတဲ့ အတိုင်း မမြဲ ကောန်မှန်၏။ ဒုက္ခလို့ ရှုမလား၊ သုခလို့ ရှုမလား ချစ်သား။ ဒုက္ခလို့ သဘောကျသလား၊သုခလို့ သဘောကျသလား ဆိုတော့ –

ဒုက္ခံ ဘန္တေ၊

ဒုက္ခပါဘုရား၊ တပည့်တော် ဒုက္ခလို့ နှစ်နှစ်ကာကာကို သဘော ကျပါတယ်ဘုရား။ တတိယအချက်ကို မေးတော်မူပြန်တယ်။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ တေံ မမ၊ ဧသော ဟမသ္မိ၊ ဧသော မေ အတ္တာ။

ရာဟုလာ ယင်း မျက်စိတွင်မည် အကြည်ရုပ်ဟာ မြဲလဲ မမြဲဘူး၊ ဆင်းလဲ ဆင်းရဲတယ်၊ ဖောက်လဲ့ဖောက်ပြန် ဖြစ်တတ်တယ်၊ ဘာ ကောင်းသေးလဲ၊ တခုမှ မကောင်းဘူး၊ မမြဲ ဆင်းရဲဖောက်လဲ့တတ်တဲ့ ဒီရုပ်အကြည်ကို သင်ချစ်သားက –

ဧတံ မမ၊ ငါ့ဉစ္စာပဲလို့ တဏှာနဲ့မျှား။ ဧသောဟမသ္မိ၊ ငါပဲလို့ မာနနဲ့မျှား။ ဧသော မေ အတ္တာ၊ ငါရဲ့လိပ်ပြာ ဝိညာဏ်ကောင်ပဲလို့ ဒိဋ္ဌိနဲ့မျှား အလဲ့လဲ့ အခဲချာခဲချာ ချစ်သား ရှုမြော်သင့်သေး သလားတဲ့။

ရှင်ရာဟုလာက – နောဟေတံ ဘန္တေ၊ ဒီလို မရှုသင့်ပါဘုးဘုရား။ နေတံ မမ၊ ငါ့ဉစ္စာ မဟုတ်ပါဘကား။ နဧသောဟမသ္မိ၊ ငါမဟုတ်ပါ တကား။ နမေသော အတ္တာ၊ ငါ၏ အတ္တလိပ်ပြာ မဟုတ်ပါတကားလို့ ဒီလိုသာ ရှုသင့်ပါတယ်။

မြတ်စွာဘုရားက စက္ခုမှာသုံးချက် - တေ၀ရိဝဋ္ဋဓမ္မဒေသနာနည်းနဲ့ ဝိပဿနာရှုနိုင်ရန် ဟောဒီလို မေးပြီးတော့ အဲဒီ စက္ခုဒ္ဒါရမှာ ထင်တဲ့ အဆင်းမျိုးစုံ ရူပါရုံကို တေပရိဝဋ္ဋဓမ္မဒေသနာနည်းနဲ့ ထိုနည်းဂင်းပဲ မေးတယ်။

ရူပါ နိစ္စာ ဝါ အနိစ္စာ ဝါ။

"စက္ခု" နေရာမှာ"ရူ"ပါထည့်ပြီးတော့မေးတယ်။ကိုရင်ရဟုလာကလဲ ဒီရူပါရုံနဲ့ပတ်သက်တဲ့ တေပရိဝဋ္ဋဓမ္မဒေသနာ အမေးမှာလဲပဲ အဖြေမလွဲဘူး။ဘယ်လွဲမလဲ သူနှလုံးသွင်းနေတဲ့ တရားတွေပဲ။ နောက် တခါ မြတ်စွာဘုရားက စက္ခုနဲ့ ရူပါရုံနဲ့ နှစ်ပါးပေါင်းဆုံ၍ ဖြစ်ပေါ်လာတဲ့ စက္ခုဝိညာဏ် အမြင်စိတ်ကို တဘိယ တေပရိဝဋ္ဋဓမ္မဒေသနာနည်းနဲ့ မေးပြန်တယ်။

စက္ခုဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါ။

ရှင်ရာဟုလာကလဲပဲ တခုက်မှ အဖြေမလွဲဘူး။ 'အနိစ္စံ ဘန္တေ၊ ဒုက္ခံ ဘန္တေ၊ နောဟေတံ ဘန္တေ' အားလုံးအဖြေမှန်ခဲ့တယ်၊မြတ်စွာဘုရားက ဆက်ပြီးဟော့ မျက်စိရယ် အဆင်းရယ် နှစ်ပါးခိုက်မိခြင်းကြောင့် စက္ခုဝိညာဏ် အမြင်စိတ်ဖြစ်သော ဒီတရားသုံးပါးပေါင်းမိယင် တခါးကည်း အာခုံကို ပွေ့ထိမှုဆိုတဲ့ ဖဿပေါ်တယ်။အဲဒီဖဿကို စက္ခုသမ္ဖဿလို့ခေါ်တယ်။ အဲဒီ 'စက္ခုသမ္ဖဿ'ကို -

စက္ခုသမ္ဖဿော နိစ္စော ဝါ အနိစ္စော ဝါ - (သံ၊၂။၃၂၄)

စသည်ဖြင့် သုံးချက်သုံးပြန် အနိစ္စအတွက် ဒုက္ခအတွက် အနတ္တအတွက် သုံးချက်ကျော့ပြီးတော့ မေးတယ်။ အရှင်ရာဟုလာကလဲပဲ သုံးချက်စလုံးပဲ 'အနိစ္စော ဘန္တေ ဒုက္ခံ ဘန္တေ နောဟေတံ ဘန္တေ' အဖြေမှန်ထွက်ခဲ့တယ်။ မျက်စိအတွေ့ စက္ခုသမ္ဖဿပြီးတော့ မနောက

ပြောခဲ့တဲ့ ဆယ်ပုဒ်အနက် ကျန်တဲ့ခြောက်ပုဒ်ကလာတဲ့ တရားတွေကို အကုန်သိပြီးတော့ ရှင်ရာဟုလာ နှုလုံးသွင်းခြင်းဌိတယ်။ အဲဒီသိတဲ့ အတိုင်း ဘုရားကိုယ်တော်ကြွတ်က-

တဲ ကိုံ မညွှသိ ရာဟုလ၊ ယဒိမိဒံ စက္ခုသမ္မဿပစ္စယာ
ဥပ္ပဇ္ဇတိ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ၊
တမိပိ နိစ္စံ ဝါ အနိစ္စံ ဝါ။ (သံ၊ ၂။၃၂၅)

ရာဟုလာ- အမှုမေးမယ့်စကားဘယ်လို သဘောကျသလဲ၊ မျက်စိ အတွေ့ကို အကြောင်းပြုပြီးတော့ ဖြစ်လိုက်ထာ၊ ဝေဒနာတွေ သညာ-တွေ သင်္ခါရတွေ ဝိညာဏ်တွေ၊ တချိုပြန်ပြီးတော့ အငြိုးနယ်ကျယ်ပြီးတော့နေကြတယ်။ အဲဒီအဆုံးနယ်ကွယ်ပြီးတော့ နေ့ယဉ်ဆိုတာ မျက်စိနဲ့ အဆင်းမြင်ပြီးတဲ့နောက် အတွေးနယ် ကျယ်သလောက် အတွင်းမှာ နာမ်ခန္ဓာတွေဖြစ်လာတယ်။ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်။ ဒီနာမ်ခန္ဓာတွေ ဖြစ်လာတယ်။ ဒဲ့ဒီနာမ် ခန္ဓာတွေကိုကော သင်ချစ်သား နိစ္စလို့ သဘောကျသလား၊ အနိစ္စလို့ သဘောကျသလား-ဆိုတော့-အနိစ္စံ ဘန္တေ=အနိစ္စလို့ သဘောကျပါတယ်ဘုရား။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံဝါတိ။ (ဒုတိယ အချက်)

အဲဒီမျက်စိအတွေ့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော နာမ် ခန္ဓာတွေဟာ မမြဲဘူး၊ မမြဲတဲ့နာမ် ခန္ဓာတွေကို ဒုက္ခလို့ သဘောကျသလား၊ သုခလို့ပဲသဘောကျသလား ဆိုတော့ ကိုရင်ရာဟုလာက 'ဒုက္ခံဘန္တေ'=ဒုက္ခလို့ သဘောကျပါတယ်ဘုရား။ တတိယအချက် ထိုနည်းအတူပဲ-

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနု-ပဿိတုံ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ'။

ချစ်သားရာဟုလာ- ယင်း စက္ခုသမ္ဖဿကြောင့်ဖြစ်တဲ့ နာမ်ခန္ဓာ လေးပါးတရားအစုသည့် မမြဲကေန် ဆင်းရဲတာကေန် ဖောက်လဲတာ ကေန် အမှန်ပဲ။ ယင်း မမြဲ ဆင်းရဲ ဖောက်လဲတတ်တဲ့ နာမ်ခန္ဓာ လေးပါး တရားအစုကို 'ငါဉစ္စာ'-တဏှာနဲ့၊ 'ငါ'လို့ မာနနဲ့၊ 'ငါလိပ်ပြာ'လို့ ဒိဋ္ဌိနဲ့မျှား ချစ်သားအလဲလဲအခြောင်ခြောင် ရှုမြော်သင့်သေးသလား တဲ့။ အချင်ရာဟုလာက 'နောဟေတံ ဘဒန္တေ'-ဒီလိုမရှုသင့်ပါဘူး ဘုရားတဲ့။ ဒါဖြင့်ယင် နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ-လို့ ဒီအဓိပ္ပါယ်နဲ့ ပြန်ပြီးရှုတဲ့။ အဲဒါဟာထုံးပဲထားကြစို့။ အဲဒီ တထုံးကို 'စက္ခုပဋ္ဌက' လို့ ခေါ်တယ်။

စက္ခုရယ် ရူပါရုံရယ် စက္ခုဝိညာဏ်, စက္ခုသမ္ဖဿ, စက္ခုသမ္ဖဿပစ္စယ နာမ်ခန္ဓာ,-လို့ ပဋ္ဌကတရား တစုရတယ်။

ထိအတူ သောတပဋ္ဌက, ဃာနပဋ္ဌက, ဇိဝှါပဋ္ဌက, ကာယပဋ္ဌက, မနောပဋ္ဌကလို့ ပဋ္ဌကခြောက်ပါး တရားအစုကို တခုမှ မကျန်ဘူး။ အကြိမ်မေါင်းသုံးဆယ်တပရိဝဋ္ဋမမှဒေသနာနည်းနဲ့မေးတယ်။ အကြိမ်ပေါင်းသုံးဆယ်စလုံး အဖြေမှန်တွေ့ပြီးရော။ ဒါဖြင့် ကောင်းပြီ၊ အရှင်ရာဟုလာ နှလုံးသွင်းတဲ့ ဆပဋ္ဌက ဓမ္မဝိပဿနာကိုနှလုံးသွင်းချင်ပါတယ် ဆိုယင် စာအနေနဲ့ မဟာဗုဒ္ဓဝင် စတုတ္ထတွဲထဲမှာ အဲဒါနှစ်သက် လွန်း လို့ ဝိပဿနာ နှလုံးသွင်းပုံလေး ထည့်ထားတယ်။[1] လောလောဆယ် အနေနဲ့ ဘုန်းကြီးတို့လဲ သက်သာအောင် သူတော်ကောင်းတွေလဲ အလွယ်ရအောင် နှလုံးသွင်းပေးရမယ်။

၁။ နိုင်ငံတော် ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင် စတုတ္ထတွဲ နှာ-၂၁၅၊ ကြည့်။ သောတ, ဃာန, ဇိဝှါ, ကာယ-တို့၌ ပေယျာလမျှားကို ပဋ္ဌက ပေါ်အောင် ဖော်၍ဝိပဿနာ ရှုရပါမည်။

နှလုံးသွင်း ကြည့်ကြစို့. -ဆိုကြပါစို့ ၊ဘုန်းကြီးများ ပါဠိစာပေနဲ့ လာတဲ့ ပုဂ္ဂိုလ်များကတော့ စက္ခုအနိစ္စံ ဒုက္ခံ အနတ္တာ-လို့ ဆိုယင် ပြီးသွားရော ။ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ စက္ခုဝိညာဏံ အနိစ္စံ ဒုက္ခ အနတ္တာ၊ စက္ခုသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ၊ ယမ္ပိဒံ စက္ခု-သမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ၊ဝိညာဏ-ဂတံ၊တမ္ပိအနိစ္စံဒုက္ခံ အနတ္တာ။စက္ခုပဉ္စက ပြီးသွားရော။ လူတွေကို ဒီ-ပါဠိအတိုင်း နှလုံးသွင်းခိုင်းလို့ ဘယ်ဖြစ်မလဲ။ ဘာမှသိမှာမဟုတ်ဘူး။ ဒီတော့ လူတွေအလျောက် နှလုံးသွင်းနိုင်အောင် ဆိုပြီးတော့ ဆပဉ္စက ဓမ္မဝိပဿနာ လက်ံာတွေကို အားလုံးရကြတယ်။ ရကြတော့ ရှုတ်ကြ ပါဆိုယင်တော့ဖြင့် ဘုန်းကြီးတို့ ဩကာသ-ဩကာသ-နဲ့-ပရိတ်ရှုတ် သလို နေတော့မှာပဲ၊မည်မည်ရွတ်ဖြစ်နေတော့မှာ သေချာတယ်။ဒီတော့ ညီညွတ်အောင် ဘုန်းကြီးလဲပဲ သူတော်ကောင်းတွေလို နှုတ်မြွက်ပြီး နှလုံးသွင်းဖြစ်အောင် ဘုန်းကြီးက ရွေကဆိုပေးပါ့မယ်။ သူတော် ကောင်းတွေက နောက်ကလိုက်ဆိုကြ။

ဆပဉ္စက ဓမ္မဝိပဿနာ လက်ံာ

၁-စက္ခုပဉ္စကအတွက်

(၁) မျက်စိဘွင်မည်။ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထပါ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နိုပ်စက်ဒဏ်ဖြင့်၊ တရုံမစဲ၊ လွှန်ဆင်းရဲ၏။ ခိုင်မြဲကျေမာ၊ နှစ်မပါဘူး၊ ပညာ-စက္ခု၊ မြော်ထောက် ရှုသော်၊ သူ့ သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တ ပါတကား။ (ပရိတ်သတ်ကလိုက်ဆိုကြသည်)

အဓိပ္ပါယ် အင်မတန် ထင်ရှားပါတယ်၊ ရှေ့သွားကြစို့ -

(၂) အဆင်းတွင်မည်။ ရုပ်ထိုက္ခါလည်း၊ မြင့်ရှည်ကာလ၊ မတည်-ထပါ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နိုပ်စက်ဒဏ်ဖြင့်၊

တရုံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု မြော်ဒထောက်ရှုသော်၊ သူ့ သဘော၊အနိစ္စသည်၊ဒုက္ခ အနတ္တပါတကား။

(၇) မျက်စိ၌မှီ။ ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည် ထပါ၊ခဏဖြစ်ဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊နှိပ်စက်ဒဏ်ဖြင့်၊ တရုံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့ သဘော၊အနိစ္စသည်၊ ဒုက္ခအနတ္တပါ၀ကား။

(၈) မျက်စိ၌မှီ။အဝေဒနာသည်လည်း၊မြင့်ရှည်ကာလ၊ မတည်ထပါ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊နှိပ်စက်ဒဏ်ဖြင့်၊ တရုံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့ သဘော၊ အနိစ္စသည်၊ ဒုက္ခအနတ္တပါတကား။

၆

(၅) မျက်စိအတွေ့။ကြောင်းပြုရှိလျှင်၊ ဖြစ်လေ့မျိုးစု၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏဟု၊ အစုလေးမည်၊ ဒွေသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပါ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊နှိပ်စက်ဒဏ်ဖြင့်၊တရုံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊မြော်ထောက်ရှုသော်၊သူ့ သဘော၊ အနိစ္စသည်၊ဒုက္ခ အနတ္တပါတကား။

(အဲဒါက စက္ခုပဋ္ဌာန။ သောတပဋ္ဌာန သွားရအောင်)

၂။ သောတပဋ္ဌာနအတွက်

(၁) နားဟာတွင်မည်။ ရုပ်အကြည်ကား၊မြင့်ရှည်ကာလ၊ မတည်ထပါ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်ဟန်၊နှိပ်စက်ဒဏ်ဖြင့်၊တရုံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘော၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

(၂) အသံတွင်မည်။ ရုပ်ထိုက်လျှိုလည်း၊ မြင်ရှည်ကာလ၊ မတည်ထပဲ....(ရှေးနည်းအတိုင်း ဆဲ့ပါ)

(၃) နားဒ်ခဲ့မှီ။ ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ....(ရှေးနည်းအတိုင်း ဆိုပါ)

(၄) နားဒ်ခဲ့မှီ။ အတွေ့သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ....(ရှေးနည်းအတိုင်း ဆုံပါ)

(၅)နားဒ်ခဲ့ အတွေ့။ ကြောင်းပြုချိုလျှင်၊ဖြစ်လေ့မျှားစွာ၊ဝေဒနာနှင့်၊ သညာသခ်ါရ၊ ဝိညာဏဟု၊ အစုငေးမည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်သပဲ....(ရှေးနည်းဒုတိုင်း ဆက်ဆိုပါ)

၃။ ဃာနပဉ္စကအတွက်

(၁) နှာခေါင်းတွင်မည်။ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထပဲ.... (ရှေးနှင့်တူပြီ)

(၂) အနံ့တွင်မည်။ ရုပ်ထိုက်လျှိုလည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ (ရှေးနှင့်တူပြီ)

(၃) နှာခေါင်းဒ်မှီ။ ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ.... (တူပြီ)

(၄) နှာခေါင်းဒ်မှီ။ အတွေ့သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ.... (တူပြီ)

(၅) နှာခေါင်းအတွေ့။ ကြောင်းပြုချိုလျှင်၊ ဖြစ်လေ့မျှားစွာ ဝေဒနာနှင့်၊ သညာသခ်ါရ၊ ဝိညာဏဟု၊ အစုလေးမည် ခန္ဓာသည်လည်း၊မြင့်ရှည်ကာလ၊ မတည်ထပဲ....(တူပြီ)

၄။ ဇိဝှါပဥ္စကအတွက်

(၁) လျှာဟုတ္ဝင်မည်။ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထပဲ....(တူပြီ)

(၂) ရသာတ္ဝင်မည်။ ရုပ်ထိုက္ခါလည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ....(တူပြီ)

(၃) လျှာဒ္ဒ်စွဲမှီ။ ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ.... (တူပြီ)

(၄) လျှာ ဒ္ဒ် စွဲမှီ။ အတွေသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ဆပဲ.... (တူပြီ)

(၅) လျှာဒ္ဒ်အတွေ။ ကြောင်းပြု၍လျှင်၊ ဖြစ်လေ့မျှားစွာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏဟု၊ အစုလေးမည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ.... (တူပြီ)

၅။ ကာယပဥ္စကအတွက်

(၁) ကိုယ်ဟုတ္ဝင်မည်။ ရုပ်အကြည်ကား၊ မြင့်ရှည် ကာလ၊ မတည်ထပဲ (တူပြီ)

(၂) အတွေတ္ဝင်မည်။ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊မတည်ထပဲ.... (တူပြီ)

(၃) ကိုယ် ဒ္ဒ် စွဲမှီ။ ဝိ ညာဏ် သည် လည်း၊ မြင့်ရှည် ကာလ၊ မတည်ထပဲ.... (တူပြီ)

(၄) ကိုယ်ဒ္ဒ် စွဲမှီ။ အမတ္ဝ သည်လည်း၊ မြင့်ရှည် ကာလ၊ မတည်ထပဲ....(တူပြီ)

(၅) ကိုယ်၌အတွေ့။ ကြောင်းပြု၍လျှင်၊ ဖြစ်လေ့မျှားစွာ၊ ဝေဒနာနှင့်၊ သညာ သင်္ခါရ၊ ဝိညာဏဟူ၊ အစုလေးမည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ .... (တူပြီ)

၆။ မနေ ဘပဉ္စကအတွက်။

(၁) မနောတွင်မည်။ စိတ်အကြည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထပဲ....(ရှေးနည်းအတိုင်း)

(၂) ဓမ္မတွင်မည်။ ရုပ်နာမ်သည်လည်း၊ မြင့်ရှည်ကာလ၊မတည်ထပဲ....(တူပြီ)

(၃) မနောဓာတ်မည်။ ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ....(တူပြီ)

(၄) မနောဝိညာဏဓာတ်မည်။ ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ....(တူပြီ)

(၅) မနောဒ္ဓါတ်မှီ။ အတွေ့သည်လည်း၊ မြင့်ရှည်ကာလ၊မတည်ထပဲ ...(တူပြီ)

(၆) မနောအတွေ့။ ကြောင်းပြု၍လျှင်၊ ဖြစ်လေ့မျှားစွာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏဟု အစုလေးမည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏ ဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်ဝန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရုံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲ ကျေဘးနှင်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘော၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

ကုသိုလ်ဟူသမျှတို့ထက် အားလုံး ပဉ္စကခြောက်မျိုး၊
အနိစ္စသညာက အကျိုးများပုံ ဆပဉ္စက ဓမ္မဝိပဿနာလို့
ခေါ်ပါတယ်။ ရှင်ရဟုလာကို
အရဟာတ္တဖိုလ်ပေါက် ချေချွတ်တာဟာ ဒီ ဆပဉ္စကဓမ္မဝိပဿနာနဲ့ ချေ
ချွတ်တာဖြစ်ပါတယ်။ ဟို ဝေလာမသုတ်မှာ—

ယဉ္စ ဂဟပတိ ဝေလာမော ဒြာဟ္မဏော ဒါနံ အဒါသိ
မဟာဒါနံ၊ ယော စေကံ ဒိဋ္ဌိသမ္ပန္နံ ဘောဇေယျ၊ ယော စ
သတံ ဒိဋ္ဌိသမ္ပန္နာနံ ဘောဇေယျ၊ ယော စေကံ သကဒါ-
ဂါမိံ ဘောဇေယျ၊ ယော စ သတံ သကဒါဂါမီနံ ဘော-
ဇေယျ[1]။

စသည်ဖြင့် – အဲဒီလိုချီပြီးတော့ လာလိုက်တာ မြတ်စွာဘုရားက တဘက်က ဘုရားအလောင်း ဝေလာမပုဏ္ဏားရဲ့ အလှူကြီးဝယ်သော-တာပန်တရာ့တပါး ဆွမ်းကျွေးရတဲ့ ကောင်းမှုရယ်၊ သကဒါဂါမ်တရာ့တပါး၊ အနာဂါမ်တရာ့တပါး၊ ရဟန္တာတရာ့တပါး၊ ပစ္စေကဗုဒ္ဓါဆူရေ တရာ့တပါး၊ ဘုရားကိုယ်တော်မြတ်ကြီး၊ ဘုရားအမှူးရှိတဲ့ သံဃာကို ဆွမ်းကျွေးရတဲ့ ကောင်းမှုတွေကို တဘက်ထား၊ စတုဒိသာသံဃိက ကျောင်းဆောက်လို့ ရရှိတဲ့ ကောင်းမှု၊ သရဏဂုံကောင်းမှု၊ သီလကောင်းမှု၊ မေတ္တာဘာဝနာကို နဲ့ သာတရှုတ်လောက်မျှ ပွားများရတဲ့ သမထဘာဝနာကောင်းမှုဆိုတဲ့ ဒီတဆယ့်နှစ်ခု ကောင်းမှုတွေကို တဘက်ကသိထားပါတဲ့။

၁။ အံ၊၃။၁၉၇။ အင်္ဂုတ္တိုရ်မြန်မာပြန် တတိယ၊၁၉၇။

ယော စ အန္တမသော အစ္ဆရာသင်္ဃာတမတ္တမ္မိ အနိစ္စသညံ ဘာဝေယျ၊ ဣဒံ တတော မဟပ္ဖလတရံ။"

ယော စ၊ အကြင်သူသည်ကား။ အန္တမသော၊ အောက်ထစ်ပိုင်းခြားအယုတ်အားဖြင့်။ အစ္ဆရာသင်္ဃာတမတ္တမ္မိ၊ လက်ဖျစ်တတ်ခန့်မျှလည်း။ အနိစ္စသညံ၊ အနိစ္စသညာ ဘာဝနာကို။ ဘာဝေယျ၊ ပွားများငြားအံ့။ ဣဒံ၊ ဤလက်ဖြောက်တတ်မျှ အနှစ်သညာ ဘာဝနာတရားပွားများရခြင်းသည်။ တတော၊ ထိုဆိုအပ်ပြီးတဲ့တဆယ့်နှစ်ပါးကောင်းမှု ကုသိုလ်အစုများထက်။ မဟပ္ဖလတရံ၊ အထူးသဖြင့် အကျိုးရှိ၏။

ဝေလမသုတ်မှာ ဒီလို အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာရှုယင် အားလုံးကုသိုလ်တွေထဲမှာ သူဟာ အကျိုးအကြီးဆုံးပဲ။ အဲဒီလို ဟောကြားချက်အရ အခု လက်ဖြောက် တတ်မှ မကပဲ နာရီဝက်လောက် ရှိတာပဲ။ လက်ဖြောက် တတ်တောင်မှ အကျိုးများယင် နာရီဝက်ဟာ ပြောစရာမရှိဘူး။

ဒီတော့မြတ်စွာဘုရားက ရှင်ရာဟုလာကို ဒီလိုပဲ ပဉ္စက ခြောက်မျိုး တဖြိုးမှ မခိုဘူး၊ အခုဘုန်းကြီးဘို့ရှတ်ခဲ့ဘာ တပိုဒ်မှ မခိုဘူး၊ ပေယျာလမပါဘူး။ အဲဒီလိုမချန်ပဲ ရှတ်သလိုပဲ မြတ်စွာဘုရားကလဲပဲ တရားလုံး သုံးဆယ်ကို မကျော်သွားပဲ ဟောတယ်။ တပရိဝဋ္ဋ သုံးချက် သုံးပြန် အနိစ္စတကျော့၊ ဒုက္ခတကျော့၊ အနတ္တတကျော့ မေးမေးပြီးတော့ ဝိပဿနာအချခိုင်းတယ်။ ပြီးတော့မှ မြတ်စွာဘုရားက-

---

၁။ အံ၊ ၃။ ၁၉၇(အန္တမသော-လိုက်ပုဒ်)

ဧဝံ ပသဿံ ရာဟုလ သုတဝါ အရိယသာဝကော စက္ခု-
သ္မိံ နိဗ္ဗိန္ဒတိ၊ ရူပေ သုပိ နိဗ္ဗိန္ဒတိ၊ စက္ခုဝိညာဏေပိ နိဗ္ဗိန္ဒတိ၊
စက္ခုသမ္ဖဿေပိ နိဗ္ဗိန္ဒတိ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ
ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ၊ တဉ္စိမံ
နိဗ္ဗိန္ဒတိ။။[၁]

နိဗ္ဗိဒါညာဏ်ကထာ နိဋ္ဌိတာ။

။ရာဟုလ၊ ချစ်သားသည်းချာ ရာဟုလာ။
ဧဝံ၊ ဤသို့။ပသဿံ=ပသဿန္တော၊ ရှုသော။
သုဘာဒါ၊ (ဗဟုသုဝန့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်လို့ ငါဘုရား ပြောလိုတယ်)
သုတဝါ၊ အကြား အမြင် ဗဟုသုတနဲ့ ပြည့်စုံသော။ အရိယသာဝကော၊
ငါဘုန်းရဲ့ တပည့်သားသာဝကသည်။ စက္ခုသ္မိံမှာ၊ မျက်စိတွင်မည်
ရုပ် အကြည်ဒြဿဒါလေပါ။ နိဗ္ဗိန္ဒတိ၊ နှံ့ဖြဒါဉာဏ် ရင့်သန်တော့၏။ ရူပေသုပိ၊
အဆင်းမျိုးစုံ ရူပါရုံတို့ဒြဿဒါလေပါ။ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိဒါဉာဏ် ရင့်သန်တော့၏။
စက္ခုဝိညာဏေပိ၊ မျက်စိဉာဏ်မှီ ဝိညာဏ်ခေါ်တဲ့ အမည်စိတ်ဒြဿဒါလေပါ။
နိဗ္ဗိန္ဒတိ၊ နိဗ္ဗိဒါဉာဏ် ရင့်သန်တော့၏။ စက္ခုသမ္ဖဿေပိ၊ မျက်စိ အတွေ့
ဒြဿဒါလည်း။ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိဒါဉာဏ် ရင့်သန်လေတော့၏။ စက္ခုသမ္ဖဿ-
ပစ္စယာ၊ မျက်စိအတွေ့ဟူသော အကြောင်းကြောင့်။ ယမ္ပိဒံ ဝေဒနာ-
ဂတံ၊ အကြင်နောက်နောက်သော ဝေဒနာ တရားအစုသည်လည်း
ကောင်း။ ယမ္ပိ သညာဂတံ၊ အကြင်နောက်နောက်သော သညာတရား
အစုသည်လည်းကောင်း။ ယမ္ပိ သင်္ခါရဂတံ၊ အကြင်မြင်ပြီးတဲ့နောက်
ဖြစ်တဲ့ သင်္ခါရတရားအစုသည်လည်းကောင်း။ယမ္ပိ ဝိညာဏဂတံ၊အကြင်
ဝိညာဏ်တရားအစုသည်လည်းကောင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ တမ္ပိ၊ ထိုမျက်စိ
အတွေ့ကို အကြောင်းပြု၍ (ဖြစ်လေ့မျှားစွာဆိုတာ အဘိဓမ္မာ သဘော
အနေနဲ့ အမှန်ကမြဲတာမဟုတ်ဘူး။ဝေဒနာပေါင်းမျှားစွာ သညာပေါင်း

၁။ သံ၊ ၂။ ၃၂၅။

များစွာသခ်ါရပေါင်းများစွာ ဝိညာဏ်ပေါင်းများစွာ မျက်စိအတွေ့ကို အကြောင်းပြုပြီး နောက်ဆက်တွဲအနေနဲ့ ဖြစ်နေတာ၊ စိတ်ကူးယဉ်ယဉ်သလောက် ဖြစ်နေတယ် ပြောပါတော့) ဝ မိပ်၊ ထိုမျက်စိအတွေ့ အကြောင်းပြု၍ ဖြစ်သမျှ များစွာ ဝေဒနာ သညာ သခ်ါရ ဝိညာဏဟု အစုငါးတန် ငါးရပ်ခန်ဍာလဲပဲ။ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိဒါဉာဏ် ရင့်သန်တော့၏။

အဲဒီလို စက္ခုပဋိကမ္မာ တပါးမှ မကျန် အကုန်လုံး နိဗ္ဗိဒါဉာဏ် ရင့်သန်သလို သောတပဋိကမ္မာလဲ ထိုနည်းဝင်း။ သောတသမ်မိပ် နိဗ္ဗိန္ဒတိ။ ဃာနပဋိကမ္မာလဲ–ဃာနသမ်မိပ် နိဗ္ဗိန္ဒတိ။ ဇိဝှါပဋိကမ္မာလဲ ထိုနည်းဝင်း။ ဇိဝှါယပိ နိဗ္ဗိန္ဒတိ။ ကာယပဋိကမ္မာလဲ ထိုနည်းဝင်း၊ ကာယသမ်မိပ် နိဗ္ဗိန္ဒတိ။ မနောပဋိကမ္မာလဲ ထိုနည်းဝင်း။ မနသမ်မိပ် နိဗ္ဗိန္ဒတိ။ ငါးခုစလုံးပဲ သင်္ဂါယနာမှာ ရှိက်ထားတဲ့ စာအုပ်က သရုပ်ဖော်ပါတယ်။

မနသမ်မိပ်၊ မနောတွင်မည် စိတ်အကြည်ဍ်ခဲ့လဲပဲ။ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိဒါဉာဏ် ရင့်သန်တော့၏။ ဓမ္မေသုပိ၊ ဓမ္မတွင်မည် ထိုဉာဏ် ရှုပ်နာမ်တို့ခဲ့လဲပဲ။ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိဒါဉာဏ် ရင့်သန်တော့၏။ မနောဝိညာဏေပိ၊ မနောဂိညာဏ်ခဲ့လဲပဲ။ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိဒါဉာဏ် ရင့်သန်တော့၏။ မနောသမ္ဖဿေပိ၊ စိတ်အတွေ့ခဲ့လဲပဲ။ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိဒါဉာဏ် ရင့်သန်တော့၏။ မနောသမ္ဖဿပစ္စယာ၊ စိတ်အတွေ့ဟူသော အကြောင်းကြောင့်။ ယမ်ပိ ဝေဒနာဂတံ၊ အကြင်ခံစားမှု ဝေဒနာတရားအစုသည်လည်းကောင်း။ ယမ်ပိ သညာဂတံ၊အကြင်ပါးနပ် လိမ္မာမှုသညာတရားအစုသည်လည်းကောင်း။ ယမ်ပိ သခ်ါရဂတံ၊ အကြင်ကာယကံမှုပြုသမျှဝစီကံမှုပြောသမျှ မနောကံမှု ကြံသမျှ သခ်ါရတရားအစုသည်လည်းကောင်း။ ယမ်ပိ ဝိညာဏဂတံ၊ အကြင်နောက်ခဲ့ ဖြစ်ပွားသော

စိတ်ဝိညာဏ်တရားအစုသည် လည်းကောင်း။ ဥပပ္ဇတိ၊ ဖြစ်၏။ တသ္မိမ္ပိ၊ ထို မနောသမ္ဖဿ မနော အတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာ လေးပါးဌ် လဲပဲ။ နိပ္ပိန္နတိ၊ နိပ္ပိဒါဉာဏ် ရင့်သန်လေတော့၏။

နိပ္ပိဒါဉာဏ် ရင့်သန်လေတော့-

နိပ္ပိန်း ဝိရဇ္ဇတိ။

အချင်ရာဟုလာ။ ။နိပ္ပိန်း=နိပ္ပိန္နဇန္တိ၊ နိပ္ပိဒါဉာဏ် ရင့်သန်တဲ့ မဂ်ဖိုလ်ဆိုးကံရောက်ပုံ ပဂ္ဂိုလ်သည်။ ဝိရဇ္ဇတိ၊ မဂ်ခဏသို့ရောက်၍ ဖိုလ်တရားတို့ဌ် တပ်ခြင်း ကင်းလေတော့၏။ (ဝိရဇ္ဇဘီ-ဆိုတာ မဂ်ကိုပြတယ်) ဝိရာဂါ၊ မဂ်ဖြင့် တပ်ခြင်းကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ ဖိုလ်ခဏရောက်တဲ့အခါ ကိလေသာမှ လွတ်လေတော့၏။ (ဒါ-ဖိုလ်ခဏပြောတာ)

ဝိမုတ္တာသ္မိ၊ ကိလေသာမှ လွတ်ပြီးတဲ့ဖိုလ်ဌ်။ ဝိမုတ္တံ ဣတိ၊ ဒါဟာ ဖြင့် ကိလေသာမှ လွတ်တဲ့ဖိုလ်ပဲလို့။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ (ဖလပစ္စဝေက္ခဏာကို တိုက်ရိုက်ပြသဖြင့် မဂ္ဂပစ္စဝေက္ခဏာ, နိဗ္ဗာနပစ္စဝေက္ခဏာ, ပဟီနပစ္စဝေက္ခဏာ, အဝသေသကိလေသပစ္စဝေက္ခဏာ ဆိုတဲ့ ကျန်တဲ့ လက္ခဏာ လေးပါးလဲပဲ လက္ခဏာသဿောတူ ပေါင်းပြီးတော့ ယူပေတော့။)

ခီဏာ ဇာတိ၊ ဘဝပဋိသန္ဓေ ကုန်လေပြီ။ ဝုသိတံ ဗြဟ္မစရိယံ၊ သာသနာတည်းဟူသော ဗြဟ္မစရိယ မဂ်တည်းဟူသော ဗြဟ္မစရိယတို့ဖြင့် လှပ်ကြီးအဆုံး ငါကား ကျင့်သုံးရလေပြီ။ ကရဏီယံ၊ ဂြိုဟ်ယက်ကိစ္စ ဟူသမျှကို။ ကတံ၊ ပြုအပ်ပြီ။ (အရဟတ္တဖိုလ် မရောက်ခင် ဘယ်သူမှအလုပ်ပြီးတယ်လို့ မပြောနိုင်ဘူး။ ဒီဝေလုပ်ပြီး နောက်တလုပ်

နောက်တလုံ့ပြီး နောက်တလုပ်။ အလုပ်ကသာ ထပ်ထပ်လာတယ်၊ ဘယ်တော့မှ ပြီးတယ်ရယ်လို့ မရှိဘူး။ အရဟတ္တဖိုလ်ကုမ္ပဏီ အလုပ်ပြီးတာတဲ့။) ဣတ္ထဆွတ္တာယ၊ ဤမက်ကိစ္စအလို့ငှါ။ အပရံ၊ အခြားတပါး ပြုဖွယ်ကိစ္စသည်။ နှ၊ ငါ့အဖို့ရာ မရှိခဘူးပြီ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အဆက်ဆက်သော ပရမ္မရပစ္စဝေက္ခဏာအားဖြင့် ပိုင်းခြားထင်ထင် သိမြင်လေတော့၏။

အေး-အရဟတ္တဖိုလ်ရဲ့နောက်မှာ ပရမ္မရာစွဲငေကွဏာ ရောက်အောင် မြတ်စွာဘုရား ဇရားဟောတယ်။ နာပရံ ဣတ္ထတ္တာယဟာတိ ပဇာနာတိ၊ တခါတည်းအသံတိတ်သွားတယ်။ တရားပြီးသွားတယ်။ အရဟတ္တဖိုလ်ရောက်ယင် သာဝကနာကိစ္စက ပြီးသွားရော။ တရားဟောဟောစကားပြောပြော ဘာပဲပြစ်ဖြစ် အရဟတ္တဖိုလ်ရောက်ယင် ပြီးရမယ်။

အေး ... အဲဒီတော့ ရှင်ရာဟုလာနှင့် တကွ နတ်တွေက သူ့ခုကောင်းကြီးခေါ်လိုက်တာ။ အဲဒီတုန်းက သူ့ခု သာခု သာခုပဲတကယ့်ဖြစ်ရပ်က၊ အဲဒီဖြစ်ရပ်ကို အခု သင်္ကြာနာတင် မထေရ်မြတ်တွေက စာနဲ့ မှတ်တမ်းတင်ပေးထားခဲ့တာ—

ဣဒမဝေါစ ဘဂဝါ၊ အတ္တမနော အာယဿ္မာ ရာဟုလော ဘဂဝတော ဘာသိတံ အဘိနန္ဒီ။

မြတ်စွာဘုရားသည် ဤ ဆပဋ္ဌာန မမ္မဝိပဿနာတရားကို ဟောတော်မူခဲ့ပြီ။အရှင်ရာဟုလာသည် နှစ် ပိုအားရမ်းဝမ်းမြောက်ဝမ်းသာသာခု အနုမောဒနာခေါ်ပြီ။ နတ်တွေဆော အရှင်ရာဟုလာရော သာခုအနုမောဒနာခေါ်တယ်။ သာခုနဲ့ပဲ တရားပွဲသိမ်းရသလား၊ ဓမ္မဘိသမယခေါ်တဲ့ မင်္ဂလာမျိုး မရတော့ဘူလားဆိုတော့ ရတယ်။

ဘယ်သူရသလဲ။ ဘယ်သူကမှ မပြောဘူး။ အရှင်ရာဟုလာကလဲ ငါ အရဟတ္တာဒိုလ် ရတယ်လို့ မပြောဘူး။ ထောင်ပေါင်းများစွာသော နတ်ဗြဟ္မာတွေကလဲပဲ–ကျုပ် သောတာပန်ဖြစ်ပြီ၊ ကျုပ် သကဒါဂါမ် ဖြစ်ပြီ၊ ကျုပ် အနာဂါမ်ဖြစ်ပြီ၊ ကျုပ် ရဟန္တာဖြစ်ပြီလို့ ဘယ်သူမှ မပြောဘူး။ မိမိတို့ရတဲ့ မဂ်ဖိုလ်နဲ့ မိမိတို့ ကျေကျေနပ်နပ်နဲ့ပဲ တရား ပဲ့ကြိုး ပြီးသွားတာပဲ။ အဲဒါ-ကို သရုပ်ပေါ်အောင် သင်္ဂါယနာတင် မထေရ်မြတ်တွေက အဲဒီတရား ဟောလိုက်တဲ့အခါ ဤဤမျှ ကျတ် တန်းဝင်ကြတယ်ဆိုတာ ဖော်ရမယ့် ဝတ္ထုရားအတိုင်း–

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မာတာ ရာဟုလတ္ထေ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။

ရှင်ရာဟုလာ ရဟန္တာဖြစ်ပြီ။ ။ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ၊ (ဒီသုတ္တန်ကတော့ဖြင့် ဂါထာ လုံးဝ မထည့်ဘူး) ဂါထာမဖက် စကားပြေ စုဏ္ဏိယသက်သက်ဖြစ်သော ဤ အမေးအဖြေ တရားဒေသနာဆိုတဲ့ ဝေယျာကရဏ်းကို။ ဘညမာနေ၊ မြတ်စွာဘုရား ဟောကြားအပ်သည် ရှိသော် (ဟောကြားနေတုန်း ဟောကြားနေဆဲ အရှင်ရာဟုလာသည် နောက်က လိုက်ပြီးတော့ ဆပဋ္ဌက ဓမ္မဝိပဿနာနည်းနဲ့ ဝိပဿနာအလုပ် ကို တဆုံးနာယင်းက ဆက်ပြီးတော့ နောက်က လုပ်လာလို့ –) အာယသ္မာတာ ရာဟုလတ္ထေ၊ အရှင်ရာဟုလာ၏။ စိတ္တံ၊ စိတ်တော်သည်။ အနုပါဒါယ-တဏှာဒိဋ္ဌိတို့ဖြင့် မစွဲမှု၍။ အာသဝေဟိ၊ အာသဝတရားတို့မှ။ ဝိမုစ္စိ၊ ကျတ်ဝေါ်မှု လွတ်တော်မူပြီ။ (ရှင်ရာဟုလာအတွက်)

အရှင် ရာဟုလာသည် အာသဝေလေးပါးမှ ကျွတ်လွတ်သွားပြီ။ အာသဝေါဂ္နန်းနန်း ရဟန္တာဖြစ်သွားပြီလို့ပြောတာ။ ဒါဖြင့် ကျန်တဲ့ ထောင်ပေါင်းများစွာ လိုက်လာကြတဲ့ နတ်ပြဟ္မာတွေကော လို့ ဆိုတော့-

အနေကာနဉ္စ ဒေဝတာ သဟာဿာနံ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ 'ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ'န္တိ။

အနေကာနဉ္စ ဒေဝတာသဟာဿာနံ၊ ထောင်ပေါင်းများစွာ ထိုနတ်ပြဟ္မာတို့၏ သန္တာန်မှ လဲပဲ။ ယံကိဉ္စိ သမုဒယဓမ္မံ၊ ဖြစ်သမျှညဆုံ အလုံးစုံသော ဇာတ်အစုဟာဖြင့်။ သဗ္ဗံ တံ နိရောဓဓမ္မန္တိ၊ အားလုံး ချုပ်ငြိမ်းခြင်းသဘော ရှိကြတာပဲ-လို့ အဲဒီလို ဘယ်နတ် ဘယ်ပြဟ္မာမှ ဖျက်မရတဲ့ အသိဉာဏ် ဖြစ်တယ်တဲ့။

ဓမ္မစက္ခုံ၊ အချို့.အချို့.သောနတ်ပြဟ္မာတို့၌ သောတာပတ္တိမဂ်ဉာဏ်၊ အချို့.အချို့.သော နတ်ပြဟ္မာတို့၌ သကဒါဂါမိမဂ်ဉာဏ်၊ အချို့.အနာဂါမိမဂ်ဉာဏ်၊ အချို့.အရဟတ္တမဂ်ဉာဏ် လို့ ဆိုတဲ့ ဓမ္မစက္ခု သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

ဒီစာပိုဒ်က တရားနာရန် လိုက်လာတဲ့ ထောင်ပေါင်း များစွာ နတ်ပြဟ္မာတွေထဲမှာ တချို့.သောတာပန် တချို့.သသဒါဂါမ် တချို့.အနာဂါမ် တချို့.ရဟန္တာ ဖြစ်တယ်တဲ့။ တရားပြီးဆုံးပြီ။

တရားပေါင်းချုပ်နိဂုံး

ဤသို့လျှင် အရှင်ရာဟုလာနဲ့ ပတ်သက်တဲ့တရားပေါင်းချုပ် အစ အလယ် အဆုံး သုံးကြိမ် တိုင်တိုင် နာကြားရတဲ့ ဓမ္မဿဝန ကုသိုလ်ကောင်းမှု စေဘနာ, သရဏဂုံ သီလ ဆောက်တည်ရခြင်း သီလမယကောင်းမှု ကုသိုလ်ကံ စေတနာ, ဘုရား သာသနာကို ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ နှစ်ပါ-တို့ဖြင့် ချီးမြှောက်ရတဲ့ သာသနာ-နုဂ္ဂဟကောင်းမှု ကုသိုလ်ကံ စေတနာ, အရှင်ရာဟုလာတို့ နှလုံး သွင်းတဲ့နည်းတူ ဒွါရ အာရုံ ဝိညာဏ် ဖဿ ဖဿပစ္စယနာမ်ခန္ဓာ ဆိုတဲ့ ဆပဉ္စကတရားအစုတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာ နှလုံး ကျင့်သုံးရတဲ့ ဘာဝနာမယ ကုသိုလ်ကံ စေတနာ ဤသို့ ပေါင်းအပ် မျှားမြတ်သော ကောင်းမှု ကုသိုလ် အရပ်ရပ်တို့ ကြောင့် အရှင်ရာဟုလာ မထေရ်မြတ်တို့ မျက်မှောက်ပြုအပ်သော သန္ဓိလက္ခဏာ အစုတိရသ အနိမိတ္တ ပစ္စုပ္ပဋ္ဌာန် ရှိသော အာသဒ်တ ဓာတ် နိဗ္ဗာန် ပရမတ်ကို မပင်မပန်း ချမ်းသာလွယ်ကူတဲ့ အကျင့် ပဋိပတ် လျင်မြန်သော အာသိညာဏ် ရည်သန် တောင့်တရင်း ရှိသော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် တို့ဘတွေ့ မျက်မှောက် ပြုရတဲ့ကိုယ် ဖြစ်ပါလိုကုန်၏။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရတဲ့ကိုယ် နောက် ဆုံး ပစ္ဆိမဘဝဝယ် ပရိနိဗ္ဗာန ရဟန္တာတို့၏ စုတိစိတ်မှ အခြားမဲ့ ဖြစ်သော နောက်ကာလဝယ် တစုံတခုသော ဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ သတ္တနိကာယမှာမှ ရုပ်နာမ် နှစ်ဖြာ ခန္ဓာ ငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တဖန် အသစ်မဖြစ်ခြင်း ဆို

တဲ့ အနုပ္ပါဒ နိရောဓ, အနုပါဒါပရိနိဗ္ဗာန် ကိုယ်ဇီစံရ ပါလိုကုန်၏။ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရ ပါစေကုန်သတည်း။

အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ် ကိလေသဝဋ် ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက် မီးပုံကြီး အပြီးတိုင် ငြိမ်းရပါစေ ကုန်သတည်း။

သာဓု....သာဓု . သာဓု....။

ရှင်ရာဟုလာ တရားပေါင်းချုပ်

ပြီး၏။

အရဏဝိဘင်္ဂသုတ္တန် ဟရေးတော်

ဆင်းရဲကင်းကွာ ချမ်းသာစွာနေနိုင်ရန် ရည်ရွယ်
ဟောကြားတော်မူခြင်း

ကောဇာသက္ကရာဇ် ၁၃၃၇-ခု၊ သာသနာတော် ၂၅၁၉-နှစ်၊ တပို့တွဲလ ပြည့်ကျော် (၈)ရက်နေ့ည၊ တောင်ငူမြို့ မြို့နယ်လုံး ဆိုင်ရာ သုဓမ္မာပရိယတ္တိ ၇-ကြိမ်မြောက် စာမေးပွဲကြီး၌ ဟောကြားအပ်သော ဥပရိပဏ္ဏာသ ပါဠိတော်မှာလာတဲ့ အရဏဝိဘင်္ဂသုတ္တန်....တဲ့။ သုတ္တန် တခု၊ ဟောကြ နာကြ ရအောင်။

အရဏဝိဘင်္ဂသုတ္တန်ဆိုတာ ပါဠိစကားပါ။ ဗမာလိုပြောယင် ဆင်းရဲနဒုက္ခတည်းဟူသော မြို့ ကင်းကင်းရှင်းရှင်းနဲ့ နေနိုင်ကြောင်း တရားတော်ကို ခွဲခြားပြီးတော့ ဟောပြတဲ့ သုတ္တန်ဖြစ်ပါတယ်။ ဆင်းရဲကင်းကွာ ချမ်းသာစွာနေနိုင်ကြောင်း တရား ၆-ပါးကို ခွဲခြားပြီးတော့ ဟောပြတဲ့ သုတ္တန်ဖြစ်ပါတယ်။

ဒီသုတ္တန်ကို မြတ်စွာဘုရား သာဝတ္ထိပြည်မှာနှိုး ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့အခိုက် အတွင်္ဂါသယလို့ ဘုန်းကြီးတို့ စာအခေါ်က ခေါ်ပါတယ်။ မြတ်စွာဘုရားသည် ကိုယ်တော်၏ အလိုဆန္ဒအတိုင်း တပည့်သာဝကတွေ့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေနိုင်ကြောင်း အကျင့်ကောင်းကို ညွှန်ပြသောအားဖြင့် ဟောဖော်ပြတဲ့ သုတ္တန်ဖြစ်ပါတယ်။ အဲဒီလို မြတ်စွာဘုရား သာဝတ္ထိပြည်မှာနှိုး ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့ပုံကို

အာခုံယူဖို့ရန် အရှင်အာနန္ဒာ၊အရှင်မဟာကဿပတို့က သုတ္တန်နိဒါန်းကို "ဧကံ သမယံ ဘဂဝါသာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ"လို့ နိဒါန်း ပျိုးပေးပါတယ်။

တရားစပ်ကိုသိရန် သူတော်ကောင်းတို့ တချိန်က ဘုရားရဟန်းများကိုခေါ်တော်မူခြင်း ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့ပုံကို အာခုံယူထားပါ။ ယူပြီးပါပြီ။ ဆက်၍ဘာယူရမလဲ–

တတြ ခေါ ဘဂဝါ ဘိက္ခူ။ အာမန္တေသိ ဘိက္ခဝေါ တိ။

ထိုသို့နေတဲ့အခါ မြတ်စွာဘုရားသည် ဓမ္မသဘာ ဓမ္မာရုံအတွင်း ရဟန်းတော်တွေ စုဝေးစုံညီ ထောက်ရှိတဲ့အခါမှာ အလွန်ကြည်လင်ပြတ်သား ကရုဏာပြဋ္ဌာန်းတဲ့ အသံဖြင့် "ဘိက္ခဝေါ၊ ရဟန်းတို့"အဲသလို ခေါ်လိုက်တယ်၊ ဘာပြုလို့ခေါ်ရတုန်းဆိုတော့ ဘုရားလက်ထက်က ကိုယ်တော်တွေ့ ဒီ ဓမ္မသဘာ ဓမ္မာရုံအတွင်း စုဝေးပေမယ်လို့ တရားနှလုံး ကျင့်သုံးနေကြတယ်။အောက်မေ့နေတယ်၊ ဘုရားဂုဏ် အောက်မေ့နေတယ်၊ တရားဂုဏ် အောက်မေ့နေတယ်။ မိမိတို့ဆိုင်ရာတရားနှလုံးကျင့်သုံးနေတော့ မခေါ်ပဲနဲ့ တရားဟောလိုက်ယင် တရားစပ်မသိမှာစိုးလို့ 'ဘိက္ခဝေါ'လို့ ခေါ်လိုက်တယ်။

ဘိက္ခဝေါ၊ ရဟန်းတော်များ အိုချစ်သားတို့–လို့ ခေါ်လိုက်တော့ ရဟန်းတော်တွေက ပြန်ပြီးတော့ "ဘဒ္ဒန္တေ"။ တော၊ ရှင်ပင် ဘုရားအား။ ဘဒ္ဒံ၊ ကောင်းခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေ။ ဒီအဓိပ္ပါယ်နဲ့ "ဘဒ္ဒန္တေ"လို့ ပြန်ကြတယ်။ အဲဒီလို ရဟန်းတော်တွေက ပြန်လိုက်ကယ်ဆိုယင်ပဲ့ မြတ်စွာဘုရားက အရဏဝိဘင်္သုတ္တန်

တရားကို ရဟန်းတော်တို့သည် တရားနာဖို့ အသင့်ရှိနေပြီဆိုတာ ထင်ရှားလာပြီ။ အရကၡဝိဘင်္သုတ္တန်တရားကို တခါထဲ ဆက်ပြီး ဟောတော့တယ်။

တရားဒေသနာ မာတိကာ

အရကၡဝိဘင်္ဝေါ ဘိက္ခဝေ့ ဒေသေဿာမိ၊ တံ သုဏာ-
ထ သာဓုကံ မနသိ ကရောထ၊ ဘာသိဿာမီ တိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို့ချစ်သားတို့။ ဝေါ၊ သင်ချစ်သား တို့အား။ ဖြရကၡဝိဘင်္ဆင်းရဲကင်းကွာ ချမ်းသာစွာ နေနိုင်ကြောင်း တရားတော်ကို ဝေဖန်ဟောပြရာဖြစ်တဲ့ အရကၡဝိဘင် နာမတ္တင်စွာ တရား ဒေသနာကို။ ဒေသေဿာမိ၊ ကရုဏာရှေထား ငါဘုရားဟောကြား ပေအံ့။ တံ၊ ထို အရကၡဝိဘင်တရားကို။ သုဏာထ၊ နာ ကြကုန်။သာ-
ဓုကံ၊ မြဲမြဲမြံမြံ။ မနသိကရောထ၊ နှလုံးသွင်းကြကုန်။ ဘာသိဿာမိ၊ သင်ချစ်သားတို့ နားမလည် နားလည်အောင် အကျယ်ဟဝင့် ငါ ဘုရား ဟောပြပေအံ့။

ချစ်သားတို့ အရကၡဝိဘင်ဆိုတဲ့ ဆင်းရဲကင်းကွာ ချမ်းသာစွာ နေနိုင်ကြောင်း တရားများကို ခွဲခြားဖော်ပြတဲ့ ဓမ္မဒေသနာ ချစ်သား တို့အား ငါဘုရားဟောမယ်။ အဲဒီအရကၡဝိဘင်တရားကို ချစ်သားတို့ နားထောင်ကြပါ။မြဲမြဲစိတ်ထဲမှာလဲပဲ နှလုံးသွင်းထားကြပါ။ ငါဘုရား သည် ချစ်သားတို့ နားမလည် လည်အောင် အကျယ်တဝင့်ကို ဟော ပေးမယ်။အား အဲဒီလို မြတ်စွာဘုရားက အမိန့်လဲရှိလိုက်ရော ရဟန်း တော်ဓတ္တက "ဧဝံ ဘန္တေ။" ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံ၊ ကောင်းပါ ပြီ။ "ကောင်းပါပြီ မြတ်စွာဘုရား" အဲဒီလို စကားတော်ပေးလိုက်တယ်။ အဲဒီလို စကားတော်ပေးပြီးရော မြတ်စွာဘုရားသည် တရားသဘင်ကို ဟောပြီ။

နကာမသုခမနုယုဉ္ဇေယျ ဟိနံ ဂမ္မံ ပေါထုဇ္ဇနိကံ အနရိယံ အနတ္ထသံဟိတံ၊ နစ အတ္တကိလမထာနုယောဂမနုယုဉ္ဇေယျ၊ ဒုက္ခံ အနရိယံ အနတ္ထသံဟိတံ။ ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

မာတိကာခင်းနေတယ်။

ဆင်းရဲကြောင်းတရား။ ။ချစ်သားတို့။ ဟိနံ၊ အညံစားဖြစ်သော။ ဂမ္မံ၊ ရိုင်းပြသော။ ပေါထုဇ္ဇနိကံ၊ပုထုဇဉ်တို့ရဲ့ အလေ့အကျင့်သာဖြစ်သော။ အနရိယံ၊ အရိယာတို့ရဲ့ အကျင့်မျိုး မဟုတ်သော။ အနတ္ထသံဟိတံ၊ အကျိုးမဲ့နဲ့စပ်စေ့ကာမသုခကို အားမထုတ်ရ။

ဆင်းရဲကြောင်းဒုက္ခ၊ သူ့ကိုယ်က ဆင်းရဲနေတဲ့ဒုက္ခ၊ အရိယာတို့ရဲ့ ဥစ္စာမဟုတ် ဒုကျိုးမဲ့နဲ့စပ်တဲ့ မိမိကိုယ်ကို ပင်ပန်းအောင် အားထုတ်မှုဆိုတဲ့ အတ္တကိလမထာနုယောဂ အလုပ်ကိုလဲပဲ အားမထုတ်ရဖူးတဲ့၊ အားမထုတ်နဲ့။ အဲဒီဒုစရိုက်သုံးပါးကို မကပ်ရောက်မှုရှိ မဇ္ဈိမပဋိပါဒ်ကို သင်တို့ဆရာ ငါဘုရားသည် ပိုင်းပိုင်းခြားခြား သိထားအပ်ပြီ။ ယင်း မဇ္ဈိမပဋိပါဒ် ဆိုကြပါစို့။

အသိညာဏ်ဖြစ်ကြောင်းတရား။ ။စက္ခုကရဏီ၊ အသိညာဏ်မျက်စိကို ပြုဖော်တယ်။ ဉာဏကရဏီ၊ အသိညာဏ်ကို ပြုတတ်တယ်။ ဥပသမာယ၊ ကိလေသာဒုက္ခခပ်သိမ်းငြိမ်းအေးဖို့ရန်ဖြစ်တယ်။ အဘိညာယ၊ ထူးသော ဉာဏ်အမြင်ဖြစ်ဖို့

ရန် ဖြစ်တယ်။ သမ္မောဓေယျ၊ မင်ဉာဏ်လေးပါးဖြစ်ဖို့ရန် ဖြစ်တယ်။ နိဗ္ဗာနာယ၊ ကိလေသ ပရိနိဗ္ဗာန်၊ ဒုက္ခပရိနိဗ္ဗာန် ငြိမ်းဖို့ရန် ဖြစ်တယ်။

အရဏတရား ၆-ပါး အကျဉ်း

ဒါတရားမာတိကာပဲ။ ကိုင်း-- ဒါက ပါဠိနဲ့မြန်မာ ပါဠိအလိုက် မြန်မာပြောနေတာ။ အရပ်ထဲက ပြောသလုံးပြောယင်း—

မဇ္ဈိမပဋိပဒါလမ်း။ ။ချစ်သားတို့၊ ကာမသုခလွတ်ကာနှုယောဂဆိုတဲ့ လိုက်ရန် လက်ယာအစွန်းလဲပဲ မလိုက်စားကြနဲ့၊ အတ္တကိလမထာနုယောဂ ဆိုတဲ့ လက်ဝဲစွန်းလဲပဲ မလိုက်စားကြနဲ့။ ဘာပြုလို့တုန်း၊ ကာမသုခလွတ်ကာနှုယောဂဆိုတဲ့ လက်ယာအစွန်းလဲပဲ ဆင်းရဲနဲ့မကင်းကွာဘူး အတ္တကိလမထာနုယောဂ ဆိုတဲ့ ဒီလက်ဝဲစွန်းလဲပဲ ဆင်းရဲဒုက္ခနဲ့ မကင်းကွာဘူး။ အဲဒီတော့ ဆင်းရဲဒုက္ခနဲ့တကွဖြစ်တဲ့ တရားတော်ပြစ်လို့ အဲဒီတရားနှစ်ပါး ချစ်သား ချစ်သမီးတို့ မလိုက်စားကြနဲ့။ မဇ္ဈိမပဋိပဒါဆိုတဲ့ မဂ္ဂင်ရှစ်ပါးတရား ကိုသာ ချစ်သား ချစ်သမီးတို့ အားထုတ်ကြ။ ဆိုလိုယင်းက ဒါပဲ။

(၁) အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွားမဇ္ဈိမ။

အယုတ်နှစ်ပါး မလိုက်နဲ့၊ မဇ္ဈိမပဋိပါဒ်လမ်းကိုလိုက်ယင် အဲဒီ အမျိုးသား၊ အဲဒီအမျိုးသမီး၊ အဲဒီရှင်၊ အဲဒီလူသည် ချမ်းသာရော၊ ဒါကိုဆိုလိုတယ်။အေး-ပီးတော့မှ တပတ်ပြန်လည်ရဓအာင်-

ဥဿာဒနဉ္စ ဇညာ၊ အပဿာဒနဉ္စ ဇညာ၊ ဥဿာဒနဉ္စ ဥတ္ဝာ အပဿာဒနဉ္စ ဥတ္ဝာ နေဝုဿာဒေယျ နာ အပဿာဒေယျ ဓမ္မမေဝ ဒေသေယျ။

မနှိမ်ချ မမြောက်စားရန်။ ။ဘယ်လိုလုပ်ယင် မြောက်ပင့်တာ ဆိုတာလဲပဲ သိရတယ်။ ဘယ်လိုပြောယင် နှိမ်တယ်၊ နှိမ်ဘာမည်တယ်ဆိုတာကိုလဲပဲ သိရတယ်၊ အဲဒီလို ဘယ်လိုပြောပယင် မြောက်တယ်ဆိုတာသိပြီး၊ ဘယ်လိုပြောယင် နှိမ်တယ်ဆိုတာ သိပြီးတော့ မမြောက်ပါနဲ့၊ မနှိမ်ပါနဲ့၊ တရားပဲဟောပါတဲ့။ အဲဒီအတွက် မာတိကာ လက်ခံမျှပ်လိုက်ယင်-

(၂) မမြောက်မမား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။

ဒါလို ဒုတိယမာတိကာ ရမယ်။

သုခဝိနိစ္ဆယံ ဇညာ၊ သုခဝိနိစ္ဆယံ ဉ တွာ အဇ္ဈတ္တံ သုခ-
မနုယုဉ္ဇေယျ။

အဇ္ဈတ္တသုခကို သုခအာဆုံးအဖြတ်ကို နားလည်ရ သိရမယ်တဲ့။
ပွားမျာ ရန် ဒီသုခက အဇ္ဈတ္တသုခ၊ ဒီသုခက ဗဟိဒ္ဓသုခလို့
အဲဒီလို နားလည်ပြီးတဲ့နောက် အဇ္ဈတ္တသုခကို
ပွားများပါ။

ချမ်းသာစွာနေနိုင်ကြောင်းတရား

(၃) သုခန္နှင်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများအဇ္ဈတ္တာ။

ရဟောဝါဒံ နု ဘာသေယျ။ သမ္မုခါ နု ခီဏံ ဘဏော။

အတင်းမမြောရန်။ ။ရဟောဝါဒံ၊ မျက်ကွယ်၌ သူ့အတင်းကို။
နု ဘာသေယျ။ မပြောဆိုရာ။ သမ္မုခါ၊ မျက်မှောက်၌။ ခီဏံ၊ ရွတ်ချတဲ့စကားကို။ နု ဘဏော၊ မပြောဆိုရာ။

(၄) မျက်မှောက်မျက်ကွယ်၊ ဣန်စွယ်၊ ဆိုဖွယ်သိတတ်လျှ။
တခုခုလာပြန်ပြီ-

အတရမာနော၀ ဘာဓေသျှ နော တရုမာနော။

အဆောတလျင်မပြောရန်။ ။အတရမာနော၀၊ ဆောဆောလျင်လျင် မဟုတ်ပဲသာယူ။ ဘာသေသျှ၊ ပြောဟောရာ၏။ တရမာနော၊ ဆောဆောလျင်လျင် ဖြုံလျက်၊ နော ဘာသေသျှ၊ မပြောဟောရာ။

(၅) မလျင်မဆော၊စကားပြော၊မလျင်မဆော၊တရားဟော၊ ပြေချောစမ္ဘသိမ်စွ။

စကားပဲပြောပြော၊ တရားပဲဟောဟော မလျင်မဆောပြောပါ၊ မလျင်မဆော ဟောပါ။ အရေးတကြီး ပျာယီပျာရာနှင့် မပြောပါနဲ့၊ အရေးတကြီး ပျာယီပျာရာနှင့် တရားမဟောပါနဲ့။ အေး.... ဟောတဲ့ အခါမှာ ချောချောပြေပြေ သိမ်သိမ်မွေ့မွေ့ဟောပါ။ အဲဒီလိုဆိုယင် ဒီပုဂ္ဂိုလ် မဆင်းရဲဘူး....တဲ့။

ဇနပဒနိရုတ္တိ နာဘိနိဝေသေယျ။ သမညံ နာတိမာနဝေယျ။

(၆) အနုပ်စကား၊ မလွန်ပြား၊ ဖခြောက်ပါး အရာ။

ဒေသသုံး ဝေါဟာရကို ဇနပဒနိရုတ္တိ၊ မိမိတို့ ဇနပုဒ်တိုက်နယ်၌ မပြင်းရန် သုံးစွဲတဲ့ ဝေါဟာရကို။ နာဘိနိဝေသေယျ၊ အကြိတ်အခဲ ငါ့ဥစ္စာမှမှန်တယ်လို့ အပြင်း အထန် နှုလုံးမသွင်းရာ။ သမညံ၊ ထိုကိုအရုပ်၌ ခေါ်ဝေါ်သုံးစွဲတဲ့ ဝေါဟာရပညတ်ကို။ နာတိမာနဝေယျ၊ မကျူးကျော်ရာ။

အေး.... ထိုဆိုအရုပ်ဒေသရောက်သွားတဲ့အခါ ထိုတိုအရုပ်ဒေသက သုံးစွဲတဲ့ ဝေါဟာရစကားကို ကိုယ်ကလွန်ဆန်ပြီး မပြောနဲ့။

အယမုဒ္ဒေသော အရဏ ဝိဘင်္သ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား အရဏဝိဘင် သုတ္တန်ရဲ့ ဥဒ္ဒေသမာတိကာပါတဲ့။ ပါဠိလို တပည့်တော်တို့ ဘယ်သိမလဲ၊ ဗမာလိုပြောရအောင်။

(၁) အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွားမဇ္ဈိမ။

(၂) မမြောက်မစား၊ မနှိမ်ငြား၊ တရားဟောဖေါ်ပြ။

(၃) သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများအဇ္ဈတ္တ။

(၄) မျက်မှောက်မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။

(၅) မလျင်မဆော စကားပြော၊ မလျင်မဆော တရားဟော၊ ပြေချောမွေ့သိမ်ဖွဲ့။

(၆) အရပ်စကား၊ မလွန်ငြား၊ ဩဝါဒပါးအရဏ။

ဒီဟာ မာတိကာပါတဲ့။

အရဏတရား ၆-ပါးအကျယ်

အဲဒီမှ မြတ်စွာဘုရားက ဆက်ပြီးတော့ -

'နကာမသုခမနုယုဉ္ဇေယျ ဟီနံ ဂမ္မံ ပေါထုဇ္ဇနိကံ အနရိယံ အနတ္ထသံဟိတံ၊ နစ အတ္တကိလမထာနုယောဂမနုယုဉ္ဇေယျ ဒုက္ခံ အနရိယံ၊ အနတ္ထသံဟိတ'န္တိ၊ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။

ချစ်သားတို့၊ အစွန်းနှစ်ပါး မလိုက်ကြနဲ့လို့ ငါဘုရားဟောတာ၊ အာ ကို အကြောင်းပြုပြီး ဟောတာမှတ်သလဲ၊ ဘာကိုအစဲပြုပြီး ဟောတာ မှတ်သလဲ။

ယော ကာမပဋိဂ္ဂါဒိသုခိနော သောမနဿာနုယောဂါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အရိယော အနတ္ထသံဟိတော၊

သဒုက္ခော ဧသော ဓမ္မော သဥ္ဇဃာတော သဥ္ဇပါယာသော သပရိဠာဟော မိစ္ဆာ ပဋိပဒါ၊ ယော အတ္တကိလမထာနုယော-ဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော၊ သဒုက္ခော ဧသော ဓမ္မော သဥ္ဇဃာတော သဥ္ဇပါယာသော သပရိဠာ-ဟော မိစ္ဆာပဋိပဒါ။

ပဉ်ပန်းမှုနဲ့ ရတဲ့သုခ။ ။ချစ်သားတို့၊ ကာမသုခလို့ကာနုယောဂလို့ ခေါ်တဲ့ ဝတ္ထုကာမနဲ့ စပ်၍ဖြစ်တဲ့ သုခ-သောမနဿကို ရရာရကြောင်း အားထုတ်မှုဆိုတဲ့ လက်ယာအစွန်းဟာလဲ အလွန်ဆင်းရဲတယ်၊ သုခချည်းပဲရမှာ မဟုတ်ဘူးတဲ့၊ အဲဒီသုခ ရယူလိုတဲ့အတွက် မိမိတို့မှာ ဒုက္ခကခံရတယ်။ ဒီသုခသည် ဒုက္ခနဲ့တွဲလျက် ရတဲ့သုခတဲ့။ ပင်ပန်းမှုနဲ့ ရတဲ့သုခတဲ့၊ ပူပန်မှုနဲ့ရတဲ့ သုခတဲ့၊ အေး.... ပဋိပတ်အနေနဲ့ပြောယင် အဲဒါ ဖောက်ပြန်မှုးယွင်းသော အကျင့်ပဋိပတ်ဖြစ်တယ်။

ကိုယ်ကိုပင်ပန်းအောင်။ ။ထို့အတူပဲ၊မိမိကို ယ်ကို ပင်ပန်းအောင်အားအားထုတ်မှု ထုတ်မှုဆိုတဲ့ အတ္တကိလမထာနုယောဂ် က ဗမာပြည်အနေနှင့်က သိပ်မထင်ရှားဘူး၊ ဟို အိန္ဒိယကျတော့ ထင်ရှားတယ်။ ဒီကိုယ်ထဲက လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာတွေ အကုန်လုံး ကုန်အောင်လို့တဲ့ဗျာ။ တကတဲ့ သံစူးတွေပေါ် ထိုင်နေတယ်။ အိပ်ကော့လဲ ဒီသံစူး သံချွန်တွေပေါ် အိပ်တယ်။ "ကဏကာဝသယ်" လို ခေါ်တယ်။

အေး.... ကိုယ်ထဲကရှိတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာတွေ ကျမ်းသွေးအောင် ချေပ်သွေးအောင်ဆိုပြီးတော့ နေ့မှန်းတည့်ရှိန်ရှိန်မှာ အဖျက်ဘက်က မီးပုံကြီးတဖို့၊ အနောက်ဘက်မှာ တဖို့၊

တောင်ဘက်တဖို့၊ မြောက်ဘက်တဖို့ လေးမျက်နှာ မီးဖိုကြီးတွေထား ပြီးတော့ နေတာ။ အထက်ကလဲပဲ နေပူ၊ လေးမျက်နှာကလဲ မီးပူနဲ့ ဒါ "ပဥ္စာတပ" အကျင့်လို့ခေါ်တယ်၊ အဲဒီလိုကိုယ့်ကိုယ်ကို ဆင်းရဲအောင် လုပ်တာကို "အတ္တ ကိလမထာနုယောဂ" အဲဒီ အတ္တကိလမထာနုယောဂ ဆိုတာက "လုပ်ဒုက္ခ" လို့ ဆိုကတဲ့က ဆင်းရဲဒုက္ခ ပါလာတဲ့ ဖောက်ပြန် မှားယွင်းသော မိစ္ဆာပဋိပဒါပဲ ဖြစ်တယ်တဲ့။

ဒါကြောင့် ချစ်သားတို့ကို အယုတ်နှစ်ပါး မလိုက်စားကြနဲ့လို့ ငါဘုရားဟောတာ။ ဒါ စာလာအတိုင်းပြောတာပေါ့။

ဆိုပါစို့၊ ကာမသုခလွတ်ကာနုယောဂကို အရပ်ထဲက လူတွေနား လည်အောင် အရပ်စကားနဲ့ ပြောလို့ရှိယင် အဝတ်မှာ ကောင်း ကောင်းဝတ်ချင်တယ်။ ကောင်းကောင်းဝတ်ချင်တယ် ဆိုလို့ရှိယင် ကောင်းကောင်း ဝတ်လို့ရမယ့် သုခက နည်းနည်းရယ်။ သို့သော် ဒီကောင်းတာကို ဝတ်ချင်တဲ့အတွက် ရှာလိုက်ရတဲ့ ပရိယေသနဒုက္ခ တွေ၊ အလွန်ကိုရှာရတယ်။

ဒါကြောင့် ဒီကာမသုခကို ဝတ္ထုကာမနှင့်စပ်၍ ဖြစ်တဲ့ သုခကို ချစ်သားတို့၊ ချစ်သမီးတို့ မလိုချင်ပါနဲ့။ ဘာပြုလို့တုန်း၊ ဒီဝတ္ထုကာမ နဲ့ စပ်၍ဖြစ်တဲ့ ချမ်းသာသုခဟာ ဒုက္ခနဲ့ ဘယ်သုခမှ မကင်းဘူး။ ဒုက္ခနဲ့ရင်းနှီးရဘာ။ အင်း ဝတ္ထုကာမမှီဝဲ၍ ဝတ္ထုကာမ သုံးစွဲ၍ရတဲ့ စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှုဆိုတာကို ကာမသုခလွတ်ကာနုယောဂ လို့ ခေါ်တယ်နော်။

အော်-အဲဒီဟာကို ကြိုးစားအားထုတ်ယင် ဆင်းရဲမှာတော့သေချာ တယ်။ အဲသလိုဆင်းရဲတဲ့ တရားနို့လို့ ချစ်သားတို့၊ ကာမသုခလွတ်-

ကာနုယောဂဘက်လဲ မလိုက်ကြနဲ့။ ဆင်းရဲတဲ့တရားမို့လို့ အတ္တကိ-လမထာနုယောဂကိုလဲ မလိုက်ကြနဲ့။ သူတို့ကို အယုတ်နှစ်ပါးလို့ ခေါ်တယ်။ မလိုက်ပဲနဲ့ ဓမ္မိမပဋိပဒါ မဂ္ဂင်ရှစ်ပါးကိုပဲ ပွားကြ။

မဂ္ဂင် ဂ-ပါး မီးရထားဥပမာ

မဂ္ဂင်ကရှစ်ပါးမို့လို့ ရှစ်မျိုးတောင်မှ အလုပ်ကိုခဲခဲယဉ်းယဉ်းလုပ်ရမှာလား၊ မဟုတ်ပေါင်။ ဒီမဂ္ဂင်ရှစ်ပါးဖြစ်အောင် ကြိုးစားတာက မီးရထားလိုပေါ့။ မီးရထားမှာ ခေါင်းတဲ့ကသာ ယမ်းမှုန့်ပါစေ၊ နောက်ကကုန်တဲ့တွဲဟာ ကခါထဲ ခေါင်းတဲ့နောက်က လိုက်တာချည်းပဲ။ ဒေး-ခေါင်းတဲ့က လမ်းမချော်နဲ့ ချော်ယင် နောက်တဲ့တွဲကလဲ အကုန်ချော်ကုန်ရော။ အဲဒါလိုပဲ ဒီ ဒိဋ္ဌိဆိုတဲ့ အသိအမြင်က မမှားပါစေနဲ့၊ ဒိဋ္ဌိဆိုတဲ့ အသိအမြင်က မမှားလို့ သမ္မာဒိဋ္ဌိဖြစ်ယင် နောက်က ကျန်တာကလဲပဲ သမ္မာသင်္ကပ္ပ=ကောင်းသောအကြံစကားကလဲ ကောင်းတာပဲပြောလိမ့်မယ်၊ အလုပ်ကလဲ ကောင်းကံမှုကလဲ ကောင်းတာပြုလိမ့်မယ်။ သမ္မာကမ္မန္တဖြစ်မယ်ပေါ့။

ဆိုပါစို့၊ ဒီသမ္မာဒိဋ္ဌိဖြစ်အောင် အဓိကကြိုးစား၊ သမ္မာဒိဋ္ဌိဖြစ်ယင် နောက်ပိုင်းကလို ဘိယာမယ့် နောက်တဲ့တွေက သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ အဲဒီနောက်တဲ့တွေက ကခါထဲ အကုန်လုံး သမ္မာမဂ္ဂင်တွေလိုက်လာတယ်။ အဲဒီလိုဆိုယင် မိမိမှာ သေချာတယ် မဆင်းရဲဘူး။

သမ္မာဒိဋ္ဌိဖြစ်အောင်လုပ်နည်း။ ။ဒါဖြင့် သမ္မာဒိဋ္ဌိ ဖြစ်အောင် ဘယ်လိုလုပ်ရမလဲ။ စာဖတ်လက်လွတ်စကား ပြောလို့မဖြစ်ဘူး။

ကတမံ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။

ချစ်သားတို့ သမ္မာဒိဋ္ဌိဆိုတာ ဘယ်တရားလဲ၊ မဟာသတိပဋ္ဌာန သုတ်မှာ -

ဒုက္ခေ ညာဏံ၊ ဒုက္ခသမုယေ ညာဏံ၊ ဒုက္ခနိရောဓေ ညာဏံ၊ ဒုက္ခ နိရောဓဂါမိနိပဋိပဒါယ ညာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ -

လို့ ဟောတော်မူတယ်။

ဒုက္ခကို ဒုက္ခမှန်းသိတဲ့ဉာဏ်၊ ဒုက္ခသမုဒယကို ဒုက္ခသမုဒယမှန်းသိတဲ့ဉာဏ်၊ ဒုက္ခရဲ့ချုပ်ရာ နိဗ္ဗာန်သစ္စာကို နိရောဓသစ္စာမှန်းသိတဲ့ဉာဏ်၊ ဒါမှဒုက္ခရဲ့ချုပ်ရာပဲ တခါ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာခေါ်တဲ့ မဂ္ဂသစ္စာကို ပြော်—ဒီမဂ္ဂသစ္စာမှ ဒုက္ခရဲ့ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း တကယ့်အကျင့်ကောင်းပါလားလို့ သိရမယ်။ ဟေး - သစ္စာလေးပါး တရားကိုသိရမယ်၊ ဆင်ခြင်ရမယ်၊ အဲဒီလိုသိမှ ဆင်ခြင်မှဟာတဲ့—

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ၊ သစ္စာလေးပါးကိုသိတဲ့ အသိဉာဏ်လေးပါးကို သမ္မာဒိဋ္ဌိခေါ်တာတဲ့၊ ဒီတော့ စဉ်းစားကြည့်ပါ၊ ပဂ္ဂိုလ်တယောက်သည် ဒုက္ခသစ္စာကိုကြည့်တယ်။

သစ္စာ ၄-ပါး။ ။ပြော်—ပဋိသန္ဓေနေရတာ၊ အိုရတာ၊ နာရတာ၊ ပေးရတာ ဒါဒုက္ခပဲ၊ ဒါအခြေခံလူတိုင်း လူတိုင်း မရှောင်နိုင်တဲ့ဒုက္ခ။ မချစ်မနှစ်သက်အပ်တဲ့ သတ္တဝါ သခင်ရတို့နှင့် ယှဉ်တွဲရခြင်း၊ ချစ်နှစ်သက်အပ်သော သတ္တဝါ သခင်ရကို့နဲ့ သေကွဲရှင်ကွဲ ကွဲရခြင်း၊ ကိုယ်အလိုရှိတာ မရခြင်း၊ ဟေး....အကျဉ်းချုပ်

ပြောရလို့ရှိယင် ဥပါဒါနက္ခန္ဓာငါးပါးသည် ဒုက္ခသစ္စာပါတကား၊ အဲဒီလို အောက်မေ့စမ်းပါ။ အဲဒီလို နှုလုံးသွင်းစမ်းပါ။ အဲဒီလို စိတ်က ပါလာအောင် အဲဒီအကြောင်းကို ပါးစပ်နဲ့ ရွတ်ဆိုပြီးဟာ့ နှုလုံးသွင်းစမ်းပါ။

ပဋိသန္ဓေ၊ အိုနာဇသဟု၊ လေးထွေရင်းမြစ်၊ ဒုက္ခဖြစ်၏၊ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနဲ့၊ လိုလဲမရ၊ အကျဉ်းပြသော်၊ ပဉ္စဥပါဒါန်၊ ငါးခန္ဓာ၊ သစ္စာ ဒုက္ခ မှန်မောလှ။

အဲဒီလို ဆင်ခြင်နေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဒုက္ခသစ္စာဉာဏ်ဖြစ်တယ်၊ ဒုက္ခသစ္စာဉာဏ်ဖြစ်ယင် သမ္မာဒိဋ္ဌိဖြစ်မယ်။ သမ္မာဒိဋ္ဌိဆိုတာ ဒုက္ခ ဉာဏ်၊ ဒုက္ခသစ္စာကိုသိတဲ့ဉာဏ်၊ ဒုက္ခသမုဒယဉာဏ်၊ သမုဒယသစ္စာကို သိတဲ့ဉာဏ်၊ ဒုက္ခနိရောဓဉာဏ်၊ နိဗ္ဗာန်သစ္စာကို သိတဲ့ဉာဏ်၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါယ ဉာဏ်၊ မဂ္ဂသစ္စာကို သိတဲ့ဉာဏ်၊ အဲဒါကို သမ္မာဒိဋ္ဌိလို့ခေါ်တယ်။ သုံးလုံးအုံး၊ ဟိုသမုဒယသစ္စာကျတော့—

ဒုက္ခဖြစ်ကြောင်း၊ မကောင်းတဏှာ၊ လောဘမှာ၊ သစ္စာ သမုဒယ... မှန်မောလှ။

သြော်....ဒုက္ခဖြစ်ပို့ရန် အခြေခံအကြောင်းဖြစ်တဲ့ မကောင်းသော တဏှာ၊ လောဘတရား၊ တဏှာသုံးပါး ဒီတရားဟာဖြင့်ယင် ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာပါလား။ ဒုက္ခဖြစ်ကြောင်း၊ မကောင်းတဏှာ၊ လောဘမှာ၊ သစ္စာသမုဒယ... မှန်မောလှ။

အဲဒီ ဥစ္စာကို ပါးစပ်ကလဲဆိုရှု စိတ်ကလဲပဲ အဲဒီကိုယ့်အသံဆိုတဲ့ နောက်ကို စိတ်ကလဲ ဝင်ကာဝင်ကာလိုက်ပါစေရှု အောက်မေ့သိရှိနေယင် အဲဒီပုဂ္ဂိုလ်သည် သမုဒယသစ္စာကို ပွားနေတဲ့ပုဂ္ဂိုလ်။

၊တဏှာခယုပ်ရာ၊ နိဗ္ဗာန်ဟာ၊ သစ္စာနိရောဓ၊မှန်မောလှ။

တဏှာသုံးပါးရဲ့ခယုပ်ရာ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားသည် နိရောဓသစ္စာပါလား၊ နိဓရောဓကောန် အမှန်ပါတကားလို့ အဲဒီလိုသိတဲ့ဉာဏ်ကို နိရောဓသစ္စာဉာဏ်၊သမ္မာဒိဋ္ဌိလို့ ခေါ်တယ်။

ကောင်းတာလုပ်ယင် မဂ္ဂင်

နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းသောအသိ၊ ကောင်းတဲ့အကြံ၊ ကောင်းတန်ဆိုပြော၊ ကောင်းသောအပြု၊ ကောင်းမှုသက်မွေး၊ ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းတဲ့တည်ကြည်၊ ဤရှစ်မည်၊ တူညီမဂ္ဂ၊ မှန်မောလှ။

ကြော်....နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ အသိကောင်း၊အကြံကောင်း၊ အပြောကောင်း၊ အပြုကောင်း၊ အား-အသက်မွေးကောင်း လုံ့လကောင်း သတိကောင်း သမာဓိကောင်း. ဒီအကောင်း ရှစ်ပါးဟာ ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်တဲ့ အရိယမဂ္ဂသစ္စာပဲ၊ အဲဒီလိုသိပါ။ အဲဒီလိုသိယင် မိမိမှာ သမ္မာဒိဋ္ဌိဖြစ်နေပြီ။ သမ္မာ-ဒိဋ္ဌိဖြစ်ယင် အခုဒုက္ခပြာသလို စတုသစ္စကမ္မဋ္ဌာန်းစီးဖြန်း ဆိုတာလိုပဲ သစ္စာလေးပါးကို နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်ဟာယောင်္ကျဲရဲ့ သန္တာန်မှာ ဘယ်လိုနည်းနဲ့မှ မကောင်းတဲ့ ဝိတက်မဝင်တော့ဘူး။ ကောင်းတဲ့အကြံအစည် ကောင်းတဲ့ ဝိတက်ဝင်မယ်။ သမ္မာသင်္ကပ္ပဖြစ်မယ်။

ဒီလို ကမ္မဋ္ဌာန်း လက်မလွှတ်တဲ့ ပုဂ္ဂိုလ် တကယ်သာ ကမ္မဋ္ဌာန်းကို အာရုံရောက်ရောက် ရှယင် ပြောတဲ့စကား. မုသားအစရှိတဲ့ ဝစီဒုစရိုက်တွေ မပြောတော့ဘူးတဲ့။ ပြောယင် ဝစီဒုစရိုက်က လွှတ်တဲ့ သမ္မာဝါစာစကားမျိုးပဲပြောမယ်။

အေး-ကမ္မဋ္ဌာန်းမှာ စိတ်အာရုံပါနေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ ကာယကံဒုစရိုက်မပြုဘူး။ အေး-မပြုကဖဲက သူပြုယင် သမ္မာကမ္မန္တ ဖြင့် ကာယသုစရိုက်သာပြုတယ်၊ တကယ် တရားကို စိတ်ပါ လက်ပါ အားထုတ် နှယ်နှံးသွင်းနေတဲ့ပုဂ္ဂိုလ်ဆိုယင် အသက်မွေးမှုကလဲ မိစ္ဆာဇီဝ=ဘုရားမချီးမွှမ်းတဲ့ အသက်မွေးမှုမျိုး၊ ဇရောင်းဝယ် ဖောက်ကား မှုကိုမပြုပဲနဲ့ ဓမ္မိကဝါဏိဇ္ဇ=တရားသော ကုန်သွယ်ခြင်း၊ ပြုံးတော့ တရား သော အလုပ်လုပ်ခြင်းဖြင့် မိမိဘဝကို အသက်မွေးလိမ့်မယ်။ သမ္မာ အာဇီဝဖြစ်အောင် မွေးလိမ့်မယ်။

သမ္မာဒိဋ္ဌိဖြစ်ယင် နောက်ပိုင်းက သဟိကလဲ သမ္မာသတိ၊ ကေဂ္ဂ-တာကလဲ သမ္မာသမာဓိ။ အဲဒီလို မဂ္ဂင်ရှစ်ပါးတရားအစုဟာ ဒါ မဂ္ဂ-သစ္စာပါလား။ သမ္မာဒိဋ္ဌိတခုဖြစ်အောင် နောက်က သမ္မာဒိဋ္ဌိတခုဖြစ် အောင် အားထုတ်ယင် နောက်ကနေပြီးတော့ ကျန်တဲ့ ခုနှစ်ပါးလဲပဲ သမ္မာမဂ္ဂင်တွေ့ လိုက်လာတယ်။ အဲဒီလိုသဘ်။

အေး-အခုပြောနေတဲ့-

မစ္ဆိမပဋိပဒါ

(၁) အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွားမစ္ဆိမ။

ချစ်သားတို့၊ ချစ်သမီးတို့၊ ကာမသုခလွတ်ကာနှုယောဂဆိုတဲ့ လက်-ယာ အစွန်းကိုလဲ မလိုက်နဲ့။ ဘာပြုလို့တုန်း၊ ဆင်းရဲတယ်။ အတ္တ-ကိလမထာနုယောဂဆိုတဲ့ လက်ဝဲဘက်စွန်းလဲ မလိုက်နဲ့၊ ဘာပြုလို့တုန်း၊ သူလဲဆင်းရဲတယ်။ သူကတော့ အတ္တကိလမထာနုယောဂကိုက ဆင်းရဲ ဒုက္ခတရား။ ကာမသုခလွတ်ကာနှုယောဂဆိုဟာ ဒုက္ခနဲ့ ရင်းနှီးရတဲ့ သုခမျိုး။

ချမ်းသာစေချင်ယင် အဲဒီကာမသုခလွိကာနုယောဂဆိုတဲ့ လက်ယာ အစွန်း, အတ္တကိလမထာနုယောဂဆိုတဲ့ လက်ဝဲအစွန်း ချစ်သားချစ်သမီးတို့ မသွားနဲ့၊ မဇ္ဈိမပဋိပဒါဆိုတဲ့ မဂ္ဂင်ရှစ်ပါးလမ်းမှာတည့်နေကြ။ မဂ္ဂင်ရှစ်ပါးဆိုလို့လဲ ချစ်သားတို့ ရှစ်ကိစ္စတောင် အထူးလုပ်နေရမှာ မဟုတ်ဘူး။ သမ္မာဒိဋ္ဌိ စစ်အောင်လုပ်ယင် ကျန်တဲ့မဂ္ဂင်တွေဟာ သမ္မာမဂ္ဂင်ချည်း တခါထဲ တွဲထွက်လာလိမ့်မယ်။ ဟော-ဒါ။ အဲဒီလို ဆိုယင် ချစ်သားချစ်သမီးဟို့ ဆင်းရဲဦးမလား။ မဆင်းရဲပါဘူး၊ ဒါ အရဏတရားတပါး၊ နောက်လာလိမ့်မယ်–

မမြောက်စေး မနှိမ်ချနဲ့

(၂) မမြော်မစော၊ မဲနှိမ်ငြား၊ တရားဟောဖော်ပြ။

မြောက်တာကိုလဲပဲ ဘယ်လိုဟာကို မြောက်တယ်လို့ခေါ်တာလဲ သိရမယ်။ ဘယ်လိုဟာသည် နှိမ်တယ်လို့ခေါ်တာလဲပဲ သိရမယ်။ အဲဒီနှစ်မျိုးကို သိပြီးတော့မှ–

ဥဿာဒနဥ္စ ဇညာ၊ အပသာဒနဥ္စ ဇညာ။

မြောက်တာကိုလဲသိ၊ နှိမ်တာကိုလဲ သိပြီးတော့မှ—

နေဝ ဥဿာဒေယျ၊ န အပသာဒေယျ။

သူတဘက်သားကို မြောက်လဲမမြောက်နဲ့၊ နှိမ်လဲမနှိမ်နဲ့။

ဓမ္မမေဝ ဘာသေယျ။

တရားကိုသာပြောပါဆိုတဲ့ အဲဒီစကားအရ လက်ဝဲချုပ်လိုက်ယင်— "မမြော်မစော၊ မနှိမ်ငြား၊ တရားဟောဖော်ပြ" လို့ ဒုတိယချမ်းသာကြောင်း တရားဖြစ်တယ်။

ကဲ့-ဆိုပါစို့၊ ဟို-ပါဠိတော်က ဖွင့်စာကို ကြည့်ပြောမယ်နော်၊ စိတ်ကစောင်းပြီးတော့၊ စိတ်က ဉာဏ်ဟိုဖက်ကို ကြည့်ပြီးတော့ အရပ်စကားနဲ့ပြောကြစို့။

ပုဂ္ဂလဝံခိဋ္ဌာန်မပြော်နဲ့။ ။အရပ်ထဲမှာ မောင်ဖြူဆိုတဲ့ သူငယ်ဟာ အင်မတန်တော်တယ်၊ ရပ်ရေးရွာရေးလဲ ရွှေက၊ ဘုရားကိစ္စ၊ တရားကိစ္စ၊ သံဃာ့ကိစ္စဆိုလဲပဲ ဘယ်တော့မှ နောက်ကမနေဘူး၊ ရွှေကချည်းကြိုးစား၊ ဒါလူကောင်းတယောက်လို့ ပြောတယ်၊ အဲဒီ လူကောင်းတယောက်ရဲ့ အကြောင်းကိုပြောယင်–

ချစ်သား တို့၊ ပုဂ္ဂလာဓိဋ္ဌာန်မပြော်ပါနဲ့၊ လူကောင်းတယောက် အကြောင်း ပုဂ္ဂလာဓိဋ္ဌာန်နှင့် ပြောယင် မြောက်တာ၊ မကောင်းတဲ့ လူတယောက်အကြောင်းကို ပုဂ္ဂလာဓိဋ္ဌာန်ပြောယင် နှိမ်တာ။ အေးကောင်းတာကို ကောင်းတဲ့ပုဂ္ဂိုလ်ရဲ့အကြောင်း ပုဂ္ဂလာဓိဋ္ဌာန် ပြောယင် မြောက်တာ။

ဆိုပါစို့၊ မောင်ဖြူသည် လိမ္မာတယ်၊ ဒီတော့ မောင်ဖြူရဲ့ လိမ္မာမှုမှာ မောင်ဖြူကို ဦးတည်ပြီးတော့— "ဟာ-အလွန်တော်တဲ့ မောင်ဖြူလေးပါကွယ်၊ လူနဲ့ အရွယ်နဲ့ မလိုက်ပါဘူး၊ ဘုရားကိစ္စဆိုလဲ သူရွှေက၊ တရားကိစ္စဆိုလဲ သူရွှေက၊ သံဃာ့ကိစ္စဆိုလဲ သူရွှေက၊ သာသနာ့ကိစ္စဆိုလဲ သူရွှေက၊ ရပ်ရွာကိစ္စဆိုလဲ သူရွှေက၊ လူကြီးမိဘတွေယင်လဲ ရှိသေလိုက်တာ၊ လိမ္မာလိုက်တာ၊ မောင်ဖြူလေး၊ မောင်ဖြူလေးနဲ့" အဲသလို ပုဂ္ဂလာဓိဋ္ဌာန်ပြောလို့ မောပြီ သိမ်းတော့မယ်ဆိုယင် ဘယ်လိုသိမ်းတတ်သလဲ။ "အို့ကြောင့် ငါကတော့ မောင်ဖြူလေးကို ချစ်တယ်" လို့ ဟော-လောဘနဲ့ နိဂုံးအုပ်တတ်တယ်နော်။

အေး-မောင်ညို ဆိုးတယ်ဆိုပါစို့၊ မောင်ညိုတယောက်က ဆိုးတယ်၊ အဲဒီဆိုးတဲ့ မောင်ညိုကကြောင်းပြောယင်လဲပဲ ပုဂ္ဂလာဓိဋ္ဌာန်ပြောကြတာယ်။ "မောင်ညိုဆိုတဲ့ လူကဖြင့်ကွာ နာမယ်နဲ့အလိုက်၊ ညိုပါ့၊ ဆိုးပါ့၊ ဘယ်ဘုရားပဲတုန်းကလဲပဲ ဒီမောင်ညိုပဲ၊ အင်း-ဘယ်ပဲတုန်းကလဲပဲ ဒီမောင်ညိုကြောင့် ပဲပျက်တယ်" စသည်ဖြင့် မောင်ညိုဆိုတဲ့ ပုဂ္ဂိုလ်ကို ချည်းပဲ ဦးတည်ပြီးတော့ စကားပြောယင်ဘုန်းကြီးတို့စာအခေါ်က "အပသာဒန" တဲ့ မြန်မာလိုပြောယင် သူ့နှိမ်စံတာတဲ့၊ မြတ်စွာဘုရားက မမြောက်နဲ့၊ မနှိမ်နဲ့လို့ပြောတာ၊ ဒါဖြင့် ဘယ့်နယ်လုပ်မတုန်း၊ "မမြောက်မစား၊ မနှိမ်ငြား၊ တရားဟောဖေါ်ပြ" အရ ဘယ်လိုတုန်း၊

ဓမ္မာဓိဋ္ဌာန် ပြောပါ။ ။မောင်ဖြူတယောက် ကောင်းတာလုပ်တာကို တွေ့ရင် "မောင်ဖြူသည် သိပ်လိမ်မာတယ်၊ သိပ်ကောင်းတဲ့မောင်ဖြူပဲ" လို့ မပြောနဲ့၊ ထိုမောင်ဖြူပြုသောအမှုသည်အပြစ်ကင်းသောအမှု၊ သဗ္ဗညုတဉာဏ် အကျင့်မျိုး ဖြစ်တယ်၊ ဓမ္မကို ဦးတည်ပြီးကော့ ဓမ္မကို တည်ရာလုပ်ပြီးကော့ ဓမ္မာဓိဋ္ဌာန်ပြောရမယ်၊ အဲသလို ပြောရင် ဘာဖြစ်တတ်သလဲ၊ အင်း- အဲသလို ပြောလို့ ပို့ရင် ဒီကောင်းမှုမျိုး ငါ့သန္တာန်ဖြစ်အောင် လုပ်မာဘဲလို့ အဓိဋ္ဌာန်ကုသိုလ်ကျေပေါ်တယ်။

ဥပဖာပုံ -မောင်ညို မကောင်းတာလုပ်တယ်ဆိုတာ "ဒီမောင်ညို အင်မတန်ဆိုးဟဲ့ မောင်ညိုပါ" ဘို့ မောင်ညို့ချည်းပဲ ပုဂ္ဂလာဓိဋ္ဌာန် မပြောပဲနဲ့ မောင်ညိုပြုသော ဤအမှု၊ ဤအမှုကား ဆင်းရဲကြောင်းဟရား၊ ပူပန်ကြောင်းဟရားဖြစ်ပါတယ်၊ မိစ္ဆာဝဇ္ဇီပဒ် ဖြစ်တယ်လို့ အဲဒီလို ဓမ္မပေါ်မှာမူတည်ပြီးတော့ ဆုံးဖြတ်ပါ၊ မူကည်ပြီးပြောပါ။

အဲဒီလို ပြောလို့ရှိယင် "မမြွေကောက်မစား၊ မနှိမ်ငြား၊ တရားဟော ဖော်ပြ" ပုဂ္ဂိုလ်တယောက်ရဲ့ ကောင်းတာကို ပုဂ္ဂလာဓိဋ္ဌာန်ပြော ပြောယင် လောဘ ဖြစ်တယ်။ ပုဂ္ဂိုလ်တယောက်ရဲ့ မကောင်းတာကို ပုဂ္ဂလာဓိဋ္ဌာန်ပြော ပြောယင် ဒေါသဖြစ်တယ်။ လောဘဖြစ်ဖြစ်၊ ဒေါသ ဖြစ်ဖြစ် မချမ်းသာဘူး။ ချမ်းသာချင်ယင် အဲဒီ ပုဂ္ဂလာဓိဋ္ဌာန်မပြောနဲ့။ ပုဂ္ဂိုလ်တယောက်ယောက် ကောင်းကြောင်းကို ပုဂ္ဂလာဓိဋ္ဌာန်ပြော ပြောယင်မြွောက်တာ၊ ပုဂ္ဂိုလ်တယောက်ယောက်ဆိုးကြောင်းကိုပုဂ္ဂလာ ဓိဋ္ဌာန်ပြောပြောယင် နှိမ်တာ၊ မြွောက်ယင် လောဘဖြစ်တယ်၊ နှိမ်ယင် ဒေါသဖြစ်တယ်၊ လောဘ ဒေါသဖြစ်ကတည်းက ဘယ်ချမ်းသာမလဲ၊ အဲဒါကြောင့် ချစ်သားတို့ ပုဂ္ဂလာဓိဋ္ဌာန်ပြော ပြောပြီး မြွောက်လဲ မမြွောက်နဲ့၊ နှိမ်လဲမနှိမ်နဲ့၊ "ဓမ္မမေဝ ဘာသေယျ" မြွောဓိဋ္ဌာန်သာပြော ဓမ္မာဓိဋ္ဌာန်ပြောယင် ခုနင်ကလိုပဲ "မောင်ဖြူ ပြုလုပ်သော အမှုကား ချမ်းသာကြောင်း တရားဟု- ကောင်းမြတ်သောအကျင့် ပဋိပဒါဟာ"၊ မောင်ညိုပြုလုပ်သောတရားကား "ဆင်းရဲကြောင်းတရား" လို့ အဲဒီလို တရားကိုသာ ဦးတည်ပြီးပြောပါ။ ပြောယင် အဲဒီပုဂ္ဂိုလ် ချမ်းသာပြီ။ ဒါ-နှစ်ခုမြောက် အရဏတရား။

ဟို-ပါဠိတော်မှာ ဓမ္မာဓိဋ္ဌာန်နဲ့ပြောဖို့ ဓမ္မာဓိဋ္ဌာန်ကျကျ ဆင်းရဲကင်းကွာ ချမ်းသာအောင် နေနိုင်ဖို့ရန် ပြောပုံ ဖော်ပြထားတယ်။

ယေသံ ကေသဉ္စိ ဘဝသံယောဇနံ အပ္ပဟီနံ၊ သဗ္ဗေ တေ သဒုက္ခာ သဉ္ဉဃာတကာ သဉ္ဉပါယာသာ သပရိဠာဟာ မိစ္ဆာ-ပဋိပန္နာတိ နံ ဇဝမာဟ။

ဘဝသံယောဇဉ်မပယ်ရသေးတဲ့ လူတွေဟာ ဆင်းရဲဒုက္ခနဲ့ဘက္ခဖြစ်တဲ့ လူချည်းပဲ၊ အေး-ပင်ပန်းမှု ပင်ပန်းနွမ်းနယ်မှု နှလုံးမချမ်းသာမှုနဲ့

တက္ကပြစ်ဘဲ့လူတွေ့၊ တကယ့်လူတွေ့ ဖောက်ဖောက် ပြန်ပြန် မှားမှား ယွင်းယွင်း ကျင့်ကြံဲကဲ့ ပဋိုလ်ကျေပဲလို့ အဲဒီလို ပဋိလာဓိဋ္ဌာန် သွားပြောယင် ဆင်းရဲပြီ၊ မပြောနဲ့၊ နို့ဒါဖြင့် ဘယ်လိုပြောရမလဲ။

ဘဝသံယောဇနေ စ ဒေါ အပဟီနေ ဘဝေါပိ အပဟီနော ဟောတိ။

ဘဝသံယောဇဉ်ကို မပယ်ရသေးလျှင် ဘဝလဲပဲ မပယ်အပ်သေးဘူး၊ အဲသလို ဓမ္မတင်ပြောပါတဲ့။ ပဋိုလ်သွားမထိနဲ့။ ဘဝသံယောဇဉ် မပယ်ရသေးတဲ့ပဋိုလ်တွေမှာ ဒုက္ခရောက်မယ့်သာကြံပေါ့၊ အေး- အဲဒီလိုပြောမယ့်အစား ဘဝသံယောဇဉ်ကို မပယ်ရသေးလျှင် ဘဝတည်းဟူသော ဒုက္ခကိုလဲပဲ မပယ်ရသေးဘူး။ ဘဝသံယောဇဉ်ကိုပယ်မှ ဘဝဒုက္ခကို ပယ်ပြီးသွားဖြစ်တယ်ဆိုတော့ ဒီပဋိုလ်မပါဘူး။

မြတ်စွာဘုရားက ဓမ္မာဓိဋ္ဌာန်ပြောယင် စိတ်လဲချမ်းသာတယ်တဲ့၊ ကိုယ်လဲပဲလောဘ ဒေါသ အကုသိုလ်မဖြစ်ဘူးတဲ့၊ လောကကြီးထဲမှာ နေတာပဲ ကောင်းတဲ့လူ မကောင်းတဲ့လူ နှစ်မျိုးတွေ့မယ်၊ကောင်းတဲ့လူတွေ့ယင်လဲ ပဋိလာဓိဋ္ဌာန်မပြောနဲ့၊ ပြောယင်ဘာဖြစ်မလဲ၊ နောက်ဆုံးလောဘနဲ့ နိဂုံးအုပ်တတ်တယ်၊မကောင်းတာတွေ့လဲ ပဋိလာဓိဋ္ဌာန်နဲ့မပြောနဲ့၊ ပြောယင်နောက်ဆုံးဒေါသနဲ့ နိဂုံးအုပ်တတ်တယ်။

ဆိုပါစို့၊ မောင်ဖြူလေးဟာ သိပ်တော်တာပဲ၊ကြပ်ကြပ်ပြော မောပြီဆိုဒါကြောင့် မောင်ဖြူလေး ငါကချစ်တာ လောဘနဲ့ နိဂုံးသိမ်းတယ်၊ ထိုအတူပဲ မောင်ညိုဆိုးတာ ပြောပြန်လဲပဲ မောင်ညိုကို ပဋိလာဓိဋ္ဌာန်ပြောလို့ရှိယင် ပြောလို့မောပြီ တော်တော့မယ်ဆိုတော့ ဒါကြောင့်မို့လို့ ငါမောင်ညို့ကို ကြည့်လို့ကိုမရဘူး၊ စပါးမွှေးအမြဲတမ်း စူးတယ်၊ ဒေါသဟုတ်လား၊ဒီအသံထွက်လာတာ ဒေါသက ခိုင်းတယ်။

အေး....လောဘ ဒေါသဖြစ်ကတည်းက မချမ်းသာဘူးတဲ့၊ ဓမ္မာဓိဋ္ဌာန် ပြောပါ။ ဓမ္မာဓိဋ္ဌာန်ကြည့်ပါ။ ကြည့်ယင်လောဘလဲ မဖြစ်ဘူး၊ ဒေါသလဲ မဖြစ်ဘူး၊ မကောင်းတာဆိုသို့ရှိယင်လဲပဲ အော်-ဒီတရားမျိုး ငါ့သန္တာန် မဖြစ်အောင် ငါထိန်းသိမ်းမဟဲ့ ဆိုတဲ့ ဆောက်တည်ချက် ပေါ်တယ်တဲ့၊ အေး....ကောင်းတာဆိုလို့ရှိယင်လဲပဲ ဒီတရားမျိုး ငါ့သန္တာန် ဒီမြန် ရောက်အောင် ကြိုးစားမဟဲ့ဆိုတဲ့ ဆောက်တည်ချက်ပေါ်တယ်တဲ့၊ ဒါကြောင့် ဓမ္မာဓိဋ္ဌာန်ဟောကြ ပြောကြပါတဲ့၊ ဒါ ဒုတိယ မမြောက် မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။

ဗဟိဒ္ဓသုခ မလိုက်စားနဲ့

(၃) သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများ အဋ္ဌတ္တ။

သူတော်ကောင်းတို့ သုခဆိုတာ အဋ္ဌတ္တသုခ၊ ဗဟိဒ္ဓသုခလို့ နှစ်မျိုး ရှိတယ်၊ ဗဟိဒ္ဓသုခဆိုတာ အပြင်အပအဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊အရသာမျိုးစုံ၊အတွေ့မျိုးစုံ၊အဲ့ဒီ ဝတ္ထု အာရုံ ကာမဂုဏ်တွေ ကိုအစဲ့ပြု၍ ဖြစ်တဲ့ချမ်းသာသုခသည် ဗဟိဒ္ဓသုခ၊အဲဒီဗဟိဒ္ဓသုခမျိုးကို စာထဲမှာ 'ကာမသုခ'လို့လဲခေါ်တယ်၊ 'မိဋ္ဌ သုခ'လို့လဲခေါ်တယ်၊ မစင် ဘင်ပုပ်နဲ့ တူတဲ့ချမ်းသာသုခ။

ဆိုပါစို့-ဒီအပြင်အပဖြစ်တဲ့၊အဆင်းမျိုးစုံ၊အသံမျိုးစုံ၊အနံ့မျိုးစုံ၊ ရသ မျိုးစုံ၊ အတွေ့မျိုးစုံကို အစဲ့ပြု၍ ဖြစ်တဲ့ ဒါတွေကို ပဲ့ကြည့်လို့ဖြစ်တဲ့ ချမ်းသာမျိုးလို့ပြောပါတယ်။အဆင်းကြည့်လို့ရတဲ့ ချမ်းသာမျိုး အသံ နာထောင်လိုရတဲ့ချမ်းသာမျိုး၊ အနံ့ကိုနမ်း၍လို့ရတဲ့ ချမ်းသာမျိုး၊အရ သာကို လျက်လို့ရတဲ့ချမ်းသာမျိုး၊အတွေ့အထိ ဖေါင်ဒူဖွာရုံကို တွေ့ထိလို့ ရတဲ့ ချမ်းသာမျိုးဟာ ဒါ ကာမချမ်းသာ တနည်းအားဖြင့် ဗဟိဒ္ဓချမ်း သာခေါ်တယ်။ အပြင်အပချမ်းသာ မိမိကိုယ်ကျိုး ကိုယ့်ပြင်ဘက်က တရားနဲ့ရတဲ့ ချမ်းသာ။

အေး-အဲဒီသုခမလိုက်စားနဲ့၊ လိုက်စားယင် ဘာဖြစ်တုံး၊ အဲဒီဗဟိဒ္ဓသုခကို လိုက်စားယင် ဆင်းရဲတယ်၊ ဘာဖြစ်သို့တုံး၊ ကိုယ်ကဒီအဆင်းကြည့်ချင်တယ်၊ ဒီအသံပေါက် နားထောင်ချင်လို့မို့လို့ တကတဲ့ ကျားကုတ်ကျားခဲ- သွားပြီးတော့ အငြိမ့်ဌားပါ၊ အဲ- အငြိမ့်ကသူ အကြောင်းမညီညွတ်လို့ မလိုက်နိုင်ဘူးဆိုတာ ပြောလိုက်တော့ ဟာဒီကိုယ်က အလကားနေယင်း ကာယိကဒုက္ခ စေတသိကဒုက္ခတွေ အလကား ပိုရတယ်၊ ဒါစဉ်းစားကြည့်ပေါ့။

ဟာ-သေသေချာချာစဉ်းစားမယ် ဆိုလို့ရှိယင် လူတယောက်သည် ဟင်းနှစ်ခွက်နဲ့စားယင် ဟင်းနှစ်ခွက်နဲ့ မျှတတယ်၊ မျှတရုံလေးစားယင် ဟင်းနှစ်ခွက်ဆိုယင် နှစ်ခွက်ဒုက္ခပဲရှိတယ်။ အဲဒီအထဲက လောဘအလို အကြိုက်လိုက်ပြီး တော့ ဒါ ရသာတဏှာပေါ့နော်။ရသာရုံဆိုတဲ့ ကာမဂုဏ်အတွက် လိုက်စား တာ၊ ဟင်းနှစ်ခွက်ကနေပြီးတော့ လေး ခွက်စားချင်တယ်။ လောဘအလိုလိုက် လေးခွက်စားချင်တယ် ဆိုကတည်းကိုက အလုပ်ကို တဆထပ်တိုးရမယ်၊ ဆင်းရဲတွေ တိုးလာတယ်။ အဲဒါကြောင့် မြတ်စွာဘုရားက ဗဟိဒ္ဓသုခများ ချစ်သားတို့မလိုချင်နဲ့တဲ့။ ဗဟိဒ္ဓသုခဆိုတာ ဒါကိုခေါ်တယ် ဆိုတာလဲပဲသိ။

အဏ္ဏတ္တသုခကို ဖြစ်အောင်ကြိုးစား ။**အဏ္ဏတ္တသုခဆိုတာ ဘယ်သူလဲ အဏ္ဏတ္တသုခဆိုတာမိမိကိုယ်တွင်း** မှာရှိတဲ့ ဆံပင်၊မွေးညင်း၊ ခြေသည်း၊လက်သည်း၊ **သွားအစရှိသော သုံး** ဆယ့်နှစ်ကောဋ္ဌာသတရားတွေရှိတယ်။ အဲဒီတရားတွေကို ကာယဂတာသတိကမ္မဋ္ဌာန်းစီးဖြန်း**သောအား**ဖြင့် ကြည့်လို့ရတဲ့ခြမ်းသာမျိုး၊**ကာယဂတာသတိကမ္မဋ္ဌာန်းစီး**ဖြန်း**လို့**ရတဲ့ **ခြမ်းသာမျိုး**၊ အေး-စျာန်ဝင်စား လို့ရတဲ့ ခြမ်းသာမျိုး၊ အေး.... ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ **အနတ္တ**

ဝိပဿနာ ရှုလို့ရတဲ့ ချမ်းသာမျိုး၊ အဲဒီချမ်းသာမျိုးကို အဇ္ဈတ္တသုခလို့ ခေါ်တယ်။

အဲဒီ အဇ္ဈတ္တသုခကို ချစ်သားချစ်သမီးတို့ ကြိုးစားကြပါ၊ ဗဟိဒ္ဓသုခကို မမျှော်လင့်နဲ့၊ ဘာပြုလို့လဲဆိုတော့ ဗဟိဒ္ဓသုခက ကိုယ်လိုချင်တဲ့အချိန်မှာ လိုချင်တဲ့အချိန်တိုင်း အချိန်တိုင်း ရဖို့ မဖြစ်ဘူး၊ ကိုယ်က အကြောင်းညီညွတ်နေပေမယ့် သူက အကြောင်းမညီညွတ်တော့မရဘူး၊ မရယင် စိတ်ဆင်းရဲရတယ်၊ အဇ္ဈတ္တသုခဖြစ်တဲ့ ဒီကိုယ်တွင်းတရားကို အစဲ့ပြု၍ရတဲ့ ချမ်းသာသုခကတော့-

ဆိုပါစို့၊ ပုဂ္ဂိုလ်တယောက်ဟာ သန်းခေါင်ကျော်ထပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာရှုတယ်၊ ရှုချင်တဲ့အချိန် ရှုဖြစ်တယ်၊ သန်းခေါင်ကျော်ထပြီးတော့ သုံးဆယ့်နှစ်ကောဋ္ဌာသကို စိတ်နှင့်ကြည့်မယ်၊ ကြည့်ယင်ဖြစ်တယ်၊ အဲဒါက အဇ္ဈတ္တသုခကိုး၊ ဘယ်နားမှ ခဲခဲယဉ်းယဉ်း မရှိဘူး၊အချိန်မရွေး ယူလို့ရတယ်။ **အဲဒါကြောင့် မြတ်စွာဘုရားက အဇ္ဈတ္တသုခကို ပွားကြ၊ ဗဟိဒ္ဓသုခကို မပွားနဲ့လို့ ဟောတာ။ "သုခန္ဒစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများအဇ္ဈတ္တ"**

ရဟောဝါဒံ နု ဘာသေယျ၊ သုမ္မုခံ နု ခိဏံ ဘဏေ-လို့ မာတိကာက ဒီလို ခင်းထားတယ်။ အဲဒီမာတိကာ ခင်းတာကို ဒီလက်ဝဲပိုဒ် **ရေးလိုက်တဲ့ အခါကျတော့-**

အချိန်အခါကို ကြည့်ပြောပါ

(၄) မျက်မှောက်မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။
လူတစယောက်ရဲ့ အကြောင်းကို ထိုလူရဲ့ မျက်မှောက်မှာပဲဖြစ်ဖြစ် ထိုလူရဲ့မျက်ကွယ်မှာပဲဖြစ်ဖြစ် ပြောမယ်ကြံယင် **စဉ်းစားပါဦး။**

ဘယ်လိုလဲ မှန်ရဲလား မမှန်ဘူးလား၊ ငါပြောယင် အကျိုးရှိမလား မရှိဘူးလား စဉ်းစား။ မျက်မှောက် စကားဖြစ်ဖြစ် မျက်ကွယ်စကား ဖြစ်ဖြစ် မှန်လဲမမှန်ဘူး အကျိုးမရှိဘူးဆိုယင် ဘယ်တော့မှ မပြောနဲ့။ မျက်မှောက်စကားဖြစ်ဖြစ် မျက်ကွယ်စကားဖြစ်ဖြစ် မှန်တော့မှန်တယ်၊ သို့သော် မိမိပြောလိုက်ယင် အကျိုးရမှာမဟုတ်ဘူးဆိုယင် အဲဒဲစကားမျိုးလဲပဲ မပြောနဲ့ အကျိုးမရဘူး။ မှန်လဲမှန်တယ် ငါပြောလိုက်ယင် အကျိုးလဲမမယ်လို့ နှစ်ဘက်ကောင်း ကောင်းတာတောင် မှ ပြောဖို့ရန် အချိန်ကျ မကျ ကြည့်ပြီးတော့မှ ပြောဖို့ရန်အချိန်ဟုတ်မှ ပြောငါ။

ဟိုပါဠိတော်မှာ–

ရဟောဝါဒံ နု ဘာသေယျ၊ သမ္မုခါ နု ခိဏံ ဘဏေ'တိ ဣတိ ခေါ ပနေတံ ဝုတ္တံ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ၊ တဗြ ဘိက္ခဝေ ယံ ဇညာ ရဟောဝါဒံ အဘူတံ အတစ္ဆံ အနတ္ထသံဟိတံ သသက္ကံ တံ ရဟောဝါဒံ နု ဘာသေယျ–

စသည်ဖြင့် မျက်ကွယ်စကားကို သုံးခုခွဲတယ်။ မျက်မှောက်စကားလဲပဲ ထို့အတူ သုံးခုခွဲတယ်။ ရှိတဲ့ အတိုင်း ပြောနေယင် ဉာဏ်တော့ ပြားကုန်လိမ့်မယ်။ အမှန်က ပုဂ္ဂိုလ်တယောက်ရဲ့ အကြောင်းကို မျက်မှောက် မျက်ကွယ် နှစ်မျိုး ပြောမယ် ဆိုယင် စဉ်းစားပါဦး၊ ဒီလိုပြောတဲ့အတွက် ပြောတဲ့ စကားအရ မှန်လဲ မမှန်ဘူး၊ အကျိုးလဲ မရှိဘူးဆိုယင် မပြောနဲ့ လုံးဝမပြောနဲ့။ မှန်သော်လဲ အကျိုး မရှိဘူးဆိုယင် လဲပဲ ဒါလဲမပြောနဲ့။ မှန်တယ် အကျိုးရှိတယ် ဆိုတောင်မှ အခါအခွင့်ကို ကြည့်ပြောပါ။ အဲဒီလိုဆိုရင် အဲဒီပုဂ္ဂိုလ် ဘယ်တော့မှ မဆင်းရဲတော့ဘူးတဲ့ ချမ်းသာသတဲ့။

အာဘရမာနော၀ ဘာသေယျ နော တရမာနော။ (ပါဠိက)

အဆောတလျင် ပြောခြင်း၏ အပြစ်

(၅) **မလျင်မဆော** စကားပြော၊ မလျင်မဆော တရားဟော၊ ပြောချော မွှေ့သိမ်စွဲ။

မလျင်မဆော စကားပြောပါ။ ချောချော ပြေပြေ သိမ်သိမ် မွှေ့မွှေ့။ မလျင်မဆော တရားဟောပါ၊ ချောချောပြေပြေ သိမ်သိမ် မွှေ့မွှေ့ မလျင်မဆော အရေးတကြီး ပျာယီးပျာယာမဟုတ်ပဲ စကား ပြောပါ။ အဲသလိုပြောယင် အဲဒီပြောတဲ့ ပုဂ္ဂိုလ်ဟာ ချမ်းသာတယ်။

စကားပြောတဲ့ နေရာမှာပေါ့လေ၊ ဆင်းရဲအောင် ပြောတဲ့နည်း ရှိတယ်၊ ချမ်းသာအောင် ပြောတဲ့ နည်းရှိတယ်၊ ဘယ်လိုလဲ အရေး တကြီး ပျာယီးပျာယာ ပြောလို့ ရှိယင် အဲဒါ ဆင်းရဲတယ်။

တတြ ဘိက္ခဝေ တရမာနဿ ဘာသတော ကာယောပိ ကိလမတိ၊ စိတ္တမ္ပိ ဥပဟညတိ၊ သရောပိ ဥပဟညတိ၊ကဏ္ဌောပိ အာတုရိယတိ၊ အဝိသဋမ္ပိ ဟောတိ **အဝိညေယျံ**၊ တရမာ-နဿ ဘာသိတံ။

အရေးတကြီး ပျာယီးပျာယာ ပြောပြီဆိုယင် အဲဒီပြောတဲ့ ပုဂ္ဂိုလ်မှာ-

(၁) ကိုယ်လဲပဲ ပင်ပန်းတယ်။

(၂) စိတ်လဲပဲ နှမ်းတယ်။

(၃) အသံလဲ ပျက်တယ်။

(၄) လည်ချောင်းမှာလဲ နာတယ်။

(၅) အဲဒီလို အရေးတကြီးပြောတဲ့ စကားဟာ **မသန့်ရှင်း**ဘူး။

(၆) အရေးတကြီး ပျာယီးပျာယာ ပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ **စကား** သည် ကဘက်သား **အနက် အဓိပ္ပာယ် မသိ**သာဘူး။

ဒါကြောင့် အရေးတကြီး ပျာယီးပျာယာ စကား မပြောပါနဲ့၊ အရေးတကြီး ပျာယီးပျာယာ တရားမဟောပါနဲ့။ အဲဒီလို ပြောမယ် အဲဒီလို ဟောမယ် ဆိုယင်တော့ ဒါဆင်းရဲမယ် သေချာတယ်တဲ့။

"မလျင်မဆော စကားပြော၊ မလျင်မဆော တရားဟော၊ ပြောမှေ့သိမ်စွ" ဆိုတဲ့ အတိုင်း-

တတြ ဘိက္ခဝေ အတရမာနသာ ဘာသတော ကာယောပိ နု ကိလမတိ၊ စိတ္တမိ နု ဥပဟညတိ၊ သရောပိ နု ဥပဟညတိ၊ ကဏ္ဌောပိ နု အာတုရိယကိ၊ ဝိသဋ္ဌမိ ဟောတိ ဝိညေယျံ အတရမာနသာ ဘာသိတံ။

ချစ်သားတို့၊ထိုအရာ၌ ဆောဆောလျင်လျင် မဟုတ်ပဲနဲ့ ချောချောပြေပြေ သိမ်သိမ်မွေ့မွေ့ ပြောဆိုတဲ့ ပုဂ္ဂိုလ်အား-

ကာယောပိ နု ကိလမတိ=ကိုယ်လဲပဲ မပင်ပန်းဘူး။
စိတ္တမိ နု ဥပဟညတိ=စိတ်လဲပဲ မနှမ်းဘူး။
သရောပိ နု ဥပဟညတိ=အသံလဲပဲ မပျက်ဘူး။
ကဏ္ဌောပိ နု အာတုရိယတိ=လည်ချောင်းလဲ မနာဘူး။

ဖြည်းဖြည်းလေး ပြောပါတဲ့၊ ဖြည်းဖြည်းလေး ပြောယင် ကိုယ်လဲ မပင်ပန်းဘူး။ စိတ်လဲ မနှမ်းဘူး၊ အသံလဲ မပျက်ဘူး။ လည်ချောင်းလဲ မနာဘူး၊ ချမ်းသာ သုခဖြစ်ပုံကို ပြောနေတယ်။

ဝိသဋ္ဌမိ ဟောတိ=အဲဒီ ပုဂ္ဂိုလ်ရဲ့ စကားသည် သန့်လဲ သန့်ရှင်းတယ်။ပြီးတော့-

ဝိညေယျံ အတရမာနသာ ဘာသိတံ=အဆောတလျင် မဟုတ်ပဲနဲ့ ဖြည်းဖြည်း ချောချောပြေပြေ သိမ်သိမ်မွေ့မွေ့ ပြောဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ စကားသည် သူတဘက်သား သိလွယ်တယ်။

အဲဒါကြောင့် "မလျင်မဆော စကားပြော၊ ပြေချောမွေ့ သိမ်စ့" စကားပြောတဲ့အခါ တရားဟောတဲ့အခါမှာ ဆောဆော လျင်လျင် မပြောပါနဲ့၊ ချောချောပြေပြေသိမ်သိမ်မွေ့မွေ့ မလျင်မဆော အရေး တကြီး မဟုတ်ပဲနဲ့ ပြောပါ။ ပြောယင် ချမ်းသာမယ်။

(၆) အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါး အရဏ။

ဒေသအလိုက် ပါဠိတော်မှာ က တော့ သူတို့အိန္ဒိယမှာ ရေခွက်အခေါ် ၇-မျိုး သုံးတဲ့အတိုင်း ပြောပါတော့၊ အဲဒီဥစ္စာ ဘာကိုအစဲပြုပြီး မြတ်စ့ဘုရား ဟောတာ လဲလို့ မေးယင် ပစ္စည်းလေးတခု၊ ရေခပ်တဲ့ ခွက်ကလေးပဲ ဆိုပါတော့၊ အဲဒီ ရေခွက်ကလေးကို ပါဠိနယ်ပယ်မှာ တချို့သော အရပ်က "ပတ္တ" =ခွက်၊ တချို့သော အရပ်က "ဝိတ္တ"၊ တချို့အရပ်က "ပါတိ" တချို့ အရပ်က "သရာဝ"၊ တချို့အရပ်က "ဒါရောပ"၊ တချို့အရပ်က "ပေါန"၊ တချို့အရပ်က "ပိဿီဝလ" လို့ ခေါ်တယ်။ ဒီရေခွက်ကလေး ပင်လျှင် ခေါ်ပုံဟာ ခုနစ်မျိုးပြားတယ်။

ကြက်ဟင်းခါးသီးနဲ့ ဂျင်းခါးသီး။ ။အေး-အဲဒီလိုပဲ ဒီဗမာပြည်မှာလဲပဲ ပစ္စည်းဝတ္ထုတခုကိုပင်လျှင် နှစ်မျိုး သုံးမျိုး စသည် ခေါ်တာရှိတယ်။

ဘုန်းကြီးတို့ ၁၉-နှစ်သားတုန်းက အောက်ကို ရောက်ဖူးတယ်၊ ဟောဒီ ရန်ကုန်နဲ့ ပြည်လမ်း အုတ်ဖိုမှာရောက်တယ်၊ အုတ်ဖိုအနောက် ဘက်က "မတောင့်တ" ဆိုတဲ့ရွာကို ရောက်ဖူးတယ်။ အဲဒီတော့ သူတို့ဆီ မှာကကြက်ဟင်းခါးသီးကြီးတွေက တော်တော်အောင်အောင်မြင်မြင် ကိုး၊ ဟိုအချိန်ပေါ့၊ သီတင်းကျွတ်လလောက်။

ကြက်ဟင်းခါးသီးကြီးတွေက အောင်အောင်မြင်မြင် ဆိုတော့ ကိုယ်ကပဲ ရှိုးရှိုးပဲပြောလိုက်တယ်။

"ဟာကိုရင်တို့ရာ၊ ကိုရင်တို့ဆီက ကြက်ဟင်းခါးသီးကြီးတွေက သိပ်ကောင်းတာပါလား"

ဆိုတော့ သူတို့က ဝိုင်းရီသဗျား။ "ဘာပြုလို့ရီတာတုန်းကိုရင်တို့က" ဆိုတော့ -

"ဟာ-ကိုရင်ကြီး၊ ဒါကြက်ဟင်းခါးသီး မခေါ်ဘူးဗျာတဲ့"
"ဘာခေါ်တုန်း ကိုရင်တို့က" ဆိုတော့-
"ဂျင်းခါးသီး" တဲ့

ဟော-ဒီလိုပြောတယ်၊ ကြက်ဟင်းခါးသီးမခေါ်ဘူး၊ဂျင်းခါးသီးတဲ့။ ကြည့်နော်၊အဲဒီမှာ မငြင်းနဲ့၊ သွားပြီးတော့ ဂျင်းခါးသီးပြောတဲ့ အရပ်မှာ ငါတို့ကြက်ဟင်းခါးသီးဆိုတဲ့ ဝေါဟာရကမှ မှန်တယ်ကွ၊ မင်းတို့ဂျင်းခါးသီးဆိုတာ မှားတယ်ဆိုယင်တော့ အဲဒါ ဒုက္ခရောက်မယ် သာကြံရော့။ဟင် - ဘာပြုလို့တုန်း၊ ငြင်းရခုံရမှာ။ ငြင်းခုံယင် ဒေါသမူစိတ်နဲ့ ငြင်းကြ ခုံကြရတာ၊ ဒေါသမူဂိတ်မှာ ဒေါမနဿဝေဒနာဆိုတာ စိတ်ဆင်းရဲမှုဆိုတဲ့ ဧကသိကဒုက္ခဝေဒနာ ပါနေတယ်။ အေး.... ဒါကြောင့် မြတ်စွာဘုရားက "အရပ်စကား မလွန်ငြား" ဆိုတဲ့အတိုင်း သူတို့အရပ်သုံး ဝေါဟာရကို ကိုယ်ကလွန်ဆန်ပြီးတော့ ငါဥစ္စာမှ မှန်တယ်၊ မင်းတို့ဟာ မှားကယ်၊ သွားမခပြာနဲ့၊ ပြောယင် ဆင်းရဲမယ်။ ဘာပြုလို့တုန်း၊ငြင်းခုံရတော့မှာ၊ငြင်းခုံတာနဲ့တွဲလျက် ခိုက်ရန် ဖဒါသဖြစ်တတ်တယ်။

အဲ-ပါးစပ်နဲ့ငြင်းလို့ အားမရတော့ တော်တော်ကြာတော့ ကိုယ်နဲ့ငြင်းကုန်ရော။ လက်နဲ့ငြင်းကုန်ရော ဟုတ်လား။ ပါးစပ်နဲ့ ငြင်းလို့

အားမရတော့ ထ,လက်သီးနဲ့ထိုးရော့နော်၊ လက်သီးချင်းထိုးလို့**အား**မရတဲ့ **အ**ခါကျတော့ ဘော်ကြာ တုတ်ချင်းရိုက်ရော။ တုတ်ချင်းရိုက်လို့ **အား**မရတော့ ဓားချင်းနုတ်ရော၊ ဒီမှာ **အ**င်းရဲဒုက္ခတွေ့ရောက်ရော။

မြတ်စွာဘုရားက—

"ချစ်သားတို့၊ ထိုထိုပစ္စည်းကို ထိုထို**အ**ရပ်ဒေသ ရောက်တဲ့**အ**ခါ မိမိ **အ**ရပ်ဒေသက ဝေါဟာရကသာ မှန်တယ်၊ မင်းတို့ဒေ့ရပ်ဒေသက ဝေါဟာရ မမှန်ဘူးလို့ သွား**မ**ငြင်းနဲ့။ နို့ဘယ်လို နှုလုံးသွင်းရမလဲ။

"ဩဿ—ဒီပစ္စည်းကို သူတို့နေရာ၌ ဤကဲ့သို့ ခေါ်ဝေါ်သုံးစွဲပါ**လ**ား"

လို့ သိပြီးတော့ သူတို့**အ**ရပ်နေယင် သူတို့**အ**ရပ်က ဝေါဟာရ **အ**တိုင်း သုံးပါတဲ့၊ မြတ်စွာဘုရားက—

အေး—ဆိုပါစို့၊ ပါဠိတော်မှာ—

ကုဒံ ကိရ ကုမေ **အ**ာယသ္မန္တော သန္ဓာယ ဝဒန္တိ-တဲ့။

ဩဿ—ဤပစ္စည်းကို ရည်စူးပြီးတော့ ဤ**အ**ရှင်မြတ်တွေ့ ဤကဲ့သို့ ပြောကြတာပါလား—လို့ စိတ်ကို နူးနူးညံ့ညံ့ထား၊ ထားပြီးတော့မှ ထိုထိုဒေသမှာ ပြောတဲ့**အ**တိုင်း မိမိကလဲပြော။ ဂါဥစွာမှ မှန်တယ်လို့ **အ**လွဲလွဲ**အ**ချော်ချော် မသုံးသပ်နဲ့။ မြတ်စွာဘုရားက **အ**ဲဒီလိုဆိုယင် ချမ်းသာပြီ....တဲ့။

နှင်တံ သို့မဟုတ်၊ နွားကန်။ ။ကဲဆိုပါစို့ ရဲ့၊ နွားနှင်တဲ့၊ နွားကိုမောင်းတဲ့၊ လှည်းသမား**ကို**ငှါးတဲ့ ဝါးတို့ ကြိမ်တို့ပေါ့၊ **အ**ဲဒီနွား၊မောင်းတဲ့၊ လှည်းသမား**ကို**ငှါးတဲ့ ဝါး၊သို့မဟုတ် ကြိမ်ကို ဘုန်းကြီးတို့ စာပေဓဝါဟာရကတော့ နှင်တံပဲ၊ နွားတို့ ကျဲတို့ကို နှင်တဲ့

သူ့အောင်မောင်းပေးတဲ့ တုတ်ချောင်းမို့လို့ နှင်တံ၊ သူ့မှာ အငြင်းအခုံမရှိဘူး၊ သို့သော် အရပ်စကားကျတော့ တမျိုးစီ။

ဘုန်းကြီးကို မြင်းခြံနားကြတော့ဗျာ၊ အဲဒီနွားမောင်းတဲ့တုတ်ကို၊ "နွားကန်"တဲ့ ဟုတ်လား။ ဟို—မန္တလေးနားကျတော့ အဲဒီနွားမောင်းတဲ့ တုတ်ကိုပင်လျှင် "တံပြာ"တဲ့၊ ကဲ—နွားကန်သမားက တံပြာနယ်ရောက်သွားပြီးတော့—

"မင်းတို့တံပြာဆိုတဲ့စကား မှားတယ်ကွာ၊ ငါ့နွားကန်ကမှ မှန်တယ်"လို့ ပြောယင် ဟိုလူတွေနဲ့ ရန်ဖြစ်မယ်သာကြံရော၊ဟုတ်လား။ အင်း—ငြင်းရခုံရတယ်၊ ငြင်းခုံတာ၊ ပါးစပ်ချင်းရန်ဖြစ်တာ၊ အေး—ပါးစပ်နဲ့ ပထမ ရန်ဖြစ်လို့ အားမရတော့ ထ,ပြီးတော့ ကိုယ်နဲ့လက်သီးထိုးကုန်ကြရော။ ဆင်းရဲဒုက္ခ ရောက်မယ်။

အဲဒီကော့ ဩဇော်....."ဤအရပ်မှာ ဤပစ္စည်းကို ဤအရှင်သူမြတ်တို့သည် ဤကဲ့သို့ ခေါ်တာပါလား"လို့ ထိုထိုအရပ်ဒေသမှာသုံးတဲ့ စကားအတိုင်းသာ လိုက်သုံးပါတဲ့။ အဲသလိုသုံးယင် ချစ်သားတို့ ဆင်းရဲဒုက္ခ မဖြစ်ဘူး။ ပါဠိတော်မှာကတော့ ဆင်းဒုက္ခနဲ့တကွ ဖြစ်တဲ့တရား၊ ဆင်းရဲဒုက္ခမရှိတဲ့တရားတွေကို အမျှားကြီးဝေဖန်ပြတယ်။ ကဲ မှတ်ကြစို့။

(၁) အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွားမစ္ဆိမ။

အယုတ်တရားနှစ်ပါး ဘာပြုလို့ မလိုက်စားရသလဲ၊ အဲဒါ ဆင်းရဲဒုက္ခနဲ့တကွ ဖြစ်တဲ့တရားမို့ မလိုက်စားနဲ့။ မစ္ဆိမပဋိပဒါလမ်းကို လိုက်ပါ။ အဲဒါသည် ဆင်းရဲကင်းကွာ ချမ်းသာစွာ နေကြောင်းတရားတပါး။

တရားအသိနှင့် ယှဉ်စေအောင် ပြောရန်

(၂) မမြောက်မစား၊ မနှိမ်ငြား၊ တရားဟောဖေါ်ပြ။

အေး–ကောင်းတာကို ပဋိလာဓိဌာန် ပြောပြီးတော့ မြောက်လဲ မမြောက်နဲ့၊မကောင်းတာကို ပဋိလာဓိဌာန်ပြောပြီးတော့ နှိမ်လဲမနှိမ်နဲ့၊ ဘာသာပြောရမလဲ။

ဓမ္မမေဝ ဒေဇ္ဇသယျ=ဓမ္မာဓိဌာန်သာပြော (၀၂)တရားကိုသာ အသိဉာဏ်ခိုက်အောင် ရောက်ဇအောင်ပြော။

ဆိုပါစို့၊ ကာမသုခလ္လိကာနုယောဂဆိုတာ လက်ယာလမ်း၊ အတ္တကိလမထာနုယောဂဆိုတာ လက်ဝဲအစွန်း၊ အဲဒီနှစ်ခုမှာ မြောက်စား တယ်၊ နှိမ်ချတယ်ဆိုတဲ့ နေရာမှာ ကာမသုခလ္လိကာနုယောဂကို လိုက်စားတဲ့ ပဋိပဒါတွေဟာ မိစ္ဆာပဋိပဒါကို ကျင့်နေတဲ့ပဋိပဒါဖြစ်ပါ၏။

အဲဒီလို ပဋိပဒါ, ပဋိပဒါနဲ့ ပဋိလာဓိဌာန်၊ပဋိပဒါကို ပြောယင် ဆင်းရဲမယ်သာကြံ။ မိမိဆင်းရဲတယ်၊ နို့-ဒါဖြင့် ဘယ်လိုလုပ်ရပါ့၊ အဲဒီလို ကာမသုခလ္လိကာနုယောဂအလုပ်ကို အားထုတ်ခြင်းသည် ဆင်းရဲနဲ့တကွ ဖြစ်တဲ့တရားပါတာကား၊ ပင်ပန်းမှု၊ ပူပန်မှု၊ ညှိုးနွမ်းမှုနဲ့တကွ ဖြစ်တဲ့တရားပါ၏ကား၊ ဖေါက်ပြန်မှုးယွင်းတဲ့ မိစ္ဆာအကျင့် ပဋိပဒါတကားလို သူရဲအားထုတ်ခြင်းဆိုတဲ့ ဓမ္မမေါမှာသာ ဝေဖန်တဲ့။

အေး–ထို့အတူပဲ အတ္တကိလမထာနုယောဂမှာလဲ ဒီအတ္တကိလမထာနုယောဂ လုပ်တဲ့ ပဋိပဒါတွေဟာ မိစ္ဆာပဋိပန္နပဋိပဒါတွေ၊ ဖေါက်ဖေါက်ပြန်ပြန် မှုးမှုးယွင်းယွင်းကျင့်တဲ့ ပဋိပဒါတွေဆိုယင် ပဋိလာဓိဌာန်ပြောလို့ နှိမ်တာ၊ အဲ–နှိမ်ယင် ကိုယ်ဆင်းရဲမယ်။

နို့ – ဘယ့်နှယ်ပြောရပါ့၊ အဲဒီလို အတွက်ကိလေသာနုယောဂ ခေါ်တဲ့ လက်ဝဲအစွန်းကို အားထုတ်ခြင်းဟာဖြင့် ဆင်းရဲရောက်ဖို့ အကြောင်းပဲ၊ နှလုံးပူပန်ဖို့အကြောင်းပဲ၊ မိစ္ဆာပဋိပဒါပါလား လို့ အဲဒီလို ဆင်ခြင်ပါ။ အဲဒီလိုဆင်ခြင်ယင် ဓမ္မာဓိဋ္ဌာနနည်းနဲ့ ပြောယင်လဲပဲ အဲဒီအတိုင်းပြော၊ ဓမ္မာဓိဋ္ဌာနနည်းနဲ့ပဲ ဆင်ခြင်၊ အဲဒီလိုဆိုယင် မိမိမဆင်းရဲဘူး။ ဒါကို – "မပြောက်မစား၊ မနှိမ်ငြား၊ တရားဟောဖေါ်ပြ"။

ချမ်းသာလိုငြား အဋ္ဌတ္တသုခကိုပွား

(၃) သုခန္ဒစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများအဋ္ဌတ္တ။

ဗဟိဒ္ဓသုခ အဋ္ဌတ္တသုခ နှစ်မျိုးရှိတယ်။ အပြင်အပမျိုးဖြစ်တဲ့ အဆင်းကို၊ အသံကို၊ အနံ့ကို၊ အရသာကို၊ အတွေ့အထိကို စွဲ၍ဖြစ်တဲ့ ချမ်းသာသုခမျိုးကို ကာမသုခလို့လဲ ခေါ်တယ်၊ ဗဟိဒ္ဓသုခလို့လဲ ခေါ်တယ်။ အဲဒီလိုမဟုတ်ပဲနဲ့၊ မိမိသန္တာန်မှာဖြစ်တဲ့ စျာန်တရားများ၊ မိမိသန္တာန်မှာရှိဝဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသကို ကြည့်လို့ရတဲ့ ချမ်းသာသုခ၊ မိမိသန္တာန်မှာ အမှန်တကယ် ပရမတ္ထအားဖြင့်ရှိတဲ့ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝိပဿနာ ရှုလို့ရတဲ့ **သုခမျိုး**။

အဲဒီ သုခမျိုးက အဋ္ဌင်္ဂသုခ၊ ကိုယ်တွင်းတရား ကို အစဲ့ပြု၍ရတဲ့ သုခ၊ အဲဒီသုခနှစ်မျိုးတွင် အဋ္ဌတ္တသုခကိုပွားပါ။ မဟိဒ္ဓသုခကို ချစ်သားတို့ မလိုက်နဲ့။ မသွားနဲ့။ ဘာပြုလို့တုန်း မဟိဒ္ဓသုခက မောတယ်။ အဆင်းကို အကြောင်းပြု၍ဖြစ်တဲ့ သုခကို လိုချင်ယင် ဒီအဆင်းကို ရအောင်ရှာရတယ်။ ဒီအဆင်းက ကိုယ်ရှာတဲ့အခါန် ရချင်မှရမယ်၊ မရယင် အဲဒီမှာ စိတ်ဆင်းရဲတတ်တယ်။

အဲဒါကြောင့် ချစ်သားတို့ ချမ်းချမ်းသာသာနေချင်ယင် အဇ္ဈတ္တ-သုခ၊ ဗဟိဒ္ဓသုခ နှစ်ပါးကွဲကွဲပြားပြားသိ။ သိပြီးတော့ ဗဟိဒ္ဓသုခကို မလိုက်စားနဲ့၊ အဇ္ဈတ္တကိုသာပို့ဂါး လိုက်စား။ ချမ်းသာပြီ။ လူတွေဟာ ချမ်းသာချင်ကြတာပဲ။ တခါလာခဲ့ဦး –

(၄) မျက်မှောက်မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။

ပုဂ္ဂိုလ်တယောက်ရဲ့ အကြောင်းအရာကို သူရဲ့ မျက်မှောက်မှာပဲ ဖြစ်ဖြစ်၊ သူရဲ့ မျက်ကွယ်မှာပဲဖြစ်ဖြစ် ပြောမယ်ဆိုယင် စဉ်းစားဦး။ မမှန်ဘူး။ အကျိုးမရှိဘူး လုံးဝမပြောနဲ့။ မှန်တယ်၊ မှန်သော်လဲ အကျိုးမရှိဘူးဆိုလဲ အဲဒီစကားမျိုးလဲ မပြောနဲ့။ မပြောဖို့ပဲ လေ့လာရတယ်။

မှန်လဲမှန်တယ် အပိုလဲရှိတယ် ဆိုလို့ရှိယင်ဖြင့် ဒါတောင်မှ အဲဒီ စကားကို ပြောဆိုဖို့ရန် အခါအခွင့် ရောက်မှပြောပါ။ အခါအခွင့် မရောက်သေးဘူး၊ လွန်သွားပြီ၊ ပမာ-ဒီစကားမျိုး ပြောဖို့ရန် အချိန် မဟုတ်တော့ဘူး၊ လွန်သွားပြီဆိုလဲ မပြောနဲ့။ ဒီစကား ပြောဖို့ရန် မရောက်သေးဘူးဆိုလဲမပြောနဲ့၊ ခုချိန်မှာ ဒီစကားပြောဖို့ရန်အချိန် တန်ပြီဆိုမှ ပြောပါ။

ကဲ–ပြောတဲ့အခါမှာ–

(၅) မလျင်မဆော စကားပြော၊ မလျင်မဆော တရားဟော၊ ပြေချောမွေ့သိမ်ဖွဲ့၊

အရေးတကြီး ပျာယီးပျာယာ မဟုတ်ပဲ ချောချောပြေပြေ သိမ်သိမ်မွေ့မွေ့ မလျင်လဲမလျင်၊ အနှေးကြီးလဲမဟုတ်၊ အမြန်ကြီးလဲ မဟုတ်၊ အလတ်အလယ် မတ္ထိမပဋိပဒါနဲ့ပြောပါ။ ပြောယင် မိမိ

ချမ်းသာပြီ။ ဒီလိုမဟုတ်ဖါပဲနဲ့ အရေးတကြီး ပျာယီးပျာယာပြောပြီ ဆိုယင် အပြစ်ခြောက်ပါးသင့်တယ်။

အေး – အသျင်ကြီးလဲမဟုတ်၊ အနှုးကြီးလည်းမဟုတ်၊ အလယ် အလက် မစ္ဆိမပဋိပဒါ ပြေပြေချောချော သိမ်သိမ်မွေ့မွေ့ ပြောပါ။ အဲဒီလိုပြောယင် ဘယ်လိုဖြစ်တုံး၊ ပြေပြေချောချော သိမ်သိမ်မွေ့မွေ့ ပြောတဲ့အဖို့ရာ ကိုယ်လဲမပင်ပန်းဘူး၊စိတ်လဲမနှမ်းဘူး၊ အသံလဲပဲမပျက် ဘူး၊လည်ခေါင်းလဲပဲမနာဘူး၊ ထိုပုဂ္ဂိုလ်ရဲ့စကားသည်သန့်လဲသန့်ရှင်း တယ်။ထိုပုဂ္ဂိုလ်ရဲ့စကားသည် သိလဲသိလွယ်တယ်။ အဲဒီလို အကျိုး ခြောက်ပါးရှိလို့ ပြေပြေချောချော သိမ်သိမ်ခမွေ့မွေ့ စကားပြောပါ၊ တရားဟောပါ။ ပျာယီးပျာယာ ရေးကြီးသုတ်ပျာ ဘာမှမပြောပါနဲ့၊ အင်မတန်ပင်ပန်းပါတယ်။ မြတ်စွာဘုရားက တပည့်သာဝကတွေ ပင်ပန်းမှာစိုးလို့၊ ဆင်းရဲမှာစိုးလို့၊ ချမ်းချမ်းသာသာ နေချင်ယင် ချစ်သားတို့ ဒီတရားနဲ့နေ။

(၆) အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါး အရဏ။

ထိုထိုအရပ်စကား၊ အရပ်မှာသုံးတဲ့စကားကို သွားပြီးတော့ မလွန် ဆန်နဲ့။ဟုတ်လား မလွန်နဲ့၊လွန်ဆန်လို့ရှိယင် မင်းဒုက္ခရောက်မယ်၊ အဲဒီ တော့ သူတို့အရပ်မှာ ဩဩ – ဒီပဲစွဉ်း သူတို့အရပ် ဒီလိုခေါ်သကိုးလို့ ဒီအရပ်မှာနေတုန်းဖြင့် ဒီအရပ်သုံးတဲ့ စကားအတိုင်းသာ သုံးတဲ့။ ခိုက်ရန်ဒေါသ ဖြစ်အောင် မလုပ်နဲ့တဲ့၊ငါ့စကားကမှ မှန်တယ်၊ မင်းတို့ အရပ်ဝေါဟာရ မှားတယ်လို့သွားမလုပ်နဲ့၊ အဲဒါ “အရဏဝိဘင်္သုတ်” ဆိုတာ – ဒီတရား ခြောက်ပါးကို ဖော်ပြတဲ့သုတ်။

အဲဒီသုတ္တန်မှာ ဒီက သရဏာဘရား၊ ဒီက အရဏတရား၊ ဒါက သရဏတရား၊ ဒါက အရဏ တရားဆိုတာ မြတ်စွာဘုရား တခါတည်း ထပ်ပြီးတော့ ဝေဖန် ပေးသေးတယ်။

ကာမသုခလွိကာနုယောဂ အလုပ်ကို အားထုတ်ခြင်းသည် ဆင်းရဲဒုက္ခရောက်ကြောင်းတရား၊

အေး....ကာမသုခလွိကာနုယောဂ အလုပ်ကို အားမထုတ်ခြင်းသည် ချမ်းသာစွာ နေရကြောင်းတရား။

အတ္တကိလာမထာနုယောဂ အလုပ်ကို အားထုတ်ခြင်းသည် ဆင်းရဲစွာနေရကြောင်းတရား။

အတ္တကိလမထာနုယောဂ အလုပ်ကို အားမထုတ်ခြင်းသည် ဆင်းရဲစွာ မနေရကြောင်းတရား။

အဲဒီလို အရဏတရား၊ ဆင်းရဲကင်းကွာ ချမ်းသာစွာ နေရကြောင်း ဖြစ်သောတရား၊ အေး-အဲဒီလို အသေးစိတ်ကို ဖေဘုပါတယ်။

ဒီတော့ ဆင်းရဲကင်းကွာ ချမ်းသာစွာနေကြောင်း၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော မစ္ဆိမပဋိပဒါသည် ဆင်းရဲကင်းကွာ ချမ်းသာစွာ နေကြောင်းဖြစ်သောတရား၊

တဖန် သူတဖက်သားကို မြောက်တယ်၊ သူတဖက်သားကို ပဋိဂ္ဂလာဓိဋ္ဌာန်အားဖြင့် မြောက်တယ်၊သူတဖက်သားကို ပဋိဂ္ဂလာဓိဋ္ဌာန်အားဖြင့် နှိမ်တယ်ဆိုယင် အဲဒါ ဆင်းရဲကြောင်းတရား။ သူတဖက်သားကို ပဋိဂ္ဂလာဓိဋ္ဌာန်နဲ့ မမြောက်၊ မနှိမ်ပဲနဲ့ မေတ္တာဓိဋ္ဌာန် ကျကျ မြောက်ယင် အဲဒါ ဆင်းရဲကင်းကွာ ချမ်းသာကြောင်းတရားတဲ့။

ပြီးတော့ ပဋိဂ္ဂါလိတယောက်ရဲ့ အကြောင်းကို မျက်မှောက်မှာပဲ ဖြစ်ဖြစ်၊ မျက်ကွယ်မှာပဲ ဖြစ်ဖြစ် မှန်ကန်၍ အကျိုးရှိသော စကား

ကိုသာ အချိန်ကိုသိ၍ ပြောခြင်းဟာ အရဏတရားတဲ့၊ ဒီတရား ပဉ္စဝဂ္ဂိယ်ရမဲ့ တံဆိပ်ပေါ့။

အကျဉ်းချုပ် မှတ်သားရန်။ ။အဲဒီလို တခုစီတခုစီ အသေးစိတ် ဒါက သရဏ ဒါက အရဏလို့ ဟောပါတယ်။

တရားနာပရိသတ် နားလည်ထားဘို့ကတော့ ဒီလက်ံာ ခြောက်ပုဒ် ရထားယင် ဒို့ချမ်းချမ်းသာသာ နေနိုင်ကြောင်း တရားတော်ကို သိပြီ။ ဆိုကြပါစို့ —

(၁) အာယုတ်နှစ်ပါး၊ မလိုက်ငြား၊ လမ်းသွားမငို့မ၊
(၂) မမြော်က်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ၊
(၃) သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပဉ္စများအဋ္ဌတ္တာ၊
(၄) မျက်မှောက်မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ်သိတတ်လှ။
(၅) မလျှင်မဆော။ စကားပြော၊ ပြေချော မွေ့ သိမ်စု။
(၆) "အရပ်စကား၊မလွန်ငြား၊ ခြောက်ပါးအရဏ"

မြတ်စွာဘုရားက အဲဒီသုတ္တန်ကို နိဂုံးအုပ်တဲ့အခါကျတော့

တသွာ တိဟ ဘိက္ခဝေ။

ဘိက္ခဝေ၊ ချစ်သားတို့။ တသွာ၊ ထို့ကြောင့် (၀၂) ထိုသို့ သရဏတရားပဉ္စဝဂ်ယင် ဆင်းရဲဒုက္ခရောက်မယ်။ အရဏတရားပဉ္စဝဂ်ယင် ဆင်းရဲဒုက္ခ ကင်းကွာမယ်ဖြစ်ရကား —

သရဏဉ္စ ဓမ္မံ ဇာနိဿာမ၊ အရဏဉ္စ ဓမ္မံ ဇာနိဿာမ။

မယံ၊ ငါတို့သည်။ သရဏဉ္စ ဓမ္မံ၊ ဆင်းရဲနှင့်တကွ ဖြစ်တဲ့တရားကို လည်း။ ဇာနိဿာမ၊ သိအောင်ကြိုးကုတ် အားထုတ်ကြကုန်အံ့။

ဒီတရား ဒီတရားစုဟာ သရဏတရားဆိုတာ သိအောင်အားထုတ်ရမယ်။

အရဏတရားကိုသာ အားထုတ်ကြ

အရဏဉ္စ ဓမ္မံ၊ အရဏေဿတရား ဆင်းရဲကင်းကွာ ချမ်းသာစွာနေနိုင်ကြောင်း ဖြစ်တဲ့တရားကိုလဲပဲ။ ဇာနိသာမ၊ သိအောင် ကြိုးကုတ် ငါတို့အားထုတ်ကြမဟဲ့။ အားထုတ်ကြမဟဲ့လို့ အံကြိတ်ပြီးတော့ စဉ်းစားလိုက်စမ်းပါတဲ့။

သရဏဉ္စ ဓမ္မံ ဉတ္ဘာ၊ အရဏဉ္စ ဓမ္မံ ဉတ္ဘာ–

ဤတရားကား ဆင်းရဲဒုက္ခနဲ့တက္ခ ဖြစ်တဲ့တရားပဲ၊ ဤတရားကား ဆင်းရဲဒုက္ခ ကင်းကွာတဲ့ တရားပဲလို့ သိပြီးတော့–

အရဏပဋိပဒံ ပဋိပဇ္ဇိဿာမာတိ။

ဆင်းရဲကင်းကွာ ချမ်းသာစွာနေကြောင်းဖြစ်တဲ့ အကျင့်ကောင်းကိုသာ ကျင့်ကြံကြိုးကုတ် အားထုတ်ကြမဟဲ့လို့ –

ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ။

ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝံ ဟိ၊ ဤသို့ နှလုံးစွဲပိုက်သုံးရှုသာလျှင်။ ဝေါ တုမှေဟိ၊ သင်ချစ်သားတို့သည်။ သိက္ခိတဗ္ဗံ၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် ပဋိပတ်ကို ကြိုးစားအားထုတ်သင့်၏။ (ဝါ) အားထုတ်သင့်လှ၏။ အားထုတ်ကြလေ။

အရဏပဋိပဒ်ကိုကျင့်သော။ ။သက်သေမျှားရှိရဲ့လား၊အရဏပဋိပဒ်ကို သုံဘူတိ အမျိုးကောင်းသား ကျင့်တဲ့ကိုယ်တော် ရှိသလား ဆိုတော့ မြတ်စွာဘုရား က ဒီ ပြင် သုတ္တန်မျှားမှာပေါ့လေ၊ အဲဒီလို သြဝါဒပေးယင် ပြီးတာပဲ။ ဒီသုတ္တန်မှာ တကတည်း ရှင်သုဘူတိကို ဘုရားက သီးခြားပြောတာ။

သုဘူတိ စ ပန ဘိက္ခဝေ ကုလပုတ္တော အရဏပဋိပဒံ ပဋိပန္နော။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သား‌တို့။ သုဘူတိ စ ပန ကုလပုတ္တော၊ သုဘူတိ အမျိုးကောင်းသား‌သည်။

ဘယ်ကလာတဲ့အမျိုးကောင်းသား‌လဲ၊ အနာထပိဏ်သဒ္ဒေးရဲ့ညီ အရင်းသုဘူတိ သဒ္ဒေးသား‌လို့ ရှိတယ်။ အဲဒီသုဘူတိ သဒ္ဒေးသား‌သည် ဇေတဝန်ကျောင်းတိုက်ကြီး ရေ စက်ချတဲ့ နေ့က သာသနာတော်ကို သက်ဝင်ယုံကြည်ပြီးတော့ နောင်တော် အနာထပိဏ်သဒ္ဒေးထံ ခွင့်ပန်၍ သာသနာ့ဝန်ထမ်း ရဟန်းပြုတယ်။

နောက်ရဟန်းတရားပွဲများ အားထုတ်လို့ ရဟန္တာဖြစ်တယ်။ အသိတိသာဝကကြီး ရှစ်ကျိပ်ထဲမှာ တောဒက်ဘွဲ့ထူး နှစ်ချက်ရတဲ့ မဟာသာဝကကြီး တပါးပါ။ အရှင်သုဘူတိ။ အား လောကမျိုးရိုး ပြောယင်လဲ သဒ္ဒေးသားပဲ၊ ပြီးတော့ သာသနာတော် ရောက်ပြန် တော့လဲပဲ အထက်တန်းကျလို့ကဲ့ တာ၊ မြတ်စွာဘုရားကိုက ချီးမွမ်း ယူရတယ်။

တောဒက်ဘွဲ့ထူးရပုဂ္ဂိုလ်။ ။ချစ်သား‌တို့တဲ့၊ သုဘူတိဆိုတဲ့ အမျိုးကောင်းသား ရဟန်းသည် အရဏပဋိပဒ်ကို အမြဲကျင့်ကြံတယ်။ ဆင်းရဲကင်းကွာ ချမ်းသာစွာ နေရကြောင်းဖြစ်တဲ့ တရားကို ကျင့်ခြင်းဆိုတဲ့ အရဏ ပဋိပဒါကို အမြဲမပြတ် ကျင့်နေတယ်။

အရဏပဋိပဒံ၊ အရဏပဋိပဒ်ကို။ ပဋိပန္နော၊ အမြဲမပြတ် ကျင့်ကြံ၍ နေ၏။

ဘယ်လို ကျင့်သလဲ မေတ္တာစျာန်ကို အမြဲဝင်စားတယ်။ နေယင်လဲပဲ အရဏတရား ခြောက်ပါးနဲ့ပဲ နေတယ်။ အဲဒါကြောင့် သူမှာ-

တေဒဂ္ဂံ ဘိက္ခဝေ မယ သာဝကာနံ ဘိက္ခူနံ အရဏဝိဟာရိနံ ယဒိဒံ သုဘူတိ။

ချစ်သားတို့ သုဘူတိ ဆိုတဲ့ ကိုယ်တော်ရှိတယ်၊ အဲဒီကိုယ်တော်သည် အရဏတရားခြောက်ပါးနဲ့ နေကြတဲ့ ငါဘုရားရဲ့တပည့် ဘာဝကထဲမှာ သူအသာဆုံးတဲ့။ အဲဒါကို "အရဏတေဒင်" လို့ ခေါ်တယ်။ အေး....အဲဒီလိုလဲ အရှင်သုဘူတိဟာ ဘုရား ချီးကျူးခံရတယ်။

အရှင်သုဘူတိသည် မေတ္တာ ဝိဟာရ မေတ္တာနဲ့ နေကြတဲ့ ရဟန်းတော်ထဲမှာ ဘုရားသားတော်ထဲမှာ သူအသာဆုံး အမြတ်ဆုံး။ ဘယ်လောက်များလဲဆိုယင် မေတ္တာစျာန်နဲ့ နေလိုက်ဟာ အယုတ်သဖြင့် ဒီအိမ်ဝ ဆွမ်းရပ်တယ်၊ ရပ်တဲ့အချိန်ကစပြီးတော့ မေတ္တာစျာန် ဝင်စားနေတယ်။ ဆွမ်းလောင်းတဲ့ လူအနားရောက်လာမှ မေတ္တာစျာန်ကထ၍ ထိုလူ့တဲ့ ဆွမ်းကို အလှူခံတယ်။

အေး- အဲဒါကိုပဲ မြတ်စွာဘုရားက သူ့ကို အရဏာပဋိပဒ်ကို တကယ်ကျင့်တဲ့ ကိုယ်တော်ပဲလို့ ချီးမွမ်းတော်မူရတယ်။ မှန်တယ်။ ပုဂ္ဂလာဓိဋ္ဌာန် ဘုရားကမှ တခါတလေ ပြောသေးတယ်၊ "မောဃပုရိသ၊ မင်္ဂိုလ်မရ ကိစ္စမပြီး အချည်းနှီးသော ဟဲ့ ယောကျ်ား"-မြည့်တဲ့အခါ၊ ဆဗ္ဗဂိုတွေ့ ဘာတွေ့ မြည်တဲ့အခါ ဒီလိုသုံးသေးတယ်။

အရှင်သုဘူတိကတော့ ပုဂ္ဂလာဓိဋ္ဌာန် ဘယ်တော့မှ မပြောဘူးတဲ့၊ ဓမ္မာဓိဋ္ဌာန်ပဲ ပြောတော့ အမြဲတမ်း သူချမ်းသာတာပေါ့၊ ဒီတော့ ချမ်းသာချင်ယင် အဲဒီ တရားခြောက်ပါးနဲ့ ပြည့်အောင်နေပါ။ (၀၊)

အဲဒီ တရားခြောက်ပါးနဲ့ ပြည့်အောင်နေ၍ ချမ်းသာနိုင်ကြပါစေ။ လူတွေဟာက ဒုက္ခကို ပြောရမှ ကြိုက်ကြတယ်။ ဆင်းရဲတာကိုပြောရမှ လူတွေက ကြိုက်တယ်၊ အဲဒီလို ချမ်းသာဖို့ရန်ကျတော့ ခြောက်သွေ့တယ်။

အဲ–ဆင်းရဲတာကျတော့ ကြိုက်တယ်၊ အပူကျတော့ ကြိုက်တယ်၊ ဘုန်းကြီးများ ဒီဒကာ ဒကာမတွေ့ စိတ်တွေ့ ပူပူနေ၊ ဒီက အေး အောင် ပြော၊ ဟိုတခါ ဒကာ ဒကာမက ပူတဲ့စကားပြော၊ ဒီက အေးတဲ့စကားပြောတော့ ဒကာတယောက်က ပြောတယ်–

"ဆရာတော် အဲဒါ သိပ်မပြောနဲ့ မကြိုက်ဘူး" တဲ့၊

"ဘာပြုလို့တုံး"

"ဟာ–သူတို့က အဲဒါ မကြိုက်ဘူး"

"မကြိုက်ပေမယ်လို့ ဒီလိုရှိတယ်၊ မီးလောင်နေတဲ့အထဲကို အမှိုက် မထည့်ရဘူး၊ မီးလောင်နေတာ အမှိုက်ထည့်ယင် တိုးမီးလောင် တာပေါ့၊ သူတို့က စိတ်ပျက်နေတာ စိတ်ပျက်စရာ အကြောင်းတွေ ထပ်ပြော၊ ပိုပြီးတော့ စိတ်ပျက်တာပေါ့၊ ဒီတော့ မီးလောင်ယင် ရေနဲ့ ငြိမ်းမှ ဒါမှ မိတ်ဆွေအစစ်၊ ငါကတော့ အေးအောင်ကတော့ ပြောရ မှာပဲလို့ ပြောရပါတယ်"။

ဆိုကြပါစို့။ ဥပမာ–လူတွေ့ ဒီအာရဏဝိဟာရ တရားနဲ့ ချမ်းချမ်း သာသာနေဖို့ တရားခြောက်ပါး ပွားကြပါဆိုယင် ဒါကျတော့ သိပ်လွယ် တာ မဟုတ်ဘူးနော် သိလား၊ ဒါကျတော့ လူတွေက သိပ်မလွယ်ဘူး။ ဟော–သရဏဝိဟာရတရားနဲ့ကျတော့ လွယ်တယ်၊ ဒီတော့ ဆုပဲ တောင်းလိုက်ကြရအောင်။

အရဏဝိဟာရတရား ခြောက်ပါးကို ပွားများ ကြိုးကုတ် အားထုတ် နိုင်ကြပါစေ၊ မိမိတို့ ကိုယ်တိုင်ကလဲပဲ အရဏဝိဟာရတရား ခြောက်ပါး ကို ပွားများ ကြိုးကုတ် အားထုတ်မယ်။

လွယ်ကူသော ကာမသုခကို ပမာပုံ – မဂ္ဂင်ချစ်ပါးကို သမ္မာဒိဋ္ဌိ မလိုက်စားရန် ဖြစ်အောင် စတုသစ္စ ကမ္မဋ္ဌာန်းကို စီးဖြန်းစမ်းပါ။ နှလုံးသွင်းစမ်းပါဆို တာနဲ့ ရုပ်ရှင်သွားကြည့်ရအောင်၊ ဇာတ်ပွဲ သွားကြည့်ရအောင်၊ လာ- လိုက်မလားဆိုတာနဲ့ ဘယ်ကလွယ်သလဲ၊ အေး – ဇာတ်ပွဲသွား ကြည့်ရအောင် ရုပ်ရှင်သွားကြည့်ရအောင်က ဒါကလွယ်တယ်၊ ဘာလို့ တုန်း၊ အဲဒီက သူက ကာမသုခ ရှိတာကိုး၊ ဟုတ်လား။

အဆင်းတည်းဟူသော ဝတ္ထုကာမ၊ အသံတည်းဟူသော ဝတ္ထု ကာမကို အစွဲပြုလို့ရတဲ့ သုခရှိတယ်၊ အဲဒီဘက်ကို ပုထုဇဉ်စိတ်က များသောအားဖြင့် ယိုင်တာ၊ လဲတာ။ အဲ – လဲယင် အဲဒါ ဆင်းရဲမှာ၊ ဆင်းရဲရမယ်၊ အဲ – ခုနကပြောသလိုပဲ မဇ္ဈိမပဋိပဒါကျအောင်ကတော့ သစ္စာကမ္မဋ္ဌာန်းကို စီးဖြန်းနေ၊ ဒါ မဇ္ဈိမပဋိပဒါကျတယ်။

အေး – အဲဒါကြောင့် ကောင်းတာလုပ်နိုင်ပါစေ ဆိုတာ ဆုညွှန်း ရအောင် –

အရဏတရားနိဂုံး

ဤသို့လျှင် ဆင်းရဲကင်းကွာ ချမ်းသာစွာနေနိုင်ကြောင်း ခြောက် ပါးသောတရားတို့ကို ခွဲခြားဖော်ပြရာဖြစ်သော ဥပရိပဏ္ဏာသ ပါဠိတော် လာ အရဏဝိဘင်္သုတ္တန် တရားဒေသနာမြတ်ကို ကြားနာရခြင်း၊ ဓမ္မဆဝနကောင်းမှု ကုသိုလ်ကံ စေတနာ၊ သရဏဂုံသီလ ဆောက်တည် ကြရခြင်း သီလယောင်းမှုကုသိုလ်ကံ စေတနာ၊ နှစ်စဉ် နှစ်စဉ်

စာပြန်ပဲ့ စာမေးပွဲ ဓမ္မသဘင်ဆင်ယင်၍ အောင်မြင်တော်မူကြသော ရှင်ငယ်၊ ရဟန်းငယ်တို့အား အသီး အသီး တရားဓမ္မဒါန ဝတ္ထုတို့ဖြင့် ဓမ္မပူဇော ပြုလုပ်ရသော မင်္ဂလာကောင်းမှု ကုသိုလ်ကံစေတနာ၊ ထိုစာပြန်ပဲ့ စာမေးပွဲရက်အတွင်း၌ ဘုရားအမှူးရှိသော သင်္ဃာတော်အရှင်မြတ်တို့အား မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် သဒ္ဓါပြဋ္ဌာန်းလှူဒါန်းကျွေးမွေး ပြုစုရခြင်းတည်း ဟူသော ဗုဒ္ဓပမုခ သံဃိကဘောဇန ဒါနကောင်းမှု ကုသိုလ်ကံစေတနာ ဤသို့ စသည် ပေါင်းအပ်မျှားမြတ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့်-

ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်း ပြည်နှံ့ပွဲဝန်။

ဒုက္ခခပ်သိမ်းတို့ ချုပ်ရာ၊ ပြတ်ရာ၊ ငြိမ်းရာ၊ သံသရာဇာတ် သိမ်းရာ ဖြစ်တဲ့ တရားသည် နိဗ္ဗာန်ပဲလို့ အဲဒီလို ပုထုဇဉ်တို့ရဲ့ အနုမာနသိနဲ့ အဲဒါလောက်ပဲ သိထားပါ။

ဒုက္ခခပ်သိမ်းတို့ ချုပ်ရာ၊ ပြတ်ရာ၊ ငြိမ်းရာ သံသရာဇာတ်သိမ်းရာ ဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကို မပင်မပန်း ချမ်းသာလှယ်ကူသော အကျင့်ပဋိပဒါ၊ လျင်မြန်သော ဝိပဿနာအသိဉာဏ် ပန်ထွာတောင့်တရင်းရှိသော မဂ်ဉာဏ် ဖလေးရပ်တို့ဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ် ပေါက် အကျွန်ုပ်တို့ မျက်မှောက်ပြုရတဲ့ကိုယ် ဖြစ်ပါစေကုန်သတည်း။ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက် ပြုရသောဘဝသည် နောက်ဆုံးဘဝပါပေ၊ ထိုနောက်ဆုံးဘဝ ပရိနိဗ္ဗာနစုတိမှ အစြားမဲ့ နောက်ကာလ၌ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝတည်းဟူသော ဘဝသုံးပါးတို့တွင် ဘယ်ဘဝ၌မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာဝဋ်မီးစာတထုးတို့ တဖန် အသစ်မဖြစ်ခြင်း တည်းဟူသော အနုပ္ပါဒ-နိဏ္ဍာဓ၊ အနုပါဒိသေသပရိနိဗ္ဗာန် ကိုယ်စီစံရပါစေ ကုန်သတည်း။

အနုပါဒိသေသပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝင်္ဂ၊ ကိလေသဝင်္ဂ၊ ဝိပါကဝင်္ဂ တည်းဟူသော ဝင်္ဂဒုက္ခခပ်သိမ်း သံသရာမီးတောက်မီးလျှံ ကြီး အပြီးတိုင် ငြိမ်းကြပါစေ ကုန်သတည်း။

အရဏဝိဘင်္သုတ္တန် တရားတော်

ပြီးပြီ။

သီလဝန်ဆောက်တည်ကြောင်း

ရဟန္တာပုဂ္ဂိုလ်များဆက်လက် ရှုပွားရမည့် တရားရှိ, မရှိဟူသော သံသယကို ပယ်ဖျောက်ရန် ရည်ရွယ် ဟောကြားခြင်း

ကောဇာသက္ကရာဇ် ၁၃၃၃-ခု၊ သာသနာတော် ၂၅၁၅-ခု နှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀-ရက်နေ့၊ မင်းကွန်း ဓမ္မနာဒတိုက်ဖေဟာဗန္ဓုလဓမ္မာရုံ၌ ရန်ကုန်မြို့၊ ရွှေတောင်တန်း ရပ်၊ အလှူ။ ဒါယကာ ဦးအေးမောင်+ဒေါ်ညိုဝင်းတို့၏သား များရှင်ပြု၊ သမီးနှားသ၊ သီလရှင်ဝတ် အလှူမင်္ဂလာပွဲ၌ ၃-ညမြောက် ဟောကြားအပ်သော ဘာဝနာနှင့် စပ်သော ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်လာ သီလဝန္တသုတ္တန် တရားတော်။

ကနေ့ ဘုန်းကြီး ဟောမယ့် သုတ်ဟာ သံယုတ္တနိကာယ်ထဲက သံယုတ်ငါးကျမ်း၀င် ခန္ဓဝဂ္ဂသံယုတ်ဆိုတဲ့ ကျမ်းကလာတဲ့ သီလဝန္တ သုတ်တဲ့။ အဲဒီသီလဝန္တသုတ်ကိုနာမယ်ကြံတော့ ကြိုတင်ပြီး အကျဉ်း ချုပ်ခန္ဓာငါးပါး ကိုယ်ထဲမှာ ရှာထားရအောင်။ လယ်တီဆရာတော် ဘုရားကြီးက ခန္ဓာငါးပါး ဗုဒ္ဓဘာသာ အမျိုးသား အမျိုးသမီးတွေ နားလည်အောင် လက်ဝေးတွေ ရေးထားခဲ့တယ်။

ခန္ဓာငါးပါး လက်ဝများ

ရူပက္ခန္ဓာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏဟု၊ အစုငါး တန်၊ ငါးရပ်ခန်တည်း။

မူလဋီကာကို လယ်တီဆရာတော်ဘုရားကြီး ချီးမွမ်းတော်မူခြင်း

တပိုဒ်တပိုဒ် သူ့အခန်း နဲ့သူ သန့်လျက် သန့် လျက် ရေးထားတယ်။ ဆရာတော်ကြီးများခေတ်တုန်းက စာပေများ ဆရာတော်ကြီးချီးမွမ်း တော့ ဘုန်းကြီးတို့အဘိဓမ္မာကိုဖွင့်တဲ့ မူလဋီကာဆိုတာ စာလဲ ခက်ခဲတယ်၊ အဓိပ္ပာယ်လဲ နက်နဲတယ်၊ အဲဒီမူလဋီကာစာပေကို လယ်တီဆရာတော်ဘုရားကြီးက သူ့ခေတ် အချိုးအမွမ်းနဲ့ ဘယ်လို ချီးမွမ်းတုန်းဆိုတော့ "မူလဋီကာ စာတပိုဒ်တပိုဒ်သည် ဧရွမန်ကျည်း သီးတခြောင့် တခြောင့်လောက် အဖိုးတန်သက္ခ" အဲဒီလို ချီးမွမ်း သတဲ့။

မှန်ပါတယ်။ သူတို့ခေတ်တုန်းကတော့ ကားနဲ့လိုရွှေချောင်းခေတ် မဟုတ်ပါဘူး။ သူတို့ခေတ်တုန်းက တန်ဖိုးအမြင့်ဆုံးထားပြီး သုံးတာ ရွှေမန်ကျည်းသီးတောင့် သုံးပုံရပါတယ်။ သူ့ခေတ် သူ့အခါ သူ့ဒေသ မှာ အမြတ်တနိုးထားပြီးတော့ သုံးတဲ့စကားတွေဟာ စကားကို ထောက်ပြီး ထိုခေတ်ကအဖြစ်ကို မှန်းဆနိုင်ပါတယ်။

ဟောဒီဘုန်းကြီးတို့မြင်းကွန်းမှာ တိုက်အုပ်ဆရာတော် အခု သီတင်းသုံးတဲ့နေရာ နဂိုတုန်းက "ဘိုးသံပရာ"လို့ ကိုယ်တော်ကြီး ရှိတယ်။ အဲဒီအချိန်တုန်းက ငွေတောင်တောရ ရွှေကျင်တိုက်ကြီးမှာ ဥပုသ်နေ့ ဥပုသ်နေ့ကျ တရားပွဲဟာ ညလုံးပေါက်ရှိတယ်။ မန္တလေးက ရွှေကျင်တိုက်က ကိုယ်တော်တွေလာလာပြီးတော့ တရားဟောရတယ်။ တရားနာတဲ့ပရိသတ်က မလဲဘူး၊ တရားဟောတဲ့ပုဂ္ဂိုလ်ကသာ အလဲ အလှယ်နဲ့ မိုးလင်းအောင် တရားဟောတယ်။

အဲဒီလို ဟောတဲ့အထဲမှာ ဆရာတော်ဦးဇနိတ ပထမဆုံးပါလာတဲ့ အချိန် ဘုန်းကြီးတို့ ဒကာမကြီးပြောတယ်-

"ဆရာတော် ဦးဇနိတ သူ့အသံက ပင်ကိုယ်ကိုက စည်းမိဝါးမိ ကြည်ညိုဖွယ်ရှိတဲ့အသံ၊ သိပ်ပြီးပြင်နေရတာမဟုတ်ဘူး"

ဒီတော့ မင်းကွန်းမှာ အစဆုံး ဘုန်းကြီး ဦးဇနိတ ငွေတောင် တောရတိုက်မှာ တရားဟောတဲ့ တရားကို နာလာရတော့ ဒီအဘိုး သံပရာကြီးက ချီးမွမ်းတာတဲ့။ ဒကာမကြီးပြောလို့ တဆင့်ကြားရ ဟယ်။ ဘိုးသံပရာက ဘယ်နှယ် ချီးမွမ်းတုန်းဆိုတော့ –

"အောင်မလေးဗျာ– မဟာဝိသုဒ္ဓါရာမဆရာတော်ကြီး အုပ်ထား တဲ့ သခ္ဓါးသီးမှည့်ကြီးတွေ ခုမှလှပ်တော့တယ်"

ဘိုးသံပရာက ချီးမွမ်းသတဲ့။ မှန်ပါတယ်၊ ဘိုးသံပရာတို့အနေနဲ့ အဲဒီခေတ် အဲဒီအချိန်လောက်က အဖကောင်းဆုံးထားပြီး စားရတဲ့ သွားရည်စာက သခ္ဓားသီးမှည့်ကြီးတွေပဲ ရှိပါလိမ့်မယ်။

စာတပိုဒ် ရွှေချောင်း တချောင်းတန်ဖိုးရှိ။ ။လယ်တီဆရာတော် ဘုရားကြီးမျှား ချီးမွမ်း သလို ရွှေမန်ကျည်းသီး တတောင့် တတောင့် မူလဋ္ဌီကာစာတပိုဒ် တပိုဒ် တန်ဖိုးရှိသကွဲ့လို ချီးမွမ်းသလိုပဲ ကနေ့ရွှေချောင်းခေတ်နဲ့ ချီးမွမ်းယင် လယ်တီဆရာတော်ဘုရားကြီးမျှား ရေးသားတဲ့ စာတပိုဒ် တပိုဒ်လျှင် ရွှေချောင်းတချောင်း တချောင်းလောက် တန်ဖိုးရှိတယ်လို့ ချီးမွမ်းနေရတယ်၊ အင်မတန် စာနေ သနဲ့တယ်။

ခန္ဓာငါးပါး တန်းပြီးပြောတတ်အောင် –

ရူပကွန္ဓာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏဟု၊ အစုငါးတန်၊ ငါးရပ်ခန်တည်း။

ဒီစာပိုဒ်ကလေးရယင် ခန္ဓဝါးပါး တန်းပြီပြောတယ်။

ရူပက္ခန္ဓာ=ရုပ်တရားအစု၊

ဝေဒနာက္ခန္ဓာ=ဝေဒနာတရားအစု၊

သညာက္ခန္ဓာ=သညာတရားအစု၊

သင်္ခါရက္ခန္ဓာ=သင်္ခါရတရားအစု၊

ဝိညာဏက္ခန္ဓာ=ဝိညာဉ်တရားအစု။

"ခန္ဓ" သဒ္ဒါသည် "အစု" ဟူသောအနက်ကို ဟောပါတယ်။ ဒီလက်ဝါပိုဒ်ရယင် ခန္ဓာဝါးပါး တန်းပြောတတ်ပြီးတော့ ပြီးတော့မှ ပထမဆုံးပေါ်တဲ့ ရူပက္ခန္ဓာကို ဝေဖန်ပြချင်လို့-

ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြားချ၊ စကားပုံသေ၊ ရုပ်ခေါ်ပေ၏။

တပိုဒ်တည်း၊ သူ့အကုန်ကလေးနဲ့ ရူပက္ခန္ဓာ=ရုပ်တရားအစုဆိုတဲ့ စကားဦ ဒီတရားကို ဘာပြုလို့ရုပ်ခေါ်သလဲလို့ မေးယင် အအေးနဲ့တွေ့ယင်တမျိုး၊ အပူနဲ့တွေ့ယင်တမျိုး အမျိုးမျိုးအဖုံဖုံ ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွားတတ်သော သဘောတရားကို ရုပ်ခေါ်တယ်။

ဥပမာ-နွေလယ်က ပူတဲ့အချိန်တုန်းကဖြစ်တဲ့ ရုပ်တွေနဲ့ အခု အေးတဲ့အချိန်မှာဖြစ်တဲ့ရုပ်ဟာ မတူဘူး။ စဉ်းစားကြည့်ယင် ပေါ်နိုင်တယ်။ အဲဒီလို အအေးနဲ့တွေ့ယင်တမျိုး၊ အပူနဲ့တွေ့ယင်တမျိုး ပြောင်းလဲဖောက်ပြန် ထွေထွေပြားပြား ဖြစ်ပွားတတ်တဲ့ တရားအစုကို ရုပ်ခေါ်တယ်။ ဒါက ရူပက္ခန္ဓာဌ် ရူပ ဟူသောပုဒ်အရ မြန်မာပြန်ပြောလိုက်ခြင်းဖြစ်တယ်။ အဲဒီရုပ်တရားသည် ဘယ်လောက်ရှိသလဲဆိုတော့-

"မြေဝတ် ရေဓာတ်၊ မီး,လေဓာတ်ဟု၊ လေးရပ်ဘုတ်ကြီး၊ ပွဲး စီးအာနက်"။

ဒါ စကားတရပ်၊ ဒီခန္ဓာငါးပါးလုက်ဝတ္ထို၊ အာယတနလက်ဝတ္ထိုဆို တဲ့ ဒီလက်ဝလေးတွေ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ အလိုတော်ကျ အောင် ရိုက်နှိပ်မယ်ဆိုယင် အဲဒီစကားတရပ်တရပ်မှာ နှစ်ချောင်းပိုဒ် နှစ်ပိုဒ် နှစ်ပိုဒ်နဲ့ ဒီလိုရိုက်ရမှာဖြစ်ပါတယ်။ အခုပြောပြီ၊ ရှပ်တရား သရုပ်ထုတ်ပြောတာ။

ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်။

မှတ်ချက်။ ။ဤနေရာ၌ ဆရာတော်သည် ခန္ဓာငါးပါးလက်ဝမျှား နှင့် အဓိပ္ပါယ်မျှား ရှင်းလင်း ဟောကြားပါသည်။ ရာဟုလာတရားပေါင်းချုပ် စာမျက်နှာ (၅၆)၌ ပါရှိပြီးဖြစ်၍ ခန္ဓာငါးပါးလက်ဝနှင့် ဟောကြားချက်မျှားကို ချန်ထားခဲ့ပါသည်။

သီလရှိသောပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား

အခုဟောမယ့် သီလဝန္ဆသုတ္တန်က ခန္ဓာ၊ ဒီတော့ သုတ္တန်ကို အရှင် အာနန္ဒာ၊ အရှင်မဟာကဿပတို့ နိဒါန်းပျိုးပေးလိုက်တယ်။

ဧကံ သမယံ အာယသ္မာ စ သာရိပုတ္တော အာယသ္မာ စ မဟာကောဋ္ဌိကော ဗာရာဏသိယံ ဝိဟရန္တိ ဣသိပတနေ မိဂဒါယေ။

ဟို....တချိန်တုန်းက အရှင်သာရိပုတ္တရာမထေရ်ရယ်၊ အရှင်မဟာကောဋ္ဌိကမထေရ်ရယ်၊ ဤမထေရ်မြတ်ကြီး ၂-ပါး ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောမှာ သီတင်းသုံးနေတော်မူကြတယ်။ အဲဒီလို နေကြရာက-

အထ ခေါ် အာယသ္မာ မဟာကောဋ္ဌိကော သာယန္ဟ-သမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေနာယသ္မာ သာရိပုတ္တော တေနုပသင်္ကမိ။

ထိုသို့နေတဲ့အခါ တနေ့သ၌ အရှင်မဟာကောဋ္ဌိကမထေရ်သည် ညနေချမ်းအခါ တကိုယ်တည်းကိန်းအောင်းရာက ထွက်ပြီးတော့ အရှင်သာရိပုတ္တရာရှိတဲ့ နေရာသွားသတဲ့။

ဥပသင်္ကမိတ္မာ အာယသ္မာ စ သာရိပုတ္တေန သဒ္ဓိံ သမ္မောဒိ။

သွားရောက်ပြီးတော့ အရှင်သာရိပုတ္တရာနဲ့အတူတကွ ဝမ်းမြောက်ဝမ်းသာ စကားများပြောတယ်၊ ပီးတော့မှ–

သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတ္မာ ကေမန္တံ နိသီဒိ။

ဝမ်းမြောက်ထိုက်တဲ့ တသက်လုံးအောက်မေ့ထိုက်တဲ့ စကားကို ပြောပြီးတဲ့နောက် အပြစ်လွတ်တဲ့တနေရာက အရှင်မဟာကောဋ္ဌိက မထေရ်ထိုင်လိုက်တယ်။ ထိုင်ပြီး–

ကေမန္တံ နိသိန္နော ခေါ် အာယသ္မာ မဟာကောဋ္ဌိကော အာယသ္မန္တံ သာရိပုတ္တံ ဧတဒဝေါ စ။

အပြစ်လွတ်တဲ့နေရာက ထိုင်ပြီးတဲ့ အရှင်မဟာကောဋ္ဌိက မထေရ်သည် အရှင်သာရိပုတ္တရာမထေရ်ကို ဤအမေးစကား လျှောက်ထားပြောဆိုတယ်။ ဘယ်နှယ်လျှောက်သလဲ၊ ဒါလိုရင်း–

သီလဝတာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ။

ဟောဒါ အရှင်မဟာကောဋ္ဌိက-က အရှင်သာရိပုတ္တရာကို မေးတဲ့စကား။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ သီလဝတာ၊ သီလရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဘိက္ခုနာ၊ သံသရာဘေး ထောက် တွေးမြော်မြင် သူတော်စင်သည်။ ကတမေ ဓမ္မာ၊ အဘယ်တရားတို့ကို။ ယောနိသော၊ အာသင့်ဖြာဖြင့်။ မနသိ ကာတဗ္ဗာ နှလုံးသွင်း အပ်ပါကုန်သနည်း။

ငါ့ရှင်သာရိပုတ္တရာ သီလရှိတဲ့ရဟန်း ရဟန်းကတော့ ပဓာနပြောတယ်ပေါ့။ သီလရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်။ရဟန်းဖြစ်ဖြစ်၊ လူဖြစ်ဖြစ်၊ အဲဒီပုဂ္ဂိုလ်သည် ဘယ်တရားတွေကို အသင့်နှလုံးသွင်းရမှာလဲ။ဘယ်တရားတွေကို ဘယ်လို အသင့်နှလုံးသွင်း ရမှာလဲ မေးတယ်။ ဒီတော့ အရှင်သာရိပုတ္တရာက ဖြေတယ်—

တဲ့ဝတဆယ့်တချက် လက္ခဏာသုံးပါးသို့ဝင်ပုံ

သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ (ဤမေ)ပဉ္စ ပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော မရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိကာတဗ္ဗာ။

အာဝုသော ကောဋ္ဌိက၊ ငါ့ရှင်ကောဋ္ဌိက။ သီလဝတာ၊ သီလရှိသော။ ဘိက္ခုနာ၊ရဟန်းသည်။ ဘိက္ခုနာ၊ သံသရာဘေး ထောက်တွေးမြော်မြင်သူတော်စင်သည်။ ဤမေ ပဉ္စုပါဒါနက္ခန္ဓာကြီးဆိုလိုတဲ့သော ဥပါဒါန်၏ အာရုံဖြစ်တဲ့ လောကီခန္ဓာငါးပါးဟာကို အနိစ္စလောအနိစ္စ ဟူ၍လည်းကောင်း။ ဒုက္ခတော၊ ဒုက္ခဟူ၍လည်းကောင်း။ ရောဂ-

တော၊ အနုဂ္ဂောဂ်တွေပါတကား ဟူ၍လည်းကောင်း။ ဂဏ္ဍတော၊ အိုင်းအမာဂ်တွေပါတကား ဟူ၍လည်းကောင်း။ သာလ္ဟတော၊ ငြောင့်-တံကျင်တွေပါတကားဟူ၍လည်းကောင်း။ အာသဝတော၊ ဆင်းရဲဒုက္ခ တွေပါတကား ဟူ၍လည်းကောင်း။ အာဗဗာဓတော၊ အနာရောဂါတွေ ပါတကားဟူ၍လည်းကောင်း။ ပရဒတော၊ သူစိမ်းပြင်ပတွေပါတကား ဟူ၍လည်းကောင်း။ ပလောဂဒတော၊ တဖြုတ်ဖြုတ် ပျက်စီးနေတဲ့ သဘောရှိတဲ့ တရားတွေပါတကားဟူ၍လည်းကောင်း။ သုညတော၊ ပုဂ္ဂိုလ် သတ္တဝါ ပါ သူကပါး ယောကျ်ား မိန်းမ ဆိတ်တဲ့ သဘော တွေပါတကားဟူ၍လည်းကောင်း။ အနတ္တတော၊ အတ္တမဟုတ်တဲ့ တရားတွေပါတကားဟူ၍ လည်းကောင်း။ ယောနိသော၊ အသင့်အား ဖြင့်။ မနသိကာတဗ္ဗာ၊ နှလုံးသွင်း အပ်ကုန်၏။

အေး-အနိစ္စ ဒုက္ခ အနတ္တလက္ခဏာကို အရိယာကိုယ်တော်ကြီး မျင်းပြောတော့ သူတို့က ပဋိသန္ဓေါဂြဟ်ကို အမြဲတမ်း အသုံးချနေ တော့။ ဒီတော့ ပဋိသန္ဓေါဂြဟ်ရဲ့နည်းနှင့် ရဟန္တာကိုယ်တော်ကြီးတွေ ပြောတော့ ရှုရမယ့် အလုပ်ကိစ္စကိုက (၁၁) မျိုးဖြစ်နေတယ်။ သူတို့ ကတော့ အဲဒီလို အခေါ်စော်ကွဲ(၁၁)မျိုး စဉ်းစားတယ်။ အဲဒီ(၁၁)မျိုး ကို အနိစ္စ ဒုက္ခ အနတ္တထဲဟေါင်းထိုက်ယင် ဒီအနိစ္စ ဒုက္ခ အနတ္တထဲ အကုန်ဝင်သွားတယ်။

ရောဂတော, ဂဏ္ဍတော, သလ္လတော, အဃတော, အာဗာဓတော ဆိုတဲ့ ဒီ "တော" (၅) ချက်ဟာ ဒုက္ခသက္ခကာ ဗျ။ ဒုက္ခလို့ရှုယင် ဒီ "တော" ငါးချက်ပါသွားတယ်။

ပဓလောကတော၊ တဖြုတ်ဖြုတ်ပျက်စီးတတ်တယ်ဆိုတာ တည်းကိုက အနိစ္စသဘောပြတယ်။

ပြီးတော့ ပရတော၊ သုညတော၊ အနတ္တတော-အဲဒီ ပရသုည အနတ္တဆိုတဲ့ အချက်နဲ့ အနတ္တလက္ခဏာကိုပြတယ်။ ဒီတော(၁၁)ချက် ညွှန်ပြတာကို ခြုံကြည့်လိုက်ယင် အနိစ္စ ဒုက္ခ အနတ္တ။

အေး—တို့ဉာဏ်မမီတဲ့ လူဓတ္ထဲပြာယင် အရှင်သာရိပုတ္တရာကိုယ် တော်ကြီးကပြန်ပြောတာ—

"ငါ့ရှင်ကောဠိက၊ သီဟရှိတဲ့ သူတော်စင်သည် ဥပါဒါနက္ခန္ဓာငါး ပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းရမယ်။

ဒါအဖြေ။ ပီးတော့မှ ငါးပါး နားမလည်မှာစိုးလို့—

ကတမေ ပဥ္စ။

"ငါးပါးက ဘာတွေလဲ"

ယေသျထိဒံ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော။

ဥပါဒါန်း အာရုံဖြစ်တဲ့ ရုပ်အစု၊ ၎င်းဝေဒနာ အစု၊ ၎င်းသညာ အစု၊ ၎င်းသင်္ခါရအစု၊ ၎င်းဝိညာဏ်အစုပါပဲ။ ကဲ-ဒါဖြင့်ယင် စကား သိမ်းပါတော့။

သီလဝတာဝုသော ကောဠိက ဘိက္ခုနော ဣမေ ပဥ္စုပါဒါနက္ခန္ဓော အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ဃောနိသော မနသိကာတဗ္ဗာ။

ငါ့ရှင်ကောဠိက၊ သိလရှိတဲ့ သံသရာဘေး ထောက်တွေးမြော်မြင် သူတော်စင်သည် ဤ ယခုပြောခဲ့တဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ

ဝိညာဏ်ဆိုတဲ့ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အေး-တို့သိတဲ့နည်းနဲ့ ပြောကြ စို့ ဆိုယင် အနိစ္စဟူ၍၊ ဒုက္ခဟူ၍၊ အနတ္တဟူ၍ အချုပ်နည်းနဲ့ ပြော တယ်။ အစဉ်အားဖြင့် နှလုံးသွင်းရပါ့မယ်။ နှလုံးသွင်းရမယ်၊ ဒါပဲ ရှင်သာရိပုတ္တရာ အဆိုက။

အေး-သီလရှိအောင်ကျင့်ပြီးယင် ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းရမယ်။ နှလုံးသွင်းတော့ ဘာအကျိုးရမှာလဲ ကိုယ်တော်လို့ မေးစရာရှိတယ်။ အရှင်သာရိပုတ္တရာက ပြောတယ်-

ဌာနံ ခေါ ပနေတံ အာဝုဃော ဝိဇ္ဇတိ၊ ယံ သီလဝါ ဘိက္ခု ကုမေ ပဥ္ဇုပါဒါနက္ခန္ဓေ အနိစ္စတော။ပ။အနတ္တတော ဝေယာနိ· သော မနသိကရောန္တော သောတာပတ္တိဖလံ သစ္ဆိကရေယျ။

အရိယာပြောတော့ အရိယာသံတွေ့ အင်မတန်လဲပဲ ပါဠိဟာ အပိုလဲ မရှိဘူး အလိုလဲမရှိဘူး၊ ပြီးတော့ သဘာဝနိရုတ္တိစည်းကမ်းက ကျပါ ဘိသနဲ့။ အေး-ပုထုဇဉ်ကတော့ ပါဠိပြောလဲပဲ ပရမ်းပတာ၊ သူသူ ငါငါပဲ၊ အရိယာကြီးများကျတော့ သူတို့ကိုက သဘာဝနိရုတ္တိက နိုင် ပြီးသား။ နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်ရှင်ဆိုတော့ ကခါတည်းပြောလိုက်တဲ့ ပါဠိစကားတွေဟာ အချိုးကျပြီးသား။

ငါ့ရှင်တဲ့.... သီလပန္တပုထုဇဉ် ပုဂ္ဂိုလ်သည် ဤ ဥပါဒါနက္ခန္ဓာ ငါးပါး တို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုလျှင် သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုနိုင်ဖို့ရန် အကြောင်းပါပဲ။ အေး - ဒီလိုပြုခြင်းကြောင့် ဘာအကျိုး ရမလဲဆိုယင် ဒီလိုပြုခြင်းကြောင့် ဒီပုထုဇဉ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရမယ်။ သောတာပတ်ဖိုလ်ရောက်မယ်၊ အရပ်စကားနဲ့ ဒီလိုဖြေလိုပါတယ်။ ဒါပဲအမ အမေးအဖြေ။

အရှင်ကောဋ္ဌိက က မေးတယ်-

"ငါ့ရှင် သာရိပုတ္တရာ၊ သီလရှိတဲ့ပုဂ္ဂိုလ်သည် ဘယ်တရားတွေကို အသင့်နှလုံးသွင်းရမလဲ"

အရှင်သာရိပုတ္တရာရဲ့ အဖြေ-

"ငါ့ရှင် ကောဋ္ဌိက၊ သီလရှိတဲ့ ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ, ဒုက္ခ, အနတ္တလို့ နှလုံးသွင်းရမယ်"

ယင်းသို့ နှလုံးသွင်းယင် ထိုသီလဝန္တပုထုဇဉ်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်သို့ ရောက်နိုင်ဖို့ရန် အဖြောင်းရှိတယ်။ (၀၊) ယင်းသို့ နှလုံးသွင်းခြင်းဖြောင့် ထိုသီလဝန္တပုထုဇဉ်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျှော်မှန်းပြီးရတယ်။ ဒါအကျိုး။ ဒီတော့ ဒီးဝန့်ပြောပါ့ သောတာပန်ဖြစ်ချင်ယင် ဘာလုပ်မလဲ၊ ဒီသုတ်အလိုတော့ ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တလို့ပဲရှု။ ပြီးသလားဆိုတော့ အရှင်မဟာကောဋ္ဌိက ကလဲ အမေးလိမ့်မယ်နော်။

သောတာပန္နေန ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ။

သောတာပန်ပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား

'ငါ့ရှင် သာရိပုတ္တရာ၊ သောတာပန် ဖြစ်ပြီးတဲ့ အရိယာပုဂ္ဂိုလ်ကကော ဘယ်တရားတွေကို အသင့်အားဖြင့် နှလုံးသွင်းရမလဲ'-ဒါ ရှင်ကောဋ္ဌိကရဲ့ အမေး။

အရှင်သာရိပုတ္တရာရဲ့ အဖြေက-

သောတာပန္နေနပိ ဓေါ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ ကတမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော။ပ။အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

ငါ့ရှင် ကောဋ္ဌိက၊ သောဘာပန်ဖြစ်ပြီးတဲ့ အရိယာရဟန်းလဲပဲ စောစောကပြောတဲ့ ဥပါဒါနက္ခန္ဓာငါးပါးတို့ကိုပင် အနိစ္စဟူ၍ ဒုက္ခဟူ၍ အနတ္တာဟူ၍ အသင့်အားဖြင့် နှလုံးသွင်းရပါမယ်၊ နှလုံးသွင်းယင် ဘယ်လိုအကျိုးရမလဲ။

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သောတာ-
ပန္နော ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ။ပ။
အနတ္တတော ဇေယျာနိသော မနသိ ကာရော ဧဿာ သကဒါ-
ဂါမိဖလံ သစ္ဆိကရေယျ။

ငါ့ရှင် ကောဋ္ဌိကတဲ့၊ သောတာပန်ဖြစ်တဲ့ အရိယာပုဂ္ဂိုလ်သည် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းယင် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ပါတယ်။ ယင်းသို့ မျက်မှောက်ပြုနိုင်ရန် အကြောင်း ကောင်းကောင်းကြီး ရှိတယ်။

သောတာပန်ဖြစ်ပြီးပကောလို့ အာရုံတပါးပေါ့လေ။ဟို-ကမ္မဋ္ဌာန်း အာရုံ ဝိပဿီးမကြောင်းနဲ့၊ ခန္ဓာငါးပါးကိုပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ရှု၊ ရှုယင်း သကဒါဂါမ်ဖြစ်မယ်၊ ဒါအရပ်မကြာ၊ လွယ်လွယ်ကြောယင် ဒီအတိုင်းပဲ။

အေး—ရှင်ကောဋ္ဌိက က မေးပြန်တယ်။....

သကဒါဂါမိနော ပနာဝုသော သာရိပုတ္တ ဘိက္ခုနော ကတမေ
ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ။

"ငါ့ရှင်သာရိပုတ္တရာ၊ သကဒါဂါမ်ဖြစ်ပြီးတဲ့ ရဟန်းကကော ဘယ် တရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ အသင့်အားဖြင့် ရှုရမလဲ။"

သကဒါဂါမိနာပိ ခေါ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော။ပ။ အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

သကဒါဂါမ်ပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား

"ငါ့ရှင်ကောဋ္ဌိက၊ သကဒါဂါမ်ဖြစ်ပြီးတဲ့ အရိယာရဟန်းလဲပဲ စောစောကပြောခဲ့တဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုပင်လျှင် အနိစ္စ ဟူ၍၊ ဒုက္ခဟူ၍၊ အနတ္တဟူ၍ အသင့်အားဖြင့် နှလုံးသွင်းရမယ်၊ ဒီပြင် တရားပြောင်းမနေနဲ့"

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သကဒါဂါမီ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော။ပ။ အနတ္တတော ယောနိသော မနသိကရောန္တော အနာဂါမိဖလံ သစ္ဆိကရေယျ။

"ငါ့ရှင်ကောဋ္ဌိက၊ သကဒါဂါမ်ဖြစ်ပြီးတဲ့ အရိယာရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ အသင့်အားဖြင့် နှလုံးသွင်းခဲ့သည်ရှိသော် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ရာ၏။ မျက်မှောက်ပြုရမှာ ကောန်ပဲ။ ယင်းသို့ မျက်မှောက်ပြုဖို့ရန် အကြောင်း ခိုင်ခိုင်လုံလုံရှိတယ်။ ဒါစာပြော ဖြောနေတာ။ သကဒါဂါမ်ရဟန်းသည်လဲ ဥပါဒါနက္ခန္ဓာငါးပါးကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ရှုရမယ်၊ အဲဒီလိုရှုယင် အဲဒီသကဒါဂါမ်ရဟန်းသည် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရမယ်။ အနာဂါမ်အရိယာဖြစ်မယ်။ ဒါအကျိုး။ အကြောင်းအကျိုး အဲဒီလိုရှင်းတယ်။

ကိုင်း–ရှင်ကောဋ္ဌိက က ဆက်မေးတယ်–

အနာဂါမိနာ ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ။

အနာဂါမ်ပုဂ္ဂိုလ် ငါ့ရှင်းဟာရိပုတ္တရာ၊ အနာဂါမ်ဖြစ်ပြီးတဲ့ ရဟန်း ကျွင့်ရမည့်တရား ကဲ့ကော ဘယ်တရားတွေကို အာသင့်အားဖြင့် နှလုံးသွင်းရမလဲ”

ငါ အနာဂါမ်ဖြစ်ဖို့ ဘိုးဘေးတွေ အလုပ်မလုပ်ပဲနေရမလား၊ မနေရဘူး။ ဘယ်တရား နှလုံးသွင်းရမလဲတဲ့၊ အလုပ်လုပ်ရမယ်။

ရှင်သာရိပုတ္တရာ ပြန်မဖြေတယ်–

အနာဂါမိနာပိ ခေါ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော။ပ။ အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ။

“ငါ့ရှင်းကောဋ္ဌိက၊ အနာဂါမ်ဖြစ်ပြီးတဲ့ ရဟန်းလဲပဲ ဒီ ဥပါဒါနက္ခန္ဓာငါးပါးကိုပဲ အနိစ္စ၊ ဒုက္ခ၊ ပရနတ္တာဟူ၍ အာသင့်အားဖြင့် နှလုံးသွင်းရမယ်”

နှလုံးသွင်းတော့ ဘာအကျိုးရမှာလဲကိုယ်တော်ဘုရား ဆိုကော့–

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ အနာဂါမီ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော။ပ။ အနတ္တတော ယောနိသော မနသိ ကရောန္တော အရဟတ္တံ သစ္ဆိကရေယျ။

အရှင်သာရိပုတ္တရာကြီးပြောတယ်–

“ငါ့ရှင်ကောဋ္ဌိက၊အဲဒီအနာဂါမ်ဖြစ်တဲ့ရဟန်းသည်ကျဉ်ပါဒါနက္ခန္ဓာငါးပါးကိုပင် အနိစ္စဟူ၍၊ ဒုက္ခဟူ၍၊ အနတ္တဟူ၍ အာသင့်အားဖြင့်နှလုံး

သွင်းဖန်မျှားယင် အရဟာတ္တဖိုလ်ကိုပင် မျက်မှောက်ပြုဖို့ရန် ခဲ့ဉ်လုံသော အဓကြောင်းရှိတယ်”

တနည်းအားဖြင့် အနာဂါမ်ပုဂ္ဂိုလ်က ဒီဥပါဒါနက္ခန္ဓာငါးပါးကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဖန်ဖန်နှလုံးသွင်းနေ ဘာအကျိုးရှိမလဲ ကိုယ်တော်လို့မေးတာ၊ အဖန်ဖန်နှလုံးသွင်းတာ အရဟာတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်း အကျိုးရတယ်။ ကိုင်း...ရဟန္တာဖြစ်သားပေါ့။

အရှင်ဓကောဋ္ဌိက-က မေးပြန်တယ် –

အရဟာတာ ပနာဝုသော သာရိပုတ္တ ကတမေ ဓမ္မာ ဓေးနိသော မနသိကာတဗ္ဗာ။

ရဟန္တာပုဂ္ဂိုလ် ငါ့ရှင်သာရိပုတ္တရာ၊ ရဟန္တာဖြစ်ပြီးတဲ့ပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား ကကော ငါ ရဟန္တာဖြစ်ပြီ၊ ဟာမှဒုးလုပ်လုပ် ရန် မရှိတော့ဘူးလို့ အဲဒီလိုနေရမှာလား။ ပေါ့ပေါ့စားစား၊ သွားသွားလာလာ၊ ဘားစားသောက်သောက်။ သို့မဟုတ် ဘယ်တရားကို အသင့်နှလုံးသွင်းရမလဲ၊ ဒီလိုဓမေးဟယ်။

အရှင်သာရိပုတ္တရာ က ဖြေတယ် –

အရဟတာပိ ဓေါ ဘဂဝုသော ဓကောဋ္ဌိက ဣမေ ပဉ္စုပါ-ဒါနက္ခန္ဓေ အနိစ္စတော၊ ပေါ။အနတ္တတော ယောနိသော မနသိကာတဗ္ဗာ။

“ငါ့ရှင်ကောဋ္ဌိက၊ ရဟန္တာဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ကလဲပဲ ဒီဥပါဒါန-ကွန္ဓာငါးပါးကိုပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ အသင့်နှလုံးသွင်းရမယ်တဲ့” ခဲ့ဉ်မာလို့က်ကာ၊ ဒီမြတ်စွာဘုရားရဲ့ တရားတော်ဟာ ဒါသုတ္တန်ပဲ။ သုတ္တန်ပေမယ်လို့ ဟာဘိဓမ္မာတရားတွေဖြစ်နေတယ်။ အဲဒီ အဘိဓမ္မာ

သံချည်း သက်သက်မဟုတ်ပဲ ပုဂ္ဂိုလ်သံရောလို့သာ၊ နို့မို့ယင် အင်မတန် အိပ်ချင်စရာ။ ဒီထိနမိဒ္ဓကိုပေါ့၊ ထိနမိဒ္ဓသမား အင်မတန် အောင်အားရှိတယ်၊ တရားက တရားခြောက်ကြိမ်ပဲ။ အဋ္ဌကထာကလဲ ဝန်ခံထား**း**တယ်–

ဘဂဝတော ဟိ အဘိဓမ္မဒေသနာ ပကတိယာဝ လူခါကာရာ။

ဟိ၊ မှန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ အဘိဓမ္မဒေသနာ၊ အဘိဓမ္မာဒေသနာတော်သည်။ ပကတိယာဝ၊ ပြကတေ့ကပင်လျှင်။ လူခါကာရာ၊ ခြောက်သွေ့သော အခြင်းအရာရှိ၏။

မြတ်စွာဘုရား၏ အဘိဓမ္မာဒေသနာတော်သည် သူ့နှုံပကတိ သဘောကိုက ခြောက်သွေ့သတဲ့။ အခုနှင်သာရိပုတ္တရာက ပြောလိုက် အရှင်မဟာကောဋ္ဌိက ကပြောလိုက်မို့လို့ပေါ့၊ သိုင်းမခြောက်သလိုဖြစ် နေတယ်၊ တဖြည်းဖြည်း ပြောင်းပြောင်းပြီးတော့ မြန်မြန်ပြောင်း ပေးတယ်။ အခုဒေ**း**တယ်။

"ရဟန္တာပုဂ္ဂိုလ်ကလဲ ဘယ်တရားတွေ နှလုံးသွင်းရမှာလဲ ဘုရှင်" ဆိုတော့–

အရှင်သာရိပုတ္တရာက ပြောတယ်–

"ရဟန္တာပုဂ္ဂိုလ်ကလဲပဲ ဒီဥပါဒါနက္ခန္ဓာငါးပါ**း**ကိုပဲ အနိစ္စ၊ ဒုက္ခ အနတ္တလို့ နှလုံးသွင်းရမယ်ကိုယ်တော်"တဲ့။

"ဟာ–ဒါဖြင့် ရဟန္တာပုဂ္ဂိုလ်မှာ အထက်မဂ်ဖိုလ်ရယ်လို့ မဂ်ကိစ္စ မျာ**း** ရှိသေ**း**လို့လာ**း**ကိုယ်တော်"ဆို့တော့–

နံတ္ထိ ခွါဝုဿော အရဟဇတာ ဥတ္တရိ ကရဏီယံ။

အာဝုဇသာ၊ ငါ့ရှင်။ အရှုဟဒတာ၊ ရဟန္တာပုဂ္ဂိုလ်၏ အဖို့ရှု။ ဥတ္တရိ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်မှ နောက်၌။ ကရဏီယံ၊ ပြုလုပ်ဖွယ် မဂ်ကိစ္စသည်။ နတ္ထိ၊ မရှိတော့ပြီ။

အရဟတ္တဖိုလ်မှ အထက် ရဟန်းကိစ္စ၊ မဂ်ကိစ္စရယ်လို့ မရှိပါဘူး။ ဟိုပုဏ္ဏဉ် သောကာပန်ဖြစ်ပြီးတဲ့နောက် ဒီ မိမိပြုပြီးတဲ့ မဂ်ကိစ္စကိုပဲ ထပ်ပြီးတော့ပွားရတယ်၊ "ကကပတိစယ" ဖခါ်တယ်။ အဲဒီလို ရဟန္တာမှာ ရှိသလားဆိုတော့-

ကတာသ ဝါ ပတိစယော။

ကတာသ၊ ပြုအပ်ပြီးသောမဂ်ကိစ္စကို။ ပတိစယော၊ တဖန်ထပ်၍ ပွားများခြင်းလဲပဲ။ နတ္ထိ၊ မရှိပါဘူး။

ရဟန္တာပုဂ္ဂိုလ်များ အနိစ္စ ဒုက္ခ အနတ္တာဟု ရှုပွားရသည့်အကျိုး

ဒါဖြင့် ကိုယ်တော် သာပြုလို့ ရဟန္တာပုဂ္ဂိုလ်က ဒီ ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ အနတ္တလို့ ရှုနေရသေးသတုံး၊ ဒီလို ရှုတဲ့ဒုတ္ထက် ဒီရဟန္တာပုဂ္ဂိုလ်က ဘာအကျိုးရှိလဲကိုယ်တော် ဒီလိုမေးတယ်။ အဲဒီလို မေးတော့ အရှင်သာရိပုတ္တရာက ဒီအမေးရဲ့အဖြေကို အလိုက်သိစွာ ဘယ်နှယ်ခဖြေတုံး-

ဒေပိ စ ဂ္ဂဓမေ မမ္မာ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌမေဝ သုခဝိဟာရာယ ဇဓေ သံဝတ္တန္တိ သတိသမ္ပဇညာယ စ။

အပိ စ၊ စင်စစ်ဇသော်ကား (ဝါ) ရဟန္တာပုဂ္ဂိုလ်မှာ အထက် အထက်မဂ်ကိစ္စလဲ မရှိ၊ ယူပြီးတဲ့ အရိယာမဂ်ကို ထပ်၍ ပွားများဖွယ်

ကိစ္စလဲ မရှိပင်မရှိဿော်လဲပဲ။ ဣမေ ဓမ္မာ၊ ဤ ဥပါဒါနက္ခန္ဓာငါးပါး တရားတို့ကို။ ဘာဝိတာ၊ အနိစ္စ ဒုက္ခ အနတ္တဟူ၍ ပွားအပ်ကုန်သည် ရှိဿော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ ဇလွလာအပ်ကုန်သည် ရှိဿော်။ ဒိဋ္ဌဓမ္မသုခဝိဟာရာယ ဖေဝ၊ မျက်မှောက်ဘဝ၌ ချမ်းသာ စွာနေနိုင်ကြောင်း ကောင်းမြတ်တဲ့ အရဟတ္တဖိုလ်သမာပတ်အလိုငှာ လည်းကောင်း။ သတိသမ္ပဇညာယ စ၊ သတိဘရား, သမ္ပဇညတရား အလိုငှာလည်းကောင်း။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

အေး—ရဟန္တာပုဂ္ဂိုလ် ဥပါဒါနက္ခန္ဓာငါးပါး အနိစ္စ၊ဒုက္ခ၊အနတ္တ လို့ ရှုတဲ့အတွက် ဘာအကျိုးရတုံးဆိုတော့ အရဟတ္တဖိုလ်သမာပတ်ကို ရောက်ခြင်း အကျိုးရှိတယ်။ ဒီအရဟတ္တဖိုလ်သမာပတ်ကို မဝင်စားချင်ဘူး ဆိုလို့ရှိယင်လဲပဲ ဒီခန္ဓာငါးပါးကို အနိစ္စ၊ဒုက္ခ၊အနတ္တလို့ ရှုနေတဲ့အတွက် ရဟန္တာမှာ သတိသမ္ပဇဉ်လက်မလွတ်ခြင်းဆိုတဲ့ အကျိုးရတယ်။

အေး....ဓမ္မသဟာနပြောယင် အရဟတ္တဖိုလ်ရောက်၊ အရဟတ္တဖိုလ်ရောက်ယင် သုတ္တန်ပဲဖြစ်ဖြစ်၊ တရားဟောပဲဖြစ်ဖြစ် ဒါ ဆုံးရတယ်။ ဟိုမှာ သုတ္တန်လဲဆုံးပြီ။ ဒီတော့ ရဟန္တာပုဂ္ဂိုလ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုတာ ဘာလုပ်ဖို့တုံး။ လမ်းနှစ်သွယ်ရှိတယ်။

(၁) မိမိရတဲ့ အရဟတ္တဖိုလ်သမာပတ် ဝင်စားချင်လို့လဲပဲ ရှုရတယ်။

(၂) သတိသမ္ပဇဉ် လက်မလွတ်ဖို့လဲပဲ ဒီဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုရတာပဲ။

ဥပမာ - ရဟန္တာပုဂ္ဂိုလ်ဟာ ငါ ရဟန္တာပြုစ်ပြီ၊ အရဟတ္တဖိုလ် ဝင်စားမယ်လို့ ဝင်စားမယ်ကြံယင် "ငါ ဝင်စားချင်ပါဘိတော့" ဆိုရုံနဲ့

သူ့သန္တာန်မှာ အရဟတ္တဖိုလ်ကဖြစ်လာတာမဟုတ်ဘူး။ အရဟတ္တဖိုလ် သမာပတ္တိဝင်ထိဖြစ်ဖို့ရန် ရှေးက ဝိပဿနာခံရတယ်။ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တနဲ့ အကြိမ်ကြိမ်ရှုရတယ်။ အေး— ငါးမိနစ်သောက် ရှုလိုက်ရတာ့ အဲဒီရဟန္တာပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အရဟတ္တဖိုလ်ဝင်စားတဲ့ စိတ်အစဉ်မှ အရဟတ္တဖလသမာပတ္တိဝင်ထိ ဖြစ်လာတယ်။ အဲဒီလိုဖြစ်လာမှ မျက်မှောက်ဘဝမှာ ချမ်းသာတယ်။ အဲဒီလို အရဟတ္တဖိုလ်သမာပတ်သာ တည်းဟူသော မျက်စမှာက်ဘဝ ချမ်းသာမှု အကျိုးရပါတယ် ငါ့ရှင်။

အဲဒီလို အရဟတ္တဖိုလ် မဝင်စားချင်လဲပဲ ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခအနတ္တ ရှုနေတဲ့အတွက် အဲဒီရဟန္တာပုဂ္ဂိုလ်မှာ ဆတိသမ္မဇဉ် လက်မလွတ်ခြင်းဆိုတဲ့ အကျိုးထူးရပါတယ်။ သီလဝန္တသုတ်က ဒီတင်ပဲ ဆုံးပါတယ်။

သုတ္တန်နိဂုံး

ဤသို့လျှင် သရဏကုသိုလ ဓဆောက်တည်ရခြင်း သီလမယ ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဘုရားမြတ်စွာ သာသနာကို ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ ၂-ပါးတို့ဖြင့် ချီးမြှောက်ရခြင်းတည်း ဟူသော သာသနာနုဂ္ဂဟကောင်းမှုကုသိုလ်ကံစေတနာ၊ ဤသို့ပေါင်း အပ်မျှားမြတ်သော ကုသိုလ်ကံ အရုပ်ရုပ်တို့ကြောင့် ဇာတ်တော်ဝင် ဖြစ်တော်မူကြတဲ့ မြတ်စွာဘုရား၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာ မောဂ္ဂလ္လာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ ရဟန္တာမထေရ် မြတ်တို့ နောက်ဆုံးဘဝ အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုအပ်သော သန္တိလက္ခဏာ အစွဲတရသ အနိမိတ္တ ပစ္စုပဋ္ဌာန်ရှိသော နိဗ္ဗာန်တရား

တော်မြတ်ကို အရဟာတ္တဖိုလ်ပေါက် အကျွန်ုပ်တို့ တရားဟော တရား နာပုဂ္ဂိုလ်တစု မျက်မှောက်ပြုရတဲ့ကိုယ် ဖြစ်ပါစေကုန်သတည်း၊ နိဗ္ဗာန်ကို အရဟာတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက် ဆုံးဘဝ ပရိနိဗ္ဗာန စုတိစိတ်မှအခြားမဲ့ နောက်ကာလ၌ တစုံတခု သော ဘဝ, ယောနီ, ဂတိ, ဝိညာဏဌိတိ ,သတ္တာဝါသ, သတ္တ-နိကာယမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာဝင်္မီး စာတရားတို့ တဖန်အသစ် မဖြစ်ခြင်း တည်းဟူသော အနုပ္ပါဒ-နိရောဓယင်းအနုပ္ပါဒ နိဗ္ဗာနကိုပင်ခေါ်တဲ့ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီ စံကြပါစေကုန်သတည်း၊ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီစံကြသဖြင့် ကမ္မဝင်္၊ ကိလေသဝင်္၊ ဝိပါကဝင်္ဓာတည်းဟူသော ဝင်္ဓဒုက္ခခပ်သိမ်း သံသရာမီးတောက် မီးလျှံကြီး အပြီးတိုင်ငြိမ်းကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

သီလဝန္တ သုတ္တန်တရားတော်ပြီးပြီ။

တေသကုဏ်ဇာတ်ကြီးရေးတော်

အာဏာရှိသူတို့ သတိထား၍ ကျင့်ဆောင် အုပ်ချုပ်နိုင်ရန် ရည်ရွယ်ဟောကြားခြင်း

ကောဇာသက္ကရာဇ် ၁၃၃၆-ခု၊ သာသနာတော် ၂၅၁၈-ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၉-ရက်နေ့၊ တောင်ငူမြို့၊ မြို့နယ်လုံးဆိုင်ရာ အာဘိဓမ္မာပရိယတ္တိ စာပြိုက်ပွဲကြီး၊ ၆-ကြိမ်မြောက် စာတော်သဘင်ပွဲကျင်းပရာဝယ် နှစ်ညဉ့်မြောက် ဟောကြားအပ်သော စတ္တာလီသနိပါတ် ဖေသကုဏဇာတ်တော်။

ဘုန်းကြီးဟောရမယ့်တရားဟာ နိပါတ်အနေနဲ့ စတ္တာလီသနိပါတ်၊ ဂါထာ ၄၀-ရှိသော ဇာတ်အပေါင်းကို စတ္တာလီသနိပါတ်လို့ ခေါ်ပါတယ်။ အဲဒီထဲမှာပါတဲ့ တေသကုဏဇာတ် ဟောရဖါမယ်။ အဲဒီ တေသကုဏဇာတ်သည် အင်္ဂုတ္တိရ်ကလာသော — အဓမ္မိကသုတ်၊ တနည်းအားဖြင့် ရာဇောဝါဒသုတ်ကို ကိုဆက်စပ်ယင်းနဲ့ ကြွေညှိပါ။

၁။ အံ၊၁။၃၈၆။

၂။ သုတ္တန်ပါဠိတော်များ၌ "ရာဇောဝါဒသုတ်" အမည်သီးသန့်မရှိပါ။ အဋ္ဌကထာ ဋီကာတို့၌သာ သုတ်အမည်မျှဖြင့် ဖော်ညွှန်းဖွင့်ဆိုကြသည်။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်က ကောသလမင်းအား ဆုံးမတော်မူသော ရာဇောဝါဒသည် ရာဇောဝါဒသုတ် ဖြစ်ကြောင်းနှင့် အင်္ဂုတ္တိရ်မှလာသော ဒုပမာဒသုတ်ကို ရာဇောဝါဒသုတ်ဟု ဆိုအပ်ကြောင်း ဖွင့်ဆိုကြသည်။ ဝိ၊၃။၃။၉။ ဇာ၊၃။၂။၁။ ဇာ၊၃။၃။၁။ ဇာ၊၃။၃။၄။ ဇာ၊၃။၅။၁။ ဝိမတိ၊၁။၃၄။ သံ၊ဋီ၊၁။၂၄၀။ စသည်။ (ဇာ၊၁။၃၆။၁၁၀။ ဇာ၊၃။၂။၁။ ဇာ၊၃။၃၀၀-တို့၌ ရာဇောဝါဒဇာတ် ပါရှိသည်။)

တိရစ္ဆာနဂတော ဟုတ္ဝာ၊ ဗဟူနံ အတ္ထသာဓကော။
ယော ဒါနိ သမ္မာသမ္ဗုဒ္ဓါ၊ ပဓေဝ အတ္ထသာဓနေ။

နာဒဆထာ၊အကျွန်ုပ်ဘို့ရဲ့ ကိုးကွယ်ရာ ဘုရားကိုယ်ခံတော်မြတ်သည်။ ဗောဓိသတ္တာကာလေ၊ ဘုရားအလောင်းတော် ဖြစ်တော်မူစဉ် ကာလ၌။ တိရစ္ဆာနဂတော၊ တိရစ္ဆာန်ဘဝတ် သတ္တဝါတဦးသည်။ ဟုတ္ဝာပါ၊ ဖြစ်လင့်ကစား။ ဗဟူနံ၊ များစွာကုန်သော လူဘို့၏။ အတ္ထသာဓကော၊ အကျိုးစီးပွားကို ပြီးစေတော်မူတတ်ပါ၏။ သော နာထော၊ ထို အကျွန်ုပ်တို့ရဲ့ ကိုးစားရာ မြတ်ဘုရားသည်။ ဒါနိ ဣဒါနိ၊ ဘုရားဖြစ်ရာ ယခုနောက်ဆုံးအခါ၌။ သမ္မာသမ္ဗုဒ္ဓါ၊ မဖေါက်မပြန် ဧည့်ယျံ၊ ငါးပါး ထိုဘရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး ဖြစ်ရကား။ အတ္ထသာဓနေ၊ ဝဓေနယျတို့၏ အကျိုးကို သည်ပိုးသောထွေ ပြီးစေရာ၌။ ဝဓေဝ၊ အဘယ်သို့ဆိုဖွယ်ရာ ရှိပါအံ့နည်း။

ဒီဇာတ်လဲ ပစ္စုပ္ပန်ဝတ္ထုနဲ့ကိုက် ဆင်ခြင်ကြည့်တဲ့အခါ မြတ်စွာဘုရားကိုယ်တော်မြတ်ဟာ အလောင်းဘော်ဘဝ စရိယ ကျင့်စဉ်တုန်းကလည်းဖြောင်း၊ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားအဖြစ် ရောက်တဲ့အခါမှာလည်းကောင်း ဓဝနေယျတို့ရဲ့အကျိုးကို သည်ပိုးရွက်ဆောင်တော်မူတဲ့ ဘုရားရဲ့ဂုဏ်ကျေးဇူးတွေ ပေါ်လာပါတယ်။

ပဋိဘာန်ဂါထာပိုဒ်တပိုဒ်ဆိုပါစို့။ ဒီဇာတ်ကို နှလုံးသွင်းတော့ ပေါ်လာတယ်။ ပဋိဘာန်ဂါထာပိုဒ်–

အကျွန်ုပ်ဘို့ဆရာ နာထဂုဏ်ထူးသခင် ဘုရားရှင် ကုံယ်တော် မြတ်သည့် အလောင်းတော်မြတ် တိရစ္ဆာန်ဇာတ် ဖြစ်ဝှန်းက ဘောင်မှ မျှားစွာသော လူတို့ရဲ့အကျိုးကို သည်ပိုး ပြီးစေတော် မူခဲ့ပါပေ၏။ အခုနောက်ဆုံးဘဝ ဘုရားဖြစ်တဲ့အခါ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တေဝ်ထူးနဲ့ ပြည့်စုံခြင်းဥဒ္ဒ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း စောစောကပင် ဝေနေယျတို့၏ အကျိုးကို သယ်ပိုးပြီးစေတော် မူပါတကား။

မြက်စွာဘုရားရဲ့ ဝေနေယျကျိုးသယ်ပိုးတော်မူပုံကို ဉာဏ်ထဲမှာ ပဋိဘာန်ဂါထာပိုဒ် ပေါ်လာပါတယ်။ အလောင်းတော် ဘဝမှာလည်း ကောင်း၊ နောက်ဆုံး ပစ္ဆိမသမ္မာသမ္ဗုဒ္ဓ ဘုရားဘဝမှာ လည်းကောင်း ဝေနေယျတို့ရဲ့ အကျိုးကို ဘည်ပိုးတော်မူတဲ့ ဘုရား ကုံယ်တော်မြတ် ကြီးကို မိမိတို့ ဉာဏ်အမြင်က သာဝတ်ထိပြည်မှန် ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့ပုံကို အာရုံယူထားပါ။

မြတ်စွာဘုရားနဲ့ ပဌေနဒီကောသလမင်းတရားကြီးသည် အသက် ရွယ်ဘူပဲ။ အရွယ်တူကြတယ်၊ ကောသလမင်းကြီးသည် မြတ်စွာဘုရား ကို အလွန်ပဲကြည်ညိုတယ်၊ ကြည်ညိုသမှု—

"သြော်.မြတ်စွာဘုရားဟာ ငါ့အပေါ်မှာ တမလွန် ကောင်းကျိုး အတွက်တင် မဟုတ်ဘူး၊ ပစ္စုပ္ပန်ကောင်း ကျိုးအတွက်လဲပဲ ချီးမြှောက် တော် မူတယ်" ဆိုပြီး ချစ်ဘာရော၊ ခင်တာရော၊ အားကိုးတာရော၊ ကြည်ညိုတာရော ပဌေနဒီကောသလမင်းကြီးဟာ ဘုရားအပေါ်မှာ အများဆုံး စုပုံကြီးတော့ ချစ်ခင်ကြည်ညိုအား ကိုးတဲ့ စိတ်ရှိပါတယ်။ မြတ်စွာဘုရားကလဲ မဟာကရုဏာတော်ရှင်ပီပီ ပဌေနဒီကောသလ မင်းကြီးကို မြောက်မြားစွာ တရားတော်ဟောပါတယ်၊

"ကောသလဆံယုတ်" ဆိုပြီးတော့ သင်္ဂါယနာတဖွဲ့ဝ စောင် သင်္ဂါ-ယနာတင်ယူရပါတယ်။ အဲသလိုမြတ်စွာဘုရား အပေါ်မှာ အားကိုးတဲ့စိတ် ကြည်ညိုတဲ့စိတ် တစိမ့်စိမ့်ဖြစ်တဲ့အတွက် ပသေနဒီ ကောသလမင်းကြီးသည် ဘုရားထံမှောက် မကြာမကြာ သွားရောက်ပြီးတော့ အဆုံးအမ ဩဝါဒခံတယ်၊ တရားနာတယ်။

တချိန်မှာတော့ မြတ်စွာဘုရားက ပသေနဒီ ကောသလမင်းကြီး ကိုယ်တော့်ထံမှောက် လာရောက်၍ တရားနာတဲ့အချိန်မှာ ဒီတခါတော့ ကောသလမင်းကို ရည်စူးပြီး သီးသန့် တရားပဲ့တခု ကျင်းပပေးတယ်။

တေသကုဏဇာတ် ပစ္စုပ္ပန်ဝတ္ထု

မဟာရာဇ ရညံ နာမ ဓမ္မေန ရဇ္ဇံ ကာရေတ ပ္ပံ။[1] မဟာရာဇ၊ မြတ်သောမင်းကြီး။ ရညံ နာမ၊ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သောသူ မည်သည်။ ဓမ္မေန၊ ရာဇဓမ် ၁၀-ပါး မင်းကျင့်တရားဖြင့်။ ရဇ္ဇံ၊ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်မှုကို။ ကာရေတပ္ပံ၊ ပြုသင့်ပြုထိုက်၏။

မင်းကျင့်တရား ၁၀-ပါး။ ။မြတ်သောမင်းကြီး ရာဇာ=မင်းဆိုတာ "ဒါန, ပိယဝါစာ, အတ္ထစရိယာ သမာ-နတ္တတာ၂" ဆိုတဲ့ သင်္ဂဟလေးပါးဖြင့် တိုင်းသားပြည်သူ ပိုင်လူတို့ကို နှစ်သက်စေတတ်လို့ ရာဇာ ခေါ်တယ်။ အဲဒီ ရာဇာဆိုတဲ့ပုဂ္ဂိုလ်သည်—

(၁) ဒါန=တမလွန်ဘဝ ကောင်းစားရေးအတွက် အလှူ၊ ဆယ်စင်း ပေးလှူခြင်း၌ မမေ့ မလျော့ရဘူး၊ ဒါမင်းကျင့်တရားတပါး၊

(၂) သီလ=နေ့စဉ်နေ့စဉ် ငါးပါးသီလကို အမြဲလုံခြုံရတယ်၊

၁။ ဇာတ်အဋ္ဌကထာ၊ ပဉ္စမအုပ်။ ၁၁၄။ ၂။ဒီ၊၃။၁၂၅။

(၃) ပရိစ္ဆာဂ=ပစ္စုပ္ပန်ဘဝ ချမ်းသာရေးအတွက် အမှုထမ်း မျိုးအား အရည်အချင်းအလျောက် ချီးမြှောက် ပေးကမ်းဖွန့်ကြဲ ရတယ်၊

(၄) အတ္ထဝ=တိုင်းသား ပြည်သူတို့အပေါ်မှာ ဖြောင့်မတ် သော စိတ်နှလုံးထားရတယ်၊

(၅) မဒ္ဒဝ=တိုင်းသား ပြည်သူတို့ရဲ့ အပေါ်မှာ မိဘက သား သမီးအပေါ်၌ နူးညံ့သော စိတ်နှလုံးရှိသလို တိုင်းသူပြည်သားတို့ အပေါ်မှာ နူးညံ့သော နှလုံးရှိရမယ်၊

(၆) တပ=မိမိကိုယ်တိုင်က ခိုးခြိုးခြံခြံ စံနမူနာပြ အနေနဲ့ ကျင့်ပေးရမယ်၊

(၇) အဇ္ဇဝ=ဘိုင်းသူပြည်သားသည် မြေကြီးပေါ်မှာနေတဲ့ လူနဲ့ ဘူတယ်။ မင်းသည် မြေကြီးနဲ့တူတယ်၊ မြေကြီးပေါ်မှာ နေတဲ့ လူသည် ချွတ်ချော်တိုးပါးယင် မြေကြီးပေါ်မှာပဲ ချွတ်ချော် တိမ်းပါး မယ်၊ တိုင်းသားပြည်သူ သားသမီးနဲ့ တူသောဗိုလ်လူသည် မတော် တဆ ချွတ်ချော်တိမ်းပါးခဲ့သော် မြေကြီးနဲ့ဘူသော အမိအဖနဲ့တူသော မင်းအပေါ်မှာ ချွတ်ချော်တိမ်းပါးမယ်၊မိဘသည် သားသမီးအ ပေါ်မှာ အမြဲကမ်း မေတ္တာပွားသလို တိုင်းသူပြည်သားတွေ အပေါ်မှာ မေတ္တာတရား အမြဲထားပါ၊

(၈) အဝိဟေသာ=တိုင်းသား ပြည်သူအပေါ်မှာ ကျူးဝါ နှလုံး အမြဲကျင့်သုံးပါ။

(၉) ခန္တီ=မိမိရောက်ရှိလာသော ဆင်းရဲဒုက္ခကို ယောကျ်ား သားပီပီ ကြံ့ကြံ့ကြိုး သီးခံပါ။တိုင်းသူပြည်သားတို့ ပြုမှား ပြောမှား ရှိယင် ခန္တီနှလုံး အမြဲကျင့်သုံးပါ။

(၁၀) အဝိရောဓန=တိုင်းသားပြည်သူတို့ရဲ့ အလိုဆန္ဒနဲ့ မဆန့်ကျင်အောင် ကျင့်ပါ။

ဤဆုဇဓမ္မ ၁၀-ပါးဖြင့် တိုင်ပြည်အုပ်ချုပ် မင်းပြုလုပ်ပါလေ။

မင်းတရားမစောင့်လျှင်

ပြည်သူပြည်သားလည်း တရားမစောင့်

ယသို့ ဟိ သမယေ ဆုဇာနော အဓမ္မိကာ ဟောန္တိ၊ ဆုဇ-ယုတ္တာပိ တသို့ သမယေ အဓမ္မိကာ ဟောန္တိ၂။

မြတ်သောမင်းကြီး၊အကြင်အခါ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ပုဂ္ဂိုလ်ဟာ တရားမကျင့်ဘူး ဆိုလို၌ယင် မင်းမှုထမ်းဝန်ကလဲပဲ တရား မကျင့်တော့ဘူး။

ဆုဇယုတ္တောသု အဓမ္မိကေသု ဗြာဟ္မဏဂဟပတိကာပိ တသို့ သမယေ အဓမ္မိကာ ဟောန္တိ။

မင်းမှုထမ်းတွေက တရားမကျင့်ကြပြီဆိုလျှင် တိုင်းသူပြည်သားယဲမှာ ဘရင်းအပါဖြစ်တဲ့ ပုဏ္ဏားတို့ သဌေး သူကြွယ်တို့ကလဲ တရားကို မကျင့်တော့ဘူး၊ မဟာရုးကို ကျင့်ကုန်ကြပြီ။

ဗြာဟ္မဏဂဟပတိကေသု အဓမ္မိကေသု နေဂမဇာန ပဒါပိ တသို့ သမယေ အဓမ္မိကာ ဟောန္တိ။

၁။ မင်းကျင့်တရား ၁၀-ပါး ဇာတ်ပါဠိတော်၊ ဒု။၉၇။ အင်္ဂုတ္တရ၊ ပဉ္စမ (အသီတိနိပါတ်)၄၀၃။ ဗာရာဏသီ၊ စုံစီပြည့်ဝ၊ ထိုပြည်မဠာ၊ ဒါနမမေ၊ စောင့်လေ့သီတင်း၊ မင်း၏တမ်းခွန်၊စွန့်ကြဲဟန်လည်း စသည် ကိုးခန်းပျို့-အပိုဒ် ၅။

၂။ အံ၊၁။ ၃၀၆။

ပုဏ္ဏားတွေ သူကြွယ်တွေ အထက်တန်းစား လူတွေက မတရား ကျင့်ပြီဆိုယင် နိဂုံးသူနိုင်ဂုံးသားတွေ ဇနပုဒ် တိုက်နယ်သူ တိုက်နယ်သား တွေအားလုံး မတရားတာတွေ ပြုလုပ်ကုန်တယ်။

လူသားတို့ တရားမစောင့်လျှင်

နေဂမဇာနပဒေသု အဓမ္မိကေသု ဝိသမံ စန္ဒိမသူရိယာ ပရိဝတ္တန္တိ။

နိဂုံးနေသူ ဇနပုဒ် တိုက်နယ်နေသူ ဗိုလ်လူခပ်သိမ်း မင်းနှင့်တကွ မတရားကျင့်ကြပြီဆိုယင် ကောင်းကင်က နေတွေ လတွေ နေသွား လသွား မမှန်တော့ဘူး၊ မည်မည်တုတ် လှည့်လည် သွားလာကြရော။

ဝိသမံ စန္ဒိမသူရိဒယသု ပရိဝတ္တန္တေသု ဝိသမံ နက္ခတ္တာနိ တာရကရူပါနိ ပရိဝတ္တန္တိ။

ကောင်းကင်မှာ အကြီးဆုံးဖြစ်တဲ့ နေ လ နှစ်ပါး အသွားမမှန်ယင် နက္ခတ်ဆိုတဲ့ ကြိုးတွေ အားလုံးလဲ အသွား ဖောက်ပြန်ကုန်ရော့။

ဝိသမံ နက္ခတ္တေသု တာရကရူပေသု ပရိဝတ္တန္တေသု ဝိသမံ ရတ္တိ ဒိဝါ ပရိဝတ္တန္တိ။

ကောင်းကင်က နက္ခတ်ဆိုတဲ့ ကြယ်တာရာတွေ အသွားမမှန်ပြီဆိုယင် ညဉ့်နဲ့ဆိုတဲ့ အချိန်ပိုင်းတွေလဲ အကုန်လုံး ဖောက်ပြန်ကုန်ပြီ။

ဝိသမံ ရတ္တိ ဒိဝေသု ပရိဝတ္တန္တေသု ဝိသမံ မာသဒ္ဓမာသာ ပရိဝတ္တန္တိ။

ညဉ့်နဲ့ကမှ ဖောက်ပြန်ယင် လတို့ လဝက်တို့ဆိုတဲ့ ဒီအချိန်တွေလဲ ဖောက်ဖောက်ပြန်ပြန်ဖြစ်ကြရော။

ဝိသမံ မာသဒ္ဓမာသေသု ပရိဝတ္တန္တေသု ဝိသမံ ဥတု-သံဝစ္ဆရာ ပရိဝတ္တန္တိ။

တလ, လာက်ဆိုတဲ့ ဒီဒေချိန်တွေ မှန်ပြီဆိုယင် ဥတုလဲ မမှန်တော့ဘူး၊ နှစ်လဲ မမှန်တော့ဘူး။

နတ်တို့ စိတ်ဆိုး လေမိုးမမှန်

ဝိသမံ ဥတုသံဝစ္ဆရေသု ပရိဝတ္တန္တေသု ဝိသမံ ဝါတာ ဝါယန္တိ ဝိသမာ ဇးပဇ္ဇသာ။

ဥတုသံဝစ္ဆရေသု၊ ဥတုနဲ့နှစ် ဘိုသည်။ ဝိသမံ၊ မညီညွတ်။ ပရိဝတ္တန္တေသု၊ ဖြစ်ကြကုန်သည်ရှိသော်။ ဝိသမာ၊ မညီညွတ်ကုန်သော။ အာပဇ္ဇသာ၊ လမ်းမှားခြင်း ဖြစ်ကြကုန်သော။ ဝါတာ၊ လေတို့သည်။ ဝိသမံ၊ မညီမညွတ်။ ဝါယန္တိ၊ တိုက်ခတ်ကုန်၏။

ထာသီဥတုမမှန်ယင် လေတွေလဲ မညီမညွတ် လမ်းမမှန်ပဲနဲ့ တိုက်ကုန်ရော့တဲ့။

ဝိသမံ ဝါတေသု ဝါယန္တေသု ဝိသမေသု အာပဇ္ဇေသေသု ဒေဝတာ ပရိကုပိတာ ဘဝန္တိ။

လေတွေလမ်းလွဲပြီး မညီမညွတ်တိုက်ခတ်ပြီဆိုယင် ကောင်းကင်က ရှိကြတဲ့ နတ်တွေ စိတ်ဆင်းရဲကုန်ကြ အမျက်ထွက်ကုန်ကြတယ်။

ဒေဝတာသု ပရိကုပိတာသု ဒေဝါ နသမ္မာဓာရံ အနုပ္ပဝေစ္ဆတိ။

ကောင်းကင်နတ်တွေ အမျက်ထွက် စိတ်ဆိုး စိတ်ညစ်ကုန်ပြီဆိုယင် မိုးသည် အလျင်မှန်မှန် မရွာတော့ဘူး။

ဒေဝေ နာ သမ္မာဓာရံ အနုပ္ပဝေစ္ဆန္တေ ဝိသမပါကာနိ သဿာနိ ဘဝန္တိ။

မိုးအလျင်မမှန်ပြီ ဆိုလို့ရှိယင် ကောက်တွေ စပါးတွေ မည်မည်ဟတ် မှည့်ကြ ရင့်ကြ ကျက်ကြရတယ်။ ကောက်ပင်တွေထဲမှာပဲ နုတာတမျိုး အလယ်အလတ်ကတမျိုး၊ ရင့်တာတမျိုး အဲဒီလို အမျိုးမျိုး ဖြစ်ကုန်တတ်တယ်။

ဝိသမပါကာနိ မဟာရာဇ သဿာနိ မနုဿာ ပရိဘုဉ္ဇန္တာ အပ္ပါယုကာ စ ဟောန္တိ၊ ဒုဗ္ဗဏ္ဏာ စ ဒုဗ္ဘဂ္ဂာ စ။

မြတ်သောမင်းကြီး မည်မည်ဟတ် မှည့်ရကျက်ရတဲ့ ကောက်စပါးတွေကို လူတွေစားရပြီဆိုယင် အဲဒီလူတွေသည် အသက်တိုကုန်တယ်၊ ရုပ်အဆင်းဟေ့ ပျက်ကုန်တယ်၊ အနာရောဂါတွေ ပေါများကုန်တယ်။

လူသားများတရားကျင့်သုံးလျှင်။ ။ရှောင်ရမယ့် လမ်းစဉ်။ ဟာ ဒီလို ရှောင်ရမယ့် လမ်းစဉ်ဟာ ပြီးတော့ လိုက်နာကျင့်သုံးရမယ့် လမ်းစဉ်ကို—

ယသ္မိံ မဟာရာဇ သမယေ ရာဇာနော ဓမ္မိကာ ဟောန္တိ၊ ရာဇယုတ္တာပိ တသ္မိံ သမယေ ဓမ္မိကာ ဟောန္တိ။

မြတ်သောမင်းကြီး၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ပုဂ္ဂိုလ်များ ရာဇဓမ္မနဲ့အညီ ကျင့်ကြံလို့ရှိယင် မင်းမှုထမ်းတွေလဲ တရားကျင့်ကြပါတယ်။

ရာဇယုတ္တာသု ဓမ္မိကသု ဗြာဟ္မဏဂဟပတိကာပိ တသ္မိံ သမယေ ဓမ္မိကာ ဟောန္တိ။

မင်းမှုထမ်းတွေ တရားကျင့်ပြီ ဆိုလို့ရှိယင် ပုဏ္ဏားတွေ သူကြွယ်တွေ သင်္ဘေးတွေ ကုန်သည်တွေ ပဲ့စားတွေ အဲဒီပုဂ္ဂိုလ်တွေလဲပဲ အကုန်လုံး တရားကို ကျင့်ကုန်ကြရော။

ဗြာဟ္မဏကဟာပတိကေသု ဓမ္မိကေသု နေဂမဇာနပဒါပိ တသ္မိံ သမယေ ဓမ္မိကာ ဟောန္တိ။

ပုဏ္ဏားများ သူကြွယ်များ တရားကျင့်ကြပြီ ဆိုယင်တော့ ရွာ နိုဂုံး နေပုဒ်ဘုံက်နယ်သားတွေလဲပါ တရားကျင့်ကြရော။

နေဂမဇာနပဒေသု ဓမ္မိကေသု သမံ စန္ဒိမသူရိယာ ပရိဝတ္တန္တိ။

မင်းကအစ နိဂုံးသူ နိဂုံးသား ဇနပိုဒ်တိုက်နယ်သား လူ့ပြည်လူသားတွေ တရားကျင့်ကြပြီ ဆိုလို့ရှိယင် ကောင်းကင်မှာသွားတဲ့ နေ လ နှစ်ပါ.လဲပဲ အညီအညွတ် မိမိတို့ လမ်းက လှည့်လည်ကြတယ် – တဲ့။

သမံ စန္ဒိမသူရိယေသု ပရိဝတ္တန္တေသု သမံ နက္ခတ္တာနိ တာရကရူပါနိ ပရိဝတ္တန္တိ။

လ တွေ နေ တွေ မိမိတို့လမ်းက အညီအညွတ်သွားယင် နက္ခတ်တွေ ဂြိုဟ်တာရာတွေလဲပဲ မဖောက်တော့ဘူး။ မိဒဲတို့လမ်းက အညီအညွတ် သွားကြတယ်။

သမံ နက္ခတ္တေသု တာရကရူပေသု ပရိဝတ္တန္တေသုသမံ ရတ္တိ-ဒိဝေသု ပရိဝတ္တန္တိ။

ဂြိုဟ် နက္ခတ် တာရာတွေ အသွားမှန်ပြီဆိုယင် ညဥ့်ကာလ၊နေ့ကာလ ညဥ့်အခါ၊နေ့အခါ ဆိုတဲ့ ဒီအခါတွေလဲပဲ ညီညွတ် မှန်ကန်ကုန်တယ်မြတ်သောမင်းကြီး။

သမံ ရတ္တိ ဒိဝေသု ပရိဇတ္တာန္တေသု သမံ မာသဒ္ဓမာသာပိ ပရိဝတ္တန္တိ။

ညဉ့်တွေ နေ့တွေ မှန်လာလို့ရှိယင် လ-ရ'ယ် လ-ဝက်ကယ်ဆိုတဲ့ ဒီပကွ ဒီအချိန်တွေ အကုန်လုံး ညီညွတ်မှန်ကန်လာတယ်။

သမံ မာသဒ္ဓမာသေသု ပရိဝတ္တန္တေသု သမံ ဥတုသံဝစ္ဆရာ ပရိဝတ္တန္တိ။

လ, လဝက်ဆိုတဲ့ အချိန်မှန်လာပြီဆိုတော့ လေးလ တဥတုခေါ်သော ဥတုများလဲပဲ မှန်လာတယ်၊ ဆယ့်နှစ်လ တနှစ်ဆိုတဲ့ နှစ်များလဲပဲ မှန်လာတယ်။

သမံ ဥတုသံဝစ္ဆရေသု ပရိဝတ္တန္တေသု သမံ ဝါတာ ဝါယန္တိ သမာ ပဇ္ဇသာ။

ဥတုတွေ နှစ်တွေ မှန်လာယင် ညီညွတ်သော မိမိလမ်း မှန်ကန်စွာသွားသောလေသည် အညီအညွတ် မှန်မှန်ကန်ကန် လေတွေတိုက်တယ်။

သမံ ဝါတေသု ဝါယန္တေသု သမေသု ပဇ္ဇသေသု ဒေဝတာ အပရိဟာပိတာ ဘဝန္တိ။

အေး ...ကောင်းကင်က လေတွေ သွ့ဲလမ်းနဲ့သူ မှန်မှန်တိုက်ပြီဆိုတော့ နတ်တွေလဲပဲ အမျက်မထွက်ပဲနဲ့ စိတ်ချမ်းသာကြတယ်။

ဒေဝတာသု အပရိကုပိတာသု ဒေဝေါ သမ္မာ ဓာရံ အနုပ္ပဝဿာဟိ။

ပဇ္ဇုန်နတ်တွေ စိတ်မဆိုးပဲနဲ့ စိတ်ချမ်းသာလာပြီဆိုယင် မိုးလဲပဲ အချိန်မှန်မှန် အကုန်ခံပြီး ရွာသွန်းပေးတယ်။

ဒေဝေ သမ္မာ ဓာရံ အနုပ္ပဝေစ္ဆန္တေ သမပါကာနိ့ သဿာနိ ဘဝန္တိ။

မိုးသုံးမိုး အချိန်မှန်မှန်ရွာလို့ရှိယင် ကောက်ပင်စပါးပင်တွေလဲပဲ အညီအညွတ် ရင့်ကြ ကျက်ကြ မှည့်ကြတယ်။

သမပါကာနိ့ မဟာရာဇ သဿာနိ မနုဿာ ပရိဘုဉ္ဇန္တာ ဒီဃာယုကာ စ ဟောန္တိ၊ ဝဏ္ဏဝန္တော စ ဗလဝန္တော စ အပ္ပါဗာဓာ စ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ သမပါကာနိ၊ အညီအညွတ်ရင့်ကျက်ကုန်သော။ သဿာနိ၊ ကောက်စပါးတို့ကို။ ပရိဘုဉ္ဇန္တာ၊စားသုံးကြရကုန်သော။ မနုဿာ၊ လူ့ပြည်လူသားတို့သည်။ ဒီဃာယုကာ စ၊ အသက်ရှည်ကြကုန်သည်လည်းကောင်း။ ဝဏ္ဏဝန္တော စ၊ အဆင်းလှကြကုန်သည်လည်းကောင်း။ ဗလဝန္တော စ၊ ခွန်အားဗလ ကြီးမားကြကုန်သည်လည်းကောင်း။ အပ္ပါဗာဓာ စ၊ အနာရောဂါကင်းစင်ကြကုန်သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

မြတ်စွာဘုရားက စိတ်ရှည်လက်ရှည့် ပသေနဒီ ကောသလမင်း တဆူးကို အကြောင်းနဲ့အကျိုး အကြောင်းနဲ့အကျိုး အဲသလိုဖော်ပြပြီးတော့ မင်း တရားစောင့်ယင် တတ်ိုင်းပြည်လုံး တရားစောင့်မေ့၊ တတိုင်းပြည်လုံး တရားစောင့်လို့ရှိယင် ကောင်းကင်က နေ-သွား လ-သွား နက္ခတ်ကြယ်ဘာရာတွေ အသွားမှန်တယ်။ နက္ခတ်ကြယ်တာရာတွေ အသွားမှန်လို့ရှိယင် ညဉ့်နေ့ဆိုတဲ့ ဒီ ချိန်နာရီတွေမှန်ပြီ၊ နာရီမှန်ယင် ရက်အပေါင်းကိုခေါ်တဲ့ လ, လဝက်ဆိုတာတွေလဲပဲ ရာသီမှန်

၁။ အံ၊၁။၃၀၇။

လာတယ်။ လ,လဝက်မှန်လို့ရှိယင် လေးလ တရ သီဆိုတဲ့ ရာသီလဲမှန်ရော၊ ဆယ့်နှစ်လ တန္ဒေးဆိုတဲ့ နှစ်လဲပဲ ရာသီမှန်ရော....တဲ့။

ဥတု နှစ် မှန်ခဲ့လို့ရှိယင် ကောင်းကင်က နေတွေ့လဲပဲ သူ့လမ်းနဲ့သူ့အမှန်အကန်ကိုက်လို့ ဝလာဟကနတ်တွေ့ စိတ်မညစ်ပဲ စိတ်ရှင်လန်းဝမ်းမြောက်ကြပြီဆိုလို့ရှိယင် မိုးတွေ့ဟာ သူ့ရာသင့်တဲ့ အချိန်မှာ အဟုန် ထန်ထန်သည်းသည်း ရွာသွန်းပေးတယ်။ မိုးတွေ့ ရွာသင့်တဲ့ အချိန် အဟုန်ထန်ထန်သည်းသည်း မိုးသုံးပါး ညီညီညွတ်ညွတ် ရွာခဲ့လို့ရှိယင် လူတွေ့စိုက်ပျိုးတဲ့ ကောက်စပါးတွေ့ အညီအညွတ် မှည့်ကြတယ်။ အညီအညွတ်မှည့်ကြတဲ့ ကောက်စပါးဝေ့ကို စားကြတဲ့လူတွေ့သည် အသက်ရှည်ကြတယ်၊ အဆင်းလှကြတယ်၊ ခွန်အားဗလ ကောင်းကြတယ်၊ အနာရောဂါ ကင်းရှင်းကြတယ်။

ဟောဒါ ရှောင်ရမယ့်လမ်းနဲ့ လိုက်နာရမယ့်လမ်း၊ ဒီမဲနဲ့အပြု နှစ်ခု ရာဇောဝါဒသုတ္တန်လို့လဲ ဆိုနိုင်၏။

အဂတိတရား ၄-ပါး။ ။အဲဒီလို ပသေနဒီကောသလ မင်းကြီးကို သီးသန့် ဆုံးမပြီးတဲ့နောက် မြတ်စွာဘုရားဟာ အမျှားနဲ့ဆိုင်သော တရားနဲ့ကိုင်ပြီးတော့ ဆုံးမချင်လို့ ရှိသေးတယ်။ မင်းမှာ အဂတိလေးပါး။ –

မြတ်သော မင်းကြီး –
ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊ ယော ဓမ္မံ အတိဝတ္တတိ။
နိဟ်ယတိ တဿ ယသော၊ ကာဠပက္ခော ဝ စန္ဒိမာ[၁]။

မဟာရာဇာ၊ မြတ်သောမင်းကြီး။ ယော၊ အမှတ်မထင် အကြင် မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်သည်။ ဆန္ဒာ စ၊ ချစ်သဖြင့် လည်းကောင်း။

---

[၁] ဘ။ သုတ်ပါယေယျပါဠိ ၁၄၇။ အံ၊ ဘ။၃၂၆။ ဝိ၊ ၅။ ၂၉၄။

ဒေါသာ စ၊ မုန်းသဖြင့်လည်းကောင်း။ မောဟာ စ၊ မိုက်မဲသဖြင့်လည်းကောင်း။ ဘယာ စ၊ ကြောက်သဖြင့်လည်းကောင်း။ ဓမ္မံ၊ မိမိကျင့်ရမယ့် ဘရားကို။ အတိုင်တွတ်တိ၊ ကျူးကျော်ဖောက်ပြား ကျင့်မှားပေ၏။ တဿ၊ ထိုအဂတိလေးပါး လိုက်စားတဲ့ မင်းအဖို့ရာ။ ကာဠ-ပက္ခော၊ လဆုတ်ပက္ခ၌။ စန္ဒိမာ၊ လစန်းသည်။ နိဟီယတိ ဣဝ၊ ဘဲနေ့တခြား လျော့ပါးသကဲ့သို့။ တဿ၊ ထိုအဂတိလေးပါး လိုက်စားတဲ့ မင်းအဖို့ရာ။ ယသော၊ စည်းစိမ်အခြံအရံသည်။ နိဟီယတိ၊ တနေ့တခြား လျော့ပါး လျော့ပါး၍သာ လာတော့၏။

မြက်ဆေသာမင်းကြီး ချစ်သဖြင့် မလားရောက်ရမယ့်ဘက်ကို လားရောက်ခြင်း၊ မုန်းသဖြင့် မလားဆောက်ရမယ့်ဘက်ကို လားရောက်ခြင်း၊ မသိမလိမ္မာတွေဝေသဖြင့် မလားရောက်ရမှာကို လားရောက်ခြင်း၊ ကြောက်သဖြင့် မလားရောက်ရမှာကို လားရောက်ခြင်းဆိုတဲ့ အဂတိလေးပါး လိုက်စားတဲ့မင်းအဖို့ရာ လဆုတ်ပက္ခ၌ လသည် တရက်ထက်တရက် တရက်ထက်တရက် လျော့သွားလိုက်တာ နောက်ဆုံး လသည် ကွယ်သွားသလို တရက်ထက်တရက်၊ တလထက်တလ၊ တနှစ်ထက် တနှစ် စည်းစိမ်တွေ အခြံအရံတွေ ဂုဏ်ကျေးဇူးတွေ ရောရွသွားတယ်။ အဲဒီလမ်း မလိုက်နဲ့ ရှောင်။

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊ ယော ဓမ္မံ နာတိဝတ္တတိ။
အာပူရတိ တဿ ယသော၊ သုက္ကပက္ခော စန္ဒိမာ။

မဟာရာဇာ၊ မြတ်သောမင်းကြီး။ ယော၊ အာမှတ်မထင် အကြင်သူသည်။ ဆန္ဒာ၊ ချစ်သဖြင့်လည်းကောင်း။ ဒေါသာ၊ မုန်းသဖြင့် လည်းကောင်း။ ဘယာ၊ ကြောက်သဖြင့် လည်းကောင်း။ မောဟာ၊ တွေဝေ မိုက်မဲသဖြင့် လည်းကောင်း။ ဓမ္မံ၊ မိမိကျင့်ရမယ့်တရားကို။

နာတိဝတ္တတိ၊ မလွန်ကျူး။ သုက္ကပက္ခ၊ လဆန်းပက္ခ၌။ စန္ဒိမာ၊ လသည်။ အာပူရတိ ဣဝ၊ တနေ့တခြား ပြည့်၍ ပြည့်၍သာ လာသကဲ့သို့။ တဿ၊ ထိုအဂတိလေးပါး မလိုက်စားသော မင်းအဖို့ရာ။ ယသော၊ စည်းစိမ်ဥစ္စာ အခြွေအရံ ကျော်စောသံကြီး ကောင်းခြင်းဆိုတဲ့ ဂုဏ်အစုသည်။ အာပူရတိ၊ တနေ့တခြား ကောင်းကင်က လရထားလို ပြည့်၍ ပြည့်၍သာ လာပါ၏။

အဂတိလေးပါး မလိုက်စားတဲ့မင်းအဖို့လဲပဲ လဆန်းပက လသည် တရက်ထက် တရက် ပြည့်၍ ပြည့်၍ လာသလို ပေါပေါများသော ကျော်စောသတင်းတွေ အခြံအရံတွေ စည်းစိမ်တွေ တရက်ထက် တရက် ပြည့်၍ ပြည့်၍ လာပါတယ် မြတ်သောမင်းကြီး။

သေမင်းနှင့် စစ်မခင်းနိုင်။ ။"မဟာရာဇ ဤမေသဉ္ဇိ သတ္တာနံ"။ ဟိ၊ အကျယ် သြဝါဒပြဉီးအံ့။ မဟာရာဇ၊ မြတ်သော မင်းကြီး ဤမေသံ သတ္တာနံ၊ ဤသတ္တဝါတို့အဖို့-

မစ္စုနာ သင်္ဂေ နတ္ထိ၊ လဉ္ဇဂါဟော နဝိဇ္ဇတိ။
ယာဒိဒံ နတ္ထိ ဇယော နတ္ထိ၊ သဗ္ဗေ မစ္စုပရာယဏာ။

ဤမေသံ သတ္တာနံ၊ မင်းနဲ့တကွ ရှိသမျှသည်အလုံးစုံသော သတ္တဝါတို့အဖို့။ မစ္စုနာ၊ သေခြင်းတရားနဲ့။ သင်္ဂေ၊ ဤရက်ခါမှု သေအံ့ဟူ၍လည်းကောင်း။ ဤလခါမှုသေအံ့ဟူ၍လည်းကောင်း၊ ဤနှစ်ကျမှ သေအံ့ဟူ၍လည်းကောင်း အချိန်းအချက်သည်။ နတ္ထိ၊ လူတို့ကိုင်းကန် မရှိမှန်၏။ (သေခြင်းတရားနဲ့ အချိန်းအချက်မရှိဘူးနော်) လဉ္ဇဂါဟော၊ လက်ဆောင်တံစိုး ထိုး၍ထားခြင်းသည်။ နတ္ထိ၊ လူတို့ကိုင်းကန် မရှိမှန်၏။

ကျုပ်ဗျာ.... ဤမည်သော ရက်၊ ဤမည်သော လ၊ ဤမည်သော နှစ်ကျမှ သေပါရစေ၊ တိတ်တိတ်ခိုး ကံစိုးထိုးထားတာ ဘယ်သူမှ မရှိဘူး။

ယုဒ္ဓံ၊ သေမင်းကို စစ်ထိုးနိုင်ခွင့်သည်။ နတ္ထိ၊ စင်စစ်ကန်မရှိမှန်၏။ ဇယော၊ သေမင်းကို အောင်နိုင် နိုင်ခွင့်သည်။ နတ္ထိ၊ မရှိကန် လူတိုင်းမှန်၏။ သဗ္ဗေ၊ မင်းနဲ့ဘကွ ရှိသမျှညီသုံ အလုံးစုံသော လူအပေါင်းတို့သည်။ မစ္စုပရာယဏာ၊ သေခြင်းလျှင် နောက်ဆုံးလဲရာ လျောင်းရာရှိကြကုန်၏။

မြတ်သောမင်းကြီး သတိဆား၊ လူသတ္တဝါများအဖို့ ငါမေးမယ်၊ သေခြင်းတရားကို ငါစစ်တိုက်ပြီး အနိုင်ယူမယ်၊ စစ်တိုက်လို့လဲမရဘူး၊ အနိုင်ယူလို့လဲမရဘူး။ ရှိသမျှညီသုံ အလုံးစုံသောသတ္တဝါတို့သည် နောက်ဆုံးမှာ သေမင်းရဲ့ ခြေရင်းမှာ ဝပ်စင်းကြရတယ်၊ နောက်ဆုံး သေကြရတယ်။

တေသံ ပရလောကံ ဂစ္ဆန္တာနံ ဌပေတွာ အတ္တနာ ကတံ ကလ္လာဏကမ္မံ အညာ ပတိဋ္ဌာ နာမ နတ္ထိ။

ကောင်းမှုသည်သာ အားကိုးရာ။ ။မဟာရာဇ၊ မြတ်သောမင်းကြီး။ ပရလောကံ၊ တမလွန်လောကသို့။ ဂစ္ဆန္တာနံ၊ သွားရောက်ကြရကုန်သော။ တေသံ၊ ထိုသတ္တဝါဘို့အဖို့။ အတ္တနာ ကတံ၊ မိမိပြုအပ်သော။ ကလ္လာဏကမ္မံ၊ ကောင်းမှုကို။ ဌပေတွာ၊ ထား၍။ အညာ၊ တပါးသော။ ပတိဋ္ဌာ နာမ၊ ထောက်ရာတည်ရာ မှီခိုရာမည်သည်။ နတ္ထိ၊ မရှိကောန် လူတိုင်းမှန်၏။

၃။ ဇာတ်၊ စတ္တာလီသ၊ တေသကုဏဇာတ်။ အဋ္ဌကထာ၁ ၃၁၄။

တမလွန်လောကသို့ သွားကြရတဲ့ သတ္တဝါတွေအဖို့ မိမိပြုလုပ်တဲ့ ကောင်းမှုကုသိုလ်ကလွဲယင် ထောက်ရာ တည်ရာ အားကိုးရာ ဘာမှ မရှိဘူးတဲ့။ မိဒ်ပြုလုပ်တဲ့ ဒါန သီလ ဘာဝနာကောင်းမှုကုသိုလ်သာလျှင် ထောက်ရာ ဇာတ်ရာ မှီခိုကိုးစား အားထားရာရှိတယ်။

အသင်မင်းကြီးဟာ မင်းစည်းစိမ် အင်မတန်ကြီးတယ်။ ကြီးသကောဲလို့လဲပဲ တနေ့ အဲဒီ မင်းကြီးစည်းစိမ်ကို စွန့်ပြီးသွားရလိမ့်မယ်၊

ဧဝံ ဣတ္တဘဝပစ္စုပဋ္ဌာနံ အဝဿံ ပဟာတဗ္ဗံ၊ နာ ယသံ နိဿာယ ပမာဒံ ကာတုံ ဝဋ္ဋတိ။

ဧဝံ၊ ဤသို့။ ဣတ္တဘဝပစ္စုပဋ္ဌာနံ၊ တို့တောင်းသောအချိန်မျှသာ ဖြစ်လေ့ရှိသော၊ ဝါ၊ တသက်လျှာမျှသာ ဖြစ်လေ့ရှိသော။ အဝဿံ ပဟာတဗ္ဗံ၊ မချက်ခြင်း ကန် သေတဲ့ အခါ စွန့်ခွာမည်မှန်သော။ ယသံ၊ လူမင်းစည်းစိမ်ကို။ နိဿာယ၊ အမှီပြု၍။ ပမာဒံ၊ ကုသိုလ်ဆယ်စင်း မေ့လျော့ခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ နာ ဝဋ္ဋတိ၊ မသင့်။

အသင်မင်းကြီးရဲ့ စည်းစိမ်ဟာ ဒယဿုာ စည်းစားကြည့်ယင်၊ ဘာမှ ကြာတာမဟုတ်ဘူး။ တသက်လျှာ ဆောဟာ ဟာနဲ့လဲပဲ စွန့်သွားရမှာကော်၊ အဲဒီလိုဖြစ်တဲ့ မင်းစည်းစိမ်ကို အမှီပြုပြီးတော့ ကုသိုလ်ဆယ်စင်း မေ့လျော့ခြင်းကို အလျဉ်းမပြုထိုက်ဘူး မြတ်သောမင်းကြီး။

အပ္ပမတ္တောနဝ ဟုတ္ဝာ ဓမ္မေန ရဇ္ဇံ ကာရေတုံ ဝဋ္ဋတိ။

အပ္ပမတ္တောနဝ၊ ကုသိုလ်ဆယ်ခု မြတ်ကောင်းမှုဌ် ဂရုကတာ ကြိုးလုံ့လနဲ့ အပ္ပမာဒတရား လက်ကိုင်ထားသည်သာလျှင်။ ဟုတ္ဝာ၊ ဖြစ်၍။ ဓမ္မေန၊ ရာဇဓမ္မတရားဆယ်ပါးဖြင့်။ ရဇ္ဇံ၊ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်မှုကို။ ကာရေတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ။ သင့်ပေ၏။

မြတ်စွာဘုရားက စိတ်ရှည် လက်ရှည်ကိုပဲ ပြောတာ။

ပေါရာဏကရာဇာနော အနုပုဗ္ဗေပိ ဗုဒ္ဓေ ပဏ္ဍိတာနံ ညေဝါဒေ ဌဿာ ဓမ္မေန ရဇ္ဇံ ကာရေတွာ ဒေဝနဂရံ ပူရယမာနော ဂမိံသု။

မဟာရာဇာ၊ မြတ်သောမင်းကြီး။ ပေါရာဏကရာဇာနော၊ ရှေးမင်းကောင်းတို့သည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ အနုပုဗ္ဗေပိ၊ ပုဗ္ဗ်ထုန်းတော်မမူသေး်လဲပါ။ ပဏ္ဍိဘာနံ၊ ပညာရှိတို့၏။ ညေဝါဒေ၊ အဆုံးအမ၌။ ဌတွာ၊ ဘည်၍။ ဓမ္မေန၊ ရာဇဓမ္မ်ဖြင့်။ ရဇ္ဇံ ကာရေတွာ၊ တိုင်းပြည်အုပ်ချုပ်မင်းပြုလုပ်၍။ ဝါ၊ မင်းပြုလုပ်သောကြောင့်။ ဒေဝနဂရံ၊ နတ်ပြည်လောကကို။ ပူရယမာနာ၊ ပြည့်စေကုန်လျက်။ ဂမိံသု၊ လားရောက်ကြရလေကုန်ပြီ။

ရှေးမင်းကောင်းများဟာ—တဲ့ သာသနာခေတ် မဟုတ်လို့ ဘုရားအဆုံးအမ မရှပေမယ့်လို့လဲပဲ အလောင်းတော် ပညာရှိများရဲ့ ညေဝါဒဿ် တည်၍ တရားနဲ့အညီ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့အတွက် စုတိပြတ်ကြွေ ဗဟလွန်တဲ့အခါ နတ်ပြည်လောကသို့ ရောက်ဖူးကြရပြီ။ လားရောက်ကြရပြီလို့ အရိပ်အမြွက် အမိန့် ရှိလိုက်လျှင်ပင် ပသေနဒိကောသလမင်းကြီးက အတိတ်ဖြစ်ရပ် ဇာတ်တော် ပြန်ပြောင်း မိန့်ဆိုတော်ပါမူဘုရား -လို့လျှောက်ဆား ကောင်းပန်တဲ့အတွက် အတိတ်ဖြစ်ရပ် "ဘေသကုဏ်ဇာတ်"လို့ ဌက်သုံးကောင်ရဲ့ဇာတ် မြတ်စွာဘုရား ပြန်ပြီးတော့ ဟောတော်မူတယ်။

ဘေသကုဏ်ဇာတ် အတိတ်ဝတ္ထု

အတီတေ ဗာရာဏသိယံ ပြဟ္မဒတ္တော ရဇ္ဇံ ကာရေန္တော အဟောသိ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ အဘိဓတ၊ အတိတ်ဓဝးစ္ဒာ ရှေး အခါ၌။ ဗာရာဏသိယံ၊ ဗာရာဏာသီပြည်၌။ ဗြဟ္မဒတ္တော၊ ဗြဟ္မဒတ် မင်းတရားသည်။ ရဇ္ဇံ ကာရေန္တေ၁၊ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ် သည်ရှိသော်။ အပုတ္တကော၊ ထီးညွှန့်နန်းလျာ သားတော် သမီးတော် မထွန်းကားသည်။ အနဟာသိ၊ ဖြစ်ခဲ့လေ၏။

မြတ်သောမင်းကြီး၊ အတိတ်ဘခါနှင်က ဗာရာဏာသီပြည် ဗြဟ္မဒတ် မင်း တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်ခဲ့တယ်။ အဲဒီမင်းပြုလုပ်တဲ့ ဗြဟ္မ ဒတ်မင်းမှာ မိဖုရား မောင်းမမိသုံးထွေ မြောက်မြားစွာ ရှိလင့်ကစား သားတော် သမီးတော် တဦးတယောက်မှ မထွန်းပေါက်ခဲ့ဘူး။ သား ဆုပန်ကြပါ-လို့ မိဖုရား မောင်းမမိသုံတို့ကို တိုက်တွန်းတဲ့အတွက် မိဖုရား မောင်းမမိသုံတို့ သားဆုပန်ကြသော်လဲပဲ သားသမီး မထွန်း ကားမြဲ မထွန်းကားပဲ လာခဲ့တာ နှစ်ပရိစ္ဆေဒ တော်တော်ကြာ ညောင်းလို့ ဟနေသဖြင့် ဗြဟ္မဒတ်မင်းသည် ဥယျာဉ်တော်ပေစား အပျော်အပါး ထွက်ကြတဲ့အခါ ဥယျာဉ်တော်ရောက်၊ နေ့ခင်းမှာ ဥယျာဉ်တော် လှည့်လည်ကျက်စားပျော်ပါးပြီး မောလို့ အင်ကြင်းပင် ရဲ့အောက်မှာ သလွန်တော်မျှား ခင်းပြီးတော့အိပ်၊ တရေးအိပ်လိုက် လို့ အိပ်ပျော်သွားပြီး အိပ်ဆုကနိုး၊ အပေါ်ကို မော့ကြည့်လိုက်တော့ အင်ကြင်းပင်ကြီးရဲ့ ကိုင်းပေါ်မှာ အသိုက်ကြီးတခုကို လှမ်းမြင်တယ်။ အသိုက်ကို မြင်လိုက်တယ်ဆိုယင်ပဲ သူ့စိတ်ထဲမှာ သားချစ် သမီးချစ် ချစ်လိုက်တာ...တဲ့၊ ထူးထူးခြားခြားကို ချစ်တယ်၊ အဲဒီလိုစိတ်ထဲက ထူးထူးခြားခြား ချစ်တာနဲ့ မင်းချင်းသဓယောက်ခေါ်ပြီး ဘာပြောသလဲ ဆိုတော့-

ကွမံ ရဂ္ဂံ အဘိရုဟိတ္ဝာ ဓေဟဿိံ ကုလဝံသကေ ဝါသဿိ
အတ္ထိတံ ဝါ နတ္ထိတံ ဝါ ဇာနာဟိ။

ဟောဓဇ္ဇံ (၃) ဝဏ္ဏ—မဟာ မဟာ သဟ စ

ဘုရား၊ အချင်း။ ဤမံ ရက္ခံ၊ ဤသစ်ပင်သို့။ အဘိရုဟိတွား- အဘိရုဟာယိ၊ တက်လော့။ အဘိရုဟိတွာ၊ တက်ပြီးသကာလ။ တသို့ကုလာဝကော၊ ဟောဟိုအသိုက်ထဲ၌။ ကဿစိ၊ တစုံတခုသော သတ္တဝါ၏။ အတ္ထိတံ ဝါ၊ ရှိသည်၏အဖြစ်ကိုလည်းကောင်း။ နတ္ထိတံ ဝါ၊ မရှိသည်၏ အဖြစ်ကိုလည်းဂကောင်း။ ဇာနာဟိ၊ သိအောင်ထောက် လှမ်း အမောင်စုံစမ်းလော့။

"အချင်းဃယာကျား၊ ထိုအသိုက်ထဲမှာ ဘယ်သတ္တဝါ တစုံတရာ ရှိသည် ဖရှိသည်ကို တက်ပြီးကြည့်စမ်း"လို့ ခိုင်းလိုက်တော့၊ မင်းချင်း ယောကျ်ားကတက်ပြီး အသိုက်ကိုကြည့်ရှု စုံစမ်းပြီးလျှောက်တယ်။ "ဒီအသိုက်ထဲမှာ ဥသုံးလုံးတွေ့ပါသည်ဘုရား"လို့ လျှောက်ထားတော့ ဗြဟ္မဒတ်မင်းကြီးက ဘာပြောသလဲဆိုတော့--

ဝေန ဟိ ဒေဝတာသံ ဥပရိ နာဿဝါဟံ မာ ဝိဿဇ္ဇေသိ။

တေန ဟိ၊ သို့ဘာပြီးကော။ (ဝါ)ထိုသို့ ဥသုံးလုံးတွေ့ခဲ့ယင်။ ဧတေသံ၊ ထိုဥဘို့၏။ ဥပရိ၊ အထက်၌။ နာဿဝါဟံ၊ နှာခေါင်းလေကို။ မာ ဝိဿဇ္ဇေသိမလွှတ်နဲ့။ "ဒေး....မင်း အဲဒီဥကို တွေ့ယင် အဲဒီဥတွေ အပေါ် မင့်နှာခေါင်းလေ မခိုက်မိပစေနဲ့၊ မလွှတ်နဲ့"

အဲဒီလိုခြေးပြီးတော့ ဆက်၍ရှင်ဘုရင်ကြီးက ဘာပြောသလဲ-

စကော်ဝဠဂက ကပ္ပါသပိစုံ အတ္ထရိတွာ တတ္ထေဝ တာနိ အဏ္ဍကာနိ ဌပေတွာ သဏိက် ဩတရာဟိ။

ဘဏော၊ အချင်း။ သြးရောဟ၊ ဆင်းခဲ့လော့။ စကော်ဝဠကော၊ ပန်း ပေါင်း၌ (ဝါ)ဖကောထဲ၌။ ကပ္ပါသပိစုံ၊ ဝါဂွမ်းစိုင်ကို။ အတ္ထရိတွာ၊

ခင်းရ။ တတ္ထဝဝ။ ထိုဝါဂွမ်းစိုင်၌ပင်လျှင်။ တာနိ ဒဿ်ကာနိ၊ ထိုဥ သုံးလုံးတို့ကို။ ဌပေဘ္ဘာ၊ ထား၍။ သဏိကံ၊ ဖြည်းဖြည်း။ ဩတရာ-ဟိ၊ ဆင်းခဲ့လော့။

အသိုက်တခုထဲ၌ ရှင်ဘုရင်ကြီး ပေးတဲ့အမိန့်၊ မင်း အဲဒီ ဌက်မသုံးကောင်၏ ဥသုံးဥ ဥတွေအပေါ် နှာခေါင်းလေမင်းအသက် ရှူတဲ့လေ မခိုက်မိပစေနဲ့၊ ဆင်းကွယ်၊ ဆင်းပြီးတော့ စကောထဲမှာ ဝါဂွမ်းစိုင်ခင်း၊ အဲဒီဥတွေကို ဒီဝါဂွမ်း စိုင်ပေါ်မှာ တင်ထားပြီးတော့ မင်းဖြည်းဖြည်းဆင်း"လို့ ရှင်ဘုရင် အမိန့်ရှိတဲ့အတိုင်း ထိုမင်းချင်းယောကျ်ားသည် အောက်ဆင်း၊ စကော တခုရှာ၊ ဝါဂွမ်းစိုင်တွေ စကောထဲခင်းပြီးတော့မှ အဲဒါနဲ့ ပြန်တက်ဦး၊ ဥသုံးလုံးအသာအယာ ယူပြီးတော့ ဒီဝါဂွမ်းပေါ်မှာထား၊ တဖြည်း ဖြည်းဆင်းလို့ ရှင်ဘုရင်ကြီးရှေ့ ရောက်လာတဲ့အခါ-

ကတရ သကုဏဂ္ဃကာနံ နာမေတာနိ။

ဘောဇန္တော အမစ္စာ၊အိုအမတ်တို့။ ဧတာနိ၊ ဤဥတို့သည်။ကတရ-သကုဏဂ္ဃကာနိ နာမ၊ အဘယ်ဋ္ဌက်၏ ဥတို့မည်သနည်း။

"အမတ်တို့၊ ဒီဥတွေဟာ ဘာ ဋ္ဌက်ဥလဲ"

အမတ်တွေက ပြန်ဖြေတယ်-

မယံ နဇာနာမ၊ ကျွန်တော်မျိုးတို့ မသိကြပါဘူး။ "နေသာဒါ ဇာနိဿန္တိ" မုဆိုးတို့ သိကြပါလိမ့်မယ်ဘုရား။

"ကျွန်တော်မျိုးတို့ ဒီဥကိုမသိပါဘူး၊ နားမလည်ပါဘူး။ ကျွမ်း ကျင်ဆုလိမ်မာ မုဆိုးများမှ သိနိုင်မှာပါဘုရား"လို့ လျှောက်တော့-

ဗြဟ္မဒတ်မင်းက မုဆိုးတွေ အခေါ်ခိုင်း၊ ရွှေတော်မှောက်ရောက်တော့—

"အမောင်တို့၊ ဒီဥသုံးလုံးဟာ ဘာဥ ဘာဥ ဘာဥလဲ၊ တဥနဲ့ တဥလဲ မတူဘူး"

အဲဒီတော့မှ မုဆိုးငှက ဥတွေကြည့်ပြီးတော့—

မဟာရာဇာ၊ မြတ်သောမင်းကြီး။ ငါတော်သူ၊ ဤဥသုံးလုံးတို့အနက်။ ငကံ၊ တဥကတော့။ ဥလူကအဖျော့၊ ခင်ဗျတ်ငှက် ဥပါဘုရား။ ငကံ၊ တဥကား၊ သာလိကာအဖျော့၊ ငရက်ဥသာလိကာ ဥပါဘုရား။ ငကံ၊ တခုသောဥကား။ သုဝကအဖျော့၊ ကြက်တူရွေး ကျေးဥဖြစ်ပါသည်အာရုံး။

မြတ်သောမင်းကြီး ဒီဥသုံးလုံးမှာ ဥတလုံးက ခင်ဗျတ်ငှက်=ငီးကွင်း၊ တလုံးက သာလိကာဥ၊ ဥတလုံးက ကြက်တူရွေးဥ၊ အသုံးက်တခုထဲမယ် ဥသုံးခုတွေ့တယ်။

ရှင်ဘုရင်ကြီးက မေးတယ်—

ကိ ပန ကော့ကေ့ ကုလာဝကေ တိဏ္ဍံ သကုဏိကာနံ အတ္ထာနိ ဟောန္တိ။

ပါဘတာ၊ အမောင်တို့။ ကံပန၊ အသို့နည်း။ ကော့ကေ့ ကုလာဝကေ၊ အသိုက်တခုထဲ၌။ တိဏ္ဍံ သကုဏိကာနံ၊ ငှက်မသုံးကောင်တို့၏။ အတ္ထာနိ၊ အဥတို့သည်။ ဟောန္တိ၊ ဖြစ်နိုင်ကုန်သလော။

"အမောင်တို့၊ အသိုက်တခုတည်းမျှားကွယ် ငှက်သုံးကောင်ရဲ့ အဥ ဥလို့ဖြစ်ပါ့မလဲ့း"

မုဆိုးတွေက ပြန်ပြောတယ်–

အာမ ဒေဝ၊ ဖြစ်နိုင်ပါတယ် အရှင်မင်းကြီး။ ပရိပန္ထေ အသတီ၊ ဘေးရန်မရှိခဲ့သော်။ သုနိက္ခိတ္တာနံ၊ ဂကာင်းစွာထားအပ်ကုန်သော အဉတို့သည်။ နနဿန္တိ၊ မပျက်စီးကြပါကုန်ဘုရား။

ဖောက်ဖျက်မဲ့ ကျီးစတဲ့ ဘေးရန်မရှိလို့ မိခင်ဖြစ်တဲ့ ဇီးကွက်မ၊ မိခင်ဖြစ်တဲ့ သာလိကာမ၊ မိခင်ဖြစ်တဲ့ ကြွက်တူရွေးမက ဒီအထဲမှာ ဥဆားခဲ့ယင် ကျီးငှက်စသော ဘေးရန်မရှိယင် မပျက်စီးပါဘူးဘုရား-ဆိုတော့ ကျေနပ်သွားတယ်။ အဲဒီတော့မှ ရှင်ဘုရင်က—

ဘုရင်မွေးစား ဘုရင့်သား

ဣမေ မမ ပုတ္တာ ဘဝိဿန္တိ။

ဣမေ၊ ဤ ဥမ္မပေါက်လာတဲ့ ငှက်တို့သည်။ မမ၊ ငါ၏။ ပုတ္တာ၊ သားသမီးတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကြလိမ့်မည်။

ဒီ ဥထဲက ပေါက်တဲ့ ငှက်ကလေးတွေဟာ ငါ့ရဲ့သားတော်၊ သမီးတော်များ ဖြစ်ကြလိမ့်မယ်။

အဲဒီလို စဉ်းစားပြီးတော့ အမတ်သုံးယောက်ခေါ်၊ ဥတလုံးစီ အသီးအသီးပေးပေး။

ဣမေ မယံ ပုတ္တာ ဘဝိဿန္တိ။

ဘောဇ္ဈော အမစ္စာ၊ အိုအမတ်ဘို့။ ဣမေ၊ ဤ ဥမ္မပေါက်လာတဲ့ ငှက်တို့သည်။ မယံ၊ ငါ၏။ ပုတ္တာ၊ သားသမီးတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကြလိမ့်မည်။

အမတ်မင်းတို့ ဤ ဥမ္မပေါက်လာတဲ့ ငှက်များဟာ ငါ့ရဲ့ သားသမီးတွေ ဖြစ်ရလိမ့်မယ်။

တုမ္မေ၊ ခင်ဗျိုသည်။ သားစုကံ၊ ကောင်းစွာ။ ပဋိဇဂ္ဂထ၊ ပြုစု မွေးပေးကြကုန်လော့။ ပဋိဇဂ္ဂိတ္ဝာ၊ ကောင်းမွန်စွာ ပြုစုမွေးပေးကြပြီးလျှင်။ အဏ္ဏကောသတော နိက္ခန္တကာဧလ၊ ဥခ္ခံမှပေါက်သော အခါကာလ၌။ မမ၊ ငါ့အား။ အာရောစေယျာထ၊ လျှောက်ထားကြကုန်။

ဇီးကွက်ဖို့သာလိကာမ, အမတ်သုံးယောက် ဥာဘလုံးစီ အသီးသီးဝေ
ကြက်တူရွေးအဖို့ ပေးလိုက်တယ် အမတ်သုံးယောက်က
'ကောင်းပါပြီ မြတ်သောမင်းကြီး"လို့ ဝန်ခံ၍ မိမိတို့ဘို့ကိုမှာ ပါမှမ်းဆိုင်နှင့် အာဇ္ဇရအောင် ဥာလး တရိုတသေ ထားရတယ်။ အေး-ထာ ရာကနေပြီးတော့ ပထမဇီးကွက်ဥ ခင်ပုတ်ဌက်ဥ၊ ခင်ပုတ်ဌက်ထက် လူနားလည်းအောင် ဇီးကွက်သာထားကြစို့။

အေး-ဇီးကွက်ဥက အရင်ပေါက်၊ အဲဒီ ဇီးကွက်ဥ ထိန်းရတဲ့ အမတ်က မုဆိုးတယောက်ခေါ်ပြီးတော့-

တုံ့ ဣတ္ထိဘာဝံ ဝါ၊ ပုရိသဘာဝံ ဝါ ဇာနာဟိ။

တုံ့၊ အမောင်သည်။ဣတ္ထိဘာဝံ ဝါ အမ၏ အဖြစ်ကိုလည်းကောင်း။ ပုရိသဘာဝံ ဝါ၊ အဖို့၏ အဖြစ်ကိုလည်းကောင်း။ ဇာနာဟိ၊ သိစေအောင် ထောက်လှမ်းစုံစမ်းလော့။

မုဆိုးခေါ်ပြီးတော့-

"ဟေ့-အမောင်၊ ဒီ အနုပေါက်လာတဲ့ ဇီးကွက်ကလေးဟာ အဖို့လား အမလား မင်းသိအောင် စုံစမ်းလေ့လာစမ်းပါ-ဆိုတော့ မုဆိုးကလဲ သူက လေ့လာနေကျ ဆိုတော့ အကောင် ကိုင်ကြည့်လိုက်တယ် ဆိုယင်ပါ-

"ဟာ....ဒီ ညစ္စာအဖို အဓတ်မင်း"

"အေး....ကောင်းပြီ၊ ဒါဖြင့် မင်းသွားတော့"

အဲ့ဒီအမတ်က ဗြဟ္မဒတ်မင်းကြီးထံ သွားပြီးတော့ –

ပတော တေ ဒေဝ ဇာတော။။

ဒေဝ၊ သမုတိနတ် အိုမင်းမြတ်။ တေ၊အရှင်မင်းမြတ်၏။ ပုတ္တော၊ သားတော်သည်။ ဇာတော၊ မီးရှူးသန့်စင် ဖွားမြင်ခဲ့ပြီဘုရား။

တကတဲ ဇီးကွက်ကို ဇီးကွက်ကို –

"အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲသားကော် မီးရှူးသန့်စင် ဖွားမြင်လာပါပြီဘုရား။။"

ဒီလိုပြောလိုက်ကတည်းက အပ်တုန်းက ဇီးကွက်ဥ အပ်ထားတဲ့ အမတ်လျှောက်တာဆိုတော့ ရှင်ဘုရင်က သိဖယ်၊ ဇီးကွက်အဖိုပဲ၊ ခင်ဗုတ်ဌက်အဖိုပဲ သိတယ်။ ငမ်းမြောက်ဝမ်းသာနဲ့ ရှင်ဘုရင်က ဘာပြောသလဲဆိုတော့ –

ဇေတန ဟိ သာဓုကံ ပဋိဇဂ္ဂ။

ဇေတန ဟိ၊ သို့တပြီးကား။။ သာဓုကံ၊ ကောင်းမွန်စွာ။။ ပဋိဇဂ္ဂ၊ ကျေးမွေးပြုပြင် သုတ်သင်လော့။။

ဝေဿန္တရောတိ စဿ နာမံ ကရောဟိ။။

အဿ၊ ထိုငါ့သားတော်အား။။ ဝေဿန္တရောတိ စ၊ ဝေဿန္တရာ ဟူ၍လဲပါ။။ နာမံ၊ အမည်ကို။။ ကရောဟိ၊ မှည့်ခေါ်လော့။။

ကိုင်း – ဇီးကွက်ကလေးကို နာမည်ပါရှင်ဘုရင်ကပေးလိုက်တယ်။

"ငါ့သားရဲ့ နာမည်ကို ဝေဿန္တရာလို့ ခေါ်ရမယ်"

တခါတသံး ရှင်ဘုရင်က ဥစ္စာစီးပွားတွေ များများပေးပြီးတော့ သားကောင်တို့ အဆောင်အယောင်နဲ့ ဝေယျာဋ္ဌရာသားတော်ကို ကြီးပွားအောင် မင်းစောင့်ရှောက်ရမယ်။

တခါတည်း ဥစ္စာဇည်းစိမ် မြောက်မြားစွာပေးလိုက်တယ်၊ နောက် သုံးရက်လောက်ရှိတော့ သာလိကာ ဥကလေးပေါက်လာပြန်တယ်။ အဲဒီအဖတ်က တခါ ဖုဆိုးကိုငေါပြီးတော့ အဖိုဒမစုံစမ်းခိုင်းတော့ အမကလေး "ကောင်းပြီ ဖာမောင်"ဆိုပြီးတော့ အဲဒီအမတ်က ငြဟ္မဒတ်မင်းကြီးထံ သွားပြီးတော့—

ဓိတာ တေ ဒေဝ ဇာတာ။

ဒေဝ၊ အရှင်မင်းကြီး။ တော၊ အရှင်မင်းကြီး၏။ ဓိတာသမီးတော် ကလေးသည်။ ဇာတာ၊ မီးရှူးသန့်ဇင် ဖွားမြင်ခဲ့ပါပြီဘုရား။

"သမီးတော်ဘယောက် ဖွားခြမ်းခဲ့ပါပြီဘုရား"

လို့ လျှောက်တော့ ရှင်ဘုရင်က—

ဓိဘရံ မေ သာဓုကံ ပဋိဇဂ္ဂ။

ငါ့သမီးကို မင်းကောင်းကောင်း မွေးကျေးသုတ်သင်။

ကုဏ္ဍလိနီတိ စဿာ နာမံ ကရောဟိ။

အာဿာ၊ ထို ငါ့သမီး၏။ နာမ ၊ အမည်ကိုလဲပဲ။ ကုဏ္ဍလိနီတိ၊ ကုဏ္ဍလိနီဟူ၍။ ကရောဟိ၊ မှည့်ခေါ်လော့။

အေး....သာလိကာဆိုတာ နားရွက်ကလေးက နားတောင်းလေး ဝပ်ထားသလိုနေသယ်၊ အဲဒါကဲ့ ကြည့်ပြီးတော့ "ကုဏ္ဍလိနီ" နားတောင်းဂတ်ကားတဲ့ ဒေဝီသမီးလို့ အဓိပ္ပာယ်ရှိတယ်။ အေး....

ငါ့သမီးကို "ကုဏ္ဍလိနီ"လို့ နာမည်မှည့်ခဲ့ ယူသွား၊ သားမီးတော်ရဲ့ အဆောင်အယောင် အခမ်းအနားနဲ့ ခမ်းခမ်းနားနား မင်းပြုစုလုပ်ကျွေးရမယ်။ ဥစ္စာစည်းစိမ်မျှားစွာ ပေးလိုက်တယ်။ နောက်သုံးရက်လောက်ရှိတော့ ကြက်တူရွေးဥမလေးက ပေါက်ပြန်ရော။ ဆိုင်ရာအမတ်က မုဆိုးတယောက်ခေါ်ပြီးတော့ "ဟေ အဖို အမ မင်းကြည့်စမ်းကွာ" ဆိုတော့ "အဖိုမလေးခင်ဗျာ့" ဆိုတော့ "ကောင်းပြီ မင်းပြန်တော့" အဲဒီအမတ်က ရှင်ဘုရင်ကြီးထံသွားပြီးတော့-

ပုတ္တော တေ ဒေဝ ဇာတော။

သမုတိနတ် အရှင်မင်းမြတ်၊ အရှင်မင်းမြတ်ရဲ့သားတော် မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါပြီဘုရား-လို့ လျှောက်ထားတဲ့အခါ ဗြဟ္မဒတ်မင်းကြီးက ဘာပြောသလဲဆိုတော့-

ပုဉ္ဇာဿမေ့ မဟန္တေန ပရိဝါရေန မင်္ဂလံ ကတ္တာ ဇမ္မုကောတိဿ နာမံ ကရောဟိ။

မေ၊ ငါ၏။ ပုတ္တာဿ၊ သားတော်အား။ မဟန္တေန၊ ကြီးစွာသော။ ပရိဝါရေန၊ အခြံအရံဖြင့်။ မင်္ဂလံ ကတ္တာ၊ မင်္ဂလာမှုပြုပြီး သကာလ။ (ကင်ပွန်းတပ်တဲ့ မင်္ဂလာတို့ ဘာကို တာ၀ေတဲ့ ကြီးစွာသော အဆောင်အယောင် အခမ်းအနားနဲ့ ကင်ပွန်းတပ်တဲ့ မင်္ဂလာမှုပြု၊ အမည်မှည့်တဲ့ မင်္ဂလာမှုပြုပြီးတော့) အာဿ၊ ထို ငါသားဟော်၏။ နာမံ၊ အမည်ကို။ ဇမ္မုကောတိ၊ ဇမ္မုက ဟူ၍။ ကရောဟိ၊ မှည့်ခေါ်ထလော့။

ကြက်တူရွေးကျတော့ ပိုပြီးတော့ "ငါ့သားတော်ကို မင်း ကောင်း ကောင်း မွေးကျွေးသုတ်သင်ပါကွာ" အဲဒီလို ကောင်းကောင်း မွေး ကျွေး သုတ်သင်ပြီး သကာလ ကြီးစွာသော အဆောင်အယောင်

အခမ်းအနားဖြင့် အမည်မှည့်တဲ့ နာမကရဏမင်္ဂလာပဲ့ ပြုလုပ်ပြီးတော့ "ဇမ္ဗုက" လို့ နာမည်မှည့်တယ်။ ဇမ္ဗုကမည်ပါတယ်။

မှန်တယ်၊ ကြက်တူရွေးမှာ ဇမ္ဗုသပြေသီးနှုလို နီမြန်းဖသာ နှုတ်သီးရှိလို့ ရှင်ဘုရင်က သပြေသီးနှုလို နီတွေးဖသာ နှုတ်သီးရှိတဲ့ အတွက် "ဇမ္ဗုက" လို့ အဲဒီလို နာမည်မှည့်ခိုင်းတယ်။

ငှက်သုံးကောင်ကို ဆိုကြပါစို့၊ အမတ်သုံးယောက် အသီးအသီး ချစ်လှန်းသောဘုရင် ဇလဆန္ဒရာ=ခင်ပုတ်ငှက်၊ ကုဏ္ဍလိနီ=သာလိကာမ၊ ဇမ္ဗုက= ကြေးသား၊ အဲဒီ ငှက်သုံးကောင်ကို မင်းဉီးမင်းသား မင်းသမီးတို့ရဲ့ အဆောင်အယောင်နဲ့ ခမ်းခမ်းနားနားကို မွေးရတယ်။ တကတဲ မွေးလို့ ဒီးတောင်အလက် စုံလာတဲ့အခါ ရှင်ဘုရင်ကြီးဆီ အသီးအသီးယူလာတယ်။ ရှင်ဘုရင်ကြီးက တကတဲ –

ဖမ ပုဒတ္တာ= ငါ့ရဲ့သားတော်။

မမ ဓီဘာ=ငါ့ရဲ့ သမီးတော်။

အဲဒီလိုရှုတ်ပြီး မူးရူးလိုက်တာ-တဲ့၊ ပြုံလဲပြုံစု၊ တကဲ့သားသမီးလို့။ မူးရူး ကျိစယ်သလိုပဲတဲ့။ အဲဒါကို မူးမတ်တွေက မြင်တော့ အချင်းချင်း ပြောကြတယ်။

ပသထ ဘော ရညော ကိရိယံ။[၁]

ဘော၊ အို ... အချင်းတို့။ ပသာထ၊ ရှုကြပါလော့။ အမှာကံ၊ ငါတို့၏။ ရညော၊ မင်းကြီး၏။ ကိရိယံ၊ ပြုမူပုံကို။ ပသာထ၊ ရှုကြကုန်လော့။

၁။ ဇာ။၆။၅၁၁-၆။

အမတ်မင်းတို့၊ ကျေးပ်တို့မင်းကြီး၌ အပြုအမူများကို ကြည့်ကြစမ်း။

တိရစ္ဆာန်ဂတိပဲ 'ပုတ္တော မေ, ဓိတာမေ'တိ ဝဒန္တော ဝိစရတိ။

တိရစ္ဆာန်ဂတေပိ၊ တိရစ္ဆာန်တို့ကိုပင်။ ပုတ္တော မေ ဓိတာ မေတိ ငါ့သမီး ငါ့သားဟူ၍။ ဝဒန္တော၊ ပြောဆိုလျက်။ ဝိစရတိ၊ လှည့်လည် ကျက်စားဘိ၏။

တကယ်သားတော် သမီးတော် အစစ်မရှိခဲ့တဲ့ တိရစ္ဆာန်တွေကိုပဲ ငါ့ရဲ့သား ငါ့ရဲ့သမီးနဲ့ ပါးစပ်က တတွတ်တွတ်ပြောပြီးတဲ့ လှည့်လည်ကျက်စား သွားလာနေကြတယ်။ ပြက်ရယ်ကြ၊ ပြောင်လောင်ကြတယ်။ ရှင်ဘုရင်က ဒီအသံကြားတဲ့-

"ကဲမေ အမစ္စော ဧတေသ မမ ပုတ္တာနံ ပညာသမ္ပဒ နံ ဇာနန္တိ။ (ဇာ၊၄၊၅၁၁၁၁၆)

ကဲမေ အမစ္စာ၊ ဤ အမတ်တို့သည်။ ဧတေသံ မမ ပုတ္တာနံ၊ ငါ့သားတော် သမီးတော်တို့၏။ ပညာသမ္ပဒံ၊ ပညာနဲ့ပြည့်စုံခြင်းကို။ နဇာနန္တိ၊ တစိုးတစိ မသိကြကုန်။

ဒီအမတ်ကွေ့ ငါရဲ့သားတော် သမီးတော်တို့ရဲ့ ပညာနဲ့ပြည့်စုံပုံကို၊ သူတို့မသိဘူး။

ပါကဋံ နေသံ ကရိဿာမိ။

နေသံ၊ ထိုအမတ်တို့အား။ မမ ပုတ္တာနံ၊ ငါ့သားတော် သမီးတော်တို့၏။ ပညာသမ္ပဒံ၊ ပညာနဲ့ ပြည့်စုံပုံကို။ ပါကဋံ၊ ထင်ရှားအောင်။ ကရိဿာမိ၊ ပြုပေအံ့။

ခင်ပုတ်ဌက်၏ ပညာအရည်အချင်း။ ။စဉ်းစားဘယ်၊ ဒီအမတ်တွေ ငါ့သားတော် သမီးတော် မင်းသုံးဖော်တို့ရဲ့ ပညာနဲ့ပြည့်စုံပုံ၊ အရည်အချင်းပြည့်စုံပုံကို ဒင်းတို့ မသိကြဘူး။ အေး– ငါ့သားတော် သမီးတော်တို့ရဲ့ ပညာအရည် အချင်းနဲ့ ပြည့်စုံပုံကို ဒီအမတ်တို့အား ငါထင်ရှားစွာ ပြုပေးမယ်လို့ အဲဒီလို စဉ်းစားဆင်ခြင်ပြီးတော့ ရှင်ဘုရင်က ပထမ ဝေဿန္တရာ ခင်ပုတ်ဌက်နေတဲ့အိမ်ကို ဝေဿန္တရာခင်ပုတ်ဌက်မင်းထံကို တမန်တော် လွှတ်ပြောတယ်။ ဘယ်လိုပြောသလဲ——

ကုမ္ဘာကံ ပိတာ ပဋ္ဌံ ပုစ္ဆိတုကာမော။

တုမ္ဘာကံ၊ အရှင့်သားတို့၏။ ပိတာ၊ ခမည်းတော်ဘုရားက။ ပဋ္ဌံ၊ အမေးပုစ္ဆာပြဿနာကို။ ပုစ္ဆိတုကာမော၊ မေးခြင်းငှာ အလိုရှိပါသည် ဘုရား။

ကဒါ ကိရ အာဂန္ဆေ ပုစ္ဆတု။

ကဒါ၊ အဘယ်အခါ၌။ အာဂန္ဆေ၊ လာရောက်၍။ ပုစ္ဆတု ကိရ၊ မေးရမတဲ့လဲဘုရား။

မင်းချင်းကို ဒီအဝိုင်းစေလွှတ်တယ်။ "မင်း သွားလျှောက်ချေ။ ငါ့သားတော် ဝေဿန္တရာဆီ၊ "အရှင့်သား"တော် အရှင်မင်းသား အရှင်မင်းသားတို့ရဲ့ ခမည်းတော်ဘုရားက အမေးပုစ္ဆာပြဿနာမေး ချင်လို့ပါ။ ဘယ်နှစ်ယဉ်ရက်မှာ လာပြီးတော့ မေးရမတဲ့လဲ"လို့ သွား လျှောက်။

အေး–မင်းမှူထမ်းက ဒီအတိုင်းသွားပြီးတော့ ဝေဿန္တရာဌက်ထံ ကို မင်းသားအား အပိုအဆောင်းပြီးလျှောက်သလို ဒီအတိုင်းလျှောက် ရတယ်။

"အရှင့်သား၊ အရှင့်ခမည်းတော်ဘုရားက ပြဿနာမေးရှင်လို့ ဘယ်ရက်မှာလာပြီး မေးရမတဲ့လဲ" လို့ဆိုတော့ ဝေဿန္တရာခင်ပုတ်ဌက်မင်းက အထိန်းတော်အမတ်ကိုခေါ်—

မယ့် ကိရ ပိတာ မံ ပဋ္ဌံ ပုစ္ဆိတုကာမော။

မယ့်၊ ငါ၏။ ပိတာ၊ ခမည်းတော်ဘုရားက။ မံ၊ ငါ့ကို။ ပဋ္ဌံ၊ အမေးပုစ္ဆာ ပြဿနာကို။ ပုစ္ဆိတုကာမော ကိရ၊ မေးခြင်းငှာ အလို့ရှိသတဲ့။

အထိန်းတော်အမတ်ကြီး-ခမည်းတော်ဘုရားက ကျွန်ုပ်ကို ပြဿနာမေးခိုင်လို့တဲ့။

တဿ ဣဓာဂတဘာဿ သက္ကာရံ ကာတုံ ဝဋ္ဋတိ။

ဣဓ၊ ဤကျွန်ုပ်တို့အိမ်သို့။ အာဂတဘာဿ၊ ကြွရောက်လာသော။ တဿ၊ ထိုခမည်းတော်အား။ သက္ကာရံ၊ ပူဇော်သက္ကာရကို။ ကာတုံ၊ ပြုလုပ်ခြင်းငှာ။ ဝဋ္ဋတိ၊ သင့်ပေ၏။

ခမည်းတော်ကြီး သားတော်အိမ်ဆိုပြီးတော့ လာတဲ့အခါ ဒီကဝတ်ကြီးဝတ်ငယ် ပြုရလိမ့်မယ်၊ မပြုလို့မဖြစ်ဘူး။

ကဒါ အာဂစ္ဆတု။

ကဒါ၊ အဘယ်အခါ၌။ အာဂစ္ဆတု၊ လာစေချင်သလဲ။ "အမတ်မင်း ဘယ်ရက်လာရမတဲ့လဲ" လို့ မေးတဲ့အခါ အထိန်းတော်အမတ်က စဉ်းစားပြီး ၇-ရက် ဝေယျာဝစ္စပြင်ဆင်လို့ရှိယင် ပြီးနိုင်ပါတယ်။

ဣဒါနာ သတ္တမေ ဒိဝသေ တဝ ပိတာ အာဂစ္ဆတု။

ဣဒါနော၊ ဤရက်မှာ။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သောနေ့၌။ တဝ၊ အရှင့်သား၏။ ပိတာ၊ ခမည်းတော်ဘုရားသည်။ အာဂစ္ဆတု၊ လာတော်မူပါစေ။

ဒီကနောက် ၇-ရက်မြောက်၌ အရှင်သားတို့ရဲ့ ခမည်းတော် လာတော်မူပါစေ-လို့ အဲဒီလိုအမတ်က ပြန်ကြားလျှောက်ထားတဲ့ အခါမှာ ဝေဿန္တရာခင်ပုတ်ဌက်က မင်းချင်းယောကျ်ားကို-

ပိတာ မေ ဣတော သတ္တမေ ဒိဝသေ အာဂစ္ဆတု။

မေ၊ ငါ၏။ ပိတာ၊ ခမည်းတော်ဘုရားသည်။ ဣတော၊ ယနေ့မှ။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သောနေ့၌။ အာဂစ္ဆတု၊ ကြွလာတော်မူပါလေ၃။

ဒီအတိုင်း လျှောက်ထားလိုက်တော့ ခမည်းတော်ဘုရားကို အဲဒီ မင်းချင်းယောကျ်ားက ဒီအတိုင်းလျှောက်ထားတယ်။

"အရှင့်သားတော် ပြန်ကြားလိုက်ပါတယ်၊ အကျွန်ုပ်ရဲ့ ခမည်း တော်သည် ယနေ့မှ နောက်ခုနစ်ရက်မြောက်သောနေ့၌ ကြွလာတော် မူပါတဲ့ ဘုရား" လို့ဆိုတော့၊ အေး-အထိန်းတောဲ အမတ်ကလဲပဲ ဒီအတွင်းမှာ သူ့အိမ်မှာညှော်ခံစရာတွေ ပြင်ရတယ်။ မင်းလာယင် ဒန်ခြုံအရုံးတွ ပရဏသင်္ဘောနဲ့ဘာကွ ကျွေးဖို့ခမ်းဖို့ ညှော်ခံစရာပြင်ရတယ်။ ခုနစ်ရက်မြောက်တော့ လာပြီ။ ရှင်ဘုရင်လာတဲ့အခါမှာ သားတော် အိမ် ခမည်းတော်လာတဲ့ အဆောင်အယောင်မျိုး အခမ်းအနားမျိုး နဲ့ မင်းခမ်းမင်းနားကြီးစွာနဲ့ လာတဲ့မင်းနှင့် တကွသော ပရိသတ်ကို ညှော်ခံကျွေးမွေး၊ သားတော်အိမ်က ကျွေးမွေးသပေါ့။

ရှင်ဘုရင်နှင့် အဲဒီလို ရှင်ဘုရင်သည်
သားတော်ခင်ပုတ်ဌက်တို့ အမေးအဖြေ သားတော် ဝေဿန္တရာရဲ့
အိမ်မှာ စားသောက်ပြီး
တော့ ရွှေရန်းတော်ပြန်၊ နန်းတော်မြေကွက်လပ်မှာ မဏ္ဍပ်ကြီးထိုး၊

တိုင်းသားပြည်သူတွေကို စည်လှည့်စေ၍ ဒီမတ္တာပ်ကြီးထဲမှာ အားလုံးဖိတ်၊ တမြို့လုံးကလူတွေ ဒီလာရတယ်။ အားလုံး ပရိသတ်စုံနေပြီဆိုတော့မှ ရှင်ဘုရင်က အလယ်ခေါင် ရောပလွင်နဲ့ထိုင်ပြီးတော့-

ဝေဿန္တရ အာနေတု။

ဝေဿန္တရံ၊ ငါရဲ့သားတော် ဝေဿန္တရာကို။ အာနေတု၊ ခေါ်ဆောင်ခဲ့လော့။

"အထိန်းတော်အမတ်၊ ငါရဲ့သားတော် ဝေဿန္တရာကို ခေါ်ခဲ့ဆောင်ခဲ့"

အဲဒီလို အမိန့်ပေးလိုက်တယ်ဆိုယင်ပဲ အထိန်းတော်အမတ်က ရွှေအင်းပျဉ်၊အင်းပျဉ်ဆိုတာ လေးထောင့်ဆိုပါစို့ ရဲ့ ကုလားထိုင်လေးလို ခုံလေးပေါ့၊ လေးထောင့်ခုံလေး၊ အဲဒီလေးထောင့်ခုံလေးပေါ်မှာ ဝေဿန္တရာ ခင်ပုတ်ဌက်ကလေးတင်ပြီးတော့ လာရ၊ ရွှေအင်းပျဉ်လေး ရွှေခုံလေးပေါ့။ အဲဒါနဲ့ လာပြီးတော့ ဒီအနားမှာ ရှင်ဘုရင်ရဲ့ အနီးအပါးမှာ ချလိုက်ဟယ်ဆိုယင်ပဲ ဝေဿန္တရာခင်ပုတ်ဌက်က ဒီရွှေအင်းပျဉ်ပေါ်က နေပြီးတော့ ခမည်းတော်ရဲ့ ရင်ခွင် တခါတည်း သွားနေတယ်။

အား .... ရှင်ဘုရင်ကြီးက "ငါ့သားတော် နေကောင်းသလား၊ ဘာလား" ခေါင်းသပ် ဘာသပ် တကတဲ့ ပွေ့ပွေ့ယုယု ကျစယ်ပြုစုလိုက်ပြီ၊ သားတော်ကို ပြုစုမွေ့ယု ကျစယ်ချင်သလို ကျစယ်လို့ ဝပြီဆိုတော့မှ ဝေဿန္တရာက သူရဲ့ ရွှေအင်းပျဉ်ကလေး ပေါ်မှာ ပြန်နား၊ အား-တိုင်းသူပြည်သားတွေက တအုံတသြကြည့်။ အားလုံး ပရိသတ်ငြိမ်တော့မှ ပြဟ္မဒတ်မင်းကြီးက စ,မေးပြီ။

ဝေဿန္တရံ တံ ပုစ္ဆာမိ၊ သကုဏ ဘဒ္ဒမတ္ထု တေ။
ရဇ္ဇံ ကာရေတုကာမေန၊ ကိံသု ကိစ္စံ ကတံ ဝရံ။

ရှင်ဘုရင်ကြီး မေးတဲ့ဂါထာ။

သကုဏ၊သကုဏာဘော် အို....သားဗဟော်မြတ်။ ဝေဿန္တရံ၊ ဝေဿန္တရာအမည်ရှိသော။ တံ၊ သင်ချစ်သားကို။ ပုစ္ဆာမိ၊ သိလိုရေးနဲ့ ခမည်းတော်မေးပါ၏။ တေ၊ သင်ချစ်သားအား။ ဘဒ္ဒံ၊ ကောင်းခြင်းမင်္ဂလာသည်။အတ္ထု၊ ဖြစ်ပါစေသာတည်း။

ချစ်သား ဝေဿန္တရာ၊ ချစ်သားကို သိလိုရေးနဲ့ပြဿနာမေးပါ၏။ ချစ်သားရဲ့အတွက် ကောင်းခြင်းမင်္ဂလာဖြစ်ပါစေ။

ရဇ္ဇံ ကာရေတုကာမေန၊ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်သည်။ ကိံသု ကိစ္စံ၊ အဘယ်ကိစ္စမျိုးကို။ ကတံ၊ ပြုအပ်သည် ရှိသော်။ ဝရံ၊ ချီးမွမ်းအပ် မြတ်ပါသနည်း။

သားတော်၊ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ပုဂ္ဂိုလ်သည် ဘယ်လို အလုပ်ကိုလုပ်ယင် ချီးမွမ်းအပ် ကောင်းမြတ်သလဲလို့ မေးလိုက်တယ်။ ဝေဿန္တရာခင်ပုတ်ဌက်မင်းက ဘာပြန်ပြောသလဲ–

စိရဿံ ဝတ မံ တာတော၊ ကံသော ဗာဆဏသိဂ္ဂဟော။
ပမတ္တော အပမတ္တံ မံ၊ ပိတာ ပုတ္တံ အစောဒယိ။[1]

ဧဆာဇန္တော၊ တိုင်းသားပြည်သူ ဒို့...ဗိုလ်လူဒေါပေါင်းတို့။ တာတော၊ ကျွန်ုပ်ကို စောင့်ရှောက်မွေ့မြူတော်မူပါပေသော။ တာတော၊ ကျွန်ုပ်ကို စောင့်ရှောက်မွေးမြူ ကျေးဇူးယူဖြစ်တော်မူပါပေသော။ ကံသော၊ ကံသအမျိုးအနွယ် ဖြစ်ပေသော။ ဗာဆဏသိဂ္ဂဟော၊

၁။ ဇာ၂။၂။ ဇာဠ၁။၅။၁၁၆။

ဗာရာဏသီပြည်ကို သိမ်းပိုက်တော်မူသော။ ပမတ္တော၊ မေ့လျော့တော်မူသော။ ပီတာ၊ ခမည်းတော်ကြီးသည်။ စိရဿံ၊ အခါနှင်ကြာမြင့်မှ။ အပ္ပမတ္တံ၊ မမေ့မလျော့သော။ မံ၊ အကျွန်ုပ်ကို။ အဝေဒယိ၊ သိလိုရေးနဲ့ မေးမြန်းဘိ၏။

အပြစ်တင်တဲ့ ဂါထာတဲ့။ တိုင်းသူပြည်သား လူအများတို့၊ ကံသမျှိုးနွယ် ဗာရာဏသီပြည်ကို စိုးအုပ်တဲ့ ကျွန်ုပ်ရဲ့ ခမည်းတော်ကြီးဟာတဲ့ မေ့မေ့လျော့လျော့ အခါနှင်ကြာကြာမနေပြီးမှ အခုမှ မမေ့မလျော့တဲ့ ကျွန်ုပ်ကို ပြဿနာမေးတယ်၊ ဒီပြဿနာ မေးသင့်တာ ကြာလှပြီ၊ အခုမှ မေးတယ်ပေါ့၊ အင်း....အပြစ်တင်တယ်။ အဲဒီလို အပြစ်တင်စကား ပြောကြားပြီးသကာလ–

မဟာဆုဇ ရညာ နာမ တီသု ဓမ္မေသု ဌတ္ဝာ ဓမ္မေန ရဇ္ဇ ကာရေကတ္ဗ။

မင်းကျင့်တရား ၃-ပါး မဟာရာဇာ၊ မြတ်သောမင်းကြီး။ ရညာ နာမ၊ သစ္စာ, မေတ္တာ, ဓိတိ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့သူမည်သည်။ တီသု ဓမ္မေသု၊ တရားသုံးမျိုးတို့၌။ ဌတ္ဝာ၊ တည်၍။ ဓမ္မေန၊ တရားသဖြင့်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေတဗ္ဗံ၊ ပြုသင့် ပြုထိုက်ပါ၏ဘုရား။

ခမည်းတော်ဘုရား၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ပုဂ္ဂိုလ်ဆိုတာ တရားသုံးပါးတည်၍ ရာဇဓမ္မဖြင့် တိုင်းပြည်အုပ်ချုပ်မင်းပြုလုပ်ရပါမယ်ဘုရား။

ပဌမေနေဝ ဂိတဆံ၊ ကောဓံ ဟာသံ နိဝါရယေ။
တတော ကိစ္စာနိ ကာရေယျ၊ တံ ဝတံ အာဟု ခတ္တိယံ။

၁။ ဇာ၂။ ဇာဠ၁။ ဇာဠ၁။

ခတ္တိယ၊ ရေမြေပိုင်သ အစိုးရတဲ့ ခမည်းတော်ဘုရား။ ပဌမနေ့၊ ရှေးဦးကပင်လျှင်။ ဂိတထံ၊ မုသားစကား ပြောကြားခြင်းကိုလည်း ကောင်း။ ကောဓံ၊ အမျက်ထွက်ခြင်းကိုလည်းကောင်း။ ဟာသံ၊ တဟားဟား မေ့လျော့ခြင်းကိုလည်းကောင်း။ နိဝါရယေ-နိဝါရေယျ၊ တားမြစ်ရာ၏။

ခမည်းတော်ဘုရား၊ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ပုဂ္ဂိုလ် ဆိုဘာ အစကောင်းမှ အနှောင်းသေချာတယ်။ အစကတည်းကိုက -

(၁) မုသားစကားကို ရှောင်ပါ။ သစ္စာတရား တပါး။

(၂) တိုင်းသူပြည်သားတွေအပေါ်မှာ အမျက်မထွက်ပါနဲ့၊ မေတ္တာတရား တပါး။

(၃) ရယ်လား မောလား တဟားဟားနဲ့ မေ့လျော့မနေပါနဲ့။ မေ့လျော့ပေါ့တန် အလုပ်မလုပ်ပဲ မနေပါနဲ့။ ဓိတိ=လုံ့လ ကြိုးကုတ် အားထုတ်တဲ့တရား။

သစ္စာရယ်၊ မေတ္တာရယ်၊ ဓိတိရယ် အဲဒီတရားသုံးပါးဟာ တည်ရယ်။ ဒါ မင်းတို့တည်ရမဲ့ တရားသုံးပါးတဲ့၊ ဘယ်လောက် ခမ်းနားသလဲ။

တတော၊ ထိုသို့ သစ္စာ မေတ္တာ ဓိတိ တရားသုံးပါးဌာ တည်ပြီးသည်မှ နောက်ကာလဌာ။ ကိစ္စာနိ၊ မင်းတို့ပြုရန် ကိစ္စအဝဝတို့ကို။ ကာရေယျ၊ ပြုလုပ်ရွက်ဆောင်ရာ၏။ တံ၊ ထိုသို့ပြုလုပ်ခြင်းကို။ ဝတံ၊ မင်းပြုကျင့်ဓမ္မသော အကျင့်ဟူ၍။ အာဟု၊ ရှေးသူတော်ကောင်းများ မိန့်ကြားတော်မူကုန်၏။

သစ္စာရယ်၊ မေတ္တာရယ် ဓိတိရယ် ဒီ တရားသုံးပါးကို တည်ပြီးတဲ့ နောက်မှ မင်းဆိုဟာ မိမိလုပ်ဆောင်ဖွယ် ကိစ္စကို လုပ်ဆောင်ရတယ်။ အဲဒါဟာ မင်းတို့ကျင့်ရမဲ့ အချုပ်တရားတဲ့။

ယံ တုံ တာတ တပေါ်ကမ္ပံ၊ ပုဒ္ဓဗ္ဗ ကတမသံသယံ။
ရတ္တော ဒုဋ္ဌော စ ယံ ကယိရာ၊ နု တံ ကယိရ တတော ပုန။

တာတ၊ ခမည်းတော်ဘုရား။ တုံ၊ အသင်ခမည်းတော်ဘုရားသည်။ ရတ္တော၊ တပ်နှစ်သက်သည်ဖြစ်၍။ အသံသယံ၊ ယုံမှားမဲ့။ ပုဗ္ဗေကတံ၊ ရှေးကပြုအပ်ဖူးသော။ ယံ တပေါကမ္ပံ၊ အကြင်စိတ်နှလုံး ပူပန်စေတတ်တဲ့ အမှုကို။ ကယိရာ၊ ပြုခဲ့လေရာ၏။ ဒုဋ္ဌော၊ ဒေါသထွက်သည်ဖြစ်၍။ ယံ တပေါ ကမ္မံ၊ အကြင် စိတ်နှလုံး ပူပန်စေတတ်တဲ့ မကောင်းမှုကို။ ကယိရာ၊ ပြုခဲ့လေရာ၏။ တံ၊ ထိုစိတ်နှလုံး ပူပန်စေတတ်တဲ့ မကောင်းမှုကို။ ပုန၊ တဖန်။ နု ကယိရာ၊ မပြုရာ။

ကျင့်သုံးဖို့တရားကို ရာဇမမ္မ=မင်းတို့လိုက်နာ ကျင့်သုံးဖို့ တရားကို ပြောတယ်။

ခမည်းတော်မင်းကြီး၊ ခမည်းတော်မင်းကြီးဟာ....တဲ့ ရှေးအခါန် တုန်းက ကေန္တပါပဲ။ လောဘအလိုလိုက်ပြီးတော့ စိတ်နှလုံးပူပန်စေတတ်တဲ့ မကောင်းမှုကိုလဲ ပြုခဲ့လိမ့်မယ်။ ဒေါသအလိုကိုလိုက်ပြီးတော့ စိတ်နှလုံးပူပန်စေတတ်တဲ့ မကောင်းမှု တပေါကမ္မကိုလဲ ပြုခဲ့ပါလိမ့်မယ်။

အဲဒီ လောဘအလို ဒေါသအလို လိုက်ပြီးတော့ ရှေးကပြုမှားခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံမျိုးကို နောက်တဖန်မပြုမိအောင် သတိပြုပါ။ ဟောဒါ သြဝါဒ တခု။

ခတ္တိယဿ ပမတ္တဿ၊ ရဋ္ဌသ္မိံ ရဋ္ဌဝဇ္ဇုန၁။
သဗ္ဗေ ဘောဂါ ဝိနဿန္တိ၊ ရညော တံ ဝုစ္စတေ အာဃံ။

ရဋ္ဌဝဇ္ဇုန၊ ပြည်စီးပွားကို တိုးပွားစေတတ်သော။ တာတ၊ ခမည်း တော်ဘုရား။ ပမတ္တဿ၊ မေ့လျော့သော။ ခတ္တိယဿ၊ ရေမြေသနင်း ပြည့်ရှင်မင်း၏။ ရဋ္ဌသ္မိံ၊ တိုင်းနိုင်ငံ၌။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘောဂါ၊ စည်းစိမ်ဥစ္စာတို့သည်။ ဝိနဿန္တိ၊ ပျက်စီးတတ်ပါကုန်သည် ဘုရား။

ခမည်းတော်ဘုရား ခုနင်ကပြောတာက လောဘအလိုလိုက်ပြီး နောက်ထပ် မကောင်းမှုများ မပြုပါနဲ့။ ဒေါသအလို လိုက်ပြီးတော့ ရွေးက ပြုဘူးတဲ့ မကောင်းမှုတွေ ရှိလိမ့်မယ်၊ နောက်ထပ် အဲဒီ မကောင်းမှုမျိုး မပြုပါနဲ့။ အခု ရယ်လား ဓမ္မာလား တဟားဟားနဲ့ ပေါ့ပေါ့တန်တန် မနေနဲ့ဆိုတဲ့ တတိယတရားအတွက် ပြောချင်လို-

တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်သည် အာရုံငါးပါး လိုက်စားမှုးယစ်နေယင် အဲဒီ ပြည့်စီးပွားတွေ ပျက်စီးတတ်ပါသည် ဘုရား။

တံ၊ ထိုအမှုကို။ ရညော၊ မင်း၏။ အာဃံ၊ အပြစ်ဟူ၍။ ဝါ၊ ဆင်းရဲဒုက္ခဟူ၍။ ဝုစ္စတေ၊ ခေါ်ဆိုအပ်ပါသည်ဘုရား။

အသရေရှိ နတ်သမီးနှင့် တိုင်းပြည်ဆင်းရဲယင် မင်းရဲ့အပြစ်၊ အသရေမဲ့ နတ်သမီးတို့၏အဖြေ အာရုံငါးပါး လိုက်စားမွေ့လျော်နေယင် အားလုံး စည်းစိမ်ဥစ္စာတွေ စီးပွားရေးတွေ အကုန်လုံး ပျက်စီးကုန်တယ်၊ အဲဒါ မင်းရဲ့အပြစ်။

သိရီ တာတ အလက္ခီ စ၊ ပုစ္ဆိတာ တေဒဗြုဝုံ။
ဥဋ္ဌာနဝီရိယေ ပေါသေ၊ ရမာဟံ အနုသူယကော်။

တာတ၊ ခမည်းတော်ဘုရား။ သိရီ စ၊ သိရိနတ်သမီးသည် လည်းကောင်း။ အလက္ခီ စ၊ ကာဠကဏ္ဏီနတ်သမီးသည်လည်းကောင်း။ ပုစ္ဆိတာ၊ သုစိပရိဝါရသဌေး မေးအပ်ကုန်သည်ဖြစ်၍။ တေံ၊ ဤစကားကို။ အဗြဝုံ၊ ဖြေဆိုအပ်ကုန်ပြီ။

ခမည်းတော်ကြီးဘုရား သိရိနတ်သမီးနဲ့ ကာဠကဏ္ဏီနတ်သမီးနှစ်ဦးတို့ သုစိပရိဝါရသဌေးထံ လာရောက်တဲ့အခါ သုစိပရိဝါရသဌေးမေးလို့ အသိမ်းသိမ်းပြောကြား လျှောက်ထားကြတယ်။

ဘယ်လိုလဲ–

အဟ်၊ အက္ခုန်ပ် သိရိနတ်သမီးသည်။ ဥဋ္ဌာနဝီရိယေ၊ ထက်ကြလုံ့လဝီရိယရှိသော။ အနုသူယကော၊ သူတပါးတို့ကို မနာလိုစိတ် ဘိတ်မရှိသော။ ပေါသေ၊ အမျိုးကောင်းသား မင်းယောကျ်ား၌။ အဟ်၊ အက္ခုန်ပ် သိရိနတ်သမီးသည်။ ရမေ ရမာမိ၊ မွေ့လျော် နှစ်ခြိုက်ပျော်ပိုက်ပါ၏။

သိရိနတ်သမီး ပြောတဲ့ဟာ ခမည်းတော်ဘုရား ဘယ်နှယ်လဲ၊ သုစိပရိဝါရ သဌေးက "အသင် သိရိနတ်သမီး ဘယ်လိုပုဂ္ဂိုလ်ကို သင်ဆည်းကပ်လို့ ဘယ်လိုပုဂ္ဂိုလ်ကို သင့်စိတ်ထဲမှာ မွေ့လျော်ပျော်ပိုက်သလဲ" မေးတဲ့အခါ သိရိနတ်သမီးက–

"သဌေးမင်း၊ ကျွန်ုပ်သိရိနတ်သမီးသည် ထက်ကြလုံ့လဝီရိလရှိရမယ်၊ အမျိုးကောင်းသား မင်းယောကျ်ား သူတပါးကို မနာလို

၁။ ဇာ၊ဋ္ဌ၊၅။၁၁၇။

စိတ် ဘိတ်မရှိရဘူး။ အဲဒီ အင်္ဂါ ၂-ချက် ပြည့်နှက်တဲ့ အမျိုးကောင်းသား မင်းယောကျ်ားဌ် ကျန့်ပ်ရဲစိတ်သည် အမြဲ မေမ့. လျော် နှစ်ချိုက် ပျော်ပိုက်ပါတယ်'' အဲဒီလို သိရိနတ်သမီးက ပြောပါသည်ဘုရား။

ကာဠကဏ္ဏီ=ကျက်သရေမဲ့ နတ်သမီးပြောတာလဲ နားမထောင်ပါဦး။

ဥသူယကေ ဒုဟဒယေ၊ ပုရိသေ ကမ္မဒုဿကေ။
ကာဠကဏ္ဏီ မဟာရာဇ၊ ရမတိ စက္ကဘဉ္ဇနီ။

မဟာရာဇ၊ ခမည်းတော် မင်းတရား။ စက္ကဘဉ္ဇနီ၊ သတ္တဝါတို့ရဲ့ သမ္ပတ္တိစက်ကို ဖျက်ဆီးလေ့ရှိသော။ ကာဠကဏ္ဏီ၊ ဘုန်းကျက်သရေမဲ့တဲ့ ကာဠကဏ္ဏီ နတ်သမီးသည်။ ဥသူယကေ၊ သူတပါးကို မနာလို တတ်သော။ ဒုဟဒယေ၊ မကောင်းသော စိတ်နှလုံးရှိသော။ ကမ္မ-ဒုဿကေ၊ အပြစ်ရှိတဲ့ ကယက်၊ အပြစ်ရှိတဲ့ ဝစီက်၊ အပြစ်ရှိတဲ့ မနောက်ကိုသာ ပြုလေ့ရှိသော။ ပုရိသေ၊ လူယုတ် ယောကျ်ားဌ်။ ရမတိ၊ မေ့. လျော် နှစ်ခြိုက် ပျော်ပိုက်ပါသတဲ့ ဘုရား။

ခမည်းတော်ကြီး၊ စဉ်းစားကြည့်စမ်း။ သိရိဆိုတဲ့ ဘုန်းကျက်သရေ နတ်သမီးက ထက္ကလုံ့လ ဝီရိယရှိ၍ သူတဖက်သား**ကို** မနာလိုစိတ် ဘိတ်မရှိသော အမျိုးကောင်းသား မင်းယောကျ်ားဌ် သူ မေ့. လျော် နှစ်ခြိုက် ပျော်ပိုက်ဝ-ယ်။ ပုဂ္ဂိုလ်နဲ့ ကိုင်ပြောနေတယ်နော်။ သူတဖက်သားအပေါ် မနာလိုစိတ် ဘိတ်မရှိသော ပုဂ္ဂိုလ်ဌ် သိရိဆိုတဲ့ ဘုန်းကျက်သရေ နားတယ်။

အခုလာတဲ့ ကာဠကဏ္ဏီနတ်သမီး ပြောတဲ့စကားအတိုင်း ပြောကြဦးစို့၊ ကာဠကဏ္ဏီနတ်သမီးက ဘယ်နှယ် ပြောသတုံး-

"အရှင်သဋ္ဌေးမင်း၊ အကျွန်ုပ်ကဒဟာ့ သူဘပါးကို မနာလို စိတ်နှလုံး မကောင်းတဲ့ အပြစ်ရှိတဲ့ ကာယကံ ဝစီကံ မနောကံတို့ကိုပြုတဲ့ အဲဒီလို လူယုတ်ကိုမှ ကျွန်တော်မ,က မွေ့လျော် နှစ်ခြိုက် ပျော်ပိုက်တာ"–လို့ အဲဒီလို ပြောတယ် ခမည်းတော်ကြီး။

ခမ္မာဓိဋ္ဌာန်ပြောလို့ရှိယင် သူတဘက်သားကို မနာလို စိတ်နှလုံးလဲ မကောင်း၊ အပြစ်ရှိတဲ့ ကာယကံ ဝစီကံ မနောကံမှုကိုသာ ပြုလုပ်တဲ့ ပုဂ္ဂိုလ်ကိုမှ သူနှစ်သက်တယ်။ (အလက္ခီဆိုတဲ့ ဘုန်းကျက်သရေမဲ့) ကာဠကဏ္ဏီ=ကျက်သရေမဲ့တဲ့ တရုးတွေ စုပုံနေတယ်။ အဲဒါ ဘယ်နောက်လို့က်မလဲ၊ သိရှိရဲ့လမ်း လို့က်မလား၊ ခမည်းတော်ကြီး။ သိရှိနတ်သမီးရဲ့ ကိန်းပျော်ရာ ဖြစ်မလား၊ ကာဠကဏ္ဏီ နတ်သမီးရဲ့ ကိန်းပျော်ရာ ဖြစ်မလား။ သားတော် ပြောချင်တာကဖြင့်—

သော တုံ သဗ္ဗေ သုဟဒယော၊ သဗ္ဗေသံ ရက္ခိတော ဘဝ။
အလက္ခိံ နု ဒ မဟာရာဇ၊ လက္ခ၂ ဘဝ နိဝေသနံ။

တာတ၊ ခမည်းတော်ဘုရား။ သော တုံ၊ ထိုအသင်ခမည်းတော်သည်။ သဗ္ဗေ၊ အလုံးစုံသော တိုင်းသားပြည်သူ ဗိုလ်လူတို့ကို။ သုဟဒယော၊ ကောင်းသော စိတ်နှလုံး ရှိသူဖြစ်၍။ သဗ္ဗေသံ၊ အလုံးစုံသော တိုင်းသားပြည်သူ ဗိုလ်လူတို့က။ ရက္ခိတော၊ ဘေးမရောက်အောင် စောင့်ရှောက်အပ်တဲ့ ပြည်ရဲ့ မိဘသည်။ ဘဝ-ဘဝါဟိ၊ ဖြစ်တော်မူပါ ဘုရား၊ (ဝါ) ဖြစ်တော်မူစေချင်ပါ၏။

သားတော်အကြိုက် ပြောရလို့ရှိယင် ခမည်းတော်ဘုရားသည် အားလုံးသော တိုင်းသားပြည်သူရဲ့အပေါ်မှာ စိတ်နှလုံးကောင်း ထားတော်မူပါ။ ခမည်းတော်က စိတ်နှလုံးကောင်း ထားလို့ရှိယင် တိုင်းသူ

ပြည်သားတွေက ခမည်းတော်အတွက် အသက်ပေးပြီးတော့ စောင့်ရှောက်ကြပါလိမ့်မယ်။ အဲဒီလို စောင့်ရှောက်အပ်တဲ့ ပြည်သူ.မိဘဖြစ်တော်မူပါ။

မဟာဇာတ်၊ မြတ်သော ခမည်းတော်မင်းကြီး။ အလက္ခိ ၊ ဘုန်းကျက်သရေမဲ့တဲ့ အလက္ခိကာဠကဏ္ဍကို နတ်သမီးကို။ နဒ၊ ပယ်ရှားပါ ၆လော့။ လက္ခ၂၁၊ လက္ခိ ဖခါတဲ့ အသရေနတ်သမီးရဲ့။ နိဝေသနံ၊ တည်ရာ နေအိမ်သည်။ ဘဝ-ဘဝါဟိ၊ ဖြစ်တော်မူပါဘုရား။

လုံ့လဝိရိယ ရှိရမည်။ ။ကာဠကဏ္ဏိ= ဘုန်းကံမဲ့ဆိုတဲ့ ဘုန်းမဲ့ကံမဲ့ အကုသိုလ်တရားရဲ့ တည်ရာမဖြစ်ပါနဲ့။ သီရိလက္ခိဆိုတဲ့ အသရေရဲ့ တည်ရာဖြစ်တော်မူပါ။ ထကြွလုံ့လ ဝိရိယ ရှိတော်မူပါ။ တိုင်းသူပြည်သား လူအများရဲ့ မိဘဖြစ်တော်မူပါ။

သ လက္ခိ မိတိသမ္ပန္နော၊ ပုရိသော ဟိ မဟဂ္ဂတော။
အမိတ္တာနံ ကာသိပတိ၊ မူလံ အဂ္ဂဠ ဆိန္နတိ။

သီရိနတ်သမီးရဲ့ ရှင်ပျော်ရာ ဖြစ်တော်မူပါ-လို့ ပြောရတာ အကြောင်းရှိတယ်။

ကာသိပတိ၊ ကာသိတိုင်းရှင် ဖြစ်တော်မူသော ခမည်းတော် ဘုရား။ လက္ခိ၊ သီရိနတ်သမီးရဲ့ ကိန်းပျော်ရာဖြစ်သော။ မိတိသမ္ပန္နော၊ တည်ကြည်ခြင်း လုံ့လရှိခြင်းဆိုတဲ့ မိတိတရားနဲ့ ပြည့်စုံသော။ မဟဂ္ဂတော၊ မြတ်သော မင်းအဖြစ်သို့ ရောက်သော။ သော ပုရိသော၊ ထိုအမျိုးကောင်းသား မင်းယောကျ်ားသည်။ အမိတ္တာနံ၊ ရန်သူတို့၏။ မူလဠ္ဍ၊ အရင်းကိုလည်းကောင်း။ အဂ္ဂဠ္ဍ၊ အဖျားကိုလည်းကောင်း။ ဆိန္နတိ၊ ဖြတ်သည်မည်ပါသည်ဘုရား။

ခမည်းတော်ဘုရား၊ ရန်သူကို သွားသက် နေရမှာမဟုတ်ဘူး။ မိမိကိုယ်တိုင်က ထက်သွလုံ့လ ဝီရိယရှိရှိနဲ့ အလုပ်လုပ်ရမယ်။ ဒါ တစ်။ နှစ်က တိုင်းသူပြည်သားတွေရဲ့အပေါ်မှာ မနာလိုစိတ် ဘိတ်မထားပါနဲ့။ အား.. အဲဒီတရား ၂-ပါး မြဲလို့ရှိယင် ခမည်းတော်ဘုရားဟာ ကျက်သရေနဲ့ ပြည့်စုံတဲ့ ခမည်းတော်ဘုရားဖြစ်၍ ဟေးလားဟားလား တဝါးဝါးနေမှုဆိုတဲ့ ပမာဒတရား ကင်းစင်ပြီးတော့ သမာဓိရှိတဲ့ မင်းမြတ်ဖြစ်တော်မူယင် ခမည်းတော်ဘုရားဟာ ဟို... တဘက်ရန်သူတို့ရဲ့ အရင်းကိုရော အဖျားကိုရော ဖြတ်ပြီးသား နှိမ်ပြီးသား ဖြစ်ပါတယ်။ ရန်သူကို သွားပြီးတော့ နှိမ်နေမှ မဟုတ်ဘူး။ မိမိက ထက်သွလုံ့လ ဝီရိယရှိ၍ တိုင်းသားပြည်သူ ဗိုလ်လူတို့အပေါ် မနာလိုစိတ် ဘိတ်မထားယင် မိမိသည် သိရိနတ်သမီးရဲ့ ကိန်းပျော်ရာ မြတ်သောမင်းအဖြစ်ကို ရောက်တဲ့ ပုဂ္ဂိုလ်တဇယောက်ဖြစ်ပြီး ရန်သူရဲ့အရင်းရန်သူရဲ့အဖျား အကုန်လုံး ဖြတ်ပြီးသား ဖြစ်ပါသည်ဘုရား။ အဓိက က အလုပ်လုပ်နိုင်ဖို့ ထက်သွလုံ့လ ဝီရိယရှိဖို့ အရေးကြီးပါတယ်။

သက္ကောပိ ဟိ ဘူတပတိ၊ ဥဋ္ဌာနေ နပ္ပမဇ္ဇတိ။
သ ကလ္မာဏော ဓိတိံ ကတ္ဝာ၊ ဥဋ္ဌာနေ ကုရုတေ မနော။

တာတ၊ ခမည်းတော်ဘုရား။ ဘူတပတိ၊ နတ်တို့ရဲ့အရှင်ဖြစ်သော။ သက္ကောပိ၊ သိကြားနတ်မင်းပင်သော်လဲပဲ။ ဥဋ္ဌာနေ၊ ထက်သွလုံ့လ ဝီရိယရှိခြင်း၌။ နပ္ပမဇ္ဇတိ၊ မမေ့မလျော့ပါဘူးဘုရား။

သိကြားမင်းကြီးတောင်မှ "ငါသိကြားပဲ၊ အာရုံငါးပါး လိုက်စားတော့မယ်" ဒီလို မဟုတ်ဘူးဘုရား။ နတ်တကာတို့ရဲ့အရှင် သိကြားမင်းတောင်မှ ထက်သွလုံ့လ ဝီရိယရှိရှိ အလုပ်လုပ်ခြင်းဆိုတဲ့ ဥဋ္ဌာနသမ္ပဒါတရားကို မမေ့မလျော့ဘူး။ အမြဲထက်သွ လုံ့လဝီရိယရှိတယ်။

သ-သေဘ၊ ထိုနတ်တို့သေဋ္ဌနင်း သိကြားမင်းသည်။ ကလျာဏော၊ ကောင်းသောတရားဋ္ဌ်။ ဓိတိ ကတ္တာ၊ စိတ်ရဲတည်ကြည်မှုကို ပြုပြီး သကာလ။ ဥဋ္ဌာနေ ၊ထကြွလုံ့လ ဝီရိယဋ္ဌ်။ မနော၊ စိတ်ကို။ ကုရုတော၊ အမြဲပြုရွ်ဓနော်။ ဝါ-ဥဋ္ဌာနေ၊ ထကြွလုံ့လ ဝီရိယဋ္ဌ်။ မနော ကုရုတော၊ အမြဲတစေ နှလုံးသွင်းလျက် နေပါ၏။

လုံ့လရှိလျှင် နတ်ကောင်းစောင့်ရှောက်

ဥဋ္ဌာနသမ္ပဒါ ဆိုတဲ့တရား အရေးကြီးတယ်။ ဥဋ္ဌာနသမ္ပဒါ ဆိုတဲ့ တရားမှာ သိကြားမင်းသည် အမြဲ နှလုံးသွင်းလျက် ရှိတယ်။

ဂန္ဓဗ္ဗာ ပိတရော ဒေဝါ၊ သာဇီဝါ ဟောန္တိ တာဒိနော။
ဥဋ္ဌာဟတော အပ္ပမတ္တော၊ အနုတိဋ္ဌန္တိ ဒေဝတာ။

တာတ၊ ခမည်းတော်ဘုရား။ တာဒိနော၊ ထိုသို့သဘောရှိသော (ထကြွလုံ့လ ဝီရိယရှိရှိနဲ့ ဟေးလား ဝါးလား မမေ့မလျော့ပဲ သမာဓိရှိရှိနဲ့ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်၏အဖို့)။ ဂန္ဓဗ္ဗာ စ၊ ဂန္ဓဗ္ဗနတ်တို့သည်လည်းကောင်း။ ပိတရော စ၊ ငြိဟ္မာတို့သည်လည်းကောင်း။ ဒေဝါ စ၊ အခြားနတ်တို့သည်လည်းကောင်း။ ဥဋ္ဌာဟတော၊ ကောင်းမှဋ္ဌ် ထကြွလုံ့လ ဝီရိယရှိသော်။ အပ္ပမတ္တတော၊ ကုသိုလ်တရားဋ္ဌ် မမေ့မလျော့သော ပုဂ္ဂိုလ်နှင့်။ သာဇီဝါ၊ တူသော အသက်မွေးခြင်း ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ တသ္မာ၊ ယို့ကြောင့်။ တာဒိနော၊ ထိုသို့သဘောရှိသောသူအား။ ဒေဝတာ၊ နတ်တို့သည်။ အနုတိဋ္ဌန္တိ၊ နောက်က တကောက်ကောက်လိုက်၍ စောင့်ရှောက်ကုန်၏။

ထကြွလုံ့လ ဝီရိယာရှိရမယ်။ သူတဖက်သားအပေါ် မနာလိုစိတ် ဘိုတ်မရှိရဘူး။ သမာဓိ ရှိရမယ်၊ ဟေးလားဟားလား မေ့မေ့

လျော့လျော့ မနေရဘူး၊ အဲဒီလိုပုဂ္ဂိုလ်ရဲ့ အနီးအပါးမှာ ဂန္ဓဗ္ဗနတ်တွေ ဗြဟ္မာတွေ အခြားအခြားနတ်တွေ အမြဲတမ်း ရှိနေပါ၀ယ်။

ထကြွလုံ့လ ဝီရိယရှိရမယ်၊
အာရုံငါးပါး လိုက်စားခြင်း ကင်းရမယ်။

အဲဒီတရား ၂-ပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရဲ့နောက်မှာ နတ်ကောင်းတွေ အမြဲတမ်းလိုက်နေတယ်။ ထကြွလုံ့လဝီရိယမရှိဘူး၊ အာရုံငါးပါး မွေ့ချင်တိုင်း မွေ့နေယင် ဘယ်လောက်ကန်တော့ပဲပေးပေး နတ်တွေ နောက်ကမစောင့်ရှောက်ဘူး။

သော အပ္ပမတ္တော အက္ကုဒ္ဓေါ၊ တာတ ကိစ္စာနိ ကာရယ။
ဝါယမဿု စ ကိစ္စေသု၊ နာလသော ဝိန္ဒတေ သုခံ။

တာတ၊ ခမည်းတော်ဘုရား။ သော တံ့၊ ထိုခမည်းတော်ဘုရား သည်။ အပ္ပမတ္တော၊ အပ္ပမာဒတရား လက်ဦးထားလျက်။ အက္ကုဒ္ဓေါ၊ တိုင်းသားပြည်သူတို့အပေါ် အမျက်ထွက်တော်မမူပဲ မေတ္တာတရား အမြဲထားလျက်။ ကိစ္စာနိ၊ ကိစ္စကြီးငယ် အသွယ်သွယ်တို့ကို။ ကာရယ၊ ပြုတော်မူပါဘုရား။

ခမည်းတော်ဘုရား လိုက်နာရမဲ့တရားဟာ သိပ်မများပါဘူး... တဲ့ အာရုံငါးပါး လိုက်စားမှုးမေ့ခြင်းဆိုတဲ့ ပမာဒတရားကို ဖယ်လိုက်ပါ။ အာရုံငါးပါးကို မလိုက်စားပဲနဲ့၊ အပ္ပမာဒတရား ကုသိုလ်ဆယ်ခု မြတ်ကောင်းမှုဌ် ဂရုတစိုက် ကြိုးလုံ့လဖြင့် အပ္ပမာဒတရား လက်ကိုင်ထား တော်မူပါ။ အက္ကုဒ္ဓေါ၊ တိုင်းသားပြည်သူတို့အပေါ်မှာ အမျက်ထွက် ခြင်းကင်းၗ မေတ္တာတရား ထားတော်မူပါ။ အဲဒီ ၂-ပါးထားပြီးတော့ မိမိပြုဖွယ်ကိစ္စတွေကို ပြုယင်မမှားဘူး။

ကိစ္စသူ၊ ကိစ္စကြီးငယ် အသွယ်သွယ်တို့၌။ ဝါယမသူ၊ လုံ့လပြု တော်မူပါဘုရား။အလသော၊ အလုပ်မလုပ် ပျင်းရိငြီးငွေ့တဲ့သူဃည်း။ သုခံ၊ ချမ်းသာသုခကို။ နှ ဝိန္ဒတော၊ ဘယ်လိုနည်းနှင့်မျှ မရနိုင်။

ပစ်မထားပါနဲ့၊ အာရုံငါးပါးလိုက်စားမေ့ပြီးတော့ အလုပ်စတွဲ ပြစ်ထားလို့ရှိယင် ဘာဖြစ်သလဲ။ ပျင်းရိငြီးငွေ့ အလုပ်မလုပ်တဲ့လူ ဘယ်တော့မှ ချမ်းသာသုခ မရဘူး ခမည်းတော်။

တတ္ထဝ တေ ဝတ္တပဒါ၊ သောဝ အနုသာသနီ။
အလံ မိတ္တော သုခါပေတုံ၊ အမိတ္တာနံ ဒုခါယ စ။

နောက်ဆုံးဂါထာ။

ခင်ပုပ်ဌက်၏ တာဘ၊ ခမည်းတော်ဘုရား။ တေ၊ သင် မင်းကျင့်တရား ၅-ပါး ခမည်းတော်ဘုရား၏အဖို့။ တတ္ထဝ-တေ ဇဝ၊ ထိုဆိုခဲ့ပြီးတဲ့ သစ္စာရယ်, မေတ္တာရယ်, အပ္ပမာဒရယ်, ဥဋ္ဌာနရယ်, အနုသူယျကာရယ်ဆိုတဲ့ ဒီတရားတွေ့ သည်ပင်။ ဝတ္တာပဒါ၊ ကျင့်ကြံရမယ့် တရားအစုတို့ ဖြစ်ပါသည်ဘုရား။ သောဝ၊ ဤဆိုအပ်ပြီးတဲ့ စကားသည်ပင်လျှင်။ အနုသာသနီ၊ သားတော်ညွှန်ပြတဲ့ မင်းတို့ကျင့်ရမဲ့ အဆုံးအမပါဘုရား။

တသ္မိံ၊ ထိုတရား၌။ ဌိတေန၊ တည်သောခမည်းတော်သည်။ မိတ္တော၊ အဆွေခင်ပွန်းတို့ကို။ သုခါပေတုံ စ၊ ချမ်းသာစေခြင်းငှာ လည်းကောင်း။ အမိတ္တာနံ၊ ရန်သူတို့ကို။ ဒုခါယ စ၊ စိတ်ဆင်းရဲစေ ခြင်းငှာလည်းကောင်း။ အလံ၊ စွမ်းနိုင်ပါလိမ့်မည်ဘုရား။

သစ္စာရှိရမှာ မရှိပဲ ခမည်းတော်ဘုရား မုသားသာပြောနေယင် ခမည်းတော် မေတ္တာတရား မကျင့်ပဲနဲ့ တိုင်းသူပြည်သားအပေါ်မှာ

စိတ်ဆိုးပြီးတော့ ကောဓတရား အမြဲပွားနေယင် ရန်သူတွေ့ချမ်းသာဖို့ ဖြစ်ပါလိမ့်မယ်ဘုရား။ မိတ်ဆွေတွေ့ စိတ်ဆင်းရဲဖို့ ဖြစ်ပါလိမ့်မယ်ဘုရား။

ဥဒ္ဒါန ဝီရိယရှိရမဲ့ မင်းဖြစ်တဲ့ပုဂ္ဂိုလ်ဟာ ထကြွလုံ့လမရှိပဲ ပျင်းရိနေယင် ရန်သူတွေ့ချမ်းသာဖို့ မိတ်ဆွေတွေ့ ဆင်းရဲဖို့ ဖြစ်ပါလိမ့်မယ်။ ဟေးလား ဟားလား၊ သမာဓိမရှိယင် ရန်သူတွေ့ချမ်းသာဖို့ မိတ်ဆွေတွေ့ ဆင်းရဲဖို့ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ခမည်းတော်ဘုရားသည်—

(၁) သစ္စာ

(၂) မေတ္တာ

(၃) အပ္ပမာဒ

(၄) အနုသူယျက=တိုင်းသား ပြည်သူတို့အပေါ် မနာလိုစိတ် ဘိတ်မရှိခြင်း ဆိုတဲ့တရား၊

(၅) ဓိတိ=ဟေးလား ဟားလား တဝေါးဝါးနဲ့မနေပဲ သမာဓိရှိရှိ အလုပ်လုပ်ခြင်း ဒီတရားငါးပါး၌—

ဌိတေန၊ တည်သောခမည်းတော်သည်၀ါ၊ ခမည်းတော်မင်းတရား တည်ပါမူကား။ မိတ္တော၊ အဆွေခင်ပွန်းတို့ကို။ သုခါယ စ၊ ချမ်းသာစေခြင်းငှာလည်းကောင်း။ အမိတ္တာနံ၊ ရန်သူတို့ကို။ ဒုခါယ စ၊ စိတ်ဆင်းရဲစေခြင်းငှာ လည်းကောင်း။ အလံ၊ စွမ်းနိုင်ပါလိမ့်မယ်ဘုရား။

ရန်သူတွေ့ မိမိအပေါ်ကြောက်သွားအောင် မိတ်ဆွေတွေ့ ဝမ်းမြောက် ဝမ်းသာ ချမ်းသာသုခ ရအောင် ဤတရားငါးပါးကို ကျင့်တော်မူပါ။ ခမည်းတော်သည် ဤတရားငါးပါး၌ တည်ခဲ့လို့

ရှိယင် မိတ်ဆွေတွေ ချမ်းသာဖို့ ရန်သူတွေ စိတ်ဆင်းရဲဖို့ စွမ်းနိုင်ပါလိမ့်မယ်ဘုရား။

ဒါ ဝေဿန္တရာ ခင်ဗုပ် ဌက်မင်းပြောတဲ့ အဆုံးအမ၊ ဝေဿန္တရာရဲ့ တရားသြဝါဒ (၁၁)ဂါထာဖြင့် အဆုံးအမ သြဝါဒပေးတော့ ဒီ-မက္ကပ် ကြီးအတွင်း စည်းဝေးမိတဲ့ လူတွေက -

ဗုဒ္ဓလီဋ္ဌာယ ပဇ္ဇော ကထိဓတာ။

"သြော် ဘုရားရဲ့ တင့်တယ်ခြင်းဖြင့် ပြဿနာကို ရဲရဲတောက် ဖြေအပ်ပါပေတယ်"လို့ ကောင်းချီးပေးလိုက်ကြတာတဲ့၊ ကောင်းချီးတရား ပေးကြ၊ လက်ခုပ်လက်ဝါးတီး သြဘာပေးကြ၊ အားလုံး သြဘာသံတွေ တိတ်စဲသွားမှ မင်းကြီးက -

ဝေဿန္တရာဌက်မင်းအား ဘော၁န္တော အမစ္စာ၊ အို.... အမတ်တို့။ မြို့ဝန်မင်းရာထူးခန့် မမ ပုတ္တောနု၊ ငါ့သားတော် ဖြစ်သော။ ဝေဿန္တရေနု၊ ဝေဿန္တရာသည်။ ဝေ၊ ဤသို့။ ကထေန္တေနု၊ ပြောဆိုသဖြင့်။ ဝါ၊ ပြောဆိုသော။ မမ ပုတ္တောနု ဝေဿန္တရေနု၊ ငါရဲ့ သားတော် ဝေဿန္တရာသည်။ ကေနု၊ အဘယ်သူသည်။ ကတ္တာဗ္ဗံ၊ ပြုအပ်သော။ ကိစ္စံ၊ အမှုကိစ္စကို။ ကတံ နာမ၊ ပြုအပ်သည် မည်သနည်း။

အမတ်တို့ အခုလိုပြောတဲ့ ကျုပ်သား ဝေဿန္တရာဟာ ဘယ်သူ့ရှက် ဆောင်တဲ့ အလုပ်ကိစ္စကို ရှက်ဆောင်တာ မည်သလဲ။ အမတ်တို့ သဘောကျတဲ့အတိုင်း ပြောကြစမ်း။ အမတ်တွေက ပြောတယ်။

မဟာသေနဂုတ္တေန ဇေဝ။

ဒေဝ၊အရှင်မင်းကြီး။ မဟာသေနဂုတ္တေန၊မြို့ဝန်မင်းသည်။ ကတ္တာဗ္ဗံ၊ ပြုအပ်သောကိစ္စကို။ ကတံ နာမ၊ ပြုအပ်သည် မည်ပါသည်ဘုရား။

ဝေဿန္တရာ အခုလိုပေးလိုက်တဲ့ သြဝါဒဟာ မြို့ဝန်မင်း ပြုလုပ်ရမဲ့ အလုပ်ကို ပြုလုပ်တာ မည်ပါသည်ဘုရား.... လို့ အဲဒီလိုလျှောက်တော့ ဗြဟ္မဒတ် မင်းကြီးက ဒီပရိသတ် မျက်မှောက်မှာပင်–

ဟေန ဟိဿ မဟာသေနဂုတ္တဋ္ဌာနံ ဒမ္မိ။

တေန ဟိ၊ ထိုသို့တပြီးကား။ အာမ။ ထိုင့်သားတော်ဝေဿန္တရာအား။ မဟာသေနဂုတ္တဋ္ဌာနံ၊ မြို့ဝန်မင်းရာထူးကို။ ဒမ္မိ၊ ပေးပါ၏–လို့ အားလုံး ပရိသတ်မျက်မှောက်မှာ ကြေညာပြီးတော့ ဝေဿန္တရာခင်ပုပ်ဌက်ကို မြို့ဝန်မင်းတို့ရဲ့ အဆောင်အယောင် အခမ်းအနားပေးပြီးတော့ မြို့ဝန်ရာထူးခန့်တယ် လို့ ပြောပါတယ်။

သော တတော ပဋ္ဌာယ မဟာသေနဂုတ္တဋ္ဌာနေ ဋ္ဌိတော ပိတု ကမ္မံ အကာသိ။

သော၊ ထို့ဝေဿန္တရာ ဌက်မင်းသည်။ တတော၊ ထို့အချိန်မှ။ ပဋ္ဌာယ၊ စ၍။ မဟာသေနဂုတ္တဋ္ဌာနေ၊ မြို့ဝန်မင်းရာထူး၌။ ဋ္ဌိတော၊ တည်ပြီးသကာလ။ ပိတု၊ ခမည်းတော်၏။ ကမ္မံ၊ ပြုလုပ်ဖွယ် ကိစ္စအဝဝကို။ အကာသိ၊ ရွက်ဆောင်ပြုလုပ်ခဲ့လေပြီ။

ဝေဿန္တရာ ဌက်မင်းသည် မြို့ဝန်မင်းရာထူးအပ်တယ် ဆိုယင်ပဲ တကယ့်လူမြို့ဝန်မင်းလို တခါထဲ အမိန့် အာဏာတွေ မြို့ဝန်မင်း အလုပ်တွေ အကုန်အမိန့် အာဏာ ပေးပြီး လုပ်တာပဲတဲ့။

ဤတွင် "ဝေဿန္တရပဉ္စော နိဋ္ဌိတော"။

ဝေဿန္တရပဉ္စော၊ ဝေဿန္တရာဌက်မင်းရဲ့ အမေးအဖြေ ပြဿနာသည်။ နိဋ္ဌိတော၊ ပြီးပြီ။

ကုဏ္ဍလိနီသာလိကာမ၏ အဲ့မေးအဖြေခန်း

ဝေဿန္တရာခင်ပုပ်ဌက်ရဲ့ တရားဟောပြောချက်ပြီးသွားပြီ။ နှစ်ဦးကျန်သေးတယ်၊ ကုဏ္ဍလိနီနဲ့ ဇမ္ဗုကာ။ ဗြဟ္မဒတ် မင်းတရားကြီးသည် ဝေဿန္တရာ ခင်ပုပ်ဌက်မင်းရဲ့ တရားကို နာပြီးတော့ နောက်နှစ်ရက် သုံးရက် လွန်တဲ့အခါမှာ ရှေးအတူပဲ ကုဏ္ဍလိနီသာလိကာမ အထံကို တဖန်လွှတ်တယ်။

သမီး၊ သမီးရဲ့ ခမည်းတော်ကြီး ပြဿနာ မေးချင်လို့၊ ဘယ် အချိန်လာမေးရမလဲ လို့ အဲဒီလို မေးတဲ့အခါမှာ ကုဏ္ဍလိနီသာလိကာမ အထိန်းတော် အမတ်ကို ခေါ်ပြီးတော့ -

"ခမည်းတော်ဘုရားက သမီးကို ပြဿနာ မေးချင်လို့တဲ့၊ ခမည်းတော်ဘုရား လာလို့ရှိယင် ပူဇော်သက္ကာရမှု ပြုရလိမ့်မယ်။ အထိန်းတော် အမတ်မင်း။ ဒီဇတော့ခမည်းတော်ဘုရား ဘယ်နေ့ ရက်လောက် လာရမလဲ" လို့ မေးတဲ့အခါ အမတ်တို့က -

"ယနေ့မှနောက် ခုနစ်ရက်မြောက်၌ အရှင်မရဲ့ ခမည်းတော် လာပါစေ" -

လို့ အဲဒီလိုပြန်ကြားတဲ့အတိုင်း ကုဏ္ဍလိနီသာလိကာမလေးက မင်းချင်းယောကျ်ားမှတဆင့် ခမည်းတော်ထံ ပြန်ကြားလိုက်တယ်။

ပိတာ မေ ဣတော သတ္တမေ ဒိဝသေ အာဂစ္ဆတု။

သမီးတော်ရဲ့ဖခမည်းတော်သည် ယနေ့မှနောက် ၇-ရက်မြောက်၌ ကြွရောက်တော်မူပါလို့ ဆိုတဲ့အတိုင်း ၇-ရက်မြောက် ရောက်သကာလ ဗြဟ္မဒတ်မင်းကြီး သမီးတော် ကုဏ္ဍလိနီ အိမ်သွား၊ မင်းပရိသတ် အခြံအရံနဲ့ တကွ ညှော့ခံတာကျေးမွေးတာ စားသောက်ပြီးလို့

နည်းအတူ ဇရုန်းဘော်ကွက်လပ် မဏ္ဍပ်ကြီးထဲမှာ မြို့သူမြို့သားတွေ စုဝေးစေပြီးတဲ့နောက် ကုဏ္ဍလိနီကို ခေါ်ခဲ့တော့ ပရိသတ်စုံညီတဲ့အခါ၊ အထိမ်းတော်အမတ်က ကုဏ္ဍလိနီ သာလိကာမယားကို ဇရုအင်းပျဉ်ပေါ် တင်ထမ်းလာတယ်၊ အနားရောက်တယ်ဆိုရင်ပဲ သာလိကာမယားက ဗြဟ္မဒတ်မင်းကြီးရဲ့ ရင်ခွင်ကိုသွားနှံး။ သားအဖကျီစယ်ကြ၊ သမီးနဲ့အဖေ ကျီစယ်သကို ကျီစယ်ကြ၊ ပြီးတော့မှ ဇရုအင်းပျဉ်လေးပေါ် ပြန်နှံး၊ နေသားတကျဖြစ်တော့မှ ဗြဟ္မဒတ်မင်းကြီးကမေးပြီး –

သိကွဲသိ တံ ကုဏ္ဍလိနီ၊ မညသိ ဓတ္တာပန္နုနိ။
ရဇ္ဇံ ကာရေတုကာမေန၊ ကိံသု ကိစ္စံ ကတံ ပရံ။

ဓတ္တာပန္နုနိ၊ မင်းမျိုး ဖြစ်ပါပေသော၊ ကုဏ္ဍလိနီ၊ သမီးတော် ကုဏ္ဍလိနီ။ တုံ၊ သင်သမီးတော်သည်။သကွဲသိ၊ ဓမည်းပေးခံမြေးခေါ်ခြင်းကို ဖြစ်နိုင်လိမ့်မည်ဟူ၍။ တုံ၊ သင်သမီးတော်ကို။ မညသိ၊ ဓအာဇာနိဓမ္မတာထင်အပ်ပါ၏။

မင်းဆွေမင်းမျိုးသတို့နွယ်ဝင် ဖြစ်ပေသော သမီးတော် ကုဏ္ဍလိနီ၊ သမီးတော်လည်း မောင်တော် ဝေဿန္တရာလို ဓမည်းတော် မေးတာ ဖြစ်နိုင်လိမ့်မယ်လို့ ဓမည်းတော် ယုံကြည်တယ်။ အားလေးပေးပြီးတော့ ပြောတယ်။

ကုဏ္ဍလိနီ၊သမီးတော်ကုဏ္ဍလိနီ။ရဇ္ဇံ ကာရေတုကာမေန၊တိုင်းပြည်အုပ်ချုပ်မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်သည်။ ကိံသု ကိစ္စံ၊ အဘယ်ကိစ္စကို။ ကတံ၊ပြုအပ်သည်ရှိသော်။ဝရံ၊ချီးမွမ်းအပ်မြတ်ပါသနည်း သမီးတော်။

ညှာညှာရှေ့ရှေ့ မေးတာနော်။ သမီးတော် ကုဏ္ဍလိနီ၊ သမီးတော်လဲ မောင်တော်ဝေဿန္တရာလို ဖြစ်နိုင်လိမ့်မယ်လို့ ဓမည်းတော်

ယုံကြည်တယ်။ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်သည် ဘယ်လိုအလုပ်ကို ပြုလုပ်ယင်ကောင်းမလဲ၊ ဖြစ်မ်းပါ သမီးတော့် ဆိုတော့- ကုဏ္ဍလိနီသာလိကာမလေးက-

တာတ တုံမံ " ဣတ္ထိကာ နာမ ကိ ကထေဿတိ" တိ ဝိမံသတိ မညေ။

တာတ၊ ခမည်းတော်ဘုရား။ တုံ၊ သင်ခမည်းတော် ဘုရားသည်။ မံ၊ သမီးတော်ကို။ ဣတ္ထိကာ နာမ၊ မိန်းမငယ်မည်သည်။ ကိ ကထေ-ဿတိ၊ အဘယ်မှာလျှင် ဖြေနိုင်ရှာလိမ့်မည်နည်း။ ဣတိ၊ ဤသို့ အောက်မေ့၍။ ဝိမံသတိ မညေ။ စုံစမ်းယောင်တကား။

ခမည်းတော် ခမည်းတော်ဟာ သမီးတော်ကို မေးသမျှ ဘာမှ ဖြေနိုင်မှာ မဟုတ်ဘူးလို့ အဲဒီလို အောက်မေ့ပြီးတော့ စုံစုံစမ်းစမ်း မြဲမြံစမ်း ခရမ်းပျိုးတဲ့ သဘောမျိုး ပြောနေတာ ထင်ပါတယ်တဲ့။

သကသံ တေ ရာဇမဟံ ဒ္ဒိသုယေဝ ပဒေသု ပက္ခိပိတ္ဝာ ကထေဿာမိ။

တေ၊ သင် ခမည်းတော် မင်းတရားကြီးအား။ သကသံ၊ အလုံး စုံသော။ ရာဇမဟံ၊ မင်းဝံ့ကျင့်မှမယ့်တရားကို။ ဒ္ဒိသုယေဝ ပဒေသု၊ နှစ်ပုဒ်တို့၌ ပင်လျှင်။ ပက္ခိပိတ္ဝာ၊ ထည့်သွင်း၍။ ကထေဿာမိ၊ ဖြေကြားပါ့မယ်ဘုရား။

သာလိကာမ၏ မင်းကျင့်တရားအခြေ။ ။ခမည်းတော် ဘုရား၊ မင်း ကျင့် တရား အခြေးလုံးကို နှစ်ခုထဲမှာသွင်းပြီးတော့ သမီးတော်ဖြေမယ်၊ အဲဒီလို စကား ပလွှင့် ခံပြီးတော့-

ဒဒ္ဒဝ တာတ ပဒကာနို၊ ယတ္ထ သမ္ဗံ ပတိဋ္ဌိတံ။
အလဒ္ဓဿ စ ယော လာဘော၊ လဒ္ဓဿ စာနုရက္ခဏာ။

တာတ၊ ခမည်းတော်ဘုရား။ ပဒကာနို၊ မင်းတို့ကျင့်ရမယ့်တရား အစုဘို့သည်။ ဒဒ္ဒဝ၊ နှစ်ပါးတို့သာလျှင်တည်း။ ယတ္ထ၊ အကြင်တရား နှစ်ပါး၌။ သမ္ဗံ၊ အလုံးစုံမင်းတို့ကျင့်ရမယ့် တရားတွေသည်။ ပတိဋ္ဌိတံ၊ အကျုံးဝင်၍ တည်နေပါသည်ဘုရား။

ခမည်းတော်ဘုရား တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ပုဂ္ဂိုလ်များ ကျင့်ရမယ့်တရားဟာ အကျဉ်းချုပ်ပြောယင် နှစ်မျိုးပဲရှိတယ်၊ အဲဒီ နှစ်မျိုးမှာ အားလုံးဓသာ မင်းကျင့်တရားတွေ ဝင်နေတယ်။ အဲဒီ ၂-မျိုးကဘာလဲ။

အလဒ္ဓဿ၊ မရသေးသော စည်းစိမ်ဥစ္စာကို။ ယော လာဘော ၏၊ အကြင်ရအောင် ကြိုးကုတ် အားထုတ်ခြင်းသည်လည်းကောင်း။ လဒ္ဓဿ၊ ရအပ်ပြီးသော စည်းစိမ်ဥစ္စာ အခြံအရံကို။ ယာ အနုရက္ခဏာ စ၊ အကြင်မပျက် မပျောက်အောင် စောင့်ရှောက်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဒဒ္ဒဝ၊ နှစ်ပါးတို့သာလျှင်တည်း။

မင်းကျင့်တရားသည် အချုပ်အားဖြင့် မရသေးသော စည်းစိမ်ဥစ္စာကို ရအောင်ကြိုးကုတ် အားထုတ်ခြင်း။ ရပြီးသော စည်းစိမ်ဥစ္စာကို မပျက်မပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း—ဒီနှစ်ပါးပဲ။

ဘယ်လိုကျင့်လျှင် မရသေးသော စည်းစိမ်ဥစ္စာကို ရအောင်ကျင့်သည်မည်သလဲသမီး၊ ဘယ်လိုကျင့်လျှင် ရပြီးသော စည်းစိမ်ဥစ္စာကို မပျက် မပျောက်အောင် စောင့်ရှောက်ဘာ မည်သလဲ—သမီး အကျယ်တဝင့်ဖြေပါ။

အဲဒီအဖြေကို ကုဏ္ဍလိနီသာလိကာသမီးတော်က ဖြေတယ်။

အမစ္စေ တာတ ဇာနာဟိ၊ မိရေ အတ္ထဿ ကောဝိဒေ။
အနက္ခာကိတဝေ တာတ၊ အဒဿာဏ္ဍေ အဝိနာသကေ။

တာတ၊ ခမည်းတော်ဘုရား၊ ဦရေ၊ မြဲမြံခိုင်ခံ့ တည်တံ့သော သမာဓိရှိကြကုန်သော်။ အတ္ထဿ၊ အကြောင်းအကျိုးအရာ၌။ ကောဝိဒေ၊ လိမ္မာကြကုန်သော။ အနက္ခေ၊ ကြွေအန် မကြူးကြကုန်သော။ အကိတဝေ၊ မလိမ်လည် မလှည့်ဖြား ကြကုန်သော။ အသောဏ္ဍေ၊ သေသောက်မကြူးကြကုန်သော။ အဝိနာသကေ၊ မင်းရဲဘဏ္ဍာကို မဖျက်ဆီးတတ်ကုန်သော။ အမစ္စေ၊ အမတ်ဘိုးကို။ ဇာနာဟိ၊ သိအောင် ထောက်လှမ်း စုံစမ်းတော်မူပါ၊ဘုရား။

ခမည်းတော်ဘုရား ခမည်းတော်ဘုရား၏ အမတ်ရာထူး ခန့်ရမယ့် လူတွေ့ အရည်အချင်း ပြောမယ်။

(၁) ဓိရ=သမာဓိရှိမယ်၊ သမာဓိရှိတဲ့လူဘွဲ့ကို အမတ်ခန့်ပါ၊ သမာဓိမရှိတဲ့ ဥဒ္ဒစ္စ သမားကို အမတ်မခန့်ပါနဲ့။

(၂) အတ္ထကောဝိဒ=ဓမ္မသဘော် ရာဇသတ်ဋ္ဌ လိမ္မာတဲ့ ပုဂ္ဂိုလ်မျိုးကို အမတ်ခန့်ပါ။ ဓမ္မသတ် ရာဇသတ် မလိမ္မာ မကျွမ်းကျင်တဲ့လူတွေ့ကို အမတ်မခန့်ပါနဲ့။

(၃) အနက္ခ=ကစားသမားမဟုတ်တဲ့ ကြွေအန်သမား မဟုတ်တဲ့ လူတွေ့ကို အမတ်ခန့်ပါ။

(၄) အကိတဝ=မကောက်ကျစ်တဲ့ လူတွေ့ကို အမတ်ခန့်ပါ။

(၅) အသောဏ္ဍ=သေရည်သေရက် မသောက်တဲ့ လူတွေ့ကို အမတ်ခန့်ပါ။

(၄) အဝိနာသက=မင်းရဲဘက္ကာကို မဖျက်ဆီးတဲ့လူကို အမတ်ခန့်ပါ။

အဲဒီက အပြန်ပုဂ္ဂိုလ်တွေကို အဖက်ခန့်ယင် ဧမည်းတော်ဘုရားမှာ မရသေးတဲ့ ဧည်းစိမ်တွေကိုလဲ ရမှာဖဟုတ်ဘူးဧကြိုးသဧးဧည်းစိမ်လဲပဲ မြန်မြန်ပျက်မယ်၊ ဒီတော့ အနုပြောခဲ့တဲ့အရည်အချင်းနှင့် ပြည့်စုံတဲ့ အမတ်မျိုးကို ခန့်အပ်လို့ဝိုယင် ဧမည်းတော်သည် မရဏေးသေ စည်းစိမ်တို့ကိုရဧအောင်၊ ရပြီးသေးစည်းစိမ်ဧလည်း မပျက်ဧပျောက် အောင် စောင့်ဧရှောက်တာမည်ပါတယ်ဘုရား။ အင်း....ဒီထဲအကုန်ဝင် ရတယ်။ ဒါတင်ပဲလား ဆိုတော့-

ယော စ တံ တာတ ရက္ခေယျ၊ ဓနံ ယဉ္ဇဝ တေ သိယာ။
သူတေးဝ ရထံ သင်္ကေ့၊ သော တေ ကိစ္စာနိ ကာရယေ။

တာတ၊ ခမည်းတော်ဘုရား။ သူတော၊ ရထားထိန်းသည်။ ရထံ၊ မိမိ၏ထားကို။ သင်္ကေ့၊ သင်္ကာတိ ဣဝ၊ ပျက်မပျောက်ဟောင် ချီးမြောက်သကဲ့သို့။ (ထားထိမ်းသည် မိမိ၌ရဲထားကို မပျက်မစီး အောင် ထိန်းသိမ်းစောင့်ရှောက် တဝိတသဧ[သလို)။ ယော စ၊ အမှတ်မထင် အကြင်သူဝ ဉ်ကား။ တံ၊ ထိုမည်းတော်ဘုရားကို လည်းကောင်း။ တေ၊ သင်ခမည်းတော်၏။ ယဉ္ဇဝ ဓနံ၊ အကြင်ဥစ္စာ အမျိုးမျိုးကိုလည်းကောင်း။ ရက္ခေယျ၊ စောင့်ရှောက်လေရာ၏။ (မပျက်မပျောက်ဟောင် ဘေးမရောက်အောင် စောင့်ရှောက်လေရာ ၏)။ သော တာဒိသော၊ ထိုသို့ဘ ဘေးရှိတဲ့ ခမည်းတော်ကိုလည်း ဘေးမရောက်အောင် ခမည်းတော်ရဲ့ ဥစ္စာကိုလဲပဲ မပျက်မပျောက် အောင် စောင့်ရှောက်တဲ့ပုဂ္ဂိုလ်ကိုး။ တေ၊ သင်ခမည်းတော်၏။ ကိစ္စာနိ၊ ကိစ္စကြီးငယ် အသွယ်သွယ်တို့ကို။ ကာရယေ ကာရိယ၊ ပြုလုပ်စေရာ၏။

ခမည်းဟော်ရဲ့ အမှုထမ်းဖြစ်ရမယ့်ပုဂ္ဂိုလ်ဟာ ခမည်းတော်ကိုလဲ ဘေးမရောက်အောင် ခမည်းတော်ရဲ့ ပစ္စည်းဥစ္စာတွေကိုလည်း မပျက်မစီးပျောက်အောင် ရထားထိန်းသည် ရထားကို ကြည့်ရှုစောင့်ရှောက်သလို....အဲဒီလို ပြုစုစောင့်ရှောက်တဲ့ပုဂ္ဂိုလ်ကို ခမည်းတော်ရဲ့ အမှုထမ်းခန့်ပါ။

ပြီးတော့ကော်လို့ ဆိုတော့-

သုသင်္ဘိတန္တိဇနော၊ သယံ ဝိတ္တံ အဇေက္ခိယ။
နိဓိဥ္စ ကုဏဒါနဥ္စ၊ နာ ကရေ ပရပတ္တိယာ။

ဤကာက်လူတွေ့အပြော မယုံပါနှင့်။ ။ဝေဒတ၊ ခမည်းတော်ဘုရား၊ သုသင်္ဘိတန္တိဇနော၊ ကောင်းစွာ ချီးမြှောက် ထောက်ပံ့ခြင်းသည်။ ဘဝ-ဘဝါဟိ၊ ဖြစ်တော်မူပါဘုရား။ (မိမိရဲ့ အမှုထမ်းမျှားကို အရည်အချင်း အလျောက် ချီးမြှောက်တော်မူပါ၊ အဲဒီလို ချီးမြှောက်တာပင်လျှင် မရသေးသော စည်းစိမ်ကို ရရှိအောင်လုပ်ခြင်း၊ ရပြီးသော စည်းစိမ်ကို မပျက်မစီးပျောက်အောင် စောင့်ရှောက်ခြင်း မည်ပါတယ်) ဘယံ၊ ကိုယ်တိုင်။ ဝိတ္တံ ဥစ္စာကို၊ အဇေက္ခိယ၊ ရှုမျှော်၍။ နိဓိဥ္စ၊ ဥစ္စာပစ္စည်း သိမ်းဆည်းမြှင်းကိုလည်း၊ ကောင်း။ ကုဏဒါနဥ္စ၊ ကြွေးမြီပေးခြင်းကိုလည်းကောင်း။ ပရပတ္တိယာ၊ သူဘပါးကို ယုံစားသဖြင့်။ နာ ကရေ၊ မပြုရာ။

ဘယ်လောက် သေချာသလဲ-နော်၊ ခမည်းတော် မိမိရဲ့ ဘဏ္ဍာတော်ကာ ဘယ်လောက် ရှိတယ်ဆိုတာ ကိုယ်တိုင်စစ်ဆေး ကိုယ်တိုင် သိ။ အဲဒါလဲ သိပြီးတဲ့နောက် ဥစ္စာပစ္စည်း သိမ်းဆည်းတာ ကြွေးမြီတွေပေးတာ အောက်လူတွေ့ပြောတာကို မယုံပါနှင့်။ ဖောက်

လူတွေကို ယုံကြည်သဖြင့် ဥစ္စာပစ္စည်းသိမ်းဆည်းခြင်း ကြွေးမြီပေးခြင်းအမှုကို မလုပ်ပါနှင့်။

သယံ အာယံ ဝယံ ဇညာ၊ သယံ ဇညာ ကတာကတံ၊
နိဂ္ဂဏှေ နိဂ္ဂဟာရဟံ၊ ပဂ္ဂဏှေ ပဂ္ဂဟာရဟံ။

အမှုထမ်းတွေ အလုပ် လုပ်, မလုပ် တာဘက၊ ခမည်းတော်ဘုရား။ ကိုယ်တိုင်သိအောင်ကြိုးကုတ် အာယံ၊ ကိုယ့်ရဲ့ ရတဲ့ပစ္စည်း ကိုလည်း ကောင်း။ ဝယံ၊ ကုန်တဲ့ပစ္စည်းကိုလည်းကောင်း။ သယံ၊ ကိုယ်တိုင်။ ဇညာ၊ သိအောင် ကြိုးကုတ် အားထုတ်ရာ၏။ (အရအသုံးခန့်မှန်းခြေကို အောက်လူတွေ တွက်တာနှင့် မပြီးပါနှင့်၊ ကိုယ်တိုင်သိအောင် အားထုတ်ပါ) ကတာကတံ၊ အောက်ကအမှုထမ်းများ တကယ်အလုပ်လုပ်သည် အလုပ်မလုပ်သည်ကို။ သယံ၊ ကိုယ်တိုင်။ ဇညာ၊ သိအောင် ကြိုးကုတ် အားထုတ်ရာ၏။ (မိမိရဲ့ အမှုထမ်းများဟာ တကယ်အလုပ်လုပ်ဟယ် မလုပ်ဘူး ဆိုဘာ ခမည်းတော်ကိုယ်တိုင် သိအောင်လုပ်၊ ဟိုဆိုင်နဲ့ဌာနက ပုဂ္ဂိုလ်တွေ ပြောတာနဲ့ပဲ ယုံမနေနှင့်....အဲဒီပုဂ္ဂိုလ်တွေဟာ လက်လှည့်သင့်သလို မလုပ်တာလဲ လုပ်တယ်လို့ ပြောမှာပဲ၊ လုပ်ဟာကိုလဲ မလုပ်ဘူးလို့ ပြောချင် ပြောမှာပဲ၊ ပြီးတော့ မိမိရဲ့ အမှုထမ်းများသည် တကယ်အလုပ်လုပ်တယ်၊ မလုပ်ဘူးဆိုတာ ကိုယ်တိုင်သိအောင် စုံစမ်းဆေးကျော်လှမ်းပါ၊ အဲဒီလို စုံဝမ်းဆေးကျော်လှမ်းပြီး သကာသာ) နိဂ္ဂဟာရဟံ၊ နှိပ်သင့်သော ပုဂ္ဂိုလ်ကို။ နိဂ္ဂဏှေ၊ ဟိုယ်တိုင် နှိပ်ရာ၏ ပဂ္ဂဟာရဟံ၊ ချီးမြှောက်သင့်သော ပုဂ္ဂိုလ်ကို။ ပဂ္ဂဏှေ၊ ချီးမြှောက်ရာ၏။

သယံ ဇာနပဒံ အတ္ထံ၊ အနုသာသ ရထေသဘာ။
မာ တေ အခမ်္မကာ ယုတ္တာ၊ ဓနံ ရဋ္ဌဉ္စ နာသယုံ။

တာတာ၊ ခမည်းတော်ဘုရား။ ဇာနပဒံ အတ္ထံ၊ ဇနပုဒ် တိုင်းသူပြည်သူ ဗိုလ်လူတို့၏ အကျိုးကို။ သယံ၊ ကိုယ်တိုင်ပင်လျင်။ အနုသာသ၊ စီမံအုပ်ချုပ် ပြုလုပ်တော်မူပါဘုရား။ (ဟို...နယ်ကလူတွေ့ရဲ့ ကောင်းကျိုး အကျိုးဋ္ဌိတဲ့ ကိစ္စအဝဝကို ကိုယ်တိုင်စီမံ အုပ်ချုပ်ပြီးတော့ ဆောင်ရွက်တော်မူပါ။ အောက်လူတွေ့ချည်းပဲ ပုံမထားပါနှင့်) တေ၊ သင်ခမည်းတော်၏။ အခမ်္မကာ ယုတ္တာ၊ တရားမစောင့်တဲ့ အမှုထမ်းတို့သည်။ တေ၊ သင်ခမည်းတော်၏။ ဓနဉ္စ၊ ဥစ္စာကိုလည်းကောင်း။ ရဋ္ဌဉ္စ၊ တိုင်းနိုင်ငံကိုလည်းကောင်း။မာ နာသယုံ၊မဖျက်ဆီးကြပါစေကုန်လင့်။

ခမည်းတော်ဘုရား —အမှုထမ်းတွေချည်း ပစ်ထားယင် အဲဒီ အမှုထမ်းတွေက မတရားတဲ့ အမှုထမ်းတွေ ဖြစ်ယင် ခမည်းတော်ရဲ့ ဥစ္စာတွေ....ခမည်းတော်ပိုင်တဲ့ တိုင်းပြည်တွေဟာ ဆုံးမည်သာကြံတော့။ အဲဒီတော့ ခမည်းတော် ဇနပုဒ် တိုင်းသူပြည်သူ ဗိုလ်လူဘို့ရဲ့ အကျိုးကို အောက်လူတွေနှင့်ချည်းပဲ ပစ်မထားပါနှင့်။ ကိုယ်ကိုင် ကိုယ်တွယ် စီမံအုပ်ချုပ်ပြီးတော့ တရားယဉ်တောသူ တောင်သား ဗိုလ်လူများရဲ့ထံမှာက် မိမိရဲ့ လူကြီးများ အချိုးအမြွာက် ရောက်မရောက်ကို ကိုယ်တိုင်သိအောင်ကြံစည်ပါ။

မာ ဓ ဝေဂေန ကိစ္စာနိ၊ ကရဏာသိ ကာရယေသိ ဝါ။
ဝေဂသာ ဟိ ကတံ ကမ္မံ၊ မန္ဒော ပစ္ဆာနုတပ္ပတိ။

တာဘာ၊ ခမည်းတော်ဘုရား။ ဝေဂေန၊ အရေးတကြီး ကြားလည်း ကြားရဒသာ၊ ကိစ္စာနိ၊ ကိစ္စကြီးငယ် အသွယ်သွယ်တို့ကို။ မာ ဓ

ကရောသီ၊ ကိုယ်တိုင်လည်း မပြုပါလင့်ဘုရား။ မာ စ ကာရယေသီ၊ သူတပါးတို့ကိုလည်း အပြုမခိုင်းပါနှင့်ဘုရား။ (မေည်းတေဒ်ဘုရား.... ကိစ္စတခုပေါ်လာယင် အရေးတကြီး မဆင်မခြင် ပျာယီးပျာရာနှင့် ကိုယ်တိုင်လည်းမလုပ်ပါနှင့်၊ အမှုထမ်းတွေကိုလဲပဲ အရေးတကြီး ပျာယီးပျာရာ မဆင်မခြင်ပဲနှင့် မခိုင်းပါနှင့်။ ဘာကြောင့်လဲ-)

ကမ္မံ၊ အမှုကိစ္စအဝဝကို။ ဝေဂသာ၊ အဆောတလျင် အရေးတကြီး။ ကတံ၊ ပြုအပ်သည်ရှိသော်။ မန္ဒော၊ ပညာနုံသောသူသည်။ ပစ္ဆာ၊ နောက်ကာလမှ။ အနုတပ္ပတိ၊ နောင်တတရနေ ပူပန်ရတတ်တယ်ဘုရား။ (ဘယ်ကိစ္စမဆို အရေးတကြီး ပျာယီးပျာရာ မလုပ်နဲ့၊ အရေးတကြီး ပျာယီးပျာရာလုပ်ယင် လဲရော၊လဲယင် နောင်တ တဖန် ပူပန်ရတတ်တယ်တဲ့)

မာ တေ အဓိသရေ ပဠု၊ သုဗာဒ္ဒမဓိကောပိတံ။

ကောဓသာ ဟိ ဗဟူ ဖိတာ၊ ကုလာ အကုလတံ ဂတာ။

ဒေါသစိတ်မပြင်းပဲ တာတာ၊ ခမည်းတော်ဘုရား။ ဇာဓိသရေ၊ ညှာတာဉာဏ်းစားရန် ဖုဇ္ဈတ်မှု ကျူးလွန်ကြတဲ့သူတို့ကို။ တေ၊ အသင်၊ငါးတရား ခမည်းတော်ဘုရား၏။ သုဗာဒ္ဒံ၊ အလွန်ပြင်းထန်သော။ အဓိကောပိတံ၊ အလွန်ဖမျက်ထွက်ခြင်းဟူသော အမှုကို။ မာ မုဉ္စ၊ မလွှတ်ပါနှင့်။

ခမည်းတော်ဘုရား မတော်တဆ ဥပဒေကို ချိုးဖောက်လာတဲ့ ပုဂ္ဂိုလ်များတွေ့ခဲ့လို့ရှိယင် အဲဒီပုဂ္ဂိုလ် တွေကို ငါသင်္ခံမှတ်ထားတဲ့ ဥပဒေကို ချိုးဖောက်ရဲကောင်းလားလို့ပြီးတော့ အပြင်းအထန်အမျက် ထွက်မှုဆိုတဲ့ အမျက်အခိုးကို မလွှတ်ပါနှင့်ဘုရား....၊ လျှာ့လျှာ့ပေါ့ပေါ့စဉ်းစားပါ၊ ညှာညှာယာယာစဉ်းစားပါ၊ သိပ်ပြီးတော့ ဒေါသမင်းကြီး စိတ်ဆိုးပြီးတော့ ဒေါသခိုးလွှတ်လို့ရှိယင် ဘာဖြစ်သလဲ-

ဟိ၊ အပြစ်ကား။ ကောဓသာ၊ အမျက် ထဲ့က်ခြင်းကြောင့်။ ဗဟူ၊ များစွာကုန်သော။ ဖီတာ၊ ဝပြောကုန်သော။ ကုလာ၊ အမျိုး တို့သည်။ အကုသတံ၊ အမျိုးကောင်းမဟုတ်သည်၏အဖြစ်သို့။ ဂတာ၊ ရောက်တတ်ကြပါကုန်သည်ဘုရား။

"မင်းတို့မျက်စောင်း အကြောင်းမရှေး" ဆိုသလို အမျက်ထွက်ပြီ ဆိုလို့ရှိယင် နဂိုက ကိုထံကြွယ်ဝတဲ့အိမ်တွေ ကုန်းကောက်စရာမရှိ အောင် ပျက်စီးတတ်ပါတယ်ဘုရား။ မင်းအမျိုက်ဟာ-အင်မတန် ကြောက်မက်ဖွယ် ကောင်းပါတယ်ဘုရား။ နဂိုက ကိုထံကြွယ်တဲ့ အမျိုးတွေ ကုန်းကောက်စရာမရှိအောင် ဆင်းရဲပြီ ဆိုလို့ရှိယင် နောက်ဆုံးမှာ မိမိမှာလဲ ဆင်းရဲရာရောက်ပါတယ်ဘုရား။

မာ တာဟာ ဣဿရောမှိတိ၊ အနုတ္ထာယ ဟတာရယိ။
ဣတ္တိနံ ပုရိသာနဉ္စ၊ မာ တေ အာသိ ဒုခုဒ္ဒြယော။

ကာတာ၊ ခမဉ်းတော်ကုရား။ အဟံ၊ ငါသည်။ ဣဿရော၊ အစိုးရသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့နှလုံးပိုက်၍။ ဣတ္ထိနံ စ၊ မင်းမိန်းမတို့အားလည်းကောင်း။ ပုရိသာနဉ္စ၊ မင်းယောကျ်ားတို့အားလည်း ကောင်း။ အနတ္ထာယ၊ အကျိုးမဲ့အလို့ငှာ။ မာ ပဓာရယိ၊ မဆုံးဖြတ် ပါနှင့်ဘုရား။ တေ၊ သင်ခမည်းတော်ဘုရားအား။ ဒုခုဒ္ဒြယော၊ ဒုက္ခ တရား တိုးပွားခြင်းသည်။ မာ အာသိ၊ မဖြစ်ပါစေလင့်။

ခမည်းတော်ဘုရား....တိုင်းသူပြည်သား ယောကျ်ားမိန်းမ ဗိုလ်လူ များရဲ့အပေါ်မှာ ငါဟာမင်းပဲ ငါနှုံးဖြတ်တဲ့အတိုင်း သင်တို့နာခံရ မယ်လို့ တိုင်းသားပြည်သူ ယောကျ်ားမိန်းမတို့ရဲ့အပေါ်မှာ အကျိုး မဲ့ဖြစ်အောင် မဆုံးဖြတ်ပါနှင့်ဘုရား။ အကျိုးမဲ့ဖြစ်အောင် ဆုံးဖြတ် လို့ရှိယင် နောက်ဆုံး ခမည်းတော်ဘုရားမှာသာ ဒုက္ခရောက်မယ်။

အဲဒါ ကုဏ္ဍလိနီ ဧကိုတဲ့ သာလ်ကာမလေးကပြောကာ။

အပေတလောမဟံသဿ၊ ရညော ကာမာနုသာရိနော။
သပ္ပေ ဘောဂါ ဝိနဿန္တိ၊ ရညော တံ ဝုစ္စတေ အဃံ။

တာတ၊ ခမည်းတော်ဘုရား။ အပေတလောမဟံသဿ။ ကြက်သီးမွေးညင်းထခြင်းကင်းလျက်။ ကာမာနုသာရိနော၊ ကာမအလို အကြိုက်ကို အမြဲတမ်းပါလေ့ရှိသော။ ရညော၊ မင်း၏အဖို့။ သပ္ပေ ဘောဂါ၊ ခပ်သိမ်းကုန်သော စည်းစိမ်တို့သည်။ ဝိနဿန္တိ၊ ပျက်စီးတတ်ပါတယ်ဘုရား။

ခမည်းတော်ဘုရား ကြောက်ခြင်း လန့်ခြင်း ရှက်ခြင်းအလျှင်းမရှိပဲနှင့် ကာမအလိုအကြိုက် လိုက်စားတဲ့မင်းမြတ်ရဲ့ စည်းစိမ်တွေဟာ ပျက်စီးတတ်တယ်။

တံ၊ ထိုစည်းစိမ်ပျက်စီးခြင်းကို။ ရညော၊ မင်း၏။ အဃံ၊ ဆင်းရဲဟူ၍။ ဝုစ္စတေ၊ ဆိုအပ်ပါတယ်ဘုရား။

အဲဒါကြောင့် မဝံမကြောက် တွေ့ကာမနောက် ကောက်ကောက် လိုက်ပါခြင်းအမှု ခမည်းတော်မပြုပါနှင့်၊ မပြုလျှင် မရေးသော ဥစ္စာကိုမရအောင် ကြိုးကုတ်အားထုတ်ခြင်း ရပြီးသော ပစ္စည်းဥစ္စာကို မပျက်မစီးအောင် စောင့်ရှောက်ခြင်း ဖြစ်ပါလိမ့်မယ်။

တတ္ထဝ တေ ဝတ္တုပဒါ၊ သေသာ အနုသာသနီ။

အခုပြောခဲ့တဲ့အကားရပ်သည်ပင်လျှင် ခမည်းတော်ဘုရားလိုက်နာရမယ့် ဝတ်အကျင့်မျှားဖြစ်ပါတယ်ဘုရား။ ဤသည်ပင် ခမည်းတော် ညွှန်ပြတဲ့ လိုက်နာကျင့်သုံးရမယ့် ရာဇဓမ္မတွေဖြစ်ပါတယ်ဘုရား။

ဒက္ခဿု ဒါနိ ပုညကရော၊ အသောဣဏော အာဝိနာသကော။
သီလဝါဿု မဟာဆုဇ၊ ဒုဿီလော ဝိနိပါတိကော။

တော၊ သင်းမည်းတော်ဘုရား၏။ ဒါနိ-ဣဒါနိ၊ ဤပုဒ်နှစ်ခု ဒက္ခော၊ အစေအရာရာ လိမ်မာသူသည်။ ပုညကရော၊ ကောင်းမှုကို ပြုသူသည်။ အသောဣဏော၊ သေသောက်မကြွေးသူသည်။ အဝိနာသကော၊ တိုင်းပြည်၏ အစိုးအပွားကို မဖျက်ဆီးသူသည်။ အဿု၊ ဖြစ်တော်မူဘုရား။

ခမည်းတော်ဘုရား လူ အကြီး မဖြစ်ပါစေနှင့်၊ အောက်ကအမှု သည်တွေ့ လိမ်သမျှခံရတဲ့ လူအ ကြီး မဖြစ်ပါစေနှင့်၊ သာယာ ကျေ လည် နားပါးရည်တဲ့ လိမ်မာပါးနပ်တဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူပါ၊ ကုသိုလ် ကောင်းမှုတွေလည်း အပြုမပြုတတ် ပြုတော်မူပါ။ သေအမှတ်ကုသိုလ်း မသောက်စားသူ ဖြစ်တော်မူပါ။ ဒေး.... အဲဒါတွေ မလိုက်နာလို ရှိယင် ကိုယ့်ပစ္စည်းကို ဖျက်ဆီးတဲ့ပုဂ္ဂိုလ်ဖြစ်ပါလိုင့်မည်၊ မဖျက်ဆီးတဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူပါ။

မဟာဒရာဇ၊ ခမည်းတော်မင်းကြီး။ တုံ၊ သင်ခမည်းတော်ဘုရား သည်။ သီလဝါ၊ သီလရှိသူသည်။ အဿု၊ ဖြစ်တော်မူပါဘုရား။ ဟိ၊ မှန်၏။ ဒုဿီလော၊ သီလမရှိတဲ့ ပုဂ္ဂိုလ်သည်။ ဝိနိပါတိကော၊ ငရဲ-တိရစ္ဆာန် ပြိတ္တာ- အသုရကာယ်- အပါယ်ဘုံဆိုက်ကျ ဖရိုဖရဲ ပျက်ဆီးရ ပါတယ်ဘုရား။

ကုဏ္ဍလိနီ- သားလိကာမလေးပြောတဲ့ သြဝါဒဆုံးပြီ။ သူကလဲ ဆယ့်တစ်ဂါထာ။ အေး ဗြဟ္မဒတ်မင်းကြီးက မူးမတ်တွေ့မေးတယ်။

သာလိကာမဓလေး ဘောဇ္ဈော အမစ္စော၊ အို အမတ်တို့။ မမ ဒီတာယ
ဘဇ္ဈာရေးဝန်ကြီး ကုဏ္ဍလိနိယ၊ ဒေဝကဿမာနာယ။ အခုလို ဖြန်း
ဖြန်းကွဲ နှစ်ပုဒ်ထဲမှာ အကုန်လုံး မင်းကျင့်တရား
ပေး ပါဝင်အောင်ပြောသွားတဲ့ ငါ့သမီး-ကုဏ္ဍလိနီသည်။ ဖကန ကတ္တာပို့
ကိစ္စံ ဟတံ၊ ကယ်သူပြုလုပ်ရမယ့် အလုပ်ကို ပြုလုပ်ပါသလဲ အမတ်
အဖေါင်းဟို့-လို့ အဲဒီလိုမေးတဲ့ ဆဲါ အမတ်တွေက ဟည်တည်ပြုပဲတည်း
ဘဏ္ဍာဂါရိကနဲ့ ဖဒပ၊ ဘဏ္ဍာဓေးဝန်ကြီးလုပ်ရမယ့် ကိုစ္စဖတ္ဂလုပ်
ကာ မည်ပါတယ်။

ဟုတ်တယ်။ဒီကုဏ္ဍလိနီသာလိကာမဓလေးပြောတာဟာ ဘဏ္ဍာဓေး
ဝန်ကြီး ပြုလုပ်ရမယ့် ကိစ္စဖတ္ဂကို အကုန်လုံး သူပြောတာပဲ။ ဘာပြု
လို့တုံး- အရည်အချင်း မရှိတဲ့သူတွေ့ အမတ်မလုပ်ပါနှင့်၊ အရည်
အချင်း မရှိတဲ့လူတွေ့ အမတ်ဖြစ်ခဲ့လို့ရှိယင် အရှင်မင်းကြီးလဲဥစ္စာရော
တိုင်းပြည်ရော ပျက်စီးဆုံးရှုံးကုန်ပါလိမ့်မယ်။ သူပြောတာ အကုန်လုံး
ဘဏ္ဍာဓေးဝန်ကြီး စိတ်ဝင်စားမှုမယ့် အလုပ်တွေကို သူပြောတာဘုရား။

ဒီတော့ ဖြဟ္မဒတ်မင်းကြီးက....

တေန ဟိဿာ ဘဏ္ဍာဂါရိကဋ္ဌာနံ ဒမ္မိ။

တေန ဟိ၊ ထိုသို့ တပြီးကား။ အဿာ၊ ထိုငါ၏ သမီးတော်အား။
ဘဏ္ဍာဂါရိကဋ္ဌာနံ၊ ဘဏ္ဍာဓေးဝန်ကြီး၏ ရာထူးကို။ ဒမ္မိ၊ ပေးသနား၏။

ဒီလိုဆိုယင်....ငါသည် ငါ့သမီးတော်အား ဘဏ္ဍာဓေးဝန်ကြီး၏
ရာထူးဌာနန္တရ ပေးအပ်တယ်ဆိုပြီးကော့ အားလုံးပရိတ်သတ်ရှေ့
မျှောက်မှာ ဘဏ္ဍာဓေးဝန်ကြီး၏ အဆောင်အယောင် အခမ်းအနားနှင့်
တကွ အမ်ိန်တော်စာချုန် ကုဏ္ဍလိနီ သာလိကာမအား ဘဏ္ဍာဓေး
ဝန်ကြီး၏ ရာထူးကို နှင်းအပ်တယ်။

သာ တတောပဋ္ဌာယ ဘဏ္ဍာဂါရိကဋ္ဌာနေ ဌာတွာ ပိတု ကမ္မံ အာကာသိ။

သာ၊ ထိုကုဏ္ဍလိနီမည် သာလိကာမသည်။ တတော ပဋ္ဌာယ၊ ထိုဘဏ္ဍာရေးဝန်ကြီးရာထူး နှင်းအပ်သည့် နေ့မှစ၍။ ဘဏ္ဍာဂါရိကဋ္ဌာနေ ဘဏ္ဍာရေးဝန်ကြီး၏အရာ၌။ ဌာတွာ၊ တည်၍။ ပိတုကမ္မံ၊ ခမည်းတော်၏ အမှုကိစ္စဟူသမျှကို၊ အကာသိ၊ ရွက်ဆောင် ပြုလုပ်လေပြီ။

အဲဒီ အခါမှာကစပြီး ကုဏ္ဍ ဝိနီ သာလိကာမသည် ဘဏ္ဍာရေးဝန်ကြီးရာထူးကို ကောင်စံပြီးတော့ ဘဏ္ဍာရေးဝန်ကြီး လုပ်ထိုက်တဲ့ အလုပ်မှန်သမျှကို ဖခမည်းတော် လုပ်ရမယ့် ကိစ္စတွေကို လုပ်တယ်.... တဲ့။ ဒါက သာလိကာမရဲ့ အဖြစ်ပြီးပြီ။

ဇမ္ဗုက ကျေးသား၏ ဖြစ်ဆိုခန်း

အေး....အဲဒီနောက် မေးဖို့သားတော် ဇမ္ဗုက ကျေးသား ကျန်သေးဘယ်။ ရှေးနည်းအတိုင်းပဲ နှစ်ရက် သုံးရက်လောက်ကြာတော့ သားဖတော် ဇမ္ဗုကခကျေးသားထဲ တမန်ပေးလွှတ်။ ကျေးသားက အခြံအရန်တွေနှင့် တပျော်တပါး စားသောက် ညှဲ့ခံကျေးမွေးတယ်။ စားသောက်ပြီး ရက်ချိန်းပေးလို့ ရှေနန်းတော်ပြန်လာ....။ ခုနစ်ရက် မြောက် ရောက်ခဲ့ကာ့ နန်းဘော်ကွက်လပ်မှ မတ္တပ်ကြီးထဲမှာ တရားစည်လည်ခစ၍....ခေါ်၊ ပရိသတ် စုံညီတဲ့အခါကျတော့မှ.... ငါ့သားတော် ဇမ္ဗုက ခေါ်ခဲ့။

အဲဒီအခါ အမတ်က....ဇမ္ဗုက ကျေးသားကို ဧရွှေအင်းပျဉ်ပေါ်မှာ တင်ပြီးရွက်ဘယ်၊ ရှင်ဘုရင်ကြီးနားကျတော့- ဇမ္ဗုက ကျေးသားက ရှင်ဘုရားကြီးရဲ့ ရင်ခွင်ထဲဝင်နား၊ ရှင်ဘုရင်ကြီးက.... ငါ့သား

နေကောင်းရဲ့လား၊ တကတဲ့....ခေါင်းသပ် ကျောသပ်ပေါ့လေ၊ အဲဒီလို သားအဖ ကျီစယ်၊ ပဋိသန္ဓေရပြောလို့ဝတော့ကမှ ဇမ္မုကကျေးသားက ဇရအင်းပျဉ်ပေါ်မှာ နားပြီးတော့မှ ခမည်းတော် ဗြဟ္မဒတ်မင်းကြီးက မေးပြီ။

အပုစ္ဆိမှ ကောသိယဇေါတ္တံ၊ ကုဏ္ဍလိနိံ ဟဏေဝ ၈။
တုံ ဒါနိ ဝဒေဟိ ဇမ္မုကာ၊ ဗလာနံ ဗလမုတ္တမံ။

ဇမ္မုကာ၊ ချစ်သား ဇမ္မုက။ ကောသိယဇေါတ္တံ၊ ကောသိယအန္ဓယ်ဖြစ်တဲ့ သင်ရဲ့ နှောင်ကြိုး ဝေဿန္တရာကိုလည်းကောင်း။ ကုဏ္ဍလိနိံ၊ သင်ရဲ့ အမကြီးကုဏ္ဍလိနီကိုလည်းကောင်း။ မယံ၊ ငါမေးတော်သည်။ အပုစ္ဆိမှ၊ မင်းတို့ကျင့်ရမယ့်တရားကို မေးမြန်း၍ သိရပြီ။

မောင့်....နှောင်ကြိုး မောင့်အမကြိုးကို ခမည်းတော်ဘုရား မင်းပြုလုပ်ရမယ့်တရားဟာ မေးပြီးပြီ။

တာတ ဇမ္မုကာ၊ ချစ်သား ဇမ္မုကာ။ တုံ၊ သင်ချစ်သားသည်။ ဗလာနံ၊ အားအင်ဗလ ဟူသမျှတို့ထက်။ ဥတ္တမံ ဗလံ၊ အမြတ်ဆုံးဖြစ်သော အင်အားကို။ ဝဒေဟိ၊ ဖြေကြားပါလော့။

ငါ့သား.... မင်းကျင့်တရားနှင့် ဖြေပါ့ ငါ့သားရယ်။ အား ဘယ်နှစ်မျိုးရှိသလဲ၊ အဲဒီအားထဲမှာ ဘယ်အားသည် အကောင်းဆုံး အမြတ်ဆုံးလဲဆိုတာ ငါ့သားဖြေပါ။

အဲဒီလို ဗြဟ္မဒတ်မင်းကြီးက ဂါထာနှင့် မေးလိုက်တဲ့အခါကျတော့ ဇမ္မုက ကျေးသားက ဘာပြောသလဲဆိုတော့ -

တေန ဟိ မဟာရာဇ ဩဟိတာသောတော သုနာဟိ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ တေန ဟိ၊ ထိုသို့ တပြီးကား။ ဩဟိတာသောတော၊ ထောင်အပ်သော နားရှိသည် ဖြစ်၍။ သုနာဟိ၊ နာကြားပါတော့။

မင်းတို့၌ ရှိရမည့်အား ၅-ပါး

သပ္ပံ တေ ကထေဿာမိ။

တေ၊ သင်ခမည်းတော်၏။ သပ္ပံ၊ အလုံးစုံသော မင်းတို့ကျင့်ရမယ့် တရား အားရဲအကြောင်းအရာကို။ ကထေဿာမိ၊ အကျယ်တဝင့် ဖွင့်ပြ ဟောကြားပါ့မယ်။ အဲဒီလို စကားပလွှင့်ခံပြီးတော့ -

ဗလံ ပဉ္ဉဝိဓံ လောကော၊ ပုရိသဿိ မဟဂ္ဂတော။

တတ္ထ ဗာဟုဗလံ နာမ၊ စရိမံ ဝုစ္စတေ ဗလံ။

တာတ၊ ခမည်းတော်ဘုရား။ လောကေ၊ လောက၌။ မဟဂ္ဂတော၊ မြတ်သော မင်းအဖြစ်သို့ ရောက်သော။ ပုရိသဿ၊ ယောကျ်ား၌ ဗလံ၊ အားအင် ဗလသည်။ ပဉ္ဉဝိဓံ၊ ငါးပါးအပြားရှိပါတယ်ဘုရား။

(လောကမှာ အထက်တန်း မင်းအဖြစ်ကို ရောက်နေတဲ့ ပုဂ္ဂိုလ်၌ အားငါးမျိုးရှိတယ်)

တတ္ထ၊ ထိုငါးမျိုးတို့ရှိတဲ့ အနက်။ ဗာဟုဗလံ နာမ၊ လက်ရုံးအား မည်သည်ကို။ စရိမံ၊ အညံ့ဆုံးသော။ ဗလံ အားဟူ၍။ ဝုစ္စတေ၊ ဆိုအပ်ပါတယ်ဘုရား။

ခမည်းတော်ဘုရား မြတ်သော မင်းအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ် တယောက်အနေနှင့် ကြည့်မယ်ဆိုယင် အားငါးမျိုးရှိပါတယ်၊ (အဲဒီ

အားငါးမျိုးဟာ နောက်ဘေ့ သရုပ် အကောင်အထည် ပေါ်လာလိမ့်မယ်) အဲဒီ အားငါးမျိုးထဲမှာ လက်ရုံးအားဟာ အညှဉ်ဆုံးအားဖြစ်ပါတယ်။ ပညာရှိ သူတော်ကောင်းများက လက်ရုံးအားကို မချီးမွမ်းဘူး၊ ဒါအညှဉ်ဆုံးအားလို့ ပြောနေပါတယ်။

ဘောဂဗလဉ္စ ဒီဃာဝု၊ ဒုတိယံ ဝုစ္စတေ ဗလံ။
အမစ္စဗလဉ္စ ဒီဃာဝု၊ တတိယံ ဝုစ္စတေ ဗလံ။

ဒီဃာဝု၊ သက်တော်ရှည် ဖြစ်တော်မူတဲ့ ခမည်းတော်ဘုရား။ ဘောဂဗလဉ္စ၊ စည်းစိမ် ဥစ္စာ အားကိုကား။ ဒုတိယံဗလံ၊ နှစ်ခု မြောက်သော ခွန်အားဟူ၍။ ဝုစ္စတေ၊ ပညာရှိတို့ ဆိုအပ်ပါတယ် ဘုရား။ အမစ္စဗလံ၊ အမတ်ဗိုလ်ပါအင်အားကိုတော့၊ တတိယံ၊ သုံးခု မြောက်သော။ ဗလံ၊ ခွန်အားဟူ၍။ ဝုစ္စတေ၊ ပညာရှိတို့ ဆိုအပ်ပါတယ်ဘုရား။

ခမည်းတော်ဘုရား ...မင်းဖြစ်သော ပုဂ္ဂိုလ်မှာ အားငါးမျိုး ရှိပါတယ်ဘုရား။ လက်ရုံးအား ဒါအညှဉ်ဆုံးအား။ စည်းစိမ် ဥစ္စာ ရှေ့ငွေ့ ဘဏ္ဍာအား-ဒါ ဒုတိယ။ မူးမတ်ဗိုလ်ပါ စစ်သည်အင်အား.... ဒါ- တတိယအားလို့ ဆိုရပါတယ်။ ပညာအားသည် အမြတ်ဆုံး အသာဆုံး။

အဘိဇစ္စဗလံ စေဝ၊ တံ စတုတ္ထံ အသံသယံ။
ယာနိ စေတာနိ သဗ္ဗာနိ၊ အဓိဂဏှာတိ ပဏ္ဍိတော။

တာတ၊ ခမည်းတော်ဘုရား။ အဘိဇစ္စဗလံ၊ မြင့်မြတ်ခြင်းတည်းဟူသော ခွန်အားကို။ စတုတ္ထံ ဗလံ၊ လေးခုမြောက် အားပ္ပ၍။ အာဟု၊ ပညာရှိတို့ ဆိုကြပါသည်ဘုရား။

စတုတ္ထဗလကို အဘိဇစ္စအား....လို့ ခေါ်တယ်။ မြင့်မြတ်ခြင်းအားပေါ့လေ။ အမျိုးမြင့်မြတ်ခြင်းဆိုသော အားသည် စတုတ္ထအားပါ။

ယာနိ စေတာနိ သဗ္ဗာနိ၊ အကြင်အလုံးစုံသော အခုဆိုခဲ့ပြီးတဲ့ ဗာဟုဗလ, ဘောဂဗလ, အမစ္စဗလ, အဘိဇစ္စဗလဆိုတဲ့ အားလေးမျိုးတို့ကို။ ပဏ္ဍိတော၊ ပညာရှိသော ပုဂ္ဂိုလ်သည်။ အသံသယံ၊ မချုတ်မယွင်း ယုံမှားကင်းစွာ။ အဓိဂစ္ဆာတိ၊ လွှမ်းမိုးအုပ်ချုပ်နိုင်ပါတယ်ဘုရား။

ယခု ဆိုခဲ့ပြီးတဲ့ အားလေးမျိုးကို ပညာရှိတဲ့အားက လွှမ်းမိုးနိုင်ပါတယ်။ ဒါ ပြောလိုတယ်။ ဒီတော့ အားဟာ ငါးမျိုးရှိတယ်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ပုဂ္ဂိုလ်ဖြတ္ခမှာ အား ငါးမျိုးရှိတယ်။

(၁) ဗာဟုဗလ=မိမိရဲ့လက်ရုံးရည်အား၊

(၂) ဘောဂဗလ=စည်းစိမ်ဥစ္စာအား၊

(၃) အမစ္စဗလ=မိမိရဲ့ အမတ်ဗိုလ်ပါအင်အား၊

(၄) အဘိဇစ္စဗလ=အမျိုးဇာတ် မြင့်မြတ်တဲ့အား၊

(၅) ပညာဗလ=ပညာအားပါပဲ။

ပညာရှိတဲ့ပုဂ္ဂိုလ်ဟာ အဲဒီ ရှေ့လေးမျိုးကို လွှမ်းမိုးနိုင်နင်းသွးနိုင်တယ်၊ နိုင်နင်းသွးတာပဲ။

တံ ဗလာနံ ဗလံ သေဋ္ဌံ၊ အဂ္ဂံ ပညာဗလံ ဗလံ။
ပညာဗလေနုပတ္ထဒ္ဓေါ၊ အတ္ထံ ဝိန္ဒတိ ပဏ္ဍိတော။

တာတာ၊ ခမည်းတော်ဘုရား။ ပညာဗလံ၊ ပညာအားတည်းဟူသော။ ယံ ဗလံ၊ အကြင်အားသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုပညာ

တည်းဟူသော အားသည်။ ဗလာနံ၊ အားတကာတို့အနက်။ သေဠံ၊ အထူးသဖြင့် ချီးမွမ်းအပ်မြတ်သော။ အဂ္ဂံ ဗလံ၊ အထွတ်အဖျား အမြတ်ဆုံးဖြစ်သော အားမည်ပါတယ်ဘုရား။

ခမည်းတော်ဘုရား ပညာဆိုတဲ့ အားဟာ- အားလုံးသော အားတွေထက် အမြတ်ဆုံး ချီးမွမ်းအပ် မြတ်လှပါတယ်ဘုရား။ ဘာကြောင့်လဲဆိုတော့—

ပညာဗလေန၊ ပညာအားသည်။ ဥပတ္ထဒ္ဓေါ၊ ထောက်ပံ့အပ်သည် ဖြစ်၍။ ဝါ၊ ထောက်ပံ့အပ်သော။ ပဏ္ဍိတော၊ ပညာရှိသည်။ အတ္ထံ၊ ကောင်းကျိုးကို။ ဝိန္ဒတိ၊ ရနိုင်ပါသည်ဘုရား။

ပညာအားရှိမှ၊ ဒီပညာအား အထောက်အပံ့ရမှ၊ ပညာရှိပုဂ္ဂိုလ်သည် ကောင်းသောအကျိုး တိုးပွားခြင်းဆိုတဲ့ အကျိုးရမှာ ဖြစ်ပါတယ်ဘုရား။

အပိ စေ လဘတိ မန္ဒော၊ ဗိတံ ဓနေဟိ မုဠှ မံ၊
အကာမဿ ပသယှံ ဝါ၊ အညော တံ ပဋိဿုတိ။

တာတ၊ ခမည်းတော်ဘုရား။ မန္ဒော၊ ပညာအားနဲရိတဲ့ လူနှုံသည်။ ဗိတံ၊ ဝမြောက်သော။ ဘတ္တာမံ၊ မြောက်သော။ ဓနေဟိ၊ မြေပြင်တဝှမ်းလုံးကို။ စေ အပိ လဘတိ၊ အကယ်၍ပဲ ရကယ်ထားဦး,တော့။

ဘာမှ ပညာမရှိတဲ့လူ ဟော ဒီ မဟာဝထဝီ မြေပြင်တဝှမ်းလုံးကို သူ့လက်ထဲရောက် သိမ်းဆည်းထားနိုင်တယ်၊ သိမ်းကျုံးမိတယ်ပဲ ထားဦးတော့။

အညော၊ ပညာနဲ့တဲ့သူမှတပါး အခြားပညာရှိတဲ့ သူတစေ်ယောက်က။ အကာမဿ၊ ထိုပညာနဲ့တဲ့သူ အလိုမတူပဲလျှင်။ ပသယှံ ဝါ၊

လွမ်းမိုးနှိပ်စက်၍မူလည်း။ ကတ္တာ၊ ပြု၍။ တံ၊ ထိုပညာမဲ့သူပိုင်သော မြေပြင်အဝှမ်းကို။ ပဋိပဇ္ဇတိ၊ စီမံအုပ်ချုပ် ယူသွားတတ်၏....။

ခမည်းတော်ဘုရား၊ ပညာမရှိတဲ့လူ မြေပြင်တဝှမ်းလုံးကို ပိုင်ဆိုင်အစိုးရတယ်ပဲထားဦး၊ အဲဒီလူကို ပညာရှိတဲ့လူက အဲဒီ ပညာမရှိတဲ့လူသဘောမတူပဲဖြစ်စေ သူ့အပေါ် လွှမ်းမိုး၍ဖြစ်စေ အကုန်လုံး အဲဒါတွေကို စီမံအုပ်ချုပ်၍ သွားရော-တဲ့။ ပညာအား မရှိယင် ခံရတတ်တယ်....။

အာဘိဇာတောပိ စေ ဟောတိ၊ ရဇ္ဇံ လဒ္ဓါန ခတ္တိယော။
ဒုပ္ပညော ဟိ ကာသိပတိ၊ သဗ္ဗေနပိ န ဇီဝတိ။

ဟာဟာ၊ ခမည်းတော်ဘုရား။ ခတ္တိယော၊ ခတ္တိယဇာတ်ဖြစ်သော ပုဂ္ဂိုလ်သည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ လဒ္ဓါန၊ ရ၍။ အာဘိဇာတော၊ ဇာတ်မြင့်မြတ်သူသည်။ စေပိ ဟောတိ၊ အကယ်၍လည်း ဖြစ်ပေဦးတော့။ ကာသိပတိ၊ ကာသိတိုင်းရှင် ဖခင်မင်းကြီး။ ဒုပ္ပညော၊ ပညာမရှိတဲ့ ဇာတ်မြင့်တဲ့ပုဂ္ဂိုလ်သည်။ သဗ္ဗေန၊ အလုံးစုံသော မင်းအဖြစ်ကို။ န ဇီဝတိ၊ မှီ၍အသက်မမွေးနိုင်။

ခမည်းတော်ဘုရား–ဇာတိဗလ အမျိုးဇာတ် မြင့်မြတ်တဲ့ ခတ္တိယဇာတ် ပုဂ္ဂိုလ်ဖြစ်လို့ မင်းအဖြစ်ကိုပဲ ရတယ်ထားအုံးတော့၊ အဲဒီမင်းဟာ ပညာအားမရှိယင် သူရတဲ့ စည် စိမ်နှင့် သူ့အသက် ရှည်ရှည် မနေနိုင်ဘူး။

ဇမ္မုကာလေတော်တော်ကို လေးနက်တယ်နော်- ဘယ်လောက်ပဲ ဘောဇဗလရှိရှိ၊ ဘယ်လောက်ပဲ ဗာဟုဗလ၊ ဘယ်လောက်ပဲ အမစ္စဗလ၊ ဘယ်လောက်ပဲ အဘိဇစ္စဗလ ရှိရှိ၊ ပညာဗလမရှိယင် ပညာတည်းဟူသော အားမရှိယင် ပညာရှိတဲ့ ပညာအားကြီးတဲ့ လူက ရှေ့အား

လေးပါးရှိတဲ့လူကို လွှမ်းမိုးပြီးတော့ သွားတာပဲ။ ဒါဖြင့် ကောင်းပြီ-ပညာရဲ့သဘောကို ပြောစမ်းပါအုံးဆိုတော့-

ပညာရှိသူ၏ သဘောလက္ခဏာများ

ပညာဝ သုတံ ဝိနိစ္ဆိနီ၊ ပညာ ကိတ္တိ သိလောကဝဟုနီ။
ပညာသဟိတော နရော ဇဂ္ဂဓ၊ အပိ ဒုက္ခေ သုခါနိ ဝိန္ဒတိ။

တာတ၊ ခမည်းတော်ဘုရား။ ပညာဝ၊ အသိပညာ အလိမ္မာသည် သာလျှင်။ သုတံ၊ ကြားအပ်သမျှ ဥဿုံ အလုံးစုံကို။ ဝိနိစ္ဆိနီ၊ မှန်မမှန် ဆုံးဖြတ်နိုင်၏။

ခမည်းတော်ဘုရား ပြောတာကိုတော့ ဟုတ်ထာရော မဟုတ်ထာရော နားထဲမှာ အကုန်ကြားမှာ။ သို့သော် ပညာရှိမှ အဲဒီကြားသမျှ ဥစ္စာတွေကို မှန်တယ် မမှန်ဘူးဆိုတာ ဆုံးဖြတ်နိုင်မယ်။

ပညာ၊ ပညာသည်။ ကိတ္တိသိလောကဝဟုနီ၊ ကျော်စောသတင်း ပူဇော်သက္ကာရ လာဘ်လာဘတို့ကို တိုးပွားစေတတ်၏။ ဇဂ္ဂဓ၊ ဤလောက၌။ ပညာသဟိတော၊ ပညာနှင့် တကွဖြစ်သော။ နရော၊ လူသည်။ ဒုက္ခေ အပိ၊ ဆင်းရဲသောအခါ၌လည်း။ သုခါနိ၊ ချမ်းသာသုခတို့ကို။ ဝိန္ဒတိ၊ ရယူနိုင်၏။

ခမည်းတော်ဘုရား ပညာရှိတဲ့လူမှ ဤလောကမှာ ဆင်းရဲဒုက္ခ၊ ရောက်တဲ့အခါမှာလဲပဲ ချမ်းသာသုခကို ရအောင်ယူနိုင်တာ၊ ပညာမရှိယင် ဆင်းရဲဒုက္ခရောက်ခဲ့ပါသော် ဆင်းရဲတွင်းက မတက်ဘူး၊ ချမ်းသာသုခ ထိုသူ့မှာ မရနိုင်တော့ဘူး။

ပညဉ္စ ခေါ် အသုဿုသံ၊ နံ ကောစိ အဓိဂစ္ဆတိ။
ဗဟုဿုတံ အနာဂမ္မ၊ ဓမ္မဋ္ဌ အာဝိနိမ္ဘုဇံ။

တာတ၊ ခမည်းတော်ဘုရား။ ဗဟုဿုတံ၊များသောအကြားအမြင်ရှိသော။ ဓမ္မဋ္ဌံ၊ သူတော်တရားဌိတည်သောသူကို။ အနာဂမ္မ၊ မချဉ်းကပ်မူ၍။ အသုဿုသံ၊ ပညာရှိတို့ထံ ရိုသေစွာမနာခံသော။ အဝိနိမ္ဘုဇံ၊ ကိုယ်ဘိုင်သေချာဝေဖန်တဲ့ ဉာဏ်ပညာမရှိသော။ ကောစိ၊ တစုံတယောက်သောသူသည်။ ပညဉ္စ၊ အသိအလိမ္မာဉာဏ်ပညာဆိုတဲ့အားကိုလဲပဲ။ နံ အဓိဂစ္ဆတိ၊ မရနိုင်။

ခမည်းတော်ဘုရား....ပညာရှိမှ ပညာရှိမှ ကောင်းတာအမှန်ပါ။ ဒါပေမယ့် ...ဒီပညာဆိုတဲ့တရားဟာ....ဗဟုဿုတရှိတဲ့လူကို ဆည်းကပ်ရတယ်။ အေး- တခါ သူတော်တရားဌိတည်တဲ့သူကို ဆည်းကပ်ရတယ်။ အဲဒီလို ဆည်းကပ်ရုံနဲ့ ပြီးသလားဆိုတော့ သူပြောတာကို ရှိရှိသေသေ နာယူမှတ်သားရတယ်။ အဲဒီလို နာယူမှတ်သားမှ ပညာကရဖြစ်ဟာတဲ့။ အဲဒီလိုမဟုတ်ပဲ....ဗဟုဿုတရှိတဲ့လူကို ကျောပေး၊ အင်းသူတော်ခကောင်းတရားနှင့်တည်တဲ့လူကို ကျောပေး၊ မိမိကဘာမှ ခွဲခြမ်း စိစဉ်ဖြာတတ်တဲ့ဒသံညာဏ်လဲ မရှိဘူးဆိုယင် အဲဒီပုဂ္ဂိုလ် ပညာဘယ်တော့မှ မရဘူး။

ယော စ ဓမ္မဝိဘင်္ဂညူ၊ ကာလုဋ္ဌာယီ မတန္ဒိတော။
အနုဋ္ဌဟတိ ကာလေန၊ ကမ္မဖလ တာသဇ္ဇတ။

မဟာရာဇ၊ ခမည်းတော်မြတ် လောကနတ်။ဓမ္မဝိဘင်္ဂညူ၊ ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ခွဲခြမ်းဝေဖန်ခြင်းဌဉ် လိမ္မာသော ကာလုဋ္ဌာယီ။ ပြုသင့်ကာလဌ် လုံ့လဝီရိယကို ပြုလေ့ရှိထသော။ အတန္ဒိတော၊ ပျင်းရိခြင်းကင်းထသော။ယော စ ပဏ္ဍိတော၊ အကြင်ပညာရှိ

သောသူသည်လည်း။ ကာလေန၊ လုံ့လပြုသင့်သောကာလ၌။ အနုဋ္ဌဟတိ၊ လုံ့လပြု၏။ တဿပတ္တိတဿ၊ ထိုပညာရှိအား။ ဖလံ၊ ကံ၏အကျိုးသည်။ ဣဇ္ဈတိ-သမိဇ္ဈတိ၊ ပြည့်စုံပါသည်ဘုရား။

ခမည်းတော်ဘုရား၊ ပညာရှိဆိုတာ ကောင်းသောဘဝသို့ ရောက်ကြောင်းဖြစ်တဲ့ ကုသလကမ္မပထတရား ဆယ်ပါးကို ခွဲခြမ်းဝေဖန်ခြင်း၌ ကျွမ်းကျင်ရပါမယ်။ လုံ့လကြိုးကုတ်အားထုတ်ဖို့ အချိန်အခါ ကြုံကြိုက်ပြီဆိုယင် နောက်မဆုတ်တမ်း အားသွန်ခွန်စိုက် ပြုလုပ်ရပါမယ်။ လုံ့လကြိုးကုတ် အားထုတ်ရမယ့်အချိန်မှာ ပျင်းရိမနေပါနှင့်။ အဲဒီလို လုံ့လဆင်ခြင်မှုတွေနဲ့ ပြည့်စုံယင် ထိုပညာရှိပုဂ္ဂိုလ်မှာ ကောင်းသောအကျိုးစီးပွားတွေနဲ့ ပြည့်စုံပါမယ်ဘုရား။

အနာယတနသိလဿ၊ အနာယတနသေဝိနော။
နှ နိဗ္ဗိန္ဒိယကာရိဿ၊ သမ္မဒတ္ထော ဝိပစ္စတိ....။

တာတ၊ ခမည်းတော်ဘုရား။ အနာယတနသိလဿ၊ အားထုတ်ခြင်းမရှိသော။ (ဝါ) ထိုထိုကိစ္စအဝဝကို ဝါယမစိုက်အားထုတ်ခြင်း လုံးဝမရှိသော။ အနာယတနသေဝိနော၊ ထိုထိုကိစ္စအဝဝ၌ အားထုတ်တဲ့သူကို မမှီဝဲသော။ နိဗ္ဗိန္ဒိယကာရိဿ၊ ငြီးငြီးငွေ့.ငွေ့. ထိုထိုအမှုတို့ကို မလုပ်ချင်လုပ်ချင်နဲ့ ပျင်းရိစွာ ပြုလုပ်လေ့ရှိသောပုဂ္ဂိုလ်အား။ သမ္မာ၊ ကောင်းစွာ။ အတ္ထော၊ အကျိုးသည်။ နဝိပစ္စတိ၊ မရင့်ကျက်နိုင်။

ခမည်းတော်ဘုရား.... အလုပ်ကိုမလုပ်ပဲ ပျင်းရိလေ့ ရှိတဲ့သူ၊ အလုပ်လုပ်တဲ့လူနဲ့ ပေါင်းသင်းဆက်ဆံပြီးတော့ လုပ်တော့လဲပဲ စိတ်မပါ လက်မပါငြီးငြီးငွေ့ငွေ့ အလုပ်ကို ပြုလုပ်တဲ့ပုဂ္ဂိုလ်ဟာ ကောင်းကျိုးကို ဘယ်တော့မှ မရဘူး။

အဇ္ဈတ္တဉ္စ ပယုတ္တဿ၊ တထာယတနသေဝိနော။
အနိဗ္ဗိန္ဒယကာရိဿ၊ သမ္မဒတ္ထော ဝိပစ္စတိ။

တာတ၊ ခမည်းတော်ဘုရား။ အဇ္ဈတ္တံ၊ မိမိ၏ အဇ္ဈတ္တသဏ္ဌာန်၌။ ပယုတ္တဿ စ၊ လုံ့လကြိုးကုတ် အားထုတ်သည်လည်း ဖြစ်သော။ တထာ၊ ထို့အတူ။ အာယတနသေဝိနော၊ လုံ့လကြိုးကုတ် အားထုတ်တဲ့သူကို မြိုင်ဆည်းကပ် ပေါင်းသင်းလေ့ရှိသော။ အနိဗ္ဗိန္ဒိယကာရိဿ၊ မိမိအလုပ်ကို မငြီးမငွေ့ စိတ်ပါလက်ပါ ထက်ထက်သန်သန် ပြုလုပ်လေ့ရှိသော ပုဂ္ဂိုလ်အား။ သမ္မဒတ္ထော၊ ကောင်းသောအကျိုးသည်။ ဝိပစ္စတိ၊ တန္ခေတခြား ရင့်ကျက်၍ လာပါတယ်ဘုရား။

ကိုယ့်အလုပ်ကို ကြိုးကြိုးစားစား မပျင်းမရိလုပ်ရမယ်။ အလုပ်လုပ်တဲ့သူကို မြိုဝဲပေါင်းသင်းရမယ်၊ အလုပ်လုပ်တဲ့အခါမှာ ထက်ထက်သန်သန် သွက်သွက်လက်လက် အလုပ်လုပ်ရမယ်၊ အဲဒီလိုနဲ့ယင် ကောင်းကျိုးတွေ မိမိကို အကျိုးပေးပြီ မှတ်တော့။

ယောဂပ္ပယောဂသဉ်ဒိတံ၊ သမ္ဘတသာနုရက္ခဏံ။
တာနိ တုံ တာတ သေဝဿု၊ မာ အကမ္မာယ ရန္ဓယိ။
အကမ္မုနာ ဟိ ဒုမ္မေဓော၊ နဋ္ဌာဂါရံဝ သီဒတိ။

တာတ၊ ခမည်းတော်ဘုရား။ သမ္ဘတသ၊ အပုံအစုပြုအပ်သော စည်းစိမ်ဥစ္စာကို။ အနုရက္ခဏံ၊ အစဉ်စောင့်ရှောက်ခြင်း။ ယောဂပ္ပယောဂသဉ်ဒိတံ၊ ယှဉ်သင့်သည်၌ ယှဉ်ခြင်းဟု ဆိုအပ်သော ပညာ။ တာနိ၊ ထိုနှစ်ပါးသော အကြောင်းတို့ကို။ တုံ၊ ခမည်းတော်မင်းမြတ်သည်။ သေဝဿု၊ မှီဝဲတော်မူလော။ ဒုမ္မေဓော၊ ပညာမရှိသူသည်။ အကမ္မုနာ၊ မသင့်လျော်သော အကြောင်းဖြင့်။ ဓနံ၊ ဥစ္စာကို။

နာသေတ္ဝာ၊ ပျက်စီးစေ၍။ နဋ္ဌာဂါရံ၊ကျ။ အိမ်ဆွေးသည်။သီဒတိ ဣဝ၊ ပျက်စီးသကဲ့သို့။ တံ့၊ ခမည်းတော်သည်။ အကမ္မာယ၊ မသင့်လျော်သောအကြောင်းဖြင့်။ မာ ရန္ဓယိ၊ ဥစ္စာကုန်ခန်းစေမ့်သောငှါ လုံ့လ ပြုတော်မမူပါလင့်။

ခမည်းတော်ဘုရား ယှဉ်သင့်သောအခါ၌ ပညာနှင့် ယှဉ်၍လုပ်ပါ၊ စည်းစိမ်ဥစ္စာတွေကိုလဲ စောင့်ရှောက်ပါ။ ဒီအကြောင်းတရားနှစ်ပါးနဲ့ ဆိုခဲ့ပြီးတဲ့ မင်းကျင့်တရားတွေကို ခမည်းတော် မှီဝဲကျင့်သုံးပါ။ ပညာမရှိယင် ကျ။ အိမ်ဆွေးလိုပဲ မသင့်လျော်သော အကြောင်းနဲ့ ခမည်းတော်ပျက်စီးပြီး အပါယ်သို့ ကျရောက် တတ်ပါတယ်ဘုရား။ ဒီလို မပျက်စီးပါစေနဲ့လို့ ပြောတာဖြစ်တယ်။

အေး–အဲဒီလို ဘုရားလောင်း ဇမ္ဗုက ကျေးသားက အားငါးပါး ထဲနှာ ပညာအားက အမြတ်ဆုံး ဖြစ်ကြောင်း၊ ပညာအားကို အမှတ်းတင်ပြီး ဖြေဆိုပြီးတဲ့နောက် ခမည်းတော်အား မင်းကျင့်တရား ဆယ်ပါးတို့ဖြင့် ဆုံးမပြန်တယ်။

ရာဇဓမ္မ ဒသကထာ

ပေါဓိသတ္တ ဘုရားအလောင်းဖြစ်တဲ့ ဇမ္ဗုကကျေးသား ပေးတဲ့ ရာဇဓမ္မ ဆယ်ကထာ။

(၁) မမံ စရ မဟာရာဇ၊ မာတာပိတူသု ခတ္တိယ။
ဣဓ မမံ စရိတ္ဝာန၊ ရာဇသဂ္ဂံ ဂမိဿသိ။

ခတ္တိယ၊ ရေမြေပိုင်သ အစိုးရသော။ မဟာရာဇ၊ မြတ်သော ခမည်းဘော်မင်းကြီး။ မာတာပိ ဘူသု၊ မယ်တော်ခမည်းတော် တို့၌။ မမံ၊ တရားကို။ စရ-စရာဟိ၊ ကျင့်တော်မူပါဘုရား။ ဣဓ၊ ဤ

ပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ၊ မယ်တော်ခမည်းကော်တို့အပေါ် တရားသော အမှုကို။ စရိတ္ဝာန၊ ကျင့်ကြံ၍၊ (ဝါ)ကျင့်ကြံသ ည်ရှိသော်။ သင်္ဂံ၊ နတ်ရွာလောကသို့။ ဂမိဿသိ၊ ခမည်းတော်လားရောက်ရပါလိမ့်မည်။

မယ်တော် ခမည်းတော် မင်းနှစ်ဖော်တို့ကို ပစ်မထားပါနဲ့၊ မယ်တော် ခမည်းတော်တို့အပေါ်မှာ ပြုစုလုပ်ကျွေးခြင်းဆိုတဲ့ တရားကို ကျင့်ပါ။ ကျင့်လို့ရှိယင် ခမည်းတော်ဘုရား....ဒီဘဝကစုတေ.... နတ်ရွာလားရပါလိမ့်မယ်။ နတ်ပြည်စံဝင်တော်မူရပါလိမ့်မယ်ဘုရား။

(၂) ဓမ္မံ စရ မဟာရာဇ၊ ပုတ္တဒါရေသု ခတ္တိယ။
ဣဓ ဓမ္မံ စရိဘ္ဝာန၊ ရာဇ သင်္ဂံ ဂမိဿသိ။

ခတ္တိယ၊ ရေမြေကိုအစိုးရသော။ မဟာရာဇ၊ မြတ်သောခမည်းတော်မင်းကြီး။ ပုတ္တဒါရေသု၊ သားမယားတို့အပေါ်၌။ ဓမ္မံ၊ တရားကို။ စရ-စရာဟိ၊ ကျင့်လော့။ (သားဝတ်-မယားဝတ် ပြုရမည့် ကျင့်ဝတ်တွေ အပြည့်အစုံကျင့်တော်မူပါ) ရာဇ၊ ခမည်းတော်မင်းဘုရား။ ဣဓ၊ ပစ္စုပ္ပန်မြတ် ဤဘဝ၌။ ဓမ္မံ၊ သားမယားတို့အပေါ် ပြုရမည့် အကျင့်ကို။ စရိတ္ဝာန၊ ကျင့်ကြံသည်ရှိသော်။ တုံ၊ သင်ခမည်းတော်မင်းတရားကြီးသည်။ သင်္ဂံ၊ နတ်ရွာလောကသို့။ ဂမိဿသိ၊ လားရောက်ရပါလိမ့်မယ်ဘုရား။

(၃) ဓမ္မံ စရ မဟာရာဇ၊ မိတ္တာမစ္စေသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတ္ဝာန၊ ရာဇ သင်္ဂံ ဂမိဿသိ။

(၄) စတုတ္ထဂါထာကျတော့ "ဝါဟနေသု ဗလေသု စ"
(၅) ပဉ္စမဂါထာကျတော့ "ဂါမေသု နိဂမေသု စ"
(၆) ဆဋ္ဌဂါထာကျတော့ "ရဋ္ဌေ ဇနပဒေသု စ"

(၇) သတ္တမဂါထာကျွတော့ "သမဏော ဗြာဟ္မဏောသု စ"
(၈) အဋ္ဌမ ဂါထာကျတော့"မိဂပက္ခီသု ခတ္တိယ"
(၉) နဝမဂါထာကျတော့ "ဓဇမ္မာ ဧဏ္ဍာ သုခါဝဟော"
တန်းလို့ စာကျက်ယင် ဒီကိုးပုဒ် မှတ်ထားရတယ်။ ကျန်တာတွေက အကုန်တူတယ်။ (ကိုးခုတန်းပြီးတော့ ကိုးဂါထာကျန်တာကို အကျဉ်းချုံးပေးကြစို့)။

မိတ္တာမစ္စသု၊ မိတ်ဆွေနှင့်တကွ အတူတကွ လုပ်ဖော်လုပ်ဖက် ဖြစ်တဲ့ အမတ်တို့၌။ ဓမ္မံ၊ ထောက်ပံ့ခြင်းစတဲ့ ပြုကျင့်ရမည့် အကျင့်ကို။ စရ-စရာဟိ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ပါလော့။

ဝါဟနေသု၊ ဆင်ယာဉ် မြင်းယာဉ်စသည်တို့၌ လည်းကောင်း။ ဗလေသု စ၊ ဗိုလ်ပါတို့၌လည်းကောင်း။ ဓမ္မံ၊ အထောက်အပံ့ပေးခြင်း ဆိုတဲ့ အကျင့်ကို။ စရ-စရာဟိ၊ ကျင့်ကြံပါလော့။

ဂါမေသု စ၊ ရွာသူရွာသားတို့၌လည်းကောင်း။ နိဂမေသု စ၊ နိဂုံးနေသူ ဗိုလ်လူတို့အားပါ၌လည်းကောင်း။ ဓမ္မံ၊ အမတော်ကြေးထုတ်ပေးခြင်း အစရှိတဲ့ မင်းတို့ကျင့်ရမည့်တရားကို။ စရ-စရာဟိ၊ ကျင့်ကြံပါဘုရား။

ရဋ္ဌေ၊ တိုင်းပြည်၌လည်းကောင်း။ ဇနပဒေသု စ၊ ဇနပုဒ်တိုက်နယ်တို့၌လည်းကောင်း။ (ဝါ)ရဋ္ဌေ၊ တိုင်းသားပြည်သူ ဗိုလ်လူတို့၌လည်းကောင်း။ ဇနပဒေသု စ၊ ဇနပုဒ်တိုက်နယ်သူ တိုက်နယ်သားတို့၌လည်းကောင်း။ ဓမ္မံ၊ ရာဇဓမ္မ ၁၀-ပါး မိမိကျင့်ရမည့်တရားကို။ စရ-စရာဟိ၊ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူပါဘုရား။

သမဏော စ၊ ရဟန်းသူမြတ်တို့ အပေါ်၌လည်းကောင်း။ ဗြာဟ္မဏောသု စ၊ ပုဏ္ဏားသူမြတ်တို့အပေါ်၌လည်းကောင်း။ ဓမ္မံ၊ တရားသော

အစောင့်အရှောက်ကို ပေးခြင်းစတဲ့ ကျင့်ရမည့်ကျင့်ဝတ်ကို။ စရ-စရာ ဘိ၊ ကျင့်တော်မူပါဘုရား။

ရဟန်းပုဏ္ဏားသူမြတ်များကို သူတော်ကောင်းတရားရဲ့ အနှောင့်အယှက်မရှိအောင် တရားသော အစောင့်အရှောက်များ ပေးရပါ့မယ်။

အဲဒါ- ရဟန်းပုဏ္ဏား သူမြတ်များအပေါ် မင်းတို့ကျင့်ရမည့် မင်းကျင့်တရားပါ။

ရာဇ၊ ခမည်းတော်မြတ် လောကနတ်။ ဣဓ၊ ဤပစ္စုပ္ပန်လောကဌ်။ စမ္မံ၊ ရဟန်းပုဏ္ဏား သူမြတ်များအား လေးပါးသော ပစ္စည်းတို့ဖြင့် ချီး-မြှော်ထောက်ပံ့ခြင်းတည် ဟူသော မင်းတို့ကျင့်ဿမည့် ရာဇဓမ်ကို။ စရိတ္ဘာန၊ ကျင့်ကြံကိုးကုတ် အားထုတ်တော်မူရပါလိမ့်မည်။

မိဂဇာကွေသူ၊ သားငှက်တို့အပေါ်၌။ စမ္မံ၊ မသတ်ရ မဖြတ်ရ မပစ်ရ တည်းဟူသော အဘယ ဘေးမဲ့ပေးခြင်းတည်းဟူသော မင်းတို့ကျင့်ရန် ရာဇဓမ်ကို။ စရ-စရာဟိ၊ ကျင့်ကြံကိုးကုတ် အားထုတ်တော်မူပါလေ့။

စိတ္တော၊ ဓနစဉ်ရက်ဆက် လေ့ကျင့်ဆည်းပူးအပ်သော။ ဓမ္မော၊ သုစရိုက်ဆယ်ပါး သူတော်တရားသည်။ သုခါဝဟော၊ လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ တည်းဟူသော ချမ်းသာသုံးပါးကို ရောက်အောင် ရွက်ဆောင်နိုင်ပါပေ၏။ ရာဇ၊ ခမည်းတော်မြတ် လောကနတ်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝဌ်။ စမ္မံ၊ မင်းတို့ကျင့်ရန် ရာဇဓမ်ကို။ စရိတ္ဘာန၊ ကျင့်ကြံကိုးကုတ် အားထုတ်တော် မူလတ်သည်ရှိသော်။

တံ့၊ သင်ခမည်းတော် မင်းဘုရားသည်။ သင်္ဂံ၊ နှတ်ပြည်လောကသို့။ ဂမိဿသိ၊ လားရောက်တော် မူမှုပါလိမ့်မည်။

ကိုးဂါထာပြီးသွားပြီ ဆယ်ဂါထားမြောက်ကျတော့—

(၁၀) ဓမ္မံ စရ မဟာရာဇ၊ သင်္ဂန္ဒာ ဇေဝါ သဗြဟ္မကာ။
သုစိဏ္ဏေန ဒိဝံ ပတ္တာ၊ မာ ဓမ္မံ ရာဇ ပါမဒေါ။

မဟာရာဇ၊ ခမည်းတော်မြတ် လောကနတ်။ ဓမ္မံ၊ မင်းတို့ကျင့်ရန် ရာဇဓမ်-ဆယ်ပါး ကောင်းမြတ်သောတရားကို။ စရ-စရာဟိ၊ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူပါလော့။ သင်္ဂန္ဒာ၊ သိကြားနှင့်တကွကုန်သော။ သဗြဟ္မကာ၊ ဗြဟ္မာပြည် နှစ်ဆယ်နှင့်ဘကွကုန်သော။ ဇေဝါ၊ နတ်ဗြဟ္မာအပေါင်းတို့သည်။ သုစိဏ္ဏေန၊ ကောင်းစွာလေ့ကျင့်အပ်သော ကောင်းမှုဖြင့်။ ဒိဝံ၊ နတ်ပြည်ဗြဟ္မာ့ပြည်သို့။ ပတ္တာ၊ ရောက်ခဲ့ကြခဲလကုန်ပြီ။ ရာဇ၊ ခမည်းတော်မြတ် လောကနတ်။ ဓမ္မံ၊ မင်းတို့ကျင့်ရန် ရာဇဓမ်ကို။ မာ ပါမဒေါ၊ အသက်ကို စွန့်ရသော်လည်း မေ့လျော့တော် မမူပါနှင့်။

ဤသို့ အပ္ပမာဒတရား အနာဒရပ်သော အဆုံးအမ သြဝါဒ ဒသ ရာဇဓမ္မ ဓမ္မဋ္ဌရ ၁၁-ဂါထာဘို့ဖြင့် အဆုံးအမ သြဝါဒပေးပြီးလျှင် နောက်ဆုံး သြဝါဒပေးသောအနေဖြင့်—

တတ္ထဝ တေ ဝတ္တာပဒါ၊ သောဝ အနုသာသနီ။
သပ္ပညသေဝီ ကလျာဏီ၊ သဇေတ္တံ သာမ တံ ဝိဒူ။

တာတ၊ ခမည်းတော်ဘုရား။ တတ္ထဝ၊ ထိုဆိုခဲ့ပြီးသော တရားအစုသည်ပင်လျှင်။ (မိမိ၌ အလုပ်ကို ကြိုးကြိုးစားစား လုပ်၊ အလုပ် လုပ်တဲ့ လူနှင့် ပေါင်းသင်း ဆက်ဆံ၊ အလုပ်လုပ်တဲ့

အခါမှာ ငြိုးငြိုးငွေ့ငွေ့ မလုပ်နှင့် စိတ်ပါလက်ပါလုပ်၊ ပညာရှိ အောင်လဲပဲ ဗဟုသုတပညာရှိတဲ့လူကို ဆည်းကပ်၍ ရိုရိုသေသေ နာယူ။ အဲဒီတရားတွေသည်)။ တေ၊ သင်ခမည်းတော် မင်းတရားကြီး၏။ ဝတ္တပဒါ၊ ကျင့်ရမည့်တရားအစုတို့ပါပေ။ သေဝ၊ ဤသည်ပင်။ အနုသာသနီ၊ သားတော်ရဲ့ အဆုံးအမပါ။ တံ့၊ သင်ခမည်းတော်မင်းတရားကြီးသည်။ သပ္ပညသေဒီ၊ ပညာရှိ ကိုမှီဝဲဆည်းကပ်လေ့ရှိသည်ဖြစ်၍ လည်းကောင်း။ ကလ္យာဏီ၊ ကောင်းသော ကုသိုလ်အမှု ပြုသည်ဖြစ်၍လည်းကောင်း။ သမတ္တံ၊ အပြည့်အစုံဖြင့်တဲ့။ တံ၊ ထိုသားတော်ပေးတဲ့အဆုံးအမကို။ သာမံ၊ ကိုယ်ဘိုင်။ ဝိဒူ၊ ပိုင်းခြားထင်ထင်သိမြင်သည်ဖြစ်၍။ ယဿာနုသိဋ္ဌံ၊ ဘုရားသားတော် ဆုံးမအပ်သည့်အတိုင်း။ ပဋိပဇ္ဇ၊ ကျင့်ကြံပွားများ အားထုတ်တော်မူပါလော့။

ခမည်းတော်ဘုရား ပညာရှိကိုမှီဝဲပါ၊ ကုသိုလ်ကောင်းမှုကိုပြုပါ၊ အဲဒီလိုပြုခြင်းဖြင့် အပြည့်အစုံ မိမိရသင့်တဲ့ မင်းစည်းစိမ်ကို ခမည်းတော်ဘုရားသည် သိခဲ့တာ်မူ ရတော်မူပါလို့ ပြောပြီးတော့ ဇမ္ဗုကကသူရဲ့ ဩဝါဒကို သိမ်းလိုက်တယ်။

ဗြဟ္မဒတ်မင်းကြီးက သူ့ရဲ့အမတ်တွေကို ပြောတယ်-

ဇမ္ဗုကကျေးသားအား စစ်သေနာပတိရာထူး ခန့်အပ်ခြင်း

ဧဘာဇ္ဇော အမစ္စာ၊ မမ ပုတ္တေန တရုဏဇမ္ဗုဖလသ-
မာနတုဏ္ဍေန ဇမ္ဗုကပဏ္ဍိတေန ဧဝံ ကထေဇ္ဇေန ကေန
ကတ္တဗ္ဗံ ကိစ္စံ ကတံ။

အခုလိုပြောတဲ့ ဇမ္ဗု။သပြေသီး အမှည့်နှင့်တူတဲ့ နူတ်သီးရှိတဲ့ အတွက် 'ဇမ္ဗုက' လို့ ငါကိုယ်တိုင် အမည်မှည့်ပေးထားတဲ့ ငါရဲ့ သားတော်-ဤကဲ့သို့ ပြောဆိုတာဟာ ဘယ်သူပြုလုပ်တဲ့ အလုပ်ကို

လုပ်တာ မည်သလဲ၊ ဘယ်သူလုပ်ရမဲ့အလုပ်ကို သူလုပ်တာလဲလို့ အဲဒီလိုမေးတဲ့အခါ မှူးမတ်တွေက–

သေနာပတိနာ ဒေဝ။

ဒေဝ၊ အရှင်မင်းမြတ် သမုတိနတ်။ သေနာပတိနာ၊ စစ်သေနာပတိကြီးသည်။ ကတ္တာဗ္ဗံ၊ ပြုအပ်သောအလုပ်ကို။ ကတံနာမ၊ ပြုအပ်သည် မည်ပါတယ်ဘုရား။

ဒီအချက်တွေဟာ စစ်သေနာပတိလုပ်ရမယ့် အလုပ်ကို လုပ်ဆာ မည်ပါတယ်ဘုရား လို့ဆိုတော့–

တေန ဟိဿ သေနာပတိဋ္ဌာနံ ဒမ္မိ။

တေန ဟိ၊ ထိုသို့ တပြီးကား။ အဿ၊ ထိုငါ့သား ဇမ္မုကဖား။ သေနာပတိဋ္ဌာနံ၊ စစ်သူကြီးရာထူးကို။ ဒမ္မိ၊ ငါပေးသနား၏။

ဗြဟ္မဒတ်မင်းကြီးက အဲဒီလို ပရိသတ်ရှေမှောက်မှာ ကြေငြာပြီးတော့ စစ်သူကြီးတို့ရဲ့ အဆောင်အယောင်အားလုံး ရာထူးပါ ဇမ္မုကကျေးဇူးအား တခါတည်းခန့်အပ်တယ်။

သော တတော ပဋ္ဌာယ သေနာပတိဋ္ဌာနေ ဌတ္ဝာ ပိတု-
ကမ္မာနိ အကာသိ။

သော၊ ထို ဇမ္မုက ကျေးဇူးသည်၊ တတော၊ ထိုရာထူးခန့်အပ်ခြင်းမှ။ ပဋ္ဌာယ၊ စ၍။ သေနာပတိဋ္ဌာနေ၊ စစ်သူကြီး၏ ရာထူး၌။ ဌတ္ဝာ၊ တည်၍။ ပိတု၊ ခမည်းတော်၏။ ကမ္မာနိ၊ လုပ်ဆောင်ဖွယ်ကိစ္စအဝဝတို့ကို။ အကာသိ၊ ရွက်ဆောင်ပြုလုပ်လေပြီ....။

စစ်သူကြီးရာထူးကို လက်ခံပြီးတော့ တခါတည်း အမိန့်ပေးလိုက်ဆာ စစ်သူကြီးရဲ့အလုပ်တွေကို အကုန်လုံး လုပ်တယ်။

တိဏ္ဏံ သကုဏာနံ မဟန္တော သဂ္ဂါရော အဟောသိ။

တိဏ္ဏံ သကုဏာနံ၊ ခင်ပုပ်, သာလိကာ, ကျေးသား, သုံးကောင် ဆောင့်ကသားတို့ ဘား။ မဟန္တော၊ ကြီးစွာသော။ သဂ္ဂါရော၊ ပူဇော်သက္ကာရသည်။ အဟောသိ၊ ဖြစ်လတ်ပြီ။

(၁) ဝေဿန္တရာ ခင်ပုပ်ဒုက်က မြို့ဝန်၊ မြို့ဝန်ကြီး-မြို့ဝန်မင်း၊

(၂) ကုဏ္ဍလိနီ သာလိကာမလေးက ဘဏ္ဍာရေးဝန်ကြီး၊

(၃) ဇမ္ဗုက ကျေးသားလေးက စစ်သူကြီး စစ်ဒေသနာပတိ၊ စစ်ဦးစီးချုပ်ကြီး။

သူတို့ကလဲ တခါတည်း ဟုတ်ဘိပတ်တိကိုပဲ မိမိတို့ဆိုင်ရာအလုပ်တွေကိုပေါ့လေ သွက်သွက်လက်လက် အာဏာပေးပြီးတော့ လုပ်ကြတယ်။ ပြီးတော့ ပကတိအားဖြင့် တိရစ္ဆာန်မို့ သနားရတဲ့ဒေါပေါ သူတို့လုပ်တာတွေကို ချီးမွမ်းတော့ တိုင်းသူပြည်သားတွေဟာ မနေနိုင်ဘူးတဲ့။ဝေဿန္တရာရော၊ကုဏ္ဍလိနီရော ဇမ္ဗုကရော။ အေး ...ခင်ပုပ် ဇီးကွက်ရဲ့အထံရော၊ သာလိကာမလေးရဲ့အထံရော၊ ကျေးသားလေးရဲ့အထံရော၊ နေ့စဉ်နေ့စဉ် လက်ဆောင်ပဏ္ဏာတွေပို့ကြတယ်။

တယောပိ ဇနာ ရညော အတ္ထဉ္စ ဓမ္မဉ္စ အနုသာသိံသု။

တယောပိ ဇနာ၊ ငှက်သုံးကောင်လုံးတို့သည်လည်း။ ရညော၊မင်းကြီး၏။ အတ္ထဉ္စ၊ အကျိုးကိုလည်းကောင်း။ ဓမ္မဉ္စ၊ အကြောင်းကိုလည်းကောင်း။ အနုသာသိံသု၊ စီမံအုပ်ချုပ်ပို့လုပ်ကြလေပြီ။

ခမည်းတော်နတ်ရွာစံခြင်း။ ။ပြဟ္မဒတ်မင်းတရားသည်လည်း ဘုရား အလောင်းဇမ္ဗုကကျေးသား၏ အဆုံး အမသြဝါဒ၌ တည်ပြီးလျှင် ဒါန အစရှိသော ကောင်းမှုတို့ကိုပြု၍ အသက်၏အဆုံးဝယ် နတ်ပြည်လာကသို့လားရောက်ခဲ့ပါသည်။

ထိုအခါ အမတ်အပေါင်းတို့သည်လည်း ဘုရင်မင်းတရား၏ ဥတုဇ ရုပ်ကလာပ်ကို ဖုတ်ကျည်းသင်္ဂြိဟ်သည့် ပူဇော်ရာ အခါကာလဝယ် သားတော် သမီးတော် လက်သုံးတော်တို့အား ဖခင်မင်းတရား နတ်ရွာ လားကြောင်း လျှောက်ထားကြပြီးလျှင်—

ဇမ္ဗုကကျေးသားထီးနန်းလက်မခံ

သာမိ ဇမ္ဗုက သကုဏ ရာဇာ တုမှာကံ ဆတ္တံ ဥဿာပေတဗ္ဗံ အကာသိ။

သာမိဇမ္ဗုကသကုဏ၊ ဇမ္ဗုကဒါမည်ရသော အရှင့်သား။ ရာဇာ၊ အရှင့်သားတို့၏ ခမည်းတော်မင်းတရားသည်။ တုမှာကံ၊ အရှင့်သား တို့အား။ ဆတ္တံ၊ ထီးဖြူတော်ကို။ ဥဿာပေတဗ္ဗံ၊ စိုက်ထူအပ်သည်ကို။ အကာသိ၊ ပြု၍သွားခဲ့လေပြီဘုရား။

ဤသို့ လျှောက်ထားလတ်သည်တွင် အလောင်းတော် ဇမ္ဗုက ကျေးသားပညာရှိက—

န မယံ ရဇ္ဇေန အတ္ထော၊ တုမ္ဟေ အပ္ပမတ္တာ ရဇ္ဇံ ကာရေထ။

ဘောဇ္ဇော အမစ္စော၊ အို အမတ်တို့။ မယံ၊ ငါ့အား။ ရဇ္ဇေန၊ မင်းအဖြစ်ဖြင့်။ န အတ္ထော၊ အလိုမရှိပါ။ တုဏှမ္ပ၊ သင်္ဘိသည်။ အပ္ပမတ္တာ၊ မမေ့မလျော့ မပေါ့ဆကုန်သည်ဖြစ်၍။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေထ၊ ပြုရစ်ကြကုန်လော့။

ဤကဲ့သို့ မိန့်ကြားပြီးလျှင် တိုင်းသားပြည်သူ ဗိုလ်လူတို့အား ငါပါးသီလ၌ တည်စေခဲ့ပါသည်။ တိုင်းသားပြည်သူ ဗိုလ်လူတို့အား ငါးပါးသီလ၌ တည်စေပြီးသကာလ—

ဧဝံ ဝိနိစ္ဆယံ ပဝေတ္တယျာဏ။

ဘောန္တော အမစ္စာ၊ အို....အမတ်အပေါင်းတို့။ (ငါ တော့ထုတ် သွားပြီးသည်မှ နောက်ကာလဝယ်။) ဧဝံ၊ ဤ ဆိုလတ္တံ့သောနည်း အတိုင်း။ ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကို။ ပဝေတ္တယျာဏ၊ ဖြစ်စေကြကုန်။

ဤသို့မိန့်ကြား၍ တရားအဆုံးအဖြတ် ဓမ္မသတ်တို့ကို ရွှေပေလ္ဟာ၌ ကောင်းစွာရေးထည့်စေပြီးလျှင် မိဓိကိုယ်တိုင်ကား ဘုရားအလောင်း တော် ကျေးသားသည် တော်သို့ ဝင်ခဲ့ပါသည်။

တသော်ဝါဒေါ စတ္တာလီသ ဝဿသဟဿာနိ ပဝတ္တတိ။

အနှစ်ဖလးသောင်း ကြာအောင်တည် ထိုဘုရားအလောင်း ဇမ္မုက ကျေး သား၏ အဆုံးအမ သြဝါဒသည်ကား လူ့ပြည်လောကဝယ် အနှစ် လေး သောင်း ကြာညောင်းအောင် တည်ရှိခဲ့ပါသည်။

ဇာတ်တော်ပေါင်းခြင်း

လူနတ်တို့၏ဆရာ မြတ်စွာဘုရားသည် ပဿေနဒိကောသလမင်း တရားအား သြဝါဒပေးသောအနေဖြင့် ဤ တေသကုဏ္ဍဇာတ် တရား ဒေသနာတော်မြတ်ကို ဟောကြားတော်မူပြီးလျှင်–

မြတ်သောမင်းကြီး၊ ယခုအခါ အာနန္ဒာသည် ထိုစဉ်အခါက ဗြဟ္မဒတ်မင်း ဖြစ်ခဲ့လေပြီ။

ယခုအခါ ဥပ္ပလဝဏ်ထေရီမသည် ထိုစဉ်ကာလဝယ် ကုဏ္ဍလိနီ အမည်ခံသော သမီးတော် သာလိကာဌက်မ ဖြစ်ခဲ့ပြီ။

ယခုအခါ သာရိပုတ္တရာသည် ထိုစဉ်ကာလ ဝေဿန္တရာ အမည် ရှိသော ပညာရှိ ခင်ဗျတ်ဌက် ဖြစ်ခဲ့လေပြီ။

ယခုအခါ ငါဘုရားသည်ပင် ထိုစဉ်ကာလ အာယေယ်ဆုံး ညီထွေးဖြစ်၍ ဇမ္မုကအမည်ရသော ပညာရှိကျွေးသား ဖြစ်ခဲ့လေပြီဟု ဇာတ်တော် ကို ပေါင်းခဲ့ပါသည်။

ဤအကြောင်းကို အဋ္ဌကထာ၌—

သတ္ထာ ရဇညော သြဝါဒဝသေန ဣမံ ဓမ္မဒေသနံ ဒေသေ-တွာ ဇာတကံ သမောဓာနေသိ၊ တဒါ ရာဇာ အာနန္ဒော အဟောသိ၊ ကုဏ္ဍလိနီ ဥပ္ပလဝဏ္ဏာ၊ ဝေဿန္တရော သာရိ-ပုတ္တော၊ ဇမ္မုကသကုဏော ပန အဟမေဝ အဟောသိ'—

ဟူ၍ ဖွင့်ပြခဲ့ပါသည်။

သတ္ထာ၊ လူနတ်တို့၏ဆရာ မြတ်စွာဘုရားသည်။ ရဇညော၊ ပဿေနဒိကောသလမင်းဟူရားအား။ သြဝါဒဝသေန၊ အဆုံးအမ သြဝါဒ ပေးတော်မူသည်၏ အစွမ်းအားဖြင့်။ ဣမံ ဓမ္မဒေသနံ၊ ဤ ဇာတကတော် တရားဒေသနာတော်မြတ်ကို။ ဒေသေတွာ၊ ဟောကြားတော်မူပြီး၍။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဤဒါနိ၊ ယခုအခါ၌။ အာနန္ဒော၊ ငါဘုရား၏ညီဖွား အာနန္ဒာမထေရ် သည်။ တဒါ၊ ထိုစဉ်ကာလ၌။ ရာဇာ၊ ဗြဟ္မဒတ်မင်းတရားသည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ။

ဤဒါနိ၊ ယခုအခါ၌။ ဥပ္ပလဝဏ္ဏာ၊ ဥပ္ပလဝဏ်ထေရီမသည်။ တဒါ၊ ထိုစဉ်ကာလ၌။ ကုဏ္ဍလိနီ၊ ကုဏ္ဍလိနီ အမည်ရသော သမီးတော် သာလိကာဌက်မသည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ။

ကုဒါနိ၊ ယခုအခါ၌။ သာနိပုတ္တော၊ ငါဘုရား၏ လက်ယာရံ သာရိပုတ္တရာမထေရ်သည်။ တဒါ၊ ထိုစဉ်ကာလ၌။ ဝေဿန္တရော၊ ဝေဿန္တရာ အမည်ရသော သားတော်ပညာရှိ ခင်ပုတ်ဌက်သည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ။

ကုဒါနိ၊ ယခုအခါ၌။ အဟမေဝ၊ လူနတ်တို့၏ဆရာ ငါဘုရား သည်ပင်။ တဒါ၊ ထိုစဉ်ကာလ၌။ ဇမ္မုကသကုဏော၊ ဇမ္မုကအမည် ရှိသော ကျေးသားပညာရှိသည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ။

ကုဘိ၊ ဤသို့။ ဇာတကံ၊ ဇာတ်ဘော်ကို။ သမောဓာနေသိ၊ ဖေါင်းစေတော်မူ၏။

တေသကုဏဇာတ် တရားတော်

ပြီး၏။

ဗဟုပုဒ္ဓိကသောဏာဇထေရီဝတ္ထု

တရားတော်

လင်ယောကျ်ားနှင့် သားသမီးများနည်းတူ သာသနာတော်ဝင်၍
တရားအားထုတ်သော သဒ္ဒေးသမီး သောဏာထေရီကို
အတုယူရန် ရည်ရွယ် ဟောကြားခြင်း

သာသနာနှစ် ၂၅၁၁-ခု၊ ကောဇာသင်္ကရာဇ် ၁၃၂၉-ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၄-ရက်နေ့၊ မန္တလေးမြို့ အနောက်ပြင် ပုဏ္ဏကန်ရပ် ပုဏ္ဏားကြီး ဦးဟုတ်-ဒေါ်သန်းခင်တို့၏ ဓမ္မာရုံ ဥပုသ်တရားပွဲ၌ ဟောကြားအပ်သော (ဗဟုပုတ္တိကသောဏာထေရီ)ဝတ္ထု တရားတော်။

ပိဋ္ဌကကျွမ်းကန်တတ် ဆိုသည်မှာ

ခန္ဓာငါးပါးကို နားလည်တဲ့နေရာမှာ ဟို မင်းတုန်းရှင်ဘုရင်ကြီး လက်ထက်တုန်းက အခွါဆရာတော်များ ပိဋ္ဌကသုံးပုံကို နားလည်သလိုတော့လဲ မကိုက်သေးဘူး။ ယို ဆရာတော်များက "တို့လဲ ပိဋ္ဌကသုံးပုံကို တတ်ပါရဲ့"လို့ ပြောတယ်။ တတ်ယင် ပြောစမ်း ပါလို့ဆိုတော့ သုတ္တန်ပိဋ္ဌကတ်, ဝိနည်းပိဋ္ဌကတ်, အဘိဓမ္မာပိဋ္ဌကတ် အဲဒါ ပိဋ္ဌကတ် သုံးပုံပဲ။ ပိဋ္ဌကတ်သုံးပုံဆိုတာ အဲဖါပဲ....ပိဋ္ဌကတ်သုံးပုံကို နာမည်ပြောတတ်ရုံနဲ့ ဒါ-ပိဋ္ဌကတ်သုံးပုံ တတ်တယ်လို့ ဒီလို မမှတ်ယူသင့်ဘူး။

ဉာဏ်ယှဉ်တဲ့အသိတရား

အခုလဲပဲ တို့ ခန္ဓာငါးပါးတတ်ပါ့ဗျာ။ သိပါ့ဗျာ။ ဘာလဲဆိုတော့ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဒါ ခန္ဓာငါးပါး။ အဲဒါလောက်သိတာကို ပြောလို့တာ မဟုတ်ဘူးနော်။

ဥပမာပုံ....မိမိတို့ရဲ့ ရုပ်ထဲရှိသော မိမိတို့ရဲ့သားများ မိမိတို့ရဲ့တူများ၊ မိမိဘို့ရဲ့မြေးများ ရှိကြတယ်။ အဲဒီ မိမိတို့ရဲ့သား၊ တူ၊ မြေးဖြစ်တဲ့ ပုဂ္ဂိုလ်များရဲ့ နာမည်ကို ပြောလိုက်တယ်ဆိုယင်ပဲ မောင်ဖြူ၊ မောင်နီ၊ မောင်ညို၊ မောင်ဓနု၊ မောင်ဝါလို့ ဆိုလိုက်လို့ရှိယင် အဲဒီနာမည်ရဲ့ နောက်နားက အသံရဲ့ နောက်နားက ဉာဏ်ထဲမှာ ဘာတွေပေါ်လာသလဲဆိုတော့ မောင်ဖြူရဲ့ ပုံပန်း၊ မောင်နီတို့၊ မောင်ညိုတို့၊ မောင်ရွှေတို့၊ မောင်ဝါတို့ရဲ့ ပုံပန်းဇတ်ဟာ အကောင်အထည် ထနက်ဒြပ်တွေ ဉာဏ်ထဲမှာသိပြီးတော့ လိုက်လာတယ်။

အဲဒီလိုသိမှ ဟို ကိုယ့်ခြေမြေ၊ ကိုယ့်တူကို သိတဲ့အသိမျိုးလို အခုလဲပဲ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ ပြော လိုက်ယင် ပြောတဲ့အသံရဲ့ နောက်ပိုင်းကိုက ရူပက္ခန္ဓာလို့ ဆိုလိုမှုယင် သူ့ရဲ့သဘာဝတွေ နှစ်ဆယ်နဲ့ရှစ်ပါးသော သဘာဝရှိတယ် ဟဲ့လို့ သိဖို့၊ ဝေဒနာက္ခန္ဓာဆိုလို့ရှိယင် အကျယ်တဆုနဲ့ရှစ်ရှိတယ်၊ သညာက္ခန္ဓာဆိုလို့ရှိယင် အကျဉ်းချုပ် သညာခြောက်မျိုးရှိတယ်၊ သင်္ခါရက္ခန္ဓာဆိုယင် အကျဉ်းချုပ် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ဒါသင်္ခါရက္ခန္ဓာခေါ်တယ်၊ ဝိညာဏက္ခန္ဓာဆိုယင် အကျဉ်းချုပ် မြင်မှု ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ သိမှုဆိုတဲ့ ဒီ စိတ်ရဲ့အလုပ် ခြောက်မျိုးနဲ့ ကိုင်ပြီးတော့ ဝိညာဏက္ခန္ဓာဆိုတဲ့ အသံကြားယင် ဒီအနက်သဘာဝခြောက်မျိုးကို ဉာဏ်ထဲမြင်မှ ဒါမှ ကိုယ့်ခန္ဓာငါးပါးကို သိတဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်။

ရူပက္ခန္ဓာရဲ့ သဘောသရုပ်

လယ်တီဆရာတော်ဘုရားကြီးက ဒီခန္ဓာ အာယတန ဓာတ် သစ္စာ နားလည်အောင် လာ (၁၀) ခု ရေးထားတယ်၊ ခန္ဓာငါးပါးအတွက် ဆိုင်ရာ လက်ံာထဲမှာ ရူပက္ခန္ဓာ စယင်ပဲ...

ရူပက္ခန္ဓာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏဟု၊
အစုငါးတန်၊ ငါးရပ်ခန်တည်း၊

ဒါ....ခန္ဓာ ငါးပါးခေါင်းစဉ်လိုက်တာ....

ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြားချ၊ စကားပုံသော၊
ရုပ်ခေါ်ပေ၏။

အအေးနဲ့ တွေ့ပြန်တမျိုး၊အပူနဲ့တွေ့ပြန် တမျိုး၊ ဆာလောင်မှုတ်သိပ်တဲ့အခါ တမျိုး၊ ဝတဲ့အခါတမျိုး၊ ဖောက်ဖောက် ပြန်ပြန် ထွေထွေ ပြားပြား ဖြစ်ပွားတတ်တဲ့သဘောဟာဖြင့် ဒါ ရုပ်ပဲလို့ ဒီလို သိစေချင်လို့ "ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြားချ၊ စကားပုံသော၊ ရုပ်ခေါ်ပေ၏။" ဒီသဘောအစုကို ရူပက္ခန္ဓာခေါ်တယ်ဟဲ့လို့ အဲဒီလို အကျဉ်းချုပ်နားလည်ဖို့။

ဓာတ်ကြီးလေးပါး။ ။ဟာ ဒီထက်နားလည်ချင်သေးတယ်ဆိုယင်-
"ပြေတ် ရေဓာတ်၊ မီး, လေ,ဓာတ်ဟု၊
လေးရပ်ဘုတ်ကြီး၊ ပွားစီးအနက်။

ပါဠိလို...ပထဝီ၊ အာပေါ၊တေဇော၊ ဝါယောတဲ့။ မြန်မာလို မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်,လို့ မဟာဘုတ်ကြီးလေးပါး၊ ဘူတရုပ်ကြီးလေးပါးရှိတယ်၊ စမ်းကြည့်လိုက်လို့ အကြမ်းအနုတွေ့တာ ဒါ....ပြေဓာတ်ဟဲ့။ ဇမ်းကြည့်လိုက်လို့ အပူအအေးတွေ့တာ ဒါ တေဇောဓာတ်ဟဲ့။ စမ်းကြည့်လိုက်လို့ အပျော့အမာတွေ့တာ ဒါ ဝါယောဓာတ်ဟဲ့။ ဒီသဘာဝတွေ စုပေါင်းပြီးနေအောင် တုံ့ဖွဲ့ပေးတဲ့ သဘောကဖြင့် အာပေါဓာတ်ပဲ ရေဓာတ်ပဲ။အဲဒီလို အကြမ်းဖျင်းမှတ်။

အာရုံရုပ်ငါးပါး။ ။အဲဒီလို သိပြီးတဲ့နောက် တခါ "ရူပ သဒ္ဒ၊ဃာန ရသ၊ ဖောဋ္ဌဗ္ဗဟု၊ ငါးဖြာအာရုံ၊" မျက်စိနဲ့ မြင်ကောင်းသမျှ အဆင်းမျိုးစုံ ရူပါရုံဆိုတဲ့ရုပ်။ နားနဲ့ ကြားကောင်းသမျှ အသံမျိုးစုံ သဒ္ဒါရုံဆိုတဲ့ရုပ်။ နှာခေါင်းနဲ့ နမ်း၍ကောင်းသမျှ အနံ့မျိုးစုံ ဂန္ဓာရုံဆိုတဲ့ရုပ်။ လျာနဲ့လျက်၍ သိအပ်သမျှ ရသာမျိုးစုံ ရသာရုံဆိုတဲ့ရုပ်။ ကိုယ်နဲ့တွေ့ထိ၍ သိအပ်သမျှ အကြမ်းအနုအပူအအေး၊ အပျော့အမာဆိုတဲ့ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံလို့ အာရုံငါးပါး ပို့လဲ ခေါ်တဲ့ရုပ်ပါ၊ အာရုံရုပ် ငါးပါး။

ဘာဝစသော ရုပ်ငါးပါး။ ။နှစ်စုံဘာဝ၊ ဟဒယနှင့်၊ ဇီဝဿဒၑာ၊ ဆယ့်ရုစ်မှာမူ။

ဘာဝရုပ်နှစ်မျိုးရှိတယ် အမျိုးအမိုးတို့ရဲ့သဏ္ဌာန် ဣတ္ထိဘာဝရုပ်။ အမျိုးသားတို့ရဲ့သဏ္ဌာန် ပုမ္ဘာဝရုပ်၊ အမျိုးသား အမျိုးသမီးတို့ သဏ္ဌာန်မှာ အသီးအသီးရှိကြတဲ့ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်တို့သည်၊ ဆံဖျားမှ ခြေဖျားတိုင် တကိုယ်လုံး နှံ့ပြီးကော့ တည့်တဲ့ရုပ်တမျိုးဖြစ်ပါတယ်။

အမျိုးသားလေး တယောက်နဲ့အမျိုးသမီးလေး တယောက် တက်ုယ်လုံး အဝတ်နဲ့ခြုံထား၊ လက်ညှိုးလေးတခြောင်းစီသာ အပြင်ဘက်ထုတ်ထား၊ ကြည့်လိုက်လို့ရှိုယင်၊ လက်ညှိုးလေးကြည့်တာနဲ့ ဟာဒါအမျိုးသား၊ ဟာဒါ အမျိုးသမီးလေးလို့သိတယ်။ သိရအောင် ဘယ်သူက ခြယ်လှယ်ပေးသလဲလို့ဆိုလော့....အဲဒီ လက်ညှိုးထဲမှာရှိတဲ့ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်ကနေပြီးတော့ သိအောင် လုပ်ပေးတယ်။

တနည်းအားဖြင့်တော့ ဣတ္ထိဘာဝရုပ် ကိန်းဝပ်တဲ့သဏ္ဌာန်မှာ ဖြစ်ဖြစ်သမျှ ကိုယ်ကြောင့် စိတ်ကြောင့် ဥတုကြောင့် အာဟာရ

ကြောင့်ဖြစ်တဲ့ ရုပ်တွေဟာ တဘက်သားက ကြည့်လိုက်ယင် မိန်းကလေးလို အထင်မှတ်ယူရအောင်ဖြစ်တယ်၊ အဲဒါ ဣတ္ထိဘာဝရုပ် စိုးအုပ်တဲ့ တန်ခိုးပဲ။

ပုမ္ဘာဝရုပ် စိုးအုပ်တဲ့သဏ္ဌာန် ယောကျ်ားလေးရဲ့ သဏ္ဌာန်မှာ ဆိုယင် ဖြစ်ဖြစ်သမျှသော ကံကြောင့် စိတ်ကြောင့် ဥတုကြောင့် အာဟာရကြောင့်ဖြစ်တဲ့ ရုပ်လေးမျိုးလုံးဟာ လူတဘက်သားက ကြည့်လိုက်ယင် ယောကျ်ားလေးလို ကန်ယူရအောင်၊ ဒီအမူအာဆန္နဲ့ ဖြစ်ရတယ်။ ဒီလိုဖြစ်ခအောင် ပုမ္ဘာဝရုပ်ကစိုးအုပ် ခြယ်လှယ်ထားတယ်။

အဲဒါကြောင့်.... ဣတ္ထိဘာဝရုပ် ပုမ္ဘာဝရုပ်တို့ရဲ့ ခြယ်လှယ်ချက်အရ လက်ညှိုးလေး နှစ်ချောင်းကို မြင်သဖြင့် ဟောဒါ.. ယောကျ်ားလေး ဟောဒါမိန်းခလေးလို သိရတယ်။ လက်ညှိုးလေးထဲမှာပါတဲ့ ဘာဝရုပ်က မိန်းခလေးလို ပြောတယ်။ ဘာဝရုပ်ရဲ့ ခြယ်လှယ်မှုဖြစ်တယ်။ ပြီးတော့" နှစ်စုံဘာဝ၊ ဟာဒယနှင့်"ရင်တွင်းကြားမှာ....ဟာဒယာတွေ့ရုပ် လို့ရှိတယ်။ "ဇိဝှ, သြဇာ" ဇီဝိတရုပ် ကမ္မဇရုပ်ကလာပ်တွေကို အထိန်းအကြောင်း (အဖော်) ဖြစ်တဲ့ရုပ်တမျိုးကို ဇီဝိတရုပ်လို့ ခေါ်တယ်။ သြဇာဆိုတာက ဒီ ခန္ဓာကိုယ်ထဲမှာ အာဟာရဇရုပ်ကိုဖြစ်စေနိုင်တဲ့ ရသာဓာတ်နဲ့ ဟဲ့ဖော်တဲ့ဖက် ရသာဓာတ်အားကောင်းယင် ကောင်းတယ်။ ရသာဓာတ်နည်းယင် နည်းနည်းပဲ သူဖြစ်တတ်တယ်။

ဥပမာ.. အစာအာဟာရ တခုကို စားကြည့်လိုက်တယ်။ အဲဒီစားလိုက်တဲ့ အစာအာဟာရသည် ရသာဓာတ်ဆီ။ အင်မတန်ရသာကောင်းလို့ရှိယင် "တယ် သြဇာရှိတဲ့ အစာပဲ" လို့ပြောတယ်။

အမှန်ကတော့ ...ဩဇာက စားလို့လျှာပေါ်မှာ သိတာမဟုတ်ဘူး၊ လျှာပေါ်မှာသိတာက ရသာရုပ်ကို သိတာ၊ သို့သော် ရသာရုပ်ကောင်းလျှင် ဒကောင်းသလောက် ဩဇာခတ်ဆိကောင်းတယ်။ အဲဒါကြောင့် ရသာရုပ်ကောင်းတာကို အစဲ့ပြုပြီးတော့ "တယ် ဩဇာရှိသကိုး" လို့ ပြောယူရတယ်။ အမှန်ဓတော့ ဩဇာဆိုတဲ့ ရုပ်ကတော့ စိတ်နဲ့သိရတဲ့ရုပ်၊ လျှာနဲ့သိရတဲ့ရုပ် မဟုတ်ပါဘူး။ဒီတော့ ရသာခတ်နဲ့ ယှဉ်ဖော်တဲ့ဖက် အဖော်သဟဲဖြစ်တဲ့ ခတ်ဆိရုပ်တမျိုးကို....ဒါ ဩဇာရုပ်ခေါ်တယ်....။

နိပ္ဖန္နရုပ် ၁၈-ပါး

အားလုံး ပြန်ပေါင်းလိုက်ဘော့ ဆယ့်ရှစ်ခုရှိသွားတယ်။ အဲဒီဆယ့်ရှစ်ခုဟာ....တဲ့၊ "ကြောင်းစတုကြောင့်၊ ဖြစ်မှုပေါလော၊ သဘောသီးသန့်၊ ကိုယ်စီပြုံ၍၊ ရုပ်ကြိုးရှု၊ နိပ္ဖန္နတည့်း" ဒီတဆယ့်ရှစ်ပါးသော ရုပ်မျိုးကို....ကံကြောင့်, စိတ်ကြောင့်, ဥတုကြောင့်, အာဟာရကြောင့်, ဆိုတဲ့ အကြောင်းလေးပါး တို့ကြောင့် ပေါပေါလောလော သူတို့သဘောနဲ့ ထင်ထင်ရှားရှား ကိုယ်စီကိုယ်ငှအသီးသီး ဖြစ်ကြ ပြီးကြလို့ သူတို့ကို နိပ္ဖန္နရုပ်လို့ခေါ်တယ်။ လက္ခဏာယာဉ်သုံးချက်တင် ဆင်ခြင်သုံးသပ်လို့ရှိယင် ဒီရုပ်တွေဟာ ညာဏ်နဲ့မြင်တယ်။ ဟောဒါ နိပ္ဖန္နရုပ် ဆယ့်ရှစ်ပါး။

အနိပ္ဖန္နရုပ် တစ်ဆယ်

နောက်....အနိပ္ဖန္နရုပ် ဟာဘယ်ကိုတော့ "ထိုမှတပါး၊ ကလာပ်ခြားမျှ အာကာသ" တဲ့ ...အခုလိုန့ေရာသီ ပိုသိသာပါတယ်၊ လက်မောင်းထောင်ပြီး ကြည့်လို့ ဟိုဘက်ဒီဘက် မမြင်ရပေမယ့် အဲဒီအာကာသထဲက ခွေးကလေးတွေ အပေါက်လိုက် အပေါက်လိုက် ထွက်နေတယ်။

ဩော်....ရုပ်ကလာပ် တခုနဲ့တခုအကြား အာကာသရှိလို့ ဒီခွေးကလေးတွေ ထွက်တာပဲ။ အဲဒီတော့ ထိုဆိုရုပ်ကလာပ်တို့ရဲ့ အကြားကို အာကာသဓာတ်လို့ ခေါ်တယ်ဟဲ့လို့ သိရမယ်။

"ကာယဝစီ၊ နှုတ်လိဒ်ကိုယ်နှုတ်၊ လှုပ်မှုရှားမှု နှုစ်ခုဝိညတ်၊" တဲ့။ ကိုယ်လှုပ်ရှားမှု ကာယဝိညတ်၊ နှုတ်လှုပ်ရှားမှု ဝစီဝိညတ်လို့ဝိညတ် ရှုပ် နှုစ်မျိုးရှိတယ်။

ရူပဿလဟု၊ မုဒုကမ္မညာ၊ ဝိကာရခေါ်၊ ရုပ်သုံးဖော်ကား၊
ပေါ့ပါးနူးညံ့၊ ကျန်းခံမူရာ။

ရူပဿလဟုတာရယ်၊ ရူပဿမုဒုတာရယ်၊ ရူပဿကမ္မညတာ....လို့ ပါဠိလို ခေါ်တဲ့ ဝိကာရရုပ် သုံးမျိုးရှိတယ်။ ဝိကာရ ဆိုတာ သတ္တိထူး သုံးမျိုးပေါ့လေ။ ပထမ၊ ရူပဿလဟုတာက ပေါ့ပါးမှု နိပ္ဖန္နရုပ် တို့ရဲ့ ပေါ့ပါး သွက်လက်မှုကို ရူပဿလဟုတာ။ နိပ္ဖန္နရုပ်တို့ရဲ့ နူးညံ့မှုကို ရူပဿမုဒုတာ။ နိပ္ဖန္နရုပ်တို့ရဲ့ အမူဠာ် ခံကျန်းမှု....အလုပ်လုပ်နိုင်မှုကို ရူပဿကမ္မညတာ....လို့ခေါ်တယ်။ ဒါဟလဲပဲ ဒီခန္ဓာကိုယ်မှာပေါ့လေ ရှာတတ်ရမယ်။ လက္ခဏာယာဉ် သုံးသပ် တင်တဲ့ အခါကျတော့ အင်း....ဒီ အနိပ္ဖန္နရုပ်က မပေါ်လွင် မထင်ရှားသော်လဲပဲ ရုပ်တဆုံးနယ်ပယ်မှာ သူတို့ကိုလဲပဲ အကုန်သိအောင် လုပ်ရတယ်။

ဥပမာ– လူတယောက်သည် နေထိုင်မကောင်းပြီးကာစ နာလံထစ ဘယ်နှယ် နေတုံးဗျ-လို့ မေးယင် မပေါ့ပါးသေးပါဘူးဗျာ၊ မသွက်လက်သေးပါဘူး· ဟော ဒီလို ပြောကြတယ်။ သြော် ကန်ကော့သူ့သဏ္ဌာန်မှာ လဟုတာရုပ်အဖြစ် နည်းသေးတယ်-လို့ ဒီလိုသိရမယ်။

အဲ.... ရူပဿလဟုတာရုပ် အဖြစ်မျှားတဲ့ ပုဂ္ဂိုလ်ကျတော့ လုပ်ရ, ကိုင်ရ၊ သွားရ, လာရ၊ ပေါ့ပါးသွက်လက်လိုက်တာ လွန်လို.... ဒီလို ပြောယူရတယ်။

အဲ- မုဒုတာကလဲ ထိုအဘူပဲ၊ မုဒုတာဆိုတာ နူးညံ့တဲ့သဘော၊ နိပ္ပန္နရုပ်တို့ရဲ့ နူးညံ့မှုသဘော၊ ကြမ်းတမ်းမှုသဘောနဲ့ ယှဉ်ကြည့်မှ နူးညံ့မှုသဘောပေါ်တယ်၊ အစေ့ အဆင်ပြေမှုသဘောပေါ်တယ်၊ အဲ- ကြမ်းခက်မှုဆိုတာက နေထိုင်မခံသာအောင်းပြီးကာစ လက်တွေ့ခြေတွေ့ အကုန်လုံး ခက်တရော်ရှဲပြီးတော့ နေတဲ့အခါမျိုး၊ သြော်- မုဒုတာရုပ်မရှိဘူးဟဲ့- လို့ သိရမယ်။ အဲဒီက ကျွန်တော့်မှ နူးညံ့မှုဆိုတဲ့ အဲ-မုဒုတာကို နားလည်ရမယ်။

ကမ္မညတာ အင်း....အမှု၌ ခံကျွန်းတယ်၊ ခံကုန်းဆိုတာ ဘာလဲ၊ အလုပ်လုပ်နိုင်တယ်။ တကယ့် အသက်အရွယ်ကြီးတဲ့ ပုဂ္ဂိုလ်များကျတော့ လူငယ်ဖတ္ထလို သွက်သွက်လက်လက် မသွားနိုင်ဘူး။ မပြောနိုင် သွက်သွက်လက်လက် မစားနိုင်တော့ဘူး။ လူငယ်ကတော့ သွားခြင်း လာခြင်း၊ လှုပ်ခြင်း၊ စားခြင်းဆိုတဲ့ အလုပ်ကိုလုပ်တဲ့ ကမ္မညတာရုပ်, သွက်လက်ပေါ့ပါးမှုဆိုတဲ့ လဟုတာရုပ်တွေ အားများတယ်။ အဲဒီလိုဟာကိုမြင်သဖြင့် သြော်....ဘိုးသဏ္ဌာန်မှာ လဟုတာ- မုဒုတာ-ကမ္မညတာရုပ်တွေ တော်တော်အားကောင်းသကိုး။ လူအိုကြီးတွေ သဏ္ဌာန်မှာ အဲဒီ ဝိကာရရုပ် နည်းပါးတာကို မြင်သဖြင့် အဲ....လူငယ် လူရွယ်ဘိုးသဏ္ဌာန်မှာ ရှိကဲ့ ဝိကာရရုပ်ကို ဆပြီးတော့ သိရမယ်။

တရြာထိုမှ၊ ဥပစယ၊ အစပ္ပဒေးတိုး၊ အရိုးပြည့်မှီ၊ တည့်စဉ် သန္တတိ၊ ရဉ့်ဘ်ဇရာ၊ ပျက်မှာအနိစ္စ၊ ဂျိုလေးဝ မူလကွဏရုပ်၊ ခေါ်သမုတ်၏-တဲ့။

ထို့ပြင် ရုပ်ကလာပ်တို့ တဘဝမှာ(မစုံခင်ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်ကလာပ်တို့ရဲ့ ဥပါဒ်ပိုင်းကို ဥပစယလို့ ခေါ်တယ်။ ဖြစ်သင့် ဖြစ်ဆိုက် ရသင့် ရထိုက်သော ရုပ်ကလာပ်မျှား အားလုံးစုံပြီးတဲ့ နောက် ဖြစ်ပေါ်သမျှသော ရုပ်တို့ရဲ့ ဥပါဒ်ပိုင်း ဖြစ်ပေါ်တဲ့ ပထမပိုင်းကို သန္ဋတိလို့ ခေါ်တယ်။

အဲဒီ ထိုထိုရုပ်ကလာပ်တို့ရဲ့ ရင့်ရော်မှု အလယ်ပိုင်း ဌိ ခဏ၊ ကိုတော့ ဇရတာလို့ခေါ်တယ်၊ ထိုထိုရုပ်ကလာပ်တို့ရဲ့ နောက်ဆုံး ပျက်တဲ့ အစိတ်အပိုင်းကလေးကိုတော့ အနိစ္စတာ၊

ဒါက လက္ခဏ ရုပ်လေးပါးလို့ခေါ်တယ်။ အားလုံးပေါင်း "ရုပ်ပေါင်းဆယ်တန်၊ အနိမ္မန်တည့်"၊ ပြန်ပေါင်းယင်ပေါ့လေ။ အကာသ ဓာတ်၊ကာယဝိညတ်၊ဝစီဝိညတ်၊ရူပဿ လဟုတာ၊ မုဒုတာ၊ကမ္မညတာ၊ ဥပစယ၊သန္ဓတိ၊ ဇရတာ၊အနိစ္စတာ၊လို့ အနိပ္ပန္နရုပ်ဆယ်ပါးရှိတယ်-တဲ့။ ရှေ့ဆိုပြီး နိပ္ပန္နရုပ် တဆယ့်ရှစ်နှင့် ပေါင်းလို့ ရှိယင်ဖြင့် ရုပ် နှစ်ဆယ့်ရှစ်ပါး ဖြစ်တဲ့အကြောင်းကို-

နိပ္ပန်ဆယ့်ရှစ်၊ ပေါင်းတုံလစ်က၊ ရှစ်ခုစွန်းကယ်၊ ရုပ်နှစ်ဆယ်သည်၊ အကျယ်ရူပက္ခန္ဓာ တည်း-

လို့ လယ်တီဆရာတော် ဘုရားကြီးက ရူပက္ခန္ဓာ အကျယ် နားလည်အောင် လက်ဘရေးထားခဲ့တယ်။

ဝေဒနာအကျယ် ၁၀၀-ပါး ပဌားပုံ

အဲ....ဝေဒနာက္ခန္ဓာကျဉ်တော့-

ခံစားစံစား၊စကားနှစ်ထွေ၊ တရားနေမှာ၊ ဝေဒနာဓာတ် ခန္ဓာမှတ်လော့။

ခံစားမှု စံစားမှုလို့ ပြောဆိုတဲ့ သဘောတခုဟာဖြင့် ဒါ ဝေဒနာပဲ။ ခံစားတယ် စံစားတယ်ဆိုတဲ့ အသုံးဟာပေါ့လေ ဝေဒနာတရားလုံးကို အစွဲပြုပြီးသုံးတဲ့ ဝေါဟာရပါပဲ။

အဲဒီ–ဝေဒနာတွေဟာ ဘယ်လောက်ရှိသလဲ ဆိုတော့–

သုံးရပ်ဝေခွဲ၊ ဆင်းရဲဒုက္ခ၊ သုခချမ်းသာ၊ ဥပေက္ခာဟူ၊ လျစ်လျူ။ခံစား၊ မထင်ရှားတည်း။

ဝေဒနာသုံးပါး ခွဲကြတယ်။ ခံစားပုံ အခြင်းအရာ "သုံးရပ်ဝေခွဲ၊ ဆင်းရဲဒုက္ခ တဲ့–ဆင်းဆင်းရဲရဲခံစားရယင် ဒါ ဒုက္ခဝေဒနာ၊ ချမ်းချမ်းသာသာ သက်သက်သာသာ ခံစားမှုသဘောကို သုခဝေဒနာ။ "ဥပက္ခာ-မှု လျစ်လျူ။ခံစား မထင်ရှားတည်း" တဲ့။ ချမ်းချမ်းသာသာလဲမဟုတ် ဆင်းဆင်းရဲရဲလဲမဟုတ်၊ ချမ်းသာသည်လည်းလဲ မဟုတ် ဆင်းရဲသည်လည်းလဲမဟုတ် အလယ်အလတ် လျစ်လျူ မထင်မရှားခံစားမှု သဘောကို ဥပက္ခာ ဝေဒနာလို့ ခေါ်ရတယ်....။

နဲနဲဝေဒနာ ရှုကြဦးစို့ ဆိုပြီးတော့

ငါးပါးအလို၊ တဖုံဆိုသော်၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာ ဆင်းရဲ၊ လျစ်လျူခွဲလေ့–

ဝေဒနာ ငါးမျိုးခွဲကြအုံးစို့ တဲ့ ကိုယ်, စိတ်, နှစ်ပါးနဲ့ မှတ်ထားတယ်၊ ကိုယ်ပေါ်မှာဖြစ်တဲ့ ချမ်းသာ၊ စိတ်ပေါ်မှာဖြစ်တဲ့ ချမ်းသာ၊ ကိုယ်ပေါ်မှာဖြစ်တဲ့ဆင်းရဲ၊ စိတ်ပေါ်မှာဖြစ်တဲ့ ဆင်းရဲ၊ ကာယိကသုခ၊ ကာယိကဒုက္ခ၊ စေတသိကသုခ၊ စေတသိကဒုက္ခ၊ သုခနှင့်ဒုက္ခ၊နှစ်မျိုးစီရှိကြတယ်၊

ဥပမာပုံ–ကောင်းသော ဒေါတ်ကလေးကို ကိုယ်ပေါ်ထိလိုက်ရဘယ်၊ အဲဒီကိုယ်ပေါ်မှာဖြစ်တဲ့ ကောင်းတယ်လို့ ကောင်းကောင်း

ခံစားမှုလေးက ကာယိကသုခ။အဲဒီ အဝဘ်ကောင်းကလေး ဝတ်ရလို့ စိတ်ထဲက ပီတိတွေကျပြီး အင်မတန် နှစ်သက်အားရ ဝမ်းပန်းတသာ ဖြစ် အဲဒီ အခါမှာ စေတသိက သုခဝေဒနာ ဖြစ်တယ်။

ထို့အတူပဲ သုခသည် ကာယိကသုခ စေတသိကသုခ နှစ်မျိုးရှိတယ်၊ ဒုက္ခကလဲ ကာယိကဒုက္ခ စေတသိကဒုက္ခ ဥပမာ–လက်ဖဝါးအပေါ် ဆူးစူးလိုက်တယ်။ လက်ဖဝါးအပေါ်တွင်ဖြစ်တဲ့ မြှက်ကနဲ ဒုက္ခဝေဒနာဟာ ကာယိကဒုက္ခဝေဒနာပဲ။

အဲဒီမှာ အောင်မယ် ငါမှအထူးစူးရလေခြင်းဆိုပြီး ရင်ထဲကိုက နာလာတယ်၊ အဲဒါကျတော့ စေတသိကဒုက္ခဖြစ်တယ်၊ အဲဒီလို သုခက ကာယိကသုခ, စေတသိကသုခ။ ဒုက္ခကလဲ ကာယိကဒုက္ခ, စေတသိက ဒုက္ခ နှစ်မျိုးစီပြားကြတော့ လေးပါးဖြစ်တယ်။

ဥပက္ခာကတော့ စေတသိကမှာပဲ စိတ်ပေါ်မှာပဲဖြစ်တယ်၊ သူက တော့ လျစ်လျူ။ခံစား မထင်ရှားပဲ ဒါကောင်းတယ် ကြည်နူးတယ် ပြောယင် ဂွစ္ဆိယဘေဒအားဖြင့် ဝေဒနာ ငါးပါးရှိတယ်တဲ့။

တနဲထို့ပြင်၊ အမြင်အကြား၊ အနံ့အားဖြင့်၊ စားလျက် တွေ့ထိ၊ ကြံသိ ခြောက်ဖြာ၊ ချမ်းသာ ဆင်းရဲ၊ လျစ်လျူ။ ခဲ့ငြား၊ ဆယ့်ရှစ်ပါးတည်း။

ဝိညာဏ်ခြောက်ပါး ဌိတယ်-နော်၊ မြင်မှု ကြားမှု နံမှု လျက်မှု ထိမှု သိမှုလို့ခြောက်ပါးရှိတယ်၊ အဲဒီခြောက်ပါးမှာ မြင်မှုနဲ့ပတ်သက် ပြီးတော့ မြင်မှုကို ဒေခြေခံ အကြောင်း ပွါပြီးတော့ ချမ်းချမ်း သာသာ ခံစားမှု ဆင်းဆင်းရဲရဲ ခံစားမှု အလယ် အလတ် ခံစားမှု

သုံးမျိုးပြားတယ်။ ကြားမှုနဲ့ ပတ်သက်လို သုံးမျိုး ပြားတယ်၊ နံ့မှု လျှက်မှု ထိမှု သိမှုတို့နဲ့ပတ်သက်၍လဲ သုံးမျိုးစီ ပြားတယ်။

ဥပမာပုံ ... ကိုယ်မြင်ချင်တဲ့ ပုဂ္ဂိုလ်တယောက် ကိုယ့်မျက်စိ အောက် ရောက်လို့ မြင်လိုက်တယ် ဆိုယင် အတော်စိတ်က ချမ်းချမ်းသာသာရှိတယ်။ ဒါ အမြင်ချမ်းသာမှု။ ဒီ မျက်စိအပေါ်မှာ ပေါ့လေ အစဉ်ပြုပြီးတော့ သုခဝေဒနာဖြစ်တယ်။ ကိုယ်မုန်းတဲ့လူ တယောက် မျက်စိထဲမြင်တယ်ဆိုယင် ဒီလူငါကြည့်ရတာ စပါးမွှေးစူး လိုက်တာလို့ ပြောတယ်။ ဒါ ဒုက္ခဝေဒနာပဲ။ အမြင်ဆင်းရဲမှု။

လျစ်လျူ။ အလယ်အလတ်ပုဂ္ဂိုလ်ကျတော့ ဆင်းရဲတယ်လဲမဟုတ်ဘူး၊ ချမ်းသာတယ်လဲမဟုတ်ဘူး၊ မြင်ကာမျှ အကုန်သိ ပျောက်ဆိုတဲ့ မဏင်မရှား ခံစားမှုသဘောပေါ်တယ်။ အဲဒီလို အမြင်နဲ့ပတ်သက်ပြီးတော့ သုံးမျိုးပြားသလို။ အကြားနှင့်ပတ်သက်၍ သုံးမျိုး၊ အနံ့နဲ့ပတ်သက်၍ သုံးမျိုး၊ အစားအလျှက်နဲ့ပတ်သက်၍ သုံးမျိုး၊ အတွေ့အထိနဲ့ ပတ်သက်၍ သုံးမျိုး၊ အသိနဲ့ပတ်သက်၍ သုံးမျိုးလို့ သုံးမျိုးစီ ခြောက်လိပြားတော့ ဆယ့်ရှစ်ပါးဖြစ်တယ်။

သုံးပါးကာလ၊ ပွားထတုံသေး၊ ငါးဆယ့်လေးတည်း။

အဲဒီ – ဆယ့်ရှစ်ပါးကို ကာလသုံးပါးနဲ့ ပွားကြည့်တဲ့။ လွန်ခဲ့တဲ့ရက်က လွန်ခဲ့တဲ့လက လွန်ခဲ့တဲ့နှစ်က ဝေဒနာတွေ ဘယ်လောက်များများကြီးပဲ ဖြစ်ခဲ့တယ် ဆိုစေကာမူ တရားကိုယ် သဘောဖြင့် ကြည့်ယင် အမြင်နဲ့ပတ်သက်၍ ချမ်းသာမှု ဆင်းရဲမှု လျစ်လျူရှုမှု သုံးမျိုး။ အကြားနဲ့ ပတ်သက်၍ သုံးမျိုး၊ အနမ်းအရှုနဲ့ ပတ်သက်၍ သုံးမျိုး အစားအလျှက်နဲ့ ပတ်သက်၍ သုံးမျိုး၊ အတွေ့အထိနဲ့ပတ်သက်၍ သုံးမျိုး၊ သိမှုနဲ့ပတ်သက်၍ သုံးမျိုး ဒါပဲရှိတယ်။ ဆယ့်ရှစ်ပါး။

ယနေ့ ပစ္စုပ္ပန်မှာ ဖြစ်နေတဲ့ ဝေဒနာတွေလဲ ကုဋ္ဌေ ကုဋ္ဌာ ဘယ်လောက်ပဲများများ တကယ် ဒီ ဒွါရနဲ့ ပိုင်းကြည့်လိုက်လို့ရှိယင် ဆယ့်ရှစ်ပါးပဲရှိတယ်။

အမြင်နဲ့ပတ်သက်၍ သုံးပါး၊ အကြားနဲ့ပတ်သက်၍ သုံးပါး၊အနှံ့နဲ့, အလျက်နဲ့, အတွေ့အထိနဲ့, အသိနဲ့ပတ်သက်၍ သုံးပါးစီ အားလုံး ပစ္စုပ္ပန်မှာလည်း ဆယ့်ရှစ်ပါးပဲ ရှိတယ်-တဲ့။

အဲ....နောက်နေ့ နောက်လ နောက်နှစ်များမှာ ဖြစ်လတ္တံ့ သော ဝေဒနာလဲပဲ ဆယ့်ရှစ်ပါး။ အဲဒါကြောင့် ကာလသုံးပါးနှင့် ပွားလိုက်ယင် ဝေဒနာ ငါးဆယ့်လေးဖြစ်တယ်။

တရေးသဏ္ဌာန်၊ နှစ်ပွားပြန်က၊ ပားရ့ှစ်ပင်၊ အကျယ်မြင်လော့။

အဲဒီ ငါးဆယ့်လေးပါးကို ကိုယ်ခံစားမှုဟာ ကာလသုံးပါးအလိုက် ငါးဆယ့်လေးရှိသလို သူခံစားမှုဟာလဲပဲ ငါးဆယ့်လေးရှိတယ်။ ကိုယ်ခံစားမှုငါးဆယ့်လေးကို အတ္တတ္တဝေဒနာ ငါးဆယ့်လေး-လို့ ခေါ်တယ်။ သူခံစားမှု ငါးဆယ့်လေးကို ဗဟိဒ္ဓဝေဒနာ ငါးဆယ့်လေးလို့ ခေါ်တယ်။ နှစ်ရပ်ပေါင်းတော့ ဝေဒနာအကျယ်သည် တရ့ှစ်ပဲ ရှိတယ်-တဲ့။ ဝေဒနာကွန်ခွါဆိုယင် အဲဒီ တရ့ှစ်ပါး ရှိအောင် ဝေဒနာကို မြင်သွားမှ ဝေဒနာသဘော နားလည်တယ်လို့ ခေါ်တာ။ သညာကွန်ခွါကျတော့ ဆရာတော်ကြီးက-

သညာကွန်ခွါ

ထို့ပြင်သညာ၊ ခန္ဓာမှာကား၊ လိမ္မာတတ်သို၊ ခေါ်ကြဘို့ရှင့်။

ဘုန်းကြီးတို့ စာပေပို့ချတဲ့အခါကျတော့ သညာကွန်ခွါဆိုယင် အမှတ်ပြု၍ သိခြင်းလက္ခဏာ ဒါ သညာပဲ။ ဒါ-ရှိုးရှိုးပြောတာ

လယ်တီဆရာတော်ဘုရားကြီးကတော့ ဝေနေယျတို့ရဲ့ နားထဲမှာ ရှင်းကနဲ့ သဘောကျသွားအောင် အမိန့်ရှိတယ်။ မိန့်လိုက်ကတည်းကိုက သညာကွန္ဓာဆိုတာ ဘာကိုခေါ်တယ်ဆိုတာ ရှင်းသွားတယ်။

လိမ္မာတယ်၊ တတ်တယ်၊ သိတယ်၊ လောကီနယ်ပယ်မှာ ပါးတယ်၊ နပ်တယ်ဆိုတာ ဒါ သညာကွန္ဓာတွေပဲ။

လူ့ဘောင်မှာ၊ လူတကာနဲ့၊ လိမ္မာမြဲမူ၊ မှတ်စွဲဖြာဖြာ၊ ဤသညာပင်။

လူ့ဘောင် လူ့လောကမှာ သူများနည်းတူ ရောင်းတတ်တယ်၊ ဝယ်တတ်တယ်၊ ဝတ်တတ်တယ်၊ စားတတ်တယ်၊ သွားတတ်တယ်၊ လာတတ်တယ်။ လူ့လောက နယ်ပယ် လည်ပတ်မှုတွေ အကုန်လုံးဟာ ဒါ သညာကွန္ဓာပဲတဲ့ –

နတ်မှာ နတ်လျောက်၊ လိမ္မာမြောက်၏၊

နတ်လဲပဲ နတ်အလျောက် နတ်ကိစ္စမှာ ဆိုင်ရာဆိုင်ရာ ကိုယ့်ကိစ္စ လိမ္မာကျွမ်းကျင်မှုဟာ သညာကွန္ဓာပဲ–တဲ့၊

အောက်အပါယ်သား၊ ကျဲ့ နွဲ့ား မြင်း ဆင်၊ မြင်မြင်သမျှ အနန္တလည်း၊ ဘာဝ ဘာဝ၊ သိတတ်ကြ၏–တဲ့။

အောက်အပါယ်ဘုံသား ဖြစ်တဲ့ ကျဲတွေ၊ နွဲ့ားတွေ မြင်းတွေ ဆင်တွေ မြင်မြင်သမျှ တိရစ္ဆာန်သတ္တဝါတွေဟာ သူတို့ ဘာဝ ဘာဝ ထိုက်သလောက် ထိုက်သလောက် သိတတ်ကြတယ်၊ အဲဒီ အသိ သဘောတွေ သညာတွေပဲ။

လောကအလုံး၊ မျောမဆုံးလျှင်၊ အသုံးတွင်စွာ၊
အလိမ္မာဟု၊ အခြာအချုပ်၊ ခေါ်သမုတ်၏။

လောကီရေးရာနယ် နယ်ကျယ်သလောက် လိုက်ပြီး အလိမ္မာအချုပ်အခြာပဲလို့ခေါ်ဆိုယူရတဲ့ သဘောဟာဖြင့် ဒါ–သညာကွန္ဓာပဲ။ မုဆိုးတံငါ၊ သူ့အရာ၌။ လိမ္မာကျမ်းကျင်၊ သညာပင်တည်း။ မုဆိုး အရာ၌ မုဆိုး ကျမ်းကျင်တယ်၊ လိမ္မာတယ်၊ တံငါအရာ၌ တံငါကျမ်းကျင်တယ် လိမ္မာတယ်၊ အဲဒါတွေဟာ သညာတွေပါပဲ။

သို့စဉ်နည်းပြ၊ သိကုန်ကြလော့။

အခုပြောလာ နည်းပြမျှသာ ရှိပါသေးတယ် တဲ့။ လက်သမား နေရာမှာ လက်သမားကျမ်းကျင် တံငါနေရာ တံငါကျမ်းကျင် ပန်းပု နေရာ ပန်းပုကျမ်းကျင် အဲဒီ ကျမ်းကျင်မှု ကိစ္စတွေဟာ အကုန်လုံးဟာ ဒါ–သညာတွေပဲ။

ဒါဖြင့် ကိုယ်တော် လောကီနယ်ပယ်မှာ ပညာလဲ မပါတော့ဘူးလားဆိုတော့ ပညာမယှဉ်မဟုတ်ပါဘူး၊ ယှဉ်တယ်။

ဒါဖြင့် ဒါတွေ သညာချည်းပဲ၊ ဘယ့်နှယ်ကြောင့် ဖြာနေရတုန်း လို့ဆိုတော့ အဲဒီကိစ္စတွေမှာက သညာ က ခေါင်းဆောင်ပြီးသိတယ်၊ ပညာက အဲဒီအခိုက်မှာ ရေသာခိုနေ၊ သညာရဲ့နောက်ကနေပြီးတော့ ဟုတ်လား၊ တော်ရုံလျော်ရုံပေါ့လေ၊ ဟိုသူရဲ့အလုပ် ပညာရဲ့အလုပ် ကဖတော့ အခုပြောတဲ့ ခန္ဓာငါးပါးကို သိဖို့ကျတော့ သညာတို့က မသိနိုင်ဘူး၊ သညာတို့က နောက်လိုက်ဖြစ်တယ်၊ ပညာကမှ အဲဒီကျတော့ ဓမ္မသွားအသိဖြစ်ပါတယ်။

အနိစ္စ, ဒုက္ခ, အနတ္တသိတဲ့နေရာကျတော့ ပညာက အဲဒီသူ့နယ်ပယ်ရောက်လာတယ်၊ အဲဒီအချိန်အခါမှာ သညာကို ဗိုလ်ခန့်လို့မရဘူး၊ ပညာကမှ ရွေသွားခေါင်းဆောင် ဗိုလ်အနေနဲ့ သိတယ်၊ အဲဒါ

ကြောင့် လောကီနယ်ပယ်မှာသိတယ်- လိမ္မာတယ်- ကျွမ်းကျင်တယ်- ပါးနပ်တယ်ဆိုတာတွေဟာ သညာပဲတဲ့။

ဒါဖြင့် အင်မတန်ကျယ်နေတဲ့ သညာတွေကို ဈေးကြည့်လိုက်လို ရှိယင် ဘယ်လောက်ရှိတုံး ဆိုတော့....

ရူပသညာ၊ စသည်ဖြာသား၊ သညာအပြား၊ အကျဉ်း အားဖြင့်၊ ခြောက်ပါးလာရှိ။

အဆင်းနဲ့ပတ်သက်လို့ ပါးနပ်မှု ရူပသညာ၊ အသံနဲ့ပတ်သက်၍ ပါးနပ်မှု သဒ္ဒသညာ၊ အနံ့ နဲ့ပတ်သက်၍ ပါးနပ်မှု ဂန္ဓသညာ၊ ရသာနဲ့ပတ်သက်၍ ပါးနပ်မှု ရသ သညာ၊ အစတ္တအထိနဲ့ပတ်သက်၍ ပါးနပ်မှု ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသဘောနဲ့ ပတ်သက်၍ ပါးနပ်မှု ဓမ္မ-သညာ-လို့ အာရုံခြောက်ပါးအလိုက် သညာခြောက်ပါး ရှိပါတယ်။

သူ့ကို တခါ ရွှချင်သေးတယ်၊ ပွားချင်သေးတယ် ဆိုလို့ရှိယင်....

ပွားပြန်ဘိမူ၊ မြေသို့,ရေသို့၊ နေ,လ သိက၊ စရှိ သွယ်သွယ်၊ မဆုံးဖွယ်သည်၊ အကျယ် သညာကွန္ဓာ တည်း။

မြေဟူ၍ သိတာ ရေဟူ၍ သိတာ နေဟူ၍ သိတာ လဟူ၍ သိတာ ကြယ်ဟူ၍ သိတာ နက္ခတ်တာရာဟူ၍ သိတာ ကျောင်းဟူ၍ သိတာ အိမ်ဟူ၍ သိတာ ...အဲဒါ သိသမျှဟာဖြင့် သညာ..တဲ့ ဒါသညာသိ ချည်းပဲ။

လောကီပညာတ်နယ်ပယ်မှာ ပါးသလောက် နပ်သလောက်ဟာဖြင့် ဒါ သညာတွေချည်းပဲတဲ့။

သခ်ါရကွန္ဓာ ငါးဆယ်။ ။သခ်ါရကွန္ဓာကျတော့ ဆရာတော်ကြီးက—

ကာယဝစီ၊ မနောပြိတည်၊ သုံးလိကမွ၊ သခ်ါရမှု လို့....

ကာယကံ ဝစီကံ မနောကံလို့ ဆိုတဲ့ ကံသုံးပါးကို သခ်ၤါရကၡန္ဓာ ခေါ်လိုက်။ ဆရာတော်ဘုရားကြီး ပြောတာ အင်မတန်မှတ်လို့ လွယ်တယ်။ အဲ....ဘုန်းကြီးတို့ ပြောမယ့် သခ်ၤါရကၡန္ဓာကတော့ ကျယ်သွားတယ်။

သုံးလီကမ္မ၊ သခ်ၤါရမူ၊ ဓမ္မထင်ရှား၊ ငါးဆယ်ပြား၏။
တရားသား အနေနဲ့ ပြောယင် များတယ်၊ ငါးဆယ်အထိ ရှိတယ်။

ဇတ္ထဥ်း ဖဿ၊ ဆော်ထစေတနာ၊ ကေဂ်ါမူ၊ တည်ကြည့်ဟူ၏၊ သက်မူ ဇီဝိ၊ မနသိကား၊ နှလုံးထားတည့်၊ ငါးပါးဓမ္မ၊ စိတ်တိုင်းရ၏။

ဒါကျတော့ ဘုန်းကြီးသံတွေ ဖြစ်သွားတယ်.... "ဖဿ, စေတနာ, ကေဂ်တာ, ဇီဝိတိန္ဒြေ, မနသိကာရ" ဒီငါးပါးကို ပြောလိုတယ်.... အဲ အကျဉ်းချုပ်တော့ဖြင့် ကာယကံမူ ပြုပြုသမျှ၊ ဝစီကံမူ ပြောပြောသမျှ၊ မနောကံမူ ကြံကြံသမျှတွေဟာဖြင့် ဒါတွေဟာ သခ်ၤါရကၡန္ဓာတွေပဲ လူပြိန်းနားလည်လွယ်တယ် နော် အဲဒီနည်းဟာ....

ဟို"ဖဿတို့ စေတနာ ကေဂ်တာ ဇီဝိတိန္ဒြေ မနသိကာရ ဝိတက် ဝိစာရ အဓိမောက္ခ ဝီရိယ ပီတိ ဆန္ဒ"ဆိုတဲ့ စေတသိက် ငါးဆယ် ထုတ်ပြောတာက နားထဲ ကြားရတာက ကျယ်တယ်။ ဘာမှ စိတ်ထဲ မမှတ်မိလိုက်ဘူး။ အဲဒါတွေ သခ်ၤါရကၡန္ဓာ ခေါ်သတဲ့လို့"သတဲ့" လောက်ပဲ ပြောရတယ်။

အော် ဟုတ်တာပေါ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ဒါတွေ သခ်ၤါရကၡန္ဓာဆိုတာ ဟုတ်တယ်။ ကိုယ်ပြုပြင်မှု၊ နှုတ်ပြုပြင်မှု၊ စိတ်ပြုပြင်မှု ဆိုတာတွေဟာ သခ်ၤါရကၡန္ဓာတွေပဲလို့ အဲဒီလို သဘော ကျတယ်။

ဒါကြောင့် မြတ်စွာဘုရားကလဲပဲ သခ်ါရကွန္ဒာ ဟောရင်ပေါ့လေ။ ကာယကံ ဝစီကံ မနောကံထိုက်တဲ့ စေတနာနဲ့ ကိုင်ပြီးတော့ ဟော ပြတယ်။ သခ်ါရကွန္ဒာထဲမှာလဲပဲ, ခေါင်းဆောင်က စေတနာမို့ လို့ ထားတော့ ကာယကံမှု ဝစီကံမှု မနောကံမှု ပြုသမျှ ပြောသမျှ ကြံသမျှ ဟာဖြင့် သခ်ါရကွန္ဒာပဲ သိပြီပေါ့လေ၊ တို့ ဒီလောက် နား လည်ယင် တော်ပြီ။

ဝိညာဏကွန္ဒာ

ဝိညာဏကွန္ဒာကျတော့ -

အာရုံ ယူဘိ၊ အသိ သဘော၊ စိတ်မနောကို၊ ဝိညာဏ် ဆို၏။ အာရုံယူတတ်တဲ့ အသိသဘော စိတ်, အသိမနော, အဲဒီသဘော တရားကို ဝိညာဏ် ခေါ်တယ်တဲ့။ ဝိညာဏကွန္ဒာ ဆိုတာ အဲဒီ အသိသဘော စိတ်အစုကို ဝိညာဏကွန္ဒာ။

ထိုဝိညာဏ်ကား မြင် ကြား နံ လျက်၊ ထိ သိ ချက်ဟု၊ ခြောက်ဒုအကျဉ်း။

အဲဒီဝိညာဏ်သည် မြင်မှု ကြားမှု နံမှု လျက်မှု ထိမှု သိမှု အဲ-တနေကုန် ဖြစ်သမျှကို ခြုံပြီးကြည့်ယင် စိတ်ဟာ ခြောက်မျိုးပဲ ရှိတယ်။

မြင်တဲ့စိတ်ရယ် ကြားတဲ့စိတ်ရယ် နမ်းရှုတဲ့စိတ်ရယ် စားတဲ့ လျက်တဲ့စိတ်ရယ် ထိတဲ့စိတ်ရယ် သိတဲ့စိတ်ရယ် ဒါပဲ ခြောက်မျိုးပဲ ရှိတယ်၊အဲဒါ တနေ့လုံး ယနေ့လဲပဲ ဒီခြောက်မျိုးပဲ နက်ဖြန်လဲပဲ ဒီခြောက်မျိုးဖြစ်မှာပဲ၊ ပြီးခဲ့တဲ့ ရက်, လ, နှစ်ကလဲပဲ ဒီစိတ်နယ် ပယ်ကတော့ ဒီခြောက်မျိုးပဲ အဲဒီလောက်သိယင် တော်ပြီတဲ့။ ဒီတော့-

ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဆိုတဲ့ အသံကြားလျှင် အင်း ရူပက္ခန္ဓာ ဆိုယင် ရုပ နှစ်ဆယ့်ရှစ်ပါး။ ဝေဒနာက္ခန္ဓာဆိုယင် ဝေဒနာတစ်ရာ့ရှစ်ပါး။ သညာက္ခန္ဓာ ဆိုယင် လောကီ လူ့လောက လည်ပတ်မှုမှုန်သမျှခေါ်တာပဲ ဟဲ့....။ သင်္ခါရက္ခန္ဓာ ဆိုယင် ကာယကံ ဝစီကံ မနောကံမှု ပြုသမျှ ပြောသမျှ ကြံသမျှ ဟဲ့.... ဝိညာဏက္ခန္ဓာဆိုယင် မြင်မှု ကြားမှု နံမှု လျက်မှု ထိမှု သိမှု ဒီဟာခေါ်တာပဲ ။ ဒီတရားအစုကို ဝိညာဏက္ခန္ဓာခေါ်တယ်လို့ သိတာ့....။

အခုပြောခဲ့တဲ့ ရုပ်အစု ဝေဒနာအစု သညာအစု သင်္ခါရအစု ဝိညာဉ်အစု ဆိုတဲ့ ဒီသဘောကို ဘယ်ဟာကိုပဲ ကြည့်ကြည့် ယမန်နေ့က ဖြစ်ခဲ့တဲ့ ခန္ဓာငါးပါး ယနေ့မပါဘူး။ ယနေ့ဖြစ်တဲ့ ခန္ဓာငါးပါး နက်ဖြန်မရောက်ဘူး ဒီယနေ့မှာပဲ ချုပ်တယ်....။ ဒါ အင်မတန်ကျဲတဲ့ အပြောပဲ။

ဝေပုလ္လပဗ္ဗတသုတ်တန်

ဘုရားရှင်ကိုယ်တော်မြတ် ဝေပုလ္လသုတ်တန်များကျတော့.... ဒီထက် ကျဲတာနဲ့တောင် အနိစ္စကို ဖော်ပြကာယ်...။ အင်း ဝေပုလ္လသုတ်တန်များ မယ် မြတ်စွာဘုရားက ဒီရုပ်နာမ်ဓမ္မ သင်္ခါရတို့ရဲ့ မမြဲတာကို ပြချင် တော့လေ အကျဲဆုံးနည်းဖြင့်ဟောတော်မူထားတယ်...

ဘူတာပုဗ္ဗံ ဘိက္ခဝေ ဣမသ္မာ ဝေပုလ္လသ္မာ ပဗ္ဗတာသ္မာ "ပါစီနဝံသော" တေ့ဝ သမညာ ဥဒပါဒိ။[1]

၁။ သံ၊ဝ။ ၃၉၆။

ချစ်သားတို့....ဟောဒီ ဝေပုလ္လတောင်ကြီးဟာ ဒီက နောက်ပြန် ပဋ္ဌိလောမ အဆန်ပြန်ရေတွက်ယင် အန္တရကပ် လေးကပ်လောက် အချိန်တုန်းက ပါစိနဝံသ-လို့ ခေါ်တယ်။ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ် တောင်ပေါ်ကနေပြီးတော့ ဝေပုလ္လတောင်ကို လက်ညှိုးညွှန်ပြီးတော့ တရားဟောတယ်။ ဒီ ဝေပုလ္လတောင်ကြီးဟာ လွန်ခဲ့တဲ့ အန္တရကပ် လေးကပ်ကျော်ကျော်လောက်တုန်းက ပါစိနဝံသလို့ ခေါ်တယ်၊ ဟောဒီ ရာဇဂြိုဟ်ပြည် ဒီနားက လူတွေ ဒီနေရာမှာ အဲဒီတုန်းက လူတွေကို "တိဝရ" လို့ ခေါ်တယ်၊ အဲဒီတုန်းက "ဇာဝရ" ခေါ်တဲ့ လူစတွဟာ အနှစ်ဓလေးသောင်းခန့်မှာ လူဖြစ်ကြတယ်။

ဝေပုလ္လတောင်၏ အမြင့်

အာသက်လေးသောင်း ရှည်တယ်။ အဲဒီ "တိဝရ" ခေါ်တဲ့ လူတွေဟာ ပါစိနဝံသလို့ခေါ်တဲ့ ဟောဒီ ဝေပုလ္လတောင်ကြီးကို အဲဒီတုန်းက လေးရက် တက်ရတယ်၊ လေးရက် ဆင်းရတယ်၊ လေးယူဇနာမြင့်တယ် လို့ ပြောတာ၊ သို့သော် ဘုရားပြတဲ့အချိန်ကျတော့ တယူဇနာတောင် မမြင့်ဘူး၊ လေးရက် တက်ရတယ်၊ လေးရက် ဆင်းရတယ်။

အဲဒီဘုန်းက ကကုသန်မြတ်စွာဘုရားပွင့်တယ်၊ အဲဒီ ကကုသန် မြတ်စွာဘုရားမှာ ဘုရင်ရဲ့ ကျောင်းတိုက်ကြီးထဲမှာ ဝိဓုရ, သဉ္ဇီဝ ထေရ်ရယ်လို့ အဂ္ဂသာဝက နှစ်ပါးရှိတယ်၊ ချစ်သားတို့ ကြည့်စမ်း၊ အဲဒီတုန်းက ဒီတောင်ရဲ့ ပါစိနဝံသဆိုတဲ့ အမည်ဟာ ရှိသေးရဲ့လား၊ မရှိတော့ဘူး၊ ကွယ်ပျောက်ပြီ။

အဲဒီတုန်းက တိဝရလို့ခေါ်တဲ့ လူတွေရော ယခုရှိသေးလား၊ မရှိ တော့ဘူး၊ ကွယ်ပျောက်ပြီ။ အဲဒီတုန်းက ပွင့်တော်မူတဲ့ ကကုသန် မြတ်စွာဘုရားရော ရှိခဲ့သေးရဲ့လား။ သာဝကနှင့်တကွ မရှိတော့ဘူး။ ပရိနိဗ္ဗာန် စံသွားပြီ။

ဒေဝံ အနိစ္စာ ဘိက္ခဝေ သင်္ခါရာ၊ ဒေဝံ အဒ္ဓု ဝါ ဘိက္ခဝေ သင်္ခါရာ၊ ဒေဝံ အနဿာသိကာ ဘိက္ခဝေ သင်္ခါရာ-

လို့ အနိစ္စလို့ ပြောမယ့်အခါကျတော့ အဲဒီလို ကမ္ဘာနှင့် ချီပြီးတော့ အနိစ္စကို ဒီလိုပြောရမယ်။

အခုလဲပဲ ရက်နှင့် ချီပြီးတော့ အနိစ္စ, ဒုက္ခထင်အောင် ကြည့်ရမယ်၊ အော်-ယမန်နေ့ဖြစ်တဲ့ ဖောက်ပြန်မှု ရုပ်တရားတွေ့၊ ခံစားမှု ဝေဒနာတရားတွေ့၊ မှတ်သားမှု သညာတရားတွေ့၊ ပုံပြင်မှု သင်္ခါရတရားတွေ့၊ မြင်မှု ကြားမှု နံမှု လျက်မှု ထိမှု သိမှု ဆိုတဲ့ ဝိညာဉ် တရားတွေသည် ယနေ့သို့ မရောက်ခင် ယဲမန်နေ့ကပင် ချုပ်ပျောက်လေသောကြောင့် အနိစ္စတွေပါတကား၊ ဒုက္ခတွေပါတကား၊ အနတ္တတွေ ပါတကား လို့ ခန္ဓာငါးပါးရဲ့ အနိစ္စ ဒုက္ခ အနတ္တသဘောကို အဲဒီလို ပေါ်လောပေါ်အောင် ကြည့်ရမယ်၊

အဲ-အဲဒါ နဲနဲ ကျဲသေးတယ်လို့ ထင်ယင် ယနေ့ နံနက်ခင်းက ဖြစ်တဲ့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ဤခန္ဓာငါးပါး တရားအစုသည် ဝေးတဲ့အခါန်သို့ မလိုက်ပါ၊ ထို- နံနက်ခင်း အခါန်မှာပင် ချုပ်ပျောက်လေသောကြောင့် အနိစ္စ ဒုက္ခ အနတ္တ လို့ ဟောဒီလိုလဲ သိနိုင်တယ်၊

အဲ ဒီလိုက နေပြီးတော့ အော်....ရတနာသုံးပါး ကန်တော့ခါန် တုန်းက ဖြစ်တဲ့ ငါတို့သဏ္ဌာန်မှာဖြစ်တဲ့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ဤခန္ဓာငါးပါးဟာ ယခု တရားနာနေတဲ့အခါန်မှာ မရောက်တော့ဘူး၊ သီလယူတုန်းက ဖြစ်တဲ့ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးဟာ ထိုအခါန်မှာပင် ချုပ်ပျောက်ကြတယ်။

အနိစ္စ ဒုက္ခ အနတ္တ ဟောဒီလို ကြည့်ရမယ်၊ ခန္ဓာငါးပါးရဲ့ အနိစ္စ ဒုက္ခကို တဖြည်း တဖြည်း စိပ်ပြီးတော့ ကြည့်ရပါမယ်၊ အဲဒီလို ကြည့်တတ်မှ ယနေ့ ဘုန်းကြီးဟောမယ့် သောဏာထေရိမကြီးရဲ့ လုပ်ငန်းစဉ်နဲ့ ဟန်ကျမယ်၊

ထေရိအပဒါန်ဟူသည်။ ။ဒီတော့ ဗဟုပုတ္တိက သောဏာထေရိမကြီး အကြောင်း ဘုန်းကြီးဟောပါ့မယ်လို့ ပဋိညာဉ် ပြုခဲ့တယ်၊ အဋ္ဌကထာဖွင့်ပြချက်ကို ဦးတည်ပြီးတော့ ဟောဒါကဟို ပါဠိဘော်အချိုကို ဦးတည်ပြီးတော့ ဟောရတာတမျိုး၊ ယနေ့ ပါဠိတော်ရှိတာကို ဦးတည်ပြီးတော့ ဟောမယ်။

ဘုရားလက်ထက်တုန်းက ရဟန္တာထေရိမကြီးတွေ ရဟန္တာမထေရ်မြတ်ကြီးတွေ မိမိတို့ရဲ့ ရဟန္တာအဖြစ် ရောက်အောင် ကျင့်ဆောင်လာတဲ့ အကျင့်ပဋိပတ် လမ်းစဉ်တွေ ရှိကြတယ် ဖြစ်ရပ်တွေ၊ အဲဒီဖြစ်ရပ်တွေကို ဖော်ပြ ဖော်ပြ ပြီးတော့ လျှောက်ထားကြစမြဲ ဖြစ်ကြတယ်၊

ဂါထာဗန္ဓတွေနဲ့ လျှောက်ထားတဲ့ ဟောကြားတဲ့ တရားဒေသနာအစဉ်ကို ဘုန်းကြီးတို့ စာထဲကတော့ "အပဒါနပါဠိ" လို့ ခေါ်တယ်။

ရှင်သာရိပုတ္တရာက မိမိရဲ့ ဖြစ်ရပ် အစဉ်ကို ပြန်ကြားပြီးတော့ ဟောဆိုတဲ့ တရားအစဉ်ကို သာရိပုတ္တအပါဒါန= ထေရာပဒါန၊ ရှင်မဟာမောဂ္ဂလာန်က မိမိရဲ့ဖြစ်စဉ်ကို ပြန်ကြားပြီးတော့ ဟောဆိုတဲ့ တရားအစဉ်ကို မောဂ္ဂလာနထေရာပဒါန်လို့ ခေါ်ရမယ်၊ ထေရိမကြီးတွေကျတော့လဲပဲ ထို့အတူပဲ "ထေရီ အပဒါန်" လို့ ခေါ်ရတယ်။ အဲဒီလို ထေရာ ထေရီ အသီးသီးတို့ မိမိတို့ရဲ့ ကျင့်စဉ် ဖြစ်စဉ်ကို ဖော်ပြကြတဲ့ အထဲက ဘုရားလက်ထက်က သောဏာထေရီ ဆိုတဲ့

ရဟန္တာထေရီမကြီး ကပါး သီတင်းသုံးဘော် ဘိက္ခုနီမတို့အား မိမိ၌ ကျင့်စဉ်ကို ပြန်ကြား လျှောက်ထားတဲ့ ထေရီ အပဒါန်ပါဠိလို့ ရှိတယ်။

သူ့ရဲ့ ကျင့်စဉ်ကို ဘိက္ခုနီမတွေကို ပြန်ကြားလျှောက်ထားတော့ ဘာလျှောက် လဲ ဆိုတော့-

သောဏာထေရီလျှောက်ထားချက်

ပဒုမုတ္တရော နာမ ဇိနော၊ သဗ္ဗဓမ္မာန ပါရဂူ။
ဣတော သတသဟဿမ္ပိ၊ ကပ္ပေ ဥပ္ပဇ္ဇိ နာယကော'။

စိတ်ထဲကြည့်ထားဘို့က အသက်အရွယ် ခုနစ်ဆယ်ကျော်ရှစ်ဆယ် လောက်ရှိတဲ့ ရဟန္တာ ထေရီမကြီး သောဏာထေရီမကြီးက သီတင်းသုံးသော် ဘိက္ခုနီ ထေရီမများကို ပြန်ကြားပြီးတော့ သူ့ရဲ့ကျင့်စဉ်ကို လျှောက်ထားနေတဲ့ပုံ....အာရုံပြုထားရမယ်....

အယျာယော၊သီတင်းသုံးဘော် သူတော်မှန်လှအို....အရှင်မတို့....။ ဣတော၊ ဘဒ္ဒမည်သာ ဤကမ္ဘာမှ။ သတသဟဿမ္ပိ ကပ္ပေ၊ပဋိလောမ အဆန်အပြန် ရေတွက်လျှင်....သန်းတွက်ကိန်း ကမ္ဘာတသိန်းထက်၌။

ယနေ့....ဘဒ္ဒကမ္ဘာက နောက်ပြန်ရေတွက်လို့ရှိလျှင် ကမ္ဘာတသိန်း ထက်မှာ....တဲ့....။

နာယကော၊ လူသုံးပါးတို့၏ ရှေ့ဆွား ရှေ့ဆောင်ဖြစ်တော်မူပေထသော။ သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းသော အပရိညေယျတရား၊ ပရိ-

---

၁။ အပ၊ ၂။ ၂၅၇။ ဇေ့ရိဂါထာဋ္ဌ။၉၉။

ညယျတရား၊ ပဟာတပ္ပတရား၊ ဘာဝေတပ္ပတရား.... သစ္စိကာတပ္ပ တရားတို့၏။ ပါရဂူ၊ အဘိညာပါရဂူ ပရိညာပါရဂူ ပဟာနပါရဂူ ဘာဝနာပါရဂူ သစ္စိကိရိယာပါရဂူတည်းဟူသော.... ပါရဂူငါးပါး.... အကောင်းဆုံးမြောက် ရောက်တော်မူပြီးထသော....။

ဒါတွေ့က....ဟို စာပေနယ်ပယ်က....အရိယာကိုယ်တော်မြတ်တွေ့ရဲ့ အသုံးတွေ့ဖြစ်ပါတယ်....။

သပ္ပမဓမ္မာနံ၊ ခပ်သိမ်းသော အဘိညေယျ အစရှိသော တရားတို့၏....။ ပါရဂူ၊ အကောင်းဆုံးမြောက် ရောက်တော်မူပြီးထသော....။ ပဒုမုတ္တရောနာမ၊ ပဒုမုတ္တရ အမည်တော်ရှိတော်မူသော ...။ ဇီနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်သည်....။ ဥပပ္ပဇ္ဇိ၊ ဓနဝါလဝန်း ပေါ်ထွန်းတော်မူခဲ့လေပြီ....။

လွန်ခဲ့တဲ့ကမ္ဘာတသိန်းထက်က ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်ထွန်းတော်မူခဲ့တယ်။ ဒါ.. သူဒီတရားခင်းလိုက်တာပဲ... အဲဒီတော့ ဘာဖြစ်ခဲ့သလဲဆိုတော့—

သောဏာဏေရိမကြီး အတိတ်ဝတ္ထု

တဒါ၊ သေဋ္ဌီကုလေ ဇာတာ၊ သုခိတာ ပုဇိတာ ပိယာ။
ဥပေတ္စာ တံ မုနိဝရံ၊ အဿောသိ မဓုရံ ဝစံ....[၁]။

အယျာယော....သီတင်းသုံးဘော် သူတော်မှန်လှ အို....အရှင်မတို့။ တဒါ....ထို ပဒုမုတ္တရ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူစဉ် အခါကာလ၌....။ အဟံ....ယခုအခါ သောဏာတွင်ခေါ် တပည့်တော်ထေရ်မသည်။ သေဋ္ဌီကုလေ....သဒ္ဒေးမျိုး၌။ ဇာတာ.. ဖြစ်ခဲ့ပြီ။

၁။ အပ၊ ၂။၂၅၇။

အဲဒီတုန်းက သူဟာတဲ့ သင္ဃေးမျိုးမှာသွားပြီးတော့ သင္ဃေးသမီးတယောက် ဖြစ်ပါတယ်....။

သုခိတာ၊ ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍။ ပူဇိတာ၊ လူသူအများ လေးစားကော်ရော် ပူဇော်အပ်သည်ဖြစ်၍။ ပိယာ၊ ချစ်ခင်နှစ်သက်အပ်သည်ဖြစ်၍။ –

သင္ဃေးသမီးဘဝက ကာယစိတ္တသုခနဲ့ ပြည့်ပြည့်စုံစုံ ဖြစ်ခဲ့ရတဲ့ သင္ဃေးသမီးဆိုတော့ မျက်နှာကြီး၊ သူကလဲ ရှိသေကော်ရော်ပူဇော်၊ ငါကလဲပူဇော်၊ သူကချစ်၊ ငါကချစ်နဲ့ ဘာကိုက ဒီလိုအကျိုးပေးခဲ့တော့ အားလုံးရဲ့ ချစ်ခင်မြတ်နိုးမှုကိုခံရတဲ့ သင္ဃေးသမီးကလေးတယောက်ဖြစ်ခဲ့ပါတယ်....။

အဲဒီဇာတ်ကို ဖြစ်တဲ့အခါမှာ –

တံမုနိဝရံ၊ ထိုမြင့်မြတ်ကြီးမားသော လုံ့လဝီရိယဓာတ်ရှိတော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားကို....။ ဥပေဘွ၊ ဆည်းကပ်၍ –။ မဓုရံဝစံ၊ ချိုမြိန်ခံကောင်းမြတ်တဲ့ ဘုရားစကားတော်မြတ်ကို....။ အဿောသိ၊ သဒ္ဓါနဲ့ဖြင့် နာကြားခဲ့ပါပြီ။

သင္ဃေးသမီးဖြစ်တဲ့ ဘဝကတခုသောမြို့မှာ ပဒုမုတ္တရ မြတ်စွာဘုရား တရားပွဲကြီးသဘင် ဆင်ယင်ပြုပြင်နေ သွားရောက်ပြီး အလွန်ချိုမြိန်ကောင်းမြတ်တဲ့တရားစကားကို သူနာကြားနေပါတယ်....

ထေရိမကြီးဆုတောင်း

အဲဒီ တရားပွဲကြီးကျင်းပလို့ တရားနာတဲ့အချိန် ဘာဖြစ်သလဲဆိုတော့ –

အာရဒ္ဓဝီရိယာနဂ္ဂံ၊ ဝဏ္ဏေသိ ဘိက္ခုနိ ဇိနော။
တံ သုတ္ဝာ မုဒိတာ ဟုတ္ဝာ၊ ကာရံ ကုတ္ဝာန သတ္ထုနော ဝါ။

အယျာယော၊ သီတင်းသုံးဖော် သူတော်မှန်လှ အိုအရှင်မတို့။ တဒါ၊ထိုသို့ ပဒုမုတ္တရ မြတ်စွာဘုရားထံ တရားနာ၍ နေသောကာလ၌။ ဇိနော၊ ငါးမာရ်အောင်မြင် ပဒုမုတ္တရဘုရားရှင်သည်။ ဘိက္ခုနိ၊ ဘိက္ခုနီမတပါးကို။ အာရဒ္ဓဝီရိယာနံ၊ အားသစ်အပ်သော လုံ့လဝီရိယရှိကြွတဲ့ ဘိက္ခုနီမတို့အနက်။ အဂ္ဂံ၊ အသာဆုံး အမြတ်ဆုံးဟူ၍။ ဝဏ္ဏေသိ၊ ချီးမွမ်းတော်မူပြီ။ (ဝါ)ဘိက္ခုနီမတပါးကို အာရဒ္ဓဝီရိယ အရာ ဇောဒက်ဘွဲ့ယူသဘင် နှင်းအပ်တော်မူလေပြီ။

ပဒုမုတ္တရမြတ်စွာဘုရား ထေရီမများကို ဇောဒက်ဘွဲ့ နှင်းအပ်တဲ့နေ့ တရားပွဲကြီးမှာ ဤမည် ဤမည်သော ထေရီမ အင်း ....မဟာပညာ အရာ ဇောဒက်, ဣဒ္ဓိမန္တအရာ ဇောဒက်, ဤကဲ့သို့ အသီးအသီး ဇောဒက်ဘွဲ့ထူးသဘင် နှင်းအပ်တဲ့အခါမှာ ပဒုမုတ္တရမြတ်စွာဘုရားရှင်က ထေရီမကြီးတပါးကို ဆိုကြပါစို့ ရဲ့ အဲ့ဒီထေရီမသည် တိဿာအမည် ရှိတယ်လို့ ပြောကြစို့။

ပဒုမုတ္တရမြတ်စွာဘုရားက

ဇောဒဂ္ဂံ ဘိက္ခဝေ မမသာဝိကာနံ ဘိက္ခုနီနံ အာရဒ္ဓဝီရိ-
ယာနံ ယဒိဒံ တိဿာထေရီ။

ချစ်သားတို့ တိဿာထေရီဟာ အာရဒ္ဓဝီရိယလို့ ခေါ်ဆိုယူရ အောင် လုံ့လကြိုးကုတ် သမ္မပ္ပဓာန် ဝီရိယနှင့် အားထုတ်ကြတဲ့ ငါ ဘုရား၏ တပည့်မ သာဝိကာ ဘိက္ခုနီထဲမှာဖြင့် အသာဆုံးပဲ။

၁။ အပ၊၂။၂၅၇။

အဲဒီလို နှုတ်ဆောက်ပြီးတော့ ဆေးဒဂ်ဘွဲ့ထူး ချီးကျူးတဲ့ အဖြစ်ကို သူတွေ့ခဲ့တယ်၊ မြင်ခဲ့ ကြားခဲ့တယ်၊

ဣဒံ၊ ထိုဆေးဒဂ်ဘွဲ့ထူးသဘင် ဆင်ယင်၍နေသည်ကို။ သုတ္တာ၊ ကြားရ၍။ မုဒိတာ၊ နှစ်လိုအားရ ဝမ်းမြောက်သည်။ ဟုတ္တာ၊ ဖြစ်၍။

သူဟာ အဲဒီဆေးဒဂ်ပွဲကြီးသဘင် ဆင်ယင်နေတာကို ကိုယ်တိုင် မျက်မြင် ကြားနာရပြီးတဲ့နောက် အလွန်ဝမ်းမြောက်ဝမ်းသာနဲ့။

သတ္ထုနော၊ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်သူမြတ် အပေါင်းအား။ ကာရံ၊ ကြီးစွာသော အလှူဒါနကို။ အကာသိ၊ ပြုခဲ့ပါပြီ။ ကတ္တာန၊ ပြုလတ်ပြီးသော်–

အဲဒီ ဆေးဒဂ်ပွဲကြီးသဘင် ဆင်ယင်တာကိုမြင်ပြီးတော့ ပဒုမုတ္တရ ဘုရားရှင်နှင့်တကွ တသိန်းသော သံဃာတော်တို့အား သင်္ဃသမိုး တော့လို ကြီးစွာသော အလှူဒါနကြီး ခုနစ်ရက်လှူခဲ့ပါတယ် တဲ့၊ လှူခဲ့ပြီးတော့ ဘာဖြစ်သလဲဆိုတော့။

အဘိဝါဒိယ သမ္မုဒ္ဓံ၊ ဌာနံ တံ ပတ္ထယိ တဒါ။
အနုမောဒိ မဟာဝီရော၊ သိဇ္ဈတံ ပဏိဓီ တဝ။

အယျာယေဝ၊ သီဟင်းသုံးတော် သူတော်မှန်လှ အိုအရှင်မတို့။ သမ္မုဒ္ဓံ၊ သင်္ဃညုဗုဒ္ဓ အမည်ရသည့် လောကဏ္ဍတ်ထား ပဒုမုတ္တရမြတ်စွာဘုရားကို။ အဘိဝါဒိယ၊ ရှိသေဝပ်လျှိုး ရှိခိုးပြီးသကာလ။ တံဌာနံ၊ ထိုအာရဒ္ဓဝီရိယအနု ဟောဒက်ဆိုတဲ့ ရာဆူးဌာနန္တရရဟံ။ အဟံ၊ ငါသည်။ ပတ္ထယိ၊ တောင့်တပန်ဆုခဲ့ပါပြီ။

လှူဒါန်းပြီးတဲ့အခါ ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား တပည့်တော်မ ကျွှကြီးစွာသောအလှူဒါနကြောင့် လွန်ခဲ့တဲ့

ခုနစ်ရက်က အာနဒ္ဓဝီရိယအဖူ တောဒဂ်ရသော ဘိက္ခုနီမနှင့်အလား ဟူ ကဆူဆူသော ဘုရားရှင်ရဲ့သာသနာမှာ သမ္မပွဓာန်လုံ့လ ဝီရိယနှင့် ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်တဲ့နေရာမှာ အသာဆုံး အမြတ်ဆုံးဆိုစဲ့ အာရဒ္ဓဝီရိယ တောဒဂ်ရ ဘိက္ခုနီထေရီ ရဟန္တာမ ဖြစ်ရပါလို့၏လို့ ဆုတောင်းတယ်တဲ့။ အဲဒီလို ဆုတောင်းလိုက်တော့ ဘုရားကိုယ်တော်မြတ်က ဆိတ်ဆိတ်ပဲနေသလားလို့ဆိုတော့ ...။

ပဒုမုတ္တရမြတ်စွာဘုရား ဗျာဒိတ်တော်

အနုမောဒိ မဟာဝီရော သိဇ္ဈတံ ပဏိဓိ တဝေ။

တဒါ၊ ထိုအခါ၌။ မဟာဝီရော၊ ကြီးမားသောလုံ့လ ဝီရိယရှိတော်မူဖြသော ပဒုမုတ္တရမြတ်စွာဘုရားသည်။ အနုမောဒိ၊ နှစ်လိုအား ရ ဝမ်းမြောက်ဝမ်းသာ အနုမောဒနာစကား မိန့်ကြားတော်မူပြီ....။

ဘယ်လိုအမိန့်ရှိသလဲ....

တဝေ၊ သင်သဖြေးသမီး၏။ပဏိဓိ၊ တောင့်တခြင်းသည်၊ သိဇ္ဈတံ= ဤစ္ဆတု၊ ပြည့်စုံပါစေသတည်း-။

သဖြေးသမီးလေး သင်ရဲ့တောင့်တချက် ပြည့်စုံပါစေ အဲဒါဆု တောင်းတာမှတ် ဆုတောင်းချုံတွင်မကဘူး ဗျာဒိတ်စကား ဘယ်လို့ မိန့်ကြားလဲဆိုတော့-။

သစာသဟာဿိတော ကပ္ပေ၊
သြက္ကာကကုလသမ္ဘဝေါ။
ဂေါတမော နာမ ဂေါတ္တေန၊
သတ္ထာ လောကေ ဘဝိဿတိ။

ဣတော၊ ဤကမ္ဘာမှ။ သတသဟဿေ ကပ္ပေ၊ အနာဂတ် ကမ္ဘာ တသိန်းထက်၌။ သြက္ကာကကုလသမ္ဘဝေါ၊ သြက္ကာဏရာဇ်မင်းမျိုးမှ ဖြစ်သော။ ဂေါတ္တေန၊ အနွယ်အားဖြင့်။ ဂေါတမော နာမ၊ ဂေါတမ အမည်တော်ရှိသော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောက၌။ ဘဝိဿတိ၊ နေဝါလဝန်း ပေါ်ထွန်းတော်မူလိမ့်မည်။

ဒီဂ်နောက် ကမ္ဘာတသိန်းလွန်မြောက်ယင် သြက္ကာကရာဇ်မင်းမျိုးမှဖြစ်၍ အနွယ်တော်အားဖြင့် ဂေါတမအမည်တော်ရှိသော မြတ်စွာဘုရားသည် လူသုံးပါးတွင် ထင်ရှားပွင့်ပေါ်တော်မူလိမ့်မည်။

တဿ ဓမ္မေသု ဒါယာဒါ၊ သြရသာ ဓမ္မနိမ္မိတာ။
သောဏာတိ နာမ နာဓေန၊ ဟေဿတိ သတ္ထု သာဝိကာ။

တဒါ၊ ထိုဂေါတမမြတ်စွာ ပွင့်ထွန်းရာကာလ၌။ တဿ၊ ထိုမြတ်စွာဘုရား၏။ ဓမ္မေသု၊ ဗောဓိပက္ခိယ ဓမ္မအပြားသုံးဆယ့်ခုနစ်ပါးတို့၌။ ဒါယာဒါ၊ တရားအမွေကို အရဟတ္တဖိုလ်ပေါက် ခံယူရသည်ဖြစ်၍။ သြရသာ၊ တရားရင်နှစ်မှ ဖွားမြင်လစ်သော။ ဓမ္မနိမ္မိတာ၊ တရားတော်သည် ဖန်ဆင်းအပ်သော။ နာဓေန၊ အမည်အားဖြင့်။ သောဏာတိ နာမ၊ သောဏာအမည်ရှိသော။ သတ္ထု၊ မြတ်စွာဘုရား၏။ သာဝိကာ၊ အဆုံးအမသြဝါဒကို အရဟတ္တမဂ်ဖိုလ်ရောက် ကျင့်ထောက်လိုက်နာသော သာဝိကာမသည်။ ဟေဿတိ၊ ဖြစ်ပါလိမ့်မည်။

ပဒုမုတ္တရ မြတ်စွာဘုရားက နာမည်နှင့်တကွ သင်ဟာ သောဏာထေရီဆိုပြီးတော့ ကျွတ်တမ်းဝင်လိမ့်မည်၊ အဲဒီလို ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့တယ်၊ အဲဒီကျတော့ဘာပြောလဲ–။

ဟောစဉ် (၃) ၂၄–ပ၊ မ၊ သ၊ စ

ပါရမီဖြည့်ပုံ

တံ သုတ္တာ မုဒိတာ ဟုတ္တာ၊ ယာဝဇီဝံ တဒါ ဇိနံ၊
မေတ္တာစိတ္တာ ပရိစရိံ၊ ပစ္စယေဟိ ဝိနာယကံ။

အယျာယော၊ သီတင်းသုံးဖော် သူတော်မှန်လှ အို—အရှင်မတို့။ တံ၊ ထိုပဒုမုတ္တရ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို။ သုတ္တာ၊ ကြားရသည်ရှိသော်၊ မုဒိတာ၊ နှစ်လိုအားရ ဝမ်းမြောက်သောစိတ်ရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဝိနာယကံ၊ လူသုံးပါး တို့၏ ရှေသွားဖြက်တော်မူသော။ ဇိနံ၊ ငါးမာရ်အောင်မြင် ပဒုမုတ္တရ မြတ်စွာဘုရားရှင်ကို။ မေတ္တာစိတ္တာ၊ မေတ္တာနှင့်ယှဉ်သော စိတ်ရှိသည် ဖြစ်၍။ ပစ္စယေဟိ၊ သက်နှံး ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါး တို့ဖြင့်။ ယာဝဇီဝံ၊ အသက်ဇက်ဆုံး။ ပရိစရိံ၊ ပြုကျင့်ကိုးကွယ်ခဲ့ပြီ။

ပစ္စည်းလေးပါးဖြင့် ပဒုမုတ္တရ မြတ်စွာဘုရားအား အသက်ထက်ဆုံး ကော်ရော်ပူဇော်ခဲ့ပြီးတဲ့နောက်—

တေန ကမ္မေန သုကတေန၊ စေတနာဝပဏိဓိဟိ စ။
ဇဟိတ္တာ မာနုသံ ဒေဟံ၊ တာဝတိံသမဂစ္ဆဟံ။

သူ့ရဲ့အဖြစ် သူပြန်ပြီးပြောခဲ့နေတော့ ဘာမှယုံမှားသံသယ ဖြစ်စရာမလိုဘူး ဟုတ်လား။

သုကတေန၊ ကောင်းစွာပြုအပ်သော။ တေန ကမ္မေန၊ ထိုမြတ်စွာဘုရားအား ပစ္စည်းလေးဖြာ သဒ္ဓါကော်ရော် ပူဇော်ရသောကောင်းမှုကြောင့်လည်းကောင်း။ စေတနာဝပဏိဓိဟိ စ၊ စေ့ဆော်တောင့်တချက်တို့ကြောင့် လည်းကောင်း။ မာနုသံ ဒေဟံ၊ လူ၌ဖြစ်သောကိုယ်ကို။ ဇဟိတ္တာ၊ စွန့်၍။ အဟံ၊ ငါသည်။ တာဝတိံသံ၊ တာဝတိံသာနတ်တို့ရှာသို့။ အာဂစ္ဆိံ၊ သွားရောက်ခဲ့ပြီ။

အဲဒီဘဝက စုတေတော့ တာဝတိံသာနတ်ပြည်မှာ သွားပြီးတော့ ဖြစ်တယ်၊ အခြားအခြားသော ထေရီတွေ၊ အခြား အခြားသော မထေရ်တွေပါ တချို့တချို့သောမထေရ်တွေဟာ အင်း- တာဝတိံသာနတ်ပြည်မှာ ဘုံပိုဖာန်က ဘယ်လောက်ဘယ်၍၊ တခါ အမျိုးသမီး နတ်သမီးတွေဘက် ကျပြန်တော့လဲ နတ်မိဖုရားဖြစ် အကြိမ်ဘယ်လောက်၊ အင်း .... လူမိဖုရား ကျတော့လဲပဲ အကြိမ်ဘယ်လောက်၊ ဗကြပတေးမင်းရဲ့ မိဖုရား အကြိမ်ဘယ်လောက်၊ တချို့ကျတော့ ပါဖာယ်။

အခု သောဏာထေရီဆိုတဲ့ ဒီထေရီမကြီးကျဖတော့ အဲဒါတွေ မပါဘူး၊ သူဟာ အဲဒီသဒ္ဒေးသမီးဘဝက စုတေ တာဝတိံသာ နတ်ပြည်ရောက်တယ်၊ ဒါပဲ ပါတယ်၊ တာဝတိံသာ နတ်ပြည်ရောက်ပြီးတော့ အဲဒီကမ္ဘာကနေပြီးတော့ ယနေ့ကျတ်တမ်းဝင်တဲ့ ကမ္ဘာထိအောင် ကမ္ဘာတသိန်းရှိတယ်၊ အဲဒီကမ္ဘာတသိန်းအတွင်းမှာ အပါယ်လေးပါး မလားရတော့တာကိုလဲ မပြောဘူး။ ဘာကျော်လိုက်သလဲဆိုတော့ အဋ္ဌကထာဆရာတော်များက ဘာဖွင့်ပြသလဲဆိုတော့-

သူဟာ ကမ္ဘာတသိန်း အပါယ်မလားပဲနဲ့ ဤဘုရားသာသနာကျတော့ လာပြီး သောဏာဆိုတဲ့အမည်နဲ့ ဖြစ်တဲ့အကြောင်း ဖွင့်ပြတယ်။ ဒါက အဋ္ဌကထာနှင့်စပ်ပြီးတော့သိရတာပေါ့လေ၊ အဲ ကိုယ်နားလည်ဖို့ကတော့ဖြင့် အဲဒီသောဏာထေရီအလောင်းသည် လွန်ခဲ့တဲ့ ကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရားထံ၌ မဟာဒါနလှူပြီး အာရုဒ္ဓဝိရိယအရာ ဇောဒဂ်ဆုကိုပန်ခဲ့လို့ ပဒုမုတ္တရ မြတ်စွာဘုရားကလဲပဲ ဗျာဒိတ်စကား ကြားခဲ့လို့ ထိုဘဝမှ စုတေ တာဝတိံသာနတ်ပြည်ရောက်၊ ကမ္ဘာဘသိန်းတိုင်တိုင် အပါယ်မလားပဲနဲ့ ဤဘုရားသာသနာခေတ် ရောက်လာတော့ ဘာဖြစ်တုံးဆိုတော့-

ပစ္ဆိမေ စ ဘဒ္ဒဝ ဒါနိ၊ ဇာတာ သေဋ္ဌိကုလေ အဟံ။
သာဝတ္ထိယံ ပုရဝရေ၊ ဣဒ္ဓေ ဖိတေ မဟာဒ္ဓနေ။

အယျာယော၊ သီတင်းသုံးဖော် သူတော်မှန်လှ အိုး-အရှင်မတို့။ အဟံ၊ သောဏာဘွင်ခေါ် တပည့်ဘော် သဒ္ဒေးသမီးသည်။ ဣဒါနိ၊ ပစ္ဆိမေ စ ဘဝေ၊ ယခုဖြစ်လာ နောက်ဆုံးဘဝမှာကား။ သာဝတ္ထိယံ ပုရာရေ၊ သာဝတ္ထိခေါ် ပြည့်တော်မြတ်၌။ ဣဒ္ဓေ၊ ကြွယ်ဝပြည့်စုံသော။ ဖိတေ၊ စည်ပင်သော။ မဟာဒ္ဓနေ၊ မျိုးသောဥစ္စာ ရှိသော။ သေဋ္ဌိကုလေ၊ သဒ္ဒေးမျိုး၌။ ဇာတာ၊ ဖြစ်ခဲ့ပါပြီ။

အခု နောက်ဆုံး ဘဝမှာလဲ သာဝတ္ထိပြည်မှာ အလွန်ကြွယ်ဝချမ်းသာတဲ့ သဒ္ဒေးမျိုးမှာ လာပြီးဘဲ့ သဒ္ဒေးသမီး ဖြစ်ပါတယ်၊ အမည်အားဖြင့် သောဏာခေါ်တဲ့ သဒ္ဒေးသမီး ဖြစ်ပါတယ်၊ အဲဒီ သောဏာလို့ ခေါ်တဲ့ သဒ္ဒေးသမီး ဖြစ်ပြီးတဲ့နောက်-

ယံဒါ စ ယောဗ္ဗနပ္ပတ္တာ၊ ဂန္ဓာ ပတိကုလံ အဟံ။
ဒဿပုတ္တာနံ အဇနိံ၊ သုရုပါနံ ဝိသေသတော။

အယျာယော၊ သီတင်းသုံးဖော် သူတော်မှန်လှ အိုး-အရှင်မတို့။ ယဒါ၊ အကြင်အခါ၌။ အဟံ၊ သောဏာတွင်ခေါ် တပည့်တော် သဒ္ဒေးသမီးသည်။ ယောဗ္ဗနပ္ပတ္တာ၊ ပျိုမြစ်နုနယ် အရွယ်သို့ရောက်လတ်သည်။ အာသိ၊ ဖြစ်ခဲ့ပြီ။ တဒါ၊ ထိုပျိုမြစ်နုနယ် အရွယ်သို့ရောက်သောအခါ၌။ ပတိကုလံ၊ အရှင်သခင် လင်ယောကျ်ား သဒ္ဒေးသားရဲ့အိမ်သို့။ ဂန္ဓာ လိုက်ပါခဲ့ရ၍။ သုရုပါနံ၊ ရုပ်ရေအဆင်း လှပခြင်းရှိကြကုန်သော။။ ဒဿပုတ္တာနံ ဒဿပုတ္တေ၊ တကျိပ်သောသားသမီးတို့ကို။ အဇနိံ၊ ဖွားမြောက်ခဲ့လေပြီ။

သူ့ရဲ့အဖြစ်တွေ သူပြောနေတာ၊ သားသမီးတကျိပ် ထွန်းကားခဲ့တယ်တဲ့၊ သူ့သားသမီးတွေဟာ အရုပ်ဆိုးတွေလားဆိုတော့-

ဝိသေသတော၊ သူ့ထက်ထူးချွန် သာလွန်၍။ သူရူပါနို၊ ရုပ်ရည် အဆင်း တင့်တယ်ခြင်းနှင့် ပြည့်စုံကုန်သော။ ဒဿပုတ္တာနိ- ဒဿပုတ္တော၊ သားသမီးတကျိပ်တို့ကို။ အဇနိံ ၊ မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါပြီ။

အလွန်ရုပ်အဆင်းလှတဲ့ သားသမီးတကျိပ် ဖွားခဲ့ပါတယ်၊ သြော် ဒီ သားသမီးတကျိပ်ဆိုလို့ရှိယင် ဒီ သားသမီးတွေဟာ ဆင်းဆင်းရဲရဲ ငြိုငြိုငြင်ငြင် အစားဆင်းရဲ အဝတ်ဆင်းရဲနှင့် ကြီးပွားခဲ့ရသလား ဆိုဘော့ မဟုတ်ပါဘူး တဲ့။

သုခေဓိဘာ စ တေ သဒ္ဓေ၊ ဇနနေတ္တမနောဟာရော။
အမိတ္တာနမ္မိ ရုစိတာ၊ မမ ပဂေဝ တေ ပိယာ။

အယျာယော၊ သီတင်းသုံးဖော် သူတော်မှန်လှ အို– အရှင်မတို့။ တေ သဒ္ဓေ၊ ထိုတကျိပ်သောအလုံးစုံသော သားသမီးတို့သည်။ သုခေ-ဓိတာ စ၊ချမ်းချမ်းသာသာကြီးလည်း ကြီးပွားခဲ့ရပါကုန်၏။ ဇနနေတ္တ-မနောဟာရော၊ တွေ့မြင်သူ လူအားလုံးရဲ့ မျက်စိနဲ့ စိတ်နှလုံးကို ယူကျုံးပါအောင် ဆွဲဆောင်တတ်ပါပေကုန်၏။

သူ့သားသမီးတွေ သိပ်လှတာ၊ သူတို့ကိုမြင်တဲ့ လူတိုင်းလူတိုင်း မျက်စိရော စိတ်နှလုံးရော အကုန်လုံး သူ့သားသမီးတွေရဲ့ ဘက်ကို မျက်စိ လှည့်ကြည့်ကြတာပဲ။ စိတ်ကလဲ "အမယ်လေး တယ်လှတဲ့ ကလေးတွေပါလား" လို့ သူ့ သားသမီးတွေကို မြင်တိုင်း မြင်တိုင်း သော လူအားလုံးရဲ့ မျက်စိနှင့် စိတ်နှလုံးကို ယူကျုံးပါအောင် ဆွဲဆောင်နိုင်လောက်အောင် လှပကြပါသတဲ့။

အမိတ္တာနမ္မိ၊ အကျိုးကို မသိုလား မေတ္တာမပွား ရန်သူတဘက် သားတို့ကသော်မှလည်း။ ရုစိတာ၊ ချစ်ခင်နှစ်သက် အပ်ပါပေကုန်၏။

မတွဲ့-တွဲ့ အိမ်နီးနားချင်း ရန်သူတွေကတောင် သူ့သားသမီးတွေကို ချစ်ရတာ တွဲ့၊ ဒီလောက်ထေ.ဘင် ချစ်စရာကောင်းတယ်။

မမ၊ ကျွန်တော်မ၏ အတွက်ကတော့။တော၊ ထိုသားသမီးတို့သည်။ ပဂေဝ မိယာ၊ အဘယ်မှာလျှင် မချစ်ပဲ ရှိအံ့နည်း။ ချစ်သည်ကား ရှေးဦးကပင်။

သားသမီးအပေါ် ချစ်ခင်နှစ်သက်မှုသည် ရှေးဦးက သူတကာ မချစ်ခင် ကိုယ်က အလျှင်အဦး အချစ်ထူးခဲ့ပါတယ်။ အဲ- ဒီသားသမီးတွေကို အလွန်ချစ်ပြီးတော့ နေခဲ့ပါတယ်။ ချစ်လည်း ချစ်လောက်တဲ့ ရုပ်ရေအဆင်းနှင့် ပြည့်စုံပါတယ်။

ဒါဖြင့် သားသမီးတကျိပ်နဲ့ အရှင်သခင် လင်ယောကျ်ားသခြေးသားနှင့် သာယာသော အိမ်ထောင်မှု ဘဝနှင့် နေသလားလို့ဆိုတော့

တတော မယ့် အကာမာယ၊ ဒသပုတ္တပုရက္ခတော။
ပဗ္ဗဇိတ္ထ သ မေ ဘတ္တာ၊ ဒေဝ ဒေဝဿ သာသနေ။

အယျာယော၊ သီတင်းသုံးဖော် သူတော်မှန်လှ အို ....အရှင်မတို့။ တတော၊ ထိုမှနောက်၌။ မယ့်၊ ကျွန်တော်မသည်၊ အကာမာယ၊ သဘောမတူပဲလျှင်။

ဟို....လူ့ပြည်လောက ငယ်ရွယ်စဉ် ပျော်ကြ ပါးကြ တုန်းကတော့ သခြေးကတော်လေး သခြေးသားလေး တကတဲ့ သားသမီးတကျိပ်နှင့် ပျော်ပျော်ပါးပါးနေလာရာက နောက်တခါန်ကျတော့ ကျွန်မသဘောမတူပဲနှင့် ဘယ်လိုဖြစ်သွားလဲ ဆိုတော့-

ဒသပုတ္တပုရက္ခတော၊ သား-သမီးတကျိပ်တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍။ မေ၊ ကျွန်တော်မ၏၊ သ-သော-ဘတ္တာ၊ ထိုအရှင်သခင် လင်ယောကျ်ား

သ ငြေး သား သည်။ ဒေဝဒေဝဿ သာသနေ၊ ဝိသုဒ္ဓိနတ်ဘုရားမြတ်၏ အံ့ဖွယ်ရှစ်ဖြာ သာဿနာတော်၌။ ပဗ္ဗဇိတ္ထ၊ ရှင်ရဟန်းပြုခဲ့လေပြီ။

နောက်တချိန် အ သက် လေး ဆယ် ကျော် ငါးဆယ်ဟုတ်လား၊ အဖွားအိုဘဝသို့လဲ ရောက်ကရော့တဲ့။ ကျွန်မ အရှင်သခင်ဖြစ်တဲ့ သငြေး သားဟာ သားသမီးတကျိပ်ခြံရံပြီးသကာလ သမုတိနတ် ဥပပတ္တိနတ် ဝိသုဒ္ဓိနတ်ဆိုတဲ့ နတ်သုံးမျိုးမှာ ဝိသုဒ္ဓိနတ် ဒေဝ ဒေဝ ဖြစ်တော်မူတဲ့ ဘုရားမြတ်ရဲ့ သာသနာတော်တွင်းဝင်ပြီးတော့ သားတွေရော သမီးတွေရော လင်ယောကျ်ားရော အကုန်လုံး ရဟန်းပြုသွားကြတယ်။ ကျုပ် တယောက်တည်း ကျန်တယ်၊အဲ သငြေးကတော်ကြီး တယောက်တည်း ကျန်ယင် လူ့လောက နေဖို့လားဆိုတော့ မနေနိုင်ဘူး။

တဒေကိကာ ဝိစိန္တိသိ၊ ဇီဝိတေနာလမတ္ထု၊ မေ။
စတ္တာယ ပတိပုတ္တောဟိ၊ ဝုဒ္ဓာယ စ ဝရောကိယာ။

အယျာယော၊ သီတင်းသုံးဖော် သူတော်မှန်လှ အို-ရှင်မတို့။ တဒါ၊ ထိုသို့ သားသမီ.တကျိပ်နှင့်တကွ အရှင်သခင်လင်ယောကျ်ား သငြေး သား ဘုရားသာသနာတွင်း ရဟန်းပဉ္စင်းအဖြစ်သို့ ကပ်ရောက်၍ သွားသောအခါကာလ၌။ အဟံ၊ ယခုအခါ သောဏာတွင်ခေါ် တပည့်တော်မသည်။ ကေကာ၊ အဖော်မဲ့မိုး တကံ့ယ်တည်းဖြစ်၍။ ဝိစိန္တေသိ၊ ဤကဲ့သို့ စဉ်းစားကြံစည်ခဲ့လေပြီ။

တဖယောက်တည်း ဟောဒိလို စဉ်းစားကြံစည်ခဲ့မိပါတယ်။ ဘယ်လို စဉ်းစား မိခဲ့သလဲ။

ပတိပုတ္တောဟိ၊ အရှင်သခင် လင်ယောကျ်ားနှင့်တကွ သမီးသား တို့ကို။ စတ္တာယ၊ စွန့်ပယ်အပ်သော။ ဝုဒ္ဓာယ စ၊ အသက်အရွယ်ကြီးသည်လည်း ဖြစ်သော။ဝရောကိယာ စ၊ အထီးကျန် တယောက်တည်းသာလျှင်

ဖြစ်သော။ မေ၊ ငါ့အဖို့ရော။ ဇီဝိတေန၊ လူ့ဘောင်လောက အသက်ရှည်နေရခြင်းဖြင့်။ အလံ၊ အကျိုးမရှိသည်။ အတ္ထု၊ ဖြစ်ချေပါ့တကား။

သာသနာဘောင်ဝင်ပြီ

အို-ငါတယောက်တည်း လူ့လောက ပျော်စရာရယ်လို့လဲပဲ အရှယ် မရှိတော့ဘူး။ ငါအရှယ်ကြီးပြီ၊ ငါ့သားတွေ ငါ့သမီးတွေ ငါ့အရှင်သခင် လင်ယောကျ်ားဖြစ်တဲ့ သဒ္ဓေးသားတို့အားလုံး ဘုရားသာသနာတွင်း ဝင်သွားကြပြီ။ ငါအထီးကျန်တယောက်တည်း လူ့လောကမှာ အသက်ရှည်နေလို့တော့ ဘာမျှ ငါအကျိုးမရှိတော့ပါဘူး။

အဟမ်ပီ တဋ္ဌ ဂစ္ဆိဿံ၊ သမ္မတ္တာ ယတ္ထ မေ ပတိ။
ဧဝါဟံ စိန္တယိတ္ဝာန၊ ပဗ္ဗဇိံ အနဂါရိယံ။

အယျာယော၊ သီတင်းသုံးဖော် သူတော်မှန်လှ အို-အရှင်မတို့။ အဟမ်ပီ၊ ငါလဲပဲ။ ယတ္ထ၊ အကြင် အုံဖုယ်ရှစ်ဖြာ ဘုရားရှင်သာသနာ၌။ မေ၊ ငါ၏။ ပတိ၊ အရှင်သခင် လင်ယောကျ်ားသဒ္ဓေးသည်။ သမ္မတ္တာ၊ သားသမီးတကျိပ်နှင့် အဘူတက္က ရဟန်းပဉ္စင်းအဖြစ်သို့ ဆိုက်ရောက်ခဲ့လေပြီ။ အဟမ်ပီ၊ ငါကိုယ်တိုင်လဲပဲ။ တတ္ထ၊ ထို့ငါ့သား ငါ့သမီးနှင့် ငါ့အရှင်သခင် သဒ္ဓေးသားတို့သွားရောက်ရာ ဘုရားသာသနာသို့။ ဂစ္ဆိဿံ၊ ငါလဲ လိုက်ပါခဲ့တော့အံ့။

ငါလဲ....ငါ့သား ငါ့သမီး ငါ့အရှင်သခင် သဒ္ဓေးသားတို့ သွားရောက်တဲ့ ဘုရားသာသနာတော်တွင်း ဘိက္ခုနီမတယောက် ပြုလုပ်ပါတော့မယ်လို့ ဒီအကြံနှင့်-

ဝေ၊ ဤသို့။ အဟံ၊ အကျွန်ုပ်သည်။ စိန္တယိတ္ဝာန၊ ကြံစည်ပြီးသကာလ။ အနဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိံ၊ ရှင်ရဟန်းအဖြစ်မြောက် ကပ်ရောက်ခဲ့လေပြီ။

ဘိက္ခုနီမ ပြုလုပ်လိုက်တယ်။ အဲဒီလို ဘိက္ခုနီမ ပြုလုပ်ပြီးတော့ သူစဉ်းစားကြည့်တော့....သြော် ငါဘိက္ခုနီမ ပြုရတာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး အဖွားကြီးဖြစ်မှ ဘိက္ခုနီမပြုရတာ ညနေစောင်းမှ စပါးလှမ်းရတာနဲ့ သိပ်တူနေတယ်။ ဒီတော့ အခြားအခြား သော ဘိက္ခုနီမတွေနှင့် အတူတူနေလို့တော့ မဖြစ်ချေဘူး။ အဲဒီတော့... နေစောင်းမှ စပါးလှမ်းတဲ့ ပုဂ္ဂိုလ်ဟာ ကြိုးစားပြီးတော့ မှေ့ရတယ်။ ငါလဲပဲ အသက် ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး အဖွားကြီးဖြစ်မှ ဘိက္ခုနီမ ပြုလုပ်ရတော့ ကြိုးစားမှပဲလို့ ဆိုပြီးတော့ အားထုတ်တယ်။

ဟို....ရှေးတုန်းက ဘိက္ခုနီမ ကျောင်းဟိုက်ဆိုတာ မြို့တွင်း ရွာတွင်းမှာ ရှိတယ်။ သာဝတ္ထိပြည်ထဲမှာပဲ ရှိတယ်။ဆိုကြပါစို့။ သာဝတ္ထိပြည်ထဲ ဘိက္ခုနီမကျောင်းတိုက်မှာ နေမယ်။ အဲဒီလို နေတဲ့အခါကျတော့ သီတင်းသုံးဖော် ဘိက္ခုနီမတွေရဲ့ ဇာတ်ကြီး ဝတ်ငယ်တွေကို သူပြုတယ်။ အဲဒီလို သူပြုပြီးတဲ့နောက် ဝတ်ကြီးဝတ်ငယ်တွေ ဘိက္ခုနီမကျောင်းတိုက်အာရုံမှ ပြုစုပျိုရှိတဲ့ ဝတ်ကြီးဝတ်ငယ်တွေ ပြုပြီးတဲ့နောက် ရဟန်းတရားအားထုတ်... ဒါ ဝတ္တသီသကမ္မဋ္ဌာန်းလို့ ခေါ်တယ်။ (ဝတ်ကို အကုန်လုပ်ပြီးမှ အားထုတ်တဲ့ ကမ္မဋ္ဌာန်း)

ဤကဲ့သို့ အားထုတ်လို့ရှိယင်ပေါ့လေ။ ဝတ္တသီသ အဲဒီဝတ်ကာစာရိတ္တသီလဖြစ်ပြန်။ အဲဒီ စာရိတ္တသီလကို ဦးတည်ပြီးတော့ စီးဖြန်းတဲ့ ကမ္မဋ္ဌာန်းဆိုတော့ မြန်မြန်ဖြောက်ရော်။ အဲဒါကြောင့် ဝတ္တသီသ ကမ္မဋ္ဌာန်းကို စီးဖြန်းကြ၊ အဲဒီကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်တဲ့ နေရာညများ.... တခါတည်း ကျောင်းအောက် မအိပ်မနေ အားထုတ်တာ။ အဲဒီလို အားထုတ်ပြီ ဆိုလို့ရှိယင် ဟောဒီ တိုင်ကြီး လက်ကိုင်ပြီးတော့ အသက်ကလည်းကြီးတော့ ဟိုဟို ဒီဒီသွားယင် ခလုတ်တိုက်

လဲမယ်။ အဲဒီလို မဖြစ်ရအောင် ဘာမပြောနဲ့ တိုင်ကြီး လက်က ကိုင်....တိုင်ကြီးကို ပတ်ချာပတ်ချာလှည့်ပြီး တရားအားထုတ်တယ်။

အဲဒီလို....ကျောင်းအောက်မှာ အားထုတ်ရာက တော်တော်လေး အချိန်ညောင်းသွားတဲ့ အခါကျတော့၊ အေး.... အပြင်သြကာသ အပြင် လွှင်တီးခေါင်ထွက်ပြီး တရားအားထုတ်မယ်ဆိုပြီး လွှင်တီးခေါင် ဟင်းလင်းပြင် ထွက်ပြီးတော့ နှစ်ခေါက် သုံးခေါက်လောက် လမ်း လျှောက်၊သစ်ပင်ဝင်ပင်ကိုင်ပြီး အဲဒီ ... သစ်ပင်ကြီးလှည့်ပြီးတော့ တရား အားထုတ်၊ ဟိုသွား ဒီသွား မတော်တဆ ချော်လဲသော်ရှိ တုံးသော် ရှိပေါ့။ အဲဒီလို ရှိမှာစိုးလို့ပေါ့လေ၊ အဲ .. လွှင်ပြင်မှာဆိုယင် သစ်ပင် ကိုလှည့်ပြီးကော့ တရားအားထုတ်တယ်။ ကျောင်းအောက်မှာဆိုယင် ကျောင်းတိုင်ကြီး ကိုင်ပြီး လှည့်ပြီးတော့ တရားအားထုတ်တယ်။

အဲဒါနဲ့....သူ့အကြောင်း ဘိက္ခုနီမတွေက မြတ်စွာဘုရား လျှောက် ထားလို့ ဘုရား ဧရှုနားတော်ကြွားသိရတော့၊ သြော်....သောဏာဆိုတဲ့ ဘိက္ခုနီမကြီး သား သဒိးက တကျိပ်ရှိလို့ သူ့ကိုယ် "ဗဟုပုတ္တိက သောဏာ" လို့ ခေါ်တယ်၊ များလွန်းသော သား သမီးရှိသော သောဏာ ဗဟုပုတ္တိကသောဏာထဲရဲ ဘိက္ခုနီမကြီးဟာဖြင့် အင်မတန် လုံ့လ ကြိုးကုတ် အားထုတ်တယ်၊ "အာရဒ္ဓဝီရိယ" အားသစ်အပ်သော လုံ့လ ပဓိယရှိသော ဘိက္ခုနီမကြီးပဲလို့ ဘုရား ဧရှုနားတော်ကြား၊ သီတင်းပေါက်၊ အဲဒီလို နေ့ဆက်ရက်ဆက် ဆိုသလိုပေါ့လေ။ ဝတ္တ သီသ ဖြစ်တဲ့ ကမ္မဋ္ဌာန်း သမ္မပ္ပဓာန် လုံ့လ ဝဲရိယလေးပါး အားကုန် ထားပြီးတော့ တရားအာ'ထုတ်လိုက်တာ တနေ့ အာသဝေါကုန်ခန်း ရဟန္တာဖြစ်မယ့်နေ့မှာ အကြောင်း ဘယ်လိုပေါ်လာသလဲဆိုတော့ -

တတော စ မံ ဘိက္ခုနီယော၊ ကေ ဘိက္ခုနုပဿယေ။
ဝိဟာယ ဂစ္ဆုမောဝါဒံ၊ တာပေဟိ ဥဒကံ ဣတိ။

အယျာယော၊ သီတင်းသုံးဖော် သူတော်မှန်လှ အို....အရှင်မတို့။ တတော၊ ထိုရဟန်းအဖြစ်မြောက် ရောက်သည်မှ နောက်ကာလ တနေ့သ၌။ ဘိက္ခုနိမယာ၊ သီတင်းသုံးဖော် အဖော်ဖြစ်သော ဘိက္ခုနိမတို့သည်။ မံ၊ ငါ့ကို။ ကေ၊ ဇယောက်ထီးတည်း။ ဘိက္ခုနုပဿယေ၊ ဘိက္ခုနိမကျောင်းဟိုက်ထဲ၌။ ဝိဟာယ၊ ချန်ထား၍။ ဥဒကံ၊ ရေကို။ တာပေဟိ၊ ရေနွေးကျိုထားလိုက်နော်။ ဣတိ၊ ဤသို့အမှာစကားပြောကြားကြ၍။ ဘိက္ခုနီယော၊ အဖော်ဘိက္ခုနိမတို့သည်။ သြဝါဒံ၊ အဆုံးအမခံယူဖို့ရန်။ ဂစ္ဆုံ၊ ဘုရားသီတင်းသုံးရာ ဇေတဝန်ကျောင်းသို့ သွားမောက်ကြလေပြီ။

ဇနေသ၌ မျိုးစွာသော ဘိက္ခုနိမတွေက ဗဟုပုတ္တိကသောဏာ-ထေရိ ဘိက္ခုနိမကြီးတဖယောက်ပဲဉီး။ ဒီတော့ ယနေ့ အပြော ပြောရမယ်ဆိုလို့ရှိယင်ပေါ့လေ၊ သူက အသက်အရွယ်ကြီးမှ ဘိက္ခုနိမ ဖြူတယ်ဆိုတော့ ခပ်ရိုင်းရိုင်း ပြောရယင်တော့ တောထွက်ဘိက္ခုနိမ ကြီးလို့ပေါ့လေ၊ မျက်နှာကလဲ ခဘ်ငယ်ငယ်နှင့် တူပါ၏။ အင်း.... ဒီတော့ အဖွားကြီးကို ဘိက္ခုနိမတွေက ကျောင်းတိုက်ထဲ ဇယောက် တည်းထားကြတယ်။

"အဖွားကြီး။ ကျောင်းတိုက် ဝောင့်နေနော်"

"ကောင်းပါ့ဖြ"

"အင်း ... ကျုပ်တို့လာလို့ရှိယင် ရေနွေးလေးဘာလေး အသင့်ရ အောင် ရေနွေးအိုးလေးများလဲ တည်ထားလိုက်နော်"

"ကောင်းပါ့ဖြ"

"အင်း ...ကျုပ်တို့အားလုံး ဇေတဝန်ကျောင်းတော်သွားပြီးတော့ အဆုံးအမ ဩဝါဒတရားသွားနာချေဦးမယ်"

"ကောင်းပါပြီ"

သူက အသက်ကြီးမှ ရဟန်းပြုတာကို။ ဘိက္ခုနီမကြီးတော့ မျက်နှာငယ် ပြီးတော့ ဘိက္ခုနီမအငယ်တွေခိုင်းတာကို ကောင်းပါပြီ ကောင်းပါပြီ၊ သဘောကလဲကောင်း၊ စိတ်ရင်းကလဲကောင်း၊ အဲဒီလို ပြောပြီးတော့ ဘိက္ခုနီမတွေသွားကြ၊ ကျောင်းတိုက်ကြီး တတိုက်လုံး သူပဲကျန်၊ အဲဒီလို ကျန်တဲ့အခါ ဘာဖြစ်တုံးဆိုတော့-

တဒါ ဥဒကမာဟိတွာ၊ ဩကိရိတွာန ကုမ္ဘိယာ။
စုလ္လေ ဌပေတွာ အာသိနာ၊ တတော စိတ္တံ သမာဒဟိ ။

အယျာယော၊ သီတင်းသုံးဖော် သူကော်မှန်လှ အို....အရှင်မတို့၊ တဒါ၊ ထိုသို့အဖော် ဘိက္ခုနီမများ ရေနွေးအိုး ကျိုထားလိုက်နော်.... မှာကြား၍ ကျောင်းတော်သို့ အဆုံးအမခံရန် သွားကြသောအခါ၌။ အာဟံ၊ သောဏာတင်ခေါ် တပည့်တော်မသည်။ ဥဒကံ၊ ရေကို။ အာဟိတွာ၊ ခပ်ယူခဲ့၍။ ကုမ္ဘိယာ၊ ရေနွေးအိုးထဲ၌။ ဩကိရိတွာန၊ သွန်းလောင်းပြီးသကာလ။ စုလ္လေ၊ ဖိုခနောက်၌ (၀၊) ခုံလောက်၌။ ဌပေတွာ၊ ရေနွေးအိုးကိုတည်၍။ အာသိနာ၊ အနီးအပါးမှ ကြံမိုင်နေ ထိုင်လျက်။ တတော၊ ထို့နောင်မှ။ စိတ္တံ၊ မိမိစိတ်ကို။ သမာဒဟိ ၊ ကောင်းစွာဆောက်တည့် တည်ကြည်စေခဲ့လေပြီ။

ရဟန္တာမကြီးဖြစ်ပြီ

ဘိက္ခုနီမတွေလဲသွားရော....သူရေသွားခပ်တယ်၊ ရေနွေးအိုးထဲ ရေထည့်၊ အဲဒီရေနွေးအိုးကြီးကို ဖိုခနောက်ပေါ်တည်၊ မီးတော့

မထိုးမိဘူး၊ ဖိုကနောက်ပေါ် ရေန္ဒေးအိုးကြီး တည်ပြီးတော့ သမာဓိ ဘာဝနာအလုပ်ကို သူလုပ်နေတယ်၊ အဲဒီသမာဓိဘာဝနာအလုပ်ကို လုပ်ယင်းလုပ်ယင်း လုပ်ယင်းက သမာဓိအားကောင်းပြီး ဖောက်ဖောက် ကြာတော့ သူဘာဖြစ်လာလဲဆိုတော့—

ခန္ဓေ အနိစ္စတော ဒိသ္ဝာ၊ ဒုက္ခတော စ အနတ္တတော။
ခေပေတ္ဝာ အာသဝေ သဗ္ဗေ၊ အရဟာတ္တမပါပုဏိ ။

အယျာယော၊ သိတင်းသုံးဖော် သူတော်မှန်လှ အို....အရှင်မတို့၊ တတော၊ ထိုသို့ သမာဓိဘာဝနာတရား ပွားပြီးသည်မှ နောက်ကာလ ဒုဇ္ဈ်။ ခန္ဓေ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို။ အနိစ္စတော စ၊ အနိစ္စ ဟူ၍လည်းကောင်း။ ဒုက္ခတော စ၊ ဒုက္ခဟူ၍လည်းကောင်း။ အနတ္တ တော စ၊ အနတ္တဟူ၍လည်းကောင်း။ ဒိသ္ဝာ ပဿာမိ၊ ယထာဘူတ သဘာဝဉာဏ်ဝင် အမှန်အတိုင်းမြင်၍ နေပါ၏။

သမာဓိအလုပ် လုပ်ပြီးတဲ့နောက် ခန္ဓာကမ္မဋ္ဌာန်း စီးဖြန်းတယ်၊ အဲဒီခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တဟူ၍ ဝိပဿနာဉာဏ်မျက်စိနှင့် ကြည့်ရှုနေပါတယ်။

ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ။
သညာ အနိစ္စာ ဒုက္ခာ အနတ္တာ၊
သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ။
ဝိညာဏံ အနိစ္စံ ဒုက္ခာ အနတ္တာ—

လို့ ခန္ဓာကမ္မဋ္ဌာန်း စီးဖြန်းနေသတဲ့၊ အဲဒီလို စီးဖြန်းနေယင်း ဒီ တရားလုံးတွေ့ ခန္ဓာငါးပါးရဲ့ အဖြစ်အပျက်တွေ့ တော်တော်ကြီးကို

နက်နက်နဲနဲမြင်လို့ တရားဝင်ပြီးတော့ နေတဲ့အချိန်မှာ ဘိက္ခုနီမတွေ ကျောင်းထဲမှာ အဆုံးအမသြဝါဒခံနေတာ၊ သူ့ဟာနဲ့သူ ဆိုင်ရာ ဘိက္ခုနောဝါဒက ရဟန်းက တရားဟောတဲ့ကိုယ်တော်က တရား ဟောလို့ တရားနာနေတာ၊ အဲဒီအခါ ဘုရားကိုယ်တော်မြတ်က အဲဒီ ကနေပြီးတော့ ကျောင်းဘေးနေ ကြည့်တယ်။ "သြော်....ဗဟု-ပုတ္တိကသောဏာထေရီ ဘိက္ခုနီမကြီး ဘိက္ခုနီမကျောင်းထဲ တပါး တည်း ကျန်ရစ်ပါလား၊ သူဘယ်လိုနေပါလိမ့်"လို့ ကြည့်တော့-"ဟာ-ဘိက္ခုနီမတွေ မှာလို့ ရေနွေးအိုးဟာ၊ ဖိုခနောက်ပေါ် ရေနွေးအိုးတင်၊ မီးတော့ မထိုးခဲ့ဘူး၊ တခါတည်း သူ့နေရာ သူပြန်ပြီး တော့ သမာဓိဘာဝနာအလုပ် တရားအားထုတ်ရာက ယခု ဝိပဿနာ အလုပ်အားထုတ်လို့ ခန္ဓာငါးပါးရဲ့ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပုံကို သူ ကြည့်နေပါပကော"

ရုပ်ဟုတ္ဝင်မည်၊ ခန္ဓာသည်ကား၊မြင့်ရှည်ကာလ၊ မတည် ထပါ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ (ခဏအတွင်းဖြစ် ခဏ အတွင်း ပျက်တာပဲတဲ့။)

ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရုံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မျှော်ထောက် ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

ခန္ဓာငါးပါးရဲ့ အနိစ္စ ဒုက္ခ အနတ္တဟု သူပြုနေတာ အင်မတန်ပဲ အသိဉာဏ်တွေ ရင့်သန်လာပြီ၊ ဒီအချိန်မှာ ငါဘုရား သြဝါဒဂါထာများ ဟောဖို့ အချိန်တန်ပြီလို့ စဉ်းစားတော်မူမိတယ် ဆိုယင်ပဲ ကိုယ်တော် မြတ် ကျောင်းတော်ကနေပြီးတော့ သြော်....သင်္ဘော်တို့ မီးရထားတို့က ဆလိုက်မီးကြီးများ ထိုးလိုက်သလို ကျောင်းတော်ကနေပြီး ကိုယ် တော့်ဆီနှင့် အဲဒီ သံသာဏာထေရီ ဘိက္ခုနီမကြီးနေတဲ့နေရာ တခါတည်း

ဆလိုက်မီးကြီး ထိုးလိုက်သလို ထောင်ခြည်တော်ကြီးက တခါတည်း တန်းနေတယ်။

ဘိက္ခုနီမကြီးက ကမ္မဋ္ဌာန်းထိုင်နေတဲ့နေရာက လှမ်းကြည့်တော့ ဘာ, ဘာလိမ့်မတုံး၊ တကတဲ ဆလိုက်မီးကြီးလို အရောင်အလင်းကြီး တကတဲ စိုက်စိုက်စူးစူးကြီး ထိုးထားတာ ကြည့်လိုက်တော့ ဟို-ရှပ်ရှင်ထဲများမှာ ရှပ်ရှင်ကားကြီးထဲ ဘုရားကိုယ်တော် ပေါ်သလို ပေါ့၊ တခါတည်း သူ့မျက်စိထဲမှာ ဘုရားကိုယ်တော်မြတ်ကို မြင်လာတယ်၊ အဲဒီလို မြင်ပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီးက အသက်ဝင်လှုပ် အဲဒါ ဇောတဝန်ကျောင်းတော်က ဘုရားကိုယ်တော်မြတ်ကြီး တခါတည်း သူ့ရှေ့မှာလာပြီး ထိုင်၍ ဟောဘိသကဲ့သို့ထင်ရတယ်။

ယော စ ဝဿသတ ဇဝေ၊ အပဿ မမ္မမုတ္တမ။
ကောဟံ ဇီဝိတံ သေယျော၊ ပဿာတော မမ္မမုတ္တမံ။

သောဏာ၊ ချစ်သမီးသောဏာထေရီ။ ယော စ၊ အကြင်သူသည် ကား။ ဥတ္တမံ မမ္မံ၊ မြတ်သော မဂ် ဖိုလ် နိဗ္ဗာန် လောကုတ္တရာတရား တော်မြတ်ကို။ အပဿံ-အပဿန္တော၊ မမြင်ပဲ။ ပဿသတံ၊ အနှစ် တရာ ရှည်မြင့်ကြာအောင်။ ဇီဝေ-ဇီဝေယျ၊ အသက်ရှည်နေရှု၏။ တဿ၊ ထိုသူ၏။ ဇီဝိတံ၊ အသက်ရှည်ရခြင်းသည်။ နု သေယျော၊ မချီးမွမ်းအပ် မမြတ်လှပါ။

ချစ်သမီး သောဏာ....လောကုတ္တရာ မဂ် ဖိုလ် နိဗ္ဗာန်ဆိုတဲ့ တရား မြတ်ကို မမြင်ပဲ အနှစ်တရာ အသက်ရှည်တဲ့ ပုဂ္ဂိုလ်ရဲ့ အသက်ရှည် ခြင်းကား မမြတ်လှပါ။

ဥတ္တမံ ဓမ္မံ၊ မြော်သော မဂ် ဖိုလ် နိဗ္ဗာန် လောကုတ္တရာတရား တော်မြတ်ကို။ ပဿတော-ပဿန္တိဿ၊ ရှုမြင်ရသော ပုဂ္ဂိုလ်၏။ ဥတ္တမံ ဓမ္မံ၊ မြတ်ဒသော ဝိပဿနာဘာဝနာတရားတော်ကို။ ပဿတော ပဿန္တိဿ၊ ရှုဆင်ခြင်သော ပုဂ္ဂိုလ်၏။ ဧကောဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ရခြင်းက။ သေယျော၊ ချီးမွမ်းအပ် မြတ်လှပါပေ၏။

ဒါ-ဩဝါဒဂါထာ ခေါ်တယ်။ အားပေးတဲ့ ဂါထာ-

ချစ်သမီးသောဏာ တဲ့။ ရပ်နာမ်ဓမ္မသခ်ိုင်္ဂုတ်ရဲ့ အနိစ္စ-ဒုက္ခ-အနတ္တ အချက်ကို ကွက်ကွက်ကွင်းကွင်း မမြင်ပဲ အနှစ်တရာ အသက်ရှည်ရသော်လဲပဲ ထိုသူတို့ရဲ့ အသက်ရှည်ရခြင်းဟာ မမြတ်ပါဘူး၊ ချစ်သမီးတို့လို ရုပ် နာမ် ဓမ္မ-သခ်ိုင်္ဂုတ်ရဲ့ အနိစ္စ-ဒုက္ခ- အနတ္တ အချက်ကို ကွက်ကွက်ကွင်းကွင်း, လင်းလင်းထင်ထင်ကြီး မြင်ပြီးတော့ တရက်လောက် အသက်ရှည်ရတာ မြတ်ပါတယ်။

ဟာ...မိမိရဲ့ ဘဝကြီး အမြတ်ဆုံးဆိုတာကို ဘုရားကိုယ်တိုင်က သြဘာသ ပေးခြည်တော်ကို လွှတ်ပြီးသကာလ ချီးမွမ်းခြင်းကို ခံရတဲ့ အခါ တရားကလဲ အားထုတ်ဆဲ ဝမ်းအလွန်သာပြီးတော့ ထူးကဲပြီးတော့ အလွန်ကြိုးကုတ် အားထုတ်ဖတော့ ဘာဖြစ်သွားလဲ-

ဓေပေတ္ဝာ အာသဓေ သဗ္ဗေ၊ အရဟတ္တမပါပုဏိ'။

သဗ္ဗေ အာသဓေ၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ အားဖြင့် ဓလေးပါးဥဿုံ အလုံးစုံကုန်သော အာသဝေါတရားတို့ကို။ ဓေပေတ္ဝာ၊အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ကုန်ဓစေ ခန်းဓစေ ကျမ်းဓစေ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပါပုဏိ'၊ ဆိုက်ရောက်ခဲ့လေပြီ။

ခန္ဓာကမ္မဋ္ဌာန်းနဲ့ သွားတယ်၊ အရဟတ္တဖိုလ် ပေါက်ရောက်တော့ အင်း ပယ်ပြီးတဲ့ ကိလေသာကို ဆင်ခြင်တယ်၊ ကြွင်းကျန်တဲ့ ကိလေသာ

မရှိတော့ဘူး၊ မင်းကို ဆင်ခြင်ဉာဏ်, ဒိုးလ်ကိုဆင်ခြင်ဉာဏ်,နိဗ္ဗာန်ကို ဆင်ခြင်တယ်၊ ပစ္စဝေက္ခဏာ ဝိဆိလေးကျိုးပြပြီးတော့....

အော်....ငါဖြင့်-

ခိဏာ ဇာတိ=ဘဝပဋိသန္ဓေ ကုန်ပြီ....

ဝုသိတံ ဗြဟ္မစရိယံ=မင်္ဂလာဥယျာဉ်ဟူသော မြတ်သောအကျင့်ကိုကျင့်ရတာ အရဟတ္တဖိုလ်ပေါက် ကျင့်သုံးပြီးပြီ....

ကတံ ကရဏီယံ=ရဟန်းတို့ပြုလုပ်ရမဲ့ ရဟန်းကိစ္စ ကို အရဟတ္တဖိုလ် ပေါက် ငါပြုလုပ်ရပြီ....

နာပရံတ္ထာယာတိ=နောက်ထပ်ဘာဖန် မင်္ဂလာစတဆယ့်ခြောက်ပါး ငါ ပြုရန် မလိုတော့ဘူး....

လို့ အဆင့်ဆင့်ပရဲ့ ပဋိ ပစ္စဝေက္ခဏာဉာဏ်များနှင့် မိမိရဲ့ ရဟန္တာ ဖြစ်ထောကို သိပြီးတော့ ဝမ်းမြောက်ဝမ်းသာ ပစ္စဝေက္ခဏာဇောတွေ ကျပြီးတဲ့နောက် မိမိရောက်ရှိသော အရဟတ္တဖိုလ် သမာပတ်ဝင်စား၍ ချမ်းချမ်းသာသာနေပြီး ဖလသမာပတ် ချမ်းသာနဲ့ အခဖာ ဘိက္ခုနီတွေ မလာမချင်း ဟောဒီ ဘိက္ခုနီမကျောင်းတိုက်ထဲ တပါး တည်း ဖလသမာပတ် ချမ်းသာနှင့်နေတယ်။

အဘိညာဉ်နှင့် ရေနွေးတည်

ဟို တော်တော်လေး နေဝင်ဖြိုးဖျ အချိန်ကျလို့ ဘိက္ခုနီမများ ကျောင်းတော်က ပြန်လာတဲ့အခါကျတော့ သောဏာထေရီ ဘိက္ခုနီမက ဘာပြောလဲဆိုတော့-

တဒါဂန္ဓာ ဘိက္ခုနိယော၊ ဥစ္ကာဒကမပုစ္ဆိသုံ။
တေဇောဓာတုမဓိဋ္ဌာယ၊ ခိပ္ပံ သန္တာပယိ ဇလံ။

အယျာယော၊ သီတင်းသုံးဘော် **သူတော်မှန်လှ** အို အရှင်မတို့။ တဒါ၊**ထိုသောဏာထေရီကျွန်တော်မ** အရဟာတ္တဖိုလ်သို့ **ရောက်ပြီးသော** နောက်ကာလ၌။ **ဘိက္ခုနိယော**၊ အဖော်ဘိက္ခုနီမတို့သည်။ အာဂန္ဓာ၊ ဘိက္ခုနီမ ကျောင်းတိုက်သို့ ပြန်လာကြ၍။ ဥက္ကာဒကံ၊ ရေနွေးကို။ အာပုစ္ဆိသုံ၊ မေးကြပါကုန်ပြီ။

ဘိက္ခုနီမတွေ ကျောင်းတော်က တရားနာပြီးပြန်လာ၊ ကျောင်းတိုက်ထဲရောက်၊ဘယ်နှယ်တုန်း သောဏာထေရီဘိက္ခုနီမကြီး....ရေနွေးအိုး တည်ထားပါဆို မကျက်သေးဘူးလား၊ မရှိဘူးလား၊ ဟိုကမေး-ဒီက မေးနှင့်ပေါ့၊ ဒီအဖွားကြီး ရေနွေးအိုး တည်ထားပါဆို။မြည်တာ ငေါက်ထားလဲ ပါမယ်ပေါ့၊ တည်ပြီးပလားဟော့၊ ကြည့်ပါလား၊ အခု ထက်ထိ မီးတောင်မမွှေးရသေးဘူး၊ မီးဖိုပေါ် ရေနွေးအိုးကို တည်ရုံ တည်ထားတယ်၊ ပွက်ပါလိမ့်မယ်၊ နွေးပါလိမ့်မယ်ပေါ့လေ။ အဲဒီလို ပြောကြတော့ သောဏာထေရီမကြီးကို နှုတ်ဆိုင်းလိုမှတ်ပြီးတော့ ဒီအဖွားကြီးဟာ ဟိုကပဲ ပြောတော့မလို၊ဒီကပဲ ပြောတော့မလို၊ရန်တွေ့တော့မလို၊ ဒီအချိန်ရောက်တော့ကမှ ဘိက္ခုနီမကြီးက သူ့ရဲ့ ကုဋ္ဌင်ညောင်စောင်းမှာ မတွေ့တော့ဘူး။

"ရှင်မတို့ ရေနွေးလိုချင်လို့လား"

"ဟုတ်တယ် ဘယ်မလဲ၊"

ရှင်မကို ရေနွေးဟည်းထားပါဆို အခုထက်ထိ မီးတောင်မမွှေးသေးဘူး၊အို...ဆွမ်းကြည့်ကြ"

သူ ဘာပြောလဲ....

အဟ၊ ကျွန်တော်မသည်။ တေဇောဓာတုံ၊ တေဇောကသိုဏ်းစျာန်ကို။ အဓိဋ္ဌာယ၊ ဆောက်တည်၍။ တေဇောဓာတုမဓိဋ္ဌာယ၊ တေဇောကသိဏစျာန်ကိုဆောက်တည်၍ လို့ ဒီသာသနာမှာ ဒီအကြီးစားစကားလုံးကို ဒီလောက် ပြောလိုက်ယင် ဘုန်းကြီးတို့ အဘိဓမ္မာနယ်ပယ်က ပုဂ္ဂိုလ်တွေကတော့ နားလည်တယ်၊ ဘယ့်နှယ်လဲ—

ပါဒကစျာန်၊အဓိဋ္ဌာန်နှင့်၊ တဖန်ပါဒက၊ စတုတ္ထ၊ ကျတော့ အဘီညာ။

ပထမတေဇောကသိုဏ်းကို အာရုံပြုပြီးတော့ ရူပါဝစရကြိယာ စတုတ္ထစျာန်ကို ဝင်စားရတယ်။တေဇောကသိုဏ်းကို အာရုံပြု၍ ရူပါဝစရ ပါဒက စတုတ္ထစျာန်ကို ဝင်စားတယ်၊ ဒါအခြေပါဒ၊ အဲဒီအခြေပါဒက ပြုတာ။ဘာလုပ်ဖို့လဲလို့ဆိုတော့ အဲဒီစျာန်က ထယင် အဓိဋ္ဌာန်မလို့၊အဓိဋ္ဌာန်ဟာင် အဲဒီ အဓိဋ္ဌာန်တန်ခိုးရောက်အောင်လို့၊ ဒီက ဘာဖြစ်ပါစေ ဥာဖြစ်ပါစေလို့ လူတိုင်းလူတိုင်း အဓိဋ္ဌာန်တယ်၊ ဒါပေမယ့် အဲဒီ အဓိဋ္ဌာန်ချက်ရဲ့ အခြေပါဒ ရူပါဝစရ စတုတ္ထစျာန်တို့မှာ မရှိဘူး။ တို့ရဲ့ ဇာဓိဋ္ဌာန်ချက်ဟာ မပြည့်သော်ရှိ ပြည့်သော်ရှိတောင် မဟုတ်ဘူး၊ မပြည့်၊သော်ရှိချည်းပါပဲ။အင်း မပြည့်သော်ရှိပြည့်သော်မရှိကြ နေတာပါပဲ၊ တို့အဓိဋ္ဌာန်ချက်တွေ ဘာပြုလို့မပြည့်သလဲ၊ တောင်းလိုက်တာသိန်းဆုပေါက်ရုပါလို့၏၊ သိန်းဆုမပေါက်၊ ငါးသောင်းဆုပေါက်ရပါလို့၏၊ ဘာလို့မပေါက်။တို့က ပါဒကမှ မရှိပဲ၊ အခြေပါဒ သမာဓိမှ မရှိပဲ။

ဟို မှာက ဖတော့ အဓိဋ္ဌာန်တော့မယ်ဆိုယင် အဓိဋ္ဌာန်ရဲ့အခြေပါဒ အနေနှင့် ပထမဦးဆုံး ရူပါဝစရ ကြိယာပဋ္ဌမစျာန်ကို ဝင်စားတယ်၊ ဘိက္ခုပုဂ္ဂိုလ်မှာပေါ့လေ၊ စတုတ္ထစျာန်ဆိုပါစို့။ အဲဒီစျာန်ကို ဝင်စားတဲ့

အခါမှာ ဟိုက ပူစေချင်တော့ ဒီက တေဇောကသိဏ်းကို အာရုံပြုပြီး တော့ ရူပါဝစရ ပါဒက စတုတ္ထစျာန်ကို ဝင်စား၊ ထိုစျာန်က ထတဲ့အခါ ကျမတော့ကမှ ကာမာဝစရကြိယာ အဓိဋ္ဌာန်ဇောတို့ဖြင့် ခုံလောက်ပေါ်မှာ ငါတည်ထားတဲ့ ရေနွေးအိုးထဲက ရေနွေးတွေ ကျိုက်ကျိုက်ဆူပွက်ပါစေသား။

အောက်က မီးမရှိပဲနဲ့ ပွက်နေတာ ကျိုက်ကျိုက်ဆူ ပွက်ပါစေသားလို့ အဓိဋ္ဌာန်လိုက်တာ၊ပြောတာက ကြာတယ်။ အဲဒီလို မိဋ္ဌာန်လို့လဲ ပြီးရော တဖန် ပါဒကရူပါဝစရ စတုတ္ထစျာန်ကို ဝင်စားတော်မူပြန်တယ်၊ အခုပါဒကစျာန်က အဘိညာဉ်ရဲ့ အခြေပါဒ အဘိညာဉ်ဇောကျအောင်လို့ တဖန် ရူပါဝစရစတုတ္ထစျာန်ကြိယာ၊ စတုတ္ထစျာန်ကို အခြေပြုပြီး ဝင်စားရတယ်၊ အဲဒီစျာန်က ထတော့မှ ဘဝင်နှစ်ကြိမ်ကျပြီးတော့မှ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊မနောဒ္ဒါဆုဇောန်း၊ ဥပေက္ခာ၊ အနုလုံ၊ ဂေါတြဘူ၊ အဘိညာဉ်ဇောလို့ ဝိထိစိတ်တွေ ဧဉ်လျက် တန်းလျက်ဖြစ်လို့ အဘိညာဉ်ဇောလဲ ဘွားကနဲပေါ်ရော ဟောဟို ခုံလောက် ဖိုခနောက်ဖေါ်မှာ တည်ထားတဲ့ အောက်က မီးမမွေးရပဲနဲ့ တည်ထားတဲ့ ရေနွေးအိုးကြီးက အောက်က မီးတောက်မရှိပဲနဲ့ ပွက်ပွက်၊ ပွက်ပွက်၊ ပွက်ပွက်နဲ့ တခါတည်း ကျိုက်ကျိုက်ဆူ တခါတည်း ရေနွေးတွေ ပွက်ရော အဲဒါကို ထေရီမကြီးက ပြောတယ်-

တေဇောဓာတုမဓိဋ္ဌာယ၊ ခိပ္ပံ သန္တာပယိ ဇလံ။

အယျာယော၊ သိတင်းသုံးဘော် သူတော်မှန်လူ အိုအရှင်မတို့....။ တဒါ၊ ထိုသို့ အဖေါ် ဘိက္ခုနီမများက ရေနွေးရလိုကြောင်း တောင်းကြ မေးကြသောအခါကာလ၌။ အဟံ၊အက္ခန်ပ်သည်၊တေဇောဓာတုံ၊ တေဇောကသိဏ်စျာန်ကို။ အဓိဋ္ဌေးယ၊ဆေး၊က်တည်၍။ (၀ါ)တေဇော ကသိဏ်ပါဒကစျာန် ထိုစျာန်ကထ အဓိဋ္ဌာန်ဝီထိကျ တဖန် တေဇော ကသိဏ်ပါဒကစျာန်ဝင်စား ထိုစျာန်ကထ အဘိညာဉ်ဝီထိကျ အဘိ

ညာဉ်ဇော တကြိမ်စောစေပြီးလျှင်။ ဇလံ၊ ခရန္ဒေးအိုးထဲကရေကို ခိပ်၊ လျှင်မြန်စွာ။ သန္တောပယိ၊ တကျိုက်ကျိုက်ပွက်ဆူစေခဲ့လေပြီ။

ဗုဒ္ဓမြတ်စွာ ချီးမွမ်းစကား

အောက်ကမီးလဲညှိး မရှိပဲနဲ့ ရှင်မတို့ သွားပြီးတော့ ခပ်ကြတော့၊ ဟောဟို ရေခေန္ဒေးအိုးကြီး ပွက်နေပြီ၊ တခါတည်း ပြောလိုက်တယ်။ မီး မရှိပဲနဲ့ ဟိုဟာရေခေန္ဒေးအိုးကြီးက ပွက်ပွက်, ပွက်ပွက်, ပွက်ပွက်နှင့် ပွက်ခနဝတော့ သွားပြီး ခပ်ကြတဲ့ ဘိက္ခုနီမတွေ့ သိတာပေါ့။ ဒီအကြောင်းကို သိကာမှ—

ဝိမှိတာ ပဟာ ဇိနဝရံ၊ တေမတ္ထမသာဝယုံ။
တံ သုတ္ဝာ မုဒိတာ နာထော၊ ဣမံ ဂါထံ အဘာသထ။

အယျာယော၊ သိတင်းသုံးဖော် သူတော်မှန်လှ အို အရှင်မတို့။ တာ၊ ထိုအခဖော်ဘိက္ခုနီမတို့သည်။ ဝိမှိတာ၊ အလွန်အမင်း အံ့သြခြင်း ရှိကြကုန်လျက်။ (ဟုတ်တာပါ၊ အောက်ကမီးတောက်မရှိပဲ ရေခေန္ဒေးတွေ ကျိုက်ကျိုက်ဆူပွက်နေတာ သွားတွေ့တော့ ဟာ-ဒါ သောဏာထေရီ ဘိက္ခုနီမကြီးရဲ့ အာဓိဋ္ဌာန်တန်ခိုး၊ တန်ခိုးဣဒ္ဓိပါဒ်၊ တအံ့တသြ၊ စော စောကသာဖြင့် ဒီအဖွားကြီး ဘာညာနှင့် ရန်တွေ့စကား ပြော မလောက်ဖြစ်ရာက အံ့သြတဲ့စိတ်တွေ့ ချီးမွမ်းတဲ့ စိတ်တွေ့ တရိပ်ချပ် တဖွားဖွား ဖြစ်ပွားပြီး သကာလ။) ဝိမှိတာ၊ ချီးမွမ်းအံ့သြ ပြောမကုန် စသာစိတ် ရှိကြကုန်သည်ဖြစ်၍။ ဇိနဝရံ၊ ဘုရားမြတ်တံသို့ ကပ်ရောက် ကြ၍။ တေမတ္ထံ၊ ထိုအကြောင်းကို။ အသာဝယုံ၊ ကြားလျှောက်ကြကုန်ပြီ။

ဘိက္ခုနီမတွေ့ တအံ့တသြဖြစ်ပြီး မြတ်စွာဘုရား .... သောဏာထေရီ ဘိက္ခုနီမကြီးဟာ အင်မတန် တန်ခိုးကြီးသွားပါပြီ၊ ဒီလို ဒီလိုပဲ"လို့ လက်တွေ့အကြောင်း လျှောက်ထားတော့ကမှ—

တံ သုတ္တာ မုဒိတော နာထော၊ ဣမံ ဂါထံ အဘာသထ။

တံ၊ ထိုအကြောင်းကို။ သုတ္တာ၊ ကြားတော်မူ၍။ မုဒိတော၊ ဝမ်းမြောက်သော စိတ်နှလုံး ရှိတော်မူသည်ဖြစ်၍။ နာထော၊ လူသုံးပါး တို့၏ ကိုးစားထု ဘုရားမြတ်စွာသည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အဘာသထ၊ ချီးမွမ်းစကား မိန့်ကြားတော်မူပြီ။

ဘိက္ခုနိမတွေ့ လျှောက်ထားလို့ ဒီအကြောင်းကို ကြားတော့ ဘုရားကိုယ်တော်မြတ်က—

ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီန ဝီရိယော။
ဧကာဟံ ဇီဝိတံ သေယ္ယော၊ ဝီရိယမာရဘတော ဒဠှံ။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ကုသီတော၊ ပျင်းရိလျက်။ ဟီနဝီရိယော၊ ယုတ်လျော့သောဝီရိယ ရှိသည်ဖြစ်၍။ (ဝါ) ဝီရိယလုံးဝမရှိပဲ။ ဝဿသတံ၊ အနှစ်တရာ ရှည်မြင့်ကြာအောင်။ ယော စ၊ အကြင်သူသည်လည်း။ ဇီဝေ-ဇီဝေယျ၊ အသက်ရှည်ငြားအံ့။ တဿ၊ ထိုသူ၏။ ဇီဝိတံ၊ အနှစ်တရာ အသက်ရှည်ကြာခြင်းသည်။ နဒသေယျော၊ မချီးမွမ်းအပ် မမြတ်လှပါပေ။ လုံ့လဝီရိယမရှိ ပျင်းပျင်းရိရိနှင့် အနှစ်တရာ အသက်ရှည်သော်လဲပဲ ထိုသူ၏အသက်ရှည်ခြင်းသည် ချီးမွမ်းအပ် မြတ်သောအသက်ရှည်ခြင်း မဟုတ်ပါဘူး—တဲ့။

ဝီရိယံ၊ ဝီရိယကို (ဝါ) သမ္မပ္ပဓာန် လုံ့လဝီရိယ လေးပါးကို။ ဒဠှံ၊ မြဲမြံစွာ။ အာရဘတော၊ လုံ့လကြိုးကုတ်အားထုတ်သော သောဏာထေရီဘိက္ခုနီတို့လို ပုဂ္ဂိုလ်၏။ ကောဟံ၊ တရက်တာမျှ။ ဇီဝိတံ အသက်ရှည်ရခြင်းက။ သေယျော၊ ချီးမွမ်းအပ် မြတ်လှပါပေ၏။—လို့ ဘုရားကိုယ်တော်မြတ်က သောဏာထေရီကို အကြောင်း ပြုပြီးတော့

ဟောဒိဂါထာ ချီးမွမ်းစကား ဒီတရား ဂါထာများကို ဟောကြား ပါတယ်။

မြတ်စွာဘုရားက သောဏာထေရိ ဘိက္ခုနီမကြီးအတွက်—

ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။
ဧကာဟံ ဇီဝိတံ သေယ္ယော၊ ဝီရိယမာရဘတော ဒဠှံ—

ဆိုတဲ့ ဒီချီးမွမ်းဂါထာစကားကို ဟောကြားပြီးတဲ့နောက် တနေ့မှာ ဘိက္ခုနီမများ တဒဝက်ထုထူး ထားတဲ့နေ့ကတော့ အစဉ်အတိုင်း ခေမာထေရိဘိက္ခုနီမကို ပညာရှိတဲ့အရာ၊ ဥပ္ပလဝဏ်ထေရိဘိက္ခုနီမကို တန်ခိုးကြီးတဲ့အရာ၊ ယသော်မထေရိဘိက္ခုနီမကို မဟာပညာအရာ အဲဒီလို အဲဒီလို အသီးအသီး ကိုယ်စီကိုယ်ငှ တဒဂ် ဘွဲ့ထူးသဘင် ယင်တဲ့ပုံနေ့မှာ ဘုရားကိုယ်တော်မြတ်က အဲဒီ ဗဟုပုတ္တိကသောဏာထေရိဆိုတဲ့ အဖွားကြီးကို—

တဒဂ္ဂံ ဘိက္ခဝေ မမသာဝိကာနံ ဘိက္ခုနီနံ အာရဒ္ဓဝီရိယာနံ ယဒိဒံ သောဏာ ဗဟုပုတ္တိကာ—

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ (၀၊) ပရိသတ်လေးပါး အိုချစ်သား ချစ်သမီးတို့။အာရဒ္ဓဝီရိယာနံ၊ အားသစ်အပ်သော လုံ့လဝီရိယရှိကုန်သော။ မမသာဝိကာနံ ဘိက္ခုနီနံ၊ ငါဘုရား၏တပည့်မ သာဝိကာဘိက္ခုနီမတို့အနက်။ ယဒိဒံ ယာ သော ဗဟုပုတ္တိကာသောဏာ၊အကြင်ဗဟုပုတ္တိက သောဏာထေရိသည်။ အတ္ထိ၊ ရှိ၏။ တေံ သော သောဏာ၊ ဤဗဟုပုတ္တိကသောဏာထေရိသည်။အဂ္ဂံ အဂ္ဂေါ၊ အမြတ်ဆုံး ပေ—

လို့ တေဒဂ်ဘွဲထူး နှင်းအပ်တော်မူတယ်။ ပြီးတော့မှ သူက ဘိက္ခူနိမတွေကို ဆက်ပြီးတော့ သူ့ရဲ့ လျှောက်ထားမြဲ စကား အတိုင်း ပြောပြန်တယ်။ အဲဒီ တေဒဂ်ဘွဲထူး နှင်းအပ်တော်မူပြီးတဲ့ နောက်မှာမှ သဘဿနာမှာ ရဿင့်ရထိုက်တဲ့ဂုဏ်တွေရပြီးတဲ့နောက်မှာမှ သူက အခု ဂါထာနှင့် သူ့ရဲ့အဖြစ်ကို ပြန်ပြီးပြောနေတာနော်။ အဲဒီ အကြောင်းကိုပါ သူနောက်ဆုံးထည့်ပြီး ဘာပြောလဲဆိုတော့-

အာရာမိတော မဟာဝိရော၊ မယာ သုပ္ပဋိပတ္တိယာ။
အာရဒ္ဓဝိရိယာနဂ္ဂံ၊ မမာဟ သ မဟာမုနီ။

အယျာယော၊ သီတင်းသုံးဖော် သူတော်မှန်လှ အိုအရှင်မတို့။ မယာ၊ကျွန်တော်မှသည်။ မဟာဝီရော၊ ကြီးမားသော လုံ့လဝီရိယ ရှိတော်မူတဲ့ မြတ်စွာဘုရားကို (ဘုရားကလဲ ဝီရိယအလွန် ကောင်းတဲ့ ဘုရား)၊ သုပ္ပဋိပတ္တိယာ၊ သမ္မပ္ပဓာန် လုံ့လဝီရိယကို မချတဲ့ အလွန် ကောင်းမြတ်တဲ့ အကျင့်ပဋိပတ်ဖြင့်။မယာ၊ ကျွန်တော်မသည်။ အာရာ-ဓိတော၊ နှစ်သိမ့်အားရ ဝမ်းမြောက်စေအပ်ခဲ့ပြီ။

ဘုရား ကိုယ်တော်မြတ်ကြီး စိတ်ကျေနပ်အောင်လေ ဝီရိယ ကြီးတော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီးကို ဝီရိယကြီးကြီးနဲ့ သုပ္ပဋိ-ပတ္တိနဲ့ စိတ်ကျေနပ်အောင် ကျွန်မကျင့်ပြလိုက်တယ် တဲ့။ကျင့်ပြလိုက် တော့ ဘာဖြစ်သလဲလို့ဆိုတော့ မဟာမုနိ၊ မုနိငါးမျိုး ခေါင်ကမိုးချွန် အစိုးရတော်မူတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်သည်၊ မံ၊ ကျွန်တော်မ ကို။ဒုရာရဒ္ဓဝီရိယာနံ၊အားသစ်အပ်တဲ့ လုံ့လဝီရိယ ရှိကြတဲ့ဘိက္ခုနီမတို့ အနက်။ အဂ္ဂံ၊အမြတ်ဆုံးဟူ၍။ အာဟ၊ တေဒဂ်ဘွဲထူးစကား မိန့် ကြားတော် မူခဲ့ပါပြီ၊

တေဒဂ် ဘွဲ့ထူးသဘင် အပ်နှင်းခဲ့ပါတယ်။ ဟာ ဒါပြင့် ရဟန္တာ ထေရီဖြစ်တယ်၊ ဧတေဒဂ်ကလဲပဲ အာရဒ္ဓဝီရိယ အရာ ဧတေဒဂ်ရတယ်။ ဒါလောက်တင်ပါ။ ဒီပြင် တဝိဇ္ဇတို့ ဆဋ္ဌာဘိညတို့ ဆိုတဲ့ ဒီဂုဏ်တွေ တော့ ရ မထင်ပါဘူးလို့ အဲဒီလိုပြောစရာ ရှိလို့။

ထေရိမကြီ ဥဒါန်း

ကိလေသာ စျာပိတာ မယှံ၊ ဘဝါသဓွေ သမူဟတာ။
နာဂိဝ ဗန္ဓနံ ဆေတ္ဝာ၊ ဝိဟာထုမိ အနာသဝါ။

(ဒါ ရဟန္တာထေရိမတိုင်း ဒေသရိမတိုင်း မြိန်မြိန်ရွတ်တဲ့ဂါထာ။)

အယျာယော၊ သီတင်းသုံးဖော် သူတော်မှန်လှ အိုအရှင်မတို့။ မယှံ၊ ငါ့သဏ္ဌာန်၌။ ကိလေသာ၊ တစ်ထောင့်ငါးရာ ကိလေသာတို့ကုံ။ စျာပိတာ၊ အရဟတ္တမဂ်ဖြင့် ဖောက်ခြင်းမဲ့လောင်မြိုက်အပ်ကုန်ပြီ။

ကိလေသာတွေ အကုန်ပြောကျပြီးပြီ–

ဆဓွေ ဘဝါ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံကုန်သော ကမ္မဘဝ ဥပပတ္တိ ဘဝတို့ကို၊ သမူဟတာ၊ အမြစ်မကျန် ပယ်လှန်နုတ်ပစ်အပ်ကုန်ပြီ။

ကာမဘဝ မရှိတော့ဘူး။ ရူပဘဝမရှိတော့ဘူး။ အရူပဘဝမရှိတော့ဘူး။ ဘဝသုံးခုလုံးမရှိတော့ဘူး။ နုတ်ပြီးပြီ၊ ဘာဖြင့်လို့တုန်း ကာမဘဝကို ရောက်စေတတ်တဲ့ ဘဝကမ္မိကံ၊ ရူပဘဝကို ရောက်စေတတ်တဲ့ ဘဝကမ္မိကံ၊ အရူပဘဝကို ရောက်စေတတ်တဲ့ ဘဝကမ္မိကံ အဲဒီကံတို့ရဲ့ အခြေခံအကြောင်းရင်းဖြစ်သော အဝိဇ္ဇာ တဏှာဆိုတဲ့ အမြစ်ကိုနုတ်ထားတယ်။ အဝိဇ္ဇာ တဏှာဝဉ်းဟူသော ရေသောက် မြစ်ဖြတ်ထားတော့ အဲဒီ ဘဝကမ္မိကံကလည်း ဘဝအကျိုးကို မပေးနိုင်တော့ဘူး။

အသွန်ကောင်းမွန်ပြီး အောင်မြင်နေတဲ့ သစ်ပင်ကြီးကို အသာလေး အောက်ကရေသောက်မြစ်ကို ဖြတ်ပစ်လိုက်၊ ဖြတ်ပစ်လိုက်ယင် အဲဒီသစ်ပင်ကြီး ဘယ်လောက်ကြီးပဲ ထိုးထိုးထောင်ထောင်နေပေမယ့်လို့ မပွင့်တော့ဘူး မသီးတော့ဘူး၊ အဲဒါလို သူရဲ့ခန္ဓာဟာ သစ်မြစ်ဖြတ်ထား ရေသောက်မြစ်ဖြတ်လားတဲ့ သစ်ပင်ကြီးလိုဖြစ်နေတယ်။ အဲဒါကြောင့် သူသည် ဘဝအားလုံးကို အမြစ်မကျန် ပယ်လှန်ဖြတ်ခတောက်အပ်ပြီး ဖြစ်နေပြီတဲ့ – ။

ဗန္ဓနံ၊ သံကြိုးအနှောင်အဖွဲကို။ ဆေတ္ဝာ၊ ပယ်ဖြတ်၍၊ ဖြတ်တောက်၍။ နာဂိ၊ ဆင်ပြောင်မသည်။ ဂိဟရတိဂ္ဂတိ၊ အလိုရှိဆာနေထိုင်သွားလာသကဲ့သို့။ အဟမ္ပိ၊ ကျွန်ုပ်မလဲပါ။ ဗန္ဓနံ၊ တထောင့်ငါးရာ ကိလေသာအနှောင်အဖွဲကို။ ဆေတ္ဝာ၊ ဖြတ်တောက်ပြီး၍။ အနာသဝါ၊ အာသဝေါလေးဖြာ ကုန်ခန်းသည်ဖြစ်၍။ ဝိဟရာမိ၊ ချမ်းသာစွာ နေလျှောင်းရုံ ထိုင်ရုံ ရပ်ရုံ နေရလေပြီ – ။

လျှောင်းထိုင်ရပ်သွား ဤ ဣရိယာပုထ်လေးပါးမှ အာသဝေါတရားကုန်ခန်းပြီး၊ ဖြစ်၍ ဣရိယာပုထ်ဘိုင်း ပုထ်တိုင်း ချမ်းချမ်းသာသာ သူနေရပြီတဲ့၊ ဒါပြောပါတယ်။

သုဂတံ ဝတ မေ အာသိ၊ မမ ဗုဒ္ဓဿ သန္တိကေ။
တတော၊ ဝဇ္ဇာ အနုပ္ပတ္တာ၊ ကတ ဗုဒ္ဓဿ သာသနံ။

အယျာယော၊ သီတင်းသုံးဖော် သူတော်မှန်လှ အို့အရှင်မတို့၊ မေ၊ ကျွန်ုပ်မ၏။ ဗုဒ္ဓဿ သန္တိကေ၊ ဘုရားမြတ်စွာ အထံတော်၌။ အာဂတံ၊ လာရောက်ရခြင်းသည်။ သုဂတံ ဝတ၊ ကောင်းသော လာရောက်ခြင်းပါတကား။အကျိုးရတဲ့လာရောက်ခြင်း။ အရဟတ္တဖိုလ်

အကျိုးရတဲ့လောရောက်ခြင်းဖြစ်လို့ ကောင်းသော လောရောက်ခြင်းဖြစ်ပါတယ်။

တိဿောဝိဇ္ဇာ၊ ပု-ဒိ-အာ-ဝိဇ္ဇာ သုံးပါးတို့ကို။ အနုပ္ပတ္တာ၊ အစဉ် တစိုက် ဆိုက်ရောက်အပ်ခဲ့ပါပြီ။ ဗုဒ္ဓဿ သာသနံ၊ ဘုရားမြတ်စွာ သုံးပါး သိက္ခာ သာသနာကို။ ကတံ၊ အရဟတ္တဖိုလ်ပေါက် ကျင့်ဆောက် ကြိုး ကုတ် အားထုတ်အပ်လေပြီလို့ ကျန်ပ်ဟာ ပု-ဒိ-အာ ဝိဇ္ဇာသုံးပါးကို အစဉ်အတိုင်းရောက်ပြီ၊ သာသနာသုံးပါးကို အရဟတ္တဖိုလ်ပေါက် ကျင့်ဆောက်ကြိုးကုတ် အားထုတ်ပြီးပြီဆိုတော့ သူဟာ တဝိဇ္ဇ-ရဟန္တာဖြစ်ပါတယ်လို့ ပြောတာ။

ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိ စ အဋ္ဌိမေ။
ဆဋဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ပဋိသမ္ဘိဒါ စတဿော စ၊ ပဋိသမ္ဘိဒါအပြား ဉာဏ်လေးပါးတို့ကို လည်းကောင်း။ ဣမေအဋ္ဌ ဝိမောက္ခာပိစ၊ ဝိမောက္ခအပြား ဤစျာန် ရှစ်ပါးတို့ကို လည်းကောင်း။ ဆဋဘိညာ ၆၊ အဘိညာဉ်ခြောက်ပါးတို့ကို လည်းကောင်း။ သစ္ဆိကတာ၊ ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုကုန်ပြီ။ ပဋိသမ္ဘိဒါပတ္တာ၊ ဝိမောက္ခစျာနလာဘီ၊ ဆဋဘိညာ အရဟန္တာထေရိပါလို့ ပြောတယ်။

ဗုဒ္ဓဿ သာသနံ၊ ဘုရားမြတ်စွာ သုံးပါးသိက္ခာ သာသနာကို။ ကတံ၊အရဟာဘွဖိုလ်ပေါက် ကျင့်ဆောက်ကြိုးကုတ် အားထုတ်အပ်ပါပြီဆိုတော့ သူ့ရဲ့အနေပြာလဲပဲ ထပ်တလဲလဲပြောလာတာ အရဟတ္တဖိုလ်ကို နှစ်ကြိမ်တိုင်တိုင် ရောက်တယ်၊ အရဟတ္တဖိုလ်ရောက်ယင် စကား ပြောယင်လဲပဲ ဆိုးရမယ်၊ တရားဟောယင်လဲ ဆိုးရမယ်၊ တရားကျင့်

လို့ အရဟတ္တဖိုလ်ရောက်ယင် အဲဒီ ပုဂ္ဂိုလ်လဲပဲ အကျင့်ဆုံးတော့ဒါဖဲ့၊ အဲ.... တရားလဲပဲ ဆုံးပြီ လို့ ဆိုပြီးတော့-

ဣတ္ထံ သုဒံ ဗဟုပုတ္တိကသောဏောဘိက္ခုနီ ဣမာ ဂါထာယော အဘာသိတ္ထ။

လို့ သင်္ဂီတိကာရက မထေရ်မြတ်ကြီးတွေက ဗဟုပုတ္တိကသောဏာထေရီ ဘိက္ခုနီမသည် ဤဂါထာတို့ကို ရွတ်ဆို ရွတ်ပွဲး ဟောကြားခဲ့လေပြီ- လို့ သုံးတယ်။

ဒေသကဆရာတော်၏ ပတ္ထနာ

ဤသို့လျှင် ဗဟုပုတ္တိက သောဏာထေရီ၏ အားကြောင်းအရာနှင့် စပ်သော တရားဓမ္မကို ကြားနာရခြင်း၊ ဓမ္မသဝန ကောင်းမှုကုသိုလ် ကံစေတနာ, သရဏကုသိုလ ဆောက်တည်ရခြင်း သိုလ မယ, ကောင်းမှုကုသိုလ်ကံ စေတနာ, ဓမ္မပူဇာ ဖြင့်စိမ့်သောဌာ အထူးထူးသော ဒေယျဓမ္မဒါန ဝတ္ထုတို့ဖြင့် သဒ္ဓါပြဋ္ဌာန်း လှူဒါန်းရခြင်းတည်း ဟူသော ဒါန ကောင်းမှုကုသိုလ်ကံ စေတနာ- ဤသို့ စသည် မျှားမြတ် ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ အရပဲရပ်ဘဝ်ကြောင့် ဤဗဟုပုတ္တိက သောဏာထေရီမတို့ အားရုံပြုအပ်သော နိဗ္ဗာန်ပရမတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ဂဋ္ဌိတ် လျင်မြန်သော အသိဉာဏ် ရည်သန် စောင့်တအပ်သော မဂ်ဉာဏ် လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ကိုယ်စီကိုယ်ငှ မျက်ဓမ္မာက်ပြုနိုင်ကြသည့်ကိုယ် ဖြစ်ကြပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက် ဆုံးဘဝ ပစ္ဆိမပရိနိဗ္ဗာနစုတိ ၏ အခြားမဲ့ နောက်ကာလဝယ် တစုံတခုသော ဘဝ, ဂတိ, ယောနိ, ဝိညာဏ ဌိတိ မှာမှ ရုပ်နာမ်နှစ်ဖြာ

ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တဖန် မဖြစ်သော ချုပ်ခြင်း တဖန်မဖြစ်ခြင်းကိုပင် ခေါ်တဲ့ ချုံ့ခြင်း, ငြိမ်းခြင်း, တည်း ဟူသော အနုပ္ပါဒနိရောဓ အနုပါဒါ- ပရိနိဗ္ဗာန်ကိုယ်စီ စံကြပါစေကုန်သတည်း။

အနုပါဒါ ပရိနိဗ္ဗာန်ကိုယ်စီ စံကြရသဖြင့် ကမ္မဝဋ် ကိလေသဝဋ် ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း....။

ဗဟုပုတ္တိက သောဏာဌေရဝတ္ထု တရားတော်

ပြီးပြီ။

စိန်သုဇာန်ကရားတော်

အာရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံခဏ်း

ဘုန်းရှင် ကံရှင် ပါရမီရှင်မျှားနှင့်တကွ
သင်္ဃေးသင်္ကြယ်မျှားပါမကျန်
သတိသံဝေရယူစေနိုင်ရန် ရည်ရွယ်ဟောကြားတော်မူခြင်း

ကောဇာသင်္ကာရာဇ် ၁၃၃၂၊ သာသနာတော် ၂၅၁၄ ခု၊ ဝါခေါင်လပြည့်ကျော် ၁၄-ရက်နေ့၊ မန္တလေးမြို့၊ ပုဏ္ဏားကန်ရပ်၊ ဒါယကာကြီး ဦးတုတ်၏မမွာရုံ၌ တရားပွဲဒါယကာ ဦးတုတ်-ဒေါ်ခင်စိတို့ ဦးဆောင်လျက် ကျင်းပအပ်သော ဥပုသ်သီတင်းစဉ်ဟရားပွဲ၌ ဟောကြားအပ်သည့် စုန္ဒသုတ်နှင့် တရားတော်။

ဘုန်းကြီးဟောတဲ့တရားဟာ သုတ်တန်နာမည်နဲ့ခေါ်ယင် စုန္ဒသုတ်လို ခေါ်ပါတယ်။ သံယုတ်ငါးကျမ်းမှာ နောက်ဆုံးက မဟာဝဂ်-သံယုတ်၊ သတိပဋ္ဌာနသံယုတ်ထဲမှာ ပါပါတယ်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ အကြောင်းအရာတွေကို နှစ်ဥပုသ်လောက် ဟောပြီးပါပြီ။ ပြီးခဲ့တဲ့ ဥပုသ်နေ့က အရှင်သာရိ-ပုတ္တရာရဲ့ တရားဟင်းလေးအိုးကြီးလဲ ဟောပြီးပြီ။ "အရှင်သာရိ-ပုတ္တရာသည် ဒီမျှသာ တရားဟောသလား" မဟုတ်ပါဘူး။ အရှင်မြတ်ကြီး ဟောတဲ့တရားတွေ ကုန်အောင် လိုက်ဟောနေလို့ရှိယင် ဒီ တဝါတွင်း ဟောလို့လဲ မကုန်ပါဘူး။

အဲဒီတော့ ဟင်းအမြည်းလိုပေါ့။ "ဩဩ....အရှင်သာရိပုတ္တရာ ဟောတဲ့တရားမျှား ဒီလိုနက်နဲပါလား"လို့ တရားဟင်းလေးကို နာသဖြင့် သိပြီးတဲ့နောက် ဒီအရှင်မြတ်ကြီးရဲ့ ဘဝဇာတ်နိဂုံး၊ သံသရာနိဂုံးသိမ်းပုံကို လှမ်းပြီးတော့ အာရုံပြုကြည့်ရအောင်။ စုန္ဒသုတ္တန်မှာ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတဲ့အကြောင်း-

ကေ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ[1]။

တချိန်က မြတ်စွာဘုရား သာဝတ္ထိပြည်မှာ ဇေတဝန်ကျောင်းကိန်းအောင်း မွေလျော်နေတော်မူတဲ့အခိုက် ဖြစ်ပါတယ်။ အဲဒီ "တချိန်က"ဆိုတဲ့ တချိန်သည် ဘယ်အချိန်လောက်လဲ။

အရှင်သာရိပုတ္တရာ မြတ်စွာဘုရား ၄၅ ဝါမြောက် ဝင်္ဂဋ္ဌအာယုသင်္ခါရလွှတ်တော်မူခြင်း ဝန်ချမှာဝါကပ်ပြီးလို့ အဲဒီဝင်္ဂဋ္ဌဝရွာကဝါကျွတ်တဲ့အခါ မူလကြွတော်မူတဲ့ ခရီးစဉ်အတိုင်း ဝင်္ဂဋ္ဌဝရွာက သာဝတ္ထိပြည်ကို တဖြည်းဖြည်း ပြန်ကြွလာလို့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကို မဟာသက္ကရာဇ် ၁၄၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ဂ-ရက်နေ့လောက် ရောက်ပါတယ်။

အဲဒါ မြတ်စွာဘုရား သာဝတ္ထိကို နောက်ဆုံးကြွခြင်းပဲ။ အဲဒီကနေပြီးတော့ သွားတဲ့အခါကျတော့ သာဝတ္ထိကို မရောက်တော့ဘူး။ ကုသိနာရုံပဲ ရောက်ပြီးတော့ ဘုရားဟာ ပရိနိဗ္ဗာန်စံရမယ့် နောက်ဆုံးအခေါက်ဖြစ်ပါတယ်။ သာဝတ္ထိပြည်။ အဲဒီလို မြတ်စွာဘုရား သာဝတ္ထိပြည်နှာ နောက်ဆုံ.သိတင်းသုံ ခြင်းအနေနဲ့ မဟာသက္ကရာဇ် ၁၄၆-ခုနှစ် တန်ဆောင်မုန်းလဆန်း ဂ-ရက်နေ့လောက် ဆိုရမယ့်တချိန်မှာ ဘုရား

၁။ မဟာဝဂ္ဂသံယုတ် ပါဠိတော်။ ၁၃၉။

သီတင်းသုံးနေတဲ့အခိုက် သီတင်းသုံး ဆိုတာလဲ အဲဒီဝါကို ဇာတဝန်မှာ ဝါဆိုလို့မဟုတ်ဘူးနော်။ ဝေသာလီပြည်ရဲ့အနီး ငဋ္ဌဝဂ္ဂါငယ်မှာ ဝါဆို လို့ ဝါကျွတ်ပြီးတဲ့ ၄၅-ဝါ ပြည့်မြောက်လို့ အဲဒီပါလဲ ကျွတ်ပြီးရော တန်ဆောင်မုန်းလဆန်း ဂ-ရက်နေ့လောက် သာဝတ္ထိတခေါက် ပြန်ကြွ တယ်။

အဲဒီအချိန်မှာ အဂ္ဂသာဝကက ၂-ပါး စုံစုံလင်လင် ရှိခဲ့သးတယ်။ အရှင်သာရိပုတ္တရာလဲပဲ မြတ်စွာဘုရားကို ရိုသေဝပ်လျှိး ရိုခိုဝတ်ပြုပြီးတော့ မိမိနေ့သန့်ရာဆိုတဲ့ နေရာလေးကို ကြွဘယ်။ အဲဒီမိမိ နေ့သန့်တဲ့ နေရာလေး ရောက်တဲ့အခါကျတော့ သူ့ရဲ့တပည့်တွေက လာရောက်ပြီး တော့ ရှိခိုးဝတ်ပြုပြီး တပည့်တွေ ပြန်သွားတဲ့အခါ နေ့သန့်တဲ့ နေရာ လေး တံမြက်တလင်းလှည်းလို့ သာသာယာယာလေး နေရာထိုင်လေး များ ခင်းပြီးတော့ အရှင်သာရိပုတ္တရာသည် အချိန်နဲ့ပိုင်းပြီးတော့ ဖလသမာပတ် ဝင်စားတယ်။ အဲဒီ ဖလသမပတ် ဝင်စားလို့ နေ့တနာရီ ကျော်ကျော်လောက် ဖလသမာပတ်က ထတဲ့အချိန်ကျတော့ ဓမ္မတာ လို့ဆော်ချက်အရ အရှင်သာရိပုတ္တရာ နေ့သန့်ရာ နေရာကလေးမှာ ဖလသမာပတ်က ထပြီးတော့ စဉ်းစားတယ်။

ဗုဒ္ဓါ နု ခေါ ပဌမံ ပရိနိဗ္ဗာယန္တိ၊ ဥဒါဟု အဂ္ဂသာဝကာ"။

ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်လျှင်။ ပဌမံ၊ ရှေးဦးစွာ။ ပရိနိဗ္ဗာယန္တိ နု ခေါ၊ ပရိနိဗ္ဗာန် ဝင်စံတော်မူကြကုန်သလော။ ဥဒါဟု၊ ထို့သို့မဟုတ်။ အဂ္ဂသာဝကာ၊ အဂ္ဂသာဝက အစုံတို့ကပင်လျှင်။ ပဌမံ၊ ရှေးဦးစွာ။ ပရိနိဗ္ဗာယန္တိ နု ခေါ၊ ပရိနိဗ္ဗာန် စံကြကုန်သလော။

၁။ သံ၊ဌ်၌၃။ ၂၄၆။ စုန္ဒသုတ်အဋ္ဌကထာ။
(ဒီ၊ဋ္ဌ၊ ၂။၁၃၉။ မဟာပရိနိဗ္ဗာနသုတ်လည်း ရှု)

အဂ္ဂသာဝကတို့၏ ရှေးရှေး ဘုရားရှင်တွေ့ရဲ့ အတိတ်ဖြစ်ရပ်ကို မှန်း ပရိနိဗ္ဗာန် ပြီးတော့ ပုဗ္ဗနိဝါသအဘိညာဏ်နဲ့ ကဿပမြတ်စွာ လက်ထက်တော်အခါကို မြော်ကြည့်လိုက်၊ အင်း ကောဏာဂုံမြတ်စွာဘုရား လက်ထက်တော်ကို မြော်ကြည့်လိုက်၊ ကကုသန်မြတ်စွာဘုရား လက်ထက်တော်ကို မြော်ကြည့်လိုက်။ ပုဗ္ဗ-နိဝါသ အဘိညာဏ်နဲ့ ကြည့်လိုက်တာ အဆူဆူသော ဘုရားရှင်တို့ လက်ထက်ဘိုင်း လက်ဆက်တိုင်းမှာ အဂ္ဂသာဝက ၂-ပါးက အလျင် ပရိနိဗ္ဗာန် စံရမြဲ ဓမ္မတာလို့မြင်ရတယ်။

အဂ္ဂသာဝကာ ပဌမံ။

ပဌမံ၊ ရှေးဦးစွာ။ အဂ္ဂသာဝကာ၊ အဂ္ဂသာဝကအစုံတို့က။ ပရိ-နိဗ္ဗာယန္တိ၊ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းရိုး ဓမ္မတာ ဖြစ် ကုန်၏-လို့ သိတော်မူပြီးတဲ့နောက် ကိုယ်တော်ရဲ့ အာယုသင်္ခါရမျှား ဘယ်လောက်ရှိသေးသလဲ။ "အာယုသင်္ခါရ" ဆိုတဲ့ စကားဟာ ဗုဒ္ဓ ဘာသာတွေ့ရဲ့ နယ်ပယ်မှာ အင်မတန်အသုံးတွင်တဲ့ စကားဖြစ်တယ်။ "အာယုသင်္ခါရ" ဆိုသော အသုံးသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံကာ နီးမလဲ "အာယုသင်္ခါရလွှတ်တယ်" လို့ အသုံးရှိတယ်။

အခု အရှင်သာရိပုတ္တရာ အာယုသင်္ခါရဟာ ဘယ်လောက်ရှိသလဲလို့ ကြည့်တယ်ဆိုတဲ့ ဒီလိုနေရာမှာလဲ အာယုသင်္ခါရဆိုတဲ့ အသုံးရှိတယ်။ တချို့ တချို့နေရာ၌ "အာယုသင်္ခါရ" ဆိုသော စကားသည် ဇီဝိတ သန္ဓာန်အစဉ်ကို အာယုသင်္ခါရခေါ်တယ်။ ကံအကြောင်းတရားတို့ ပြုပြင်အပ်တဲ့ ရုပ်ဇီဝိတသန္ဓာန်အစဉ်သည် အာယုသင်္ခါရ။

'သင်္ခါရ'က ကံအကြောင်းတရားတို့ ပြုပြင်အပ်သော 'အာယု'က ဇီဝိတသန္ဓာန်ကို ခေါ်တယ်။အေး...."ငါ့ရဲ့ ဇီဝိတသန္ဓာန်ဟာ နောက်ကို

ဘယ်နှစ်ရက် ဘယ်နှစ်လ ဘယ်နှစ်နှစ်ထိအောင် တည်နေအုံးမလဲ” အဲဒီလို ကြည့်တာကို အာယုသင်္ခါရကို မြော်ကြည့်တယ်လို့ ခေါ်တယ်။

အဲဒီလို ကြည့်တဲ့အခါကျတော့ အရှင်သာရိပုတ္တရာရဲ့ ဉာဏ်နဲ့ ဘယ်လို မြင်လာသလဲလို့ ဆိုတော့–

သတ္တာဟမေဝ မေ အာယုသင်္ခါရာ ပဝတ္တိဿန္တိ။

မေ၊ ငါ၏ သန္တာန်၌။ သတ္တာဟမေဝ၊ ၇-ရက်သာလျှင်။ အာယုသင်္ခါရာ၊ အာယုသင်္ခါရတို့သည်။ (ဝါ)ကံအကြောင်းတရား ပြုပြင်အပ်တဲ့ ဇီဝိတသန္တာန်အစဉ်တို့သည်။ ပဝတ္တိဿန္တိ၊ ဖြစ်ကုန်လိမ့်မယ်။

အင်း....ငါရဲ့ အာယုသင်္ခါရ ဇီဝိတအစဉ်ဟာ ကနေ့က နောက် ၇-ရက်ပဲ ဖြစ်တော့မယ်။ ၇-ရက်ဆိုပေါင် ဇီဝိတသန္တာန် အဖြစ် ရပ်ပြီးတော့ ပရိနိဗ္ဗာန် စံရတော့မယ်။

ဒီအနေမြင်တော့–

ငါ ယနေ့က နောက် ၇-ရက်မြောက် ပရိနိဗ္ဗာန်စံရလိမ့်မယ်၊

ကတ္ထ ပရိနိဗ္ဗာယိဿာမိ။

ဘယ်အရပ်မှာမျှား ငါ ပရိနိဗ္ဗာန် စံရပါ့မလဲ

“ငါပရိနိဗ္ဗာန်စံယင် ဘယ်မှာ စံရမှာပါလိမ့်” ဆက်ပြီး စဉ်းစား တော်မူ ပြန်တယ်၊ အဲဒီလို စဉ်းစားတဲ့အခါ–

ရာဟုလော တာဝတိံသေသု ပရိနိဗ္ဗုတော၊ အညာသိ ကောဏ္ဍညတ္ထေရော ဆန္နဿဒေဟော၊ ဒေဟံ ကတ္ထ ပရိနိဗ္ဗာယိဿာမိ။

ရာဟုလော၊ ငါ့ရဲ့ညီထွေး ရာဟုလာမထေရ်သည်။ တာဝတိံသေသူ၊ တာဝတိံသာနတ်ပြည်တို့၌။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းခဲ့ခဲလပြီ။ (အဲဒီအချိန်မှာ ရှင်ရာဟုလာလေး မရှိတော့ဘူး၊ တာဝတိံသာနတ်ပြည်မှာ တက်ပြီးတော့ ပရိနိဗ္ဗာန်စံပြီးခဲ့ပြီ။) အညာသိကောဏ္ဍညထွေရော၊ အရှင်အညာသိကောဏ္ဍည မထေရ်ကြီးသည်။ ဆဒ္ဒန္တဒဟော၊ ဆဒ္ဒန်အိုင်၌။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူခဲ့လေပြီ။ အရှင်ကောဏ္ဍညလဲပဲ ဆဒ္ဒန်အိုင်မှာ ပရိနိဗ္ဗာန်စံခဲ့ပြီ။

အဟံ ကဋ္ဌ ပရိနိဗ္ဗာယိဿာမိ၊ ငါကိုယ်တိုင်ကတော့ ဘယ်နေရာမှာ ပရိနိဗ္ဗာန် စံရပါ့မလဲ။ အဲဒီလို အဖန်ဖန် စဉ်းစားတော်မူတဲ့အခါ ကိုယ်ဇာတ်ရဲ့ဉာဏ်တွင်းမှာ မယ်တော်ကြီးဖြစ်တဲ့ ရူပသာရီပုဏ္ဏေးမကြီးကို ဉာဏ်ထဲမှာ မြင်လာတယ်။ မြင်လာတော့ မယ်တော်ကြီးနဲ့ ပတ်သက်ပြီး ဆက်ပြီး အကြံဝင်လာပြန်တယ်။

ရဟန္တာ ခုနစ်ပါး၏ မယ်တော်

မယ့် မာတာ သတ္တန္နံ အရဟန္တာနံ မာတာ ဟုတ္ဝာပိ
ဗုဒ္ဓမမ္မသံဃသု အပ္ပသန္နာ။

မယ့်၊ ငါ၏။ မာတာ၊ မယ်တော်ဖြစ်တဲ့ ရူပသာရီ ပုဏ္ဏေးမကြီး သည်။ သတ္တန္နံ အရဟန္တာနံ၊ ရဟန္တာ ၇-ဆူတို့၏။ မာတာ၊ ဧမ္ဘဲ မယ်တော်သည်။ ဟုတ္ဝာပိ၊ ဖြစ်ပါလျက်လည်း။ ဗုဒ္ဓမ္မေသံဃသု၊ ဘုရား တရား သံဃာ ရတနာသုံးပါးတို့၌။ အပ္ပသန္နာ၊ သဒ္ဓါတရား ခေါင်းပါးသောသူမ ဖြစ်ခဲ့၏။

ဩဿ်....ငါ့မယ်တော်ကြီးဟာ သား လေးယောက်က ရဟန္တာ၊ သမီးသုံးယောက်ကလဲ ရဟန္တာ။

သား လေးယောက် ဆိုတာက–

၁။ အရှင်သာရိပုတ္တရာ ရဟန်း၊

၂။ အရှင်ဥပသေန ရဟန်း၊

၃။ အရှင်စုန္ဒ ရဟန်း၊

၄။ ဟို....ရှားတောမှာနေတဲ့ အရှင်ရေဝတ–

အားလုံး သားလေးယောက်စလုံးက ရဟန္တာ။

သမီးကလဲပဲ–

၁။ လာစာ....တဲ့၊

၂။ သီသူပစာလာ....တဲ့၊

၃။ ဥပစာလာ....တဲ့–

သမီးသုံးယောက်စလုံးကလဲပဲ သာသနာမှာ ရဟန္တာထေရီမတွေ။

အဲဒီလို ရဟန္တာ ၇-ဆူရဲ့ မယ်တော်ကြီးပင် ဖြစ်လင့်ကစား သူ့ကိုယ်တိုင်ကတော့ ဘုရား, တရား, သံဃာ ရတနာသုံးပါးဌ ယုံကြည်တဲ့ သဒ္ဓါတရား ခေါင်းပါးသူ ဖြစ်နေတယ်။

အတ္ထိ နု ခေါ တာသာ ဥပနိဿယော, နတ္ထိ နု ခေါ။ မယ်တော်ကို ချစ်ခင်တတ် တာသာ၊ ထိုငါ့မယ်တော်အား။ ဥပ-
တော်မူခြင်း နိဿယော၊ မဂ် ဖိုလ် ဥပနိဿည်း
အားကြီးသော ရှေးကောင်းမှုသည် ။
အတ္ထိ နု ခေါ၊ ရှိလေသလော။ ဥဒါဟု၊ ဘုံမဟုတ်။ နတ္ထိ နု ခေါ၊ မရှိပဲ မရှိလေသလော။

"ဩဿာ—ငါ့မယ်တော်ကြီး မင်္ဂိုလ်ရဲ့ ဥပနိဿည်း ရှေးကောင်းမှု ကုသိုလ်ဆိုတဲ့ ပစ္စည်းမျှား ရှိလေသလား၊ မရှိဘူးလား၊"

လို့ စဉ်းစားလိုက်တဲ့အခါကျတော့ သူ့ မယ်တော်ကြီးမှာ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့ ဥပနိဿယပစ္စည်း အားကြီးသော ရှေးကောင်းမှုရှိတာကို သိတော်မူတော့ ဆက်ပြီး စဉ်းစားပြန်တယ်—

ကဿ ဒေသနာယ အာဘိသမယော ဘဝိဿတိ၊

ကဿ၊ အာဘယ်ပုဂ္ဂိုလ်၏။ ဒေသနာယ၊ တရားဒေသနာဖြင့်။ အာဘိသမယော၊ ငါ့မယ်တော်ကြီး သစ္စာလေးပါးတရား သိမြင်ကျွတ်တမ်းဝင်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မည်နည်း။ "ဘယ်အရှင်မြတ်ရဲ့ တရားဒေသနာဖြင့် ငါ့မယ်တော်ကြီး ဓမ္မာဘိသမယ—သစ္စာလေးပါးတရား သိမြင် ကျွတ်တမ်းဝင်ခြင်း ဖြစ်မှာပါလိမ့်" အဲဒီလို မယ်တော်ကို တရားဟောမယ့်ပုဂ္ဂိုလ်ကို ဉာဏ်နဲ့ လိုက်ကြည့် စဉ်းစားပြန်တော့ ကိုယ်တော်တိုင် ဉာဏ်ထဲမှာ မြင်လာတယ်။

မမေဝ ဓမ္မဒေသနာယ ဘဝိဿတိ။

မမေဝ၊ ငါ၏သာလျှင်။ ဓမ္မဒေသနာယ၊ တရားဒေသနာဖြင့်။ ဓမ္မာဘိသမယော၊ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။

နာ အညာသိ။

အညာသိ၊ငါမှတပါး အခြားသောပုဂ္ဂိုလ်၏။ဓမ္မဒေသနာယ၊ တရားဒေသနာဖြင့်။ အာဘိသမယော၊သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်။ နာ ဘဝိဿတိ၊ ဖြစ်လိမ့်မည်မဟုတ်။

အင်း....ငါ့ရဲ့ တရားဒေသနာနဲ့ပဲ ငါ့မယ်တော်ကြီးဟာ အင်း.... သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်အပေါက် သစ္စာလေးပါးတရားသိမြင်ကျွတ်တမ်းဝင်ခြင်းသို့ရောက်ဖို့ အကြောင်းရှိတယ်။ အခြားတပါးသော ပုဂ္ဂိုလ်၏ တရားဒေသနာဖြင့် သစ္စာလေးပါးတရား သိမြင်ကျွတ်တမ်းဝင်ခြင်းဖြစ်လိမ့်မည်မဟုတ်ဘူး-တဲ့။

သစေ ခေါ် ပနာဟံ အပ္ပေါသုက္ကော ဘဝေယျ၊ ဘဝိဿန္တိ မေ ဝတ္တာရော။

အဟံ၊ ငါသည်။ သစေ ခေါ် ပန၊ အကယ်၍မျှား။ အပ္ပေါသုက္ကော ကြောင့်ကြမဲ့။ ဘဝေယျ၊ ဖြစ်လိုက်ငြားအံ့။ မေ၊ ငါ့အား။(ဝါ) ငါ၏ အပေါ်၌။ ဝတ္တာရော၊ ပြစ်တင်စကားပြောကြားမယ့် ပုဂ္ဂိုလ်တို့သည်။ ဘဝိဿန္တိ၊ အထင်အရှား ဖြစ်ပွား၍လာကြလိမ့်မယ်။

ဒီကိစ္စမှာ ငါ မယ်တော်ကြီးကို တရားမဟော လျစ်လျူရှုအပ္ပေါသုက္ကော=ကြောင့်ကြမဲ့ နေလိုက်မယ် ဆိုလို၍ရှိယင် ငါ့အပေါ် အပြစ်တင်စကား ပြောကြားတဲ့ ပုဂ္ဂိုလ်တွေ အများကြီး ပေါ်ပေါက်လာလိမ့်မယ်။ ဘယ်လို ပေါ်ပေါက်လာမလဲ၊ ဘယ်လို အပြစ်တင်ကြမလဲ။

သာရိပုတ္တတ္ထေရော အဝေသဒနာနမို့ အဝဿယော ဟောတိ။

သာရိပုတ္တတ္ထေရော၊ အရှင်သာရိပုတ္တရာမထေရ်သည်။ အဝေသဒနံ၊ သူ့မယ်တော်မှ ကြွင်းကျန်တဲ့ပုဂ္ဂိုလ်တို့၏။ အဝဿယော၊ မိုဃိုးအားထားရာသည်။ ဟောတိ၊ ဖြစ်ခဲ့၏။

အရှင်သာရိပုတ္တရာဟာ မယ်တော်မှတပါး အခြားပုဂ္ဂိုလ်များရဲ့ မိုရာတော့ ဖြစ်ပါ၏။

တထာ ဟိ၊ ထိုစကားကို ထင်ရှားစေရလျှင်။ သမစိတ္တသုတ္တန္တ-ဒေသနာဒိဝေသေ၊ သမစိတ္တသုတ္တန်တရား ဟောကြားတော်မူသော နေ့၌။ ကောဋိသတသဟဿဒေဝတာ အရဟတ္တံ ပတ္တာ၊ ကုဋ္ဌေ တသိန်းသော နတ်ဗြဟ္မာတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့လေပြီ။

တယော မဂ္ဂေ ပဋိဝိဒ္ဓဒေဝတာနံ ဂဏနာ နတ္ထိ။

တယော မဂ္ဂေ၊ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ် တည်းဟူသော အောက်မဂ်သုံးပါးတို့ကို။ ပဋိဝိဒ္ဓဒေဝတာနံ၊ ထိုးထွင်းရှာသိမြင်ကြတဲ့ နတ်ဗြဟ္မာတို့၏။ ဂဏနာ၊ အရေအတွက်သည်။ နတ္ထိ၊ မရှိ။

အရှင်သာရိပုတ္တရာ သမစိတ္တသုတ္တန်တရား ဟောကြားတဲ့နေ့တုန်း ကဆိုယင် စကြဝဠာကမ်ကြီးဒဏ်ပြည့် နတ်တွေ ဗြဟ္မာတွေ တရားနာလာကြတယ်။ သမစိတ္တသုတ္တန်ကို။ အဲဒီမှာ ဘယ်လောက် ပရိသတ် မများတယ် များတယ် ဒီအသံခဲ့ုစက်လဲမရှိသေးတော့ အရှင်သာရိ-ပုတ္တရာဟာ ဣဒ္ဓိဝိဓအဘိညာဏ်နဲ့ ဒီတရားနာပရိသတ်က စကြဝဠာ ကုံကဲ့ အနားရေးရောက်အောင် နတ်တွေ ဗြဟ္မာတွေ ပြည့်နေတော့ ပကတိအသံဖြင့် ပရိသတ်အစွန်ရောက်အောင် တရားမဟောနိုင်ဘူး။

အဲဒါကြောင့် ဣဒ္ဓိဝိဓအဘိညာဏ်နဲ့ "ငါဟောလိုက်တဲ့တရားသံကို စကြဝဠာအနားရေးမှာ တည်ရှိတဲ့ ပရိသတ်အစွန်အဖျားတိုင်အောင်

၁။ အံ-ဌ၊ ၆၂-ရှိ သမစိတ္တဝဂ်ကိုပင် သမစိတ္တသုတ်ဟူ၍ လည်းကောင်း၊ သမစိတ္တပဋိပဒါသုတ်ဟူ၍လည်းကောင်း ရှေးအဋ္ဌကထာဆရာမြတ်တို့သုံးစွဲခေါ်ဝေါ်ကြသည်။ အံ၊ဋ္ဌ၊ ၂။၃၀ ၃၉။ ဒီ၊ဋ္ဌ၊ ၂။၁၃၉-၄၀။ ဝိ-ဋ္ဌ၊ ၁။၅၈။

သော နတ်ပြဟ္မာမျှားလဲပဲ ကြားကြစေ”လို့ အဓိဋ္ဌာန်တော်မူပြီးတော့ ဣဒ္ဓိဝိဓအာဘိညာဏ် အာသံခဲ့ရဟန်တပ်ပေးရတယ်။

အဲဒီ တရားပွဲမှာ ကုဋေတစ်သောင်းသော နတ်ပြဟ္မာတို့ အရဟတ္တဖိုလ် ပေါက်ရောက်ကြတယ်။ သောတာပန်, သကဒါဂါမ်, အနာဂါမ်၊ သော တာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်ဆိုတဲ့ အောက်မဂ်ကို ရောက်ကြတဲ့ နတ်ပြဟ္မာဘို့ရဲ့ အရေအတွက်ကား ဤရွှေ့ဤမျှ ဂဏန်း ချ၍မပြနိုင်ဘူး အင်မတန်များတယ်။

အညသု စ ဌာနေသု အနေကာ အဘိသမယာ ဒိဿန္တိ၊

အမည်သု စ၊ ဤမှတပါးလည်းဖြစ်ကုန်သော။ ဌာနေသု၊ အရပ် ဌာနတို့၌။ အနေကာ၊ တပါးမက များလှကုန်သော။ အဘိသမယာ၊ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းတို့သည်။ ဒိဿန္တိ၊ ထင်ကုန်၏။

ထေရေ စ စိတ္တံ ပသာဒေတ္ဝာ သဂ္ဂေ နိဗ္ဗတ္တာနေဝ အာသီတိ ကုလသဟဿာနိ။

စ၊ အထူးကား။ ထေရေ၊ မထေရ်မြတ်၌။ စိတ္တံ၊ စိတ်သည်။ ပသာဒေတ္ဝာ၊ သဒ္ဓါရှိန်းစို ကြည်ညိုကြကုန်သည်ဖြစ်၍။ အာသီတိကုလ-သဟဿာနိ၊ အိမ်ခေါင်ပေါင်း ရှစ်သောင်းလေးထောင်တို့သည်။ သဂ္ဂေ၊ နတ်ပြည်၌။ နိဗ္ဗတ္တာနိ ဧဝ၊ ဖြစ်ကြကုန်သည်သာတည်း။

အရှင်သာရိပုတ္တရာကို သဒ္ဓါရှိန်းစို ကြည်ညိုကြတဲ့အတွက် အိမ်ထောင်ပေါင်း ရှစ်သောင်းလေးထောင် နတ်ပြည်ကိုရောက်ကြတယ်။

သော ဒါနိ သကမာတု မိစ္ဆာဒဿနမတ္တမ္ပိ ဟရိတုံ နာသက္ခိ။

သော၊ ထိုရှင်သာရိပုတ္တရာမထေရ်သည်။ (တခြားတပါးသော ပုဂ္ဂိုလ်တွေအဘွဲ့က် ဘယ်လောက်ပင် မဂ်ဖိုလ်ကျေးဇူးဖြန့်ဖြူးစေကာမူ) ဒါနို၊ ယခုအခါမှာ။ သကမာတု၊ မိမိမွေးမယ်တော်၏။ မိစ္ဆာဒဿနမှတ္တမို၊ မိစ္ဆာအယူမျက်စိလည်း။ ဟရိတံု၊ ပယ်ရှားခြင်းငှာ။ နာသကို၊ မတတ်နိုင်ခဲ့ဘူ။ ဣတိ၊ ဤသို့။ ဝတ္တာရော၊ အပြစ်တင်စကားပြောကြားတဲ့ ပုဂ္ဂိုလ်ဘို့သည်။ ဘဝိဿန္တိ၊ အဆင်အရှားအများကြီး ပေါ်ပေါက်ကြလိမ့်မယ်။

အကယ်၍သာ မယ်တော်ကြီးကို ငါတရားမဟောပဲနဲ့ ကြောင့်ကြမဲ့နေသွားယင် ယခုကဲ့သို့ အပြစ်တင်စကားပြောကြားမယ့်ပုဂ္ဂိုလ်တွေ အများကြီး ပေါ်ပေါက်လိမ့်မယ်။

တသ္မာ မာတရံ မိစ္ဆာဒဿနာ မောစေတ္မာ ဇာတော၀ရကေယော၀ ပရိနိဗ္ဗာယိဿာမိ။

တသ္မာ၊ သို့ရကား။ မာတရံ၊ မွေးသမိခင် ကျေးဇူးရှင်ကို။ မိစ္ဆာဒဿနာ၊ မိစ္ဆာအယူမှ။ မောစေတ္မာ၊ လွတ်မြောက်စေ၍။ ဇာတော၀ရကေယော၀၊ ငါရဲ့မွေးဖွားရာ တိုက်ခန်းဦးပင်လျှင်။ ပရိနိဗ္ဗာယိဿာမိ၊ ပရိနိဗ္ဗာန် ၀င်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော့မယ်။

ဒီကနေ့ကနောက် ၇-ရက်မြောက် ပရိနိဗ္ဗာန်စံရမှာကလဲ ကပ်နေပြီ။ အဲဒီတော့ ကနေ့သွားမှ။ သာ၀တ္ထိကနေပြီး ရာဇဂြိုဟ်ဆိုတာ ယူဇနာကိုက ၄၅-ယူဇနာ အင်မတန်ဝေးတဲ့ခရီးပါ။ တယူဇနာလျှင် ၁၂-မိုင်ဝေးတယ်။ အဲဒီတော့ မိုင်းပေါင်း ၅၀၀-လောက်ဝေးတဲ့ ခရီးကို ဆိုတော့ ဒါ ၇-ရက်လောက် ကြိုတင်သွားမှ ကိုယ်တော် ပရိနိဗ္ဗာန်စံမယ့်နေ့နဲ့ အတော်ကျမယ်။ အဲဒါနဲ့ ရှင်သာရိပုတ္တရာ ဆက်ပြီးတော့ ဘာ စဉ်းစားမိသလဲဆိုတော့ -

ရှင်သာရိပုတ္တရာ ဘုရားထံ ခွင့်ပန်ခြင်း

အဇ္ဇေဝ ဘဂဝန္တံ အနုဇာနာပေတွာ နိက္ခမိဿာမဲ့။

အဟံ၊ ငါသည်။ အဇ္ဇေဝ၊ ယခုနေ့ပင်လျှင်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အနုဇာနာပေတွာ၊ ခွင့်ပြုစေ၍။ နိက္ခမိဿာမိ၊ ထွက်မှုပဲ။

သာဝတ္ထိကထွက်မှုပဲ။ ၇-ရက်ဆိုယင် မနဲခရီးပြင်းသွားရမယ်၊ အဲဒီလို ဆင်ခြင်စဉ်းစားပြီးတဲ့နောက် သူ့ညီဖြစ်တဲ့ အရှင်စုန္ဒရမာန္တာမထေရ်ကိုခေါ်ပြီးတော့ -

အာဝုသော စုန္ဒ အမှာကံ ပဋ္ဌသတာယ ဘိက္ခုပရိသာယ သည်ံ ဒေဟိ။

အာဝုသော စုန္ဒ၊ ငါ့ရှင်စုန္ဒ။ အမှာကံ၊ ငါတို့၏။ ပဋ္ဌသတာယ ဘိက္ခုပရိသာယ၊ ငါးရာအတိုင်းရှည်ရှိသော ရဟန်းပရိသတ်အား။ သည်ံ၊ အမှတ်အချက်ကို။ ဒေဟိ၊ ပေးလော့။

ငါ့ရှင်စုန္ဒ၊ ငါတို့ရဲ့ပရိသတ်ဖြစ်တဲ့ ရဟန်းငါးရာကို အချက်ပေးပါတော့၊ အမှတ်ပေးတော့။ ဘယ်လိုပေးရမလဲ။

ဂဏ္ဍထာဝုသော ပတ္တစီဝရာနိ၊ ဓမ္မသေနာပတိ နာလက-ဂါမံ ဂန္တွာကာဓမာတိ။

အာဝုသော၊ ငါ့ရှင်ဘုရား ရဟန်းများတို့။ ပတ္တစီဝရာနိ၊ မိမိတို့ရဲ့သပိတ်သင်္ကန်းတို့ကို။ ဂဏ္ဍထ၊ ယူဆောင်ကြကုန်။ ဓမ္မသေနာပတိ၊ တရားစစ်မှူးဖြစ်တဲ့ အရှင်သာရိပုတ္တရာသည်။ နာလကဂါမံ၊ ဖွားဖတော်မူရာ နာလကရွာသို့။ ဂန္တွာကာဓမာ၊ ကြွခြင်းငှာ အလိုရှိ၏။ ဣတိ၊ ဤသို့။ သည်ံ၊ အမှတ်အချက်ကို။ ဒေဟိ၊ ပေးပါလော့။

ငါ့ရှင်စုန္ဒ....တို့ရဲ့ ပရိသတ်ဖြစ်တဲ့ ရဟန်းငါးရာကို "ငါ့ရှင်တို့၊ သပိတ်သက်နိန်းမျှားယူကြ၊ ဓမ္မသေနာပတိ တရားစစ်သူကြီးဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာမထရ်မြတ် နာလန၇ေခါ်တဲ့ ဖွားတော်မူရာနေရပ်သို့ ကြွတော်မူလိုတယ်" အဲဒီလို အမှတ်အချက်ပေးလိုက်ပါ-ဆိုတော့-

ရှင်စုန္ဒ ကလဲပဲ အရှင်သာရိပုတ္တရာရဲ့ တပည့် ရဟန်းငါးရာနေတဲ့ ကမ္မဋ္ဌာန်းကျောင်းကလေးတွေလိုက်ပြီးတော့-

"ငါ့ရှင်တို့ သပိတ်သက်နိန်းမျှား မြန်မြန်ပြင်ပြီးတော့ ယူကြ စုဝေးကြ၊ ဓမ္မသေနာပတိ ငါရဲ့နောင်တော်ကြီး ရှင်သာရိပုတ္တရာမထေရ်သည် ဖွားတော်မူရာ နာလန၇မြို့သို့ ကြွမလို့"-

ဆိုတော့ ခဏအတွင်းမှာပဲ အရှင်သာရိပုတ္တရာရဲ့ တပည့်ရဟန်းငါးရာဟာ မိမိတို့အိပ်ရာတွေ သိမ့်သိမ်းဆည်းခဲ့ပြီးတော့ သပိတ်သက်နိန်းယူ၊ အရှင်သာရိပုတ္တရာအထံမှာ အားလုံးညီမှု စုဝေးမိကြတယ်၊ ရဟန်းငါးရာ အားလုံးစုံတော့မှ အရှင်သာရိပုတ္တရာက မိမိရဲ့ နေသန့်တဲ့နေရာကလေးထပ်ပြီး တံမြက်လှည်းတယ်။ လှည်းပြီးတော့မှ အဲဒီနေသန့်တဲ့နေရာကလေးရဲ့ တံခါးဝကရပ်ပြီးတော့-

ဣဒံ ဒါနိ ပစ္ဆိမဒဿနံ၊ ပုန အာဂမနံ နတ္ထိ။

ဒါနိ ဣဒါနိ၊ ယခုအခါဠ်။ ဣဒံ ဒဿနံ၊ ဤယခု နေ့သန့်ရာနေရာကလေးကို ကြည့်ခြင်းသည်။ ပစ္ဆိမဒဿနံ၊ နောက်ဆုံးကြည့်ခြင်းပါပေ။ ပုန၊ တဖန်။ အာဂမနံ၊ လာရောက်ခြင်းသည်။ နတ္ထိ၊ မရှိတော့ဘူး။

အခု ဒီတကြိမ် ငါရဲ့ နေ့သန့်ရာ ဒီနေရာကလေးကို ကြည့်ခြင်းဟာ ဖြင့် နောက်ဆုံးကြည့်ခြင်းပဲ။

အဲဒီလို သူ နှေ့သန့်ရာနေရာကလေး၊ နှုတ်ဆက်တဲ့သဘောပြောဆို ပြီးတော့ သူ့တပည့်ရဟန်းငါးရာ ခြံရံ၍ မြတ်စွာဘုရားသီတင်းသုံးတဲ့ ဇေတဝန်ကျောင်းတိုက်တော်ကာ အလယ်ခေါင်မှာရှိတဲ့ ဓမ္မသာလ တရားခန်းမဆောင် ရဟန်းပရိတ်သတ်တို့ရဲ့ အစည်းအဝေးမှာ ငင်ပြီးတော့ သူ့ပရိသတ်ရဟန်းငါးရာနဲ့တကွ ဝင်ရောက်ပြီး မြတ်စွာဘုရားကို ရိုသေမြတ်နိုးရှိခိုး အပြစ်လွှတ်တဲ့ နေရာကထိုင်ပြီးတော့ –

အနုဇာနာတု မေ ဘန္တေ ဘဂဝါ၊ အနုဇာနာတု သုဂတော။ ပရိနိဗ္ဗာနကာလော မေ၊ ဩသဿဋ္ဌော မေ အာယုသင်္ခါရော။

အာယုသင်္ခါရလွှတ်ပုံ။ ။ဘဂဝါ၊ ဘုန်းတော် ကြီးမြတ်သော မြတ်စွာဘုရားသည်။ မေ၊ တပည့်တော်အား။ အနုဇာနာတု၊ ခွင့်ပြုတော်မူစေချင်ပါသည်ဘုရား။ သုဂတော၊ကောင်းသောစကားမိန့်ကြား၍ ကောင်းသောနိဗ္ဗာန်သို့ ကြွချီတော်မူသော မြတ်စွာဘုရားသည်။ မေ၊ တပည့်တော်အား။ အနုဇာနာတု၊ ခွင့်ပြုတော် မူစေချင်ပါသည်ဘုရား။ မေ၊ တပည့်တော်အဖို့။ ပရိနိဗ္ဗာနကာလော၊ ပရိနိဗ္ဗာန် ဝင်စံဖို့ရန် အချိန်တန်ခဲ့ပါပြီဘုရား။ မေ၊ တပည့်တော်သည်။ အာယုသင်္ခါရော၊ အာယုသင်္ခါရကို။ ဩသဿဋ္ဌော။ စွန့်လွှတ်အပ်ပါပြီဘုရား။

ဟောဒီနေရာကျတော့ အာယုသင်္ခါရကို လွှတ်တယ်တဲ့။ “အာယုသင်္ခါရကိုလွှတ်တယ်”ဆိုတာ ဘာကိုဆိုလိုတာလဲ။ စောစောကပြောတဲ့ “ငါ့ရဲ့ အာယုသင်္ခါရသည် ၇-ရက်သာ ရှိတော့တယ်။ ၇-ရက် ဟိုဘက်မှာ အာယုသင်္ခါရမရှိတော့ဘူး”ဆိုတဲ့ အဲဒီစကားထဲမှာပါတဲ့ အာယုသင်္ခါရဆိုတာ ကံကြောင့်ဖြစ်တဲ့ ရုပ်ဇီဝိတသန္တာန်အစဉ်ကို အာယုသင်္ခါရခေါ်တယ်။

ဗုဒ္ဓ၏အာယုသင်္ခါရ။ ။အဲဒီ ရုပ်ဇီဝိတသန္တာန် အစဉ် မပြတ်မှ သေမသွားမှာ။ အဲဒီလို မဟုတ်အောင်က လဲပဲ "အာယုပါလက ဖလသမာပတ်" ဆိုတာဝင်စားတော်မူရတယ်။ အထူးသဖြင့် မြတ်စွာဘုရားကို ကြည့်ရအောင်။ မြတ်စွာဘုရားကို ကြည့်လို့ရှိယင် မြတ်စွာဘုရားဟာ ၄၅-ဝါမြောက် ဝေသာလီပြည် ဝေဠုဝ ရွာငယ်မှာ ဝါကပ်တယ်၊ ၄၅-ဝါမြောက်။

အဲဒီ ဝါကပ်လဲပြီးရော၊ ဘုရားကိုယ်မှာ စဲ့ရောက်လာတဲ့ ဝေဒနာဟာ အသက်ကို ချေနိုင်လောက်အောင် ပြင်းထန်ပါတယ်။ ပြင်းထန်လို့ ဒီအတိုင်းသာ လျစ်လျူရှုထားလိုက်ယင် ကိုယ်တော်ရဲ့ ဇီဝိတသန္တာန် ချေပြီးတော့ ဒီ ဝေဠုဝရွာငယ်မှာပဲ ဘုရားပရိနိဗ္ဗာန် စံရမယ်။

အဲဒီတော့ "ငါသြဝ်-ငါ့သန္တာန် အသက်ကိုချေလောက်တဲ့ ရောဂါ ဝေဒနာဘော့ရောက်ပြီ၊ ငါရဲ့ဗုဒ္ဓကိစ္စပြီးပြီလား– လို့ စဉ်းစားတယ်။ "ဗုဒ္ဓဝေနေယျ ကုန်ပြီလား" မကုန်သေးဘူး။ ဗုဒ္ဓဝေနေယျတွေ ဘယ်ကနေမှ ကုန်မလဲလို့ဆိုတော့ အဲဒီဝါဆိုလပြည့်နေ့ကနေ ရေတွက်လိုက်ယင် ဝါခေါင်လပြည့်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်လပြည့်တိုင်အောင် ၁၀-လပြည့်မှ ကိုယ်တော်ရဲ့ မျက်မှောက်သာဝက ကျွတ်တမ်းဝင်မယ့် သာဝကတွေကုန်မယ်။

ဟာ- ဒါဖြင့် အရေးကြီးလှပေါ့ပဲ၊ ဟုတ်လား၊ သူတို့ရှိရာကို မြန်မြန်သွားပြီး မြန်မြန်ချချတ်၊ ဒီလိုလုပ်လို့လဲပဲ အဲဒီသာဝကတို့ရဲ့ သဒ္ဓါဝီရိယ, သတိ, ပညာဆိုတဲ့ ဣန္ဒြေတွ မရင့်သန်သေးပဲ သွားပြီး တရားဟောလို့လဲ မကျွတ်နိုင်ဘူး။ အဲဒီတော့ သူ့အချိန်နဲ့သူဆိုတော့ ၁၀-လထိအောင် ဘုရားက ဆိုင်းနေရဦးမယ်။

ဒီအတိုင်းသာ လျစ်လျူရှုထားယင် ၁၀-လထိအောင် ကိုယ်တော်ရဲ့ ဇီဝိတိန္ဒြေသန္တာန် မပါနိုင်ဘူး။ ဒီဝါတွင်ပဲ ပရိနိဗ္ဗာန်စံနိုင်တယ်။ အဲဒီတော့ ဘယ်နှယ် လုပ်ရမတုံး ဆိုတော့ ကိုယ်တော်ရဲ့ ဇီဝိတသန္တာန် ပြတ်မသွားအောင် ဖလသမာပတ်နဲ့ ဇီဝိတသန္တာန်ကိုထိန်းပေးရတယ်။

ဖလသမာပတ် ၃-မျိုး

ဒီနေရာမှာ ဘုန်းကြီးတို့စာထဲ အခေါ် ဖလသမာပတ် ၃-မျိုးလို့ ရှိတယ်။

(၁) **မဂ္ဂါနန္တရ ဖလသမာပတ်** = အရိယာပုဂ္ဂိုလ်များ မဂ္ဂဝီထိ ကျပြီးတဲ့နောက် မင်္ဂ၏ အခြားမဲ့မှာ ဖြစ်တဲ့ ဖိုလ် ၄-ကြိမ် ၃-ကြိမ်ကို မဂ္ဂါနန္တရဖလသမာပတ်၊ မင်္ဂ၏အခြားမဲ့မှာ ၃-ကြိမ်ဖြစ်တဲ့ဖိုလ်ပေါ့။ ဒါကို မဂ္ဂါနန္တရ ဖလသမာပတ်လို့ခေါ်တယ်။

(၂) **ဝလဉ္ဇန ဖလသမာပတ်**=ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ် ဆောက်ပြီးတဲ့နောက် ပရိနိဗ္ဗာန် မစံမီ ကြားကာလမှာ နိဗ္ဗာန်ရဲ့သန္တိ အရသာကို ခံစားသုံးဆောင်သော အနေနဲ့ အချိန်ရသလောက် အခွင့်ရသသောက် ဖလသမာပတ်ကို ဝင်စားတယ်၊ အဲဒီဝင်စားတဲ့ ဖလသမာပတ်မျိုးကို ပါဠိလို "ဝလဉ္ဇနဖလသမာပတ်" မြန်မာလိုတော့ နိဗ္ဗာန်ရဲ့ အရသာကို အသုံးအစွဲပြုတဲ့ ဖလသမာပတ်လို့ ခေါ်ပါတယ်။

မြတ်စွာဘုရားဟာ အဲဒီ ဝလဉ္ဇန ဖလသမာပတ် နိဗ္ဗာန်ရဲ့ သန္တိ အရသာကို သုံးစွဲတဲ့ ဖလသမာပတ် ဘယ်လောက်များ သုံးစွဲသလဲ ဆိုယင်–

စိတ္တိဿရာဟိ ဗုဒ္ဓါ ဘဂဝန္တော မမံ ဒေဿန္တာပိ ယံ မုဟုတ္တံ တုဏှီ ဘဝိတပ္ပံ ဟောတိ၊ တံ မုဟုတ္တမ္ပိ ဖလသမာပတ္တိံ သမာပဇ္ဇန္တိ၊ ပဂေဝ အညသ္မိံ ကာလေ။

(အင်္ဂုတ္တရလိန် မူလဋ္ဌကာ။ နှာ-၄၀)

ဟိ၊ မှန်၏။ စိတ္တိဿာ၊ စိတ္တိဿရိယ ဘုန်းတော်ရှင်ဖြစ်တော်မူကြကုန်သော။ ဘဂဝန္တော၊ ဘုန်းတော် ၆-ပါး ရှိတော်မူကြကုန်သော။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ မမံ ဒေဿန္တာပိ၊ တရားဟောခိုက်ဖြစ်ကုန်သော်လည်း။ ယံ မုဟုတ္တံ၊ အကြင်မုဟုတ်ပတ်လုံး။ တုဏှီ ဘဝိတပ္ပံ၊ ဆိတ်ဆိတ်နေသင့်သည်။ ဟောတိ၊ ဖြစ်၏။ တံ မုဟုတ္တမ္ပိ၊ တရားဟောခိုက် တရားနာပရိတ်သတ်တို့က သာဓုအနုမောဒနာ ခေါ်နေခိုက်ဖြစ်၍ ဆိတ်ဆိတ်နေရမယ့်- အဲဒီခဏမှာပင်သော်လဲပဲ။ ဖလသမာပတ္တိံ၊ ဖလသမာပတ်ကို။ သမာပဇ္ဇန္တိ၊ ဝင်စားတော်မူကြကုန်၏။ အညသ္မိံ၊ တပါးသောအခါ၌။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။

စိတ္တိဿရိယဘုန်းတော်ရှင် ဖြစ်တော့....ကိုယ်တော့စိတ်ကို အစိုးရတယ်။ တရားနာပရိသတ်တွေ တရားဟောတုန်း သဘောကျလို့ သာဓုအနုမောဒနာ ၃-ကြိမ်ခေါ်တဲ့ အဲဒီအချိန်လေးမှာတောင်မှ စိတ္တိဿရိယ ဘုန်းတော်ရှင်ဆိုတော့ ဖလသမာပတ်ကို ဝင်စားမိအောင် ဝင်စားလိုက်သေးတယ်။

အဲဒီလိုဝင်စားပြီးတော့ နိဗ္ဗာန်ရဲ့ သန္တိအရသာကို ခံစားသုံးဆောင်တော်မူတယ်။ အဲဒီလို သုံးဆောင်တဲ့- ဖလသမာပတ်မျိုးကို "ဝလဉ္ဇနဖလသမာပတ်" လို့။....ဒါ ၂-နံပါတ်မှတ်ထားရမယ်။ အဲဒီကနောက်-

(၃) အယုပါလက ဖလသမာပတ်=အာယုသင်္ခါရ-လို့ ခေါ်တဲ့ ဖလသမာပတ်၊ အာယုပါလက-လို့ခေါ်တဲ့ ဖလသမာပတ်၊ ဇီဝိတ သန္ဓာန်ကို ပြတ်မသွားအောင် ထိန်းထားတဲ့ ပြုပြင်ထားတဲ့ ဖလသမာပတ်လို့ ဆိုလိုပါတယ်။

အဲ....မြတ်စွာဘုရားဟာ ဒီ-မဟာသက္ကရာဇ် ၁၄၆၃-ခုနှစ် ဝင်္ဂုဝရ္ဂာမှာ ဝါကပ်ကတည်းက ဒီ ဇီဝိန္ဒြေကြွေနိုင်ပေါက်တယ်၊ ကြွေသွားမဲ့ ဇီဝိတိန္ဒြေကို ၁၀ လကြာ ဆက်ပြီးတော့ သန္ဓာန်ဆက်၍ အသက်ရှည်နိုင်အောင် အာယုပါလက ဖလသမာပတ်နဲ့ ထိန်းသားရပါတယ်။အဲဒီ အာယုပါလက ဖလသမာပတ်ကျတော့ ရွှေ မဂ္ဂါနန္တရ ဖလသမာပတ်၊ ဝလဉ္ဇနဖလသမာပတ်တို့လို မဟုတ်တော့ဘူး။

ရွှေ ဝလဉ္ဇနဖလသမာပတ်တုန်းကဖတော့ သာမန်အားဖြင့် တောဘု မင်းသင်္ခါရကို အနိစ္စ, ဒုက္ခ, အနတ္တ ဝိပဿနာရှုလိုက်ယင် ဖလသမာပတ်ဝင်စားဆက်ကျပြီးတော့ ဖိုလ်ဇောတွေ့ အလျင်မပြတ်ဖြစ်တယ်။ အဲဒါမျိုးကို "ခဏိကဖလသမာပတ်လို့" ခေါ်တယ်။ ကိုယ်တော်အလို့ရှိတဲ့အချိန်မှာ ဖလသမာပတ်ကို ခဏအတွင်း ဝင်စားလိုက်တယ်၊ အဲဒီ ခဏိကဖလသမာပတ်၊ ဝလဉ္ဇနဖလသမာပတ်ကတော့ သမာပတ်ဝင်စားနေတဲ့အတွင်းမှာ ဇီဝိတိန္ဒြေ ပြတ်မသွားအောင် ထိန်းနိုင်တယ်။ ဒီ-ရောဂါဝေဒနာမဖြစ်အောင် ထိန်းနိုင်တယ်။ သမာပတ်ဝင်စားပြီးလို့ သမာပတ်ကလဲထရော၊ ရောဂါဝေဒနာကို မဖြစ်အောင် မတားနိုင်ဘူး။

လောကဥပမာအားဖြင့် မှော်သေးထူထပ်တဲ့ ရေကန်ထဲ ခဲချလိုက်တော့ ခဲကျတုန်းပဲ မှော်ဟာရှိတယ်၊ခဲလဲကျပြီးရော တခါတည်း မှော်ဟာ ဖုံးမြဲ ဖုံးသလို အဲဒီလိုနေထိုင်မကောင်းတဲ့အခါ ခဏိက ဖလသမာပတ်ပင်စားလိုက်ယင် ဖလသမာပတ်ပင်စားနေတုန်း အခိုက်မှာတော့

အဲဒီဓရဂါဝေဒနာမျော်တွေဟာ ရှိနေတာ ဖလသမာပတ်လဲပဲ ပြတ်သွားရော ဓရဂါဝေဒနာပြန်ပြီးတော့ ဒီကိုယ်ခန္ဓာနှိပ်စက်တယ်၊ အဲဒီခဏကဖလသမာပတ်နဲ့ မရဘူး....တဲ့။

အာယုပါလက ဖလသမာပတ်။ ။အာယုပါလက ဖလသမာပတ်=

အာယုသင်္ခါရခေါ်တဲ့ ဖလသမာပတ်၊ဖလသမာပတ်ကိုပင် အာယုသင်္ခါရလို့ ခေါ်ရတဲ့နေရာ ပြောချင်လို့၊ အဲဒီ အာယုပါလက ဖလသမာပတ် ဝင်စားမယ်ကြံတော့ ဟို....မဟာဓေါမိပင်ရင်းတုန်းက ဟ ကတဲ့ ကုဋ္ဌသုံးသန်းခြောက်သိန်းသောမဟာဝဇိရဝိပဿနာဉာဏ် အခြေခံပြီးတော့ မဂ္ဂဝိထိကျတယ်။ အဲဒီမဟာဓေါမိပင်တုန်းက သုံးသပ်တဲ့ မဟာဝဇိရဝိပဿနာဉာဏ်မျိုး အခြေခံပြီးတော့ ဝင်စားရတယ်၊ အာယုပါလက ဖလသမာပတ် ဝင်စားချင်ယင်-

မဟာဝဇိရဝိပဿနာဉာဏ်။ ။အေး....စကြဝဠာတိုက်ပေါင်း ကုဋ္ဌေတသိန်း၊ စကြဝဠာတတိုင်တတိုက်မှာရှိကြတဲ့လူတွေ နတ်ဒေဝတာ ပြဟ္မာတွေကို လူ နတ် ပြဟ္မာသတ္တဝါ ဆိုတဲ့ပညတ်က ခွါပြီးတော့ ပရမတ္ထတရားသား ဘုရားတို့ ဉာဏ်မျက်စိနဲ့ ကြည့်လိုက်တော့-

"အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ, တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ"လို့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး တရားအစုပဲရှိတယ်။

ဒီတော့ စကြဝဠာ တတိုက်တဘိုက်မှာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး တရားအစုဆိုတော့ စကြဝဠာတိုက်ပေါင်း ကုဋ္ဌတသိန်း၊ အဝိဇ္ဇာပေါင်း ကုဋ္ဌေဘသိန်း၊ သင်္ခါရပေါင်း ကုဋ္ဌေတသိန်း၊ ဝိညာဏ်

ပေါင်း ကုဒ္ဒဘာသိန်း၊ နာမ်ချပ်ပေါင်း ကုဒ္ဒတသိန်း၊ သဋ္ဌာယတန ပေါင်း ကုဒ္ဒေတသိန်း၊ ဖဿပေါင်း ကုဒ္ဒေ တသိန်း၊ ဝေဒနာပေါင်း တဏှာပေါင်း, ဥပါဒါန်ပေါင်း, ဘဝပေါင်း ကုဒ္ဒေတသိန်း၊ ဇာတိ ပေါင်း ကုဒ္ဒေတသိန်း၊ ဇရာမရဏပေါင်း ကုဒ္ဒေတသိန်းလို့ ဝိပဿနာ ဘူမိ=ဘုံကိုယ်တော်မြတ်၌ ဝိပဿနာ ဉာဏ်ပညာတော်၏ ကျက် စားရာ တရားပေါင်းဟာ ကုဒ္ဒေတသန်း နှစ်သိန်းသွေးပြီးတော့ရတယ်။

အဲဒီကုဒ္ဒေတသန်း နှစ်သိန်းသော ဝိပဿနာဘူမိ သမ္မသနာစာရ တရားတွေကိုမှာမှ တပါးတပါးလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အနိစ္စလို့ သိတဲ့ဉာဏ်၊ ဒုက္ခလို့သိတဲ့ဉာဏ်၊ အနတ္တလို့ သိတဲ့ဉာဏ်၊ တရားတခုတခု လျှင် ဘာမှ ပေယျာလမခံပဲနဲ့ "အနိစ္စ, ဒုက္ခ, အနတ္တ၊ အနိစ္စ, ဒုက္ခ, အနတ္တ"လို့ တရားလုံးစေ့ ဝိပဿနာ နှလုံး သုံးပါတယ်။ အဲဒီလိုသုံး လို့ ကုဒ္ဒေတသန်း နှစ်သိန်းမှာ အနိစ္စဝိပဿနာဉာဏ်ပေါင်းက ကုဒ္ဒေ တသန်းနှစ်သိန်း၊ ဒုက္ခဝိပဿနာဉာဏ်ပေါင်းက ကုဒ္ဒေတသန်းနှစ်သိန်း အနတ္တဝိပဿနာဉာဏ်ပေါင်းက ကုဒ္ဒေတသန်းနှစ်သိန်း ၃-ရပ်ပေါင်း တော့ ကုဒ္ဒေသုံးသန်းခြောက်သိန်းသော မဟာဝဇိရဝိပဿနာဉာဏ် တော်နဲ့ အခြေခံပြီးတော့ သမ္မာသမ္ဗောဓိခေါ်တဲ့ သဗ္ဗညုတဉာဏ် အထွတ်တပ်သောမဂ်ဉာဏ်လေးရပ်ကို ရောက်တော်မူခဲ့တယ်။

အဲဒီ မဟာဗောဓိပင်တုန်းက ဝိပဿနာအကျယ် နှလုံးသွင်းသလို အခုလဲပဲ ဇီဝိတသန္ဓာန်တော် ပြတ်မသွားအောင် ဖလသမာပတ်ဝင် စားမယ် ကြံတော့ မဟာဗောဓိပင်ရင်းတုန်းက ကျင့်သုံးခဲ့တဲ့ မဟာ ဝိပဿနာအခြေခံ၍ ဝင်စားတဲ့ဖလသမာပတ်၊ အဲဒီဖလသမာပတ်ကျ တော့ ခဏိကဖလသမာပတ်လိုမဟုတ်ဘူး။ ဝိပဿနာအခြေခံဇီရိယက ကောင်းတယ်၊ အဲဒီအခြေခံဝိပဿနာဇီရိယအားကောင်းလို့ ဖလသမာ

ပတ် ဝီရိယကလဲ အားကောင်းတယ်။ အဲဒီ ဖလသမာပတ်အခြေခံ ဝိပဿနာနဲ့ယှဉ်တဲ့ ဝီရိယ, ဖလသမာပတ်နဲ့ ယှဉ်တဲ့ဝီရိယ အဲဒီဝီရိယ ၂-ပါး။

အေး....တရားတလုံးထဲ လက်ညှိုးထိုးပြရလို့ရှိယင် အဲဒီလိုဝင်စား တဲ့ ဖလသမာပတ်ကို အာယုပါလက ဖလသမာပတ်လို့ခေါ်တယ်။ အဲဒီ အာယုပါလက အသက်တော်ကို စောင့်ထိန်းထားတဲ့ ဖလသမာပတ်၊ ဒီဖလသမာပတ်ကိုပင်လျှင် အာယုသင်္ခါရ....တဲ့။ မြတ်စွာဘုရား အာယုသင်္ခါရလွတ်ဒတ်မှုတယ်ဆိုတာဟာ တခြားမဟုတ်ဘူး-

၎င်း- ကဆုန်လပြည့်ရောက်ရုံပဲ အာယုပါလကဖလသမာပတ်ကို ဝင်စားတော့မယ်၊ ကဆုန်လပြည့်နေ့ နောက်ဆုံးဝေနေယျသုဘဒ္ဒကိုလဲ ချတ်ပြီးရော၊ အာယုပါလကဖလသမာပတ်ကို ငါဘုရားမဝင်စားတော့ဘူး-

လို့ စိတ်တော်ကို ဒုန်းဒုန်း ဆုံးဖြတ်ချက်ချလိုက်တာကို "အာယုသင်္ခါရလွတ်တယ်" ဒီလိုခေါ်တာနော်။အဲ ကြက်ကလေး ငှက်ကလေးကို လက်ထဲကနေပြီး သွားရော့လို့ လွှတ်လိုက်တဲ့ အလွတ်မျိုးမဟုတ်ဘူး။

အာယုပါလကဖလသမာပတ်ကို မဟာသက္ကရာဇ် ၁၄၇-ခုနှစ်၊ ကဆုန်လပြည့်နေ့ နောက်ဆုံးဝေနေယျဖြစ်တဲ့ သုဘဒ္ဒပရိုဇ် ချချွတ်ပြီးရုံသာ ဝင်စားတော့မယ်၊ အဲဒီနောက် မဝင်စားတော့ဘူးလို့ စိတ်တော်ကို ဒုန်းဒုန်း ဆုံးဖြတ်ချက်ချလိုက်ခြင်းကို "အာယုသင်္ခါရလွတ်တယ်"လို့ ခေါ်တာ။ အဲဒီ အာယုသင်္ခါရလွတ်တယ်ဆိုတဲ့ နေရာက အာယုသင်္ခါရဆိုတာ အာယုပါလကဖလသမာပတ် ခေါ်ပါတယ်။

အရှင်သာရိပုတ္တရာက ဘုရားထံလျှောက်ပုံ

အခု ရှင်သာရိပုတ္တရာလျှောက်နေတယ် –

"မြတ်စွာဘုရား၊ တပည့်တော် ပရိနိဗ္ဗာန်စံဖို့အချိန်တန်ပြီ၊အာယု သင်္ခါရကို တပည့်တော် လွှတ်ပြီးပြီဘုရား" "လွှတ်" ဆိုတာကလဲ၊ အာယုပါလကဖလသမာပတ်ကို လိုအပ်လျှင် –

"ငါသည် ယနေ့ကနောက် ငါရဲ့မွေးရာ နာလကရွာ ရောက်လို့ မယ်တော်ကို ချေချွတ်ပြီးတဲ့ အချိန်လောက် ရောက်ရုံပဲ အာယုပါလကဖလသမာပတ် ငါဝင်စားမယ်၊ အဲဒီ နောက် မဝင်စားတော့ဘူး" –

လို့စိတ်ကို ဒုန်းဒုန်းချလိုက်ခြင်းကို "အာယုသင်္ခါရလွှတ်တယ်"လို့ ဒီလိုခေါ်တာ။

မြတ်စွာဘုရားကို လျှောက်တာ စကား ၄-ခွန်းနော် –

(၁) ဘဂဝါဂုဏ်ရှင် မြတ်စွာဘုရား တပည့်တော်အား ခွင့်ပြုတော် မူပါ။

(၂) သုဂတဂုဏ်ရှင် မြတ်စွာဘုရား ကပည့်တော်အား ခွင့်ပြု တော် မူပါ။

(၃) တပည့်တော်အဖို့ ပရိနိဗ္ဗာန်စံဖို့ အချိန်တန်နေပါပြီ။

(၄) တပည့်တော်သည် အာယုသင်္ခါရကို လွှတ်ပြီးပါပြီဘုရား= လျှောက်တော့ မြတ်စွာဘုရားက—

ပရိနိဗ္ဗာဟိ သာရိပုတ္တ၊

သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ ပရိနိဗ္ဗာဟိ၊ ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်း ဘုံဇာတ်သိမ်းလော့။

အကယ်၍မူး အဲဒီလို-ခွင့်ပြုလိုက်မယ်ဆိုပါစို့။

"အေး....ချစ်သား သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတော့"လို့ ကြည်ကြည် ဖြူဖြူ ခွင့်ပြုလိုက်မယ်ဆိုယင်လဲပဲ သာသနာပြင်ပ ဘုရားကို အပြစ်ရှုဖို့ရန် ဆီလို အပေါက်ရှာနေတဲ့ ဝါဒဇာပါးက ပုဂ္ဂိုလ်တွေက-

ကြည့်စမ်း၊ ရဟန်းဂေါတမဟာ သူ့တပည့်တွေကို အသေခိုင်းတယ်၊ သေခြင်းရဲ့ ကျေးဇူး ချီးမွမ်းတယ်-

ဆိုပြီးတော့ ပေ၁ဒီ တတိယပါရာဇိက သိက္ခာပုဒ် ပညတ်ချက်နဲ့လာပြီးတော့ အပြစ်တင်စကား ပြောလိမ့်အုံးမယ်။ ဟာ-ဒါဖြင့်ယင် ကောင်းပြီ၊ "ချစ်သား ပရိနိဗ္ဗာန် မစံနဲ့အုံး"လို့-

မာ ပရိနိဗ္ဗာဟိ သာရိပုတ္တ။

"ပရိနိဗ္ဗာန် မစံနဲ့ဦး ချစ်သား သာရိပုတ္တရာ"

လို့-အဲဒီလိုမျှား ပြောလိုက်ပြန်တော့လဲပဲ သံသရာဝဋ်ရဲ့ ဂုဏ်ကျေးဇူးကို ချီးမွမ်းတယ်၊ တဘက်က သံသရာဝဋ်ထဲ ကျင်လည်နေရတာကို ဟုတ်လား၊ အကျင်လည် ခိုင်းတယ်လို့ ဟောဒီလိုကလဲပဲ အစွန်းကမလွတ်ဘူး။

"ပရိနိဗ္ဗာန်စံတော့" ဆိုယင်လဲပဲ သေဖို့ရန် တိုက်တွန်းတယ်လို့ အပြစ်တင်လိမ့်မယ်၊ "ပရိနိဗ္ဗာန် မစံနှင့်ဦး" ဆိုယင်လဲပဲ သံသရာဝဋ် ဒုက္ခထဲ ချစ်သားလည်ဦး ဆိုတာနဲ့ အဲဒီလို လာပြီးတော့ အပြစ်တင်လိမ့်မယ်။ နှစ်ဘက် အစွန်းမလွတ်လို့ မြတ်စွာဘုရားက ဘာအမိန့်ရှိလိုက်သလဲ။

ပရိနိဗ္ဗာန်စံရန် မြတ်စွာဘုရား အမိန့်ရှိပုံ

ကတ္ထ ပရိနိဗ္ဗာယိဿသိ သာရိပုတ္တ။

သာရိပုတ္တာ၊ ချစ်သားသာရိတ္တရာ။ တုံ၊ သင်ချစ်သားသည်။ ကတ္ထ၊ အဘယ်အရပ်၌။ ပရိနိဗ္ဗာယိဿသိ၊ ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းဘုံဇာတ်သိမ်းမလဲ။

"ချစ်သား ဘယ်မှာပရိနိဗ္ဗာန် စံမလဲ"

ခုနင်က အစုန်း ၂-ပါးနဲ့ ဘယ်လိုမှ အပြစ်တင်လို့ မရဘူး။ အဲဒီတော့ ရှင်သာရိပုတ္တရာက ဘယ့်နှယ် လျှောက်သလဲဆိုတော့-

အတ္ထိ ဘန္တေ မဂဓေသု နာလကဂါမေ ဇာတောဝရကော၊ တတ္ထာဟံ ပရိနိဗ္ဗာယိဿာမိ။

ဘန္တေ၊ ရှင်ပင်ဘုရား။ မဂဓေသု၊ မဂဇတိုင်းတို့၌။ နာလကဂါမေ၊ နာလကရွာ၌။ ဇာတောဝရကော၊ တပည့်တော် မွေးဖွားရာ တိုက်ခန်းသည်။ အတ္ထိ၊ ရှိပါသည်ဘုရား။ တတ္ထ၊ ထိုမဂဓတိုင်း အဝင်အပါ နာလကရွာမှာရှိတဲ့ တပည့်တော်ရဲ့ မွေးဖွားရာ တိုက်ခန်း၌။ အဟံ၊ တပည့်တော်သည်။ပရိနိဗ္ဗာယိဿာမိ၊ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းဘုံဇာတ်သိမ်းပါမည် မြတ်စွာဘုရား။

"မဂဓတိုင်း နာလကရွာမှာ တပည့်တော် မွေးဖွားရာ တိုက်ခန်းရှိပါတယ်ဘုရား။ အဲဒီ တိုက်ခန်းမှာ တပည့်တော် ပရိနိဗ္ဗာန်စံပါမယ်" လျှောက်တော့ မြတ်စွာဘုရားက-

ယဿ ဒါနိ တုံ သာရိပုတ္တ ကာလံ မညသိ။

သာရိပုတ္တာ၊ ချစ်သား သာရိပုတ္တရာ။ တုံ၊ သင်ချစ်သားသည်။ ယဿ ဂမနဿ၊ အကြင်သွားခြင်း၏။ ကာလံ၊ အချိန်ကာလကို။ မညသိ၊ သိပေ၏။

"ချစ်သား ချစ်သားရဲ့သွားဖို့ရန် အချိန်ကို ချစ်သား သိပါတယ်၊ သွားဖို့ရန်ဆိုတာ ချစ်သားရဲ့ အလိုအတိုင်းပဲ။"

ကွဒါနိ ပန ဘေ ဇေဋ္ဌကနိဋ္ဌဘာတိကာနံ တာဒိသဿ ဘိက္ခုနော ဒဿနံ ဒုလ္လဘံ ဘဝိဿတိ။

ပန၊ ငါဘုရား တိုက်တွန်းစကား ပြောကြားလိုတာကတော့။ ကွဒါနိ၊ ယခုအခါ၌။ ဘေ၊ သင်ချစ်သား၏။ ဇေဋ္ဌကနိဋ္ဌဘာတိကာနံ၊ နောင်ကြီးညီငယ်ဖြစ်ကြကုန်သော ရဟန်းတော်, လူတို့၏အဖို့။ တာဒိဿဿဘိက္ခုနော၊ ချစ်သားကဲ့သို့သော ရဟန်းကို။ ဒဿနံ၊ နောက်ထပ်တဖန် ဖူးမြော်ရခြင်းကို။ ဒုလ္လဘံ၊ ရခဲ့သည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။

ချစ်သား ပရိနိဗ္ဗာန်စံသွားလို့ရှိယင်-တဲ့၊ ချစ်သားရဲ့ နောင်တော်တွေ၊ ညီတော်တွေ၊ အမတော်တွေ၊ ညီမတော်တွေဖြစ်ကြတဲ့ ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာဆိုတဲ့ ငါဘုရားရဲ့ သားတော် သမီးတော် ၂-စုံဆိုတဲ့ ဗုဒ္ဓဘာသာ အမျိုးသား, အမျိုးသမီးတွေဟာ ချစ်သားကဲ့သို့သော ရဟန်းတော်တပါး နောက်ထပ်ဖူးမြော်ခွင့်ရဖို့ရန် အင်မတန် ခဲယဉ်းသွားပြီ၊ ဒါကြောင့်-

ဒေသေဟိ နေသံ ဓမ္မံ။

နေသံ၊ ထိုသင်ရဲ့ နောင်တော်, ညီတော်, အမတော်, နှမတော် ဖြစ်ကြတဲ့ ပရိသတ်လေးပါး ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာတို့အား။ ဓမ္မံ၊ နောက်ဆုံးတရားကို။ ဒေသေဟိ၊ ဟောကြားခဲ့ပါလော။

"အဲဒီတော့ နောက်ဆုံးအနှစ်ချစ်သား ထိုပရိသတ်လေးပါးအား တရားဟောပါဦး"လို့ အဲဒီလို မြတ်စွာဘုရား အမိန့်ရှိလိုက်

တယ်ဆိုယင်ပဲ မြတ်စွာဘုရားရဲ့အလိုတော်ကို ရှင်သာရိပုတ္တရာ ဘယ်လို သိလိုက်သလဲ။

တန်ခိုးအမျိုးမျိုးဖန်ဆင်း၍ တရားဟောခြင်း

သတ္ထာ မယ့် ဣဒ္ဓိဝိကုဗ္ဗနပုဗ္ဗင်္မ ဓမ္မဒေသနံ ပစ္စာသိသတိ။

သတ္ထာ၊ငါရဲ့ ဆရာမြတ်စွာဘုရားသည်။ မယ့်၊ ငါ့အား။ ဣဒ္ဓိဝိကုဗ္ဗန ပုဗ္ဗင်္မံ၊တန်ခိုးဖန်ဆင်းခြင်းလျှင် ရှေးသွားရှိသော။ ဓမ္မဒေသနံ၊ တရား ဟောခြင်းကို။ ပစ္စာသိသတိ၊ တောင့်တပေ၏။

သြော်.... ဘုရား ကိုယ်တော်မြတ်ကြီးဟာ ရှိုးရှိုး တရား ဟောတာကို တောင့်တတာ မဟုတ်ဘူးတဲ့၊ နောက်ဆုံး တရား ပဲ့အနေနဲ့ တန်ခိုးအာဘိညာဏ်ပြ ပြပြီးတော့ တရားဟောတာကို မြတ်စွာဘုရား လိုလား တောင့်တတော်မူတယ်–

လို့ အဲဒီလို ဘုရားရဲ့ အလိုတော်ကို သိပြီးတော့ ဣဒ္ဓိဝိဓ အာဘိညာဏ် ကို ဝင်စားလိုက်တယ်။ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးတော့ ကောင်းကင် ထန်းတပြန်တက်လိုက်၊ ကောင်းကင်ကနေ ရှိခိုးပြီးတော့ ပြန်ဆင်း။ နောက်တဖန်တက် ထန်း ၂-ဆင့်။ ပြန်ဆင်း နောက်တဖန် တက် ၃-ထပ်။ လက်အုပ်ချီပြီးတော့ မကျသေ လက်အုပ်နဲ့ ဘုရားကို ရှိခိုးလို့ တက်လိုက် ဆင်းလိုက်၊ ထန်း သုံးဆင့်၊လေးဆင့် ငါးဆင့်၊ ခြောက်ဆင့် ခုနစ်ဆင့်ထိအောင် တက်လိုက် ဆင်းလိုက် တက်လိုက် ဆင်းလိုက်နဲ့။

အို....တရားလဲ နာရမယ်၊ တန်ခိုးဣဒ္ဓိပါဒ်ကိုလဲပဲ ဒီပဲ့မှာ ပရိသတ် တွေ မြင်ရတယ်။ အဲဒီလို ထန်း ၇-ဆင့် တိုင်အောင် ၇-ကြိမ်မြောက် ကောင်းကင်ကို တက်ပြီးတဲ့ နောက်ကျတော့မှ ကောင်းကင်ကနေပြီး တော့ မိမိရဲ့ ပကတိကိုယ်ကို ထင်စွာပြ၍လဲ တရားဟောတယ်၊ မိမိရဲ့

ကိုယ်ကို မထင်စေပဲ ကွယ်ပြီးတော့ တရားသံချည်းထဲလဲပဲ ကြားနေရတာယ်။

အင်း....တော်တော်ကြာ ပရိသတ် မော်ကြည့်လိုက်တဲ့ အခါကျတော့ အထက်ပိုင်း ကိုယ်ကလေးတင်ပေါ်ပြီးတော့ တရားဟောလျက်၊ အဲဒီလိုကြည့်ပြီးတရားနာနေတုန်း အဲဒီအထက်ပိုင်း ကိုယ် ပျောက်ပြီးတော့ တရားသံချည်းတည်းပေါ်လိုက်၊ ပရိသတ်ကပျောက်လို့ လို့က်ရှာတဲ့ မျက်စိနဲ့ ကြည့်နေတုန်း ဟော-အောက်ပိုင်းတချမ်း ကိုယ်တင်ပေါ်ပြီးတော့ တရားသံကတော့ အစဉ်မပြတ် ဟောလျက်။

ဟေ....အောက်ပိုင်းကိုယ်ချည်းထဲ ပေါ်သာဟဲ့ ပေါ်သတဲ့နဲ့ တအုံတသြ ကြည့်နေတုန်း တော်တော်ကြာတော့ အောက်ပိုင်းကိုယ်ကလဲ ပျောက်သွားပြန်ပြီး တရားသံချည်းပဲ ပေါ်ပြန်တယ်။ ဟင်း....တော်တော်ကြာတော့ ဒီနေရာတင် ပျောက်တာပဲလို့ ကြည့်နေတုန်း ပြုန်းကနဲဆို လဝန်းကြီး ပေါ်လာပြီး တရားက ဟောလျက်။

ဟယ်....လဝန်းကြီး ပေါ်သတဲ့လို ကြည့်နေတုန်း ဝင်းဝင်းကြာတော့ နေဝန်းကြီးပေါ်လာ ဒီနေရာ တရားဟောတဲ့ နေရာက။ အဲဒီနေစကြာ၊ နေဗိမာန်ကြီးကနေပြီးတော့ တရားသံတွေထွက်နေတယ်။ ဟင်း.... တော်တော်ကြာ ဒီလိုကြည့်ယင်းက နေပြီးတော့ မြင်းမိုရ်တောင်ကြီးလို ဖတောင်ကြီး ပေါ်လာလိုက်ပြန်၊ အဲဒီတောင်ကြီးထဲက တရားသံတွေ ထွက်နေတယ်။

ဟာ....တအုံတသြကြည့်နေတုန်း မြင်းမိုရ် တောင်ကြီးလို တောင်ကြီးကွယ်ပြီးတော့ သမုဒ္ဒရာကြီး ပေါ်လာလိုက်ပြန်၊ သမုဒ္ဒရာကြီးပဲ မျက်စိကမြင်နေရပြီး ရွှင်သာရိပုတ္တရာ အသံနဲ့ တရားသံတွေ ထွက်နေ

တယ်၊ အင်း...တဒုံတသြ ဒါကြည့်နေတုန်း စကြဝတေးမင်းကြီး ပေါ်လာပြန်၊ စကြဝတေးမင်းကြီး ကွဲနေတုန်း ရှိသေးတယ်၊ တော်တော်ကြာတော့ စကြဝတေးမင်း အရုပ်ပျောက်ပြီး သကာလ ဝေဿဝဏ် နတ်မင်းကြီးရဲ့ ပုံပန်းပေါ်ပြီးတော့ တရားဟောပြန်။

ဟာ....ဝေဿဝဏ်နတ်မင်းကြီးရဲ့ ပုံဟဲ့ဆိုပြီးတော့ ကြည်ညိုနေတုန်း မတ်တတ်ဖြူန်းဆို အဲဒီ ဂူဒွိရုပ်ပျောက်ပြီး သကာလ သိကြားမင်းရဲ့ ပုံနဲ့ တရားဟောနေပြန်ပြီ၊ ဒါကိုပဲ တအံ့တသြကြည့်နေတုန်း ဖြူန်းကန် သိကြားမင်းရဲ့ ရုပ်ပျောက်ပြီးတော့ ဗြဟ္မာမင်းရဲ့ ဂူဒွိရုပ်နဲ့ တရားဟောပြန်။

အေး ဤသို့စသည်ဖြင့် ချီးပၚ် မကုန်နိုင်အောင် ဂူဒွိရုပ်အမျိုးမျိုးပြပြီး တရားဟောလို့ပြီးတော့မှ ဆင်းပြီး မြတ်စွာဘုရား ရှေ့တော်ရင်း ရှိသေစွာတိုး ဝှေခိုးပြီးတော့ လက်အုပ်ချီမိုး ထိုင်နေတဲ့ အခါ မြတ်စွာဘုရားက –

ကော နာမော အယံ သာရိပုတ္တ မေမပရိယာယော။

သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ၊ အယံ ဓမ္မပရိယာယော၊ ဤယခု သင်ချစ်သား တရားဟောခြင်းသည်။ ကော နာမော၊ အဘယ်အမည် ရှိတဲ့ တရားဟောခြင်းပါလဲ။

“ချစ်သား၊အခု ချစ်သား တရားဟောတဲ့နည်းဟာ ဘယ်လိုတရား ဟောနည်းလဲ” ရှင်သာရိပုတ္တရာက ပြန်ဖလျာက်ကယ် –

သီဟဝိကီဠိတော နာမ ဘန္တေ။

ဘန္တေ၊ ရှင်ပင်မြတ်ဘုရား။ သီဟဝိကီဠိတောနာမ၊ ခြင်္သေ့ရဲ့မြူးတူးစံပယ်ခြင်းနဲ့တူတဲ့ တရားဟောခြင်းပါဘုရား။

"ခြသေ့မင်း မြူးခုန်တာနဲ့ အလားတူတဲ့ တရားဟောခြင်းပါ ဘုရား" လို့အဲဒီလို လျှောက်ထားတော့မှ မြတ်စွာဘုရားက –

တဉ္ဆ သာရိပုတ္တ သီဟဝိကီဠိတော၊ တဉ္ဆ သာရိပုတ္တ သီဟဝိကီဠိတော။

သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ တဉ္ဆ၊ ကောန်စင်စစ်ပင်။ သီဟဝိကီဠိတော၊ သီဟဝိကီဠိတ တရားဒေသနာပါပေ။

နှစ်ကြိမ်တိုင်တိုင် ချီးမွမ်းတော်မူတယ်။ အဲဒီလို မြတ်စွာဘုရားက ချီးမွမ်းတော်မူလေပြီးနော့ ရှင်သာရိပုတ္တရာဟာလေ- ချိတ်ရည်အသွေးနီတွေးတဲ့ လက်ဖဝါးလေးမျှားနဲ့ ဖြန့်ပြီးတော့ ဘုရားကိုယ်တော်မြတ်ရဲ့ ရွှေလိပ်ခုံးသန္ဓာန်ရှိတဲ့ ခြေဖမိုးတော်ကို တအားဆုပ်ကိုင်ပြီးတော့–

မြတ်စွာဘုရားအား အရှင်သာရိပုတ္တရာ နောက်ဆုံး လျှောက်ထား ပူဇော်ခြင်း

ဘန္တေ၊ ဘုန်းကြီးမြတ်စွာတော်မူသော မြတ်စွာဘုရား၊ ကြွတော၊ ကျိယနေမှ။ ကြွမသံပါဒါနံ၊ ကျိရှင်တော်ဘုရားရဲ့ ခြေတော်တို့ကို။ ဝန္ဒနတ္ထာယ၊ ရိုသေမြတ်နိုး ယာခုလို လှလှပပ ရှိခိုးရခြင်း အကျိုးငှာ။ မေ၊သာရိပုတ္တရာတွင်ခေါ် တပည့်တော်သည်။ ကပွသတသဟဿာဒီကံ၊ ကမ္ဘာတသိန်းအလွန်ရှိသော။ အသင်္ချေယျ၊ တင်္ခေကာလပတ်လုံး။ ပါရမီယော၊ ပါရမီတို့ကို။ ပူရိတာ၊ ဖြည့်ကျင့်အပ်ခဲ့ပါကုန်ပြီဘုရား။

မြတ်စွာဘုရား။ တပည့်ကော် သာရိပုတ္တရာ၊ အရှင်ဘုရားရဲ့ ဟောဒီ ခြေဖမိုးတော်လေးတွေကို တအားဆုပ်ပြီး ယခုလို ရှိခိုးရန်အတွက် တသင်္ချေနဲ့ ကမ္ဘာတသိန်းကြာ အဂ္ဂသာဝကပါရမီများ ဖြည့်ကျင့်ခဲ့ရပါတယ်ဘုရား။

သော မေ မနောရထော မတ္ထကံ ပတ္တော။[၁]

မေ၊ တပည့်တော်၏။ သောမနော ရထော၊ ထိုနှလုံးအလိုသည်။ မတ္ထကံ၊ အထွတ်အထိပ်သို့။ ပတ္တော၊ ရောက်ပါပြီဘုရား။

တပည့်တော် ထိုစိတ်နှလုံးအလိုဟာ ယနေ့ အထွတ်အထိပ် ရောက်တာပါပဲဘုရား....တဲ့။

ကုတော ဒါနိ ပဋ္ဌာယ ပဋိသန္ဓိဝသေန နု ပုနကေဋ္ဌာ နေ သန္ဒိပါတော သမာဂမော အတ္တိ။[၂]

ကုတောဒါနိ၊ ဤအခါနှင်မှ။ပဋ္ဌာယ၊အစပြု၍။ ပဋိသန္ဓိဝသေန၊ဘဝပဋိသန္ဓေ အနေအားဖြင့်။ ကေဋ္ဌာနေ၊ တခုသောနေရာ၌။ သန္ဒိပါတော၊ ပေါင်းဆုံမိခြင်းသည်။ သမာဂမော၊ ရှင်တော်ဘုရားတို့နဲ့ စုဝေးမိခြင်းသည်။ ပုန၊ နောက်ထပ်တဖန်။ နု အတ္ထိ၊ မရှိတော့ပါဘူးဘုရား။

ဒီကနေ့ကစပြီးတော့ ဒီဘဝက စပြီးတော့ နောက်အနာဂတ်သံသရာမှာဆိုယင် ဘဝပဋိသန္ဓေအနေနဲ့ ရှင်တော်ဘုရားမျှားနဲ့ တနေရာတည်ဘန်မှာ ပေါင်းဆုံဖြဖို့ အခွင့်မရှိတော့ဘူးဘုရား။

ဆိန္နော သေ ဝိသာသော။

သေ-သော ဝိသာသော၊ ဤသံသရာဆိုတဲ့ ခင်မင်ရင်းနှီးမှုကို။ ဆိန္နော၊ သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပါမကျန် ပယ်လှန်ဖြတ်တောက်အပ်ပြီးပါပြီ ဘုရား။

ဘဝသံသရာမှာ အကျွမ်းတဝင် ခင်မင်ရင်းနှီးမှုဆိုတဲ့ အဲဒီဝိသာသာတော်ကို သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပြတ် ပယ်ဖြတ်ပြီးပါပြီ ဘုရား။

၁။ မဟာဝဂ္ဂသံယုတ်၊ ၄၊ ၂၄၈။

အနေကေဟိ ဗုဒ္ဓသတၱသဟဿေဟိ ပဝိဋ္ဌံ အဇရံ အမရံ
ခေမံ သုခံ သီတလံ အဘယံ နိဗ္ဗာနပုရံ ပဝိသိဿာမိ။

အနေကေဟိ၊ တပါးမက များလှကုန်သော။ဗုဒ္ဓဿတၱသဟဿေဟိ၊ တသိန်းသော ဘုရားရှင်တို့သည်။ ပဝိဋ္ဌံ၊ဝင်စံတော်မူအပ်သော။ အဇရံ၊ အိုခြင်းကင်းရာဖြစ်သော။ အမရံ၊ သေခြင်းကင်းရာဖြစ်သော။ ခေမံ၊ ဘေးကင်းရာဖြစ်သော။ သုခံ၊ ချမ်းသာစင်စစ်ဖြစ်သော။ သီတလံ၊ အေးမြလှစွာသော။ အဘယံ၊ ဘေးမရှိသော။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ပြည် မြတ်သို့။ ပဝိသိဿာမိ၊ တပည့်တော် ဝင်ပါတော့မယ် ဘုရား။

သစေ မေ ကိဉ္စိ ကာယိကံ ဝါ ဝါစသိကံ ဝါ န ရောစေထ၊
ခမာထ မေ တံ ဘဂဝါ။

ဘဂဝန္တ၊ ရှင်ပင်မြတ်ဘုရား။ မေ၊ တပည့်တော်နဲ့စပ်၍။ ကိဉ္စိ၊ တစုံ တခုဒသော။ ကာယိကံဝါ၊ ကိုယ်ဖြင့် ပြုအပ်သော အမှုကိုဖြစ်စေ။ ဝါစသိကံဝါ၊ နှုတ်ဖြင့် ပြောအပ်တဲ့ အမှုကိုဖြစ်စေ။ သစေ နရောစေထ၊ အကယ်၍ အရှင်ဘုရား မနှစ်သက်ကုန်ငြားအံ့။ မေ၊ တပည့်တော် အား။ တံ၊ ထိုအရှင်ဘုရား မနှစ်သက်တဲ့ ကာယကံမှု ဝစီကံမှု အစုစုကို။ ခမထ၊ ကရုဏာဒွေဆား၍ သည်းခံတော်မူကြပါဘုရား။

ရှင်တော်ဘုရားအပေါ် တပည့်တော် မတော်တဆ ပြုမှားပြောမှား ခဲ့တဲ့ ကာယကံ ဝစီကံ အပြစ်ဘေးများရှိယင် ခွင့်ပြုပါဘုရား၊ သည်းခံ တော်မူပါဘုရား။

ဂမနကာလော မယ္ဟံ။

မယ္ဟံ၊ တပည့်တော်ရဲ့အဖို့။ ဂမနကာလော၊ သွားဖို့ရန် အချိန်တန် ပါပြီဘုရား လို့ အဲဒီလိုမလျှောက်ထားတဲ့အခါကျတော့မှ မြတ်စွာဘုရား က ဘာပြန်အမိန့်ရှိတုန်း ဆိုတော့ -

ခမာမိ တေ သာရိပုတ္တ။

သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ တေ၊ သင်ချစ်သားအား။
ခမာမိ၊ငါဘုရား သည်းခံပါ၏။

နဲ့ ခေါ် ပန တေ ကိုဠို ကာယိကံ ဝါ ဝါစတိကံ ဝါ မယ့်
အရုစ္စနကံ အတ္ထိ။

ခေါ် ပန၊ စဉ်စစ်သော်ကား။ တေ၊ သင်ချစ်သား၏။ အရုစ္စနကံ၊
ငါဘုရား မနှစ်သက်လောက်သော။ ကာယိကံ ဝါ၊ကာယကံအမှုသည်
လည်းဒုက္ခာင်း။ ဝါစသိကံ ဝါ။ ဝစီကံအမှုသည်လည်းကောင်း။ ကိဠို၊
စိုးစဉ်းမျှ။ နတ္ထိ၊ မရှိပါ။

အေး....ငါဘုရား မနှစ်သက်လောက်တဲ့ ကာယကံမှု၊ ငါဘုရား
မနှစ်သက်တဲ့ ဝစီကံမှု ချစ်သားမှာ မရှိပါဘူးတဲ့။

ယာဿ ဒါနိ တုံ သာရိပုတ္တ ကာလံ မညသိ။

သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ တုံ၊ သင်ချစ်သားသည်။
ယာဿ ဂမနဿ၊ အကြင်သွားခြင်း၏။ ကာလံ၊ အခါကာလကို။
မညသိ၊ ချစ်သားပင် သိပေ၏။

"သွားဖို့ရန် အချိန်ကို ချစ်သားသိပါတယ်။ သွားဖို့ရန်အတွက်
ချစ်သားရဲ့ အသိုအတိုင်းပဲ"လို့ အဲဒီသို့ အမိန့်တော် ရှိပြီးတဲ့နောက်
မြတ်စွာဘုရားက –

ဓမ္မသေနာပတိ ပဋိပါဒေဿာမိ။

အဟံ၊ ငါဘုရားသည်။ ဓမ္မသေနာပတိ၊ တရားစစ်မှူးဖြစ်တဲ့
ရှင် သာရိပုတ္တရာကို။ ပဋိပါဒေဿာမိ၊ နောက်ဆုံး ချီးမြှောက်ခြင်းဖြင့်
ချီးမြှောက်မယ်။

"ရှင်သာရိပုတ္တရာ၌ ကန်ဓတဉ္ဉာန်း ပြီးဆုံးစေမဟဲ့" လို့ အဲဒီလို မြတ်စွာဘုရား စဉ်းစားတော်မူပြီးတဲ့ အားလုံးပရိသတ်ရဲ့ အလယ်ခေါင် ဓမ္မာသန ဓမ္မပလ္လင်ပေါ်က ထပြီးတဲ့ ဂန္ဓကုဋီတိုက်တော်တံခါး ဝမှာရှိတဲ့ ရတနာကျောက်ဖျာကြီးပေါ်မှာ သွားပြီးတော့ရပ်တယ်။ ရပ်တော့ အရှင်သာရိပုတ္တရာသည် ဘုရားနောက် လိုက်ပြီးတော့ ဂန္ဓကုဋီတိုက်တော်တံခါးဝ ရတနာကျောက်ဖျာပေါ်မှာ ရပ်နေတော်မူတဲ့ မြတ်စွာဘုရားရဲ့ အထံမှာသွားပြီး လက်ယာရစ် သုံးပတ်လှည့်ပြီးတော့ ရှိခိုးတယ်။ ရှေ့ကရှိခိုးတယ်၊ နောက်ကရှိခိုးတယ်၊ လက်ဝဲကရှိခိုးတယ်၊ လက်ယာကရှိခိုးတယ်၊ လေးဘက်လုံး လက်ယာရစ် သုံးပတ်လှည့်ရှိခိုးပြီးတော့ အားရတော့မှ –

အရှင်သာရိပုတ္တရာ၏ တသခ်ျနှင့်ကမ္ဘာတသိန်းပါရမီ

ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဣတော၊ ဤဘဒ္ဒကမ္ပာမှ။ ကပ္ပသတသဟဿာဓိကာ၊ ကမ္ပာတသိန်းအလွန်ရှိသော။ အသခ်ျယျသာ၊ အသခ်ျ၏။ ဥပရိ၊ အထက်၌။ အနောမဒဿီသမ္မာသမ္ဗုဒ္ဓသာ ပါဒမူလေ၊ အနောမဒဿီ မြတ်စွာဘုရားခြေတော်ရင်း၌။ နိပဇ္ဇိတွာ၊ လျောင်း၍။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဒဿနံ၊ ဖူးမြော်ခွင့်ကို။ အဟံ၊ တပည့်တော်သည်။ ပတ္ထေသိ၊ တောင့်တခဲ့ပါသည်ဘုရား။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော် ယနေ့ ဘဒ္ဒကမ္ပာက ပဋိလောမအဆန်ပြန်၍ ရေတွက်လျှင် တသခ်ျနဲ့ ကမ္ဘာတသိန်းထက် အနောမဒဿီမြတ်စွာဘုရားရဲ့ခြေတော်ရင်း ဝပ်စင်း၍ အရှင်ဘုရားတို့ကို ဖူးမြော်ပို့ရန် ဆုပန်ခဲ့ပါတယ်။

အရှင်သာရိပုတ္တရာ၏ နောက်ဆုံးခရီး

သာ မေ ပတ္ထနာ သမိဒ္ဓါ။ ဒိဋ္ဌာ တုမ္ဟေ၊ ပဌမဒဿနံ၊ ဣဒံ ပစ္ဆိမဒဿနံ။

မေ၊ တပည့်တော်၏။ သာ ပတ္ထနာ၊ ထိုတောင့်တချက်သည်။ သမိဒ္ဓါ၊ ယခုဖြင့် ပြည့်စုံပြီဘုရား။ ဒိဋ္ဌာ တုမ္ဟေ၊ အရှင်ဘုရားတို့ကို မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပို့တဲ့လဆန်း ၁-ရက်နေ့တုန်းက စတင်ဖူးမြင်အပ်ခဲ့ပါကုန်ပြီ။ တံ၊ ထိုသို့ဖူးမြော်ရခြင်းသည်။ ပဌမဒဿနံ၊ ပဌမလက်ဦး ဖူးတွေ့ရခြင်းပါဘုရား။ ဣဒံ၊ ဤယခု ဖူးမြော်ရခြင်းသည်။ ပစ္ဆိမဒဿနံ၊ နောက်ဆုံးဖူးမြော်ရခြင်းပါဘုရား။

"ပုန တုမ္ဟာကံ ဒဿနံ နတ္ထိ၊ အရှင်ဘုရားတို့အား နောက်ထပ်တဖန် ဖူးမြော်ခွင့်မရှိတော့ပါဘူးဘုရား" –

အဲဒီလိုဆိုပြီးတော့ မချသောလက်အုပ်ဖြင့် မြတ်စွာဘုရားကိုမြင်သလောက် နောက်ဆုတ် နောက်ဆုတ် လက်အုပ်ချီလျှက် ဇေတဝန်ကျောင်းတိုက်ကြီးက ထွက်ကြွသွားတယ်။ မြတ်စွာဘုရားကို နောက်ဆုံးဖူးမြော်လို့ ဒဿနုပစာ လွန်လောက်တဲ့ အချိန်မှာ မဟာပထဝီမြေကြီး သည်းစွာလှုပ်တယ်။ ပေါက္ခရဝဿ ကြာရွက်ပေါ်မှာ ကျတဲ့ မိုးလို တနည်းအားဖြင့် ကြာရွက်ဖျားလောက် တိမ်တိုက်ကလေးက နေပြီးတော့ စိုလိုတဲ့လူစို မစိုလိုတဲ့လူ မစိုတဲ့ တကတဲ အလွန်သည်းထန်တဲ့ မိုးကြီးလဲရွာခဲ့တယ်။

အရှင်သာရိပုတ္တရာ ထွက်သွားပြီ ဆိုယင်ပဲ မြတ်စွာဘုရားက ရဟန်းများကို "ချစ်သားရဟန်းတို့ သင်တို့ရဲ့နောင်တော်ကြီး သာရိပုတ္တရာရဲ့နောက်ကို လိုက်သွားကြဦး" လို့ မိန့်တော်မူတယ်။ ဒီတော့ ရဟန်းတွေကလဲ အကုန်လုံးပဲ အရှင်သာရိပုတ္တရာရဲ့နောက်က လိုက်

သွားကြတယ်။ ဇေတဝန်ကျောင်းမှာ မြတ်စွာဘုရား တပါးတည်းပဲ ကျန်တယ်။

ထိုအခါမှာပေါ့လေ၊ သာဝတ္ထိပြည် တပြည်လုံးပဲ တမုဟုတ်ချင်း သတင်းပျံ့သွားတယ်။

ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံခန်း

ငိုကြွေးမြည်တမ်းကြခြင်း။ ။သာရိပုတ္တရာမထေရ် သည်။ သမ္မာသမ္ဗုဒ္ဓါ၊ မြတ်စွာဘုရားကို။ အာဝုစ္ဆိတ္ဝာ၊ ပန်ကြား၍။ ပရိနိဗ္ဗာယိတုကာမော၊ ပရိနိဗ္ဗာန်စံလို သတဲ့။ အာဿ၊ ထိုအရှင်သာရိပုတ္တရာအား။ ဒဿနံ၊ ဖူးမြော်ဖို့ရန်။ ဂစ္ဆာမ၊ ငါတို့သွားကြကုန်အံ့။

အေး–အရှင်သာရိပုတ္တရာကြီး မြတ်စွာဘုရားကို ခွင့်ပန်ပြီး ပရိနိဗ္ဗာန်စံတော်မူလို-လို့တဲ့ သွားတော့မလို့တဲ့။ အေး–ငါတို့လဲပဲ နောက် ဆုံးဖူးမြော်ခြင်းအနေနဲ့ ဖူးမြော်မှပဲဆိုပြီးတော့ သာဝတ္ထိပြည်ထဲက လူတွေကလဲ တံခါးပေါက်ကိုမဆုံအောင် သူ့ထက်ငါ ကိုးဝှေ့ပြီးတော့ တခါတည်း ထွက်ပြီးတော့လိုက်တယ်၊အဲ--နောက်ကလိုက်ပြီး ဘာပြောကြသလဲ၊ ရောက်လာတဲ့လူတွေက ဘာတွေပြောကြသလဲ–

ဣဒါနိ မယံ ဂဟံ မဟာပညော နိသိန္နော၊ ကဟံ ဓမ္မသေနာပတိ နိသိန္နောတိ ပုစ္ဆန္တာ ကဿ သန္တိကံ ဂမိဿာမ။

ဘန္တေ၊ တရားစစ်မှူးဖြစ်တော်မူသော အရှင်သာရိပုတ္တရာဘုရား။ မယံ၊ တပည့်တော်တို့သည်။ ဣဒါနိ၊ ယခုအခါ၌။ မဟာပညော၊ ကြီးမြတ်သော ပညာရှိတဲ့ သာရိပုတ္တရာမထေရ်မြတ်သည်။ ကဟံ နိသိန္နော၊ ဘယ်နေရာမှာ ထိုင်နေသလဲ။ ဓမ္မသေနာပတိ၊ တရားစစ်မှူး ဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာသည်။ ကဟံ နိသိန္နော၊ ဘယ်နေရာ

မှာ ထိုင်နေသလဲ။ ဣတိ၊ ဤသို့။ ပုစ္ဆန္တော၊ ပေးကုန်လျက်။ ကဿ-သန္တိကံ၊ ဘယ်သူ့အထံသို့။ ဂမိဿာမ၊ သွားကြရမည်နည်းဘုရား။

ကဿ ဟတ္ထေ သတ္ထာရံ ဌပေတ္ဝာ ထေရော ပက္ကန္တော၊

ဘယ်သူ့လက်ထဲ ဘုရားကိုထားပြီးတော့ အရှင်ဘုရား စိတ်ချလက်ချ ဖဲကြွတာလဲ၊ ဒါက တော့-သူတို့လက်ထက်တုန်းက တကယ့်ဖြစ်တဲ့ ဖြစ်ရပ်တွေကို ပကိဏ္ဏကဒေသနာအနေနဲ့ မှတ်လာတဲ့အချက်တွေကို အဋ္ဌကထာအာမည်နဲ့ အခုသာသနာမှာ ကျမ်းတဖွဲ့ရယ်လို့ ဖြစ်နေရတယ်။ သူတို့လက်ထက်တုန်းက တကယ့်ကိုဖြစ်တဲ့ အကြောင်းအရာတွေ။ အရှင်ဘုရားတဲ့-တပည့်တော်တို့ ရှေးရှေးရက်တွေတုန်းက ဆိုလို့ရှိယင် ကျေဇင်းတိုက်ထဲသွား-အဲ-

ကဟံ မဟာပညော နိသိန္နော၊ ကဟံ ဓမ္မသေနာပတိ
နသိန္နော။

မဟာပညာပုဂ္ဂိုလ်ကြီး ဘယ်နေရာမှာ ထိုင်နေပါလိမ့်၊ အင်း-ဓမ္မ-သေနာပတိပုဂ္ဂိုလ်ကြီး ဘယ်နေရာမှာနေပါသလဲ-လို့ မေးပြီးတော့ အရှင်ဘုရားရှိရာ သွားပြီး ဆည်းကပ်ကြတယ်။ ကဲ-ဒီကနောက် တပည့်တော်တို့ အဲဒီလိုမေးပြီး တပည့်တော်တို့ ဘယ်သူ့ထံ သွားရမှာလဲ။

အရှင်ဘုရားဟာ ဘယ်သူ့လက်မှာ မြတ်စွာဘုရားကို အပ်ပြီးတော့ အရှင်ဘုရားက စိတ်ချလက်ချ ဖဲကြွတာလဲ၊ အဲဒီလို ပြောပြီးတော့ နောက်က ငိုကြွေးမြည်တမ်းပြီးတော့ အုတ်အုတ်ကျက်ကျက် လိုက်ပါတော့ ရှင်သာရိပုတ္တရာကိုယ်တော် အနေနှင့်ကတော့ ဒီလူတွေနဲ့ ခွဲခွာပြီးသွားရမယ့် ပိယေဟိ ဝိပ္ပယောဂဒုက္ခ-ဆိုတာက သူတို့မှာ ရှိတာမဟုတ်ဘူး။ ဒီပုထုဇဉ်တွေ အနေနဲ့ကသာ အဲဒီဒုက္ခတွေက ရှိတာ။

အရှင်သာရိပုတ္တရာ၏ နေဝင်ဆုံးဩဝါဒ

အရှင်သာရိပုတ္တရာကတော့ သူ့မှာ ဓမ္မသံဝေဂပါ၊ တရားသံဝေဂ ရှိတယ်။ မဟာပညာရှိတဲ့ပုဂ္ဂိုလ်ပီပီ ဘာအမိန့်ရှိလို်က်သလဲဆိုတော့ –

သဗ္ဗေသံ အနတိက္ကမနီယော သေ မင်္ဂါ။

(တခွန်းတည်း။) အာဝုသော၊ပရိသတ်လေးပါး အို – ဒကာ ဒကာမ များတို့။ သေ သေသော မင်္ဂါ၊ ဤသေခြင်းဆိုတဲ့ လမ်းခရီးသည်။ (ဝါ)လမ်းခရီးကို။ သဗ္ဗေသံ၊ ခပ်သိမ်းညီသို့ အလုံးစုံသော ကြီးကြီး ငယ်ငယ် ရွယ်ရွယ်လတ်လတ် သတ္တဝါမှန်သမျှတို့သည်။ အနတိက္ကမနီယော၊ မလွန်မြောက်နိုင်တဲ့ လမ်းခရီးကြီးပါပေ။

အေး—သေခြင်းတရားဆိုတဲ့ သေလမ်းကြီးဟာဖြင့် အားလုံးသော လူတွေ နတ်တွေ ဗြဟ္မာတွေ ကြီးသူ ငယ်သူ ရွယ်သူ မည်သူမှ မလွန် မြောက်နိုင်တဲ့ လမ်းခရီးကြီးပါတဲ့ ဣန္ဒြရဗလကြီး သံဝေဂပေးတယ်။

တုမှေပိ အာဝုသော တိဋ္ဌထ။

အာဝုသော၊ ငါ့ရှင်ဘုရား ရဟန်းများတို့။ တုမှေပိ၊ သင်တို့လဲပဲ။ တိဋ္ဌထ၊ ရပ်တည်နေရစ်ကြလော့။ ငါရှင်တို့ ရပ်တည်နေရစ်ကြ။

မာ ဒဿဓလေ ပမာဒံ အာပဇ္ဇိတ္ထ။

ဒဿဓလေ၊ အာ၊တော်ဆယ်တန် ဉာဏ်တော်ဆယ်ပါး စွမ်းပကား ဖြင့် ထူးခြားလောက်လုံ ပြည့်စုံတော်မူသော မြတ်စွာဘုရား၌။ ပမာဒံ၊ မေ့လျော့ခြင်းသို့။ မာ အာဝပဇ္ဇိတ္ထ၊ မရောက်ကြကုန်လင့်။

ငါ့အရှင်တို့ ငါ့အရှင်တို့လဲ ပြန်ကြ၊ ဘုရားကို မဒမ့်မလျော့ကြကုန်နဲ့လို့ အဲဒီလို အမိန့်ရှိပြီးတော့ အင်း·ရဟန်းတော်တွေကို အပြန်ခိုင်းတယ်။

အဲ-ကိုယ်တော့နောက်က ရဟန်းတော်တွေ ပြန်ကြပေမယ်လို့ လူတွေက ပါသေး၊ "ပုဗ္ဗေ အယျော ပစ္စာဂမနစာရိကံ စရတိ" အယျော၊ အရှင်သာရိပုတ္တရာ မထေရ်သည်။ ပုဗ္ဗေ၊ ရှေးအခါတုန်းကဆိုယင်။ ပစ္စာဂမနစာရိကံ၊ နောက်ထပ်တဖန် ပြန်လာမယ့် ဒေသစာရိကို။ စရတိ၊ လှည့်လည်ကြွသွားတော်မူ၏။

ရှေးတုန်းက ကြွတာက နောက်ထပ်တဖန် ပြန်လာမယ့် ဒေသစာရိကြွတာ။ ဣဒံ၊ ဤယခုကြွခြင်းကတော့။ ပုန ပစ္စာဂမနာယ၊ နောက်ထပ်တဖန် ပြန်လာဖို့ရန်။ နှ ဂမနံ၊ ကြွခြင်းမဟုတ်ဘူး။ နောက်ဆုံး ဒေသစာရိကြွခြင်းပဲ၊ တို့ အတတ်နိုင်ဆုံး လိုက်မယ်ဆိုပြီးတော့ လူတွေက လိုက်ကြတော့ ရှင်သာရိပုတ္တရာက ကြာတော့လူတွေလဲ ပင်ပန်းကုန်လိမ့်မယ်ဆိုပြီးတော့ -

အပ္ပမတ္တာ အာဝုသော ဟောထ၊ ဧဝံ ဘာဝိနော နာမ သခ်ိါရာ။

အာဝုသော၊ ဒကာ-ဒကာမတို့။ အပ္ပမတ္တာ၊ အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သခ်ိါရာ နာမ၊ ရုပ်နာမ် ဓမ္မ သခ်ိါရတို့ မည်သည်ကား။ ဧဝံ ဘာဝိနော၊ ဤသို့ ဖြစ်လေ့ရှိကြကုန်၏။

ပရိသတ် ဒကာဒကာမတွေကို အပြန်ခိုင်းပြီးတော့ သွားပြီ။ အရှင်-သာရိပုတ္တရာသည် မိမိရဲ့ တပည့်တပန်း ရဟန်း ပရိသတ်ငါးရာနှင့် ရောက်ရာဆောက်ရာ နေရာမှာ တည်ပဲအိပ်တယ်၊ နှစ်ညမအိပ်ဘူး။

ခရီးပန်းတယ် တို့-တစ်ညဆက်အိပ်ကြဦးစို့ မရှိဘူး၊ ဟစ်ည တစ်ည အိပ်နဲ့ပဲ ရောက်တဲ့နေရာမှာ အားလုံးသော လူတို့အား တရား ဟောကြား ချီးမြှောက်လို့ ခုနစ်ရက်မြောက်လဲ ရောက်ကရော -

မွေးရပ်မြေသို့ရောက်ခြင်း

ရာဇဂြိုဟ်ပြည် မဂဓတိုက်နယ် နာလကဆိုတဲ့ ရွာရောက် ရွာတံခါးပေါက်က ညောင်ပင်ကြီးမှာ ညနေခူးမ်း ညောင်ပင်ကြီး အောက်မှာ ရဟန်းငါးရာနဲ့ ခေတ္တခဏ အပန်းဖြေ ရပ်နေတဲ့အခါမှာ—

ရှင်သာရိပုတ္တရာရဲ့ တူတော်တဲ့ ဥပရေဝတခေါ်တဲ့ ကလေး ၁၀-နှစ် ၁၉-နှစ်လောက် ရှိတော့မပေါ့—

တနည်းအားဖြင့် ပြောယင်တော့ ရှင်သာရိပုတ္တရာရဲ့ နှမစာလာတို့ လူ့ဘဝတုန်းက ရခဲ့တဲ့ ဟုတ်လား သားကလေးပါ။ ဥပရေဝတ-လို့ ခေါ်တယ်။

အဲဒီ-ဥပရေဝတဆိုတဲ့ ရှင်သာရိပုတ္တရာရဲ့ တူကလေးက ရွာပြင် မြို့ပြင်ထွက်သာတော့ ရှင်သာရိပုတ္တရာက လှမ်းမေးလိုက်တယ်—

အတ္ထိ ဂေဟေ တေ အယျိကာ။

ဂေဟေ၊ အိမ်၌။ တေ၊ သင် ဥပရေဝတ ၏။ အယျိကာ၊ အဖွားကြီးသည်။ အတ္ထိ၊ ရှိ၏လော။

ဥပရေဝတ အိမ်မှာ မင့်အဖွားကြီးရှိရဲ့လား— ဒီလို မေးတယ်၊ အဖွား-ဘယ်လောက်အသက်ရှည်မလဲ မှန်းကြည့်—

အရှင်သာရိပုတ္တရာသည်ပင် အဲဒီအချိန်မှာ အသက်ရှစ်ဆယ်လောက် ရှိပြီ။ ဟို-မယ်တော်ဖြစ်တဲ့ ရူပသာရီ ပုဇ္ဇကူးမကြီးဟာ အနည်းဆုံး အသက်တစ်ရာတော့ရှိပြီ။ မှန်းကြည့်ပေါ့—

ရှင်သာရိပုတ္တရာဟာ သားကြီးသြရသ ဟုတ်လား၊ရှင်သာရိပုတ္တရာသည်ပင် အဲဒီအချိန်မှာ အသက်ရှစ်ဆယ်ရှိပြီ-ရှိနေတော့ မယ်တော်ကြီးဟာ အသက်တစ်ရာလောက်ရှိမယ်၊ မြေးကလေး ဥပရေဝတနဲ့

နေတာဖြစ်တော့ ရေဝတကို အရှင်သာရိပုတ္တရာက ဥပရေဝတ အိမ်မှာ မင်းအဖွားရှိရဲ့လားတဲ့၊ အတ္ထိ ဘန္တေ၊ ရှိပါတယ်အရှင်ဘုရား၊ ရှိပါတယ် အရှင်ဘုရား။

ဂစ္ဆ အမှာကံ ဣဓာဂတဘာဝံ အာရောစေဟိ။

ဂစ္ဆ၊ သွားတဲ့ချေ။ အမှာကံ၊ ငါတို့၏။ ဣဓ၊ ဤမြို့တံခါးဝသို့။ အာဂတဘာဝံ၊ ရောက်ဆိုက်နေသည်၏အဖြစ်ကို။ အာရောစေဟိ၊ ပြောကြားလေ။

အေး....ဒါဖြင့် မင်းသွား၊ သွားပြီးတော့ ငါတို့ဒီရောက်နေတဲ့ အကြောင်း ပြောလိုက်။

ကသ္မာ အာဂတောသိ။

ငါသားကြီးဘာလို့လာသလဲ။ ဣတိ၊ ဤသို့။ ဝုတ္တေ စ၊ မင်းအဖွား က မေးအပ်သော်ကား။

အဇ္ဇ ကိရ ကေဒိဝသံ အန္တောဂါမေ ဝသိဿတိ။

အဇ္ဇ၊ ယခုနေ့။ ကေဒိဝသံ၊ တနေ့။ အန္တောဂါမေ၊ ရွာထဲ၌။ ဝသိဿတိ ကိရ၊ နေမလို့တဲ့အဖွား။

အဖွား ဟုတ်လား ကနေ့ တနေ့တော့ မြို့တွင်းမှာနေမလို့တဲ့.... ဇာတောငရကံ ပဋိဇဂ္ဂဿ၊ ငါရဲ့မွေးရာဘိုက်ခန်းကို သုတ်သင်ပြင်ဆင် ၍ ထားလိုက်ကြပါ။

ပဥ္စန္နဉ္စ ကိရ ဘိက္ခုသတာနံ ဝသနဋ္ဌာနံ ဇာနာထ။

ပဥ္စန္နဉ္စ ဘိက္ခုသတာနံ၊ ရဟန်းငါးရာတို့အတွက် လည်း။ ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ ဇာနာထ၊ သိကြကုန်လော့။ ဣတိ၊ ဤသို့ပြော လိုက်ပါ။

ဥပရေဝတ မင်းအဖွားကလေ ဘာပြုလို့လာသလဲလို့ မေးယင်။

အဖွားရေ ကနေ့တနေ့တော့ မြို့ထဲနေမလို့တဲ့၊ ဖွားရာတိုက်ခန်း သုတ်သင်ပြင်ဆင်ထားလိုက်ပါတဲ့၊ ရဟန်းငါးရာအတွက် နေရာမျှားလဲပဲ သိထားလိုက်ပါတဲ့။ ရဟန်း ဝေါဟာရ၊ နေရာမျှား ခင်းကျင်းထားလိုက်ပါလို့ ဆိုလိုတယ်၊ အဲဒီတော့မှ ဥပရေဝတက....

မြို့ထဲပေါ့လေ၊ နာလကရွာထဲ နာလကနိုဂုံး နာလကရွာထဲ ဝင်ပြေးပြီးတော့။ သူ့ အဖွားထံမှောက် ရောက်တော့။

အယျိကေ မယ့် မာတုလော အာဂတောဝ။

အယျိကေ၊ အဖွား။ မယ့်၊ ကျွန်ုပ်၏။ မာတုလော၊ အမေ့မောင်ဦးကြီးသည်။ အာဂတောဝ၊ လာနေတယ်ခင်ဗျာ။

အဖွား ကျွန်တော်တို့ဦးကြီး ရောက်နေတယ်ခင်ဗျာ၊ ဒီလိုပြောတယ်။ အဖွားကြီးက မေးတယ်။

ကွဒါနိ ကုဟိ ံ....ယခုဘယ်မှာလဲ။

ဂါမဒ္ဒါရေ၊ ရွာတံခါးဝမှာ အမေ။

ကိ ံကာရဏာ အာဂတောဝ၊ ဘာအကြောင်းကြောင့်လာသတဲ့လဲ။

အဖွားကြီးကမေးတယ်၊ ဒီတော့ ဥပရေဝတက ရှင်သာရိပုတ္တရာမှာလို့ဂုဏ်တဲ့အတိုင်း အဖွား ကနေ့တနေ့တော့ ရွာထဲနေမလို့တဲ့ မွေးဖွားရာတိုက်ခန်းကို သုတ်သင်ပြင်ဆင်၍ ထားလိုက်ပါတဲ့၊ ရဟန်းငါးရာအတွက် နေရာမျှား သိထားလိုက်ပါတဲ့ အဖွား ဆိုတော့။

ကိ ံနုခေါ ဘွတ်ကာနံ ဝသနဋ္ဌာနံ ပဋိဇဂ္ဂါပေသိ။

မမ ပုတ္တော၊ ငါ့ရဲ့သားကြီးသည်။ **ကိ ံ**နုခေါ၊ ဘာကြောင့်မျှား။ **ဘွတ်ကာ**နံ၊ ဤမျှသော **ရ**ဟန်းငါးရာတို့အတွက်။ ဝသနဋ္ဌာနံ၊ နေရာကို။ ပဋိဇဂ္ဂါပေတိ၊သုတ်သင်စေပါလိမ့်။ဘာကြောင့်မျှား့ငါ့သား ဒါလောက် မျှားတဲ့ ရဟန်းငါးရာရဲ့အတွက် နေရာအခင်းကျင်းခိုင်းတာပါလိမ့်။

ဒဟရကာလေ၊ အသက်အရွယ် ငယ်စဉ်အခါ၌။ ပဗ္ဗဇိတ္ဝာ၊ ရှင်ရဟန်းပြုပြီးတော့၊ ဤဒါနိ မဟလ္လကကာလေ၊ ဤယခု အသက် **အ**ရွယ်ကြီးသောအခါကာလ၌။ ဂိဟီ ဟောတုကာမော၊ လူဖြစ်ချင်လို့ ထင်ပါ့-လို့။

ငါ့သားကြီးက အသက်အရွယ်ငယ်စဉ် ရဟန်းပြုပြီးတော့ အသက်ကြီးတဲ့အခါကျတော့ လူ့ဘဝပြောင်းချင်လို့ ထင်ပါရဲ့ဆိုပြီးတော့ သူ့မျှော်လင့်ချက်နဲ့သူ တပည့်တွေ တပန်းတွေနဲ့ အဲ-မွေးရာတိုက်ခန်း သုတ်သင်လို့ နေရာမျှားခင်း၊ ရဟန်းတော်ငါးရာအတွက် နေရာမျှားခင်းပြီးတဲ့အခါကျတော့မှ ဥပရေဝတလ္ထတ်ပြီးတော့ မင်းဦးကြီးသွား ပင့်ချေ ဆိုတော့ ရှင်သာရိပုတ္တရာလိုက်လာတယ်၊ ရဟန်းငါးရာနဲ့ ရောက်တယ်ဆိုယင်ပဲ သူ့တပည့် ရဟန်းငါးရာကို။

တုမှာကံ၊ **သ**ငှ်တို့၏။ ဝသနဋ္ဌာနံ၊ နေရာဌာနသို့။ဂစ္ဆထ၊ သွားကြကုန်။

ငါ့ရှင်တို့-ခရီးပန်းလာပြီ။ မိမိတို့နေရာဌာနသို့ ကိုယ်စီကိုယ်ဌ အသီးသီးသွားကြ။

သွေးအန်ရောဂါ ဖြစ်ပေါ်လာ

ကိုယ်တော့် အနာတော့ အပြုအစုအနေနဲ့ ဘယ်သူရှိသတုံး ဆိုတော့ သူ့ညီ ရှင်စုန္ဒရှိတယ်။ အဲဒီ ရှင်စုန္ဒကို စာထဲမှာတော့

စုန္ဒေါ သမဏုဒ္ဒေသော ကိုရင်ကလေး ကတည်းကိုက သာသနာမှာ ဝင်လာခဲ့ဘာ ဖြစ်တော့ အဲ-သမဏုဒ္ဒေသဆိုတာ သာမဏေကို ခေါ်တာ။ အဲဒီကိုယ်တော် ရဟန်းဖြစ်လဲပဲ သာသနာတော်ကတော့ စုန္ဒသမဏုဒ္ဒေသ စုန္ဒသာမဏေပဲ သုံးတယ်။

ရဟန္တာဖြစ်ခဲတော့လဲ စုန္ဒသာမဏေပဲ သုံးတယ်။ အဲ-ဒါတခုလဲပဲ မှတ်ထားပေါ့။ အဲဒီတော့ ရှင်သာရိပုတ္တရာက မိမိ တပည့်တပန်း ရဟန်းငါးရာကို 'မိမိတို့နေရာ သွားနေကြ' လို့ လွှတ်လဲလွှတ်ပေးလိုက်ရော မိမိရဲ့ မေွးရာတိုက်ခန်း အိပ်ရာထဲမှာ လှဲလဲလှဲလိုက်ရော အာယုသင်္ခါရ လျှော့ချလိုက်တယ်။

လျှော့ဆိုတာ အာယုပါလက ဖလသမာပတ်ကို မဝင်စားတော့ဘူး။ အဲဒီမှာ တခါတည်း အသက်ကိုချမယ့် သွေးလှို့ သွေးသွန်တဲ့ရောဂါ တခါတည်းဝင်လာတာယ်။ ဇထွေးခံတလုံးဝင် ဇထွေးခံတလုံးထွက်၊ တလုံးဝင် တလုံးထွက်၊ တလုံးဝင် တလုံးထွက်၊ အဖွားကြီး ရူပသာရီက မလှမ်းမကမ်း သူ့ဒနရာက လှမ်းကြည့်တော့—

မမ ပုတ္တာသ ပဝတ္တိ မယ္ဟ နာ ရုစ္စတိ။

အဲ-ငါထင်တာက ငါ့သားကြီး အသက်အရွယ် ကြီးတော့ လူ့ဘောင် ပျော်ပျော်ပါးပါး လျှောကျဖို့ လာတယ်ထင်တယ်၊ ငါ့သားရဲ့ ဖြစ်ပုံ ကြည့်ရတာဖြင့် ငါ့စိတ်ထဲ သဘောမကျလိုက်လေ။

အဲဒီလို အောက်မေ့ပြီးတော့ ဟို - သူ့ရဲ့အိပ်ခန်းကလေး တံခါးဝက နေပြီးတော့ ရှင်သာရိပုတ္တရာရဲ့ ဖွားရာဘုံက်ခန်းမယ် ကိုယ်တော်တွေ ရှင်စုန္ဒတို့ အပြုအစုကိုယ်ခတော်တွေ အလုပ်များနေတာ လှမ်းကြည့်ပြီး နှလုံးမသာမယာနဲ့ ဖြစ်နေတယ်။

သူနာပြုရန် နတ်မင်းကြီးများ ရောက်လာခြင်း

အချိန်က ဆိုကြပါစို့ ရဲ့၊ ဟို–ပထမယာမ် ရောက်လောက်ပြီ။ အဲဒီ အချိန် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးက–

ဓမ္မသေနာပတိ ကုဟိ ဝိဟာရတိ။

ဓမ္မသေနာပတိ၊ တရားစစ်မှူး ဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာသည်။ **ကုဟိ၊** အဘယ်အရပ်၌။ **ဝိဟာရတိ၊** နေတော်မူပါလိမ့်။

ဩဿာ–အရှင်သာရိပုတ္တရာ **ဓမ္မသေနာပတိ** မင်းရဲ့မြတ်ကြီး အခု ဘယ်မှာ နေမှာပါလိမ့်လို့ ကြည့်တော့ သူတို့မြင်ပြီ။

မဂဓေသု နာလကဂါမေ ဇာတော၀ရကော ပရိနိဗ္ဗာန-
မဉ္စေ နိပန္နော။

မဂဓေသု၊ မဂဓတိုင်းတို့၌။ **နာလကဂါမေ၊** နာလကရွာ၌။ **ဇာဒတော၀ရကော၊** ကိုယ်တော်မြတ်ရဲ့ ဖွားရာတိုက်ခန်း၌။ **ပရိနိဗ္ဗာန-မဉ္စေ၊** ပရိနိဗ္ဗာန်စံရာ ညောင်စောင်း၌။ **နိပန္နော၊** လျောင်း၍ နေတော်မူပြီ။

"ပစ္ဆိမဒဿနံ ဂမိဿာမ" နောက်ဆုံး အဖူးအမြင် ငါတို့သွားကြစို့-လို့ ဆိုပြီး စတုမဟာရာဇ် နတ်မင်းကြီးလေးပါး ညဦးယာမ် လာကြတယ် ဆိုယင်ပဲ ရှင်သာရိပုတ္တရာက–

"ကေ တုမှေ" သင်တို့ ဘယ်သူတွေလဲ။ "မဟာရာဇာနော ဘန္တေ" တပည့်တော်တို့ မဟာရာဇ်နတ်မင်းကြီး လေးပါးပါဘုရား။ "ကသ္မာ အာဂတတ္ထ" အဘယ်အကျိုးငှာ လာရောက်ကြသလဲ-လို့ အရှင်သာရိပုတ္တရာက မေးတဲ့အခါ "ဂိလာနုပဋ္ဌာကာ ဒေ၀ိဿာမာ" တိ။ **မယံ၊** တပည့်တော်တို့သည်။ **ဂိလာနုပဋ္ဌာကာ၊** သူနာပြုတို့သည်။

ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့ နှလုံးပိုက်၍။ အာဂစ္ဆာမ၊ လာကြပါတယ်ဘုရား။ တပည့်တော်တို့ သူနာပြု ဖြစ်မယ်ဆိုပြီးတော့ အေး–သူနာပြုရန် လာကြပါတယ်ဘုရား·လျှောက်တော့ ရှင်သာရိ·ပုတ္တရာက–

ဟောတု' အတ္ထိ ဂိလာနုပဋ္ဌာကော၊ ဂစ္ဆထ တုမ္ဟေ။

ဟောတု၊ ရှိပါစေ။ ဂိလာနုပဋ္ဌာကော၊ သူနာပြုသည်၊ အတ္ထိ၊ ရှိ၏။ (သူ့ ညီ စုန္ဒတယောက်လုံး တပါးလုံး ရှိတယ်) တုမ္ဟေ၊ သင်တို့သည်။ ဂစ္ဆထ၊ သွားကြကုန်လော့။ အဲဒီလိုဆိုပြီး ပြန်လွှတ်လိုက်တယ်။

သူနာပြုရန် သိကြားမင်း ဗြဟ္မာမင်းမျှားလာရောက်ခြင်း

စတုမဟာရာဇ်နတ်ကြီးတွေ ပြန်သွားရော။ အဲ–စတုမဟာရာဇ်နတ်ကြီးတွေ ပြန်သွားတော့မှ သိကြားမင်းက လာပြန်တယ်။ ထို့အတူပဲ ရှင်သာရိပုတ္တရာက မေးတယ်။ သင်ဘယ်သူလဲ။ တပည့်တော် နတ်တို့သေဉ်နင်း သိကြားမင်းပါ။

ဘာလို့ လာသလဲ။ သူနာပြု ဖြစ်မလို့ပါ။ ဩဿ်....ရှိပါစေ။ သူနာပြု ရှိနေပါတယ်။ သိကြားမင်း ပြန်-ပြန် ဆိုပြီးတော့ သိကြားမင်းကို လွှတ်လိုက်ပြန်တယ်။

သိကြားမင်း ပြန်သွားပြန်ရော သန်းခေါင်ကျော် ကျတော့ မဟာဗြဟ္မာကြီး လာပြန်တယ်။ ထို့အတူပဲ အရှင်သာရိပုတ္တရာက မေးတယ် "ကော တုံ" တဲ့၊ သင်ဘယ်သူလဲ။ "မဟာ ဗြဟ္မာ ဘန္တေ= တပည့်တော် မဟာဗြဟ္မာကြီးပါဘုရား။ "ကိမတ္ထံ အာဂတော၊ ဘာ အကျိုးငှါလာသလဲ။ ဂိလာနုပဋ္ဌာကော ဘဝိဿာမိ တိ=သူနာပြု ဖြစ်မလို့ တပည့်တော်လာပါတယ်ဘုရား။ "ဟောတု, အတ္ထိ ဂိလာနု·

ပဌဝကော=ရှိပါစေ သူနာပြု ငါ့မှာရှိပါ၏။ တံု၊ သင်သည်၊ ဂစ္ဆ၊သွား လော့။ မဟာဖြဟ္မာကြီးကို လွှတ်လိုက်တယ်။ မဟာဖြဟ္မာကြီးကို လွှတ်လိုက်တော့မှ ရှုပသာရီ ပုဏ္ဏားမကြီးက အိမ်က တအိမ်ထဲဆိုတော့ ပေါ့လေ မြင်နေရတယ်။ရှင်သာရိပုတ္တရာကြီးဆီကို ပထမ လေးယောက် ဝင်လာတယ်။ အဲဒီ လေးယောက်ပြီး ပြန်တော့ နောက်တယောက် ဝင်လာတယ်။ ဒီတယောက် ထွက်သွားပြန်တော့ နောက်တဦးက ဝင်လာပြန်တယ်။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ဝင်လာတာ မြင်တော့ ရှုပသာရီ ပုဏ္ဏားမကြီးက....

ကေ နု ခေါ် တေ မမ ပုတ္တံ ဝန္ဒိတ္ဝာ ဂစ္ဆန္တီ။

မမ ပုတ္တံ၊ ငါ့သားကို။ ဝန္ဒိတ္ဝာ၊ ရှိခိုး ရှိခိုးပြီးတော့။ ဂစ္ဆန္တီ၊ သွား ကြတဲ့။ တေ၊ ထိုသူတို့သည်ကား။ ကေ နု ခေါ်... ဘယ်သူတွေပါလိမ့်။

ငါသွားပြီးတော့ မေးဦးမှပဲ ဆိုပြီးတော့ သူတို့တိုက်ခန်းတံခါးဝက နေပြီးတော့ အရှင်သာရိပုတ္တရာရဲ့ မွေးဖွားရာ တိုက်ခန်းတံခါးဝလာပြီး တော့–

တာတ စုန္ဒ ကာ ပဝတ္တိ။

တာတ စုန္ဒ၊ ချစ်သားစုန္ဒ။ ပဝတ္တိ၊ ဖြစ်ပုံသည်။ ကာ၊ အာသို့နည်း။ ကာ ပဝတ္တိ၊ ဘယ်လိုဖြစ်ကြတာလဲ။

ချစ်သားစုန္ဒ ဘယ်လိုဖြစ်ကြတာလဲ။ ထွေးခံတွေ့ တလုံးဝင်တလုံး ထွက်, တလုံးဝင်ကလုံးထွက် ဘာဖြစ်ကြတာလဲလို့ ဆိုတော့ကမှ အရှင်စုန္ဒက "ဒကာမကြီး ဒကာမကြီးရဲ့ သား နေမကောင်း လို့" အကြောင်းအကျိုး မယ်တော်ကြီးအား ပြောပြီးတဲ့အခါ ကျတော့မှ အရှင်သာရိပုတ္တရာကို–

မဟာဥပါသိကာ ဘဇ္ဈေ အာဂတာ။

ဘဇ္ဈေ၊ အရှင်ဘုရား။ မဟာဥပါသိကာ၊ ဒါယိကာမ ကြီးသည်။ အာဂတာ၊ လာနေပါသည်ဘုရား။

ဒီတော့....အရှင်သာရိပုတ္တရာက ဒါယိကာမကြီးကို လှမ်းပြီးတော့ "ကသ္မာ အဓေလာယ အာဂတာ" မဟာဥပသိကေ၊ ဒါယိကာမကြီး။ ကသ္မာ၊ အဘယ့်ကြောင့်။ အဓေလာယ၊ အချိန်မဟုတ်သည်၌။ အာဂတာ၊ လာသနည်း။

ဒါယိကာမကြီး အချိန်နည်းလှပါပဓကော၊ ဘာကြောင့်လာရသလဲ။

တုယ္ဟံ တာတ ဒဿနတ္ထာယ။

တာတ၊ ချစ်သား။ တုယ္ဟံ၊ သင့်ချစ်သားကို။ ဒဿနတ္ထာယ၊ ကြည့်ရှုခြင်းငှါ။ အာဂတာ၊ လာခဲ့ပါတယ်။ ချစ်သား ချစ်သား ဘယ်လို နေသလဲ ကြည့်ချင်လို့ လာတာပေါ့။

ကာတ ပဌမံ ကေ အာဂတာ။

တာတ၊ ချစ်သား။ ပဌမံ၊ ဧကဒိုးစွာ၊ ညဦးပိုင်းတုန်းက။ အာဂတာ၊ လာကြတဲ့ ပုဂ္ဂိုလ်ကြီးလေးယောက်တို့သည်။ ကေ၊ အဘယ်သူတွေလဲ။

ငါ့သား ညဦးပိုင်းတုန်းက ကိုယ်ရောင်ကိုယ်ဝါတွေ ထွန်းလင်းစွာနှင့် ငါ့သားထံလာပြီး ရှိသေမြတ်နိုး ရှိခိုး၍ ပြန်သွားကြတဲ့ ပုဂ္ဂိုလ်ကြီးလေးဦးတွေက ဘယ်သူတွေလဲ။

ဒီတော့ အရှင်သာရိပုတ္တရာက ပြန်ပြောတယ်။

စတ္တာရော မဟာရာဇာနော ဥပါသိကေ=စတုမဟာရာဇ်နတ်မင်းကြီးတွေပေါ့ ဒကာမကြီး။

တာဝတ တံ့ စတူဟိ မဟာရာဇေဟိ မဟန္တတရော။

တာဝတာ၊ ချစ်သား။ တံ့၊ သင်ချစ်သားက။ စတူဟိ မဟာရာဇေဟိ၊ စတုမဟာရာဇ်နတ်မင်းကြီး လေးပါးတို့ထက်။ မဟန္တတရော၊ သာလွန်မြင့်မြတ်သလား။ ချစ်သား....ချစ်သားက စတုမဟာရာဇ်နတ်မင်းကြီးတွေထက် မြင့်မြတ်သလား။

ဒီတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က ဘာပြန်ပြောလဲ။

အရံစောင့်နှင့်ဘူသော နတ်မင်းကြီးမျှား
အာရာမိကသဒိသာ ဇေတေ ဥပါသိဂေ။

ဥပါသိကော၊ ဒါယိကာမကြီး။ ဇေတော၊ ဤစတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့သည်။ အာရာမိကသဒိသာ၊ ငါတို့၏ အာရာမ်စောင့်တို့နှင့် တူကြကုန်၏။

ဒကာမကြီး....စတုမဟာရာဇ် နတ်မင်းကြီးလေးဦးဆိုတာ ငါတို့ရဲ့ အဖို့ဆိုယင် အာရာမ်စောင့်ကြီးတွေ လေးဦးနဲ့ တူပါတယ်-တဲ့။ အမှာကံ သတ္ထု၊ ငါတို့ဆရာမြတ်စွာဘုရား၏။ပဋိသန္ဓိဂ္ဂဟနတော ပဋ္ဌာယ၊ ပဋိသန္ဓေတည်နေတဲ့ အချိန်ကစ၍။ ခဂ္ဂဟတ္ထာ ဟုတ္ဝာ၊ သန်လျက်ကိုယ်စီ လက်စဲ့ချီကြကုန်လျက်။ အာရက္ခံ၊ အစောင့်အရှောက်ကို။ အကံသု၊ ပြုခဲ့ကြကုန်ပြီ။

တို့ဘုရား ပဋိသန္ဓေနေတဲ့ အချိန်က စပြီးတော့ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးဟာ ကိုယ်စီကိုယ်ငံ သံလျက်လက်စဲ့ပြီးတော့ အာရာမ်စောင့်ခဲ့တာ။ ဒီတော့ သူတို့ဟာက တို့သာသနာက ကြည့်လျင်တော့ အရံစောင့်ကြီး လေးဦးနဲ့တူတယ်။

တေသံ တာတ ဂတာဝသာနေ ကော အာဂတောဟု။

တာတ၊ ချစ်သား။ တေသံ၊ ထိုစတုမဟာရာဇ် နတ်မင်းကြီး လေးဦးတို့။ ဂတာဝသာနေ၊ သွားပြီးသည်၏အဆုံး၌။ အာဂတောဝ၊ ဒုတိယလာရောက်သောသူကား။ ကော၊ အဘယ်သူလဲ။

စတုမဟာဇာ နတ်မင်းကြီးလေးဦး သွားပြီးတဲ့နောက် ချစ်သား ထံ လာရောက်တဲ့ ပုဂ္ဂိုလ်က ဘယ်သူတုံးလို့ဆိုတော့ – သင်္ကာဒေဝါန-မိန္ဒော ဥပါသိကေ၊ ဒကာမကြီး အဲဒါဟာ နတ်တို့သေဋ္ဌနင်း သိကြားမင်း ဆိုတာ သူပဲ။

ဒေဝရာဇတောပိ တုံ တာတ မဟန္တတရော။

တာတ၊ ချစ်သား။ တုံ၊ သင်ချစ်သားက။ ဒေဝရာဇတောပိ၊ နတ် တို့သေဋ္ဌနင်း သိကြားမင်းထက်လဲပဲ။ မဟန္တတရော၊ အထူးအားဖြင့် မြင့်မြတ်သလား။ ချစ်သား....ချစ်သားက သိကြားမင်းထက် မြတ်သ လား။အဲဒီလိုမေးတော့ အရှင်သာရိပုတ္တရာက ဘာပြန်ပြောလဲဆိုတော့-

သာမဏေဉယ်ကလေးနှင့်တူသော သိကြားမင်း

ဘဏ္ဍဂါဟကသာမဏေရသဒိသော ဇသ ဥပါသိကေ။

ဥပါသိကေ၊ ဒါယိကာမကြီး။ ဇသ ဇေသော၊ ဤသိကြားမင်းဆိုတာ။ အမှာကံ၊ ငါတို့အဖို့။ ဘဏ္ဍဂါဟကသာမဏေရသဒိသော၊ သပိတ် ပရိက္ခရာ ဘဏ္ဍာကိုကိုင်၍ လိုက်သော သာမဏေဉယ်ကလေးနှင့် တူ၏။ သိကြားဆိုတာ....ငါတို့ဘက်က ကြည့်ယင် သပိတ်ပရိက္ခရာ အသုံး အဆောင်ကို ကိုင်ပြီးတော့ နောက်ကလိုက်တဲ့ ကိုရင်ငယ်ကလေးလိုပါ။

အမှာကံ သတ္ထု၊ ငါတို့ဆရာ မြတ်စွာဘုရား၏။ တာဝတိံသတောဝ၊ တာဝတိံသာ နတ်ပြည်မှ။ ဩတရဏကာလေ၊ သင်္ကန်းစဉ်အခါ

ကာလတုန်းက။ ပတ္တစိဝရံ၊ ဘုရားရဲ့သပိတ်သင်္ကန်းကို။ ဂဟေတ္ဝာ၊ ယူဆောင်၍။ သြတိဏ္ဏော၊ စာဝတ္ထိ သာနတ်ပြည်မှ၊ ဘုရားနောက်မှ ထက်ချပ်မကွာ သက်ဆင်းလိုက်ပါခဲ့ပြီ။

သိကြားမင်းဟာ အဲဒီတုန်းကကြည့်ပါ။ ဘုရားရဲ့သပိတ်သင်္ကန်းကို ကိုင်ပြီးတော့ နောက်ကလိုက်ခဲ့တော့ ငါတို့ရဲ့ ဘဏ္ဍာကို ကိုင်တဲ့ သာမဏေငယ်လေးဖေါက်ပဲ ရှိတယ်။

တဿ တာတ ဂတာဝသာနေ ဇောတယမာနော ဝိယ

ကော အာဂတော။

တာတ၊ ချစ်သား။ တဿ၊ ထိုသိကြားမင်း၏။ ဂတာဝသာနေ၊ သွားပြီးသည်၏ အဆုံး၌။ ဇောတယမာနော ဝိယ၊ တတိုက်လုံး တမြို့လုံး အလျှံတပြောင်ပြောင် တောက်လောင်စေသကဲ့သို့။ အာဂတော၊ လာရောက်တဲ့ ပဋိဂ္ဂါလိကတော့။ ကော၊ ဘယ်သူလဲ။

သိကြားမင်းသွားပြီးတဲ့နောက် တို့နာလကရွာတရွာလုံး လောင်စလိမ့် အရောင်တွေထွန်းပြီးတော့ နောက်ဆုံးလာတဲ့ ပဋိဂ္ဂါလိကတော့ ဘယ်သူတုန်း။

အဲဒါကြတော့ အရှင်သာရိတ္တရာက ကိုင်ပြီး ဘာပြောလိုက်သလဲ ဆိုတော့-

ဥပါသိကော၊ ဒါယိကာမကြီး။ တုယ္ဟံ၊ သင်ဒါယိကာမကြီး၏။ ဘဂဝါ စ၊ ဘုန်းရှိတဲ့ဘုရားလည်းဖြစ်တယ်။ သတ္ထာ စ ၊ ဆရာဆိုတဲ့ ဘုရားလဲဖြစ်တယ်။ (ဒကာမကြီး ငါ့ရဲ့ ဘုရား၊ ဒကာမကြီးတို့ရဲ့ဆရာ၊) ဧသော၊ ဤနောက်ခဏလာတဲ့ပဋိဂ္ဂါလိကသည်။ မဟာဇုတ္ထော နာမ၊ မဟာဇုတ္ထောကြီးပေါ့။

မယ်တော်ကြီး တအုံတသြဖြစ်ခြင်း

ဒကာမကြီး....အဲဒီ နောက်ဆုံးလာတဲ့ပုဂ္ဂိုလ်က ဒကာမကြီးတို့ရဲ့ဘဂဝါ၊ ဒကာမကြီးတို့ရဲ့သတ္ထာ၊ ဒကာမကြီးတို့ရဲ့ ဘုရား၊ ဒကာမကြီးတို့ရဲ့ဆရာ၊ မဟာဗြဟ္မာကြီးဆိုတာ သူပေါ့၊

ဒီတော့ မယ်တော်ကြီးက-

မယ့် ဘဂဝတော မဟာဗြဟ္မတောပိ တုံ တာတ မဟန္တ-တရော။

တာတ၊ ချစ်သား။ တုံ၊ သင်ချစ်သားသည်။ မယ့်၊ ငါ၏။ဘဂဝ-ပေါ၊ ဘုရားဖြစ်သော။ မဟာဗြဟ္မတောပိ၊ မဟာဗြဟ္မာကြီးထက်လည်း။ (တုံ၊ သင်ချစ်သားက)၊ မဟန္တဝရော၊ အထူးအားဖြင့်ကြီးမြတ်သလား။

ချစ်သား-ချစ်သားက ဒကာမကြီးတို့ရဲ့ဘုရား၊ မဟာဗြဟ္မာကြီးထက်လည်း မြတ်သလား။ အဲဒီလိုဆိုပေါ့ အရှင်သာရိပုတ္တရာက "အာဒမ ဥပါသိကေ"။ ဥပါသိကေ၊ ဒါယိကာမကြီး။ အာဒမ၊ အေး မြတ်၏။

ဧတေ နာမ၊ ဤဗြဟ္မာကြီးတို့မည်သည်။ အမှာကံ သတ္ထု၊ ငါတို့၏ ဆရာမြတ်စွာဘုရား၏။ ဇာတဒိဝေသေ၊ လုမ္ဗိနီအင်ကြင်းတောဝယ် ဖွားမြောက်သောနေ့တုန်းက။ စတ္တာရော မဟာဗြဟ္မာဧကာ၊သုဒ္ဓါဝါသ မဟာဗြဟ္မာကြီးလေး၊ယောက်တို့သည်ပင်။ မဟာပုရိသံ၊ အလောင်းတော်မြတ်ကို။ သုဝဏ္ဏဇာလေန၊ ရွှေဇာဖြင့်။ ပဋိဂ္ဂဏှိံသု၊ ခံယူခဲ့ကြကုန်ပြီ။

အေး-မြတ်တာပေါ့ ဒကာမကြီး၊ ငါတို့ဆရာမြတ်စွာဘုရား လုမ္ဗိနီအင်ကြင်းတော ဖွားမြောက်သန့်စင်တော်မူတဲ့နေ့မှာ အဲဒီဗြဟ္မာကြီး

တော့ပေါ့။ မဟာဗြဟ္မာကြီးလေးယောက် ဇရ ဇာ ကွန် ယက် နှင့် အလောင်းတော်ကို ခံယူကြတယ်လေ။

ဒီတော့မှ မယ်တော်ဖြစ်တဲ့ ရူပသာရီပုဏ္ဏားမကြီးရဲ့ စိတ်ထဲမယ်–။

ပုတ္တာသ တာဝ မေ အယံ အာနုဘာဝေါ။

တာဝ၊ ရှေးဦးစွာ။ မေ၊ ငါ၏။ ပုတ္တာသ၊ သားဖြစ်သော ဥပတိဿ၏။ အာနုဘာဝေါ၊ အာနုဘော်တောင်မှ။ အယံ၊ ဤသို့သော်ငြား သေး၏။

ဩသြော်–ငါ့သား ဥပတိဿရဲ့ တန်ခိုးတေဇော် အာနုဘော်တောင်မှ ဤသို့ ကြီးမြတ်သော သဘောရှိသေး၏။

ကိဒိသော ဝတ မယံ ပုတ္တာသ ဘဂဝတော သာဟု အာနုဘာဝေါ ဘဝိဿတိ။

မယံ၊ ငါ၏။ ပုတ္တာသ၊ သားဖြစ်သော ဥပတိဿ၏။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံသော။ သတ္ထု၊ ဆရာဘုရား၏။ အာနုဘာဝေါ၊ တန်ခိုးတေဇော် အာနုဘော်က။ ကိဒိသော၊ ဘယ်လို သဘောရှိသည်။ ဘဝိဿတိ ဝတ၊ ဖြစ်လိမ့်မည်နည်း။

ငါ့သားရဲ့ တန်ခိုးတော်ဧတာဝ် အာနုဘော်ဧတာဝ် ဒီလောက် ကြီးနေသေးတယ်ဆိုယင် ငါ့သားရဲ့ဆရာ မြတ်စွာဘုရားရဲ့ တန်ခိုးရှိန် စော် အာနုဘော်မျှားဆိုယင်တော့ အံ့မခန်း မန္ဒိုင်းရဲလောက်အောင် ပါပဲလား။

အဂ္ဂသာဝကနှစ်ပါး၏ အဆုံးအမပေးပုံ ထူးခြားချက်

အဲဒီမှာ အရှင်မဟာမောဂ္ဂလ္လာန်ကျဧတော့ သတ္တဝါတယောက်ကို အနုသာသနီပါဋိဟာရိယ အဆုံးအမ သြဝါဒပေးမယ်ကြံယင် မပေး

ခင်ဗျာ ကွန်မိပါဋိဟာရိယ၊ တန်ခိုးပြာဋိဟာနှင့် ပထမအကြိမ်းဖျင်း ဆုံးမလိုက်သေးတယ်။ ပြီးတော့မှ အနုသာသနီ ပါဋိဟာရိယ အဆုံးအမ သွဝါဒပေးတယ် ဤတရားကိုပယ်ရှား၊ ဤတရားကိုကျင့် ဆိုတဲ့ သွဝါဒလာတယ်။

အရှင်သာရိပုတ္တရာကျတော့ အာဒေသနာ ပါဋိဟာရိယ၊ အာဒေသနာဆုံဟာ သူ့စိတ်ဖြစ်ပေါ်တာကို ညွှန်ပြခြင်း စဉ်းစားခြင်းလျှင် ရှေသွားရှိသော အနုသာသနီ ပါဋိဟာရိယတဲ့ အဆုံးအမ သွဝါဒတရား။ ဒီတော့ အရှင်သာရိပုတ္တရာ တရားဟောမယ်ကြံယင် သူ့ရဲ့တရားနာမယ့် ပရိသတ်ရဲ့စိတ်ကို လှမ်းပြီးတော့ကြည့်သေးတယ်၊ ကြည့်ပြီးမှ အာဒေသနာ ရှေသွားရှိပြီးမှ ဟို–တကဲ့တရားသား အဆုံးအမသွဝါဒတွေကို ဟောဒါ။ အခု ထိုနည်းဖြင့် မယ်တော်ရဲ့ စိတ်နှလုံးဖြစ်ပုံကို ပရစိတ္တဝိဇာနနအဘိညာဉ်၊ စေတောပရိယအဘိညာဉ်နဲ့ လှမ်းကြည့်လိုက်သေးတယ်၊ မြင်ပြီး –

မယ်တော်၏ ပီတိသောမနဿ

ဥပ္ပန္နေ မေ မာတု ပီတိ သောမနဿံ။

မေ၊ ငါ၏။ မာတု၊ မွေးသမိခင်ကြီးရှင်ရဲ့ သန္တာန်၌။ ပီတိသောမနဿံ၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းဆိုတဲ့ ပီတိငါးပါး သောမနဿ ဝေဒနာတရားသည်။ ဥပ္ပန္နံ၊ တရိပ်ရိပ် တဖွားဖွား ဖြစ်ပွားလျှက်နေလေပြီ။

သြော်....ငါ့ရဲ့ မယ်တော်သန္တာန်မှာ ပီတိသောမနဿတော့ မရပ်မနား ဖြစ်ပွားလျှက် နေတယ်၊ "ကာလော ဒါနိ မမွေဒေသနာယ" – ဒါနိ၊ ကွဒါနိ၊ ဤယခုအခါ၌။ မမွေဒေသနာယ၊ တရားဟောဖို့ရန်။ ကာလော၊ အခါတန်ပြီ။

အဲဒီတော့ ငါ တရားဟောရအောင် ဒကာမကြီးကို စ-ဉ်းမှပဲ –

ကိ ံ စိန္ဓေသိ မဟာဥပါသိကေ။

မဟာဥပါသိကေ၊ ဒါယိကာမကြီး။ ကိ ံ၊ အဘယ်ကို။ စိန္ဓသိ၊ ကြံစိ၍ နေပါသနည်း။

ဒါယိကာမကြီး ဘာဇာတ်များ စဉ်းစားနေတုန်းလို့ ဆိုတော့.... မယ်တော်ကြီးက–

ပုတ္တာသ တာဝ ဓမ္မ အယံ ဂုဏော၊ သတ္တု၊ ပနာသ ကံဒိသော ဘဝိဿတီတိ။

တာဝ၊ ရှေးဦးစွာ။ ဓမ္မ၊ ဘိ၏။ ပုတ္တာသ၊ သား၏။ အယံ ဂုဏော၊ ဤဂုဏ်ကျေးဇူးသည်။ ဟောတိ၊ ဖြစ်တုံသေး၏။ အာသ၊ ထို၎င်းသား ကြီး၏။ သတ္တု၊ ဆရာဘုရား၏။ ဂုဏော ပန၊ ဂုဏ်ကျေးဇူးကတော့။ ကိဒိသော၊ ဘယ်သို့သော သဘောရှိသည်။ ဘဝိဿတိ၊ ဖြစ်လိမ့်မည် နည်း။ ဣတိ-ဣဒံ တာဒတ စိန္ဓေမိ=ဤအချက်ကို အမေ စဉ်းစားနေ ပါတယ် ချစ်သား....တဲ့။

ချစ်သား မယ်တော်ဟာလေ ငြော်....ငါ့သားရဲ့ ဂုဏ်ကျေးဇူး တောင် ဒီလောက် ဖြစ်နေရင် ငါ့သားရဲ့ဆရာ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးဟာဖြင့် ဘယ်လိုများနေသလဲလို့ ဘုရားရဲ့ ဂုဏ်ကျေးဇူး ဟွေ့ကို အမေ စဉ်းစားနေတာယ်။

တရား စ-တော့မယ်၊ သူတို့ကို ဟောပုံ စ-တော့မယ်၊ အဲဒီလို မယ်တော်က ဆိုတော့ကမှ အရှင်သာရိပုတ္တရာက–

မယ်တော်အား တရားဟောခြင်း

မဟာဥပါသိကေ၊ ဒါယိကာမကြီး။ မယ့်၊ ငါတို့၏။ သတ္တု၊ ဆရာ မြတ်စွာဘုရား၏။ ဇာတက္ခဏေ စ၊ လုမ္ပိနီအင်ကြင်းတော၀ယ် မွေးဖွား

တော်မူသော အခါ၌လည်းကောင်း။ မဟာဘိနိက္ခမနေ စ၊ မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူသော အခါ၌လည်းကောင်း။ သမ္မောဓိယဉ္စ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ဆိုက် ဘုရားဖြစ်တော်မူသော အခါ၌လည်းကောင်း။ မမ္မဧကပဝတ္တနေ စ၊ ဓမ္မစက္ကပဝတ္တနေ စ၊ ဓမ္မစက္ကာဒေသနာမြတ်ထူး တရားဦးကို ရင့်ကြူးဟောဖော် မိန့်မြွက်တော် မူသော အခါ၌လည်းကောင်း။ (ဒကာမကြီးဉာဏ်နဲ့ ငုံမိယုံပဲ လေးဌာနကို ကုံင်ပြောတယ်)

(၁) ဒကာမကြီး တို့ဆရာဦတ်စဉ်ဘုရား သုံးဆယ့်နှစ်ပါးသော အတိတ်ကြီးတွေကို ထင်ရှားဖြစ်ပေါ်စေလျက် ဖွားမြောက် သန့်စင်တော်မူတဲ့ အခါ–

(၂) မြတ်သောတောထွက်ခြင်းဖြင့် တောထွက်တော် မူတဲ့အခါ၊

(၃) စက္ကဝဠာတိုက် တသောင်း ခိုက်ငြောင်း တုန်လှုပ်စေလျက် သမ္မာသမ္ဗောဓိခေါ်တဲ့ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် ရောက် ဘုရားအဖြစ် ရောက်တော်မူတဲ့အခါ၊

(၄) ဓမ္မစက္ကာတရား ဟောကြားတော်မူတဲ့အခါ–

အဲဒီအခါမျှားမှာလေ "ဒသသဟဿီ လောကဓာတု ကမ္ပိတ္ထ" လောကဓာတ် စက္ကဝဠာပေါင်း တိုက်တသောင်းတို့ တုန်လှုပ်ခဲ့တယ် ဒကာမကြီး –

မယ်တော်ရူပသာရီ သေတာပန်ဖြစ်ခြင်း

သီလေန စ၊သီလဂုဏ်အားဖြင့်လည်းကောင်း။သမာဓိနာ စ၊သမာဓိဂုဏ်အားဖြင့် လည်းကောင်း။ ပညာယ စ၊ လောကီ လောကုတ္တရာ ပညာဂုဏ်အားဖြင့် လည်းကောင်း။ ဝိမုတ္တိယာ စ၊ဝိမုတ္တိဂုဏ်ကျေးဇူး

ငါးပါးဖြင့်လည်းကောင်း၊ ဝိမုတ္တိဉာဏဒဿနေန စ၊ ဝိမုတ္တိဉာဏဒဿန ခေါ်တဲ့ ပစ္စဝေက္ခဏာဉာဏ် တဆယ့်ကိုးတန် ဂုဏ်ကျေးဇူးအားဖြင့် လည်းကောင်း။ သမော နာမ၊ တူသောသူမည်သည့်။ နတ္ထိ၊ မရှိဘူး။

ဒကာမကြီး – တို့ဆရာ မြတ်စွာဘုရားနဲ့ သီလဂုဏ် အားဖြင့်လဲ နှိုင်းပြိုင်အပ်သူ တလူမှ မရှိဘူး။ သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿန ကျေးဇူးဂုဏ်အားဖြင့်လဲပဲ နှိုင်းပြိုင်အပ်သူ တလူမှ ရှိတော်မမူဘူး၊

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓါ ဘဂဝါ။

ဒကာမကြီး... ငါတို့ဆရာ မြတ်စွာဘုရားဟာဖြင့် ဤသို့ ဤသို့သော အကြောင်းကြောင့် အရဟံ ဂုဏ်, သမ္မာသမ္ဗုဒ္ဓဂုဏ်, ဝိဇ္ဇာစရဏသမ္ပန္ဂုဏ်, သုဂတဂုဏ်, လောကဝိဒူဂုဏ်, အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ်, သတ္ထာဒေဝမနုဿာနံဂုဏ်, ဗုဒ္ဓဂုဏ်, ဘဂဝါဂုဏ် ဆိုတဲ့ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူတယ် ဒကာမကြီး။

သော မမှံ ဒေသေတိ အာဒိကလ္လာဏံ မဇ္ဈေကလ္လာဏံ ပရိယောသာနကလ္လာဏံ။

အင်း....ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူတဲ့ ဧငါတို့ဆရာ မြတ်စွာဘုရားဟာ အစမှာ သီလနှင့်ကောင်းခြင်း, အလယ်မှာ သမာဓိကောင်းခြင်း၊ အဆုံးမှာ ပညာနှင့် ကောင်းခြင်းဆိုတဲ့ ကောင်းခြင်းသုံးပုံကျေးဇူးဂုဏ်နှင့် ပြည့်စုံတဲ့ ဒါနတရား၊ သီလတရား၊ သဂ္ဂကထာ မဂ္ဂကထာ၊ အဲဒီလို တရားစကားတွေ ဟောကြားတယ်....ဆိုပြီးတော့ အရှင်သာရိပုတ္တရာက မယ်တော်ကြီးနှင့် လိုက်လျော ညီညွတ်အောင်

ဆိုပြီးတော့ ပထမ စိတ်နှလုံး နှုးညံ့ အောင် ဒါနအကြောင်းကို ဟော ပြတယ်။ (ဒါနကထာ)

စိတ်နှလုံးနှုးညံ့မှ သီလဆောက်တည်ဖို့ လွယ်ကူတော့မယ်၊ အဲဒီ တော့မှ သီလအကြောင်း(သီလကထာ)ဟောပြ၊ သီလဟာလိုက်တယ် ဆိုယင်ပဲ ရွှေကဇာပြတယ်။ နောက်-အင်မတန် ချစ်လှတဲ့သား ဟောပြတဲ့တဆူးဆိုတော့ ပိုပြီးတော့ သားသံယောဇဉ် ခင်မင်ပြီးတော့ တရားနာယင်း သီလစေ ငှဲထိန်းတယ်။ အဲ....ပြီးတော့မှ အာရှင် သာရိပုတ္တရာကသီလကြောင့် ရရှိမယ့် နတ်ရွာသုဂတိရဲ့ အကျိုးတွေ၊ ဩဿ....လက်ရှိစည်းစိမ်၊ အာဝဇသိကစည်းစိမ်က စိတ်ကို ဆွဲဆောင် သွားတယ်။ အဲဒီ"သဂ္ဂကထာ"ဆိုတဲ့ နတ်စည်းစိမ်ကိုဖော်ပြလို့ အာဝါ-သိကစည်းစိမ်တွေမှ စိုက်ကန့်ပြီး နတ်စည်းစိမ်ဖက်ကို စိတ်ကညွတ် တော့မယ်၊တွယ်တာတော့မယ်လို့ အဲဒီလို အရှိမှာမှ ကာမာနံ"အာဒီနဝ ကထာ"-ကို ဟောပြတယ်။

ဝတ္ထုကာမအားလုံးတို့ရဲ့ အပြစ်ဒေါသကို ဖော်ပြတဲ့ တရားစကား၊ အဲဒီကျတော့ကိုယ်ပိုင်ဝတ္ထုကာမ ရော အာဂန္တုက နတ်စည်းစိမ်ဝတ္ထု ကာမ ရော ဘယ်ကာမမှ တက္ခဏလောဘက မစဲဝံ့တော့ဘူး။ ကာမရဲ့ အပြစ်ကိုမြင်တော့မှ နိက္ခမ အာနိသံသ၊ ယင်းကာမမှ ထွက်မြောက် အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တဲ့ သမာဓိဘာဝနာ ပညာ-ဘာဝနာ၊ အဲဒီ သမာဓိဘာဝနာပွားများပုံ ပညာဘာဝနာပွားများပုံ၊ ယင်းသမာဓိဘာဝနာကြောင့် ရရှိတဲ့အကျိုး၊ ပညာဘာဝနာကြောင့် ရရှိတဲ့အကျိုးအဲဒီတွေကို ဟောပြတော့ အနုပုဗ္ဗီကထာလို့ခေါ်တယ်၊ အစဉ်အတိုင်းပဲ တရားဟောလို့ ဒေသနာနိဂုံးလဲဆိုးရော ဒကာမကြီးက လဲပဲ တခါထဲသောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်ရော အရှက်လဲ တက်ပြီ။

အင်း....ဒကာမကြီးလဲ သောဘာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်လဲရောက်**ရော၊ ဒကာမကြီးက** ဘာပြောလဲ"တာတ ဥပတိဿ ကသ္မာ ဧမောကာသိ" ဥပတိဿ တာတ၊ ချစ်သားဥပတိဿ။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝေံ၊ ဤသို့။ အာကာသိ၊ ပြုတိသနည်း။

ချစ်သားဥပတိဿ ဘယ်နယ်ကြောင့် ချစ်သား ဒီလိုလုပ်တာလဲ -

"ဝေရူပံ နာမ **အမတံ** မယ္ဟံ တ္တေကံ ကာလံ နအဒါသိ" ဝေရူပံ၊ ဤသို့သဘောရှိတဲ့။ **အမတံ**၊ အမြိုက်တရားကို။ (သူသည် သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ဆိုတဲ့ **မသေရာ**အမြိုက်တရားကို မျက်မှောက်မှ လင်းလင်းကြီး ပြုလိုက်ရတော့)။

ကသ္မာ၊ အဘယ့်ကြောင့်။ ဝေရူပံ၊ ဤသို့သဘောရှိတဲ့။ **အမတံ**၊ **မသေရာအမှန်** အမြိုက်နိဗ္ဗာန်ဆိုတဲ့တရားကို။ တ္တေကံ၊ ဤမျှ ကာလကြာအောင်။ မယ္ဟံ၊ ငါမယ်တော်အား။ နအဒါသိ၊ မပေးပဲရှိရသနည်း။ (မပေးပဲနေဘိသနည်း)

ချစ်သား ဘယ့်နယ်လုပ်တာလဲတဲ့-**ချစ်သား** အဘယ့်ကြောင့် ဒီလောက်ကြာအောင် ငါမယ်တော်အား သောဘာပတ္တိမဂ်ဉာဏ် အမြိုက်တရားကို အဘယ့်ကြောင့် ချစ်သားမပေးသလဲ။

ဒီတော့မှ ရှင်သာရိပုတ္တရာကသိပြီ။စေတောပရိယ အဘိညာဏ်နှင့် မယ်တော်ကြီးရဲ့ ဟဒယဝတ္ထုကို လှမ်းမြင်ကြည့်လိုက်ကရော "ပ-ဝ-ငါ့မိခင် သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်ပေါက်လို့ ပစ္စဝေက္ခဏာဉာဏ် မှာအခုသိပြီ။ ဒါ့ကြောင့် သူဒီစကားပြောလာတာပဲ" ဆိုပြီးတော့-

ဒီနံ ဒါနိ မေ မာတု ရူပသာရိယာ ဗြာဟ္မဏိယာ ပေါသာဝနိကမ္မလံ။

ဒါနိ ဣဒါနိ၊ ယခုအခါ၌။ မေ၊ သာရိပုတ္တရာသမုတ်အကျွန်ုပ်သည်။ မာတု၊မွေးမိသခင် ကျေးဇူးရှင်ဖြစ်သော။ ရှုပသာရိယာ ဗြာဟ္မဏိယာ၊ မယ်တော်ရှုပသာရီ ပုဏ္ဏေးမကြီးအား။ ပေါသာဝနိကမူလံ၊ မွေးကျေးဇူးကို။ ဒိန္နံ၊ အပြေအလည် ဆပ်အပ်လေပြီ။

မယ်တော်ကြီးရဲ့ မွေးကျေးဇူးကို ငါအပြေအလည်ဆပ်အပ်လေပြီ၊ "တွေ့ကေန ဝဠိဿတိ" ငါ့မယ်တော်ကြီးဟာ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်လောက်နှင့်တော်ပြီ၊ ရွှေကို မရဘူး။

အဲဒီဟိုသိပြီးတော့မှ "ဂစ္ဆ မဟာဉပါသိကေ"–မဟာဉပါသိကေ၊ ဒါယိကာမကြီး။ ဂစ္ဆ၊ ဒါယိကာမကြီး ပင်ပန်းပြီ နွမ်းပြီ ညောင်းပြီ ဒါယိကာမကြီးသွားတော့ တရားဟော ရပ်လိုက်တယ်။ သွားသလား ဆိုတော့၊ ဒါယိကာမကြီးက မသွားဘူး။ ဒါပေမယ့် အရှင်သာရိပုတ္တရာသည် မိမိဝတ္တရားအရ ဒါယိကာမကြီးကို လွှတ်ပြီးတဲ့နောက် သူ့ညီဖြစ်တဲ့ ရှင်စုန္ဒကိုမေးတယ်။

တပည့်ရဟန်းများအား နောက်ဆုံးကန်တော့ခြင်း

စုန္ဒ ကာ ဝေလာ

စုန္ဒ၊ ချစ်ညီစုန္ဒ။ ဝေလာ၊ အချိန်သည်။ ကာ၊ အဘယ်အချိန် ရောက်နေပြီလဲ။

စုန္ဒ၊ ဘယ်အချိန်ရောက်နေပြီလဲ။ ဒီတော့ရှင်စုန္ဒက ဘာပြောသလဲ ဆိုတော့၊ "ဗလဝပစ္ဆိသ ကာလော ဘန္တေ"-ဘန္တေ၊ အရှင်ဘုရား။ ဗလဝပစ္ဆိသကာလော၊ မိုးသောက်အားကြီး လင်းခါနီးနေပြီဘုရား။ မကြာခင် အာရုဏ်တက်တော့မယ်။

"ဘိက္ခုသံဃံ သန္နိပါဒေတာဟိ"- ရဟန်းသံဃာအားလုံး ငါးမှုကို စုဝေးလိုက်စမ်း။

ည့်ခန်းကြီးထဲ ကိုယ်တော်တို့ကို တခါထဲ လိုက်ပြီးနှိုးပြီးမီးတို့ကလဲ အားသုံးထွန်းထားပြီး၊ ရဟန်းငါးရာအားလုံး စုဖဝ်းနေတာဘုရားမှ "သန္ဓိပတိတော ဘန္တေ ဘိက္ခုသံဃော"-ဘန္တေ၊ အရှင်ဘုရား။ ဘိက္ခုသံဃော၊ရဟန်းသံဃာသည်။သန္ဓိပတိတော၊ စုဝေးမိပါပြီအရှင်ဘုရား။

ဒီတော့ကမှ ရှင်သာရိပုတ္တရာက သူ့ညီစုန္ဒကို ဘယ်နှယ်ပြောလဲ "မံ ဉာဏ်ပိတ္တာ နိသီဒါပေဟိ စုန္ဒ"- စုန္ဒ...စုန္ဒ။ မံ၊ ငါကို။ ဉာဏ်ပိတ္တာ၊ ပွဲ့၍။ နိသီဒါပေဟိ၊ ထိုင်စေလော။

ငါ့ကိုပွဲ့ပြီးတော့ မတ်မတ်ကလေးထိုင်ပေးစမ်းတဲ့၊ ပင်ပန်းနေပြီ၊ အဲဒီတော့မှ ရှင်စုန္ဒက သူ့ဆရာတော်ကို ပွဲ့ပြီးတော့ထိုင်ပေးရတယ်၊ ထိုင်မိတော့မှ အရှင်သာရိပုတ္တရာက နောက်ဆုံးသူ့တပည့်တွေကိုဘာပြောလဲ။

အဝုသော စတုစတ္တာလီသံ ဝေါ ဝဿာနိ မယာ သဒ္ဓိံ ဝိစရန္တာနံ ယံ မေ ကာယိကံ ဝါ ဝါစသိကံ ဝါ နာ ရောစေထ၊ တံ ခမထ အာဝုသော။

အဝုသော၊ ငါ့ရှင်ဘုရားရဟန်းများတို့။ စတုစတ္တာလီသဝဿာနိ၊ လေးဆယ့်လေးဝါတို့ပတ်လုံး။ (ရှင်သာရိပုတ္တရာက မြတ်စွာဘုရား ပထမဝါကျတော်ပြီးမှ ရဟန်းဖြစ်ခဲလေတော့ ရှင်သာရိပုတ္တရာဟာ သာသနာမှာ လေးဆယ့်လေးဝါပဲရတယ်) စတုစတ္တာလီသဝဿာနိ၊ လေးဆယ့်လေးဝါတို့ကာလပတ်လုံး။ မယာ သဒ္ဓိံ၊ ငါနှင့်အတူဝေက္ခ။ ဝိစရန္တာနံ၊ လှည့်လည်ကျက်စားသွားလာ၍ နေကြကုန်သော။ ဝေါ၊ သင်တို့၏အဖို့ရော။ မေ၊ ငါ၏။ ကာယိကံ ပါ၊ ကိုယ်ဗမ္မကိုဖြစ်စေ။ ဝါစသိကံ ဝါ၊ နှုတ်အမှုကိုဖြစ်စေ။ နာ ရောစေထ၊ မနှစ်သက်ကုန်ငြား

ဒဲ့။ မေ၊ ငါ၏။ တံ၊ ထိုငါ့အရှင်တို့ မနှစ်သက်မဲ့ ကာယကံမှု ဝစီကံမှု အစုစုကို။ ခမထ၊ ကရဏာရှေထားရှိ သည်းခံကြပါကုန်ဘုရား။

ဟပည့်တော် လေးဆယ့်လေးဝါ အတူနေခဲ့ကြရတဲ့ ငါ့အရှင်တို့ အဖို့ရာ ကာယကံမှု ဝစီကံမှု ငါရှင်တို့ မနှစ်သက်ဇာမျိုး ပြောမှားပြုမှားမျိုးရှိခဲ့ယင် အဲဒီ ကာယကံမှု ဝစီကံမှုမျိုးကို သည်းခံကြပါ။ ကန်တော့တယ်။

ထိုင်ပြီးတော့မှ ကန်လော့တယ်။ အိပ်ရာထဲက မဟုတ်ဘူး။ ဒီတော့ ငါးရာသော ရဟန်းတွေက ဘာပြန်လျှောက်သလဲ။

တော်ကံ ဘဂန္တ အမှာကံ ဆာယာ ဝိယ တုမှေ အာမုဥ္ဇိတ္ဝာ ဝိစရန္တာနံ အရုစ္စနကံ နာမ နတ္ထိ။

ဘဂန္တ၊ အရှင်ဘုရား။ တော်ကံ၊ ဤမျှလေးဆယ့်လေးဝါ ကာလ ကြာအောင်။ တုမှေ၊ အရှင်ဘုရားတို့ကို။ ဆာယာဝိယ၊ အရိပ်ကဲ့သို့။ အမှုဥ္ဇိတ္ဝာ၊ မလွတ်ကြပဲ။ ဝိစရန္တာနံ၊ လှည့်လည်ကျက်စားသွားလာ၍နေကြကုန်သော။ အမှာကံ၊ တပည့်တော်တို့ရဲ့အဖို့ရာ၊ အရုစ္စနကံ-နာမ၊ မကျေနပ် မနှစ်သက်တဲ့ ကာယကံမှု ဝစီကံမှုမည်သည်။ နတ္ထိ၊ တစိုးတစိ မရှိပါဘုရား။

လေးဆယ့်လေးဝါ အခါနှစ်သာကြာတယ် အရှင်ဘုရားတို့နှင့်တပည့်တော်တို့ အရိပ်ပမာ အရှင်ဘုရားတို့နောက်က တကောက်ကောက် လိုက်ပါလှည့်လည်ခဲ့ရာ တပည့်တော်တို့ရဲ့ အဖို့ရာ မကျေနပ်တဲ့ ကာယကံ မကျေနပ်တဲ့ ဝစီကံလို့ တစိုးတစိ မရှိပါဘူးအရှင်ဘုရား။

တုမှေ ပန အမှာကံ ခမထ။

ပန၊ စင်စစ်သော်ကား။ တုမှေ၊ အရှင်ဘုရားတို့ကသာ။ အမှာကံ၊ တပည့်တော်တို့၏။ အရုစ္စနကံ၊ မတော်တဆပြုမှားခဲ့တဲ့ ကာယကံ

ဝစီကံ အပြစ်ရေးကို။ ခမထ၊ ကရဏာရှေးရှု သည်းခံတော်မူကြပါ ကုန်ဘုရား။

ဆရာနှင့်တပည့် အပြန်အလှန် သည်းခံအောင် ကန်တော့ကြတယ်။ ပြီးလဲပြီးရော အရှင်သာရိပုတ္တရာက ကိုင်း–ငါ့ကို ပြန်ပြီးတော့ အိပ်ယာဆဲလို့ ကန်ဘော့ပြီး လှဲလဲပြီးရော နှစ်ထပ်သကိန်းကြီးကို ခေါင်းမြီးခြုံ ပြီးတော့မှ။

အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတော်မူပြီ

အနုလောမစျာန်

(၁) ရူပါဝစရ ပထမစျာန် ဝင်စားတယ်၊
(၂) ထိုစျာန်ကထ ဒုတိယစျာန်ကို ဝင်စား၊
(၃) ထိုစျာနဲကထ ဟတ်ယစျာနဲဝင်စား၊
(၄) ထိုစျာန်မှထ စတုတ္ထစျာန်ဝင်စား၊

အဲ–ရူပါဝစရစျာန် လေးပါးက ထ–ပြီးတဲ့နောက် အရူပါဝစရ စျာန်လေးပါးကို အစဉ်အတိုင်း–

(၅) အာ ကာ သာနဉ္စာယဘာနစျာန်ကိုဝင်စား၊ ဒီစျာန်ကဏ၊
(၆) ဝိညာနဉ္စာယ ဘာနစျာန်ကိုဝင်စား၊ အဲဒီစျာန်ကထ၊
(၇) အာကိဉ္စညာ သတနု စျာန်ကိုဝင်စား အဲဒီစျာန်ကထ ပြီးတော့မှ–
(၈) နေဝသညာနာသညာယတနစျာန်ကို ဝင်စား၊ အဲဒီစျာန်ဇော နှစ်ကြိမ်လည်း စောပြီးရော နိဗ္ဗာန ဆရာမ သမာပတ်ကို တခါတည်းရောက်တယ်။

ဒီတော့ ရူပါဝစရ ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထ စျာန်၊ အရူပစျာန်လေးပါး၊ အဲဒီရှစ်ပါးကို သမာပတ်ရှစ်ပါးလို့ခေါ်

တယ်။ အဲဒီအပေါ်မယ် နိရောဓသမာပတ်ကို ထည့်လိုက်တော့ နဝ အနုပုဗ္ဗဝိဟာရသမာပတ် အစဉ်အကိုင်းနေရာဖြစ်တဲ့ သမာပတ်ကိုးပါး။

ပဋိလောမစျာန်။ ။အဲဒီမှာ နိရောဓသမာပတ် ဝင်စားနေတာ တော်လေး အချိန်ကြာတယ်။ နိရောဓသမာပတ်က ထပြီးမှ နောက်ကျတော့ နေဝသညာနာသညာယတနစျာန် ဝင်စား၊ အင်း - ဒီကထ အာကိဉ္စညာယတနစျာန်၊ ဒီကထ ဝိညာနဉ္စာယတနစျာန်၊ ဒီကထ အာကာသာနဉ္စယတနစျာန်၊ အဲဒီစျာန်ကဝင်စားပြီးတော့မှ တခါ အဲဒီစျာန်ကထ၍ စတုတ္ထစျာန်ဝင်စား၊ ထိုစျာန်က ထပြီးတော့မှ တတိယစျာန် တဖန်ဝင်စား၊ အင်း - ထိုစျာန်ကထပြီးတော့မှ ဒုတိယစျာန်ဝင်စား၊ အင်း - ဒုတိယစျာန်က ထပြီးတော့မှ ပထမစျာန်ဝင်စား၊ အား - "အနုပုဗ္ဗဝိဟာရသမာပတ်ကိုးပါး" လို့ခေါ်တယ်။ အစဉ်အတိုင်းဝင်စားတဲ့ သမာပတ်ကိုးပါးကို အနုလုံ ပဋိလုံ အစုံအဆန်လောကဥပမာအားဖြင့် အရပ်တပါး သွားခါနီးကျတော့ မိတ်ဆွေတွေကို အနုလုံ ပဋိလုံ-အစုံအဆန်လိုက်ပြီးတော့ လက်ဆွဲ နှုတ်ဆက်သလို ကိုယ်တော်ရဟန္တာဖြစ်ပြီးတဲ့ အချိန်ကစပြီးတော့ လေးဆယ့်လေးဝါကာ ပကြာအောင် ဒီသမာပတ်တွေနှင့် နေခဲ့တယ်။ အဲ - အခု အနုပါဒါပရိနိဗ္ဗာန် ကိုယ်တော် ကြွတော့မယ်ဆိုတော့ အဲဒီ သမာပတ်ကိုးပါးကို လက်ဆွဲပြီး နှုတ်ဆက်တဲ့နောက်ဆုံး နှုတ်ဆက်တဲ့အနေနဲ့ ဝင်စားတယ်၊ ပြီးတော့မှ -

ရူပါဝစရ ပထမစျာန်ဝင်စား၊
အဲဒီစျာန်က ထ ဒုတိယစျာန်၊
အဲဒီစျာန်က ထ တတိယစျာန်၊
အဲဒီစျာန်က ထပြီးတော့မှ စတုတ္ထစျာန်ဝင်စား။

ဒါ နောက်ဆုံး နှုတ်ဆက်ပြီးလို့ စတုတ္ထစျာန်ကလဲထရော စျာန်သမာနန္တရ ပရိနိဗ္ဗာန်လို့ခေါ်တယ်။ စျာန်ဇောလဲ ဆုံးပြီးရော ဘဝင်ကျရမယ့်နေရာမှာ တခါတည်း ပရိနိဗ္ဗာနစုတိကျပြီးတော့ မဟာပထဝီမြေကြီး ပဲ့တင်ထပ်စေ၍ ဒီနေရာမှာပဲ အရှက်လဲတက်ကရော ပရိနိဗ္ဗာန်လဲစံရော။

မယ်တော်ကြီး ဟစ်အော် ငိုကြွေးမြည်တမ်းခြင်း

မယ်တော်ကြီးဖြစ်တဲ့ ရူပသာရီပုဏ္ဏားမကြီးက အနားနားကနေပြီးတော့ သားတော်နဲ့ သံဃာတော်တွေရဲ့ အပြုအမူတွေကို လက်အုပ်ချီပြီးတော့ ကြည့်ယင်းက သားတော်ကြီးသင်္ကန်းကို ဝေါင်းမြိုးခြုံပြီးတော့ သွားကတည်းက မလှုပ်မရှက် တခါတည်း ပရိနိဗ္ဗာန်စံတဲ့အချိန် ရောက်အောင် ဒီအခြင်းအရာကြည့်တော့ -

ကိ ံ နု ခေါ မေ ပုတ္တော, န ကိဉ္စိ ကဏေတိ။

မေ၊ ငါ၏။ ပုတ္တော၊ သားသည်။ ကံ ံ နု ခေါ၊ အာယ်ကြောင့်။ ကိဉ္စိ၊ တစုံတခုကို မျှ။ န ကဏေတိ၊ မပြောတာပါလိမ့်။

ဟိုက သားဖြစ်တဲ့ပုဂ္ဂိုလ်က ပရိနိဗ္ဗာန်စံနေပြီ၊ ဘုရားပတ်ဝန်းပါးကို အနုလုံပဋိလုံ အစုံအဆန်ဝင်စားဆိုတော့ စကားမပြောပဲနေတာက အတော်ကြာသွားတယ်၊ ဘယ်နယ်ပြောင့်မျှား ငါ့သား စကားမပြောပဲနေပါလိမ့်၊ အသာကလေး ညောင်စောင်းရဲ့ခြရင်းကနေပြီးတော့ အရှင်သာရိပုတ္တရာရဲ့ ခြေဖဝါးလေး စမ်းကြည့်လိုက်တယ်၊

သွေး မရှိတော့ဘူး။ သွေး မရှိတော့ ကမှ မယ်တော်ကြီးက ပရိနိဗ္ဗာန်စံမှန်းသိတယ်။ အရှင်သာရိပုတ္တရာရဲ့ ခြေဖဝါးသွေးကို စမ်း၊ ပရိနိဗ္ဗာန်စံမှန်းလဲ သိရော။

နေ့ချင်းညချင်းအလုပ်ခိုင်းတယ်၊ တခါတည်း ရှေပန်းထိမ်သည်တွေဟာ အဲဒီ နာလကမှာရှိတဲ့ ရှေပန်းထိမ်သည်တွေ အကုန်လုံးလုပ်ရတယ်၊ တယောက်ကမှ မအားဘူး၊ နေ့မီးညမီး ဆက်ပြီးတော့ လုပ်ကြရတယ်။

စျာပနဋ္ဌ သိကြားမင်း၏ ပူဇော်ပုံ။ ။အဲဒီ အချိန်မှာပဲ သိကြားနတ်မင်းကလဲပဲ ဝိသကြံ့ နတ်သားကို။ တာဘာ၊ ချစ်သားဝိသကြံ့။ ဓမ္မသေနာပတိ၊ တရားစစ်မှုးဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာသည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူခဲ့လေပြီ။

အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံသွားတော်မူပြီကွာ။ ပဉ္စကဠျာဏရဿတာနိ၊ အထွတ်တပ်သော ပြာသာဒ်ငါးရာတို့ကို လည်းကောင်း။ ပဉ္စ အဂ္ဂိကဿတာနိ စ၊ မုခ်ဦးပြာသာဒ်တပ်တဲ့ ညှော့ခံမကျွတ်ငါးရာတို့ကို လည်းကောင်း။ မာပေဟိ၊ သင်ဝိသကြံ့က ဖန်ဆင်းလေလော့။

ဝိသကြံ့ကို ခိုင်းလိုက်တယ်၊ မယ်တော်ကြီးက ရှေပြာသာဒ်ငါးရာ၊ ရှေ ညှော့ခံမကျွတ် ငါးရာ၊ သိကြားမင်းက ဝိသကြံ့ကို လွှတ်ပြီးတော့ အဖန်ဆင်း အပူဇော်ခိုင်းတာက ရှေပြာသာဒ်က ငါးရာ၊ ရှေ့ညှော့ခံမကျွတ် ငါးရာ၊ မကျွတ်ဝဲထောင်၊ ပြာသာဒ် တထောင် ရှိပါတယ်၊ ရှေရောသုတ် ချော်ရှေ့ မဟုတ်ပါဘူးတဲ့၊ တကယ့် ရှေသားအတိတို့ဖြင့် ပြုလုပ်ထားတဲ့ ရှေသားပြာသာဒ်ချည်း တထောင်၊ တကဲ့ရှေသားတွေကို အပြောက် ချယ်တဲ့ ညှော့ခံမကျွတ်ပေါင်းက တဇထောင်။

နာလက မြို့လယ်ခေါင်မှာ ကွက်လပ်ကြီးရှိတယ်၊ အဲဒီကွင်းပြင်ကြီးမှာ ရှေပြာသာဒ်တွေ လှည့်လျက် ဝန်းလျက် ရံလျက် ရှေမကျွတ်ပေါင်း တဇထောင် ဝန်းလျက် ရံလျက် အလယ်ခေါင်က အကြီးဆုံးဆိုတဲ့ ရှေပြာသာဒ်ကြီးပေါ်မှာ အရှင်သာရိပုတ္တရာရဲ့ ဥတုဇရုပ်ကလာပ်

ကြီးကို တင်ထားပြီးတော့ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ ကြတယ်။

စျာပနသဘင်၌ လူအနင်းခံရ၍ အဲဒီလို ကျင်းပကြတဲ့ဒေါ်လူတွေ သေသော ရေဝတီအမျိုးသမီး အကြား နတ်တွေသူ၊ နတ်တွေ အကြား လူတွေသူ၊ လူတွေ၊ နတ်တွေ၊နတ်တွေနှင့် လူတွေဟာ ရောနကြတာပဲ၊ အရှင်သာရိပုတ္တရာ ရဲ့ သာဓုကီဠနသဘင် ပွဲကြီးဟာ ခုနစ်ရက် ကြာသတဲ့။ အဲဒီလို ခုနစ်ရက်ကြာ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပနေတဲ့ သဘင်ပွဲကြီး တရက်မှာ အဲဒီနာလကရွာကပဲ အရှင်သာရိပုတ္တရာကို ကြည်ညိုနေတဲ့ "ရေဝတီ" ဆိုတဲ့ အမျိုးသမီးတယောက်က "အဟံ ထေရဿ ပူဇံ ကရိဿာမိ" ငါလဲပဲ အရှင်သာရိပုတ္တရာ မထေရ်မြတ်အား ပူဇော်မှုပြုဦးမှပဲ ဆိုတဲ့ အကြံအစည်နဲ့ ရွှေပန်းအိုး သုံးလုံး အလုပ်ခိုင်းတယ်၊ သူလည်း သင်္ဃေသမီး တယောက်ပဲ၊ အဲဒီလုပ်ခိုင်းတဲ့ ရွှေပန်းအိုးလေး သုံးလုံးကို ယူလာပြီးတော့ အရှင်သာရိပုတ္တရာ စျာပနသဘင် ဆင်ယင်ကျင်းပတဲ့ နေရာကို အပူဇော်သွားတော့-- အဲဒီနေ့က သိကြားနတ်မင်းကလဲ "ထေရဿ ပူဇံ ကရိဿာမိ" ငါ ဒီနေ့ အရှင်သာရိပုတ္တရာအား ပူဇော်မှုပြုရမယ်၊ နတ်ကခြေသည်ပေါင်း နှစ်ကုဋေ ငါးသန်းနှင့် ဘုံဗိမာန်တွေကလည်း နှစ်ကုဋေ ငါးသန်း ထွက်တဲ့ကို တအုံတသြ၊ အဲဒီနေ့ကတော့ စည်ကားတဲ့နေ့လို့ ဆိုပါတော့၊ သိကြားကလဲ လာပြီးတော့ အရှင်သာရိပုတ္တရာ စျာပနပွဲ ပူဇော်တဲ့နေ့ "သင်္ကော ဩတရတိ" နှစ်ကုဋေ ငါးသန်းသော နတ်သမီးတွေနှင့် သိကြားမင်း ဆင်းလာတယ်ဆိုတော့ ဘုန်းရှိတဲ့လူတွေ လာယင် ဘုန်းမဲ့တဲ့လူတွေက နောက်ဆုတ် နောက်ဆုတ်နှင့် တခါတည်း ဖယ်ပေးကြတယ်။

ရေဝတီလဲပဲ အဲဒီပရိသတ်ထဲမယ် နောက်ဆုတ် နောက်ဆုတ်နှင့် လာတဲ့လူတွေက တက်နင်းတာနဲ့-ဒီနေရာမှာပဲ ရေဝတီ ခမျာဟာလဲ လူအနင်းခံရတာနဲ့ စုတိပြတ်ကြွေ သေလွန်လို့ တာဝတိံသာနတ်ပြည်မှာ ဟို....တယူဇနာလောက် ပြန့်ကျယ်တဲ့ ရွှေဗိမာန်ရှင် သွားပြီးတော့ ဖြစ်တယ်။ ဖြစ်တော့ စဉ်းစားတယ်။

ရေဝတီနတ်သမီး၏ ပူဇော်ပုံ

"ဥဋ္ဌာရာ အယံ သမ္မတ္တိ" ဟာ....ငါ့ရဲ့ ဒီစည်းစိမ်ဟာ သိပ်ပြီးတော့ ကြီးတာပဲ၊ "ကိံ နု ခေါ မေ ကမ္မံ ကတံ" ငါဘယ်လို ကုသိုလ်ကံမျိုး လုပ်ခဲ့ပါလိမ့်၊ အဲဒီလို ပြန်ပြီး စဉ်းစားတဲ့အခါကျတော့ "မယာ သာရိပုတ္တထေရဿ ပရိနိဗ္ဗုတဌာနေ" မယာ၊ ငါသည်။ သာရိပုတ္တထေရဿ၊ အရှင်သာရိပုတ္တရာမထေရ်၏။ ပရိနိဗ္ဗုတဌာနေ၊ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းရာ စျာပနသဘင် ဆင်ယင်ကျင်းပရာ အရပ်၌။ တီဟိ သုဝဏ္ဏပုပ္ဖကုမ္ဘေဟိ၊ ရွှေပန်းအိုး သုံးလုံးတို့ဖြင့်။ ပူဇာ၊ ပူဇော်မှုကို။ ကတာ၊ ပြုအပ်ခဲ့လေပြီ။

ရွှေပန်းအိုးသုံးလုံးနှင့် ငါပူဇော်ခဲ့တယ်။ "မဟာဇနော မံ မဒ္ဒိတ္ဝာဂတော" သိကြားမင်း ဆင်းလာတဲ့အတွက် မျှားစွာသော လူတွေက ငါ့ကို နှင်းပြီးတော့ သွားကြတယ်။ "သာဟံ တတ္ထ ကာလံ ကတ္ဝာ ဣဓူပပန္နာ" ငါဟာ....လူ့ပြည်က စုတေပြီးတော့ အခုနတ်ပြည်မှာ "အိပ်သောယောကျိုး နိုးသောလားကွဲသို့" ယခုလို လာပြီးတော့ နတ်ဖြစ်တာပါလား။

ထေရံ နိဿာယ လဒ္ဓံ ဣဒါနိ ပုညဝိပါကံ မနုဿာနံ ကထေသာမိ။

ထေရံ၊ မထေရ်မြတ်ကို။ နိသာဃယ၊အမှီပြု၍။ လဒ္ဓံ၊ ရအပ်သော။ ပုညဝိပါကံ၊ ကောင်းမှုရဲ့အကျိုးကို။ ဣဒါနိ၊ ယခုပင်။ မနုဿာနံ၊ လူတို့အား။ ကထေသာမိ၊ သွားရောက်၍ ပြောကြားဦးမှပဲ။

သူကလဲပဲ သူ့ရဲ့ နတ်ပရိသတ်နဲ့ သူ့ရဲ့ နတ်ဧရှေဗမာန်ကြီးနဲ့ ကောင်းကင်က ဆင်းလာ၊ ခပ်လှမ်းလှမ်းက ဆင်းလာစတော့ ဈာပနသဘင်ရောက်နေတဲ့ လူတွေက "ကိံ နုခေါ ဒေဒ သူရိယာ ဥဋ္ဌိတာ" ဟေ.... ယနေ့ဘယ်နှယ်ပါလိမ့်၊ နေကြီးနှစ်စင်း ထွက်လာပြီ အမောင်တို့။ ဒီလိုပြောကြ၊ ဟုတ်တာပေါ့၊ အဝေးကြီးကဆိုတော့ ရှေဗိမာန်ကြီးကလဲ ဒီ အလင်းရောင်ရှိတဲ့ ဘာပစ္စည်းပဲဖြစ်ဖြစ် ဝေးသွားယင် ဝိုင်းဝိုင်းပဲ မြင်ရတယ်၊ အခုမြင်နေရတဲ့ နေဗိမာန်လည်းပဲ အနီးနား ဂပ်ကြည့်ယင် သူဟာပြာသာဒ်ကြီးပဲ ဗိမာန်ကြီးတခု။ သို့သော် အဝေးက ကြည့်တော့ အဲဒီဗိမာန်ကြီးဟာ အဝန်းအဝိုင်းကြီးပဲလို့ ထင်နေတယ်။

အေး အဲဒီအာဘိုင်းပဲ ရှေဗိမာန်ကြီးလည်း အဝေးက ကြည့်တော့ အဝိုင်းကြီးပဲ မြင်ရတယ်၊ ဘယ်နှယ်ပါလိမ့် ဒီနေ့ နေကြီးနှစ်စင်း ထွက်လာတယ်ဟ၊ "ကိံ နု ခေါ ဒေဒ သူရိယာ ဥဋ္ဌိတာ" လူတွေဒီလိုပြော၊ ပြောတုန်း ဟိုက ရှေဗိမာန်ကြီးက ရိပ်ရိပ် ရိပ်ရိပ်နှင့်လာ၊ နီးလဲလာရော လူတွေက ဘယ့်နှယ်ပြောသလဲ။ "ကဋ္ဌာဂါရသဏ္ဌာနံ ပညာယတိ" အထွတ်တပ်တဲ့ ပြာသာဒ်သဏ္ဌာန် ထင်လာတယ်။ အမောင်တို့ "နာယံ သူရိယော" ဟေး ... ဒါကြီးက ဘုန်းမဟုတ်ဘူးဟ....။ "ဝိမာနမေတံ ဧကံ" အဲဒါကြီးက ဗိမာန်ကြီးတခုပဲ။

လူတွေပြောတာ အဲဒီလို ပြောတုန်း ပြောတုန်း နှုတ်မဆိတ်သေးဘူး၊ နှာက်မပိတ်သေးဘူး၊ ဗိမာန်ကြီးက တခါတည်း ရောက်လာတယ်။

အဲ....လူတွေက ရှင်သာရိပုတ္တရာရဲ့ အင်း....ဥတုဇ ရုပ်ကလာပ်ကို အတောင် ကိုးဆယ့်ကိုးတောင် အမြင့်ရှိတဲ့ နံသာ ထင်းပုံကြီးပေါ် တင်ပြီးတော့ သင်္ဂြိဟ်ဖို့ စီမံ နေကြတယ်။ အဲဒီမှာ....တခါတည်း... ဇရ နတ်သမီး ရေဝတီနတ်သမီး ဆင်းလာပြီးတော့ နံသာထင်းပုံကို လှည့် လည် လက်အုပ်ချီမိုး ရှိခိုးရပ်တည်တော့မှ-

"ကာ တုံ အယျေ" လူတွေက မေးကြတယ်။

အယျေ။ မှင်မ။ တုံ၊ သင်သည်။ ကာ၊ ဘယ်သူလဲ။ ရှင်မဘယ်သူလဲ....။ နံ မံ တုမ္မေ ဇာနာထ" တုမ္မေ၊ သင်တို့သည်။ မံ၊ ကျွန်တော်မကို။ "နံ ဇာနာထ၊ မသိကြဘူးလား။ ရှင်တို့ ကျွန်မကို မသိဘူးလား။

"ရေဝတီ နာမာဟံ" အဟံ၊အကျွန်ုပ်ကား။ ရေဝတီ နာမ၊ ရေဝတီ အမည်ရှိတဲ့ သတ္တိုသမီးပါ။ ဟောဒိ နာလကရွာက ရေဝတီဆိုတဲ့ အမျိုးသမီးပါ။ထေရံ ပူဇံ ကတ္တာ၊မထေရ်မြတ်ကို ပူဇော်မှု ပြုပြီးသကာလ။ မနုဿဟိ မဒ္ဒိတာ၊ လူအများက သိကြားလာလို့ မတော်တဆ နှင်းအပ်သည်ဖြစ်ရကား။ တာဝတိံသဘဝနေ၊ တာဝတ်ံသာ နတ်ပြည်၌။ နိဗ္ဗတ္တာ၊ ဖြစ်ခဲ့ရပါပြီ။ ပဿထ မေ သိရိ သမ္ပတ္တိံ၊ ကျွန်တော်မရဲ့ ဤနတ်စည်းစိမ်ကို ကြည့်ကြပါကုန်လော့။ "တုမ္မေပိ ဒါနိ ဒါနာနိ ဒေထ၊ ပုညာနိ ကရောထ" ဒါနိ ဣဒါနိ၊ ဤယခုအခါ၌။ တုမ္မေပိ၊သင်တို့လည်းပဲ မျက်မြင် ကျွန်ုပ်ကို သက်သေတင်ပြီးသကာလ။ ဒါနာနိ၊ အလှူဒါနတို့ကို။ ဒေထ၊ ပေးလှူကြပါကုန်။ ပုညာနိ၊ သီလစသော ကောင်းမှုတို့ကို။ ကရောထ၊ ပြုကြကုန်။

အရှင်အနုရုဒ္ဓါ ဓာတ်တော်ကောက်ခြင်း

လူတွေကို အလှူဒါန ပေးဖို့ရန် ကုသိုလ်ကောင်းမှု ပြုဖို့ရန် လက်တွေ့ သက်သေညွှန်ပြပြီးတော့မှ မိမိနတ်ရွာ ဌာနသို့ ရေဝတီ

နတ်သမီး ပြန်သွား။ လူအာမျှားလဲပဲ ခုနစ်ရက် သာမုကိုင်ဆန သဘင် ဆင်ယင်ကျင်းပလို့ ပြီးတဲ့အခါ ကျတော့မှ တေဇောဓာတ်မီး ပန်းစည်းမျှားဖြင့် ပန်းရင်းစည်းမျှားဖြင့် တိုက်ပြီးတော့ မီး သင်္ဂြိဟ်ကြွတယ်။ တညလုံးတရားပွဲကြီး ကျင်းပတယ်။ အဲဒီ သံဝဂ တရားပွဲကြီးကျင်းပလို့ မိုးလင်းတဲ့ အခါကျတော့မှ ရှင်အနုရုဒ္ဓါက ရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်တွေကိုနှံသာရေ အမျိုးမျိုးနှင့် ဖျန်းဖျန်း ပြီးတော့ကမှ အရိုးကောက်ပွဲ ဓာတ်တော်ကောက်တယ်။ အဲလို ကောက်လို့ သာ ကောက်တယ်၊ ထုက်လာတဲ့ ဓာတ်တော်တွေကို.... အရှင်အနုရုဒ္ဓါက အရှင်သာရိပုတ္တရာရဲ့ ရေစစ်ကလေးထဲထည့်၊ ထည့် ပြီးတော့မှ အရှင်သာရိပုတ္တရာရဲ့ညီ အရှင်နန္ဒရဲ့လက်ကို အပ်တယ်။ ရှင်စုန္ဒက ဓာတ်တော်လဲရ၊ ရေစစ်လဲရ၊ အရှင်သာရိပုတ္တရာရဲ့ သပိတ် သင်္ကန်းလဲ ရတယ်။

အရှင်စုန္ဒမထေရ် ဘုရားရှင်ထံ သွားရောက်ခြင်း

နဒါနိ မယာ ဣဓေဝ သက္ကာ ဌာတုံ။

မယာ၊ ငါသည်။ ဣဒါနိ၊ ယခုအခါ၌။ ဣဓေဝ၊ ဤနာလန္ဒာ၌ သာလျှင်။ ဌာတုံ၊ ရပ်နားခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း။

ငါ နာလန္ဒာမှာ နေဖို့ရာ မဖြစ်တော့ဘူးတဲ့။

မယံ ဇေဋ္ဌဘာတိကဿ ဓမ္မသေနာပတိ သာရိပုတ္တ-ထေရဿ ပရိနိဗ္ဗုတဘာဝံ သမ္မာသမ္ဗုဒ္ဓဿ အာရောစေဿာမိ။

ငါ့ရဲ့နောင်ကြီး ဓမ္မသေနာပတိဖြစ်တဲ့ သာရိပုတ္တရာမထေရ်မြတ်ကြီး ပရိနိဗ္ဗာန်ဝင်စံတဲ့အကြောင်း မြတ်စွာဘုရားအား ငါသွားပြီး လျှောက်ထားမှပဲ။ အဲဒီအကြံနှင့် အရှင်သာရိပုတ္တရာရဲ့ဓာတ်တော် ရေစစ်ကလေး အရှင်သာရိပုတ္တရာရဲ့ သပိတ်သင်္ကန်းကိုကရိတသေ ယူပြီးတော့

အရှင်စုန္ဒ ရဟန္တာမထေရ်မြတ် မဂဓတိုင်း နာလကရွာမှ ရောက်လေရာမှာ တည တည်သာအိပ်ပြီး ခရီးပြင်းနှင်၍ သာဝတ္ထိသို့ လာတယ်။ ရောက်ဖတာ့ မြတ်စွာဘုရားအထံတော်သို့ တိုက်ရိုက်မသွားပဲနဲ့ သူ့ရဲ့ ဥပဇ္ဈာယ်ဆရာ အရှင်အာနန္ဒာမထေရ်ထံသွားပြီး ရိုသေမြတ်နိုး ရှိခိုးအပြစ်လွှတ်ရာ နေရာက ထိုင်နေပြီးတော့-

အာယသ္မာ ဘန္တေ သာရိပုတ္တော ပရိနိဗ္ဗုတော ဣဒ-
မဝေါစ။

(ပါဠိတော် ရောက်သွားပြီ၊ စုန္ဒသုတ်။)

ဘန္တေ၊ ဥပဇ္ဈာယ်ဆရာမြတ် ဘုရား။ အာယသ္မာ သာရိပုတ္တော၊ အရှင်သာရိပုတ္တရာသည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ပါပြီဘုရား။ ဥပဇ္ဈာယ်ဆရာတော်ဘုရား၊ အရှင်ဘုရားရဲ့ သူငယ်ချင်း အရှင်သာရိပုတ္တရာဖြင့် ပရိနိဗ္ဗာန်စံပြီ။

အရှင်အာနန္ဒာနှင့် အရှင်သာရိပုတ္တရာ ရင်းနှီးပုံ

အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာဟာ သိပ်ချစ်တာ၊ တပါးနှင့် တပါး သိပ်ခင်တာ၊ ရှင်အာနန္ဒာမှာမှ ရဟန်းလောင်း မပေါ်နှင့်၊ ပေါ်တာနှင့်တပြိုင်နက် အရှင်သာရိပုတ္တရာကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းခံပေးတယ်၊ ရဟန်းခံပေးတာချည်းပဲ။

အရှင်သာရိပုတ္တရာကလည်း မိမိမှာ ရဟန်းလောင်း မပေါ်နှင့်၊ ပေါ်လာတဲ့ ရဟန်းလောင်းတွေဆိုယင် အရှင်အာနန္ဒာကို ဥပဇ္ဈာယ်အလုပ်ခိုင်းပြီးတော့ ရဟန်းခံပေးတာချည်းပဲ။ အဲဒီလောက် တပါးနှင့် တပါး ချစ်ကြတာ၊ အရှင်အာနန္ဒာ သက်နှံးခကောင်းကောင်းလေး

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော်။ စာမျက်နှာ-၁၄၀။

ရယင် သူမဝတ်ရက်ဘူး၊ အရှင်သာရိပုတ္တရာကို လှူတာပဲ။ ရှင်သာရိ-ပုတ္တရာ သက်နှံးကောင်း ရယင် သူမဝတ်ရက်ဘူး၊ အရှင်အာနန္ဒာကို လှူတယ်။ အဲဒီလို တပါးနှင့်တပါး အင်မတန် ခင်ကြမင်ကြ ရင်းနှီးကြ မြတ်နိုးကြတယ်။

ဒါကြောင့် ရှင်သာရိပုတ္တရာက သူ့ညီ စုန္ဒ အရှင်အာနန္ဒာကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းခံပေးထားတယ်။ အဲဒီတော့ သူ့ညီ စုန္ဒနှင့် အရှင်အာနန္ဒာကလည်း သာသနာမှာ သားအဖလို ရင်းနှီးနေတယ်။ အဲဒါကြောင့် အရှင်စုန္ဒက အရှင်ဘုရားရဲ့ သူငယ်ချင်း အရှင်သာရိ-ပုတ္တရာဖြင့် ပရိနိဗ္ဗာန်စံပြီ၊ ဟောဒါက ရှင်သာရိပုတ္တရာရဲ့ သပိတ် သင်္ကန်းပဲ။

ပါဠိတော်မှာတော့—ဣဒမဿ ပတ္တစီဝရံ-ပဲရှိတယ်။ ဣဒံ၊ ဤသည်ကား။ အဿ၊ ထိုအရှင်သာရိပုတ္တရာ၏။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်း-ပါလို့ သပိတ်သင်္ကန်းကိုပဲ ပြောတဲ့အနေ ဖော်ပြတယ်၊ အမှန်တော့-အရှင်စုန္ဒက.... "ဣဒဉ္စ မာတုပရိဿာဝနံ" ဟောဒါကတော့ အရှင် သာရိပုတ္တရာရဲ့ မောင်တော်ထည့်တဲ့ မေ့စစ်ပါဘုရား-လို့ သတ်သတ်စီ လျှောက်တယ်။

အရှင်အာနန္ဒာက လျှောက်ထားခြင်း

ဒါဖြင့် အရှင်အာနန္ဒာက ဒီပြဋ်အခါမှာတော့ ဘုရားဆီမသွား ဘူးလား၊ သွားတယ်၊ သွားသမှ ကနေ့ ကိုးခေါက်၊ နေ့ကိုးခေါက် ည ကိုးခေါက် ဘုရားထံ အပြုံအစု ရောက်တယ်။[1] အခုကျတော့ အဘယ်ကြောင့် ထူးထူးဆန်းဆန်း ပြောရသလဲ။ ဒေး...သွားတာ သွားတယ်၊ ဒါပေမယ့်လို့ တနေ့ကို အခေါက်ပေါင်း အရာအထောင်

၁။ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ။ ၂၅၄။

သွားချင်ပေမယ့် အကြောင်းမဲ့ မသွားဘူး။ လျှောက်စရာ ထားစရာ အကြောင်းရမှ။ ဒါကြောင့်မို့လို့ အကြောင်းရလို့ ဝမ်းမြောက်ဝမ်းသာ အရှင်အာနန္ဒာက–ငါ့ရှင်စုန္ဒ၊ မြတ်စွာဘုရား ဖူးမြော်ဖို့ရန်အတွက် တို့-စကားလက်ဆောင်တခုတော့ ရပြီဟေ့....။

အာယာမာဝုသော စုန္ဒ ယေန ဘဂဝါ တေနုပသင်္ကမိယာမ။

အာဝုသော စုန္ဒ၊ ငါ့ရှင်စုန္ဒ။ အာယာမ၊ လာသွားကြစို့။(လာသွားကြစို့စုန္ဒ)၊ ယေန ဘဂဝါ တေနုပသင်္ကမိယာမ၊ ဘုရားရှိရာအရပ်သို့ သွားကြစို့။ဥပသင်္ကမိတွာ၊ ဘုရားရှိတော်မူရာအရပ်သို့ သွားရောက်ပြီး။ ဘဂဝတော၊ မြတ်စွာဘုရားအား။ တေမတ္တံ၊ ဤအခြောင်းကို။ အာရောစေဿာမ၊ လျှောက်ထားကြစို့။ အဲလိုတိုင်ပင်လိုက်တော့၊ အရှင်စုန္ဒက၊ "ဝဝံ ဘန္တေ" ကောင်းပါပြီဘုရားလို့ ဝန်ခံပြီးတော့– အရှင်အာနန္ဒာရယ်၊ ရှင်စုန္ဒရယ် မြတ်စွာဘုရားရဲ့အထံကို သွားရောက် ဝတ်လျှိုး ရှိခိုးဦးညွတ် အပြစ်လွှတ်တဲ့နေရာကနေ ထိုင်ပြီးတော့ ကမ္မ အရှင်အာနန္ဒာက ဘာလျှောက်သလဲဆိုတော့–

အယံ ဘန္တေ စုန္ဒော သမဏုဒ္ဒေသော ဝေမာဟာ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ အယံ စုန္ဒော သမဏုဒ္ဒေသော၊ ဤစုန္ဒမည်သော သာမဏေသည်။ (သမဏုဒ္ဒေသလို့ ပါဠိရှိလို့သာ သာမဏေလို့ပြန်ရတယ် အမှန်မှာတော့ အဲဒီအချိန်မှာ အရှင်စုန္ဒဟာ ရဟန္တာ ရဟန်း၊ သို့သော် သာသနာက သူ့ကိုချစ်မြတ်နိုးတဲ့ အနေနဲ့ စုန္ဒ သာမဏေလို့။ အေး....ပရိနိဗ္ဗာန်စံသည်ထိအောင် ယနေ့တိုင်အောင် ခေါ်နေကြတယ်)။ ဒီစုန္ဒသာမဏေသည်။ ဝေဝံ၊ ဤသို့။ အာဟ၊ ပြောဆိုပါတယ်ဘုရား။ ဘယ်လိုပြောသလဲ–

အာယာသ္မာ ဘဒ္ဒေ သာရိပုတ္တော ပရိနိဗ္ဗုတောဝါ[၁]

အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံပြီတဲ့။ ဣဒမဿ ပတ္တစီဝရံ၊ ဟောဒါက အရှင်သာရိပုတ္တရာရဲ့ သပိတ်သင်္ကန်း၊ဟောဒါက အရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်ထည့်ဆားတဲ့ ရေစစ်ပါဘုရားလို့ အရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်တွေထည့်ထားတဲ့ ရေစစ်ကိုကိုင်ပြီးတော့ အရှင်အာနန္ဒာက မြတ်စွာဘုရားရဲ့လက်ထဲထည့်လိုက်တယ်။

ဂါထာငါးရာတို့ဖြင့် အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးမျှားကို ထုတ်ဖော်ဟောကြားတော်မူခြင်း

မြတ်စွာဘုရားကလေ အဲဒီဓာတ်တော်ထည့်တဲ့ရေစစ်ကို ရှေ့လက်ဝါးပေါ်မှာတင်ပြီးတော့ ဟောဒီတရားခန်းမဆောင် ဓမ္မသာလာ ဓမ္မာရုံအတွင်း စည်းဝေးမိကြတဲ့ ရဟန်းတော်တွေကို တခါတည်း တရားနာခံထားပြီးတော့ ဘာအမိန့်ရှိလိုက်သလဲ။

ယော သော ဘိက္ခဝေ ဘိက္ခု ပုရိမဒိဝသေ အနေကာနိ ပါဋိဟာရိယသတာနိ ကတ္တာ ပရိနိဗ္ဗာနံ အနုဇာနာပေသိ။[၂]

ဘိက္ခဝေ၊ ပရိသတ်လေးပါး အုံခြစ်သား ချစ်သမီးတို့။ ယော သော ဘိက္ခု၊ အကြင်ရဟန်းသည်။(ဘယ်သူလဲလို့ဆိုတာ ချစ်သား ချစ်သမီးတို့ စဉ်းစားကြည့်တော့)။ ပုရိမဒိဝသေ၊ ရှေးလွန်ခဲ့တဲ့ တနေ့တုန်းက။ အနေကာနိ ပါဋိဟာရိယသတာနိ၊တန်ခိုးပြာဋိဟာ ရာပေါင်းများစွာတို့ကို။ ကတ္တာ၊ ပြု၍။ ပရိနိဗ္ဗာနံ၊ ပရိနိဗ္ဗာန်ဝင်စံဖို့ရန်။ အနုဇာနာပေသိ၊ ငါဘုရားခွင့်ပြုစေ၏။

၁။ သံ၊၃။၁၄၀။ ၂။ မဟာဝဂ္ဂသံယုတ် အင်္ဂကထာ-၂၅၄။

တဿ ကွဒါနိ ကွမာ သခ်ၤဏ္ဌသန္ဒိဘာ ဓာတုယောဝ ပညာယန္တိ။

ကွဒါနိ၊ ဤယခုအခါဌ်။ တဿ၊ ထိုရဟန်း၏။ သခ်ၤဏ္ဌသန္ဒိဘာ၊ ခရွသင်း ပွတ်သစ်အတူ ဖြူစင်သော အဆင်းရှိကုန်သော။ ကွမာ ဓာတုယောဝ၊ ဤခာတ်တော်တို့သည်သာလျှင်။ ပညာယန္တိ၊ ထင်ကုန်တော့၏။

ပုဂ္ဂိုလ်ဒြပ် ကြေပျောက်သွားပြီ ချစ်သားတို့၊ အဲဒီကွဒ္ဓိရှင် ကိုယ်တော်မြတ်ရဲ့ ခရွသင်းပွတ်သစ်အတူ ဖြူစင်တဲ့ခာတ်တော်များသာ ယခုကျန်တော့တယ်၊ တွေ့ရတော့တယ်၊ မြင်ရတော့တယ်။ ဘယ်သူ ရယ်လို့ မပြောဘူးနော်၊ သာရိပုတ္တရာရယ်လို့မပြောဘူး -

ကပ္ပသတသဟဿာဓိကံ အသင်္ချေယ္ယံ ပုရိတပါရမီ သေ ဘိက္ခဝေ ဘိက္ခု။

ဘိက္ခဝေ၊ ရဟန်းတော်များ အို---ချစ်သားတို့။ သေ သော ဘိက္ခု၊ ထိုရဟန်းသည်။ ကပ္ပသတသဟဿာဓိကံ၊ ကမ္ဘာတသိန်း အလွန်ရှိသော။ အသင်္ချေယ္ယံ၊ အသင်္ချေပတ်လုံး။ ပုရိတပါရမီ၊ ဖြည့်ကျင့်အပ်ပြီးသော ပါရမီရှိတဲ့ ရဟန်းပါပေ။

ချစ်သားတို့ တသင်္ချေနှင့် ကမ္ဘာတသိန်းကြာ ပါရမီကို ဖြည့်ခဲ့တဲ့ ရဟန်းတော်သူမြတ် ပုဂ္ဂိုလ်ပါပေ။

ဒုတိယပုဂ္ဂိုလ်

ပဋိလဒ္ဓဒုတိယအာသနော သေ ဘိက္ခု။

သေ သော ဘိက္ခု၊ ထိုရဟန်းသည်။ ပတိလဒ္ဓဒုတိယအာသနော၊ ငါဘုရားမှထောက် နှစ်ခုမြောက် နေရာကိုရတဲ့ ပုဂ္ဂိုလ်ပါပေ။ သိကြပြီလား-တဲ့ -

---

၁။ မဟာဝဂ္ဂသံယုတ် အဌကထာ။ ၂၅၄။

ဓမ္မစက်ကို လည်စေတတ်သော ပုဂ္ဂိုလ်

မယာ ပဘတ္တိတံ ဓမ္မစက္ကံ အနုပဝတ္တကော သေ ဘိက္ခု။ ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ (လက်ဝါးပေါ်မှာ ခဘတ်တော်တွေ့ ထားပြီးတာ့)၊ သေ သော ဘိက္ခု၊ ဤရဟန်းသည်။ မယာ၊ ငါဘုရားသည်။ ပဝတ္တိတံ၊ လည်စေအပ်သော။ ဓမ္မစက္ကံ၊ ဓမ္မစက်ကို။ အနုပဝတ္တကော၊ သားကြီး ဥပရာဇ်ပမာ နောက်ကလည်စေတတ်တဲ့ ပုဂ္ဂိုလ်မြတ်ပါပေ။

ပုရိတာသာဝကာသန္ဒိပါတော၊ သေ ဘိက္ခု။

ချစ်သားတို့ အဲဒီပုဂ္ဂိုလ်ဟာ နှယ်နှယ်ရရမမှတ်နဲ့၊ သာဝကာသန္ဒိပါတ ဖြစ်ဖို့ချန် ပါရမီကောင်းမှု ကုသိုလ်တွေကို ဆည်းပူးခဲ့တဲ့ပုဂ္ဂိုလ်။

ပညာအရာ မနှိုင်းသောသော ပုဂ္ဂိုလ်

ဌပေတွာ မံ ဒဿဒုံ စက္ကဝါဠသဟဿေသု ပညာယ အသဒိသော သေ ဘိက္ခု။

ဘိက္ခဝေ၊ ရဟန်းတော်များ အို- ချစ်သားတို့။ သေ သော ဘိက္ခု၊ ထိုရဟန်းသည်။ မံ၊ ငါဘုရားကို။ ဌပေတွာ၊ ထား၍။ ဒဿဒုံ စက္ကဝါဠသဟဿေသု၊ စကြဝဠာတိုက်ပေါင်း တသောင်းတို့၌။ ပညာယ၊ ပညာဂုဏ်အားဖြင့်။ အသဒိသော၊ အတုမရှိတဲ့ ပုဂ္ဂိုလ်ပါပေ။

မဟာပညော ဘိက္ခဝေ သေ ဘိက္ခု။

ချစ်သားတို့- ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့။ ဟောဒီဓာတ်တော်ရဲ့အရှင် ပုဂ္ဂိုလ်မြတ်သည်ကား။ မဟာပညော၊ အလွန်ကြီးကျယ်တဲ့ ပညာဂုဏ်ရှင် ရဟန်းတော်မြတ်ပါပေ။

ပုထုပညော ဟာသပညော ဇဝနပညော တိက္ခပညော
နိဗ္ဗေဓိကပညော သေ ဘိက္ခဝေ ဘိက္ခု။

ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဤ ဓာတ်တော်တွေရဲ့ အရှင်ဖြစ်တဲ့ ရဟန်းမြတ်သည်ကား။ ပုထုပည - မြေကြီးအထုကဲ့သို့ ပြန့်ကျယ်တဲ့ပညာ, ဟာသပည - ရှင်တဲ့ပညာ, ဇဝနပည - လျင်မြန်တဲ့ပညာ, တိက္ခပည - တက်မြက်တဲ့ပညာ, နိဗ္ဗေဓိကပည - ကိလေသာတို့ကို ဖောက်ခဲ့နိုင်တဲ့ ပညာရှိတဲ့ ရဟန်းတော် သူမြတ်ပါပေ။

အစ္ဆပ္ပိစသောဂုဏ်ရှင်

အပ္ပိစ္ဆော သေ ဘိက္ခဝေ ဘိက္ခု။

ချစ်သားတို့ ဤဓာတ်တော်ရှင် ကိုယ်တော်မြတ်သည်ကား အပ္ပိစ္ဆ ဂုဏ်ရှင် ဖြစ်တော်မူတဲ့ ရဟန်းပါပေ။

သန္တုဋ္ဌော ပဝိဝိတ္တော အသံသဋ္ဌော အာရဒ္ဓဝီရိယော
စောဒကော ပါပဂရဟီ သေ ဘိက္ခု။

ချစ်သားတို့ - အဲဒီ ဓာတ်တော်ရှင်ဖြစ်တဲ့ ရဟန်းတော်ဟာ သန္တုဋ္ဌ သန္တောသတရား တဆယ့်နှစ်ပါးနှင့်ပြည့်စုံတဲ့ ရဟန်းတော်မြတ်ပါပေ။ ပဝိဝိတ္တ ဝီဝေကသုံးပါးနှင့် အမြဲတစေ ပျော်ပိုက်တဲ့ ပုဂ္ဂိုလ်ပါပေ။ အသံသဋ္ဌ၊ အင်း.... ဂဏသံသဂ္ဂ ကိလေသသံသဂ္ဂ လုံးဝကင်းစင်ပြီး သကာလ ဂိုဏ်းသံဃာနှင့် ကိလေသာနှင့်မရော တပါးတည်း ကာယ ဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေက ဆိုတဲ့ ဝိဝေကသုံးပါး အမြတ်တရား ကို ပွားများတတ်တဲ့ ပုဂ္ဂိုလ်ပါပေ။

အသံသဂ္ဂါ အသံသဋ္ဌော အာရဒ္ဓဝီရိယော- အားသစ်အပ်တဲ့ သမ္မပ္ပဓာန် လုံ့လဝီရိယရှိတဲ့ ရဟန်းပါပေ။ စောဒကော သီတင်းသုံး

ဖေဘ်တို့မှာ အပြစ်ပေါ်လာလျှင် အပြစ်ကိုပြ၍ ဆိုဆုံးမတတ်တဲ့ ပုဂ္ဂိုလ်ပါပေ။ ပါပကရဟီ၊ မကောင်းမှု အကုသိုလ်ကို အမြဲတစေ ကဲ့ရဲ့ရှုတ်ချတတ်တဲ့ ပုဂ္ဂိုလ်ပါပေ။ ကုန်ပြီလားလို့ ဆိုတော့—

ပဥ္စ ဇာတိသတာနိ ပဋိလဒ္ဓမဟာသမ္မတ္တိယော ပဟာယ ပဗ္ဗဇိတော သေ ဘိက္ခု။

ဘိက္ခဝေ၊ ပရိသတ်လေးပါး အံ့ချစ်သားတို့။ သေ ယေသော ဘိက္ခု၊ ထိုရဟန်းသည်။ ပဥ္စ ဇာတိသတာနိ၊ ဘဝငါးရာတို့ပတ်လုံး။ ပဋိလဒ္ဓ-မဟာသမ္မတ္တိယော၊ မိမိရပြီးတဲ့များစ္စာသော စည်းစိမ်တို့ကို။ ပဟာယ၊ ပယ်စွန့်၍။ ပဗ္ဗဇိတော၊ ရှင်ရဟန်းပြုခဲ့တဲ့ ပုဂ္ဂိုလ်ပါပေ။

မမ သာသနေ၊ ငါဘုရား၏ သာသနာတော်၌။ သေ ယေသော ဘိက္ခု၊ ဤစာတ်တော်ရှင်ရဟန်းသည်။ ပထဝီသမခန္တီကော၊ မြေကြီးနှင့် အလားတူတဲ့ ခန္တီအားနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ပါပေ။

မြေကြီးအထုပမာ သည်းခံခြင်းဆိုတဲ့ ဂုဏ်နှင့် ပြည့်စုံတဲ့ရဟန်း တော် တပါးတဲ့။ ကုန်ပြီလားဆိုတော့—

ဆိန္နဝိသာဏသဘသဒိသော သေဘိက္ခု။

ဘိက္ခဝေ၊ ရဟန်းတော်များ အံ့ချစ်သားတို့။ သေ ယေသော ဘိက္ခု၊ ထိုရဟန်းသည်။ ဆိန္နဝိသာဏသဘသဒိသော၊ ဦးချိုကျိုးတဲ့နွားလား နှင့် တူတဲ့ မာန်မာန လုံးဝကင်းရှင်းတဲ့ ရဟန်းတော်သူမြတ်ပါပေ။

စတ္တာလပုတ္တသဒိသနိစစိတ္တော သေ ဘိက္ခု။

ဘိက္ခဝေ၊ ရဟန်းတော်များ အံ့ချစ်သားတို့။ သေ ယေသော-ဘိက္ခု၊ ဟောဒီခာတ်တော်ရှင် ရဟန်းတော်မြတ်သည်။ စတ္တာလပုတ္တ-

သဒိသနီစစိတ္တော၊ ဒွန်းစက္ကားရဲသားပမာ အခါခပ်သိမ်း နှိမ်ချအပ်သော စိတ်ရှိတဲ့ သူတော်မြတ်ပါပေ။

ပဿထ ဘိက္ခဝေ မဟာပညဿ ခာတုယော။

ရေစစ်ထဲက ခာတ်တော်တွေကို လက်ဝါးတော်ပေါ်မှာ သွန်ပြီး ဘော့-ဘိက္ခဒေ၊ ပရိသတ်လေးပါး အိုချစ်သား ချစ်သမီးတို့။ မဟာ-ပညဿ၊ မဟာပညာဂုဏ်ရှင်ပုဂ္ဂိုလ်၏။ ခာတုယော၊ ခာတ်တော်တို့ကို။ ပဿထ၊ ရှုကြကုန်လော့။ ခာတ်တော်တွေကို ဖူးလိုက်ကြ-တဲ့။

ပဿထ ဘိက္ခဝေ ပုထုပညဿ ဟာသပညဿ ဇဝန-ပညဿ တိက္ခပညဿ နိဗ္ဗေဓိကပညဿ အပ်ိစ္ဆဿ သန္တိဋ္ဌဿ ပဝိဝိတ္တဿ အသံသဂ္ဂဿ အသံသဋ္ဌဿ အာရဒ္ဓဝိရိယဿ-စောဒကဿ ခာတုယော။

ချစ်သားတို့ ဟို....အပိစ္ဆပုဂ္ဂိုလ်ကြီး၊ ပုထုပညာ- ဟာသပညာ-ဇဝနပညာ- တိက္ခပညာ နိဗ္ဗေဓိကပညာရှင် ပုဂ္ဂိုလ်ကြီးရဲ့ ခာတ်တော်များကို ကြည့်လိုက်ကြ။ အပိစ္ဆဂုဏ်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရဲ့ ခာတ်တော်များကို ကြည့်လိုက်ကြ။ သန္တောသ ဆယ်နှစ်ပါးနှင့်ပြည့်စုံတဲ့ပုဂ္ဂိုလ်မြတ်ရဲ့ ခာတ်တော်များ၊ ဝိဝေကသုံးပါးကို ပွားများနေတဲ့ ပုဂ္ဂိုလ်မြတ်ရဲ့ ခာတ်တော်များ၊ အာရဒ္ဓဝိရိယ ပုဂ္ဂိုလ်မြတ်ရဲ့ ခာတ်တော်များ၊ အပြစ်ရှိယင် အပြစ်ကိုပြပြီးတော့ ဆုံးမတတ်တဲ့ပုဂ္ဂိုလ်မြတ်ရဲ့ခာတ်တော်များ၊ မကောင်းမှု အကုသိုလ်မှန်ယင် အမြဲတစေကဲ့ရဲ့လေ့ရှိတဲ့ ပါပဂရဟီပုဂ္ဂိုလ်မြတ်ရဲ့ ခာတ်တော်များကို ချစ်သား ချစ်သမီးတို့ ရှုကြည့်ကြလော့။

အဲဒီလို တပိုဒ် တပိုဒ် တပိုဒ် တပိုဒ် ပြောလိုက် ပြောလိုက် ပြော လိုက်၊ ပြောတိုင်း ပြောတိုင်း ဘေးနားက အရှင်အာနန္ဒာမှာတော့

ဖြင့်ယင် ကြောင်ရွှေမှာရောက်နေတဲ့ ကြွက်ဘလေးလို တနည်းအား ဖြင့် ကြောင်လက်က မလွတ်ရမယ့်ကြွက်လို ထောက်ရာတည်ရာကို လုံးဝ မရတော့ဘူး။ သူရတာမရတာထက် မြတ်စွာဘုရားက သံဝေဂအချိန် သံဝေဂတရားကို ဟောရတယ်။

ဘင်ငါးရာ ကာမဂုဏ်ကို ပယ်သောပုဂ္ဂိုလ်

ယော ပဗ္ဗဇိ ဇာတိသတာနိ ပဉ္စ၊
ပဟာယ ကာမာနိ မနောရမာနိ။
တံ ဝိဘရာဂံ သုသမာဟိတိန္ဒြိယံ၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာဝကာပုတ္တံ။[၁]

ဘိက္ခဝေ၊ ပရိသဘ်လေးပါး ချစ်သားချစ်သမီးတို့။ ယော သာရိပုတ္တော၊ အကြင်သာရိပုတ္တရာမထေရ်သည်။ (ဒီကျမှ မထေရ်ရဲ့နာမည်ကို ဖွင့်ပြတယ်) ပဉ္စဇာတိသတာနိ၊ ဘဝငါးရာ အခါတို့ဆက်လျက် ဘဝငါးရာဆက်ဦးတော့။ မနောရမာနိ၊ စိတ်နှလုံးရွင်ပျိုးဖွယ်လျော် ဖွယ်ရှိကုန်သော။ ကာမာနိ၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို၊ ပဟာယ၊ ပယ်စွန့်၍။ ပဗ္ဗဇိ၊ ရဟန်းပြုခဲ့လေပြီ။ ဝိဘရာဂံ၊ ယခုအခါဝယ် ရာဂကင်းပြီးသော။ သုသမာဟိတိန္ဒြိယံ၊ ကောင်းစွာတည်သော ဣန္ဒြေရှိတော်မူသော။ ပရိနိဗ္ဗုတံ၊ ယခုအခါဝယ် အနုပါဒါပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းပြီးဖြစ်သော။ တံ သာရိပုတ္တံ၊ ထိုသာရိပုတ္တရာမထေရ်ကို။ (ဝါ) ထို သာရိပုတ္တရာရဲ့ခေတ်တော်မျှးကို။ ဝန္ဒထ၊ (ဝါ) ဦးသေမြတ်နိုး သင်ချစ်သား ချစ်သမီးတို့ ရှိခိုးကြကုန်။

၁။ သံ၊ ၁။ ၃။ ၂၅၅။

လက်ဝါးပေါ်ကဓာတ်တော်တွေကို ပြပြပြီးတော့....

ခန္ဓိဗလော ပထဝိသမော စ ကုပ္ပတိ၊
စ ဈာပိစိတ္တာဿ ဝသေန ဝတ္တတိ။
အနုကမ္မကော ကာရုဏိကော စ နိဗ္ဗုတော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။[၁]

ဘိက္ခဝေ၊ ပရိသတ်လေးပါး အိုချစ်သား ချစ်ဆမီးတို့။ သာရိပုတ္တော၊ သင်ချစ်သားချစ်သမီးတို့ရဲ့ နောင်ကြီး မောင်ကြီးဖြစ်တဲ့ သာရိပုတ္တရာသည်။ ခန္ဓိဗလော၊ သည်းခံခြင်းအား ရှိသည်ဖြစ်၍။ ပထဝိသမော၊ မဟာပထဝီ ကျိုမြေကြီးနှင့်တူသူဖြစ်၍။ စ ကုပ္ပတိ၊ ဘယ်သောအခါမျှ အမျက်မထွက်။ စိတ္တဿ၊ စိတ်၏။ ဝသေန၊ အလို အကြိုက်ဖြင့်။ စ ဝတ္တတိ၊ ဘယ်သောအခါမျှ လိုက်၍မကျင့်။ (တနား သဘောပဲကျင့်တယ် စိတ်အလိုဘယ်တော့မှမလိုက်ဘူးတဲ့) အနုကမ္မကော စ၊ သူတပါးကိုလည်း စောင့်ရှောက်ဘတ်သည်လည်းကောင်း။ ကာရုဏိကော စ၊ သူတဘက်သားကို သနားလည်း သနားတတ်သည်လည်းကောင်း။ နိဗ္ဗုတော စ၊ ကိလေသပရိနိဗ္ဗာန်ဝင်စံပြီးသည်လည်းကောင်း။ ဟောဘိ၊ ဖြစ်ပါ၏ပေ၏။ ပရိနိဗ္ဗုတံ၊ ယခုအခါဝယ် အနုပါဒါ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းပြီးသော။ တံ သာရိပုတ္တံ၊ ထိုသာရိပုတ္တရာ မထေရ်မြတ်ကို။ (၀၊) သာရိပုတ္တရာ မထေရ်မြတ်ရဲ့ သာရိရိက ဓာတ်တော်အစုကို။ ဝန္ဒထ၊ ရှိသေမြတ်နိုး သင်ချစ်သားချစ်သမီးတို့ ရှိခိုးကြကုန်။

၁။ သံ၊ဋ္ဌ၊၃၊၂၇၅။

ကိုယ်တော်ရဲ့လက်ပေါ်က ဓာတ်တော်တွေပြပြပြီး ရှင်သာရိပုတ္တရာ ရဲ့ဂုဏ်တော်ကျေးဇူး အင်း—ဂါထာတွေဖွဲ့ဆဲ့ပြီးတော့နော်....

စက္ခွာလပုဇတ္တာ ယထာ နဂရံ ပဝိဋ္ဌော၊
နိစမနော စရတိ ကဋ္ဌောပိဟတ္ထော။
တထာ အယံ ဝိဟရတိ သာရိပုတ္တော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။

ဘိက္ခဝေ၊ ပရိသာဘ်လေးပါး အိုခြစ်သား ချစ်သမီးတို့။ စက္ခွာလ-ပုဇ္ဇော၊ ဒွန်းစက္ခွား၏ သားသည်။ နဂရံ၊ မြို့တွင်းသို့။ ပဝိဋ္ဌော၊ ဝင်လာသည်ရှိသော်။ နိစမနော၊ နှိမ့်ချသော စိတ်ရှိသည်ဖြစ်၍။ ကဋ္ဌောပိဟတ္ထော၊ ခွက်ကလေးလက်ဆဲ့လျက်။ စရတိ ယထာ၊ လှည့်လည်ရှာသကဲ့သို့။ (သူဟာ..အရှင်သာရိပုတ္တရာဟာ ငြာဟ္မဏမဟာသာလသဒ္ဒေးကြီးရဲ့သား။ ဒါပေမယ်လို့ ငါဘုရားရဲ့ သာသနာဝင်ပြီးတော့ ဒွန်းစက္ခွားရဲ့ သားကလေးဟာ ခွက်ကလေးလက်စဲ့ပြီး မြို့ထဲမှာ စီဘ်ကလေးနှိမ့်ချပြီးတော့ လှည့်လည်ကျက်စား သူ့ လာသလို) တထာ၊ ထို့အတူ။ ယော သာရိပုတ္တော၊ အကြင်သာရိပုတ္တရာသည်။ နိစမနော၊ အားလုံးသောပုဂ္ဂိုလ်တို့၏အပေါ်မှာ နှိမ့်ချဒဿနသာစိတ်ရှိသည်ဖြစ်၍။ ဝိစရတိ၊ လှည့်လည်ကျက်စား သွားလာနေတော်မူပါပေ၏။ ပရိနိဗ္ဗုတံ၊ ယခုအခါဘယ် အနုပါဒါပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းဘုံဇာဘ်သိမ်းပြီးသော။ တံ သာရိပုတ္တံ၊ ထိုသာရိပုတ္တရာမထေရ်မြတ်ကို။ ဝါ—ထိုသာရိပုတ္တရာ မထေရ်မြတ်၏ သာရီရိကဓာတ်တော်အစုကို။ ဝန္ဒထ၊ ရှိသေမြတ်နိုး သင်ချစ်သား ချစ်သမီးတို့ ရှိခိုးကြကုန်။

ခေတ်တော်ငေတွ ပြ-ပြ-ပြီးတေ့-

ဥသဘော ယထာ ဆိန္နဝိသာဏကော၊
အဟေဋ္ဌယန္တော စရတိ ပုရန္တရေ ဝနေ။
တထာ အယံ ဝိဟာရတိ သာရိပုတ္တော၊
ပရိနိဗ္ဗုတံ ဝန္ဒထ သာရိပုတ္တံ။

ဘိက္ခဝေ၊ ပရိသတ်လေးပါး အိုးချစ်သားချစ်သမီးတို့။ ဆိန္နဝိသာဏကော၊ ဦးချိုကျိုးပြီးသော။ ဥသဘော၊ နွားလားဥသဘသည်။ အဟေဋ္ဌယန္တော၊ မည်သူတဦးတယောက်ကိုမျှ မညှဉ်းပန်းမနှိပ်စက်မူ၍။ ပုရန္တရေ၊ မြို့ရွာအတွင်း၌လည်းကောင်း။ ဝနေ၊ တောင်းလည်းလောင်း။ စရတိ ယထာ၊ လှည့်လည်ကျက်စားသကဲ့သို့။ (ဦးချိုကျိုးတဲ့နွား မာန်မာနမထားပဲ ဘယ်သူ့မှမနှိပ်စက်မညှဉ်းပန်းပဲ မြို့ထဲရွာထဲတောအရပ်မှာ ကွင်းရှေ့ရှေ လှည့်လည်ကျက်စားသလို)။ တထာ၊ ထို့အတူ။ အယံ သာရိပုတ္တော၊ ဤအရှင်သာရိပုတ္တရာသည် ဦးချိုကျိုးတဲ့နွားပမာ။ အဟေဋ္ဌယန္တော၊ မည်သူတဦးတယောက်ကိုမျှ မညှဉ်းဆဲပဲ။ ဝိဟာရတိ၊ ကွရိယာပထ မျှတရှင်ပြုံး သီတင်းသုံးနေထိုင်လေ့ရှိပါ၊ပေ၏။ ပရိနိဗ္ဗုတံ၊ ယခုအခါဝယ် အနုပါဒါပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းပြီးသော။ တံ သာရိပုတ္တံ၊ ထိုသာရိပုတ္တရာမထေရ်မြတ်ကို။ (ပါ) သာရိပုတ္တရာမထေရ်မြတ်၏ သာရီရိကဓာတ်ဘော်အစုကို။ ဝန္ဒထ၊ ရိုသေမြတ်နိုး သစ်ချစ်သားချစ်သမီးတို့ ရှိခိုးကြကုန်။

အဲဒီတရားပွဲမှာ မြတ်စွာဘုရားက ဂါထာကြီးတွေ ဂါထာငါးရာရွတ်သတဲ့၊ အဲဒီဂါထာငါးရာထဲက အဋ္ဌကထာက ဒီ လေးဂါထာကိုပဲထုတ်ပြတယ်။ အဲဒီ ရှင်သာရိပုတ္တရာရဲ့ ဂုဏ်ကျေးဇူးတွေ မြတ်စွာဘုရား

၁။ သံ၊ဋ္ဌ၊၃၊ ၂၅၅။

က တဂါထာရွတ်လိုက် ရှင်အာနန္ဒာက နေစရာမရှိလိုက်၊ မြတ်စွာဘုရားက ရွတ်လိုက် ရှင်အာနန္ဒာက နေစရာမရှိလိုက်။ အဲဒီတော့ ဘာလျောက်တုန်း အရှင်အာနန္ဒာက-

တရားပွဲ၌ မျက်နှာငယ်၍
သောကရောက်နေသော ရှင်အာနန္ဒာ

အပိ စ မေ ဘန္တေ မဓုရကဇာတော ဝိယ ကာယော၊ ဒိသာပိ မေ န ပက္ခာ ယန္တိ၊ ဓမ္မာပိ မံ နပ္ပဋိဘန္တိ 'အာယသ္မာ သာရိပုတ္တော ပရိနိဗ္ဗုတော'တိ သုတ္ဝါ။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား- 'အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံပြီ'ဆိုတဲ့ ဒီသဘင်းစကား ကြားရကတည် က တပည့်တော် ဟာ တယည့်တော်ခဲ့ကိုယ်ဟာ တခါတည်း တောင့်တောင့်ခိုင်ခိုင်ကြီး ဖြစ်သွားတယ်။ အရှေ့ အနောက် တောင် မြောက်အရပ်မျက်နှာတွေ့ ကိုလည်း တပည့်တော် မမှတ်မိတော့ဘူး၊ တပည့်တော် သင်ကြား နေတဲ့ စာတွေလည်း အကုန်မေ့ကုန်တယ်။ အဲဒီလောက် စိတ်ထိခိုက် ပါတယ်မြတ်စွာဘုရား"ဆိုတော့-

မြတ်စွာဘုရာ'က သြော် ..အရှင်အာနန္ဒာမှာ သောကအင်မတန် အားကြီးနေဘယ်။ အားကြီးနေတော့ အရှင်အာနန္ဒာရဲ့သောကငြိမ်းရာ ငြိမ်းကြောင်း တရားကောင်းဟောအုံးမှပဲ ဆိုပြီးတော့-

ကိံ နု ခေါ တေ အာနန္ဒ သာရိပုတ္တော သီလက္ခန္ဓံ ဝါ အာဒိယ ပရိနိဗ္ဗုတော၊ သမာဓိက္ခန္ဓံ ဝါ....ပညာက္ခန္ဓံ ဝါ.... ဝိမုတ္တိက္ခန္ဓံ ဝါ ...ဝိမုတ္တိညာဏဒဿနက္ခန္ဓံ ဝါ အာဒိယ ပရိနိဗ္ဗုတော။

၁။ သံ၊၃။၁၄၀။

ချစ်သားအာနန္ဒာ၊ ငါဘုရားမေးစမ်းပါရစေ....

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ကိုနု ခေါ်၊ ဘယ်နှယ်လဲ။ သာရိပုတ္တော၊ သာရိပုတ္တရာသည်။ တော၊ သင်ချစ်သား၏။ သီလကွန်ခံ ဝါ၊ သီလကျေးဇူးကိုတည်း။ အာဒါယ၊ ယူ၍။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံသွားသလော။ သမာဓိကွန်ခ ဝါ၊ သမာဓိဂုဏ်ကျေးဇူးကိုတည်း။ ပညာကွန်ခံ ဝါ၊ ပညာဂုဏ်ကျေးဇူးကိုတည်း။ ဝိမုတ္တိဉာဏဒဿနကွန်ခံ ဝါ၊ ဝိမုတ္တိဉာဏဒဿနဂုဏ်ကျေးဇူးကိုဘည်း။ အာဒါယ၊ ယူ၍။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံသွားသလား။

ချစ်သားအာနန္ဒာ၊ ငါဘုရားမေးစမ်းပါရစေ – သာရိပုတ္တရာက ချစ်သား၌သီလဂုဏ်တွေ့၊ ချစ်သား၌သမာဓိဂုဏ်တွေ့၊ ချစ်သား၌ပညာဂုဏ်တွေ့၊ ချစ်သား၌ဝိမုတ္တိဂုဏ်တွေ့၊ ချစ်သား၌ဝိမုတ္တိဉာဏဒဿနဂုဏ်ဆိုတဲ့ ဒီကျေးဇူးဂုဏ်ငါးကိုယူပြီးတော့ ပရိနိဗ္ဗာန်စံသွားလို့လား – တဲ့။

ဒီတော့ အရှင်အာနန္ဒာက ပြန်လျှောက် –

> နစ ခေါ် မေ ဘန္တေ အာယသ္မာ သာရိပုတ္တော သီလကွန်ခံ ဝါ အာဒါယ ပရိနိဗ္ဗုတော၊ သမာဓိကွန်ခံ ဝါ– ပညာကွန်ခံ ဝါ– ဝိမုတ္တိကွန်ခံ ဝါ– ဝိမုတ္တိဉာဏဒဿနကွန်ခံ ဝါ အာဒါယ ပရိနိဗ္ဗုတော။

မြတ်စွာဘုရား ...အရှင်သာရိပုတ္တရာ တပည့်တော်ရဲ့ သီလဂုဏ်ကျေးဇူး၊ သမာဓိဂုဏ်ကျေးဇူး၊ ပညာဂုဏ်ကျေးဇူး၊ ဝိမုတ္တိဂုဏ်ကျေးဇူး၊ ဝိမုတ္တိဉာဏဒဿနဂုဏ်ကျေးဇူးတွေ ယူသွားပြီး ပရိနိဗ္ဗာန်စံသွားတာတော့ မဟုတ်ပါဘူး – တဲ့။

ဟာ....သင့်ဇစ္စသ်းဘွေ့ သင်ရဲ့ဂုဏ်ကျေးဇူးတွေ ပါမသွားပဲနဲ့ ဘာပြုလို့ ဒီလောက်တောင်မှ သောကဖြစ်ရတာလဲ။

အပိစ မေ ဘန္တေ အာယသ္မာ သာရိပုတ္တော။

မြတ်စွာဘုရား သူမျှားထက် ထူးခြားတာကို ပြောရလို့ ရှိယင် အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ဘာလုပ်တတ်သတုံး။ သြဝါဒ-ဒကော အဟောသိ။ ဆုံးမစရာရှိယင် ကျကျနန ဆုံးမတတ်တယ်။ "သြတိဏ္ဏော" = သက်ရောက်လာတဲ့ ဝတ္ထုတိုင်း ဝတ္ထုတိုင်းမှာ ဝတ္ထုနှင့် လျော်အောင် တရားစကား ဟောပြတတ်ပါတယ်။

ဝိညာပကော သန္ဒဿကော သမာဒပကော သမုတ္တေဇ-ကော သမ္မဟံသကော။

သူတဖက်သားကို နားလည်အောင်လဲ တရားဟောတတ်တယ် ဘုရား-တဲ့။ တရားကို နားလည်အောင် ပြတတ်တယ်၊ သူတဖက်သားကို တရားကို မဆောက်တည် ဆောက်တည်အောင် ဆောက်တည်နေတတ် တယ်။ သူရဲ့တရားကိုနာရယင် တဖက်သားက စိတ်နှလုံး ရွှင်ပြုံးသွား တာပဲ။ စိတ်နှလုံးကို ရွှင်ပြုံးဝမ်းမြောက်စေတတ်တယ်။ အဲ့သြစရာ ကောင်းတာက-

အကိလာသု ဘန္တေ အာယသ္မာ သာရိပုတ္တော ဓမ္မ-ဒေသနာယ၊ အနုဂ္ဂါဟကော သဗြဟ္မစာရီနံ။

ဘန္တေ၊ မြတ်စွာဘုရား။ အာယသ္မာ သာရိပုတ္တော။ အရှင်သာရိ-ပုတ္တရာသည်။ ဓမ္မဒေသနာယ၊ တရားဟောဖို့ရာဆိုယင်။ အကိလာသု၊ နည်းနည်းမျှ ဝန်မလေးပါဘူးဘုရား။ သဗြဟ္မစာရီနံ၊ သီတင်းသုံးဖော် တို့ကို။ အနုဂ္ဂါဟကော၊ ချီးမြှောက်တတ်ပါတယ်ဘုရား။

ဒီပြင် ကိုယ်တော်ကို တရားဟောစမ်းပါဆိုယင် တပည့်တော်ခေါင်းခဲ လို့၊ တပည့်တော်ဗိုက်နာလို့၊ ရင်နာလို့၊ တကတဲ့ ဘာတွေညာတွေ အင်မတန်ရှပ်။ အရှင်သာရိပုတ္တရာကိုသာ တောင်းပန်လိုက်လို့ရှိယင်

တခါတည်း ခေါင်းခဲတယ်လဲ မပြောဘူး၊ လေနာတယ်လဲမပြောဘူး နှာစေးနေပါတယ်လဲ မပြောဘူး၊ ချောင်းဆိုးနေတယ်လို့လဲ မပြောဘူး၊ တရားဟောဖို့ရန် နဲနဲမှ ဝန်မလေးဖူးဘူးဘုရား။ အရှင်သာရိပုတ္တရာက တရားဟောဖို့ရန်ဆိုယင် သိပ်ပြီးတော့ လွယ်ကူတာဘုရား။

တံ မယံ အာယသ္မတော သာရိပုတ္တဿ ဓမ္မောဇံ ဓမ္မဘောဂံ ဓမ္မာနုဂ္ဂဟံ အနုဿရာမ။

တပည့်တော်များဟာ အရှင်သာရိပုတ္တရာရဲ့ လျှောက်ဆိုရာမှ တရားတည်းဟူသော အသုံးအဆောင် တရားဖြင့်ချီးမြှောက်ခြင်းကို အမြဲတမ်း အမှတ် ရရ,ရရ နေပါတယ် ဘုရားလို့ လျှောက်ထားတော့မှ- မြတ်စွာဘုရားက အင်း- အာနန္ဒာရဲ့ သန္တာန်မှာ သောကပရိဒေဝ ဖြစ်တာက အင်မတန် အင်မတန် လေးလေးနက်နက်ကြီးဖြစ်နေတယ်၊ ဒီ သောကမီးငြိမ်းအောင်-

နန္ဒ တံ အာနန္ဒ မယာ ပဋိကစ္စေဝ အက္ခာတံ။

ချစ်သား အာနန္ဒာ- ငါဘုရား ယခုပြောမယ့် တရားစကားကို အစောကြီးက ချစ်သားကို ဟောပြီးသား မဟုတ်ဘူးလား။

သောကပျောက်ကြောင်းတရား

သမ္ဗေဟေဝ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ အညထာဘာဝေါ။

မိမိချစ်နှစ်သက်အပ်သော မိဘ ဆွေမျိုး အစရှိတဲ့ ပုဂ္ဂိုလ်များနှင့် ဇာတိအားဖြင့် အသီးအခြား ဖြစ်ရခြင်း၊ မရဏအားဖြင့် ကွဲကွင်းရခြင်း၊ ဘဝအားဖြင့် တမျိုးတဖုံ ဖြစ်ရခြင်းဆိုတဲ့ နာနာဘာဝ, ဝိနာဘာဝ, အညာထာဘာဝ တရား၊ မလွန်မြောက်နိုင်ဘူးဆိုတာ ငါဘုရား အစောကြီးက ဟောထားတယ် မဟုတ်ဘူးလား။

ယံ တံ ဇာတံ ဘူတံ သခ်ံတံ ပလောကဓမ္မံ၊ တံ ဝတ မာ ပလုဇ္ဇီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

ချစ်သား အာနန္ဒာ၊ ဖြစ်တိုင်း ဖြစ်ဝိုင်းသော သခ်ံတဓာတ်တရား ပျက်စီးတတ်တဲ့ သခ်ံတတရားကို မပျက်စီးပါနှင့်လို့ တားမြစ်ဖို့ရန် လုံးဝ အကြောင်းမရှိဘူး၊ ပျက်စီးချိန်ကုယင် ပျက်စီးတာပဲ။ ဖြစ်တဲ့ တကယ့်ဖြစ်ရပ်ကို ပြောရလို့ရှိယင်-

သေယျထာပိ အာနန္ဒ မဟာတော ရုက္ခဿ တိဋ္ဌတော သာရဝဏတော။

ချစ်သား အာနန္ဒာ- ဥပမာပြောရယင်လေ အလွန်ကြီးတဲ့ အနှစ်ရှိတဲ့ သစ်ပင်ကြီး မားမားမတ်မတ် ကြံ့ကြံ့ခိုင်ခိုင် တည်နေယင်းက-

ယော မဟန္တတရော သာခေါ သော ပလုဇ္ဇေယျ။

မဟန္တတရော၊ အကြီးဆုံးသော။ ယော သာခေါ၊ အကြင် အကိုင်းကြီးသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုအကိုင်းကြီးသည်။ ပလုဇ္ဇေယျ သေယျထာပိ၊ ကျိုးကျသကဲ့သို့။ အေး- အရှေ့ အနောက် ယူဇနာတရာကျယ်ပြန့်တဲ့ သစ်ပင်ကြီးတခု အရှေ့ကိုထွက်တဲ့ အကိုင်းက ယူဇနာ ငါးဆယ်၊ အနောက် ကိုထွက်တဲ့ အကိုင်းက ယူဇနာ ငါးဆယ်၊ တောင်ကို့မြောက်ကို ထွက်တဲ့အကိုင်းက ယူဇနာငါးဆယ်။ အဲဒီလို ရှိတယ်။အင်မတန် ခိုင်ခံ့ပါတယ်ဆိုတဲ့ အနှစ်သာရရှိသော သစ်ပင်ကြီးမှ တောင်ဘက်က အကိုင်းကြီးတခု ကျိုးသွားပြီ ဆိုယင် အဲဒီကျိုးသွားတဲ့ အကိုင်းကြီးရဲ့နေရာမှာ အနှစ်တရာ အတွင်းမှာသာ မဟုတ်ဘူး၊ ဒီသစ်ပင်ကြီး တသက်မှာတော့ ဒီအကိုင်းကြီးရဲ့အစား ပြန်မရောက်တော့ဘူး။

အဲဒါလို အဲဒါလို-

ဧဝမေဝ ဧခါ အာနန္ဒ မဟာတော ဘိက္ခုသံဃဿ တိဋ္ဌတော သာရဝတော သာရိပုတ္တော ပရိနိဗ္ဗုတောဘ။

အာနန္ဒ၊ ချစ်သား **အာနန္ဒာ**။ ဧဝမေဝ ဧခါ၊ ဤအတူပင်။ မဟာတော၊ ကြီးစွာသော။ ဝါ၊ မျှားစွာသော။ သာရဝတော၊ သီလ တည်းဟူသော အနှစ်, သမာဓိအနှစ်, ပညာအနှစ်တည်းဟူသော အနှစ် ပြည့်စုံသော။ ဘိက္ခု သံဃဿ၊ ရဟန်း သံဃာ၏။ ဝါ- ရဟန်းသံဃာ တည်း ဟူသော သစ်ပင်ကြီးသည်။ တိဋ္ဌတော၊ မားမားမတ်မတ် ကြွံကြွံခိုင်ပြီး တည်နေစဉ် အတွင်းမှာပင်။ သာရိပုတ္တော၊ လက်ယာ တောင်ကိုင်းနှင့် တူတဲ့ သာရိပုတ္တရာ၊ ငါဘုရား၏ လက်ယာတော်ရံ တပည့်ကြီးသည်။ ပရိနိဗ္ဗုတောဘ၊ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ် သိမ်းခဲ့လေပြီ။

သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတာကဖြင့် အဲဒီသစ်ပင်ကြီး တောင်အကိုင်း ကျိုးသလို နောက်ထပ် အစားထိုးလို့ ဒီသာသနာမှာ မရတော့ဘူး။

တံ ကုတော်ထ အာနန္ဒ လဗ္ဘာ ယံ တံ ဇာတံ ဘူတံ ပလောကမမ်ဟံ တံ ဝတ မာပလုဇ္ဇီ'တိ နေတံ ဌာနံ ဝိဇ္ဇတိ။

ချစ်သား အာနန္ဒာ ဖြစ်တဲ့ သခ်ၤတ တရားမှန်သမျှ မဖြစ်ပါနှင့် မပျက်ပါနှင့်လို့ အဲဒီလိုတောင့်တလို့ ဘယ်လိုနည်းနှင့်မှ မရဘူး၊ ဒီလိုတောင့်တလို့ မရနိုင်တဲ့ အကြောင်းလဲပဲ လုံးဝမရှိဘူး....ချစ်သား အာနန္ဒာ။အဲဒီ၁တာ့ ဘယ်နှယ်လုပ်ရမလဲ။

မိမိကိုယ်နှင့် တရားကိုသာ အားကိုးရန်

တသ္မာတိဟာနန္ဒ အတ္တဒီပါ ဝိဟရထ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။တသ္မာ၊ထိုရကား။။ (သာရိပုတ္တရာ ပရိ-နိဗ္ဗာန်စံသွားခြင်းသည်၊ သာသနာ့ သစ်ပင်ကြီး တောင်ကိုင်းကျိုးတာ။။ ဖြစ်ပေါ်လာတဲ့ သခ်ါရ တရားတွေ ကို မပျက်ပါနှင့်လို့ ဘယ်လို နည်း နှင့်မျှ တား၍ မရနိုင်ရကား....ကိုယ့်အလုပ် ကိုယ်လုပ်) တုမ္ပေပိ၊ သင်ချစ်သားတို့သည်လည်း။ အတ္တာဒီပါ၊ မိမိကိုယ်လျှင်မှီခိုရာ ကျွန်း ရှိကုန်သည်ဖြစ်၍။ အတ္တာသရဏာ၊ မိမိကိုယ်လျှင် ကိုးကွယ်ရာ ရှိကုန် သည်ဖြစ်၍။ အနညသရဏာ၊ သူတပါးကို မကိုးကွယ်ကြကုန်သည်ဖြစ် ၍။ ဓမ္မဒီပါ၊ တရားလျှင် ကိုးကွယ်ရာ ရှိကုန်သည်ဖြစ်၍။ ဓမ္မသရဏာ၊ တရားလျှင် မှီခိုရာရှိကုန်သည်ဖြစ်၍။ အနညသရဏာ၊ တရားမှတပါး မှီခိုရာ မရှိကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်။

ကိုယ့်ကိုယ်ကို အားကိုး၊ ကိုယ့်ကိုယ်ကိုပဲ မှီခိုပြီးတော့နေကြ။ တရားကိုအားကိုး၊ တရားကိုပဲ မှီခိုပြီးတော့ နေကြ၊ဘယ်လိုနေရမလဲ –

ကထဉ္စာနန္ဒ ဘိက္ခု အတ္တာဒီပေါ် ဝိဟရတိ အတ္တာသရဏော
အနညသရဏော ဓမ္မဒီပေါ် ဓမ္မသရဏော အနညသရဏော။

ချစ်သား အတ္တာဒီပ၊အတ္တာသရဏာ၊ အနညသရဏာ၊ဓမ္မဒီပ၊ ဓမ္မ သရဏာ အနညသရဏာ။ မိမိကိုယ်သာလျှင် မှီခိုရာ ကိုင်းကျွန်းရှိ, မိမိကိုယ်သာ လျှင် ကိုးကွယ်ခို, တခြားကို ကိုးကွယ်မှု အားကိုးမှု မပြုပဲ, တရား သာလျှင် မှီခိုရာ ကိုင်းကျွန်းရှိ, တရားသာလျှင် ကိုးကွယ်ရာရှိ၊ တရားမှတပါး အခြားအားကိုးရာမရှိပဲ နေတယ်ဆိုတာ ဘယ်လိုနေတာ လဲ တရားကို အားကိုးပါ၏လို့ ဒီလိုပြောခဲ့နေတာလား ဆိုတော့ ဒီလိုမဟုတ်ဘူးတဲ့....ဘယ်နှယ်တုံး –

သတိပဋ္ဌာန်လေးပါး

ဣဓာနန္ဒ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ-ဒေါမနဿံ။[၁]

ချစ်သား အာနန္ဒာ ကိုယ့်ကိုယ်အား၊ တရားကိုအား၊ ဆိုတာ တခြားမဟုတ်ဘူး။ အာတာပီ သမ္မပ္ပဒါန် လုံ့လဝီရိယရှိရမယ်၊ သမ္ပဇာနော-သမ္ပဇာဉ် ငါးပါး အသိဉာဏ်တရားရှိရမယ်၊ သတိမာ-အမြဲသတိလင်းတဲ့ သတိရှိရမယ်၊ လောကမှာ ဖြစ်ပေါ်တတ်တဲ့ အဘိဇ္ဈာ ဆိုတဲ့ လောဘတရား၊ ဒေါမနဿဆိုတဲ့ ဒေါသ, အဲဒီတရား ဖယ်ရှားပြီးတော့ ဟောဒီ ရူပကာယ ကိုယ်ပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အဇနနှင့် မရှုပဲနှင့် ရုပ်ကာယ အနေနှင့် အဖန်ဖန် ရှုရှုနေရမယ်....ကာယာနုပဿနာ။

ဝေဒနာ တရားတို့ဋ္ဌ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး အနေနှင့် အရှုမခံပဲနဲ့ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဝေဒနာအမှန်ကိုသာ တရားမှန်ကိုသာ ရှုပြီးတော့ နေရမယ်၊

စိတ်တဆယ့်ခြောက်ပါး အပြားရှိတဲ့ စိတ်ကို တဆယ့်ခြောက်ပါး အပြားရှိသော စိတ်အနေနှင့်သာ ရှုနေရမယ်၊ ပုဂ္ဂိုလ် သတ္တဝါ-ငါ သူတပါး ယောကျ်ား မိန်းမအနေနှင့် မရှုရ၊

အေး....ကျန်တဲ့ သညာ သင်္ခါရ-အစရှိတဲ့ ဓမ္မမျိုးကိုလည်းပဲ ဓမ္မအနေနှင့်သာ ရှုရမယ် ပုဂ္ဂိုလ် သတ္တဝါ ငါ သူဘပါး ယောကျ်ား မိန်းမ အနေနှင့် မရှုရ။

၁။ သံ၊ ၃။ ၁၄၁။

ကာယေ ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာသု ဝေဒနာ-နုပဿနာသတိပဋ္ဌာန်၊ စိတ္တေ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မေသု ဓမ္မာနုပဿနာသတိပဋ္ဌာန် ဆိုတဲ့ သတိပဋ္ဌာန်လေးပါး မိမိနှစ်သက်ရာ တပါးပါးနှင့် နေ—

အေး-သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်း တပါးပါး စီးဖြန်းနေလို့ ရှိယင် အဲဒီသတိပဋ္ဌာန်လေးပါး တပါးပါးနှင့်နေတာ ဖြစ်ပါလိမ့်မယ်၊ ကိုယ်နှလုံးသွင်းနေက၌ ကမ္မဋ္ဌာန်းတခုခုနှင့် နေမယ်ဆိုယင်ပေါ့လေ အဲဒီသတိပဋ္ဌာန်လေးပါးနဲ့နေတာ ဖြစ်နေပါတယ်။

အဲဒီလိုနေယင် ဘာဖြစ်သလဲ၊ အဲဒီလို နေလို့ရှိယင် အတ္တဒီပ အတ္တသရဏ၊ အနညသရဏ ဓမ္မဒီပ ဓမ္မသရဏ အနညသရဏ နေတာ မည်တယ် ချစ်သား။

ဝေံ ခေါ အာနန္ဒ ဘိက္ခု အတ္တဒီပေါ ဝိဟရတိ အတ္တသရ-ဏော အနညသရဏော ဓမ္မဒီပေါ ဓမ္မသရဏော အနညသရ-ဏော။

ဒါဖြင့်ယင် အဲဒီတရားက ကိုယ်တော်ရဲ့ မျက်ဓမ္မာက်လုက်ထက်နှင့် သာဆိုင်တဲ့ တရားဘင်ပါရဲ့လို့ ဖြစ်နေမှာစိုးလို့ မြတ်စွာဘုရားက—

ယေ ဟိ ကေစိ အာနန္ဒ တေရဟိ ဝါ မမစ္စယေ ဝါ အတ္တဒီပါ ဝိဟရိဿန္တိ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ယေဟိ ကေစိ၊ အမှတ်မထင် အကြင် သူတို့သည်။ တေရဟိ ဝါ ငါဘုရားသင်ရှားခဲ့တဲ့ ပုံစုအခါဌ်ဖြစ်စေ။ မမစ္စယေ ဝါ၊ ငါဘုရားမရှိသည့် နောက်အဖို့ဌ်ဖြစ်စေ။ အတ္တဒီပါ၊ မိမိလျှင် မှီခိုရာ ကိုင်းကျန်းရှိကုန်သည်ဖြစ်၍။ အတ္တသရဏာ၊ မိမိလျှင် ကိုးကွယ်ရာ ရှိကုန်သည်ဖြစ်၍။ အနညသရဏာ၊ မိမိမှတပါး အခြားမည်သူကိုမျှ အား

မကိုးကြဂုန်ပဲ။ ဓမ္မဒီပါ တရားလျှင် မှီခိုရာ ကိုင်းကျွန်းရှိကုန်သည် ဖြစ်၍။ ဓမ္မသရဏာ၊ တရားလျှင်ကိုးဂ.ယ်ရာ ရှိဂ.ုန်သည်ဖြစ်၍။ အနည်းသရဏာ၊ တရားမှတပါး အခြားဘယ်အရာကိုမှ မကိုးကွယ်ကြဂုန်ပဲ။ ဝိဟရိဿန္တိ၊ သတိပဋ္ဌာန်လေးပါး တရားဖြင့် နေကြကုန်လိမ့်မည်။

တေရဟိ ဝါ အာယတိ ဝါ။

ယခုမျက်မှောက်ပဲဖြစ်ဖြစ် နောက်အခါမှာပဲဖြစ်ဖြစ်တဲ့ ဘယ်သူရယ် မဟုတ်ဘူး အမှတ်မဂ.ဉ် အကြင်ပုဂ္ဂိုလ်တို့အား သတိပဋ္ဌာန်လေးပါး တရားနှင့်နေကြပြီဆိုလို့ရှိရင်-

တမတဂ္ဂေ မေတေ အာနန္ဒ ဘိက္ခု။ ဘဝိဿန္တိ၊ ယေ ကေစိ သိက္ခာကာမာ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ သိက္ခာကာမာ၊ သိက္ခာသုံးပါး လိုလာကြကုန်သော။ ယေကေစိ၊ အမှတ်မထင် အကြင်ရဟန်းတို့သည်။သန္တိ၊ ရှိကုန်၏။ မေတေ၊ သိက္ခာသုံးပါး လိုလားကြတဲ့ သတိပဋ္ဌာန်လေးပါး ပွားများကြတဲ့။ ဘိက္ခု။၊ ရဟန်းတို့သည်။ တမတဂ္ဂေ အဂ္ဂမဂ္ဂေမွေ၊ အမြတ်ဆုံး ဆိုတဲ့ အရဟာတ္တဖိုလ်၌။ ဘဝိဿန္တိ၊ ဖြစ်ကြ ရောက်ကြ ပေလိမ့်မည်။

ငါ ဘုရား ရဲ့ မျက်မှောက် မှာ ပဲ ဖြစ်ဖြစ်၊ ငါ ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့ နောက်အခါမှာပဲ ဖြစ်ဖြစ် သတိပဋ္ဌာန်လေးပါး ပွားများ၍ မိမိကိုယ်ကို မှီခိုရာ ကိုင်းကျွန်းရှိပြီးနေမည်ဆိုယင် သိက္ခာကာမ ထိုပုဂ္ဂိုလ်များဟာ အရဟာတ္တဖိုလ်သို့ ရောက်ဆိုက်ကြမှာ အမှန်ပဲလို့-

အဲဒီလို စုန္ဒသုတ်ကို အရဟာတ္တဖိုလ်နှင့် နိဂုံး အဆုံးတော်ပြီး ဟောပါတယ်။

စုန္ဒသုတ္တန် နိဒါန်း

"အေး သတိပဋ္ဌာန်တရုးလေးပါး ပွားယင်ကိုယ်တော် မျက်မှောက်မှာပဲဖြစ်ဖြစ် ကိုယ်တော်ပရိနိဗ္ဗာန်စံပြီးတဲ့ နောက်အခါမှာပဲဖြစ်ဖြစ် အဲဒီသတိပဋ္ဌာန်ပွားများတဲ့ သိက္ခာလိုလားအပ်ကြီးကျင်းသား အပ်ကြီးကျင်း သမီးများဟာ အရဟတ္တဖိုလ် ပေါက်ရောက်ကြမှာ ကောန်ပါလို့၊ ဒီ စုန္ဒသုတ္တန် ဒေသနာတော်မြတ်ကို မြတ်စွာဘုရား အရဟတ္တဖိုလ် အထွဋ်တပ်ပြီးတော့ တရုးနိဂုံးသုံးပါတယ်။

ဤသို့လျှင် စုန္ဒသုတ္တန် ဒေသနာတော်မြတ်နှင့်စပ်သော ဒေရှင် သာရိပုတ္တရာမထေရ်မြတ်၏ ပရိနိဗ္ဗာန်သံဝေဂမပွတန်း နာကြားရခြင်းတည်းဟူသော မြေသဝန်ကျင်းမှု ကုသိုလ်ကံစေတနာ၊ သရဏာဂုံ သီလဆောက်တည်ရခြင်း သီလမယ ကျင်းမှုကုသိုလ်ကံ စေတနာ၊ဓမ္မသဘင်ဆင်ယင်ကျင်းပ၍ မြို့တော်လေးပြင် သူတော်ဧင် တို့အား တရုးအလှူတည်းဟူသော အမြိုက်အလှူ ပေးလှူရခြင်း တည်းဟူသော ဓမ္မဒါန အာမဘဒါန ကျင်းမှုကုသိုလ်ကံစေတနာ။ ဤသို့စသည်များမြတ် ပေါင်းအပ်သောကုသိုလ် အရပ်ရပ်တို့ကြောင့် အရှင်သာရိပုတ္တရာမတေရ်မြတ်တို့ မျက်မှောက်ပြုအပ်သော သန္တိလက္ခဏာအစွဲတိမ်သ အနိဇ္ဇတ္တ ပစ္စုပဋ္ဌာန်ရှိသော အသခ်္ခတဓာတ် နိဗ္ဗာန်ပရမတ်ကို သုခပဋိပဒါခိပ္ပါဘိညာ၊ တောင့်တအပ်သောမဂ်ဉာဏ် လေးရပ်ဘို့ဖြင့် အရဟတ္တဖိုလ်ပေါက် တို့တတွေ့မျက်မှောက်ပြုရပါလို့သော-လို့လဲ ဆုတောင်းကြပါ၊ အရဟတ္တဖိုလ်ပေါက်မှုက်မှောက်ပြုနိုင်ကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နိုင်ကြပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသည့် ထိုနောက်ဆုံး ပစ္ဆိမဘဝဝယ် စရမ်းက စုတိ၏အခြားမဲ့ နောက်ကာလ၌ ကစုံဟုခု

သော ဘဂ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ၊ သတ္တနိကာယမှာမှ ရွပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တဖန် အာသစ် မဖြစ်ခြင်းတ သ်းဟူသော အနုပ္ပါဒနိရောဓအနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီစံ ကြပါစေကုန်သတည်း။

အနုပါဒါပရိနိဗ္ဗာန်ကိုယ်စီစံရသဖြင့် ကမ္မဝဋ် ကိလေသဝဋ် ငိပါက ဝဋ်ဘည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးပုံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု။

စုန္ဒသုတ္တန်တရားတော် ပြီးပြီ။

ဗဟုခိတရသုတ္တန်ဘာရားခဘာ်

အခက်အခဲ ဆင်းရဲဒုက္ခတွေ ထပ်တလဲလဲ ဝေ့ကြုံ၍
ညည်းညူနေကြသူများ တရားရစေရန်
ရည်သန်ဟောကြားခြင်း

ကောဇာသက္ကရာဇ် ၁၃၃၀-ပြည့်၊ သာသနာတော်နှစ် ၂၅၂၁-ခုနှစ်၊ တောင်သလင်းလဆန်း ၆-ရက်နေ့၊ မင်းကွန်း ဓမ္မနာဒတိုက်၊ မဟာဗန္ဓုလခမ္မာဓိဋ္ဌာ၊ မန္တလေးမြို့ ဇရုခတ်ပင်း အလှူဒါယကာ ကိုဘိုးက၊ အလှူဒါယိကာမ မလှယဉ် တို့၏ ရှင်ပြုရဟန်းခံပွဲအတွက် ဟော ကြားအပ်သော သံယုတ္တ-နိကာယ်၊ ဗြာဟ္မဏသံယုတ် ပဒေသတော် အရဟန္တဝဂ် ဆယ်ခု မြောက်ဖြစ်သော ဗဟုဓိတရသုတ္တန် တရားလို—။

ဘုန်းကြီးဟောမယ့်တရားကို ဗဟုဓိတရသုတ္တန်လို့ခေါ်ပါတယ်။ ပစ္စေကဗုဒ္ဓါ တရားတော်ချည်းတည်း ဟောပြန်တော့ ကြာတော့လဲ ပစ္စေကဗုဒ္ဓါတွေကို ကြားရဖန်များတော့ နည်းနည်း ပစ္စေကဗုဒ္ဓါ အသံကိုက ငြီးငွေ့တဲ့ နိဗ္ဗိန္ဒဿံပါရတယ်။ အဲဒီတော့ အခုလိုတရားပဲ့ မှာ စိတ်ထဲမှာပေါ့လေ၊ တွေးတော့ပြီးတော့ ရှင်လောင်းဝမ်းမြောက်စေ နိုင်တဲ့ သုတ္တန်လို့သဘောရတယ်။ ဒီသုတ္တန်ကို ဟောချင်ပါတယ်။

သတ္တဝါတို့၏ ကိုးစားရာ ဗုဒ္ဓဂုဏ်တော်

အနာထပိဏ္ဍသော နာထောဘယာနံ အဘယံ ကရေ။
ကခ်ဥ္ဇ ဗဟူနံ ဆေဒါ၊ သုခေတာ စက္ကဝတ္တိရောဘ။

ဟောစဉ် (၃) ခု—ပါမောဇ္ဇ

သော၊ ထိုအကျွန်ုပ်တို့၏ဆရာ ဘုရားမြတ်စွာသည်။ အနာထာနံ၊ ကိုးကွယ်ရာမဲ့သူ နတ် လူ ဗြဟ္မာ သတ္တဝါတို့၏။ နာထော စ၊ မှီခိုကိုးစား အားထားရာလည်း ဖြစ်တော်မူပါပေ၏။ ဘယာနံ၊ ဘေးရောက်လာသူ နတ်လူဗြဟ္မာ သတ္တဝါတို့၏။ အဘယံ ကရော စ၊ ဘေးကင်းအောင်အမူ ပြုလည်းပြုဘော်မူတတ်ပါပေ၏။ ပဟာနံ၊ ယုံမှားသံသယရှိလာ မျှားစွာသော သတ္တဝါတို့၏။ ကခ်ဥ္ဆာ၊ သို့လော သို့လော တွေးကောယုံမှား ကခ်ါတရားကိုလည်း။ ဆေဒါ၊ အမြစ်ပြတ်အောင် ပယ်ဖြတ်တော်မူနိုင်ပါပေ၏။ သုခေတာ၊ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာတရား ဖြစ်ပွားစေတော်မူပါပေ၏။ စက္ကဝတ္တကော၊ ကဿပမြတ်စွာ သာသနာကွယ်ပ ထိုအချိန်ကစ၍ ရပ်စဲ၍နေပေသော ဓမ္မစက်ကို တဖန် လည်စေတော် မူတော်ပါပေ၏။

မြတ်စွာဘုရား၌ ဂုဏ်တော်ထဲမှာ သမုဒ္ဒမှုရေထဲက ခရုကြည် တခေါက် ကိုက်ကျေးသလို သင်္ဘော ဆရာတော်ဘုရားကြီးများက မြတ်စွာဘုရား၌ ဂုဏ်တော် ဇာသမုဒ္ဒရာရေထဲက ကြည်သို ဖွယ် ဂုဏ်တော်များ၊ ဂုဏ်တော်ဇာပိုဒ် ရေကြည်ကို သောက်စေဆိုပြီးတော့ တို့ အစီအစဉ်ယူ သုံးလေးလာကထုတ်ထား ငါတို့ မြတ်စွာဘုရားသည် မှီခိုကိုးစား အားထားရာမဲ့သူ နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ မှီခိုကိုးစားအားထားရာ နာထဂုဏ်ကြီးရှင်လည်း ဖြစ်တော်မူပါပေ၏။ တကြိမ်ချီးကျူးလိုက်တယ်။

ဘေးဆောက်လာသူ နတ်လူဗြဟ္မာ သတ္တဝါတို့၏ ဘေးကင်းအောင် အမူ ပြုတော်မူတတ်တဲ့ အာဘယံကရဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ယုံမှားသံသယဖြစ်၍ မနေသာ · မတတ်သာ ရောက်ဆိုက်လာတဲ့ သတ္တဝါတို့ရဲ့ ကခ်ါ ယုံမှား ၁၆-ပါးကိုလည်း အနုသယ အမြစ်ပြတ်အောင် ပယ်ဖြတ်တော်မူတတ်တဲ့ ကခ်ဆေဒဂုဏ်ကျေးဇူးနှင့်

လည်း ပြည့်စုံတော်မူပါပေ၏။ လူနတ် ဗြဟ္မာ သူ့ပါတို့အား လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာတရားကို ဖြာပွားစေတတ်တဲ့ သုခေတ ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ဘယ်ရဟန်း, ဘယ်ပုဏ္ဏား, ဘယ်နတ်, ဘယ်ဗြဟ္မာမှ မသည်စေနိုင်တဲ့ ဟဿပမ္ဘတ်စွာသာသနာကွယ်ချိန် ကစ၍ရပ်နေခဲ့တဲ့ ဓမ္မစက်ကြီးကိုလဲပဲ သွက်သွက်လည်စေတော်မူတဲ့ စက္ကဝတ္တိကဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

ဘုရားရဲ့ဂုဏ်ကို ချီးမွမ်းသောအားဖြင့် ပဏာမပြုခြင်း ဖြစ်ပါတယ်။ အဲဒီဂုဏ်ထဲမှာ သတ္တဝါတို့၏ ကိုးစားရာဖြစ်ပုံကို အခု ဗဟုဓိဂရသုတ္တန်နှင့်လဲပဲ ဖော်ပြနိုင်ပါတယ်။ ဗဟုဓိဂရသုတ္တန်ဆိုတာ မြတ်စွာဘုရား ကောသလတိုင်း ဇေတဝန်ကျောင်းတိုက်၌ နေတော်မူစဉ် ဟောတာတဲ့။

ဗဟုဓိတရပုဏ္ဏား

ကေ သမယံ ဘ..ဝါ ကောသလေသု ဝိဟရတိ အညတရသ္မိံ ဝနသဏ္ဍေ။

အခါတပါး မြတ်စွာဘုရားသည် ကောသလတိုင်း ဒေဝင်အပါတောအုပ်ဝန်မှာ သီတင်းသုံးနေထိုင်တော်မူခိုက် ဖြစ်ပါတယ်။ ဒီတောအုပ်ထဲမှာမှ ဘာပြုလို့ သွားနေရကာဝန်းဆိုဝေ့-

တနေ့သ၌ နံနက်စောစောထ သတ္တဒလေးကို ကြည့်တော်မူတဲ့ အခါ ဗဟုဓိတရခေါ်သော ဘာရဒ္ဒါဇဒေါ်နွယ်ဖွား ပုဏ္ဏားဝေယျက် ကိုယ်တော်မြတ်ရဲ့ ဉာဏ်ထဲမှ ပေါ်လာဝင်ယ်တဲ့။ အဲဒီလို ပေါ်လာတဲ့ အခါ "ကိံ ဘဝိဿတိ" ဘယ်လို ဖြစ်မှာပါလိမ့်လို့ ကြည့်ဒုဒေခါ ဒီပုဏ္ဏားက နွားပျောက်လို့ နွားရှာဝဲ့ပုဏ္ဏား။ အဲဒီ ပေးအုပ်ထဲမှာ ကိုယ်တော်မြတ် သီတင်းသုံးယင် ကိုယ်တော်မြတ်ထံမှာက ဒီပုဏ္ဏား

ရောက်လာဟု မြင်ဖတ်မှတယ်။ ရောက်လာတဲ့အခါ ပုဏ္ဏားနှင့်လိုက်လျောတဲ့တရားဟောလို့ ပုဏ္ဏားသည် ဘုရားသာသနာ၌ မဟာသရဏာဂုံခံ၊ ၎င်းနောက် ရှင်အဖြစ် ရဟန်းအဖြစ်တောင်းပန်လို့ သူ့ရဟန်းအဖြစ် ရောက်ပြီးတဲ့နောက် အနုဟတ္တဖိုလ်ပေါက် အသိဉာဏ်ဆိုက်ရောက်ပြီး ဤသာသနာမှာ ဘာဂုဒ္ဓါဇရဟန္တာမဇ္ဈထရ်ရယ်လို့ ထင်ရှားမည့်အကြောင်း ဘုရားသခင်ညွှန်ထဲ မြင်တော်မူတော့---

ဂစ္ဆာမိဿ သင်္ဂဟံ ကရိဿာမိ။

လို့ အကြံတော်ဖြစ်ရှိသတဲ့။

အဟံ၊ ဝါသည်။ ဂစ္ဆာမိ၊ ယခုပင်သွားအံ့။ အဿ၊ ထိုဘာရဒ္ဒါဇ ပုဏ္ဏားအား။ သင်္ဂဟံ၊ သင်္ဂြိဟ်ခြီးမြှောက်ဖြင်းကို။ ကရိဿာမိ၊ ပြုပေးတော့အံ့။

ငါဘုရားသွားမှပဲ၊ ဘာရဒ္ဒါဇပုဏ္ဏားကို ချီးမြှောက်မှပဲဆိုပြီးတော့ အဖေဝ်ရဟန်းတပါးမှ မခေါ်ပဲနှင့် ဘုရားကိုယ်တော်မြတ်ကြီးတဆူတည်း အဲဒီဝေဟာအုပ်ကြီးထဲ၌ တပါးတည်းသွားပြီးစော့ သိတင်းသုံး နေထိုင်တော်မူသတဲ့။

ဇေတုန ခေါ် ပန သမယေန အညတရဿ ဘာရဒ္ဒါဇ-ဂေါတ္တဿ ဗြာဟ္မဏဿ စတုဒ္ဒသ ဗလိဗဒ္ဓါ နဒ္ဒာ ဟောန္တိ။

ဇေတုန ခေါ် ပန သမယေန၊ ထိုသို့ မြတ်စွာဘုရား ကောသလတိုင်း အဝင်အပါ တောအုပ်တခုအတွင်း သိတင်းသုံးထိုင်နေတော်မူသော အခါကာလ၌။ အညတရဿ၊ မထင်ရှားသော။ ဘာရဒ္ဒါဇဂေါတ္တဿ ဗြဟ္မဏဿ၊ ဘာရဒ္ဒါဇန္ဒယ်ဖွား ဗဟုဓိတရအမည်ရှိသော ပုဏ္ဏား၏။ စတုဒ္ဒသ ဗလိဗဒ္ဓါ၊ ဝန်ဆောင် နွားပိုက်ကြီး တဆယ့်လေးကောင်တို့သည်။ နဒ္ဒာ၊ ပျောက်၍နေကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

နွားပျောက်ရှာ ဘုရားနှင့်တွေ့

အမှန်တော့ သူဟာ တောင်သူလယ်သမား ပုဏ္ဏားတယောက်ပါ။ အလုပ်လုပ်ယင်းက သူ့ရဲ့ ဝန်ဆောင် နွားလားတဆယ့်လေးကောင်ကို နွားကျောင်းယင်းက ထမင်းစားနေတဲ့အခိုက် နွားတွေ တောထဲဝင်သွားတယ်။ ပြီးတော့မှ ငါလိုက်မယ်ဆိုပြီးတော့ ထမင်းကို ပြီးအောင်စားတယ်။ နွားတွေကလဲပဲ ဦးတည်ရာ လျှောက်သွားလိုက်တာ အချိန်ကျလို့ ပြန်မလာတော့ တနေ့ရှာလဲမတွေ့၊ တနေ့ရှာလဲမတွေ့၊ ဘယ်လောက်ကြာသလဲဆိုလို့ ရှိယင် ခြောက်ရက်ကြာတဲ့နေ့ရောက်ခဲ့ပြီ၊ အဲဒီ ခြောက်ရက်ကြောက်တဲ့နေ့ရောက်တော့လဲ သူ့နွားရှာတာပဲ။ အဲဒီလို နွားရှာရတဲ့အခါ၌ ဘုရားသဗ္ဗညူ ဒီတော့ဟုပ် ဒေသဉ်းမှာ သီတင်းသုံးနေတော်မူတဲ့ ဘုရားသဗ္ဗညူနှင့် ခြောက်ရက်မြောက်နေ့မှာ သွားတွေ့ခြင်းဖြစ်ပါတယ်။ ဒီအကြောင်းကို သင်္ဂါယနာတင် အရှင်မြတ်တို့က—

> အထ ခေါ ဘာရဒ္ဒါဇကော်တွာ ဗြာဟ္မဏော တေ ဗလိဗဒ္ဒေ ဂဧဝသင်္ဃော ယေန ဘဂဝါ တေနုပသင်္ကမိ သင်္ကမိ။

အထ ခေါ ထိုအခါဒိ။ ဘာရဒ္ဒါဇကော်တွာ ဗြာဟ္မဏော၊ ဘာရဒ္ဒါဇနယ်ဖွား ဗဟုဓိတရပုဏ္ဏားသည်။ တေ ဗလိဗဒ္ဒေ၊ ထိုပျောက်တဲ့ဝန်ဆောင်နွားပို့ကို တယ့်လေးကောင်တို့ကို ဂဧဝသင်္ဃော၊ ရှာမှီးသည်ဖြစ်၍။ ယေန၊ အကြောင်းအရင်း၌။ ဘဂဝါ ဝနသဏ္ဍော၊ ယုံဘုရားသီတင်းသုံးသော တောကုပ်ရှိ၏။ တေန၊ ကိုဘုရား တင်းသုံးသော တောအုပ်ရှိရာ အရပ်သို့။ ဥပသင်္ကမိ၊ သွားရောက်ခဲ့၏။

တတောဝင် တတောထွက်၊ တတောင်ဆင်း တတောင်တက်နှင့် နွားရှာခဲ့တာ ၆-ရက်ရှိပြီ။ အဲသလိုရှာခဲ့တဲ့ ကိစ္စမှာ ဘုရားသီတင်းသုံးတဲ့ ဟောအုပ်ကို ထိုနေ့ ဘုရားသီတင်းသုံးတဲ့နေ့မှာပဲ အဲဒီတောအုပ်ကို ရောက်သွားတယ်။ တောအုပ်ထဲ ရှာတော့ နွားပျောက်ရှာတယ်။ သို့သော် ဘာသွားတွေ့သလဲလို့ဆိုတော့—

ဥပသက်မိတ္တာ အဒ္ဒသ ဘဂဝန္တံ တသ္မိံ ဝနသဏ္ဍေ နိသိန္နံ ပလ္လင်္ကံ အာဘုဇိတ္တာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတ္ဝာ။

ဥပသက်မိတ္တာ၊ ဘုရားသီတင်းသုံးတဲ့ တောအုပ်ဒေတ္တင်း ဝင်မိလျှင်၊ ဘဂဝန္တံ၊ ဘုရားရှင် ကိုယ်တော်မြတ်ကို။ တသ္မိံ ဝနသဏ္ဍေ၊ ထိုတောအုပ်ရဲ့အတွင်း၌။ ပလ္လင်္ကံ အာဘုဇိတ္တာ၊ ထက်ဝယ် တင်ပျဉ်ဖွဲ့ခွေတော်မူ၍။ ကာယံ၊ အထက်ဖြစ်သောကိုယ်ကို။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ပဏိဓာယ၊ ထားတော်မူ၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံသို့ ရှေရှု။ သတိံ၊ သတိကို။ ဥပဋ္ဌပေတ္ဝာ၊ ဖြစ်စေတော်မူ၍။ နိသိန္နံ၊ ထိုင်နေတော်မူလတ်သည်ကို။ အဒ္ဒသ၊ မြင်လတ်လေပြီ။

တောအုပ်ထဲဝင်မိတယ်ဆိုယင်ပဲ ဒီကောအုပ်ရဲ့အတွင်း အထက်ပိုင်းကိုယ်တော်ကို မက်မဟ်ထားပြီးတော့ ဖလသမာပတ်ချမ်းသာကို ဝင်စား၍ တင်ပျဉ် ဖွဲ့ခွနေတော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီး သူသွားမြင်တယ်... တဲ့။

ဗဟုဓိတရပုဏ္ဏား ဘုရားအနီးမှာ ညည်းတွားနေခြင်း

ဒီသွားနေ ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတ္တာ ဘဂဝတော သန္တိကေ ဣမာ ဂါထာယော အဘာသိ။

မြင်လဲပြီးရော၊ ဘုရားကြည့်ရတာ အင်မတန် ချမ်းသာလာတယ်။ အင်မတန် ငြိမ်ငြိမ်သက်သက် ပင်ကိုက ကိလေသာ အာသဝေါ ကုန်ခန်းလို့ ဓားချမ်းတော်မူတဲ့ အပေါ်မှာ ဖလသမာပတ်ဝင်စားလို့ အလွန်အဓေးမြဆုံးဆိုတဲ့ နိဗ္ဗာန်ရဲ့သန္တိအရသာကို ဒီဖလသမာပတ်နှင့် စံစားတော်မူနေတဲ့ ဘုရားကိုယ်တော်မြတ်ကို မြင်လိုက်တော့ (ပူယင် အဓေးရှာတယ်)ပုဏ္ဏားရဲ့အဖို့ရန်ကလဲပဲ အင်မတန်ပူနေတော့ အဓေး ရှာသောအားဖြင့် ဘုရားရှိရာသွားတယ်။

ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဘုရားရှိရာသို့ သွားရောက်၏။ ဥပသင်္ကမိတ္ဝာ၊ ဘုရားရှိရာသို့ သွားရောက်ပြီးတော့။ ဘဂဝတော သန္တိကေ၊မြတ်စွာဘုရား၏အထံ၌။ ဣမာဂါထာယော၊ ဥဒ်ါဂါထာတို့ကို။ အဘာသိ၊ ရွတ်ဆိုလျှောက်ထား၏။

ဘုရားကို "အရှင်ဂေါတမ၊ မြတ်စွာဘုရား" ဒီလိုဘာမှ ခေါ်တာ မဟုတ်ဘူးနော်။ ဘုရားရဲ့အနီးအပါးမှာ ဘုရားသည်ကြီးပီပီ ပါးစပ်က တွတ်တီး တွတ်တာ ပြောနေသလို သူက ဟောဒီ ဂါထာတွေကို ရွတ်တယ်။

နွားပျောက်ရှာခြင်း

နာ ဟိ နူနိမသာ သမဏာသာ၊ ဗလိဗဒ္ဒါ စတုဒ္ဒသာ။
အဇ္ဇသင်္ဃံ နာ ဒီသာန္တိ၊ တေနာယံ သမဏော သုခီ။

သူရွတ်တာ ၂-ဂါထာရှိပါတယ်။ ဒီပုဏ္ဏားရဲ့ နာမည်ကို ဗဟုဓိတရ-ပုဏ္ဏားလို့ခေါ်တယ်။ နွားကပျောက်တယ်။ သူ့ဂါထာထဲက– အခု သူက ဘုရားအနီးမှာ ညည်းတွားသောအနေနှင့် လျှောက်ထား နေတယ်။

မယုံ၊ ငါ့အဖို့ရန်။ အဇ္ဇသင်္ဃံ၊ ယနေ့မှ အဏက် ၆-ရက်မြောက် သောနေ့ကစ၍။ နာ ဒီသန္တိ၊ ရှာလို့သာ ရှာရ မတွေ့ရကုန်သော။

စတုဒ္ဒသ ဗလိဗဒ္ဒါ။ ဝန်ဆောင်နွားပိုက် ဆယ့်လေးကောင် တို့သည်။ သန္ဓိယထော၊ မှိုကုန်သကဲ့သို့။ ဤမဿ ဃ မဏသ၊ ဤကိလေသော ခပဲသိမ်း အငြိမ်းကြီးငြိမ်း၍နေတဲ့ ရဟန်း၏အဖို့ရန် (ဝါ)ရဟန်းမှာ။ အဋ္ဌသဋ္ဌိ ံ၊ ယနေ့ကအထက် လွန်ခဲ့တဲ့ ခြောက်ရက်က အစပြု၍။ နဒီသန္ဒိ၊ ရှာ၍မတွေ့ကုန်သော။ စတုဒ္ဒသ ဗလိဗဒ္ဒါ။ တဆယ့်လေး ကောင်သော ဝန်ဆောင်နွားလားတို့သည်။ နဟိ သန္တိ နူန၊ မရှိကုန်ယောင်ဘးတော။ တေန၊ ထိုသို့ငါမှာလို နွားပျောက် တဆယ့်လေးကောင်မရှိခြင်းကြောင့်။ အယံ၊ ဤရဟန်းသည်။ သုခီ နူန၊ ကိုယ်စိတ်နှစ်ပြာ ချမ်းချမ်းသာသာ နေနိုင်ယောင်တကား။

ငါမှာ—နွားတွေ ပျောက်ချင်တိုင်းပျောက်လို ယနေ့ကအထက် လွန်ခဲ့တဲ့ ၆-ရက်က စပြီး ရှာလို့သာ ရှာတာ မတွေ့ရတဲ့ နွားဆယ့်လေးကောင် ရှိသလို ဒီရဟန်းမှာတော့ ငါလို နွားပျောက် ဆယ့်လေးကောင် ရှိမနင်ပေါ့ဘူးတဲ့။ ဤလို နွားပျောက်မရှိတဲ့ အာကာသ ဤရဟန်းသည် ယခုလို က ယစိတ္တသုခနှစ်ပါးနှင့် ပြည့်စုံနေထင်ပါရဲ့ ဟော....တဂါထာ ဒီလိုလျှောက်တယ်။

နှမ်းခင်းပျက်ခြင်း

သူ့စိတ်ထဲမှာ အာလုန်ဆင်းရဲလို ဒုတိယဂါထာ နွားပျောက်လို့ နှမ်းခင်းပျက်ဆိုတဲ့အဝိုင်း—

နု ဟိ နူနိဓသ သမဏသ၊ တိလာခေတ္တသို့ ပါပကာ။
ကေပဏ္ဏာ ဒုဿ္ဏာ စ၊ တေနာယံ သမဏော သုခီ။

အဲဒီ ပုဏ္ဏား ဒုတိယဂါထာ ရွက်မယ်ဆိုတော့ သူ့ငယ်းထဲမှာ အခြောင်းတခုရှိတယ်တဲ့၊ အယ်လိုရှိသလဲဆိုတော့ နှမ်းကိုစိုက်မယ်ပလို့ ဆိုတဲ့အနေနှင့် နှမ်းမျိုးကို ချလိုက်သယ်-တဲ့။ နွေလဲ နှမ်းကြဲပြီးရော၊

ညကျတော့ မိုးရွာချ ၊ ဂိုက်ဘာ နှမ်းစေ့ တွေတခါတည်း မြေတွဖုံးကုန်ရော၊ မဖေါက်တချို့ ပေါက်တချို့။ အဲဒီလို မပေါက်တချို့ ပေါက်တချို့ ကနေပြီးတော့ ပေါက်လာပြန်တော့ နှမ်းပင်ကလဲပဲ ကျိုးတိုးကျဲတဲ့ ပေါက်တဲ့။ ဒီနှမ်းပင်တွေကိုလဲပဲ တဖန်ပိုးကျပြီးတော့ နှမ်းတပင်မှ အရွက်က နှစ်ရွက်ရှိ တချက်ရှိနှင့် နှမ်းပင်ကြီးကြွလဲပြီးတော့ ပဋိဏ္ဍားက စိတ်ပျက်နေတာကိုး။

ဝစ္ဆိယာ မေ တိလာ ဂဟိတာ၊ ဇတပိ နဒ္ဒာ။

မေ မယာ၊ ငါသည်။ ဝစ္ဆိယာ၊ အငိုးဖြင့်။ တိလာ၊ နှမ်းတို့ကို။ ဂဟိတာ၊ သူမျှားအိမ်က ယူဆောင်ကုန်၏။ ဇတပိ၊ ထိုအကိုးယူလာတဲ့ နှမ်းတို့လဲပါ။ မမ၊ ငါ့အဖို့ရန်။ နဒ္ဒာ၊ ပျက်၍ကုန်ကြို့။

ငါ့မှာ သူမျှားအိမ်က အတိုးနှင့် ယူပြီးနှမ်းချရာ၊ ချတဲ့နှမ်းဇတ္တကလဲ ပျက်ကုန်ပြီ ...အဲဒီလိုအမြဲတမ်း စိတ်နှလုံးပေါ် ပူပန်သတဲ့။အဲသလို ပူပန်လို့ ဘုရားအနားမှာ သူက ညည်းတွားဖော်သအနေနှင့်–

မယ့်၊ ငါ၏။ ခေတ္တာသို့ ၊ ယာဒေတ္တဝ်းဒ္ဒ်။ ပါပကာ၊ ညံ့ဖျင်းလုကုန်သော။ ဇကပဏ္ဏာ တိလာ စ၊ တရွက်သာရှိတဲ့ နှမ်းပင်တို့သည်လည်းကောင်း၊ ဒုပဏ္ဏာ တိလာ စ၊ နှစ်ရွက်သာရှိတဲ့ နှမ်းပင်တို့သည်လည်းဆကောင်း။ သန္တိ ယထာရိုကုန်သကဲ့သို့ ကုဒ္ဒသာ သမဏာဿာ၊ ဤကိလေသာခပ်သိမ်းဒ်း ဒုက္ခြင်းကြီး ကြိုးစားပမ်းမဲသော ရဟန်းအား။ ခေတ္တာသို့ ၊ သူ၏လယ်ယာဒ်။ ပါပကာ၊ ညံ့ဖျင်းလုကုန်သော။ ဇကပဏ္ဏာ တိလာ စ၊ တရွက်သာရှိတဲ့ နှမ်းပင်တို့သည်လည်းကောင်း။ ဒုပဏ္ဏာ တိလာ စ၊ နှစ်ရွက်သာရှိတဲ့ နှမ်းပင်တို့သည်လည်းဆကောင်း။ နု ဟိ သန္တိ နူန၊ မရှိကုန်ယောင့်ပ ကား။

ငါ့ယာကွက်ထဲ တပင်မှ တရွက်ပေါက် နှစ်ရွက်ပေါက်တဲ့ နှမ်းပင်တွေ ငါ့မှာရှိသလို ဒီရဟန်းမှာတော့ ညှံ့ဖျင်းတဲ့နှမ်းပင် မရှိယောင်တကား။

တေနာ၊ ထိုသို့ညှံ့ဖျင်းတဲ့ နှမ်းခင်း မရှိလေသောကြောင့်။ အယံ သမဏော၊ ဤရဟန်းသည်။ သုခီ နူန၊ ကာယစိတ္တ သုခနှစ်ပုံ ပြည့်စုံ၍ နေယောင်ဟကား။

ကြွက်များက ကျိုဆဲဝင်ခြင်း။ ။ဟေးနားကနေ ညည်းတွားတာ၊အဲဒါ ဒုတိယ ညည်းတွားတဲ့ ဂါထာ။ တတိယညည်းတွားတဲ့ဂါထာကတော့။နွားပျောက်လို့ နှမ်းခင်းကပျက်၊ ကြွက်တွေက ကျိုဆဲဆင်း ၊ ပုဏ္ဏားမှာ တဖြည်းဖြည်း စိုးပွားရေးက ချို့တဲ့လာတဲ့အခါ ပထမပိုင်းတုန်းက သူ့ရဲ့ကျိုတွေထဲမှာ ပဲတွေ နှမ်းတွေ ပြောင်းတွေ စပါးတွေ ဒီလိုအပြည့်အပြည့် ရှိသော်လည်းပဲ နောက်စိုးပွားရေး အဆင်မပြမှု ဖြစ်လာတော့ ကျိုတွေကလည်းပဲ ပဲမရှိ၊နှမ်းမရှိ၊ပြောင်းမရှိ၊စပါးမရှိ ဒီအတိုင်း အချည်းနှီး ဖြစ်နေတဲ့အခါ ဒေရွှေအနောက် တောင်မြောက် ၇-အိမ်လောက် ရှိနေတဲ့ ကြွက်တွေက အဲဒီပုဏ္ဏားကြီးရဲ့ ကျိုတွေထဲလာပြီးတော့ နားရွက် တဖျော်ဖျော်၊ အမြီးတဖျော်ဖျော်နှင့်နေချင်သလိုတစိမ့်စိမ့်နှင့် လှည့်လည်ကျက်စားပြေးလွှားကြ ကုန်ကြသလို ဖြစ်နေတယ်။ ဒါတွေ ကြားယင်လဲ ပုဏ္ဏားက မချမ်းသာဘူး၊ အဲဒီဟာလဲ သူ့စိတ်ထဲ မချမ်းသာတော့-

နဟိ နူနိမဿ သမဏဿ၊ တုစ္ဆကောဋ္ဌသို့ မူသိကာ။
ဥဿောဋ္ဌိကာယ နစ္စန္တိ၊ တေနာယံ သမဏော သုခီ။

မယုံ ၊ငါ၏။တုစ္ဆကောဋ္ဌသို့ ၊ စပါးမရှိ ပြောင်းမရှိ နှမ်းမရှိအချည်းနှီးဖြစ်သော ကျိုအတွင်း၌။ မူသိကာ၊ ကြွက်တို့သည်။ ဥဿောဋ္ဌိ-

ကာယံ၊ နားရွက်တထောင်ထောင် အမြီးတထောင်ထောင် တောင်တောင်မြောက်မြောက် ပြေးသွားကြကုန်လျက်။ နစ္စန္တိ ယထာ၊မြူးထူးကခုန်ကြကုန်သကဲ့သို့။ ဣမဿ သမဏဿ၊ ကိလေသာခပ်သိမ်း ငြိမ်းအေးပြီးသော ဤရဟန်းအား၊ တုစ္ဆကောဋ္ဌသို့ ၊ ငါကဲ့သို့စပါးမရှိတဲ့ အချည်းနှီးဖြစ်သော ကျိထဲ၌ မူသိကာ၊ ကြွက်တို့သည်။ ဥဿောဋ္ဌ-ကာယ၊ နားရွက်တထောင်ထောင် အမြီးတထောင်ထောင် လှည့်လည်ပြေးသွားကြကုန်လျက် နဟိ နစ္စန္တိ နူန၊ မက မခုန် မပျော်ပိုက်ကြကုန်ယောင်တကား။ တေန၊ ထိုစပါးမရှိ ပြောင်းမရှိ ကျိကြီး၌ အအိပ်ပျက်လောက်အောင် မြူးပျော်တဲ့ ကြွက်များ မရှိခြင်းဟူသော အကြောင်းကြောင့်။ အယံ သမဏော၊ ဤရဟန်းသည်။ သုဒ္ဓိ နူန၊ကာယစိတ္တသုခနှစ်ပုံ ပြည့်စုံလေယောင်တကား။

အိပ်ရာခင်းက ၇-လကြာ

ကြွက်တွေက ကျိထဲဆင်း၊ အိပ်ရာခင်းက ၇-လကြာ တဲ့။

နဟိ နူနိမဿ သမဏဿ၊သဒ္ဓါရော သတ္တမာသိကော။
ဥပ္ပါဋေကေဟိ သဉ္ဆန္နော၊တေနာယံ သမဏော သုခီ။

အဲဒီပုဏ္ဏားမှာ....အလိုလို စိတ်ပျက်ပြီး စီးပွားရေးပျက်လို့ စိတ်ပျက်နေရတဲ့အထဲ သူ့ရဲ့အိပ်ရာခင်းကလဲပဲ မြက်တွေသစ်ရွက်တွေနဲ့ လုပ်ထားတဲ့ အိပ်ရာခင်း၊ ဘုန်းကံနဲ့တဲ့ ပုဂ္ဂိုလ်များကတော့ ညအိပ်ပြီး တယ်ဆို နေ့မှာထုတ်ပြီး နေလှန်းတဲ့လူနှင့် ကြမ်းပိုးရှာပေးတဲ့သူနှင့် ဒီလိုကိုး။ အခုတော့ ဒီပုဏ္ဏားက ဘယ်လိုဖြစ်နေသလဲဆိုတော့ ခင်းတဲ့အိပ်ရာခင်းက ဒီအတိုင်းပဲ ခင်းလျက်သား၊ အိမ်ရှင် ပုဏ္ဏားမကြီးကလဲပဲ အိပ်ရာခင်းကို နေလှန်းရကောင်းသည်မသိ၊ အိမ်မှာရှိနေတဲ့သမီးတွေကလဲပဲ နေလှန်းရ ကောင်းသည်မသိ၊ ခင်းလျက်သား

ခင်းလျက်သား ဒီအတိုင်း ၇-လကြာ၊ ဒီလောက် ၇-လကြာနေတဲ့ ဒီအိပ်ရာခင်းထဲမှာ ကြွမ်းပိုးတွေကလဲပဲ အကောင်ပေါင်း မြောက်များစွာ၊ ညအိပ်ပြီ ဆိုလို့ရှိယင် ညဦးပိုင်း အချိန်လောက်ကစပြီး ကြွမ်းပိုးကိုက်တာ သန်းခေါင်ကျော်တော့လဲ ကိုက်တုန်း၊ မိုးသောက် အားကြီး လင်းခါနီးကျမှတော့မှ ကြွမ်းပိုးတွေက သွေးဝလို့ သူ့နေရာ ဝူပြန်သွားတဲ့ အခါကျမှတော့မှ ဒီပုဏ္ဏား အိပ်ပျော်တယ်တဲ့....။ သူ့ရဲ့ အဖြစ်ကို ပြောတာ၊ အဲဒါသူက သူ့အိပ်ရာခင်းကို အကြောင်းပြုပြီး တော့ မြတ်စွာဘုရားအနားမှာ ညည်းတွားနေတယ်။

မယ့်၊ ငါ့အား။ သတ္တမဘဝသိကော၊ ၇-လကြာသော။ ဥပ္ပါဠကေဟိ၊ ကြွမ်းပိုးတို့ဖြင့်။ သဉ္ဇေန္ဒာ၊ ဖုံးအုပ်၍နေသော။ သန္ထာရော၊ မြက်အခင်းသည်။ အတ္ထိ ယဿ၊ ရှိသကဲ့သို့။ ဣမသ သမဏဿ၊ ဤသမဏအား ငြိမ်းအေးပြီးသော ဤရဟန်းအား။ သတ္တမဘဝသိကော၊ ၇-လကြာ ကြွမ်းပိုးမချရသော၊ ဥပ္ပါဠကေဟိ သဉ္ဇေန္ဒာ။ ကြွမ်းပိုးတို့ဖြင့် ဖုံးအုပ်၍နေသော။ သန္ထာရော၊ ဒီအိပ်ရာခင်းသည်။ နဟိ အတ္ထိ နူန၊ မရှိဟုယောင်တကား။ တေန၊ ထိုသို့သော အိပ်ရာထဲ မရှိခြင်းဟူသော အကြောင်းကြောင့်။ အယံ သမဏော၊ ဤရဟန်းသည်။ သုခီ နူန၊ ကာယစိတ္တ သုခနှစ်ပါး ကုံလုံပြည့်စုံနေယောင်တကား။

လင်ကွာတဲ့ သမီးက မုန့်ယောကျ်ား ။ဒါ စတုတ္ထ ညည်းခြင်းပေါ့။ပဉ္စမ ညည်းခြင်းကဘာလဲ။ အိပ်ရာခင်းက ၇-လကြာ၊ လင်ကွာတဲ့သမီးက ၇-ယောက်၊ ဩော်....သူ့သမီးတွေ အချိန်အရွယ်ရောက်လို့ အိမ်ထောင်ကျသွားတဲ့ အခါမှာ ဒီပုဏ္ဏားကြီး ဇနီးမောင်နှံမှာ စီးပွားဥစ္စာရှိဝှေ့နှံးတော့ အဲဒီရောက်ရာရောက်ရာ အိမ်ကရှိတဲ့ ယောကျ်ားသူ ယောကျ်မမိန်းမသူတွေက ကြွေသွေ့ကြွေသေးတယ်၊ ဒီပုဏ္ဏားကြီး ဇနီးမောင်နှံ စီးပွားပျက်

ကပ်ကြုံလို့ ဆင်းလဲဆင်းရဲလာရတော့ အဲဒီခွေးမ ၇-ယောက်ကို အသီးသီးသော ယောက္ခမယောကျ်ားသူ မိန်းမသူတို့က ဒုက္ခပေးကုန်ကြရော။

ဆိုကြပါစို့၊ဒီအိမ်ထဲက ပုဏ္ဏားကြီး စီးပွားကလဲပျက်၊အေး... ဟိုက အရွှင်သခင် လင်ယောကျ်ားနှင့် ကင်းကွာလာကြတဲ့ သမီး-၇ယောက်ကလဲ အိမ်ဇာတ်၊ ရောက်ပြန်တော့ အေးသလားဆိုတော့ အဲဒီသမီးတွေက သမီးတွေချည်းထဲ မဟုတ်ဘူးတဲ့။ သားသမီးတွေက တချို့က သားတယောက်ပါ။ တချို့ကနှစ်ယောက်ပါ။ အဲဒီလိုသားတဲ့လဲသမီးတဲ့လဲနှင့် ဒီအိမ်မှာ အကုန်လုံး စုပုံပြီးတော့ ဆောက်ကြတာဖြစ်တယ်။ အဲဒီလို ဆောက်ကြတာဖြစ်တော့ ဒီဟာလဲပဲ သူစိတ်မချမ်းသာဘူး။ဒါလဲထည့်ပြီးတော့ ဘုရားရှေ့မှာ ညည်းခြင်းတပုဒ် သူဖွဲ့တ်လိုက်တယ်။

နဟိ နူနိမဿ သမဏာသ၊ ဝိဓဝါ သတ္တာ ဓိတရော။
ကေပုတ္တာ ဒုပုတ္တာ စ၊ တေနာယံ သမဏာ သုခီ။

မယ်၊ ငါအား။ ကေပုတ္တာ စ၊သားတယောက်ရှိသည်လည်း ဖြစ်ကုန်သော။ ဒုပုတ္တာ စ၊ သားနှစ်ယောက် ရှိသည်လည်း ဖြစ်ကုန်သော။ ဝိဓဝါသတ္တာဓိတရော၊ လင်ကွာတဲ့ သမီး ၇-ဖော်ရှိသည်။ သန္တီ ယထာ၊ ရှိကုန်သကဲ့သို့။ ဤမသာ သမဏာသ၊ ဤဂျိုဟန်းအား။ ကေပုတ္တာ စ၊ သားတယောက်ရှိသည်လည်း ဖြစ်ကုန်သော။ ဒုပုတ္တာ စ၊ သားနှစ်ယောက်ရှိသည်လည်း ဖြစ်ကုန်သော။ ဝိဓဝါ သတ္တာဓိတရော၊လင်ကွာတဲ့ သမီး ၇-ဖော်တို့သည်။ နဟိ သန္တီ နူန၊ မရှိကြကုန်လေယောင်တကား။

ငါ့မတော့ သားတယောက်ရှိ သားနှစ်ယောက်ရှိတဲ့ ဒီသမီးဟေ့ အိမ်ဆောက်လာတဲ့ အချိန်ကစပြီးတော့ အနေဆင်းရဲ အစားဆင်းရဲ

အင်မတန်ဆင်းရဲ၊ ဘာပြုလို့တုံး၊ ပုဏ္ဏားကြီး ထမင်းစားလို့ ထမင်းခွက်လေးချလိုက်ယင်ကိုပဲ သမီးတွေက ပါလာတဲ့ သားတွေ ပြေးချလာတယ်။

အယျကဿ သန္တိကံ ဂန္တွာ ဘုဥ္ဇထ။

သွားသွား–ဟိုမှာ မင်းတို့အဘိုး ထမင်းစားနေတယ်၊ ဟိုမှာသွားကြဆိုတော့ ဟော–မြေးတွေက တခါတဲ့ ဆိုကြပါစို့. သမီး ၇-ယောက်မှာ သုံးယောက်က သား ၂-ယောက်စီပါတယ်။ လေးယောက်က.... သားသမီးတယောက်စီ ပါတယ်ဆိုတော့ မြေးဆယ်ယောက်ပေါ့။ အဲဒီမြေးဆယ်ယောက်က အဖိုးရေ....ကျွန်တော်ကို ထမင်းကျွေးပါ၊ ကျွန်တော်ကို ထမင်းကျွေးပါဆိုပြီးတော့ ဟိုမြေးကလာ ဒီမြေးကလာ ဆိုတော့ အဖိုးကို ထမင်းခွက်ထဲ မနှိုက်ရဘူး၊ မြေးဆယ်ယောက် နှိုက်နေတာနဲ့။ သူတို့လက်ဆယ်ချောင်းကို ရှောင်မလွတ်တာနဲ့ အဖိုးက ထမင်းဝအောင် မစားရဘူး။ ဒီအခြေအနေမျိုးတွေ မြတ်စွာဘုရားအနားမှာ သူညည်းတွားနေတယ်။ ညည်းခြင်းဂါထာရွတ်နေတယ်။

ပုဏ္ဏားမက ခြေဖြင့်ကျောက်နှိုးခြင်း

ငါလို သမီး ၇-ယောက်မရှိတဲ့အတွက် ဒီရဟန်းဟာ ကာယစိတ္တ သုခ နှစ်ပါးနှင့် ပြည့်စုံနေတာ ထင်ပါရဲ့။ လင်ကွာသော သမီး ၇-ယောက်၊ သူနှင့်ပေါင်း၍ ပုဏ္ဏားမက မွေးတယ်တဲ့။ သူ့မှာ နေ့စဉ် နေ့စဉ် တွေ့ကြုံနေရတဲ့ဒုက္ခ၊ အိပ်ရာခင်းကလဲပဲ ဘယ်သမီးကမှ ကြမ်းပိုးချမပေးတဲ့အတွက် ၇-လရှိပြီ၊ ကြမ်းပိုးတွေ ဖုံးပြီးတော့ ညဦးပိုင်း အိပ်ပြီဟေ့ဆိုကတည်းက တခါတည်း တကိုယ်လုံး ကြမ်းပိုးတွေဝိုင်းကိုက်ကြတယ်။ မအိပ်ရဘူး၊ သန်းခေါင်ကျော်တော့လဲ မအိပ်ရသေးဘူး၊ ကြမ်းပိုးတွေက ကိုက်လို့မဝသေးဘူး။ အဲဒီ သန်းခေါင်ကျော်လို့

၂-နာရီလောက်ကျတော့မှ ကြမ်းပိုးတွေကလဲ သွေးဝလို့ သူ့နေရာသူ ပြန်တဲ့အခါ ပုဏ္ဏားမှာလဲပဲ ကရဇကာယ ပင်ပန်းလှပြီဖြစ်၍ အဲဒီအခါ အိပ်မယ်ဆိုတော့ ၂-နာရီလောက်အချိန်က အိပ်ပျော်သွားတာ ၃-နာရီ ၄-နာရီလောက်ကျတော့ ပုဏ္ဏားမကြီးကလာ။ ဘယ့်နှယ်ပြောသလဲဆို တော့-

ကိ' ကဆော်သိ ဗြဟ္မဏ။

ဟဲ့-ပုဏ္ဏား နင်ဘာလုပ်နေတာတုံး ဒီလိုမေးတာ။

ပစ္ဆာ စ ပုဗ္ဗေ စ ဂဟိတာသု ဣဏာသု ဝစ္ဆံ မတ္ထကံ ပတ္တာ။

ပစ္ဆာ စ၊ နောက်ကလည်းကောင်း။ ပုဗ္ဗေ စ၊ ရှေကလည်းကောင်း။ ဂဟိတာသု၊ ယူအပ်သော။ ဣဏာသု၊ ကြွေး၏။ ဂစ္ဆံ၊ အတိုးအပွားကို ကား။ မတ္ထကံ ပတ္တာ၊ ခေါင်သို့ခိုက်နေ၏။

ဟဲ့ ပုဏ္ဏား ဘာလုပ်နေတုံးတဲ့၊ ဇရျယူတဲ့ကြွေး နောက်ယူတဲ့ကြွေး ကိုမဆိုထားနှင့်၊ အဲဒီကြွေးရဲ့ အတိုးကိုက ခေါင်ခိုက်နေပြီ။

သတ္တ ဓိတရော ပေါသေတဗ္ဗာ။

တယာ၊ သင်သည်။ သတ္တ ဓိတရော၊ သားသမီးတယောက်စီ နှစ် ယောက်စီပါလာတဲ့ သမီး ၇-ဖော်တို့ကိုလဲ။ ပေါဇသေတဗ္ဗာ၊ ပြုစုလုပ် ကျွေးအပ်ကုန်၏။

နှင့်မှာ အင်မတန် တာဝန်ကြီးတယ်။ သမီးတွေက ၇-ယောက်၊ မြေးကိုက အားလုံး ၁၀-ယောက်ရှိတယ်။ ဒါတွေကုံလဲ ကျွေးမွေးရ ဦးမယ်။

ပစ္စုသ္ဓသမယေ၊ မိုးသောက်အားကြီး လင်းခါနီး အခါကာလ၌။ ဣဏာယိကာ၊ ကြွေးရှင်မြို့ရှင်တို့ဂဲလဲ။ အာဂန္တွာ၊ လာရောက်၍။ ဂေဟံ၊ အိမ်ကို။ ပရိဝါရေဿန္တိ၊ ဝန်းရံကြကုန်လတ္တံ့။

မင်း အခုထယင်ထ၊ မထလို့ မိုးသောက် လင်းသွားတယ်ဆိုယင် ကြွေးရှင်တွေ ဒီအိမ်လာပြီးတော့ ဝိုင်းလိမ့်မယ်။

ဂစ္ဆ ကမ္မံ ကရောဟိ။

သွား၊ မြန်မြန်အလုပ်လုပ် နင်သွားဟဲ့ ဆိုပြီးတော့ ပုဏ္ဏားမကြီးက လက်နှင့် ပုတ်နှိုးတာမဟုတ်ဘူးတဲ့။ အိပ်ပျော်နေတဲ့ ပုဏ္ဏားကို ခြေထောက်နှင့် ဖက္ကျောက်ပြီးဟာ့ နှိုးတာ။ အဲဒါကလဲ သူ့ မှာနေ့စဉ် နေ့စဉ်ဒုက္ခရောက်တော့ ဘုရားအနားမှာ ဒါကိုလဲထည့်ပြီး သူကညည်း တွားတဲ့ ညည်းခြင်းတဂါထာရွတ်တယ်။

နဟိ နူနိမသ္ဓ သမဏသ္ဓ၊ ပိဂ်လာ တိလကာဟတာ။
သောတ္ထံ ပါဒေန ဗဟေတိ၊ တေနာယံ သမဏော သုခီ။

မယ့်၊ ငါ့မှာ။ သောဘ္ဘံ၊ သန်းခေါင်ကျော် နှစ်နာရီလောက်မှအိပ်ပျော်ခြင်းသို့ ရောက်ရသည်ကို။ ပါဒေန၊ ပါးစပ်က တွတ်တီးတွတ်တာ မြည်တမ်း၍ ခြေထောက်နှင့်ပေါက်လျက်။ ဗဟေတိ၊ နှိုးတတ်သော ။ပိဂ်လာ ၊ပြူးကြောင်သော မျက်လုံးရှိသော။တိလကာဟတာ၊ တကိုယ်လုံး မဲ့ မည်းတွဲစွဲ၍နေသော ပုဏ္ဏားမသည်။ အတ္ထိ ယထာ၊ ရှိသကဲ့သို့။ ဣမသ္ဓ သမဏသ္ဓ၊ ဤရဟန်းမတော့။ သောတ္ထံ၊အိပ်ပျော်၍ နေတဲ့အခါ။ ပါဒေန၊ ခြေနှင့်ကျောက်၍။ ဗဟေတိ၊ နှိုးတတ်သော။ ပိဂ်လာ၊ ပြူးကြောင်သော မျက်လုံးရှိသော။ တိလကာဟတာ၊

တ.ကိုယ်လုံး မွဲမည်းစွဲ၍နေသော အိမ်ရှင်မသည်။ နဟိ အတ္ထိနှုန၊ မရှိ
ယောင်တကား။ တေန၊ ထိုသို့ မရှိခြင်းကြောင့်။ အယံ ဆမဏော၊ ဤ
ရဟန်းသည်။ သုခီ၊ ကာယစိတ္တ သုခနှစ်ပုံ ပြည့်စုံ၍ နေယောင်တကား။

ကြွေးတွက်ဝိုင်းဝိုင်းလည်

ပုဏ္ဏားညည်းဘွားတဲ့ ညည်းခြင်းနဲ့ ခုနစ်ခုမြောက် ညည်းခြင်း
ဂါထာက သူမှာ ကြွေးတွက ဟိုလူ့ဆီက တကျပ်ချေး ဒီလူ့ဆီက
နှစ်ကျပ်ချေး၊ သုံးကျပ်ချေး၊ လေးကျပ်ချေး၊ ငါးကျပ်ချေး၊ ဝဏ
ချေး၊ နှစ်ရာချေးနှင့် ချေးထားတဲ့ ကြွေးတွက်ဝိုင်းဝိုင်းလည်။ အဲဒီ
ကြွေးရှင်မြီရှင်တွေက မနက်ပေါ့လေ၊ နေထန်းတဖျားလောက်လာပြီး
တော့ ပုဏ္ဏားလာရှာတယ်၊ မတွေ့ဘူး။ ပုဏ္ဏားမကြီးပဲတွေ့တယ်၊ ဘယ်
မတုံး ပုဏ္ဏားဆိုတော့ အလုပ်လုပ်သွားတယ်၊ နေ့တိုင်း နေ့တိုင်း လာ
တိုင်း မတွေ့ဘူး။

အဲဒီတော့ ကြွေးရှင် မြီရှင်တွေက ကိုင်း–ကနေတော့ စောစော
သွားမှ စောစောသွားပြီးတော့ ပုဏ္ဏား အိမ်ကထွက်သည်နှင့် တပြိုင်
နက် ပုဏ္ဏားလက်ဆွဲပြီးတော့ ကြွေးတောင်းမှပဲ။ အဲဒီလို လာပြီးတော့
ကြွေး ပးကြွေးပေးလို့ အဲဒီလုံးတောင်းတဲ့ ပုံဂ္ဂိုလ်တွေကလဲ သူ့
အိမ်မှာ အများကြီးတဲ့။ ဒီကြွေးတောင်းတဲ့ အထဲကပဲ ဇွတ်တရွတ်
ထွက်သွားရဘယ်၊ နေ့မိုးပ ဦးဗျာ၊ ကျွတ်အလုပ် မအားသေးလို့၊
တကတည်း ထွက်ဖြစ်အောင် ကြံဖန်ပြီးတော့ ငရိယာယ်တွေနှင့် ကြံ
ဆောင်ပြီးတော့ ထွက်ရတာ၊ သူ့မတော့ နေ့တိုင်းနေ့တိုင်း ဒီဒုက္ခက
တွေ့ရတယ်။ ဘုရား့မှာတော့ အဲဒီဒုက္ခမရှိပဲကဲ့၊ ဘုရား ကြည့်ရတာ အလုန်
အားနေတော့ သူကဒီနေရာမှာ ညည်းခြင်းဂါထာတပုဒ် ရွတ်ပြန်တယ်။

နဟိ နူနိမဿ သမဏဿ၊ ပစ္စူသမို့ ဣဏာယိကာ။
ဒေထ ဒေထာတိ စောဒေန္တိ၊ တေနာယံ သမဏော သုခီ။

မယုံ၊ ငါ့အား။ ပစ္စူသမို့၊ နံနက်မိုးသောက် ရောက်သောကာလ၌။ ဣဏာယိကာ။ ကြွေးရှင် မြီရှင်တို့သည်။ အာဂန္ဆာ၊ လာလတ်၍။ ဒေထ၊ ဟဲ့ ပုဏ္ဏား ပုဏ္ဏား အမြန်ပေးကြကုန်လော့။ ဒေထ၊ ဟဲ့-ပုဏ္ဏား ပုဏ္ဏား ငါးပေးတဲ့ကြွေး အမြန်ပေးကြကုန်လော့။ ဣတိ၊ ဤသို့။ စောဒေန္တိ ယဿ၊ အပြစ်ကိုပြ ခြိမ်းခြောက်ကာ တောင်းကြကုန်သကဲ့သို့။ ဣမဿ သမဏဿ၊ ဤရဟန်းမှာတော့။ ပစ္စူသမို့၊ နံနက်မိုးသောက် ရောက်သောကာလ၌။ ဣဏာယိကာ၊ ကြွေးရှင် မြီရှင်တို့သည်။ အာဂန္ဆာ၊ လာလတ်၍။ ဒေထ ဒေထ၊ ပေးကြ ပေးကြကုန်လေဟု၍။ နံ စောဒေန္တိ နူန၊ မတောင်းကြကုန်ယောင်တကား။ တေန၊ ထို့ကြောင့်။ အယံ သမဏော၊ ဤရဟန်းသည်။ သုခီ နူန၊ ကာယစိတ္တ သုခနှစ်ပို့ ပြည့်စုံ၍နေယောင်တကား။

မြတ်စွာဘုရား၏ တုန့်ပြန်မိန့်မှာသော ဥဒါန်းဂါထာများ

ပုဏ္ဏားကြီးဟာ သူတွေ့တဲ့ ဒုက္ခကို စာဖွဲ့ပြီးတော့ ဘုရားအနားမှာ ညည်းခြင်းဂါထာ ခုနစ်ပုဒ် ရွတ်တယ်။အဲဒီတော့မှ မြတ်စွာဘုရားက-

ယံ ယံ ဗြာဟ္မဏ တယော ဒုက္ခံ ကထိတံ။ သဗ္ဗမေတံ မယုံ နတ္ထိ။

ဗြာဟ္မဏ၊ ပုဏ္ဏား။ တယော၊ သင်သည်။ ကထိတံ၊ လျှောက်ဆို အပ်သော။ ယံ ယံ ဒုက္ခံ၊ အကြင် အကြင် ဆင်းရဲဒုက္ခသည်။ ယံ ယံ-ဒုက္ခံ၊ အကြင်အကြင် နှေားပျောက်တဲ့ ဆင်းရဲဒုက္ခ, နှမ်းခင်းပျက်တဲ့ ဆင်းရဲဒုက္ခ, ကြွက်တွေက ကျိုထဲမှာဆင်းလို့ အိပ်မပျော်ရတဲ့ ဆင်းရဲဒုက္ခ,အိပ်ရာခင်း ခုနစ်လကြာ ခါတွက်မည့်သူ မရှိလို့ အိပ်ရေးပျက်ရတဲ့ ဆင်းရဲဒုက္ခ,အရွှင်သခင်လင်ကွာသော သမီးခုနစ်ဖော် မြေး၁၀-ယောက်

တို့ကြောင့် ဆောက်ရတဲ့ ဆင်းရဲဒုက္ခ, သန်းခေါင်ကျော်မှ အိပ်ရပါ လျက် ခြေနှင့်ကျောက်၍ ခြေနှင့်ပေါက်၍ ငေါက်ကာငန်းကာ နှိုး လာတဲ့ အိမ်ရှင် ပုဏ္ဏားမကြောင့်ဖြစ်ရတဲ့ ဆင်းရဲဒုက္ခမျိုး, နံနက် မိုးသောက် ထောက်တိုင်းထောက်ဘိုင်း ကြွေးရှင် မြီရှင်တို့ လာထောက်၍ ကြွေးခတောင်းခံနသည့်အတွက် ရောက်ရှိတဲ့ ဆင်းရဲဒုက္ခ မျိုးသည်။ နတ္ထိ၊ တစိုးတစိ ငါဘုရားမှာ မရှိဘူး·လို့ အဲဒီလို အတိုချုပ်ပြောပြီးတဲ့ နောက် ပုဏ္ဏားရဲ့ ညည်းခြင်းဂါထာရဲ့ အတုံ့အလှည့် ငဋ္ဌိဂါထာ-တဲ့ ဟုတ်လား။ ပုဏ္ဏားကတော့ ညည်းခြင်းဂါထာပေါ့လေ။ ဘုရားကိုယ် တော်မြတ်ကတော့ ဝမ်းမြောက်တဲ့ ဥဒါန်း အတုံဂါထာ။

နှားမရှိ၍ ချမ်းသာ

နံ ဟိ မယ္ဟ ဗြာဟ္မဏ၊ ဗလီ ဗဒ္ဒါ စတုဒ္ဒသ။
အဇ္ဇသဒ္ဒိံ နံ ဒိဿန္တိ၊ တေနာဟံ ဗြာဟ္မဏာ သုခီ။

ဗြာဟ္မဏ၊ ဘာရဒ္ဒါဇန္နယ်ဘဉ်း အို....ပုဏ္ဏား။ တုယ္ဟံ၊ သင့်အား။ အဇ္ဇသဒ္ဒိံ၊ ယနေ့ကအထက် လွန်ခဲ့တဲ့ ၆-ရက်က အစပြု၍။ နံ ဒိဿန္တိ၊ မမြင်မျက်မှောက် ပျောက်၍နေကုန်သော။ စတုဒ္ဒသ ဗလီဗဒ္ဒါ၊ ဝန်ဆောင်နှားပိုက် တဆယ့်လေးကောင်တို့သည်။ (ဝါ) နှားပိုက် ဝန်ဆောင် တဆယ့်လေးကောင်တို့သည်။ သန္တိယထာ၊ ရှိကုန်သကဲ့သို့။ မယ္ဟံ၊ လူသုံးပါးတို့၏ဆရာ ဘုရားငါမှာတော့။ အဇ္ဇသဒ္ဒိံ၊ ယနေ့က အထက် လွန်ခဲ့တဲ့ ၆-ရက်က အစပြု၍။ နံ ဒိဿန္တိ၊ မမြင်မျက်မှောက် ပျောက်၍နေကုန်သော။ စတုဒ္ဒသ ဗလီဗဒ္ဒါ၊ နှားပိုက်ဝန်ဆောင် တဆယ့်လေးကောင်တို့သည်။ နံ ဟိ သန္တိ၊ မရှိကေန် သင်ညည်းတဲ့ အတိုင်း မှန်ပေ၏။ ဓတန၊ ထိုနှားပိုက်ဝန်ဆောင် တဆယ့်လေးကောင်

မရှိခြင်းဟူသော အကြောင်းကြောင့်။ အဟဲ၊ လူသုံးပါးတို့ဆရာ ဘုရားငါသည်။ သုခီ၊ ကာယစိတ္တ သုခနှစ်ပုံ ပြည့်စုံ၍နေရပေ၏။

ဟုတ်တယ် ပုဏ္ဏား၊ သင့်မှာလို ငါဘုရားမှာ ပျောက်နေတာ ၆-ရက်ကြာတဲ့ နွားပိုက်ဝန်ဆောင် ဆယ့်လေးကောင် မနှံ့ဘူး။ မနှံ့တဲ့ အတွက် ငါဘုရားမှာ နွားပျောက်မရှိလို့ သင့်လို ဒုက္ခမရောက်ရင်နှင့် ဒုက္ခ၏အပြန် ကာယစိတ္တ သုခနှစ်ပါးနှင့် ငါဘုရား ချမ်းချမ်းသာသာ နေရပေတယ်။

နှမ်းခင်းမရှိ၍ ချမ်းသာ

နဟိ မယံ ဗြာဟ္မဏ၊ တိလာခေတ္တသ္မိ ပါပကာ။
ကေပဏ္ဏာ ဒုပဏ္ဏာ စ၊ တေနာဟံ ဗြာဟ္မဏ၊ သုခီ။

ဗြာဟ္မဏ၊ ဘာရဒ္ဒါဇနယ်ဖွား ဒကာပုဏ္ဏား။ တုယ်၊ သင့်မှာ။ ခေတ္တသ္မိံ၊ ယာခင်းဌ်။ ပါပကာ၊ ညံ့ဖျင်းကုန်သော။ ကေပဏ္ဏာ-တိလာ စ၊ တရွက်သာရှိတဲ့ နှမ်းပင်တို့သည်လည်းကောင်း။ ဒုပဏ္ဏာ-တိလာ စ၊ နှစ်ရွက်သာရှိတဲ့ နှမ်းပင်တို့သည်လည်းကောင်း။ သန္တိ-ယထာ၊ ရှိကုန်သကဲ့သို့။ မယံ၊ လူသုံးပါးတို့၏ဆရာ ဘုရားငါမှာ တော့။ ခေတ္တသ္မိံ၊ ယာခင်း လယ်ခင်းထဲ၌။ ပါပကာ၊ ညံ့ဖျင်းကုန်သော။ ကေပဏ္ဏာတိလာ စ၊ တရွက်သာရှိတဲ့ နှမ်းပင်တို့သည်လည်းကောင်း။ ဒုပဏ္ဏာတိလာ စ၊ နှစ်ရွက်သာရှိတဲ့ နှမ်းပင်တို့သည်လည်းကောင်း။နဟိ သန္တိ၊ မရှိကေန် စင်စစ်မှန်ကုန်၏။ တေန၊ ထို့ကြောင့် နှမ်းခင်း မရှိခြင်းကြောင့်။ အဟဲ၊ လူသုံးပါးတို့ဆရာ ဘုရားငါသည်။ သုခီ၊ ကာယစိတ္တ သုခနှစ်ပုံ ပြည့်စုံ၍ နေရပေ၏။

အဲ....ပုဏ္ဏားရဲ့ ပဘာယညည်းခြင်း ဂါထာရဲ့အပြန် ဘုရားရဲ့ အတ္ထအလှည့် ဂါထာကတော့—

ကြွက်ခသင်းကျန်းသော
စပါးကျိမရှိ၍ ချမ်းသာ

နံ ဟိ မယ္ဟံ ဗြာဟ္မဏ၊ တုစ္ဆကောဋ္ဌသို့ မူသိကာ။
ဥဿောဋ္ဌိကာယ နစ္စန္တိ၊ တေနာဟံ ဗြာဟ္မဏာ သုခိ။

ဗြာဟ္မဏ၊ ဘာရဒ္ဝါဇန္တယ်ဘွဲ့ ဒကာပုဏ္ဏား။ တုယ်ံ၊သင်္ဘောမှာတော့။ တုစ္ဆကောဋ္ဌသို့-တုစ္ဆကောဋ္ဌမှိ၊ စပါးမရှိ၊ ပြောင်းမရှိ အချည်းနှီးသော ဖြစ်သော ကျီထဲ၌၊ မူသိကာ၊ အရွှေအနောက် တောင်မြောက် ၇-အိမ်မှ လာရောက်ကြတဲ့ ကြွက်တို့သည်။ ဥဿောဋ္ဌိကာယ၊ နားရွက်ကိုစွင့် အမြီးကို ဆောင်ကြလျက်။ နံ ဟိ နစ္စန္တိ၊ မမြူးရွင် မပျော်ပါး မကစားကြကုန်သည်သာတည်း။ တေန၊ ထိုကြွက်များ မကစားခြင်းကြောင့်။ အဟံ၊ လူသုံးပါးတို့ ဆရာဘုရား ငါသည်။ သုခိ၊ ကာယစိတ္တ သုခနှစ်ပုံ ပြည့်စုံ၍ နေပေ၏။

ကြမ်းပိုးရှိသော အိပ်ရာခင်း မရှိ၍ ချမ်းသာ

နဟိ မယ္ဟံ ဗြာဟ္မဏ၊ သန္ထာရော သတ္တမာသိကော။
ဥပါဠိကေဟိ သဉ္ဆန္နော၊ တေနာဟံ ဗြာဟ္မဏာ သုခိ။

ဗြာဟ္မဏ၊ ဘာရဒ္ဝါဇန္တယ်ဘွဲ့ ဒကာပုဏ္ဏား။ တုယ်ံ၊ သင်္ဘောမှာတော့။ သတ္တမာသိကော၊ ၇-လကြာ မခါရ နေမလှုပ်းရသော။ ဥပါဠိကေဟိ-သဉ္ဆန္နော၊ ကြမ်းပိုးတွေ အပြည့် ဖုံးလွှမ်း၍နေဘိသော။ သန္ထာရော၊

မြက်ခင်းသည်။ အတ္ထိယထာ၊ ရှိသကဲ့သို့။ မယုံ၊ လူသုံးပါးတို့၏ဆရာ ဘုရားငါမှာတော့။ သတ္တမာသိကော၊ ၇-လကြာ မခါရ နေမလှမ်းရ သော။ ဥပပါဠိကေဟိ သဉ္ဆနော၊ ကြမ်းပိုးတို့အပြည့် ဖုံးလွှမ်းလျက် ရှိသော။ သန္ထာရော၊ မြက်ခင်းသည်။ နဟိ အတ္ထိ၊ မရှိကေန် စင်စစ် မှန်၏။ ဧတန္၊ ထိုသို့ မြက်အခင်း မရှိခြင်းကြောင့်။ အဟံ၊ လူသုံးပါး တို့၏ဆရာ ဘုရားငါသည်။ သုခီ၊ကာယစိတ္တသုခန္စပုံပြည့်စုံ၍နေပေ၏။

အင်း....ပုဏ္ဏားရဲ့အညည်းချင်းပြန် ပဥ္စမမြောက် ဘုရားကိုယ်တော် မြင်ရဲ့အတုံ့ပြန်တဲ့ ပဋိဂါထာက-

သားသမီး မြေးမရှိ၍ ချမ်းသာ

နဟိ မယုံ ဗြာဟ္မဏ၊ ဝိဓဝါ သတ္တ ဓီတရော။
ဧက ပုတ္တာ ဒုပုတ္တာ စ၊ တေနာဟံ ဗြာဟ္မဏ သုခီ။

ဗြာဟ္မဏ၊ ဘာရဒ္ဝါဇန္နယ်ဘဉ်း ဒကာဝုဏ္ဏား။ တုယုံ၊ သင့်မှာ။ ဧကပုတ္တာ စ၊သားတယောက်ရှိသည်လည်း ဖြစ်ကုန်သော။ဒုပုတ္တာ စ၊ သားနှစ်ယောက် ရှိသည်သည်း ဖြစ်ကုန်သော။ ဝိဓဝါသတ္တဓီတရော၊ လင်ကွာသမီး ခုနစ်ဖော်တို့သည်။ သန္တိယထာ၊ ရှိကုန်သကဲ့သို့။ မယုံ၊ လူသုံးပါးတို့၏ ဆရာဘုရားငါမှာတော့။ နဟိ သန္တိ၊ မရှိကေန် စင်စစ် မှန်ပေ၏။ ဧတန္၊ ထိုသို့ လင်ကွာသမီး ခုနစ်ယောက် မရှိခြင်းဟူသော အကြောင်းကြောင့်။ အဟံ၊ လူသုံးပါးတို့၏ဆရာ ဘုရားငါသည်။ သုခီ၊ ကာယစိတ္တသုခန္စပုံ ပြည့်စုံ၍နေပါပေ၏။

ခြောက်ခုမြောက် ပုဏ္ဏားရဲ့ ညည်းခြင်းဂါထာရဲ့ အတုံ့အပြန် ပဋိဂါဆာ....

မယားမရှိ၍ ချမ်းသာ

နာ ဟိ မယ္ပံ ဗြာဟ္မဏ၊ ပိဂံလာ တိလကာဟာတာ။။
သောတ္တံ ပါဒေန ဗောဓေတိ၊ တေနာဟံ ဗြာဟ္မဏာ သုခီ။။

ဗြာဟ္မဏ၊ ဘာရဒ္ဝါဇန္ဒယ်ဖွား ဒကာ ပုဏ္ဏား။ တုယ္ပံ၊ သင့်အား။ သောတ္တံ၊ အိပ်ပျော်၍နေသည်ကို။ ပါဒေန၊ ဖနောင့်နှင့်ပေါက် ခြေနှင့် ကျောက်၍။ ဗောဓေတိ၊ နှိုးတတ်တဲ့။ ပိဂံလာ၊ မျက်စိပြူးကြောင် နေသော။တိလကာဟတာ၊တကိုယ်လုံး မှည့်မည်း စွဲ၍နေသော ပုဏ္ဏား မသည်။ အတ္ထိယထာ၊ ရှိသကဲ့သို့။ မယ္ပံ၊ လူသုံးပါးတို့ဆရာ ဘုရား ငါမှာတော့။ သောတ္တံ၊ အိပ်ပျော်၍နေလျင်။ ပါဒေန၊ ဖနောင့်နှင့် ပေါက် ခြေနှင့်ကျောက်၍။ ဗောဓေတိ၊ နှိုးတတ်သော။ ပိဂံလာ၊ မျက်စိ ပြူးကြောင်သော။ တိလကာဟတာ၊ တကိုယ်လုံး မှည့်မည်း စွဲ၍နေသော အိမ်ရှင်ပုဏ္ဏားမသည်။ နာ ဟိ အတ္ထိ၊ မရှိဧကန် ဧကံစ မှန်၏။ တေန၊ ထိုသို့အိမ်ရှင် ပုဏ္ဏားမ မရှိခြင်းဟူသော အကြောင်း ကြောင့်။ အဟံ၊ လူသုံးပါးတို့ဆရာ ဘုရားငါသည်။ သုခီ၊ ကာယစိတ္တ သုခနှစ်ပုံ ပြည့်စုံ၍ နေပေ၏။

ခုနှစ်ခုမြောက် ပုဏ္ဏားရဲ့ ညည်းခြင်းဂါထာရဲ့အတုံ့ပဋိဂါထာ–တဲ့။

ကြွေးမြီမရှိ၍ ချမ်းသာ

နာ ဟိ မယ္ပံ ဗြာဟ္မဏ၊ ပစ္စုဿမို့ ဣဏာယိကာ၊
ဧဒထ ဧဒထာတိ ဧဝံဒေန္တိ၊ တေနာဟံ ဗြာဟ္မဏာ သုခီ။

ဗြာဟ္မဏ၊ ဘာရဒ္ဝါဇန္ဒယ်ဖွား ဒကာ ပုဏ္ဏား။ တုယ္ပံ၊ သင့်မှာတော့။ ပစ္စုဿမို့၊ နံနက်မိုးသောက် ဆောက်သကာလ။ ဣဏာယိကာ၊ ကြွေးရှင် မြီရှင်တို့သည်။ အာဂန္တွာ၊ လာလတ်၍။ ဧဒထ၊ ဟဲ့ ပုဏ္ဏား ပုဏ္ဏား ငါတို့ကြွေးပေးကြကုန်လော့။ ဧဒထ၊ ဟဲ့....ပုဏ္ဏား ပုဏ္ဏား

ငါတို့ကြွေးပေးကြကုန်လော့။ ဣတိ၊ ဤသို့။ စောဒေန္တိယထာ၊ အပြစ်ကိုပြ၍ငါက် ခြိမ်းချောက်ကာ တောင်းခံ ကြကုန်သကဲ့သို့။ မယုံ၊ လူသုံးပါးတို့၏ဆရာ ဘုရားငါမှာတော့။ ပစ္စူသမို့၊ နံနက်မိုးသောက် ရောက်သောအခါ ကာလဌိ။ ဣဏာယိကာ၊ ကြွေးရှင် မြီရှင်တို့သည်။ အာဂန္တွာ၊ လာလတ်၍။ ဒေထ ဒေထာတိ၊ ပေးကြ ပေးကြကုန်တော့ဟူ၍။ နဟိ စောဒေန္တိ၊ မတောင်းခံဦးကေန် စင်စစ် မှန်ကုန်၏။ တေန၊ ထို့ကြောင့်။ အဟံ၊ လူသုံးပါးတို့၏ဆရာ ဘုရားငါသည်။ ဣဒံ ကာယစိတ္တန္နစ်ပုံ ကုံလုံပြည့်ဝသည်။ ဟောတိ၊ ဖြစ်ပေတော့၏။

ပုဏ္ဏား၏ အမြင်မှန် သတိဘရား။ ။ပုဏ္ဏားရဲ့ ညည်းခြင်း ဂါထာ၊ ခုနစ်ပုဒ်အလိုက် ဘုရားက ပဋိဂါဃာ=အတို့ ဂါထာ ခုနစ်ပုဒ် တရားဟောလိုက်ယင်ပဲ ပုဏ္ဏားစိတ်ထဲမှာ အလွန်ကြည်ညိုသွားတယ်။ စောစောက မတ်တတ်ရပ်ပြီးတော့ တကတဲမရိုမသေ ညည်းခြင်းဂါထာရွတ်နေတဲ့ ပုဏ္ဏားသည် "ဘုရား ဓမ္မမှာတရိုတသေ ထိုင်ပြီးသကာလ-

အာဘိက္ကန္တံ ဘော ဂေါတမ။

အို-အရှင်ဂေါတမ အလွန်နှစ်သက်ဖွယ် ရှိစွဘုရား။

အာဘိက္ကန္တံ ဘော ဂေါတမ။

အို-အရှင်ဂေါတမ အလွန်နှစ်သက်ဖွယ် ရှိစွတကား။

သေယျထာပိ ဘော ဂေါတမ နိက္ကုဇ္ဇိတံဂါ ဥက္ကုဇ္ဇေယျ။

အရှင်ဂေါတမ လောကဥပမာ ပြောကြားရမယ်ဆိုယင် မောက်၍ထားတဲ့ဝတ္ထုကို လှန်၍ပြသကဲ့သို့လည်းကောင်း။

ပဋိစ္စန် ဝါ ဝိဝရေယျ။

တစုံတခုဖြင့် ဖုံးထားတဲ့ ဝတ္ထုကို အဖုံးလှပ်၍ ပြသကဲ့သို့ လည်းကောင်း။

မူဠ္ဍဿ ဝါ မဂ္ဂံ အာစိက္ခေယျ။

မျက်စိလည် လမ်းမှားနေတဲ့ ယောကျ်ားကို လက်ကိုဆွဲပြီးတော့ "မောင်သွားရမယ့်လမ်းဟာ ဟောဒီလမ်းပဲ"လို့ လမ်းမှန်ကို ညွှန်ပြ လိုက်သကဲ့သို့ လည်းကောင်း။

အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ "စက္ခုမန္တော ရူပါနိ ဒက္ခန္တီ"တိ။

မျက်စိအမြင်ရှိကြတဲ့ ပုဂ္ဂိုလ်တွေ မြင်ကြပါစေ၊ မြင်ကြလိမ့်မဟဲ့ လို့ အမိုက်မှောင်ထဲမှာ ဆီမီးတန်ဆောင်ထွန်း၍ ပြောင်ဘိသကဲ့သို့ လည်းကောင်း။

ဝေမေဝ ဘောတာ ဂေါတမေန အနေကပရိယာယေန ဓမ္မော ပကာသိတော။

ဝေမေဝ၊ ဤအတူပင်။ ဘောတာ ဂေါတမေန၊ အရှင်ဂေါတမ သည်။ အနေကပရိယာယေန၊ ဓမ္မကြောင်းပေါင်းများစွာဖြင့်။ ဓမ္မော၊ နိဗ္ဗာန်ဆုက်ကြောင်းတရားကောင်းကို။ ပကာသိတော၊ ဒေသထင်ဟရှား ဟောကြားအပ်ခဲ့ပါပြီ။

အရှင်ဘုရား၊ အကြောင်းပေါင်းများစွာဖြင့် တပည့်တော်ကို နိဗ္ဗာန် ရောက်ကြောင်း တရားကောင်း ဟောတော်မူခဲ့ပါပြီ။

သောဟံ ဘဂဝန္တံ ဂါဇမံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခု-သံဃဉ္စ။

သောဟံ၊ ဘာဒ္ဒါဇခေါ ငြားး တပည့်တော် ပုဏ္ဏားသည်။ ဘဂဝန္တံ ဂေါတမံ၊ အရှင်ဂေါတမကိုလည်း ခကောင်း။ ဓမ္မဉ္စ၊ အရှင်ဘုရား မိန့်ဖော်ကြားတဲ့ လေးပါးသောမဂ် လေးချက်သောဖိုလ် နိဗ္ဗာန်ပရိယတ်ဆိုတဲ့ ဆယ်ပါးသောတရားတော်မြတ်ကိုလည်းကောင်း။ ဘိက္ခုသံဃဉ္စ၊ ရဟန်းသံဃာတော်ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းဆည်းကပ်ထုပ်ဟူ၍။ ဂစ္ဆာမိ၊ သိရှိတဲ့ ဉာဏ်ပညာပြဋ္ဌာန်းသော စိတ္တာပ္ပါဒ်ကိန်းသူ သရဏဂုံဘည်သူ ဥပါသကာတယောက်ဖြစ်ပါပြီဘုရား။

ဘုရားအထံမှာ ဗုဒ္ဓသရဏဂုံ၊ ဓမ္မသရဏဂုံ၊ သံဃသရဏဂုံ၊ ဒီလို ခံပြီးတဲ့နောက် ဒီတွင်ရပ်နားသလားဆိုတော့-

ပုဏ္ဏားကြီး ရှင်ရဟန်းပြုခြင်း

လဘေယျာဟံ ဘောဘော ဂေါတမဿ သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယ္ယံ ဥပသမ္ပဒံ။

ဘာဇန္တ၊ ရှင်ပင်ဘုရား။ အဟံ၊ ဘာရဒ္ဒါဇတွင်ခေါ် တပည့်တော်သည်၊ ဘောတော ဂေါတမဿ၊ ရှင်ပင်ဂေါတမ၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်အဖြဂ်ကို၊ လဘေယ္ယံ၊ ရ ပါရစေတော့ဘုရား။ ဥပသမ္ပဒံ၊ ရဟန်းအဖြစ်ကို။ လဘေယ္ယံ၊ ရ ပါရစေတော့ဘုရား....လို။

သရဏဂုံလဲခံပြီးရော ဘုရား၌ ခြေဖမိုးတော်ကို ဖက်ပြီးတော့ "ဘုရား....တပည့်တော် အရှင်ဘုရား၌အထံမှာ ရှင်ပြုပါရစေ အရှင်ဘုရား၌အထံမှာပဲ ရဟန်းခံပါရစေတော့ဘုရား" လို့ လျှောက်ထား၊ လျှောက်ထားတယ်ဆိုယင်ပဲ မြတ်စွာဘုရားဟာ ကိုယ်တော့အနီးအပါး

က ဒီပုဏ္ဏားကြီးကို ကျောင်းတော်ခေါ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ထောက် ကိုယ်တော်ရဲ့ ဈေးမှောက် တွေ့ကြုံလာတဲ့ ရဟန်းတော်တပါး ကို "ဟောဒီ ပုဏ္ဏားကြီးကို ရှင်ပြုပေးလိုက်စမ်း" ရှင်ပြုပြီးပြီ။ ရှင်ပြုပြီးတဲ့အခါကျတော့ "သိမ်ဝင်ပြီးတော့ ရဟန်းခံပေးလိုက်စမ်း"။ ရဟန်းခံပြီးပြီ။

အဲဒီ ရဟန်းခံပေးပြီးတဲ့ ဘာရဒ္ဒါဇပုဏ္ဏား ဘာရဒ္ဒါဇကိုယ်တော်ကြီး နံနက်မိုးသောက် ဆောက်သဘာလ ဘုရားကိုယ်တော်မြတ်က သူ့ကို ပစ္စာသမဏာ=နောက်လိုက် ရဟန်းပြုပြီးတော့ ဗိမ္မိသာရမင်းတရားရဲ့ ရွှေနန်းတော်ကြွတယ်....တဲ့။ ဤမှာ ဘာရဒ္ဒါဇပုဏ္ဏားသည် ဘုရားသာသနာမှာ ရှင်ရဟန်းအဖြစ်ရတာကို အတိုချုပ် ပါဠိတော်က ဘယ်နှယ် မှတ်သားတုံးဆိုတော့-

အလတ္တ ခေါ် ဘာရဒ္ဒါဇကေါတ္တော ပြာဟွေးဘာဝဝ-
တော သန္တိကေ ပဗ္ဗဇ်၊ အလတ္ထ ဥပသမ္ပဒံ။

"ဘာရဒ္ဒါဇနှယ်ဖွားပုဏ္ဏားသည် ဘုရားအထံ၌ ရှင်အဖြစ် ရဟန်းအဖြစ်ကိုရခဲ့လေပြီ" လို့ပါဠိတော်ဆိုတာဒေါင်မတန် လွယ်လဲလွယ် ရမယ်၊ ပြီးတော့ လျှိုလဲလျှိုဝှက်ရမယ်၊ ကြည့်လိုက်တယ် ဆိုလို့ရှိယင် ရှင်းလို့ ဘာမှသိစရာ ခဲ့ပြီးတော့ တခြားသိ၊ ရာ မလိုဘူးလို့ ဒေသာက်မေ့တယ်၊ ဒါပေမယ်လို့ မဟုတ်ဘူး။ ပါဠိတော်ဆိုတာ တိမ်မယောင်နှင့် နက်ဇယ်။ တကယ်ရတဲ့ အရာက ဘုရားက ကျောင်းတော်ကိုခေါ် သွား၊ ရောက်တဲ့အခါ ပိဏ္ဍပါတိက ရဟန်းတော်တပါးကို ဤ ပုဏ္ဏား ရှင်ပြုပေးလိုက်၊ ပြီးပါပြီ ဘုရားဆိုတော့ ရဟန်းခံပေးလိုက်ဦး။ ရဟန်းခံပြီးပြီ၊ ပြီးတော့ နောက်တနေ့နံနက် မိုးသောက်ရောက်တော့ ဘုရားကိုယ်တော်မြတ်က ဘာရဒ္ဒါဇ ကိုယ်တော်ကြီးကို နောက်လိုက် ပစ္စာသမဏာ ရဟန်းပြုပြီး

တော့ ပဿနဒီ ကောသလမင်းတရားရဲ့ ရှေနန်းတော်သို့ ဘုရား ကိုယ်တော်မြတ် ရွှေရှုကြွတော်မူတယ်။

ယာဂုလောင်းလှူမှု တားမြစ်တော်မူခြင်း။ ။ရှေနန်းတော် ရောက်တယ် ဆိုယင်ပဲ ဘုရား ကိုယ်တော်မြတ်ကြီး အထူးသဖြင့် ကြွလာတယ်။ အင်မတန်ကောင်းတဲ့ နေရာတွေ ခင်းပေးတယ်။ ပစ္စာသမဏဖြစ်တဲ့ ဘာရဒ္ဒါဇ ကိုယ်တော် ကြီးကိုလဲပဲ ပဿနဒီကောသလမင်းတရားက သူနှင့်ထိုက်တန်လောက် အောင် မွန်မြတ်သော နေရာတွေ ခင်းပေးတယ်။ ခင်းပေးလို့ ဘုရား ရော ဘာရဒ္ဒါဇ ကိုယ်တော်ကြီးရော ထိုင်ကြပြီဆိုတော့ ပဿနဒီ ကောသလမင်းတရားက ရှေအရိုးတပ်တဲ့ ငွေယောက်ချိုဖြင့် ဟောဒီ ငွေဖလားကြီးထဲမှာ ထည့်ထားတဲ့ ယာဂုတွေကို ဘုရားရဲ့သပိတ်ထဲ ပဿနဒီ ကောသလမင်းတရား ကိုယ်တိုင် ယောက်ချိုကြီးနှင့် ခပ်ပြီး တော့ ဘုရားရဲ့ သပိတ်တော်ထဲ လောင်းတယ်။

ဟို.... ရှေးဘုန်းကတော့ နန်းတော်ရောက်တယ် ဆိုယင် ပထမ ယာဂုကပ်တယ်။ ယာဂုကပ်ပြီးပြီ ဆိုတော့မှ ဟို– ခဲဖွယ်ခေါ်တဲ့ မုန့်ပေါ့၊ မုန့်ကိုကပ်တယ်။ အဲဒီယာဂုမျှား ခဲဖွယ်မျှားကပ်ပြီးပြီဆိုတဲ့ အခါ ကျတော့မှ ဆွမ်းကပ်တယ်။ အဲဒီလို အစဉ်ရှိတယ်။

အခု ပဿနဒီ ကောသလ မင်းတရားက ပထုပိုင်းအနေနှင့် ရွှေ ယောက်ချိုဖြင့်ခပ်၍ ယာဂုတွေ ဘုရားသပိတ်ထဲ လောင်းမယ် လို့လဲ လုပ်လိုက်ကရော ဘုရားကိုယ်တော်မြတ်ကြီးက တခါတည်း လက် နှင့် ပိတ်ထားလိုက်တယ်၊ အလှူမခံဘူး။ ကောသလမင်းကြီး ဘော်တော်စိတ်ထဲမှာ ထိခိုက်သွားပြီး ဘုရားက တခါတည်း ပိတ်ထား လိုက်တော့—

သစေ မေ ဘန္တေ ဒေါသော အတ္ထိ၊ ခမထ။

ဘန္တေ၊ ရှင်ပင်မြတ်ဘုရား။ မေ၊ တပည့်တော်၏ အပေါ်၌။ ဒေါသော၊ တစုံတခု ပြစ်မှားမိတဲ့ အပြစ်သည်။ သစေ အတ္ထိ၊ အကယ်၍ ရှိငြားအံ့။ ခမထ၊ ကရုဏာရှေရှ သည်းခံတော် မူကြပါကုန်ဘုရား။

ထိုင်ပြီးတော့ ကောသလမင်းကြီး ရှိခိုးတယ်။ တပည့်တော် အပြစ်ရှိယင် သည်းခံတော်မူပါဘုရား။ ချက်ချင်း ဂန်တော့တယ်။ ဘာလုပ်တုန်း "ရွှေယောက်ချိုကြီးနှင့် ခပ်ပီးတော့ကပ်လို့ မအပ်လို့ များဘုရားက အလှူမခံတာ ထင်ပါရဲ့" ဒီလိုဆိုယင် ငါပေး အပြစ်ရှိသွားပြီ၊ ဘုရား စိတ်ဆင်းရဲအောင် ငါသွေးလုပ်မိပြီ။ အဲဒီအနေနှင့် သူက သူ့အပြစ်ရှိတယ် ထင်ပြီးတော့ "တပည့်တော် အပြစ်ရှိယင် သည်းခံတော် မူပါဘုရား" ဆိုပြီးတော့ ထိုင်ပြီးတော့ ရှိခိုးတော့ မြတ်စွာဘုရားက -

နတ္ထိ မဟာရာဇ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ တုယှံ၊ သင်၏။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိပါ။

ကောသလမင်းကြီးက ဆက်လျှောက်တယ် -

အထ ကသ္မာ ယာဂုံ နဂဏှထ။

ဘန္တေ၊ အရှင်ဘုရား။ အထ၊ ထိုသို့ တပည့်တော် အပြစ်မရှိပါပဲလျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ ယာဂုံ၊ တပည့်တော်လှူဒါန်းတဲ့ ယာဂုဆွမ်းကို။ နဂဏှထ၊ ကရုဏာရှေရှ အလှူခံတော် မမူကြပါသနည်းဘုရား။

ဣဏပလိဗောဓကို မြတ်စွာဘုရား ရှင်းစေတော်မူခြင်း

အရှင်ဘုရား၊ ဒီလိုဆိုလို့ရှိယင် တပည့်တော် အပြစ်မရှိယင် ဘာ့ကြောင့် တပည့်တော်လျှောက်ထားတဲ့ယဒရုကို အလျှော့မခံကြပါသတုံး ဘုရားလို့ လျှောက်တော့ မြတ်စွာဘုရားက-

ပလိဗောဓော အတ္ထဲ မဟာရာဇ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ပလိဗောဓော၊ ပလိဗောဓသည်။ အတ္ထိ၊ ငါဘုရားမှာ ရှိ၍နေတယ်။

ဟောဒီလို အမိန့်ရှိတော့ ကောသလမင်းကြီးက-

ကိံ ပန ဘန္တေ ယာဂုံ အဂတ္ဘန္တေဟဝေ လဘိတမ္ပေါ သော ပလိဗောဓော။

ဘန္တေ၊ ရှင်ပင်မြတ်ဘုရား။ ကိံ ပန၊ ဘယ့်နှယ်လဲ။ ယာဂုံ အလဘာန္တေဟဝေ၊ ယာဂုဆွမ်းကို မခံနိုင်လောက်အောင်ပင်။ သော-သော ပလိဗောဓော၊ ဣဏိပလိဗောဓကို။ လဘိတမ္ပေါ၊ အရှင်ဘုရားတို့ ရအပ်ပါသလား။

အရှင်ဘုရားဘို့ ပလိဗောဓက ယာဂုဆွမ်းတောင် မခံနိုင်လောက်အောင် ကြီးကျယ်လို့လားတဲ့။ ဒီလိုမေးတာ။

ပဋိဗလော အဟံ ပလိဗောဓံ ဒါတုံ၊ ဂဏှထ ဘန္တေ။

အဟံ၊ တပည့်တော်သည်။ ပလိဗောဓံ၊ အရှင်ဘုရားမှာ ကျွေးတဲ့ ပလိဗောဓကို။ ဒါတုံ၊ ပေးခြင်းငှာ။ ပဋိဗလော၊ တတ်နိုင်ပါသည် ဘုရား။ ဘန္တေ၊ ရှင်ပင်မြတ်ဘုရား။ ဂဏှထ၊ ယာဂုဆွမ်းကို ဖြောင့်ဖြောင့်တန်းတန်း အလှူခံတော်မူပါဘုရား။

တပည့်တော်လို ဒကာတယောက်ရှိနေပေါ့ပဲတဲ့။ အရှင်ဘုရားတို့မှာ ကျရောက်တဲ့ ပလိဗောဓ တပည့်တော် ငြိမ်းအေးအောင် ပေးပါ့မယ်ဘုရားတဲ့။ ယာဂုကိုဖြောင့်ဖြောင့်တန်းတန်း အလှူခံတော်မူပါဘုရား – ဆိုတော့ မြတ်စွာဘုရားက လက်တော်ဖွဲ့ပြီးတော့ သပိတ်ထဲ လောင်းခွင့်ပေးတယ်။ သပိတ်ထဲ လောင်းခွဲ့ပေးတော့မှ ယာဂုလောင်း၊ ယာဂုကပ်၊ နောက်က ဘာရဒ္ဒါဇကိုယ်တော်ကြီးလဲ ယာဂုကပ်။ အင်း – ယာဂုကပ်ပြီးတဲ့အခါ မုန့်မျိုး ခဲဖွယ်မျိုး ကပ်ပြီးလို့ ဆွမ်းချိန် ဆွမ်းကပ်ပြီးတဲ့အခါ ဆွမ်းကပ်ကိစ္စပြီးတော့ ပဌေနဒီကောသလမင်းကြီးက ဘာလျှောက်သလဲ –

ဘဂဝါ တုမှေ ပဝေဏိယာ အာဂဇေ ဥဂ္ဂဟေကင်္ခသေ ဥပပဇ္ဇိတ္ထာ စက္ကာတ္တိသိရိ၊ ပဟာယ ပဗ္ဗဇိတ္ထ လောဇက အဂ္ဂတံ ပတ္တော၊ ကော နာမ ဘန္တေ တုမှာကံ ပလ်ဗော-ဓော။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းပဇောတ်မူသော မြတ်စွာဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်၊ ပဝေဏိယာ အာဂဇေတေ၊ ပဒဝတီရာဇဝင်အစဉ်အဆက် ဆင်းသက်၍လာခဲ့သော။ ဥက္ကာကဝံသေ၊ ဥက္ကာကရှင်မင်းမျိုး၌ အသမ္ဘိန္နခတ္တိယန္ဝယ်စဉ် သာကီဝင်မင်းမျိုး၌။ ဥပပဇ္ဇိတ္ထာ၊ ဖြစ်တော်မူ၍။ စက္ကဝတ္တိသိရိ၊ စကြာဘတေးမင်းရဲ့ စည်းစိမ်ဒေသရေကို။ ပဟာယ၊ ပယ်စွန့်၍။ ပဗ္ဗဇိတ္ထ၊ ရဟန်းပြုတော်မူ၍။ လောကေ၊ လောက၌။ အဂ္ဂတံ၊ အမြတ်ဆုံးပုဂ္ဂိုလ်အဖြစ်သို့။ ပတ္တော၊ ရောက်တော်မူခဲ့ပါပြီ။ ဘန္တေ၊ ရှင်ပင်မြတ်ဘုရား။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ပလိဗောဓော၊ ပလိဗောဓ ကြောင့်ကြဆိုတာ။ ကော နာမ၊ ဘယ်ဟာဘာလဲဘုရား။

မဟုခီတရပုဏ္ဏားရဟန်းကြီး၏ ရှင်ဇေတဝ်ဘုရား၊ အရှင်ဘုရားတို့မှာ
ကုဏ္ဍပလိဗောဓ ဆိုလို့ရှိယင် ရာဇဝင်အစဉ်အဆက်
ဥက္ကာကရာဇ်မင်းမျိုးက ဆင်းသက်
လာခဲ့တာပါတဲ့။ အသမ္ဘိန္နသကျန္ဒယ်စဉ် သာကီဝင်မင်းမျိုးက ဆင်း
သက်ပြီး လာရောက်တဲ့အပြင် လက်ဒတော်မှာက် ရောက်အံ့ဆဲဆဲ
စကြဝဠတေး စည်းစိမ်ကြီး စွန့်ပယ်ပြီး ရဟန်းပြု၍ လူသုံးပါးမှာ အတု
မရှိ အထွဋ်အမြတ် ပုဂ္ဂိုလ်မြတ်ဒ ဖြစ်သို့ ရောက်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ၊ အရှင်
ဘုရားတို့ရဲ့ ပလိဗောဓ၊ ကြောင့်ကြဆိုတာ ဘယ်ဟာဘာတုန်း။
တပည့်တော် ရှင်းပေးပါရစေ။ ဒီအဓိပ္ပာယ်နှင့် ပသေနဒီကောသလမင်း
ကြီးလျှောက်ထားတော့ မြတ်စွာဘုရားက ကိုယ်တော့် နောက်တော်က
ပါလာတဲ့ ဘာရဒ္ဒါဇ ကိုယ်တော်ကြီးကို လက်ညှိုးထိုးပြီးတော့ -

မဟာရာဇ တေဿ မဟာလွကတ္ထရဿ ပလိဗောဓော
အမ္မာကံ ပလိဗောဓသဒိသော၀။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဧတဿ မဟာလွကတ္ထရဿ၊
ဟောဟို့ အသက်ကြီးတဲ့ ကိုယ်တော်ကြီး၏။ ပလိဗောဓော၊ ကြောင့်
ကြ ပလိဗောဓသည်။ အမ္မာကံ၊ ငါဘုရားတို့၏။ ပလိဗောဓ သဒိသော-
၀၊ ကြောင့်ကြ ပလိဗောဓနှင့် တူသည်သာလျှင်။ ဟောတိ၊ ဖြစ်ပေ
တော့၏။

ဟုတ်ပါတယ် တကာတော် ငါဘုရားတို့ရဲ့ ကိုယ်ရေးကိုယ်တာ
အတွက် ပလိဗောဓ ကြောင့်ကြတစုံဘုရားမရှိသော်လည်း ဟောဒီကိုယ်
တော်ကြီး၏ ပလိဗောဓရှိနေတယ်၊ ဒီကိုယ်တော်ကြီး၏ ပလိဗောဓ
သည့် ငါ့သားရဲ့ ပလိဗောဓဆိုကော့ ဓမ္မသံဃာဖြစ်တဲ့ ငါဘုရားတို့ရဲ့

ဟလိဗောဓနှင့်အတူတူပဲဖြစ်နေပါတယ်–လို့ မြတ်စွာဘုရားက ဤကဲ့သို့ ဟရိပ်ဒုမြွက်လောက် မိန့်တော်မူလိုက်လျှင်ပဲ ပသေနဒီဓကာဒေ လ မင်းကြီးက ကိုယ်တော်ကြီးကို ရှိခိုးပြီးတော့ ဘာရဒ္ဒါဇကိုယ်တော ကြီး နှင့် ကောသလနှင့် ရင်ဆိုင်ကြ။ ဘာလျှောက်တုံး–

ကော ဘန္တေ တုမှာကံ ပလိဗောဓော။

ဘန္တေ၊ အရှင်ဘုရား။တုမှာကံ၊ အရှင်ဘုရားတို့၏။ ပလိဗောဓော၊ ပလိဗောဓကြောင့်ကြဆိုတာ။ ကော၊ ဘယ်လိုဟာပါလဲဘုရား။

အရှင်ဘုရားတို့ရဲ့ကြောင့်ကြက ဘယ်လိုကြောင့်ကြလဲ၊ ပလိဗောဓ ဘယ်လိုရှိတုံး၊ ပလိဗောဓရှိလျှင် ရဟန်းတရားအားထုတ်လို့ မဖြစ်နိုင် ပဲကိုး၊ ဒီတော့ ကိုယ်တော်ကြီးက ဘာပြောတုံး။

ဣဏပလိဗောဓော မဟာရာဇ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဣဏပလိဗောဓော၊ ကြွေးမြီငှါလိ-ဗောဓတွေ ရှိနေပါသည်။

ကောသလမင်းကြီးက ကြွေးရှင်းပေးခြင်း

ကောသလမင်းကြီးက ပြောပြန်တယ်။

ကိတ္တကော ဘန္တေ။

အရှင်ဘုရား၊ ကြွေးမြီးတွေက ဘယ်လောက်ရှိနေတုံး။

ကိုယ်တော်ကြီးက ပြန်ပြောတယ်။

ဂဏ္ဍော်ဟိ မဟာရာဇ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဂဏ္ဍော်ဟိ၊ လက်ချိုးရေ တွက်လေ့။

မဟာရာဇာကြီး လက်ချိုးပြီးတော့ရေတွက်မယ့်အကြံ၊ ကိုင်းအာမိန့် ဒိုပါဘုရားဆိုတော့ - မောင်ဖြူငွေကတစ်ကျပ်၊ မောင်နီငွေကတစ်ကျပ်၊ မောင်ညိုငွေကနှစ်ကျပ်၊ မောင်ရွှေငွေကလေးကျပ်၊ မောင်မဲရွှံငွေကတစ်ဆယ်၊ မောင်မြဲရွှံငွေက ငါးဆယ်၊ အေး....မောင်စိန်ရွှံငွေက တစ်ရာ စသည်ဖြင့် ပြောလိုက်တာ တော်တော်ကြာတော့ ကောသလမင်းကြီးရဲ့လက်တွေ့ မလောက်တော့ဘူး၊ လက်ကိုချိုးပြီး မလိုက်နိုင်တော့ဘူး။ မင်းကြီးလဲပဲ လက်ချောင်းတွေ့ မချိုးနိုင်တဲ့ အခြေရောက်တော့မှ မဖြစ်ချေဘူးဆိုပြီးတော့ မင်းချင်းတယောက် ခေါ်ပြီး -

ဂစ္ဆ ဘဏေ နဂရေ ဘေရိ စရာပေဟိ။

ဘဏော၊ အချင်း၊ ဂစ္ဆ၊ သွားပါတည့်ချေ။ နဂရေ၊ ငါတို့ရဲ့ သာဝတ္ထိမြို့အတွင်း၌။ ဘေရိ စရာပေဟိ၊ စည်လည်လိုက်ပါ။ စည်လည်ချေပါ။ ဘယ်လိုစည်လည်ရမလဲဆိုတော့ -

သဗ္ဗေ ဗဟုဓိတိကဖြာဟဏသဿ ဣဏာယိကာ ရာဇင်္ကေ သန္ဓိပတန္တု။

သဗ္ဗေ၊ ကြွင်းမဲ့ညဿံ အလုံးစုံကုန်သော။ ဗဟုဓိတိက ဖြာဟဏသဿ၊ ဗဟုဓိတိက ပုဏ္ဏားကြီး၏ အပေါ်၌။ ဣဏာယိကာ၊ ကြွေးတင်ရှိကြကုန်သော သူတို့သည်။ ရာဇင်္ကေ၊ မင်းရင်ပြင်၌။ သန္ဓိပတန္တု၊ စည်းဝေးကြကုန်လော့။ ဣတိ၊ ဤသို့။ တံ၊ သင်သည်။ နဂရေ၊ မြို့ဗဟိုင်း၌။ ဘေရိ စည်ကို။ စရာပေဟိ၊ လည်စေပါလော့။

ဆိုပြီး မင်းချင်းတယောက် လွှတ်လိုက်တော့ - "နေပြည်တော်အတွင်း ဗဟုဓိတိက ပုဏ္ဏားကြီး၏အပေါ် ကြွေးမြီတင်ရှိကြတဲ့ ကြွေးရှင် မြီရှင်အားလုံး ရွှေနန်းတော် နန်းရင်ပြင်၌ လာရောက်စုဝေး

ရမည်” ဆိုပြီးတော့ မြို့ထဲသွည့်ပြီးတော့ စည်လည်တော့ စာချုပ်စာရွက်ကလေးတော့ ကိုင်ပြီးတော့ နန်းရင်ပြင် လာရောက်တဲ့ လူတွေ အများကြီးပဲ။ အဲဒီလာတဲ့ လူတွေ ရောက်– ကောသလမင်းကြီးက ဘာရဒ္ဓါဇ ကိုယ်တော်ကြီးနှင့် ဆင်းသွားပြီးတော့–

“ကိုင်း ကိုယ်တော်ကြီး ဒီလူဟာ ဟုတ်ကဲ့လား”

“ဟုတ်တယ်”

ဟိုလူအတွက် တကျော်ပေါ့လေ၊ တခါတည်း သူလက်မှတ်ထိုးထားတဲ့ လက်မှတ်တွေ အကုန်လုံး ပေးရတယ်။ ပေးလိုက်ပုံတာ-တဲ့၊ ဘယ်လောက်များသလဲဆိုတော့ ရွှေဒင်္ဂါးတသိန်း-တဲ့၊ ဘယ်လောက်များကြွေးတင်သလဲဆိုယင် ဒီပြင် ငွေတော့ မပြောနှင့်တော့၊ ရှင်ဘုရင်ကြီးကလဲ တယောက်မှ မလျှော့မပေးဘူးတဲ့။ စာချုပ် စာရွက်ထဲငါးကျပ်ပါတဲ့သူ ငါးကျပ်ပေး သိုက်တာပဲ၊ တဆယ် စာချုပ်ထဲ ပ်တဲ့လူ တဆယ်၊ အတိုးပါ မလျှော့ဘူးတဲ့။ တခါတည်း ဒါပြီးပြီ။ ပြီးတော့မှ ကိုယ်တော်ကြီး နန်းတော်ကို ဘုရားရှေ ပြန်ခေါ်သွားတယ်။

အညောပိ အတ္ထိ ဘန္တေ ပလိဗောဓော။

ဘန္တေ၊ အရှင်ဘုရား။ အညောပိ ပလိဗောဓော၊ အခြားပလိဗောဓ ကြောင့်ကြမျှားလဲပဲ။ အတ္ထိ၊ ရှိသေးသလားဘုရား-တဲ့ လျှောက်တယ်။

သမီး ၇ ယောက်ကို မင်းကြီးက ကူညီခြင်း

ဒီကော် ဘာရဒ္ဓါဇကိုယ်တော်ကြီးက ဘာပြန်ပြောသလဲဆိုတော့–

ဣဏံ နာမ မဟာရာဇ ဒတ္တာ မုစ္စိတုံ သက္ကာ၊ ဇေတာ ပန သတ္တာဒါရိကာ မဟာပလိဗောဓာ မယှံ။

မဟာရာဇ၊ မြတ်ခသာမင်၊ ကြီး။ ဣဏံ နာမ၊ ကြွေးမည်သည်ကို။ ဒတ္တာ၊ ပေး၍။ မုစ္စိတုံ၊ လွတ်အောင်ပြုခြင်းငှာ။ သက္ကာ၊ တတ်ကောင်း ပါ၏။

ဒကာတော် မဟာရာဇာကြီး-တဲ့၊ ကြွေးမြီ ငှဲတဲ့အရာ ကြွေးရှင် မြရှင်ကို ကြွေးတွေ့ မြီတွေ့ကို အပြည့်အဝ ပေးလိုက်လို့ရှိယင် ဒီကြွေး မြီက လွတ်မြောက်မယ်ဆိုယင် လွတ်မြောက်နိုင်ပါတယဲ့။

ဇေတာ ပန သတ္တာဒါရိကာ၊ ငါ့အိမ်မှာရှိရစ်ကြတဲ့ သမီး ၇-ဖော်တို့ ကတော့။ မယှံ၊ ငါ့အဖို့ရန်။ မဟာပလိဗောဓာ၊ အလှန်ကြီးကျယ်တဲ့ ပလိဗောဓကြီးတွေပါ။

အလှန်ကိုကြီးကျယ်တဲ့ ပလိဗောဓတွေ၊ တရားနှလုံးကျင့်သုံးမယ်ကြံ၊ ဒီသမီး ၇-ယောက်မျက်နှာပဲ မြင်နေတယ်ပေါ့။ ပြီးတော့ ဟုတ်သလား၊ ဟုတ်တယ်-ဆိုတော့ ပသေနဒီကောသလမင်းကြီးက ဌေနန်းတော်က နေပြီးတော့ တကတဲ့ သူ့အိမ်ကရှိတဲ့ သမီးတွေဆီကို ဒီက ရထားတွေ ဘာတွေနှင့် လှည်တ်ရတယ်။ သမီး ၇-ယောက်ကို ရထားနှင့်တင်ပြီး ခေါ်ရကယ်။ အားလုံး နန်းရင်ပြင်က လူတွေကို စည်းဝေး၊ ဟော်ဒီ ဗဟုဓိတိက ပုဏ္ဏားကြီးရဲ့ သမီး ၇-ယောက်ကို တော်ကောက်ပြီးတော့ ငါ့ရဲ့ သမီးတော်အဖြစ် အသိအမှတ်ပြုတယ်။ ငါရဲ့ သမီးတော်တွေကို လိုချင်တဲ့လူ ထွက်ဆိုတော့ အဲဒီအထဲက ခုနက စောစောက လူတွေလဲ ပါနိုင်သပ။အဲဒီသမီးခုနစ်ယောက်ကို တခါတည်း နေရာချပေး လိုက်ဘယ်။စားလောက် သောက်လောက်အောင် ရင်းနှီးပေးပြီးတော့

နေရာချပေးလိုက်တော့ အဲဒီပလိဗောဓပြီးရော။ ပြီးပြန်တော့ တခါ ပသေနဒီကောသလမင်းကြီးက လျှောက်ပြန်တယ်။

အညောပိ ဘန္တေ အတ္ထိ ပလိဗောဓော။

ဘန္တေ၊ အရှင်ဘုရား။ အညောပိ၊ ကြွေးမြီ, သမီးခုနစ်ဖော်မှ တပါးလည်းဖြစ်သော။ ပလိဗောဓော၊ ပလိဗောဓ သည်။ အတ္ထိ၊ ရှိသေးသလားဘုရား။

ပုတ္တေးမကြီးကို နန်းတော်ခေါ်ထားခြင်း

ဒီပြင်ကြွေးမြီ အပြားရှိသေးသလား၊ ပလိဗောဓမျိုး ရှိသေးသလား ဘုရားလို့ဆိုတော့ -

ဗြာဟ္မဏီ မဟာထုဇ။

မဟာထုဇာကြီး....မျက်စိပြူးကြယ် မွဲမည်းတွေ့စဲနေတဲ့ ကုပ်ရဲ့ အိမ်ရှင်ပုတ္တေးမကြီးကျန်သေးတယ်။ သူလဲပလိဗောဓပဲ။ ကျုပ်ရဟန်း တရားအားထုတ်မယ်ကြံ သူဘယ်လိုစားပါ့၊ ဘယ်လိုဝတ်ပါ့၊ ဘယ်လို နေပါ့မတုံး" အဲဒါကိုက ပလိဗောဓကြီး ဆိုတော့မှ ပသေနဒီကောသလ ကြီးက ပုတ္တေးမကြီးကို ရထားနှင့်လွှတ်ပြီး သွားခေါ်ရတယ်။ သူ့ မျက်မှောက်တွင် -

"အရှင်ဘုရား စိတ်သာချပါတော့ တပည့်တော်က အရှင်ဘုရားရဲ့ အဲဒီအိမ်ရှင်ပုတ္တေးမကြီးကို အဖွားအရာထားပြီးတော့ ရွှေနန်းတော် ထဲမှာ အိမ်ဖြူဓာတ်နှင့်၊ ချိုးမြှောက်ထားပါ့မယ်" လို့ အမျှားသိ ကြွေးကြော်လိုက်၊ ဒီတော့မှတခါ ကောသလမင်းကြီးက ဆက်လျှောက်ပြန်တယ်။

အညောပိ ဘန္တေ အတ္ထိ ပလိဗောဓော။

အရှင်ဘုရား....အခြားတပါး ပလိဗောဓ မျှားရှိသေးသလား၊ ဆိုတော့ ဒီကျတော့မှ—

နတ္ထိ မဟာရာဇ—မရှိတော့ဘူး မဟာရာဇာကြီး တဲ့၊ မရှိတော့ဘူး ဆိုတော့မှ ပသေနဒိကောသလမင်းကြီးက တိစီဝရိတ်သင်္ကန်းမျှား ဘာရဒ္ဒါဇ ကိုယ်တော်ကြီးလက်ကို ကပ်တယ်၊ ကင်ပြီးတော့မှ —

ဘန္တေ မမ သန္တကံ တုမှာကံ ဘိက္ခုဘာဝံ ဇာနာထ။

ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊ အရှင်ဘုရားတို့ရဲ့။ ဘိက္ခုဘာဝံ၊ ရဟန်းအဖြစ်ကို။ မမသန္တကံ၊ တပည့်တော်ရဲ့ ဥစ္စာဟူ၍။ ဇာနာထ၊ အသိအမှတ် ပြုတော်မူကြဘုရား။

အရှင်ဘုရားတို့ရဲ့ ရဟန်းဖြစ်ခြင်းဟာ....တဲ့၊ တပည့်တော်ရဲ့ ဥစ္စာ တပည့်တော်ရဲ့ ဥစ္စာလို့ အသိအမှတ်ပြုတော်မူ။ အကယ်၍သာ တပည့်တော် မကူညီယင် ကိုယ်တော် ရဟန်းဘောင်ကြာကြာ နေနိုင်မှာ မဟုတ်ဘူး။ အခုတော့ တင်နေတဲ့ ကြွေးကိုလဲပဲ တပည့်တော် ဆပ်တယ်၊ သမီးခုနစ်ယောက်ကိုလဲပဲ စားလောက် သောက်လောက် ရင်းလောက် နှီးလောက်အောင် တပည့်တော်က နေရာချပေးတယ်၊ အင်း....အကြီးဆုံးဆိုတဲ့ ပုဏ္ဏားမကြီး ပလိဗောဓလဲပဲ တပည့်တော်က အဖွားအရာထားပြီးတော့ မွေးလို့ ကိုယ်တော်မှာ အဲဒီ ပလိဗောဓလေ ငြိမ်းတယ်၊ ငြိမ်းတော့ ကိုယ်တော် သာသနာတော်မှာ ဖြောင့်ဖြောင့် နေနိုင်တယ်၊ အဲဒီတော့ အရှင်ဘုရားတို့ရဲ့ ရဟန်းအဖြစ်ဟာ တပည့် တော်ရဲ့ ဥစ္စာပါ။ မဟုတ်လား ဘုရားဆိုတော့—

"အာမ မဟာရာဇ" အိမ်း...ဟုတ်ပေတယ် မဟာရာဇာ ဒကာတော်....လို့။ အဲဒီလို ကိုယ်တော်ကြီးက ပြန်ကြား မိန့်ဆိုတဲ့အခါက့ဲ့ တော့မှ ပဌေနဒီ ကောသလမင်းကြီးက ဘာပြောသလဲ....

ဘန္တေ စီဝရပိဏ္ဍပါတာဒယောပိ သဗ္ဗေ ပစ္စယာ အမှာကံ သန္တကာ ဘဝိဿန္တိ၊ တုမှေ တထာဂတဿ မနံ ဂဟေတ္ဝာ သမဏဓမ္မံ ကရောထ။

ဘန္တေ၊ အရှင်ဘုရား။ စီဝရပိဏ္ဍပါတာဒယော၊ သက်ံန်းဆွမ်း အစရှိ ကုန်သော။ သဗ္ဗေပိ ပစ္စယာ၊ ခပ်သိမ်းညဆုံ အလုံးစုံသော ပစ္စည်းလေးပါးတို့သည်လည်း။ အမှာကံ။ တပည့်တော်တို့၏။ သန္တကာ၊ ဥစ္စာတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ပါလိမ့်မည်။ တုမှေ၊ အရှင်ဘုရားတို့ ကတော့။ တထာဂတဿ မနံ၊ မြတ်စွာဘုရား၏ စိတ်နှလုံးအလိုကို။ ဂဟေတ္ဝာ၊ ရယူ၍။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောထ၊ ကျင့်ကြံကြိုးကုတ် အားထုတ်တော် မူကြဘုရား။

ဘာရဒ္ဒါဇပုဏ္ဏားရဟန်း ရဟန္တာဖြစ်ခြင်း

မပူနှင့်ဘုရား၊ အရှင်ဘုရား သက်ံန်းလိုမယ် ဆွမ်းလိုမယ် ကျောင်းလိုမယ် ဆေးလိုမယ် အဲဒီလိုလိုသမျှ ဆွမ်းသက်ံန်းကျောင်းဆေးပစ္စည်းလေးပါးတွေလဲပဲ တပည့်တော်တို့ရဲ့ ဥစ္စာဖြစ်ပါလိမ့်မယ်။ တပည့်တော် ပစ္စည်းလေးပါး ဒကာခံပါတယ်။ အရှင်ဘုရားသာ မြတ်စွာဘုရားအလိုတော်ကျ ရဟန်းတရား ပွားများအားထုတ်ပါ ဘုရားလို့ အဲဒီလိုလျှောက်တော့—

"သာဓု မဟာရာဇ" ကောင်းပါပြီ မဟာရာဇာကြီးတဲ့၊ စိတ်ကို တခါတည်း ဘာရဒ္ဒါဇ ကိုယ်တော်ကြီး အကြွင်းမဲ့ အားသွားတယ်။ အဲဒီမှာ ဘုရားက သူ့ရဲ့ပလိဗောဓ ငြိမ်းအေးတာ သိပြီးတော့

ရှေနန်းတော်က ပြန်ကြွ၊ ဇေတဝနကျောင်းရောက်တော့ မြတ်စွာဘုရားက သူနှင့် လျော်ကန်ပတ်တဲ့ ကမ္မဋ္ဌာန်းပေး၊ တခါတည်း ဆိတ်ငြိမ်ရာသို့ကပ်၊ မမေ့ မလျော့ သမ္မပ္ပဓာန် လုံ့လရှိ၍ နိဗ္ဗာန်သို့စေလွှတ်သောစိတ်ရှိလျက် ရဟန်းတရားပွားများကြိုးကုတ် အားထုတ်လိုက်တာ မကြာမြင့်မီ အရဟတ္တဖိုလ်ပေါက်ရောက်လို့ ဘုရားသာသနာမှာ ဘာဝဒွါဇ ရဟန္တာမထေရ်ရယ်လို့ ရဟန္တာတပါး စ.ရင်းအပါအဝင် ဖြစ်ပါတယ်တဲ့။ ဒီအကြောင်းကို သင်္ဂီယနာတင် မထေရ်မြတ်တွေက အကျဉ်းချုပ် မှတ်ချက်ချထားတယ်။

အစိချုပသမွန္နော၊ ရဟန်းဖြစ်၍ မကြာမြင့်သေးသော။ အယသွာ ဘာဝဒွါဇော၊ အရှင် ဘာဝဒွါဇသည်။ ဇကော၊ အဖေ၏မိုး တကိုယ်တည်း ဖြစ်လျက်။ ဂူပကဋ္ဌော၊ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက်။ အပ္ပမတ္တော၊ အပ္ပမာဒတရား လက်ကိုင်ထားလျက်။ အာတာပီ၊ သမ္မပ္ပဓာန် လုံ့လလေးပါးရှိလျက်။ ပဟိတတ္တော၊ ကမ္မဋ္ဌာန်းအာရုံသို့ စေလွှတ်အပ်သော စိတ်ရှိလျက်။ ဝိဟရန္တော၊ ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်လျက် နေလတ်သည်ရှိသော်။ နှ စိရဿေဝ၊ မကြာမြင့်မီပင် (ရက်, လ, နှစ် သိပ်မကြာလှုံက်ဘူးတဲ့။) ယဿတ္ထာယ၊ အကျင့် အရဟတ္တဖိုလ်အလိုငှာ။ ကုလပုတ္တာ၊ ဇာတိ, အာစာရ အချိုးဧကာင်းသားတို့သည်။ သမ္မဒေဝ၊ ကောင်းစွာ သာလျှင်။ အဂါရသ္မာ၊ အိမ်ရာတည်ထောင် လူ့ဘောင်မှ။ နိက္ခမ္မ၊ ထွက်၍။ အနဂ်ရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇန္တိ၊ ကပ်ရောက်ကြကုန်၏။ အနုတ္တရံ၊ အတုမရှိ လွန်မြတ်သော။ ဗြဟ္မစရိယ ပရိယောသာနံ၊ သာသနာတော်တည်းဟူသော မြတ်သော အကျင့်၏ အဆုံးဖြစ်သော။ တံ၊ ထိုအရဟတ္တဖိုလ်ကို။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ပင်လျှင်။ သယံ၊ ကိုယ်တိုင်။ အဘိညာယ၊ ထိုးထွင်း

ဉာဏ်ဖြင့် သိ၍။ သစ္စိကတ္ထ၊ မျက်မှောက်ပြုပြီးတော့။ ဥပသမ္ပဒ၊ ပြည့်စုံစေ၍။ ဝိဟာသိ၊ နေနိုင်ပြီ။

ဘာပြောတုံး၊ မကြာမီ အရဟတ္တဖိုလ်ရောက်ပြီးတော့ အရဟတ္တ ဖလသမာပတ်ချမ်းသာနှင့် နေနိုင်၏။

ခီဏာ ဇာတိ၊ ငါ့ဘဝ ပဋိသန္ဓေကုန်ပြီ။ ဝုသိတံ ဗြဟ္မစရိယံ၊ သုံးပါး သိက္ခာ သာသနာဆိုတဲ့ မြတ်သော အကျင့်ကိုဖြင့် အရဟတ္တဖိုလ် ပေါက် ကျင့်ဆောက်ပြီးပြီ။ ကတံ ကရဏီယံ၊ မင်္ကိစ္စ ၁၆-ပါး ငါကား အပြီးအပိုင် ပြုလုပ်အပ်လေပြီ။ နာပရံ ဣတ္ထတ္တာယ၊ နောက် ထပ် တဖန် မင်္ကစ်စ္စအတွက် အလုပ်လုပ်ရန် ငါ့မှာ မရှိတော့ပြီ။ ဣတိ၊ ဤသို့။ အဗ္ဘညာသိ၊ အဆင်ဆင်သော ပရမ္မရပစ္စဝေက္ခဏာဉာဏ်ဖြင့် ပိုင်းခြား ထင်ထင် သိမြင်လေတော့၏။ ဆိုတော့ တရားစကား ဒေသနာ အစဉ်အားဖြင့် သွားတဲ့ကိစ္စမှာ အရဟတ္တဖိုလ်ရောက်၊ အရဟတ္တဖိုလ် ပြီးတဲ့အခါမှာ အရဟတ္တဖိုလ်ရဲ့ နောက်မှာရောက်တဲ့ ပစ္စဝေက္ခဏာဉာဏ်၊ အဲဒီ ပစ္စဝေက္ခဏာဉာဏ် ၁၉-တန် ပိုင်တဲ့အပြင် အဆင်ဆင် ပရမ္မရ ပစ္စဝေက္ခဏာ ၄-ချက်ဖြစ်တဲ့ အကြောင်း ရောက်သွားပြီ။ ပစ္စဝေက္ခဏာ ၁၉-တန်ကို ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူးလို့ ခေါ်တယ်။ သာသနာမှာ ဂုဏ်ကျေးဇူး ငါးမျိုး ရှိတယ်—

(၁) သီလ၊
(၂) သမာဓိ၊
(၃) ပညာ၊
(၄) ဝိမုတ္တိ၊
(၅) ဝိမုတ္တိဉာဏဒဿန၊

အဲဒီမှာ ဝိမုတ္တိညာဏဒဿနခေါ်တဲ့ ပစ္စဝေက္ခဏာညာဏ် ၁၉-တန် ပိုင်ယင် သာသနာတော်မှာ ရသင့်ရထိုက်တဲ့ဂုဏ်တွေ အကုန်ပိုင်တာပဲ။ သာသနာကိစ္စပြီးဆုံးတာ ဤမှာပြီးတယ်။ ပြီးတော့မှ အထူးထည့် လိုက်သေးတယ်။

အညတရော စ ပနာယသ္မာ ဘာရဒ္ဒါဇော အရဟတံ အဟောသိ။

အာယသ္မာ ဘာရဒ္ဒါဇော၊ အရှင်ဘာရဒ္ဒါဇသည်။ အရဟတံ– အရဟန္တာနံ၊ ရဟန္တာသခင်အရှင်မြတ်တို့တွင်။ အညတရော၊ တပါး အပါအဝင်သည်။ အဟောသိ၊ ဖြစ်လေပြီ။

အရှင်ဘာရဒ္ဒါဇ ရဟန္တာလို့ သာသနာမှာ ရဟန္တာတပါးထွန်း ကား ပေါ်ပေါက်တော်မူခဲ့လေပြီ။ ဤသည်လျှင် ဗဟုဓိတရသုတ္တန် အပြီးတည်း။

ဗဟုဓိတရသုတ္တန်နိဂုံး

ဤသို့လျှင် ဗဟုဓိတရသုတ္တန်ဒေသနာတော်မြတ် ကြားနာရခြင်း ဓမ္မဿဝနကောင်းမှု ကုသိုလ်ကံစေတနာ၊ သရဏဂုံသီလဆောက်တည် ရခြင်း သီလမယကောင်းမှုကုသိုလ်ကံ စေတနာ၊ ဘုရားသာသနာအစွန့် ရှဉ်စွဲဘဉ်ပါစေခြင်း အလိုငှာ မိမိရဲ့ ရင်နှစ်သည်းချာ သမီးရတနာ နှင့်တူရကနာတို့ကို မြတ်စွာဘုရားသာသနာတွင်း ရှင်သာမဏေဒူးဖြစ် စေရောက်, သီလနှင်အဖြစ်ဆောက် ချီးမြှောက်ရခြင်း, မိမိတို့ရဲ့ ဆွေမျိုး များဖြစ်ကြသော အမျိုးကောင်းသားတို့ကို ရဟန်းအဖြစ်ရောက် ချီးမြှောက်ရခြင်း, ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တို့နှင့် တကွ ရောက်ဆိုက်လာကြသော ကလျာဏမိတ်ဘို့အား မွန်မြတ်သော ဆွမ်း ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေး၍ ပင့်သံဃာ နှစ်ကျိပ်တို့

အား သက်နှးစသော ဒေယျမမ္မဒါနဝတ္ထုတို့ကို သဒ္ဓါပြခာန်း လှူဒါန်း ရှခြင်းတည်းဟူသော ဒါနကောင်းမှုကုသိုလ်ကံစေဘနာ ဤသို့စသည် များမြတ်ပေါင်းအပ်သောကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် အရှင်ဘာရဒ္ဒါဇ ရဟန္တာမထေရ်မြတ်တို့ အာရုံပြုအပ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို အရဟတ္တဖိုလ်ပေါက် မင်္ဂဗန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်တဲ့ အသိဉာဏ်၊ ရည်သန်တောင့်တအပ်သော မဂ်ဉာဏ်လေးရပ်ဖြင့် မျက်မှောက်ပြုနိုင်တဲ့ကိုယ် ဖြစ်ပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက်ဆုံး ပစ္ဆိမဘဝ ပရိနိဗ္ဗာနစုတိ၏ အခြားမဲ့ နောက်ကာလဝယ် တစုံတခုသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဌိတိ, သတ္တာဝါသ, သတ္တနိကာယ မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ပဋ္ဌမိုးစာတရားတို့ တဖန်မဖြစ်သော ချုပ်ခြင်းငြိမ်းခြင်း၊ ယင်းချုပ်ခြင်းကိုပင် ခေါ်တဲ့ အနုပါဒနိရောဓ၊ ယင်းအနုပါဒနိရောဓကိုပင်ခေါ်တဲ့ အနုပါဒါပရိနိဗ္ဗာန်ကိုယ်စီစံကြပါစေကုန်သတည်း။ အနုပါဒါပရိနိဗ္ဗာန်ကိုယ်စီစံကြသဖြင့် ကမ္မဝဋ် ကိုးလသဝဋ် ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်းသံသရာမီးတောက်မီးလှဲကြီး အပြီးတိုင်ငြိမ်းကြပါစေကုန်သတည်း။

သာဓု ..... သာဓု... သာဓု....။

ဗဟုဓိတရသုတ္တန် တရားတော် ပြီးပြီ။

သာဇသုတ္တန်တရားတော်

မပေးမလျှူသောသူတို့၏စိတ်၌ တည်ရှိနေသော အကြောင်းနှစ်မျိုးနှင့် ဒါနပြုသူမျှားအတွက် လှူပုံလှူနည်း သတိရှိစေရန် ရည်ဆန်ဟောကြားခြင်း

ကောဇာသက္ကံရာဇ် ၁၃၄၆-ခု၊ သာဆနာတော် ၂၅၁၀-ခု သီတင်းကျွတ်လဆန်း ၁၄-ရက်နေ့ည ရန်ကုန်မြို့ အာဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ၂၆-ကြိမ်မြောက် အာဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇော မဟာသဘင် အကြိုတရားပွဲအဖြစ်ဖြင့် ကျားကူးဓမ္မဗိမာန်၌ ဟောကြားအပ်သော သကိထာဝဂ္ဂသံယုတ် သတုလ္လပကာယိကဝဂ်၌လာသော သာဓုသုတ္တန် တရား။

အာဘိဓမ္မာနှစ်မျိုး။ ။ဘုန်းကြီးဟောမယ့်တရားဟာ သာဓုသုတ်လို့ ခေါ်ပါတယ်၊ အာဘိဓမ္မာဒေသနာတော်နှင့် ပတ်သက်ပြီးတော့ တရားနာပရိသတ်မျှား ဗဟုသုတရှိရအောင် မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးတဲ့နောက် သတ္တ သတ္တာဟ စံဒေဝ်မူတဲ့အခါ ရတနာဃရသတ္တာဟမှာ မနသာ ဝဝတ္ထာပိတ ခေါ်တဲ့ ပြန့်ပြန့်ကျယ်ကျယ် သုံးသပ်တော်မူတဲ့ အာဘိဓမ္မာနှင့် ခုနစ်ဝါမြောက် ဆောက်တဲ့ကာလ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ငင်ရင်း ပဏ္ဍုကမ္ဗလာကျောက်ဖျာပေါ်၌ မယ်တော်မိနတ်သား အမှူးပြုသော စကြဝဠာတိုက်တသောင်းမှ လာရောက်ကြသော နတ်ပြဟ္မာတို့အား ဟရာနာခံထား၍ ဟောကြားအပ်တဲ့ နွှတ်မြွက်အာဘိဓမ္မာလို့ နှစ်မျိုး ဆိုကြပါစို့။

စိတ်တော်နှင့် ဆင်ခြင်တဲ့ အာဘိဓမ္မာ၊ နှုတ်တော်မြွက်၍ ဟောတဲ့ အာဘိဓမ္မာလို့ အဲဒီလိုနှစ်ပိုင်းကို သတ္တိရုပ်-ဗျတ္တိရုပ် ဆိုတာလိုပဲ စိတ်တော်နှင့်ဆင်ခြင်တဲ့ အာဘိဓမ္မာက သတ္တိရုပ်အာဘိဓမ္မာလို့ဖြစ်နေပါတယ်၊ နှုတ်တော်မြွက်၍ ဟောတဲ့ အာဘိဓမ္မာက ဗျတ္တိရုပ် အာဘိဓမ္မာလို့ပဲ ခေါ်ကြပါစို့။ အဲဒီနှုတ်တော်မြွက်၍ ခုနစ်ဝါမြောက် ရောက်တဲ့အခါ ဟောကြားတဲ့ အာဘိဓမ္မာကိုဝဲ အာရုံအလေးအနက် ထားကြမှတ်ကြရပါမယ်။ ဤတွင် အခြေခံဖြစ်တဲ့ မနသာဝဝတ္ထာပိတ အာဘိဓမ္မာအကြောင်း နည်းနည်းကြည်ညိုဖွယ်ရအောင်....။

ဘိုးတော် အဋ္ဌနမင်းဖြို့၌ ကြွင်းတဲ့သက္ကဆုဇ်ကို မဟာသက္ကဆုဇ်လို့ခေါ်တယ်။ အဲဒီ မဟာသက္ကနုဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့်နေ့မှာ မြတ်စွာဘုရား ပွင့်တော်မူတယ်။ ဘုရားပွင့်ပြီးတဲ့နောက် ခုနစ်ရက် အပရာဇိတ ပလ္လင်တော်ပေါ်မှာပင် သီတင်းသုံးနေတော်မူတယ်၊ အလကားမဟုတ်ပါဘူး။ အရဟတ္တဖိုလ် သမာပတ်ကို တဝကြီးဝင်စား တဝကြီးခံစားပြီးကော့ နေတာဖြစ်ပါတယ်။ ခုနစ်ရက်မြောက်ရောက်တဲ့အခါကျတော့ နတ်ပြဟ္မာတွေက "အို....ဘုရား....ယခုထက်ထိ ပလ္လင်ပေါ်က မထသေးဘူး။ ဘုရားရဲ့ ဗုဒ္ဓကိစ္စ ဘုရားရဲ့အဖြစ် မပြီးမြောက်သေးလို့လား"လို့ အဲဒီလို ယုံမှားသံသယရှိကြတဲ့ နတ်ပြဟ္မာတွေရှိတယ်။

တန်ခိုးပြာဋိဟာ ၃-ကြိမ်။ ။အဲဒီ နတ်ပြဟ္မာတွေ ယုံမှားသံသယကင်းအောင် ပလ္လင်သတ္တာဟမှာ ခုနစ်ရက်မြောက် ရောက်တဲ့အခါ၌ (ခုနစ်ဝါမြောက် အာဘိဓမ္မာတရားဟောခါနီးမှာ ပြသလို) ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူရပါသေးတယ်၊ ဘုရားဖြစ်ပြီဆိုတာ သိသာအောင်ပေါ့။ မြတ်စွာဘုရား၌

တဝမှာ ဧရ,မီးအစုံအစုံ တန်ခိုးပြာဋိဟာကို အသာဓာရဏယမက-ပါဋိဟာရိယညာဏ်တော်ဖြင့် ပြတော်မူရတာ သုံးကြိမ်။

အဲဒီ ကဆုန်လပြည့်ကျော် ခုနစ်ရက်နေ့လောက် ပြရတဲ့ ယမက-ပါဋိဟာရိယ ဧရ,မီး အစုံအစုံသည် ပထမအကြိမ်ပါပဲ။

ဒုတိယအကြိမ်က ဘုရားဖြစ်ပြီးတဲ့ဝါမှာ ဗိဂဒါဝုန်ဝါကပ်၍ ထိုနှစ် တဖေါင်းလပြည့်ကျော် (၁)ရက်နေ့က စပြီး တနေ့လျှင် တယူဇနာ ရာဇဂြိုဟ်၌ ကပိလဝတ်ပြည် ယူဇနာ ခြောက်ဆယ်ကို နှစ်လခရီးကြာ မဟာသက္ကရာဇ် (၁၀၄) ခုနှစ် ကဆုန်လပြည့်နေ့မှာ ဂ.ပိလဝတ် နေပြည်တော်ကို ရောက်တယ်။ အဲဒီနေ့မှာလဲပဲ သာကီဝင်တို့ရဲ့ မာန် မာနကို နှိမ်ချိုးဖို့ရန် ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူခဲ့ရ ပြန်တယ်၊ အဲဒါ ဒုတိယ ယမိုက်ပြာဋိဟာတရား....။

အဘိဓမ္မာဇောဟာမယ် ဝါဦးပေါ့လေ၊ ခုနစ်ဝါမြောက် ဝါဆိုလပြည့်နေ့ သာဝတ္ထိပြည်အနီး ကဏ္ဍဉ္ဇယျာဥယျဉ်မှူး နေ့ချင်းပြီး စိုက်ပျိုးတဲ့ သရက် ဖြူပင်အနီးမှာ တကြိမ် အဲဒီ ယမကပါဋိဟာရိယ ယမိုက်ပြာဋိဟာက တတိယအကြိမ် ဖြစ်ပါတယ်။

ယခုပြော်တာက ဘုရားဖြစ်ပြီးတဲ့နောက် ပလ္လင်္ကသတ္တာဟ အဆုံး မှာပြတဲ့ ယမိုက်ပြာဋိဟာကို ပြောပြီးပါပြီ။ ဘုရားဖြစ်ပြီဆိုတာ ထင် ရှားအောင် ယမိုက်ပြာဋိဟာကို ပြပြီး ဂ.ဆုန်လပြည့်ကျော် ဂ.ရက် လောက်က စပြီးတော့ ၇-ရက်ပတ်လုံး ပလ္လင်တော်ပေါ် ကဆင်း၊ အရှေ့ မြောက်ထောင့်ကနေပြီး ပလ္လင်တော်နှင့် တလံကွာလောက်က နေပြီး တော့ အပရာဇိတပလ္လင်တော်ကို မမှိတ်သော မျက်စဲပြင့် ကြည့်၍ ၇-ရက်ပတ်လုံး အရဟတ္တဖိုလ်သမာပတ်ကို ဝင်စားနေတယ်၊ အဲဒါကို

မမှိတ်သော မျက်စိဖြင့် ကြည့်ပြီးတော့ ပလ္လင်တော်ကို ကြည့်နေပြီ တော့ ဝင်စားတဲ့ ၇-ရက်ကို အနိမိသသတ္တာဟလို့ ခေါ်တယ်။

အဲဒီ ၇-ရက်ကပြီးတော့ မဟာဗောဓိအပထုဇိတပလ္လင်တော်နဲ့ အနိမိသဥာနအကြား အရှေ့ဘနောက် စင်္ကြံလျှောက်၍ ၇-ရက်ပတ်လုံး အရဟတ္တဖိုလ်သမာပတ်ကို ဝင်စားတော်မူတယ်။

အဲဒါကို စက်မနသတ္တာဟလို့ ခေါ်တယ်။

မြတ်စွာဘုရား အဘိဓမ္မာတရား ဆင်ခြင်တော်မူပုံ

စက်မနသတ္တာဟာကို လွန်မြောက်ပြီးတော့ လေးခုမြောက်သတ္တာဟ ဆိုပါစို့။ စက်မနသတ္တာဟ ဆုံးသွားတာက နယုန်လဆန်း ၆-ရက်က လေးခုမြောက်ကျတော့ မဟာဗောဓိပင်မှ အနောက်မြောက်အရပ် အဲဒီအရပ်မှာနေပြီးတော့ မြတ်စွာဘုရား အရဟတ္တဖိုလ်သမာပတ် ဝင်စားလိုက်၊ အဘိဓမ္မာတရားတော်ကို ဆင်ခြင်သုံးသပ်လိုက်၊ ဓမ္မ အရသာကို အမြဲတစေ သုံးဆောင် ခံစားနေပုံကို အာရုံယူထားပါ။

အဲဒီလို အဘိဓမ္မာတရားကို ဆင်ခြင်သုံးသပ် နှလုံးထားတော်မူတဲ့ အခါမှာ အောက်အဘိဓမ္မာ (၆)ကျမ်းတုန်းကတော့ အဘိဓမ္မာ ဒေသနာတော်ဆိုတာ တကယ့် အဘိဓမ္မာဉာဏ်နှင့်ပြောယင် အပိုင်းကြီး ၇-ပိုင်းရှိသော ရောမသုတ္တန်ကြီး တခုပဲလို့ မှတ်ပါ၊ ဒီအပိုင်းကြီး ၇-ပိုင်းရှိသော ရောမသုတ္တန်ကြီးတခုကို ဘယ်လိုနည်းနှင့်မှ လူတွေ့ တထိုင်တည်းနှင့် မနာနိုင်ဘူး၊ နတ်ပြာဟ္မာတွေမှပဲ နာဖြစ်တယ်၊ နာနိုင် မယ်၊ ဒါကြောင့် နတ်တွေကိုပဲ ဘုရားတိုင်း ဘုရားတိုင်း အဘိဓမ္မာကို ဟောရပါတယ်၊ နတ်ပြည်မှာပဲ အဘိဓမ္မာကို ဟောရပါတယ်။

အဲဒီလိုဟောရတဲ့ အဘိဓမ္မာကို အစောကြီးက ပရမတ္ထသဘာဝကို ကုန်စင်သိရှိတော်မူသောအနေနှင့် စဉ်းစားတော်မူတဲ့အခါ အဘိဓမ္မာ ဒေသနာတော်၊ အဲဒီ ရတနာဃရသုတ္တာဟာ့ သုတ္တန်ဆင်ခြင်တယ်လို့ မပါဘူး၊ သေသေချာချာ ရှာကြည့်တယ်၊ ဝိနည်းကို ဆင်ခြင်တယ်လို့ မပါဘူး၊ အဘိဓမ္မာ ဆင်ခြင်တယ်ပဲ ပါတယ်၊ အရဟတ္တဖိုလ် သမာပတ် ချမ်းသာကို ခံစားလိုက်၊ အရဟတ္တဖိုလ်ကိုငင်စားလိုက်၊ အဘိဓမ္မာ ဒေသနာတော်ကို ဆင်ခြင်သုံးသပ်လိုက်၊ အဲဒီလိုနေတဲ့အခါ အောက် ဖြစ်သော ခြောက်ပိုင်း ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု ယမိုက်ဆိုတဲ့ အောက်ခြောက်ပိုင်းမှာ ဒေသနာနည်းက သဗ္ဗညုတညာဏ်နဲ့ကြည့်ယင် ကျဉ်းတယ်လို့တွေ့ရပါတယ်၊ အဲဒီအခါမှာ သဗ္ဗညုတညာဏ်က အရာကျယ်၊ ဒေသနာနည်းက အောက်ခြောက် ကျမ်းမှာ ကျဉ်းသလိုဖြစ်နေတော့ သဗ္ဗညုတညာဏ်နဲ့ ကြည့်ယင်တော့ ကျဉ်းတာပေါ့ ဉာဏ်တော် မကျွက်စား မကွန့်မြူးလောက်သေးဘူး။

မြစ်ကမ်းမဆန့်သော ငါးကြီးဥပမာ

အင်မတန်ခန္ဓာကြီးတဲ့.... ငါးကြီးတကောင်ကို ဒီမြန်မာပြည်မှာရှိတဲ့ ရောင်တီမြစ်လို ဒီလိုမြစ်ထဲမှာ ဟိုဘက် ဒီဘက် ကမ်းမတင်အောင် မနဲသတိထား သွားရသလို ဖြစ်နေပါတယ်၊ သဗ္ဗညုတ ဉာဏ်တော်ကြီးဟာ ခုနစ်ဆင့်မြောက် ဖြစ်သော ပဋ္ဌာန်း ဒေသနာတော်ကြီးကြတော့ ပဋ္ဌာန်းတရားတော် ပဋ္ဌာန်းအပိုင်း ခုနစ်ဆင့်မြောက် အပိုင်းကြီး ရောက်လာတဲ့အခါကြတော့ ပဋ္ဌာန်းတရားတော်ကို အနန္တနယ ဒီအတိုင်းစာပေက သတ်မှတ်ရတယ်၊ ပဋ္ဌာန်းဒေသနာတော်နည်းကလဲပဲ မဟာသမုဒ္ဒရာပမာ ကျယ်ဝန်းတယ်။ နယသာဂရလို့ စာထဲမှာခေါ်တယ်။ သဗ္ဗညုတ၊ ဉာဏ်တော်ကလဲပဲ မဟာသမုဒ္ဒရာမက ကျယ်ဝန်းတဲ့ ဉာဏသာဂရ။

ယောဇဉ် (စ) ၃၅—ပ မ၊ သ၊ စ

အဲဒီ ပဌာန်းဒေသနာတော်ကို ဆင်ခြင်သုံးသပ်တော်မူတဲ့အခါမှာ ဉာဏသာဂရနှင့် နယသာဂရတို့ သာဂရချင်းသွားပြီးတော့ အာရုံအာရမ္မဏိက တွေ့တဲ့အခါမှာ ကိုယ်တော်မြတ်ရဲ့ စိတ်တော်ကလဲ သိပ်ပြီးကြည်လင်၊ သွေးတော်ကလဲ သိပ်ကြည်လင်၊ အသားတော်ကလဲ သိပ်ပြီးကြည်လင်နေတော့ ရောင်ခြည်တော် ခြောက်ပါးတွေ ကွန့်မြူးလိုက်တာ အောက်လဲအောက်မို့လို့, အထက်လဲ အထက်မို့လို့, ရှေ့ရော, နောက်ရော, ဝဲရော, ယာရော,(အောက်အထက် ရှေနောက် ဝဲယာ)ဒီခြောက်ပါးသော အရပ်ဒေသကို ကိုယ်တော်မြတ်ရဲ့ရောင်ခြည်တော်တွေ့ ကွန့်မြူးတာဟာ ယနေ့တိုင်အောင်ပင်လျှင် ဥတုဇရုပ် အဆက်ဆက်အနေနှင့် အနန္တစကြဝဠာမှာ ရောင်ခြည်တော်တွေ့ သွားနေတုန်းပဲ ရှိသေးသတဲ့။

အဲဒီအကြောင်းကို အဘိဓမ္မာအဋ္ဌကထာက ဖွင့်ပြထားတဲ့အတိုင်း မဟာဝိသုဒ္ဓါရုံမဆရာတော်ဘုရားကြီး ဆိုပါတော့ သက်တော် ၂၇-နှစ်၊ ၂၈-နှစ်လောက် စာပေနယ်ပယ် မြူးကွန့်တဲ့အရွယ်မှာ သဒ္ဓါတရားရော ပညာရော ၂-ပါးစလုံးမအောင်မြင်တဲ့ ဆရာတော်ဘုရားဆိုတော့ အဲဒီရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးတဲ့အကြောင်းကို ဆရာတော်ဘုရားကြီးက ဆဗ္ဗညုရံသိဝန္ဒနာ ဘုရားရှိခိုးဂါထာတွေ ရေးခဲ့တယ်။

အဲဒီ ဘုရားရှိခိုးဂါထာတွေရဲ့ အဘိဓမ္မာဒေသနာနှင့် ပတ်သက်ပြီး ပေါ်လာတဲ့ ဘုရားရဲ့ ရောင်ခြည်တော်တွေကို ရှိခိုးသော ဘုရားရှိခိုးဂါထာဖြင့် ရှေးဦးစွာ မြတ်စွာဘုရားကို အာရုံယူ ကော်ရော်ပူဇော်မြတ်နိုးရှိခိုးကြရအောင်။

ဆဗ္ဗဏ္ဏရုံသိဝန္ဒိနာဘုရာ၊ ရှိခိုး ဂါထာများ ၁

သတ္တ သတ္တာဟ မတ္ထမို့၊ နာထောယော သတ္တ သမ္မသိ။
ပတ္ထာ သမန္တာပဒ္ဒာနံ၊ သြကာသံ လဘတေ ကဒါ။

နာထော၊ လူသုံးမျိုးတို့၏ ကိုးစားရာတဆူ ဖြစ်တော်မူသော။ ယော သတ္ထာ၊ အကြင်မြတ်စွာဘုရား ကိုယ်တော်မြတ်သည်။ သတ္တ-သတ္တာဟမတ္ထမို့၊ ပလ် + နိမ် + စင် + ဃ + အ + မု + ရ + ဟု သတ္တာဟ ခုနစ်လို နောစာလိဝယ် ချက်လယ်ဗဟုချာ ရတနာဃရ သတ္တာဟဋ္ဌ။

(တလုံးတလုံးနဲ့ အတိုကောက်ခေါ်တဲ့နည်းက ယနေ့မှသာမဟုတ်ဘူး၊ အဲဒီတုန်းက ဈာပေနယ်ပယ်မှာရှိတယ်။ အဲဒီတုန်းကတင်ပဲလား ဆိုတော့ ဘုရားလက်ထက်တော်တုန်းကလဲပဲ ဒု + သ + န + သော ဆိုတဲ့ အတိုကောက် သဘောတွေက ရှိပြန်တယ်။ အဲဒီတုန်းကသာလား ဆိုတော့ ဘုရားပါရမီဖြည့်စဉ်တုန်းက အဋ္ဌသဒ္ဓဇာတ် တလုံးတလုံး စီပဲ....ယနေ့လဲပဲ အတိုကောက်ပြောသလို ဆရာတော်ဘုရားကြီးက သတ္တာဟ ခုနစ်မျိုးကို "ပလ်, နိမ်, စင်, ဃ, အ, မု, ရ" လို့ ဆိုထားတယ်)

၁။ ပလ် က = ပလ္လက်သတ္တာဟ၊
၂။ နိမ်-က = အနိမိသသတ္တာဟ၊
၃။ စင်-က = စက်မသတ္တာဟ၊
၄။ ဃ-က = ရတနာဃရသတ္တာဟ၊
၅။ အ-က = အဇပါလသတ္တာဟ၊
၆။ မု-က = မုစလိန္ဒသတ္တာဟ၊
၇။ ရ-က = ရာဇာယတနသတ္တာဟ။

ခုနစ်ရက် ခုနစ်လိဆိုတော့ ခုနစ် ခုနစ်လို လေးဆယ့်ကိုး၊ ကိုးကြောင်းများကြတော့ ဒါကို နဝစာလိသ နဝစာလိ နောစာလိ ဆိုကာ

၁။ နိုင်ငံတော်ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင် ဒုတိယတွဲ ၃၆၆-လည်းရှုနိုင်သည်။

လေးဆယ့်ကိုးလို ပြောတာပဲ၊ ဒါလောက်ပဲ ဘုန်းကြီးတို့တရားနာ ပရိသတ်အား ပြောပြဖို့ အခွင့်ရှိပါတယ်၊ ကျန်တာတွေက အင်မတန် ထွေပြားတဲ့ စကားလုံးတွေဖြစ်ပါတယ်။

သဗ္ဗညုတဉာဏ် ကွန့်မြူးတော်မူခြင်း

သတ္တသတ္တာဟမစ္ဆိမ့်၊ ပလ်, နိမ်, စင်, ဃ, အ, မှ, ရ-ဟု သတ္တာဟ ခုနစ်လီ နောစာလီဝယ် ချက်လယ်ဗေဒင်္ဂျာ ရတနာဃရ သတ္တာဟဉ်။ သတ္တာ၊ ဓမ်, ဂိ, ဓာ, လ, က, ယ, ပဋ္ဌာန်းအာဘိဓမ္မာခုနစ်ကျမ်းတို့ကို၊ (ဝါ) ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း အာဘိဓမ္မာ ခုနစ်ကျမ်းတို့ကို။ သမ္မသိ၊ ကပ်အလီလီဖြည့်ခဲ့ ညီသား ပါရမီဘုန်းစည် အတည်တည်ကြောင့် နှိုင်းရှည်မဲ့ရှဲ နက်နဲ မွေသိမ် တောဇိန်ပြောထု သဗ္ဗညုဖြင့် ရှေးရှုတပ်တပ် သုံးသပ်ဆင်ခြင် တော်မူခဲ့လေပြီ။ တဒါ၊ ထိုသို့သုံးသပ်ဆင်ခြင်တော်မူသော အခါဉ်။ သမန္တပဋ္ဌာန်၊ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ဝှမ်း ဆောင်သား ကျောက်တောင်ပတ်ခွေ သမုဒ်ရေထက် အနေကျယ်ဝန်း နည်းစုံဆန်းသော သမန္တပဋ္ဌာန်းကျမ်းကြီးသို့။ ပတ္ထာ၊ ဉာဏ်ရည်တော် လျောက် အစဉ်ရောက်၍။ ဉာဏ်၊ ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီ ဘုန်းစည် အတည်တည်ကြောင့် နှိုင်းရှည်မဲ့ရှဲ နက်နဲမွေ့ သိမ် တောဇိန် ပြောထု သဗ္ဗညုတ ရှေဉာဏ်တော်မြတ်သည်။ သြကာသံ၊ မြူးထူး ကျက်စား ကစားခွင့်ကို။ လာဘော၊ ရတော်မူလေ၏။

ယောဇနာနံ သတာယာမော၊ ပဉ္စတိမိရပိဂ်လော။
ကိဉ္ဆောကာသံ သမုဒ္ဒေဝ၊ ဂမ္ဘီရေ လာဘတေ ယထာ။

ယထာ၊ ပမာဘန္တု အဖြိုင်ပြု၍ နှိုင်းရှစရာ ဥပမာပုံဆို အာဘယ် လိုနည်းဟူမူကား။ ယောဇနာနံ၊ ခုနစ်တောင်တတာ ဝိသာဥသဘ ဂါဝုတသီတိ စတ္တာရိဂါဝါ ယူဇနာတို့၏....

(ခုနစ်တောင်ကို တတာလို့ခေါ်တယ်၊ ဝိသဉ္ဇသာ-ဆိုတာ အတာနှစ်ဆယ်ကို တဉ္ဇသာန္ဒားလားး တတွန်လို့-ခေါ်တယ်၊ နှစ်ဆယ်ဉသာကို တကောသ၊ လေးကောသကို တဂါဝုတ်၊ ဉသာလေးဆယ် တဂါဝုတ်ဖြစ်ပါတယ်၊ လေးဂါဝုက်ကို တယူဇနာ....ဒါကို ဆရာတော်ကြီးက)

ယောဇနာနံ – ခုနစ်တောင်တတာ ဝိသာဉ္ဇသာ ဂါဝုတသိတိစတ္တာ-ရိဂါဝါ ယူဇနာတို့၏။ ပဉ္စသတာယာမော၊ ငါးရာရှည်လျား လွန်ကြီးမားသော။ တိမိရပိင်္ဂလော၊ တိမိရပိင်္ဂလ အားမည်ရသော ငါးကြီးသည်။ ဂမ္ဘီရော၊ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ဝမ်းဆောင်သော။ သမုဒ္ဒေဝ သမုဒ္ဒေဝေါ၊ တောင်ခွေပတ်ချုပ် ရေသမုဒ်၌ သာလျှင်။ ကိဉ္စောကာသံ၊ မြီးဆံရှင်ပျယ် စံပယ်ခတ်ကူး မြူးတူးကျက်စား ကစားခွင့်ကို။ လဘတေ ယထာ၊ ရလေသကဲ့သို့။ ဧဝံတာသာ၊ ထိုအတူ။ ဉာဏံ၊ ကပ်အလံလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစည် အတည့်တည့်ကြောင့် နှိုင်းရည်မဲ့ရဲ့ နက်နဲဓမ္မသိမ် တေဇိန်ပြောထု သဗ္ဗညုတ ရွှေဉာဏ်တော် မြတ်သည်။ ဩကာသံ၊ မြူးကူးကျက်စား ကစားခွင့်ကို။ လဘတေ၊ ရတော်မူလေ၏။

သမ္မသန္တသာ တံ ဓမ္မံ၊ တဒါ သတ္ထု သရီရတော။
တံ တံ ဓာဝန္တိ ဆဗ္ဗဏ္ဏာ၊ လောဟိတာဒိပသီဒနာ။

တဒါ၊ ထိုသို့ သဗ္ဗညုတ ရွှေဉာဏ်တော် ကျက်စား ကစားခွင့်ရသော အခါ၌။ တံ ဓမ္မံ၊ ပရမဘုရြမြို့ ပုံကူးအလား (သိမ်မွေ့နူးညံ့စွာသော) ထိုပဉ္စဝန်းတရားတော်ကို။ သမ္မသန္တသာ၊ သုံးသပ်ဆင်ခြင်တော်မူသော။ သတ္ထု၊ ဗြဟ္မာနတ်လူ သုံးကုံသူကို ကြည်ဖြူရွှင်ပြုံး ဝရုန်လုံးဖြင့် ဆုံးမတော်မူပတတ်သော မြတ်စွာဘုရား၏။ လောဟိတာဒိပသီဒနာ။ သွေးတော်စသည့် ကြည်လင် တောက်ပခြင်းကြောင့်။ သရီရတော၊

ပကတိ အတောင် တဆယ့်ရှစ်တောင်ပေါ် ရွှေကိုယ်တော်မှာ။ဆပ္ပဏ္ဏာ၊ ညို,ရွှေ,ဖြူ,နီ,မောင်းရီ,ပြိုးပျက်,တခဲနက်အား ခြောက်ပါးသောအဆင်း ရှိသော ရောင်ခြည်တော် အလျှံတို့သည်။ တံတံ ဌာနံ၊ ဝဲယာရွှေနောက် အထက်အောက်ဟု ဆိုအပ်သော ထိုထိုအရပ်ဌာနသို့။ ဓာဝန္တိ၊ ထိုဤ များများ ပြေးသွားတော် မူကြလေကုန်၏။

ရောင်ခြည်တော်ခြောက်သွယ်

နီလာယော နီလဋ္ဌာနေဟိ၊ ပီတောဒါတာ စ လောဟိတာ။
တမှာ တမှာ တု မဉ္ဇိဋ္ဌာ၊ နိက္ခမိ သု ပဘာသရာ။

(၁) နီလဋ္ဌာနေဟိ၊ ဆံတော် မျက်နှာတော်ဟု ဆိုအပ်သော ညိုရောရာ အရပ်တော်တို့မှ။ နီလာယော၊ ဝန်းကျင်ပျံဝဲ ဖြန့်မြောက် ကဲ့အပ်သော အောင်မဲညို ကြာညို မျက်စဉ်းညို ကဲ့သို့လည်းကောင်း, တလျှပ်လျှပ် တငြိမ့်ငြိမ့် တအိမ့်အိမ့် တန့်ဆဲန့် တလဲ့လဲ့ခတ်အပ်သော ပတ္တမြား ရပ်ညို ပုဆိုးညိုကဲ့သို့ လည်းကောင်း, ထိုထိုရပ်ခွင် ဝန်းကျင်ပတ်ခွေ မိုးနှင့်မြေကို လှမ်းအုတ်ညိုစေလျက် မည်းနက်ရောင်တဲ့ပြာလဲ့စိမ်းစို ညိုသောအဆင်းရှိသော ရောင်ခြည်တော် အလျှံတို့သည်။ နိက္ခမိ သု၊ ပဌာန်း ဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော် မူသည့်နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့် ပမာဏ ကွက်ကွက်ဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေဲခြား (အနန္တစကြဝဠာသို့ ဥတုဇရုပ်အဆက်ဆက် အားဖြင့်) ပြေးသွားတော် မူကြလေကုန်ပြီ။

(၂) ပီတဋ္ဌာနေဟိ၊ ရွှန်းအိကိုယ်ရေ ဝါရွှေရောင် အရပ်တော်တို့မှ။ ပီတာ၊ပတ်လည်ဝန်းကျင် ရွှေရည်ယဉ်ဆမ်း ရွှေပုဆိုး ဖြန့်လှန်းသကဲ့သို့ လည်းကောင်း,၊ကျီကျူ။မှန့်ရွှေဝါ မြင်းသီလာဆေးဒန်း ပဋ္ဌမဟာလေ

ကားပန်းတို့သည် ကောင်းကင်ပြည့် ပြွမ်းသကဲ့သို့ လည်းကောင်း, ပုံးလှမ်းမိုးကာ ဆယ်မျက်နှာရပ်ခွင်ကို ဝါလွင်ထိန်လင်းစေလျက် ဝါဝင်းထိန်ပြေ ရှေသော အဆင်းရှိသော ရောင်ခြည်အလျှံတော် တို့သည်။ နိဂ္ဂမိံသု၊ပဋ္ဌာန်း ဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းကောက်ပလျက် ထွက်ခွာပေးခြား (အနန္တစကြဝဠာသို့ ဥတုဇရုပ် အဆက်ဆက် အားဖြင့်) ပြေးသွားတော်မူကြလေကုန်ပြီ....။

(၃) ဩဒါတဋ္ဌာနေဟိ၊ အရှိးတော် သွားတော် မျက်ဖြူတော်ဟု ဆိုအပ်သော ဖြူရောရောရပ်တော်တို့မှ။ ဩဒါတာ၊ ပတ်လည်ဝန်းကျင် ငွေအိုးမှ သွန်အပ်သော နို့ရည်အယဉ် ကောင်းကင်ပြည့် ငွေဗိဘာန် ဖေဟာသံ တိမ်မြင့်က တဝင့်ဝင့် တန်ခဲ့ခဲ့ တလဲ့လဲ့ ခတ်အပ်သော ငွေပြားရပ် ငွေစင်ယယ် သင်းခွေနွယ်ကြာဖြူ မြတ်လေးဖြူကြက်ရုံးတို့ အုပ်ဖုံးကာယှက်ထွေးသကဲ့သို့ ဖြူဖွေးသပ်ပြိယ် စင်ကြယ် သန့်ရှင်းသော အဆင်းရှိသော ရောင်ခြည်တော်အလျှံ ကို့သည်။ နိဂ္ဂမိံသု၊ ပဋ္ဌာန်း ဒေသနာတော်မြတ်ကို သုံးသပ် ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးကောင်လုံး ခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာပေးခြား (အနန္တစကြဝဠာသို့ ဥတုဇရုပ်အဆက်ဆက်အားဖြင့်) ပြေးသွားတော်မူကြလေကုန်ပြီ....။

(၄) လောဟိတဋ္ဌာနေဟိ၊ မျက်စိသားသွေး နီတွေးရောအရပ်တော်တို့မှ။ လောဟိတာ၊ ဆုန်းမှုန်တပ်စဲ့ ရဲဝေသော ခွါပ်ရည် ကမ္မလာနီမြန်းလယ်ခေါင်ရန်း မိုးစေ့ ပန်းကသစ် ဒုနေလို ရဲမြောရောကောင်းကင်ပါ အာကာသအင်္ဂါမှာ တိမ်မိုလွှာယှက် ပြေးသကဲ့သို့ နီတွေးတိန်ကျင်

လွင်သော အဆင်းရှိသော ရောင်ခြည်တော်အလျှံတို့သည်။ နိုက္ခမိ်သူ၊ ပဌာန်း ဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော် မူသည့် နေ့က စ၍ ယခုညယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်း တောက်ပလျက် ထွက်ခွာဝေးခြား (အနန္တစက္ကဝဠာသို့ ဥတုဇရုပ် အဆက်ဆက် အားဖြင့်) ပြေးသွားတော် မူကြလေကုန်ပြီ....။

(၅-၆)) တူ၊ ထိုမှတပါးကုန်သော။ မဥ္ဇိဌာ၊ မည်းနီညိုလောင်း ရောယှက်ပေါင်းသဖြင့် မောင်းမဲမိုင်းအုံ မှုန်ရည်သော အဆင်းရှိသော ရောင်ခြည်တော်အလျှံတို့သည်လည်းကောင်း။ ပဘာဿရာ၊ လကဆုန် ခါ အဇဋာပြင်ကျယ် ကောင်းကင်လယ်က လျှပ်နှယ်ယှက်ကူး ပိုးရော်-မွှေးစံ မီးပေါက်လျှံကဲ့သို့ ဝဲပုံတက်သက် ပြိုးပြိုးပျက်သော အားဖြင့် တခဲနက်အဆင်းရှိသော ရောင်ခြည်တော်အလျှံတို့သည်လည်းကောင်း။ တမ္ဗာတမ္ဗာ ဃရိရပဒေသာ၊ ဤသို့သောဓာတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရှန်းစို ထိုတိုက်နယ်တော် အစိတ်မှ။ နိုက္ခမိ်သူ၊ ပဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်း တောက်ပလျက် ထွက်ခွာဝေးခြား (အနန္တစက္ကဝဠာသို့ ဥတုဇရုပ် အဆက်ဆက်အား ဖြင့်) ပြေးသွားတော် မူကြလေကုန်ပြီ.. ။

ဧဝံ ဆဗ္ဗညွေရုံ သိယော၊ တော ယာ ဝဇ္ဇဝါသရာ။
သဗ္ဗာဒိသာ ဝိမာဝန္တိ၊ ပဘာ နာသန္တိ တတ္တိကာ။

ဧဝံ၊ ဤသို့။ ဧတာဆဗ္ဗညွေရုံသိယော၊ ညို, ဝ်ရှ, ဖြူ, နီ, မောင်းရီ, ပြိုးပြက် တခဲနက်အားဖြင့် ထိုခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်အလျှံတော်တို့သည်၊ ယာဝဇ္ဇဝါသရာ၊ သာသနာတော်ရောင်

ထွန်းပြောင်ထိန်လင်း ယနေ့ထက်တိုင်အောင်။ သဗ္ဗဒါဒိသာ၊ ဝန်းကျင်ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာကို သို့။ ဝိဓာဝန္တိ၊ ထို ဤမားမား ပြေးသွားကြလေကုန်ပြီ။ တထို့ကာ၊ ရောင်ခြည်တော် ခြောက် အစဉ်လျှောက်၍ ရောက်လေရာရာ ပဒေသာပင် ဥယျာဉ် ဗိမာန် အစရှိသော ထိုထိုအရပ်၌ ဖြစ်ကုန်သော။ ပဘာ၊ လက်ဆယ် ချောင်းဖြင့် သောင်းစက္ကဝါ ထွန်းနိုင်ပါသား ဗြဟ္မာ နတ်မင်း စသည် တို့၏ ကိုယ်ရောင် ဘုန်းရောင် အစရှိသော အရောင် တို့သည်။ နသန္တိ၊ တောင်နှိမ်ပယ်ရှင်း မထွန်းလင်းနိုင်သည်ဖြစ်၍ ကွယ်ကင်း ပြပျောက်ကြရလေကုန်၏။

ဣတိ ဆဗ္ဗဏ္ဏရံသိတ္တာ၊ အာဒိရသောတိ နာမသော။
လောမက ပတ္တဋ္ဌဂုဏံ တံ၊ ဝဒန္ဒု ဗုဒ္ဓံ နမသ္သိယံ။

ဣတိ-ဧဝံ ယထာဝုတ္တနယေန၊ ဤသို့ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဆဗ္ဗဏ္ဏရံသိတ္တာ၊ ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်အလျှံတော် ချိုးတော်မူသည်၏ အဖြစ်ကြောင့်။ နာမသော၊ လွန်ကဲသူးမြတ် ဂုဏ်သကတ်ကြောင့် ရကောင်မူအပ်သော အတ္ထာနုဂတ၊ အနွတ္ထအမည်ခံတော်အားဖြင့်။ အာဒိရသောတိ၊ အာဒိရာဟ္ဝ၍။ လောကော၊ လောကသုံးချပ် ဘုံသုံးထပ်၌။ ပတ္တဋ္ဌဂုဏံ၊ ကျေညာအောက်သက် ပျံကာက်ခေါ်စေသော ကျေးဇူးတော်၊ ဂုဏ်ကောင်နှင့် ပြည့်စုံခြင်းမူပါပေထမသော။ (ဂါ)ပြည့်စုံခြင်းမူသော ကြောင့်။ နမသ္သိယံ၊ တလောကသုံး လွတ်ရှုံးဖြန်ဖိုး ရှိခိုးပူဇော်ခြင်းငှာ ကိုးကိုးတန်စွာတသော။ တံ ဗုဒ္ဓံ၊ သဗ္ဗညုဗုဒ္ဓ အမည်ရှိသို့ သမ္ဗုဒ္ဓလေးပါး မြတ်ဂုဏ်ကို ပဋိဘာမြားမျက်ရှင် လက်ဝယ်တင်သို့ ထင်ထင်ကြီးသိတော်မူပါသော သောကထွတ်သား ထိုမြတ်စွာဘုရားကို။ ဝန္ဒေ-ဝန္ဒာပေ၊ သက်တော်ရှိ

စဉ် သုံးလွှာ့ရှင်ကို ထင်ထင်မှန်းရည် ယုံကြည်ကြိုမ်ကြိုမ် သဒ္ဓါရှိန်ဖြင့် ဦးနှိမ်ညွတ်ကာ လက်အုပ်မိုးရှ် ရှိခိုးပါ၏ မြတ်စွာဘုရား။

နီလ, ပီတ, လောဟိတ, ဩဒါတ, မဇ္ဇိဋ္ဌ, ပဘာဿရသာသနာ့အလံတော်ကြီးမှာ ဒီအရောင်ခြောက်ပါးကို ခြယ်ထားတယ်။ နီလ-ပီတ-လောဟိတ-ဩဒါတ-မဇ္ဇိဋ္ဌ-ပဘာဿရ-တည်းဟူသော ရောင်ခြည်တော် ခြောက်ပါးနှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား။

သာဓုသုတ္တန်နိဒါန်း

သာဝတ္ထိပြည် ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော်နေတော်မူတဲ့ပုံ အာရုံယူနိုင်ကြပါစေ ဆိုတဲ့ ရည်ရွယ်ချက်နှင့် ပဌမသင်္ဂါယနာတင်စဉ်ကတည်းကိုက အရှင်မဟာကဿပ၊ အရှင်အာနန္ဒာမထေရ်မြတ်တို့က သုတ္တန်နိဒါန်းဆိုပြီးတော့ တရားဒေသနာကို နိဒါန်းပျိုးပေးတယ်။

ကေ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ။

ဤအသံသည် ကျောင်းတိုက်ထဲမှာ စာချ စာသင်တဲ့အခါမှာ စာချဘုန်းကြီးနှင့် စာသင်သားတွေ အဖို့ပဲ။ အခုလို တရားဟောတဲ့အခါမှာ တရားဟောပုဂ္ဂိုလ်နှင့် တရားနာတဲ့ပုဂ္ဂိုလ်တွေ အဖို့ပဲလို့ ဒီတရားတော်ဟာ ငါတို့ဖို့ပဲလို့ တွက်ထားပါ။

သာရဂဝေါ နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ ကေ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၏အနီးဖြစ်သော။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သဌေး၏။ အာရာမေ၊ မွေ့လျော်ဖွယ်ရာဖြစ်ပေသော။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရတိ၊ ကွရိယာ-ပထ၊ မျှတရှင်ပြုံး သီတင်းသုံး စံနေတော်မူ၏။

သူတော်ကောင်းတို့၊ တချိန်က မြတ်စွာဘုရား သာဝတ္ထိပြည်အမှန် ဇေတဝန်ကျောင်း ကိန်းအောင်းမေလျှော် နေတော်မူတဲ့ပုံ စိတ်ထဲမှာ အာရုံပြုထားပါ။ ဗုဒ္ဓဘာသာ သူတော်စင်တွေဆိုတာ တရားနှင့်စပ်လို့ ရွေကဟောသွားယင် နောက်က အနက်ထင်လိုက်ကြ၊ တခါတည်းပဲ အာရုံကို အောင်အောင်မြင်မြင် ရောက်ပြီးပါပြီ။ ရွေဆက်၍ အာရုံ ဘယ်လိုယူရမလဲ၊ အနုသန္ဓေ စကားဆက်အနေနှင့် အရှင်မဟာကဿပနှင့် အရှင်အာနန္ဒာတို့ဆက်ပေးမယ်။

အထခေါ် သမ္မဟုလာ သတုလ္လပကာယိကာဒေဝတာယော အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိံသု၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဂါဒေတွာ ကေမန္တံ အဋ္ဌံသု။

သူတော်ကောင်းတို့၊ မြတ်စွာဘုရားရှင် သာဝတ္ထိပြည်အမှန် ဇေတဝန်ကျောင်း ကိန်းအောင်းမေ့လျှော် သီတင်းသုံးတော်မူကဲ့အခါ မြောက်မြားစွာသော သတုလ္လပကာယိကခေါ်တဲ့နတ်တွေ ညဉ့်ဦးယံ လွန်မြောက် သန်းခေါင်ယံလို ခေါ်ရတဲ့ ဆယ်နာရီမှ ဆယ့်နှစ်နာရီကြား ဒီကာလ ဒီအချိန်မှာ—

(မြတ်စွာဘုရား၏ နေ့စဉ်နေ့စဉ် ဗုဒ္ဓကိစ္စကို ရေတွက်ပြတဲ့ လက်ဝများ ကြားညှပ်ပြီးတော့ ကြည်ညိုကြသွေ့ပေါ့။)

နေ့ကိုငါးလေ

ဗုဒ္ဓကိစ္စငါးပါး

(၁) မြတ်စွာဘုရားသည် ထိုထိုသီတင်းသုံးတဲ့ဒေသရာမှာ နေ့မှာ နံနက်ချော နေ့ရော ထိုထိုမြို့ရွာ ဒေသာ ဒေသာမဟေ့အတွက် တရားချီးမြှောက် ဟောကြားတော်မူတယ်။

ညဉ့်ကိုရွေယံ သမဏံတည့်

(၂) ညဉ့-ပထမယံဆိုတာ ၆-နာရီကနေပြီး ၇-နာရီ၊ ၈-နာရီ၊ ၉-နာရီ၊ ၁၀-နာရီ။ အဲဒီရွေယံ့ ပထမယံမှာ ရဟန်းတော်တို့အတွက် တရားဟောပေးတယ်။ ဒါ နှစ် ဗုဒ္ဓကိစ္စ။

လယ်ယံ့ရွေနောက်

(၃) အလယ်ယံခေါ်တဲ့ သန်းခေါင်းယံကို နှစ်ပိုင်းပိုင်းပါ၊ ရွှေပိုင်း ၂-နာရီ။ ၁၀-နာရီကနေပြီးတော့ ၁၁ နာရီ၊ ၁၂-နာရီရောက် အလယ်ယံ့ရဲ့ရွှေပိုင်း ဒီ ၂-နာရီအတွင်းမှာ စကြဝဠာတိုက်တစ်ဆောင်းကလာရောက်ကြတဲ့ နတ်ပြဟ္မာတွေ အလှည့်ရတယ်။ ဤအချိန်မှာ နတ်ပြဟ္မာတွေ မေးသမျှသော ပြဿနာကို ဖြေတယ်။ ဝေနေယျ စရိုက် အားလျော်စွာ တရားဟောတယ်။ နတ်ပြဟ္မာတို့အား ချီးမြှောက်တဲ့ တတိယဗုဒ္ဓကိစ္စ။

တရပ်လျောင်းကာ

(၄) အလယ်ယံ့ရဲ့ နောက်ပိုင်း တစ်ဆယ့်နှစ်နာရီက နေပြီးတဲ့ နောက်ပိုင်း တစ်ချက် နှစ်ချက်ရောက်အောင် ဖလသမာပတ်ဖြင့် လျောင်းတော်မူတယ်။ အနားယူတယ်ပေါ့။ အရဟတ္တဖိုလ်သမာပတ် တရား ခေါင်းတည့်ပြီးတော့ ပြောတာပါ။

အမှန်ကတော့ အဲဒီနှစ်နာရီမှာ ဘုရားကိုယ်တော်မြတ် မဟာကရုဏာသမာပတ်ကို အကြိမ်ပေါင်း ကုဋေတသန်းနှင့်တသိန်း ဝင်စားတယ်။ အရဟတ္တဖိုလ်သမာပတ်ကို အကြိမ်ပေါင်း ကုဋေတသန်းနှင့်တသိန်း ဝင်စားသာ့။ ဒီနှစ်နာရီလောက်မှာ အဲဒီလိုဝင်စားတာဟာ ဘာပြိုလို့လဲ၊ နေ့စဉ်နေ့စဉ် ကိုယ်တော်မြတ်က ဝေနေယျတွေကို

ဖြေရှင်းနေရတာဖြစ်လေတော့ မဟာကရုဏာသမာပတ် ၎င်စားထား တော့ အချေအခွတ်ခံရတဲ့ သတ္တဝါဟာ ဘယ်လောက်ပဲ ကိုယ်တော် မြတ်အပေါ် ရိုင်းခြင်တိုင်း ရိုင်းပါစေ မဟာကရုဏာတော်လက်ခံထား တဲ့ ပဉ်းထားတဲ့ မဟာကရုဏာရှင် ဖြစ်နေတော့ သားဆိုးက ဖခင် အပေါ် ဘယ်လိုပင် ဆိုးပေမယ်လို့ ဖခင်က အပြုံးမပျက်သလိုပေါ့၊ လူ ဆိုးနတ်ဆိုး တိရစ္ဆာန်ဆိုးတွေ ဘုရားအပေါ် ဘယ်လိုပဲဆိုးဆိုး အပြုံး မပျက်ဘူး။ အဲဒီ မဟာကရုဏာ သမာပတ်ကြောင့် အပြုံးမပျက်ပဲနဲ့ ကရုဏာကြီးမား မေတ္တာထားနိုင်တယ်။ အရဟတ္တဖိုလ် သမာပတ်ကို အကြိမ်ပေါင်း ကုဋေတသန်း တသိန်း ဝင်စားတာက နေ့စဉ်နေ့စဉ် တရားဒေသနာကို ဟောရလိမ့်မယ်၊ ဒေသနာဉာဏ် ဖြည့်ရလိမ့်မယ်၊ အရဟတ္တဖိုလ် သမာပတ်ကို အကြိမ်ပေါင်း ကုဋေတသန်း တသိန်း ဝင်စားထားတဲ့အတွက် ကိုယ်တော်ရဲ့ ဒေသနာဉာဏ်တွေ ပစ္စက ဗုဒ္ဓါ သာဝကတို့နှင့် မဆက်ဆံပဲနှင့် ဟောလိုက်တိုင်း ဟောလိုက်တိုင်း တရားနာပရိသတ်တို့ရဲ့ အာသယ အဓိမုတ္တိနှင့် လိုက်လျောပြီးတော့ ဆိုကြပါစို့။ ဟဂါထာတည်းနဲ့လဲ မဂ်ဖိုလ်ရောက်အောင် ကျေးဇူးပြုပေးတယ်။

အရဟတ္တဖိုလ် သမာပတ် ဝင်စားတယ်ဆိုကာ- ဒေသနာဉာဏ် ထက်သန်အောင်လို့- ဒေသနာဉာဏ်တည်းဟူသော၁ဓး ထက်အောင် လုပ်ပြီးတော့ ဒေသနာဉာဏ်ဖြင့် ဝေနေယျတို့ သန္တာန်မှာရှိတဲ့ လောဘ- ဒေါသ- မောဟ- အစရှိသော ကိလေသာတွေကို ပယ်သတ် ပြီးတော့ ဤဝေနေယျတွေကို သောတာပတ္တိမဂ်ဖိုလ် သကဒါဂါမိ မဂ်ဖိုလ်- အနာဂါမိမဂ်ဖိုလ်- အရဟတ္တ မဂ်ဖိုလ်- ပါရမီအလျောက် မဂ်ဖိုလ်ရောက်အောင် ချီးမြှောက်တော်မူနိုင်ပါတယ်။

နောက်ယံရောက်က မြားမြောက်ဝေနေ သိရှိလေ၊ ပဏ္ဍမေကိစ္စများ –

(၅) ဆိုတဲ့အတိုင်း ပစ္ဆိမယံ နှစ်နာရီက နောက် (၃-၄-၅-၆) ခြောက်နာရီကျမှ ဒီကနေ့ဆိုတာ ကုန်ဆုံးပါတယ်။

အေး....အဲဒီ ပစ္ဆိမယံ ၄-နာရီကတော့ လာမယ့်နေ့မှာ ကိုယ်တော် မြတ် ချမ်းချုပ်ရမယ့် ဝေနေယျသတ္တဝါတွေကို အစဉ်အတိုင်း ကြည့်တယ်။ နံနက်ခင်း ဘယ်မှာ ဘယ်သူ့ကို ချမ်းချုပ်ရလိမ့်မယ်၊ ဘယ်သူ့ကို ဘယ်လိုဟောလို့၊ သူက ဘယ်လိုပြောလို့၊ သူ့ကို ငါဘုရား ဘယ်လို တရားဟောရလိမ့်မယ်။

နေ့လယ်ခင်း ဘယ်မှာ ဘယ်သူ့ကို ချမ်းချုပ်ရလိမ့်မယ်၊ ညနေ ဘယ်သူ့ကို ချမ်းချုပ်ရလိမ့်မယ်ဆိုတာ အဲဒီ ၄-နာရီ စဉ်းစားရတယ်၊ အကုန်လုံးကို။ အဲဒီ ဗုဒ္ဓကိစ္စ ငါးပါးထဲမှာ ဒီလက်ဘအရ တတိယမြောက် ဗုဒ္ဓကိစ္စပြုချိန် ည ၁၀-နာရီနဲ့ ၁၂-နာရီအကြား တတိယ ဗုဒ္ဓကိစ္စပြုချိန်ကို မှန်းပြီးတော့ အာဝဇ္ဇနယူထားပါ။

သတုလ္လပကာယိကာ နတ်များ သူတော်ကောင်းတို့....၊ ထိုအခါ မြောက်မြားစွာသော **သတုလ္လပ-ကာယိကနတ်များ** ညဉ့်ဦးယံလွန်မြောက် သန်းခေါင်ယံရှေ့ပိုင်း တတိယဗုဒ္ဓကိစ္စအတွက် နတ်ပြဟ္မာများအား ချမ်းချုပ်တဲ့ ၁၀-နာရီမှ ၁၂-နာရီအကြား ဤကာလဟာ ဇေတဝန်ကျောင်းတိုက်ကြီး တခုလုံးကို မိမိတို့ရဲ့ ကိုယ်ရောင်ကိုယ်ဝါဖြင့် လျှပ်စစ်မီးတွေ အရောအထောင် ထွန်းညှိထားသလို တတိုက်လုံး ကိုလင်းစေပြီးတော့ ဘုရားရှိရာ ခ ယ ဝပ်လျှိုး ရှိခိုးဦးညွတ် အပြစ်လွှတ်ရာက ရပ်တည်ကြတယ်။

ဘာပြုလို့ မထိုင်တုန်း၊ နတ်တွေအဖို့ ရပ်သော ကွရိယာပုထ်က ချမ်းသာတယ်။ ထိုင်တဲ့ ကွရိယာပုထ်က အင်မတန် ဆင်းရဲတယ်။ တနည်းအားဖြင့်လည်း ရပ်ပြီးတော့ လက်အုပ်ချိတ်ဝါကလဲပဲ ရှိသေရာကျနေပါတယ်။ ပြန်ဖို့ကလဲ လွယ်တယ်။ နတ်တွေက လူ့ပြည်ကို ဘုရားရှိလို့သာ လာရဘာ၊ လာကိုမလာချင်ကြဘူး၊ ဒါပေမယ့်လို့ တရားမနာပဲက မနေနိုင်လွန်းလို့ လာရပါတယ်။ တရားနာပြီးလို့ရှိယင် မြန်မြန်ပြန်နိုင်အောင် အဲဒါ မတ်တတ်ရပ်ပြီးတော့ ဘုရားကိုလဲ ဂါရဝ မပျက်အောင် ရပ်တည်နေပါတယ်။ ရပ်တည်ပြီးကြတဲ့အခါမှာ အာရုံဆက်ယူလို့ကြစမ်းပါ။

ကေမန္တံ ဌိတာ ဓေါ ကော ဒေဝတာ ဘဂဝေတော သန္တိ-
ကေ ဣမံ ဂါထံ အဘာသိ။

သူတော်ကောင်းတို့၊ အဲဒီလို သတ္တုလွပကာယိကနတ်တွေ ပါဠိလို သတ္တုလွပကာယိက နတ်ဆိုတော့ တယ်တော်ဟို့ မကြားဘူးတဲ့နာမည်ပဲ၊ ဟုတ်တယ်၊ ဒီနတ်တွေကို သတ္တုလွပကာယိကနတ်လို့ ခေါ်ရတဲ့အကြောင်း နဲနဲစဉ်းစားကြည့်ရအောင်။

ဓေသခါနိုး သရဏကုံကြောင့်
နတ်ပြည် ရောက်ကြခြင်း

မြတ်စွာဘုရား လက်ထက်တုန်း
ကာ အိန္ဒိယက ဘာလဲ....ပထမ
တုန်းက ဗုဒ္ဓဘာသာမဟုတ်ဘူး။
အသက်ထက်ဆုံး ဆိုသလို ပင်လယ်ထဲမှာ ပင်လယ်ကူးတဲ့ စက်လှေကြီးနှင့် ပင်လယ်ကူး သင်္ဘောကြီးနှင့် ကုန်ရောင်းကုန်ဝယ် သွားကြတဲ့ကုန်သည် ခုနစ်ရာဟာ သူတို့အသက်ဓေခါနိုးဆိုတဲ့ အခေါက်ကျတော့ ပင်လယ်ထဲမှာ အန္တရာယ်တွေ့တယ်။ တွေ့တဲ့အန္တရာယ်က ဘယ်လိုနည်းနဲ့မှ အသက်ကို မလွတ်နိုင်တဲ့ လေမုန်တိုင်း အန္တရာယ်ဆိုပါစို့၊

အန္တရာယ်တွေ့တဲ့အခါမှာ ဘာသာရေး လက်လွှတ် ခုနစ်ရာသော ကုန်သည်ဘိုးသည် ဖအော်လို က် ငိုလိုက် ရွတ်လိုက်ကြတာ- အဲဒီအထဲမှာ ဗုဒ္ဓဘာသာကုန်သည်တယောက် ပါတယ်။ သူကစဉ်းစားတယ်။ "ငါ့မှာ ထောက်ရာ တည်ရာ အားထားမှီခိုရာ ရှိရဲ့လား၊ ပြန်စဉ်းစားတယ်။ စဉ်းစားကော့ ငါသည် နေ့စဉ်လဲပဲ သရဏကုံသီလတွေ့ စင်ကြယ်တယ်၊ အလှူဒါနတွေပြုတယ်၊ အထူးသဖြင့် ငါ သဘော်ထုက်မဲ့နေ့တုန်းက ဘုရားအမှူးရှိတဲ့ သံဃာဘဝ်ခံတို့ကို ဆွမ်းကပ်ခဲ့ဘယ်၊ သင်္ကန်း ထီး ဖိနပ်များကိုလဲ လှူခဲ့ဘယ်၊ ငါ့မှာ သရဏကုံ သီလဘည်းဟူသော ရိကွာ၊ ဒါနတည်းဟူသော ရိကွာတွေ့ အများကြီးပါတယ်။ ငါ ဒီဘဝမှ စုတေယင် ဘာပူစရာရှိသလဲ၊ မြေအိုးနဲ့တူတဲ့ လူခန္ဓာကို စွန့်ပြီး ရွှေအိုးနဲ့တူတဲ့ နတ်ခန္ဓာကို ရမဲ့လူတဲ့ယောက်၊ ဘာပူစရာရှိသလဲ" ဆိုပြီး သူက အပြုံးမပျက် သီလ မကျိုးမပေါက် မပြောက်မကျားသော ငါးပါးသီလကို ယောဂါဝစရ ပုဂ္ဂိုလ်ပမာ ထိုင်ပြီးတော့ တခါတည်း စဉ်းစားနေတယ်။

သီလာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းနေတယ်လို့ ဆိုပါဖို့၊ ကျွန်တဲ့ ဗုဒ္ဓဘာသာ မဟုတ်တဲ့ ခုနစ်ရာသော ကုန်သည်တို့ကတော့ သေခြင်းဆောက်လာတော့ အားကိုးရာမဲ့၊ ဒီလူကြည့်လိုက်တော့ အပြုံးမပျက်ဖူး။ ရုပ်ကပိုပြီးကြည့်လင် သန့်ရှင်းနေသလို ဖြစ်လာတော့—

"အသင်....ကျနော်တို့ သေဘေးဆောက်တော့မှာမို့ အားလုံး မျက်နှာပျက်နေတယ်၊ အသင်က ဘာပူလို့ အပြုံးမပျက် အနေမပျက် ပိုပြီးတော့တောင် ကြည့်လင်နေရတုန်း" ဆိုတော့- "ကျန်ုပ်မှာ သရဏကုံသီလ ရှိတယ်၊ ဒါနကောင်းမှုတွေ့ အများကြီးပဲ တသက်လုံး ပြုခဲ့တာရှိတယ်၊ မြေအိုးနှင့်တူသော လူ့ဘဝခန္ဓာ ဖျက်ရမှာ အခြားမဲ့၌ ရွှေအိုးနှင့်

တူသော နတ်ခန္ဓာကိုရမှာသိတဲ့အတွက်ကြောင့် ဘာပူစရာရှိသလဲ”။ ရဲရဲတောက်ပဲ သူက ပြန်ပြောတယ်။

ဟိုလူ ခုနစ်ရာက “အာသင် ဆောက်တည်ခဲ့တယ်ဆိုတဲ့ သရဏဂုံသီလကို အကျွန်ုပ်တို့ ဆောက်တည်လို့ ရပါ့မလား။ ရပါတယ်ဆိုယင် ဆောက်တည်ပါရစေ။”

ရပါဘာယ်။ သို့သော်လည်း ခုနစ်ရာစုသုံးကို တပြိုင်နက် တိုင်ပေးလို့ မရပါဘူး၊ ပင်လယ်ထဲမှာ လေပြင်းမုန်တိုင်းက အားကြီးအကျယ်ကျနေတယ်၊ ခုနစ်ရာစလုံး ကြားအောင် မပြောနိုင်ဘူး။ ဒီတော့ တဆူလျှင်တစု တရာတစု မြန်မြန်စုကြ၊ ကိုရင်တို့ သိပ်အားရးကကြီးလာပြီ၊လှေကလည်းနစ်တော့မယ်၊ ဒီတော့....ပထမအစုကို သရဏဂုံသီလကို ရွေကချပေး၊ ဒုတိယအစုကို တခါ သရဏဂုံသီလကို ရွေကချပေး၊ ခုနစ်စု ခုနစ်ခါ ချပေးရတယ်။

ပထမအစုကို သရဏဂုံသီလ ချပေးလို့ပြီးတဲ့ အချိန်မှာ ရေကဖမျက်ရောက် ခြေမျက်စိဆောက်လ၊ ရေကမြုပ်စ[illegible]လာ ဒုတိယအကြိမ် သရဏဂုံသီလချပေးတဲ့ အချိန်ကြည့်လိုက်တော့ ဒူးခေါင်းရောက်နေပြီ၊ တဝါယအစုကို သရဏဂုံသီလ ချပေးတဲ့အခါမယ် ပေါင်မုံရောက်နေပြီ၊ စတုတ္ထအစု ချပေးပြီးတဲ့အချိန်မှာ ရေက ခါးဝဲကျော်ရောက်နေပြီ၊ ပဉ္စမအစုကို ချပေးပြီးတဲ့အချိန်မှာ ရင်ခေါင်း၊ ဆဋ္ဌအစု ချပေးပြီးတဲ့အချိန် လည်မျိုး၊ သတ္တမအစု ချပေးပြီးတဲ့အချိန်မှာ ရေ[illegible] မေးစေ့ရောက်နေပြီ။

ကိုရင်ဘို့... အဲဒီသရဏဂုံသီလကိုသာ မမေ့မလျော့ အောက်မေ့ကြ ဆိုပြီး ပြောပြီး ဘာနဲ့ကြာမှာမဟုတ်ပါဘူး၊ မိနစ်ပိုင်းအတွင်းမှာပဲ ရေထဲနှစ်ပြီး အားလုံး အသက်ဆုံးရှုံးကုန်ကြတယ်၊ ထိုခုနစ်ရာ

သော ကုန်သည်တို့သည် သေခါနီးကာလဝယ် ဆောက်တည်အပ်သော သရဏဂုံသီလ၏ ကောင်းမှုခြင်္ကာင့် တာဝတိံသာ နတ်ပြည်ဝယ် သွားပြီး အစုလိုက် နတ်သားတွေဖြစ်ကြတယ်၊ အကြီးဆုံး ဗုဒ္ဓဘာသာ နတ်သားရဲ့ ဗိမာန်က အလယ်ခေါင်က ကျန်တဲ့ ခုနစ်ရာသော နတ်သားတွေရဲ့ ဗိမာန်က ဘေးကဝိုင်းလျက် သူတို့က သရဏဂုံ သီလရဲ့ ကျေးဇူးကို မခံစားရစဖူး ခံစားရတယ်။

အေး.... တသက်လုံး ဆောက်တည်တဲ့ သရဏဂုံ သီလကို မဆို ထားနှင့်၊ သေခါနီး ဆောက်တည်လိုက်ရတဲ့ သရဏဂုံသီလတောင် မှ နတ်စည်းစိမ်ကိုရပြီး ခံစားစံစားရတယ်။ ဒီတော့ သူတို့က သရဏဂုံ သီလရဲ့ ဂုဏ်ကို အမြဲချီးမွမ်းနေတယ်၊ သရဏဂုံသီလကိုလဲပဲ မကျိုး မပေါက် မပြောက် မကျားရအောက် အမြဲတမ်း စောင့်ထိန်းကြတယ်။

ဒါ့ကြောင့် သူတို့ကို ပါဋ္ဌိမှာ သတ္တလပကာယိက နတ်တွေလို့ ခေါ်နေတယ်။

ဝိဂြိုဟ်ဝစနတ္ထ လုပ်တဲ့အခါမှာ—

သတံ ဓနံ သမာဒါနဝသေန ဥလ္လပန္တီတိ သတ္တလ္လပံ။ သတ္တလ္လပန္နံ ကာယော သတ္တလ္လပကာယော။ သတ္တလ္လပကာယော နိဗ္ဗတ္တာ သတ္တလ္လပကာယိကာ။

ဘုန်းကြီးတို့- စာသင်ဘော ဒီအတိုင်း ဝိဂြိုဟ်လုပ်ရတယ်၊ အေး- သန္တပုဒ် ဥလ္လပပုဒ်၊ မြန်မာလို ပြောကြစို့လို့ဆိုယင် သူတော်ကောင်းတို့၏ ဇာရား၊ အထူးအားဖြင့် သရဏဂုံသီလ ကိုယ်တိုင်ကျင့်သုံး ဆောက်တည်ပြီး သကာလ ဒီဂုဏ်ကျေးဇူးကို ဒီပြင်နတ်တွေထက် အထူးပြောတဲ့နတ်တွေ ဒါကို သတ္တလ္လပကာယိကနတ်။ သူတို့မှာ

ဒီပြိုင် စားရေးဝတ်ရေး ဓနရေးဆိုင်ရေး ဘာမှပူပန်ရတာ မဟုတ်တော့ သူတို့နတ်တွေ့ရဲ့ အလုပ်ဟာ နှစ်မျိုးပဲရှိတယ်၊ မေ့လျော့တဲ့နတ်က အာရုံငါးပါးထဲမှာပဲ ငမ့်နေတာပဲ၊ တီးဟယ်၊ မှုတ်ဟယ်၊ သွားဟယ်၊ လာဟယ်၊ ပျော်ဟယ်၊ ပါးဟယ်နှင့် အာရုံငါးပါး လိုက်စားမေ့လျော့နေတယ်။ မမေ့မလျော့တဲ့ အခုလို သတုလွေးကာယိကာ နတ်တွေလို ကျတော့ တရားဆွေးနွေးကြတယ်၊ ဒေး.... တရား ဆွေးနွေးပြီးပြီ ဆိုယင် ဘုရားကို လာလာလျှောက်တယ်၊ သူတို့ကဖဲ့ နတ်ပြည်မှာ တရားဆွေးနွေးလိုက်၊ မိမိဘို့ အချင်းချင်း ဆွေးနွေးလို့ရတဲ့ တရားကို ဘုရားအား လာလျှောက်ထားလိုက်၊ ဒီလိုနဲ့ပဲ သူတို့ဟာ အချိန်ကို ကုန်စေတယ်၊ အခု သတုလွေပကာယိကာ နတ်ဖတ္ထေး ဘုရားထံမှောက် ရောက်လို့ အားလုံး ရှိသေပြုတ်နိုး ရှိခိုးညွှတ် ဖြစ်လွတ်တဲ့နေရာက ရပ်တည်ပြီးလို့ ပရိသတ်လေ့ကြမ်းကို-

ကေမန္တံ ဌိတာ ဧကဓီ ကာ ဧဝံ ဝဒေသုံ သာသဝေါသုံ ကေ
ဣမံ ဂါထံ အဘာသိ။

သူဘော်ကောင်းတို့ .... အားလုံးရပ်တည်ပြီးလို့ ပရိသတ်ပြီးတဲ့ အချိန်မှာ....ခေါင်းဆောင် နတ်သားဘဝကဲ့သ ပြုတ်စွာဘုရားရဲ့ အထံမှာ ဤဂါထာကို ရွတ်ဆိုလျှောက်ထားတယ်။

မလှူ့ချင်သော အကြောင်းနှင်ပါး

၁။ မစ္ဆေရာ စ ပမာဒါ စ၊ ဧတံ ဒါနံ န ဒီယတိ။

ပုညံ အာကင်္ခမာနေန၊ ဒေယျံ ပေါရာဏံ ဝိဇ နာဝါ။

မာဒိသာ၊ ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား။ ဒါနံ၊ အလှူ့ဆယ်သင်း ပေးလှူ့ခြင်းသည်း ခေါ၊ ဧတံ ဖြစ်၏။ တာဒိ၊ ချီးမွမ်း အပ် မြတ်လှပါတယ်ဘုရား။

မြွတ်စ္စာဘုရား....အလ္လုဒါန ကောင်းမှုပြုတာဟာ တကယ့်ကို ချီးမွမ်းအပ် တကယ်ကောင်းမြတ်တဲ့ အလုပ်ပါပဲဘုရား။

မာရိသ၊ ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စ္စာဘုရား။ မဇ္ဈရာ စ၊ မလ္လုလို့ မတန်းလို့ မပေးလို့ မကမ်းလို့ ဝန်တုံစေးနဲ့တဲ့ မစ္ဆေရတရားကြောင့် လည်းကောင်း။ ပမာဒါ စ၊ အာရုံငါးပါး လိုက်စား မေ့လျော့ နေခြင်းကြောင့် လည်းကောင်း။ ဧဝံ၊ ဤသို့ ဆိုအပ် အကြောင်းနှစ်ရပ်ကြောင့်။ ဒါနံ၊ အလ္လုဒါနကို။ နဒီယတိ၊ မပေးအပ်ပါပြီ။

ဝန်တိုမှုနှင့် အာရုံငါးပါးလိုက်စားမှု မြတ်စ္စာဘုရား၊ တပည့်ဘော်တို့ တရားဆွေးနွေးပွဲမှာ . တပည့်တော်တို့အားလုံး သဘောတူပြီးတော့ တရားဆွေးနွေးလို့ရတဲ့ တရားအဆက်ကို လျောက်ထားပါရစေ၊ တခ္ခိုတခ္ခိုလူကဟာ အလ္လုဒါန ပေးတာဟာ အကြောင်းနှစ်မျိုး ရှိပါတယ်ဘုရား။

တချို့က ဘာလဲဆိုတော့ ငါဒီလို ပေးလိုက် ကမ်းလိုက် လှူလိုက် တန်းလိုက်ယင် သူက စဉ်းစားတာ၊ ငါရဲ့သားမယားနှင့် အခြေအရံတွေ ဘယ်လိုစားမလဲ၊ ဘယ်လိုနေမလဲ၊ ဘယ်လိုဝတ်မလဲ၊ အေး.... မိမိတို့ မစားရ မဝတ်ရ မသုံးရမှာ ကြောက်လို့။ အင်း ...မစ္ဆရိယ-က ကြောက်သလားကိုယ်တော် – လို့ မေးယင် မစ္ဆရိယက ဒေါသမူစိတ်မှာ ယှဉ်တာ၊ ဒေါသ . မဝတ်ရမှာ မစားရမှာ မသုံးရမှာ ပြီးတော့ ငါတို့ ကုန်သွားယင် ငါ ဘာစားရမလဲ၊ ငါ ဘာဝတ်ရမလဲ အဲဒီလို ပူပန်မှု-ဒေါသပါတယ်နော်။ အဲဒီကော့ မဝတ်လို့ မသုံးလို့ မစားလိုတဲ့ မစ္ဆေရတွေ၊ မစ္ဆရိယ စေတသိက် တရှိပ်ရိပ် တခါဟာည်း တဖွားဖွား ဖြစ်လာတော့ မလှူဖြစ်ဘူး မြတ်စ္စာဘုရား။ ဒါဒေကြောင်းတပါး။

ယသော ဘီတော နဒါတိ ဖစ္ဆရိ။ တဒေါဒဒတော ဘယံ။
ဇီဃစ္ဆာ စ ပိပါသာ စ၊ ယာသ ဘာယတိ မစ္ဆရိ။
တမေဝ ဗာလံ ဖုသတိ၊ အသ္မိံ ဇေဂဇက ပရမ္မိ စ။

ဘုရားကို သတုလ္လပကာယိကနတ်တွေ့ တခါန်က ဒီသုတ္တန်ရွက မစ္ဆရိသုတ္တန်မှာ သူတို့ လျှောက်ဖူးတယ်၊ မြတ်စွာဘုန်း....မစ္ဆရိယ သမားသည် အကြင်အရာကို ကြောင့်၍ အလှူအတန်း ပါနမပြု၊ သူကြောက်တဲ့ အရာသည်ပင်လျှင် ဒါနမပြုတဲ့အတွက် သူ့ကိုပြန်ပြီးတော့ ရောက်လာတယ်၊ နှိပ်စက်လာတယ်ဘုရား။

သူကြောက်တာ ဘာလဲဆိုတော့—

ဇီဃစ္ဆာ စ ပိပါသာ စ၊ ယာသ ဘာယတိ မစ္ဆရိ။

မစ္ဆရိယသမားသည်....မစားရမှာ မသောက်ရမှာ မဝတ်ရမှာ ဒါတွေကိုကြောက်တယ်၊ ကြောက်လို့ မလှူတာ၊ အေး သူကြောက်လို့ မလှူတဲ့အဘက် သူကြောက်သော မစားရ-သောက်ရ မဝတ်ရ ကောင်းကောင်းမနေရတဲ့....သူကြောက်တာတွေသည်....သူကိုပဲ ရောက်လာကြတယ်ဘုရား-တဲ့။

အေး မစ္ဆရိယက အားကြီးလာခဲတာ့ တော်တော်ကြာတော့.... သူတပါးကို မလှူရက် မဘန်းရက်ရုံတင် မကဘူး၊ ကိုယ်လဲမစားရက် ဘော့ဘူး၊ ကိုယ်လဲမသုံးရက်ဘော့ဘူး၊ အဲဒါကြောင့် ပစ္စုပ္ပန်မှာလဲ သူကြောက်တဲ့ မစားရခြင်း မသောက်ရခြင်း မသုံးရခြင်း... ပြီးတော့ အိမ်ကောင်းယာကောင်းတွေလဲ နေရခြင်းဆိုတဲ့....ဘေးဆိုးတွေ့ သူ့မှာရောက်လာကြတယ်၊ တမလွန်ကျတော့လဲ- သူ့မှာ ဒါနမပါတဲ့အတွက် အဲဒီဘဝမှာ ဘကောင်းဘမောင်းမစားရ မဝတ်ရ မသုံးရ ဆိုတဲ့

ဘားဇတ္ထ သူ့မှာပဲရောက်လာကြပြန်တယ် မြတ်စွာဘုရားလို့ .... တခုခုရှာသူ ဘို့ တရား ဆွေးနွေးပဲ့ကာ ရလာတဲ့ တရားအတွက် သူ တို့လျှောက်ဖူးတယ်။ ယခုဒီနတ်သားကမေးတယ်၊ ရှင်းရှင်း... မလှူ ကာဟာ ဘာကြောင့်မလှူသလဲဆိုယင်—

(၁) မစားရမှာ မသောက်ရမှာ မဝတ်ရမှာဖူလို့ မလှူလို့ မဘန်းလို့ မပေးလို့ မကမ်းလို့....ဝန်တိုတဲ့မစ္ဆရိယကြောင့် လဲပဲ တချိတချိလူများဟာ မလှူမိ မတန်းမိတာပါ ဘုရား။

(၂) တချိလူကတော့ ဒါမဟုတ်ပါဘူး၊ အဆင်းမျိုးစုံ ရှုပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးကို လိုက်စားနှစ်မျော မေ့လျော့နေခြင်းဆိုတဲ့ ပမာဒတရား ကြောင့် ဒါနကောင်းမှု မပြုဖြစ်တာ။ ဒါနကောင်းမှု မပြု ဖြစ်တာဟာ ဒီ ၂-ပါးပဲရှိတဲ့အကြောင်း ပြောတာ။

ပုညံ အာကခ်ိမာနေန၊ ဒေယျံ ဟောတိ ဝိဇာနတာ။

မာရိသ၊ ဒုက္ခိခပ်သိမ်း ကင်းဝြိမ်းတော်မူပြီးသော မြတ်စွာဘုရား။ ပုညံ ဖြစ်ထင်သော ကောင်းမှုကုသိုလ်ကို။ ပုညံ၊ ပစ္စုပ္ပန်တမလွန် ဖြစ်ထင် စေတတ်တဲ့ မြတ်သောကောင်းမှုကို။ အာကခ်ိမာနေန၊ တောင့်တ လင့်ကို အလိုရှိသော။ ဝိဇာနတာ၊ ပစ္စုပ္ပန် တမလွန်အရေး ထောက် စေတတ်မြောမြင် ပညာရှင်သည်။ ဒေယျံ၊ အလှူဆယ်ရပ် ပေးလှူအပ် ပေ.လှူထိုက်သည်။ ဟောတိ၊ ဖြစ်ပါသည်ဘုရား။

မြက်စွာဘုရား၊ မိဒ္ဓိရဲ့ပစ္စုပ္ပန် တမလွန် မြစ်ကောင်းမြတ်တဲ့ ကုသိုလ်တရား ကို လိုလားတောင့်တတဲ့ ဉာဏ်ပညာရှိတဲ့ အမျိုးကောင်း

သား၊အမျိုးကောင်းသမီးဆိုယင် ဒါနကောင်းမှု ပြုအပ် ပြုသင့် ပြုထိုက်တာ အမှန်ပဲဘုရား။

မြတ်စွာဘုရားလက်ခံအတည်ပြုသော ဒါနဒကြောင်း

အဲဒီလိုသူက သူတို့တရားဆွေးနွေးပဲ့က ဆုံးဖြတ်ချက် မိမိနှစ်သက်တဲ့အချက် ဘုရားကိုလျှောက်တယ်။ မြတ်စွာဘုရားက သူရဲထံမှောက်လာဆောက်ပြီးတော့ တရားနဲ့ပတ်သက်တဲ့ဟကား လူဂပဲပြောပြော၊ နတ်ကပဲပြောပြော၊ ရဟန်းကပဲပြောပြော၊ ပရိဗိုဇ်ကပဲပြောပြော၊ ဘယ်သူကပဲ ပြောပြော မဟုတ်ယင် ဘုရားက ချက်ချင်း ကန့်ကွက်တယ်နော်။

ဒီပုဂ္ဂိုလ် ပြောတဲ့စကားသည် တရားဝင်တယ်၊ တရားသဘောအရ မမှားဘူး၊ မှန်ကန်တယ်ဆိုယင် ဘယ်သူ့မှ မတားဘူး၊ မတားတဲ့အပြင် သာခုကောင်းချီး ပေးပြီးတော့ ထိုသူရဲ့ ပြောဆိုချက်ကို လက်ခံခွင့်ပြုတယ်။

အခု ဒီနတ်သား လျှောက်ထားတဲ့ စကားဟာ အင်မတန်လဲမှန်ကန်တယ်၊ မြတ်စွာဘုရားကို တဦးတယောက်က မေးမယ်–

"မြတ်စွာဘုရား၊ လူတွေ မလှူဖြစ်တာ ဘာကြောင့်လဲ"

(၁) မစ္ဆရိယကြောင့်လဲ မလှူဖြစ်ဘူး၊

(၂) တချို့ကျတော့ ကိုယ့်ကိုယ်တိုင်က အာရုံငါးပါးထဲမှာ လိုက်စားမေ့လျော့ နစ်မြောနေလို့လဲပဲ မလှူဖြစ်ဘူး။

အခု နတ်သား ပြောတဲ့အတိုင်းပဲ ဘုရားဟောရတယ်၊ ဒီတော့ ဒီနတ်သားရဲ့ လျှောက်ထားချက်သည် သဒ္ဓါအရ ကောင်းတော့

ကိုယ်ခတော်ဟောယင်လဲပဲ ဒီအသံ ဒီပုဒ် ဒီအက္ခရာတွေနဲ့ ဟောမှာ၊ ဒီကော့ မြတ်စွာဘုရားက--

"သာဓု သာဓု ဇဒဝတေ" သာဓု....သာဓုပါ ဒကာနတ်သား-လို့ သာဓုခေါ်ခင်းချိန် ပေးပြီးတော့ ထိုနတ်သားရဲ့ လျှောက်ထားချက်ကို လက်ခံတာယ်။ အဲဒီလို လက်ခံ ခွင့်ပြုလိုက်ခြင်းသည် ဗုဒ္ဓရဲ့ ဓမ္မစစ် တံဆိပ် နှိပ်လိုက်ခြင်းပဲ။

လောကဥပမာ ပြောကြစို့၊ ရှင်ဘုရင်က အမိန့်တော် ရေးတယ်၊ ရှင်ဘုရင်က အမိန့်တော်ကြာချန် ဆိုပါစို့ ၊ အဲဒီစာချန်ကို တကယ်အမှန် ရေးတာ အမှာတော်ရေးက ရေးရတယ်၊ အမှာတော်ကြီး ရေးလာတဲ့ စာချန်ကို ရှင်ဘုရင်က နားထောင်လိုက်တယ်၊ အားလုံး သဝေ, ပိုဒ်မ မကျန် အကုန်လုံး မှန်တယ်၊ ကောင်းတယ်၊ သဘောတူလဲ တူတယ် ဆိုယင် ရုံးတံဆိပ် အမှာတော်လွှာပေါ်မှာ နှိပ်လိုက်တယ်၊ နှိပ်ပြီး လိုက်သည်နှင့် တပြိုင်နက် အဲဒီ တလွှာလုံးဟာ မင်းရဲ့ အမိန့်တော် ဆိုတာ ဖြစ်သွားတယ်၊ အမှာတော်ရေးရဲ့ အမိန့်တော်လွှာ မဟုတ်ဘူး၊ အဲဒီအတိုင်းပဲ။

တရားသဘောနဲ့ ပတ်သက်ယင် အမှာတော်ရေးနဲ့ တူတဲ့ လူကပဲ ဖြစ်ဖြစ်, နတ်ကပဲ ဖြစ်ဖြစ်, ဗြဟ္မာကပဲ ဖြစ်ဖြစ်၊ အေး....ကုန်ကုန် ပြောမယ်၊ ပရိဗိုဇ်ဘယောက်ကပဲ ဖြစ်ဖြစ် ဗုဒ္ဓရှေ့မှာ လာပြီး တရား သဘောပြောလို့ တကယ်ပြောတဲ့ စကားသည် တရားသဘောကျလို့ မှန်တယ်၊ ဗုဒ္ဓက ပမာပုံ ပရိဗိုဇ် ငါတို့နဲ့ အယူမတူဘူးလို့ မကန့် ကွက်ဘူး၊ ဘယ်သူလာပြောပြော တရားသမှန်ယင် သာဓုကောင်းချီး ပေးတယ်။

အခုလဲပဲ ဒီ သဘုလ္လပကာယိက ခေါင်းဆောင်နတ်သား လျှောက် ထားချက်ကို မြတ်စွာဘုရား က--

"သာဓု သာဓု ဒေဝတေ" သာဓု သာခုပါ ဒကာနတ်သား–လို့ သာဓုကောင်းချီးပေးပြီးဟော အဲဒီနတ်သားရဲ့ လျှောက်ထားချက်ကို လက်ခံမိန့်တည်းဟူသော ဓမ္မရာဇ်တံဆိပ် ခတ်နှိပ်ပေးလိုက်တယ်၊ သာဓုကောင်းချီးပေး၍ လက်ခံခြင်းသာည်ပင်လျှင် ဓမ္မရာဇာ တံဆိပ် ခတ်ခြင်းပါပဲ။

အဲဒီလို ဓမ္မရာဇ် တံဆိပ်နှိပ်ပြီးတဲ့အချိန်က စပြီးတော့ အဲဒီနတ်သားတွေ့ရှတ်တဲ့ စကားတွေ့သည် ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်လိုပဲ မြတ်စွာဘုရား၏ တရားတော်ဖြစ်ရပါတယ်။

အခုနတ်သားလျှောက်ထားချက်ကို မြတ်စွာဘုရား နှစ်သက်ကြသဖြင့် လက်ခံတော်မူလို့ ဝမ်းသာအားရ စိတ်ကကျေနပ်သွားတယ်။ သူပြီးတော့ ဒုတိယနတ်သားကလဲပဲ သူ့ရဲ့နည်းစဉ်းချက် တခါ ဆက် လျှောက်ပြန်ပါတယ်။

အထခေါ် အပရာဓေဝတာ ဘဂဝေတာ သန္တိကေ ဣမံ ဥဒါနံ ဥဒါနေသိ။

သဒ္ဓါနှစ်ပုံ စွယ်စုံညီသော ဒါန။ ။သူတော်ကောင်းတို့ ပထမနတ်သား လျှောက်ပြီးတဲ့နောက် ဒုတိယခေါင်းဆောင် နက်သား ဂ ယောက်ကလည်း မြတ်စွာဘုရား၏ အထံမှာ ဤဘုရားဂါထာကို ရွတ်ဆို လျှောက်ကားပြန်ပါပြီ။ ဘယ်လို–

သာဓု ခေါ် မာရိသ ဒါနံ။

မာဒိသ၊ ဒုက္ခခယ်သိမ်း ငြိမ်းခဲကာ်မူခသာ ြဲတ်စွာဘုရား၊ ဒါနံ။ အလှူဒါန ပေးလှူခြင်းသည်။ ခေါ်စင်စစ်။ သာဓု ပထမနတ်သား၊

တပည့်လျှောက်ထားတဲ့အတိုင်း ကောင်းရိုးဧကန် ချီးမွမ်းအပ်ရိုးမှန်ပါသည်ဘုရား။

မြတ်စွာဘုရား ခုနင်က ပထမနတ်သားလျှောက်ထားတဲ့အတိုင်း အလှူဒါန ပေးလှူခြင်းဟာ ချီးမွမ်းအပ်ကောင်းမြတ်တာ အမှန်ပဲ မကန့်ကွက်ပါဘူး၊ သို့သော် အဲဒီအထဲမှာ တပည့်တော် ပိုပြီးတော့ ဖြည့်စွက်၍ အထူးလျှောက်ချင်တာကတော့-

အပိ စ သဒ္ဓါယ ပိ သာဟု ဒါနံ။

အပိ စ၊တပည့်တော်အထူးဖြည့်စွက် လျှောက်ထားလိုတာကတော့ သဒ္ဓါယ၊ရတနာသုံးတန် ကံ ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရား ဖြင့်။(၀၁၊)သဒ္ဓါတရား ရှေသွားပြီ၍။ဒါနမှိ၊ ပေးလှူခြင်းသည်လည်း။ သာဟု၊ ချီးမွမ်းအပ် ကောင်းမြတ်လုပါသည်ဘုရား။

တပည့်တော် ဖြည့်စွက်ပြီးတော့ ထောက်ခံလိုတယ်၊ အလှူပေး ကာမတွေ မဟုတ်ပဲ လှူတဲ့အခါမှာ သဒ္ဓါ ဒါန ဖြစ်အောင် လှူပါ၊ လှူမယ်ကြံယင် ကံ-ကံ၏အကျိုးကို သက်ဝင်ယုံကြည်တဲ့စိတ်၊ ရတနာသုံးပါး၌ ဂုဏ်ကို သက်ဝင်ကြည်ညိုတဲ့စိတ် ပထမမှေးလိုက်ပါဦး။ အဲဒီလို ရတနာသုံးပါး၌ ဂုဏ်ကို သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရား၊ ကံနဲ့ ကံ၏ အကျိုးကို နှစ်နှစ်ကာကာယုံကြည်တဲ့ သဒ္ဓါတရား--အဲဒီသဒ္ဓါ နှစ်ပုံ စွယ်စုံညီပြီးတော့ လှူယင် ပိုပြီးကော့ ချီးမွမ်းအပ်ပါတယ် ဘုရား။ ကောင်းမြတ်ပါဘယ် ဘုရား။

ဒါနဉ္စ ယုဒ္ဓဉ္စ [သမာနမာဟု၊
အပ္ပါပိ သန္တာ ဗဟုကေ ဇိနန္တိ။
အပ္ပမ္ပိ စေ သဒ္ဓဟာနော ဒဒါတိ၊
တေနေဝ သော ဟောတိ သုခီ ပရတ္ထာ။

စစ်တိုက်ခြင်းနှင့် အလှူပေးခြင်းတူပုံ။ ။ဒုတိယနတ်သား ဆက်ပြီး တော့ လျှောက်တဲ့ တရား

ဂါထာ–မာရိသ၊ ဒုက္ခခပ်သိမ်း ငြိမ်းချမ်းပြီးသော မြတ်စွာဘုရား။ ဒါနနဲ့ပြု၊ အလှူပေးခြင်းကိုလည်းကောင်း။ ယုဒ္ဓနဲ့ပြု၊ စစ်တိုက်ခြင်းကိုလည်းကောင်း။ သာမာနံ၊ တူ၏ဟူ၍။ အာဟု၊ ဘုရားပစ္စက္ခဗုဒ္ဓါ အရိယာသူမြတ်တို့ မိန့်ဆိုတော်မူကြပါကုန်သည်ဘုရား။

မြတ်စွာဘုရား အလှူပေးတာရယ် စစ်တိုက်တာရယ် ဒီနှစ်ခု တူတယ်လို့ ရှေးရှေး ဘုရားဒေသနာတော်သော သူဇာတ်ကောင်းတို့ မိန့်ဆိုတော်မူကြပါတယ် ဘုရား၊ ဘယ်လိုဝူတုံး—

မိမိဥစ္စာပေါ်မှာ တွယ်တာတဲ့ လောဘရှိနေတဲ့သူ ဘယ်တော့မှ မလှူဖြစ်ဘူး။ ထို့အတူပဲမိမိရဲ့ အသက်ကိုတွယ်ကာတပ်မက်တဲ့လူသည် ဘယ်တော့မှ စစ်မတိုက်နိုင်ဘူးတဲ့။ ဥစ္စာပေါ်မှာတွယ်ကာ တဲ့ လောဘ စွန့်နိုင်တဲ့လူမှ အလှူဒါနလှူနိုင်တယ်။ အသက်ကိုတွယ်တာတဲ့ လောဘကို ဖြတ်နိုင်တဲ့လူမှ စစ်ဖိုက်နိုင်တယ်။ ဒဲဒါကြောင့် အလှူ လှူတာနဲ့ စစ်တိုက်တာဟာ တူတယ်လို့ ဘုရားအစဉ်သော သူတော်ကောင်းတွေ မိန့်ဆိုကြပါတယ်ဘုရား။

အပ္ပါပိ၊ အနည်းငယ်မျှတို့သည်။ သန္ဆာပိ၊ ဖြစ်ကုန်လင့်ကစား။ ဗဟုကာ၊ များစွာကုန်သော ရန်သူတို့ကို။ ဇိနန္တိ၊ အောင်နိုင်ပါကုန်၏။

မြတ်စွာဘုရား အနည်းငယ်မျှပင်ဖြစ်လင့်ကစား များစွာသော ရန်သူတွေကို အောင်ဝယ်ဘုရား။ စစ်တိုက်တဲ့နေရာနဲ့ ပတ်သက်ပြီးတော့ “တယောက်ကောင်း ကဇသောင်းပိုလ်ဇြ ဥက်သကဲ့ကြ” လို့ ရှိတယ်။

တကယ်မိမိရဲ့အသက်ကို စွန့်ထားတဲ့ သူရဲကောင်းတယောက်သည် ရန်သူပေါင်းတသောင်းကို ခြေမှုန်း ပစ်နိုင်တယ်။ ထို့အတူပဲ ဒါန ကောင်းမှုပြုတဲ့ ဒါနကုသိုလ်စေတနာသည် သူရဲကောင်းတယောက် တည်းပင် ဖြစ်လင့်ကစား မစ္ဆရိယ ခေါင်းဆောင်သော ဇမြောက်မြားစွာ သော တထောင့်ငါးရာ ကိလေသာရန်သူတို့ကို ချေမှုန်းပစ်နိုင်တယ်။ အဲဒါကို ဒီနတ်သားက လျှောက်ထားတယ်။

အပ္ပါပိ သန္တာ ဗဟုကေ ဇိနန္တိ။

အပ္ပါ။ အနည်းငယ်မျှတို့သည်။ သန္တာပိ၊ ဖြစ်ကုန်လင့်ကစား။ ဗဟုကေ၊ များစွာကုန်သော ကိလေသာ ရန်သူတို့ကို။ ဇိနန္တိ၊ အောင် နိုင်ပါ၏ ဘုရား။

မာရိသ၊ ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား။ ယော၊ အမှတ်မထင် အကြောင်သူသည်။ သဒ္ဓဟာနော၊ ရဟန္တာသုံးတန် ကံ ကံ၏ အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရား ထင်ပျားရှိလှုက်။ အပ္ပမ္ပိ၊ အနည်း ငယ်မျှကိုပင်သော်လဲ။ ဒေ ဒဒါတိ၊ အကယ်၍ လှူဒါန်းငြားအံ့။ သော၊ ထိုလှူဒါန်းတဲ့ ပုဂ္ဂိုလ်သည်။ တေနေဝ၊ ထိုအနည်းငယ်သော အလှူဒါန လှူဒါန်းရတဲ့ ကောင်းမှုကြောင့်ပင်လျှင်။ ပရတ္ထာ၊ တမလွန်လောက ဟိုဘဝ၌။ သုခဲ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသည်။ ဟောတိ၊ ဖြစ်ရပါ သည်ဘုရား။

အနည်းငယ်သော စစ်သူရဲကောင်းက မြောက်များစွာသော ရန်သူတွေကို နိုင်သလို မိမိမှာ နည်းနည်းရှိယင် နည်းနည်းလှူ။ သို့သော်လဲ လှူတဲ့ခနရာမှာ သဒ္ဓါတရား ထက်မြက်ပါစေ။ ပန်းကလေး ကပွင့် မရေတော်တခွက်၊ ဆီးမီးလေးတတိုင်ပင် ဖြစ်လင့်ကစား ဒါတယောက်ကောင်းသော သူရဲကောင်းပဲ။ မိမိက သဒ္ဓါတရားရှိဖို့

အရေးကြီးတယ်။ ရတနာသုံးပါးဂုဏ်ကို သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရား၊ ကံနဲ့ ကံ၏အကျိုးကို နှစ်နှစ်ကာကာ ယုံကြည်တဲ့ အဘိသဒ္ဓါပါန သဒ္ဓါတရား၊ ငါယခု ပူဇော်မယ့် ဘုရား ကိုယ်တော်မြတ်သည့် အရဟံ အစ ဘဂဝါ အဆုံးရှိသော ကျေးဇူးဂုဏ်ကိုးပါးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားပဲ။ အဲဒီလို ဘုရားဂုဏ်ကို အာရုံယူလိုက်ပါ။ ကြည်ညိုလိုက်ပါ။

ငါယခုလူ့ပြည်မယ့် အလူ့ဒါနသည် ကောင်းသောအမှုဖြစ်တယ်၊ထိုသို့သော မျိုးစေ့ကို စိုက်ပျိုးယင် ချိုမြိန်သော အပင်ပေါက်၍ ထိုအပင်မှ ချိုမြိန်သော အပွင့် အသီးအရသာကို ခံစားသုံးဆောင်ရသလို ငါယခု ပြုသော အမှုသည် ကောင်းသော အမှု ကုသိုလ်အမှု ဖြစ်တဲ့အတွက် ကောင်းသော လူ့ရပ် နတ်ရွာ သုဂတ် ဘဝနွေး အပင်ပေါက်၍ လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာဇာတ်သိမ်းဟူသော ချိုမြိန်သော အပွင့် အသီး အရသာကို ခံစားရမှာ ကောန်အမှန်ပဲ။

အဲဒီလို ကံနဲ့ ကံ၏ အကျိုးကို ယုံကြည်တဲ့ သဒ္ဓါ, ဤသဒ္ဓါ ၂-ပုံစွယ်စုံရှိပြီးတော့ လူ့ဘဝယ်။ ဟစ္စည်းလေး နည်းနည်းပင် လူ့ရလင့်ကစား ထိုသူသည် ဤဒါနကောင်းမှုကြောင့် ဟမလွန်ဘဝရောက်ယင် လူ့ချမ်းသာ နတ်ချမ်းသာရလို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရပါတယ် မြတ်စွာဘုရား....လို့ လျှောက်ဝံပါ။ သူ့ရဲ့ လျှောက်ထားချက်လဲပဲသပေ့, ပိုဒ်မမှ မကျန် အကုန်မှန်တယ်။ သူ့ကိုလဲ မြတ်စွာဘုန်းကမကန်ခဲ့ကွက်ဘူး။ မကန်ကွက်ပဲနဲ့ သားရေကောင်းချီးပေးပြီးတော့ ဦးပြုကျေနပ်မှုဆိုတဲ့ သမနုဿဓမ္မရာဇ် တံဆိပ်ခတ်နှိပ်ပေးလိုက်တယ် ဆိုကြပါစို့။

အေး-သာခု ကောင်းချီးပေးလို့ သူ့စကား လက်ခံလိုက်ခြင်းသည်ပင်လျှင် ဓမ္မဆုဇ်တံဆိပ် ခတ်နှိပ်ပေးလိုက်တာပဲ။ ထိုအချိန်မှစ၍

ထိုစကားအားလုံးသည် ဘုရားတည်းဟူသော ဓမ္မရာဇ်ရဲ့ မိန့်ဟောတဲ့ တရားဒေသနာသဘော ရောက်သွားပြီ။ အေး – ဒုတိယနတ်သားကလဲ သူလျှောက်ထားချက် ဘုရားလက်ခံလို့ ဝမ်းသာတယ်၊ ကျေနပ်သွားဟယ်၊ ဒီနတ်သားပြီးတော့မှ –

ဇာထခေါ အပရာဇေဝတာ ဘဂဝတော သန္တိကေ ဣမံ ဂါထံ အဘာသိ။

တရားသဖြင့် ရသောဥစ္စာ။ ။ထို့နောက် တတိယခေါင်းဆောင် နတ်သားတယောက်က ဘုရားထံ ဤဂါထာကို လျှောက်ထားပြန်တယ်။ ဘယ်လိုလျှောက်ထားသလဲ။

သာဓု ခေါ် မာရိသ ဒါနံ။ ဒုက္ခခပ်သိမ်းငြိမ်းတော်မူသော မြတ်စွာဘုရား၊ ပထမနတ်သား လျှောက်ထားတဲ့အတိုင်း အလှူ။ ဒါနပေးလှူခြင်းသည် ချီးမွမ်းအပ်ကောင်းမြတ်တာ အမှန်ပါဘုရား။ သဒ္ဓါယပိ သာဓု ဒါနံ – ဒုတိယနတ်သား လျှောက်ထားတဲ့အတိုင်း ရတနာသုံးပါးရဲ့ ဂုဏ်ကို သက်ဝင်ယုံကြည်တဲ့သဒ္ဓါ၊ ကံနဲ့ကံ၏အကျိုးကို နှစ်နှစ်ကာကာယုံကြည်တဲ့ သဒ္ဓါ သဒ္ဓါ ၂-ပုံ စွယ်စုံညှို့ လှူတဲ့ အလှူဒါနလဲပဲ ချီးမွမ်းအပ် ကောင်းမြတ်ပါသည်ဘုရား။

အပိ စ ဓမ္မလဒ္ဓဿာပိ သာဟုဒါနံ။

အပိ စ၊ တပည့်တော် ဖြည့်စွက်၍ အထူး လျှောက်ထားလိုက်တာကတော့။ ဓမ္မလဒ္ဓဿ၊ မိမိ ကောင်းရောင်း ကောင်းဝယ် သမ္မာ-အာဇီဝဖြင့် ရအပ်တဲ့ ဓမ္မိယလဒ္ဓ ဥစ္စာကို။ ဓမ္မလဒ္ဓဿ၊ သူတော်ကောင်း တရားရ၍ သူတော်ဓနကောင်းတရား လက်ကိုင်ထားတဲ့ ပုဂ္ဂိုလ်အား။ ဒါနံ၊ ပေးလှူခြင်းသည်။ ခေါ်။ စင်စစ်။ သာဓု၊ ချီးမွမ်းအပ် ကောင်းမြတ်ပါသည်ဘုရား။

ပထမနတ်သား လျှောက်ထားတဲ့ အတိုင်း အလှူလှူတာ ကောင်းတယ်၊ ထောက်ခံတယ်။ ဒုတိယနတ်သား လျှောက်ထားတဲ့ အတိုင်း လှူတဲ့အခါ သဒ္ဓါ ၂-ပုံ စွယ်စုံညီပြီး လှူတာ ချီးမွမ်းအပ် ကောင်းမြတ်တာ အမှန်ပဲ၊ တပည့်တော် အဲဒါလဲ သဘောကျတယ် ထောက်ခံတယ်။

တပည့်တော် ထပ်ပြီးတော့ ဖြည့်စွက်ချင်တာကတော့ အဲဒီ လှူရပြီးရော ကပ်တီးကပ်ဖဲ့ မလုပ်ဖါနဲ့၊ အဓမ္မလဒ္ဓ-မတရားသော ဒုစရိုက်မှုတွေနဲ့ ရတဲ့ အလှူမျှားမလှူချင်ပါနဲ့။ ဓမ္မလဒ္ဓ=မိမိရဲ့ကာယဉာဏဗလ ၂-ပါး အရင်းထား၍ တရားသဖြင့် ရှာဖွေရရှိအပ်သော အလှူတို့ကို(ဓမ္မိယ-လဒ္ဓအလှူကို)နည်းနည်းလေး ဖြစ်လင့်ကစား လှူပါ။

အဲဒီလို လှူတဲ့နေရာမှာ ရအပ်ပြီးသော သူတော်ကောင်းတရား ရှိတဲ့ ကိုယ်တော်ကိုလှူပါ။ တရားရှိတဲ့ အလှူခံပုဂ္ဂိုလ်၊ လှူထိုက်တဲ့ ပုဂ္ဂိုလ်၊ အား....လှူထိုက်ဆိုပါစို့ရဲ့၊ သီလ, သမာဓိ, ပညာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ လူ့လောက အမျှားကြီးရှိတယ်။ ယနေ့ ဗုဒ္ဓဟာသာ သူတော်ငင်တွေထဲမှာ အဲဒီပုဂ္ဂိုလ်တွေကိုလဲ ဓမ္မလဒ္ဓပုဂ္ဂိုလ်ခေါ်တယ်။

အဲဒီလို ဓမ္မလဒ္ဓပစ္စည်းတွေကို ဓမ္မလဒ္ဓပုဂ္ဂိုလ်အား လှူတာ တပည့်တော် ပိုပြီးတော့ ချီးမွမ်းအပ် မြတ်တယ်လို့ လျှောက်ထားချင်ပါတယ်ဘုရား။

ပုဂ္ဂိုလ်ကိုရွေးချယ်၍ လှူသင့်ပုံ

ယော ဓမ္မလဒ္ဓဿ ဒဒါတိ ဒါနံ။
ဥဋ္ဌာနဝီရိယာဓိဂတဿ ဇန္တုနော။
အတိက္ကမ္မသော ဝေတရဏိံ ယမဿ၊
ဒိဗ္ဗာနိ ဌာနာနိ ဥပေတိ မစ္စော။

မာရိသ၊ ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား။ ယော၊ အမှတ်မထင် အကြောင်သူသည်။ ဥဒ္ဒါနဝိရိယားဓိဂတာသ၊ မိမိရဲကိုယ်အား ညှာတ်အား ဤနှစ်ပါးလုံ့လဝိရိယကို ရွေထား၍ ရှာဖွေရရှိအပ်သော။ ဓမ္မလဒ္ဓာသ၊ ဓမ္မိယလဒ္ဓဥစ္စာကို။ ဓမ္မလဒ္ဓာသ၊ ရအပ်ပြီးသော သူတော် ကောင်းတရားရှိသော အလှူခံပုဂ္ဂိုလ်အား။ ဒါနံ၊ အလှူဒါနကို။ ဒဒါတိ၊ ပေးလှူငြားအံ့။ သော၊ ထိုဓမ္မိယလဒ္ဓဥစ္စာကို ဓမ္မလဒ္ဓပုဂ္ဂိုလ် အား လှူဒါန်းတဲ့ပုဂ္ဂိုလ်သည်။ ယမဿ၊ ယမဓေါရင်း ငရဲမင်း၏။ ဝေတရဏိံ၊ အာဏာပျံ့နှံ့ရာ ဝေတရဏီခေါ်သော ကြိမ်ပိုက်ချောင်း ငရဲကအစ ငရဲကြီးရှစ်ဆယ် ဥဿဒငရဲပယ် ၃၂-ထပ်တို်ကို။ အတိက္ကမ္မ၊ လွန်မြောက်၍။ ဒိဗ္ဗာနိ ဌာနာနိ၊ နတ်ပြည်လောက ဘုံဌာနသို့။ ဥပေတိ၊ ဘဝပဋိသန္ဓေ ကပ်ရောက်နေရပါသည်ဘုရား။

တတိယနတ်သား လျှောက်ထားတယ်။ ပထမနတ်သား လျှောက်ထားတဲ့ အလှူပေးနည်း တပည့်တော် ထောက်ခံတယ်၊ ကောင်းတယ်။ ဒုတိယနတ်သားလျှောက်ထားတဲ့ သဒ္ဓါ နှစ်ပုံ စွယ်စုံ ညီပြီးတော့လှူမှု ချီးမွမ်းအပ်တာ တပည့်တော် လက်ခံတယ်၊ ဝမ်း မြောက်တယ်၊ ထောက်ခံတယ်။

ဖြည့်စွက်ပါရစေဦး။ လှူတဲ့နေရာမှာ ဓမ္မိယလဒ္ဓလှူဖွယ်ဝတ္ထုကို ဓမ္မလဒ္ဓ=သူတော်ကောင်းတရားရရှိထားတဲ့ သူတော်ကောင်းတရား လက်ကိုင်ပြုတဲ့ လူဖြစ်ခြင်း၊ ရှင်ဖြစ်ခြင်း အလှူခံပုဂ္ဂိုလ်အား လှူပါ။ အဲဒီပုဂ္ဂိုလ်သည် လယ်ကောင်း မြေကောင်းနဲ့တူတယ်။ သီလသမာဓိ ပညာရှိယင် လူပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ် သီလမြေသဏ္ဌာ၊ သမာဓိ မြေသဏ္ဌာ၊ ပညာမြေသဏ္ဌာ ဒီလိုဓမ္မမြေသဏ္ဌာတွေ ပြည့်နှက်နေတဲ့ မြေကောင်း ယာကောင်းမှာ အဲဒီမှာလှူပါ။ ဒါကို တပည့်တော်

ချီးမွမ်းအပ် မြတ်တယ်လို့ အထူးလျှောက်ထားလိုပါကယ်ဘုရား – လို့ သူကလဲ ဆို့ဂါထာနဲ့ လျှောက်တယ်။

အဲဒီနတ်သားရဲ့ လျှောက်ထားချက် ဂါထာလဲပဲ တရားသဘော သဝေ ပိုဒ်မ မကျန် အကုန်လုံးမှန်နေလို့ ဘုရားက သာဓုသုံးကြိမ် ခေါ်တော်မူပြီး ဘုရားလက်ခံတဲ့ အချိန်ဂ စပြီးတော့ ဘုရားတရားတော် ထဲမှာ စုရုံးဝင်လာတယ်။

မင်းတံဆိပ် ခတ်နှိပ်ပြီးတဲ့ အချိန်ကစပြီးတော့ ထိုစာလှာသည် မင်းရဲ့အမိန့်တော်၊ စာတွေ့ကဖြင့် အမှာတော်ခရေးတာ။ ဒါပေမယ့် မင်းသဘောတူလို့ လက်ခံလိုက်ယင် မင်းရဲ့တံဆိပ်ခတ်နှိပ်ပေးလိုက်ယင် အဲဒါ မှင်းရဲ့အမိန့်ပဲ၊ မင်းရဲ့စာပဲ ဖြစ်ဘယ်။

ဒါနဝတ္ထုကိုလည်းရှေး အဲဒီမှာ သူကလဲ သူ့လျှောက် အလှူခံပုဂ္ဂိုလ်ကိုလည်းရွေး၍လှူရန် ထားချက်ကို ဘုရားလက်ခံလို့ ဝမ်းသာကျေနပ်နေတုန်း စတုတ္ထနတ်သားတယောက်က လျှောက်ပြန်တယ်။

သာဓု ခေါ်မာရိသ ဒါနံ=ဒုက္ခခပ်သိမ်းငြိမ်းတော်မူသော မြတ်စွာဘုရား၊ ပထမနတ်သား လျှောက်ထားတဲ့အတိုင်း အလှူဒါနပေးလှူခြင်းဟာ ချီမွမ်းအပ်ကောင်းမြတ်ရှိး ကောင်းမှုနပါ၏။ သဒ္ဓါယုပိ သာဟု ဒါနံ=ဒုတိယနတ်သား လျှောက်ထားတဲ့အတိုင်း သဒ္ဓါနှစ်ပုံ စွယ်စုံညှို့ လှူဒါန်းတဲ့ အလှူဒါနလဲ ချီးမွမ်းအပ် ကောင်းမြတ်ပါသည်ဘုရား။

ဓမ္မလဒ္ဓဿာပိ သာဟု ဒါနံ=တတိယနတ်သား လျှောက်ထားတဲ့အတိုင်း ဓမ္မဝယလဒ္ဓ ဥစ္စာကို ဓမ္မလဒ္ဓပုဂ္ဂိုလ်အား လှူဒါန်းတဲ့ အလှူဒါနလဲပဲ ချီးမွမ်းအပ် ကောင်းမြတ်ပါသည်ဘုရား။

အပိ စ ဝိစေယျ ဒါနမိဿ သာဟု ဒါနံ။

အပိ စ၊ တပည့်တော်ဖြည့်စွက်၍ **အထူးလျှောက်ထားလိုသည်** ကား။ ဝိစေယျ ဒါနမိဿ၊ လှူဖွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ်တို့ကို ကောင်း နိုးရာရာ မြတ်နိုးရာရာ ရွေးချယ်၍ လှူဒါန်းအပ်တဲ့ အလှူဒါနသည် လည်း။ **သာဟု၊** ချီးမွမ်းအပ် ကောင်းမြတ်လှပါသည်ဘုရား။

ရှေးနတ်သားသုံးယောက် ပြောတဲ့စကား အကုန်လုံး တပည့်တော် ထောက်ခံတယ်။ ဒါပေမယ့် တပည့်တော် အထူးဖြည့်စွက် လျှောက် ထားချင်ပါသေးတယ်။

"လှူယင် ဝိစေယျ ဒါနဖြစ်အောင် လှူပါ"။

အင်း—လှူဖွယ်ဝတ္ထု မိမိမှာ နှစ်မျိုးသုံးမျိုး အကောင်း၊အလတ်၊ အညံ့ သုံးမျိုးရှိယင် ကောင်းတာလေး ရွေးလှူပါ။ ကောင်းတာကို လှူပါ။ အလှူခံပုဂ္ဂိုလ်လဲပဲ မိမိလှူ**ရမယ်**. ပုဂ္ဂိုလ်သည် **အမျိုးမျိုး** ရှိနေတဲ့အနက်က သီလ သမာဓိ ပညာဂုဏ်နဲ့ ပြည့်စုံတဲ့ မြတ်**သော** အလှူခံပုဂ္ဂိုလ်ကို ရွေးပြီးတော့ လှူပါ။ အဲဒီလိုလှူတဲ့ "ဝိစေယျဒါန" ဟာလဲ ချီးမွမ်းအပ် ကောင်းမြတ်ပါ**သည်**ဘုရား။

ဝိစေယျဒါနံ သုဂတပ္ပသတ္ထံ၊
ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
တေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗိဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။

မာရိသ၊ ဒုက္ခခပ်သိမ်း ငြိမ်းတော်မူ**သော** မြတ်စွာဘုရား။ ဝိစေ-ယျ ဒါန်း၊ လှူဖွယ်ဝတ္ထုနဲ့ အလှူခံပုဂ္ဂိုလ်ကို ကောင်းနိုးရာရာ မြတ်နိုး ရာရာ ရွေးချယ်၍ လှူ**အပ်**တဲ့ဝိစေယျဒါနကို။ သုဂတပ္ပသတ္ထံ၊ **အဆူဆူ** သော ဘုရား**ရှင်**တို့ ချီးမွမ်း**အပ်**ပါ**သည်**ဘုရား။

လှူဖွယ်ဝတ္ထုကို ရွေးချယ်တာ "ဒေယျဓမ္မဝိစိန နှ"လို့ ခေါ်တယ်။ အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်တာ "ဒက္ခိဏေယျဝိစိနန" ရွေးချယ်စိစစ်ခြင်း၊ ဒီနှစ်ရပ်နဲ့ စိစစ်ပြီးတော့ လှူတာမျိုးကို ဝိစေယျဒါနတဲ့။ ဝိစေယျဒါနကို အဆူဆူသောဘုရားရှင်တို့ ချီးမွမ်းအပ်ပါသည်ဘုရား။

ဣမေ ဇီဝလောကေ၊ အသက်ရှည်ရှည် တည်နေပါရ ဤလောက၌။ ယေ၊ အကြင်သီလ သမာဓိ ပညာ ဂုဏ်နဲ့ ပြည့်စုံကြသည့် အလှူခံပုဂ္ဂိုလ်တို့သည်။ ဒက္ခိဏေယျာ၊ သီလမြေဩာ သမာဓိမြေဩာ ပညာမြေဩာနဲ့ ပြည့်နက်တော်မူကြတဲ့အတွက် မြတ်ဿာအလှူကို ခံတော်မူထိုက်ပါကုန်၏။ တေသု၊ ထိုမြတ်ဿာ အလှူကိုခံထိုက်တဲ့ သီလသမာဓိပညာဂုဏ်နဲ့ ပြည့်စုံတဲ့ အလှူခံပုဂ္ဂိုလ်တို့၌။ ဒိန္နာနိ၊ ပေးလှူအပ်သမျှ အလှူဒါနတို့သည်။ သုခေတ္တေ၊ မြေဩာနဲ့ပြည့်တဲ့ မြေကောင်း၌။ ဝုတ္တာနိ၊ စိုက်ပျိုးအပ်ကုန်သော။ ဗီဇာနိယထာ၊ မျိုးစေ့တို့ကဲ့သို့။ ဗီဇာနိ၊ မျိုးစေ့တို့သည်။ မဟပ္ဖလာနိ၊ များစွာသော အသီးကို ဖြစ်ထွန်းစေကြကုန်သည်။ ဟောန္တိယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧတေသု၊ ထိုသီလသမာဓိပညာ မြေဩာနဲ့ပြည့်စုံတဲ့ အလှူခံခေါ်ဆိုပုဂ္ဂိုလ်သူမြတ် လယ်ကောင်း မြေကောင်းတို့၌။ ဒိန္နာနိ၊ သဒ္ဓါဖွဲ့ဩ်အလေးမူ၍ ပေးလှူအပ်သမျှ အလှူဒါန တည်းဟူသော မျိုးစေ့တို့သည်။ မဟပ္ဖလာနိ၊ လူ့ရွာနတ်ထံ နိဗ္ဗာန်တံ့ုင်ထိ သမ္ပတ္တိဖုံ,ဖြိုး များမြတ်သော အကျိုးရှိကြပါကုန်သည်ဘုရား။

သူကလဲပဲ သူ့ရဲ့ သဘောကျချက်ကို မြတ်စွာဘုရားအားလျောက်တယ်။ အဲဒီဂါထာမျိုး အာဒိတ္တဇာတ်မှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ

၁။ ဇာတ်အဋ္ဌကထာ တတိယအုပ်၊ ၎၄ ရှေးတုန်းက ကျွန်ုပ်တို့ဘုရား လောင်း သီဝိတိုင်း ဓနဝတီမြို့၌ ဓနဝတမင်းဖြစ်၍ ပစ္စေကဗုဒ္ဓါ များအား ပင့်ဖိတ်လှူဒါန်းစဉ် ပစ္စေကဗုဒ္ဓါအရှင်မြတ် ၆-ဆူတို့လည်း ဤဂါထာများအတိုင်း ဟောကြားသည်ကို ဆိုလိုပါသည်။

လဲပဲ ဒီအတိုင်းဟောတယ်။ ဟာ– ပစ္စေကဗုဒ္ဓါတွေဟောတဲ့ စကားသံ တရားသံ စာသံပေသံ ကြီးပြီးတော့ ဒီနတ်သားတွေက မဇ္ဈိမတောင်ခြေ ညောင်ဗုဒ္ဓဟောဘူးပြီးတော့ သူတို့ကြားဖူးတာ ရွတ်နေတာပါလို့ ဒီလို သွားပြီးတော့ အထင်သေးပြီးတော့ အတွေးမမှားပါနဲ့။

တရားသဘောဟာ တကယ် ဒီသဘာဝကို ဒီလိုတွေးလို့ သဘာဝ မှန်တာ တွေးမိယင် ဒီပါဠိ ဒီအစဉ် ဒီအက္ခရာတွေပဲ ဖြစ်နေမယ်၊ မှန်သာမှန်ပစေ၊ မှန်ယင် သဘာဝနီရှုတ္တိနယ်ပယ်မှာ ဒီပါဠိ ဒီပုဒ် ဒီအက္ခရာ ဒီဂါထာတွေ အတူတူဖြစ်နေတယ်။ သူ–ကိုက သူ့စကားကိုယ့်စကားလုပ်ပြီးပြောတာ မဟုတ်ဘူးနော်။

စတုတ္ထနတ်သား လျှောက်ထားချက်လဲပဲ ဓမ္မနယ်ပယ်မှာ ဓမ္မသဘာဝ သဝေပိုဒ်မမကျန် အကုန်မှန်လို့ ဘုရားက သာဓု ကောင်းချီးပေး၊ ခွင့်ပြု သမနုညဓမ္မရာဇ်တံဆိပ် ခတ်နှိပ်ပေးတဲ့အတွက် ထို စကားသည် ဘုရားဟောတရားပဲ ဖြစ်သွားရတယ်။ အားလုံးသောဗုဒ္ဓ ဘာသာတွေက ဘုရားဟောတရားလို့ပဲ ယုံရတယ်။ ဒီနတ်သားကလဲ သူ့လျှောက်ထားချက် ကျေနပ်တယ်၊ ဘုရားလက်ခံတော့–။

(၅) ပဉ္စမမြောက် နတ်သား။

အေး....ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနတ်သားလေးယောက်တို့ လျှောက်လို့ ဒါနပိုင်းကတော့ အတော်ပြည့်စုံသွားပြီ။ အဲဒီပြည့်စုံတဲ့ အပိုင်းတွေကြည့်ရအောင်၊ လေးယောက်လျှောက်ထားချက်နဲ့ကိုက်ညီ အောင် မိမိတို့လှူကြည့်ရမယ်။

၁။ လူ့ျမယ်ဆိုယင် ကိုယ့်မှာရှိတဲ့ ပစ္စည်းလေးတွေထဲက ကောင်းနိုးရာရာရွေးပါ။

၂။ အလှူခံပုဂ္ဂိုလ်ထဲကလဲပဲ မြတ်နိုးရာရာကို ရွေးပါ။

၃။ အဲဒီလိုရွေးပြီးတော့ မိမိရဲ့ ဓမ္မိယလဒ္ဓပစ္စည်းကို မလှူခင် သရဏကုံဆောက်တည်လိုက်ပါ။ ဗုဒ္ဓဘာသာ သူတော်စင်တွေဟာ သရဏကုံဆောက်တည်လိုက်ယင် ရတနာသုံးပါးဂုဏ်ကို အစွမ်းကုန် ယုံကြည်လိုက်ပါ။

၄။ ပြီးတော့မှ ငါယခုကောင်းမှုကိုပြုလိမ့်မယ်၊ ကောင်းသောအမှုကြောင့် ကောင်းသောအကျိုးရလိမ့်မယ်လို့ စိတ်ကအောက်မေ့ပြီးတော့ သဒ္ဓါတရား ဖြစ်ပွားစေလိုက်ပါ။

၅။ အဲဒီလို ဖြစ်ပွားစေပြီးတော့ နည်းနည်းပဲဖြစ်ဖြစ် ပန်းတပွင့်၊ ရေတခွက်၊ ဆီးမီးတတိုင်ပဲဖြစ်ဖြစ် ဒီအချက်နဲ့ရွေးပြီးလှူပါ။ ဒီနတ်သား လေးယောက်ရဲ့ လျှောက်ထားချက်နဲ့ တခါတည်း ကိုက်ညီသွားလိမ့်မယ်။

အခု ပဥ္စမနတ်သားလေး လျှောက်ထားပြီ–

"သာဓု ခေါ် မာရိသ ဒါနံ" ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်ဘုရား၊ ပထမနတ်သား လျှောက်ထားတဲ့အတိုင်း အလှူအတန်း ပေးကမ်းခြင်းသည် ချီးမွမ်းအပ် ကောင်းမြတ်တာ အမှန်ပါပဲ။

"သဒ္ဓါယပိ သာဟု ဒါနံ"

ဒုတိယနတ်သား မလျှောက်ထားတဲ့အတိုင်း သဒ္ဓါနှစ်ပုံ စွယ်စုံထား၍ လှူဒါန်းခြင်းလဲပဲ ချီးမွမ်းအပ် ကောင်းမြတ်တာ အမှန်ပါပဲ။

"ဓမ္မလဒ္ဓါနာပိ သာဟုဒါနံ"

တတိယနတ်သား လျှောက်ထားတဲ့အတိုင်း ဓမ္မိယလဒ္ဓ ဥစ္စာကို ဓမ္မလဒ္ဓပုဂ္ဂိုလ်အား လှူဒါန်းခြင်းလဲ ချီးမွမ်းအပ် ကောင်းမြတ်တာ အမှန်ပဲ။ "ဝိစေယျ ဒါနမိဿံ သာဟုဒါနံ"

စတုတ္ထနတ်သား လျှောက်ထားတဲ့အတိုင် လှူဖွယ်ဝတ္ထုနဲ့ အလှူခံပုဂ္ဂိုလ်ကို ကောင်းနိုးရာရာ မြတ်နိုးရာရာ ရွေးချယ်၍ လှူတဲ့ ဝိစေယျဒါနလဲ ချီးမွမ်းအပ် ကောင်းမြတ်တာ အမှန်ပါပဲ မြတ်စွာဘုရား။

ဒါပေမယ်လို့ တပည့်တော်ဖြည့်စွက်ပြီး အထူးလျှောက်ထားလိုပါသည်ဘုရား။

ဒီ ဒါနကို သူ မကဲ့ရဲ့ဘူးနော်၊ ဘာမှအပြစ်မဆိုဘူး၊ အားလုံးလေးခု စလုံး သာဓု-သာဓု-သာဓု- ကောင်းတယ်ချည်းပဲ ထောက်ခံချီးမွမ်းထားတယ်၊ ဒါသူတော်ကောင်း သဘောပေါ့။

အေး ...ဒါနကိုပြောတဲ့ နတ်သားလေးယောက်ကလဲပဲ မရှုတ်ချဘူး မကဲ့ရဲ့ဘူး။ အခု ပဥ္စမနတ်သားကလဲ သူပြောမှာ ဒါနမဟုတ်ဘူး သီလ။ ဒါပေမယ်လို့ ရှေ့နတ်သားလေးဦးပြောတဲ့ ဒါနကို အကုန်လုံး လုံးစေ့ပတ်စေ့ လိုက်ပြီးတော့ "ချီးမွမ်းအပ် ကောင်းမြတ်တာ အမှန်ပါပဲဘုရား" လို့ ထောက်ခံတယ်၊ မရှုတ်ချဘူး၊မကဲ့ရဲ့ဘူး၊ ဒါသူတော်ကောင်း သဘောကိုပေါ့၊ အတုယူဖို့ သူရဲ့ဖြည့်စွက် အထူးလျှောက်ထားချက်ကို တင်ပြတာ။

သတ္တဝါတို့၌ မညှဉ်းဆဲရန်။ ။အပိ စ ခေါ ပါဏေသု သာဟု သံယမော။

အပိ စ ခေါ၊ တပည့်တော်အထူးဖြည့်စွက် လျှောက်ထားလိုတာကတော့။ ပါဏေသု၊ သူတဖက်သား သတ္တဝါတို့ အခပါ၌။ သံယမော၊ ဆင်းရဲဒုက္ခ မရောက်အောင် စောင့်ထိန်းခြင်း သည်။ သာဟု၊ ချီးမွမ်းအပ် ကောင်းမြတ်လှပါသည်ဘုရား။

ဘာဆိုလိုတာလဲ၊ အေး....လူတယောက်သည် သူ့အသက်ကို သတ်မယ်၊ သူ့ဥစ္စာခိုးမယ်၊ သူများရဲ့ဝတ္ထုကာမကို သွားရောက်ပြီး ကျူးကျော်မယ်၊ မုသားစကားပြောမယ်၊ သေအရက်သောက်မယ်၊ အကုသိုလ်မူကြီး ငါးခုကို စိတ်ကူးနဲ့ပြုကြည့်စမ်း၊ သူ့အသက်သတ်ယင် အဲဒီအသတ်ခံရတဲ့လူကို နှိပ်စက်တာပေါ့။

အေး–သူ့ဥစ္စာခိုးယင် အဲဒီဥစ္စာရှင်ကို နှိပ်စက်တာပဲ၊ သူရဲ့ဝတ္ထုကာမကို သွားရောက်ကျူးကျော်ယင် ဝတ္ထုကာမပိုင်ရှင်ကို နှိပ်စက်တာပဲ၊ မုသားစကားပြောယင် တဖက်သား အကျိုးယုတ်တယ်၊ အဲဒီတဖက်သားကို နှိပ်စက်တာပဲ၊ သေအရက်သောက်ယင်တော့ တဖက်သားကိုရော၊ မိမိကိုရော အကုန်လုံးနှိပ်စက်တာပဲ။

ဒီတော့ အခု ပဥ္စမနတ်သားက တခွန်းတည်းနဲ့ ပြောတာ—

မည္ဉ္ဉ်းဆဲလျှင် ငါ့ပါးသီလလုံခြုံ။ ။သတ်ယင် ဟိုတဖက်သား ဒုက္ခရောက်မယ်၊အဲဒီဒုက္ခရောက်အောင် နှိပ်စက်မှုမပြုပဲ စောင့်စည်းခြင်း။ ခိုးယင် ဥစ္စာရှင်ဒုက္ခရောက်မယ်၊ အဲဒီဒုက္ခကြောင့် ဥစ္စာရှင်တည်းဟူသော တဖက်သား သတ္တဂါအပေါ်မှာ ဒုက္ခမရောက်အောင် စောင့်စည်းရမယ်။ အေး–ငါးပါးသီလကို ဆိုလိုတယ်၊ ငါးပါးသီလကို စောင့်ထိန်းပါ။

ယော ပါဏာဘူတေသု အဟေဌယံ စရံ၊
ပရူပဝါဒါ နကရောန္တိ ပါပံ။
ဘီရုံ ပသံသန္တိ နဟိ ကတ္ထ သူရံ၊
ဘယာ ဟိ သန္တော နကရောန္တိ ပါပံ။

မာရိသ၊ ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသောမြတ်စွာဘုရား။ ယေဘု အမှတ်မထင် အကြောင်သူသည်။ ပါဏာဘူတေသု၊ ထုက်သက်ဝင်သက်ရှိတဲ့ သတ္တဝါတို့ ၌။ အဖောဌယံ၊ မည္သည်းဆဲ မနှိပ်စက်ပဲ။ စဏံ-စရန္တော၊ လှည့် လည်ကျက်စား သွားလာ၍ နေ၏။

သူ့အသက်သတ်ယင် အဲဒီအသက်ရှင်ကို နှိပ်စက်တာပဲ၊ သူ့ဥစ္စာ ခိုးယင် အဲဒီဥစ္စာရှင်ကို နှိပ်စက်ဘာပဲ၊ သူပိုင်ကာမ သွားကျူးကျော် ယင် ကာမပိုင်ရှင်ကို နှိပ်စက်တာပဲ၊ တဖက်သားအတွက် မုသားပြော ယင် အဲဒီပမာပြောခံရတဲ့လူ အကျိုးပျက်အောင် နှိပ်စက်တာပဲ၊ ဒီလို နှိပ်စက်မှုမဲ့ပြု-ဆိုတာ ငါးပါးသီလ စောင့်ထိန်းတာကိုပြောတယ်။

ပရုပဝါဒါ၊ သူတပါးကို ဤသူကား ဒုဿီလပုဂ္ဂိုလ်ရယ်လို့ အပြစ် တင် စွပ်စွဲကဲ့ရဲ့ခြင်းမှ ကြောက်သဖြင့်။ ပါပံ၊ဒုစရိုက်စု မကောင်းမှုကို။ နကရောတိ၊ မပြု။ တတ္ထ၊ ထိုဒုစရိုက်မှု၌။ ဘီရုံ၊ ကြောက်လန့်စက်ဆုပ် တဲ့ ဟိရိသြတ္တပ္ပတရားရှိတဲ့လူကို။ ပသံသန္တိ၊ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ သူတော်ကောင်းတို့ ချီးမွမ်းကြကုန်၏။ သူရံ၊ ဒုစရိုက်မှု၌ ရဲရင့်တဲ့လူ ကို။ န ပသံသန္တိ၊ ဘုရားအစရှိသော သူတော်ကောင်းတို့ မချီးမွမ်း ကြကုန်။ ဟိ၊ မှန်၏။ သန္တော၊ ဘုရားအစရှိသော သူတော်ကောင်း တို့သည်။ ဘယာဟိ-ဘယာဒီ၀၊ ပစ္စုပ္ပန် တမလွန် မကောင်းသော အကုသလဝိပါက် မကောင်းတဲ့ဘေး ကြောက်တွေးကြသောကြောင့် ပင်လျင်။ ပါပံ၊ ဒုစရိုက်စု မကောင်းမှုကို။ န ကရောန္တိ၊ မပြုကြကုန်။

ဘုရားအစရှိတဲ့ သူတော်ကောင်းတွေ ဒီမကောင်းမှုကိုဆိုယင် ထိုမကောင်းမှုကြောင့် ရ-ဆောက်မဲ့ အပြစ်ဒဏ်တွေကို ကြောက်တွေး တော်မူကြတဲ့အတွက် ကာယဒုစရိုက် ဝစီဒုစရိုက်၊ မနောဒုစရိုက်၊ ဘယ်ဒုစရိုက်ကိုမှ မပြုကြဘူး။

မြတ်စွာဘုရားဆိုတဲ့ မြတ်စွာဘုရားက သူဟာလဲ တရားတယ်။ သာဓုကောင်းချီးပေး၍ ခွင့်ပြုလက်ခံတယ်၊ သာဓုကောင်းချီးပေး၍ လက်ခံခြင်းတည်းဟူသော ဓမ္မရာဇ် တံဆိပ် ခတ်နှိပ်သဖြင့် ထိုဒေါချိန် ကစပြီး ထိုနတ်သား၏ လျှောက်ထားချက်သည် မြတ်စွာဘုရား တည်းဟူသော တရားမင်း၏ တရားအာဏာတော် ဖြစ်သွားပါတယ်။ ဘုရားလက်ခံထားလို့ ဗုဒ္ဓဘာသာ သူတော်စင်တို့အားနဲ့ "ဒါ ဘုရား ဟောတာပေါ့"ဒီလိုကို ရဲရဲတောက် ပြောယူရတယ်။

ကဲ-ငါးဦးရှိပြီ။ ဆဋ္ဌခေါင်းဆောင် နတ်သားက-

"အား....ပထမနတ်သား၊ ဒုတိယ၊ တတိယ၊ စတုတ္ထနတ်သားတွေ လျှောက်လို့လဲ ဒါနကုန်ပြီ။ ပဉ္စမနတ်သားလျှောက်လို့လဲ သိပ်ရောက်ပြီ။ ကိုင်း....ဘုရားအလိုငါဝင်မေးအုံးမှပဲ" ဆိုပြီး မခြောက်ယောက် မြောက်နတ်သားက ဘာလျှောက်လိုက်ကုန်း၊ သူကလဲ သူ့အယူဝါဒကို လျှောက်တယ်ပေါ့!။

ကဿ နုခေါ် ဘဂဝါ သုဘာသိတံ။

ဘဂဝါ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူသော မြတ်စွာဘုရား။ ကဿ၊ အာဘယ်နတ်သား၏။ ဘာသိတံ၊ လျှောက်ထားအပ်တဲ့ တရားစကားသည်။ သုဘာသိတံ၊ ကုဘာသိတ အကုံလှုံလောက်ပါသနည်း ဘုရား။

အခု နတ်သားငါးယောက် လျှောက်ထားကြတဲ့ စကားတွေထဲက ဘယ်နတ်သားရဲ့စကားသည် သုဘာသိတ=အပြစ်ကင်း၍ မှန်ကန်တဲ့ စကား ဖြစ်ပါသလဲဘုရား။

မြတ်စွာဘုရားက ပြန်အမိန့်ရှိတယ် –

သဗ္ဗာသံ ဓေါ သုဘာသိတံ ပရိယာယေန။

သဗ္ဗာသံ၊ ခပ်သိမ်းကုန်သော။ ဓေါ၊ သင်တို့ ငါးဦးသားတို့၏။ ဘာသိတံ၊ လျှောက်ဆိုအပ်တဲ့စကားသည်။ ပရိယာယေန၊ ဆိုင်ရာဆိုင်ရာ သူ့အကြောင်း သူ့အကြောင်းဖြင့်။ သုဘာသိတံ၊ သုဘာသိတအင်္ဂါ လုံလောက်ပါပေ၏။

ငါးဦးသားတို့ရဲ့ လျှောက်ထားတဲ့စကားသည် ဆိုင်ရာဆိုင်ရာ သူ့အကြောင်းနဲ့ အကုန်လုံး သုဘာသိတ အင်္ဂါလုံလောက်တယ်။ အားလုံးကောင်းတဲ့ တရားစကားတွေချည်းပဲ။

အပိ စ မမပိ သုဏာထ။

အပိစ၊ ငါဘုရား အထူးမိန့်ကြားလိုတာကတော့။ မမပိ၊ ငါဘုရား၏လည်း။ ဘာသိထံ၊ ဟောပြချက်ကို။ သုဏာထ၊ သင်နတ်သားတို့ နာကြားကြ ကုန်လော့။

အဲဒီလို အမိန့်ရှိပြီးတော့ မြတ်စွာဘုရားက ကိုယ်တော်ရဲ့ အထူးအချက် နိဂုံးအနေနဲ့ ဒီလိုဟောပြတယ်။

မြတ်ဘုရား အထူးချီးမွမ်းတော်မူသော အကျင့်တရား

သဒ္ဓါ ဟိ ဒါနံ ဗဟုဓာ ပသတ္ထံ၊
ဒါနာ စ ခေါ ဓမ္မပဒံ ဝေယျာ။
ပုတ္တေ စ ဟိ ပုတ္တဘရေ စ သန္တော၊
နိဗ္ဗာနမေဝဇ္ဈဂမုံ သပညော။

ဒေဝတာ၊ သတ္တလ္လပကာယိက နာမထင်ရှား....နတ်သားတို့။ ဒါနံ၊ အလှူဒါနကို။ ဝါ၊ ဒါန သီလကို။ ဗဟုဓာ၊ များသောအခြင်းအရာ အပြားဖြင့်။ (အဒ္ဓါ ဟိ၊ မချွတ်ကေန် အမှန်ပင်။) ပသတ္ထာ၊ ချီးမွမ်းဒေါ် ချီးမွမ်းထိုက်ပါ၏။

ဒါနကို ဂုဏ်ပုဒ်ပေါင်းများစွာဖြင့်၊ သီလကို ဂုဏ်ပုဒ်ပေါင်းများစွာဖြင့် ချီးမွမ်းထိုက်တာ အမှန်ပဲ။ ချီးမွမ်းကြ ခွင့်သား၊ ချီးမွမ်းကြ ချစ်သမီးတို့၊ ဒီလို ဆိုလိုတယ်။ မြတ်စွာဘုရားက မချွတ်ကေန် အမှန်ပင် ဒီဒါနသီလဟာ ချီးမွမ်းအပ်တဲ့ ကောင်းမှုတွေဆိုဝတာ ဝန်ခံထားတယ်။

သမထဝိပဿနာဘာဝနာ။ ။စ ခေါ်။ အထူးဖြည့်စွက်၍ ငါဘုရား မိန့်ကြားလိုတာကတော့။ ဒါနာ၊ အလှူ။ ဒါနထက်။ ဝါ၊ ဒါနသီလထက်။ **ဓမ္မပဒံဝ၊** နိဗ္ဗာန်တည်းဟူသော တရား အစုထိုနိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဆိုတဲ့ တရားအစုကသာလျှင်။ သေယျော၊ ရည်မှန်းချက်တကယ် ပန်းတိုင် ၍ အသူးသဖြင့် ချီးမွမ်းအပ် မြတ်လှပါပေ၏။

ဒါနသီလအထက်မှာ – ချစ်သားတို့ ဒါနသီလနဲ့ ပန်းတိုင် ရောက်သလား၊ မရောက်သေးဘူး။ သူ့ အားထက်မှာ နိဗ္ဗာန်ဟုဆိုသော နောက်ဆုံးပန်းတိုင်၊ ထိုနိဗ္ဗာန်သို့ရောက်အောင် ချီတက်ကြောင်း ဖြစ်တဲ့ သမထ ဝိပဿနာဘုံတဲ့ တရားအစု နိဗ္ဗာန်တည်းဟူသော ပရမတ္ထ တရားအစုထိ ဓမ္မပဒ၊ အဲဒါက ပိုပြီးတော့ အရေးကြီးတယ်၊ ပိုပြီးတော့ ချီးမွမ်းအပ်တယ်။

ဟိ၊ နိဗ္ဗာန်သည့် အကြောင်းပန်းတိုင်ဆိုတဲ့စကားမှန်ပါ၏။ ပုဗ္ဗေ-သန္တိဉာဏ၊ ရှေးအခါက ပွင့်တော်မူပြီးတဲ့ ကသပဗုဒ္ဓါတို့ဘုရား အားရှိကဲ့ သူတော်ကောင်းပြုကျင့်သည့် လည်းကောင်း။ ပုဗ္ဗတရေ သမန္တိဉာဏ၊

ထိုထက်ရှေးကျတဲ့ ဝိပဿီမြတ်စွာဘုရား အစရှိတဲ့ တကယ့် သူတော်ကောင်း ဘုရားအပေါင်းတို့သည်လည်းကောင်း။ သပညာ၊ ဝိပဿနာပညာ မျက်စိအသီးအသီး ရှိတော်မူကြကုန်သည် ဖြစ်၍။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်တည်းဟူသော ဓမ္မပဒ ပရမတ္ထတရားအစုကိုသာလျှင်။ အင်္ဂါရမုံ၊ ကိုယ်တိုင် မျက်မှောက် အရဟတ္တဖိုလ်တိုင် ရောက်အောင် ဆိုက်ရောက်တော်မူကြကုန်ပြီ၊ မျက်မှောက်ပြုကြလေကုန်ပြီ။

အေး....ဂင်္ဂါဝါဋ္ဌသဲစုမက ပဉ္စင်္တော်မူကြတဲ့ ဘုရားတွေ့ နိဗ္ဗာန်ဟာ အမြတ်ဆုံးတရား ဖြစ်လို့ အဲဒီနိဗ္ဗာန်ကို ဝိပဿနာ ဉာဏ်ပညာဆိုတဲ့ ဓမ္မပဒ ပဉ္စားမျှားကြိုးကုတ် အားထုတ်ကြသဖြင့် နိဗ္ဗာန်တည်းဟူသော ပရမတ္ထတရားဇာစု ဓမ္မပဒ အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်ကြကုန်ပြီဆိုတော့ – ရှေးတော်သား လေးယောက်က ဒါနနဲ့ လျှောက်တယ်၊ ပဥ္စမနတ်သားက သီလနဲ့ လျှောက်တယ်။ အခုမြတ်စွာဘုရားကျတော့ ဘာဝနာ။ ဒီသုတ္တန်မှာ သေသေချာချာ စဉ်းစားယင် "ဒါန၊ သီလ၊ ဘာဝနာ" သုံးခု စုံတယ်။

မိမိတို့မှာ ပထမနတ်သား လျှောက်ထားတဲ့အတိုင်း နေ့စဉ်ပေးလှူတယ်၊ ဒုတိယနတ်သားလျှောက်ထားတဲ့အတိုင်း သဒ္ဓါတရားနဲ့နေတိုင်း သရဏကုံခံနေတဲ့ပုဂ္ဂိုလ်၊ရတနာသုံးပါးကုဏ်ကို ဘယ်မယုံကြည်ပဲ ရှိမလဲ။ ဗုဒ္ဓဘာသာသည် ကံနဲ့ ကံရဲ့အကျိုးကို အလျင်မှတည်သော ဘာသာဖြစ်လို့ ကံနဲ့ ကံရဲ့အကျိုးကို နှစ်နှစ်ကာကာ ယုံကြည်တဲ့သဒ္ဓါ။ ဗုဒ္ဓဘာသာမျှားမှာ သဒ္ဓါ၂-ပုံ စွယ်စုံရှိပြီးသား။

အေး – တတိယနတ်သား လျှောက်ထားတဲ့အတိုင်း မိမိရဲ့ဓမ္မဲယလဒ္ဓပစ္စည်းမျှားကိုလှူတယ်။ လှူယင်လဲပဲ သူတော်တရား လက်ကိုင်ထားတဲ့ပုဂ္ဂိုလ်တွေကိုလှူတယ်၊ စတုတ္ထနတ်သား လျှောက်ထားတဲ့အတိုင်း မိမိမှာရှိတဲ့ လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်ကို ကောင်းနိုးရာရာ မြတ်နိုး

ရာရာ ကောင်းတာလေးဆိုယင် အလှူခံ ပုဂ္ဂိုလ်များကို လှူချင်တယ်၊ ဗုဒ္ဓဘာသာ ကနေ သူတော်စင်တွေ။

နတ်သားလေးယောက် လျှောက်ထားချက် တရား သြပနေယျိက=မိမိတို့ကပ်၍ ဆောင်ထိုက်တဲ့အတိုင်း ဆောင်ကြည့်၊ ဆောင်ကြည့်ယင် အဲဒီတရား မိမိတို့မှာ ရှိတယ်ဆိုယင် ဝမ်းသာကြပေါ့။ ပဥ္စမနတ်သား လျှောက်ထားတဲ့အတိုင်း ငါးပါးသီလ နေ့စဉ်စောင့်ထိန်းကြတယ်၊ ပြီးတော့ ဥပေါသထလို့ ခေါ်တဲ့ အဋ္ဌင်္ဂသီလ၊ ထို့ရဲ့ ရှေ့က သရဏဂုံတောင် ပိုလို့က်သေးတယ်။ ဒါကြောင့် ပဥ္စမနတ်သား လျှောက်ထားတဲ့ တရားလဲပဲ မိမိတို့ကိုယ်သို့ ကပ်၍ဆောင်ကြည့်ယင် ရောက်ပြီးသား ရပြီးသားဖြစ်နေတယ်။ ထို ၂-ပါးကိုလဲ သတိပြုပါ။

မြတ်စွာဘုရား မိန့်ကြားတာ ဘာဝနာ၊ ဤဘာဝနာနဲ့ပတ်သက်၍ အဘိဓမ္မာ အသင်းသူအသင်းသားတွေ့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးရဲ့ တရားအရိပ်အောက်မှာ ရောက်နေတဲ့ တရားနာပရိသတ်တွေ့ပါ။ ခန္ဓာ ၅-ပါးကို နားလည်ပြီးသား၊ အာယတန ၁၂-ပါးကို နားလည်ပြီးသား၊ ဓာတ် ၁၈-ပါးနားလည်ပြီးသား ကြားဖူးနားဝနဲ့ နားကိုတခါတည်း ဝအောင်ကြားဖူးနေကြတယ်။

အာနိစ္စ-ဒုက္ခ-အနတ္တ။ ။ဤတွင် ယုံယုံကြည်ကြည် လက်တွေ့နှလုံးသွင်းကြည့်ရအောင်၊ ခုနင်က ရှတ်တဲ့ ကြည့်ညိုဖွယ်ရှိသော အသံ သဒ္ဒရုပ်တွေ့၊ စိတ္တဇသဒ္ဒ။ အေး...ဆရာကြီးဦးတင်မောင်ရဲ့ တရားတောင်းသော ဓမ္မဃောစနကထာ အသံသဒ္ဒရုပ်တွေ့၊ တရားနာပရိသတ်တွေ့ ရတနာသုံးပါးကန်တော့ သရဏဂုံသီလဓာတ်၊ ဘုရားရှိခိုး နမောတဿ သရဏဂုံသီလဆောက်တည်တဲ့ အသံတွေ့ စိတ္တဇသဒ္ဒရုပ်။ တရားဟောကိုယ်တော်ရဲ့ အစဉ်အတိုင်း ဟောလာတဲ့ တရားသံတွေ့ အခုအကုန်လုံး ပရမတ္ထအနေနဲ့ ချုပ်

ပျောက်ကုန်ပြီ၊ ဥတုဇရုပ် အဆက်ဆက်အနေနဲ့တော့ ဟောဒီစက်ကြိုးခွေထဲမှာ ဥတုဇရုပ် အဆက်ဆက်အနေနဲ့ ကျန်ရစ်တယ် ထားပါတော့။

အေး....မိမိတို့ရဲ့ ဥပါဒ်,ဋ္ဌိ,ဘင် ထင်ရှားဖြစ်ပေါ်လာတဲ့ အသံသဒ္ဒရုပ်တွေ ဘာ့ကြောင့်ချုပ်သလဲ၊ သူ့ကိုဖြစ်စေတတ်တဲ့ စိတ်၊ စေတသိက် တည်းဟူသော အကြောင်းတရားကိုက မမြဲတဲ့အကြောင်းတရားကြောင့် ဖြစ်တဲ့ အသံသဒ္ဒရုပ်မို့ လို ချုပ်တာပေါ့။ဒီခန္ဓာတခုလုံး မမြဲတဲ့ အကြောင်းဖြစ်တဲ့ ရုပ်တွေ ဝေဒနာတွေ သညာတွေ သင်္ခါရတွေ ဝိညာဏ်တွေ သူလဲ မမြဲတဲ့ အကြောင်းတွေဖြစ်ကြတဲ့ ရုပ်နာမ် ၂-ပါးတရားတွေ၊ ဘယ်ဟာတွေမြဲအံ့နည်း၊ မမြဲကောန်မှန်လှ၏။

အေး...."အနိစ္စ သမ္ဘူတံ ဘိက္ခဝေ ရူပံ၊ကုတော နိစ္စံ ဘဝိဿတိ"ဆိုတဲ့ သံယုတ်ပါဠိတော် အသွားအတိုင်း မြန်မာလို အရပ်သုံးနဲ့ စဉ်းစားယင် များများမဟုတ်ပါဘူး။ဒီသုံးခုပဲပြန်ပြီးစဉ်းစားပေတော့။

၁။ မမြဲသော အကြောင်းကြောင့် ဖြစ်ပေါ်သော ရုပ်နာမ် ၂-ပါး သင်္ခါရတရားသည် အဘယ်မှာလျှင် မြဲအံ့နည်း၊ မမြဲကောန် အနိစ္စမှန်လှ၏။

၂။ ဆင်းရဲသော အကြောင်းကြောင့် ဖြစ်ပေါ်လာရတဲ့ ရုပ်နာမ် ၂-ပါးသည် အဘယ်မှာလျှင် ချမ်းသာအံ့နည်း၊ ဆင်းရဲဒုက္ခကောန် မှန်စွတကား။

၃။ အစိုးမပိုင်သော မခိုင်မာသော အနတ္တအကြောင်းကြောင့် ဖြစ်ပေါ်လာရတဲ့ ရုပ်နာမ် ၂-ပါး သင်္ခါရတရား အစုသည် အဘယ်မှာလျှင် စိုးပိုင်ခိုင်မာ အတ္တ သာရ ဟုတ်အံ့နည်း၊ မစိုးမပိုင် မခိုင်မမာတဲ့ အနတ္တကောန် မှန်စွတကား။

၁။ သံ၊၂။၂၀။ခုဂ္ဂ။

ဝိပဿနာဉာဏ်။ ။အေး....ဒီထက်ပိုပြီးနှလုံးမသွင်းမိတောင် အခုလို နှလုံးသွင်းပါတဲ့။ ဒီလို အနိစ္စ,ဒုက္ခ,အနတ္တ နှလုံးသွင်းဖန်များယင် ဒီဉာဏ်က ရင့်သန်လာပြီးတော့ ဉာဏ်တဆင့် ကျေးဇူးပြုပေးမယ်၊ ဥဒယဗ္ဗယဉာဏ်ရယ်လို့ ပေါ်လာလိမ့်မယ်။

အေး.... သူကနေပြီး ရင့်သန်လာတော့ **ဘင်ဉာဏ်**, ဘယဉာဏ်, **အာဒီနဝဉာဏ်** အစရှိတဲ့ **ဝိပဿနာဉာဏ်** ၁၀-ချက် ရင့်ကျက်ကျက် အသိဉာဏ်တွေ တိုးလိုက်တိုးလိုက် လာလိမ့်မယ်၊ ဝိပဿနာဉာဏ် ၁၀-ချက်ပြည့်စုံလာပြီဆိုတော့ **အနုလောမဉာဏ်** ရောက်ယင် နောက်ပြန်မဆုတ်ပါဘူးတဲ့။ **အနုလောမဉာဏ်**ဆိုတာ မဂ္ဂဝီထိမှာပါတဲ့ "ပရိကံ, ဥပစာ, **အနုလုံ**"ဒါဆိုတော့ ဘယ်တော့မှ နောက်ပြန်မဆုတ်တော့ဘူး။

အနုလောမဉာဏ်ရောက် ဝိပဿနာအဒိဉာဏ် ပေါက်ခဲ့လို့ရှိယင် နောက်မဆုတ်ပဲ ဟိုဘက်မှာ ပထမအကြိမ် သောတာပတ္တိမဂ်ဖိုလ်၊ ဒုတိယအဆင့်နှလုံးသွင်းလိုက်ယင် သကဒါဂါမိမဂ်ဖိုလ်၊ တတိယနှလုံးသွင်းလိုက်ယင် အနာဂါမိမဂ်ဖိုလ်၊ စတုတ္ထ နှလုံးသွင်းလိုက်ယင် အရဟတ္တမဂ်ဖိုလ်၊ အရိယမဂ်ဖိုလ်လေးပါးကို သူ့အတွဲနဲ့သူ အစဉ်အတိုင်းရောက်မှာ ဧကန် အမှန်ပါပဲ။

ယင်းသို့ရောက်ယင် **ပိဓိတ္တိလဲပဲ** နိဗ္ဗာန်တည်းဟူသော ဓမ္မပဒအမြတ်ဆုံးတရားကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုကြတဲ့ ရောက်ကြတဲ့ ပုဂ္ဂိုလ်တွေစစ်စစ် ဧကန်ဖြစ်မှာပါ။ ဖြစ်အောင်ကြိုးကုတ် **အား**ထုတ်နိုင်ကြပါစေ။

သာဓုသုတ္တန်နိဂုံး

ဤသို့လျှင် ဒါန သီလ ဘာဝနာ သုံးပါးထင်ရှား ဖော်ပြတဲ့ သာဓုသုတ္တန်တရားဒေဒသနာကို ကြားနာရခြင်း ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံ စေတနာ၊ သရဏကုံ သီလဆောက်တည်ကြရခြင်း သီလ

မယ ဒကောင်းမှုကုသိုလ်ကံ စေတနာ၊ ဓမ္မသဘင် ဆင်ယင်ကျင်းပ၍ မြို့တော်လေးပြင် သူတော်စင်တို့အား တရားအလှူ၊ အမြို့က်အလှူ၊ ပေးလှူရခြင်း ဓမ္မဒါန, အဓိကဒါန ကောင်းမှုကုသိုလ်ကံစေတနာ၊ ဤအချိန်ဘွင် မနသာပူဇာ၊ နက်ဖြန်၌ ဝစသာပူဇာဖြင့် အာဘိဓမ္မာတရားတော်မြတ်ကို ပူဇော်ရခြင်း ဓမ္မပူဇာ မဂ််လာဒကောင်းမှုကုသိုလ်ကံအရပ်ရပ်တို့ကြောင့်....

ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်းပြည့်နိဗ္ဗာန်။

ဒုက္ခခပ်သိမ်းဘို့ ချုပ်ရာ ပြတ်ရာ ငြိမ်းရာ သံသရာဇာတ်သိမ်းရာ ဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်သော ဝိပဿနာအသိဉာဏ်၊ ပန်ထွာတောင့်တရင်းရှိသော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟာတ္တမဂ် အရဟာတ္တဖိုလ်ပေါက် အာကျွန်ုပ်တို့မျက်မှောက် ပြုရတဲ့ကိုယ် ဖြစ်ပါစေကုန်သတည်း။ နိဗ္ဗာန်ကို အရဟာတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော နောက်ဆုံးဘဝ ပရိနိဗ္ဗာနစုတိမှ အခြားမဲ့ နောက်ကာလ၌ ကာမဘဝ ရူပဘဝ အရူပဘဝတည်းဟူသော ဘဝသုံးပါးတို့တွင် ဘယ်ဘဝ၌မှမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တဖန်အသစ် မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒနိရောဓ, အနုပါဒိသေသနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း။ အနုပါဒိသေသနိဗ္ဗာန်ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု....။

သာဓုသုတ္တန်တရားတော်ပြီးပြီ။

တိပိဋကဓရ ဟောစဉ်တရား (ဒုတိယတွဲ) ဤတွင် ပြီးဆုံးပြီ။

အိန္ဒိယဝိစိတ္တသဲကန္တာရဘီဝံသ၏

တိပိဋကဓရ ဟောစဉ်တော်များ(ဒုတိယတွဲ)

မှတ်သားဖွယ် ကောက်နုတ်ချက်

အကျဉ်းစဉ်အညွှန်း

အကျဉ်းစဉ်	စာမျက်နှာ
[အ-အာ-ဣ-ဥ-ဧ]	
အချိန်အခါကိုကြည့်ပြော	၂၁၃
အဂတိတာန ၄-ပါး	၂၆၇
အဂ္ဂသာဝကတို့၏ပရိနိဗ္ဗာန်	၄၀၂
အဂ္ဂသာဝက ၂-ပါး အဆုံး	
အမပေးပုံထူးခြားချက်	၄၅၁
အစောစားထုဌ် သတိပြုရန်	၄၃
အဆောတလျင် ပြောခြင်း၏ အပြစ်	၂၁၅
အတင်း မပြောနှင့်	၁၉၆
အတွင်းအာယတန ၆-ပါး	၁၀၅
အနာဂါမ်ပုဂ္ဂိုလ် ကျင့်ရမည့် တရား	၄၂၀
အနိစ္စ,ဒုက္ခ,အနတ္တ	၅၉၀
အနိပ္ပန္နရူပ်ဆယ်ပါးသရုပ်	၃၄၊၃၄၆
အနုပုဗ္ဗဝိဟာရ သမာပတ် ၉-ပါး	၄၆၂

အကျဉ်းစဉ်	စာမျက်နှာ
[အ-အာ-ဣ-ဥ-ဧ]	
အနုလောမစျာန်	၄၆၁
အဘိညာဉ်ဖြင့် ရေးနွေးတည်ခဂ္ဂ	
အဘိဏှရုဟုလောဝါဒသုတ်တန်	၃၃
အဘိဓမ္မာတရား မြတ်ဘုရား ဆင်ခြင်တော်မူပုံ	၅၄၄
အဘိဓမ္မာ ၂-မျိုး	၅၄၁
အမှုထမ်းတွေ့ အလုပ်ကို လုပ်-မလုပ်	၃၁၁
အမှုလဋ္ဌိက ရာဟုလောဝါဒ သုတ်တန်	၁၄၃
အယုတ်တရား ၂-ပါး	၁၉၅
အရုံစောင့်နတ်မင်းကြီးများ	၄၄၃
အရဏေ ဝေဒင်္ဂဘွဲ့ရသူ	၂၂၀
အရဏတရား ၆-ပါးအာကျယ်	၁၉၀
အရဏဝိဘင် သုတ်တန်	၁၉၁
အလွမ်ပါဝစရစိတ် ၁၂-ပါး	၁၀၀

အကွာထုစဉ် စာမျက်နှာ
[အ-အာ-ဣ-ဥ]

အရှင်အာနုရုဒ္ဓါ စာတ်တော်
ကောက်ခြင်း ၄၇၀

အရှင်အာနန္ဒာ၏သောက ၄၈၅

အရှင်အာနန္ဒာနှင့်အရှင်သာရိ-
ပုတ္တရာ ရင်းနှီးပုံ ၄၇၂

အရှင်စုန္ဒမထေရ် ဘုရားထံ
သွားရောက်ခြင်း ၄၇၁

အရှင်ဆာဟုလာ
မင်္ဂဖိုလ်ဆိုက်ပုံ ၁၈၄

အရှင်သာရိပုတ္တရာ၏
အာယုသင်္ခါရ ၄၀၀

အရှင်သာရိပုတ္တရာ၏
ဂုဏ်ကျေးဇူးများ ၄၇၅

အရှင်သာရိပုတ္တရာ၏
စျာပနအခမ်းအနား ၄၆၅

အရှင်သာရိပုတ္တရာ၏
နောက်ဆုံးသြဝါဒ ၄၃၆

အရှင်သာရိပုတ္တရာပရိနိဗ္ဗာန်
စံတော်မူခြင်း ၄၆၁

အရှင်သာရိပုတ္တရာ ဘုရားထံ
ခွင့်ပန်ခြင်း ၄၁၁

အလှူ။ ခဲပုဂ္ဂိုလ်ရွေးချိလှူ။ ၁၂၃

အလှူ။ ခံ ယူ နည်း ၄၂

အကွာထုစဉ် စာမျက်နှာ
[အ-အာ-ဣ-ဥ]

အသရေမဲ့သောနတ်သမီး ၂၉၂

အသရေရှိသောနတ်သမီး ၂၉၂

အသိုက် တခု
ငှက်မ သုံးကောင်ဥ ၂၇၅

အာကာသ ဓာတ် ၇၃

အာယုပါလက
ဖလသမာပတ် ၄၁၄၊၄၁၉

အာယုသင်္ခါရ လွှတ်ပုံ ၄၁၃

အာရုဒ္ဓဝိရိယ တောရင်္ဂ ၃၉၁

အာရုံ ၆-ပါး၌ ဝိပဿနာ ၁၁၅

အာရုံ ရှစ် ၅-ပါး ၆၂

အားကိုးရာ ပုဒ္ဂဂိုဏ်တော် ၄၉၃

အားထဲတွင်အမြှောက်ဆုံးအား ၃၂၁

အောက်လူတွေ့ရဲ့ အပြော
မယုံပါနှင့် ၃၁၀

ဣကၡပလိပေါဓ ၅၂၆

ဥဒယဉ္ဇာဏ် ၅-ပါး ၁၈

ဥပဇ္ဈာယ်ဆရာကိုလေးစားပါ ၃၄

ဧတဒဂ်ရ ထေရိ ၃၉၁

[က-ဓ-ဇ]

ကံသုံးပါးကို မပြုခင်
ကြိုတင်စဉ်းစား ၁၅၅

ကနဉီး သာသနာမှာ
ဆရာကိုပြင်သာ ရဟန်းခံ ၁

အက္ခရာစဉ်	စာမျက်နှာ
[က-ခ-ဂ]	
ကမ္ဘဝါစာဖြင့် ရဟန်းခံခြင်း အစရာဓမ္မဇထေရ်ကဲ့	၁၀
ကာမဂုဏ်ကို ဘဝငါးဆူ ပယ်သောပုဂ္ဂိုလ်	၄၈၁
ကာမသောဘာဏစိတ် သရုပ်	၉၇
ကုဇ္ဇာလိနီသာလိကာမ	၃၁၃
ကုမာရပဉ္ဉာ	၁၆
ကုသိုလ်ဟူသမျှတို့ထက် အာနိစ္စ သညာက အကျိုးများ	၁၈၀
ကောသလမင်းကခြွေးရှင်း	၅၂၉
ကောသလမင်းနှင့်ဘုရား	၂၅၃
ခကောင်းမှုသည်သာ အာနိသင်ကို ဟောကြားရာ	၂၇၀
ခြင်္သေ့တွေက စိုင်းဝိုင်းလည်	၅၁၃
ခြွေးမြီ မရှိ၍ ချမ်းသာ	၅၁၉
ခိုယ် လှုပ်ရှားမှု	၇၃
ခဏိက ဖလသမာပတ်	၄၁၇
ခန္ဓဝါးပါး	၅၆
ခန္ဓဝါးပါး ဝိပဿနာ	၁၃၀
ခင်ပုပ်ဌက်	၃၀၀
ခင်ပုပ်ဌက်၏ အဖြေ	၂၈၆

အက္ခရာစဉ်	စာမျက်နှာ
[က-ခ-ဂ]	
ချမ်းသာကြောင်းတရား ၆-ပါး	၁၉၁
ချမ်းသာကြောင်း လက်ဝါ ၆-ပုဒ်	၂၂၆
ချမ်းသာလိုငြား အစ္ဆဘ္ဘာ သုခကိုပွဲား	၂၂၂
ငှက်မသုံးကောင် အသိုက် တခု	၂၀၅
[စ-ဆ-ဇ စ္ဆ]	
စာတပိုဒ် ရွှေချောင်း တခောင်း	၂၃၇
စစ်ဟိုက်ခြင်းနှင့်အလှူ ပေးခြင်းဝတ္ထုပုံ	၅၇၁
ဆပဉ္စကဓမ္မဝိပဿနာ	၁၇၀
ဆဗ္ဗဏ္ဏရံသီဝန္ဒနာ	၅၇၄
ဆင်းရဲခကြောင်း တရား	၁၉၄
ဆွမ်းခံ ငတ်ခံ တရားအားထုပ် သော ရဟုလာ	၁၆၃
ဇမ္ဗုကရွာသားတို့အဖြေ	၃၁၈
ဇမ္ဗုကကျွေးသား စစ်သေနာ ပတိ	၃၃၄
ဇီဝိတရုပ်	၆၉

အကွာရှုစဉ်	စာမျက်နှာ
[တ-ထ]	
တော ဟဆယ်တချက်	၂၄၁
တော လေးဆယ်	၂၃
တသခ်ျေန့င်ကမ္ဘာတသိန်း ပါရမီ	၄၃၂
တန်ခိုးအမျိုးမျိုး ဖန်ဆင်း၍ တရားဟောခြင်း	၄၂၅
တန်ခိုး ပြာဋိဟာ ၃-ကြိမ်	၁၄၂
ထေရိအပဒါန်ဟူသည်	၃၆၂
ထေရိမကြီး ဥဒါန်း	၃၉၃
ထေရိမကြီး ဆုတောင်း	၃၆၅
[ဒ-ဓ-န]	
ဒါနဝတ္ထုကိုသည်းခံရွေးလျှူ	၁၂၃
ဒုစ်ရိုက်မှုနဲ့ရသောအလျှူ မလျှူနဲ့	၁၃၅
ဒေသအလိုက် ရေခွက် အဓေါ် ၃-မျိုး	၂၁၃
ဒေသကဆရာတော်၏ ပတ္ထနာ	၃၉၆
ဒေသသုံး ဓေါဟာရကို မြင်းနှင့်	၁၉၃
ဓမ္မဥ္စရ ၁၀-ဂါထာ	၃၂၉
ဓမ္မာဓိဋ္ဌာန် ဖြေဟပါ	၂၀၈
အကွာရှုစဉ်	စာမျက်နှာ
[စ-ဆ-ဇ-ဈ]	
ဇီဝိတရုပ်က မိဘသဘဖယ် စောင့်ရှောက်ရပုံ	၇၀၇၂
ဈာပနဒ္ဒိ မယ်မတော်၏ ပူဇော်ပုံ	၄၆၅
ဈာပနဒ္ဒိ သံကြားမင်း ပူဇော်ပုံ	၄၆၆
ဈာပနသဘင်ဦး အနင်းခံရ၍ သေသူ	၄၆၇
ဈာန်စိတ် ၁၅-ပါးသရုပ်	၉၉
[တ-ထ]	
တဏှာ ၆-ပါးဦး ဝိပဿနာ	၁၂၆
တဏှာ,မာန,ဒိဋ္ဌိပြုတ်အောင် ဝိပဿနာရှုနည်း	၁၃၂
တပည့်မျှားအား နောက်ဆုံး ကန်တော့ခြင်း	၄၅၈
တရားအသိနှင့် ယှဉ်အောင် ပြောရန်	၂၂၁
တရားသဖြင့်ရသော ဥစ္စာ	၁၂၄
တေသကုဏ္ဍဇာတ် အတိတ်ဝတ္ထု	၂၇၂
တေသကုဏ္ဍဇာတ် ပစ္စုပ္ပန်ဝတ္ထု	၂၀၅
တောအရပ်၌ နေအပ်ခြင်း	၄၁

အကွောထုစဉ်	စာမျက်နှာ
[ပ-ဖ]	
ပရိပညာသုံးပါးဖြင့် မက်ဖိုလ် ရောက်နိုင်သောတရား	၁၆
ပရိနိဗ္ဗာန်စံရန် ဘုရား အမိန့် ရှိပုံ	၄၂
ပသာဒရုပ် ၅-ပါး	၆၀
ပစ္စည်းလေးပြာမတွယ်တာနှင့်	၄၄
ပါမုခ် ဖြည့်ပုံ	၃၇၀
ပိဋ္ဌက ကျမ်းတတ်ဟူသည့်	၃၄၀
ပုဂ္ဂလာဓိဋ္ဌာန် မပြောနဲ့	၂၀၇
ပုဂ္ဂိုလ်ကို ရွေးချယ်လှူ	၁၇၅
ပုဏ္ဏား၏ အမြင်မှန်သတိ	၅၂၀
ပင်ပန်းမှုနဲ့ ရတဲ့သုခ	၁၉၃
ဖလသမာပတ် ၃-မျိုး	၄၁၅
ဖဿ ၆-ပါး၌ ဝိပဿနာ	၁၁၉
ဖုတ်သင်းနဲ့ နေတာ ၂-နှစ် ကြာတဲ့ အဖွား	၆၈
[ဗ-ဘ]	
ဗဟိဒ္ဓသုခ မလိုက်စားနဲ့	၂၁၁
ဗဟုဓိတရုပဏ္ဏား	၄၉၉
ဗုဒ္ဓ၏ အာယုသင်္ခါရ	၄၁၄
ဗုဒ္ဓ၏ ချီးမွမ်းစကား	၃၈၃
ဗုဒ္ဓ၏ကိစ္စ ၄ါးပါး	၁၅၅

အကွောထုစဉ်	စာမျက်နှာ
[ဒ-ဓ-နှ]	
ဓေတ်-၆-ပါး၌ ဝိပဿနာ နိပ္ပန္နရူပ် ၁၈-ပါးသရုပ် ၅၇၊၇၃၊ ၃၄၆။	၁၂၈
နိပ္ပီဒါဉာဏ်ရင့်သန်ပုံ	၁၈၂
နတ်တို့စိတ်ဆိုး လေမိုးမမှုန်	၂၆၂
နတ်မင်းကြီးမျှားရောက်	၄၄၃
နာမ်ရုပ်တရား ၂-ပါး	၁၇
နှားပျောက်ရှာ ဘုရားနှင့် တွေ့	၅၀၁
နှားမရှိရှိခြမ်းသာ	၅၁၅
နှလုံးသားအတုနဲ့ ဆေးကု သောသိပ်ပံအမြင်	၆၆
နှလုံးသားအတုနှင့် ဗုဒ္ဓအာဘိဓမ္မာ	၆၇
နှင်တံနှင့် နှားကန်	၂၁၉
နှုတ် လှုပ်ရှားမှု	၇၃
[ပ-ဖ]	
ပညာအရာ မန္ဒိုင်းယှဉ်နိုင်ရာ	၄၇၇
ပညာရှိသူ၏သဘော	၃၂၅
ပဋိလောမစျာန်	၄၆၂
ပဒုမုတ္တရမြတ်စွာဘုရား ဗျာဒိတ်တော်	၃၆၈

အက္ခရာစဉ်	စာမျက်နှာ
[မ]	
မဇ္ဈိမပဋိပဒါလမ်း	၁၉၅
မနှိမ်ချ မမြောက်စားနှင့်	၁၉၆
မယားမရှိ၍ ချမ်းသာ	၅၁၉
မလှူချင်သော အကြောင်း ၂-မျိုး	၅၆၃
မဟာဝဇိရဝိပဿနာဉာဏ်	၄၁၈
မာန်တလုံး ပြုတ်ရုံပဲ အားထုတ်ပါ	၄၉
မိမိကိုယ်နှင့် တရားကိုသာ အားကိုးရန်	၄၉၀
မှုသားဖြာသူ တရားကို စွန့်ပြီးဖြစ်ခြင်း	၁၅၀
မင်းကျင့်တရား ၁၁-ပါး	၂၅၈
မင်းကျင့်တရား သုံးပါး	၂၀၉
မင်းကျင့်တရား ငါးပါး	၃၀၀
မင်းတို့၌ ရှိရမည့်အား ငါးပါး	၃၂၀
မယ်တော်အား တရား ဟောခြင်း	၄၅၃
မယ်တော်၏ ပီတိ	၄၅၂
မယ်တော်ကြီးက အံ့ဩ	၄၅၀
မယ်တော်ကို ချေချွတ်	၄၀၅

အက္ခရာစဉ်	စာမျက်နှာ
[ဗ-ဘ]	
ဘဝငါးရာ ကာမဂုဏ်ကို ပယ်ခဲ့သော ပုဂ္ဂိုလ်	၄၈၁
ဘင်္ဂာဉာဏ် ပေါ်သည်	၂၀
ဘဏ္ဍာဝရေး ဝန်ကြီး သာဓ၊ ကာမလေး	၃၁၆
ဘာရဒ္ဒါ ပုဏ္ဏား ရဟန္တာ ဖြစ်ခြင်း	၁၃၅
ဘာဝနာမလေးဆယ်	၂၃
ဘာဝရုပ်စသည်	၆၃၊၃၄၄
ဘုရားချီးမွမ်းတော်မူသော အကျင့်တရား	၁၈၆
ဘုရားယောင်ဆောင်သော မာန်နတ်	၂၈-၉
ဘုရားရှင်တို့၏ အရိုးဓာတ် ကွင်းဆက်	၁၆၀
ဘုရားလက်ခံသော ဒါန	၅၆၇
ဘုရင်မွေးစား ဘုရင့်သား	၂၇၇
ဘောဇနမဟာညူ	၄၂
[မ]	
မဂ္ဂင်ရှစ်ပါး မီးရထား ဥပမာ	၂၀၁
မဂ္ဂါနုန္တရဖလာသာမာဂတ်	၄၁၅

အကွောစဉ်	စာမျက်နှာ
[မ]	
မယ်တော်မာယာ၏ အသက်	၃
မယ်တော် ရူပသာရီ သေတာပန်ဖြစ်ခြင်း	၄၁၄
မိတ်ဆွေကောင်းကို ပေါင်းသင့်	၄၀
မြစ်ကမ်း မဒန္တသော ငါးကြီး ဥပမာ	၁၄၅
မြတ်စွာဘုရား အဘိဓမ္မာ တရားဆင်ခြင်တော်မူပုံ	၁၄၄
မြတ်စွာဘုရားအား နောက်ဆုံး ပူဇော်ခြင်း	၄၂၀
မြို့ဝန်မင်း ခင်ပုပ်ဌက်	၃၀၂
မွေးရပ်မြေ ရောက်ခြင်း	၄၃၀
မှတ်ရန်အချုပ် လက်ံာ ၉-ပုဒ်	၅၁-၂
[ယ-ရ]	
ယောဂိများ ပြည့်စုံရမည့် အင်္ဂါ ၅-ချက်	၁၀၅
ရဟန္တာမကြီးဖြစ်ပုံ	၃၀၁
ရဟန္တာ ၇-ဆူ၏ မယ်တော်	၄၀၄
ရဟန္တာပုဂ္ဂိုလ် နှလုံးသွင်း ရမည့် တရား	၂၄၉
ရာဇောဝါဒ ၁၀-ဂါထာ	၃၂၉

အကွောစဉ်	စာမျက်နှာ
[ယ-ရ]	
ရဇောဝါဒသုတ် အမည်	၂၅၅
ရာဟုလ သံယုတ်	၁၀၄
ရာဟုလသုတ်	၃၃
ရာဟုလာ၏ ကာမဝိတက်	၁၆၁
ရာဟုလာအား ဒေသနာပုံ	၆
ရူပက္ခန္ဓာ၏ သဘော	၅၆၊၃၄၂
ရေဝတီ အမျိုးသမီး	၄၆၃
ရေဝတီ နတ်သမီး	၄၆၈
ရေဝတီနတ်သမီး၏ပူဇော်ပုံ	၄၆၈
ရောင်ခြည်တော် ခြောက်သွယ်	၁၅၀
ရှေးဘဝက ရှင်ရာဟုလာ၏ ဆုတောင်း	၁၆၉
ရှင်ရာဟုလာ၏ နှလုံးသွင်း	၁၄၁
ရှင်ရာဟုလာ၏ သဒ္ဓါပဋိဇ်တ	၄၀
ရှင်ရာဟုလာအား ဘုရား ဆုံးမတော်မူပုံ	၁၆၁
ရှင်ဘုရင်နှင့် ဒေပုပ်ဌက်	၂၀၆
ရှင်သာမဏေပြဿနာ	၁၃
ရုပ်ချုပ်ကြောင်း တရားများ	၁၉
ရုပ်ဖြစ်ကြောင်း တရားများ	၁၈
ရုပ်ဟု ခေါ်ရခြင်းဒေသကြောင်း	၅၇

အကွက်စဉ်	စာမျက်နှာ
[လ-ဝ]	
ဝေဒနာ ၁၀-မျိုး	၂၀
ဝေဒနာကွန္ဒာသဘော	၂၆
ဝေဒနာ သုံးပါး-ငါးပါး	၂၂
ဝေပုလ္လတောင်၏အမြင့်	၃၆၀
ဝေပုလ္လသုတ္တန်	၃၅၉
ဝေဿန္တရာ ခင်ပုပ်ငှက်	၃၀၂
ဝန်တိုမှုနှင့် အာရုံငါးပါး	၅၆၄
[သ-ဟ]	
သံဝေဂကထာ	၁၄၄
သကဒါဂါမ် နှလုံးသွင်း ရမည့် တရား	၂၄၃
သင်္ခါရက္ခန္ဓာ ငါးဆယ်	၈၄,၃၅၆
သစ္စာလေးပါးဖြစ်ပုံ လင်္ကာများ	၂၀၃
သဠာယတနာ ၆-ပါးဌ် ဝိပဿနာ	၁၂၅
သညာကွန္ဒာသဘော	၈၀-၃၅၃
သညာ ၆-ပါးဌ် ဝိပဿနာ	၈၃-၁၂၃
သညာဆိုတာ ဘာလဲ	၈၀
သတိပဋ္ဌာန်လေးပါး	၄၉၂

အကွက်စဉ်	စာမျက်နှာ
[လ-ဝ]	
လက္ခဏရုပ် လေးပါး၏ သဘော	၂၅
လင်္ကာသမီး ၇-ယောက်	၅၀၈
လောကုတ္တရာစိတ် သရုပ်	၁၀၁
လယ်တီဆရာတော်ဘုရား ကြီး၏ လင်္ကာ ၁၀-ပုဒ်	၅၅
လုံ့လရှိလျှင် နတ်ကောင်း စောင့်ရှောက်	၂၉၈
လုံ့လဝီရိယရှိရမည်	၂၉၆
ဝယဉာဏ် ငါးပါး	၁၉
ဝလဉ္ဇနဖလသမာပတ်	၄၁၅
ဝိကာရရုပ် သုံးပါး	၃၄
ဝိညတ်ရုပ် ၂-ပါး	၃၃
ဝိညာဏကွန္ဒာ	၉၂-၃၅၈
ဝိညာဏ် ၆-ပါးဌ် ဝိပဿနာ	၁၁၈
ဝိပဿနာဉာဏ် ၁၀-ပါး	၁၈-၅၉၁
ဝိမုတ္တိပရိပါစနိယ တရား	၁၆၆
ဝေဒနာအကျယ် ၁၀၈-ပါး	၈၀-၃၃၉
ဝေဒနာ ၆-ပါးဌ် ဝိပဿနာ	၁၂၁
ဝေဒနာ ၅၄-မျိုးဖြစ်ပုံ	၈၀

အကျွမ်းစဉ် [သ-ဟ]	စာမျက်နှာ
သတိုလ္လပကာယိကာ နတ်မျိုး	၅၅၈
သတ္တဝါမျိုးကိုမညှဉ်းဆဲရ	၅၈၃
သတ္တသတ္တာဟ	၅၄၇
သဒ္ဓါနှစ်ပုံ စွယ်စုံညီဒါန	၅၆၉
သဒ္ဓါပဗ္ဗဇိတဖြစ်သော ဇာဟုလာ	၃၉
သမစိတ္တပဋိပဒါသုတ်	၄၀၈
သမစိတ္တာသုတ်	၄၀၈
သမစိတ္တသုတ်ဟောစဉ်က	၄၀၈
သမထဝိပဿနာဘာဝနာ	၅၈၃
သမာဓိပို့မောနှ် ဟည်ဆောက်ရန်	၄၆
သမ္မာဒိဋ္ဌိဖြစ်အောင် လုပ်နည်း	၂၀၁
သမာပတ် ၉-ပါး	၄၆၂
သရဏဂုံကြောင့် နတ်ပြည်ရောက်	၁၅၃
သရဏဂုံဖြင့်သာ ရဟန်းခံ	၁၂

အကျွမ်းစဉ် [သ-ဟ]	စာမျက်နှာ
သာမဏေငယ်ကလေးနှင့် တူသော သိကြားမင်း	၄၃၈
သာမဏေရဟန္တာ	၁၆
သားလ်ကာမ-ကုဏ္ဍလိန်	၃၀၄
သိရိနတ်သမီးနှင့် ကာဠကဏ္ဏိနတ်သမီး	၂၉၃
သီလဗိမာန်တည်ဆောက်ရန်	၄၅
သီလရှိသူ နှလုံးသွင်းရမည့် ပရိယာယ်	၂၃၉
သီလဝန္တသုတ္တန်	၂၃၅
သုဒ္ဓါဒနမင်း အသက် မွန်းဆချက်	၃
သုဒ္ဓါဒနမင်း ဘုရားပင့် ဖေါ်လွှတ်ခြင်း	၄-၉
သုဘနိမိတ်မှ၊ ဈာန်စိတ် ပိုင်အောင်ရှု	၄၈
သုဘူတိအမျိုးသားကောင်း	၂၂၃
သုဒ္ဓမ္မဋ္ဌကို မာရ်နတ် ဖျက်ဆီးမရ	၂၀
သူနာပြု နတ်မင်းကြီးမျာ	၄၄၃

အက္ခရာစဉ် [သ]	စာမျက်နှာ
သူနာပြု ဖြဟ္မာမင်းမျး	၄၄၄
သေခါနီး သရဏဂုံ	၁၁၉
သေမင်းနှင့် စစ်မခင်းနိုင်	၂၆၉
သောကပျောက်ကြောင်း တရား	၄၈၈
သောဏာထေရီလျှောက် ထားချက်	၃၆၃

အက္ခရာစဉ် [သ]	စာမျက်နှာ
သောတာပန် နှလုံးသွင်း ရမည့်တရား	၂၇၁
သားသမီးမရှိ၍ ချမ်းသာ	၅၁၈
သား သုံးမျိုး	၃၆
သွေးအန်ရောဂါ ဖြစ်ပေါ်လာ	၄၄၁

တိပိဋကရ ဟောစဉ်တရား (ဒုတိယတွဲ)

မှတ်သားဖွယ်ကောက်နုတ်ချက်

အက္ခရာစဉ်အညွှန်းပြီးပြီ

ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ

၏

တိပိဋကမရ ဟောစဉ်တရား

(ဒုတိယတွဲ)

ပါဝင်သည့်တရားတော်များ

၁။ ရှင်ရာဟုလာတရားပေါင်းချုပ်၊

၂။ အရဏဝိဘင်္ဂသုတ်တန် တရားတော်၊

၃။ သီလဝန္တသုတ်တန် တရားတော်၊

၄။ တေသကုဏဇာတ် တရားတော်၊

၅။ ဗဟုပုတ္တိက သောဏာထေရီဝတ္ထု တရားတော်၊

၆။ စုန္ဒသုတ်တန် တရားတော်၊

၇။ ဗဟုဓိတရသုတ်တန် တရားတော်၊

၈။ သာဓုသုတ်တန် တရားတော်၊